


လူတိုင်းအတွက် ပညာရေး

ILBC ဦးတင်မောင်ဝင်း



# လူတိုင်းအတွက် ပညာရေး

ILBC ဦးတင်မောင်ဝင်း

စာမေးပွဲဦးတည်လေ့ကျင့်ရေးမှ
ကျွန်းမာချမ်းသာအောင်နေတတ်သော
ပြည်ထောင်စုသားများ မွေးထုတ်ရေးဆီသို့ . . .

ILBC ဆရာဖြစ်သင်တန်းတွင် အသုံးပြုရန်အတွက်သာ

ပထမအကြိမ် - အောက်တိုဘာ၊ ၂၀၁၃ ခုနှစ်။
အုပ်ရေ - ၁၀၀၀၀
ထုတ်ဝေသူ - ဦးချစ်ရီလေး
ဗမာအမျိုးသမီးစာပေ၊
အမှတ် (၉၉)၊ မန္တလေးလမ်း၊
ကန်/အနောက်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးချစ်ရီလေး
ဗမာအမျိုးသမီးပုံနှိပ်တိုက်၊
အမှတ် (၂)၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံး - ကိုဟန်စိုး
တန်ဖိုး - ၃၀၀၀ ကျပ်

ILBC ဦးတင်မောင်ဝင်း
**လူတိုင်းအတွက်ပညာရေး**
ဗမာအမျိုးသမီးစာပေ၊ ပ-ကြိမ်၊ ၂၀၁၃
၄၉၁-စာ ၊ ၇ × ၁၀ လက်မ။
**(၁) လူတိုင်းအတွက် ပညာရေး**

# လူတိုင်းအတွက် ပညာရေး

စာမေးပွဲဦးတည်လေ့ကျင့်ရေးမှ

ကျန်းမာချမ်းသာအောင် နေတတ်သော

ပြည်ထောင်စုသားများ မွေးထုတ်ရေးဆီသို့

ဤစာအုပ်ကို

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တို့၏

အဆုံးအမဂုဏ်ကျေးဇူးဖြင့်

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း (၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင်

စတင် ရေးသား၍

၁၃၇၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက်၊ စနေနေ့တွင်

ရေးသားပြီးစီးသည်။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကိုရေးရာတွင် အခြေပြုသော စာရေးသူ၏ ကိုယ်တွေ့ အတွေ့အကြုံများတွင် အတူတကွလုပ်ကိုင်နေကြသော ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသားများ အားလုံးကိုလည်းကောင်း၊ သွန်သင်ပြသ ဆုံးမခဲ့ကြသော အဖေ အမေနှင့် ညီအစ်ကို မောင်နှမများ၊ ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအားလုံးကိုလည်းကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရေး အတွက် စာစီ၊ စာဖတ်၊ စာပြင်၊ ဆွေးနွေး၊ ဝေဖန်၊ အကြံပေးကြသော ILBC ကျောင်းအုပ်ချုပ်ရေး အဖွဲ့ဝင်များအားလုံးနှင့် ဒေါက်တာရဲမြင့်(ရူပဗေဒ)ကိုလည်းကောင်း၊ ILBC ကျောင်း မြန်မာစာဌာန၊ ဌာနမှူး ဒေါ်တင်နွယ်နှင့် မြန်မာစာ ဆရာမများ အားလုံးကိုလည်းကောင်း၊ အထူးအားဖြင့် ဤစာအုပ်ကို စိတ်အေးချမ်းသာစွာ ရေးသားနိုင်စေရန် အရာရာထောက်ပံ့ကူညီသော စာရေးသူ၏ မိသားစုအားလည်းကောင်း၊ ILBC ကျောင်းဝန်ထမ်းများအားလုံးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

စာရေးသူ

မိဘနှင့် ဆရာများအား လောကဓံက ဘဝပုစ္ဆာပြဿနာများ ပေးသည်။

မိဘနှင့်ဆရာတို့ ဘဝပုစ္ဆာပြဿနာများကို ကိုယ်တိုင် စဉ်းစားကြကာ ဖြေရှင်းကျော်လွှားသည်။

ကျောင်းသားများအား မိဘနှင့်ဆရာများက ပုစ္ဆာပြဿနာများ ပေးမည်။

ကျောင်းသားတို့က ထိုပုစ္ဆာပြဿနာများကို ကိုယ်တိုင် စဉ်းစား ဖြေရှင်းလေ့ကျင့်ရင်း

အနာဂတ် လောကဓံပုစ္ဆာပြဿနာများကို ကိုယ်တိုင်ရှင်းလင်း ကျော်လွှား အောင်မြင်နိုင်ရေးအတွက် လေ့ကျင့်ရန်သည် ကျောင်းသားတို့၏ နေ့စဉ်လုပ်ငန်းတည်း။

"... in navigating our lives, it is our fears and envies, our rages and depressions, our worries and anxieties that steer us day to day. Even the most academically brilliant among us are vulnerable to being undone by unruly emotions. The price we pay for emotional literacy is in failed marriages and trouble families, in stunted social and work lives, in deteriorating physical health and mental anguish and, as a society, in tragedies such as killings...."

The best remedy for battling our emotional shortcomings is preventive medicine. In other words, we need to place as much importance on teaching our children the essential skills of Emotional Intelligence as we do on more traditional measures like IQ and GPA.

Daniel Goleman

## ပညာရေး

မည်မျှပင် ဂုဏ်ရှိစေကာမူ၊ မည်မျှပင် ငွေရှိစေကာမူ၊
မည်မျှပင် ဘွဲ့ကြီးများ ရှိစေကာမူ၊ မည်မျှပင် ဗဟုသုတကြွယ်စေကာမူ၊
မည်မျှပင် အာဏာရှိစေကာမူ၊ မည်မျှပင် ကျန်းမာနေစေကာမူ၊
ကျွန်ုပ်တို့၏ ပြင်းပြသော စိတ်ဆန္ဒများကို မထိန်းကျောင်းနိုင်သရွေ့
ကျန်းမာချမ်းသာစွာ နေရရေးအတွက် အာမခံချက် မရေရာ။
ကျန်းမာချမ်းသာစွာ နေရရေးအတွက် အာမခံချက်သည်
ကျွန်ုပ်တို့၏ ပြင်းပြသော ဆန္ဒများကို ထိန်းကျောင်းချုပ်တည်းနိုင်ရေးပင်။
စိတ်ဆန္ဒများကို ထိန်းကျောင်းချုပ်တည်းနိုင်ရန် အခြေခံလိုအပ်ချက်သည်
စဉ်းစားခြင်းဖြစ်သည်။
စဉ်းစားတတ်အောင် လေ့ကျင့်ခြင်းသည် ပညာရေးဖြစ်သည်။

## ပညာရေးစနစ်

ပညာရေးစနစ် မှန်ကန်လျှင် ကျွန်ုပ်တို့ စဉ်းစားတတ်လာမည်။
စဉ်းစားနိုင်လာမည်။
စဉ်းစားတတ်ခြင်း၊ စဉ်းစားနိုင်ခြင်းသည် အသိဉာဏ်ရှိခြင်းဖြစ်သည်။

## အသိဉာဏ်

အသိဉာဏ်ရှိလျှင် စိတ်ဆန္ဒတို့ကို ထိန်းကျောင်းချုပ်တည်း နိုင်လာမည်။
အသိဉာဏ်ရှိလျှင် လူသုံးကုန်ပစ္စည်းများ တည်ဆောက်နိုင်လာမည်။
အသိဉာဏ်ရှိလျှင် လူ့ဘောင်တွင် လိုအပ်သည့် ဝန်ဆောင်မှုများ
ဆောင်ရွက်ပေးတတ်လာမည်။

အချုပ်ဆိုသော်

အသိဉာဏ်ရှိလျှင် ကျန်းမာစွာနေတတ်လာမည်။
ချမ်းသာစွာနေတတ်လာမည်။

ဤကား ပညာရေး၏ အနှစ်သာရပင်ဖြစ်သည်။

## ကျေးဇူးတင်ပါ၏

- ငါ့အား မှားခွင့်ပေးခဲ့သော မိဘများကို ကျေးဇူးတင်ပါ၏။
ငါသည် ငါ့မိဘတို့ကျေးဇူးဖြင့် အမှားပြုခြင်း၏ အကျိုးဆက်များအား သိခဲ့ရပြီ။

- ငါ့အား ပြဿနာပုစ္ဆာများ ပေးခဲ့သော မိဘနှင့်ဆရာများအား ကျေးဇူးတင်ပါ၏။
ငါသည် မိဘဆရာတို့၏ ကျေးဇူးဖြင့် ဘဝပြဿနာပုစ္ဆာများကို ရင်ဆိုင်နိုင်ခဲ့ပြီ။

- ငါ့အား အမှားများသင်ပေးခဲ့သော သူများအား ကျေးဇူးတင်ပါ၏။
ငါသည် သင်တို့ကြောင့် အမှားများ သိခဲ့ဖူးပြီ။

- ငါ့အား အမှားများ မပြင်ပေးမိခဲ့သော ဆရာများအား ကျေးဇူးတင်ပါ၏။
ငါသည် ထိုဆရာတို့ကြောင့် အမှားများနှင့် နေရသောဘဝကို ကြုံခဲ့ဖူးပြီ။

- ငါ့အား အမှားများပြင်ပေးခဲ့သော ငါ့ပတ်ဝန်းကျင်အား ကျေးဇူးတင်ပါ၏။
ငါသည် ငါ့ပတ်ဝန်းကျင်ကြောင့် အမှန်များ သိရှိခဲ့ပြီ။

- ငါ့အား မှားခြင်းကို ပြင်ခွင့်ပေးခဲ့သော သူများကို ကျေးဇူးတင်ပါ၏။
ငါသည် သင်တို့ကြောင့် ကျေးဇူးတရားကို ပို၍ နားလည်လာခဲ့ပြီ။

- ငါ့အား နှိမ့်ချဆက်ဆံခဲ့ကြသော သူများအား ကျေးဇူးတင်ပါ၏။
ငါသည် သင်တို့ကြောင့် အင်အားများ ရရှိခဲ့ပြီ။

- ငါ့အား လှောင်ပြောင်ခဲ့ကြသော သူများကို ကျေးဇူးတင်ပါ၏။
  ငါသည် သင်တို့ကြောင့် ပို၍ ရင့်ကျက်ခဲ့ပြီ။
- ငါ့အား အနိုင်ကျင့်ခဲ့ကြသော သူများအား ကျေးဇူးတင်ပါ၏။
  ငါသည် သင်တို့ကြောင့် မကြောက်တရားကို ရရှိခဲ့ပြီ။
- ငါ့အား ဆုံးရှုံးအောင်ပြုခဲ့ကြသော သူများအား ကျေးဇူးတင်ပါ၏။
  ငါသည် သင်တို့ကြောင့် ဆုံးရှုံးခြင်း၏ အရသာကို သိခဲ့ရသည်။
- ငါသည် မကျန်းမာခြင်းကို နားလည်စေခဲ့သော ငါ့ခန္ဓာကိုယ်အား
  ကျေးဇူးတင်ပါသည်။
  ငါသည် သင့်ကြောင့် ကျန်းမာအောင် နေလိုလာခဲ့သည်။
- ငါ့အား နှိပ်စက်လျက်ရှိသော ခန္ဓာကိုယ်ကို ကျေးဇူးတင်ပါ၏။
  ငါသည် သင့်ကြောင့် သတိတရားကို ရရှိခဲ့ပြီ။
- ငါ့အား မျက်နှာသာမပေးခဲ့သော လောကဓံဆိုးတို့အား
  ကျေးဇူးတင်ပါ၏။
  ငါသည် သင်တို့ကြောင့် အကြောက်တရား ရရှိခဲ့ပြီ။
- ငါသည် ကြုံတွေ့ခဲ့ရသော ဆင်းရဲခြင်းအား ကျေးဇူးတင်ပါ၏။
  ငါသည် သင့်ကြောင့် ဆင်းရဲခြင်း၏ဒုက္ခကို နားလည်ခဲ့သည်။
- ငါ့အား မပျော်ရွှင်စေခဲ့သော ဆင်းရဲခြင်းဒုက္ခကို ကျေးဇူးတင်ပါ၏။
  ငါသည် သင့်ကြောင့် ချမ်းသာခြင်းကို ရှာဖွေရန် ခွန်အားများ
  ရခဲ့သည်။
- ငါ့အား ကျရှုံးစေခဲ့သော ကျောင်းစာမေးပွဲများကို ကျေးဇူးတင်ပါ၏။
  ငါသည် သင်တို့ကြောင့် ဘဝစာမေးပွဲတွင် သတိကြီးခဲ့ပြီ။

- ငါ့အား ခက်ခဲစေခဲ့သော Unseen မေးခွန်းများကို ကျေးဇူးတင်ပါ၏။ ငါသည် သင်တို့ကြောင့် လောကဓံ၏ Unseen မေးခွန်းများအတွက် အဆင်သင့်ဖြစ်ခဲ့ပြီ။
- ငါ့အား စဉ်းစားစေခဲ့သော ပုစ္ဆာပြဿနာများကို ကျေးဇူးတင်ပါ၏။ ငါသည် သင်တို့ကြောင့် ဘဝပြဿနာများကို စဉ်းစား၍ ဖြေရှင်းတတ်ခဲ့ပြီ။
- ငါ ယနေ့ ကျန်းမာချမ်းသာစွာ နေရခြင်း ခဏအတွက် သင်တို့ အားလုံးကို ကျေးဇူးတင်ပါ၏။
- ကျေးဇူးတင်ပါ၏။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကျွန်ပညာနှင့် သခင်ပညာ (အောင်ဆန်း) | ၁ |
| ၂။ | နတ်အိုးကွဲ (သိန်းဖေ) | ၇ |
| ၃။ | အမှာစာ | ၁၃ |
| ၄။ | စာတမ်းဦးတည်ချက် | ၁၅ |
| ၅။ | နိဒါန်း | ၂၀ |
| | - ပညာရေးဟူသည် | ၂၀ |
| | - ကောင်းမွန်သောပညာရေးစနစ် | ၂၆ |
| | - စဉ်းစားခြင်း၊ စဉ်းစားခြင်း၊ စဉ်းစားခြင်း | ၂၇ |
| | - အစိုးရအပြောင်းအလဲနှင့် ပညာရေးအပြောင်းအလဲ | ၃၃ |
| | - ဘွဲ့ဆိုသည်မှာ | ၃၆ |
| | - ကျန်းမာချမ်းသာသောဘဝအတွက် လုပ်ငန်းလမ်းညွှန် (၄) ရပ် | ၃၉ |
| | - ဘာသာစကားဆိုင်ရာ အသိဉာဏ်အလုပ်လုပ်ပုံ | ၄၂ |
| | - ဝန်ကြီးဌာန၏ရည်မှန်းချက်နှင့် မိဘ၊ ဆရာ၊ ကျောင်းသားတို့၏ ရည်မှန်းချက် မတူညီပုံ | ၄၄ |
| | - အိမ်စာပေးပုံပေးနည်း | ၅၄ |
| | - ဦးနှောက်မှ မှတ်တမ်းတင်ခြင်း သဘာဝ | ၅၆ |
| | - ခုံစီစနစ်၏ အကျိုးသက်ရောက်မှု | ၅၉ |
| | - အလွတ်ကျက်ခြင်း ပြဿနာနှင့် ကျူရှင်၏ အကျိုးသက်ရောက်မှု | ၆၆ |
| | - အတိတ်က မိဘအများ | ၇၀ |

| | | |
|---|---|---|
| ၆။ | ပညာရေးသမိုင်း | ၇၁ |
| | - စက်မှုခေတ်ပြောင်းတော်လှန်ရေးနှင့်မြန်မာ့ပညာရေး | ၇၃ |
| | - ကျောင်းသားဗဟိုပြုခြင်းဆိုသည်မှာ | ၇၈ |
| | - မိဘဗဟိုပြုခြင်းဆိုသည်မှာ | ၇၉ |
| | - ဆရာဗဟိုပြုခြင်းဆိုသည်မှာ | ၈၀ |
| | - ပြည်သူဗဟိုပြုခြင်းဆိုသည်မှာ | ၈၀ |
| | - ကျောင်းသားဗဟိုဘယ်မှာပြု | ၈၀ |
| ၇။ | သင်ရိုးညွှန်းတမ်းနှင့် သင်ရိုး | ၈၃ |
| | - သင်ရိုးညွှန်းတမ်းအလုပ်လုပ်ပုံ နမူနာ | ၉၂ |
| | - သင်ရိုးညွှန်းတမ်းဆိုသည်မှာ | ၉၆ |
| | - ခေတ်ဟောင်းသင်နည်းနှင့် ခေတ်သစ်လေ့လာနည်း ကွာဟပုံ | ၉၈ |
| ၈။ | ဦးနှောက် အလုပ်လုပ်ပုံ | ၁၀၇ |
| | - Neuro Science to Theory of Motivation | ၁၁၈ |
| | - ဦးနှောက်အခြေပြုသင်ကြားခြင်း | ၁၂၂ |
| | - ဦးနှောက်၏ မည်သည့်အစိတ်အပိုင်းကို ဖွံ့ဖြိုးအောင် လေ့ကျင့်မည်နည်း | ၁၂၇ |
| | - ဦးနှောက်ဖွံ့ဖြိုးခြင်းဆိုသည်မှာ | ၁၂၇ |
| | - ကဏ္ဍ(၁) လူမှုန်လျှင် ခန္ဓာကိုယ်၏ဖွဲ့စည်းပုံ အရ ကြုံတွေ့ရမည့် အပြုအမူများ | ၁၃၉ |
| | - ကဏ္ဍ (၂) လူနှင့် လူ့ပတ်ဝန်းကျင် အပြန်အလှန် အကျိုးသက်ရောက်ပုံ | ၁၄၅ |
| | - ကဏ္ဍ (၃)လူသားစိတ္တဗေဒပညာကိုအသုံးပြု၍ ပြုပြင်ရရှိသော အပြုအမူများ Behavioral Theory | ၁၄၆ |

| | | |
|---|---|---|
| ၉။ | လက်ရှိစာမေးပွဲစနစ်နှင့် စာသင်သားအရည်အသွေး စစ်ဆေးခြင်း | ၁၄၉ |
| | - Summative Assessment နှင့် Formative Assessement ဆိုသည်မှာ | ၁၅၂ |
| | - Portfolio Assessment ဆိုသည်မှာ | ၁၅၅ |
| | - စဉ်ဆက်မပြတ် အကဲခတ်ခြင်း နည်းစနစ် အသုံးပြုပုံ | ၁၅၉ |
| | - Authentic Assessment ဆိုသည်မှာ | ၁၆၂ |
| | - ကျန်းမာအောင်နေတတ်ရေးအတွက် ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်အလုပ်လုပ်ပုံ | ၁၇၆ |
| | - အိမ်စာနှင့် မိဘပါဝင်ပတ်သက်မှု | ၁၈၃ |
| | - ပင်မအာရုံနှင့် ပုံရိပ်နွယ်တို့၏ အကျိုးသက်ရောက်မှု | ၁၈၅ |
| | - ဆရာတို့ သိထားရန်လိုသော သိပုံသိနည်းအမျိုးမျိုး | ၁၈၇ |
| ၁၀။ | စာသင်သားလိုက်နိုင်မှုကွာဟခြင်း သဘာဝ | ၁၉၅ |
| ၁၁။ | ဦးနှောက်ဖွဲ့စည်းပုံ | ၁၉၉ |
| ၁၂။ | မှတ်ဉာဏ် | ၂၀၅ |
| | - မှတ်ဉာဏ်ချို့ယွင်းခြင်း (သို့) မေ့ခြင်း | ၂၁၂ |
| | - ပညာရေးတွင် Cortisol နှင့် Epinephrine ၏ အရေးပါပုံ | ၂၁၃ |
| | - မှတ်ဉာဏ်တွင် မှတ်တမ်းတင်ခြင်း | ၂၁၄ |
| | - မမေ့လျော့အောင်လုပ်နည်းများ | ၂၁၄ |
| | - မေ့လျော့စေသော Zeigarnik Effect | ၂၁၅ |
| | - အိမ်စာ၏ ရည်ရွယ်ချက် | ၂၁၇ |
| | - အိမ်စာလုပ်ရာတွင် မိဘအုပ်ထိန်းသူများ ရှောင်ရှားရန် အချက်များ | ၂၁၈ |

- အိမ်စာမလုပ်နိုင်၍ အမှတ်နည်းခြင်း ပြဿနာ၏ ကောင်းကျိုး ၂၂၃
- အတွေ့အကြုံအသစ်နှင့် အတွေ့အကြုံအဟောင်း ပူးတွဲအလုပ်လုပ်ပုံ (သို့) အမှားနှင့်အမှန် ပူးတွဲအလုပ်လုပ်ပုံ ၂၂၄
- ရီပို့ကဒ်တွင် ဘာရေးမည်နည်း။ ကောင်းတာတွေလား၊ ဆိုးတာတွေလား ၂၂၇
- လောကဓံကို ရင်ဆိုင်ရန် စိတ်အင်္ဂါ (၅)မျိုး ၂၂၉
- အာရုံပြားခြင်း (သို့) အာရုံခွဲထွက်ခြင်း (သို့) အာရုံလွတ်ထွက်ခြင်း ၂၃၇
- ကာယကံမြောက်လုပ်ခြင်းကို စေ့ဆော်သော အာရုံနှင့် စိတ်ဖြစ်စဉ်များ ၂၃၉
- စိတ်၏ အေးချမ်းခြင်း (သို့) စိတ်လုံခြုံခြင်းခေါ် Mental Equilibrium ၂၄၁
- ပတ်ဝန်းကျင်ပြောင်း၍ စဉ်းစားစေခြင်း၏ ကောင်းကျိုး ၂၄၃
- ပုံရိပ်နွယ်များ ကူးယူခြင်း ၂၄၅
- မှတ်ဉာဏ်အပေါ် နှောက်ယှက်မှုများ ၂၄၉
- ဘဝအာမခံချက်ဆိုသည်မှာ အဘယ်နည်း ၂၅၁
- Subject - Object Theory and Definition ၂၅၄

၁၃။ ပညာရေးနှင့် လူ့ဘောင်အဖွဲ့အစည်း ၂၆၁
- မိဘတို့အချစ်လွန်ခြင်း ၂၆၅
- မမှားဖူးသူများ၏ ပြဿနာ ၂၇၀
- ဆုံးရှုံးမှုများ ကြုံတွေ့ရခြင်း၏ ကောင်းကျိုး ၂၇၂
- မျိုးချစ်စိတ်ရှိအောင် လေ့ကျင့်၍ရပါသလား ၂၇၅
- စည်းကမ်းရှိအောင် လေ့ကျင့်ရေး ၂၇၈

၁၄။ ကလေးသူငယ်ကဏ္ဍနှင့် လက်ရှိဖြေရှင်းပုံ ၂၈၃
- ဆန္ဒအတုနှင့် ဆန္ဒအစစ် အလုပ်လုပ်ပုံ ၂၈၅
- ယှဉ်ပြိုင်အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက် ၂၈၆
- အသက်မွေးဝမ်းကျောင်းပညာ ၂၈၉
- တက္ကသိုလ်ဝင်ခြင်း ၂၉၃
- တက္ကသိုလ်ကြီးများတွင် ကျောင်းသားလက်ခံပုံ ၂၉၉
- တက္ကသိုလ်ကျောင်းသားများ မိမိရွေးထားပြီးသော အဓိကဘာသာရပ်အား စိတ်မဝင်စားတော့ခြင်း အကြောင်းတရား ၃၀၁
- ဘဝတက္ကသိုလ်ဆိုသည်မှာ ၃၀၂
- စာပေးစာယူတက္ကသိုလ် (သို့) အဝေးသင်တက္ကသိုလ် ဆိုသည်မှာ ၃၀၃
- စာပေးစာယူ(သို့)အဝေးသင်တက္ကသိုလ်အပေါ် ယနေ့ခေတ်အမြင် ၃၀၃

၁၅။ အမြင်ကျဉ်းသောပညာရေးမှ အမြင်ကျယ်သောပညာရေးသို့ ၃၀၇

၁၆။ ပညာရေးဖြင့် ဆင်းရဲမွဲတေမှု လျှော့ချရေးသို့ ၃၁၅
- ဆင်းရဲမွဲတေရခြင်းအကြောင်းရင်း (၈)ချက် ၃၁၆

၁၇။ အသိဉာဏ် (၈) မျိုး ၃၃၁
- စိတ်ကူးတွင် ပုံဖော်တတ်သော အသိဉာဏ် ၃၃၃
- သဘာဝသရုပ်ကို တွက်ချက်တတ်သော အသိဉာဏ် ၃၃၆
- ဘာသာစကားဆိုင်ရာအသိဉာဏ် ၃၃၈
- ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ် ၃၄၀
- သံစဉ်မှန် အနုပညာအသိဉာဏ် ၃၄၂
- သဘာဝတရား အသိဉာဏ် ၃၄၃

- လူမှုဆက်ဆံရေး အသိဉာဏ် ၃၄၄
- မိမိကိုယ် မိမိသိသော အသိဉာဏ် ၃၄၄

၁၈။ ကျောင်းသား၊ ဆရာ၊ မိဘ နှင့် အုပ်ချုပ်သူ ၃၄၇

(၁) ဆရာများလုပ်ဆောင်ရန်လုပ်ငန်း။ ၃၄၉

(၂) မိဘများ လုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၀

(၃) ကျောင်းသားများလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၀

(၄) အစိုးရမှ လုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၁

(၅) ကျောင်းသားနှင့်ဆရာ ပူးပေါင်း လုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၂

(၆) ကျောင်းသားနှင့်မိဘ ပူးပေါင်း လုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၃

(၇) မိဘနှင့်ဆရာ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၃

(၈) အစိုးရနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၅

(၉) အစိုးရနှင့် ဆရာပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၅

(၁၀) အစိုးရနှင့်ကျောင်းသားများ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၆

(၁၁) မိဘ၊ဆရာနှင့်ကျောင်းသား ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၆

(၁၂) ဆရာ၊ကျောင်းသားနှင့်အစိုးရ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၇

(၁၃) ကျောင်းသား၊ အစိုးရနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၇

(၁၄) အစိုးရ၊ဆရာနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ ၃၅၈

|  |  |  |
|---|---|---|
|  | (၁၅) အစိုးရ၊ ဆရာ၊မိဘ၊ ကျောင်းသား ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။ | ၃၅၈ |
| ၁၉။ | တရုတ်ပြည် ပညာရေးပြုပြင်ပြောင်းလဲခြင်း | ၃၅၉ |
|  | - တရုတ်ပြည်ပညာရေးပြောင်းလဲမှုအကျဉ်း | ၃၆၀ |
|  | - နားလည်၍သိခြင်း ပညာရေးကို တည်ဆောက်ခြင်း | ၃၇၂ |
|  | - အမျိုးသားလက္ခဏာပြုပညာရေးစနစ် | ၃၇၅ |
|  | - အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်း၊ အပြည်ပြည်ဆိုင်ရာကျောင်း၊ အစိုးရနှင့်ဖက်စပ်ကျောင်း | ၃၈၁ |
|  | - တရုတ်ပြည်ခေတ်မီရေးအတွက် ဘီးသုံးလုံး | ၃၈၃ |
|  | - အမျိုးသားလက္ခဏာပြု ပညာရေးစနစ်၏ ကောင်းကျိုးများ | ၃၈၅ |
|  | - စာမေးပွဲအတွက်ဦးတည်လေ့ကျင့်ပေးမှုများမှသည်အရည်အသွေးရှိသည့် နိုင်ငံသားများဖြစ်ပေါ်အောင်လေ့ကျင့်ပေးရေး | ၃၈၉ |
|  | - အမျိုးသားလက္ခဏာပြုပညာရေးတွင် အများဆုံး အသုံးအများဆုံး လူမှုရေးဆိုင်ရာနှင့် သင်ကြားရေး ဆိုင်ရာနိယာမ သဘောတရားများ | ၃၉၃ |
|  | - တရုတ်အစိုးရ၏ စည်းရုံးရေးကြိုးပမ်းမှု | ၃၉၈ |
|  | - တရုတ်မိဘများ ပူးပေါင်းဆောင်ရွက်ကြပုံ | ၃၉၉ |
| ၂၀။ | လူတိုင်းအတွက် ပညာရေး | ၄၀၃ |
|  | - လူတိုင်း ကျောင်းလာတက်ကြတော့မှာလား | ၄၀၅ |
|  | - လူတိုင်းအတွက်ပညာရေးတွင် လျှပ်စစ်မီး လိုမလို၊ ကွန်ပျူတာ လိုမလို | ၄၀၆ |
| ၂၁။ | အခြေခံပညာအဆင့်တွင် လေ့ကျင့်ရန် (၁၃)နှစ်လိုအပ်သည် | ၄၁၃ |

- စဉ်ဆက် တက်ရောက်နိုင်သော အခြေခံပညာ အတန်းလျှာထားပုံစနစ်များ ၄၁၇
- နိုင်ငံအသီးသီးမှ မူကြိုကလေးများအတွက် ပျမ်းမျှအသက် ၄၁၈
- စင်္ကာပူ အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၁၉
- မလေးရှား အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၂၁
- ထိုင်း အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၂၃
- ဗီယက်နမ် အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၂၆
- ဖိလစ်ပိုင် အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၂၈
- အင်ဒိုနီးရှား အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၃၀
- ကမ္ဘောဒီယား အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၃၂
- လာအို အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၃၅
- အမေရိကန် အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၃၉
- ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၄၁
- ILBC ၏ အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၄၄
- YIS ၏ အခြေခံပညာအတန်းလျှာထားပုံစနစ် ၄၄၇

၂၂။ ပညာရေးခေတ်များနှင့် ရှေ့မျှော်မြင်ခြင်း ၄၄၉
- ပညာရေးအား မည်သို့မွေးဖွားခဲ့သနည်း ၄၅၀
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်လာပုံ ၄၅၁
- အစိုးရကျောင်းများ ပေါ်ပေါက်လာပုံ ၄၅၂
- ခေတ်လိုအပ်ချက်နှင့် သင်ရိုးညွှန်းတမ်းအပြောင်းအလဲ ၄၅၄
- မမေ့လျော့အပ်သော မိဘတာဝန်များ ၄၅၇

| | | |
|---|---|---|
| | - ပညာရေး သဘောသဘာဝ | ၄၅၈ |
| | - မိဘ၊ ဆရာ၊ အစိုးရ စုပေါင်းလုပ်အားမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ | ၄၆၄ |
| ၂၃။ | အခြားကဏ္ဍများအပေါ် ပညာရေး၏လွှမ်းမိုးမှု နမူနာများ | ၄၇၃ |
| | - ငယ်ငယ်က My Family အက်ဆေးနှင့် စက်မှုဇုံထုတ်ကား | ၄၇၄ |
| ၂၄။ | နိဂုံး | ၄၇၉ |
| ၂၅။ | References | ၄၈၇ |
| ၂၆။ | Abbreviations | ၄၉၁ |

# ၁၉၃၆ အိုးဝေမဂ္ဂဇင်းပါ ကိုအောင်ဆန်း၏ ကျောင်းသားလောကသုံးသပ်ချက် ဆောင်းပါး

# ကျွန်ပညာနှင့် သခင်ပညာ

## လူကြီးနှင့်လူငယ်

တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွင် လူကြီး၊ လူငယ်ဟူ၍ အလုပ်သမား နှစ်မျိုးနှစ်စားရှိသည်။ လူကြီးတို့အဖို့မှာ ကောင်းမွန်သော နည်းလမ်းများကို ညွှန်ပြနိုင်သည့် စွမ်းရည်သတ္တိရှိစေရမည်။ လူငယ်တို့မှာကား ထိုညွှန်ပြသည့်လမ်းကို တန်းတန်းဖြောင့်ဖြောင့် ကြောက်ရွံ့ခြင်းကင်းသိလျက် လိုက်ရဲရပေမည်။

ယခု ဗမာပြည်တွင်ကား လူကြီးများမှာလည်း စွမ်းရည်သတ္တိမရှိ ဗလာချည်း ဖြစ်နေသည်ကို တွေ့ရသည်။ လူငယ်တို့အား ကောင်းမွန်သော နမူနာပြရမည် ဖြစ်သော လူကြီးများစွာတို့သည် ကလပ်တက်ခြင်း၊ ဖဲရိုက်ခြင်း၊ အမျိုးမျိုး ကလိမ်စွေ့ ငြမ်းဆင်သည့် အမှုမျိုးသာ တွေ့ရသည်။ သို့ဖြစ်ရကား အကယ်၍ ဆောင်ရွက်သော လူငယ်များမှာ ညွှန်ပြမည့်အလင်းရောင်ကင်းမဲ့လျက် အမိုက်မှောင်ထဲတွင် ခြေစမ်း လက်စမ်းဖြင့်သာ အချိန်ကုန်ရလေသည်။

အချို့သူတို့ လူကြီးများကို ဆဲသည်ဟု လူငယ်တို့အား အပြစ်တင်ကြသည်။ သို့သော်လည်း ဤအရေး ဤကိစ္စမှာ လူငယ်နှင့်လူကြီး (၂)ဦး (၂)ဘက်စလုံး အပြစ်မကင်းပေ။ လူကြီးတို့မှာ ဖော်ပြသည့်အတိုင်း ကောင်းမွန်သောနည်းလမ်း ညွှန်ပြခြင်းမရှိ၊ လူငယ်တို့မှာ လူကြီးတို့၏ ကိုယ့်အပြစ်ကိုပြရုံမှတပါး အခြားလုပ်ပြ ခြင်းမရှိ။

ကျွန်ုပ်တို့အဖို့မူကား အိန္ဒိယပြည်မှ မဟတ္တမဂန္ဓီ၊ စီအာဒက်၊ မိုတီလာ နေရူး၊ တိလက် အစရှိသူတို့ကဲ့သို့လည်းကောင်း၊ အိုင်ယာလန်မှ ဒီဗက်၊ အီတလီပြည်မှ ဂရိဗောလဒီ၊ မစ်ဇနီတို့ကဲ့သို့လည်းကောင်း၊ ကျကျနန ခေါင်းဆောင်နိုင်၍ ခေါင်းဆောင်မည့် မည်သည့်လူကြီးမဆို နောက်လိုက်အဖြစ်လိုက်ပါဆောင်ရွက်ရန်

အသင့်ရှိပေသည်။ ထိုသို့ ခေါင်းဆောင်ရမည့် ပုဂ္ဂိုလ်တစ်ဦးထွက်ပါလေ။ စောင့်လျက် ကျွန်ုပ်တို့မျှော်မည်။

နာမည်ကြီးသည့် ဤတက္ကသိုလ်၌ လမ်းညွှန်မည့်လူကြီးရှိလျှင် လူငယ်တို့သည် ရှေ့သို့တိုးတက်၍ လုပ်ငန်းကို ထွင်နိုင်မည်ဖြစ်သည့်အပြင် မိမိတို့အလှည့် ကျရောက်သောအခါ ခေါင်းဆောင်သည့်လုပ်ငန်းကို မပင်ပန်းဘဲ ထမ်းဆောင်နိုင် ပေလိမ့်မည်။ ကျွန်ုပ်တို့ လူငယ်တို့ကလည်း ထိုအချိန် ထိုအခါအတွက် ယခုကပင် အသင့်ပြင်ထားရပေမည်။ ကြိုးစားအားထုတ်ရပေမည်။ အထူးသဖြင့် ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားများသည် ဤအရေးတွင် အချက်အခြာဖြစ်လေသည်။ သို့ဖြစ်လင့်ကစား ယခုလက်ရှိ တက္ကသိုလ်ကျောင်းသားများမှာ နာမည်ရှိသလောက် အသံမရှိဖြစ်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားတို့သည် ယခုရရှိနေသော ကျွန်ပညာကို အဟုတ်ကြီး မှတ်ထင်နေကြ၍ နထင်သွေးရောက် ပြီးလျှင် ဗမာတို့ပြုသမျှ ရှုံ့ချကဲ့ရဲ့လိုသောစိတ်၊ လွတ်လပ်သော သခင်အလုပ်ကို ဂုဏ်နိမ့်သည်ထင်သော စိတ်တို့ကို မွေးမြူထားသဖြင့် အထက်မရောက်၊ အောက် မကျသမားများ ဖြစ်နေကြလေသည်။

ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားတို့သည် ဟီရိဩတ္တပ္ပ တရားကင်းမဲ့ လျက် ၄င်းတရားကိုပင် နားမလည်နိုင် ရှိနေပေသေးသည်။ မကြောက်ရမည့်နေရာ တွင် ကြောက်၍၊ မရှက်ရမည့်နေရာတွင် ရှက်နေသည်ကိုတွေ့ရပေသည်။ နိုင်ငံခြား သားတို့မြင်လျှင် ဒူးတုန်ချင်သည့်စိတ် မပျောက်သေး၊ ဘောလုံးပွဲတွင် ဆဲချင်၊ ဆိုချင်၊ သောင်းကျန်းချင်သည့် စိတ်ဓါတ်မှာလည်း အထူး ရှက်စရာကောင်းလေသည်။ လွတ်လပ်သော အလုပ်ကိုမခင်မင်၊ လွတ်လပ်သောဘဝကို တန်ဖိုးမသိ၊ ထို့ကြောင့် လွတ်လပ်သောဘဝကို မတောင့်တ၊ မကြံဆ၊ ရအောင်မကြိုးစားဘဲ ရွှေရည်မွမ်းမံ ထားသော လှောင်ချိုင့်ထဲတွင် အပျော်ကြီး ပျော်နေကြပေသည်။

ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားတို့တွင် အလွမ်းနာသမားတို့ကား များလှ စွာ၏။ သို့သော် တလွဲလွမ်းလွမ်းနေသည်ကို တွေ့ရပါ၏။ သနားတတ်သောသူများ

ကိုလည်း တွေ့ရပါ၏။ သို့သော် တလွဲသနားနေကြပေသည်။ ချစ်ယောင်ဆောင်၍ သေအောင်လွမ်းတတ်သော ရန်သူတို့က အရှုအရှိုက်နှင့် ငိုချင်းချသည်ကို မြင်ရသောအခါ ရင်ထဲတွင် ဖိုလှိုက်ဖိုလှိုက်နှင့် ဝမ်းနည်းသည့် စကားသံများကို ကြားရပေသည်။ ဘတ်တံရိုက်တော်သူတစ်ယောက် မောပန်းကြေနေ၍ ကောင်းမွန်စွာ မကစားနိုင်သည့်အခါ အတော်မသိသော လူထုကြီးသည် မဟာဂရုဏာတော် အနန္တရှိလှ၍ စုတ်တသတ်သတ် ပြောဆိုကြသည်ကိုကား ကြားသိရပေသည်။

သို့ရာတွင် ကျွန်တွင်းနစ်၍ ရတနာ၊ ရွှေ၊ ငွေ သုံးပါးပျက်စီးနေသော ကျွန်ုပ်တို့၏တိုင်းပြည်အတွက် နံနက်စာနံနက်၊ ညစာည ရှာစားရသော များမြောင်လှစွာသော ဆင်းရဲသားတို့အတွက်မူကား သနားခြင်းကရုဏာတရားသည်ကား ခေါင်းပါးလှပေ၏။ ဤသို့လျှင် ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားများမှာ ပညာ၏ အရိပ်အယောင်များသာဖြစ်၍ ပညာစစ်၏ အချက်အခြာဖြစ်သော အဆိုးအကောင်း တန်ဖိုးကို မဝေဖန်နိုင်ဘဲရှိလေသည်။

## ကျွန်ပညာနှင့် သခင်ပညာ

ဤပညာနှစ်မျိုးကို အချို့သူတို့မှာ နားမလည်ဘဲ ပြောနေကြသည်။ ဤပညာနှစ်မျိုးကို ရှင်းလင်းရန်မှာ မလွယ်ကူလှပေ။ ကျမ်းစာစောင်အဖွဲ့နှင့် ရေးသားမှ ရှင်းလင်းမည့်အရာဖြစ်သည်။

အင်္ဂလန်၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမဏီ၊ ရုရှား တိုင်းပြည်များတွင် သင်ကြားနေသော ပညာရေးစနစ်နှင့် အိန္ဒိယပြည်၊ ဗမာပြည်တို့တွင် တွေ့ရသော ပညာရေးစနစ်မှာ မိုးနှင့်မြေကြီးမျှ ကွာခြားနေသည်ကို တွေ့ရပေသည်။ ပညာသင်ကြားရေးရာတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် ရိုးရိုးသင်ကြားရာတွင်လည်း စွမ်းစွမ်းတမံ၊ ကိုယ့်ဒူးကိုယ်ချွန်လိုသည့်စိတ်နှင့် ထိုသို့ ပြုပြင်နိုင်သည့် အရည်အချင်းတို့ကို ကျောင်းသားလူငယ်များ မွေးမြူလာနိုင်အောင် ပြုပြင်ပေးသည်။

အိန္ဒိယပြည်နှင့် ဗမာပြည်ရှိ လက်ရှိပညာရေးစနစ်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ဤအဆင့် လေးပိုင်းမျှရှိသည်။ ရှိသော အဆင့် လေးပိုင်းတို့တွင်လည်း ကောင်းမွန်ကျနစွာမရှိ။ ဤမျှသောပညာကို ကျွန်ုပ်တို့ အားပေးရာတွင် သာရာစား များလာစေ၍ ကျွန်သဘောက်စိတ်ပေါက်သူများ ရှိလာအောင် ဖြစ်စေပေသည်။ ဤရည်ရွယ်ချက်မှာ အင်္ဂလိပ်ပညာကို အိန္ဒိယတွင် ပထမစထွင်သူ လော့ဒ်မက်ကောလေးက လမ်းကြောင်းပြခဲ့ခြင်းဖြစ်လေသည်။ အိန္ဒိယပြည်ရှိ ပညာရေးစနစ်ကို ချုပ်နိုင်သမျှ ချုပ်ရမည်ဟု ပြောကြားခဲ့သည်။ အကြောင်းကား အင်ပါယာချဲ့ထွင်ရေးစနစ်ကို တည်တံ့ခိုင်မြဲစေရန် ဖြစ်လေသည်။

အင်ပါယာချဲ့ထွင်ရေးစနစ်သည် အရေးကြီးအရာပါသော ကိရိယာ လက်နက်ကြီးတစ်ခုဖြစ်သည်ကို ၎င်းအင်ပါယာချဲ့ထွင်ရေးကို မကြိုက်နှစ်သက်သော အင်္ဂလိပ်လူမျိုးအချို့က အတိအလင်းရေးသားထားသည်။ အဝေးကြီးမရှာဘဲ အနီးကလေးဖြစ်သော မြန်မာစာညွန့်ပေါင်းကျမ်း အချီးတွင်လည်း အင်ပါယာချဲ့ထွင်ရေး စနစ်နှင့် ပညာရေးစနစ် မည်သို့သက်ဆိုင်ကြောင်းကို အရိပ်အမြွက် ပြထား လေသည်။

သို့ပညာရေးစနစ်ကို အင်ပါယာချဲ့ထွင်ရေးစနစ်နှင့် တံသုတ်လိုက်ညီ လေအောင် မြန်မာပြည်၌ ပညာမသင်မနေရဥပဒေမထားရှိခြင်း၊ သင်ကြားရန် ဘာသာရပ်များမှာ အနည်းငယ်သာရှိ၍ အကုန်အခမ်းမသင်ပေးခြင်း၊ ကျောင်းကန် အသီးသီးတို့တွင်လည်း ကလေးသူငယ်တို့အား အင်ပါယာချဲ့ထွင်ရေးစနစ်၏ ထောက်ပံ့သူများဖြစ်အောင် အမျိုးမျိုးပြုလုပ်ခြင်း၊ တက္ကသိုလ်ပညာကို လူတိုင်း မယူနိုင်အောင် ပညာတတ်နည်းအောင် အမျိုးမျိုး အတားအဆီးအပိတ်အပင်များ ထားခြင်းတို့ ဖြစ်လေသည်။

ဥပမာတခုပြရသော် ယခု ကျွန်ုပ်တို့ တက္ကသိုလ်ပညာရေးစနစ်မှာ (ဂျေ ဟောလဒိန်) (ကာဒီနယ်နယူးမင်း) (အဘရာဟင် ဖလက်နာ) (ပရောဖက်ဆာ ဇင်းမန်း) စသော ပုဂ္ဂိုလ်ကြီးတို့ ရေးသားချက်များနှင့် အထူးကွာခြားပြီးလျှင်

အတွင်းရေးသိသူတို့သည် မည်မျှဆိုးဝါးသည်ကို သိကြရပေသည်။ တိုင်းပြည်ငွေနှင့် ဆောက်၍ တိုင်းပြည်ရှိလူများအတွက်ကျောင်းဖြစ်သော်လည်း ကျွန်ုပ်တို့ တက္ကသိုလ် (ယုဒသန်ကောလိပ်၊ ဆရာဖြစ်သင် အားလုံးပေါင်းဆိုလိုသည်)မှာ တိုင်းသူပြည်သား တို့အား (ကလေးကို အရိပ်အယောင်ပြတဲ့ ဖိုးလနတ်သား) မျှသာဖြစ်သည်။

တိုင်းသူပြည်သားများမှာ ဤပညာရေးတွင် ဘာမျှပြောဆိုပိုင်ခွင့်မရှိ။ တိုင်းသူပြည်သားများက တင်မြှောက်သော ကိုယ်စားလှယ်အနည်းငယ်မျှ အုပ်ချုပ်ရေး တွင် ပါသော်လည်း တန်ခိုးအာဏာအလျဉ်းမရှိ၊ တက္ကသိုလ်ကောင်စီ အစည်းအဝေး မှာ တစ်နှစ်တွင် တခါမျှပြုလုပ်၍ နာရီဝက်နှင့် အစည်းအဝေးစာတမ်းများကို ငှင်းတို့စီစဉ်သလို ဖတ်ပြပြီးလျှင် ပြီးဆုံးသွားသည်က များလေသည်ဟု ကျွန်ုပ်တို့ ကြားရလေသည်။

အချို့က ဗမာပြည်ပညာရေးစနစ်တွင် ပညာတော်သင်စေလွှတ်ခြင်းကို ညွှန်ပြကြ၏။ ပညာတော်သင်စေလွှတ်ခြင်းသည် စင်စစ်ကောင်းမွန်သော်လည်း ကျွန်ုပ်တို့ပြည်တွင် အသုံးပြုရသည့်စနစ်မှာ အလွန်ညံ့ဖျင်းနေသည်။ တစ်နှစ်လျှင် ပညာတော်သင် (၁၂)ယောက်မက (၁၀၀၀)လွှတ်စေကာမူ ယခုစနစ်အရ လွှတ်သော ပညာသင်သူတို့မှာ တစ်ရာလျှင် တစ်ယောက်မျှ မြန်မာပြည်အကျိုးရှိအောင် ပြုလုပ်နိုင်မည့် အရည်အချင်းရှိမည်မဟုတ်ပေ။

ပညာတော်သင်စေလွှတ်သည်ဆိုသည်မှာ ဘီလပ်ကိုပို့ခြင်းကိုသာ ဆိုလို သည်မဟုတ်။ တစုံသောအတတ်ပညာထွန်းကားလာရာသို့ ထိုအတတ်ကို အပြီးတိုင် တတ်မြောက်သင်လိုသူအား စေလွှတ်ခြင်းဖြစ်သည်။ သကြားလုပ်ငန်း သင်လို သူအား သကြားလုပ်ငန်းအကြီးအကျယ်ပြုလုပ်ရာဌာနသို့လည်းကောင်း၊ လယ်ယာ စိုက်ပျိုးရေး အတတ်သင်လိုသူအား ထိုအတတ်ပြန့်ပွားရာ ဌာနသို့လည်းကောင်း အချုပ်အခြယ် မရှိ စေလွှတ်ခြင်းဖြစ်လေသည်။ ဤကား ရုရှား၊ ဂျပန်စသော တိုင်းပြည်တို့ ကြီးပွားပုံတည်း။ ဤကား ကျွန်ပညာနှင့် သခင်ပညာခွဲကြပုံတည်း။

## မိဘများသို့

ပညာရေးနှင့်ပတ်သက်ပြီး မြန်မာပြည်ရှိ မိဘများထံသို့ ကျွန်ုပ်အစီရင်ခံလိုသည်။ ယခုခေတ်ကြီးက အပြိုင်အဆိုင်ခေတ်ကြီးဖြစ်သည်ကို ၎င်းတို့သိရှိကောင်း သိရှိကြပါလိမ့်မည်။ အပြိုင်အဆိုင်ခေတ်ကြီးတွင် ဟောင်းနွမ်းသောနည်းစနစ်မျိုးဖြင့် ကျွန်ုပ်တို့အရှည်သဖြင့် မတည်တံ့နိုင်ပါ။ အစိုးရရာထူးဌာနတို့အတွက်သာ မိမိတို့သားသမီးပညာရေးကို ရှေးရှုပြု၍ ညွှန်ကြားခြင်းမပြုပါလင့်၊ အမျိုးနှင့် တိုင်းပြည်အကျိုးရှိစေမည့် လုပ်ငန်းများကို မိမိတို့သားသမီးများ ပြုလုပ်ခြင်းကို တားဆီးပိတ်ပင်ခြင်းမပြုဘဲ အားပေးကြစေလိုပါသည်။

ငွေအင်အားပြည့်စုံလျှင် မိမိတို့သားသမီးများနှင့်သင့်တော်မည့် တိုင်းပြည်သို့ စေလွှတ်ခြင်းက ဤတက္ကသိုလ်သို့ချည်း စေလွှတ်ခြင်းထက်ပိုမိုကောင်းမွန်သည် ဟု ကျွန်ုပ်တို့ ယူဆမိလေသည်။ ဥပမာဆိုသော် ဂျပန်ပြည်သည် ယခုအခါတွင် စက်မှုပညာအလွန်ထွန်းကား၍ အခြားတိုင်းပြည်များထက် ၅၀ ရာခိုင်နှုန်း ပိုမို၍ ဂျပန်ဖြစ်ကုန်ပစ္စည်းတို့ကို နိုင်ငံခြားသို့ တင်ပို့နိုင်လေသည်။ အခြားအတတ်ပညာများလည်း ဂျပန်ပြည်တွင် ထွန်းကားလေသည်။ သို့ဖြစ်ရကား ဂျပန်ပြည်သို့ မိမိတို့သားသမီးများကို ပညာသင်စေလွှတ်လျှင် ဤတက္ကသိုလ်တွင် ပညာသင်သည်ထက် အကျိုးရှိမည်ဟု ကျွန်ုပ်တို့ထင်လေသည်။

ကျွန်ုပ်တို့သိရသလောက်မှာ ဂျပန်ပြည်တွင် ပညာသင်ကြားရသည့် စရိတ်သည်လည်း အလွန်ဆုံး တစ်လလျှင် ၁၀၀-၁၅၀ ကျပ်မျှ ကျမည်ဖြစ်ရာ ကျွန်ုပ်တို့တက္ကသိုလ်တွင် ပညာသင်ကြားရသည့်စရိတ်နှင့် များစွာမကွာပေ။ ထို့ကြောင့် မိမိတို့တစ်သက်မျှ ကောင်းစားသည်ကိုမကြည့်ရှုဘဲ နောင်လာနောက်သားများအကျိုးကို မျှော်ကိုး၍ မြန်မာပြည်ရှိမိဘများသည် မိမိတို့သားသမီးတို့အား ကမ္ဘာကြီးတစ်ဖက်စွန်းတွင်ဖြစ်စေကာမူ သောကနှင့် သံယောဇဉ်ကိုဘေးချိတ်၍ စွန့်စားစေသင့်သည်။ ပညာရှိစေသင့်သည်။ စီးပွားရှာစေသင့်သည်။ ဤသည်သာလျှင် ယခုခေတ်နှင့်ညီသော နည်းလမ်းဖြစ်သည်။

အောင်ဆန်း

## ၁၉၃၄-၃၅ ခုနှစ် သမဂ္ဂအမှုဆောင် ဦးသိန်းဖေရေးသားသော နတ်အိုးကွဲ

ဗမာဆိုတာ သခင်မျိုး၊ ကျွန်မျိုးမဟုတ်
သို့အတွက် သခင်ကျင့် ကျင့်၊ သခင်ကြံ ကြံ၊
ဒူးမတုန်ဘူး၊ ရင်မခုန်ဘူး။
မည်သူ့အစော်ကားမှ မခံ။
စော်ကားတဲ့သူကို ဒူးနဲ့တိုက်မယ်။

မြင်းစီး၍ အထီးမှန်း အမမှန်းမသိလျှင် လူအလူနဟု ခေါ်ကြသည်။ သို့ဖြစ်လျှင် ငါတို့တစ်တွေသည် ငါတို့သင်ကြားနေသော ပညာသည် ပညာတုလော၊ ပညာစစ်လောဟု ဝေဖန်မသိလျှင် ငါတို့အား ကမ္ဘာက လူအလူနတွေဟု ခေါ်ဆိုလေမည်။ သဟာက ဥဿဖယားလော၊ စိန်စစ်လော၊ လူအ၊ လူန၊ လူညံ့၊ လူမနူး မနပ်၊ လူစိမ်းစပ် အဖြစ်မျိုး မရောက်ရန် ငါတို့ခုသင်နေသော ပညာလည်း အဘယ် အခြေအနေဆိုသည်ကို ငါတို့သိဖို့လိုလေသည်။ ရှေးက တက္ကသိုလ်ပညာကို ကျွန်ပညာရေးဟုလည်းကောင်း၊ မြို့အုပ်ပညာဟု လည်းကောင်း အမျိုးမျိုးခေါ်ကြပေသည်။ ထိုစကားသည် ငါတို့ ခုခေတ်၌ မမှန်တော့။ အခုငါတို့ပညာသည် နတ်အိုးကွဲ ပညာသာတည်း၊ နတ်အိုးကွဲတို့မည်သည် အဘယ်နေရာမျှ သုံး၍မကောင်းပေ။

နတ်အိုးကွဲပညာ ဟုတ်ပါ၏လော၊ မှန်ပါ၏လော၊ ကဲ ပြရုပ်ထုတ်ကြစို့။

ဘီအက်စ်စီအောင်လျှင် ဘာလုပ်တတ်ပါသနည်း။ အခြားတိုင်းပြည်များ၌ စက်ဘက်ဆိုပါလျှင် နာရီ၊ မော်တော်ကား၊ လေယာဉ်ပျံ စသည်တို့ကိုလုပ်တတ်သည်။ ဆပ်ပြာ၊ ခေါင်းလိမ်းဆီမှစ၍ အထည်အလိပ်၊ သက္ကလပ်၊ ပိုး၊ ဖဲ စသည်တို့ကို လုပ်နိုင်သည်။ ကြွေပန်းကန်၊ ကြွေကရားမှစ၍ သံထည်၊ သံအသုံးအဆောင်များ လုပ်နည်း၌ ကျွမ်းကြသည်။ ငါတို့သိပ္ပံဘွဲ့ပုဂ္ဂိုလ်ကျော်ကြီးများမှာမူ နာရီတစ်လုံးကိုမှ

နေရာတကျ တပ်ခြင်း၊ ဖြုတ်ခြင်း မပြုတတ်၊ ဆပ်ပြာတစ်တုံးဖြစ်အောင် မလုပ်တတ်၊ ဖြစ်ပြန်ပါကလည်း အသုံးမကျ၊ အသုံးမဝင်၊ ကြွေကရားလုပ်ဖို့ နေနေသာသာ ကြွေရည်ကို ပုံမသွင်းတတ်ချေ။ ဘယ်ဓာတ်နှင့် ဘယ်ဓာတ်စပ်က ဘာဖြစ်လဲ၊ ဘယ်ဓာတ်ကို မီးအပူပေးလိုက်က ဘယ်လိုဖြစ်သွားသည်၊ ဘယ်ဟာကိုဘာခေါ်လဲ၊ ဘယ်ဒင်း ဘာ့ကြောင့်ဖြစ်ရသည်၊ ဘယ်ဟာနှင့် ဘယ်ညာပေါင်းက ဘယ်ဟာဖြစ်သည်တို့ကိုကား သင်ပါ၏။ သည်ဓာတ်နှင့် သည်ဓာတ်ပေါင်းလို့ သည်ဟာဖြစ်လာတာကို ဘယ်လိုနေရာအသုံးချရမည် ကိုကား မသင်ကြား။ ဘယ်ဓာတ်ကို မီးအပူထိလိုက်သော် ဘယ်လိုဖြစ်သွားတာပဲ။ အဲသည်တော့ ဘယ်လို အသုံးချရတယ်ဆိုတာကိုတော့ မသင်။ ဥပမာဆိုလျှင်ကား စမုန်မျိုးငါးပါး၊ ဇာတိပ္ဖိုလ်၊ ဆားပုတ်ခဲ၊ နွယ်ချို ရောပေါင်း၍ထောင်းက လျက်ဆားဖြစ်သည်ကိုသင်ပါသည်။ သည်လျက်ဆားကို ချောင်းဆိုးလျှင် လျက်ရမည်လော၊ ဝမ်းချုပ်လျှင် သုံးရမည်လော၊ မိန်းမလိုချင်တော့ ဆောင်ရမည်လော၊ သို့မဟုတ် တက္ကသိုလ်ကျောင်းတော်ကြီးအပေါ်ဆုံးထပ်တက်တော့ မှုးလို့ရှူရမည်လော စသည်များကိုမူ ပေယျာလကန်ဝကွက်၍ ချန်ခဲ့သည်။

စိန်နှင့် သံပရာဖျော်လိုက်ဟု လူရိုင်းတစ်ယောက်ကိုခိုင်း၏။ ဒါဘာလုပ်ရမလဲ ဆရာဟုဆိုလျှင် မင်းကောင်းမယ်ထင်သလိုကြည့်လုပ်ဟု ပြန်ကြားလေက လူရိုင်းသည် ဘုမသိဘမသိနှင့် စိန်သံပုရာကို သောက်လိုက်လျှင် သေဖို့ပင်ရှိတော့သည်။ ငါတို့အား သင်ပို့သောပညာသည်လည်း ထို့အတူပင်တည်း။

သင်္ချာဂုဏ်ထူးတန်း ကျောင်းသားများသည် အပင်ပန်းကြီးခံ၍ သင်ကြရပါ၏။ စာအုပ်တွေ လန်ချားနှစ်စီးတိုက်မျှ ဖတ်ရပါ၏။ သို့သော် ထိုပညာများသည် လောကနှင့် ဘာမျှမဆိုင်၊ ကျောင်းသားတို့ သင်တို့သည် ပညာကိုဘယ်နေရာအသုံးပြုကြတော့ဟု မညွှန်းချေ။

အခြား အခြားသော နိုင်ငံတို့၌ တက္ကသိုလ်ကျောင်းသားများနှင့်တွဲကာ စက်ရုံကြီးများ၊ အလုပ်ရုံကြီးများ ထားရှိသည်။ ငါတို့ ဗမာပြည်က တက္ကသိုလ်မှာ အစိုးရက မျက်နှာဖြူများကိုသာ အိမ်ကောင်း၊ ယာကောင်း ဆောက်၍ ပေးသည်။ ငါတို့အတွက် စက်ရုံ၊ အလုပ်ရုံများ ဆောက်ပေးရန် ပိုက်ဆံမရှိဟု ညာကြသည်။ ဖြန်းကြသည်။ ဖြောင်လိမ်သည်။ အစိုးရသည် ငါတို့အား ကတ်ဗာရီ ချောကလိတ်ကို မကျွေး၊ တော်ဖီလောက်ကိုသာ ကျွေးနေသည်။

တဖန် ဝိဇ္ဇာတန်းတွေကို ကြည့်ကြပါဦး။ ဝိဇ္ဇာဆိုတာ ဧရာမပုဂ္ဂိုလ်ကြီးတွေဟု ခေါ်စမှတ်ပြုကြ၏။ ဝိဇ္ဇာဆိုတာ ဗမာပြည်တွင် မည်သူနှင့်မျှ မတူ၊ ပူဇာစ ပူဇာနေယျာနံ၊ ပူဇော်ခံထိုက်သော ပုဂ္ဂိုလ်များသာဖြစ်သည်ဟု ငါတို့က အထင်ကြီးခဲ့ကြသည်။ သို့သော် ငါတို့ပညာကား ကျီးအာသီးကဲ့သို့ အပေါ်အဆင့်သာ လှ၍ အတွင်းခံ ညံ့လေသည်။

အင်္ဂလိပ်စာတွင် ရှိတ်စပီးယား၊ ဘိုင်ရွန်၊ မစ်လတန်၊ ဂိုလ်စမစ်တို့ သင်ရပါ၏။ ထိုစာတို့ကိုဖတ်ရသဖြင့် အပျိုစာ ရေးတတ်ခြင်း၊ အပျင်းပြေ စာဖတ်တတ်ခြင်း၊ စိတ်နူးညံ့၍ ကျွန်သဘော ဖြစ်ချင်ခြင်းမှတပါး အခြားအကြောင်းကို မတတ်ချေ။ သည်စကားနှင့် ပတ်သက်၍ မြန်မာစာညွှန့်ပေါင်းနိဒါန်းကျမ်းတွင်

I hope this work will furnish ample materials to write text books in Burmese for use in all schools and colleges in Burma with a view to inculcating imperial idea as it is intended.

စသည်ဖြင့် စာတည်းက ရေးခဲ့သည်။ ထို့အတူ အထက်ပါဆရာကြီးများ စာကို သင်ပေးနေသည်မှာ အင်ပီရီယယ်ရထားကြီး မှန်မှန်ငြိမ်ငြိမ် မောင်းနိုင်ရန် ဖြစ်သည်။

Political Science ကို သင်ရာ၌လည်း Political Science လို့ ဘာ့ကြောင့်ခေါ်ရပုံ။ State ဆိုသည်ကား ဘယ်လိုဘယ်ဝါ၊ Consitution ဆိုသည်ကား သည်ကဲ့သို့ စသည်ဖြင့်သာ သင်ရင်း အချိန်ကုန်ခဲ့သည်။ ယုန်မှာ ဦးချိုမရှိ၊ မြွေမှာ ခြေမပေါက် ဆိုသလောက်သာ ရှိခဲ့သည်။

သို့ဖြစ်၍ ဝိဇ္ဇာ၊ သိပ္ပံပညာသည် ဤနည်းအတိုင်းဆိုလျှင် ပျားရည်မရှိသော ပျားအုံ၊ အဆံမရှိသော သစ်ကြားသီး၊ အနံ့မရှိသော ပေါက်ပေါက်ပန်းနှင့်သာ တူဘိသည်။ K.S.M, A.T.M စသည့်ဘွဲ့များကို ငါတို့ကျောင်းသားများသည် ကဲ့ရဲ့ခဲ့ကြ၏။ ငါတို့ B.A, B.Sc တို့နှင့် ထိုဘွဲ့များမှာ များစွာမကွာလှသည်ကို သတိပြုမိပါ၏လော။ ရှေးကမူ ထိုစာမေးပွဲများအောင်လျှင် အစိုးရထံ၌ အလုပ်ရသေး၏။ သူဌေးတို့ထံ၌ အလုပ်ရသေး၏။

ယခုမူ အစိုးရက အလုပ်နောက်ထပ် မခန့်သည့်အပြင် လက်ရှိများကိုလည်း ဖြုတ်ပစ်နေချေပြီ။ သူဌေးတိုက်များတွင်လည်း B.A, B.Sc, တွေ B.L., တွေ ညပ်နေပြီ။ ငါတို့နေရာမရကြတော့၊ ခွေးနေရာမရတော့သည်နှင့် မခြားတော့ပြီ။ ဗမာလေးတွေ မျှော်လင့်ခြင်းကင်း၍ ထင်ရာမရမ်းကြရန် I.C.S., B.Sc., အစိုးရပညာသင် စသည်များက ရှိပါသေး၏။ သို့သော် တစ်ရာတစ်ယောက်မျှ မရှိရကား ပေါက်ပင်ကိုမော့ကြည့်ကာ ပေါက်ပွင့်ကို အမဲသားမှတ်၍ မျှော်မိများသော ခွေးပမာ ငါတို့ ဒုက္ခနှင့်တွေ့ဖို့သာ ရှိတော့သည်။

နောင် - သည်ထက် ဗမာများ ခက်တော့မည်။ တွဲဖက်အစီရင်ခံစာတွင် ငါတို့တွေ့ရသည်မှာ မီးရထား၊ အကောက်ရုံး စသောနေရာများကို အင်္ဂလိပ်ကပြားများအတွက် အလုပ်သီးသန့်ထားရန်ဖြစ်သဖြင့် နေမြင့်လေ အရှုးရင့်လေ ဆိုသကဲ့သို့ ကြာလေညံ့လေ ဖြစ်ခဲ့ပြီ။ ဘောလုံးကန်တတ်သည့်တိုင်အောင် အကောက်ရုံး၌ အလုပ်ရချင်မှ ရတော့မည်။ ငါတို့နှင့်တကွ ငါတို့တမျိုးလုံး နစ်နာချေပြီ။ ကောင်းနိုင်ကြပါသေး၏လော။

ဤသို့အနှစ်မရှိ အကာအတိဖြစ်သော ပညာရပ်များကိုပင်လျှင်ငါတို့ဗမာ ကလေးများမှာ ငွေကုန်၊ အချိန်ကုန်ခံ၍ သင်ကြား နေသည်သာမက ကျောင်းတွင် နေသည့်အခါလည်း ကျောင်းအုပ်ကြီး စသော ဆရာများ၏ အမျိုးမျိုးချုပ်ချယ်ခြင်း ကို ကျွဲနွားများပမာ ခံကြစေလိုသေး၏။

အို - ကျောင်းတော်သားတို့၊ ငါတို့ လူကြီး မိဘတို့သည် သားသမီးများကို လူဖြစ်ရန် ဤကျောင်းသို့ ထားခြင်းဖြစ်သည် မဟုတ်ပါလော။ သို့ဖြစ်လျှင် ဘယ်အတွက် လူ့အခွင့်အရေးကို နားမလည်သယောင်၊ ကြောင်တောင်တောင် လုပ်၍ နေကြဘိသနည်း။ မိမိတို့အခွင့်အရေးရှိသမျှ၊ ပြောရေးဆိုခွင့် ဟူသမျှ တို့ကို **"ဆိုရေးရှိက ဆိုတတ်စွ"** ဆိုသကဲ့သို့ ပြောကြ၊ ပြကြ၊ လုပ်ကြမှ သင့်ပေမည်။ သို့မဟုတ်ပါက ငါတို့သာမက တစ်မျိုးလုံးနှင့်တကွ နောင်အဆက်ဆက် ဤကျောင်းသို့ ရောက်ရှိမည့် ငါတို့၏ အမျိုးအနွယ်များ၏ ဂုဏ်ကျက်သရေကိုပါ ထိခိုက်ပျက်ပြား မည်ကို ယခုက ငါတို့က ဆယ်တင်ရန်ဝတ္တရားရှိပေသည် မဟုတ်တုံလော။ သင်တို့ လုပ်ရည်ကိုင်ရည်အတွက် နောင်လာနောင်သားတို့ အကျိုးခံစားရလျှင် အသင်တို့ နာမည်သည် နောင် ရာဇဝင်တွင် ဥဒါန်းတွင်ရစ်ကြပေလိမ့်မည်။ အသင်တို့၏ ဝတ္တရားကို အသင်တို့မဆောင်ရွက်က နောင်လာနောင်သားတို့၏ တံတွေးခွက်တွင် အမောင်တို့ နာမည်တွေ ပက်လက်မြောကြလိမ့်မည်။

ထို့ကြောင့် ငါတို့ဘေးကို ငါတို့ကာကွယ်ရန်မှာ **"မည်သူမပြု မိမိမှု"** ဆိုသကဲ့သို့ ငါတို့ကြိုးစားကာ ဆောင်ရွက်ကြရလိမ့်မည်။ ငါတို့ ဒုက္ခများမှာ ဤညံ့ဖျင်း စုတ်ချာသော ပညာရေးစနစ်ကြောင့်ဖြစ်သည်။ အိမ်ဟောင်းကို ဖျက်၍ အိမ်သစ်ဆောက်သကဲ့သို့ ငါတို့ပညာရေးစနစ် စုတ်ကြီးကို ဖျက်၍ ငါတို့ အိမ်သစ် ဆောက်ကြကုန်အံ့။ ငါတို့ ဗမာလူမျိုးနှင့် တန်သော ငါတို့ရထိုက်သော ပညာကို

ရအောင် ကြိုးစားကြကုန်အံ့။ ငါတို့သည် ဝိဇ္ဇာ၊ သိပ္ပံအောင်လျှင် အလုပ်လက်မဲ့ ဖြစ်စေသော စနစ်ကိုမလို၊ ငါတို့အား ထိုဘေးမှ ကယ်ဆယ်မည့် ပညာကိုရစေပါသည်။ စိန်အစစ်ကိုပေးမှ ကျေနပ်ကြမည်။ ဥဿဖယားကို ပေးမူ လားလားမျှ မယူလို။

အို - ရှေ့ရေး နောက်ရေးကို မျှော်တွေးတတ်ကြသော တက္ကသိုလ်ကျောင်းသားတို့၊ **"လိုလျှင်ကြံဆ နည်းလမ်းရ"** ၊ **"ကြိုးစားက ဘုရားဖြစ်"** စသည်တို့ကို ရှေ့ဆောင်ထား၍ ညီညီညာညာ ကြိုးစားကြပါကုန်။

အိမ်ဆောက်ရာ၌ သစ်ရှာ၊ ဝါးခုတ်၊ လွှတိုက်၊ ဆောက်ထွင်း၊ ပဲခွပ်ကိုင် စသည်ဖြင့် အသီးသီးဝတ္တရားရှိသမျှကို ဆောင်ရွက်ကြမှ ငါတို့နှင့်တကွ နောင်လာနောင်သားများ လူအဖြစ် တည်နိုင်ကြမည် ဖြစ်သတည်း။

သိန်းဖေ

## အမှာစာ

ILBC စာသင်ကျောင်း တည်ထောင်ပြီးနောက် ကျောင်းသားများ၏ ရှေ့ရေးအတွက် ထိရောက်သောသင်ကြားရေးနည်းစနစ်များ၊ သင်ရိုးနှင့် ဦးတည်ချက်တို့ကို လေ့လာတိုင်ပင် ဆွေးနွေးခဲ့ကြရပါသည်။

သင်ကြားရေးဆရာများမှာ ခေတ်အမျိုးမျိုး ဖြတ်သန်းခဲ့ရသော ဆရာမျိုးစုံပါ၏။ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓါ ပညာရေးသင်ကြားပုံ၊ **SQ3R (Survey, Question, Read, Write, Recite)** နည်း၊ ကန့်ကူလက်လှည့်နည်း၊ ပညာရေးတက္ကသိုလ်မှနည်း စသည်တို့ကို သိမြင်ခဲ့ရသူများ ဖြစ်သည်။ စာအုပ်ပါ နည်းစနစ်အရ အာရုံမှာ(၅)ပါး ဖြစ်၏။ ဆရာများနားလည်သည်မှာ အာရုံခြောက်ပါးဖြစ်၍ တစ်မူတည်းဖြစ်စေရန် ခြောက်ခုမြောက်အာရုံကို ဦးနှောက်နှင့် မှတ်ဉာဏ်သို့ လွှဲပြောင်းလေ့လာရပါသည်။ သို့ဖြစ်ရာ တစ်ကျောင်းလုံး သင်ကြားရေးစနစ်ညှိနှိုင်းပြီး တစ်မူတည်းဖြစ်ရန် ဦးဆောင်ညွှန်ကြားရေးမှူးက ဆွေးနွေး၊ ရေးသား၊ ဟောပြောပို့ချခဲ့သည်မှာ (၁၀)နှစ်ကျော်ခန့်ရှိခဲ့ပါပြီ။ မိမိကျောင်းအတွင်းသာ ပို့ချရန်မဟုတ်ဘဲ မည်သူမဆိုရယူနိုင်သော ပညာရေးမျိုးကို ဦးတည်ထားရပါသည်။

ကျောင်းသက်တမ်းကာလ နှစ် (၂၀)အတွင်း တွေ့ကြုံခဲ့သည့် ဖြစ်စဉ်များ၏ ရောင်ပြန်ဟပ်မှုများလည်း စာအုပ်တွင်ပါဝင်ပါသည်။ လက်ရှိကျောင်းသင်ရိုးအရ

- အဓိက ကျန်းမာရေးမရှိက စွမ်းဆောင်နိုင်မည်မဟုတ်၍ အားကစား ဌာနဖြင့် လေ့ကျင့်ရပါသည်။
- သင်ကြားရေး၌ လက်တွေ့စာတွေ့အပြင် ရှေ့ရေးမျှော်မြင်မှုပါ ပူးတွဲထားရပါသည်။
- ဘက်စုံဖွံ့ဖြိုးရေးအတွက် ဒေသန္တရ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလှုပ်ရှားမှုပေါင်း များစွာနှင့် ဦးဆောင်နိုင်မှုလေ့ကျင့်ရေးအတွက် စုပေါင်း လှုပ်ရှားမှုများအပြင် ကျောင်းသားကိုယ်စားလှယ်ကို ကျောင်းအုပ်ချုပ်ရေးတွင် ကဏ္ဍခွဲ၍ ထည့်သွင်းထားရပါသည်။

ကိုယ်ပိုင်အတွေ့အကြုံ၊ အတွေးအခေါ်၊ ဗဟုသုတများအပေါ် တည်ဆောက်ထားသော ဤစာအုပ်မှာ အခြားစာအုပ်များနှင့် ခြားနားပေမည်။ (သို့သော် မည်သို့သော အကြံပြုချက်မျိုးမဆို ဖိတ်ခေါ်အပ်ပါသည်)

## လူတိုင်းအတွက် ပညာရေး

မြန်မာနိုင်ငံသားတိုင်း ကျောင်းနေကြသည်ဖြစ်ရာ ကျောင်းများမှ ပညာစုံသော လူများစုမွေးထုတ်နိုင်ရန် မြော်မြင်စီစဉ်ကြရပါသည်။ မြန်မာနိုင်ငံ၏ သယံဇာတတို့ကို သုံးစွဲနိုင်သော၊ တန်ဖိုးမြင့်ထုတ်ကုန်တို့ကို ဖန်တီးနိုင်သော၊ မိမိနိုင်ငံကို ချစ်မြတ်နိုးသော၊ မိမိလူမျိုး၏ယဉ်ကျေးမှုကို မြတ်နိုးပြီး ကာကွယ်ထိန်းသိမ်းတတ်သောမြန်မာများ ပေါ်ပေါက်လာစေရန် ကျောင်းများ၌ တာဝန်ရှိပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အလုံးစုံအားကိုးနေရခြင်းမှ ကင်းဝေးရန်နှင့် နိုင်ငံသားများကိုယ်တိုင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်လာကြသည့်အပြင် ပြည်ပသို့ ကိုယ်တိုင်ရင်းနှီးမြှုပ်နှံနိုင်သည်အထိ ကျောင်းများ၌ တာဝန်ရှိပါသည်။

သောက်သုံးရန် "ရေ" ပင်မရှိသော အိမ်နီးချင်းနိုင်ငံက ကိုယ့်ထက်သာနေသောအခါ၊ ကိုယ်က သူ့ထက်ပြန်သာရန် ကြိုးစားကြရပေမည်။ လွတ်လပ်ရေးခေါင်းဆောင်ကြီး မိန့်ကြားထားသကဲ့သို့ "သူတို့တစ်လှမ်းလှမ်းလျှင် ကိုယ်က ဆယ်လှမ်း" လှမ်းရပေတော့မည်။ မြန်မာနိုင်ငံကား သောက်သုံးရေ၊ စိုက်ပျိုးရန်မြေ၊ သစ်တော၊ သတ္တုသိုက်၊ နှင်းဖုံးတောင်တန်းနှင့် ရှည်လျားသော ကမ်းရိုးတန်းများရှိ၍ ဤသို့ သယံဇာတပြည့်စုံသောနိုင်ငံကား ရှားပါဘိ၏။ မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးသည် အုပ်ချုပ်သူများ၏ တာဝန်လည်းဖြစ်ပါသည်။ တိုင်းပြည်ခေါင်းဆောင်ဖြစ်လာကြမည့် လူငယ်များကို လေ့ကျင့်သင်ကြားပေးရန်မှာ ဆရာများ၏ တာဝန်လည်း ဖြစ်ပါသည်။

ကျောင်းသားများ၏ အနာဂတ်တွင် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် စိတ်စွမ်းအား၊ ဉာဏ်စွမ်းအား၊ ပညာစွမ်းအားများကို ကျောင်းမှာပင် မျိုးစေ့ချ၊ ပြုစု၊ ကူညီ၊ အခက်အခဲပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းစေပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ပေါ်ပေါက်ရေးသို့ "ကျောင်းသား၊ မိဘ၊ ဆရာ၊ အစိုးရအုပ်ချုပ်သူ" (၄) ဦး ဟန်ချက်ညီညီ တာဝန်ယူကြရပေမည်။

ကျွန်ုပ်တို့ အောင်မြင်အောင်ကြိုးစားလုပ်ဆောင်ပါမည်။

ကျွန်ုပ်တို့ အလုပ်နှင့်သက်သေပြပါမည်။

ကျွန်ုပ်တို့ အစဉ်အမြဲ ကျန်းမာချမ်းသာသော မြန်မာလူမျိုးဖြစ်ရပါမည်။

ဤစာအုပ်က ညွှန်းပြနိုင်စွမ်းရှိကြောင်း ယုံကြည်ပါသည်။

ILBC ပညာရေးအဖွဲ့

# စာတမ်းဦးတည်ချက်

ယနေ့ကျွန်ုပ်တို့တိုင်းပြည်တွင် ပြည်ထောင်စုကြီးတစ်ခုလုံး ရင်ဆိုင်ကြုံတွေ့နေရသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေး ပြဿနာပေါင်းစုံ၏ အဖြေကိုရှာကြရာဝယ် နယ်ပယ်အသီးသီးမှ လူအမျိုးမျိုး၊ ပညာရှင်အဖုံဖုံတို့သည် မိမိတို့ နားလည်တတ်ကျွမ်းရာ ရှုထောင့်မြင်ကွင်းများမှ ဝေဖန်သုံးသပ်ကြပြီး ပြဿနာများ၏ အရင်းအမြစ်များကို ဝိုင်းဝန်းရှာဖွေကြသည်။ ကုစားရန်နည်းလမ်းကောင်းများကိုလည်းဆွေးနွေးပြီး အမြင်ဖလှယ်နေသည့် စပ်ကူးမပ်ကူးကာလ တစ်ခုဖြစ်ပေသည်။ ကျွန်ုပ်တို့သည်လည်း ပြည်ထောင်စု မြန်မာနိုင်ငံသားများဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးတွင် အတူတကွ ရင်ဆိုင်နေကြရသော ထိုပြဿနာများအား ပညာရေးရှုထောင့်မှ လေ့လာသုံးသပ်လျက် ပြည်ထောင်စုတစ်ဝှမ်းလုံးနေ သွေးရင်းသားရင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအပါအဝင် ပြည်ထောင်စုသားအားလုံး စဉ်းစားချင့်ချိန်လျက် အဖြေကောင်းများ ရှာကြရာဝယ် ၎င်းတို့ကိုယ်တိုင် ရှုမြင်သုံးသပ်အပ်သော ရှုထောင့်များမှ သုံးသပ်၍ ရသောအဖြေများအား ထပ်မံအထောက်အပံ့ ပြုစေရေးကို ရည်သန်လျက် ကျွန်ုပ်တို့၏ ကိုယ်တွေ့ အတွေ့အကြုံ၊ စာတွေ့ အတွေ့အကြုံ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်သုံးသပ်မှုတို့ကို အရင်းတည်၍ ရရှိလာသော ယနေ့ကျွန်ုပ်တို့ပြည်ထောင်စုကြီးအတွင်း ကြုံတွေ့နေရသည့် ပြဿနာပေါင်းစုံ၏ မြစ်ဖျားခံရာတို့ကို ဝေမျှလို၍ ဤစာအုပ်ကိုရေးသားသည်။

ကျောင်းအပ်နှံကြရာတွင် မိဘအတော်များများသည် မိရိုးဖလာ အပ်နှံ သည့်စနစ်အတိုင်း လွယ်လွယ်ကူကူ ယုံယုံကြည်ကြည်နှင့် မေးမြန်းမှုအနည်းဆုံးမေးကာ အပ်နှံကြသည်ကို တွေ့ရသည်။ ကျောင်းအပ်နှံသည့်အခါ မိဘများ ကျောင်း၏ ရည်ရွယ်ချက်များ၊ ကျောင်း၏ ယုံကြည်မှုများ၊ ကျောင်း၏ အုပ်ချုပ်မှုများ၊ ဆရာဆရာမများ၏ ယုံကြည်မှုများ၊ ရည်မှန်းချက်များ နောက်ဆုံးရလဒ်သည် မည်သို့ဖြစ်မည်စသည်ဖြင့် မြောက်မြားစွာသော မေးခွန်းများမှတစ်ဆင့် မိမိတို့၏ သားသမီးများ လာရောက်ပညာဆည်းပူးမည့်နေရာသည် မိမိတို့စိတ်ကူးများကို အကောင်အထည်ဖော်မည်လား သို့မဟုတ် သားသမီးများကို မည်သည်တို့ကို လေ့ကျင့်ပေးမည်နည်း၊ စာမေးပွဲအတွက်ပဲ လေ့ကျင့်ပေးမည်လော။ ဒါမှမဟုတ် ဘဝအတွက်လေ့ကျင့်

ပေးမည်လော။ စသည်ဖြင့် မိမိကလေး၏ ဒုတိယအိမ်ဖြစ်လာမည့် ဒေသရပ်ဝန်းကို ကောင်းစွာလေ့လာရန်လိုအပ်ပါသည်။ ကျောင်းတာဝန်ရှိကျောင်းအုပ်ကြီးများက ရှင်းပြလိုသော်လည်း မိဘ၏ယုံကြည်မှုကား ပြင်းပြ၏။ ရသည် ရသည် သိပြီးပြီ ဆိုတာ များကြသည်။ သို့ဖြစ်၍ ယုံကြည်ပေးကြသဖြင့် ဝမ်းသာပါသည်။ ကျေးဇူးလည်းတင်ပါသည်။ သို့သော် သိသင့်သည်များကို သိနိုင်ကြစေရန်လည်း ရည်ရွယ်ပါသည်။

ကျောင်းသည် ကျောင်းသားများ၏ အနာဂတ်ဘဝတွင် လိုအပ်မည့် စိတ်လက္ခဏာ၊ ရုပ်လက္ခဏာများအားလုံးကို ကျောင်းသားကိုယ်တိုင် လေ့ကျင့်တည်ဆောက်လာစေရန် တစ်နည်း ကျောင်းသားသည် မိမိကိုယ်ကို အားကိုး၍ လေ့ကျင့်တည်ဆောက်တတ်လာအောင် စီမံကွပ်ကဲပံ့ပိုး တည့်မတ်ပေးမည်။ လေ့ကျင့်ရေးအားလုံး၏ ဦးတည်ချက်မှာ ကျန်းမာအောင်နေတတ်သော၊ ချမ်းသာအောင်နေတတ်သောသူများ ဖြစ်လာရေးဖြစ်သည်။ ထိုမှတစ်ပါးဘာမှမလုပ်ပေးနိုင်။ ကျောင်းဆရာများသည် လေ့ကျင့်ရေးတွင် မရှိမဖြစ် အသုံးပြုရသည့် အကြောင်းပြုချက်များကို အခြေပြု၍ ကျောင်းသား၏ အသက်အရွယ်နှင့်ဆီလျော်သော ပြဿနာကြီးငယ်များကို ကျောင်းသားတို့အားပေးပြီး ၎င်းကိုယ်တိုင်ပြဿနာများကို စဉ်းစားဖြေရှင်းစေမည်။ ကျောင်းသား၏ သိမှုပတ်ဝန်းကျင်များကို ဆရာများက အသင့်တော်ဆုံးဖြစ်စေရန် စီမံနိုင်သည်။ ဆရာများသည် ဆရာအတတ်သင် သင်တန်းများအပြင် ဆရာတို့ကိုယ်တိုင်လေ့လာထားသော ဆရာအတတ်ပညာတို့ဖြင့် ကျောင်းသား၏ လေ့ကျင့်ရေးပတ်ဝန်းကျင်နှင့် ကျောင်းသားလေ့ကျင့်ရမည့် အခြေတည်ချက်များ အားကောင်းစွာနားလည်အသုံးပြုနိုင်သည့်အပြင် လေ့ကျင့်မှု၏ ရလဒ်များကို စစ်ဆေးစောကြောသော စစ်ဆေးမှုနည်းစနစ်မျိုးစုံကိုလည်း လေ့လာရုံမျှမက လေ့ကျင့်ပြီးရုံမျှမက ကိုယ်တွေ့အတွေ့အကြုံများမှတစ်ဆင့် ကျွမ်းကျင်ပြီးဖြစ်၏။ ဆရာများသည် ကျောင်းသားများအတွက် ၎င်းတို့နှင့် ဆီလျော်သော ပြဿနာအခက်အခဲများကို ရှာဖွေစုဆောင်း ထုတ်ဖော်ပြုစု၍ ကျောင်းသားများ အလုပ်လုပ်ရန် ဦးတည်ချက်အနေဖြင့်ပေးအပ်ရန်ဖြစ်သည်။ ပြဿနာများကို ကျောင်းသားများက ဖြေရှင်းကြရာဝယ် ဆရာအကူအညီပေးရန်လိုအပ်သော ကျောင်းသားကို အကူအညီပေးမည်ဖြစ်သော်လည်း ကူညီပေးရန် မလိုသော ကျောင်းသားများကို မကူညီဘဲ ကိုယ့်အားကိုယ်ကိုးကျင့် ရရှိလာစေရန် လေ့ကျင့်

ပေးရန်သာဖြစ်သည်။ ဥပမာ - လမ်းလျှောက်နိုင်သူများအားလုံး ကိုယ့်လမ်းကိုယ်ကြိုးစားလျှောက်ကြရန်ဖြစ်ပြီး လဲကျလျှင်လည်း ကိုယ့်ဘာသာကိုယ် ပြန်ထရမည်။ ဆရာက မထူပေး။ သို့သော် ခြေထောက်ကျိုးနေသော ကျောင်းသားရှိပါက ဆရာက ကူညီမည်။ ကူညီပေးပုံမှာ ဆရာက တွဲ၍လမ်းလျှောက်ပေးရန်မဟုတ်။ ဆရာက ချိုင်းထောက်ရှာဖွေပေးကာ ၎င်းကျောင်းသားအား ချိုင်းထောက်အားပြု၍ ဆက်လက် လျှောက်လှမ်းစေမည်။ ခြေထောက်ပြန်ကောင်းသွားလျှင် အများနည်းတူ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်၍ ဆက်လျှောက်မည်။ ထပ်မံလဲကျမည် ဆိုပါကလည်း ပြန်ထဆက်လျောက်ရန် အားပေးမည်ဖြစ်သည်။ ဤဥပမာက ဆရာ၏ လုပ်ငန်းတာဝန်ကို ပြည့်စုံစွာ နားလည်စေနိုင်မည်။ မည်သည့်လမ်းကိုလျှောက်ရမည်ကို ဆရာတို့က ရွေးချယ်ပေးမည်ဖြစ်သည်။ ကျောင်းသားတို့ လျှောက်ရမည့် လမ်းတို့သည် အထိုက်အလျောက် ကြမ်းတမ်းခက်ခဲလိမ့်မည်။ အရွယ်နှင့် လိုက်လျောညီထွေသော ကြမ်းတမ်းမှုများကြုံတွေ့ကြရန် ဆရာက စီစဉ်မည်။ ကျောင်းသားတို့က ကိုယ်တိုင်လျှောက်လှမ်းကြရန်သာလိုသည်။ ကိုယ်တိုင်လျှောက်လှမ်းကြရင်း အတွေ့အကြုံများကို တွေ့လာရမည်။ လျှောက်လှမ်းရင်း စဉ်းစား ရှောင်ကွင်းစရာများ ကြုံတွေ့ကြလိမ့်မည်။ လျှောက်လှမ်းရင်း ဆုံးဖြတ်ချက်ချစရာများ ကြုံတွေ့ကြရ၍ ဆုံးဖြတ်ချက်များ ၎င်းတို့ကိုယ်တိုင်ချကြကာ ရှေ့သို့ဆက်ကြလိမ့်မည်။ မိဘနှင့်ဆရာများက ကျောင်းသား သားသမီးတို့အား ကိုယ်တိုင်အခက်အခဲကျော်ဖြတ်ရန်နှင့်၊ တွေ့ကြုံခွင့်၊ စဉ်းစားခွင့်၊ ဆုံးဖြတ်ခွင့်များ ပေးရန်လိုသည်။ ထိုသို့လျှောက်လှမ်းရင်း လုပ်ကိုင်ဆုံးဖြတ်မိသော အမှားများရှိလာလိမ့်မည်။ ပတ်ဝန်းကျင်ကြောင့်လည်း မှားစရာများတွေ့ကြရဦးမည်။ ဆရာက ကိုယ်တိုင်တွေ့သည့် အတွေ့အကြုံမည်မျှရှိသည်ကို စစ်ဆေးနည်းမျိုးစုံဖြင့် စစ်ဆေးကြမည်။ စစ်ဆေး၍ ပေါ်ထွက်လာသည့် ရလဒ်များပေါ်တွင် အခြေခံ၍ ကျောင်းသားတို့၏ ပုံရိပ်ကို ဖော်၏။ မိဘဘက်မှ မြင်ရသော ၎င်းတို့သားသမီးတို့ပုံရိပ်အပြင် ဆရာတို့ဘက်မှ မြင်ရသော သားသမီးတို့၏ ပုံရိပ်ကိုပါ မိဘတို့မြင်ရမည်။ ပုံရိပ်နှစ်ခုစလုံးကို ပူးပေါင်း၍ ထပ်မံပုံဖော်လိုက်လျှင် ပိုမိုပြည့်စုံသော မိမိသားသမီးတို့၏ ပုံရိပ်ကို တွေ့ရလျှင် ၎င်းတို့နှင့် အသင့်တော်ဆုံးဘဝလမ်းကို လမ်းညွှန်အကြံပြုနိုင်ကြမည်ဖြစ်သည်။ အဓိကမှာ ၎င်းတို့ကျန်းမာ ချမ်းသာစွာ နေတတ်ကြစေရန်ဖြစ်သည်။ ဆရာ့ဝတ္တရားသည် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊

သင့်ရာအပ်ပို့ ဆို၍ရှိရာ ကျောင်းသားတို့၏ ခန္ဓာကိုယ်နှင့် စိတ်တို့ဖွံ့စည်းပုံပေါ်တွင်မူတည်၍ ၎င်းတို့လေ့ကျင့်နိုင်မှုကိုလည်း မပြတ်ကြည့်ရှုလေ့လာကြပြီး အကယ်၍ အများနည်းတူလေ့ကျင့်စဉ်များကို လုပ်ကိုင်နိုင်ခြင်းမရှိပါကလည်း ၎င်းတို့နှင့် သင့်တော်မည့် နေရာဌာနသို့ ညွှန်ပြပို့အပ်ရန်ရှိပါသည်။ ထို့အပြင် မိမိက လေ့ကျင့်ပေးနိုင်သည်ထက်ပို၍ လုပ်ကိုင်နိုင်သော ကျောင်းသားများကြုံတွေ့လာပါကလည်း မိမိထက်ပို၍ သင်ကြားလေ့ကျင့်ပေးနိုင်သော ဆရာများထံသို့ ပို့လွှတ်လေ့ကျင့်ပေးနိုင်ရန် ဝတ္တရားရှိပါသည်။ ဆရာကလည်း ဆရာကျင့်ဝတ်မပျက် ကြိုးပမ်းဆောင်ရွက်ပေးကြသလို ကျောင်းသားများကလည်း ကျောင်းသားဝတ္တရား ဖြစ်သည့် ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ သင်တွေးအံ့ရွှတ် တပည့်ဝတ်ဟူ၍ ရှိကြရာ ကျောင်းသားဝတ္တရားများအတိုင်း လိုက်နာနိုင်ကြလျှင် ပျော်ရွှင်စရာကောင်းသော စာသင်ပတ်ဝန်းကျင်ကို ရရှိပေလိမ့်မည်။

သို့ဖြစ်၍ ယနေ့ခေတ်ဆရာများ၊ မိဘများ၊ ကျောင်းသားများ ဤစာအုပ်ငယ်ကို ဖတ်ရှုပြီးနောက် ကျွန်ုပ်တို့အားလုံး လက်တွေ့မျက်မှောက်လောက၌ နေ့စဉ်ကြုံတွေ့နေကြသော၊ နေ့စဉ်ပညာရေးလုပ်ငန်းများအား ပြန်လည်သုံးသပ်နိုင်ကြစေရန် ရည်ရွယ်ရုံမျှမက၊ အနာဂတ်မိမိတို့အားလုံး၏ ပညာရေးလုပ်ငန်းများကို အကောင်းဆုံးလုပ်ကိုင်လာနိုင်ကြစေရန် အထောက်အပံ့ဖြစ်စေမည့်အတွေးများများစွာရရှိလာစေလိမ့်မည်ဟုလည်း ရည်ရွယ်သည်။ ဤစာအုပ်တွင်းပါ အကြောင်းအရာများကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ၊ မည်သည့်နည်းနှင့်မျှ ထိခိုက်စေလိုသော ဆန္ဒအလျှင်းမရှိပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်၍ ရေးသားခြင်းမဟုတ်ဘဲ အထက်ဖော်ပြခဲ့သော ရည်ရွယ်ချက်များနှင့်အတူ ကျွန်ုပ်တို့အားလုံးနှင့်ဆိုင်သော ကျွန်ုပ်တို့တိုင်းပြည်၏ ပညာရေးကဏ္ဍတွင် ဖြစ်ပျက်နေခဲ့သော၊ ဖြစ်ပျက်နေဆဲဖြစ်သော၊ ဖြစ်ပျက်နေဦးမည်၊ ဖြစ်လတ္တံ့သော အကြောင်းအရာများကို ကိုယ်တွေ့အတွေ့အကြုံများကို အခြေခံပြီး လူအများ ကောင်းကျိုးဖြစ်လာကြစေရန်ရည်သန်လျက် အနာဂတ်တိုင်းပြည်တည်ဆောက်ရေးအတွက် စဉ်းစားတွေးတောစရာတစ်ရပ်အဖြစ် ရေးသားခြင်းဖြစ်ကြောင်း စာရေးသူမှ ဝန်ခံပါသည်။ဤစာအုပ်ပါ ရေးသားချက်များသည် စာရေးသူ၏ သင်ကြားမှုအတွေ့အကြုံ၊ သုတေသနအတွေ့အကြုံနှင့် ဖတ်မှတ်လေ့လာခဲ့သော ဗဟုသုတအတွေ့အကြုံတို့ပေါ်တွင် အခြေခံ၍ ရေးသားချက်များသာဖြစ်သည်။

**လူတိုင်းအတွက် ပညာရေး**

အများအတွက်ပညာရေး (သို့) လူတိုင်းအတွက် ပညာရေးစနစ်သည် လူတိုင်းတွင်ရှိပြီးသား (သို့) အတူတကွ ထာဝရရှိနေသည့် ရှိနေမည့် စိတ်နှင့် ရုပ်ဝတ္ထုပစ္စည်းများပေါ်တွင် အခြေခံ၍ လေ့ကျင့်ခြင်းပုံစံပြုနိုင်လျှင် လူတိုင်းအတွက် ပညာရေးဖြစ်လာမည်။ လက်တွေ့ကျမည်။ ယနေ့သုံး၍ရလာမည်။ ယနေ့စလုပ်နိုင်သော လျှပ်စစ်မီးမလိုသော၊ ကွန်ပျူတာနှင့် ခေတ်မီနည်းပညာများ မလိုသော၊ လူတိုင်းအတွက် ပညာရေးဖြစ်လာမည်။ လူတိုင်းအတွက် ပညာရေးစနစ်တွင် ရှိသည့်အရာတို့နှင့်သုံး၍ လုပ်ကိုင်နိုင် လေ့ကျင့်နိုင်သော ပညာရေးစနစ်ဖြစ်ရမည်။ နေရာဒေသမရွေး လုပ်ကိုင်နိုင်သော ပညာရေးဖြစ်ရမည်။ ရာသီဥတုမရွေး လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ လူမျိုးမရွေး ဘာသာမရွေး လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ နေရာဒေသမရွေးလေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ တောင်ပေါ်ဒေသများတွင်လည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ ပင်လယ်ကမ်းစပ် ကမ်းရိုးတန်းဒေသများတွင်လည်း လက်တွေ့လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ လျှပ်စစ်မီးမရှိသောနေရာများတွင်လည်း လေ့ကျင့်နိုင်ရမည်။ ကျောင်းမတက်ဘဲ လေ့ကျင့်၍ရသော ပညာရေးလည်းဖြစ်ရမည်။ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများတွင်လည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ အိမ်မှာနေရင်းလေ့ကျင့်၍ရသော ပညာရေးဖြစ်ရမည်။ တက္ကသိုလ်များ ဆက်မတက်နိုင်လျှင်လည်း ဆက်လက်လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ ကလေးများလည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ လူငယ်များလည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ လူကြီးများလည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ အမျိုးသား အမျိုးသမီးမရွေးလေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ မသန်စွမ်းသူများလည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ စစ်သည်များလည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ ဘုန်းတော်ကြီးများလည်း လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ သီလရှင်များလည်းလေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ရှေ့နေများ၊ ကျောင်းဆရာများမှစ၍ သူဖုန်းစား များပါမကျန် အကုန်လုံး လက်တွေ့လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရန်လိုသည်။ သို့မှသာ ဤကဲ့သို့သောပညာရေးစနစ်ကို လူတိုင်းအတွက်ပညာရေးစနစ်ဟု အမည်တပ်လျှင် အဓိပ္ပာယ်ရှိမည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် လူတိုင်းအတွက် ပညာရေးစနစ်ကို မည်သို့ပုံစံပြုနိုင်သည်ကို နားလည်နိုင်လာကြလိမ့်မည်ဟု မျှော်လင့်လျက် ရေးသား

သည်။ ဤစာအုပ်သည် ILBC ကျောင်း၏ ဆရာဖြစ်သင်တန်းဌာနတွင် ပို့ချလျက်ရှိသော ဆရာဖြစ်သင်တန်းတွင် ဆရာဖြစ်သင်တန်းသား ဆရာ၊ ဆရာမလောင်းများ လက်စွဲထားအခြေပြုသော စာအုပ်ဖြစ်ပြီး ယခုရေးသားမှုတွင် ဆရာ ဆရာမများ သာမက ကျောင်းသား၊ မိဘနှင့် ပညာရေးစိတ်ဝင်စားသူ မည်သူမဆို ဖတ်မှတ်လေ့လာနိုင်စေရန် ရည်ရွယ်ကာ စေတနာထား၍ ရေးသားပါသည်။

**စာရေးသူ**

# နိဒါန်း

## ပညာရေးဟူသည်

ပညာရေးသည် ဘဝအတွက်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်း ဖြစ်စဉ်ဖြစ်သည်။ တစ်နည်းဆိုသော် ကျန်းမာစွာ ချမ်းသာစွာနေနိုင်စေရန် ငယ်ရွယ်စဉ်ကပင် ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။ ကျန်းမာစွာနေထိုင်ခြင်းကို လူတိုင်းသိပြီးဖြစ်ပြီး ချမ်းသာစွာနေထိုင်ခြင်းဆိုသည်မှာ အသက်ရှင်ရသောနေ့တိုင်း စိတ်ချမ်းသာမှုနှင့် အေးချမ်းစွာနေရခြင်းကို ဆိုလိုရင်းဖြစ်သည်။ ကလေးတစ်ယောက် ကျန်းကျန်းမာမာနှင့် စိတ်ချမ်းသာအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လေ့ကျင့်ပေးရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းဆောင်ရွက်လျှင် အောင်မြင်မှုမရနိုင်။ ထိုကလေး၏မိဘ၊ ထိုကလေးအားလေ့ကျင့် ပေးမည့်ဆရာနှင့် ထိုကလေး ကိုယ်တိုင်ပါ လုပ်ကိုင်ဆောင်ရွက်လေ့ကျင့်နိုင်ပါမှ လေ့ကျင့်မှုမှ ရလဒ်ကောင်း ရနိုင်မည်။ ဆရာကလည်း ကျန်းမာအောင်မည်သို့နေထိုင်ရမည်ကို ကောင်းစွာ သိရှိရန်လိုသည်။ စိတ်ချမ်းချမ်းသာသာနှင့် အေးအေးချမ်းချမ်းနေထိုင်နိုင်ရန် မည်သည်တို့ကို လေ့ကျင့်ရန်လိုသည်ကို သေချာစွာ နားလည်တတ်ကျွမ်းရန်လိုသည်။ ဆရာကိုယ်တိုင်ကလည်း နေ့စဉ် ကျန်းမာအောင် နေထိုင်တတ်သူဖြစ်ရန်လိုသည်။ ဆရာကိုယ်တိုင်ကလည်း နေ့စဉ် စိတ်ချမ်းချမ်းသာသာနှင့် အေးအေးချမ်းချမ်း နေနိုင်ရေးအတွက် ထာဝရကြိုးစားနေသူ ဖြစ်ရန်လိုသည်။ သို့မှသာ သူကိုယ်တိုင် ကျွမ်းကျင်နေသော၊ နေ့စဉ်လေ့ကျင့်နေသော ကျွမ်းကျင်မှုတို့ကို ကျောင်းသားကလေးများအား ပြန်လည်လေ့ကျင့်ပေးနိုင်မည်။ မိဘတို့ကလည်း ၎င်းနည်းတူ သိရှိနားလည်သဘောပေါက်ထားပြီး၊ ၎င်းတို့ ကိုယ်တိုင်လည်း ရည်ရွယ်ချက် တူပြီး ကျန်းမာချမ်းသာစွာနေနိုင်ရေး နေ့စဉ်ကြိုးစားအားထုတ်နေသူများဖြစ်ခဲ့လျှင် ဆရာနှင့်မိဘတို့ လျှောက်သောလမ်းတွင် လူမမယ်ကလေးငယ်များကို လက်တွဲခေါ်ယူနိုင်မည်ဖြစ်သည်။ အကောင်းဆုံးအနေအထားသည်ကား ဆရာများကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ပညာရေးဘဝ (သို့) ဘဝတစ်ခု ကျန်းမာချမ်းသာရေးကျင့်စဉ်များသည် မိဘတို့ကြုံတွေ့ဖြတ်သန်းခဲ့ရသော ပညာရေးဘဝ (သို့) ဘဝတစ်ခု ကျန်းမာချမ်းသာရေးကျင့်စဉ်များနှင့် ထပ်တူကျခဲ့လျှင် ကျောင်းသားအတွက် အကျိုးအရှိဆုံးဖြစ်မည့်အနေအထားဖြစ်သည်။ အကယ်၍ ဆရာနှင့်မိဘတို့

အသီးသီး ဖြတ်သန်းခဲ့ကြသော ပညာရေးဘဝမတူညီခဲ့ပါက ကျောင်းသားအတွက် အကောင်းဆုံးဖြစ်နိုင်ခြေရှိဖို့ရာ မိဘနှင့် ဆရာတို့ကြားတွင် နားလည်မှုကို အချိန်ယူ တည်ဆောက်ရန် လွန်စွာအရေးကြီးပါသည်။ မိဘတို့အနေဖြင့် ဆရာတို့၏ လုပ်ငန်း ကို အလုံးစုံမသိနိုင်သည်ဖြစ်၍ နားလည်မှုလွဲမှားခြင်းများ များစွာ ဖြစ်လာနိုင်သည် ဖြစ်၍ ၄င်းမိဘနှင့် ဆရာကြား နားလည်မှုလွဲမှားခြင်းများသည် ကျောင်းသားငယ်တို့ အတွက် အကောင်းဆုံး အနေအထားများ မဟုတ်ပါ။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ ခေတ်အဆက်ဆက် မိဘများ၏ စိတ်ပျက်ခြင်း၊ အထင်သေးခြင်းခံခဲ့ရသော ဆရာတို့၏လုပ်ငန်းအပေါ် ယခု ချက်ချင်း မိဘများဘက်မှ အကောင်းမြင်လာစေရန် မဖြစ်နိုင်ချေ။ ခါးသီးသော အတွေ့အကြုံ များမှရလိုက်သော ဆရာနှင့်မိဘ နားလည်ခြင်းလွဲမှားမှုနှင့် မသင့်မြတ်မှုအချို့ တို့သည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးခရီးရှည်ကြီးကို ကောင်းစွာ နှေးကွေးစေဦးမည်ကို ကြိုမြင်ပြီး ဖြစ်သည်။ ၁၉၆၂ ခုနှစ် နှောင်းပိုင်းနှင့် မဆလခေတ်တစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသော ပညာရေးစနစ်တို့က မိဘနှင့် ဆရာတို့ကြား တစ်ဦးနှင့်တစ်ဦး အထင်မကြီးစရာ မယုံကြည်စရာများစွာ အမွေဆိုး ချန်ရစ်ထားခဲ့သည်။ ဗုဒ္ဓဘာသာယုံကြည်သက်ဝင်မှုအရ ဆရာတို့အား အနန္တော အနန္တငါးပါးတွင် အတူတကွ ပါဝင်နေကြသော်လည်း မဆလတစ်ခေတ်လုံး မိဘများစွာတို့သည် မိမိတို့၏ကလေးငယ်များကို ပညာသင်ကြားရာတွင် ဆရာတို့၏ လမ်းညွှန်သင်ကြား ဆောင်ရွက်ချက်နှင့် မိမိတို့ကလေးတို့၏ လုပ်ဆောင်နိုင်သော စွမ်းရည်ပေါ်တွင် မည်သည့်အခါမျှ အားရကျေနပ်သည်မရှိခဲ့ကြ၍ မြန်မာ့ဓလေ့အရ မိဘစကား နားထောင်ကြရမည်ကို အခြေပြုကာ မိမိတို့၏ ကလေးများ၏ပညာရေး ကို မိသားစုအလိုက် မိမိတို့ စိတ်ကြိုက်ကကြိုးဖြင့် ကစေခဲ့ကြ၍ ပညာရေး၏ အနှစ်သာရပျောက်ကွယ်ခဲ့ရပြီး ဂုဏ်တုဂုဏ်ရောင် ပကာသနအပေါ် ယံ တို့နောက် လိုက်ခဲ့ကြရင်း တိုင်းပြည်ပါပျက်ခဲ့ ကြရပြီဖြစ်သည်။ တိုင်းပြည်တစ်ခု ပျက်စီးရခြင်း အပေါ် ပညာရေးရှုထောင့်တစ်ခုမှ ကြည့်ရှုသုံးသပ်ခြင်းသာဖြစ်သည်။

ထိုစဉ်က အစိုးရများ၏ အားနည်းချို့ယွင်းချက်များကြောင့် ဆရာတို့ မွဲတေခဲ့ကြသည်။ ဆရာတို့ ဩဇာအာဏာ မဲ့ခဲ့ကြရသည်။ သို့ဖြစ်၍ ဆရာအများစု မှာ ဩဇာရှိ၊ အာဏာရှိ ငွေရှင်ကြေးရှင်၊ အာဏာရှင်တို့၏အလိုကျ လိုက်လျော လိုက်ပါ ကပြခဲ့ကြရသောကြောင့် မြန်မာ့ပညာရေးမှာ အရုပ်ဆိုးအကျည်းတန်

ခဲ့သည်။ အနန္တဂိုဏ်းဝင်တို့၏ ဂုဏ်နှင့်မလိုက်အောင် အောက်ကျခဲ့ကြပြီး ဖြစ်သည်။ မွဲတေခဲ့ကြရပြီးဖြစ်သည်။ ဆရာဆရာမတို့ မချမ်းသာမကြီးပွားသရွေ့၊ ဩဇာ အာဏာနှင့် ပညာဂုဏ်တို့မရှိသရွေ့ မည်သည့်တိုင်းပြည်မှ မတိုးတက်နိုင်။ ဆရာတို့ အပေါ် ဩဇာရှိအာဏာရှိသောပညာမဲ့တို့ချုပ်ကိုင်နေသရွေ့ မည်သည့်အစိုးရ အုပ်ချုပ်နေသည်ဖြစ်စေ တိုင်းပြည်မတိုးတက်နိုင်။ ဆရာတို့၏ သင်ကြားမှု လွတ်လပ်မှုမရှိသရွေ့၊ သင်ကြားမှု ဆုံးဖြတ်ခွင့်မရှိသရွေ့ တိုင်းပြည်မတိုးတက်နိုင်။ လူကလေးတစ်ယောက် တိုးတက်ကျန်းမာအောင် ချမ်းသာအောင်လေ့ကျင့်ပေး တတ်၊ လေ့ကျင့်ပေးလာနိုင်လျှင် လူကလေးများစွာတို့အားလည်း အလားတူ ဆောင်ရွက်လေ့ကျင့်စေလျှင် လူသားပေါင်းများစွာ ကျန်းမာချမ်းသာလာနိုင်မည်။ သို့ဆိုလျှင် ကျန်းမာချမ်းသာသောလူများနေထိုင်ရာ တိုင်းဌာနီတို့ ဖွံ့ဖြိုးတိုးတက်ပြီ ဖြစ်သည်။

ဆရာဝန်ဆိုသည် ဆရာဝန်လုပ်ငန်းတွင် ကျွမ်းကျင်ကြသည်။ ရှေ့နေတို့ ဥပဒေ ကျွမ်းကျင်ကြရမည်။ နိုင်ငံရေးသမားများ နိုင်ငံအရေးပို၍ နားလည် ကြသည်။ ထို့နည်းတူ ကျောင်းဆရာတို့ ဆရာအတတ်ကို တတ်ကြသည်။

ကျောင်းဆရာသည် ဆေးပညာတွင် ဆရာဝန်လောက် မသိနိုင်သော်လည်း ဆရာအတတ်ကို ကျွမ်းကျင်သည်။ ကျောင်းဆရာသည် ဥပဒေရေးရာတွင် ရှေ့နေ တစ်ဦးကဲ့သို့ နှိုက်နှိုက်ချွတ်ချွတ် သိချင်မှသိမည်။ သို့သော် ဆရာအတတ်ကို ကျွမ်းကျင်သည်။

မိဘများကလည်း ဆရာတို့ မည်သို့မည်ပုံလေ့ကျင့်သင်ကြားပေးမည်ကို ကိုယ်တိုင်မကြုံတွေ့ဖူးပါက အတော်ခက်သည်။ များစွာလေ့လာရန်လိုပါသည်။ များစွာဖတ်မှတ်ရန်လိုသည်။ များစွာနားထောင်ရန်လိုသည်။ အကောင်းဆုံးကား မိဘများဖြတ်သန်းကြုံတွေ့ခဲ့ရသော ပညာရေးကျင့်စဉ်နှင့် ကလေးဖြတ်သန်းကြုံ တွေ့နေရသော ပညာရေးကျင့်စဉ်တို့တူညီလျှင် ကလေးအတွက် အကောင်းဆုံးရလဒ် ရမည်ဖြစ်သည်။

မိဘတို့သည် ရင်သွေးတို့အား ပညာသင်ကြားပေးရာတွင် မိမိ၏ ကိုယ်တွေ့ အတွေ့အကြုံနှင့်ဆက်စပ်ယှဉ်ထိုး၍ တွေးကြမည်မှာ ဓမ္မတာပင်။ ယနေ့ခေတ် ပုဂ္ဂလိကကျောင်းများပေါ်ပေါက်လာသောအခါ ပုဂ္ဂလိကကျောင်းများ၏ ခေတ်မီ

နည်းပညာနှင့် သင်ကြားမှုနည်းစနစ်များ၊ တတ်မြောက်မှု၏စစ်ဆေးချက်များ အတော်ပင်ကွာခြားသွားပြီဖြစ်သည်။ ခေတ်လည်း မတူ၊ စနစ်လည်းမတူ၊ ဦးတည်ရာလည်းမတူသောကြောင့် ၎င်းပုဂ္ဂလိကကျောင်းများတွင် သားသမီးကို အကောင်းဆုံး ဖြစ်အောင်အပ်နှံကြသည့်အခါ မိဘတို့လည်း စွန့်စားမှုများ၊ စိန်ခေါ်မှုများ ကြုံရမည်မှာ မလွဲပင်။ ဤအဆင့်ကို အောင်မြင်စွာကျော်ဖြတ် ရန်လိုသည်။ ယနေ့ ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်အောင်မြင်ပြီးကြသော ကျောင်းသားများ မိဘဘဝရောက်သည့်တစ်နေ့ ၎င်းတို့၏ ကလေးများအား ပုဂ္ဂလိကကျောင်းများ၌ပင် ပြန်လည်အပ်နှံကြလျှင် ထိုစိန်ခေါ်မှုများ မရှိသလောက် လျော့နည်းသွားမည်ဖြစ်သည်။

မြန်မာ့ပညာရေးအပြောင်းအလဲလုပ်ရန် ပြောကြသည်ကို ကြားနာရတိုင်း ကြုံတွေ့ရမည့် ကြီးမားသော စိန်ခေါ်မှုကို ပို၍ ထပ်ကာထပ်ကာ သတိရစေသည်။ မြန်မာပညာရေး အပြောင်းအလဲကောင်းများလုပ်ရန်အတွက် အစိုးရတစ်ဦးတည်း ပြောင်းလဲ၍ မရ။ ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ငွေလိုသလောက်သုံးစွဲရုံနှင့် မအောင်မြင်နိုင်။ ဆရာ၊ ဆရာမတို့ချည်း ပြောင်းလဲရန်ကြိုးစားသည်နှင့်လည်း ဖြစ်မလာနိုင်။ မြန်မာ့ပညာရေး အပြောင်းအလဲအတွက် ပါဝင်ပြောင်းလဲကြရမည့်သူများမှာ အစိုးရ၊ လုံလောက်သော ဘတ်ဂျက်၊ ဆရာဆရာမများ၊ ကျောင်းသားများနှင့် မိဘများပါအတူပြောင်းလဲ ဆောင်ရွက်မှုရမည်။

ပြည်ထောင်စုအစိုးရ၏ ပညာရေးဝန်ကြီး၊ ပညာရေးကော်မတီဥက္ကဋ္ဌ၊ ပညာရေးအတွက် တာဝန်ယူ ဆောင်ရွက်မည့်သူအားလုံး ပညာရေးလေ့ကျင့်မှုမှ တစ်ဆင့် မည်သို့သော နိုင်ငံသားကောင်းရတနာများ မွေးထုတ်ပေးမည်ကို ကောင်းကောင်းနားလည်ရန်လိုသည်။ ၎င်းတို့ပြောင်းလဲကျင့်သုံးမည့် ပညာရေးလေ့ကျင့်မှု ကျင့်စဉ် များကိုလည်း ကိုယ်တိုင်ကျင့်ကြံအားထုတ် ကြုံတွေ့ဖူးသူများဖြစ်ရန်လိုသည်။ လိုကို လိုသည်။ မိခင်များ ကလေးမွေးကြသည့်အခါ မည်သို့ဗိုက်နာသည်ကို ဖခင်များဘယ်လိုမှ မသိနိုင်၊ နားမလည်နိုင်သလို ခေတ်သစ်ပညာရေးစနစ်ဖြင့် ကြုံတွေ့ဖြတ်သန်းလာခြင်းအတွေ့အကြုံမရှိသေးသော ပုဂ္ဂိုလ်များက ပြည်ထောင်စုအစိုးရကိုယ်စား ပညာရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် မဖြစ်နိုင်။ မအောင်မြင်နိုင်။ ယောင်ဝါးဝါး ရေးတေးတေးသာရမည်။ ပြတ်သားသော ရည်မှန်းချက်များချမှတ်၍ လက်တွေ့အကောင်အထည်ဖော်နိုင်သော

ပင်မစီမံချက် ရေးဆွဲရေးအတွက် အရေးကြီးသည်။ ပင်မစီမံကိန်းမရှိဘဲ ရောက်တတ်ရာရာ လျှောက်လုပ်နေ၍မရ။ ယခုလည်း ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနတွင် ပင်မစီမံချက်ရှိပြီးဖြစ်မည်။ ဤစီမံချက်ကို လူတိုင်းရှင်းလင်းစွာ နားလည်ရန်လိုသည်။ သို့မှသာ ပူးပေါင်းဆောင်ရွက်လာကြရန်ရှိမည်။

မည်သည့်ကိစ္စတွင်မဆို နားမလည်ဘဲလုပ်လျှင် လွဲမည်။ လွဲခဲ့ကြပြီးလည်း ဖြစ်သည်။ အလွဲကြီး လွဲခဲ့ကြပြီးဖြစ်သည်။ နောက်ထပ်၍ နားမလည်သောသူများ၏ လက်ထဲသို့ ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးအား ပုံအပ်မိလျှင် ဒုတိယမွဲ၊ တတိယမွဲ မွားဦးမည်။ မြန်မာပြည်မတိုးတက်နိုင်။ ပြည်ထောင်စု မြန်မာနိုင်ငံကို အမြန်ဆုံးတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်မည့် အဓိက အကြောင်းတရားသည် ပညာရေးပြုပြင်ပြောင်းလဲရေးသာဖြစ်သည်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရအနေဖြင့် သင့်တော်သော၊ နားလည်သော၊ တက်ကြွ သော၊ အတွေ့အကြုံရှိသော ပညာတတ် လူငယ်လူရွယ်လူလတ်များဖြင့် ပြန်လည် ဖွဲ့စည်းရန်လိုသည်။

ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ကို ပညာရေးစနစ်သစ်အတွက် ပြည့်စုံအောင်စီစဉ်ပေးနိုင်လျှင် ပထမဦးဆုံး လုပ်ရမည့်အလုပ်မှာ ဆရာတို့၏ လစာနှင့် ခံစားခွင့်တိုးမြှင့်ပေးရေးဖြစ်ပြီး၊ အရေးတကြီး ဒုတိယ ဆောင်ရွက်ရန်မှာ ဆရာတို့နှင့် နားလည်မှု ရယူခြင်း (သို့) ဆရာမွမ်းမံသွေးသစ်လောင်းသင်တန်းများ ဆောင်ရွက်ရန် ဖြစ်သည်။ ဆရာတို့ မွမ်းမံသွေးသစ်လောင်းခြင်းသည် မီဒီယာ အကူအညီ များစွာလိုသည်။ တစ်ပြည်လုံးရှိ ဆရာဆရာမ များအားလုံး အသိအမြင် တူညီသွားစေရန်လိုမည်။ အသိအမြင်တူညီသွားအောင် ဆောင်ရွက်ရမည်။ မည်သည့်လုပ်ငန်းကိုလုပ်ကြမည်၊ ဘာ့ကြောင့် လုပ်ကြမည်၊ ဘယ်လောက်ကြာမည်၊ မည်ကဲ့သို့အကျိုးရှိမည်၊ မည်သည့် အသိအမြင် တို့တူညီရန် လိုသည်ကိုပြောပြရမည်။ ပြီးမှ လက်တွေ့လုပ်ငန်းခွင်တွင် တူညီကာ ဘယ်လိုအခြေပြု၍ စုပေါင်း အကောင် အထည်ပေါ်နိုင်မည်။ မွမ်းမံသွေးသစ်လောင်းရန်အတွက် ဆရာများ များစွာမလို၊ မီဒီယာအင်အားသုံး၍ လူထုယုံကြည်မှုရှိသည့် ပုဂ္ဂိုလ်၏ဦးဆောင်မှု ဖြင့်ပူးတွဲ ဆောင်ရွက်ပါက ငွေကုန်ကြေးကျမများဘဲ အောင်မြင်မည်။ ယနေ့မြန်မာနိုင်ငံရှိ တာဝန်ထမ်းဆောင်နေသော ဆရာများအားလုံး တန်ဖိုးရှိသည်။ တန်ဖိုးကြီးသည်။ ၄င်းလက်ရှိ ဆရာတို့အား သွေးသစ်လောင်းနိုင်လျှင် ကာလတိုတိုအတွင်း ခရီး

အတော်ပေါက်နိုင်သည်။ များစွာပြုပြင်ရန်မလို (၃)နှစ် ကာလခန့်အတွင်း ပညာရေး စနစ်ကောင်းတစ်ခုဆီသို့ စတင်ဦးတည်သွားနိုင်မည်ဟု ယုံကြည်သည်။

မြန်မာ့ပညာရေးလောကတစ်ခုလုံးသည် လွန်စွာကျယ်ပြန့်၍ အားလုံး တစ်ပြိုင်နက် ချက်ချင်းပြုပြင်ပြောင်းလဲ၍ မဖြစ်နိုင်။ အောက်ခြေကစ၍ ပြောင်းရမည်။ မူကြိုကစ၍ ပြောင်းရမည်။ သူငယ်တန်းမှ (၁၂)တန်းအထိ တစ်ပြိုင်တည်းပြောင်းရမည်။ ပြီးနောက် တက္ကသိုလ်ပညာရေးကို ဆက်လက်၍ ပြောင်းမည်။ သွေးသစ်လောင်း လုပ်ငန်းစဉ်သည် မူကြိုများ တက္ကသိုလ်ဘွဲ့လွန် ဆရာများအထိ အကျုံးဝင်သည်။ သွေးသစ်လောင်းခြင်း လုပ်ငန်းစဉ်သည် ဆရာများအတွက်သာမက မိဘများ၊ ကျောင်းသားများ၊ အစိုးရတာဝန်ရှိသူများ တစ်ပြည်ထောင်စုလုံး သိထားရန်လိုသည့်ကိစ္စကြီးဖြစ်၍ အားလုံး ကျယ်ကျယ် ပြန့်ပြန့်သိရှိရန်ဆောင်ရွက်ရမည်။ မည်သည့်အရာမဆို လုပ်တတ်လျှင်လွယ်၍ မလုပ်တတ်လျှင် ခက်မည်။ လုပ်တတ်သူများလုပ်မှ အောင်မြင်မည်။ တိုင်းပြည် တိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းဖြစ်၍ အားလုံးစိတ်ဝင်စားအောင် လုပ်ရမည်။ ပြည်ထောင်စုအစိုးရနှင့် ဥပဒေပြုလွှတ်တော်တို့မှ လိုအပ်သော ဥပဒေများ ပြုပေးရန်လည်းလိုသည်။

## ကောင်းမွန်သောပညာရေးစနစ်

ကောင်းမွန်သော ပညာရေးစနစ်ဆိုသည်မှာ နိုင်ငံသားတိုင်းကို ကျန်းမာအောင်၊ ချမ်းသာအောင် နေနိုင်စေရန် ဘဝအတွက် ကြိုတင်လေ့ကျင့် ပေးနိုင်သော စနစ်ကိုခေါ်သည်။ ပညာရေးစနစ်တစ်ခုသည် နိုင်ငံသားတိုင်းကို ကျန်းမာအောင်နေတတ်စေရန်နှင့် ချမ်းသာအောင်နေတတ်စေရန် မလေ့ကျင့် ပေးနိုင်လျှင်၊ လေ့ကျင့်ပေးရန် ပျက်ကွက်လျှင် ထိုပညာရေးစနစ်သည် ကောင်းမွန် သောပညာရေးစနစ်တစ်ခုမဟုတ်နိုင်။ ဤသည်ကို ဆရာများ မျက်ခြည်မပြတ်ရန် လိုသည်။ မိဘများလည်း မျက်ခြည်မပြတ်ရန်လိုသည်။ တက္ကသိုလ် ကျောင်းသားများ နှင့် အရွယ်ရောက်သော ကျောင်းသားတိုင်း မျက်ခြည်မပြတ်ဖို့ ရန်လိုသည်။ အစိုးရ သည်လည်း ကောင်းစွာသတိထား ထိန်းကျောင်းပေးရန် လိုသည်။ တစ်ပြည်ထောင်စု လုံး၏ အရေးဖြစ်သည်။ နိုင်ငံသားအားလုံး၏ အရေးဖြစ်သည်။ နိုင်ငံသားအားလုံး

ကျန်းမာအောင် နေတတ်လျှင် တစ်နိုင်ငံလုံး ကျန်းမာပြီးချမ်းသာမည်။ နိုင်ငံ တိုးတက်ပြီ။ မလုပ်တတ်၍ တွေးကြည့်လျှင်ခက်မည်။ အခြားနိုင်ငံတို့ လုပ်ခဲ့ကြပြီးပြီ။ တိုးတက်ခဲ့ကြပြီ။ နောက်ကျသည်မရှိ။ ယခုထလုပ်နောက် အနှစ် (၃၀)မှာ အောင်မြင်ရမည်။ လူ့ဘဝတွင် နှစ်ပေါင်း (၃၀) ဆိုသောအချိန်သည် ကြာသည် မရှိပါ။ နိုင်ငံတစ်ခု၏သမိုင်းတွင် နှစ်ပေါင်း (၃၀)မှာ ကြာသည်မရှိပါ။ မြန်သေး သည်ဆိုရမည်။

## စဉ်းစားခြင်း၊ စဉ်းစားခြင်း၊ စဉ်းစားခြင်း

မည်သည့်ကျောင်းသားတွင်မဆို လုပ်နိုင်မလုပ်နိုင်ဟူ၍ နိုင်သော မနိုင် သော ကိစ္စများရှိနိုင်သည်။ လုပ်နိုင်သလောက်လုပ်ကြရန်လိုပြီး လုပ်နိုင်သော ပမာဏကွာခြားမှုက အလွှာအသီးသီးသော လူတန်းစားပေါင်းစုံ ပညာရှင်ပေါင်းစုံ ကို ဖြစ်လာစေသည်။ အသွေးအရောင်စုံသော တိုင်းပြည်ဖြစ်လာမည်။ နယ်ပေါင်းစုံတွင် ကျွမ်းကျင်သူ အသီးသီးရှိလာမည်။ တိုင်းပြည်တိုးတက်ပြီ။

ကျောင်းသားအမျိုးမျိုးသည်လည်း ၎င်းတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံမတူကြ၍ အများလုပ်နိုင်သောအရာများ ကိုလိုက်၍မလုပ်နိုင်ကြသော ကျောင်းသားများလည်း ကြုံတွေ့ရသည်။ ၎င်းတို့အတွက် အထူးလေ့လာတတ်ကျွမ်းသူများမှ အထူး လေ့ကျင့်ရေးအစီအစဉ်နှင့် အခြေအနေများပံ့ပိုးပေးပြီး ပို့ဆောင်သင်ယူရန် လိုသည်။ သာမန်ကျောင်းသားများ၏လေ့ကျင့်မှုကို မလိုက်နိုင်သည့်အတွက် သီးခြားအထူးကျောင်းများဖွင့်လှစ်၍ လေ့ကျင့်ရန်လိုသည်။ လေ့ကျင့်စဉ်တွင် အဓိကကျသော စဉ်းစားနိုင်ရန် အခွင့်အလမ်းများပေးရန် ကျောင်းသားများ အားစဉ်းစားခိုင်းခြင်းသည် ဆရာတို့၏ ပဓာနလုပ်ငန်းစဉ်ဖြစ်၍ တိုင်းပြည် အသီးသီးက ခေတ်အဆက်ဆက်က ဆောင်ရွက်အောင်မြင်ကြပြီးဖြစ်သောကြောင့် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုတွင် မှီငြမ်းစရာများစွာ ရှိပြီးဖြစ်သည်။ မည်သည့်နိုင်ငံ၏ စနစ်ကိုမှ ပုံတူကူးချ၍မရ။ မိမိကလေးများနှင့် မိမိတို့နှင့် ကိုက်ညီမည့် ပုံသဏ္ဌာန်ဒီဇိုင်းကို (သို့) ပညာရေးလေ့ကျင့်စဉ်ကို ပုံစံပြုရမည်။ အမေရိကန်ပညာရေးကျင့်စဉ်သည် အမေရိကန်ကြီးများက အမေရိကန် ကလေးများ အတွက် ပုံစံပြုထားသည့် လေ့ကျင့်စဉ်ဖြစ်သည်။ ဂျပန်ပညာရေး လေ့ကျင့်စဉ်သည်

ဂျပန်ကြီးများက ဂျပန်လေးများအတွက် ပုံစံပြုထားသော လေ့ကျင့်စဉ်ဖြစ်သည်။ တရုတ်တို့၏ ပညာရေးလေ့ကျင့်စဉ်သည် တရုတ်ကြီးများက တရုတ်ကလေးများ အတွက် ပုံစံပြုထားသည်ဖြစ်ရာ ကျွန်ုပ်တို့ မြန်မာကြီးများက မြန်မာကလေးများ အတွက် ခေတ်သစ်ပညာရေး လေ့ကျင့်စဉ် တစ်ရပ်ကို ပုံစံပြုရန် လိုသည်။ ရှိရင်းစွဲ အမျိုးသားသင်ရိုးလေ့ကျင့်စဉ်အား ဖြည့်စွက်ဆက်လက်အသုံးပြုလျှင် အကောင်းဆုံး ဖြစ်သည်။ ရှိရင်းစွဲ အမျိုးသားသင်ရိုးလေ့ကျင့်စဉ်၏ အကြောင်းပြုချက်များအားလုံး ကောင်းမွန်ပြီးဖြစ်သည်။ ပြုပြင်ရမည့်အပိုင်းမှာ ချဉ်းကပ်ပုံနှင့် စစ်ဆေးအကဲဖြတ်ပုံ တို့သာ ပြောင်းရန်လိုသည်။

ကလေးများအား ကျောင်းတို့တွင် ဆရာများက စဉ်းစားခြင်းအမှုကို နေ့စဉ်ပြုစေရာ၌ အကြောင်းပြုချက်တစ်ခုခုကို အသုံးပြုရန်လိုသည်။ အလွတ်မဲ့ စဉ်းစားခိုင်း၍ မရနိုင်။ သို့ဖြစ်၍ သမိုင်းကို အသုံးပြု၍ စဉ်းစားတတ်စေသည်။ ပထဝီကိုအသုံးပြု၍ စဉ်းစားတတ် စေသည်။ အကြောင်းပြုချက်တစ်မျိုးတည်းကို အကြောင်းပြု၍ စဉ်းစားစေပါက ကျောင်းသားများ ပျင်းရိငြီးငွေ့လာကာ လုပ်နိုင်စွမ်းရည် (သို့) စဉ်းစားချင်သည့်စိတ် လျော့နည်းလာမည်ဖြစ်၍ (၅၀)မိနစ် တိုင်း ဘာသာပြောင်း၍ (သို့) အကြောင်းပြုချက်ပြောင်း၍ စဉ်းစားကြရန်မှာ မူလရည်ရွယ်ချက်ဖြစ်သည်။ အကြောင်းပြုချက်များကို အခြေပြု၍ စဉ်းစား ကြရာ၌ များများစဉ်းစားဖြစ်လေလေ အကြောင်းပြုချက်များကို နှံ့စပ် သိရှိ ကျွမ်းကျင်လေလေဖြစ်၏။ သို့ဖြစ်၍ ကျောင်းသားတို့၏ စဉ်းစားခဲ့သော အတိုင်းအတာ (သို့) စဉ်းစားခြင်းလုပ်ငန်းကိုဆောင်ရွက်မှုကို အကဲဖြတ် စစ်ဆေးသောအခါ အကြောင်းပြုချက်အပေါ်တွင် မည်မျှ နှံ့နှံ့စပ်စပ် သိရှိသည်ကို လေ့လာဆန်းစစ်လိုက်လျှင်သိနိုင်၍ အကြောင်းပြုစဉ်းစားထားသော ကိစ္စများကို မေးခွန်းထုတ်၍ မေးမြန်းခဲ့ကြပြီး မည်သို့စဉ်းစားခဲ့ဖူးသည်၊ မည်သည့် အတိုင်းအတာ အထိ စဉ်းစားခဲ့ကြသည်ကိုစစ်ဆေးရာမှ ခေတ်အဆက်ဆက်ရွေ့လျား လာသည်နှင့် အမျှ အယူအဆများလည်းမှားလာကြပြီး အကြောင်းပြုချက်များအား အကြောင်းပြု ၍ မစဉ်းစားတော့ဘဲ အလွတ်ကျက်မှတ်ဖြေနည်းများနှင့်လည်းကောင်း၊ မိမိဘာသာ မစဉ်းစားတော့ဘဲ အခြားသူများ အကူအညီယူ၍ စဉ်းစားပြီးသားများကို အလွတ်ကျက်မှတ်ရေးဖြေခြင်းဖြင့်လည်းကောင်း စစ်ဆေးမှု အဖြေများ မှားယွင်းစွာ ပေါ်ထွက်လာခဲ့ကြသည်။ လက်ရှိမြန်မာ့ပညာရေး၏ ပဓာနအားနည်းချက်မှာ

၍သည်ပင်ဖြစ်သည်။ အများစုက ယူဆလာခဲ့ကြသည်မှာ စာမေးပွဲမှာ အမှတ်ကောင်းလျှင် ဆေးကျောင်းရမည်။ အမှတ်ကောင်းရန်လိုသည်။ ဆေးကျောင်းရရန်လိုသည်။ သို့ဖြစ်၍ ပဓာနလုပ်ငန်းဖြစ်သည့် စဉ်းစားခြင်းဖြစ်စဉ်ကို ဆောင်ရွက်ရန် ပျက်ကွက်ပြီး ၍နည်းဖြင့် အမှတ်များကောင်းခြင်းကို ဘဝအာမခံချက် (သို့) ဘဝတွင် ကျန်းမာ ချမ်းသာစွာ နေရစေရေး ဘဝအာမခံချက်အဖြစ် ထင်ယောင်ထင်မှားဖြစ်လာကြပြီး အလွတ်ကျက် အရဖြေစေကြရာ ကျောင်းသားများလည်း မလိုအပ်ဘဲ ပင်ပန်း၊ မိဘများလည်း ငွေကုန် အချိန်ကုန်၊ စဉ်းစားခြင်းလုပ်ငန်းကို လုပ်ဆောင်ရန် ပျက်ကွက်၍ အရွယ်ကြီးလာသော်လည်း စဉ်းစားတတ်ခြင်း အားနည်းသည့် လူငယ်များ၊ လူလတ်များ၊ လူကြီးများဖြစ်လာကြသည့်အခါ အများစု၏အသွင်ကိုဆောင်ပြီး တိုင်းပြည်ကြီးတွင် မိမိစိတ်ကို မိမိထိန်းချုပ်နိုင်မှု အားနည်းလာခဲ့ကြ၍ လုပ်သင့်သည်များကို မလုပ်နိုင်ခဲ့ကြကာ ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း စက်မှုဇုန်များ မည်မျှပင်ဖန်တီးပေးနေစေကာမူ ကာယကံရှင်တို့ကိုယ်၌က ကျောင်းနေအရွယ်နှင့် တက္ကသိုလ်များတွင် စဉ်းစားမှုလုပ်ငန်းများ ပျက်ကွက်ခဲ့၍ စဉ်းစားနိုင်ခြင်းအား နည်းပါးသောအခါ စဉ်းစားတတ်မှ လုပ်ကိုင်နိုင်သော ကုန်ထုတ်လုပ်မှုအပါအဝင် အခြားကဏ္ဍများတွင်ပါ မလုပ်ကိုင် နိုင်ကြတော့ဘဲဖြစ်လာ၍ တိုင်းပြည်တစ်ခုလုံး၏ ကုန်ထုတ်စွမ်းအားကျဆင်းကာ တိုင်းပြည်ထိခိုက်ခဲ့ကြပြီး ဖြစ်သည်။ ***လက်ရှိမြန်မာ့ ပညာရေးစနစ်၏ သင်ရိုးကြောင့် မဟုတ်။ သင်ရိုးမှာ ပြုပြင်ဖြည့်စွက်သင့်သည်များကို ဆောင်ရွက်၍ ဆက်လက်ပြဋ္ဌာန်းအသုံးပြုနိုင်လျှင် အကောင်းဆုံးဖြစ်နိုင်သည်။ အလုံးစုံကို ပြုပြင်မည်ဆိုပါက ဆိုးကျိုးအကျိုးဆက်များ များစွာပေါ်ပေါက်လာနိုင်သည်။*** ဆရာ၊ မိဘ၊ ကျောင်းသား၊ အစိုးရ အားလုံး ၍အချက်ကို စဉ်းစားသဘောပေါက်ရန်လိုသည်။ တစ်ခရီးတည်း သွားရန် လိုသည်။ ဆရာ၊ မိဘ၊ ကျောင်းသား၊ အစိုးရ သဘောထပ်လျှင် အောင်မြင်မည်။ ဆရာများမှလည်း ကျောင်းသားများ စဉ်းစားလိုစိတ်ပေါ်ပေါက်ပြီး စဉ်းစား ချင်စရာလည်းကောင်းသော အကြောင်းပြချက်များဖြင့် ပံ့ပိုးပေးရန်သည် အဓိကလိုအပ်သော အကြောင်းဖြစ်သည်။ ဆရာများ ပြောင်းလဲမှ ဖြစ်မည်။ ပြောင်းလဲမှ အောင်မြင်မည်။ အောင်မြင်မှ (သို့) စဉ်းစားတတ်သောသူများ မွေးထုတ်နိုင်မှ မြန်မာပြည်၏ အနာဂတ်တွင် တိုင်းပြည်၏လိုအပ်ချက်များကို စဉ်းစားတတ်သူ မြန်မာမျိုးဆက်သစ်တို့က စဉ်းစားဖြည့်ဆည်းပေးနိုင်ကြမည်။ ဆရာတို့လည်း ပိုပြည့်စုံ ဂုဏ်တင့်လာမည်။

တိုင်းပြည်ထောင်စုတစ်ခု တည်ဆောက်ရေးတွင် ဆရာများ၏ကဏ္ဍမှာ အရေးအပါဆုံးဖြစ်သည်။ ဆရာများ ဉာဏ်ရည်မြင့်ရန်လိုသည်။ ဆရာလုပ်မည့်သူများ များများစဉ်းစားခဲ့ပြီးသူများဖြစ်ရန်လို၍ ဆက်လက်၍လည်း စဉ်းစားခြင်းလုပ်ငန်းကို ထာဝရ ဘဝတစ်လျှောက်လုံး ဆောင်ရွက်ကြရမည်။ မဆလခေတ် ဆရာရွေးချယ်ပုံ၏ စိတ်ဝင်စားစရာကိုတွေ့ရသည်။ (၂၈) နှစ်ကြာကာလတလျှောက်လုံး ဆရာ ဆရာမများရွေးချယ်ပုံမှာ အနည်းစုသည် B.Ed မှ ဆင်းလာကြပြီး ကျန်ဆရာများသည် ရပ်ကွက်ထဲရှိ ဆယ်တန်း မအောင် (သို့) B List အောင်သော အမျိုးသမီးများ လုပ်အားပေးဆရာမ လုပ်ရာမှ ဇာတ်လမ်းစသည်။ လုပ်အားပေး ဆရာမလုပ်နေရာမှ အမြဲလိုအပ်နေသော ဆရာဦးရေကြောင့် အထက်တန်းကျောင်းတွင် များများ မစဉ်းစားနိုင်ခဲ့သော A List အောင် (သို့) B List အောင် ပုဂ္ဂိုလ်များ၊ သူတို့ကိုယ်တိုင် မည်လောက်မျှ လောက်လောက်လားလားမစဉ်းစား၊ မစဉ်းစားတတ်၊ မစဉ်းစားနိုင် (သို့) စဉ်းစားခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြ၍ ၄င်းတို့ကိုယ်တိုင် အခြေအနေက တွန်းပို့လိုက်၍ ဆရာများဖြစ်လာခဲ့ကြသောအခါ မိမိဖြတ်သန်းကြုံတွေ့ခဲ့သည့် အတွေ့အကြုံအနည်းငယ်ပေါ်သာ အခြေခံ၍ ကောင်းမည်ထင်သည့် ကိုယ်ပိုင်နည်းဖြင့် သင်ကြားတော့၏။ ဆရာအတတ်ပညာဟူသည် လွန်စွာကျယ်ပြန့်သောကြောင့် ထင်ရာသင်၍မရ။ ဆရာတို့၏အတတ်ကို လေ့လာလေ့ကျင့်ဆည်းပူးပြီးမှ ကျောင်းသားများနှင့် အလုပ်လုပ်ရန် (သို့) အတူစဉ်းစားရန် (သို့) ကျောင်းသားများကို စဉ်းစားစရာများပေးရန်တည်းဟူသော လုပ်ငန်းကိုလည်းကောင်း၊ ကျောင်းသားများ မည်ရွေ့မည်မျှ စဉ်းစားဖြစ်ကြသည်ကို စစ်ဆေးသောနည်းများ၊ ကျောင်းသားများ၏ဘဝတွင် လိုအပ်သော လက္ခဏာများ အပြည့်အဝပါဝင်သွားစေရန် မည်သို့လေ့ကျင့် အကဲဖြတ်မည်၊ မိဘများကို မည်သို့သိစေမည်ဟူသော ခက်ခဲနက်နဲသည့်ဆရာအတတ်ကို လေ့ကျင့်ပြီးမှ ဆရာဖြစ်ရာ၏။ ကြုံခန့် (သို့) တွန်းပို့ဆရာများသင်နေသရွေ့ များနေသရွေ့ ရှိနေသရွေ့ ရေများရေနိုင် မီးများမီးနိုင်ဖြစ်မည်။ ရှိရင်းစွဲ ဆရာဆရာမများကို သွေးသစ်လောင်းရန်လိုသည်။ ရှုပ်ထွေးသော ဆရာအတတ်ကို တတ်သိနားလည်စေရန် အာရုံစိုက်ဖို့လိုသည်။ ဤဆရာလုပ်ငန်းကို အာရုံစိုက်နိုင်ဖို့ စိတ်ကြည်လင်နေရန်လိုသည်။ သောက ကင်းရန်လိုသည်။ ကျန်းမာနေရန်လိုသည်။ မီးဖိုချောင်တွင် အစားအသောက် ဖူလုံဖို့လိုသည်။ မကျန်းမာလျှင်ဆေးကုနိုင်ရန်လိုသည်။ ဆရာများ

ကို လိုအပ်သည်တို့ဖြည့်ဆည်းပေးရန်လိုသည်။ မဖြည့်ဆည်းပေးနိုင်မချင်း တိုးတက်မှုနှေးကွေးမည်။ (၁၀) ရာခိုင်နှုန်းဖြည့်ဆည်းပေးနိုင်လျှင် (၁၀) ရာခိုင်နှုန်း ရှေ့သို့ရွေ့မည်။ (၁၀၀) ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်လျှင် (၁၀၀) ရာခိုင်နှုန်း ရှေ့သို့ရွေ့မည်။ ဤအချက်သည် အရေးကြီးသည်။ ဆရာများ ပျော်ရွှင်ရန်လိုသည်။ မှန်ကန်သောနည်းလမ်းဖြင့် ဖြည့်ဆည်းပေးရန် ပြည်ထောင်စုအစိုးရ၏ တာဝန် ဖြစ်သည်။ ခေတ်အဆက်ဆက်က အစိုးရများဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့ကြ၍ ဆရာများ မိမိနည်းဖြင့် မိမိပြည့်စုံအောင် ရှာဖွေကြသည်။ ကျူရှင်ပေးသည်။ အပိုငွေရှာသည်။ ကျူရှင်စနစ်ကို စနစ်တကျသုံးတတ်လျှင်ကောင်းသည်။ ကျူရှင်ပြ သောဆရာကလည်း ပညာရေးသဘောတရားများကို နားလည်ရမည်။ အကြောင်း ပြချက် အကြောင်းအရာများ ကျွမ်းကျင်ရုံနှင့်မပြည့်စုံ။ ကျူရှင်ဆရာမှလည်း ကျောင်းသား၏ ပဓာနလုပ်ငန်းစဉ်ဖြစ်သည့် ကျောင်းသားကိုယ်တိုင် စဉ်းစား ရမည့်ကဏ္ဍကို ကျောင်းသားကိုယ်တိုင်အား ဆောင်ရွက်ခွင့်ပေးရန် နားလည်ရမည်။ သို့ရာတွင် ယနေ့ခေတ် ကျူရှင်ပြခြင်းအပေါ် မိဘ၏မျှော်မှန်းချက်မှာ ကျူရှင် ဆရာထားရှိခြင်းသည် ကျောင်းသားမသိသည်များကို သိအောင်လုပ်ပေးရန်ဟု စွဲမြဲစွာယုံကြည်ထား၍ ကျူရှင်ဆရာများကလည်း ကျောင်းသားလုပ်ရမည့် အလုပ်များကို အကုန်ကူလုပ်ရင်း မိဘကျေနပ်အောင် ဆောင်ရွက်ကြရတော့သည်။ အကယ်၍ အိမ်တွင်ကျူရှင်လာပြပြီး ကျောင်းသားကိုသာလုပ်ခိုင်း၊ စဉ်းစားခိုင်း နေသောကျူရှင်ဆရာဆိုပါက မိဘများမှ ကြာရှည်စွာ သည်းခံမည်မဟုတ်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ယနေ့ခေတ် ကျူရှင်ဆရာများသည်လည်း ကျောင်းသားတို့၏ လုပ်ငန်းအတော်များများ (သို့) အရေးပါသော စဉ်းစားခန်းများကို ၎င်းတို့မှ စဉ်းစားပေးပြီး ကျောင်းသားကို စဉ်းစားပြီးသားအရံသင့် လုပ်ငန်းဆောင်ရွက်ပုံကို သာ လေ့ကျင့်ပေးရန်ဖြစ်လာ၍ ကျောင်းသားဘက်မှကြည့်သော် စဉ်းစားခြင်း လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်သူဖြစ်လာကာ အရာရာကျူရှင်ဆရာသာ အားကိုး လာပြီး စဉ်းစားစရာများကျောင်းမှပေးတိုင်း မိမိကိုယ်တိုင်မစဉ်းစားလိုတော့ဘဲ ကျူရှင်များသာ လှည့်ပတ်တက်ခြင်းဖြင့် အဆင်သင့်ရယ်ဒီမိတ်စဉ်းစားပြီးသား လုပ်နည်းများ၊ တွက်ပုံများကို အချိန်တိုအတွင်း လုပ်တတ်လာကြရာ မိမိတို့ ကိုယ်တိုင် စဉ်းစားအချိန်ယူစဉ်းစားခြင်းလုပ်ငန်းမှ ရရှိလာသော အသီးအပွင့်များ

မဟုတ်ဘဲ အခြားသူများ စဉ်းစားရာမှ ရရှိလာသော အသီးအပွင့်များဖြင့် ဂုဏ်ထူးရှင်များ ဖြစ်လာကြသော်လည်း ၎င်းတို့ကိုယ်တိုင် ရေးချထားသော အသိများသည် ကိုယ်တိုင်စဉ်းစား၍ ထွက်ပေါ်လာသော အသိများမဟုတ်။ တစ်နည်းဆိုသော် နားမလည်ဘဲ သိခြင်းများဖြစ်သည်။ မိမိကိုယ်တိုင် စဉ်းစားလုပ်ကိုင်၍ ရလာသောအသိ နားလည်သောအသိဖြစ်သည်။ ဤ (၂) ခု ပါးပါးလှပ်လှပ်ကလေး ကွဲပြားခြင်းဟု ထင်မြင်နိုင်သော်လည်း ဤအသိ (၂) မျိုးကြားတွင် တစ်ကမ္ဘာခြားနေ၏။ နားလည်မှုမပါသောအသိသည် ကျန်းမာချမ်းသာစွာ နေထိုင်နိုင်မှုကို အထောက်အပံ့မပြုဘဲ နားလည်မှုပါသောအသိသာ ကျန်းမာချမ်းသာအောင် နေနိုင်ရေးအတွက် အထောက်အပံ့ ဖြစ်မည့်စဉ်းစားခြင်းဖြစ်၍ အချိန်လိုသည်။ စိတ်ရှည်ရန်လည်းလိုသည်။ စဉ်းစား၍ တရွေ့ချင်းသွားနေသဖြင့် ဖြစ်စဉ်တွင် ပေါ်နေသောတိုးတက်မှု ရလဒ်တို့မှာ ချက်ချင်းကြည့်၍ မကောင်းနိုင်။ စဉ်းစားတတ်လာခြင်းသည် ရုတ်ခြည်းဖြစ်စဉ်မဟုတ်။ ဖြည်းဖြည်းချင်း ဖြစ်စဉ်ဖြစ်သည်။ သို့ဖြစ်၍ အထက်တန်းကျောင်းသားများ ဤသို့လေ့ကျင့်ကြရာဝယ် စစ်ဆေးပုံဖော်၍ ရရှိမည့်ရလဒ်များ၊ မိဘနှင့်ဆရာများမှန်းထားသလောက် ပုံပေါ်ချင်မှပေါ်မည်။ လူ့ဘဝတစ်ကွေ့တွင် ကျန်းမာချမ်းသာအောင် နေနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်တတ်သောပုဂ္ဂိုလ်များ မွေးထုတ်ရေးသည် အနည်းဆုံး (၂၂) နှစ်ကြာမြင့်မည်။ မည်သူက သတ်မှတ်သနည်း။ လူ၏ခန္ဓာကိုယ် ဖွံ့စည်းပုံက သတ်မှတ်သည်။ လူ၏ဦးနှောက် ဖွံ့ဖြိုးမှုနှုန်းတို့က သတ်မှတ်သည်။ သို့ဖြစ်၍ သားသမီးတို့ဘဝ အနာဂတ်ရှေ့ရေး၏ အာမခံချက်ကို ရှာဖွေလေ့ကျင့်ရာ၌ မိဘများ၊ ဆရာများ စိတ်ရှည်ရန်လိုသည်။ ပူးပေါင်းရန်လိုသည်။ ခေတ်ဟောင်းကိုလိုနီလက်ကျန် အယူအဆများ စွန့်လွှတ်ရန်လိုသည်။ အတွေးအခေါ်သစ်ကို စဉ်းစားပေးကြရန်လိုသည်။ လက်တွေ့ လေ့ကျင့်ပေးနိုင်ရေးအတွက် စိတ်များပြောင်းလဲကြရမည်။ ဆရာတို့၏စိတ်များ ပြောင်းလဲကြရမည်။ မိဘတို့စိတ်များ ပြောင်းလဲကြရမည်။ ဤသည်မှာ လက်ရှိလူအများတို့ တောင့်တလျက်ရှိသော ကောင်းမွန်သော ပညာရေးလေ့ကျင့်စဉ်တစ်ခု ရရှိရေးအတွက် ဆောင်ရွက်ရမည့် အပြောင်းအလဲများပင်တည်း။

## အစိုးရအပြောင်းအလဲနှင့် ပညာရေးအပြောင်းအလဲ

အစိုးရအပြောင်းအလဲသည် ပညာရေးအပြောင်းအလဲမဟုတ်။ ဘတ်ဂျက်တိုးမြှင့်သုံးစွဲခြင်းသည်လည်း လိုအပ်သောအချက် တစ်ခုဖြစ်သော်လည်းအဓိက အပြောင်းအလဲမဟုတ်။ တို့ကနန်း ဆိပ်ကနန်းဆောင်ရွက်နေကြခြင်းသည်လည်း အနည်းနှင့်အများ အကျိုးမယုတ်သော်လည်း အကျိုးမရှိ။ အထက်ဖော်ပြခဲ့သလို မိဘများနှင့်ဆရာများ မပြောင်းလဲနိုင်မချင်း မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ၊ ဘတ်ဂျက်မည်မျှ သုံးသည်ဖြစ်စေ၊ ကောင်းမွန်သော ပညာရေးလေ့ကျင့်မှု ပေါ်ပေါက်မလာနိုင်။ ပြောင်းလဲမှုကိုတော်လှန် အကောင်အထည် ဖော်နိုင်စွမ်းရှိသည့် ပဓာနပုဂ္ဂိုလ်များသည် ဆရာနှင့်မိဘများသာဖြစ်သည်။ ယနေ့တိုင်းပြည်၏ ပုံသဏ္ဍာန်များအားလုံး မိဘနှင့်ဆရာများက ပြုပေးသော ပုံစံများပင်ဖြစ်သည်။ အစိုးရအဖွဲ့အစည်းပါဝင်သူများအားလုံးသည်လည်း မိဘနှင့်ဆရာများက ပုံစံပြုထားခဲ့ကြသည့်အတိုင်း ပြောဆိုရာတွင် လုပ်ကိုင်နေကြရသည်။ တိုင်းပြည်တစ်ပြည်အား ပုံစံပြုရာတွင် ပဓာနပုဂ္ဂိုလ်များမှာ မိဘနှင့် ဆရာများသာဖြစ်ကြသည်။ ဤနှစ်ဖွဲ့ မရွေ့မပြောင်းမချင်း တိုင်းပြည်မတိုးတက်နိုင်။ မြန်မာမိသားစုအများစု မိမိတို့ကလေးများကို ဆရာဝန်ဖြစ်စေလိုကြသည်။ အတော်ဆိုးသော အယူအဆဖြစ်သည်။ ကံကောင်းထောက်မ၍ တစ်နိုင်ငံလုံးရှိ ကလေးများ ဆရာဝန်အားလုံး ဖြစ်မလာကြ။ မိဘများ မျှော်မှန်းသလို မြန်မာကလေးများ အားလုံး တစ်နေ့ဆရာဝန်များချည်း ဖြစ်လာကြပါက တိုင်းပြည် ယနေ့ထက်ပိုပျက်မည်။ ယနေ့ခေတ်တွင် မိဘများ အယူအဆပြောင်းလာကြပြီး ကျောင်းသားကလေးများ ဖြစ်လိုရာအိပ်မက်ကို ဖြစ်အောင်ပံ့ပိုးပြီး မိမိတို့ဆန္ဒကို ဘေးဖယ်ပေးနိုင်လာသော မိဘများ များလာပြီဖြစ်၍ အလွန်မျှော်လင့်ချက် ကောင်းလာပြီဟု ဆိုရမည်။

လူတိုင်းလူတိုင်းတွင် အိပ်မက်များကိုယ်စီရှိကြသည်။ ၎င်းအိပ်မက်များ မတူညီကြ။ ဤသည်ပင်လျှင် သဘာဝတရားကပေးထားသော အလှတရားတစ်ခုပင်ဖြစ်သည်။ ဤသဘာဝအတိုင်း လက်ခံ၍ လူတိုင်း ကလေးတိုင်း အိပ်မက်များအား လက်တွေ့ဖြစ်လာစေရန် ဆရာနှင့်မိဘများက ပူးပေါင်းအားစိုက်ဆောင်ကြဉ်းပေးနိုင်လာလျှင် တိုင်းပြည်တွင် ဆရာများ၊ ရှေ့နေများ၊ သိပ္ပံပညာရှင်များ၊ နိုင်ငံရေးသမားများ၊ ဈေးသည်များ၊ ကုန်သည်များ၊ ကုန်ပစ္စည်း ထုတ်လုပ်သူများ၊ ဆရာဝန်များ၊ ကျောင်းဆရာများ၊ ကားဆရာများ၊ ပန်းပဲဆရာများ၊ ဖိနပ်ချုပ်သူများ၊ ဂီတပညာ

ရှင်များ၊ စစ်သည်တော်များ၊ သူနာပြုများ၊ ရေပိုက်ပြင်ဆရာများ၊ ဘူဒိုဇာမောင်းသူများ၊ မီးဆရာများ၊ မျက်လှည့်ဆရာများ၊ လယ်သမားများ၊ တောင်သူများ၊ ဘာသာရေးဆိုင်ရာ တရားဟောဆရာများ စသည်ဖြင့် အသွေးအရောင်စုံလင်လာမည်ဖြစ်၍ ယခုလက်ရှိမြန်မာနိုင်ငံထက်ပို၍ အသွေးအရောင်စုံလာမည်မှာ မြေကြီး လက်ခတ်မလွဲ။ တစ်ချိန်က မိဘများ သားသမီးတို့ကို ဆရာဝန်သာဖြစ်စေချင်ကြပြီး ဆရာဝန်မဖြစ်နိုင်ခဲ့ကြသော သားသမီးများအပေါ်တွင် ၄င်းတို့၏လုပ်ငန်းများ စိတ်ဝင်စားမှုများအပေါ် လောက်လောက်လားလား ဝင်ငွေမရှာနိုင်သဖြင့် အထင်မကြီးခဲ့ကြ၍ မိဘများကို ပျော်အောင်ထားချင်ကြသော သားသမီးများဖြစ်ကြ၍ အဖေအမေ စကားအတိုင်းသာ လိုက်လံကြိုးစားပေးခဲ့ကြရသောကြောင့် မိမိတို့၏ ပင်ကိုယ်စိတ်ဝင်စားမှုများကို ဘေးဖယ်ထားခဲ့သည်ဖြစ်၍ တိုင်းပြည်တစ်ပြည်၌ လိုအပ်သော ဆရာဝန်မှလွဲ၍ အခြားလုပ်ငန်းများနှင့် ကျွမ်းကျင်သူများ တစ်စတစ်စ နည်းပါးလာရာမှ အရည်အသွေးမစုံလင်သော တိုင်းပြည်ကြီးတစ်ခု ဖြစ်လာတော့သည်။ သို့ဖြစ်၍ လူစွမ်းအားအရင်း အမြစ်ရှားပါးမှုများ စတင်ကြုံတွေ့ခဲ့ကြရပြီ ဖြစ်သည်။

ယနေ့ခေတ်လူအများတောင်းဆိုနေကြသော ပြုပြင်ပြောင်းလဲရေးများအားလုံးသည် လူအများကိုယ်တိုင် လုပ်ကြရမည့် လုပ်ငန်းများဖြစ်သည်ကို လူအများက ယုံကြည်လက်ခံလာသည့်တစ်နေ့ မြန်မာပြည်တိုးတက်ပြီး ပညာရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ရေရှည်မည်။ ပင်ပန်းမည်။ စိတ်ကိုထိန်းချုပ်ရမည်။ လျှော့ရမည်။ ပြောင်းရမည်။ သည်းခံရမည်။ ရလဒ်ကို ယုံကြည်ရန်လိုမည်။ သတ္တိလည်းရှိရမည်။ ယခင်ခေတ်ကာလများကဲ့သို့ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုပါက ကောင်းမွန်သောပညာရေးလေ့ကျင့်မှုအား တည်ဆောက်ရန်ဝေးသည်။

တစ်ခေတ်တစ်ခါက အယူအဆအတွေးအခေါ်များ ပြန်ပြောင်းသတိရမိသည်။ မိသားစုတွင် ဆရာဝန်နှင့် မင်္ဂလာဆောင်မည်ဆိုပါက ဂုဏ်ရှိသည်။ အင်ဂျင်နီယာတို့က ဒုတိယဂုဏ်ရှိသည်။ မြန်မာစာဘွဲ့ ယူသူဘွဲ့ရကို အထင်မကြီး။ စိတ္တဗေဒ ပိုဆိုး၏။ သတ္တဗေဒ၊ ရုက္ခဗေဒ အမှတ်အလိုက် သတ်မှတ်၍လူထု၏ အယူအဆ မိသားစုတွင်း အယူအဆများ ဘက်လိုက်ကုန်၏။ အဆင့်အတန်းများခွဲကုန်၏။ ပညာရေး၏အနှစ်သာရဖြစ်သော စဉ်းစားခြင်းလုပ်ငန်းကို မေ့လျော့ပြီး

အကြောင်းပြုချက်များအပေါ် သာယာကုန်၏။ မိဘများအပြစ်မဟုတ်။ ခေတ်စနစ်နှင့် အစိုးရ၏ စီမံမှုချို့ယွင်း၍ဖြစ်သည်။ အလုပ်အကိုင်ရရှိမှု အပေါ်တွင်လည်း မူတည်သည်။ စားဝတ်နေရေး ပြေလည်စေမှုအပေါ်တွင်လည်း မူတည်သည်။ ဤသို့မဖြစ်မနေ လိုအပ်သည်များပါ ထည့်သွင်းစဉ်းစားကြရသောကြောင့် ဆရာဝန်အင်ဂျင်နီယာမှလွဲ၍ ကျန်ပုဂ္ဂိုလ်များ တန်ဖိုးနိမ့်ချခံကြရသည်။ ပညာရေး၏ အနှစ်သာရ ပဓာနလုပ်ငန်းဖြစ်သည့် စဉ်းစားခြင်း ဖြစ်စဉ်ကို မေ့လျော့သွားကြသည်။ ကျောင်းသားတို့ မူကြိုမှစ၍စဉ်းစားလျှင် မူကြိုမှ အထက်တန်းကျောင်းပြီးသည့်အထိ (၁၃) နှစ်ကြာမြင့်သည်။ ထိုမျှစဉ်းစားရုံဖြင့် လူဘဝတွင် ကိုယ့်အားကိုယ်ကိုး ရပ်တည်၍ မလုံလောက်သေးပါ။ အထက်တန်းကျောင်းသားဘဝ၌ မူတည်အကြောင်းပြု စဉ်းစားခဲ့ကြသော တစ်ဆင့်အလွယ်စဉ်းစားမှုများကဏ္ဍအပြင်၊ တက္ကသိုလ်များတွင် ဆက်လက်၍ ရှုပ်ထွေးသော စဉ်းစားမှုများ ဆက်လက်လေ့ကျင့်စဉ်းစားနိုင်ရန်လိုသည်။ ရှုပ်ထွေးသောစဉ်းစားမှုများ ဆောင်ရွက်ရန်အတော်ပင်ပန်းမည်။ လူ့ခန္ဓာကိုယ် ဖွံ့စည်းပုံအရ အမေရိကန်စနစ်က (၄) နှစ်လိုမည်ဟု ယုံကြည်သည်။ ဗြိတိသျှစနစ်က (၃) နှစ်စဉ်းစားလျှင် လုံလောက်စပြုပြီဟု လက်ခံသည်။ မည်သို့ပင်ဆိုစေ (၃) နှစ်ဖြစ်စေ (၄) နှစ်ဖြစ်စေ တက္ကသိုလ်သို့တက်ရောက်ပြီး ဆက်လက်စဉ်းစားခြင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်စွမ်းရှိသော ကျောင်းသားများပင်ပန်းကြတော့ မည်ကိုသိ၍ ပင်ပန်းမှုသက်သာစေရန် မိမိကြိုက်ရာရွေးချယ်၍ အကြောင်းပြုချက်များ (သို့) အကြောင်းပြု၍ စဉ်းစားရန်အချက်များကိုပါ ကြိုက်နှစ်သက်သော အကြောင်းပြုချက်ရွေးချယ်နိုင်ရန် စနစ်ပြုအားပေးရန် ရွေးချယ်စေသည်။

အတော်ပင်ပန်းမည့်လုပ်ငန်းစဉ်ဖြစ်၍ မိမိကြိုက်နှစ်သက်သော အကြောင်းအရာများကို အကြောင်းပြု၍ စဉ်းစားပါမှ နည်းနည်းခံသာမည်။ သို့ဖြစ်၍ တက္ကသိုလ်များတွင် မိမိကြိုက်နှစ်သက်ရာ အကြောင်းပြုချက်များကို အခြေပြု၍ အဆင့်မြင့်စဉ်းစားခြင်းများကို ဆက်လက်လေ့ကျင့်ခြင်းဖြင့် စဉ်းစားခြင်းလုပ်ငန်းစဉ် ဒုတိယအဆင့်ကို ဆောင်ရွက်ကြကာ စဉ်းစားနိုင်မှ တော်ကာကျမည်။ လူ့ဘဝတွင် ကျန်းမာချမ်းသာစွာ နေနိုင်ရေးကို ပြင်ဆင်လေ့ကျင့်ကြသည်။ ဤအဆင့်တွင် ကိုယ်တိုင်လေ့ကျင့်ရန်၊ကိုယ်တိုင်စဉ်းစားရန်သာ တာဝန်ရှိသည်။ ယနေ့ခေတ် တက္ကသိုလ်ကျောင်းသားများ ကိုယ်တိုင်စဉ်းစားမှုမပြုဘဲ တက္ကသိုလ်ကျူရှင်များ

ကြောင့် စဉ်းစားမှုပျက်ကွက်ခဲ့ခြင်းများသည် သဘာဝအလျောက် အရွယ်ကြီးလာသော်လည်း၊ အသက်ကြီးလာသော်လည်း အရွယ်နှင့်လိုက်သော စဉ်းစားမှု (သို့) စဉ်းစားနိုင်မှု မရှိသည့် ပြဿနာကြီးများအဖြစ် ကူးပြောင်းသွားပြီး အရွယ်ရောက်ပြီး အရွယ်နှင့်အလိုက် မစဉ်းစားနိုင်သော ပုဂ္ဂိုလ်တို့သည် ၎င်းတို့စိတ် ၎င်းတို့ထိန်းချုပ်နိုင်ခြင်းမရှိကြ၍ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးစသည့် ကဏ္ဍကြီးများတွင် သိသာစွာ ကျရှုံးလာခဲ့ကြသည့်အပြင် စဉ်းစားနိုင်မှုလုပ်နိုင်သော ကုန်ထုတ်လုပ်မှုတို့၌ မလုပ်တတ်ကြသောကြောင့် ဘာမှမလုပ်တတ်သော အလုပ်လက်မဲ့များအဖြစ် တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုးဖြစ်လာတော့သည်။ ထိုသူတို့၏လုပ်အားမရှိ၍ တိုင်းပြည်ကအခွန် အတုတ်မရသည့်အပြင် ၎င်းတို့၏ စိတ်များကို မချုပ်တည်းနိုင်၍ ဖြစ်လာကြသော ကျန်းမာရေး၊ လူမှုရေးပြဿနာများကိုပါ လိုက်လံရှင်းလင်းရန် တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုးများဖြစ်လာတော့သည်။ စနစ်ကြောင့်ဖြစ်သည်။ လေ့ကျင့်မှု စနစ်ကြောင့်ဖြစ်သည်။ ပြောင်းရမည်။ သို့ဖြစ်၍ ယခုခေတ် တက္ကသိုလ်ကျောင်းသားများ အဝေးသင်ဖြစ်စေ၊ အနီးသင်ဖြစ်စေ မိမိတို့ အလုပ်ဖြစ်သော စဉ်းစားမှုကိုပြုနေသရွေ့ လေးနှစ်ကြာသော် အထက်တန်းကျောင်းတွင် (၁၃) နှစ် စဉ်းစားခဲ့ပြီး တက္ကသိုလ်တွင် (၄) နှစ်၊ စုစုပေါင်း (၁၇) နှစ် စဉ်းစားထားပြီးသော နိုင်ငံသားတစ်ဦးဖြစ်လာနိုင်သည်။ မူကြိုကို (၃) နှစ်က စတက်ရလျှင် မူကြို (၂) နှစ် ထည့်ပေါင်း၍ ကျောင်းနေသက် (၁၉) နှစ်၊ အသက်အရွယ်အားဖြင့် (၂၂) နှစ်ရှိသော အခြေခံနှင့်အဆင့်မြင့် စဉ်းစားခြင်းများ ဆောင်ရွက်ပြီးသော စဉ်းစားတတ်သော (သို့) ဉာဏ်ရှိသော (သို့) မိမိကိုယ်ကို မိမိအတိုင်းအတာတစ်ခုအထိ ထိန်းကျောင်းနိုင်သော (သို့) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တတ်သော အဖိုးတန် နိုင်ငံသားတစ်ဦး ဖြစ်ချေပြီ။

## ဘွဲ့ဆိုသည်မှာ

ဤကဲ့သို့ ဘွဲ့ရများအတွက် အလုပ်ရှာပေးရန်မလို၊ အလုပ်ကိုရှာ၍ လုပ်မည့်သူများဖြစ်နေသည်ကို ယုံကြည်ရန် လိုသည်။ ထိုသို့ ဘွဲ့ရ (၂၂)နှစ်သားများ အရက်ဆိုင် ဘီယာဆိုင်များတွင် နေ့တိုင်းမထိုင်ဖြစ်တော့၊ ၎င်းတို့အတွက် စိတ်ဝင်စားရာ များစွာ ရှိနေပြီဖြစ်၍လည်းကောင်း၊ စဉ်းစားနိုင်သူများဖြစ်ကြ၍ မိမိတို့လူသားဆန္ဒသဘာဝ

မကောင်းမှု ခံမင်လိုသော်လည်း စဉ်းစားခဲ့သော အတွေ့အကြုံများက သွန်သင်၍ ပျော်ရာမနေတော့ဘဲ တော်ရာတွင် ပျော်နိုင်လာကြမည်။ တစ်ကမ္ဘာလုံးက လက်တွေ့ လုပ်နေသော လေ့ကျင့်စဉ်များ၊ စာအုပ်စာတမ်းများတွင် တွေ့နိုင်သည်။ လက်တွေ့ တိုးတက်နေသော နိုင်ငံကြီးများတွင် တွေ့နိုင်သည်။ တက္ကသိုလ်များတွင် (၄) နှစ်ကြာ အဆင့်မြင့်စဉ်းစားခြင်း လေ့ကျင့်စဉ်များ ဆောင်ရွက်ပြီးသည့် အခါ လူ့ဘောင်လောကသို့ ဝင်ရောက်၍ ကိုယ့်အားကိုယ်ကိုး ရပ်တည်ရန်လိုအပ်သည်။ စဉ်းစားခြင်း လေ့ကျင့် ခြင်းများကို အတော်အတန် ဆောင်ရွက်ပြီးသည်ကို အသိအမှတ်ပြုပေးသည့် အနေဖြင့် အင်္ဂလိပ်စကား ဘက်ချလာဟူသော စကားကိုယူ၍ ဘွဲ့ယူစေသည်။ ဘက်ချလာ၏အဓိပ္ပာယ်မှာ (၄) နှစ်ကြာ တက္ကသိုလ်တွင် မိမိစိတ်ဝင်စားရာ အကြောင်းပြချက်ကို အခြေပြု၍ စဉ်းစားခဲ့ပြီးဖြစ်သည်ကို အသိအမှတ်ပြုပါသည်။ သို့သော် ပြီးမြောက်အောင်မြင် လေ့ကျင့်ဖြစ်ခဲ့ပြီးသော စဉ်းစားခြင်းဖြစ်စဉ်သည် လည်းကောင်း၊ အကြောင်းပြခဲ့သော အကြောင်းအရာများ၏ အတိုင်းအတာအား လည်းကောင်း၊ လူပျိုလေး တစ်ဦးဖြင့်နှိုင်းယှဉ်၍ လူလောကတွင် ဘာမှမသိသေး သော လူပျိုလေးတစ်ဦးကဲ့သို့ ချစ်ခင်ဖွယ် ကြိုဆိုသောအားဖြင့် အသိအမှတ်ပြုခြင်း ဟုနားလည်ပါသည်။ ထိုမှ အကြောင်းပြချက်များကို ပိုမိုကျယ်ပြန့်အောင် ဆက်လက် စဉ်းစားရန် လုပ်ကိုင်နိုင်သောသူဖြစ်ပါက ဆက်လက်၍ (၂) နှစ်ကြာပိုမို ကျယ် ပြန့်သော အကြောင်းပြချက်များကို အခြေပြု၍ ထပ်မံစဉ်းစားခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သော် (၂)နှစ်အပြင် အကြောင်းပြချက်များအပေါ် ကျွမ်းကျင် သောသူ မာစတာတစ်ဦးအဖြစ် ဂုဏ်ပြုဘွဲ့ပေး အသိအမှတ်ပြု၏။ ထိုပုဂ္ဂိုလ်တို့၏ အကြောင်း ပြချက်ကျွမ်းကျင် နှံ့စပ်မှုကို အသက်မွေးဝမ်းကျောင်းရာ၌ အသုံးပြု၊ အသုံးချနိုင်သည့်အပြင် အထက်တန်းကျောင်းသားများကို ပြန်လည်လေ့ကျင့် ပေးရန် လေ့ကျင့်စဉ်တွင်လည်း ၎င်းတို့၏ကျွမ်းကျင် နှံ့စပ်မှုနှင့် ၎င်းတို့ကိုယ်တိုင် ဖြတ်သန်းလာခဲ့ပြီး စဉ်းစားခြင်းလုပ်ငန်းစဉ်ကို ငယ်ရွယ်သောကျောင်းသားများ ပြုစုပျိုးထောင်ရေး၌ ပြန်လည်အသုံးပြုရန်ဖြစ်သည်။

ထိုမှတစ်ဆင့် အကြောင်းပြချက်များအပေါ် စိတ်ဝင်စားမှုတိုးလာ၍ နောက်ထပ် (၂) နှစ် (သို့) (၃)နှစ် (သို့) (၄) နှစ် ထပ်မံစဉ်းစားခြင်းလုပ်ငန်းများကို လုပ်သည်ကို ဒေါက်တာဘွဲ့ဟုခေါ်ကြသည်။ ကျွမ်းကျင်နှံ့စပ်လာသော အကြောင်း ပြချက်များကို အခြေခံ၍ အဆင့်မြင့်စဉ်းစားပေးခြင်းများ၊ လုပ်ရင်းလုပ်ရင်း

ထိုပုဂ္ဂိုလ်သည် စားလည်း ဒီစိတ်ဒီအတွေး၊ သွားလည်းဒီစိတ် ဒီအတွေး၊ အိပ်လည်း ဒီစိတ် ဒီအတွေးနှင့် (၂၄) နာရီလုံး၊ ရက်သတ္တပတ်လုံး၊ တစ်လလုံး၊ တစ်နှစ်လုံး၊ တစ်သက်လုံး ဒီဟာပဲတွေး၊ ဒီစိတ်တို့ဖြင့် နေနေကြသူများဖြစ်လာ၍ ၎င်းတို့အား သက်ဆိုင်ရာ အကြောင်းပြချက်များအကြောင်းကို အမြဲတစေတွေးခေါ် နေတတ်သည်ကို ပေါင်းစု၍ Doctor of Philosophy လူအများနားလည်စေရန် ဘွဲ့ပေး အမည်နာမပြုခဲ့ပြီးသော်လည်း ဘာသာပြန်မှုလွဲချော်ပြီး ထိုပုဂ္ဂိုလ်များကဲ့သို့ အကြောင်းပြချက်များကို (၂၄) နာရီလုံး တွေးနေခြင်းမရှိဘဲ ဒေါက်တာဘွဲ့များကို မစဉ်းစားချင်ဘဲ ငွေဖြင့်ဝယ်ယူ၊ အချိန်ဖြင့်ဝယ်ယူ၊ အခြားသူတို့၏ လုပ်အား စဉ်းစားခြင်းမှ အရင်းတည်၍ ဝယ်ယူကြသူများ တွေ့ခဲ့ကြရ၏။ သို့ဖြစ်၍ ဒေါက်တာဘွဲ့ရသည်အထိ အမှန်တကယ် စဉ်းစားခြင်း၊ လေ့ကျင့်မှုပြုပြီးသူများသည် ၎င်းတို့၏ ကျွမ်းကျင်မှုကို ၎င်းတို့အသက် မွေးဝမ်းကျောင်းရေးအတွက် အသုံး ပြုနိုင်သည့်အပြင် မျိုးဆက်သစ် တက္ကသိုလ်ကျောင်းသားများ လေ့ကျင့်ပေးရာ၌ ၎င်းတို့ကိုယ်တိုင် ကျွမ်းကျင်နှံ့စပ်ရှုံမှုမက ကိုယ်တိုင်ဖြတ်သန်းလာပြီးသော စဉ်းစားမှုကျင့်စဉ်တို့ပါ ပူးပေါင်း၍ မှန်မှန်ကန်ကန် လမ်းပြပေးနိုင်သော တက္ကသိုလ် အဆင့်ဆရာများ၊ ကထိကများ၊ ပါမောက္ခကြီးများသည် အလွန်အဖိုးအနဂ္ဃ ထိုက်တန်သော ပညာရှင် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များအဖြစ် တိုင်းပြည်က ပိုင်ဆိုင် လာသည့် တစ်နေ့တွင် တိုင်းပြည်အတွင်း နိုင်ငံသားတို့ ကျန်းမာအောင် နေတတ်ကြ တော့မည် ချမ်းသာအောင် နေတတ်ကြတော့မည်။ တိုင်းပြည်တိုးတက်တော့မည်။

ဆိုလိုရင်းကား မည်သည့်အကြောင်းပြချက်ပေါ် အခြေပြုပြု ကျောင်းသား က စဉ်းစားမှုလုပ်ငန်းစဉ် လေ့ကျင့်စဉ်အား မိမိကိုယ်တိုင် ဆောင်ရွက်နေသရွေ့ မြန်မာစာဘွဲ့ရနှင့် ဆရာဝန်နှင့် တန်ဖိုးချင်း အတူတူရပ်တည်ကြမည်။ ရှေ့နေ ဘွဲ့ရနှင့် စီးပွားရေးဘွဲ့ရတို့ တိုင်းပြည်အတွက် အလုပ်အကျွေးပြုနိုင်သော တန်ဖိုးချင်း အတူတူရပ်တည်ကြမည့်အပြင် ၎င်းမြန်မာစာဘွဲ့ရ၊ ဆရာဝန်ဘွဲ့ရ၊ ရှေ့နေဘွဲ့ရ၊ စီးပွားရေးဘွဲ့ရတို့အားလုံးတို့သည် မိမိတို့၏ စိတ်ကို မိမိအတိုင်းအတာ တစ်ခုအထိ ထိန်းကျောင်းနိုင်သော ပုဂ္ဂိုလ်များဖြစ်လာကာ၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်း (သို့) လူ့လောက အသိုင်းအဝိုင်းက လိုအပ်သော ဝန်ဆောင်မှု လုပ်ဆောင်ပေးနိုင်သော နိုင်ငံသားများဖြစ်လာကြမည်။ ထိုအခါ တန်ဖိုးတူ၊ အတွေး တူ၊ အသွေးအမွေးတူ နိုင်ငံသားများ မိမိတို့ပျော်ပိုက်နှစ်သက်ရာ လုပ်ငန်းခွင်များသို့

အလိုအလျောက် ရှာဖွေဝင်ရောက်ကြမည်ဖြစ်ပါသည်။ ဤသည်ကို ပညာရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် အားလုံးသော ပါဝင်ပတ်သက်သူများ နားလည် သဘောပေါက်ရန်လိုသည်။ ဤသို့နားမလည်မချင်း၊ မပြင်မပြောင်းမချင်း ပညာရေး ပြုပြင်ပြောင်းလဲရေး မထိရောက်နိုင်။ ဘွဲ့ရများအားလုံးကို တန်ဖိုးတူသည်ဟု မယုံကြည်ကြမချင်း တိုင်းပြည်တိုးတက်မှု နှေးမည်။ ထိုသို့ယုံကြည် ဆောင်ရွက် လုပ်ကိုင်နေကြသူများ အောင်မြင်နေကြသည်တို့ကို ခပ်ဝေးဝေးတွင် ရေးရေးသာ မြင်နိုင်မည်။ လက်တွေ့မလုပ်မချင်း ဤခရီးမနီးသော်လည်း လက်တွေ့ ယနေ့ စလုပ်လျှင် အသီးအပွင့်များက နောင်အနှစ် (၃၀) ခန့်ကြာလျှင် ခံစား စံစားရမည် ဖြစ်သည်။ တိုင်းပြည် နောင်ငါးနှစ်ခန့်မှစ၍ လမ်းမှန်ပေါ်သို့ ရောက်ရှိ လာကြမည် ဖြစ်သည်ကို ခံစားမှုတို့ အတွေ့အကြုံတို့ဖြင့် ပြောပြနိုင်လာကြလိမ့်မည်။

## ကျန်းမာချမ်းသာသောဘဝအတွက် လုပ်ငန်းလမ်းညွှန် (၄)ရပ်

လူသားတို့ကျန်းမာစွာနေတတ်နိုင်ရေးနှင့် ချမ်းသာစွာ နေတတ်နိုင်ရေး အတွက် လေ့ကျင့်ရေးလုပ်ငန်းတွဲများဆောင်ရွက်ရာတွင် အရေးကြီးဆုံးကဏ္ဍ ဖြစ်သော လက်တွေ့လုပ်ငန်းစတင်ဆောင်ရွက်ရာနေရာဖြစ်သည့် အခြေခံပညာ ကျောင်းစာသင်ခန်းများအတွင်း စတင်ပြီးပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန်ဖြစ်သည်။ ပြုပြင်ပြောင်းလဲ ရေးဆွေးနွေးကြရာဝယ် အရေးကြီးသောအချက်မှာ ယနေ့ဘာလုပ် ကြမည်၊ ဘယ်မှာစတင်ဆောင်ရွက်ကြမည်၊ ဘယ်လိုလုပ်ကိုင်ကြမည်၊ ဘယ်လို စစ်ဆေးကြမည်၊ ဘယ်ပုံမှတ်တမ်းမှတ်ရာများ ထားကြမည် စသည်ဖြင့် ယနေ့ ဆောင်ရွက်ရန်အသေးစိတ်များ သေချာစွာချမှတ်ရေးတို့လုပ်နိုင်ရန် အရေးကြီး ပါသည်။ သို့တည်းမဟုတ်၍ ပညာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ မစားရဝခမန်း စကားလုံးကြီး စကားလုံးကျယ်များဖြင့်သာ ဆွေးနွေးမှုများ အောင်မြင်စွာရုပ်သိမ်း ကြပြီး မနက်ဖြန်ဘယ်ဟာစပြောင်းလဲရမှန်းမသိ ဖြစ်ခဲ့ကြပြီး ဖြစ်သည်။ မနက်ဖြန် ဘယ်ကစမည်နည်းဆိုသည့်အချက်က ကျွန်ုပ်တို့၏ ရည်ရွယ်ချက် ရည်မှန်းချက် ပေါ်တွင် တိုက်ရိုက်မူတည်နေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ရည်မှန်းချက်ကို ရည်ရွယ် ချက်ကို ပြည့်အောင် ကျန်းမာအောင်နေတတ်သော ချမ်းသာအောင်နေတတ်သော နိုင်ငံသားများ မွေးထုတ်ရေးဖြစ်၍ ကျန်းမာချမ်းသာရန် လေ့ကျင့်ရန် အခြေခံ လိုအပ်သည့် စဉ်းစားခြင်း လေ့ကျင့်မှု လေ့ကျင့်စဉ်ကို အကြမ်းဖျင်း ဖော်ပြခဲ့ပြီး

ဖြစ်သည်။ သို့ရာတွင် မပြည့်စုံသေး။ ကောင်းမွန်သော ဤပညာရေးလေ့ကျင့်မှုသို့ ပြုပြင်ကူးပြောင်းရေးအတွက် ယနေ့ (သို့) မနက်ဖြန် (သို့) လက်ငင်း လုပ်ကိုင်နိုင်ကြရန် လုပ်ငန်းများ ယခုခွဲထုတ်မည်။

ကျန်းမာ ချမ်းသာအောင်နေထိုင်တတ်သော နိုင်ငံသားများဖြစ်လာစေရန် အခြေခံအချက် (၄)ချက်ရှိသည်။

(၁) နိုင်ငံသားတိုင်းသည် မိမိတို့အရွယ်နှင့်အလိုက် သိသင့်သိထိုက်သည့်အရာများကို အရွယ်အလိုက် သိနေစေရန်၊ မသေမချင်း လေ့လာကြိုးပမ်းနေတတ်ရန်။

(၂) နိုင်ငံသားတိုင်းသည် လူသားတိုင်းတွင် မွေးရာပါတာဝန်ဖြစ်သော မိမိကိုယ်မိမိ စောင့်ရှောက်ရန်၊ မိမိမှ မိမိ မိသားစုအပါအဝင် တခြားသူများကိုပါ စောင့်ရှောက်တတ်လာနိုင်စေရန် (သို့) မိမိမှ လူ့အသိုင်းအဝိုင်း အပေါ် စောင့်ရှောက်ရန်ရှိသော၊ လုပ်ကိုင်ပေးရန်ရှိသော လူမှုရေးဝတ္တရားများအားလုံးကို ရှာဖွေဖော်ထုတ်ပြီး အစွမ်းကုန်လိုက်နာနိုင်ရေး ထာဝရကြိုးစားနိုင်ကြစေရန်။

(၃) မိမိ၏ယဉ်ကျေးမှုကို မိမိနားလည်သဘောပေါက်ပြီး တခြားသူများ၏ယဉ်ကျေးမှုအားလုံးကို လေးစားလိုက်နာကာ မိမိ၏ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းပြီး မိမိယဉ်ကျေးမှု လူ့ဘောင်အသိုင်းအဝိုင်းနှင့် မတူညီသောအတွေးအခေါ် ရှိသူများနှင့် အတူတကွ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်တတ်စေရန်။

(၄) မိမိတို့၏အိပ်မက်များအား အိပ်မက်မှ တကယ်ဖြစ်လာစေရန် နိုင်ငံသားတိုင်းအတူတကွ ဝိုင်းဝန်း ဖေးမဆောင်ရွက်ရန် (သို့) လူတိုင်းအိပ်မက်များကို တန်ဖိုးထားတတ်ရန်နှင့် မိမိအိပ်မက်များကို လည်း ဖြစ်မြောက်အောင်မြင်လာစေရန်ကြိုးပမ်းအားထုတ်လာစေရန်။

တို့ဖြစ်ပါသည်။ အထက်ပါ အချက်(၄)ချက်သည် မိုးပေါ်မှ ကျလာသော လုပ်ငန်းလမ်းပြမဟုတ်။ လူတိုင်း ကျန်းမာချမ်းသာစွာ နေနိုင်ရန် အခြေခံကျင့်စဉ်

များအဖြစ် လက်တွေ့လုပ်ရင်း တွေးထုတ်ပုံစံပြုပေးခဲ့ကြသော ပညာရှင်များစွာတို့၏ အတွေးအခေါ် အနှစ်ချုပ်ဖြစ်သည့်အပြင် လက်တွေ့ အောင်မြင်ပြီး တင်ပြသော လုပ်ငန်းလမ်းညွှန်များဖြစ်၍ စမ်းသပ်စရာမလို၊ သုတေသနပြုရန်မလိုသော အပြည်ပြည်ဆိုင်ရာ လက်တွေ့လေ့ကျင့်စဉ်များပင်ဖြစ်သည်။ အချက် (၄)ချက် စလုံးသည် ကျောင်းသားများအတွက်သာမဟုတ်။ ကျောင်းသားရော ဆရာရော မိဘပါ အပါအဝင်ကျန်းမာချမ်းသာစွာ နေထိုင်လိုသူအားလုံး လိုက်ပါလေ့ကျင့်နိုင်သော လုပ်ငန်းလမ်းညွှန်များပင်ဖြစ်သည်။ ဤလုပ်ငန်းလမ်းညွှန်တို့၏ ပုံရိပ်သည် ထုထည်ကြီးမားလွန်း၍ ရုတ်တရက်ကြည့်သော်မမြင်နိုင် လက်တွေ့လုပ်ရင်းမှ သဘောပေါက်၊ သဘောတူ၊ သဘောကျ လက်ခံကြသည်။ သို့ဖြစ်၍ လက်တွေ့လုပ်ကြရန်ဖြစ်သည်။ ကျောင်းသားရော ဆရာ၊ ဆရာမများပါ မိမိတို့အရွယ်နှင့် အလိုက် သိသင့်သိအပ်သည် အားလုံးကို သိအောင်ထာဝရကြိုးပမ်းမည်ဟူသော ဦးတည်ချက်ကို ကျောင်းသား၊ ဆရာ၊ မိဘအားလုံး နှလုံးသွင်း၍ လက်တွေ့ဆောင်ရွက်ကြရန်လိုသည်။ ဆရာကလည်း မိမိတို့အရွယ်အလိုက်သိသင့်သည်များကို သိအောင် လေ့လာကြရာတွင် ဤလုပ်ငန်းများအားလုံးကို ဆရာကိုယ်တိုင်က ရှာဖွေကြိုးစားလေ့ကျင့်ရန် ရည်ရွယ်သည်။ မိဘများအတွက်လည်း ထိုနည်းလည်းကောင်းပင် ကျောင်းသားများအတွက်ပြောရလျှင် ကျောင်းသားတို့ပါ မိမိတို့အရွယ်နှင့်လိုက်လျော ညီထွေမှုရှိသော သိစရာများကိုသိအောင်၊ သိလာအောင် ကျောင်းသားများကိုယ်တိုင် တစ်သက်လုံးထာဝရ လုပ်ကိုင်နိုင်လျှင် ကျန်းမာချမ်းသာစွာ နေရမည်ဖြစ်၍ ကျောင်းသားများအားလုံး၏ ထိုလုပ်ငန်းသိမှတ်ဖွယ်ရာများအား ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်လုပ်ကိုင်ရန်လိုသည်။ ကိုယ်တိုင်ဖတ် ကိုယ်တိုင်တွက်၊ ကိုယ်တိုင်ပြော၊ ကိုယ်တိုင်ရေး လုပ်နိုင်ကြဖို့ အခြေခံပညာကျောင်းများတွင် မူကြိုမှစတင်၍ အရာရာကိုယ်တိုင် လုပ်ကိုင်ခြင်းဖြင့် စတင်လေ့ကျင့်ပါမှ အသက် (၂၂) နှစ်အရွယ် ဘွဲ့ရသောအခါ မိမိအရွယ်အလိုက် သိရမည်ကို ကိုယ်တိုင်ကြိုးစား၍သိအောင်လုပ်တတ်သော အလေ့အကျင့် တစ်ခုအဖြစ် စတင်ရရှိလာနိုင်မည် ဖြစ်သည်။ ဤအကျင့်သည် မြန်မာအမျိုးသားတို့ လိုအပ်သော လက္ခဏာတစ်ခုပင်ဖြစ်သည်။ ဆရာတို့အတွက်လည်း အတူတူအကျိုးရှိ၏။ မိမိဝန် မိမိထမ်းနိုင်သော နိုင်ငံသားများဖြစ်လာစေရေးအတွက် အခြေခံကျသော အမျိုးသားလက္ခဏာတစ်ခုဖြစ်၏။ သို့ဖြစ်၍ ဤလုပ်ငန်း လမ်းညွှန်ဆောင်ရွက်ချက်ကို ယနေ့စတင်ဆောင်ရွက်နိုင်စေရန် ထပ်မံ အသေးစိတ် ခွဲချရန်

လိုသည်။ ယနေ့လူအများလိုလား တောင့်တနေကြသော မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်၏ ယနေ့လုပ်ရမည့်လုပ်ငန်းစဉ်များအဖြစ် ခွဲခြမ်းစိတ်ဖြာပစ်ရန်လိုသည်။

## ဘာသာစကားဆိုင်ရာ အသိဉာဏ်အလုပ်လုပ်ပုံ

ကျောင်းသားများ၏ အရွယ်အလိုက်သိရမည့်အရာများ၊ ဗဟုသုတများကို ဆရာများက စုစည်းပေးရန် လိုလာသည်။ မြန်မာကျောင်းသားများ မြန်မာနိုင်ငံသားများဖြစ်ကြ၍ မြန်မာလိုတတ်ရန် သိရန်လိုသည်။ အရွယ်အလိုက် သိရမည့် မြန်မာစာအရေးအဖတ်၊ အပြောအားလုံးသိစေရန် မြန်မာစာကို ပြဋ္ဌာန်းသည်။ တစ်ဖက်မှလည်း ကျန်းမာချမ်းသာစွာ နေနိုင်ရေးအတွက် မြန်မာစာကိုအခြေပြု၍ အကြောင်းပြု၍ စဉ်းစားခြင်း လေ့ကျင့်စဉ်ကိုလည်း လုပ်ရန်လိုသည်။ စဉ်းစားခြင်းနှင့် ဆက်စပ်၍ စဉ်းစားဉာဏ် (Intelligence) (သို့) စဉ်းစားခြင်း လေ့ကျင့်စဉ်ကြောင့် ပေါ်ထွက်လာသော အကျိုးကျေးဇူးဖြစ်သည့် စဉ်းစားဉာဏ်တို့တွင် ဘာသာစကားဆိုင်ရာ အသိဉာဏ် (Verbal Linguistic Intelligence) သည် အသိဉာဏ်များအနက် များစွာအရေးပါသော အသိဉာဏ်ဖြစ်၍ ထိုအသိဉာဏ်ရင့်သန်အောင် လေ့ကျင့်ပေးနိုင်ပါက ကျောင်းသားတို့သည် အဟောအပြောကောင်းသော ပုဂ္ဂိုလ်များ ဖြစ်လာကြမည်။ စကားပြောစွမ်းရည်၊ စာရေးစွမ်းရည်၊ စဉ်းစားတီထွင်နည်းရပ်အားလုံး ဤအသိဉာဏ် အဆင့်ဆင့်တို့ရရှိကြသည်ဖြစ်၍ တစ်ဖက်မှ လုပ်ငန်းလမ်းညွှန်အတိုင်း မိမိတို့အရွယ်အလိုက် သိရှိရမည့် မြန်မာဘာသာ စာပေနှင့်စကား၊ ယဉ်ကျေးမှုတို့အား ကိုယ်တိုင်လေ့လာကြရင်း မြန်မာစာကိုအကြောင်းပြု၍ စဉ်းစားမှု လေ့ကျင့်စဉ်များကိုပါ လုပ်ဆောင်လာနိုင်စေရန် အခြေခံပညာကျောင်းများ၌ ဆောင်ရွက်စီမံပေးကြရန်မှာ ဆရာများ၏ ယနေ့လုပ်ရမည့်လုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်လာသည်။ ထို့အပြင် မြန်မာစာသည် အကြောင်းပြုချက် တစ်ခုသာဖြစ်ပြီး ၎င်းအကြောင်းပြုချက်ကို အခြေခံ၍ မြန်မာစာပေ၊ စကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ သိရှိနားလည် ရမည့်အပြင်၊ လူ့ဘဝတွင် ကျန်းမာချမ်းသာစွာ နေနိုင်ရေးအတွက် ပဓာနကျသော အသိဉာဏ် တစ်ခုတွင်အပါအဝင်ဖြစ်သည့် ဘာသာစကားဆိုင်ရာ အသိဉာဏ်ကိုပါမြှင့်တင်ဖော်ထုတ်ပြီးဖြစ်လာသည်။ ဘာသာစကားဆိုင်ရာ အသိဉာဏ်သည် လူတိုင်းတွင် အတိုင်းအတာတစ်ခုအထိ ပါဝင်လာပြီးဖြစ်သော်

လည်း ဆက်လက်ပွားများလာစေရန် လေ့ကျင့်ပေးမှုရသည်။ ဘာသာစကား အသိဉာဏ်မြင့်မားလျှင် စကားပြောကောင်း၊ စာရေးကောင်း၊ အတွေးကောင်းသည် ဖြစ်၍ ဘာသာစကားအသိဉာဏ်မြင့်မားလာစေရန် ကျောင်းသားများအား စကားပြောခွင့်များများ ဖန်တီးပေးရန်လိုသည်။ စာရေးသားခွင့် များများဖန်တီး ပေးရန်လိုသည်။ တွေးခေါ်နိုင်စေရေးအတွက် လွတ်လပ်စွာ တွေးခေါ်နိုင်ရန် လိုအပ်သည်။ ကိုယ်ပိုင်အချိန်များ ဖန်တီးပေးရန်လိုသည်။ ထို့ကြောင့် စာသင်ခန်း များတွင် မြန်မာစာကို အကြောင်းပြု၍ များများရေးခိုင်းသည်။ များများ ရေးနိုင်ရေးအတွက် ဖတ်တတ်ရန်လိုသည်။ များများဖတ် များများရေးမှ များများပြောနိုင်မည်။များများစဉ်းစားနိုင်မည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် နေ၍ ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဤအမျိုးသား လက္ခဏာကို အလိုအလျောက် မရနိုင်။ တည်ဆောက် ယူရမည်။ လေ့ကျင့်ယူရမည်။ အခြေခံ ပညာကျောင်းများတွင် နေ့စဉ်၊ အပတ်စဉ် လေ့ကျင့် ယူရမည်။ အေးချမ်းစွာ နေထိုင်ရပ်တည်ဖို့အတွက် ပြဿနာများကို ရှင်းလင်း ကြရာတွင် ဘာသာစကား ကျွမ်းကျင်လိမ္မာမှုသည် စစ်ပွဲ များကို ရှောင်ရှားနိုင်သည်။ ဘာသာစကား ကျွမ်းကျင်မှု (သို့) ဘာသာစကားဆိုင်ရာ အသိဉာဏ်ဖွံ့ဖြိုးမှုသည် အိမ်တွင်း ပြဿနာ၊ သားသမီးရေးပြဿနာ၊ ကျန်းမာရေးပြဿနာ၊ စီးပွားရေး ပြဿနာ၊ နိုင်ငံရေးပြဿနာ၊ ဘာသာရေးပြဿနာ စသည့် ပြဿနာပေါင်းများစွာကို အေးချမ်းစွာပြေလည်စေနိုင်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ရည်ရွယ်ရင်း ဖြစ်သည့် ကျန်းမာ ချမ်းသာစွာ နေတတ်သော နိုင်ငံသားများမွေးထုတ်ရေးလုပ်ငန်းတွင် အလွန်အရေးပါသည်။ အခြေခံပညာကျောင်းများတွင် စတင်လေ့ကျင့်ရန် ပျက်ကွက်ခဲ့လျှင် ပြဿနာများကို ဆွေးနွေးပြောဆို၍ ဖြေရှင်းမှုမပြုတော့ဘဲ အခြားနည်းများ ရွေးချယ်သုံးစွဲကြလိမ့်မည်။ လူတို့အပြစ်မဟုတ်။ ပညာရေး လေ့ကျင့်စဉ် လွဲချော်မှု ဖြစ်သည်။ ဤပုဂ္ဂိုလ်များကို အပြစ်တင်ပြောင်းလဲမည့်အစား ပညာရေးကျင့်စဉ်ကို လမ်းမှန်ဖို့ တည့်မတ်နိုင်သည်။ ယနေ့ပြောင်းလဲလျှင် နှစ် အနည်းငယ်အတွင်း ရလဒ်အဖူးအငုံကို စတင်တွေ့ရမည်။

ယခုလက်ရှိဖြစ်ပျက်နေသော အခြေခံပညာကျောင်းများ၏ အခန်းတွင်း နေ့စဉ်လုပ်ငန်းစဉ်များတွင် ဤကဲ့သို့သိ၍ ကြိုးပမ်းပူးပေါင်း ဆောင်ရွက်နေမှု

မရှိသည်မှာ မဆန်းပါ။ ဆရာကလည်း သူ့စိတ်တွင် အကောင်းဆုံးဟု ယူဆသည့် နည်းဖြင့်သင်ကြသလို၊ မိဘကလည်း သူ၏စိတ်တွင် အကောင်းဆုံးဟု ယူဆသည့် ယုံကြည်မှုဖြင့် မိမိ၏ ကလေးကိုသင်သည်။ နောက်ဆုံးရလဒ်ကား အများ တွေ့ကြသည့်အတိုင်းပင်။ ယနေ့ခေတ်စကားပြောကောင်းသူရှားပြီး လက်ပါသူ များသည်။ ဤဥပမာတို့ကား မြန်မာတို့၏ ဘာသာစကားဆိုင်ရာ ဉာဏ်ရည် ညွှန်းကိန်း၏ နေရာအနိမ့်အမြင့်ကိုပြနေ၏။ မြန်မာပညာရေး၏ ဘာသာစကား ဆိုင်ရာ ဉာဏ်ရည်ကို စနစ်တကျလေ့ကျင့်ပေးမှု (ရည်ရွယ်၍) ပျက်ကွက်ခြင်း ကိုပြ၏။ သဘာဝဆိုင်ရာ ဉာဏ်ရည်တည်ဆောက်ရာတွင် လုပ်ဆောင်ရသည့် နည်းစနစ်များမရှိ၊ မသိ၊ မတတ်၍ ဖြစ်သည်ဟု သိနိုင်သည်။ ပြုပြင်ပြောင်းလဲရေး အတွက် ဘာလုပ်ရမည်ကို အနည်းငယ်မြင်လာပြီဟု ယုံကြည်သည်။

မြန်မာစာသည် ဘာသာစကားတစ်ခုဖြစ်သည်။ ထိုနည်းအတူ သင်္ချာသည် လည်း ဘာသာစကားတစ်ခု ဖြစ်သည်။ ဂီတသည်လည်း ဘာသာစကားတစ်ခု ဖြစ်သည်။ အခြားနိုင်ငံခြားဘာသာများလည်း ဘာသာစကားများပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာစာ၊ အင်္ဂလိပ်စာ ကျွမ်းကျင်လျှင် သင်္ချာတော်လာ၏။ ဂီတပညာကို စိတ်ဝင်စား လာ၏။ ဘေးထွက်ကောင်းကျိုးများ များစွာရရှိသည်။ ထို့ကြောင့် ကျောင်းကောင်းများတွင် ဒုတိယဘာသာစကား၊ တတိယဘာသာစကားတို့အား သင်ယူစေခြင်းဖြင့် မိမိနိုင်ငံသားများ၏ ဘာသာစကားအသိဉာဏ်ကို အားဖြည့် သွင်းပေးခြင်းဖြင့် တိုင်းပြည်၏အနာဂတ်တွင် ဖြစ်နိုင်သောပြဿနာများကို ဘာသာစကားဖြင့် ဖြေရှင်းပေးနိုင်မည့်ခေါင်းဆောင်များ၊ နောက်လိုက်များအားလုံး မွေးထုတ်ပေးနေကြသည်။

## ဝန်ကြီးဌာန၏ရည်မှန်းချက်နှင့်
## မိဘ၊ ဆရာ၊ ကျောင်းသားတို့၏ ရည်မှန်းချက် မတူညီပုံ

ယနေ့မြန်မာ့ပညာရေးဦးတည်ချက်တွင် ပညာရေးဝန်ကြီးဌာန၏ ရည်ရွယ် ချက်၊ ရည်မှန်းချက်နှင့် တကယ့်လက်တွေ့ စာသင်ခန်းတွင်း ဆရာတပည့်များ အတွက် လုပ်ကိုင်နေသော ရည်ရွယ်ချက်တို့ မတူဖြစ်နေကြသည်။ ဝန်ကြီးဌာနက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်အံ့ဟု

ကြွေးကြော်နေချိန်တွင် စာသင်ခန်းများ၌ ဆရာနှင့်ကျောင်းသားများက ဂုဏ်ထူးရဖို့ အမှတ်ကောင်းဖို့သာ အားထုတ်နေကြသည်။ ဘယ်နည်းနှင့်အမှတ်ကောင်းအောင် လုပ်ရမည်နည်း။ အမှတ်ကောင်းမည်ဆိုလျှင် သေချင်သေပါလေ့စေ လုပ်ကြပေလိမ့်မည်။ လုပ်လည်း လုပ်နေကြသည်။

ပညာရေးဖြင့် တိုင်းပြည်တည်ဆောက်နိုင်သည်မှာ မှန်သည်။ သို့သော် အလွတ်ကျက်၊ ရေးဖြေ၊ မိမိစဉ်းစားမှုမပါဝင်သလောက် အခြားသူကိုမှီခို၍ သိရှိလာမှုများ အခြေခံ၍ ရရှိလာသော အမှတ်ကောင်းကောင်းများဖြင့်၊ ဂုဏ်ထူးများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်၍ မရနိုင်။ ထို့ကြောင့် ယနေ့အခြေခံပညာကျောင်းများ၏ စာသင်ခန်းတွင်းရှိ ဆရာများအားလုံး ဤအတွေးအခေါ်အယူအဆများကို ဆန်းစစ်စဉ်းစား လေ့လာနားလည်သဘော ပေါက် ခံယူကျင့်သုံးရင်း မိမိတို့ဘဝတွင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေနိုင်အောင် လေ့ကျင့်နေရမည်။ ဆရာတို့ကိုယ်တိုင် အရွယ်အလိုက် သိသင့်သည်များကိုသိရှိကာ လေ့လာလေ့ကျင့်မှ ကျောင်းသားများကို ပြန်လည်လေ့ကျင့်ပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ဆရာတို့သည် အကြောင်းပြုချက်များကို ကျွမ်းကျင်ရမည်။ နည်းစနစ်ရှိရမည်။ မှန်ရမည်။ ဝီရိယ လုံ့လပြုရမည်။ ဆရာအားလုံး၏ ရည်မှန်းချက်နှင့် ကျောင်းသားများရည်မှန်းချက်၊ မိဘတို့၏ရည်မှန်းချက်၊ ဝန်ကြီးဌာနအစိုးရ၏ ရည်မှန်းချက် တစ်ထပ်တည်းတူနေရမည်။ သို့မှခရီး ရောက်မည်။

မူရင်းအချက်ပြန်ကောက်သော် ဆရာများက ကျောင်းသားများအရွယ် အလိုက် သိသင့်သိထိုက်သည်များ စုစည်းပေးကြသည်။ မြန်မာစာသည် အရွယ်အလိုက် သိသင့်သိထိုက်သော အရာများထဲတွင် တစ်ခုအပါအဝင် ဖြစ်၏။ သင်္ချာ၊ သိပ္ပံ၊ ပထဝီ၊ သမိုင်း၊ ဘောဂ၊ အားကစား၊ ကာယပညာ၊ ကွန်ပျူတာ စသည့်အကြောင်းပြု ချက်များအားလုံးတို့ကို အသုံးပြု၍ လုပ်ငန်းလမ်းညွှန်၏ ပထမအချက်ဖြစ်သော အရွယ်အလိုက် သိသင့်သိထိုက် သည်များကို မိမိတို့ကိုယ်တိုင် သိအောင် ကြိုးပမ်းရန်လိုသည့်အတွက် ဤဆရာတို့ စုစည်းပေးထားသော အကြောင်းပြုချက်များကို ကျောင်းသားတို့က စာသင်ခန်းများအတွင်း မိမိတို့ ကိုယ်တိုင်ဖတ်၊ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်တွက်ချက်၊ ကိုယ်တိုင်လက်တွေ့လုပ်၊ ကိုယ်တိုင်အခက်အခဲကြုံရာတွင်လည်း ကိုယ်တိုင်ရှင်း၊ ဆရာများက တစ်ချက် တစ်ချက် လမ်းမှန်ပေါ်ပြန်တင်ပေးရန်လိုပြီး ကျောင်းသားအလုပ်ကို ဆရာကဝင်၍

စဉ်းစားပေးလိုက်ပါက ရည်ရွယ်ချက်များပျက်ပြီး သဲထဲရေသွန်ဖြစ်ရမည်။ လေ့ကျင့်ရေးတွင် ညာ၍မရ။ ကျောင်းသားတို့ကိုယ်တိုင် လုပ်ဆောင်ရန်လိုသည်။ ဆရာများညာခဲ့လျှင် မညာတာတတ်သောလောကကြီးနှင့် ရင်ဆိုင်ရသောကျောင်းသားများဒုက္ခ လှလှရောက်မည်။ ကျန်းမာချမ်းသာခြင်းနှင့် လွဲသွားမည်။ ထို့ကြောင့်လေ့ကျင့်စဉ်တွင် မညာရ။ လောကကြီးက ပညာမပေးခင် ကျောင်းသားတို့ပညာရပြီးသားဖြစ်နေရန်လိုသည်။ သို့ဖြစ်၍ ကျောင်းသားတို့ အတန်းတွင်းအတန်းပြင်လုပ်ဆောင်ရမည့်အလုပ်အားလုံးကို စီမံဖန်တီးပေးနိုင်ရန် ဆရာများသည်ပံ့ပိုးသူ (**Facilitator**) များဖြစ်ကြပြီး ကျောင်းသားများမှာ ကိုယ်တိုင် လုပ်သူများဖြစ်ကြ၍ ဤသည်ကို ကျောင်းသားဗဟိုပြုစနစ်ဟု ခေါ်ကြသည်။ ကျောင်းသားဗဟိုပြုစနစ်ဆိုသည်မှာ အစစအရာရာ ကျောင်းသားများကိုယ်တိုင်လုပ်ရန်ဆိုလိုသည်။ သို့ဖြစ်၍ အထက်တွင်ဆိုခဲ့သလို မြန်မာစာသင်ခြင်းသည် မြန်မာစာကိုဂုဏ်ထူး ရအောင်ချည်း ကြိုးစားရန်မဟုတ်။ မြန်မာစာကို အကြောင်းပြုချက်တစ်ခုအဖြစ် အသုံးပြုရန်၊ ဘက်စုံအကျိုးကျေးဇူးအပြင် မြန်မာလေးများ အရွယ်အလိုက် မြန်မာစာပါတတ်မြောက်ရေး ရည်မှန်းချက်လည်းပြည့်စုံ၊ စဉ်းစားခြင်းလုပ်ငန်းကိုလည်းလုပ်ရင်း ဘာသာစကားအသိဉာဏ်ပါ တိုးတက်အောင် ဆောင်ရွက်ခြင်းများကသာ မူရင်းအနှစ်သာရဖြစ်သည်။ ဤလုပ်ငန်းစဉ်များ အတွက်အလွတ်ကျက်မှတ်ခြင်းလုပ်ငန်းသည် မဆိုသလောက် နည်းပါးသည်။ အလွတ်ကျက်ခြင်းသည် အသုံးအလွန်ဝင်၏။ သို့ရာတွင် သူ့နေရာနှင့် သူသုံးရန်သာလိုသည်။ နေရာတကာ အလွတ်ကျက်ခြင်းဖြင့် ဘဝအာမခံချက်မရနိုင်။ ကျက်ထားသောအကြောင်းအရာများ မှတ်မိလှလည်း ခဏပင်ဖြစ်၏။ သို့သော် အဖန်တစ်ရာတေအောင် ဆွေးနွေးထားသော ပြောဆိုကြားနာထားသော ပြန်လည်၍ မိမိနားလည်သလိုရေး ထားသော အရာများ၊ ကိုယ်ကိုယ်တိုင်ပြောဆိုခဲ့သော စကားများသည်မိမိတို့နှင့် ထာဝရနေသည်။ ဘာသာစကား ဉာဏ်ရည်မြင့်တက်လာမှုသည်ပြန်ကျသွားလေ့မရှိ။ သေသည်အထိ မိမိနှင့်နေသည်။ ပညာရွှေအိုး လူမခိုးဟူသည့်ပြောစမှတ်များသည် ဒါကိုဆိုလိုသည်။ အလွတ်ကျက်မှတ်ထားသော စာများသာပညာရွှေအိုးများအဖြစ် မှတ်ယူပါက လူပင်ခိုးစရာမလိုဘဲ နှစ်အနည်းငယ်အတွင်းသူ့အလိုအလျောက် မိမိထံမှ ပျောက်ကွယ်ကြသည်ကို ပြန်တွေးလျှင် အမှတ်ရမည်။ သို့ဖြစ်၍ ပညာရွှေအိုးအစစ်ဖြစ်သော ခေတ်သစ်ပညာရေးအမြင်နှင့် လေ့ကျင့်စဉ်

များကို လေ့လာလေ့ကျင့် လက်တွေ့လုပ်ဆောင်ခွင့်ပေးသင့်သည်။ ဆရာများ နားလည် မှုဖြစ်မည်။ မိဘများလည်း နားလည်မှု ဖြစ်မည်။ ဤကား ပြုပြင်ပြောင်း လဲရေး၏ ဇာတ်လမ်းအစပင်ရှိ၏။ ဤလုပ်ငန်းစဉ်များသည် ပြုပြင်ပြောင်းလဲရေး၏ ပဓာနအသက်သွေးကြောကြီးများဖြစ်သည်။

သို့ဖြစ်၍ ဆရာများ၊ ကျောင်းသားများအရွယ်နှင့် လိုက်လျော ညီထွေမှု ရှိသော လေ့လာရမည့်အရာများ၌ သင်္ချာသည် မပါမဖြစ် ပါလာခဲ့သည်။ သင်္ချာသည် ဘဝတွင် အလွန်အသုံးတည့်သည့်အပြင် သင်္ချာပုစ္ဆာများ ဖြေရှင်းရန် ကျောင်းသား များကိုပေး၍ (သို့) သင်္ချာပုစ္ဆာများကိုအကြောင်းပြု၍ ကျောင်းသားများကို စဉ်းစား ခိုင်းခြင်း(သို့) စဉ်းစားခြင်းလေ့ကျင့်စဉ်ကို လုပ်စေခြင်းဖြစ်သည်။ ကျောင်းသားများ သင်္ချာပုစ္ဆာများကို ကိုယ်တိုင်တွက်ချက်အဖြေရှာရန်လိုသည်။ ကျောင်းသားများ ကိုယ့်အလုပ်ကိုယ် လုပ်ကိုင်ကြသည့်အခါ ရံဖန်ရံခါ အခက်အခဲတွေ့ရမည်ကို မျှော်လင့်ထားရန်လိုသည်။ အခက်တွေ့အောင်လည်း ဆရာ၊ဆရာမများက စီစဉ် ကတည်းက ပါထားပြီးသား ဖြစ်၏။ အခက်အခဲတွေ့လျှင် မည်သို့ လုပ်ကိုင်ရမည်ကို ကျောင်းသားများက သိရမည်။ အခက်အခဲ ဖြစ်လျှင် တွေ့လျှင် ဤအခက်အခဲတို့ကို မိမိကိုယ်တိုင် မှန်ကန်သောနည်းလမ်းတို့ဖြင့် ဖြေရှင်းနိုင်စေရန် လေ့ကျင့် ပေးရန်လိုသည်။ ယနေ့ခေတ် ဖြေရှင်းပုံမှာ ကျူရှင်ပင်ဖြစ်ပြီး၊ ကျူရှင်တွင် ဆရာက အကုန်ရှင်းပြ၊ တွက်ပုံတွက်နည်း စဉ်းစားပြီးသား၊ ကျောင်းသားမှ လိုက်စဉ်းစားရန် မလိုဘဲ သာသာလေး နားလည်သွားစေရန် ကူပေးသည်ဖြစ်၍ ကျောင်းသားတို့ ရေသာခိုတတ်လာပြီး အရာရာ ကူညီပေးသူရှိမှရသည့် အခြေဆိုက်တော့သည်။ သို့သော် ဤသင်္ချာပုစ္ဆာများကို အကြောင်းပြုပြီး စဉ်းစားလေ့ကျင့်သည့်ဖြစ်စဉ်သည် အသိဉာဏ်တည်ဆောက်ရေးတွင်လည်း အရေးကြီးသော အခန်းကဏ္ဍဖြစ်၍ မလွတ်တမ်း စောင့်ကြည့်ရန် လိုအပ်ပါသည်။ မိဘများ၏ ချစ်ခြင်းမေတ္တာကို လက်ခံ နားလည်ပါ၏။ သို့ရာတွင် မှန်ကန်စွာ ချစ်ရကောင်းမှန်းမသိသော မိဘတို့နှင့် အလုပ်လုပ်ရာမှ ရရှိခဲ့သည့် အတွေ့အကြုံက သင်ပြပေးခဲ့သည်မှာ မိဘတို့သည် သားသမီးများအား လွန်စွာ ချစ်ကြ၍ နည်းနည်းလေးမှ အထိခိုက်မခံ၊ နည်းနည်းလေးမှ အခက်အခဲမကြုံစေချင်၊ အခက်အခဲကြုံရလျှင်လည်း အခက်အခဲ အား သားသမီးများဖြစ်သော ကျောင်းသားများကိုယ်တိုင် အချိန်ယူစဉ်းစား ဖြေရှင်းခွင့်မပေးတော့ဘဲ ကျူရှင်ဆရာခေါ်၍ (သို့) မိမိကိုယ်တိုင်ပြသ၍

၄င်းကျောင်းသားတို့ ကြုံသင့်ကြုံထိုက်သော အခက်အခဲကို ကြုံသင့်ကြုံထိုက်သည့် ကာလတွင် ကြုံသင့်ကြုံထိုက်သလောက် ပေးမကြုံတော့ဘဲ ဖြေရှင်းပေးလိုက်ကြ၍ ကျောင်းသားများအား သာမန်ကြည့်လျှင် အခက်အခဲမရှိသည့်အပြင် ပေးသမျှ အကုန်သိပြီးတတ်ပြီး လေ့လာပြီး (သူများထံမှ) ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပြီး မိမိတို့၏ပြောနေကျ "လိုက်နိုင်သည်၊ တော်သည်၊ အတော်ဆုံး"စသည့် ပကာသနဂုဏ် များကြောင့် ယင်းကျောင်းသားတို့မှာ အခက်အခဲမကြုံဖူးသော (သို့) အခက်အခဲ များကို ကိုယ်တိုင်စဉ်းစားဖြေရှင်းတတ်ခြင်း အားနည်းသော လူကလေး များဖြစ်လာ ကြသည်။ မိဘတို့၏ဆန္ဒဖြင့် ဤသို့လက်တွေ့တွင်ဖြစ်နေသည်ကို မသိနိုင်ကြ။ အခက်အခဲဖြစ်နေသည် ဆိုသည်ကိုကြားလျှင်ပင် ဆရာသင်တာညံ့လို့ဖြစ်မှာပဲ ဟု ကောက်ချက်ချကြသည်ကများသည်။ ဆရာတို့၏လုပ်ငန်းသည် ကျောင်းသား တို့အား အရွယ်နှင့်အလိုက် သင့်တော်သည့် အခက်အခဲများ ပြဿနာများကို စီစဉ်ပေးရန်ဖြစ်သည်ကို မသိကြတော့။ ဆရာဆိုလျှင် တတ်အောင်သင်တတ်မှပေါ့ ဆိုသည်ချည်း ဇွတ်မျက်စိမှိတ်၍ အပြစ်တင်လေ့ရှိကြသည်။ ဆရာသည် စဉ်းစားစရာများ ဖန်တီးပေးနေသော၊ ပေးရသော ပုဂ္ဂိုလ်ဖြစ်သည်။ မတတ်ရင် ပြပေးရမှာပေါ့ဟူသော အယူအဆကြောင့် မဆလ တစ်ခေတ်လုံးအပြင် ယခုအထိ တိုင်းပြည်ဆင်းရဲတွင်းက မတက်နိုင်ပေ။ အစိုးရများကို အပြစ်တင်ခဲ့ကြသည်။ တိုင်းပြည်တစ်ပြည်တွင် လျှပ်စစ်မီးမလုံလောက်ခြင်းနှင့် ပတ်သက်၍ အစိုးရ အဆက်ဆက် ကောင်းကောင်းကြီး အပြစ်တင်မုန်းတီးခံရသည်။ သို့ဖြစ်၍ လျှပ်စစ်မီးလင်းမှုလုံလောက်အောင် ဆောင်ရွက်ပေးနိုင်မည့် အစိုးရကို လိုချင်ကြ သည်။ တောင့်တကြသည်။ အမှန်တကယ် အလင်းကိုဆောင်ကြဉ်းပေးနိုင်မည့်သူ များမှာ မည်သူတွေနည်းဟု မေးခွန်းထုတ်ကြည့်လျှင်၊ ဥပမာ ဂျပန်နိုင်ငံတွင် ဘာ့ကြောင့် လျှပ်စစ်မီးများလုံလောက်သနည်း။ လျှပ်စစ်ထုတ်စက်များ လုံလောက် အောင်ရှိ၍ဖြစ်သည်။ လျှပ်စစ်ထုတ်စက်များ လုံလောက်အောင် ရှိခြင်းသည် လျှပ်စစ်ထုတ်စက်တည်ဆောက်တတ်သော ဂျပန်လူမျိုးများရှိ၍ဖြစ်သည်။ အစိုးရ ချည်း အုပ်ချုပ်မှုကောင်း၍မဟုတ်။ ဂျပန်နိုင်ငံတွင် လျှပ်စစ်မီး ထုတ်လုပ်သည့် စက်ယန္တရားများ တည်ဆောက်နိုင်သော ဂျပန်လူမျိုး အင်ဂျင်နီယာများ လုံလောက်စွာရှိသည်။ မြန်မာပြည်မှာ ရှိပါသလား၊ မရှိပါ။ အဓိကပြဿနာသည် မီးစက် တည်ဆောက်တတ်လောက်အောင် ဉာဏ်ရည်ပြည့်စုံ သည့် အင်ဂျင်နီယာများ

အလုံအလောက်မရှိ၍ မြန်မာနိုင်ငံတွင် လျှပ်စစ်စက်ကြီး များမတည်ဆောက်နိုင်ခဲ့ကြပါ။ ဝယ်ခဲ့ကြရသည်။ သို့ဖြစ်၍ မီးစက်ကြီးများ တည်ဆောက်နိုင်သည့် မြန်မာအင်ဂျင်နီယာများ လိုင်လိုင်မမွေးထုတ်နိုင် သရွေ့မည်သည့်အစိုးရတက်တက် မီးလာတစ်လှည့် မလာတစ်လှည့် ဖြစ်နေတော့မည်မှာ သေချာသည်။ လျှပ်စစ်မီးလာအောင် ဆောင်ကြဉ်းပေးနိုင်သူများမှာ မြန်မာအင်ဂျင်နီယာများသာဖြစ်သည်။ နိုင်ငံခြားမှ ကုမ္ပဏီနှင့် လျှပ်စစ်ဓာတ်အား ထုတ်နိုင်အောင်၊ မြန်မာများလိုအပ်သလောက် လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ခဲ့လျှင်လည်း မြန်မာသယံဇာတနှင့်တွင်းထွက်များ အတော်အဆုံးခံမှသာ ရပေမည်။ သို့ဖြစ်၍ ပြဿနာ အရင်းအမြစ်ဖြစ်သော ပညာရေးစနစ်၏ ဦးတည်ချက် လွဲမှားမှုကြောင့် စဉ်းစားနိုင်သော၊ ကုန်ထုတ်လုပ်နိုင်သော ပညာသည်များ မမွေးထုတ်နိုင်မချင်း တစ်စိတ်တစ်ပိုင်း တာဝန်ရှိသော အစိုးရသာလျှင် အားလုံး အပြစ်ပုံချခံရမည်သာ ဖြစ်သည်။ ထို့ကြောင့် ဆရာများက ကျောင်းသားများအား ပြဿနာများ၊ အခက်အခဲများ ဖန်တီးပေးသည့်အခါ ကျောင်းသားများကိုယ်တိုင် မရမချင်း အချိန်ယူ၍ ကိုယ့်ပြဿနာကိုယ်ရှင်း၊ ကိုယ်အခက်အခဲ ကိုယ်ကျော်ရအောင် မိဘများက စိတ်ရှည်ပေးရန် လိုအပ်သည်။ အခက်အခဲ ပြဿနာများအား မကျော်ဖြတ်နိုင်ခင်တွင် ရီပို့ကဒ်များ ရုပ်ဆိုးကောင်း ဆိုးနေပေမည်။ သို့သော် ကိုယ့်သားသမီးများ အခက်အခဲ ကျော်ဖြတ်နေသည်၊ တို့တွေ စိတ်ရှည်ရန်လိုသည်ဟု သိထားရန်လိုသည်။ အဓိကကျသည်မှာ ရီပို့ကဒ်ရမှတ် ကောင်းကောင်း၊ မကောင်းကောင်း ရပြီးသည့် အမှတ်တို့သည် မိမိတို့သားသမီးများကိုယ်တိုင် အလုပ်လုပ်၍၊ စဉ်းစား၍ ရရှိခဲ့သောအမှတ်သာဖြစ်ရမည်။ တစ်ပါးသူများ ထံမှကူထား၍ ရရှိခဲ့သော ကိန်းယောင်များ မဖြစ်သင့်။ ဖြစ်ခဲ့လျှင် မိမိသားသမီး၏ အခက်အခဲ ရင်ဆိုင်နိုင်သော၊ ကျော်ဖြတ်နိုင်သော စွမ်းရည်ကိုမှား၍ အကဲဖြတ်မိတော့မည်။ ရီပို့ကဒ်တွင်တော့ အမှတ်ကောင်းသည်။ (ကျူရှင်ဆရာ သို့မဟုတ် အဖေအမေက ကူညီစဉ်းစားထား ပေး၍)။ သို့သော် ဤကျောင်းသားကလေးသည် သူ့ဘာသာသူ စဉ်းစားဖြေရှင်းနိုင်ခြင်းတွင် ရီပို့ကဒ်အမှတ်က ပြောနေသလောက် မလုပ်နိုင်ပေ။ သို့ဖြစ်၍ နောက်တစ်တန်း တက်သွားသည့်အခါ အဆိုးသံသရာလည်ပြီး ထာဝစဉ်အကူအညီလိုသော လူတစ်ယောက် ဖြစ်လာတော့မည်။ မိဘတို့တော့ ပျော်နေသည်။ (ရီပို့ကဒ် အမှတ်များကောင်းနေ၍ ငါ့သားငါ့သမီးဘဝတွင် ပညာတတ်ကြီးဖြစ်ပြီ၊ ဖြစ်မည်၊ ငါ့သားသည် သင်လျှင်တတ်သည်၊ ငါ့သမီးသည် ပြောပြလျှင် နားလည်

သည်။ ဒီစကားများကြားရသည်မှာ ရိုးအီခဲ့ပြီ။ သင်မှတတ် ပြောမှနားလည်လျှင် အတော် အခြေအနေဆိုးနေပြီကို နားလည်မှဖြစ်မည်။ ဆရာတို့ရှုထောင့်မှကြည့်သော် ပြောမှသိတာကို မကြိုက်၊ သင်မှတတ်တာကို မကြိုက်၊ သေမှ ကြင်နာတာကိုမကြိုက်၊ ထိမှနာသည်ကို မကြိုက်၊ မပြောဘဲသိသောသူသည် လူတော်ဖြစ်သည်။ (မိမိ၏ အရွယ် နှင့်အလိုက် လေ့လာနေ၍ (သို့) စဉ်းစားတတ်ရန်) မသင်ဘဲတတ်မှ ကြိုက်သည်။ မသင်ဘဲ ဘယ်လိုတတ်မလဲ။ ကိုယ့်ဘာသာကိုယ်ဖတ်လျှင် ဖတ်တတ်လျှင် မသင်ဘဲတတ်၏။ ထိမှနာသည် မထိခင်ကတည်းက နာတတ်သော ပုဂ္ဂိုလ်သည် စဉ်းစားဉာဏ်ဖြင့် ပြဿနာကို ကြိုတင်ဖြေရှင်းနိုင်သူဖြစ်သည်။ ဤသည်တို့က ဆရာများ၏ ရှုထောင့်ဖြစ်၏။ မိမိတို့၏ သားသမီးတို့ကို မသင်ဘဲ တတ်သော ကျောင်းသားများ၊ မပြောဘဲသိနေသော ကျောင်းသားများဖြစ်အောင် လုပ်ရာတွင် မိဘများဆရာများအားလုံး တိုင်းပြည်တစ်ခုလုံး ပျက်ခဲ့လောက်အောင် ထိ ဆိုးဝါးခဲ့သော ခေတ်ဟောင်းမှ အတွေးအခေါ် အယူအဆအဟောင်းများ ပြုပြင်ပြောင်းလဲပြီး ပိုမိုနားလည်ကြရန် ပိုမိုစိတ်ရှည်ကြရန် လိုအပ်သည်။ ယင်းတို့သည် ကျွန်ုပ်တို့ မိဘနှင့်ဆရာများ မြန်မာ့ပညာရေးလေ့ကျင့်စဉ် ပြုပြင်ပြောင်းလဲရေး အတွက် စိုက်ထုတ်ရမည့်အရင်းအနှီးများပင်ဖြစ်၏။

အမှတ်ကောင်းရုံမျှ အရေးမကြီး။ မည်သို့အမှတ်ကောင်းသည်မှာ ပို၍ အရေးကြီးသည်။ ယနေ့အထိ အမှတ်ကောင်းရုံမျှကိုသာကြည့်ပြီး အထင်ကြီးဂုဏ်ယူနေသူများ မြောက်မြားစွာရှိ၏။ ကျူရှင်တက်လို့ပဲဖြစ်ဖြစ် ကိုယ်တိုင်သင်ပြလို့ပဲရရ အမှတ်ကောင်းလျှင် ကျေနပ်နေသည့် တိုင်းဖျက်ပြည်ဖျက် အလွန်ကြောက်စရာ အတွေးအခေါ် များပြောင်းလဲပစ်ရန်လိုသည်။ ကျောင်းသားတစ်ဦး ကျူရှင်မတက်ဘဲ မိမိဘာသာ ဖတ်မှတ်ဖြေရှင်း၍ အမှတ်ကောင်း လျှင် အတော်ဆုံးဖြစ်၏။ မိဘများ မေးကြမည်။ ဒါဆိုရင် ကျောင်းတက်စရာမလိုတော့၊ အိမ်မှာသာ စာဖတ်၍ ကိုယ် ပြဿနာကိုယ်ကြိုးစားရှင်း၍ တတ်အောင်ကိုယ်တိုင်ကြိုးစားမည်။ ဟုတ်ပါ၏။ ဤသည်ကို Home Education ဟု အမေရိကန်က ခွင့်ပြုထားသည်။ စနစ်တစ်ခု အဖြစ် လက်ခံထားသည်။

သို့သော် အခြားကလေးများတက်ထားသည့် အခြေခံပညာ တူညီမှုရှိစေရန်တော့ ညွှန်ကြားမှု၊ လမ်းပြ လမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်၏။ ကျောင်းတက်လျှင် ဘာများပိုထူးခြားနိုင်သနည်း။ ထူးခြားပါ၏။ ကျောင်းဆိုသည်မှာ

မိမိနှင့်ရွယ်တူကလေးများ စုစည်း၍ ဘဝအတွက်ပြင်ဆင်မှုများကို အတူတကွ ဆောင်ရွက်ရ၍ စာသင်ခန်းများထဲတွင် သင်ပေး၍မရနိုင်သော လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံရေးအပါအဝင် အခြားသော လူသားတို့၏ ယဉ်ကျေးမှုကွာဟ ချက်များ၊ ဓလေ့ကွာဟချက်များ၊ တွေးပုံခေါ်ပုံ မတူညီမှုများအပါအဝင် တန်ဖိုး မဖြတ်နိုင်သော ဘဝအသိများ ရရှိတတ်မြောက်ရာ နေရာဌာနဖြစ်၏။ ထို့ကြောင့် ကျောင်းသို့ပို့ရန်သည် အခြေအနေပေးလျှင် အလွယ်ကူဆုံး လေ့လာသိရှိနိုင်သော အစီအစဉ်ဖြစ်၏။ ကျောင်းသို့ပို့နိုင်ရန် အခြေအနေမပေးလျှင်လည်း ပညာတတ် လာစေရန် နည်းလမ်းများစွာရှိသည်ဖြစ်၍ မည်သူမဆို မည်သည့်ဘဝ မည်သည့် အခြေအနေ ရောက်ရောက်ပညာတတ်လာနိုင်သည် (သို့) အသိဉာဏ်ရှိလာအောင် လေ့ကျင့်နိုင်သည်ကို မမေ့အပ်။

ကျောင်းတွင် ဆရာများက အကြောင်းပြချက်များ အားလုံးကို အသုံးပြု၍ ပြဿနာများ ဖန်တီးရှာဖွေပေးရန်ဖြစ်ပြီး ကျောင်းသားများက စဉ်းစားကြရန်ဖြစ်သည်။ အကြောင်းပြချက်များကို အလွတ်ကျက်မှတ်ရန်မလို။ အကြောင်းပြချက်များကို အခြေပြုစဉ်းစားလျှင် အကြောင်းပြချက်များကို မှတ်မိလာကြလိမ့်မည်။ ပြီးနောက် မိမိ၏လွတ်လပ်သောရေးသားပုံနှင့် ပြန်လည် ရေးချနိုင်သည်။ အလွတ်ကျက်၍ နှုတ်တိုက်ဖြေဆိုနိုင်ရန်မလို။ အရာရာ ကျောင်းသားဗဟိုပြုဖြစ်ပြီး အရာရာ ကျောင်းသားသာလျှင် ဆောင်ရွက်ရန်ဖြစ်၏။ ဤအချက်ကြောင့် ဆရာ၊ ဆရာမများ ပို၍ပင် သည်းခံကြရမည်။ အတန်းထဲရှိ ကျောင်းသား (၆၀) ရှိပါက ရေးသားချက် (၆၀)၊ မတူသော ရေးသားချက် (၆၀)ကို စစ်ဆေးရန် လိုလာမည်။ ယနေ့ခေတ် ဆရာများကိုင်တွယ်ရသော အတန်းရှိ ကျောင်းသားဦးရေမှာ (၄၀) (၅၀) (၆၀)ဖြစ် နေ၍ ဆရာများနေ့စဉ် စစ်ဆေးရန် အချိန်လိုသည်။ တာဝန်ပိုများပါ ဆောင်ရွက်ကြ ရ၍ အမှားပါမပါ စစ်ဆေး ပြင်ဆင်ပေးရန် အချိန်မရှိတော့။ ထို့ကြောင့် သင်နည်း စနစ်ကို ပြောင်းလိုက်ရသည်။ ဘလက်ဘုတ်မှာရေးချ၍ ကျောင်းသားလိုက်ကူး၊ အဲဒီအတိုင်းကျက်၊ ပြန်ရေး။ ကျောင်းသား(၄၀)(၅၀) (၆၀)မှလာသော အဖြေများကို မည်သူစစ်စစ်ရသည်။ အိမ်တွင် မိမိနားနေစဉ် သားသမီး၊ တူ တူမများကို စစ်ခိုင်း လျှင်လည်း ရ၏။ ငါရေးသည်နှင့် တူမတူ တိုက်ကြည့်။ တစ်သဝေမတိမ်းတူသူ (၁၀၀)ထား၍ နည်းနည်းမတူသူ စသည်ဖြင့် အမှတ်လျှော့လျှော့ပေးသွားခြင်း စနစ်သည် ဆရာ ဆရာမအပြစ်မဟုတ်။ စနစ်၏ အပြစ်သာလျှင်ဖြစ်၏။ ဆရာတွင်

အချိန်မရှိ။ စာသင်ရသည့်အပြင် အပိုတာဝန်တွေရှိသေးသည်။ ဆရာများကို စာစစ်ရန် အချိန်ပိုပေးရန်လိုသည်။ ဆရာတစ်ဦး တစ်ပတ်လျှင် နာရီ (၂၀) သင်ရလျှင် အင်အား မရှိနိုင်တော့။ စာစစ်ရန် အင်အားမရှိတော့။ သို့ဖြစ်၍ သင်ကြားခြင်းအား လျှော့ပေးရန်လိုသည်။ သင်ကြားချိန် လျှော့ပေးနိုင်ရန် ဆရာဦးရေ ပိုလိုသည်။ အချိန်ယူ၍ စီစဉ်ရန်လိုသည်။ ဤအချက်သည် မြန်မာပြည် ပညာရေး ပြုပြင်ပြောင်းလဲရေးအတွက် အဓိက စိန်ခေါ်မှုဖြစ်၍ အရေး အလွန်ကြီးသော ကိစ္စဖြစ်ပါသည်။ လက်တွေ့တွင် အခက် အခဲများ ရှိနိုင်သည်ကို သိရှိပါသည်။ သို့သော် လုပ်တတ်လျှင် လုပ်၍ရသော ကိစ္စဖြစ်သည်။ လုပ်ကိုလုပ်ရမည့် ကိစ္စလည်း ဖြစ်သည်။ ဆရာ ဆရာမများ၏ တစ်ဦးချင်း သင်ကြားချိန်မလျော့မချင်း ကျောင်းသားများ၏ အရည်အချင်း မြင့်တက်မလာနိုင်။

စာသင်ကြားရေး သို့မဟုတ် ပညာရေးလေ့ကျင့်စဉ်သည် အလွန်ရှုပ်ထွေးသော အလုပ်တစ်ခုဖြစ်သည်။ သို့ဖြစ်၍ ဆရာ ဆရာမများသည် မူလရည်ရွယ်ချက် အောင်မြင်စေရန် အားစိုက်အလုပ်လုပ်ကြရသည်။ အားစိုက် အလုပ်လုပ်ရန် လိုသည်။ ထို့ကြောင့် တစ်နေ့တာစာသင်ကြားပြီးလျှင် ဆရာသည် နားရန်လိုသည်။ တစ်ပတ် (၂) ရက် စနေတနင်္ဂနွေနေ့များ နားရန်လိုသည်။ ထို့အပြင် အများပြည်သူ ပိတ်ရက်များလည်း နားရန်လိုသည်။ ထို့ကြောင့် သီတင်းကျွတ်နှင့် ဒီဇင်ဘာ ကျောင်းပိတ်ရက်များတွင်လည်း နားနေရန်လိုအပ်သည်။ ထို့အပြင် နွေရာသီ ကျောင်းပိတ်ရက်တွင် စာစစ်ခြင်းများပြီးသည်နှင့် ဆရာများ အနားရှိကိုရှိရမည်။ သို့မှသာ နှစ်သစ်တွင် ပြန်တက်လာသောအခါ ရရှိလာမည့်အင်အားများကို ကျောင်းသားများအတွက် ပြန်လည်သုံးကြရမည်ဖြစ်သည်။

မိဘတို့ကလည်း ဒုတိယမိဘများဖြစ်သည့် ဆရာတို့အပေါ် ကိုယ်ချင်းစာ စိတ်ပိုထားရန်လိုသည်။ မိမိမွေးထားသော သားသမီးများ နှစ်ဦးသုံးဦးနှင့် တူတူနေကြည့်စဉ်တွင် မိမိတို့မည်မျှ ဦးနှောက်ခြောက်သည်ကို ခံစားဖူးလျှင် ကိုယ်မမွေးထားသော သားသမီး (၄၀) (၅၀)(၆၀)ကျော်နှင့် နေ့စဉ်နီးပါး အတူနေ၍ ဘဝအတွက် လေ့ကျင့်ပေးနေသော ဆရာများ၏ ပင်ပန်းမှုအတိုင်းအတာကို ပြောစရာမလိုဘဲ သိနေကြပြီးဖြစ်မည်ကို ယုံကြည်သည်။ သို့ဖြစ်၍ ဆရာများ အနားယူချိန်ကို လေးစားပေးနိုင်ရန် ထည့်သွင်းစဉ်းစားကြရမည်။

ဆရာတို့၏ လစာဝင်ငွေ တိုးမြှင့်ပေးရန်လိုသည်ကို လူတိုင်းသိသည်။ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်တိုးလာသမျှ အများစုကို ဆရာများအတွက် သုံးပေးရန် အသင့်ဆုံးဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းလိုအပ်ချက်များ နောက်သို့ လိုက်ခဲ့ကြပြီး ကျောင်းများသာရှိသည်၊ ဆရာမရှိ။ တက္ကသိုလ်များသာရှိသည် သင်ကြားမှုအားမရ။ ဆရာမပြည့်စုံ။ ထို့ကြောင့်ယခု ပြုပြင်ပြောင်းလဲလိုလျှင် ဆရာတို့၏ စိတ်ဓာတ်တက်ကြွမြင့်မားလာရေးအတွက် တစ်ဖက်မှ လစာကို ဘတ်ဂျက်မှ ရနိုင်သရွေ့ တိုးပေးသည့်အပြင် ဆရာ၏ လူမှုရေးဂုဏ်ကို နည်းအမျိုးမျိုးသုံး၍ မြှင့်တင်ရန်လိုသည်။ ဖြစ်နိုင်လျှင် ဆရာများကို နေစရာတိုက်ခန်းများ သပ်သပ်ရပ်ရပ်ပေးနိုင်လျှင်နှင့် စီးစရာကားပါ အကြွေးရောင်းပေးနိုင်လျှင် ပို၍ တိုးတက်မှုမြင်တွေ့ရမည်။

ဆရာများအတွက် တစ်ဖက်မှ လုပ်ကိုင်စရာတာဝန်ကြီးများ ပေါ်ထွက်လာသလို တစ်ဖက်မှလည်း တဖြည်းဖြည်း မကြာတော့သောအချိန်ခြားကာ ခံစားခွင့်များ စီစဉ်ပေးရန်လိုသည်။ ဆရာများ၏ ကျန်းမာရေးအာမခံ ထားပေးနိုင်ခြင်း အစရှိသည့် ဘဝအထောက်အပံ့ပြု အာမခံချက်များဖြင့် ပံ့ပိုးပေးလျှင် မြန်မာပညာရေး ပြုပြင်ပြောင်းလဲခြင်းဖြစ်စဉ်တွင် အင်အားရှိပြီးဖြစ်သော ဆရာတို့အား အားသစ်များလောင်းပြီး ဖြစ်မည်ဖြစ်သည်။ ဤသည်တို့အား လက်တွေ့မလုပ်နိုင်သရွေ့ အားရပါးရမရှိလာနိုင်သေး။ ကျူရှင်ပြဿနာနှင့် အခြားဆက်စပ်ပြဿနာများ အားလုံးရှိမြဲရှိနေကြအုံးမည်။

ဆရာများသည်လည်း လုပ်ငန်းလမ်းညွှန်(၁)အချက်အရ ၄င်းတို့၏ အတတ်ပညာများကို အမြဲတစေ လေ့လာဆည်းပူးရန်လိုသည်။ လေ့လာ ဆည်းပူးမှုများကို ကျောင်းချိန်တွင်း စာသင်ချိန်ပြင်ပတွင် စုစည်းဆောင်ရွက်နိုင်သည်။ ကျောင်းအုပ်ဆရာကြီးများ အတွေ့အကြုံရှိလျှင် အောင်မြင်အောင် စီစဉ်နိုင်မည်။ အတွေ့အကြုံမရှိလျှင် ကူညီဆောင်ရွက်ပြသလျှင် အချိန်တိုအတွင်းဆောင်ရွက်နိုင်သည်။

တစ်ပြည်လုံးရှိဆရာများ သိရှိရန်တို့ကို မီဒီယာများမှတစ်ဆင့် ဆွေးနွေးဝေငှနိုင်သည်။ ပို့ချခြင်းမဟုတ်ပဲ နားလည်စေသောနည်းလမ်းများ များစွာရှိပါသည်။ သို့သော် မီဒီယာ၊ လူထု မီဒီယာအကူအညီလိုအပ်သည်။ ဆရာတို့ အခြေခံအားဖြင့် တတ်မြောက်ရမည့်နိယာမတရားများ၊ မှတ်တမ်းမှတ်ရာထားသို

ပုံများ၊ တတ်မြောက်မှု စစ်ဆေးပုံများအားလုံးကို ပွင့်လင်းမြင်သာစွာ မိဘဆရာ ကျောင်းသားတို့အားလုံး နားလည်မှုတူအောင် လုပ်ဆောင်ရန်လိုသည်။ မြန်မာ အမျိုးသားကျောင်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ သုံးပါးစလုံးကို မည်သို့ လေ့ကျင့်ပေးမည်၊ မည်သို့စစ်ဆေးမည်၊ မိဘများကို မည်သို့အသိပေးမည် စသည် တို့အား ဆရာမိဘ ကျောင်းသားများအားလုံး မြင်သာထင်သာ သိနေရန် လိုသည်။

## အိမ်စာပေးပုံပေးနည်း

ဆရာတို့၏ အသေးစိတ်လုပ်ငန်းများ များစွာရှိသည်။ ဥပမာ အိမ်စာ ပေးခြင်းစနစ်။ ခေတ်ဟောင်းစနစ်ဟောင်းတွင် အိမ်စာပေးပုံသည် ပူးပေါင်း ဆောင်ရွက်မှု၊ တိုင်ပင်မှုအားနည်းခဲ့၍ တစ်ရက်တည်းမှာပင် ပထဝီ၊ သိပ္ပံ၊ သင်္ချာအားလုံး အကြောင်းပြုချက်များအားလုံး တစ်ပြိုင်နက်တည်း အိမ်စာ ပေးလိုက်ကြသောအခါ ကျောင်းသားများ အိမ်စာပြီးအောင် မလုပ်နိုင်ဖြစ်လာ ခြင်းက ဂိုက်များ၊ ကျူရှင်များဆီသို့ တွန်းပို့လိုက်သကဲ့သို့ ဖြစ်ခဲ့၏။ ၄င်းကို ရှောင်ရှား နိုင်ရေးအတွက် ညှိနှိုင်းအိမ်စာစနစ်ဖြင့်ယနေ့သင်္ချာအိမ်စာပေးလျှင် အခြားဘာသာ ရပ်များ အိမ်စာမပေးတော့ဘဲ အိမ်စာကိုထိန်းထိန်းသိမ်းသိမ်းပေးသော (Coordinated Homework) စနစ်ကဲ့သို့ အသေးစိတ်လုပ်ငန်းမျိုးအပြင် လုပ်ငန်းပေါင်း များစွာကို မည်သို့ပြုပြင်ပြောင်းလဲရန်လိုသည်၊ မည်မျှပြောင်းလဲ ရန်လိုသည်ကို ရှင်းလင်းစွာ ရေးသားပြုစု ဖြန့်ဝေနှီးနှောမှု အစဉ်ပြုရန်လိုသည်။ စနစ်မကျသော၊ ညှိနှိုင်းမှုမပါသော အိမ်စာစနစ်သည်ကျောင်းသားကို စိတ်ဖိစီးစေရုံသာမက ဆရာအတွက်ပါ ဝန်ထုပ်ဝန်ပိုးများစွာဖြစ်စေသည်။ ဆရာတို့၏အချိန်ကို သေချာစွာဂရုစိုက်၍ ဝေပုံကျချပြီး သင်ချိန်၊ ပြင်ဆင်ချိန်၊ စာစစ်ချိန်၊ အမှားပြင်ချိန်၊ အနားယူချိန်၊ ထပ်တိုးလေ့လာချိန် စသည်ဖြင့် သေချာစွာတွက်ချက်ပြီးမှ တာဝန် ပေးကြရန်လိုသည် ဆရာတစ်ဦးအား တာဝန်များ ထပ်မံမပေးအပ်မီ ညှိနှိုင်းပြီး ၄င်းဆရာ၏ လုပ်ငန်းများအား မထိခိုက်စေရန် ညှိနှိုင်းပြီးသော ၄င်းဆရာ၏ လုပ်ငန်းများအား မထိခိုက်စေရန်နှင့် နောက်တိုးပေးအပ်သော တာဝန်များကြောင့် ဆရာ၏ နားချိန်ကို ထိခိုက် မထိခိုက် အသေးစိတ်လေ့လာရန်မှာ ကျောင်းအုပ်များ၏ ဝတ္တရားပင်ဖြစ်ချေသည်။

ဆရာ၏ တစ်ကိုယ်ရည် အစွမ်းထက်နေစေရန် လေ့ကျင့်စရာအချိန်သည်လည်း အရေးကြီးပါသည်။ ဆရာသည်လည်း ကျောင်းသားများနည်းတူ ၄င်း၏အရွယ်နှင့်အလိုက် သိရမည့်အကြောင်းအရာများကို သိနေရအောင် ကြိုးစားရန်ဖြစ်၍ ထိုလုပ်ငန်းအတွက် အချိန်ကောင်းကောင်းလိုအပ်မည်ဖြစ်သည်။ ဆရာများသည် လူသားများဖြစ်ကြ၍ ၄င်းတို့၏ သောကများ စိတ်မချမ်းသာမှုများ၊ ၄င်းတို့၏ မိသားစုများ၏ သောကနှင့် ဖိစီးမှုများ၊ ကျန်းမာရေးကိစ္စများ၊ ကိုယ်ရေးကိုယ်တာ ပျော်ရွှင်မှု စိတ်ညစ်မှုမှစ၍ အရာရာကိုထည့်သွင်းလေ့လာ နားစွင့်စဉ်းစားပြီးမှ တာဝန်များခွဲဝေပေးအပ်မှု လုပ်ရန်လိုသည်။ မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှုတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဟု ယူဆပါသည်။

ဆရာတစ်ဦး ကျောင်းစာသင်ခန်းအတွင်း ကျောင်းသားများနှင့်အတူ လေ့ကျင့်ဖွယ်ရာတို့ကို ဦးဆောင်ပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန်အတွက် ၄င်းဆရာသည် စိတ်ကြည်လင်ပျော်ရွှင်မှု၊ လန်းဆန်းမှုနှင့်အတူ စိတ်ခွန်အားနှင့် ရုပ်ခွန်အားပါလိုအပ်ပါသည်။ ၄င်းအရည်အသွေးတို့ ရှိနေ မရှိနေကို စဉ်ဆက်မပြတ် အကဲခတ်ရန်လိုပါသည်။ ဖော်ပြပါအရည်အသွေးများရှိတန်သလောက်ရှိနေမှ ပညာရေးလေ့ကျင့်စဉ်အောင်မြင်နိုင်မည် ဖြစ်ပါသည်။

လုပ်ငန်းလမ်းညွှန် (၁)၏ ညွှန်းဆိုချက်အတွက် ဆရာရော ကျောင်းသားပါအရွယ်နှင့်အလိုက် သိရမည့် အခြင်းအရာ၊ အကြောင်းအရာများအားလုံးကိုအစဉ်တစိုက် လေ့ကျင့်တတ်သော ပုဂ္ဂိုလ်များဖြစ်လာစေရန် ပြောဆိုဆုံးမ လမ်းညွှန်နေရုံဖြင့် ဖြစ်မလာနိုင်ပါ။ ဖြစ်လာစေရန် နည်းစနစ်များစွာ ရှိပါသည်။ ထိုနည်းစနစ်များထဲတွင် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုကျင့်စဉ်၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်မှုကျင့်စဉ်တို့ ပါရှိရမည်။ ထာဝရ လေ့လာသူတစ်ဦးအဖြစ် ဖြစ်မြောက်လာစေရန် အခြေခံအားဖြင့် အကျင့်ပြုလေ့ကျင့်စဉ် (၁၇) နှစ်စာ လိုအပ်ပါသည်။ ရုပ်ဝတ္ထုပံ့ပိုးမှုအနေဖြင့် စာသင်ခန်းအတွင်း လေ့ကျင့်ကြသည် ဖြစ်၍ စာသင်ခန်း၏အဆင်အပြင်သည်လည်း အရေးကြီးသောနေရာမှ ပါဝင်သည်။

ခေတ်ဟောင်းပညာရေးစနစ်များတွင် စာသင်ခန်း၏ အဆင်အပြင်ကို ထိုခေတ်တို့နှင့် လျော်ညီသော အဆင်အပြင်ဖြင့် စီစဉ်လေ့ကျင့်ခဲ့ကြသော်လည်း အတွေးသစ်အမြင်သစ်တို့ဖြင့် ခရီးလမ်းသစ်တစ်ခုသို့ အရောက်သွားနေကြပြီဖြစ်သော ယနေ့ခေတ်၏ ရည်မှန်းချက် ဦးတည်ချက်ပန်းတိုင်တို့အရ လက်ရှိ

အသုံးပြုလျက်ရှိသော စာသင်ခန်းတို့၏ အဆင်အပြင်ကို ကုန်ကျစရိတ်အနည်းဆုံး သုံး၍ ပြောင်းလဲရန် လိုအပ်သည်။

## ဦးနှောက်မှ မှတ်တမ်းတင်ခြင်း သဘာဝ

ခေတ်သစ်ပညာရေးစနစ်တွင် ဆရာများအားလုံး လူမှုရေးနိယာမများ လေ့လာရန် လိုအပ်သည်။ လူတို့၏ အကြောင်းကို လေ့လာရန်လိုအပ်သည်။ လူတို့၏သဘာဝ၊ လူသားတို့၏ဦးနှောက်အကြောင်း၊ လူ့ခန္ဓာကိုယ်ဖွဲ့စည်းမှုမှ အစချီ၍ လူသားတို့၏ နေပုံထိုင်ပုံ သွားပုံလာပုံ၊ စားပုံသောက်ပုံ၊ စဉ်းစားပုံအားလုံး အသေးစိတ် သိရှိထားရန်လိုသည်။ လူသားတို့အား လေ့ကျင့်ပေးကြမည့် ဆရာများသည် လူသားတို့၏ ကိုယ်၊ စိတ်တို့ အလုပ်လုပ်ပုံကို မသိပါဘဲ မည်သို့မျှ လေ့ကျင့်မပေးနိုင်ပါ။ သို့ဖြစ်၍ ဆရာအတတ်သင်ပညာများတွင် လူမှုရေး နိယာမများကိုပါ လေ့လာစေပြီး ခေတ်သစ်ပညာရေးလေ့ကျင့်စဉ်ကို အောင်မြင် အောင် ဆောင်ရွက်နိုင်သည်။ လိုရင်းပြန်သွားသော် လူ့ဦးနှောက်၏ အလုပ်လုပ်ပုံ အရ လူတို့သည် ဘယ်အရာ ဘယ်ကိစ္စကိုပဲ ဆောင်ရွက်ဆောင်ရွက် ၎င်းတို့၏ ဦးတည်လုပ်ဆောင်ရာလုပ်ငန်းနှင့် အာရုံသိမှတ်ခြင်းလုပ်ငန်းဟူ၍ (၂) ကဏ္ဍရှိ သည်ဟု ဦးနှောက်၏ အလုပ်လုပ်ပုံကိုတွေ့ရမည်။ ဥပမာ - တစ်နေရာကို ကြည့်နေသော်လည်း မကြည့်နေသော ဘေးမှ အရာဝတ္ထုများအားလုံးကိုမြင်သည်။ ကြည့်နေသော အရာဝတ္ထုတစ်ခုတည်းရှိသော်လည်း ဦးနှောက်မှ မကြည့်ဘဲ မြင်နေသော ပတ်ဝန်းကျင်ရှိ အရာအားလုံးကို အာရုံငါးပါးစလုံးဖြင့် မှတ်တမ်း တင်နေ၏။ ကြည့်နေသောအရာ အာရုံစိုက်ထားသော အရာကိုလည်း အာရုံ ငါးပါးစလုံးဖြင့် ဦးနှောက်က မှတ်တမ်းတင်နေသလို မကြည့်ဘဲမြင်နေသော အရာအားလုံးကိုလဲ အာရုံငါးပါးဖြင့် တစ်ပြိုင်တည်း မှတ်တမ်းပြုနေသည်။ လူတစ်ဦးသည် လမ်းဘေး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်တွင် မုန့်ဟင်းခါးသွားစားသည်။ မုန့်ဟင်းခါး သွားစားခြင်းသည် သူဦးတည်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည်။ မုန့်ဟင်းခါး သွားစားခြင်းသည် သူ့ဦးနှောက်က ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည်။ မုန့်ဟင်းခါးဆိုင်တွင် သူစိတ်ဝင်စားသည်မှာ မုန့်ဟင်းခါးစားရန်သာဖြစ်သည်။ သူမုန့်ဟင်းခါး စားရန်အပြင် အခြားမည်သည့် အရာကိုမျှ စိတ်ဝင်စားခြင်းမရှိ။ မုန့်ဟင်းခါးဆိုင်တွင် ထိုင်သည်။ မုန့်ဟင်းခါးမှာသည်။ စားသည်။ သူ၏

ရည်ရွယ်ချက် (သို့) လာရင်းလုပ်ငန်းကို လုပ်သည်။ သူ၏ဦးနှောက်မှာ မုန့်ဟင်းခါး၏ အနံ့အရသာအပြင် မုန့်ဟင်းခါးစားနေစဉ် ကြားနေရသည့်အသံများ မုန့်ဟင်းခါးနှင့် သူ၏လျှာတို့ အထိအတွေ့ခံစားမှုအားလုံးတို့ကို စက္ကန့်မလပ် မှတ်တမ်းတင်နေ၏။ တစ်ပြိုင်နက်မှာပင် လာရင်းရည်ရွယ်ချက်မဟုတ်သော (သို့) သူလုပ်ဆောင်ရန် စိတ်ကူးမထားသည့် အလုပ်များကို သူကလုပ်ရန် မရည်ရွယ်သော အလုပ်များကို သူ၏ဦးနှောက်ကလုပ်နေသည်။ ဥပမာ- သူ၏ဦးနှောက်က သူ၏လာရင်းကိစ္စ ဖြစ်သော မုန့်ဟင်းခါးစားသည့်ကိစ္စနှင့် ပတ်သက်သည့် အာရုံငါးပါးစလုံးကို မှတ်တမ်းပြုနေရင်း မုန့်ဟင်းခါးဆိုင်မြင်ကွင်းအပါအဝင် မုန့်ဟင်းခါးရောင်းသော အဒေါ်ကြီး (သို့) ဦးလေးကြီး၏ပုံရိပ်၊ နံနံပင် ထည့်ထားသော ဇကာ၊ ငရုတ်သီးဇလုံ သို့မဟုတ် ငရုတ်သီးမှုန့်ပန်းကန်၊ မုန့်ဖတ်ဇလုံနှင့် မုန့်ဖတ်များ၊ မုန့်ဟင်းခါးဆိုင်၏ စားပွဲ၊ စားပွဲခင်းနှင့် ထိုင်ခုံများ၊ လက်သုတ်ပဝါများ အစရှိသည့် သူ၏မြင်ကွင်း၊ ကြားကွင်း၊ ရှုကွင်း အာရုံငါးပါးနှင့်ခံစား၍ ရသမျှ အားလုံးတို့ကို တရစပ် စက္ကန့်မလပ်မှတ်တမ်းပြုနေ၏။ သို့ဖြစ်၍ ပြန်လည်ချုံ့လိုက်သော် ကိစ္စနှစ်ခုတွေ့ရမည်။ (၁) မုန့်ဟင်းခါးစားခြင်း၏ မှတ်တမ်း (၂) မုန့်ဟင်းခါး ဆိုင်၏မြင်ကွင်း။ ဤနှစ်ခုကို သူ၏ဦးနှောက်မှ တွဲ၍ မှတ်သည်။ ခွဲ၍မမှတ်။ တွဲ၍မှတ်သည်။ ၎င်းနှစ်ချက် (သို့) ၎င်းမှတ်တမ်းနှစ်ရပ်တို့ ပူးတွဲ၍ အလုပ်လုပ်သည်။ အမှတ် (၁)ကို ပြန်ခံစားရရန် အမှတ် (၂)က ပံ့ပိုး၏။ အမှတ် (၂)မှတ်တမ်းပါ အင်္ဂါရပ်များ၊ မှတ်တမ်းများ ပြန်လည်ပြည့်စုံလာသောအခါ အမှတ်(၁) မှတ်တမ်းပါ ခံစားချက်များကို ပြန်လည်လုပ်ဆောင်ရ၍ ပြန်လည် အကောင်အထည်ဖော်လာသည် (သို့) ပေါ်လာမည်။ စကားပြေဖြင့်ရှင်းသော် စာရေးသူသည် ငယ်စဉ်က လမ်းထိပ်မုန့်ဟင်းခါးဆိုင်တွင် အစ်မတို့ ကခေါ်သွား၍ မုန့်ဟင်းခါး ကို စတင်စားဖူးသည်။ ဗိုက်ကလည်းဆာ၍ မုန့်ဟင်းခါးကို စားလိုက်ရသောအခါ ပထမဦးဆုံးအကြိမ်ဖြစ်သော်လည်း မုန့်ဟင်းခါး၏ အနံ့အရသာ၊ မုန့်ဟင်းခါး ပန်းကန်ထဲရှိမုန့်ဖတ်၊ ဟင်းရည် ဘူးသီးကြော်၊ ငှက်ပျောပင်၊ နံနံပင်၊ ငရုတ်သီးစသည့် ပုံရိပ်များအားလုံးကို ကြိုက်နှစ်သက်ခဲ့သည့်နောက်ပိုင်း အရွယ်အတော်အတန် ရောက်သည့်အထိ လမ်းထိပ်မုန့်ဟင်းခါးဆိုင်တွင် မနက်တိုင်း သွား၍ စားဖြစ်သည်။ မုန့်ဟင်းခါး ဆိုင်မှ အဒေါ်ကြီး၏ ပုံသဏ္ဌာန်၊ ခူးခပ်ထည့်ပေးနေပုံ၊ အဒေါ်ကြီး၏ အကျင့်ဖြစ်သော မုန့်ဖတ်ထည့်လျှင် ပထမ အများကြီးထည့်သည်။ ပြီးလျှင် ပြန်နုတ်သည်။ ဟင်းရည်ခတ်လျှင်လည်း အများကြီးခတ်သည်။ သို့သော်

မုန့်ဟင်းခါးပန်းကန်ထဲသို့ နည်းနည်းပဲထည့်သည်။ ဟင်းရည်ခပ်ဇွန်းကြီးကို ပြန်ပြန်ကဲ့၍ ဟင်းရည်များပြန်ယူသွားတတ်သည့် မြင်ကွင်းများအပါအဝင် အဒေါ်ကြီး၏ ညစ်ပတ်လှသော လက်နှီးစုတ်၊ ပြန့်ကျဲနေသော အကြော်များ၊ ရှောက်သီးစိတ်နှင့် နံနံပင်များ၊ စုတ်ပဲ့နေသော ပလပ်စတစ်စားပွဲခင်း၊ မုန့်ဟင်းခါးဆိုင်၏ ဖြစ်သလိုရိုက်ထားသော အိမ်လုပ် မုန့်ဟင်းခါးစားပွဲနှင့် ဒေါက်တိုင်များကို ကျားကန်ပေးထားသော ကျားဒေါက်များ၊ ယင်းတို့ကြောင့် ခြေထောက်ကို စားပွဲအောက်တန်းတွင်တင်၍မရ။ အမြဲတမ်းဖင်ညပ်တတ်သော ခွေးခြေအပုလေးများ အစရှိသည် အရင်မြင်ကွင်းများစွာကို မှတ်မိနေဆဲ။ တစ်နေ့ လူကုံထံမိသားတစ်စုဖိတ်၍ ဟိုတယ်ကြီးတစ်ခုတွင် ကျင်းပသော ရှင်ပြုအလှူကို တက်ရောက်ခဲ့ရာ မုန့်ဟင်းခါးအကောင်းစားဖြင့် တည်ခင်းဧည့်ခံသည်။ မုန့်ဟင်းခါး ကြိုက်သော စာရေးသူအတွက် အကောင်းဆုံး ဧည့်ခံမှုရရှိခြင်းဖြစ်သည်။ သို့ရာတွင် အလှူရှင်တို့၏ စေတနာထိပ်တန်းဖြင့် ကောင်းစွာချက်ပြုတ်စီမံကျွေးမွေးသော မုန့်ဟင်းခါး သည် ပါးစပ်အတွင်းရောက်ရှိစားသုံးသည့်အခါ မိမိသိလိုက်သည်၊ လမ်းထိပ်က အဒေါ်ကြီး၏ မုန့်ဟင်းခါးလောက် မကောင်း၊ မပြည့်စုံခြင်း ခံစားရမှုတစ်ခုကို ခံစားရသည်။ အဒေါ်ကြီးမုန့်ဟင်းခါး၏ ခြေဖျားပင်မရှိဟု ခံစားရသည်။

ဤဖြစ်စဉ်အား သိပ္ပံနည်းကျ ပြန်လည်သုံးသပ်သောအခါ စာရေးသူ၏ ဦးနှောက်မှ လမ်းထိပ်ကအဒေါ်ကြီး မုန့်ဟင်းခါးကို စတင်စားစဉ်က မှတ်တမ်းတင်ထားခဲ့သော (၁) မုန့်ဟင်းခါးစားခြင်းမှတ်တမ်း (၂) မုန့်ဟင်းခါးဆိုင်၏ မြင်ကွင်းအားလုံး နှစ်မျိုးစလုံးကို ကျွန်တော့်ခန္ဓာကိုယ်၏ အာရုံ (၅)ပါးစလုံးဖြင့် မှတ်တမ်းပြုပြီး နောက်ဆုံး အသိအနေဖြင့် မှတ်တမ်းတင်သည်မှာ အလွန်အရသာရှိသော မုန့်ဟင်းခါးဖြစ်သည်ဟု ဖြစ်သည်။ ဒုတိယလိုက်ပါချက်မှာ မိမိ အလွန်ကြိုက်သည်ဟူသော သညာ ဖြစ်သည်။ လူ့ဦးနှောက်၏အလုပ်လုပ်ပုံကို အထက်တွင် ပြသကဲ့သို့ (၂) ပတ်ဝန်းကျင်ပြည့်စုံမှု (၁) ကိုပြည့်စုံစေသည့်အတွက် မိမိစားခဲ့သော ဟိုတယ်ကြီးမှ မုန့်ဟင်းခါးသည် (၂ )မပါသောကြောင့် (၁)မှတ်တမ်းပါ ကြိုက်နှစ်သက်ခြင်းအရာများကို မိမိဦးနှောက်က မိမိအားပြန်လည်ထုတ်မပေး။ ပြန်လည် မခံစားစေခဲ့။ ထို့ကြောင့် စာရေးသူကျွန်တော် ကောက်ချက်ချသည်။ အဒေါ်ကြီး မုန့်ဟင်းခါးပဲကောင်းသည်၊ ဟိုတယ်ကြီးမှမုန့်ဟင်းခါး ဘယ်လောက် ကောင်းတယ် ပြောပြော ဘယ်သူချက်ချက် နောက်ဆုံး လမ်းထိပ်မုန့်ဟင်းခါးဆိုင်မှ အဒေါ်ကြီးပင် လာချက်စေဦး ၄င်းဟိုတယ်ကြီးမှ မုန့်ဟင်းခါး၏ အရသာသည် လမ်းထိပ်တွင်


စားရသည့် အခါ (သို့) လမ်းထိပ်တွင်စားသည့် မုန့်ဟင်းခါး၏အရသာလောက် မကောင်းဟု ဖြစ်လာတော့သည်။

ဆိုလိုရင်းကား လူ့ဦးနှောက်၏ အလုပ်လုပ်ပုံအရ (၂)ပါတ်ဝန်းကျင် ပြည့်စုံလာလျှင် (၁)ကို အလိုလို ဦးနှောက်မှ ပြန်လည်ခံစားစေသည်။ တူညီနီးပါး ခံစားမှု ပြန်လည်ရရှိစေသည်။ ပြန်လည်လုပ်ဆောင်ရန် အားပေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကျောင်းသားတို့ဘဝတစ်လျှောက်လုံး လေ့လာသူများဖြစ်လာစေရန် ကြိုးပမ်းရာ၌ ကျွန်ုပ်တို့ ဦးနှောက်၏ အလိုအတိုင်း လိုက်လျောညီထွေဆောင်ရွက်လျှင် အောင်မြင်လာနိုင်မည်။

## ခုံစီစနစ်၏ အကျိုးသက်ရောက်မှု

လွန်ခဲ့သော နှစ်ပေါင်း (၆၀၀)ခန့်က စတင်အသုံးပြုခဲ့သော ဒေါင်နှင့် အလျားလိုက် ခုံစီစနစ်ကို ကျွန်ုပ်တို့ ယနေ့ထက်တိုင် အသုံးပြုဆဲဖြစ်သည်။ ပြင်ရမည်။ အဘယ့်ကြောင့်ဆိုသော် ရည်ရွယ်ချက်များမတူတော့၍ ဖြစ်သည်။ ကျောင်းသားများ စာသင်ခန်းတွင်ထိုင်ကြ၍ အလုပ်လုပ်ရာတွင် သူတို့၏ ဦးတည် လုပ်ငန်းစဉ် လုပ်ငန်းသည် စာပေလေ့လာရန်ဖြစ်သည်။ စာပေလေ့လာရန်ကို အချက် (၁)အဖြစ်မှတ်ယူလျှင် စာပေလေ့လာနေစဉ် ကျောင်းသားတို့၏ ဦးနှောက်က လိုက်လံမှတ်တမ်းပြုမည်။ ပတ်ဝန်းကျင်ပုံရိပ်များသည် အတန်း ပတ်ဝန်းကျင်များ ပင်ဖြစ်သည်။ သို့ဖြစ်၍ ဒေါင်လိုက်ခုံစီစနစ်မြင်ကွင်းအပါအဝင် ကျောင်းတက်ဖော်များ၏ ပုံရိပ်များ၊ ဘလက်ဘုတ်၊ ဝှိုက်ဘုတ်များ၊ ဆရာမ ထိုင်ခုံများ၊ ဒတ်စတာများ အပါအဝင် စာသင်ခန်းထဲရှိ အရာအားလုံးပါဝင်သည်။ ၄င်းတို့သည် ကျောင်းသားတို့စာပေလေ့လာခြင်းတည်းဟူသော တစ်သက်လုံး လုပ်သင့်သည့်လုပ်ငန်းကို လုပ်ဆောင်နေစဉ် ၄င်းတို့၏ဦးနှောက်ကမှတ်တမ်း ပြုထားသော (၂) ပုံရိပ်များ ဖြစ်သည်။ အထက်တန်းကျောင်းသားများဘဝတွင် အတန်းတိုင်းလိုလို ပုံစံဆင်၍ ပြဿနာမရှိ။ မည်သည့်စာသင်ခန်းဝင်ဝင် အမှတ်(၂)ပုံရိပ်များတူ၍ သို့မဟုတ် ဆင်၍ အမှတ် (၁)လုပ်ငန်းကို ဆောင်ရွက်တော့မည်ကို ကျောင်းသားတို့ လူ့ဦးနှောက်၏ စွမ်းပကားကြောင့် သိရှိ၍ အလိုလို အမှတ်(၁)ဦးတည် လုပ်ငန်း ဖြစ်သည့် စာပေလေ့လာခြင်းကို လုပ်ပြီးသားဖြစ်၏။ သူတို့၏စိတ်ကိုယ်တိုင်က လုပ်ရတော့မည် လုပ်ရတော့မည်ဟု ပြင်နေပြီးဖြစ်၏။

တက္ကသိုလ်များဆက်တက်သော် တက္ကသိုလ်များတွင်လည်း အများစု၏ ခုံစီပုံမှာ လေးထောင့်ခုံစီစနစ်ပင်ဖြစ်၍ ပြဿနာမရှိ။ အမှတ်(၂) ခပ်ဆင်ဆင်ဖြစ်၍ တက္ကသိုလ်ကျောင်းတွင်လည်း အမှတ် (၁)လုပ်ငန်း လုပ်ကြ၏။ တက္ကသိုလ်ကျောင်း ရောက်သည့်တိုင်အောင် အမှတ်(၂) ပတ်ဝန်းကျင်ဦးဖြစ်သော အ. ထ. က ကျောင်း၏ မှတ်တမ်းစိုးမိုးမှုကြောင့် ကျောင်းသားတို့အသက်ကြီး အရွယ်ရောက် သွားသည့်တိုင် အမှတ်(၂)ပတ်ဝန်းကျင်တုန်းက လုပ်ခဲ့သည့်လုပ်ငန်းများ ရာနှုန်းပြည့် နီးပါး၊ ဆိုလိုသည်မှာ ငယ်ငယ်က အမှတ်(၂) ပတ်ဝန်းကျင်ကို စတင်မှတ် တမ်းပြုစဉ် မှတ်တမ်းပြုဆဲကာလတိုရှည်များတွင် ရာနှုန်းများများ လုပ်ခဲ့သောလုပ်ငန်းများ အားလုံးကို တက္ကသိုလ်တွင်လည်း ပြန်လည်လုပ်လိမ့်မည်။ ထို့ကြောင့် အ. ထ. က ကျောင်းများတွင်ကျူရှင်ယူခဲ့သော ကျောင်းသားများ တက္ကသိုလ်ကျောင်း ရောက်လျှင်လည်း ထပ်၍လုပ်သည်။ နိယာမအရဆိုသော် အမှတ်(၁) လုပ်ငန်းများ ထပ်ဖြစ်သည်။



**လေးထောင့်ခုံစီစနစ် နမူနာ**

သို့သော် ကျောင်းပြီးဘွဲ့ရ၍ လုပ်ငန်းခွင်သို့ဝင်ရောက်ကြသည့်အခါ ကျွန်ုပ်တို့ခံယူယုံကြည်ထားသည့် ကျန်းမာချမ်းသာစေရေးအတွက် အလုပ်လုပ်ရန် လိုသောလုပ်ငန်း လမ်းညွှန်(၁)၏ အမြင်ရှုထောင့်ကကြည့်သော် ကျောင်းပြီး ဘွဲ့ရ အလုပ်လုပ်နေသည့်တိုင်အောင် စာပေလေ့လာမှုကို ဆက်လက်လုပ်ရန် လိုအပ်

နေသည်ပင်ဖြစ်သည်။ သို့ရာတွင် ဘွဲ့ရပြီး ကျောင်းပြီးပြီး နောက်ပိုင်းတွင် စာပေလေ့လာခြင်းတည်းဟူသော ငယ်ငယ်ကတည်းက အမှတ်(၁) လုပ်ငန်းစဉ်ကို အထောက်အပံ့ပေးဖြစ်ပေါ်စေမည့် အမှတ်(၂) ပတ်ဝန်းကျင်များဖြစ်သည့် လေးထောင့်ခုံစီခြင်းအပါအဝင် အပေါင်းအသင်းများ ဆရာများမရှိလာနိုင်တော့၍ အမှတ် (၁)လုပ်ငန်းများဖြစ်သည့် စာပေလေ့လာခြင်းကို ဘွဲ့ရများ မလုပ်ကြတော့။ သူတို့မလုပ်ချင်၍ မဟုတ်။ သူတို့ဦးနှောက်က သူ့အလုပ်သူလုပ်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ကျောင်းပြီးဘွဲ့ရပြီးနောက်ပိုင်းမှာ စာပေလေ့လာမှု (Life-long Learning )ရရှိစေရန် ငယ်စဉ် အထက်တန်းကျောင်းသားဘဝကပင် အမှတ်(၂) ပတ်ဝန်းကျင်ကို အထောက်အပံ့ပြုမည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်လာအောင် စီမံပုံစံပြုရန်လိုသည်။ ငွေကြေးကုန်ကျမှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်သော မြန်မာပညာရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ အမှတ် (၁) စာပေလေ့လာခြင်း လုပ်ငန်းကို တစ်သက်လုံး ဆောင်ရွက်လာစေရန် အမှတ်(၂) ပတ်ဝန်းကျင်သည် လူတို့တစ်သက်လုံး ဘဝတစ်လျှောက်လုံး နေ့ထိုင်ကြုံတွေ့နိုင်ချေများသည့် ပတ်ဝန်းကျင်မျိုးဖြစ်အောင် ပုံစံပြုရန်လိုလာသည်။




**ခေတ်သစ် စာသင်ခန်း အဆင်အပြင်**

လူတို့သည် အိမ်တွင်နေသော သတ္တဝါများဖြစ်၍ အမှတ် (၂) ပတ်ဝန်းကျင်ကို ငယ်စဉ်ကာလကလေးဘဝ ကျောင်းများစ၍ ကျောင်းအဆက်ဆက်၊ အထူးသဖြင့် အထက်တန်းကျောင်းများတွင် စာသင်ခန်း အပြင်အဆင်တို့အား ရွေးကျသော

ဒေါင်လိုက် စာသင်ခန်းခုံစီပုံအစား အိမ်နှင့်ပိုတူလာသော စာသင်ခန်းများအဖြစ် ကမ္ဘာပေါ်ရှိ တိုးတက်နှင့်ပြီးသောနိုင်ငံများတွင် ပြောင်းလဲသုံးစွဲ လာကြသည်မှာ ၁၉၄၅ ခုနှစ်နောက်ပိုင်း ကတည်းကဖြစ်သည်။ ကျောင်းသားတိုင်းအား (ဝါ) ကလေးတို့အား ကျန်းမာချမ်းသာစွာနေနိုင်ရေး လေ့ကျင့်စဉ်သည် ထင်ရာလုပ်၍ မအောင်မြင်နိုင်။ နှစ်ပေါင်းများစွာလေ့လာပြီး လက်တွေ့ပါလုပ်ခဲ့သော ပုဂ္ဂိုလ် ပညာရှင် ဆရာများ၏ ရေးသားချက်၊ ဖွင့်ဆိုချက်၊ ပို့ချချက်၊ လက်တွေ့ ဆောင်ရွက် ချက်များစွာတို့ကို လေ့လာအခြေပြု၍ မိမိတို့မြန်မာကလေးငယ်များနှင့် ကိုက်ညီမည့် အမှတ်(၂)ပတ်ဝန်းကျင်ကို ပုံစံပြုကြရမည်ဖြစ်သည်။ လေ့ကျင့်စဉ် အားလုံးတွင် အရာရာ အရေးပါသည်။ တစ်ချက်မှ လွတ်၍မရ။ အရာရာ ပုံစံပြုရသည်။ ရည်ရွယ်၍ လုပ်ရသည်။ ပညာရေးလေ့ကျင့်စဉ်များတွင် အမှတ်တမဲ့ မရှိ။ အရာရာရည်ရွယ် ချက်ပါသည်။ ဦးတည်ချက်ရှိသည်။ သို့မှ အောင်မြင်မည်။ စာသင်ခန်းများအား အိမ်နှင့် တူနိုင်သမျှ တူအောင် လုပ်နည်းများစွာရှိပါသည်။ စာသင်ခန်းများအိမ်နှင့် ဆင်သည့်အခါ ကျောင်းသားတို့၏ အမှတ်(၂) ပတ်ဝန်းကျင် သည် အိမ်ပတ်ဝန်းကျင်နှင့် အတိအကျမတူသော်လည်း အိမ်ပတ်ဝန်းကျင်နှင့် ဆင်၍ ၄င်းတို့ (၁၃) နှစ်ကြာ ဆောင်ရွက်ရသော စာပေလေ့လာမှု တည်းဟူသော လုပ်ငန်းစဉ်အမှတ် (၁)ကို ဆောင်ရွက်စဉ် ၄င်းတို့၏ဦးနှောက်မှ တစ်ပြိုင်နက် မှတ်သားသော အိမ်နှင့်တူသော အမှတ်(၂)ပတ်ဝန်းကျင်သည် ကလေးတို့နှင့်အတူ နေ့တိုင်း တစ်သက်လုံးရှိနေသော ပတ်ဝန်းကျင်ဖြစ်၍ ကလေးတို့သည် ၄င်းတို့၏ ဘဝတစ်သက်လုံးတွင် အိမ်နှင့်တူသော အမှတ် (၂) ပတ်ဝန်းကျင်၏ စေ့ဆော်မှု ကြောင့် အမှတ် (၁) ပတ်ဝန်းကျင်တွင်လည်းဖြစ်၊ ဦးတည်လုပ်ငန်းလည်းဖြစ်ခဲ့ သော စာပေလေ့လာခြင်းသည် ၄င်းတို့နေ့စဉ်လုပ် ဖြစ်လာမည့် ဖြစ်သည့် လုပ်ငန်း ပင်ဖြစ်လာသည်ဖြစ်၍ ကျွန်ုပ်တို့၏ ရည်မှန်းချက် လုပ်ငန်းစဉ်ဖြစ်သည်။ လူသားတို့ ကျန်းမာချမ်းသာစွာနေနိုင်ရေးအတွက် လူသားတိုင်းသည် မိမိ၏အရွယ်နှင့်အလိုက် သိသင့်သိထိုက်သည်များအားလုံးကို ထာဝရ နေ့စဉ်လေ့လာနေကြရန် လက်တွေ့ ဖြစ်လာခဲ့ပြီကိုလည်း တွေ့ရှိခဲ့ပြီးယနေ့ စတင်ဆောင်ရွက်နိုင်လျှင် အချိန်နှင့်အမျှ အကျိုးထူးရရှိလာမည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

စာသင်ခန်းဟူသည် ယနေ့ခေတ် တစ်ယူသန်စွဲနေသော အယူအဆ၏ လွှမ်းမိုးမှုကြောင့် စာသင်ခန်း၏ မူလအဓိပ္ပာယ်ကို မေ့လျော့ကုန်ကြ၏။ စာသင်ခန်းသည်

ကလေးတို့နှင့် ဆရာကို ပြင်ပတွင် ဆောင်ရွက်ရန်မလိုသောအခါ၊ မရှိသော အခါမှ ဆွေးနွေးအလုပ်လုပ်ရာနေရာတစ်ခုဖြစ်လာပြီး ဆရာနှင့်ကျောင်းသားတို့၏ မူလလုပ်ငန်းမှာ ပညာရေးလေ့ကျင့်စဉ်များကို ပြင်ပတွင်သာလုပ်ရန် ရည်ရွယ်ပြီး ပြင်ပတွင် ရာသီဥတုဒဏ် (သို့) အခြားဖြစ်နိုင်ခြေ ရှိသော အန္တရာယ်များရှိသည်ကို (သို့) အပြင်တွင် လုပ်ဆောင်ရန်များကို ကြိုတင်ပြင်ဆင်ရန် ရှိသည့်အခါ တစ်နေရာတွင် စုဝေး၍ ပြင်ဆင်ဆောင်ရွက်ရန်အတွက် အခန်းတစ်ခန်းကိုကာထား ခြင်းသာဖြစ်သည်။ သို့ဖြစ်သောကြောင့် အမေရိကန်တွင် ၄င်းတို့မူသေအတိုင်း စာသင်ခန်းကို (Home Room) ဟု သုံးစွဲ၍ အထိုင်ဟုထားပြီး၊ (Home Room) ပြီးလျှင် သင့်တော်ရာ သက်ဆိုင်ရာ ဒေသဌာနများသို့ သွားရောက်လေ့လာ လုပ်ကိုင်ကြ သည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ဆရာနှင့်ကျောင်းသားများသည် စာသင်ခန်းထဲတွင်ပင် ကုတ်မနေဘဲ၊ လုပ်မနေဘဲ တတ်နိုင်သရွေ့ ပြင်ပတွင်အတူတကွ အလုပ်လုပ်ကြ ခြင်းဖြင့် ပတ်ဝန်းကျင် (၂)ကို ကောင်းစွာတည်ဆောက်နိုင်သည်။ ပတ်ဝန်းကျင် (၂)သည် လူလေးတို့ တစ်သက်လုံးနေရမည့် လူလေးတို့၏ တစ်သက်တာ ပတ်ဝန်းကျင်ဖြစ်လေလေ ၄င်းတို့လုပ်ခဲ့ကြသော အမှတ်(၁) ပတ်ဝန်းကျင်ဖြစ်သည့် စာပေလေ့လာခြင်းလုပ်ငန်းစဉ်သည် သဘာဝအလျှောက် လုပ်ဖြစ်လာကြလေလေ ဖြစ်၍ ကျောင်း၏ နေ့စဉ်လုပ်ငန်းများကိုပါ ပိုမိုစိတ်ဝင်စားလာရာ ကျောင်းသား တို့အား လေ့လာမှုအလုပ်တွင် ကိုပိုမိုတက်ကြွစေမည်။ လေ့လာရေး ပတ်ဝန်းကျင် ကောင်းများပါ ကောင်းကျိုးရရှိမည် ဖြစ်သည်။

ဤကဲ့သို့ လူ၏ဦးနှောက်၏ လုပ်ကိုင်ပုံ၊ စီမံခန့်ခွဲနေရာချပုံ၊ ကျွန်ုပ်တို့ အားလုံးကို ကျွန်ုပ်တို့၏ ဦးနှောက်များက ပြန်လည်ခိုင်းနေပုံတို့ကို အခြေပြု၍ ဆောင်ရွက်ခြင်းလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ ပညာရေးကို ကောင်းမွန်သော ပညာရေးလေ့ကျင့်စဉ်များအဖြစ် ပြောင်းလဲရာ၌ အဓိကကျသော လုပ်ငန်းစဉ်များ တွင် ပါဝင်သဖြင့် အချိန်ယူ၍ ဆောင်ရွက်ရန်ဖြစ်သော်လည်း လုပ်လျှင်ရသည့် လုပ်ငန်းများဖြစ်ပြီး လုပ်ကိုလုပ်ရမည့် လုပ်ငန်းများလည်းဖြစ်သည်။



မူကြို၊ကလေးငယ်များ  တစ်သက်တာလေ့လာသူများဖြစ်လာစေရန်
အထောက်အပံ့ဖြစ်စေမည့်  ခေတ်မီစာသင်ခန်းအဆင်အပြင်



မူကြို၊ တစ်တန်းနှင့် နှစ်တန်း ကလေးငယ်များ
တစ်သက်တာလေ့လာသူများဖြစ်လာစေရန်
အထောက်အပံ့ဖြစ်စေမည့်  ခေတ်မီစာသင်ခန်းအဆင်အပြင်

လူတိုင်းအတွက် ပညာရေး



အိမ်နှင့်တူသော စာသင်ခန်း



နည်းပညာသုံး စာသင်ခန်း

ပညာရေးစနစ်တစ်ခုတွင် စာသင်ခန်းပုံစံကိုလည်း ဖြစ်သည့်အတိုင်း ရှိသည့်အတိုင်းသုံး၊ သင်ကြား လေ့ကျင့်ရာတွင်လည်း မိမိအကောင်းဆုံး ထင်သည့် နည်းအတိုင်းသုံးပြီး သင်ကြသည်။ နိယာမများ၊ ဆရာတို့၏အတတ်များ လေ့လာခြင်း သုံးစွဲခြင်းမရှိ။ ရေရာသော မျှော်မှန်းချက်မရှိ။ တူညီသော ရည်မှန်းချက်မရှိ။ ဂုဏ်ထူးထွက်ရန်နှင့် မြို့နယ်ပထမရရှိရန်၊ တိုင်းပထမရရှိရန်၊ လူရည်ချွန်ဖြစ်ရန်သာဦးတည်ရည်မှန်း၍ သင်ကြားခြင်းသည် အကျိုးမရှိ။ ကျန်းမာချမ်းသာစေရန်သာ ဦးတည်လေ့ကျင့်သင်ကြားသင့်သည်။

## အလွတ်ကျက်ခြင်း ပြဿနာနှင့် ကျူရှင်၏ အကျိုးသက်ရောက်မှု

ကျောင်းသားတို့ မိမိတို့ဘာသာ လေ့လာရန်ဖြစ်သောအရွယ်နှင့်လိုက်သည့် လေ့လာစရာများကို ကိုယ်တိုင်လေ့လာရင်း အကြောင်းပြချက်များအပေါ် ထိတွေ့ဆောင်ရွက်ဖန်များ၍ သိသည်ထက်သိလာ၍ သိမှုများပြား လာသောကြောင့် မေးသမျှအကုန်သိနေခြင်းသည် အရွယ်အလိုက်သိသင့်သည်များကို မိမိကိုယ်တိုင် မည်မျှ သိအောင် လေ့လာနေသည်ကို ရောင်ပြန်ဟပ်ရန်သာလိုသည်။ မည်မျှသိသလဲ မေးခြင်းသည် မည်မျှကိုယ်တိုင်လေ့လာထားသလဲ သိလို၍ဖြစ်သည်။ မည်မျှ ထိတွေ့မှုရှိသလဲဟု အရွယ်အလိုက် သိရမည့်အရာများနှင့် မည်မျှရင်းနှီးနေသလဲ မည်မျှထိတွေ့မှုရှိသလဲဆိုတာကို ဖော်ထုတ်ခြင်းဖြစ်သည်။ မည်မျှအလွတ်ကျက်ထားသလဲကို မေးခြင်းမဟုတ်။ အလွတ်ကျက်၍ အကုန်ဖြေနိုင်ခြင်းသည် ဤ အကြောင်းပြချက်နှင့် အတူနေတာများ၍ သိနေခြင်းမဟုတ်။ အတူနေတာများ၍ သိနေခြင်းများကို အချက်အလက်ပြုစု စုစည်း၍ အလွတ်ကျက်ထားခြင်းသာ ဖြစ်သည်။ ဖြည်းဖြည်းစဉ်းစားကြပါ။ အရေးကြီးပါသည်။ လွယ်လွယ်လေးနဲ့ ခက်ကုန်၏။ နီးနီးလေးနှင့် ဝေးကုန်၏။ ကျောင်းသား၏ မူလဘူတလုပ်ငန်းမှာ လေ့ကျင့်စဉ်များ စဉ်းစားစရာများအားလုံးကို ကိုယ်တိုင်ကိုယ်ကျ လုပ်ရန် ဖြစ်သည်။ အဓိကမှာ အလုပ်လုပ်ချိန်နှင့် စဉ်းစားရန်ဖြစ်သည်။ ထိုအလုပ်လုပ်ရန်များနှင့် စဉ်းစားစရာများကို ဆရာတို့က ပံ့ပိုးဖန်တီးစီစဉ်ပေး၏။ အလုပ်လုပ်ရန်များသည် မလုပ်ဖူးသောအလုပ်များနှင့် မလုပ်ပြီးသေးသော အလုပ်များဖြစ်၍ သေချာပေါက် ခက်ခက်ခဲခဲလုပ်ကြရမည်။ စဉ်းစားစရာများကို ဆရာများက ဖန်တီးပံ့ပိုးသည့်အခါ စဉ်းစားစရာအားလုံးသည် ပြဿနာများ အခက်အခဲများသာဖြစ်ချေသည်။ ဤ

ပြဿနာ အခက်အခဲများကို အသက်နှင့် လျော်ညီသော ပြဿနာနှင့် အခက်အခဲများဖြစ်အောင် ဆရာအတတ်ဖြင့် စီမံပြီးဖြစ်သည်။ ကျောင်းသားတို့က ကျန်အခက်အခဲ ပြဿနာများကို ကိုယ်တိုင်ရှင်းလင်းနေခြင်းသည် လေ့ကျင့်စဉ် အခက်အခဲရှိနိုင်သေးသော်လည်း သူတို့၏အတွေ့အကြုံက သင်ပြမှုဖြင့် သေချာပေါက်ကျော်ဖြတ်နိုင်ကြသည်။ မိဘများ စိတ်မပူရပေ။ ပေး ခက်ခဲပါ။ ပေး ကျော်ဖြတ်ပါ။ ပြဿနာများသူတို့ကိုယ်တိုင် ပေးရှင်းပါ။ ပြဿနာကို မည်သူမျှဝင်ရှင်းပေးရန် မလိုအပ်။ ထိုသို့ပြုပြင်ခြင်းဖြင့် ပြဿနာတက်နေခြင်းမဟုတ်။ လေ့ကျင့်စဉ် ၏လုပ်ငန်းပိုင်းတစ်ခုသာ ဖြစ်သည်။ ကျောင်းသားများ သူတို့၏ ဦးနှောက်ကို သုံးပါစေ။ ပေးသုံးပါ။ သုံးတိုင်းထက်မြက်လာကြလိမ့်မည်။ ပေးမသုံးရင် တုံးတုံးလာကြလိမ့်မည်။ ဤသို့မူကြိုမှ စ၍ မလုပ်တတ်သည်များကို ကြိုးစားလုပ်ကိုင်ရင်း မလုပ်တတ်သည်များကို လုပ်တတ်အောင် ကြိုးပမ်းနိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်လာကြလိမ့်မည်။ မူကြိုမှစ၍ တက္ကသိုလ်ထိ ပြဿနာအခက်အခဲများကို ကိုယ်တိုင် (ကိုယ်တိုင်) ဖြေရှင်းရင်း လူ့ဘဝပြဿနာများအားလုံးကို တစ်နေ့ ကိုယ်တိုင်ဖြေရှင်း လာနိုင်သောသူများ၊ ကိုယ့်ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းရန် ကြိုးပမ်းလာနိုင်သော နိုင်ငံသားများဖြစ်လာလိမ့်မည်။ အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးများ လျော့လာမည်။ သို့တည်းမဟုတ် ရှိသမျှလူများ၏ ပြဿနာကို အစိုးရရှင်းဟူ၍ ဖြစ်လာခဲ့ပြီး၊ ဖြစ်နေဆဲဖြစ်၏။ ပညာရေးစနစ်က ပုံပြု လိုက်သည့်ပုံစံအတိုင်း ဖြစ်လာမည်။ အရာရာ အစိုးရရှင်း အတွေးအခေါ် ဖြစ်ပေါ်လာ၏။ အရာရာ အစိုးရရှင်းမှသည် ကိုယ့်ပြဿနာကိုယ်ရှင်းဖြစ်လာစေရန် ကမ္ဘာ့နိုင်ငံများအားလုံး ပညာရေးတွင် လေ့ကျင့်နေကြသည်။ ကိုယ့်ကျန်းမာရေး ပြဿနာကိုယ်ရှင်းရာတွင် တတ်နိုင်သရွေ့ ကျန်းမာအောင်နေရန်၊ နေတတ်ရန် လိုအပ်သည်။ ဟုတ်သည်။ အရာရာကိုယ့်ပြဿနာကိုယ်ရှင်း၍မရ။ အစိုးရက တာဝန်ရှိသည့် အပိုင်းများ လည်းရှိသည်။ ကိုယ့်ကျန်းမာရေးပြဿနာ ကိုယ်ရှင်းရန်အတွက် အထက်တွင်တင်ပြခဲ့သလို စဉ်းစားတတ်လာသော အသိဉာဏ်ကြောင့် ကျန်းမာအောင်နေမှုဖြစ်မည်ကို သိလာကြလိမ့်မည်။ ကျန်းမာအောင် စားချင်လာသည်ကို မစားဘဲနေနိုင်လာလျှင်၊ သောက်ချင်သော်လည်း မသောက်ဘဲ နေနိုင်လာလျှင်၊ ကျန်းမာသင့်သလောက် ကျန်းမာ လာကြမည်ဖြစ်သော်လည်း ဤကြားထဲမှ ကံတရားကြောင့် ကျန်းမာရေးချို့ယွင်းလာပါက ကုသပေးနိုင်ရန် အစိုးရမှ ဆေးရုံများ ဆေးဝါးများ၊ ဆရာဝန်များ၊ ဆေးဝန်ထမ်းများ အဆင်သင့် ထားပေးရန်လိုပါသည်။ ပြောလိုသည်မှာ နိုင်ငံသား

များလည်းစဉ်းစားနိုင်လာ၍ လည်းကောင်း၊ မိမိအတွက်ဖြင့်လည်းကောင်း တတ်နိုင်သရွေ့ ကျန်းမာအောင် နေထိုင်တတ်လာလျှင် အစိုးရ၏ကျန်းမာရေးအတွက် ဝန်ထုပ်ဝန်ပိုး နည်းလာမည်။ ဟုတ်ပါသည်။ ကျန်းမာအောင် ကြိုးစားနေထိုင်သည့်ကြားမှ ဖြစ်လာနိုင်သော ရောဂါဝေဒနာများကို စောင့်ရှောက်ပေးနိုင်ရန် အစိုးရက အများပြည်သူတို့ ထည့်ဝင်ထားသော အခွန်ငွေများကိုအသုံးပြု၍ အထက်ဖော်ပြခဲ့သလိုကျန်းမာရေး စောင့်ရှောက်မှု ပြုရန်ဖြစ်သည်။ ငယ်စဉ်ကတည်းက ကျောင်းများတွင် ကျန်းမာစွာနေတတ်အောင်ကျင့်သော ပညာရေးစနစ်မဟုတ်ဘဲ ဂုဏ်ထူးရအောင်ချည်း အလွတ်ကျက် ကျူရှင်တက် အရဖြေ ဂုဏ်ထူးရပညာရေးကြောင့် ကျန်းမာအောင် မနေတတ်သူများ များများလာသောအခါ ထိုတိုင်းပြည်အစိုးရ ဒုက္ခရောက်တော့ သည်။ ဘတ်ဂျက်လဲ မသုံးနိုင်။ မကျန်းမာသူကများ။ ဆေးရုံမပြည့်စုံနိုင်တော့။ ဆေးဝါးများလဲ မထောက်ပံ့နိုင်တော့။ ဆေးဝန်ထမ်းများလည်း မည်မျှမွေးထုတ်ထုတ် မလောက်ငှနိုင်တော့။ စနစ်တကျရှင်း၍ရသည့် ကိစ္စရှုပ်ကုန်တော့၏။ မလုပ်တတ်လျှင် လုပ်သမျှအကုန်ခက်၏။ လွယ်ကူသောအလုပ် မဟုတ်ငြားသော်လည်း လုပ်လျှင်ရသော အလုပ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လက်စွဲရည်မှန်းချက် နှစ်ခု၌ ပညာရေးလေ့ကျင့်မှုမှတစ်ဆင့် ကျန်းမာချမ်းသာသော နိုင်ငံသားများ ဖြစ်လာစေရေးဟူ၍ ဖြစ်ပါသည်။

နိုင်ငံတစ်ခုတွင်ရှိသော လူဦးရေအားလုံးတက်ရောက်နိုင်သည့် အကုန်ဆုံအောင်လုံလောက်သော ဆေးရုံများ ဘယ်နည်းနှင့်မျှ ပံ့ပိုးရန်မဖြစ်နိုင်။ ကျန်းမာအောင်နေထိုင်သည့်ကြားမှ ဖြစ်လာသမျှ လူနာတို့ကိုသာ နိုင်ငံသားတို့ကသာစောင့်ရှောက်ရလျှင် ကျန်းမာရေးစရိတ်ကျဆင်းလာမည်။ ပညာရေးတွင် စရိတ်ဘတ်ဂျက်ပိုသုံး၍ ရသည်။ စားအုန်းဆီသွင်းပြီးမှ စားအုန်းဆီမစားရန်၊ စားလျှင် နှလုံးသွေးကြောကျဉ်းတတ်သည်ဟု ကျန်းမာရေးဌာနမှ လိုက်ပညာပေးရသည်။ အကောင်းဆုံးတားဆီးမှုက ကုန်သွယ်ရေးမှ စားအုန်းဆီအားပေးမသွင်းလျှင် အကောင်းဆုံး။ ပြည်တွင်းဆီ ဖူလုံမှုရှိအောင် အခြားဝန်ကြီးဌာနတို့ ပူးပေါင်းရမည်ကို နားလည်သည်။ ဥပမာ တစ်ခုသာဖြစ်သည်။

ဆေးလိပ်အရက်လုပ်ငန်းများသောက်သောက်လဲမြတ်စွန်းသည်။ ပုဂ္ဂလိကချမ်းသာကြွယ်ဝမှု မြင့်မားသည်မှာ ကောင်းပါသည်။ လူတစ်ဦးချင်း ချမ်းသာတော့ နိုင်ငံလည်းချမ်းသာသည်ဖြစ်၏။ သို့သော် ၎င်းဆေးလိပ်အရက်တို့ကြောင့် ဖြစ်လာသော နောက်ဆက်တွဲကျန်းမာရေး ပြဿနာများအတွက် ကျန်းမာရေးဝန်ကြီးဌာန

အပြစ်ပုံကျတော့၏။ သူမကုပေးနိုင်၍ သူ့ကို အပြစ်ပုံချတော့၏။ သူမကုပေးနိုင်၍ ရောဂါဖြစ်သည်မဟုတ်။ ဆေးလိပ်နှင့် အရက်ကြောင့် ရောဂါဖြစ်သည်။ ဆေးလိပ်အရက် ဘာကြောင့်သောက် စိတ်မထိန်းနိုင်လို့သောက်၊ စိတ်ဘာကြောင့် မထိန်းနိုင် အသိဉာဏ်အဆင့်နိမ့်၍ဖြစ်သည်။ အသိဉာဏ်အဆင့် ဘာလို့နိမ့် အသိဉာဏ်အဆင့်ကို မမြှင့်ခဲ့၍နိမ့်၊ အသိဉာဏ်အဆင့်ကို ဘယ်လိုမြှင့်၊ အသိဉာဏ်အဆင့်ဆိုသည်မှာ စဉ်းစားနိုင်ခြင်း၊ စဉ်းစားနိုင်ခြင်း ကောင်းလာအောင် အကောင်းဆုံးလေ့ကျင့်ခန်းမှာ စဉ်းစားခြင်း (သို့) များများ စဉ်းစားလေလေ အသိဉာဏ်ကောင်းလေလေ၊ အသိဉာဏ်ရင့်ကျက်လေလေ။ ထို့ကြောင့် ဘာလို့ အသိဉာဏ်အဆင့်နိမ့်၊ များများ မစဉ်းစားခဲ့လို့၊ ဘာလို့များများ မစဉ်းစားခဲ့ကြလဲ။ များများစဉ်းစားဖို့ အခွင့်အရေးမရခဲ့လို့။ ဘယ်မှာမရခဲ့တာလဲ။ ငယ်ငယ်က တည်းက။ ဘာ့ကြောင့် များများစဉ်းစားဖို့အခွင့်အရေးမရခဲ့တာလဲ။ မိဘနဲ့ဆရာက မပေးခဲ့လို့။ မိဘနဲ့ ဆရာက ဘာလို့များများစဉ်းစားခွင့် မပေးခဲ့တာလဲ။ ကိုယ်တိုင် စဉ်းစားနေရင်ကြာလို့ ကျူရှင်ဆရာ (သို့) အတန်းဆရာများက ဘယ်လိုလုပ်ရမယ် ဆိုတာ အကုန်လုံးပြောပြခဲ့လို့ ကိုယ်တိုင်စဉ်းစားစရာမလိုတော့ဘဲ အချိန်တိုတို အတွင်း ပုစ္ဆာများဘယ်လိုတွက်ရင် အဖြေရတယ်ဆိုတာ သိလာတယ်။ ကိုယ်တိုင် စဉ်းစားနေရင် တန်းစဉ် ရီပို့ကဒ်တွေမှာ မင်နီတွေနဲ့ပါမယ်။ ဒါ့ကြောင့် များများ စဉ်းစားဖို့ အခွင့်အရေးမရခဲ့ကြဘူး။ သူများပြောပြလို့ ပုစ္ဆာကို ဘယ်လိုတွက်ရင် အဖြေထွက်မလဲဆိုတာတော့ ကောင်းကောင်းသိကြခြင်းသည် ပြဿနာကို ရှင်းတတ်လာခြင်း မဟုတ်။ ဘဝတွင် လိုအပ်သော အရည်အသွေးလက္ခဏာများအနက် တစ်ခုမှာ ပြဿနာရှင်းလင်းနည်းပင်ဖြစ်သည်။ ဘဝတွင် ပြဿနာဟူသည် ပြီးသွားသည်မရှိ။ တစ်ခုရှင်းပြီးလျှင်လည်း လာမှာတွေကလည်း ရှိသေးသည်။

ထို့ကြောင့် ငယ်စဉ်ကတည်းက ကျောင်းသားများအား ကိုယ်တိုင်စဉ်းစားခွင့်ပေးရန်လိုသည်။ အရေးကြီးသည်။ ဤသို့မလုပ်မချင်း ငယ်စဉ်ကကျောင်းမှာ ဆေးမြီးတို(ကျူရှင်)နှင့် ရှင်း၍ရသော်လည်း ကြီးပြင်းလာကြသောအခါ ဆေးမြီးတိုဖြင့် ရှင်း၍မရတော့။ တိုင်းပြည်၏ အဓိက အခက်အခဲများဖြစ်လာ၏။ ပြဿနာ အရင်းကို ကြည့်ရန်လိုသည်။ ပြဿနာမူရင်းက ပညာရေးမှာ။ သို့မဟုတ်ပါက တစ်ပြည်လုံး ဆရာဝန်ဖြစ်ရင်တောင် ဆရာဝန်များ ထပ်လိုနေဦးမည်သာ ဖြစ်သည်။

## အတိတ်က မိဘအမှား

ခေတ်အဆက်ဆက်ပညာရေး၏စွမ်းအားကို အထင်သေးသည်။ မျက်ကွယ်ပြုခဲ့ကြသည်။ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သော်လည်း ဆရာတို့အား နေရာမပေးချင်ကြ။ ဆရာတို့အများစုသည် မွဲတေဆင်းရဲကြသည်။ ချမ်းသာသော မိဘများက အရာရာ သူတတ်လုပ်၍ ကျောင်းတို့ ဆရာတို့အပေါ် လွှမ်းမိုးရန်ကြိုးစားခဲ့ကြသည်။ လွှမ်းမိုးရန် ကြိုးစားဆဲဖြစ်သည်။ မွဲသောဆရာတို့ သတ္တိမရှိနိုင်ကြတော့၍ မိဘများ အလိုကျ ပညာရေးဖြစ်လာသည်။ မိဘအလိုကျ ဂုဏ်တုဂုဏ်ပြိုင်ပညာရေးက မွေးထုတ်ပေးလိုက်သော လက်ရာကား အများတွေ့သည့်အတိုင်းပင်။ မိဘတို့တွင် ဆရာများလည်း ပါသည်။ အင်ဂျင်နီယာများ၊ ရှေ့နေများ၊ မိဘများ၊ လုပ်ငန်းမျိုးစုံ ကျွမ်းကျင်မှုမျိုးစုံက လာကြသည်။ ဆရာအတတ်လောကက မဟုတ်သည့်မိဘများ ဆရာတို့၏အတတ်ကို မသိနိုင်။ သိသော်လည်း ဆရာလောက် မသိနိုင်။ သိသည့်တိုင်အောင် ဆရာမဟုတ်သော မိဘဖြစ်ပါက ဆရာကဲ့သို့ အတွေ့အကြုံ မရှိ၍ ဆရာအတတ်ပညာ ကိုမတတ်နိုင်။ မတတ်လျှင်နားမလည်နိုင်။ နားမလည်ရင် နားမလည်ပေးနိုင်။ နားမလည်ပေးနိုင်သောအခါ သူနားလည်သလို ဝင်ပါတော့သည်။ ကျောင်းသား၏ ပညာရေးဖြစ်စဉ်တွင် ပညာရေးလေ့ကျင့်မှုဖြစ်စဉ်တွင် မိဘပါဝင်မှုဖြစ်မည်။ မိဘ မပါဝင်လျှင်မအောင်မြင်နိုင်။ သို့ရာတွင် ပါပုံပါနည်းလိုအပ်သည်။ ဆရာတို့ပင်လျှင် ကျောင်းသားများအား လိုအပ်သော လေ့ကျင့်မှု၊ အလုပ်လုပ်မှု ပတ်ဝန်းကျင်ကို နေရာချပေးပြီးလျှင် ကျောင်းသားများ ကိုယ့်အလုပ် ကိုယ်လုပ်နိုင်စေရန် ဆရာတို့က ဘေးထွက်၍ သူတို့အလုပ် သူတို့လုပ်စေသလို မိဘကလည်း ဆရာများ၏လုပ်ငန်းကို ဝိုင်းဝန်းထောက်ပံ့ပြီး ဆရာများနှင့် တစ်တန်းတည်း၊ တစ်သားတည်း ရပ်တည်လျက် ပံ့ပိုးခြင်းဖြင့် ပါဝင်ခြင်းမျိုးသည်သာ ကူညီရာရောက်သော ပံ့ပိုးမှုအမှန်ဖြစ်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ နားလည်တတ်ကျွမ်းသော ဆရာလုပ်ငန်း (ဝါ) ပညာရေးလေ့ကျင့်စဉ်လုပ်ငန်းကို ဆရာနှင့်တပည့်တို့ ဖြောင့်ဖြောင့်တန်းတန်း လေ့ကျင့်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးရန်သာဖြစ်သည်။ သင်ကြား လေ့ကျင့်မှုလုပ်ငန်းတွင် နားမလည်သူမပါလျှင် အကောင်းဆုံးဖြစ်သည်။

# ပညာရေး သမိုင်း

ယနေ့ခေတ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ ပိုများမည်။ အစိုးရ၏အာဏာစက်မပါလျှင် (သို့) အများဆန္ဒမပါလျှင် အခန့်မသင့်လျှင် ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်သူများ ကောင်းကောင်း ကြီးအပြစ်တင်ခံရဖွယ် ရှိသည်။ မှန်ရာကိုလုပ်ရင်း အပြစ်တင်ခံရဖွယ်ရှိသည်။ ခေတ်သစ်စောလူးမင်းများ မြောက်မြားစွာရှိသည်။ ယခုတာစူထားကြသည့် ပညာရေးပြုပြင်ပြောင်းလဲမှုသည် ကမ္ဘာ့နိုင်ငံများအတိုင်း ခေတ်မီပညာရေး လေ့ကျင့်မှုဆီသို့ ဦးတည်၍ သွားလိုကြတာလား။ သို့မဟုတ် ပို၍လွတ်လပ်သော မိဘအလိုကျ ပညာရေးစနစ်ကို သွားကြအုံးမှာလား ဆိုသည်ကို တိတိကျကျ ကွဲကွဲပြားပြားသဘောပေါက်ရန်လိုသည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ပြည်သူ့ဆန္ဒဟူ၍ ရယ်စရာပြောသကဲ့သို့ လုပ်ဆောင်၍မရ။ ပြဿနာက ယခုအများတောင့်တသည့် ပညာရေး ပြုပြင်ပြောင်းလဲမှု (သို့) ပြောင်းလဲတော့မည့် အနာဂတ်ပညာရေး စနစ်ကိုနားမလည်ဘဲ လိုရာဆွဲတွေးပုံဖော် ကိုယ့်ကလေးဆရာဝန်ဖြစ် ပြီးရောလိုမျိုး ပညာရေးစနစ်မျိုး ဘယ်သောအခါမှ လက်တွေ့အောင် မြင်နိုင်မည်မဟုတ်။ ယခု ပြုပြင်ပြောင်းလဲရတော့မည့် ပြုပြင်ချက်များကို မိဘများအားရှင်းလင်းဆွေးနွေး အသိပေးရန် အရေးကြီးသော်လည်း မိဘများထံမှ မည်သို့ပြုပြင်သင့်ပါသလဲ ဟူသော မေးခွန်းမျိုးကိုအဖြေရှာရာတွင်ပညာရေးကျွမ်းကျင်သူ ပညာရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်း ဗိသုကာများက ပို၍ နားလည်တတ်ကျွမ်းပြီးဖြစ်၏။ ဖြစ်ရန်လည်း လို၏။ မိဘများ လမ်းညွှန်သည့်အတိုင်း ဟုတ်ဟုတ် မဟုတ်ဟုတ် အများဆန္ဒလုပ်၍မရ။ အများဆို ကြသော လူများစုဆန္ဒသည် အခြားမြောက်မြားစွာ သောနေရာများတွင် နားထောင်ရန်လိုသည်မှာ မှန်သည်။ သို့သော် ခေတ်သစ်ပညာရေးလေ့ကျင့်စဉ် တို့အား ပုံစံပြုရာတွင် ပညာရေးကို နက်နက်ရှိုင်းရှိုင်း နားမလည်သော မတတ်ကျွမ်း သော သူများထံမှာ လမ်းညွှန်မှုခံယူ၍ ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်။ ဒီကိစ္စ အရေးကြီးသည်။ တတ်သောသူများသာ ဦးဆောင်ရမည်။ နားလည်သော သူများသာဝိုင်းလုပ်နိုင်ရန် မိဘနှင့် ဆရာများ ခေတ်သစ်ပညာရေးလေ့ကျင့်စဉ် ကြီးတစ်ခုလုံးကို နားလည်လာစေရန် အစိုးရက ကမကထပြု၍ အသိပေးနှိုးဆော် ရမည်။ ပညာပေးရမည်။ အသိအမြင် အတွေးအခေါ်တူလာအောင် ကြိုးပမ်း

ဆောင်ရွက်ကြရမည်။ ထွက်ပေါ်လာမည့် ရလဒ်ကောင်းသည့် မိဘအတွက်ရော ဆရာအတွက်ရော အစိုးရအတွက်ရော တိုင်းပြည်အတွက်ပါ ကောင်းမည့် အစီအစဉ်ဖြစ်ခဲ့လျှင် အများစုဖြစ်သော မိဘများ လက်မခံစရာမရှိ။ လူနည်းစု၏ ဝေဖန်မှုတော့ရှိကောင်းရှိမည်။

## စက်မှုခေတ်ပြောင်းတော်လှန်ရေးနှင့် မြန်မာ့ပညာရေး

၁၇၈၆ ခုနှစ်ခန့်က ဥရောပတိုက်တွင် စတင်၍ စက်မှုခေတ်ပြောင်း တော်လှန်ရေးကြီးဖြစ်ပေါ်လာသည်။ စက်မှုခေတ်ပြောင်း တော်လှန်ရေးဆိုသည်မှာ (၁၈) ရာစုမတိုင်မီကပင် လူသားပညာရှင် တို့ရှာဖွေ စုဆောင်းဖော်ထုတ်ခဲ့ကြသော သိပ္ပံနိယာမများ များစွာရှိပါသည်။ နယ်စုံပယ်စုံတွင် သိပ္ပံ၊ ဝိဇ္ဇာနိယာမများ ရှိနေခဲ့ပြီးဖြစ်သည်။ (၁၇) ရာစုနှောင်းပိုင်းမှစ၍ သိပ္ပံနိယာမများကို သုံး၍ လူသုံးကုန်ပစ္စည်းများအဖြစ် နေ့စဉ်ဘဝတွင် တွင်တွင်သုံးလာကြသည်။ သိပ္ပံနိယာမ များကို အခြေပြု၍ လူသုံးကုန်ပစ္စည်းတည်ဆောက်ခြင်း အတတ်ပညာကို တက်ကနော်လော်ဂျီဟု အင်္ဂလိပ်စကားတွင် သုံးနှုန်းသည်။ မြန်မာလို နည်းပညာဟု ဘာသာပြန်ဆိုသည်။ သို့ဖြစ်၍ သိပ္ပံနှင့် နည်းပညာသည် အမြဲတမ်း ပင်လယ်နှင့် ကမ်းစပ်ကဲ့သို့ တွဲလျက်ရှိနေကြသည်။ သိပ္ပံမရှိလျှင် နည်းပညာမရှိနိုင်သလို နည်းပညာ မသုံးဘဲနှင့်လည်း သိပ္ပံသည် လူသားအကျိုးပြုမှု နည်းပါးမည်။ ထို့ကြောင့် ဥရောပတွင် (၁၇) ရာစုနှောင်းပိုင်းမှစ၍ သိပ္ပံအခြေ ပြုသော နည်းပညာများ ပေါ်ထွက်လာသောကြောင့် လူသားတို့၏ နေ့စဉ်ဘဝတွင် အသုံးတည့်သော လူသုံး စက်ပစ္စည်းများပါ ပေါ်ထွက်လာကြသည်။ လူတိုင်းအသုံးတည့်၍ လူတိုင်း သုံးလာ ခဲ့ကြသောကြောင့် လူသုံးကုန်များကို လူအား၊ စက်အားသုံး၍ ထုတ်လုပ်ရန် အခြေအနေ ဖြစ်ထွန်းလာခဲ့ကြ၏။ စက်မှု ခေတ်ပြောင်းတော်လှန်ရေး အဆင့် (၂) ဆင့် ခွဲခြား၍ ကြည့်ကြသည်။ ၁၇၈၆ ခုနှစ် မှ စ၍ ၁၈၇၆ ခုနှစ်ခန့် အထိသည် ဥရောပစက်မှုခေတ်ပြောင်း တော်လှန်ရေး၏ ပထမပိုင်းဟု ယူဆခဲ့ကြပြီး ၁၈၇၆ ခုနှစ် မှစ၍ စက်မှုခေတ်ပြောင်း တော်လှန်ရေး၏ ဒုတိယအဆင့် ပိုမိုပြင်းထန်သော အရှိန်အဟုန်ဖြင့် လက်မှုမှ စက်မှုသို့ ပြောင်းလဲလာကြသည့် ဥရောပစက်မှု

ခေတ်ပြောင်းတော်လှန်ရေးဟူ၍ မြင်ရမည်ဖြစ်သည်။ စက်မှုခေတ်ပြောင်းတော်လှန်ရေး ကာလအတွင်း သိပ္ပံအခြေခံ၍ ပေါ်ထွက်လာသော နည်းပညာများကြောင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုများ၊ လူတို့လိုသလောက် ထုတ်လုပ်ပေးရန် စီမံကြရာတွင် လုပ်သားအင်အားသည် ထုတ်လုပ်မှု ပမာဏအပေါ် များစွာ လွှမ်းမိုးမှုရှိ၍ ကုန်ထုတ်လုပ်မှုမြင့်တင်နိုင်စေရန် အလုပ် သမားလူတန်းစား၊ အလုပ်သမားအင်အားတို့ များစွာလိုအပ်ခဲ့သဖြင့် စနစ် တကျမွေးထုတ်ရန် ဥရောပ တစ်ခွင် ကြိုးပမ်းခဲ့ကြသည်။ ထိုခေတ်ထိုအခါက အလုပ်သမား များများရှိသော တိုင်းပြည်တိုင်း ကုန်ထုတ်စွမ်းအားကောင်းခဲ့၍ ထိုတိုင်းပြည်များ ချမ်းသာ ကြွယ်ဝခဲ့ကြသည်ဖြစ်ရာ ထိုခေတ်ထိုအခါက အလုပ်သမားမှန်လျှင် စက်ရုံပိုင်ရှင်၊ အလုပ်ရုံပိုင်ရှင်တို့က မက်မောသည်။ သို့ဖြစ်၍ အလုပ်သမား များများရစေဖို့ စနစ်တကျ မွေးထုတ်ရန်လိုလာ၍ အလုပ်သမား လူတန်းစားကို များများမွေးထုတ်ပေးနိုင်မည့် ပညာရေးစနစ်ပုံစံတစ်ခုကို ပြုစုခဲ့ကြသည်။ ၎င်းပညာရေးစနစ်ကို စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးစနစ်ဟုခေါ်သည်။ ထိုပညာရေး စနစ်က မွေးထုတ်သည့်လုပ်သား(သို့) ပညာတတ်များသည် စဉ်းစားတွေးခေါ် တတ်ရန်မလို။ တီထွင်ဆန်းသစ် တတ်ရန်မလို။ အမြင်ကျယ်ပြန့်ရန်လည်းမလို။ တတ်သိလိုစိတ်ရှိရန် မလို။ ပူးပေါင်း ဆောင်ရွက်တတ်ရန်လည်းမလို။ အများအကျိုး ဆောင်ရွက်တတ်သူလည်း ဖြစ်ရန်မလို။ ခေါင်းဆောင်တတ်ရန် မလို။ ရှေ့အနာဂတ် အတွက် ကြိုတင်တွေးဆတတ်ရန်မလို။ လူတို့၏ ခံစားချက်များအား ထည့်သွင်း စဉ်းစား တတ်ရန်လည်းမလိုကြသည့်အပြင် ထိုစဉ်က စက်မှုလုပ်သားတို့သည် မိမိအား ခိုင်းထားသည်ကို လုပ်ဆောင်ပြီးစီးပါက စိတ်ကျေနပ်မှုများ ကောင်းစွာရရှိ တတ်သော ပုဂ္ဂိုလ်များဖြစ်အောင် မွေးထုတ်ကြပြီး မိမိရရှိထားပြီးသော အလုပ်ကို မြဲမြဲမြန်မြန် လုပ်လိုစိတ်ရှိသော သူများလည်းဖြစ်အောင် လေ့ကျင့်ပေးကြသည်။ ကိစ္စတစ်ခုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ အငြင်းအခုန်လုပ်ခြင်း၊ အမှားအမှန် ဝေဖန်ပိုင်းခြားခြင်းများ မလုပ်တတ်သော လူများဖြစ်လာစေရန် လေ့ကျင့်ပေးထားသည်။ အလုပ်ရှင်၏ ငြိုငြင်ခြင်းဖြစ်စေမည့် (သို့) အလုပ်ရှင်က မိမိကို စိတ်ကွက်စေနိုင်သည့် ကိစ္စများမဖြစ်လို။ မဖြစ်လျှင် အကောင်းဆုံးဖြစ်မည်ဟု ယူဆထားသူများ ဖြစ်လာအောင် လည်း စက်မှုခေတ်ပြောင်း တော်လှန်ရေးပုံစံ

ပညာရေးစနစ်က လေ့ကျင့်ပေး၏။ အလုပ်ရှင်က မျက်နှာပေးလျှင် ဝမ်းမြောက်ကြည်နူးနေတတ်သော ပုဂ္ဂိုလ်များ ဖြစ်လာအောင်လည်း စီစဉ်လေ့ကျင့်သည်။ မည်သည့်အလုပ်မျိုးကို ခိုင်းသည်ဖြစ်စေ အလုပ်ရှင်ကသာ ခိုင်းစေလျှင် လုပ်ပေးရန် တာဝန်ရှိသည်ဟု ခံယူထားပြီး မလုပ်နိုင်သောအလုပ်ဖြစ်နေ၊ ဖြစ်ခဲ့ပါကလည်း မိမိမလုပ်ချင်သည့် ကိစ္စဖြစ်သည့်တိုင်အောင် မလုပ်ချင်ဘဲ၊ စိတ်မပါဘဲ လုပ်ပေးတတ်သော ပုဂ္ဂိုလ်များဖြစ်အောင် လေ့ကျင့်ပေးသည်။ အလုပ်မဖြစ်၍ အများအကျိုးရှိမည့် ကိစ္စလုပ်ခဲ့ရပြီ ဆိုလျှင် နစ်နာခဲ့ပြီဟု ခံစားတတ်သော စက်မှုလုပ်သားများစွာတို့ကို မွေးမြူလေ့ကျင့်ခဲ့ ကြသည်။

အထက်ဖော်ပြပါ လက္ခဏာများသည် စက်မှုခေတ်ပြောင်းတော်လှန်ရေးကြီး အခက်အခဲမရှိ အောင်မြင် နိုင်ရေးအတွက် လိုအပ်သော စက်မှုလုပ်သားတို့၏ လက္ခဏာများဖြစ်လေရာ စက်မှုလုပ်သား ဖြစ်လာကြမည့် ကျောင်းသားများ အတွက်လည်း တစ်ဖက်မှကြည့်သော် ကျောင်းပြီးသည်နှင့် စက်ရုံများတွင် စက်မှုလုပ်သားများ အဖြစ်ရလာကြမည်ဖြစ်၍ ပျော်ရွှင်စရာ အားတက်စရာပင် ဖြစ်ခဲ့သောကြောင့် အထက်ဖော်ပြပါ အရည်အချင်း လက္ခဏာရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းမွေးထုတ် လေ့ကျင့်ပေးခဲ့ကြရာ ထိုအချိန်က ဥရောပတစ်ခွင် လိုအပ်သော စက်မှုလုပ်သားများ လုံလောက်စွာမွေးထုတ်နိုင်ခဲ့ကြသည်။

သို့ရာတွင် စက်မှုခေတ်ပြောင်းတော်လှန်ရေး၏ အရှိန်အဟုန်မြင့်တက်လာသော ၁၈၈၆ ခုနှစ်အကျော် ကာလတွင် ဥရောပနှင့် အံဝင်ခွင်ကျဖြစ်သော စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးစနစ်သည် မြန်မာနိုင်ငံသို့ မဖိတ်ခေါ်ပါဘဲ၊ မကမ်းလှမ်းပါဘဲ၊ မလိုချင်ပါဘဲ ရောက်ရှိလာ၏။ ၁၈၈၅ ခုနှစ် သီပေါဘုရင်ပါတော်မမူခင် ကာလများ၌ မြန်မာမိရိုးဖလာ ဘုန်းကြီးကျောင်းပညာရေးစနစ်ဖြင့် မြန်မာတို့အေးချမ်းသောဘဝများရရှိခဲ့ဖူးသည်။ ၁၈၈၅ ခုနှစ်နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရက သူ့နိုင်ငံတွင် သူ့နိုင်ငံ၏သုံးလက်စ၊ သူ့နိုင်ငံအတွက် အသုံးပြုနိုင်မည့် ပညာရေးစနစ်ဖြစ်သည့် ဥရောပ စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးလေ့ကျင့်မှုစနစ်ကို မြန်မာပြည်တွင် ပြဋ္ဌာန်း၍ ကိုလိုနီပညာရေးစနစ် အဖြစ် မြန်မာတို့၏ဘဝတွင်းသို့ စတင်ဝင်ရောက် လာခဲ့ကြသည်။

ကိုလိုနီခေတ်တစ်လျှောက်ဖြတ်သန်းခဲ့ကြရာ ဤဥရောပ စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးလေ့ကျင့်စဉ်သည် အကြံတုံး၊ ဉာဏ်တုံး စက်မှုလုပ်သားအဆင့်လောက်သာ မွေးထုတ်ပေးနိုင်သည့် စနစ်ဖြစ်သည်ကို ရည်ညွှန်းဖော်ထုတ်ပြီး ပိုမိုညွှန်းဆိုသော မြန်မာစကားဖြင့် ကျွန်ပညာရေးစနစ်ဟု အမည်ပေးကန့်ကွက်ကာ ကျွန်နှင့်တူသော ခိုင်းမှလုပ်သည့် လူတန်းစားမျိုးအစား မွေးထုတ်ရန် ရှောင်ရှားပြီး သခင်နှင့်တူသော အနာဂတ်မြန်မာ့ခေါင်းဆောင်များ၊ အရာရာဦးဆောင်ဦးရွက်ပြုနိုင်သော၊ ပြဿနာများရှင်းတတ်သော၊ စဉ်းစားတတ်သော မြန်မာများ မွေးထုတ်ရန် အမျိုးသားကျောင်းများနှင့် အမျိုးသား ပညာရေးစနစ်ကို ထူထောင်၍ ဆန့်ကျင်ခဲ့ကြသော်လည်း အင်္ဂလိပ်ကိုလိုနီအစိုးရသည် မြန်မာကျောင်းပညာရေး၌ ဥရောပစက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးစနစ်ကို မပြောင်းလဲဘဲ ဆက်လက်အသုံးပြုခဲ့ရာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့်တိုင်အောင် ကိုလိုနီအမွေ ဆိုးဖြစ်သော ကိုလိုနီပညာရေး စနစ်ခေါ် ကျွန်ပညာရေးစနစ်သည် ဆက်လက်ရှင်သန်ခဲ့ပြီး ၁၉၆၂ ခုနှစ် မတိုင်မီ အမျိုးသားကျောင်း ခေတ်မီပညာရေးစနစ်အား အတော်အတန် ကူးပြောင်းရန် ကြိုးစားကြရင်း ၁၉၆၂ ခုနှစ် တော်လှန်ရေး အစိုးရ တက်လာသောအခါ တော်လှန်ရေးအစိုးရ၏ အာဘော်ဖြစ်သည့် ဆိုရှယ်လစ်စနစ်သည် စက်မှုလုပ်သားနှင့် တောင်သူလယ်သမားတို့အား ရှေ့တန်းတင်ဗန်းပြ စနစ်ဖြစ်သည့်အတွက် တော်လှန်ရေးအစိုးရသည် စက်မှုပုံစံပညာရေးမှ ခေတ်သစ်ပညာရေးသို့ အသွင်ကူးပြောင်းပြီးစ မြန်မာ့ပညာရေးကို အလုံးစုံ စက်မှုခေတ်ပြောင်း တော်လှန်ရေး ပုံစံပညာရေး (သို့) ဆိုရှယ်လစ် ပညာရေးစနစ်သို့ ပြန်လည်ကူးပြောင်းခဲ့သည့်အတွက် ၁၉၈၈ ခုနှစ် စစ်အုပ်ချုပ်ရေး ကာလရောက်သည့်တိုင် တစ်ခေတ်က စက်မှုခေတ်ပြောင်း တော်လှန်ရေးပုံစံ ပညာရေးစနစ် တို့သည်လည်းကောင်း၊ ကိုလိုနီ ကျွန်ပညာရေး တို့သည်လည်းကောင်း၊ ဆိုရှယ်လစ် ပညာရေးစနစ်သည် လည်းကောင်း ၁၉၈၉ ခုနှစ် တပ်မတော်အစိုးရတက်လာ သည်အထိ သိသိသာသာ အပြောင်းအလဲ အထိအခိုက်မရှိ အသွင်ပြောင်း၍ ရောက်ရှိလာချေသည်။ တပ်မတော်အစိုးရလက်ထက် ပညာရေးစနစ်ကို ကောင်းမွန်အောင်ပြောင်းလဲလို

ခဲ့သော်လည်း ကကြိုးကကွက်စီမံသူများ၊ အကြံပေး ပုဂ္ဂိုလ်များ၊ လက်တွေ့ အကောင်အထည်ဖော်ခဲ့သူများသည် ဆိုရှယ်လစ် စနစ်၏ သားကောင်များဖြစ်၍ သူတို့လုပ်တတ်သည်ကိုလုပ်ရင်း နဂို ကိုလိုနီ ပညာရေးစနစ်သည် ပြုတစ်ဝက် ပြင်တစ်ဝက် ကိုလိုနီပညာရေးအသွင်ဖြင့် ယခု ယနေ့မျက်မှောက်ခေတ်သို့ ရောက်ရှိလာပြီဖြစ်၏။

အထက်တွင် သမိုင်းကြောင်းကို အကျဉ်းချုံးတင်ပြခဲ့သလို ယနေ့တွင်လည်း ကိုလိုနီပညာရေးစနစ် တစ်ဖြစ်လဲ စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးစနစ်သည် သူ့အလုပ်သူလုပ်နေဆဲ။ သူ့အား မပြောင်းမချင်း သူသည် သူအလုပ်သူလုပ်နေဦးမည်သာ ဖြစ်သည်။ သူ့အားအပြစ်တင်၍မရ။ သူ့ကိုမပြောင်းခဲ့ခြင်းကိုသာ အပြစ်တင်ရန်ရှိသည်။ မည်သူမပြောင်းခဲ့သည်ကို အပြစ်မတင်ဘဲ မပြောင်းခဲ့၍သာ ကျွန်စနစ်က သူ့အလုပ်သူလုပ်နေခြင်းဖြစ်သည်။ ယနေ့နားလည်၍ ယနေ့ပြောင်းလိုက်လျှင် နောင်လာနောင်သားတို့ ကောင်းမည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်ခဲ့ရသော ကမ္ဘာ့နိုင်ငံအတော်များများ စစ်ကျန်ပစ္စည်းများဖြင့် ကျန်ခဲ့သည်။ စစ်ကားများ၊ စစ်လေယာဉ်များ၊ စစ်သင်္ဘောများ၊ စစ်ဆေးရုံများ အစရှိသည့် စစ်အသုံးအဆောင်များ စစ်ကြီးပြီးသည့်အချိန်တွင် အသုံးများစွာ မတည့်တော့ ပိုလျှံနေကြ၍ ရှေ့ဆက် စစ်အသုံးပစ္စည်းလေယာဉ်များ ထုတ်မည့်အစား တိုင်းပြည် ထူထောင်ရေးအတွက် အရပ်ဘက်လေယာဉ်များ အရပ်ဘက်သင်္ဘောများ၊ အရပ်ဘက်သုံးကားများ ထုတ်လုပ်တည်ဆောက်ရန်များစွာလိုလာသည်။ ထိုလုပ်ငန်းများကို စက်မှုခေတ်ပြောင်း တော်လှန်ရေးလုပ်သားတို့ မလုပ်နိုင်။ သို့ဖြစ်၍ လုပ်သားများမွေးထုတ်မည့်အစား စဉ်းစားတတ်သော၊ ဉာဏ်ရှိသော သူများနှင့်မတူအောင် တွေးတတ်သော၊ လွတ်လပ်စွာစဉ်းစားတတ်သောသူများ မွေးထုတ်ရန်လိုလာ၍ ယနေ့နိုင်ငံကြီး တော်တော်များများတွင် ၁၉၄၅ ခုနှစ်မှစ၍ ပညာရေးစနစ်များကို မြေလှန်ပြောင်းလဲ ပစ်ခဲ့ရ၏။ ကမ္ဘာ့ပညာရေးသမိုင်းတွင် ၁၉၄၅ ခုနှစ်နှင့် ၁၉၅၀ အတွင်းသည် ပညာရေးအပြောင်းအလဲအများဆုံးဖြစ်ခဲ့သည့် ကာလများပင်ဖြစ်တော့သည်။ သို့သော် မြန်မာ့ပညာရေးစနစ်သည် ၁၉၄၅ ကမ္ဘာ့ ပညာရေးပြောင်းလဲဖြစ်စဉ်တွင် မပါဝင်ခဲ့။ ကိုယ့်အိမ်တွင်း

ပြဿနာများနှင့် နပန်းလုံးရင်း အထက်တွင်ဆိုခဲ့သည့်အတိုင်း ယနေ့ကျွန်ုပ်တို့မျက်စေ့ရှေ့သို့ အရှင်လတ်လတ် ရောက်ရှိနေပြီ ဖြစ်သည်။ ဘာလုပ်ကြရင်ကောင်းမလဲ။ ရှိတာ လေးကိုဘဲ ပေါ်လစ်တင်ရင်ကောင်းမလား။ မလုပ်တတ်လျှင်ခေါင်းကုတ်ရတော့မည်။ ၁၉၄၅ ခုနှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံများ ဘယ်လိုပြောင်းလာကြသလဲ လေ့လာကြည့်ပါ။ အတိုချုပ်က ၁၉၄၅ ခုနှစ်မတိုင်မီ သုံးသောစနစ်တို့သည် ဆရာဗဟိုပြု၊ ၁၉၄၅ နောက်ပိုင်း ဉာဏ်သမားများခေတ် ပညာရေးလေ့ကျင့်မှုတွင် ကျောင်းသားဗဟိုပြု။ ဤသည်သာ ကွာဟသည်။

## ကျောင်းသားဗဟိုပြုခြင်းဆိုသည်မှာ

ကျန်းမာအောင်နေတတ်စေရန်နှင့် ချမ်းချမ်းသာသာနေတတ်စေရန် တစ်ခုတည်းလိုအပ်သည်။ တည့်တည့်ပြောသော် စဉ်းစားတတ်ရန်လိုအပ်သည်။ နိုင်ငံသားတို့အား စဉ်းစားတတ်အောင် လေ့ကျင့်ပေးရန်ဖြစ်ပြီး စဉ်းစားတတ်လျှင် အလုပ် (၂) ခုလုပ်နိုင်သည်။ တစ်ခုမှာ မိမိ၏စိတ်ကို မိမိ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည်။ နောက်တစ်ခုမှာ ကုန်ထုတ်လုပ်မှု လုပ်နိုင်လာသည်။ သို့ဖြစ်၍ နိုင်ငံသားတိုင်းစဉ်းစားတတ်လျှင် နိုင်ငံသားတိုင်း မိမိတို့၏စိတ်ကို အတိုင်းအတာတစ်ခုအထိ ထိန်းကျောင်းထိန်းချုပ်ထားနိုင်မည်။ နိုင်ငံသားတိုင်း ကုန်ထုတ်လုပ်မှု လုပ်နိုင်လာမည်။

ထို့ကြောင့် မူကြိုမှစ၍ တက္ကသိုလ်ဘွဲ့လွန်အထိသာမက တစ်ဘဝလုံးစဉ်းစားတတ်အောင်၊ စဉ်းစားနိုင်မှု ကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းနေရမည်။ ဤသို့တစ်ဘဝလုံး စဉ်းစားနိုင်မှုကောင်းအောင် ကြိုးစားနေခြင်းကို အင်္ဂလိပ်များက Life-Long Learning ဟုဆိုခဲ့ကြသည်။

သို့ဖြစ်၍ ဆရာများ၏ မူလဘူတ ပဓာနလုပ်ငန်းမှာ ကျောင်းသားများအား စဉ်းစားခိုင်းရန်သာ ဖြစ်သည်။ ခေတ်အဆက်ဆက်ကျောင်းသားများ စဉ်းစားရန် ပျက်ကွက်ခဲ့ကြ၍ ကျောင်းပြီးသော်လည်း၊ ဘွဲ့ရသော်လည်း မတိုးတက်နိုင်တော့။ မိမိတို့၏စိတ်ကို အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် မထိန်းချုပ်နိုင်တော့၍လည်းကောင်း၊ ကုန်ထုတ်လုပ်မှုများ မလုပ်နိုင်ကြတော့၍လည်းကောင်း

မူးယစ်ဆေးစွဲသူများ၊ အရက်သမားများ ဖြစ်ကုန်ပြီဖြစ်သလို အလုပ်လက်မဲ့များ စွာလည်း ရှိခဲ့ပြီးဖြစ်၏။

မူကြိုမှစ၍ ဆရာများက စဉ်းစားစရာများ များများဖန်တီးပေးရန်ဖြစ်ပြီး ဆရာများစီစဉ်ပေးသော စဉ်းစားစရာများကို စဉ်းစားရန်တာဝန်မှာ ကျောင်းသား များ၏ တာဝန်သာဖြစ်သည်။ ကျောင်းသားများဘာသာ လုပ်ရန်ဖြစ်သည်။ ဆရာ ခိုင်းသမျှ ကျောင်းသားလုပ်ရန်သာဖြစ်သည်။ မည်သူမျှ ကူလုပ်ပေးရန်မလို။ ကျောင်းသားက ကိုယ်တိုင်လုပ်ရန်၊ ကိုယ်တိုင်စဉ်းစားရန်သာဖြစ်သည်။ ဤသည်ကို ကျောင်းသားဗဟိုပြုစနစ်ဟုခေါ်သည်။

**ကျောင်းသားဗဟိုပြုခြင်းဆိုသည်မှာ ဆရာနှင့်မိဘတို့က ကျောင်းသား ကိုယ်တိုင် လုပ်ကိုင်ဖြေရှင်းရန်အတွက် အလုပ်များ (သို့) ပြဿနာများ ရှာဖွေ ပုံစံပြုပေးကြရာဝယ် ထိုအလုပ်များ (သို့) ပြဿနာများကို ကျောင်းသား ကိုယ်တိုင်က လုပ်ကိုင်ဖြေရှင်းရင်း ၎င်းအတွက် ၎င်းဘဝတွင် လောကဓံ (၈)ပါးကို ရင်ဆိုင်ကျော်လွှားရာတွင် အသုံးတည့်သော ရုပ်လက္ခဏာနှင့် စိတ်လက္ခဏာများ တည်ဆောက်ဖြစ်တည် ရရှိလာစေမည့်အလုပ်များ (သို့) ပြဿနာများကို ရှာဖွေ ပုံစံပြုပုံကို ဆိုလိုသည်။**

## မိဘဗဟိုပြုခြင်းဆိုသည်မှာ

**မိဘဗဟိုပြုခြင်းဆိုသည်မှာ ဆရာတို့က ကျောင်းသားကိုယ်တိုင် လုပ်ကိုင်ဖြေရှင်းရန်အတွက် အလုပ်များ(သို့) ပြဿနာများ ရှာဖွေပုံစံပြု ပေးကြရာဝယ် ထိုအလုပ်များ (သို့) ပြဿနာများကို ကျောင်းသား ကိုယ်တိုင်က လုပ်ကိုင်ဖြေရှင်းရင်း ၎င်းအတွက် ၎င်းဘဝတွင် လောကဓံ (၈)ပါးကို ရင်ဆိုင် ကျော်လွှားရာတွင် အသုံးတည့်သော ရုပ်လက္ခဏာနှင့် စိတ်လက္ခဏာများ တည်ဆောက်ဖြစ်တည် ရရှိလာစေမည့်ဖြစ်စဉ်တွင် မိဘကိုယ်တိုင် ပူးပေါင်းပါဝင် နိုင်စေရန် ရည်ရွယ်၍ အလုပ်များ (သို့) ပြဿနာများရှာဖွေပုံစံပြုပုံကို ဆိုလိုသည်။**

## ဆရာဗဟိုပြုခြင်းဆိုသည်မှာ

**ဆရာဗဟိုပြုခြင်းဆိုသည်မှာ စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံ ပညာရေးစနစ်တွင် ကျောင်းသားတို့၏ အပြုအမူ၊ အပြောအဆို၊ အတွေး အခေါ်တို့သည် ဆရာ၏အလိုကျဖြစ်စေရန် ရည်ရွယ်၍ ကျောင်းသားလုပ်ရမည့် အလုပ် (သို့)ပြဿနာများ ရှာဖွေပုံစံပြုပုံကို ဆိုလိုသည်။**

## ပြည်သူဗဟိုပြုခြင်းဆိုသည်မှာ

**ပြည်သူဗဟိုပြုခြင်းဆိုသည်မှာ မည်သည့်အရာကို မည်သူက၊ မည်သည့်အချိန်၊ မည်သည့်ခေတ်ကာလတွင် လုပ်သည်ဖြစ်စေ ပြည်သူအကျိုးရှိ စေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းကို ဆိုလိုသည်။**

## ကျောင်းသားဗဟိုဘယ်မှာပြု

ကျောင်းသားဗဟိုပြုခြင်းဆိုသည်မှာ ကျောင်းသားလုပ်ရန်ကိစ္စအားလုံးကို ကျောင်းသားကိုယ်တိုင် လုပ်ခြင်းမှတစ်ဆင့် ကျောင်းသားအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု ရရှိစေရန် ကျောင်းသားကိုယ်တိုင်ကို လုပ်ဆောင်စေခြင်းဖြစ်သည်။ ကျောင်းသား ဗဟိုပြုလုပ်ခြင်းသည် စာရွက်ပေါ်တွင် လုပ်၍မရ။ ကျောင်းသားဗဟိုပြုလုပ်ငန်းကို လက်တွေ့လုပ်ရမည့်နေရာဌာနသည် စာသင်ခန်းဖြစ်သည်။ ကျောင်းသားဗဟိုပြုရမှာက စာသင်ခန်းထဲက ဆရာ ဖြစ်သည်။ စာသင်ခန်းထဲမှဆရာက ကျောင်းသား ဗဟိုမပြုမချင်း၊ ဆိုလိုသည်မှာ ကျောင်းသားများလုပ်ရမည့်အလုပ်များကို ကျောင်းသားများကိုယ်တိုင် မလုပ်မချင်း (သို့) မိဘနှင့် ကျူရှင်ဆရာများက ကူညီစဉ်းစားပေးနေခြင်းကို ရပ်တန်းက မရပ်မချင်း ကျောင်းသားဗဟိုပြုနေပြီဟု မည်မျှပင်ပြောပြော လက်တွေ့ အလုပ်လုပ်အားကောင်းသော ကိုလိုနီနယ်ချဲ့၏အမွေဆိုး စက်မှုခေတ်ပြောင်း တော်လှန်ရေးပုံစံ ပညာရေးစနစ်သည် သူ့အလုပ် သူလုပ်နေအုံးမည်သာ ဖြစ်သည်။ လက်တွေ့တွင် ဆရာတို့ ကျောင်းသားဗဟိုပြုဖြစ်စဉ်တွင် လိုအပ်သော ပြောင်းလဲမှု များ စတင်လုပ်နေသည်ကိုလည်း တွေ့ရှိရသည်။ သို့သော် ဤနှုန်းထားဖြင့်

ပြုပြင်ပြောင်းလဲရေးသည် နှစ်ရာချီသွားမည်။ မိဘလိုရင်း ဆရာမသိ၊ ဆရာလိုရင်း ကျောင်းသားမသိ၊ ကျောင်းသားလိုရင်း ဆရာမသိ၊ ကျောင်းသားလိုရင်း မိဘမသိ၊ ပညာရေး ဝန်ကြီးဌာနလိုရင်း မည်သူမျှ မသိ၊ မလေ့လာ။ ပညာရေးဝန်ကြီးဌာနမှ ချမှတ်သည့်ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ဟု ရေးထားသော်လည်း ဤ ရည်မှန်းချက်သည် မိဘတို့၏ရည်မှန်းချက်မဟုတ်။ မိဘ၏ရည်မှန်းချက်က သားသမီးဆရာဝန်ဖြစ်ရေး၊ ဆရာဝန်ဖြစ်အောင် ဖြစ်ညှစ် ကြိုးစား။ ကြိုးစားလျက်နှင့် ဆရာဝန်မဖြစ်လျှင် စိတ်မဝင်စားတော့။ အဆင်ပြေတာ သာယူ၊ ဘွဲ့တစ်ခုရတော်ပြီ။ ခေတ်မီဖွံ့ဖြိုး သောနိုင်ငံတော်တည်ဆောက်ရန် စိတ်မဝင်စား။ ဆရာတို့ကလည်း ဂုဏ်ထူးရရေး ဇောင်းပေး။ ဂုဏ်ထူးများမှ အမှတ်ကောင်းမှ ဆေးကျောင်းဝင်မည်။ အဲဒါမှ ဂုဏ်ရှိမည်။ ဘဝတွင် အောင်မြင်မှု ဖြစ်၏။ သို့ဖြစ်၍ ဆရာ၊ မိဘ၊ ကျောင်းသား၊ အစိုးရ ဦးတည်ချက်တူရန်လိုသည်။ သံလိုက်တုံးနှင့် ရိုးရိုးသံတုံးတခု ဥပမာပြုလိုသည်။ သံချင်းတူသော်လည်း ဂုဏ်သတ္တိချင်းမတူသည့် သံတုံး နှစ်တုံးဖြစ်သည်။ သံလိုက်မဟုတ်သော သံတုံး၏ မော်လီကျူ ပရမာအနုမြူအဆင့် ဖွဲ့စည်းပုံတွင် မော်လီကျူ ပရမာအနုမြူတို့၏ လားရာ ဦးတည်မှုသည် ပြောက်သောက်ဖြစ်နေ၍ တစ်ခုချင်းအားများ ကျေပျက်ပြီး မည်သည့်အစွမ်းသတ္တိမှမရှိသည့် သံတုံးတစ်တုံးသာဖြစ်သော်လည်း သံလိုက် ဂုဏ်သတ္တိရှိသော သံတုံး၏ ပရမာအနုမြူများ ဖွဲ့စည်းပုံတွင် ၎င်းတို့တစ်အုပ်စုချင်း ၏ လားရာဦးတည်ချက်များ တူလာသောအခါ တစ်ခုချင်းရှိ အင်အားများ ပေါင်းစည်းမိပြီး သံလိုက်ဆွဲငင်ဓာတ်ဖြစ် ပေါ်လာသည်ဖြစ်သည်။ ထိုနည်းတူစွာ ဆရာ၊ မိဘ၊ ကျောင်းသား၊ အစိုးရတို့ ယုံကြည်ရာဦးတည်ချက်တူညီလာမည်ဆိုပါက ယခင်မမြင်ဖူးခဲ့ မမြင်နိုင်ခဲ့သော အင်အားများ မြန်မာပြည်တွင် ပေါ်ထွက်လာမည်။ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် အင်အားများ လိုသည်။ ယခုပြုပြင်ပြောင်းလဲနေသော ပြုပြင်ပြောင်းလဲမှု မြင်သာထင်သာရှိစေဖို့ ပိုလိုသည်။ ပြည်သူအားလုံး သိအောင် အာပေါင်အာရင်းဖြင့် ပြောရမည်။ ဟောရမည်။ အစိုးရဆိုသည်အသံ ပျောက်နေ၍ မရ။ ပြည်သူနှင့် တစ်ဆက်တည်း ဆက်စပ်ရှိနေဖို့ ပြည်သူတို့နားထောင်နိုင်အောင် ပြောဆိုနေရန်လိုသည်။ အလွှာပ သလ္လာပ ပြောရန် မဟုတ်။ မည်သို့ပြုပြင်မည်။

မည်သို့အတူပူးပေါင်းမည်။ မည်သို့ပင်ပန်းမည်။ မည်သို့သည်းခံရမည်။ မည်သို့ အောင်မြင်မည်။ မည်သည့်အချိန် အောင်မြင်လာမည်။ မည်မျှ ပျော်စရာ ကောင်းမည်။ ယနေ့ဘာလုပ်မည်။ မနက်ဖြန် ဘာလုပ်မည်။ ယနေ့ကျောင်း စာသင်ခန်းထဲတွင် ဘာလုပ်ကြမည်။ မနက်ဖြန် ဘာလုပ်မည်။ မည်သို့အကျိုးရှိမည်။ မည်သူတွေမည်သို့အကျိုးရှိမည်။ မည်သည့်အတွက်ကြောင့် လုပ်သင့်သည်။ ဘယ်တော့စလုပ်မှဖြစ်မည်။ မိဘတာဝန်များ၊ ဆရာတာဝန်များ၊ ကျောင်းသား တာဝန်များ၊ အစိုးရတာဝန်များ အကုန်လုံးသိအောင် ဆောင်ရွက်ရန်လိုသည်။

# သင်ရိုးညွှန်းတမ်းနှင့် သင်ရိုး

## လူတိုင်းအတွက် ပညာရေး

ယခု ကနဦး မူရင်းရေးသားထားခဲ့သော လုပ်ငန်းလမ်းညွှန် (၁) ရှင်းလင်းရန် အပြီးမသတ်သေး။ အများကြီး ကျန်သေးသည်။ ရှေ့တွင်ဆိုခဲ့သလို ဆရာများက ကျောင်းသားများ အရွယ်အလိုက် သိသင့်သည်များကို စုစည်းကြရာမှ ထိုသို့ ကျောင်းသားများ အရွယ်အလိုက် သိသင့်သိထိုက်သည်မှန်သမျှကို စုစည်းထားသော စာစုပေစုနှင့် သိသင့်သည်များကို မည်ရွေ့မည်မျှလေ့လာပြီးသည်တို့ကို စစ်ဆေးနည်းများ၊ စိတ်ဓာတ်၊ စည်းကမ်း ပညာအားလုံးတို့ကို စစ်ဆေးသောနည်းများ၊ လေ့ကျင့်စဉ်များ၌ အသုံးပြုမည့် နည်းစနစ်များ၊ အားလုံးပေါင်းစပ်ထားသော စာစုဝေးကြီးသည် သင်ရိုးညွှန်းတမ်းဖြစ်လာသည်။ သင်ရိုးညွှန်းတမ်းသည် ကျွန်ုပ်တို့နှင့် မျိုးဆက်သစ်တို့အား ကျန်းမာပြီးချမ်းသာမည့် အနာဂတ်သို့ ခေါင်းဆောင်သွားနိုင်လိမ့်မည်။ မြန်မာ့သင်ရိုးညွှန်းတမ်းသည် မြန်မာကလေးများ၊ မြန်မာကျောင်းသားများ အရွယ်အလိုက်သိရမည့် အခြင်းအရာများ၊ မြန်မာကျောင်းသားတို့အား လေ့ကျင့်မှုစစ်ဆေးပုံ၊ မြန်မာကျောင်းသားတို့၏ ခန္ဓာကိုယ်နှင့် ယဉ်ကျေးမှု၊ ဖွဲ့စည်းပုံအရ မြန်မာ့အသိုင်းအဝိုင်း လူ့ဘောင်က လက်ခံသော သင်နည်းစနစ်များ အားလုံးစုစည်းထားသည်ဖြစ်ရာ မြန်မာအမျိုးသား သင်ရိုးညွှန်းတမ်းသည် မြန်မာကလေး မြန်မာကျောင်းသားများအတွက်သာ ရည်ရွယ်သလို မြန်မာ သင်ရိုးညွှန်းတမ်းသည် မြန်မာကျောင်းသားကလေးများ အတွက်သာ ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာအမျိုးသား သင်ရိုးညွှန်းတမ်းသည် မြန်မာပြည်တွင် ခေါင်းချမည့် မြန်မာများအတွက်သာဖြစ်သည်။ အခြားနိုင်ငံမှ ကလေးများ ကျောင်းသားများအတွက် ပုံစံပြုထားခြင်းမဟုတ်။ မြန်မာကျောင်းသား မြန်မာကလေးများအတွက်သာဖြစ်သည်။ မြန်မာ့အနာဂတ် မြန်မာ့ရှေ့ရေးအတွက် ရည်ရွယ်စဉ်းစားပုံစံပြုထားသော သင်ရိုးညွှန်းတမ်းသာဖြစ်သည်။ အမျိုးမျိုးသော ပုဂ္ဂလိကကျောင်းများက ကြော်ငြာများတွင် ရေးကြသည်။ စင်ကာပူသင်ရိုးညွှန်းတမ်းဖြင့်သင်သည်။ ဩစတေးလျသင်ရိုးညွှန်းတမ်းဖြင့်သင်သည် သို့မဟုတ် အမေရိကန် သင်ရိုးညွှန်းတမ်းဖြင့်သင်သည် စသည်ဖြင့် ရေးသားကြသည်။ ပုဂ္ဂလိကကျောင်း တာဝန်ရှိသူများ ဂရုစိုက်ရန်လိုသည်။ မိမိအလုပ် မိမိ ဂယကန သိဖို့လိုသည် အမေရိကန်သင်ရိုးဖြင့် မြန်မာများကိုသင်သော် ၄င်းကလေးများ မြန်မာပြည်တွင် မပျော်နိုင်။ မြန်မာအကြောင်း ဂယကန မသိနိုင်။ ဆိုလိုရင်းက ထိုကျောင်းသားများ မြန်မာပြည်တွင်ကြီးပွားရန်၊ ကျန်းမာချမ်းသာစွာနေနိုင်ရန် ခက်သည်။ သတိချပ်

စေလို၏။ စင်ကာပူကလေးများအတွက် စင်ကာပူသင်ရိုးညွှန်းတမ်း အကောင်းဆုံးဖြစ်သလို မြန်မာကလေးများအတွက် အသင့်တော်ဆုံးကျောင်းတွင်းဖြစ် (Self-developed) သင်ရိုးများရှိရန်လိုသည်။ သင်ရိုးကသာ ကလေးတို့လျှောက်လှမ်းမည့် ခရီးရှည်ကြီးအကြောင်းကိုရှင်းပြနိုင်သည်။ သင်ရိုးရေရာရန်လိုသည်။ သင်ရိုးခိုင်မာရန်လိုသည်။ ယခုလက်ရှိ မြန်မာအမျိုးသားကျောင်းများသင်ရိုးသည် မြင်ဖူး၊ သိဖူး၊ ကြုံဖူးသမျှ သင်ရိုးတွင် အခြေခံအားဖြင့် အကောင်းဆုံးဖြစ်သည်။ စက်မှုခေတ်ပြောင်းတော်လှန်ရေးပုံစံသင်ရိုးကိုပင်အခြေပြု၍ ခေတ်သစ် (Post 1945) သင်ရိုးများ ပေါ်ထွက်လာခြင်းဖြစ်၍ သင်ရိုးတွင် ထပ်မံဖြည့်စွက်ခြင်းများလုပ်ရန်လိုသော်လည်း၊ ပယ်ဖျက်ရန်အနည်းငယ်ရှိသော်လည်း သင်ရိုးပါစာစုများကိုပယ်ရန်မလို။ အလွန်ကောင်းမွန်သည်။ အလွန်ပြည့်စုံသည်။ ကမ္ဘာပေါ်ရှိ အကောင်းဆုံးသင်ရိုးများထဲတွင် မြန်မာအမျိုးသားပညာရေးသင်ရိုး၏ သင်ရိုးစာစုပါ အကြောင်းအရာများပါသည်။ ယခု ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွင် သင်ရိုးအားပြုပြင်ရန်မဟုတ်။ ပြုပြင်မှုခေါ်ခေါ် ညှိနှိုင်းမှုခေါ်ခေါ်၊ ဖြည့်စွက်မှု၊ ပယ်ဖျက်မှု၊ ပိုကောင်းအောင်ပြင်ဆင်မှု မည်သို့ပင် ခေါ်စေကာမူ ယခုပညာရေး ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၍ လက်ရှိမြန်မာ့အမျိုးသားသင်ရိုးကို အရိုးထည်အဖြစ်သုံးမှ အကောင်းဆုံးဖြစ်မည်။ အလုံးစုံသွားပြောင်းလိုက်က ငါးပါးသာမက သံဃာစင်ပါ မှောက်လိမ့်မည်။ နိုင်ငံခြား ပညာရှင်များက မြန်မာကလေးများ၏ အနာဂတ်အတွက် ရည်ရွယ်ရေးရသော သင်ရိုးညွှန်းတမ်း (ဝါ)မြန်မာအမျိုး သားသင်ရိုးညွှန်းတမ်းကို ရေးဆွဲပေးနိုင်ပါသလား။ မည်သို့မှ မဖြစ်နိုင်။ ၎င်းတို့အားစစ်ဆေးစေလျှင်လည်း ၎င်းတို့ရှိသည့်ပေတံနှင့် တိုင်းမည်သာဖြစ်၍တစ်ကြောင်း၊ ၎င်းတို့က မြန်မာအကြောင်း မသိ၍လည်းကောင်း၊ ၎င်းတို့သည် မြန်မာတို့လိုလားသော မြန်မာ့အနာဂတ်ပုံစံကို မသိ၍သော်လည်းကောင်း၊ နိုင်ငံခြားမှ မြန်မာသင်ရိုးကို ရေးပေးရန် မည်သို့မျှမဖြစ်နိုင်။ နိုင်ငံခြား ဥပမာ UN မှ ရေးပေးသော သင်ရိုးနှင့်သင်လျှင်လည်း အထက်ဖော်ပြပါ မသိမှုအချက်များကြောင့် မြန်မာကလေးအားလုံး စကောစက ဖြစ်ကုန် တော့မည်။ မြန်မာပြည်တွင် မပျော်သော မြန်မာများ များစွာထွက်လာမည်။ တိုင်းပြည်တည်ဆောက်ရန် မပြောနှင့် တိုင်းပြည်ပျက်မသွားလျှင် ကံအတော်ကောင်း။

သို့ဖြစ်၍ ရှိရင်းစွဲသင်ရိုးအား အခြေပြု၍ ကျောင်းသားဗဟိုပြု ချဉ်းကပ်ပုံစနစ်များအပါအဝင် စစ်ဆေးအကဲဖြတ်နည်းများ၊ အမှတ်ပေးပုံတို့အထိ လိုအပ်သော ပြုပြင်ပြောင်းလဲမှုတို့မှ ဆရာနှင့်ကျောင်းသားများ ယနေ့ စာသင်ခန်း ထဲတွင် ဘာလုပ်ကြရမည်၊ ဘယ်သူက ဘယ်တာဝန်ကိုထမ်းဆောင်ပြီး၊ ဘယ်လိုအကဲ ဖြတ်မည်စသည်ဖြင့် ပွင့်လင်းမြင်သာသော သိမှုတို့မှတဆင့် မိဘနှင့်ဆရာကြား နားလည်မှုတည်ဆောက်ရမည်။

သင်ရိုး၏ သို့မဟုတ် သင်ရိုးမှရရှိသော ကောင်းကျိုးချမ်းသာ များစွာရှိ သည့်အနက် ယနေ့ခေတ်စနစ်နှင့် ကိုက်ညီသော ယူဆချက်ဖြစ်သည့် အများ ကောင်းစားရေးဝါဒခေါ် ဒီမိုကရေစီစနစ် (သို့) ဒီမိုကရေစီ လူ့ဘောင်ကို တည်ဆောက်ရာတွင် သာတူညီမျှလွတ်လပ်ရေး၊ သာတူညီမျှ အခွင့်အရေး ရရှိရေး အပါအဝင် များစွာသော ဒီမိုကရေစီ၏ တန်ဖိုးများကို ထပ်ဟပ်သော (သို့) ဒီမိုကရေစီနိုင်ငံသားများ၏ အသွေးအမွေးများကိုသာ ထည့်သွင်း လေ့ကျင့်ပါဝင် စေနိုင်လောက်သည့်အထိ လွှမ်းခြုံနိုင်စေရန် သင်ရိုးကို ပုံစံပြုရန်လိုသည်။ ဖြတ်သန်းလာခဲ့သော ကာလတစ်လျှောက် မိဘနှင့်ဆရာတို့ ကျောင်းသားတို့အား စဉ်ဆက်မပြတ် တိုက်တွန်းခဲ့သော ဆောင်ပုဒ်များအနက် မိမိကိုယ်ကို ကောင်း အောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ နောက်ဆုံး မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည် ဟူ၍ တွေ့ကြုံခဲ့ရသည်။ ကျောင်းသားဟူသည် ဆရာနှင့်မိဘပုံသွင်း သည့်အတိုင်း ထွက်လာမည်ပင်ဖြစ်၏။ ယနေ့ ကျွန်ုပ်တို့အားလုံးသည်လည်း ကျွန်ုပ်တို့ဆရာများနှင့် မိဘတို့ပုံသွင်းခဲ့ကြသည့်တိုင်း ဆက်လက်ရှင်သန်နေထိုင် နေကြသည်ဖြစ်သည်။ သို့ဖြစ်၍ ဆရာမိဘတို့ မှာကြားသွန်သင်သည့်အတိုင်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကြပါတော့သည်။ မိမိကိုယ်ကို ကောင်းသည် ထက် ကောင်းအောင်ကြိုးစားရင်း မိမိအတန်းကောင်းအောင် ကြိုးပမ်းရန် အချိန်မရှိတော့၊ မိမိကျောင်းကိုလည်း ကောင်းအောင်ကြိုးစားရန် ပျက်ကွက်ခဲ့ပြီး နောက်ဆုံးပိတ်ဖြစ်သည့် မိမိတိုင်းပြည်အတွက်က မရောက်နိုင်တော့။ သက်တမ်း (၁၀၀) နှင့် မလောက် ဖြစ်ကြရသည်။ မိဘနှင့် ဆရာတို့က မှာကြသည်။ သားသား အတန်းထဲမှာ အတော်ဆုံးဖြစ်အောင်လုပ်၊ အားလုံးထက်ကျော်အောင်လုပ်၊ အမြဲတော်အောင်လုပ်။ သားသမီး တို့ကလည်း မိဘဆရာမှာသည့်တိုင်း ငယ်စဉ်

ကပင် သူများထက်ပိုတော်အောင် တစ်တန်းလုံး တစ်ကျောင်းလုံးတွင် ပိုတော်အောင် ကြိုးစားခဲ့ကြပါသည်။ သားသမီးများ ကြီးပြင်းလာသောအခါတွင်လည်း ဆက်၍ မိဘဆရာတို့၏ မှာကြားသွန်သင်ခဲ့သည့်အတိုင်းအားလုံးထဲတွင် အချမ်းသာဆုံးအတော်ဆုံး၊ အလျှုနိုင်ဆုံး၊ အဝတ်နိုင်ဆုံး၊ အသုံးနိုင်ဆုံး ဖြစ်အောင် ဆက်လက်ကြိုးပမ်း ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်၏။ မိမိပိုတော်ရန်၊ မိမိပိုချမ်းသာရန်၊ မိမိပိုလှူနိုင်ရန်၊ မိမိပိုဝတ်နိုင်ရန် မည်သူ့ကိုမှ မငဲ့ညှာတော့ဘဲ၊ မျက်နှာမထောက်တော့ဘဲ ကြိုးစားကြတော့သည်။ သို့ဖြစ်၍ ခေတ်ဟောင်းပညာရေးစနစ်က ပဲ့ပြင်လိုက်သော စနစ်ပုံစံကြောင့် တစ်တိုင်းပြည်လုံး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ့်ကိုယ်ကိုယ်ကို အကောင်းဆုံးဖြစ်အောင် နည်းမျိုးစုံဖြင့် ကြိုးစားကြရာမှ မဖြစ်သင့်သည်များ များစွာဖြစ်ခဲ့၊ တွေ့ခဲ့ကြရပြီးဖြစ်သည်ကို သင်ခန်းစာ ကောင်းကောင်းယူ၍ ခေတ်သစ်ပညာရေးစနစ်၏ အနှစ်သာရ၌ မိမိ တစ်ဦးတည်း တော်တတ်စနစ်မှ အများအားလုံး လုပ်နိုင်သလောက် တော်တတ်လာစေရန် ကိုယ့်အတိုင်းအတာနှင့် ကိုယ်လုပ်လုပ်နိုင်စေရန် လူတိုင်းလူတိုင်း၊ ကျောင်းသားတိုင်း ကျောင်းသားတိုင်း၏ စိတ်၌၊ ငါတစ်ဦးတည်း တော်၍ တတ်၍မရ။ ဆိုလိုသည်မှာ တိုင်းပြည် မတိုးတက်။ အများတော်မှ အားလုံးကျန်းမာမည်။ ချမ်းသာမည်။ တိုင်းပြည်တိုးတက်မည်။ ငါသည်လည်း အများတော်စေရန် အတူတကွ အလုပ် လုပ်မည်ဟူသော အတွေးမျိုးကို ရရှိလာစေရန် မိဘနှင့်ဆရာတို့မှ ပြောင်းလဲဆုံးမ သွန်သင်ရန်သည် အများကောင်းစားရေး ဒီမိုကရေစီဝါဒ၏ အနှစ်သာရဖြစ်သည်။ အသေးအဖွဲ့များမှအစ အားလုံးအရေးကြီးသည်။ ပြောဆိုလုပ်ကိုင်မှုများအားလုံး သူ့အတိုင်းအတာ တစ်ခုအထိ အလုပ်လုပ်သည်ကို နားလည်ကြရမည်။ အမှတ်တမဲ့ ပြော၊ အမှတ်တမဲ့နေခြင်းတို့ဖြင့် ကျွန်ုပ်တို့လိုရာ ကျန်းမာချမ်းသာသော လူ့ဘောင် မတည်ဆောက်နိုင်။ မိဘ၊ ဆရာ၊ ကျောင်းသား၊ အစိုးရအားလုံး သတိထား စိတ်ရှည်ကြိုးစား၍ အလုပ်လုပ်နိုင်လျှင် အောင်မြင်မည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရခေတ် (သို့) ဆိုရှယ်လစ်စနစ်တွင် လူအများကောင်းစားရေးဟုဟစ်ကြွေးထားသော်လည်း လက်တွေ့တွင် လူတစ်စု ကောင်းစားရေးဖြစ်ခဲ့သည်။ လုပ်ပုံကိုင်ပုံသည်လည်း လူတစ်စုကိုသာ အရေး ပေးခဲ့သော စနစ်ဖြစ်၏။ ကျောင်းများမှ တော်သောကျောင်းသားများကို စု၍ လူရည်ချွန်များဟုသတ်မှတ်ကာ အခွင့်အရေးများ၊ အပန်းဖြေစရာများဖြင့်

ဂုဏ်ပြုခဲ့ကြသည်။ ပြီးနောက် ထိုခေတ်၊ ထိုစနစ်က လူရည်ချွန်ဟု လူတော်များဟု ယူဆခြင်းခံထားရသော ကျောင်းသားများကို ဤသို့မျက်နှာသာပေးဂုဏ်ပြုခဲ့ ကြသောအခါ လူရည်ချွန်မဟုတ်သော ကျောင်းသားများ (သို့) လူရည်ချွန်ဟု အရွေးမခံရသော ကျောင်းသားများ၏ လုပ်နိုင်သည့် စွမ်းရည်နှင့်တန်ဖိုးတို့ကို ပစ်ပယ်လိုက်သကဲ့သို့ဖြစ်သွားပြီး အများစု၏ အားကိုမယုံကြည်ဘဲ တော်သည် တတ်သည်ဟု ယူဆသော လူတစ်စု၏ ဦးဆောင်မှုကသာ အရေးကြီးသည်ဟူသော အယူအဆ၏ ရောင်ပြန်ဟပ်ချက်ကြောင့် လူရည်ချွန်မဟုတ်ခဲ့ကြသည့် များစွာသော တိုင်းပြည်အင်အားများအား စိတ်ဓာတ်လျော့ကျစေခဲ့၊ ချိုးဖွဲ့ပစ်ခဲ့ ကြသည်ဖြစ်၍ ထိုကဲ့သို့လူတစ်စု ကောင်းစားရေးဇောင်းမပေးဘဲ တော်ရုံလောက်ချီးကျူးရုံဖြင့် ရှိသင့်ပြီး ပို၍အရေးကြီးသည့်ကိစ္စဖြစ်သည့် ကျန်အင်အားစုများအတွက် ရှိသည့် ပညာရည်လေ့ကျင့်မှုမှ ပိုမြင့်လာရေးအတွက် အားထည့်ဆောင်ရွက်ရမည် ဖြစ်သည်။ ထိုသို့သောစနစ်ဖြင့် ခွဲခြားစိစစ်လိုက်သော အရည်အချင်းရှိသည်ဟု သတ်မှတ်ခြင်းခံရသူများနှင့် အရည်အချင်းမရှိသူများဟု သတ်မှတ်ခြင်းခံရသူများကို လေ့လာသော် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သူများကို အရည်အချင်း ရှိသူများဟုသတ်မှတ်ပြီး အမှတ်နိမ့်သောသူများအား ယေဘုယျအားဖြင့် အရည် အချင်းနိမ့်သူများဟု သတ်မှတ်သည်။ ခေတ်သစ်ပညာရေးစနစ်စံဖြင့် တိုင်းတာလျှင် ခေတ်ဟောင်းစနစ်ဟောင်းတွင် အရည်အချင်းရှိသည်ဟု သတ်မှတ် ခြင်းခံရသူများ တွင် အချို့ စိတ်ဓာတ်နှင့်စည်းကမ်းပါမလာသူများ လည်းရှိသည်။ ဤကဏ္ဍများ အား မစစ်ဆေးဘဲ ပညာကဏ္ဍတွင်ပင် ခဲတံ၊ စာရွက်တို့ဖြင့် ရေးဖြေတွင်စစ်ဆေး နိုင်သော စာမေးပွဲပုံစံဖြင့်စစ်ဆေးခဲ့သည်။ ယနေ့မျက်မှောက်ခေတ်ကာလ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အသီးသီးတွင် ဦးဆောင်နေကြသော ပုဂ္ဂိုလ်များထဲတွင် ထိုခေတ်ဟောင်းစနစ်က လူရည်ချွန် (သို့) အရည်အချင်းရှိသူများ ရှိပါသည်။ သို့သော် လက်ချိုးရေတွက် ရလောက်အောင် နည်းပါးပြီး ထောင်ဂဏန်းမကရှိသော နှစ်စဉ်မွေးထုတ်ခဲ့ကြသော ထိုခေတ်ဟောင်းက လူရည်ချွန်များ ဘယ်ရောက်ကုန် ကြပြီး တိုင်းပြည်အကျိုး သယ်ပိုးနေကြသနည်း ဆန်းစစ်ရန်လိုသည်။ ဆန်းစစ်ကြည့် ပါက ထိုသို့မြန်မာတစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယဆုများ ဆွတ်ခူး ရရှိသူ အများစုသည် ထိုခေတ်ထိုအခါ၌ ၎င်းတို့အား အထင်ကြီးထားသလောက် တိုင်းကျိုး ပြည်ပြု၊ လူသားအကျိုး ပြုလုပ်ငန်းများတွင် တာဝန်ကြီးကြီးဆောင်ရွက်နိုင်ခြင်းကို

ရာနှုန်းများများ မတွေ့ရပေ။ ဤသည်က သက်သေပြနေသည်။ စနစ်ဟောင်း၏ အကဲဖြတ်ချက်များ ရာနှုန်းပြည့်မမှန်။ ယခင်က လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရပြီး ယနေ့မျက်မှောက်ခေတ်တွင် တိုင်းပြည်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ စစ်ရေး အစရှိသည့် ကဏ္ဍအသီးသီး၌ ဦးဆောင်နေကြသော သူများသည် ထိုစဉ်ကပညာရေးစနစ်ထက် ပိုမိုကောင်းမွန်သော ပညာရေးစနစ်ဖြင့် ကြုံခဲ့ကြရပါက ၎င်းတို့သည် ယခုထက်ပင်ပို၍ ကျန်းမာ ချမ်းသာကြမည်ဖြစ်ပြီး အများအကျိုးစီးပွားကိုလည်း ယခုထက်ပို၍ ဆောင်ရွက်သယ်ပိုးနိုင်သော ပုဂ္ဂိုလ်များဖြစ်လာနိုင်သည်။ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင်လည်း လူရည်ချွန်စနစ်မှ လူရည်ချွန် များကျောင်းပြီးသော် ပါတီကေဒါများဖြစ်လာကြသည်။ ပါတီကေဒါများမှ တစ်ဆင့် အုပ်ချုပ်ရေးခေါင်းဆောင်များအဖြစ် အသွင်ပြောင်းလဲလုပ်ကိုင်ကြသည့်စနစ်များ တွေ့ခဲ့ဖူးသည်။ သို့သော် ယနေ့မြန်မာနိုင်ငံတွင် အများဆန္ဒ ဆုံးဖြတ်ပြီးဖြစ်သော ဒီမိုကရေစီလမ်းကြောင်းသို့ သွားကြရာ၌ အများတိုးတက်လာရေးကို ပိုမိုဖောင်းပေးရန် စဉ်းစားကြဖို့လိုပါသည်။

သို့ဖြစ်၍ သင်ရိုး၏အနှစ်အရသာများတွင် အတိတ်ကရှောင်ရန်များကိုပါ ထင်ဟပ်၍ ပြုပြင်မည်ဆိုပါက လွန်စွာစိတ်ဝင်စားစရာကောင်းသော အလုပ်ပင်ဖြစ်သည်။ သင်ရိုးဟူသည် တစ်ရက်တည်း၊ တစ်ပတ်တည်း၊ တစ်လတွင်း ပြင်ရုံနှင့်ပြီးသည်မဟုတ်ဘဲ တိုင်းပြည်၏ပြောင်းလဲလာသည့် အခြေအနေများပေါ်တွင် ကြည့်၍ အနာဂတ်တွင် ကျောင်းသားတို့လိုအပ်လာမည့် အတတ်ပညာများကို အမြဲဖြည့်စွက်၍လည်းကောင်း၊ ခေတ်နှင့်မလျော်ညီတော့သည်တို့ရှိလာပါက ဖယ်ထုတ်၊ ပယ်ဖျက် စသည်တို့ကို အမြဲလုပ်နေရမည်ဖြစ်သည်။ သင်ရိုးသုတေသနနှင့် သင်ရိုးရေးဆွဲရေး၊ သင်ရိုးအဆင့်မြှင့်တင်ရေး စသည်ဖြင့် အဖွဲ့များခွဲ၍ နေ့စဉ်အာရုံစူးစိုက် စောင့်ကြည့်ရန်လိုသည်။ သင်ရိုးကိုအခြေပြု၍ လေ့ကျင့်နေကြသော လေ့ကျင့်စဉ်၊ လေ့ကျင့်မှုများမှ မွေးထုတ်လိုက်သော မြန်မာနိုင်ငံသားတို့ သင်ရိုးပါ မှန်းဆရည်ရွယ်ချက်များ ရည်မှန်းချက်များအတိုင်း ဟုတ်မဟုတ်ကို စောင့်ကြည့်ရန်ဖြစ်သည်။ ချော်သမျှတွေ့အောင် ဆန်းစစ်ရှာဖွေ စစ်ဆေးနေပြီး ချက်ချင်းပြုပြင်နေရန်လိုသည်။ သင်ရိုးအဖွဲ့တွင် ရှေ့မီနောက်မီများ၊ ခေတ်ရှေ့ပြေးများ၊ အလယ်အလတ် အတွေးအခေါ်သမား ပညာတတ်များ၊ မျှမျှတတပါဝင်ရမည်။ ကျောင်းဆရာများသက်သက် သင်ရိုးအဖွဲ့သည် အမြင်မစုံသည့်အတွက် သင်ရိုးကို ကြီးကြပ်


ထိန်းကျောင်းမည့်အဖွဲ့တွင် နယ်ပယ်စုံမှ ပါဝင်သင့်သည်။ နိုင်ငံတကာတွင်လည်း ဤအတိုင်းလုပ်နေကြသည်။ နိုင်ငံတော်သမ္မတဦးဆောင်ပါဝင် (သို့) ဒုတိယသမ္မတ အနည်းဆုံးပါဝင်၍ ဝိုင်းဝန်းဖြည့်စွက်နေရန်လိုသည်။ မြန်မာတို့ ပညာရေးကဏ္ဍကို အထင်သေးခဲ့ကြ၍ အတော်ဒုက္ခကြုံခဲ့ကြပြီး ကြုံရဆဲဖြစ်သည်။ ယခုက ထိုအရေးကြီး လှသော သင်ရိုးကို အရေးမဟုတ်ဘူးဟု ယူဆပြီး ပစ်ပယ်ထားခဲ့ကြ၍ နိုင်ငံ့ခေါင်း ဆောင်အဆင့်က လုပ်ရန်ဆိုသော အလုပ်မဟုတ်ဟု ယူဆခဲ့ကြ၍ ဘယ်သောအခါမှ မြန်မာခေါင်းဆောင်အသီးသီးက ပညာရေးသင်ရိုးတွင် **ထဲထဲဝင်ဝင်** မပါဝင်ခဲ့ကြ။ သင်ရိုးအစည်းအဝေးအဖွင့် မိန့်ခွန်းလောက်သာ ပြောခဲ့ကြရုံရှိသည်။ သို့သော် ယခင်နိုင်ငံ့ ခေါင်းဆောင်များ မသိလိုက်သည်မှာ ၎င်းတို့ထိပ်တိုက်ဖြေရှင်းနေရသော ပြဿနာအားလုံးသည် ၎င်းတို့လုပ်ရန် ပတ်သက်ရန်မလိုဟု ယူဆခဲ့ကြသော ပညာရေးသင်ရိုးက မွေးထုတ်ပေးလိုက်သော ပြဿနာများဖြစ်သည်ကိုပင်ဖြစ်၏။ ထို့ကြောင့် ခေတ်အဆက်ဆက်က မြန်မာခေါင်းဆောင်များ ပြဿနာများအားလုံးကို မည်သို့ကြိုးစားရှင်းရှင်း မပြီး။ အစိုးရ တစ်ဆက်ပြီးတစ်ဆက် ခေတ်အဆက်ဆက် ပြဿနာများကို လက်ဆင့်ကမ်း ဆိုးမွေခံသယ်ဆောင်လာခဲ့ကြရပြီး ဖြစ်သည့်နည်းဖြင့် ရှင်းလင်းနေရာမှ ကိစ္စများအားလုံး ရှုပ်သည်ထက်ရှုပ်ကုန်သည်များလည်း သတိရကြ မည်ထင်သည်။ သို့ဖြစ်၍ မြန်မာ့ခေါင်းဆောင်များ မြန်မာပညာရေး သင်ရိုးကို မိမိတိုင်းပြည်အတွက် လိုအပ်သည့် ကျန်းမာအောင်နေတတ်သော၊ ချမ်းသာအောင်နေတတ်သော ဉာဏ်ရှိသည့် စဉ်းစားနိုင်သည့် နိုင်ငံသားများ မွေးထုတ်ရာတွင် အရေးပါထိရောက်သော ပြဿနာ ရှင်းလင်းရေးလက်နက်သဖွယ် အသုံးပြုတတ်ရန်လိုသည်။ ဤသို့ ဆောင်ရွက်နိုင်ရန် မြန်မာ့ခေါင်းဆောင်တို့အားလုံး ပညာရေးကို နားလည်ဖို့လိုသည်။ နားမလည်လျှင် ပိုဆိုးမည်။ ခေါင်းဆောင် ကပြောသမျှကို လိုက်မှတ်လိုက်လုပ်ခြင်း မျိုးမဟုတ်ဘဲ မြန်မာ့ဦးဆောင်နယ်ပယ် အသီးသီးမှ တာဝန်ယူသူပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရဝန်ကြီးများ၊ ဒုဝန်ကြီးများ အစပြု၍ မိမိတို့၏ကဏ္ဍများတွင် လိုအပ်သောပညာသည်၊ ပညာရှင်လူတန်းစား၊ လူထု အမျိုးမျိုးကို မွေးထုတ်ရာတွင် ၎င်းလူထု လူတန်းစား အမျိုးမျိုးနှင့် နိုင်ငံသားတိုင်းတွင် ပါရှိလာပြီး ဖြစ်သင့်သည့်စိတ်ဓာတ်များ၊ စည်းကမ်းများ၊ ပညာများ (အလုပ်လုပ်နိုင်ခြင်း) ပါလာအောင် သင်ရိုးတွင် ဝိုင်းဝန်းအကြံပြု အလုပ်လုပ်ရန်ဖြစ်သည်။ ခေါင်းဆောင်ကပဲပြော ကျန်သူများက

လိုက်မှတ်၊ သူ ပြောတာပဲလုပ်၊ ကိုယ်ကမပြော၊ ငြိမ်၍သာ ခေါင်းညိတ်နားထောင်၊ မြန်မြန်ပြီး ပြီးရော၊ အမုန်းမခံ၊ မလုပ် မရှုပ် မပြုတ်၊ ရေသာခိုအချောင်လိုက်၊ မိမိတစ်ဘဝ ခဏကောင်းစားရေးအတွက် လူအများ၏အကျိုးကို လျစ်လျူရှုခဲ့ကြသော အလုပ်ကို ကျွန်ုပ်တို့အားလုံး စွန့်လွှတ်ကြပြီး တိုင်းပြည်ရပ်ရွာ သာယာစေရေးအတွက် သူ့အကြံ၊ ကိုယ့်အကြံ၊ သူ့ဟန် ကိုယ့်ဟန် အားလုံးပေါင်းစပ်ပြီး အသွေးအရောင်စုံသော အသွေးအမွေးစုံသော၊ ကျန်းမာအောင်နေတတ်ပြီး ချမ်းသာအောင်လည်း နေတတ်သော၊ အရည်အသွေး ရှိသည့် နိုင်ငံသားများ စုပေါင်းမွေးထုတ်ခြင်းဖြင့် ကျွန်ုပ်တို့၏ သားများမြေးများ၏ အနာဂတ်ကို ကြိုတင်ထူထောင်ကြခြင်းဖြင့် အဆက်ဆက်မွေးလာကြမည့် မြန်မာများကို စောင့်ရှောက်ကြရန်ကို အားလုံး သိပြီးဖြစ်သည်။

ယခုတင်ပြချက်များကား မြန်မာ့အမျိုးသားသင်ရိုး၏ အလုပ်လုပ်ပုံနှင့် မည်မျှအရေးကြီးသည်ကို အနည်းငယ်သာ အကျဉ်းချုံးတင်ပြခြင်းဖြစ်သည်။ နှစ်ပေါင်း (၆၀)ကျော် ဖြတ်ကျော်ခဲ့ကြသော အရိပ်ဆိုးကြီးအောက်မှ ချက်ချင်း မထွက်နိုင်။ အရိပ်ထိုးဦးမည်။ အသွင်ကူးပြောင်းရေးကာလ၏ ပုံမှန် အသွင်သဏ္ဌာန် တစ်ခုဖြစ်သည်။ စိတ်ဓာတ်ကျစရာမလို။ ယခုပစ္စုပ္ပန်တွင် ကျွန်ုပ်တို့ အကောင်းဆုံး လုပ်သွားကြရန်သာ လိုသည်။ သင်ရိုးကို အသုံးချပါ။ ပိုကောင်းသည်ထက်ကောင်းအောင် ပြုပြင်၍ လုပ်ကိုင်သွားလျှင် ရွှေပြည်တော် မဝေးတော့။

သင်ရိုးပြုစုခြင်း ပြီးစီးသွားသည့်အချိန်အခါရောက်သည့်တိုင် ဆရာဆရာမများအတွက် လက်တွေ့စာသင်ခန်းတွင် ယနေ့ မနက်ဖြန် လုပ်ကိုင်ရန်များ မတွေ့နိုင်၊ မရနိုင်သေး။ သင်ရိုးသည် အခြေခံအတိုင်း (၃) ပိုင်း (အနိမ့်ဆုံး) (သို့) (၄)ပိုင်းသာဖြစ်၍ ဆရာများစာသင်ခန်းအတွင်း လက်တွေ့သုံးနိုင်သည့် အဆင့်သို့ရောက်အောင် သင်ရိုးကို ထပ်မံအသေးစိတ်ရန် လိုအပ်လာသည်။ သင်ရိုးကို မည်သို့ အသေးစိတ်မည်နည်း။ မြန်မာစာကို သင်ရိုးတွင် စုစည်းထည့်သွင်းထားသော်လည်း သူငယ်တန်းတွင် သူငယ်တန်းနှင့်လျော်ညီသော မြန်မာစာစာစုများ၊ ကဗျာများ စသည်တို့ကို အသေးစိတ်မတွေ့ရနိုင်။ ထို့ကြောင့် သင်ရိုးတွင်ဖော်ပြထားသည့် အကြမ်းဖျင်းဖော်ပြချက်ကို ထပ်မံအသေးစိတ်၍ သူငယ်တန်းတွင် မြန်မာစာကိုအကြောင်းပြု၍ စဉ်းစားစေသော လေ့ကျင့်စဉ်တွင် အခြေပြု၍၊ အကြောင်းပြု၍လေ့ကျင့်ရန် သူငယ်တန်းကျောင်းသားတို့နှင့် သင့်လျော်မည့်

## သင်ရိုးညွှန်းတမ်းအဖွဲ့ အလုပ်လုပ်ပုံ နမူနာ



မြန်မာစာစုများကို စုစည်းရေးသားကြရမည်။ ၎င်းစုစည်း ရေးသားထားသော စုစည်းမှုတွင် ပညာသင်နှစ်တစ်နှစ်လုံးအလိုက် နှစ်စတွင် မည်သည့်စာစုဖြင့် စတင်လေ့ကျင့်မည်၊ နေ့စဉ်လေ့ကျင့်ရန်၊ အပတ်စဉ်လေ့ကျင့်ရန်၊ လစဉ်၊ နှစ်စဉ် တစ်နှစ်လုံး ကာလအပိုင်းအခြားအလိုက် ကျောင်း၏ ပညာသင်နှစ်ကာလ တစ်နှစ်အတွင်း မည်သည့်စာစုများကို အကြောင်းပြု အခြေပြု၍ လေ့ကျင့်မည်ကို ရေးဆွဲစုစည်းကြသည်။ ပြီးနောက် သင်ကြားမည့်နည်းစနစ် အသေးစိတ်၊ အသုံးပြုရန် အထောက်အကူပစ္စည်းများ၊ အကြံ ပြုပေးထားခြင်း၊ စုစည်းရေးသား မှုနှင့် စစ်ဆေးမည့်ပုံစံနည်းစနစ်၊ အချိန်၊ စစ်ဆေးချက်ရလဒ်များအား မှတ်တမ်း မှတ်ရာ ရေးသွင်းခြင်းပုံစံနှင့် အကဲဖြတ်မှတ်ချက်ရေးသား မှုအပါအဝင် အားဖြည့် သုံးစွဲလေ့ကျင့်နိုင်သော အားဖြည့်မှီငြမ်းစာအုပ်များနှင့် အင်တာနက်ဝက်ဘ်ဆိုဒ်များ အားလုံးမှာ စုစည်းရေးသားဖြည့်စွက်ကြသည်။ ဤသို့ပညာသင် တစ်နှစ်တာ ဆောင်ရွက်ရန် စုစည်းရေးသားထားသော မြန်မာစာ အပါအဝင် ပညာရေး လေ့ကျင့်စဉ်တွင် အကြောင်းပြုရမည့် အကြောင်းပြုချက်များဖြစ်သည့် သမိုင်း၊ ပထဝီ၊ သိပ္ပံ၊ သင်္ချာ၊ ဂီတပညာ၊ အားကစားနှင့် ကာယပညာ၊ ရူပ၊ ဓာတု၊ ဇီဝ၊ ဘောဂ အစရှိသော အကြောင်းပြုချက်များစွာတို့ တစ်ခုချင်းအလိုက် အထက်တွင် ဖော်ပြခဲ့သလို ရေးသားစုစည်းထားသော စာစုကြီးကို သင်ရိုးမာတိကာ (Syllabus) ဟုခေါ်ကြသည်။ ထိုသင်ရိုးမာတိကာကို ကျောရိုးပြု၍ အတန်းတွင်း လေ့ကျင့်ရာ၌ တိုက်ရိုက်ညွှန်းဆို အသုံးပြုရန်အတွက် သက်ဆိုင်ရာ အကြောင်း ပြုချက်တိုင်း၏ စာစုများကို စုစည်းစက်တင်ရိုက်နှိပ်၍ ၎င်းစာစုများ အားလုံး ကိုရည်ညွှန်းပြီး စာစုစာအုပ် (Text Book) ဟု ခေါ်ဆိုကြသည်။ ဤစာစု စာအုပ်များအသီးသီးပါ စာစုများကို အကြောင်းပြု၍ လေ့ကျင့်ခန်းများကို လေ့ကျင့်ရန်သာဖြစ်ပြီး စာစုစာအုပ်ပါ အကြောင်းပြုချက် အကြောင်းအရာများကို အလွတ်ကျက်ရန် စုစည်းထားပေးခြင်းမဟုတ်။ စာစုစာအုပ်တွင် ရိုက်နှိပ်ထားသော အကြောင်းအရာ အချက်အလက်၊ ဇာတ်လမ်းဇာတ်အိမ်များကို အကြောင်းပြုပြီး ဆရာပြောလိုသည်များပြောမည်။ ရှင်းလိုသည်များရှင်းမည်။ ကျောင်းသားများ ကလည်း ဆရာ စီစဉ်ပေးထားသော လုပ်ဆောင်လေ့ကျင့်ရမည့် လေ့ကျင့်ခန်းများ ကို မိမိကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ရင်းဖြစ်သည်။ စာစုစာအုပ်ပါ အကြောင်း အချက်များကို အာဂုံဆောင်ခြင်းသည် ခေတ်သစ်

ပညာရေးလေ့ကျင့်စဉ်နှင့် တစ်လမ်းစီဖြစ်၍ မလုပ်ရ။ မလိုအပ်။ ဤသို့ သင်ရိုးမာတိကာ ထွက်ပေါ်လာပြီဆိုလျှင်လည်း အမြဲပုံသေသုံး၍မရ။ သင်ရိုးမာတိကာသည်လည်း ဆရာအတွက် အခြေပြုကျောရိုးမဏ္ဍိုင်တစ်ခုသာဖြစ်သည်။ ဆရာတို့က အမြဲတစေ သင်ရိုးမာတိကာပါ အကြောင်းအရာနှင့် သင်နည်းစနစ် အကဲဖြတ်စစ်ဆေးပုံတို့အား လက်တွေ့စာသင်ခန်းတွင်း ဆောင်ရွက်ရာ၌ ဆီလျော်မှုရှိမရှိကို အမြဲ သုံးသပ်နေရ၏။ မေးခွန်းရှိသည်မှာ သင်ရိုးမာတိကာကို မည်သူများက ရေးဆွဲသနည်းဟူ၍ပင်။ သင်ရိုးမာတိကာသည် ကျွန်ုပ်၏ရှင်းလင်းချက်၊ ရေးသားတင်ပြချက်၌ သင်ရိုးညွှန်းတမ်းမှ ဆင်းသက်ရေးသားလာသော်လည်း အမှန်တကယ် လက်တွေ့လုပ်ငန်းတွင် သင်ရိုးမာတိကာကို လက်တွေ့ ရေးဆွဲနေသူများမှာ အတန်းပိုင်ဆရာများပင်ဖြစ်သည်။ ဖြစ်ရမည်။ ဤသို့ပင်ဖြစ်သင့်သည်။ အတန်းသင် အတန်းကိုင်ဆရာများက မိမိတို့၏ နေ့စဉ်လေ့ကျင့်စဉ်တွင် အသုံးပြုရန်အတွက် နေ့စဉ်သင်ကြားလေ့ကျင့်မှု စီမံချက် (Daily Lesson plan) ရေးဆွဲကြရ၏။ နေ့စဉ်သင်ကြားလေ့ကျင့်မှုစီမံချက်တွင် ယနေ့ (၅၀)မိနစ်တစ်ချိန်တွင် ဘယ်စာစုကိုသုံး၍ လေ့ကျင့်မည်။ ဘာတွေကို ရှင်းပြမည်။ ကျောင်းသားများက ဘာလုပ်ရမည်။ (၅၀)မိနစ် ပြီးမြောက်လျှင် ကျောင်းသားများ ဘယ်လောက် ပိုသိ၊ ပိုနားလည်၊ ပိုလေ့ကျင့်ပြီးဖြစ်ရမည့် စသည့်မျှော်မှန်းချက်များအားလုံးကို စုစည်းရေးသားကြရသည်။ ၎င်းနေ့စဉ် သင်ကြားလေ့ကျင့်မှုစီမံချက်များကို တစ်ပတ်စာစုစည်းထားလျှင် အပတ်စဉ် သင်ကြားလေ့ကျင့်မှုစီမံချက်ဖြစ်လေသည်။ ထိုမှ လစဉ်သင်ကြားလေ့ကျင့်မှု၏ စီမံချက် ဖြစ်လာသည်။ ထိုမှ နှစ်အလိုက်သင်ကြားလေ့ကျင့်မှု စီမံချက်များ ဖြစ်လာသည်။ ၎င်းနှစ်အလိုက် သင်ကြားလေ့ကျင့်မှု စီမံချက်မှာ သင်ရိုးမာတိကာပင်ဖြစ်သည်။ သို့ဖြစ်၍ သင်ရိုးမာတိကာ ပုံစံပြုသူများမှာ သင်ရိုးညွှန်းတမ်းအဖွဲ့ ဖြစ်သော်လည်း သင်ရိုးညွှန်းတမ်းအဖွဲ့သည် စာသင်ခန်းကိုင်ဆရာများနှင့် ကင်းကွာမှုမရှိဘဲ ဆက်လက်အလုပ်လုပ်ကိုင်၍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် နေ့စဉ်သင်ကြားရေးလေ့ကျင့်စဉ်များအထိအဆင့်အလိုက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အကယ်၍ သင်ရိုးညွှန်းတမ်းရေးဆွဲသူများက စာသင်ခန်းကိုင်ဆရာများနှင့် တစ်ကမ္ဘာခြားနေပါက ပညာရေးလေ့ကျင့်စဉ် မအောင်မြင်နိုင်။ ညီညွတ်သော ရှေ့နောက်ညီသော လေ့ကျင့်မှု မရနိုင်။ သင်ရိုးညွှန်းတမ်းအဖွဲ့၏

လုပ်ငန်းသည် လွန်စွာကျယ်ပြန့်ပြီး ပင်မသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ အပြင် သင်ရိုးညွှန်းတမ်း ညှိနှိုင်းအရာရှိများ၊ ကျောင်းတိုင်းတွင် သင်ရိုးညွှန်းတမ်းအဖွဲ့၏ ကိုယ်စားလှယ်များအဖြစ် ရှိရန်လိုသည်။ ထိုတာဝန်ကိုယူရန် အကောင်းဆုံးပုဂ္ဂိုလ်မှာ ကျောင်းအုပ်များဖြစ်သည်။ ကျောင်းအုပ်များသည် သင်ရိုးညွှန်းတမ်းအဖွဲ့နှင့် အမြဲအဆက်အသွယ်ရှိရန်လိုသည်။ အမြဲဆက်သွယ် သတင်းဖလှယ်နေရန် ညှိနှိုင်း ပုဂ္ဂိုလ် ဖြစ်သည်။ မတူကွဲပြားသော အကြောင်းပြုချက်များအားလုံးအတွက် သက်ဆိုင်ရာ အကြောင်းပြုချက်၊ ကျွမ်းကျင်သူ ဌာနမှူးများသည် ကျောင်းအုပ်နှင့် တွဲဖက်၍ သင်ရိုးညွှန်းတမ်းပါ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် စာသင်ခန်းတွင်းဖြစ်စဉ်များ ကိုက်ညီမှု၊ လက်တွေ့ကျမှုရှိမရှိ စောကြော လေ့လာ သုံးသပ် စစ်ဆေးရန်ဖြစ်သည်။ တစ်ဖန် အကြောင်းပြုချက်ကျွမ်းကျင်သူ အကြောင်း ပြုချက်ညှိနှိုင်းရေးဆရာသည် အကြောင်းပြုချက်ကျွမ်းကျင်သူ ဌာနမှူးများနှင့် အမြဲတစေ ညှိနှိုင်းကာ နေ့စဉ်သင်ကြားရေး လေ့ကျင့်မှု စီမံချက်များသည် သင်ရိုး မာတိကာပါ ညွှန်းဆိုထောက်ပံ့ချက်၊ အကြံပြုချက်များနှင့် တစ်သဘောတည်း ဟုတ်မဟုတ် ညှိနှိုင်းထိန်းကျောင်းပါမှ သင်ရိုးညွှန်းတမ်းအဖွဲ့မှ နိုင်ငံ၏လိုအပ်ချက် များအရ စုစည်းရေးဆွဲထားသော လမ်းပြလမ်းညွှန်အတိုင်း မျှော်မှန်းထားသည့် အတိုင်း ကျန်းမာအောင်နေတတ်သော၊ ချမ်းသာအောင် နေတတ်သော နိုင်ငံသား များ မှန်မှန် မွေးထုတ်လာနိုင်မည်ဖြစ်သည်။

ဤနေရာတွင် ဆရာများ၏ သင်ကြားရေးလွတ်လပ်ခွင့်သည် လွန်စွာ အရေးကြီးသည်။ ယခုကဲ့သို့ သင်ရိုးညွှန်းတမ်းမှတစ်ဆင့် သင်ရိုးမာတိကာ၊ ၄င်းမှ တစ်ဆင့် လစဉ် နေ့စဉ် သင်ကြားမှုစီမံချက်၊ သင်နည်းမှတ်ချက်၊ သင်နည်းမှတ်စုဆို၍ အဆင့်ဆင့် ဆင်းသက်လာသော်လည်း သင်ရိုးမာတိကာအထိ ပုံဖော်ရေးသားချက် များဖြစ်ပြီး သင်ကြားမှုစီမံချက် ရေးဆွဲသည့်အခါ အတန်းကိုင်ဆရာများ၏ သင်ကြားမှု လွတ်လပ်ခွင့်ကို အသုံးချ၍ လက်စွမ်းပြသင်ကြား လေ့ကျင့်ကြရန် ဖြစ်သည်။ သို့ဖြစ်၍ ဤစနစ်တွင် ဆရာများအတွက် သင်ကြားမှုလွတ်လပ်ခွင့် အပြည့်အဝရှိပါသည်။ အတန်း တစ်ခန်းနှင့် တစ်ခန်း သင်ကြားမှုလေ့ကျင့်ပုံ တူချင်မှတူမည်။ ဆရာပေါ်တွင် မူတည်၍ ကွဲပြားမည်။ ဆရာတစ်ဦးနှင့်တစ်ဦး မတူနိုင်။ တူနေလျှင်လည်း သဘာဝမကျ။ လွတ်လပ်ခွင့်ရှိသည်။ ဤသည်ကို အခြေခံအကျဆုံးသော ပညာရေးလွတ်လပ်ခွင့် (Academic Freedom) ဟု

ခေါ်သည်။ သို့သော် မည်သည့်အတန်းက မည်သည့်ကျောင်းသားမဆို ရလဒ် တူရမည်။ ကောင်းကျိုး တူတူရမည်။ စည်းကမ်း တူတူရမည်။ စိတ်ဓာတ် တူတူ ရမည်။ ပညာတူတူရမည်။ ဆိုလိုသည်မှာ မိမိတို့၏ အိမ်အသီးသီးတွင် မိဘများက ဟင်းရံများကို ကိုယ်ကြိုက်ရာနည်းများဖြင့် ချက်ကျွေးကြသောကြောင့် တစ်အိမ် နှင့်တစ်အိမ် ဟင်းချက်ပုံမတူနိုင်။ တူအောင်လည်း မညှိကောင်း။ ညှိ၍မရ။ မည်သည့်အိမ်ကသူမဆို အာဟာရ ရရှိတာချင်း တူညီမည်။

## သင်ရိုးညွှန်းတမ်းဆိုသည်မှာ

သင်ရိုးညွှန်းတမ်းတွင် အခြေခံအားဖြင့် အနည်းဆုံး၊ အကျစ်လျစ်ဆုံး ကဏ္ဍ (၃)ရပ်ပါရှိပြီး ၄င်းတို့မှာ -

(၁) ကျောင်းသားများ အရွယ်နှင့်အလိုက် သိရမည်တို့ကို စုစည်းထားမှုနှင့် ၄င်းတို့အား အကြောင်းပြု၍ စဉ်းစားခြင်းနှင့် အခြားကျွမ်းကျင်မှုများ၊ စိတ်ဓာတ်များ၊ စည်းကမ်းများ အားလုံးရရှိစေကာ လေ့ကျင့်ရာမှ ထွက်ပေါ် လာရမည့် အရည်အသွေးများအပေါ် မျှော်မှန်းထားရှိခြင်းများအား ရေးသားစုစည်းမှု။

(၂) အထက်ဖော်ပြပါ အကြောင်းပြုချက်များအားလုံးကို အကြောင်းပြုလေ့ကျင့် ရာတွင် မည်သည့်နည်းများဖြင့် လေ့ကျင့်လျှင် မြန်မာကျောင်းသားများ အတွက် အကောင်းဆုံးရလဒ် ရနိုင်မည်ကို ရည်ရွယ်စုစည်း ပေးထား သော သင်ကြားမှုနည်းစနစ်များ။

(၃) ထွက်ပေါ်လာရန်ရည်မှန်းထားသည့် အရည်အချင်းများ မည်သည့်အတိုင်း အတာအထိ အောင်မြင်မှု ရရှိသည်ကို စိစစ်၊ စစ်ဆေး၊ အကဲဖြတ်ခြင်း စနစ်များ။

ဟူ၍ ဖြစ်ပါသည်။

ကဏ္ဍ(၁)နှင့် ပတ်သက်၍ ရှေ့တွင် အကျဉ်းရည်ရွယ်ရင်းများ ရှင်းလင်း ခဲ့ပြီး ဖြစ်၍ ယခုကဏ္ဍ (၂)ကို ထပ်မံရှင်းလင်းလိုပါသည်။ ကဏ္ဍ (၂)သည် သင်ကြားမှုနည်းစနစ်များဖြစ်ပါသည်။ သင်ကြားမှု နည်းစနစ်များ၏ အခြေခံမှာ လူတို့၏ သဘာဝပင်ဖြစ်သည်။ ဆရာတို့သည် လူသားများဖြစ်ကြပြီး ကျောင်းသား

တို့သည်လည်း လူသားလေးများဖြစ်ကြသည့်အားလျော်စွာ ဆရာတို့သည် ဆရာဖြစ်အတတ်သင်ယူရာတွင် အဓိကထား သင်ယူလေ့လာ ဆည်းပူးရမည်မှာ လူနှင့် လူ၏သဘာဝအလုပ်လုပ်ပုံ၊ လူသားခန္ဓာကိုယ်၏ အစိတ်အပိုင်းများ အခြေခံအလုပ်လုပ်ပုံ၊ ပိုမိုအဓိကကျသော လူ့ဦးနှောက် အလုပ်လုပ်ပုံနှင့် လူတို့အား ပတ်ဝန်းကျင်၏ ပုံသွင်းမှု၊ လူနှင့် လူ့ပတ်ဝန်းကျင်၏ အညမည သဘောတရားစသည့် လူသားဆိုင်ရာအချက်အလက်များ အားလုံးကို လေ့လာဆည်းပူးရန်ဖြစ်သည်။ လူသားလေးတို့အား လေ့ကျင့်ပေးတော့မည့် ဆရာတို့သည် လူသားတို့အကြောင်း မသိနားမလည်ဘဲ မည်သို့မျှ လေ့ကျင့်ပေးနိုင်မည်မဟုတ်။ ဆရာတို့သည် လူသားတို့ကို လေ့ကျင့်ပေးရာ၌ လူသားတို့၏ ခန္ဓာကိုယ်နှင့် စိတ်၏ လုပ်ကိုင်ပုံများကို ကောင်းစွာသိရှိနားလည်ထားပါမှ မိမိတို့၏ တပည့်များကို စာသင်ခန်းအတွင်းတွင် ကောင်းစွာပျော်ရွှင်အောင် ထားနိုင်မည်ဖြစ်ပြီး ပျော်ရွှင်ရင်းလေ့ကျင့်နိုင်စေမည့် သင်ကြား မှုနည်းစနစ်များကို သုံးစွဲသင်ကြား လေ့ကျင့်နိုင်ကြမည်ဖြစ်သည်။ ဤစာအုပ်တွင် ဆရာတို့တတ်အပ်သော အင်္ဂါရပ် (၁၈) ရပ်မှ အချို့သော သင်ကြားမှုနိယာမ (သို့) လူမှုရေးနိယာမများကို သင်ပေးခြင်းဖြင့် ဆရာမဟုတ်သော ပုဂ္ဂိုလ်များအား (သို့) မိဘများအား ဆရာတို့၏ အတတ်ပညာကို တစေ့တစောင်းတီးခေါက် သိစေနိုင်ရန်ရည်ရွယ်၍ ရေးသားရှင်းလင်းမည်။

ဆရာတို့လောကတွင် လူသိ၍အသုံးများသော နိယာမများစွာရှိသည့်အနက် အင်္ဂလိပ်အခေါ် Constructivism ခေါ် လူတို့၏သဘာဝအလျောက်သိမှုကို တည်ဆောက်တတ်သော ဂုဏ်သတ္တိကို သုတေသနပြု ရှင်းလင်းထားသည့် လူမှုရေး နိယာမကို ဆရာများက သိအောင်လေ့လာကြရ၏။ Constructivism ကို မြန်မာလို သိမှုတည်ဆောက်ခြင်းဟု ဆက်လက်သုံးစွဲမည်။ သိမှု တည်ဆောက်ခြင်း ဂုဏ်သတ္တိသည် လူသားတိုင်း၏ မွေးရာပါ ဂုဏ်သတ္တိဖြစ်သည်။ လူတို့သည် သူ့အလို အလျောက် သိမှုတည်ဆောက်ကြသည်။ ဆိုလိုသည်မှာ လူတို့သည် အလိုလို သိအောင်ကြိုးစားနေကြသည်။ သိမှုတည်ဆောက်ခြင်းနိယာမ၏ အဆိုများစွာ ထဲမှ တစ်ချက်က ဆရာများအားများစွာကူညီလိုက်၏။ ဆရာတို့၏လုပ်ငန်းတွင် လူကလေးကျောင်းသားကို သိလာအောင် လုပ်ရသည်များရှိ၍ ခေတ်အဆက်ဆက် ဆရာများက ကျောင်းသားများကို သိအောင်ကြိုးစားကြ၊ တတ်အောင်လုပ်ကြစသည်ဖြင့် သြဝါဒကြီးငယ်များပေးခဲ့ကြသည်ဖြစ်သည်။ နိယာမကဆိုသည်။

ဆရာများ စိတ်မပူပါနှင့် လူဆိုသည်မှာ အလိုလိုသိတတ်သော သတ္တဝါများ ဖြစ်ပါသည်ဟု သိမှုတည်ဆောက်ခြင်းနိယာမက အခိုင်အမာ ဆိုလိုက်သောအခါ တပည့်များအား သိအောင်ကြိုးစားကြပါ၊ သိအောင်ကျက်မှတ်ကြပါဟု အာညောင်း ခံ၍ ပြောနေတော့မည်နည်း။ ပြောစရာမလိုပါ။ ပြောလည်းလုပ်ကြမှာမဟုတ်ပါ။ လူဆိုသည့် သတ္တဝါသည် သူလုပ်ချင်ရာသူလုပ်သည့် သတ္တဝါဖြစ်ပါသည်။ ပြောနေသော ဆရာများ၏ အင်အားများကို နှမြောပါသည်။ ပြောနေမည့်အစား အနည်းငယ် လေ့လာပြီး အလုပ်လုပ်ပါက ကိုယ်လည်းသက်သာ ကျောင်းသားလည်း သိမှုတိုးတက် ရည်ရွယ်ချက်ပြည့်မည်ဟုသိမှုတည်ဆောက်ခြင်းနိယာမကဆိုသည်။ လူဆိုသည်မှာ အလိုအလျောက်သိအောင်လုပ်နေသော သတ္တဝါဖြစ်သည်။ ဤနေရာတွင် သိမှုကို အများနားလည်စေရန် အဓိပ္ပာယ်သတ်မှတ်မည်။ သိမှုကို ပညာရှင်များစွာက အဓိပ္ပာယ်မျိုးစုံဖွင့်ခဲ့ကြ၏။ ကျွန်ုပ်တို့ နားလည်လွယ်အောင် ရေးလျှင် သိမှုဆိုသည်မှာ အရာဝတ္ထု၊ အကြောင်းအရာ အဖြစ်အပျက် (သို့) ယေဘုယျအားဖြင့် သိစရာတစ်ခုကို အာရုံငါးပါးဖြင့် ထိတွေ့ကြားမြင် ခံစားပြီး ခြင်းကို ဆိုလိုသည်။ လူတစ်ဦးသည် တစ်ခုခုကို အာရုံငါးပါးဖြင့် ခံစားပြီးပါက သိမှုပြည့်စုံပြီဖြစ်၏။ အချို့အရာများ အာရုံငါးပါးစလုံးဖြင့် ခံစား၍မရ၊ အာရုံ နှစ်ပါးနှင့် ခံစား၍ရရုံရှိသော အရာများလည်းရှိမည်။ သို့သော် တစ်ခုခုကို အာရုံ ငါးပါးစလုံးဖြင့် ခံစားပြီးပါက ထိုသူသည် ၎င်းအရာအား ပြည့်ပြည့်စုံစုံသိရှိပြီဟု နိယာမက ဆိုသည်။ ပြည့်စုံသောသိမှုဖြစ်စေရန် သိလိုသောအရာများကို ကျောင်းသားတို့အား အာရုံငါးပါးဖြင့်ခံစားစေနိုင်အောင် ဆရာများက ဖန်တီး ပေးခြင်းသည် သင်ကြားမှုနည်းစနစ် တစ်ခုဖြစ်လာသည်။

## ခေတ်ဟောင်းသင်နည်းနှင့် ခေတ်သစ်လေ့လာနည်း ကွာဟပုံ

ဥပမာ သိပ္ပံကို အကြောင်းပြု၍ ကျောင်းသားများအား စဉ်းစားစေသော လေ့ကျင့်ခန်းတစ်ခုတွင် ငါးအကြောင်းကို ကျောင်းသားများသိစေရန် သင်ကြား ရမည့်ဆရာသည် ငါးရုပ်ကို ဘလက်ဘုတ်တွင် ပုံဆွဲ၍ရှင်းပြသော နည်းစနစ်သည် ကျောင်းသားများအား ငါးအကြောင်းကို အမြင်အာရုံဖြင့် သိစေခြင်းမျှသာဖြစ်သည်။ ဆရာက ငါးအကြောင်းကို သိစေချင်သည်။ ဆရာက ငါးအကြောင်းကို ကျောင်းသား

တို့အလုံးစုံသိစေချင်သည်ကို ဆရာကိုယ်တိုင် သိရမည်။ ငါးအကြောင်းကို ဘလက်ဘုတ်မှာ ပုံဆွဲရှင်းပြနေသော သင်ကြားနည်းစနစ်သည် အကောင်းဆုံး သင်ကြားနည်းစနစ် မဟုတ်သေး။ ဆရာသည် သိခြင်း၊ သိမှု၏အဓိပ္ပာယ်ကို နားမလည်သေး။ သို့ဖြစ်၍ ဆရာကိုယ်တိုင်က သိမှုကို ဘာမှန်းမသိလျှင် ကျောင်းသားများ ၄င်းတို့ကိုယ်တိုင် စဉ်းစားခြင်းမှ သိလာစေရန် မည်သည့် နည်းနှင့်မျှ မဆောင်ကြဉ်းနိုင်ပေ။ ထို့ကြောင့် သိမှု၏ မူရင်းအဓိပ္ပာယ်ကို နားလည်ပါ။ သိပါ။ သိမှုဟူသည် အရာတစ်ခုကို အာရုံငါးပါးဖြင့် ခံစားခြင်းဟုဆိုသည်။ သိမှုဖြစ်ပြီးဆိုသည့် သဘောသည် အရာတစ်ခုခုကို ထိုသူက အာရုံငါးပါးဖြင့် ခံစားပြီးခြင်းဟု ဆိုသည်။ ထို့ကြောင့် လူတစ်ဦးသည် အရာတစ်ခုကို အာရုံငါးပါးဖြင့် ခံစားပြီးလျှင် ထိုသူသည် ထိုအရာကို သိပြီးဖြစ်သည်။ ထိုသူအား သိအောင်ကြိုးစားပါဟု ပြောရန်မလို။ လူ၏သိမှု တည်ဆောက်ခြင်းနိယာမ တရားအရ ထိုသူသည် အရာတစ်ခုခုကို အာရုံငါးပါး အပြည့်ခံစားပြီးပါက ထိုသူ၏ ခန္ဓာကိုယ်က သူ့အလုပ်သူလုပ်၍ သိမ်းထားမည်။ သို့ဖြစ်၍ ဆရာတို့က ကျောင်းသားတို့အား သိစရာများကို ၄င်းတို့ကိုယ်တိုင် စဉ်းစားခြင်းမှတစ်ဆင့် သိလာကြစေရန် ဆရာတို့သိစေလိုသော အရာများကို အကြောင်းပြချက်များအဖြစ်သုံးပြီး သိမှုလည်းဖြစ်၊ စဉ်းစားခြင်းလည်းဖြစ်စေရန် စီစဉ်ပေးရန်သာဖြစ်သည်။ ဤနေရာတွင် စဉ်းစားခြင်းကို အဓိပ္ပာယ်သိရှိရန် လိုသည်။ စဉ်းစားခြင်း ဆိုသည်မှာ ဦးနှောက်အလုပ်လုပ်ခြင်း (သို့) အာရုံငါးပါးနှင့်ခံစားနေခြင်းဖြစ်သည်။ လူတစ်ဦး အရာတစ်ခုအား အာရုံငါးပါး နှင့် ခံစားနေချိန်သည် ၄င်းစဉ်းစားနေချိန်ဖြစ်သည်။ သို့ဖြစ်၍ စဉ်းစားခြင်းသည် ဦးနှောက်အလုပ်လုပ် နေခြင်း (သို့) အာရုံငါးပါးသိမှု ဖြစ်နေခြင်းဟုဆိုလိုသည်။ ကနဦးဥပမာအရ ဆရာသည် ကျောင်းသားတို့အား ငါးအကြောင်းကို အကြောင်းပြု စဉ်းစားစေလိုသည့် လေ့ကျင့်စဉ်တွင် အကြောင်းပြုချက်သည် သိပ္ပံဖြစ်သည်။ အကြောင်းပြု စဉ်းစားစရာ ငါးသတ္တဝါဖြစ်မည်။ ဆရာက ဘလက်ဘုတ်တွင် ပုံဆွဲရှင်းပြသည့်စနစ်တွင် ကျောင်းသားများ ငါးသတ္တဝါကိုသိအောင် မည်မျှပင်ကြိုးစားကြိုးစား ဆရာရေးသမျှ ပြောသမျှလိုက်မှတ်၊ အလွတ်ကျက်၊ အိမ်ရောက် ထပ်ကျက်၊ ကျူရှင်ဆရာနှင့်ထပ်သင်၊ ဘယ်လောက်သင်သင် ငါးအကြောင်းကို အလုံးစုံသိမှု မဖြစ်နိုင်။ ပြည့်စုံသောသိမှု မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် ဆရာ၏သင်ကြားမှု နည်းစနစ်သည် သိမှု၏အဓိပ္ပာယ်ဖြစ်သော အာရုံ

(၅)ပါးစလုံးနှင့် ခံစားခြင်း မဟုတ်ဘဲ အမြင်အာရုံတစ်ခုတည်းသာ ပါဝင်ရုံ၊ ကျန်အာရုံ (၄)ပါးအလုပ်လုပ်ရန်ပျက်ကွက်၍ ငါးသတ္တဝါအကြောင်းကို ကျောင်းသားတို့သည် အာရုံတစ်ပါးဖြင့်သာ သိရှိခဲ့ကြ၍ မည်မျှပင် အလွတ်ကျက်၍ ငါးအကြောင်းကိုရေးရေး ကျောင်းသား၏ ဦးနှောက်တွင် ဖြစ်တည်သော သိမှုသည် မပြည့်စုံ။ ဘာတွေလိုသေးသလဲ။ ဆရာသည် ဘလက်ဘုတ်ပေါ်တွင် ငါးပုံကို ဆွဲပြခြင်းကြောင့် ငါးကိုမြင်ဖူးရုံသာရှိမည်။ ဆရာသည် ငါး၏အနံ့ကို ရှင်းမပြနိုင်။ ငါးသတ္တဝါအား သိမှုပြည့်စုံရန် ကျောင်းသားများ ငါး၏အနံ့ပါ သိရန်လိုသည်။ ငါး၏အသံ (သို့) ငါး၏ ရေကူး (သို့) ရေထဲနေသည့်အခါ သွားလာ ကူးခတ်ပုံများပါ တွေ့ရန်လိုသည်။ ငါးကို အတွေ့ အထိဖြင့် ကိုင်တွယ်ကြည့်ဖူးမှ ပိုသိလာမည်။ ငါးအရသာအားလည်း စားကြည့်မှ သိမည်။ ဤကိစ္စ စိတ်ပူစရာမလို။ ကျောင်းသားများ ကျောင်းစာသင်ခန်းထဲတွင် လုပ်ရန်မလို။ အိမ်တွင် ငါးဟင်း စားဖူးပြီး ဖြစ်ပြီးဖြစ်လိမ့်မည်။ မိဘမှ ဝိုင်းဝန်းသင်ပြီးသားဖြစ်သည်။ သို့ဖြစ်၍ ဆရာတို့က (ဥပမာ) ကျောင်းသားတို့ကို ငါးအကြောင်းသိစေလိုပါက ပြည့်စုံသော အသိဖြစ်သည့် အာရုံငါးပါးဖြင့် ခံစားသိရှိစေသော ပံ့ပိုးမှုသင်ပြမှု စီမံချက်ကိုသာ ပံ့ပိုးဆောင်ရွက်ရန်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ရှေ့တွင်ရှင်းလင်းပြခဲ့ ပြီးဖြစ်သော ဆရာတို့သည် ပံ့ပိုးသူ များသာဖြစ်သည်။ Facilitator များသာ ဖြစ်သည်။ ခေတ်သစ် သင်ကြားနည်း စနစ်တွင် ငါးအကြောင်းကို အကြောင်းပြု၍ စဉ်းစားစေလိုသော လေ့ကျင့်ခန်းတွင် ဆရာက အတန်းထဲသို့ ငါးများယူဆောင်လာပြီး စနစ်တကျ ကျောင်းသားငါးဦးလျှင် ငါးတစ်ကောင် စသည်ဖြင့် အသေးစိတ်စီမံ၍ သင်ကြားမှု လေ့ကျင့်စဉ်ကို အောင်မြင်အောင် ပံ့ပိုးပြီးလျှင် ဆရာမလိုတော့။ ဘေးမှသာ ရံနေရန်လိုသည်။ ဆရာက အသာလေးနောက်ဆုတ်ပြီး ကြည့်ရှုပံ့ပိုးပေး ရန်သာလိုသည်။ ဆရာမှ ဘာမျှပြောစရာမလို။ စကားတစ်ခွန်းမှပြောရန်မလို။ ဆရာ လေကုန်သက်သာသည်။ ကျောင်းသားများ၏ ဦးနှောက်တို့အလုပ် လုပ်ကြမည်။ စဉ်းစားကြမည်။ သူတို့သည် မိနစ်(၅၀)အတွင်း ငါးအကြောင်းကို သူတို့ကိုယ်တိုင် အာရုံငါးပါးဖြင့်ခံစားကြည့်ရင်း သူတို့ဦးနှောက်၏ (သို့) လူသားတို့၏ ဦးနှောက်စွမ်းပကားကြောင့် ငါးသတ္တဝါအကြောင်းသိမှုတို့အား တည်ဆောက်ပြီးဖြစ်လိမ့်မည်။ ဆရာသည် စီစဉ်ပံ့ပိုးသူသာဖြစ်သည်။ ကောင်းမွန် သော လေ့လာရေး ပတ်ဝန်းကျင် တစ်ခုဖြစ်အောင် ဖန်တီးပုံစံပြသူသာ ဖြစ်သည်။

ဘာမှဝင်ပြောရန်တောင်မလို။ သိမှုတည်ဆောက်မှု ဖြစ်စဉ်နိယာမအရ လူသားတို့ အလိုအလျောက် သိမှုဖြစ်ပြီးဖြစ်သည်။ ပြီးလျှင် ကျောင်းသားများကို စစ်ဆေးကြည့်ပါ။ ငါးအကြောင်း အလွတ်ကျက်စရာမလိုဘဲ အကုန်ကောင်းကောင်း သိပြီး မိနစ်(၅၀)အချိန်သည် ရှေးခေတ် စနစ်အရဆိုလျှင် ဆရာက ပုံဆွဲ၊ ဆရာက ရေး၊ ကျောင်းသားကကူး၊ ဆရာကရှင်းပြ၊ ပြီးရင်ပြန်ဆို၊ ဒါနဲ့တင်ပြီး၏။ ကျောင်းသားက ဘာမှအမှန် တကယ်မသိ။ ကျောင်းသားသိသမျှသည် ဆရာနှင့်ကျူရှင်ဆရာက ပြောသမျှ အာရုံငါးပါးဝေးစွ။ တစ်ပါးသိခြင်းနှင့်ပင် မပြည့်စုံသေး။ ဆရာကလည်း နည်းစနစ်မသိတော့ ဒါအကောင်းဆုံးမှတ်။ အဲဒါပဲသင်။ အိမ်ပြန်ရောက်တော့ မိဘက ကျောင်းသားစာအုပ်လှန်ကြည့်။ သားဒီနေ့ဘာသင်ခဲ့သလဲ။ တွေ့ပြီ စာအုပ်ထဲမှာ ကျောင်းသားက ကူးလာတာ။ မိဘတို့ပျော်ရွှင်သည်။ သားတို့သမီးကို စာကိုလုပ်လာသည်။ ကူးလာသည် မှတ်လာသည်၊ သိလာသည်ဟုပါ ထင်ကုန်၏။ တကယ်တော့ ဒီကလေးဘာမှ မသိသေး။ ငါးအကြောင်းတွေက ကူးထားတာ။ စာအုပ်ထဲမှာ။ ကလေးဦးနှောက်ထဲမှာ ဘာမှမရှိ။ ယနေ့ဆရာပြောလိုက်တာ ရေးရေးတော့ မှတ်မိသေးသည်။ ကြာကြာတော့မခံ။ ပြန်ကျက်ရအုံးမည်။ ငါ့သား ဒီနေ့စာဒီနေ့ပြန်ကျက်။ ဟုတ်ကဲ့အမေ။ ညရောက်တော့ ထမင်းစားပြီး တီဗွီ ခဏကြည့်။ ပြီးတော့ စာကျက်။ မိဘတို့ စိတ်အေးချမ်းသည်။ လိမ္မာသည့်သား။ အသိပညာ များမည့်သား။ မိဘတို့မသိသည်ကား သင်ကြားနည်းမမှန်။ သူတို့သား တကယ်မသိသေး။ မိဘတို့ဖြတ်သန်းလာ သောဘဝတွင်လည်း ဒီလိုအသင်ပြခံခဲ့ရ၍ ဘာမှမဆန်း။ ဒါသည်ပင်တော်လှပြီ။ သူတို့သိသမျှကလည်း ဒီနည်း အကောင်းဆုံး။ ဆရာက ဘလက်ဘုတ်တွင်ရေးပေးသည်ကို ကူးမလာသော ကျောင်းသားဆိုလျှင် မိဘပြာပြီ။ လိုက်ကူးဦးဟ။ စာကူးလာသော သူငယ်ချင်းအိမ်ကိုဆက်။ စာအုပ်ငှားကူး။ ဆရာမ ဂရုမစိုက်လို့ဘဲဖြစ်မှာ။ ဆရာကို မကျေနပ်။ ဆရာဆီသွား။ ဂရုစိုက်ဖို့ပြော။ ရှေ့တန်းမှာ ထိုင်ချင်တယ်ပြော။ စာမကူးလာသော ကလေးများ များစွာရှိသည်။ သူတို့ဘယ်ကူးချင်မလဲ။ စိတ်ဝင်စားစရာမှ မကောင်းဘဲ။ မျက်စိမှုန်တာလဲပါကြသည်။ အာရုံမရသော အာရုံပြားသော ကလေးများ လည်းရှိသည်။ ငြိမ်ငြိမ်မထိုင်နိုင်သောကလေးလည်းပါမည်။ သို့ဖြစ်၍ သင်ကြားမှု နည်းစနစ်သည် လူသားလေးတို့၏ ခန္ဓာကိုယ်အလုပ်လုပ်ပုံနှင့် ထပ်တူနီးပါး ဖြစ်နိုင်ပါက ပညာရေးလေ့ကျင့်စဉ်တစ်ခုလုံး လွယ်လွယ်ကူကူ ရှောရှောရှူရှူ

ဖြစ်လာ မည်ဖြစ်၍ ပညာရေးလေ့ကျင့်စဉ်တွင် အသုံးပြုကိုပြုရမည့် ခေတ်မီ လူသားဆန်သော သင်ကြားမှုစနစ်များအား ဆရာတို့က လေ့လာဆည်းပူးပြီး မိဘတို့ကလည်းနားလည် ထားကြရန်လိုသည်။ သို့မဟုတ်ပါက မိဘနှင့် ဆရာတို့ကြား နားလည်မှုလွဲလိမ့်မည်။ ခေတ်မီသင်ကြားရေး နည်းစနစ်အရ သင်ကြားရေးတွင် ငါးများ စီစဉ်ယူဆောင်လာပြီး ကျောင်းသားငါးယောက် ငါးတစ်ကောင်ဖြင့် လေ့လာကြသည်ဆိုပါစို့။ ကျောင်းသားများ၏ ဦးနှောက်အတွင်း အာရုံငါးပါးဖြင့် ခံစားနိုင်ရန် (သို့) သိမှုများ ဖြစ်ပေါ် လာစေရန် အချိန်လိုသည်။ သို့ဖြစ်၍ ဆရာရေး ကျောင်းသားကူး အလုပ်များလုပ်ရန် အချိန်မပေးနိုင်။ လိုလည်းမလို ။ လိုရင်းက ကျောင်းသားများ ငါးသတ္တဝါအကြောင်းကို အကြောင်းပြု၍ စဉ်းစားခွင့်ရရှိရန်နှင့် အရွယ်အလိုက်သိသင့်သည်များကို သိရန်ဖြစ်သည်။ သို့ဖြစ်၍ ခေတ်မီသင်ကြား နည်းစနစ်သုံးသော စာသင်ခန်းများမှ ကျောင်းသားများ၏ စာအုပ်များအား မိဘများက ၄င်းတို့ဖြတ်သန်းခဲ့သော အတွေ့အကြုံကို ထင်ဟပ်၍ စစ်ကြမည်သာ။ စစ်တော့ ဘာမှမတွေ့။ စာမတွေ့တော့ စိတ်ဆိုး။ ငွေတွေ ဒီလောက်ပေးရပြီး စာမပါလာဘူးလား။ ဒေါသပိုထွက်။ နားလည်မှုလွဲ ။ ဆရာကိုစိတ်ဆိုး။ ကျောင်းကို အပြစ်မြင်။ ကျောင်းကိုအပြစ်တင်။ ကလေးကို အထင်သေး။ စာအုပ်ထဲစာမရှိ ဘာမှမသိတဲ့ကောင်။ သွား မင်းကိုယ့်အလုပ်ကိုယ် မလုပ်ဘူး။ ဒီည ဂိမ်းမဆော့နဲ့။ ကူးလာတဲ့ကျောင်းသားသူငယ်ချင်းဆီသွား။ သူလည်းမကူးလာ။ တစ်တန်းလုံး ဖုန်းလိုက်ဆက်။ အကုန်ဘာမှ မကူးဘူးလား။ ဘယ်ကူးလာကြမလဲ။ ကူးစရာလိုတဲ့ ခေတ်မှ မဟုတ်တော့တာ။ မိဘကလက်မခံ။ စာအုပ်ထဲကို ပါရမည်။ ဒါမှပြန်ကျက် စရာရှိမည်။ ငါလည်းကူလို့ရမည်။ ခုစာအုပ်ထဲ စာမပါတော့ ငါ့သားကဘာကို ပြန်ကျက်ရမှာလဲ။ ဒါဆိုရင် စာမေးပွဲမှာ မေးရင် ဘယ်လိုလုပ်ဖြေနိုင်တော့မလဲ။ ဒုက္ခ၊ ဒုက္ခပေါင်းများစွာကို နားလည်မှုလွဲမှားခြင်းတို့ ခေတ်စနစ် တစ်ခုမှ မတူသော နောက်တစ်ခုသို့ ကူးပြောင်းခြင်း၏အရသာကို ခံစားကြရသည်။ ဒါလည်း အပြောင်းအလဲ တစ်ခု၏ ခံစားချက်များ ဝေဒနာများဖြစ်သည်။ မိဘကလည်း အလုပ်များလုပ်ရ၍ မအားလပ်။ ဆရာတို့၏ သင်နည်းကိုလည်း မသိနိုင်။ အမှန်တကယ်တွင် အထက်ဖော်ပြပါ ဥပမာပြန်သုံးသော် - ငါးတစ်ကောင်ကို အာရုံငါးပါးဖြင့် တွေ့ထိမြင်ဖူးလိုက်ပြီး၍ သိသွားပြီးသား။ ငါးသတ္တဝါ၏အကြောင်းကို ဤကျောင်းသားတို့ ဘာမှပြန်ကျက်ရန်လည်းမလို။ ပြန်ရေးရန်တော့ လိုသည်။ ဆရာက

သေချာပေါက် ပြန်ရေးခိုင်းလိမ့်မည်။ ခုတွင် ချက်ချင်းပင် ပြန်ရေးခိုင်းလိမ့်မည်။ ကျောင်းစာသင်ခန်းထဲတွင် ရှုခဲ့သော ငါး၏ အညှီနံ့ကို ကောင်းကောင်းသိပြီး။ ရှေးရိုးနည်းတွင် ဆရာက ဘလက်ဘုတ်တွင်ပုံဆွဲ၍ ငါးတွင်ညှီနံ့ရှိသည်ဟု သင်ရမည်သာ။ သို့သော်ကျောင်းသားတို့ နားမလည်နိုင်။ အညှီနံ့ကို ပါးစပ်ဖြင့် ရှင်းပြ၍ မရ။ ညှီနံ့ကို သိစေရန် ရှုခိုင်းမှသိမည်။ ရှုပြီး သိပြီးလျှင်လဲ မေ့ခိုင်းလျှင် တောင် မမေ့တော့ပေ။ သေသည်အထိသိမှုတည်ဆောက်ပြီးဖြစ်၏။ ငါးညှီနံ့ အကြောင်းကို ပြန်ကျက်ရန်လိုပါသလား။ ငါးညှီနံ့ဘယ်လိုဆိုတာကို စာမေးပွဲ မေးခွန်းမှာ မေးရမယ့်မေးခွန်းလား။ တစ်ခုမှ မဟုတ်။ ရည်ရွယ်ရင်းက စာမေးပွဲ မဟုတ်။ ရည်ရွယ်ရင်းက ငါးကိုအကြောင်းပြု၍ စဉ်းစားတတ်စေရန်နှင့် ဘေးထွက် ကောင်းကျိုးအဖြစ် အရွယ်လိုက် ပြီးသိရှိသင့်သည်များအား ကိုယ်တိုင် လေ့လာ တတ်ရန် လေ့ကျင့်ခြင်းသာဖြစ်သည်ကို ထာဝရ သတိရနေဖို့လိုသည်။

စာမေးပွဲမေးခွန်းတွင် ငါး၏ အညှီနံ့အကြောင်းကို သင်သိသမျှရေးပါဟူ၍ မေး၍ မရ။ မေးစရာမလို။ လိုရာခရီးက ရောက်ပြီးဖြစ်၏။ အရွယ်အလိုက်သိရမည် တို့ကိုသိပြီးဖြစ်သလို စဉ်းစားခြင်းလုပ်ငန်းတွင် ကိုယ်တိုင် လေ့ကျင့်ခဲ့ပြီးဖြစ်၏။ မိဘများ တဖြည်းဖြည်းနားလည်သဘောပေါက်လာအောင် တစ်ပြည်လုံး ဤ ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရန်လိုသည်။ သို့မဟုတ်က ပို၍ ဆိုးဝါးသော နားလည်မှုလွဲချော်ခြင်းများရှိတော့မည်။

ယခုရေးသားခဲ့သော အကြောင်းအရာ၌ လူသားတို့၏ သိမှုတည် ဆောက်သောနိယာမကို အထူးပြု၍ သင်ကြားလေ့ကျင့်သော လေ့ကျင့်စဉ် ကောင်းကောင်းရှိသည့်အနက်တစ်ခုကိုသာ နမူနာပြခြင်းဖြစ်သည်။ သို့ဖြစ်၍ လူသားတို့၏ သိမှုတည်ဆောက်ခြင်းနိယာမသည် ဆရာနှင့် မိဘများအားလုံး သိရှိရမည့် ကဏ္ဍများတွင် ပါဝင်လာ၏။ ဆရာများက ပို၍နက်ရှိုင်းစွာ လေ့လာ ယူရန်ဖြစ်သည်။ လူသားပုံစံအမျိုးမျိုး၊ စိတ်နေသဘောထား နှင့်ကြီးပြင်းပုံ အမျိုးမျိုးတို့ကြောင့် ကျောင်းသားပုံစံအမျိုးမျိုးရှိကြရာ ဤလူသားတို့၏ သိမှုတည်ဆောက်ခြင်း နိယာမ တစ်ခုတည်းဖြင့်တော့ အရာရာ (သို့) သင်ကြားရေး လေ့ကျင့်မှု စီမံချက် (Lesson Plan)အားလုံးကို ပုံစံပြု၍မရ။ အခြားသော လူမှုရေး နိယာမများအားလုံးကိုလည်း နေရာဒေသ ဌာန ကျောင်းကပုံစံအလိုက်ပြောင်းလဲ သုံးစွဲရေး သင်ကြားမှုလေ့ကျင့်စဉ် စီမံချက်ကိုပုံစံပြုရမည်။

ဤနိယာမတရားက ဆိုသည်မှာ လူတို့သည် သိကြရာ၌ တစ်ယောက်နှင့် တစ်ယောက် မတူကြဘဲ သိမှုအသီးသီးကို မိမိတို့ သိချင်သလို (သို့) မိမိတို့၏ ခန္ဓာကိုယ်အသီးသီးကမှတ်သားလိုက်သည့်အတိုင်း အမျိုးမျိုးကွဲပြားစွာ သိကြသည်ဟု ဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး သိမှုမတူနိုင်။ အသိချင်းဆင်နိုင် သော်လည်း မတူနိုင်။ လူတစ်မျိုး အသိတစ်မျိုးဟု ဆိုလိုသည်။ ဤသည်ကား နိယာမ၏ ရိုးစင်းသောအဆိုပင်ဖြစ်သည်။ ဆရာတို့က ၎င်းနိယာမ အဆိုကို အခြေပြု၍ သုံးသပ်သည်။ သို့ဆိုလျှင် ကျောင်းသားများစာသင်ခန်းအတွင်း ငါးသတ္တဝါကို အတူတကွ လေ့လာကြရာမှ ဖြစ်ထွန်းလာသော အသီးသီးသော သိမှုများသည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ မတူနိုင်ဟူ၍ ကောက်ချက်ချလျှင် နိယာမ၏ အဆိုနှင့် ကိုက်ညီမည်ဖြစ်သည်။ ဆရာက တစ်ရက်တည်းမှာပင် ယနေ့ယခု သိရှိလေ့လာပြီးသော ငါးသတ္တဝါ၏ အကြောင်းကို ကိုယ့်အရေးအသားဖြင့်ကိုယ် ရေးခဲ့ပါဟု အိမ်စာပေးခဲ့ပါက ကျောင်းသား (၂၅) ယောက်ရှိလျှင် အတူတူ တစ်နေရာတည်းမြင်ခဲ့၊ သိခဲ့၊ တွေ့ခဲ့၊ ရှုခဲ့ကြသော ငါးသတ္တဝါအကြောင်းကို ၎င်းတို့ရှုထောင့်အမျိုးမျိုးမှ လွတ်လပ်စွာ ပြန်ရေးသားကြမည်ကိုကြည့်လျှင် တစ်ယောက် တစ်မျိုးစီ စုပေါင်း၍ အတူတကွလေ့လာခဲ့ကြသော ငါးသတ္တဝါအကြောင်းကို မတူညီသော ရှုထောင့်ခံစားမှု၊ သိမှုများ (၂၅)မျိုး အသွင်ဖြင့် မြင်တွေ့ရမည်ဖြစ်သည်။ ဒါသည်ပင် လူသား၏ သဘာဝအမှန်ဖြစ်၍၊ လွန်စွာ သဘာဝကျသော အဖြစ်ဖြစ်၍ ဆရာများက အတူတူလေ့လာခဲ့သော ငါးသတ္တဝါ အကြောင်းကို မတူသော ရှုထောင့်များမှ ကျောင်းသား (၂၅) ယောက်က ရေးသား ပုံဖော်မှု (၂၅)မျိုးဖြင့် ဆရာထံ ပြန်တင်ပြလာပါက ဆရာများက လက်ခံရမည်။ အမှားပြင်ဆင်အကြံပေးရန် (၂၅) ယောက်စာ (၂၅)မျိုးကို စိတ်ရှည်ရှည် ဖတ်ရန်အတွက် ဆရာသည်အချိန်လိုသည်။ သေသေချာချာဖတ်ရန် လိုသည်။ အချိန်ကောင်းကောင်း လိုသည်။ ထမင်းဝ နေဖို့လည်းလိုသည်။ မိသားစုလည်း ထမင်းဝဖို့လိုသည်။ ကျန်းမာနေဖို့လည်းလိုသည်။ မီးဖိုချောင်ကိစ္စများပူရန် မလိုဖို့ လိုသည်။ ယနေ့ခေတ် ပြဿနာကား ဆရာတွင် လုပ်ငန်းတာဝန်များဒုနှင့်ဒေး၊ ကျောင်းသားအင်အားနှင့် ဆရာမမျှ။ သို့ဖြစ်၍ ရှေ့တွင်ရေးခဲ့သလို ပုံစံချရေးပေးသော

စနစ်၊ ငှင်းပုံစံအတိုင်း လိုက်ရေးစေရသော စနစ်ပေါ်ထွက်လာရပြီး ဆိုးကျိုးများ သံသရာလည် တော့သည်။ ထိုဆိုးကျိုးကြောင့် ကျောင်းသား၊ မိဘ၊ ဆရာများအားလုံး ပြန်ခံစားရသည်။ ယခုကိစ္စများသည် ကျောင်းသားအရေးသက်သက်မဟုတ်။ မိဘအရေးသက်သက် မဟုတ်။ ဆရာအရေး တိုင်းပြည်၏အရေးဖြစ်သည်။


နိယာမရှင်းလင်းချက်အရ လူတစ်ဦးနှင့်တစ်ဦး သိပုံမှတ်ပုံ၊ သိမှုဖြစ်ပုံများ မတူနိုင်ကြသည့် လူသား ခန္ဓာကိုယ် ဖွဲ့စည်းပုံကြောင့် လူသားများအား သိအောင်၊ စဉ်းစားဖြစ်အောင်လုပ်ရသော သင်ကြားလေ့ကျင့်မှုဖြစ်စဉ်တွင် လူသားသဘာဝ များကို ရှင်းလင်းဖော်ပြနေသော နိယာမတရားများကို ပစ်ပယ်၍မရ။ မယုံကြည်၍ မရ။ အမှန်တရားများဖြစ်၍ ယုံယုံမယုံယုံ နိယာမတရားအတိုင်းပင် လူ့ခန္ဓာကိုယ် များက အလုပ်လုပ်နေအုံးမည်သာဖြစ်သည်။ ဆိုလိုသည်မှာ လူတိုင်းလူတိုင်း တစ်ဦးနှင့်တစ်ဦး အယူအဆများ မတူညီနိုင်သည်ကို လက်ခံကြဖို့လိုသည်။ မည်သည့်အမိန့်ကြောင့်မှမဟုတ်။ လူသားတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် ဖြစ်သည် ဟု လူသားတို့ အားလုံးလက်ခံနိုင်သည့်တစ်နေ့တွင် ကမ္ဘာကြီးပါ ပို၍ငြိမ်းချမ်း လာမည်။

သိမှုတည်ဆောက်ခြင်းနိယာမအကြောင်းရေးရာတွင် နှစ်ပေါင်းရာချီ သွားတော့မည်။ ကျွန်ုပ်တို့ရှေ့တွင် သိမှုတည်ဆောက်ခြင်းနိယာမ၏ အမှန်တရားများ ကို လေ့လာခဲ့သော ပညာရှင်များ၏ ရေးသားချက်များကို အုပ်ရာချီ ထောင်ချီရှိပြီ ဖြစ်၍ ဤစာအုပ်နှင့်လိုက်ဖက်ရုံသာ ရေးမည်။ ဆရာများဖတ်ရသော် အနည်းဆုံး သဘောပေါက် နားလည်လက်ခံ၍ ဆက်စပ်တွေးတောနိုင်စေရန်ရည်ရွယ်သည်။

သိမှုတည်ဆောက်ခြင်းနိယာမအားပို၍ ထဲထဲဝင်ဝင်သိစေရန် လူ၏ ဦးနှောက်ကို အနည်းငယ်သိရန် လိုသည်။ လူ၏ဦးနှောက်ကို အဆီဓာတ်၊ အသားဓာတ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ဦးနှောက်၏ အသေးဆုံးအစိတ် အပိုင်းတွင် အငယ်ဆုံး ဆဲလ်ကို Neuron နျူရွန်ဟုခေါ်သည်။ နျူရွန်ဟု ဆက်လက်သုံးစွဲမည်။ နျူရွန်များသည် အမေ့ဝမ်းတွင်းထဲတွင်ပင် စတင်ဖြစ်ပေါ်နေပြီဖြစ်ပြီး လူတိုင်း လူတိုင်းတွင် နျူရွန်များ မတိမ်းမယိမ်းပါရှိသည်။ နျူရွန်၏ အရေအတွက်မှာ (၁၅) ကုဋေမျှ ရှိသည်။ ဦးနှောက်တွင် နျူရွန်တစ်ခုတည်းရှိသည်မဟုတ်။ အခြားအစိတ်


အပိုင်းများလည်း (သို့) ဖွဲ့စည်းပုံများလည်း ရှိသေးသည်။ လူတို့အာရုံငါးပါး ခံစားတိုင်း၊ ဖြစ်ပေါ်တိုင်း ဈာရွှန်များ အချင်းချင်း ဆက်သွယ်မှု ရုပ်ဝတ္ထုဆက်သွယ်မှု (physical connection) ဖြစ်ပေါ်သည်။ အာရုံငါးပါးမှ တစ်ပါးပါးခံစားဖြစ်ပေါ်တိုင်း ဈာရွှန်အချို့ တစ်ခုနှင့် တစ်ခုအား Dendrite ဟုခေါ်သော အကိုင်းအလက်ငယ်တို့ပေါ်ထွက်လာပြီး ဆက်သွယ်လိုက်သည်။ ဈာရွှန်နှင့်ဒင်းဒရိုက် ဖွဲ့စည်းပုံ ဖြစ်ပေါ်လာသည်။

# ဦးနှောက် အလုပ်လုပ်ပုံ




အာရုံငါးပါးခံစားရာတွင် သိ၍ ခံစားသည်များရှိသလို မသိဘဲ မသိလိုက်ဘဲ ခံစားနေသည် (သို့) စိတ်က မသိလိုက်ဘဲ ခန္ဓာကိုယ်က အလုပ်လုပ်ခံစားနေသည်။ အာရုံငါးပါးကို တစ်ပါးပြီးတစ်ပါး လက်ခံခံစားတိုင်း ဦးနှောက်အတွင်းရှိ နျူရွန်အချို့နှင့် အခြားနျူရွန်အချို့ အချင်းချင်း ဒင်းဒရိုက်ခေါ် အကိုင်း အခက်များ ထွက်ပေါ် ဆက်သွယ်တည်ဆောက်ခဲ့၍ လူတို့၏ ဦးနှောက်တွင် စက္ကန့်မလပ် နျူရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံများ၊ ဦးနှောက်၏ သက်ဆိုင်ရာ အစိတ်အပိုင်းများ တွင်ဖြစ်ပေါ်နေသည်။ နျူရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံကို နောင်တွင် ဖွဲ့စည်းပုံဟု ဆက်လက် ရေးသားသုံးစွဲမည်။ ပိုပြည့်စုံရန် သိမှုဖွဲ့စည်းပုံဟု ဆက်လက် သုံးစွဲမည်။ ထို့ကြောင့် သိမှုဖွဲ့စည်းပုံ သည်နျူရွန် ဒင်းဒရိုက် ဖွဲ့စည်းပုံဖြစ်သည်။ အင်္ဂလိပ်ဘာသာ စကားဖြင့် ဘာသာပြန်သော် သိမှုကို Cognition ဟု သုံးလျှင် သိမှုနှင့်ဆိုင်သောသည် Cognitive ဖြစ်မည်။ ဖွဲ့စည်းပုံ အင်္ဂလိပ်လို Formation ဟု ရေးလျှင် သိမှုဖွဲ့ စည်းပုံကို အင်္ဂလိပ်လို Cognitive Formation ဟုခေါ်ကြသည်။ တချို့လည်း ၄င်းကို Cognitive structure ဟု ရေးကြပြောကြသည်။ ဘယ်လိုပင်ခေါ်ခေါ် သိမှုဖွဲ့စည်းပုံ အလုပ်လုပ်ပုံ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် လူတို့ အာရုံငါးပါးမှ တစ်ပါးပါး ခံစားတိုင်း ဦးနှောက်တွင် နျူရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံ (ဝါ) Cognitive Structure (ဝါ) သိမှုဖွဲ့စည်းပုံ ရုပ်ဝတ္ထုဖြစ်ပေါ်လာခြင်းသည် အရပ် အခေါ်သိခြင်း (သို့) သိသွားခြင်းပင်ဖြစ်သည်။ ပူသည့်အရာကို ကိုင်လိုက်သည်နှင့် ထိုသူ၏ ဦးနှောက်

တွင်းရှိ နျူရွန်များနှင့်ဒင်းဒရိုက်များ ဆက်သွယ်ဖွဲ့စည်းမှုတစ်ပြိုင်နက်လိုလို ဖြစ်ခြင်းအားဖြင့် ပူသည်ကိုလည်းကောင်း၊ ပူခြင်းတွင် ဆက်စပ်အကြောင်းအရာ အားလုံးကို လည်းကောင်း၊ ဥပမာ မည်မျှပူသည်၊ ယခင်ထက်ပိုပူသည်၊ လျော့သည်၊ အရမ်းပူသည်၊ နည်းနည်းပူသည် စသည့်အသေးစိတ်များ အားလုံးကို ဦးနှောက်က ၄င်းတွင်ရှိသော နျူရွန်များနှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံ (ဝါ) သိမှုဖွဲ့စည်းပုံများအဖြစ် ဆက်သွယ် ဖွဲ့စည်းလိုက်ခြင်းဖြင့် သိပြီးသောအရာ ဖြစ်သည့်ပူခြင်းနှင့် ပူခြင်း နှင့်ဆက်စပ်သော ပတ်ဝန်းကျင်အားလုံးကိုပါ မှတ်တမ်းတင်လိုက်ပြီးဖြစ်သည်။ သို့ဖြစ်၍ အာရုံငါးပါး ခံစားမှုများအသီးသီးအား ဤနည်းဖြင့် သိ၍သော်လည်းကောင်း မသိ၍သော်လည်းကောင်း ဦးနှောက်ကဝင်သမျှအာရုံကို တစ်ခုပြီး တစ်ခုမှတ်နေ သည်မှာ လူသားတို့ ခန္ဓာကိုယ်အလုပ်လုပ်ပုံများအနက် တစ်ခုဖြစ်သည်ဟု သိမှုတည်ဆောက်ခြင်းနိယာမက ဆိုသည်။ ၄င်းနျူရွန်နှင့်ဒင်းဒရိုက် ဖွဲ့စည်းပုံ (ဝါ) သိမှုဖွဲ့စည်းပုံသည် သိပြီးအကြောင်းအရာများကို ဦးနှောက်တွင် သိမ်းထားသည့် ဖြစ်စဉ်ဖြစ်သည်။ လူတို့သိသမျှအားလုံးကို ဤကဲ့သို့ဖွဲ့စည်းပုံများဖြစ်ပေါ်စေလျက် လူ့ခန္ဓာကိုယ်ဖွဲ့စည်းထားပေးသည်။




သိမှုအားလုံးသည် နျူရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းသွယ်တန်းမှုသာဖြစ်၍ ဒင်းဒရိုက်ဖြစ်ပေါ်ဆက်သွယ်မှု မဖြစ်လျှင် ဖွဲ့စည်းပုံမဖြစ်နိုင်။ ဖွဲ့စည်းပုံမဖြစ်နိုင်လျှင်

သိမှုမဖြစ်နိုင်။ သို့ဖြစ်၍ သိမှု (ခေါ်) သိခြင်းဖြစ်စေရန် ဦးနှောက်အတွင်း ဒင်းဒရိုက်များဖြစ်ပေါ်ဆက်သွယ်မှုဖြစ်ရန်လိုသည်။ နျူရွန်တို့သည် နေမြဲတည်မြဲအတိုင်း ရှိကြသော်လည်း ဒင်းဒရိုက်တို့မှာ ပထမဆုံးထွက်ပေါ် ဆက်သွယ်မှု ဖြစ်ပေါ်သည့်အခါ ဒင်းဒရိုက်ဖြစ်တော့ ဖြစ်လာသည်။ သို့သော် နုနယ်သော ဒင်းဒရိုက်အဖြစ် စတင်ဖြစ်ပေါ်ပြီး နျူရွန်အချင်းချင်းချိတ်ပေးလိုက်သည်။ ဆက်သွယ်ပေးလိုက်သည်။ ထိုနျူရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံတွင် ဒင်းဒရိုက်သည် အလွန်နုနယ်သေး၍ မခိုင်မြဲသေး။ ဆိုလိုသည်မှာသိမှုမခိုင်သေး။ အကယ်၍ ဤသိပြီးခဲ့သော သိမှုကို ထပ်ကာထပ်ကာသိခြင်း (သို့) ထိုအာရုံအား အဖန်ဖန် အထပ်ထပ် ခံစားခြင်းရှိခဲ့ပါက ထိုသိခြင်းအာရုံနှင့်ဆက်စပ်နေသည့် သိမှုဖွဲ့စည်းပုံရှိ ဒင်းဒရိုက်တို့ ပို၍ပို၍ ခိုင်မာသန်စွမ်းလာကြသည်။ အကယ်၍ ထိုသိပြီးသော သိမှုတစ်ခု (သို့) အာရုံခံစားမှုကို ထပ်မံ၍မကြုံတွေ့ မခံစားဖြစ်တော့ပါက ထိုသိမှုအာရုံကို ကိုယ်စားပြုသော ဦးနှောက်တွင်းရှိ သိမှုဖွဲ့စည်းပုံပါ ဒင်းဒရိုက်တို့သည် နုနယ်ရာမှ အားပျော့ အားပျော့ရာမှ ချိနဲ့ ချိနဲ့ရာမှ ပျက်စီးကြေမွ ကြွေကျသည့် အဖြစ်သို့ရောက်သည်။ ဒင်းဒရိုက်များ ကြွေကျသွားသည့်အခါ မူလသိပြီးသား သိမှု၏ ဖွဲ့စည်းပုံပျက်သွား၏။ ထို့ကြောင့် သိပြီးသော သိမှုတစ်ခုဖြစ်သော်လည်း နျူရွန်ဒင်းဒရိုက်ဖွဲ့စည်းပုံပျက်သွား၍ ထိုသိမှုကို ကိုယ်စားပြုသော ဦးနှောက်တွင်းရှိ ရုပ်ဝတ္ထုဖွဲ့စည်းပုံ မရှိတော့၍ သိပြီးသားပင်ဖြစ်သော သိမှုမရှိတော့။ အရပ်ပြော ပြောရလျှင် မေ့သွားပြီ။ ဤသည်မှာ ဦးနှောက်၏ သိမှုဆိုင်ရာ သိစရာများ အထဲမှ တစ်ခုဖြစ်သည်။


ဆရာတို့၏ ပဓာနတာဝန်မှာ ကျောင်းသားများ မိမိအရွယ်နှင့်လိုက်၍ သိသင့်သည်များကို ၎င်းတို့ကိုယ်တိုင်သိအောင် ဆောင်ရွက်နိုင်စေရန် ပံ့ပိုးပေးရန် ဖြစ်ရာ သိခြင်းများ၊ သိမှုများ (ဝါ) နားလည်ခြင်းပါသော သိခြင်းနှင့် နားလည်ခြင်း မပါသောသိခြင်းတို့အနက် နားလည်မှုပါသောသိခြင်းဖြင့် သိလာကြစေရန် (သို့) သိမှုဖြစ်ရန် (သို့) သိရန် (သို့) ၎င်းကိုယ်တိုင် ဦးနှောက်တွင် သိမှုဖွဲ့စည်းပုံများဖြစ် လာစေရန် (သို့) ဦးနှောက်တွင် နျူရွန်နှင့် ဒင်းဒရိုက်များ ဆက်သွယ်ဖွဲ့စည်းဖြစ်ပေါ် လာစေရန် ဆိုသည်ကိုဆရာတို့ကလည်း သဲကွဲစွာ သိရန်ဖြစ်သည်။ ဝေဝါး၍ မရ။ ဆိုလိုရင်းမှာ နားလည်ခြင်းပါသောသိမှုကို အာရုံငါးပါးခံစားမှုဖြင့် သိလာခြင်းမှ လွဲ၍ မည်သည့်နည်းနှင့်မျှ မရ။ နားလည်မှုပါသောသိခြင်း (သို့) သိမှုသည် မြဲ၏။

ရှေ့ကဆိုခဲ့သော အကြောင်းအရာတစ်ခုနှင့် သံသယ ဖြစ်စရာပါ၏။ ဆိုလိုသည်မှာ ဒင်းဒရိုက်တို့ စစချင်း အလွန်နုနယ်ကြောင်း ထပ်တလဲလဲကြုံတွေ့ ခံစားရလိုကြောင်း၊ သို့မှသာ ဒင်းဒရိုက်တို့ခိုင်မာလာပြီး ဦးနှောက်အတွင်းရှိသိမှု ခံစားချက်မြဲမည်ဖြစ်ကြောင်း ပြောခဲ့သည်။ သို့ဖြစ်၍ နားလည်ခြင်းပါသောသိခြင်း (သို့) အာရုံငါးပါးဖြင့် ခံစား၍သိခြင်း (သို့) ကျောင်းသားက ကိုယ်တိုင်လုပ်ကိုင် လေ့လာတွေးတော စဉ်းစားခြင်းဖြင့် ရရှိလာသောအခါ (သို့) သိခြင်းဖြစ်ပေါ်ပုံကို လေ့လာရန်လိုသည်။ ဦးနှောက်၏ အလုပ်လုပ်ပုံတွင် ကြုံတွေ့ခံစားလိုက်သော အာရုံခံစားမှုအား နေရာချရန်အလုပ်ပါသည်။ အင်္ဂလိပ်လို Process လုပ်သည်ဟု ရေးသည်။ ဤသို့လူ၏ ကြုံတွေ့ရသော ခံစားမှုအာရုံများကို နေရာချရာ၌ ထိုအာရုံခံစားမှုကို မည်သို့ (သို့) မည်သည့်နည်းဖြင့် ခံစားသည့်ပေါ်တွင် မူတည်၍ ဦးနှောက်မှ ခွဲခြမ်းစိတ်ဖြာ၍ နေရာချခြင်းဖြင့် သူ့အလုပ်သူလုပ်သည်။ အကယ်၍ ထိုသူခံစားရသောအာရုံသည် ကိုယ်တိုင်အာရုံငါးပါးနှင့် ခံစားရပြီး သိလာခြင်းမဟုတ် (သို့) ကိုယ်ပိုင်အာရုံငါးပါးအပြည့်မခံစားဘဲ အပြင်အာရုံ (ဝါ) အမြင်အာရုံ (သို့) နှစ်ခုစလုံးဖြင့် ခံစားခဲ့ရသောအာရုံဖြစ်ပါက ငါးပါးစလုံးမပြည့်စုံ၍ ၎င်းကဲ့သို့သော အခါတွင် ထွက်ပေါ်လာသောဒင်းဒရိုက်သည် မပြည့်စုံဆုံး ဖြစ်သည်။ ဒင်းဒရိုက်အား (၁၀၀) ရာခိုင်နှုန်းကောင်းမွန်အောင် အာရုံငါးပါး တစ်ပါးလျှင် (၂၀)ရာခိုင်နှုန်းဖြင့် ခွဲသော် အထက်တွင်ရှင်းပြသကဲ့သို့ အမြင်နှင့်အကြား နှစ်မျိုးဖြင့် အာရုံခံစားသိရှိခဲ့မှုမျိုးကို ဦးနှောက်က ချူရွန်ဒင်းဒရိုက်ဖွဲ့စည်းပုံအဖြစ်မှ ရုပ်ဝတ္ထုမှတ်တမ်းတင်ရာမှ ထွက်ပေါ်ထုတ်လုပ်ပေးလိုက်သော သိမှုတို့သည် (၄၀) ရာခိုင်နှုန်းသာအားရှိသည်။ အကယ်၍ အာရုံငါးပါးစလုံး ထိတွေ့ဆက်စပ်၍ ကြုံခဲ့သော ခံစားမှုအသစ်ဖြစ်ပါက ငါးမျိုးစုံ၍ ၎င်းအသိကို ဦးနှောက်တွင်းသိမှု ဖွဲ့စည်းပုံအဖြစ် သိမ်းဆည်းမှတ်တမ်းတင်ထားသောအခါ ထွက်ပေါ် ထုတ်လုပ်ပေးလိုက်သည့် သိမှုတို့သည် (၁၀၀) ရာခိုင်နှုန်းအပြည့် အားရှိသည်။ ဤနေရာ၌ မရောထွေးရန် လိုသည်။ အာရုံငါးပါး ခံစားရရှိသော သိမှုဖွဲ့စည်းပုံတွင် ဆက်သွယ်ထားသော ဒင်းဒရိုက်များ (၁၀၀) ရာခိုင်နှုန်း အားပြည့်သည်ဆိုခြင်းသည် အာရုံငါးပါး မပြည့်စုံဘဲ သိရှိကြုံတွေ့ခဲ့သည့် သိမှုဖွဲ့စည်းပုံပါ သိမှုထက် ပိုအားပြည့်သည်ကိုသာ ဆိုလိုရင်းဖြစ်သော်လည်း ၎င်းအာရုံငါးပါးစလုံး ပြည့်ပြည့်စုံစုံ တွေ့ကြုံသိရှိခဲ့သော် သိမှုဖွဲ့စည်းပုံတွင် ပါဝင်နေ၍ (၁၀၀)ရာခိုင်နှုန်းပြည့် အားရှိသော သိမှုများပင်လျှင် ဖြစ်တည်ခါစ

ဒင်းဒရိုက်များနုနယ်နေဆဲ၊ ခဏခဏ ကြုံတွေ့ခံစားခြင်းဖြင့် ၎င်းဒင်းဒရိုက်များအား မာသည်ထက်မာစေမှ ဤသိမှု ဖွဲ့စည်းပုံ မြဲမြဲကြာကြာ ရှိမည်။ အရပ်အပြော မမေ့တော့။ သို့ဖြစ်၍ ဆရာများက ငါးသတ္တဝါကို လက်တွေ့အာရုံငါးပါးဖြင့် ထိတွေ့ကိုင်တွယ် ကြည့်ဖူးရှုမှုနှင့်မပြီး။ နောက်ဆက်တွဲ ဒင်းဒရိုက်ကို ပိုမို တောင့်တင်းမြဲမြံရေးအတွက် အိမ်စာအဖြစ် သတ်မှတ်ပြီး မှတ်မိသမျှ ပြန်ရေးစေခြင်းသည် ဤအကြောင်းရင်းကြောင့်ဖြစ်သည်။ သို့ရာတွင် အာရုံငါးပါး ပြည့်စုံစွာခံစားသိရှိပြီးသော အကြောင်းအရာ (သို့) ကိုယ်တိုင်တွေ့ကြုံပြီးသိသော အကြောင်းအရာ (သို့) ကိုယ်တိုင်စဉ်းစားပြီး သိရှိထားသော အကြောင်းအရာ သိမှုတို့အားလုံးအား ဦးနှောက်တွင် မှတ်တမ်းတင်ရာတွင် ထွက်ပေါ်သော ဒင်းဒရိုက်တို့၏ အရည်အသွေး အလွန်ကောင်းပြီး မကြာခဏ ပြန်လည်မခံစား မကြုံတွေ့ရသည့်တိုင်အောင် နှစ်ပေါင်းများစွာ ဦးနှောက်တွင်း၌ သိမှုဖွဲ့စည်းပုံအဖြစ် ရှိနေနိုင်သည်ကို တွေ့ရသည်။ ဤသို့အာရုံငါးပါးနှင့် ခံစား၍သိသော သိမှုဖွဲ့စည်းပုံများ ဦးနှောက်အတွင်း သိမ်းဆည်းပုံကို အရှင်သိမ်းစနစ် (သို့) Active processing ဟုခေါ်သည်။ ကိုယ်တွေ့ကြုံ (သို့) အာရုံငါးပါးစလုံး ခံစားသိရှိကာ သိမှုများကို အမှန်အကန်အသိ Concrete ဟု ခေါ်ကြပြီး၊ မပြည့်စုံသောအာရုံတို့ဖြင့် သိမှုများကို ယောင်ဝါးဝါး (သို့) တကယ်မသိမှု (သို့) နားမလည်ဘဲသိမှု (သို့) Abstract Perceiving (သို့) စိတ်ကူးဖြင့်သိမှုဟု ခေါ်ကြသည်။ သို့ဖြစ်၍ တင်ပြပါ အမျိုးမျိုးသောသိမှုတို့သည် ကျောင်းသားတို့အတွက် နေ့စဉ်လုပ်ငန်း (ဝ) နေ့စဉ် သင်ကြားမှုလေ့ကျင့်စဉ် စီမံချက်လေ့ကျင့် ပုံစံပြုရာတွင် အမယ်စုံပါမည်ဖြစ်သည့် သိမှုပုံစံအမျိုးမျိုးကို သူ့နေရာနှင့်သူ ဖြစ်ပေါ်စေပြီး နောက်ဆုံး အကောင်းဆုံး သိမှုဖြစ်သော အာရုံငါးပါးစလုံးဖြင့် ခံစားကြုံတွေ့သိမှုများ ဖြစ်လာအောင်ရည်ရွယ် ဆောင်ရွက်ရန်သည် ဆရာတို့၏ ပဓာနတာဝန်တစ်ပါးဖြစ်လာသည်။

တဖန်လူတို့၏ (သို့) လူတို့ဦးနှောက်၏ အလုပ်လုပ်ပုံကိုကြည့်လျှင် လူတစ်ဦးနှင့်တစ်ဦး မတူညီသော စွမ်းပကားများရှိသည်ကို တွေ့ရသည်။ အမျိုးအစား (၃)မျိုးခွဲ၍ လူကိုလေ့လာပုံကို အကြမ်းဖျင်းကြည့်၏။ အသေးစိတ်မှာ မြောက်မြားစွာရှိ၏။ အချို့သူတို့သည် နားကြားအာရုံမှတစ်ဆင့်ဦးနှောက်တွင် ဈျရွှန်နှင့် ဒင်းဒရိုက် ဖွဲ့စည်းပုံကိုရသည်။ အရပ်အပြောဆိုသော် ကြားတာနဲ့ မှတ်မိသည်။ အချို့သူများကား ကြားရုံနှင့် မမှတ်မိ။ မြင်ရမှ သိတော့သည်။

သိတော့သည်ဆိုသည်မှာ ချုရွန်နှင့် ဒင်းဒရိုက် ဖွဲ့စည်းပုံများ (သို့) သိမှုများ ဖြစ်တော့သည်။ အချို့မှာ ကြားရုံမြင်ရုံနှင့် မသိနားမလည်နိုင်သေး။ လက်တွေ့ လုပ်ကိုင်ရသောခါမှ အားလုံးကောင်းကောင်း သိသွား၏။ ဤသုံးမျိုးကို အခြေခံ၍ ကြားသိသူများ (Auditory Learners)၊ မြင်သိသူများ (Visual Learners)၊ နှင့် ကိုယ်တွေ့လုပ်မှ သိသူများ၊ လက်တွေ့သမားများ (Kinesthetic learners) များဟူ၍ တွေ့ရသည်။




ဤမျှလောက် လူ၏ဦးနှောက်အကြောင်းသိရုံနှင့် ဆရာသည် အများကြီး အလုပ်လုပ်နိုင်ပြီဖြစ်သည်။ မိမိ၏ စာသင်ခန်းအတွင်း ရောက်ရှိလာမည့် ကလေးများတွင် ကျောင်းသားမျိုးစုံပါမည်။ သို့ဖြစ်၍ မိမိလေ့ကျင့်စေမည့် သင်ခန်းစာ တွင် ဆရာကလေ့ကျင့်ပေးရာ၌ ကြားသိသူကျောင်းသားများအတွက် ရည်မှန်း၍ နှုတ်ဖြင့်ရှင်းလင်းမှုလည်းပါမည်။ မြင်သိကျောင်းသားများ အတွက် ပုံပြရှင်းလင်းမှု ဆောင်ရွက်ခြင်းပါထည့်ပြီး လက်တွေ့သမား ကျောင်းသားများအတွက် လက်တွေ့ လုပ်ငန်းကိုပါ ထည့်သွင်းထားလျှင် မိမိ၏တပည့်များ မည်သည့် ပုံစံနှင့်လာလာ နေ့စဉ်သင်ကြားမှုလေ့ကျင့်စဉ်စီမံချက်ကို ပုံစံပြုစဉ်ကတည်းက အားလုံးအတွက် ထည့်သွင်းစီစဉ်ထားပြီးဖြစ်၍ မတတ်မရှိသေချာပေါက် တတ်ကြပြီ။

ဆရာတို့သည် ကျောင်းသားတို့အား လေ့ကျင့်စဉ်များပေးရာ၌ အဓိက လေ့ကျင့်ပေးနေသည်မှာ ကျောင်းသားများ၏ ဦးနှောက်ကိုသာဖြစ်သည်။ ကျောင်းသားတို့ ကျန်းမာစွာနေတတ်စေရန် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများလည်း

ပါပါသည်။ ဟုတ်ပါသည်။ သို့သော် အဓိကလေ့ကျင့်ပေးရမည်မှာ သူတို့၏ ဦးနှောက်ကိုဖြစ်၍ ဆရာများယခုကဲသို့ ဦးနှောက်အကြောင်းနှင့် ၄င်း၏ အလုပ်လုပ်ပုံကို ကောင်းစွာလေ့ကျင့်နိုင်စေရန် ဆရာအတတ်သင်လုပ်ငန်း၊ ဆရာသွေးသစ်လောင်းလုပ်ငန်း စတင်ဆောင်ရွက်ကြရမည်။ ဤသို့ သိပ္ပံနည်းကျ သင်နည်းစနစ်များသည် ခေတ်သစ်ပညာရေးစနစ်၏ အနှစ်သာရများဖြစ်သည်။ နေ့စဉ်သင်ကြားမှုလေ့ကျင့်စဉ်စီမံချက်သည် အရေးအကြီးဆုံးနှင့် အခြေခံ အကျဆုံးဖြစ်၍ ၄င်းအား အတန်းကိုင် (သို့) ဘာသာရပ်သင် ဆရာများအားလုံးက တာဝန်ယူရေးဆွဲရသည်ဖြစ်ရာ ယခုဖော်ပြပြီးခဲ့သော နိယာမတရားများအား မသုံး၊ မမှီငြမ်းဘဲ၊ မသိဘဲ၊ မလေ့လာဘဲ ထိုသို့ဆရာများ စာသင်ခန်းထဲတွင် မည်သို့ သင်ကြားမည်ကို ဘယ်လိုမှစဉ်းစား၍မရ။ ခေတ်သစ် ပညာရေးသို့ ကူးပြောင်းရာတွင် အထက်တွင်ဆိုခဲ့သလို ခက်ခဲမည်၊ ပင်ပန်းမည်၊ စိတ်ရှည် ရမည်၊ သည်းခံ ရမည်။ လေ့ကျင့်ရမည်ဆိုသည်များမှာ ဒါသည်ပင်ဖြစ်သည်။ ဤခေတ်မီ သိပ္ပံနည်းကျသင်ကြားနည်းစနစ်များမသိမချင်း အနှစ်သာရအားဖြင့် မပြောင်းလဲသောကြောင့် ဂုဏ်ထူး၊ ပကာသန သံသရာလည်နေမှာ မြေကြီးလက်ခတ်မလွဲ။

သို့ဖြစ်ရာ ဆရာက ကျောင်းသားများအား နေ့စဉ်လေ့ကျင့်စေရာ၌ ၄င်းတို့လုပ်ကိုင်ရမည့် ကျောင်းသားလုပ်ငန်းများအားလုံးကို ကျောင်းသားများကိုယ်တိုင်လုပ်ကြရန်အခွင့်အရေးပေးရမည့် အကြောင်းကို နားလည်လောက်ပြီဟုယူဆသည်။ အကောင်းဆုံးသိရန် (သို့) သိခြင်းမှန်ရန် ရည်ရွယ်သည်။ ကျက်မှတ်ခြင်း (သို့) အလွတ်ကျက်မှတ်ခြင်းသည် ပစ်ပယ်၍ မရပါ။ လိုအပ်ပါသည်။ သို့သော် လိုသလောက်သာ သုံးသင့်သည်။ တန်ဆေး၊ အခုအလွန်အကျွံ လုပ်ကြတော့ ဘေးဖြစ်ကုန်၏။ အလွတ်ကျက်ခြင်းဖြစ်၍ နောက်ကွယ်မှ ခန္ဓာကိုယ်တွင်း (သို့) ဦးနှောက်တွင်းဖြစ်စဉ်များကို လေ့လာကြည့်မည်။ ကျွန်ုပ်တို့၏ ဦးနှောက်သည် အပိုင်း (၃)ပိုင်းဖြင့် ပူးတွဲဖွဲ့စည်းထားပြီး တစ်တွဲချင်း ၄င်းတို့၏အလုပ် ၄င်းတို့လုပ်သလို၊ ပူးတွဲ၍ အလုပ်လုပ်ကြသည်လည်း ရှိ၏။ လူတို့တွင်ပါသော ဦးနှောက်အပိုင်း (၃)ပိုင်းအနက် တစ်ပိုင်း၏ အလုပ်လုပ်ပုံများ တွားသွားသတ္တဝါ၏ ဦးနှောက်နှင့်တူ၍ ၄င်းကို တွားသွားသတ္တဝါဦးနှောက်ဟု ခေါ်သည်။ လူတွင် တွားသွားသတ္တဝါ၏ဦးနှောက်အပြင် နို့တိုက်သတ္တဝါ၏ ဦးနှောက်နှင့်တူသော နောက်ထပ်တစ်ပိုင်းလည်းပါ၍ ၄င်းကို နို့တိုက်သတ္တဝါ ဦးနှောက်ပိုင်းဟုခေါ်သည်။

လူတို့၏ နောက်ဆုံးဦးနှောက်ပိုင်း၊ တိရစ္ဆာန်များတွင်မပါသော စဉ်းစားသည့် ဦးနှောက်ဟု တင်စားပြောဆို ခေါ်ဝေါ်ကြသည်။ တတိယ ဦးနှောက်က လူနှင့် အခြား သတ္တဝါများကို ကွဲပြားစေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဆရာတို့က ပညာရေး လေ့ကျင့်စဉ်တွင် ကျောင်းသားတို့၏ ဦးနှောက်ဖွံ့ဖြိုးအောင် (ဝါ) စဉ်းစားတတ်အောင် (ဝါ) စဉ်းစားနိုင်အောင်လေ့ကျင့်စေမည်ဆိုလျှင် ဤဦးနှောက် ၃လုံး၊ ၃ ပိုင်း၏ မည်သည့်အပိုင်းကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်မည် ဆိုသည်က ပိုအရေးကြီးသည်။ လူ၏ဦးနှောက်တွင်းရှိ များစွာသော ရှုပ်ထွေးသည့် အပိုင်းလိုက် လုပ်ငန်းများကို သိရန်လိုလာသည်။

ဦးနှောက်တွင် တွားသွားသတ္တဝါဦးနှောက်အခြမ်းပိုင်းက ခန္ဓာကိုယ်လှုပ်ရှားမှု ထိန်းသိမ်းခြင်းအလုပ်ကို အခြေခံအားဖြင့်လုပ်သည်။ နို့တိုက်သတ္တဝါဦးနှောက်ခြမ်းက စိတ်ခံစားမှုများ၊ ခန္ဓာကိုယ်အင်္ဂါများ၏ လှုပ်ရှားမှု စည်းချက်များ ဆောင်ရွက်ခြင်း၊ ထိန်းကျောင်းခြင်းအပြင် မှတ်ဉာဏ်ဟုခေါ်သော သိထားသမျှ သိုမှီထားသည့် အလုပ်ကိုလည်းလုပ်သည်။ မှတ်ဉာဏ်တွင် (၂) ပိုင်းရှိသည်။ ကိုယ်တိုင်လုပ် ကိုယ်တွေ့အာရုံငါးပါးနှင့် ခံစား၍ သိလာသောသိမှုများ သိမ်းဆည်းပုံနှင့် အလွတ်ထားသော (သို့) ကိုယ်ပိုင်အာရုံငါးပါးဖြင့် မခံစားဘဲ ရရှိလာသော အသိ (သို့) သိမှုများကို ထားသိုသိမ်းဆည်းပုံဟူ၍ ဖြစ်သည်။

ကိုယ်တိုင်လုပ်ကိုင်ရာမှ ကိုယ်တိုင်အာရုံငါးပါးဖြင့် ခံစားသိရှိပြီးသော အကြောင်းအရာသိမှုများကို သိမ်းသော နေရာသည် များသောအားဖြင့် အမြဲတမ်းမှတ်ဉာဏ်နေရာဟု ခေါ်ဆိုကြပြီး အလွတ်ကျက်၍ ရရှိသိလာသော အသိများ၊ သိမှုများကိုလည်း ရေရှည်မှတ်ဉာဏ်ဟု ခေါ်ဆိုသောနေရာတွင် ရောချထားသော်လည်း ၄င်းကို ရောင်ပြန်ဟပ်နေရာချစီမံခြင်း (Reflective Processing) ဖြင့် နေရာချသည်။ ရှေ့တွင်ဆိုခဲ့သော ကိုယ်တိုင် အာရုံငါးပါးနှင့် ထိသိသော သိမှုတို့အား နေရာချပုံကို အမှန်တကယ်သိမှု (သို့) ရှင်သန်နေရာချခြင်း (Active Processing) ဟု ခေါ်သည်။ သို့ဖြစ်၍ အလွတ်ကျက်၍ ရရှိ သိရှိလာသော အသိများကို နေရာချခြင်းသည် ကိုယ်တွေ့မကြုံဘဲ သူများပြောဆိုသည်ကို နားထောင်ရာမှလည်းကောင်း၊ စာအုပ်ဖတ်ရာမှလည်းကောင်း၊ ရုပ်ရှင်များမှလည်းကောင်း ရရှိခဲ့သော ဗဟုသုတသိမှုတို့သည် ရေရှည်မှတ်ဉာဏ်တွင် နေရာချခြင်းဖြစ်၏။ မှတ်ဉာဏ် ဆိုသော်လည်း မှတ်ဉာဏ်သိုမှီးထားသော အချက်အလက်သိမှုတို့မှာ

ရက်ပိုင်းအတွင်း ကွယ်ပျောက်မည်မဟုတ်။ ထိုသူ၏ ခန္ဓာကိုယ်တည်ဆောက်ပုံ၊ မျိုးရိုးဗီဇတို့အပါအဝင် ပတ်ဝန်းကျင် စားသောက်နေထိုင်ပုံ၊ အိပ်ရေးဝမဝ စသည့်အချက်ပေါင်း များစွာအပေါ် မူတည်၍ရေတိုမှတ်ဉာဏ်မှ သိမှုများဖြစ်စေ၊ အမြဲတမ်းမှတ်ဉာဏ်မှ အချက်များဖြစ်စေ မည်မျှခံမည် (သို့) ဒင်းဒရိုက်များမည်မျှ သက်တမ်းရှည်မည် မရှည်မည်ကို ဆုံးဖြတ်သည်ဖြစ်၍ ပုံသေကားချပ် မတွက်နိုင်ပါ။ လူတို့အာရုံငါးပါးခံစားသောအခါ ပထမဆုံးခန္ဓာကိုယ်က အာရုံခံမှတ်ဉာဏ်ဖြင့် သိမှုကိုကောက်ယူ၏။ ကောက်ယူပြီး မီလီစက္ကန့်ပိုင်းအတွင်း ထိုမှတ်ဉာဏ်မှ လက်ရှိရောက်ရှိလာသော သိမှုများနှင့် ရှေးက ကာလရှည်မှတ်ဉာဏ်ထဲတွင် ရောက်နှင့်ပြီးသော သိမှုများနှင့်ချိန်ထိုးပြီး လိုမလို၊ ကြိုက်မကြိုက် ဆုံးဖြတ်ခြင်းများကို အလုပ်လုပ်ရာ မှတ်ဉာဏ်ဟုခေါ်သော မှတ်ဉာဏ်နေရာတွင် ဆောင်ရွက်ကြပြီး အလုပ်လုပ်မှတ်ဉာဏ်တွင် အစစချိန်ဆပြီးသည့်အခါတွင်မှ ဆုံးဖြတ်ချက်အတိုင်း ဆုံးဖြတ်ချက်ပါသိမှုများကိုသာ ရေရှည်မှတ်ဉာဏ်တွင် သိမ်းဆည်းတော့သည်။ အလုပ်လုပ်မှတ်ဉာဏ်တွင် စက္ကန့် (၃၀) မှ မိနစ် (၃၀) ခန့်အထိ သိမှုများကို ထိန်းသိမ်းထားနိုင်ပြီး အမြဲတမ်းမှတ်ဉာဏ်တွင် မိနစ် (၃၀) မှ သေသည်အထိ သိမှုများကို ထိန်းသိမ်းထားပေးသည်။ ရေရှည်မှတ်ဉာဏ်တွင် သိမ်းမသိမ်းကို ဆုံးဖြတ်သည့်နေရာသည် အလုပ်လုပ်ရာ မှတ်ဉာဏ်တွင်သာဖြစ်ပြီး အလုပ်လုပ်ရာ မှတ်ဉာဏ်တွင် စဉ်းစားခြင်း၊ ချိန်ဆခြင်း၊ ယှဉ်ထိုးခြင်း၊ နှိုင်းဆခြင်း တွက်ချက်ခြင်း အစရှိသည့်လုပ်ငန်းများအပါအဝင် သင်္ချာလုပ်ငန်းပေါင်းများစွာကို ဆောင်ရွက်ပြီး ၄င်းအလုပ်လုပ် မှတ်ဉာဏ်တွင် အချက်အလက်သိမှုများကိုစိစစ်သည်။ ထို အလုပ်လုပ် မှတ်ဉာဏ်နှင့်စိစစ်ရာ၌ ရေရှည်မှတ်ဉာဏ်တွင် မှတ်တမ်းတင် မတင်ကို ဆုံးဖြတ်သည့်အခါ လူတို့၏ အာရုံစူးစိုက်မှု (သို့) စိတ်ဝင်စားမှု (သို့) ချစ်ခင်မြတ်နိုးမှု (သို့) မုန်းတီးမှု (သို့) မလိုချင်မှု၊ ခြုံငုံပြောလျှင် စိတ်ခံစားမှုသည် အရေးပါလာ၏။ စိတ်ခံစားမှု မပါလျှင် အလုပ်လုပ်မှတ်ဉာဏ်မှ ပိတ်ဆို့လိုက်ပြီး ထိုသူစိတ်ဝင်စားမှု၊ စိတ်လှုပ်ရှားမှု ပါဝင်သော သတင်းအချက်အလက်များကိုသာ အမြဲတမ်းမှတ်ဉာဏ် သို့ပေးပို့ပြီး စိတ်ဝင်စားမှု၊ စိတ်လှုပ်ရှားမှုနည်းသော သတင်းအချက်အလက်များကို ရေရှည်မှတ်ဉာဏ်သို့ စိတ်ဝင်စားမှု ဒီဂရီ ပမာဏ အလိုက် ပို့လွှတ်ရာတွင် စိတ်ဝင်စားမှု ဒီဂရီအကောင်းဆုံးသိမှုကို ရေရှည်မှတ်ဉာဏ်တွင် တည်ဆောက်သောအခါ ဦးနှောက်၏တော့ဆက်ငုတ် (Synapse) များ (၂)ခု

ကြားသို့ အာရုံခံ မှတ်ဉာဏ်များမှတစ်ဆင့် စီးဆင်းလာသော လျှပ်စစ်စီးကြောင်းများ ခုန်ကျော်ဖြတ်သန်းလာကြသည့်အခါ နျူရိုထရန်စမက်တာဟုခေါ်သော ဓာတုဗေဒ ပစ္စည်းများ ထုတ်လုပ်ပေးသည်။ ထိုနျူရိုထရန်စမစ်တာ ဓာတုပစ္စည်း၏ အားကောင်းမကောင်းသည် ထိုသူ၏ ထိုသတင်းအချက် အလက်အပေါ်၊ သိမှု အပေါ် စိတ်ဝင်စားမှု (သို့) စိတ်ခံစားမှုရှိမှုအတိုင်း အတာပေါ်တွင် မူတည်၍ စိတ်ဝင်စားမှုအားကောင်းပါက နျူရိုထရန်စမစ်တာများ အားကောင်းပြီး ဦးနှောက်၏ ဆဲလ်ဖြစ်သော နျူရွန်များ တစ်ခုနှင့်တစ်ခုကြား ဆက်သွယ်ပေးသည့် ဒင်းဒရိုက်များ ဖွဲ့စည်းဖြစ်ပေါ်လာပုံမှာလည်း အားကောင်းလာသည်ဟုဆိုသည်။ အကယ်၍ ထိုသူသည် စိတ်ဝင်စားမှုနည်းပါး၍ သို့မဟုတ် စိတ်ခံစားမှုနည်းပါးပါက ထိုသိမှုအတွေ့အကြုံကို အာရုံခံမှတ်ဉာဏ်မှ စတင်ပေးပို့ပြီး အလုပ်လုပ်မှတ်ဉာဏ် တွင် ရောက်ရှိသည့်အခါ အလုပ်လုပ်မှတ်ဉာဏ်မှတစ်ဆင့် အမြဲတမ်းမှတ်ဉာဏ်သို့ စိတ်ဝင်စားမှု (သို့) စိတ်ခံစားမှု နည်းပါးသည့်အတွက် ထုတ်လုပ်ပေးလိုက်သော နျူရိုထရန်စမစ်တာတို့သည် အင်အားချည့်နဲ့နေ၍ ချိနဲ့သော ဒင်းဒရိုက်များဖြင့်သာ ဆက်သွယ်ပြီး သိမှုဖွဲ့စည်းပုံဖြစ်လာသည်။ သို့သော် ဤသိမှုသည် အမြဲတမ်း မှတ်ဉာဏ်တွင် နေရာချထားသော်လည်း ၎င်း၏သိမှုဖွဲ့စည်းပုံ တွင် ဒင်းဒရိုက်များ အားနည်းချည့်နဲ့သောကြောင့် ဆက်၍ဆက်၍ မကြုံပါက ဒင်းဒရိုက်သည် ချည့်နဲ့၍ နောက်ဆုံးကြွေကျ ပျက်စီးသွားမည်ဖြစ်သည်။ ၎င်း စိတ်မဝင်စားခဲ့သော၊ စိတ်မလှုပ်ရှားခဲ့သော သိမှုဖွဲ့စည်းပုံသည် လုံးဝ ပျောက်ကွယ် သွားပြီဖြစ်၍ ထိုသူသည် ၎င်းသိမှုကို ပြန်လည်စဉ်းစား၍ မရနိုင်တော့။ ထာဝရ မေ့ပျောက်သွားပြီဖြစ်သည်။

သို့ဖြစ်၍ စိတ်အာရုံ စူးစိုက်မှု (သို့) အာရုံငါးပါးစလုံးဖွင့်၍လုပ်ကိုင်မှု (သို့) ကိုယ်တိုင်လုပ်ကိုင်မှုတို့သည် ကျောင်းသားများတွင် ဖြစ်တည်လာအောင် ဆရာများက ခေတ်မီသင်ကြားမှုနည်းစနစ်များဖြင့် ဆွဲဆောင်ရန် ဖြစ်သည်။ ရှေ့တွင် တင်ပြပြီးသော ငါးသတ္တဝါကိုလက်တွေ့သင်ကြားလျှင် ကျောင်းသားငယ်တို့ လွန်စွာစိတ်ဝင်စားမည်ကို ခန့်မှန်းရုံနှင့် သိနိုင်သည်။ ဤ ဥပမာတွင် ဆရာက ယခုနိယာမ တရားများနှင့် လူ၏ဦးနှောက်အကြောင်းတို့ကို နားလည်သူဆရာဖြစ်၍ သာ ယခုကဲ့သို့ စိတ်ဝင်စားစရာသင်ကြားမှုလေ့ကျင့်စဉ် (Lesson Plans)ကို ပြင်ဆင် ရေးသားပြုစုနိုင်ခြင်းဖြစ်သည်။ ဆရာက ငါးများကို ကြည့်၍ လေ့လာ၍ရအောင် စီစဉ်ထားခြင်းမှာ ကျောင်းသားများတွင် စိတ်ဝင်စားမှုတည်ဆောက်

ခြင်းဖြစ်သည်။ ကျောင်းသားများအား စိတ်ဝင်စားမှု တည်ဆောက်ပေးပြီးသော အခါ ဆရာက နားလည်ပြီးကျောင်းသားများ၏ ဦးနှောက်တွင် ထုတ်လွှတ်တော့မည့် ထရန်စမစ်တာများ အားကောင်းလာတော့မည်။ ဈုရှိထရန် စမစ်တာများ အားကောင်းလာခဲ့လျှင် ဒင်းဒရိုက်များ တောင့်တင်းခိုင်မာတော့မည်။ သို့ဆိုလျှင် ထိုငါးသတ္တဝါနှင့် ပတ်သက်သည့် မြင်သမျှ၊ ကြားသမျှ၊ သိသမျှ၊ ရှုရသမျှ အားလုံး မှတ်မိတော့မည်။ တော်တော်နှင့်မမေ့တော့ဟူ၍ ဆရာကသိခြင်းဖြစ်သည်။ ပြီးမှ နောက်ဆက်တွဲ လေ့ကျင့်မှုဖြင့် ထပ်၍သိမှုဖွဲ့စည်းပုံကို ပိုမိုခိုင်မြဲစေအောင် ထပ် အလုပ်ပေးရသည်။

ယခုရေးသားခဲ့သော ဦးနှောက်ဆိုင်ရာ အကြောင်းအရာများသည် ဈုရှိဆိုင်းရင့်ခေါ် ဦးနှောက်လေ့လာ မှုအပိုင်းမှ တချို့ဖြစ်ပြီး အထက်ဖော်ပြပါ ဖြစ်စဉ်ကို ကောင်းစွာအထောက်အပံ့ဖြစ်စေသည်။ စိတ်ဝင်စားမှု (သို့) အာရုံ ငါးပါးဖြင့် အလုပ်လုပ်မှု (သို့) စိတ်ခံစားချက်ပါမှုနှင့်ဆိုင်သော နိယာမသို့ ကူးပြောင်း လေ့လာရန် လိုပါသည်။

## Neuro Science to Theory of Motivation

စိတ်ဝင်စားမှုတည်ဆောက်ခြင်းနှင့်ပတ်သက်၍ သုတေသနပြုရှင်းလင်း ချက်များ များစွာရှိပါသည်။ မြန်မာလို စိတ်ဝင်စားမှုနိယာမ ဟုခေါ်ဆိုပြီး အင်္ဂလိပ်လိုတွင် Theory of Motivation (သို့) Control Theory ဟုလည်း ခေါ်သည်။ ရိုးစင်းသော လူမှုရေးနိယာမတစ်ခုဖြစ်ပြီး ၎င်းက လူတို့သည် သူများခိုင်း ၍ ဘယ်တော့မှမလုပ်။ လူတို့ အလုပ်လုပ်လျှင် (သို့) လုပ်ပြီဆိုလျှင် မည်သူခိုင်း၍ လုပ်သည်မှ မဟုတ်။ သူတို့လုပ်ချင်လို့ လုပ်တာပဲဖြစ်သည်ဟု ဆိုသည်။ လူတို့သည် အလုပ်တစ်ခုကို လုပ်ချင်လာအောင် စေ့ဆော်သောအရာသည် စိတ်လှုပ်ရှားမှုသာ ဖြစ်သည်။ စိတ်လှုပ်ရှားမှု (သို့) စိတ်ခံစားမှုဟုလည်း ပြောလျှင်ရသည်။ စိတ်ခံစားမှု ရှိလျှင် လူတို့အလုပ်လုပ်မည်။ သို့ဖြစ်၍ ဆရာများက ထိုလူမှုရေး နိယာမကိုအသုံးပြု ၍ ကျောင်းသားတို့ စာသင်ခန်းတွင် အလုပ်လုပ်ချင်လာအောင် ၎င်းတို့လုပ်ရမည့် အလုပ်များအပေါ် စိတ်လှုပ်ရှားလာအောင် စီစဉ်တတ်ရန်လိုသည်။ လူတို့ဘယ် အခြေအနေတွင် စိတ်လှုပ်ရှားတက်ကြွလာကြသလဲဟု နိယာမကဆိုသည်။ လူတို့သည်

သူတို့ဘဝအတွက်သူတို့ တကယ်လိုအပ်မည်ဟုထင်မှ စိတ်လှုပ်ရှားမှု တက်ကြွမှု ဖြစ်ပေါ်သည်။ နောက်ဥပမာများအနေဖြင့် အချစ်ကြောင့်လည်းကောင်း၊ အမုန်းကြောင့်လည်းကောင်း၊ နာကြည်း၍ လည်းကောင်း၊ လွတ်လပ်ခြင်းလိုချင်၍ လည်းကောင်း၊ အာဏာလိုချင်၍ လည်းကောင်း၊ ဆာလောင်မွတ်သိပ်ခြင်းကြောင့် လည်းကောင်း လူတို့ထကြွနိုးကြားလာပြီး စိတ်ဝင်စားမှု ရှိလာသည်ဟု ဆိုသည်။ ငါးသတ္တဝါနမူနာဥပမာတွင် ကျောင်းသားများ အဘယ့်ကြောင့်တက်ကြွနေကြမည်နည်း။ စူးစမ်းလိုစိတ် ဖြစ်သည်။ စူးစမ်းလိုစိတ်ကြောင့် တက်ကြွလာခြင်းဖြစ်သည်။ စူးစမ်းလိုစိတ်သည်လည်း စိတ်လှုပ်ရှားမှုတစ်ခုပင်ဖြစ်သည်။ သို့ဖြစ်၍ Control Theory ခေါ် Theory of Motivation သည် ဆရာတို့ အသုံးပြုရမည့် နိယာမကောင်း တစ်လက်ဖြစ်သည်။ ဆရာများ သင်ကြားမှုလေ့ကျင့်စဉ် စီမံချက်ရေးဆွဲရာတွင် စိတ်တက်ကြွမှုနိယာမအရ ကျောင်းသားများ လေ့လာလိုစိတ်တက်ကြွစေရန် ထည့်သွင်းစဉ်းစားပြီး လေ့ကျင့်ပါက ငါး ဥပမာကဲ့သို့ ပျော်ရွှင်စရာစာသင်ခန်းတစ်ခု ကြုံတွေ့ရမည် ဖြစ်သည်။

ထို့ကြောင့် ဦးနှောက်အခြေပြုသင်ကြားရေးနိယာမဆိုသည်မှာ လူသည် ဦးနှောက်၏စေခိုင်းရာကို လုပ်နေရသော သတ္တဝါဖြစ်၍ ဦးနှောက်အလုပ်လုပ်ပုံကို အခြေပြုသော သင်ကြားမှုလေ့ကျင့်စဉ်များကို ဖန်တီးပုံစံပြုလျှင် ကျောင်းသားများ ကျောင်းနေပျော်ပြီး စာတော်မည်ဟုဖြစ်သည်။ ယခုဦးနှောက်အခြေပြု သင်ကြားရေးနိယာမပါ ဦးနှောက်အလုပ်လုပ်ပုံကို ဆရာက ထည့်သွင်းစဉ်းစား အသုံးပြု၍ စိတ်ဓာတ်တက်ကြွမှုနိယာမနှင့် ပေါင်းစပ်အားဖြည့်လိုက်သောအခါ ကျွန်ုပ်တို့လိုချင်သော၊ ကျန်းမာအောင်နေတတ်သော၊ ချမ်းသာအောင်နေတတ်သော၊ မိမိကိုယ်ကို မိမိအားကိုးနိုင်မည့်ဉာဏ်ရှိပြီး စဉ်းစားနိုင်သော၊ စဉ်းစားနေကြဖြစ်သော၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သော (သို့)ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ပေးနိုင်သော နိုင်ငံသားများ ကောင်းကောင်းမွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ဦးနှောက်အခြေပြုနိယာမဆိုသည်မှာ သင်ကြားရေးတွင် ဆရာတို့သည် လူဦးနှောက်၏ အကြောအတိုင်း၊ အထာအတိုင်းသာ လေ့လာ၍ လေ့ကျင့်စေလျှင် ကျောင်းသားတို့၏ လုပ်ငန်းများကို စိတ်ပါဝင်စားစွာ ကိုယ်တိုင်ကိုယ်ကျတက်တက်ကြွကြွ လုပ်ကြလိမ့်မည်ဟု ဆိုလိုသည်။ နိယာမ၏ တွေ့ရှိချက်တစ်ခုတွင် လူ၏သိမှုဖြစ်စဉ်သည် လူ၏ခန္ဓာကိုယ်တွင်ဖြစ်ပျက်နေသော အဖြစ်အပျက်များနှင့်

တိုက်ရိုက်ပတ်သက်နေပြီး၊ လူ၏ခန္ဓာကိုယ်တွင် ဖြစ်ပျက်နေသော ဖြစ်စဉ်များ မှန်ကန်ပြည့်စုံပြီး အများနည်းတူဖြစ်နေပါက ထိုသူသည် သိမှုကို အများနည်းတူ ဆောင်ရွက်နိုင်လိမ့်မည်ဟု ဆိုသည်။ သို့ဖြစ်၍ ထိုသူသည် ၎င်း၏ခန္ဓာကိုယ်တွင်း ဖြစ်ပျက်နေသော လုပ်ငန်းများ ဖြစ်စဉ်များ မူမမှန် (သို့) မကျန်းမာလျှင် ထိုသူသည် ဦးနှောက်တွင်းဖြစ်ထွန်းမည့် သိမှုဖွဲ့စည်းပုံသည် ကောင်းစွာမဖြစ်တည်နိုင်ဟု ဆိုသည်။ ဆိုလိုသည်မှာ ချုရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံတို့ အားမရှိဟု ဆိုလိုသည်။ သို့ဖြစ်၍ ကျောင်းသားများ စာသင်ခန်းထဲတွင် ကောင်းစွာအလုပ်လုပ်နိုင်ရန် ကျန်းမာကြဖို့လိုသည်။ ကျန်းမာမှ အလုပ်လုပ်ရင်း သိမှုများဖြစ်ထွန်းမည်။ သန်စွမ်း ခိုင်မြဲသော သိမှုဖွဲ့စည်းပုံများ ဖြစ်ထွန်းမည်။ ကျောင်းသားတစ်ဦး စာသင်ခန်း ထဲတွင် နေမကောင်းဖြစ်နေပါက၊ အိပ်ရေးမဝပါက၊ မှိုင်တွေနေပါက၊ လေးလံနေ ပါက၊ ငိုက်မြည်းနေပါက စိတ်ညစ်နေပါက မည်သို့မျှ သိမှုကောင်းကောင်းမဖြစ်နိုင်။ ထို့ကြောင့် ကျောင်းများတွင် ကျောင်းသားနေမကောင်းဖျားနေ၍ဖြစ်စေ၊ ရေကျောက်ပေါက်၍ဖြစ်စေ၊ ဝက်သက်ပေါက်၍ဖြစ်စေ၊ ခေါင်းကိုက်၍ဖြစ်စေ၊ ဗိုက်နာ၍ ဖြစ်စေ၊ ခြေထောက်နာ လမ်းမလျှောက်နိုင်၍ဖြစ်စေ ကျောင်းမှ အိမ်ပြန် ခိုင်းရန် မိဘအား ဆရာက ဖုန်းဆက်အကြောင်းကြား၍ လာခေါ်ခိုင်းလျှင် မိဘက ကလေး စာနောက်ကျမှာစိုး၍၊ စာမမီမှာစိုး၍ ကလေးအား ဇွတ်ပင်ကျောင်းတက် စေချင်သည်။ နေမကောင်းလည်း ဆေးသောက်တက်။ ဆေးပါထည့်ပေးလိုက်မည်။ ကျောင်းများ ကျောင်းဆရာဝန်ရှိလျှင် ကြည့်ပေးရန်အပ်မည်။ ရေကျောက် ပေါက်လျက်ပင်လျှင် လာထိုင်နေရသော ကျောင်းသားလည်း တွေ့ဖူးသည်။ ဝက်သက်၊ ပဲသီတာ ဘာပဲပေါက်ပေါက် စာမမီမှာစိုး၍ ကျောင်းသားက မျက်လုံးများ မှေးစင်းလျက် ကျောင်းတွင် ငုတ်တုတ်ထိုင်ရသည်။ မကျန်းမာတော့ ဘာမှအာရုံမရှိ၊ ဘာမှ စိတ်ဝင်စား။ ကိုယ်တွေပူနေတော့ ဘာမှစိတ်မဝင်စားနိုင်။ ချောင်းတွေဆိုး လည်ချောင်းတွေနာနေတော့ ဘာမှစိတ်မဝင်စား။ သို့သော် မိဘက ကျောင်းသို့ ဆေးတိုက်ကာ ပို့လိုက်၍ရောက်လာကြပြီး အနားယူပြီးကျန်းမာအောင်နေရမည့် အချိန်များ အလဟဿ ကုန်ဆုံးစေပြီး ဝေဒနာကို နာတာပိုရှည်စေခဲ့သည့် သာဓကများ ကောင်းစွာ မြင်ဖူး ကြုံဖူးသည်။ ကျောင်းသားက ကျောင်းသွားရတော့ မိဘမှာ စိတ်ကျေနပ်သွား၏။ တော်သေးသည် နေမကောင်းသော်လည်း ကျောင်းမပျက်၊ ပုဂ္ဂလိကကျောင်းဆိုလျှင် ပိုတွက်ရသေးသည်။ တစ်ရက်ပျက်လျှင်

ဒီလောက်။ သို့ဖြစ်၍ ပျက်၍မရ။ တက်ကိုတက်မှဖြစ်မည် ဟူသော အယူအဆ ရှိခဲ့သည့်မိဘအချို့ကို ကြုံရသောအခါ ဦးနှောက် အခြေပြုသင်ကြားရေးနိယာမကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိစေလိုလာ၏။ ဆရာ၊ မိဘ၊ ကျောင်းသားအားလုံး အသိတူ လျှင် အလွန်ပျော်စရာကောင်းမည့်လုပ်ငန်းဖြစ်၏။ ခေတ်ကာလ အမျိုးမျိုး ဖြတ်သန်းလာခဲ့ကြပြီး ပညာရေးစနစ် အဖုံဖုံ ကြားတွင် မျက်စိလည်လမ်းပျောက် နေကြရသော ကျွန်ုပ်တို့အားလုံးသည် ၁၈၈၅ ခုနှစ်ဖွား ကိုလိုနီဆိုးမွေ ပညာရေးစနစ်ကို စွန့်လွှတ်မှု၊ စွန့်စားမှု၊ နားလည်မှု၊ စိတ်ရှည်မှု၊ သည်းခံမှု၊ အနစ်နာခံမှု၊ ပေးဆပ်မှု အစစရင်းနှီးပြီး ဆရာ၊ မိဘ၊ ကျောင်းသားအားလုံး ပျော်ရွှင်ကြရမည့် ခေတ်သစ် ပညာရေးလေ့ကျင့်မှု လမ်းကြောင်းပေါ်သို့ မရောက်မနေ လျှောက်လှမ်းကြရန်သာ အဖြေဖြစ်သည်။ ဗြိတိသျှတို့ မြန်မာ့မြေမှ ထွက်ခွာသွားကြသည်မှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့ကတည်းကဖြစ်သော်လည်း ၎င်းတို့၏စနစ်များ ဆက်လက် အလုပ်လုပ်နေဆဲ ဆိုသည်ကို မိဘ၊ ဆရာတို့ အစိုးရနှင့် အတူလက်တွဲပြီး ကောင်းစွာသိရှိကာ ယနေ့မြန်မာတို့လုပ်ရန်တာဝန်ဖြစ်လာသော မြန်မာ့ပညာ ရေးပြုပြင်ပြောင်းလဲမှုကို အထိအခိုက်အနည်းဆုံး၊ အကုန်အကျအနည်းဆုံး၊ အချိန်အတိုဆုံးတွင် အအောင်မြင် ဆုံးဖြစ်အောင် ဆောင်ကြဉ်းနိုင်ကြသူများမှာ မိဘနှင့် ဆရာများသာဖြစ်ပါသည်။ ကျောင်းသားတို့မှာကား မိဘနှင့် ဆရာများ၏ ပုံသွင်းသည့် ပုံစံအတိုင်းပင် ဖြစ်ကြရမည်ဖြစ်သည်။ မိဘနှင့် ဆရာများ၏အားဖြင့် ဤစနစ်ဟောင်း စနစ်ဆိုးကို မပြောင်းလဲနိုင်မချင်း မည်သည့်အစိုးရတက်တက် အများသိ ပြဿနာဟောင်းများ ရှိမြဲ၊ ရှိဆဲ၊ ရှိနေ ဦးမည်ဖြစ်သည်။ ပြဿနာ အားလုံး၏ အရင်းအမြစ်တရားခံ ဖြစ်သည့် စနစ်ဟောင်းကိုသာ အချိန်နှင့်အမျှ ကောင်းသည် ထက်ကောင်းသွားအောင် ပူးပေါင်းဆောင်ရွက်ရန်သာလိုသည်။ ယနေ့ဖြစ်နေသော ပြဿနာများအားလုံး၏အစသည် မနေ့တစ်နေ့ကမဟုတ်။ ကျန်ခဲ့သော နှစ်ပေါင်း (၃၀)ခန့်ကဖြစ်ပြီး အချို့ပြဿနာများကလွန်ခဲ့သော နှစ်ပေါင်း (၆၀)ခန့်ကတည်းက စခဲ့ခြင်းဖြစ်သည်။ သက်ဆိုးရှည်ကြာနေရခြင်း အကြောင်းရင်း မှာလည်း ပြဿနာ၏ အရင်းအမြစ် ဖြစ်သော ပညာရေးကဏ္ဍတွင် ပြုပြင်သင့်သည် များကို မပြင်ခဲ့ကြ၍ဖြစ်သည်။ မိဘပြည်သူ အများစု သိရှိကြပြီးဖြစ်သည်။ သို့ဖြစ်၍ ယခုဆရာများလေ့လာအပ်သော လူမှုရေးနိယာမများ၊ သင်ကြားနည်းစနစ်များ အားလုံးကို ဆရာများကလည်း လေ့လာကြရမည်ဖြစ်သလို၊ မိဘများကလည်း

ဆရာများ၏ ရှုပ်ထွေးသောတာဝန်ဝတ္တရားတို့ကို ရှေးကထက်ပိုနားလည်ပြီး အတူတကွ ညီညီညွတ်ညွတ် လုပ်သင့်သည်များကို လုပ်ကိုင်ကြရန်သာဖြစ်ပါသည်။

## ဦးနှောက်အခြေပြုသင်ကြားခြင်း

ဦးနှောက်အခြေပြုသင်ကြားခြင်းတွင် အခြေခံအားဖြင့် သိရန်လုပ်ငန်း (၃) ရပ်ရှိပါသည်။ စာသင်ခန်းအတွင်း ကျောင်းသားများနှင့် အလုပ်မလုပ်မီ အခြေအနေ (၃) ရပ်ကို သင်ကြားမှုစီမံချက်တွင် ပုံစံပြုရန် လိုသည်။ (၁) အချက်မှာ ကျောင်းသားတို့၏ အာရုံစူးစိုက်မှု (သို့) စိတ်ဝင်စားမှု (သို့) တက်ကြွမှုတို့ကို လှုံ့ဆော်သည့် လေ့လာရေး ပတ်ဝန်းကျင်ကို စနစ်တကျ စီစဉ်တည်ဆောက်ရန်ဖြစ်သည်။ ကျောင်းသားတို့သည် ၎င်းလေ့လာရေး ပတ်ဝန်းကျင်တွင် လုံးဝနစ်မြုပ်သွားလောက်အောင် ဆွဲဆောင်ရန်လိုသည်။ (၂)အချက်ကို သိသာရန် ကျောင်းသားများ၏ ဦးနှောက်အလုပ်လုပ်ပုံ (သို့) မှတ်ဉာဏ်အလုပ်လုပ်ပုံကို အနည်းငယ် လေ့လာရန်လိုသည်။ လူတို့၏ သိမှုဖြစ်စဉ်၌ အရေးပါသော ဒင်းဒရိုက်ဆက်သွယ်မှုများသည် လူတို့နေမကောင်းသောအချိန်များ၊ လူတို့ သောကရောက်နေသောအချိန်များတွင် အလုပ်ကောင်းကောင်း မလုပ်ချေ။ အားပျော့သော ချိနဲ့သော ဒင်းဒရိုက်များသာ ထွက်ပေါ်ချိတ်ဆက်မည်။ မှတ်ဉာဏ်တွင် (သို့) ဦးနှောက်တွင် ကျန်းမာကြံ့ခိုင်သော ဒင်းဒရိုက်များ၊ ချူရွန် ထရန်စမစ်တာများ ထုတ်လုပ်နိုင်မှ သိမှုပီပြင်ချောမွေ့မည်ဖြစ်၍ ကျောင်းသားတို့အား သောကမရှိသော၊ ပျော်ရွှင်စရာကောင်းသော လေ့ကျင့်ရေးပတ်ဝန်းကျင်ကို ဆရာက ဖန်တီးရန်ကို အချက်(၂)က ဆိုသည်။ တတိယအချက်မှာ ကျောင်းသားများအား ထိုကဲ့သို့ အာရုံစူးစိုက်မှုကို လှုံ့ဆော်နိုင်မည့် ပျော်ရွှင်စရာကောင်းသော၊ ဖိစီးမှု အနည်းဆုံးဖြစ်သော လေ့လာရေးပတ်ဝန်းကျင်များကို ပံ့ပိုးပေးပြီးသည့်နောက် ကျောင်းသားတို့လုပ်ရမည့် အလုပ်ကို ကိုယ်တိုင်လုပ်စေအောင် သင်ကြားရေးစီမံချက်တွင် ရေးဆွဲရမည်။ သူတို့ကိုယ်တိုင် လုပ်စေရမည်။ လိုလိုချင်ချင်လုပ်လာ စေရမည်။ သို့ဖြစ်၍ ဥပမာအားဖြင့် ရေကန်တစ်ကန်၏အကြောင်းကို သင်ကြားမှုအကြောင်းပြုချက်တစ်ခုအဖြစ် အခြေပြု၍ ကျောင်းသားများကို ကိုယ်တိုင် စဉ်းစား အာရုံငါးပါးတို့ဖြင့် ခံစားစေပြီးမှ ၎င်းတို့အရွယ်အလိုက် သိသင့်သည့် ရေကန်တို့၏ ပတ်ဝန်းကျင်နှင့် သဘာဝတို့ကို သိစေ၊ နားလည်စေ၊ မှတ်မိစေလိုသည် ဆိုပါစို့။ အကောင်းဆုံးသင်ကြားမှု

စီမံချက်များစွာအနက်တစ်ခုမှာ ရေကန်အကြောင်းကို စာသင်ခန်းထဲတွင် မသင်ဘဲ မိမိတို့ မြို့ရွာများရှိ ရေကန်တစ်ကန်သို့ခေါ်ဆောင်သွားပြီး ၄င်းတို့ကိုယ်တိုင် လေ့လာစေလျှင် ကျောင်းသားတို့ စိတ်ဓာတ်ကျမည်လော၊ စိတ်ဓာတ်ကြွမည်လော။ စဉ်းစားကြည့်ပါ။ စိတ်ဓာတ်ကြွလာကြမည်ဖြစ်၍ ကျောင်းသားဟူသည် ကျောင်းအပြင်ရောက်လျှင် ပို၍ ပို၍တက်ကြွ၏။ ပို၍ စိတ်ဝင်စား၏။ ရေကန်၏ အကြောင်းကို စာသင်ခန်းတွင် သင်ကြားခြင်းထက် ဆရာက ကျောင်းသားများအား ၄င်းနှင့်အတူ ရေကန်ဘေးသို့ သွားရောက်ပျော်ပွဲစားထွက်မည်ဟု ပြောလိုက်သည်နှင့် ကျောင်းသားများ ထခုန်မတတ် တက်ကြွလာလိမ့်မည်။ ဤသင်ကြားရေးစီမံချက်၏ ရွေးချယ်မှုသည် အချက် (၁) ကိုပြေလည်စေ၏။ အချက် (၁) ကိုပြည့်စုံစေ၏။ ဆရာက ခရီးစဉ်တလျှောက်လုံး ဘေးအန္တရာယ်ကင်းရှင်းရေးကို ကျောင်းတာဝန်ရှိသူ ပုဂ္ဂိုလ်များနှင့် ပူးတွဲစီစဉ်၍ မိဘများအား ကြိုတင်အသိပေးထားပြီး မိဘကိုရော ကျောင်းသားကိုပါ စိတ်အေးချမ်းသာ ဝမ်းသာစေသည်။ သို့ဖြစ်၍ အချက် (၂) သောကဗျာပါရလည်းကင်းဝေးအောင် စီမံပြီးဖြစ်၏။ ရေကန်သို့ လေ့လာရေးခရီးသည် ကျောင်းသားဘက်နှင့် မိဘဘက်မှကြည့်သော် ပျော်ပွဲစားလွှတ်ခြင်း၊ ဆရာ၏ဘက်မှ ရည်ရွယ်သည်မှာ သင်ကြားရေးထိရောက်မှု စီမံချက်ဖြစ်၏။ ဆရာကလည်း ရေကန်မှာ ကျောင်းသားများ အသက်အန္တရာယ်မရှိရေးကို ကြိုတင် စည်းကမ်းထုတ် နားလည်မှုများရယူထားရန်လိုသည်။ ကျောင်းသားများကို (၁၀)ရက်ခန့် ကြိုတင်အကြောင်းကြားထားလျှင် ကျောင်းသားတို့သည် ထိုရက်ကို လက်ချိုးရေကာ စောင့်စားကြိုတင်ပျော်ရွှင်နေကြလိမ့်မည်။ သို့ဖြစ်၍ အချက် (၁)နှင့် အချက် (၂)တို့ ကောင်းစွာ ပြည့်စုံအောင် ဆရာက စီမံပြီးဖြစ်၏။ အချက် (၃) အရ မိမိတို့အားလုံး ကိုယ်တိုင်သွားရောက်ကြရန် ဆိုလိုသည်။ ဤသိပ္ပံလေ့လာရေးခရီးထွက်၏။ သည့်နောက် မနက်ခင်းကိုကြည့်လျှင် ကျောင်းသားများ အမှန်တကယ်တက်ကြွနေမည်။ ဆရာတို့ အစီအစဉ်များ ထိုသို့တက်ကြွနေသည့်နောက်ကွယ်တွင် ၄င်းတို့၏ဦးနှောက်များတွင် သိမှုဖြစ်စဉ်ကို ဖွံ့စည်းဖြစ်ပေါ်စေမည့် ဒင်းဒရိုက်ထုတ်လုပ်ရေးသည် အလွန်အားကောင်းနေပြီကို အခွင့်အရေး ယူရန်ဖြစ်သည်။ သို့ဖြစ်၍ ကျောင်းသားတို့ပျော်ရွှင်နေချိန်၊ တက်ကြွနေချိန်တွင် ၄င်းတို့အားစဉ်းစားမှု လုပ်ငန်းများပေးရန်နှင့် ၄င်းတို့သိသင့်သိထိုက်သော အရာများ၊ အချက်အလက်များကို အာရုံငါးပါးစလုံးသုံး၍

ကြုံတွေ့ရစေရန် လုပ်ဆောင်ရန်ဖြစ်သည်။ သို့ဖြစ်၍ ၄င်းတို့အလုပ်လုပ်၊ စဉ်းစား၊ ရေးစရာ (Worksheet)များ ဝေငှပေးခြင်း၊ ရေကန်လေ့လာရေးခရီးစဉ်သို့ ပို့ဆောင်မည့်မော်တော်ယာဉ်ပေါ်သို့တက်ရောက်ရန် စာသင်ခန်းမှ ထွက်ခွာသည့် အချိန်မှစ၍ ဘတ်စ်ကားပေါ်ရောက်သည်အထိ နှုတ်ဖြင့် မေး၊ ပြော၊ စဉ်းစား ခိုင်းသည့် လုပ်ငန်းများလုပ်ရသည်။ ကားပေါ်ရောက်လျှင် ကြိုတင်ပြင်ဆင် ထားသော ရေကန်နှင့်ပတ်သက်သော ကျောင်းသားတို့ အရွယ်နှင့်အလိုက် သိသင့်သည့်အချက်အလက်များကို ဗီဒီယိုဖြင့် ရုပ်သံပြ၍ ထပ်မံလေ့ကျင့်စေသည်။ စဉ်းစားစေသည်။ ကျောင်းသားတို့၏အမြင်တွင် ၄င်းတို့အား စာသင်နေသည် ဟုမထင်။ ပျော်ပွဲစားထွက်နေသည်ပဲသိနေ၍ စိတ်တို့ပေါ့ပါးနေသည်။ လူတို့ တက်ကြွနေသည်။ သောကကင်းနေသည်။ သို့ဖြစ်၍ ဆရာပြောသမျှ၊ လေ့လာရေးဘတ်စ်ကားပေါ်တွင် ဆရာစီစဉ်ပြသသော ရုပ်သံတွင်တွေ့မြင် ကြားသိရသမျှ အားလုံးအား ၄င်းတို့၏ဦးနှောက်က ကောင်းစွာ၊ အောင်မြင်စွာ မှတ်သားနိုင်သည် (သို့) အာရုံ ငါးပါး ခံစားသမျှ၊ ကိုယ်တိုင်ခံစားသမျှ၊ ကိုယ်တိုင် မြင်သမျှ၊ ကိုယ်တိုင်ကြားသမျှ အားလုံးကို သိမှုဖွဲ့စည်းပုံများအဖြစ် (သို့) ဈျူရွန်နှင့် ဒင်းဒရိုက်များအဖြစ် မြဲမြံစွာ သိမ်းဆည်းထားလိုက်သည့်အတွက် ထိုမျှအချိန် ခဏအတွင်း သိကြားသမျှ၊ စဉ်းစားသမျှ အားလုံးကို ပြန်ကျက်မှတ်ရန် မလိုလောက် အောင် မှတ်မိတော့သည်။ ပြန်ကျက်မှတ်ရန်မလို။ အသက်အရွယ်ကြီးရင့် သည်အထိငယ်စဉ်က သူငယ်ချင်းများနှင့်အတူ ရေကန်သို့ပျော်ပွဲစားထွက်ကြပုံကို ပြန်တွေးတိုင်း အစစသတိရနေကြမည်ဖြစ်သည်။ ရေကန်သို့ရောက်သည့်အခါ လုံခြုံသင့်မြတ်သောနေရာကို ကြိုတင်ရွေးထားပြီးဖြစ်၍ နေရာယူကြကာ ဆရာ၏ အစီအစဉ်အတိုင်း ရေကန်ပတ်လည်တွင် ကိုယ်တိုင်သွားရောက်၍ ကိုယ်တွေ့ ရေကန်ကိုမြင်တွေ့ပြီး ရေကန်ဘေး ပတ်ပတ်လည်ရှိ အပင်များ၊ ပန်းများ၊ သီးပင်များ၊ သွားလာနေကြသော လူနှင့် တိရစ္ဆာန်များ၊ ရေကန်စပ်ရှိအပင်နှင့်သတ္တဝါငယ်လေးများ၊ အင်းဆက်များ၊ ငှက်များ၊ လေတိုက်ပုံများ၊ သာယာပုံများ၊ ရေကန်နှင့် မိုးကောင်းကင်တို့၏ မြင်ကွင်းများ၊ ရေကန်ဘေးရှိတတ်သော စားသောက်ဆိုင်များ၊ ရောင်းချသော အစားအသောက် များ အစရှိသည့် များစွာသော စာသင်ခန်းများ ထဲတွင် မသင်နိုင်သော (သို့) သင်၍မရနိုင်သော အတွေ့အကြုံများကို ယခုကဲ့သို့ ဆရာ၏သင်ကြားမှုစီမံချက် ကောင်းကောင်းဖြင့် ရယူနိုင်သည်မှာ ခေတ်သစ်

ပညာရေး၏ အားသာချက်နှင့် ကောင်းမွန်ချက်ဖြစ်သည်။ ကျောင်းသားတို့ မိမိတို့ကိုယ်တိုင် အာရုံငါးပါးနှင့် လေ့လာယူခဲ့သော ရေကန်လေ့လာရေးခရီးနှင့် မှတ်မိသမျှ အကြောင်းအရာတို့ကို ပြန်၍ရေးချခြင်းအားဖြင့် ၄င်းတို့၏ ဦးနှောက်တွင်း ဒင်းဒရိုက်ဆက်သွယ်မှု (သို့) သိမှု ဖွဲ့စည်းပုံတို့အားဖြည့်သည့် အနေဖြင့် ခရီးစဉ် မှတ်တမ်းရေးစေခြင်း သည်လည်း သင်ကြားရေးစီမံချက်၏ ပဓာနလုပ်ငန်း တစ်ခု ဖြစ်သည်။ ကျောင်းသားများ ဤသို့ရရှိလာသော အသိများအားလုံးကို ပြန်ကျက်မှတ်ရန်မလို။ ၄င်းတို့ကိုယ်တိုင် အချိန်မရွေး ပြန်လည်ရေးချနိုင်သည်။ သို့ဖြစ်၍ ဆရာ၏သင်ကြားမှု စီမံချက်တွင် ၄င်း၏ရည်မှန်းချက်များမှာ (၁) ကျောင်းသားများ စဉ်းစားခြင်းကို ပြုရမည်။ (၂) ကျောင်းသားများ ကိုယ်တိုင်တွေ့ကြုံခြင်းမှ သိမှုများ ရရှိစေမည် (အရွယ်အလိုက် သိရမည့်အရာများ သိလာရမည်၊ ကျက်မှတ်၍သိခြင်းမဟုတ်)။ (၃) စွဲမြဲစေရမည် စသည့် သူ၏ သင်ကြားရေးလေ့ကျင့်စဉ်များ၏ ရည်မှန်းချက်များ အားလုံးပြည့်ဝလာသည်။ ဤဥပမာကိုယူ၍ သုံးသပ်လျှင် ပညာရေးလေ့ကျင့်စဉ်များတွင် လူတို့၏ ဦးနှောက်အလုပ်လုပ်ပုံအပါအဝင် လူမှုရေးသင်ကြားရေးနိယာမများ ထည့်သွင်း လေ့လာသုံးစွဲပြီးမသင်လျှင် ခေတ်မီပညာရေးလေ့ကျင့်မှုဖြစ်မလာနိုင်။ ဆရာများ လေ့လာသိရှိရန်လိုသည်။ မိရိုးဖလာ အစဉ်အလာအရ ဤကဲ့သို့ ရေကန်အကြောင်းများကို ဘယ်မှမသွားဘဲ စာသင်ခန်းတွင်းတွင်သာ ဆရာ၏နှုတ်မှရှင်းပြပြီး ဆရာ ဘလက်ဘုတ်တွင်ရေး၊ ကျောင်းသားကလိုက်ကူး၊ စိတ်မဝင်စားကြ၍မမှတ်မိ၊ မမှတ်မိတော့ ပြန်ကျက်၊ စာမေးပွဲတွင်မေး၊ ကျက်ထားတာပြန်ရေး၊ ပြီးတော့ ဘာမှ မမှတ်မိ၊ မသိ၊ ပြန်စဉ်းစားကြည့်တော့လည်း ရေးတေးတေး။ ကျောင်းသား တို့အတွက် ဘာမှမကျန်ခဲ့။

ယခုနမူနာတင်ပြသော ဥပမာတွင်ပါ သင်နည်းဖြင့် ကျောင်းအားလုံးတွင် သင်ရန် အခြေအနေမပေးပါ။ သို့သော် ငွေကုန်ကြေးကျနည်းသော အလားတူ နည်းများလည်း များစွာရှိပါသည်။ တူညီသောအနှစ်သာရကို ရရှိစေရန် ဤနည်းစနစ်ကိုပဲသုံး၍ ကျေးလက်တောရွာများတွင်လည်း ၄င်းနှင့်ဆင်တူ အကျိုးရှိစေရန် သင်၍ရပါသည်။ ဆင်းရဲချမ်းသာမရွေးသုံးနိုင်သော နိယာမ အခြေပြု သင်ကြားနည်းစနစ်များဖြစ်ပါသည်။ ဥပမာအရ ဥပမာတစ်ခုကို အခြေအနေတစ်ခုဖြင့် အတွေးအခေါ်အားဖြင့်နားလည်စေရန်ရည်ရွယ်၍ ရေးခဲ့ခြင်း

ဖြစ်ပါသည်။ ဆင်းရဲချမ်းသာ ကွာဟပါစေ လူမှုရေးနိယာမများသည် လူတို့၏ သဘာဝစွမ်းရည် များသာဖြစ်၍ ဘယ်နေရာ ဘယ်ဒေသတွင်မဆို စဉ်းစားစီစဉ်၍ သုံးနိုင်ပါသည်။ သင်ကြားရေးနိယာမများ၏ သဘောတရားကို ကောင်းစွာ နားလည်ရန်သာ လိုအပ်ပါသည်။ အဓိက အချက်တို့မှာ (၁) ကျောင်းသားများ ကိုယ်တိုင်စဉ်းစား ဖြစ်စေရန်။ (၂) ကျောင်းသားများ အရွယ် အလိုက်သိရမည်တို့ကို သိရှိအောင် လေ့လာဖြစ်စေရန် ဖြစ်သည်။ ဦးနှောက်အခြေပြု နိယာမနှင့် လုပ်ငန်းလမ်းညွှန် (၃) ရပ်မှာ - (၁) ကျောင်းသားများ လေ့လာရေးပတ်ဝန်းကျင် တွင် နစ်မြုပ်နေစေရမည်။ ဆိုခဲ့ပြီးသောဉပမာလို ရေကန် လေ့လာရေးတွင် တအား စိတ်အားထက်သန် နေကြသည်။ ထိုအချိန် မည်သည့် အရာကိုမျှ ခေါင်းထဲတွင် မရှိကြ။ ရေကန်ဘေးတွင် သူငယ်ချင်းများနှင့်အတူ နေနေကြရသည့်ဘဝတွင်သာ နစ်မြုပ်နေကြသည်။ ဤသို့ဆိုလိုသည်။ (၂) ကျောင်းသားများ တက်ကြွရွှင်လန်း နေရမည်။ ရေကန် ဉပမာတွင် ကျောင်းသားများ မည်မျှတက်ကြွနေမည်ကို စဉ်းစားကြည့်နိုင်ပါသည်။ (၃) ကိုယ်တိုင်လေ့လာပါစေ။ ကျောင်းသားများ ဆရာနှင့် ရေကန်ဘေး ပတ်သွားကြရင်း အထက်ဆိုခဲ့သော ကြုံတွေ့ရသည်များကို ကိုယ်တိုင် ကြုံတွေ့ဖြစ်စေရန် ထိုသို့စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဤ(၃) ချက်ပြည့်စုံလျှင် ဤ သင်ကြားမှု နည်းစနစ်၏ ရည်ရွယ်ရင်း အောင်မြင်မည်ဟု ဆိုလိုသည်။

သင်ကြားမှုနည်းစနစ်များမှာ မရေမတွက်နိုင်အောင်ရှိ၍ တရားသေ ယူမှတ်ထား၍ မရပါ။ ဆရာများလေ့လာသင့်သော နိယာမများအားလုံးကို လေ့လာသိရှိပြီးသည့်နောက် လက်ထောက်ဆရာဘဝတွင် အတန်းဆရာမည်သို့ စီမံရေးဆွဲသည်ကို လေ့လာရင်း မိမိကိုယ်တိုင်ဆရာအဖြစ် ရောက်ရှိလာချိန်တွင် သင်ကြားရေး စီမံချက်ရေးဆွဲခြင်းကို ကောင်းကောင်းရေးဆွဲနိုင်နေပြီဖြစ်သည်။ မှီငြမ်းစရာများလည်း ရှေးရှေးက ဆရာများထံတွင် မြောက်မြားစွာရှိနေလေရာ ဆရာတို့အနေဖြင့် သင်ကြားရေးနိယာမတရားတို့ကိုသာ ကောင်းကောင်းနားလည် ကျေညက်ရန်လိုသည်။ သို့ဖြစ်၍ ယခုနမူနာရေးသားခြင်းပါ နမူနာ ပြယုဒ် ဉပမာများသည် လက်တွေ့အသုံးပြုခဲ့ကြသော၊ လက်တွေ့အသုံးပြုနေဆဲဖြစ်သည့် သင်ကြားမှုစီမံချက်ပုံစံများ များစွာထဲမှာအချို့ကို ကောက်နုတ် ဉပမာပြခြင်းဖြစ်၍ ဆရာတို့သည် မိမိတို့၏စာသင်ခန်းပတ်ဝန်းကျင်၊ မြို့ရွာအနေအထား၊ ကျောင်းသား၏ သဘာဝ၊ စီးပွားရေးအခြေအနေ၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး အယူအဆ၊

မိဘတို့၏ သဘောသဘာဝ၊ အလားတူအနေအထားများ အားလုံးတို့ကို ထည့်သွင်း စဉ်းစားပြီး မိမိအရပ်နှင့် လိုက်လျောညီထွေရှိသော သင်ကြားမှုစီမံချက်ကိုသာ ပြုစုရန်ရည်ရွယ်သည်။

## ဦးနှောက်၏ မည်သည့်အစိတ်အပိုင်းကို ဖွံ့ဖြိုးအောင် လေ့ကျင့်မည်နည်း

သို့ဖြစ်ရာ ဆရာတို့သဲကွဲစွာသိသာရန်အချက်မှာ ဆရာတို့သည် ကျောင်းသားတို့၏ ဦးနှောက်ကို လေ့ကျင့်ပေးနေသည်ဆိုသည်ကို လက်ခံလျှင် ဦးနှောက်တွင် အစိတ်အပိုင်းများစွာရှိသည့်အနက် မည်သည့်အပိုင်းကို လေ့ကျင့်ပေး မည်ဆိုတာပါ တိတိကျကျသိရှိရန် လိုအပ်သည်။ အခြေခံအားဖြင့် မှတ်ဉာဏ်အပိုင်း နှင့် ကျန်သော အစိတ်အပိုင်းများဟူ၍ (သို့) မှတ်ဉာဏ်ကို ဖွံ့ဖြိုးအောင်လေ့ကျင့် မလား။ စဉ်းစားသောအပိုင်းဖြစ်သည့် စဉ်းစား ဦးနှောက်ကို ဖွံ့ဖြိုးအောင် လေ့ကျင့်မှာလား။ ဘယ်နေရာကို ဘယ်လောက် အတိုင်းအတာအထိ ဖွံ့ဖြိုးအောင် လေ့ကျင့်မည်နည်း စသည်ဖြင့် တိတိကျကျ သိကြရန်လိုသည်။ **ဝေဝါးဝါး ပညာရေး သည် ဒုက္ခကောင်းကောင်းပေး၏။**

## ဦးနှောက်ဖွံ့ဖြိုးခြင်းဆိုသည်မှာ

သို့ဖြစ်၍ ထိုသို့တိတိကျကျသိရန် ဦးနှောက်ဖွံ့ဖြိုးသည်ဆိုသည့် ဖွံ့ဖြိုးခြင်း၏ အဓိပ္ပာယ်ပါ သိရန်လိုသည်။ ဦးနှောက်ဖွံ့ဖြိုးခြင်းသည် ဦးနှောက်တွင်းရှိနေရာများ တွင်ရှိသော ဆဲလ်များနှင့် ဒင်းဒရိုက်များ ဖွဲ့စည်းဖြစ်ပေါ်မှုများခြင်းကို ခေါ်သည်။ လူမှန်လျှင် မွေးကတည်းက ဆဲလ်များဖြစ်ပေါ်ပြီးဖြစ်သည်။ ပမာဏ မကွာကြ။ ဦးနှောက် ဖွံ့ဖြိုးပြီးသောသူနှင့် ဦးနှောက်ဖွံ့ဖြိုးမှုနည်းသောသူတို့၏ကြား အဓိက ကွာဟချက်မှာ ဒင်းဒရိုက် ဆက်သွယ်မှုရှိခြင်းနှင့် မရှိခြင်းပမာဏသာဖြစ်သည်။ ဦးနှောက်ဖွံ့ဖြိုးအောင် လေ့ကျင့်အားကောင်းသော ကျောင်းသားများ၏ ဦးနှောက်တွင်း ဒင်းဒရိုက်ဆက်သွယ်မှုပိုများသည်။ ဆိုလိုသည်မှာ ဆဲလ်နှင့် ဒင်းဒရိုက် ဆက်သွယ်ပြီး ဖွဲ့စည်းထားသော သိမှုဖွဲ့စည်းပုံများ များသည်။ ဦးနှောက်ဖွံ့ဖြိုးစေရန် လေ့ကျင့်မထားသော ကျောင်းသားတို့၏ ဦးနှောက်တွင်

ချုံရွှန်နှင့် ဒင်းဒရိုက် ဖွဲ့စည်းပုံဖွံ့ဖြိုးသောသူလောက် မများဟူ၍ဖြစ်သည်။ သို့ဖြစ်၍ ဒင်းဒရိုက် ဆက်သွယ်မှုများခြင်းကို ဦးနှောက်ဖွံ့ဖြိုးခြင်းဟု သုံးနှုန်းလျှင် မမှားနိုင်။ သိပ္ပံပညာရှင် အိုင်းစတိုင်း၏ ဦးနှောက်ရေရှည်မှတ်ဉာဏ်တွင် ဒင်းဒရိုက် ဆက်သွယ်မှု (၃၅) ရာခိုင်နှုန်းတွေ့ရချိန်တွင် သာမန်လူတစ်ဦးတွင် (၁၀) ရာခိုင်နှုန်း၊ (၁၅) ရာခိုင်နှုန်း ထက်မပိုကြောင်း စာအုပ်များတွင်ရေးသည်။ ထို့ကြောင့် ဒင်းဒရိုက်ဆက်သွယ်မှုသည် ဦးနှောက်၏ ဖွံ့ဖြိုးမှုဖြစ်သည်ဟု ဆိုနိုင်သည်။ သို့ဖြစ်၍ ဦးနှောက်၏ မည်သည့်အပိုင်းတွင် ဒင်းဒရိုက်ဆက်သွယ်မှု များများဖြစ်လျှင် ဘဝအာမခံချက် ဖြစ်စေမည် (သို့) လူတို့ကျန်းမာချမ်းသာအောင် နေနိုင်ရေး အတွက် အထောက်အပံ့ပြုမည်ကို လေ့လာရမည်။ ယနေ့ခေတ် အလွတ်ကျက် အရဖြေသူများ၏ဦးနှောက်တွင် ဖွံ့ဖြိုးမှုအများဆုံးဖြစ်နေမည့် ဦးနှောက်၏ အစိတ်အပိုင်းသည် မှတ်ဉာဏ်ပင်ဖြစ်သည်။ အလွတ်ကျက်၊ ထပ်ကာထပ်ကာဆို၊ ထပ်ကာထပ်ကာရေး၊ ပြန်ကျက်၊ ပြန်ရေး၊ ကျက်ခြင်း ဖြစ်စဉ်လုပ်ငန်း၌ အများကြီး စဉ်းစားစရာမလို။ နဲနဲတော့လိုသည်။ သို့ဖြစ်၍ နှိုင်းယှဉ်လျှင် စဉ်းစားသော ဦးနှောက်နှင့် မှတ်ဉာဏ်ဦးနှောက်နှစ်ခုတွင် မှတ်ဉာဏ်ဦးနှောက်တွင် ဒင်းဒရိုက် ဆက်သွယ်မှု ပိုများနေမည်။ ကျက်မှတ်ပြီးသား အချက်အလက်တစ်ခုကို ထပ်ခါထပ်ခါ အပြန်အလှန်ကျက်ခြင်းသည် ဒင်းဒရိုက် ဆက်သွယ်မှုများကို များသည်ထက် များလာစေခြင်းမဟုတ်။ ၎င်းအချက်အလက်ကို စတင်၍ မှတ်ဉာဏ်တွင် နေရာချခြင်းဖြစ်ပေါ်ပြီးသော သိမှုဖွဲ့စည်းပုံ (သို့) ချုံရွှန်နှင့် ဒင်းဒရိုက် ဖွဲ့စည်းပုံတို့တွင် ပါသော ဒင်းဒရိုက်ဆက်သွယ်မှုအား ပို၍ပို၍ တောင့်တင်းခိုင်မာ လာစေခြင်းသာဖြစ်သည်။ သို့ရာတွင် ကျက်အားကောင်းသော (သို့) များစွာသော အကြောင်းအရာတို့ကို ကျက်မှတ်ထားသော ပုဂ္ဂိုလ်များ၏ မှတ်ဉာဏ်ဦးနှောက်တွင် မကျက်ထားသောသူများထက် ဖွံ့ဖြိုးနေမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဒင်းဒရိုက်ဆက်သွယ်မှုများ ပို၍ရှိနေမည်။ မှတ်ဉာဏ်ဦးနှောက် ဖွံ့ဖြိုးခြင်းသည် အလွန်အသုံးဝင်သည်။ ဦးနှောက်တွင် စဉ်းစားခြင်း၊ ဦးနှောက်တွင် အလုပ်လုပ်သည့်အခါ မှတ်ဉာဏ်တွင် သိမ်းဆည်းသိုမှီးထားသော အချက်လက် များကို အလုပ်လုပ်ဦးနှောက်ဟုခေါ်သော ဦးနှောက်၏ ရပ်ဝန်းတစ်ခုသို့ ဆွဲယူပြီး စဉ်းစားခြင်းကို ပြုသည်။ စဉ်းစားခြင်းလုပ်ငန်းအားလုံးကို စဉ်းစားခြင်း ဦးနှောက် က ထိန်းချုပ်လုပ်ကိုင်သည်။ သို့ဖြစ်၍ စဉ်းစားခြင်းဟူသော လုပ်ငန်းကို လုပ်ကိုင်ရာ၌

မှတ်ဉာဏ်ထဲရှိပြီးသော သတင်းအချက်အလက်များကို ယူသုံးသည့်အတွက် မှတ်ဉာဏ်ဖွံ့ဖြိုးမှု (သို့) မှတ်ဉာဏ်တွင်း ဒင်းဒရိုက်ဆက်သွယ်မှု များစေရန် (သို့) မှတ်ဉာဏ်တွင် သိမှုဖွဲ့စည်းပုံများ များလာစေရန် (သို့) မှတ်ဉာဏ်တွင်း ချုရွှန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံများ များလာစေရန် အခါအားလျော်စွာ ဆောင်ရွက်ရန်လိုသည်။ တစ်ဖန် စဉ်းစားခြင်းအလုပ်ကိုလုပ်ရသော စဉ်းစားခြင်း ဦးနှောက်သည် စဉ်းစားမှုကို ကောင်းစွာလုပ်နိုင်ရန် (သို့) စဉ်းစား၍ ဆုံးဖြတ် ချက်များ အမှားနည်းစေရန်အတွက် စဉ်းစားခြင်းလုပ်ငန်းကို လုပ်ဖန်များရန် လိုသည်။ များများလုပ်ရန်လိုသည်။ များများစဉ်းစားဖူးလျှင် ထိုသူ၏ စဉ်းစားခြင်း ဦးနှောက်သည် များများစဉ်းစားဖူးခြင်းကြောင့် ရရှိသောကိုယ်တွေ့ အတွေ့အကြုံများကို မှတ်ဉာဏ်တွင် သိမ်းဆည်းထားပြီး နောက်တစ်ခါထပ်၍ စဉ်းစားသောအခါ မှတ်ဉာဏ်တွင် ကိုယ်တွေ့ကြုံပြီး သိမ်းဆည်းထားသော အဖြစ်အပျက်အတွေ့ အကြုံများကို ယှဉ်ထိုးတွဲဖက်၍ စဉ်းစားတတ်သောကြောင့် များများကိုယ်တွေ့လုပ်၊ များများမှားထားသော သူတို့သည် နောက်တစ်ခါပြန်စဉ်းစားလျှင် စဉ်းစားခြင်း ဦးနှောက်ကို ထပ်မံဆုံးဖြတ်ပေးနိုင်သည့်ဆုံးဖြတ်ချက်အဖြေသည် အမှားနည်း လာမည်။ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်လာရန် ပို၍နီးစပ်သည်ထက် နီးစပ် လာသည်။ ဆိုလိုသည်မှာ စဉ်းစားခြင်းဦးနှောက်သည် များများစဉ်းစားလေလေ (သို့) များများလက်တွေ့လုပ် ကိုယ်တွေ့ပြုလေလေ မှတ်ဉာဏ်တွင် အတွေ့ အကြုံများစွာရှိလေလေ နောက်တစ်ကြိမ်စဉ်းစားဆုံးဖြတ်သည့်အခါ နှိုင်းယှဉ်စရာ အတွေ့အကြုံများလေလေ၊ စဉ်းစားတတ်လာလေလေပင်ဖြစ်သည်။ စဉ်းစား တတ်လာ လေလေဆိုသည်မှာ ဆုံးဖြတ်ချက်မှန်လေလေ ဟုဆိုသည်။ လူတို့ ကျန်းမာ ချမ်းသာစွာ နေနိုင်ရေးအတွက် ဆုံးဖြတ်ချက်များ မှန်ကြရန်လိုသည်။ ထို့ကြောင့် ဦးနှောက်ဖွံ့ဖြိုးရေးအတွက် မည်သည့်ဦးနှောက်ပိုင်းဖွံ့ဖြိုးရန် ဦးတည်ဆောင်ရွက် မည်နည်းဟူသော မေးခွန်းသိစရာအတွက် အဖြေထုတ်၍ရပြီဟု ထင်သည်။ များများစဉ်းစားရမည်။ များများ အလုပ်လုပ်ရမည် (များများကိုယ်တိုင်လုပ်ရမည်)။ သို့မှသာ မှန်ကန်သော မှတ်ဉာဏ်ဖွံ့ဖြိုးမှုရမည်။ မှန်ကန်သော မှတ်ဉာဏ်ဖွံ့ဖြိုးမှု ဆိုသည်မှာ ကိုယ်တိုင်အလုပ်လုပ် ကိုယ်တိုင်စဉ်းစား တွေ့ကြုံထားသော အတွေ့အကြုံ အာရုံငါးပါး ခံစားမှုများကို မှတ်ဉာဏ်တွင်းသိမှုဖွဲ့စည်းပုံအဖြစ် သိမ်းဆည်းထား ခြင်းများ များစွာရှိနေခြင်းကိုဆိုလိုသည်။ အလွတ်ကျက်ဖြစ်စဉ် (သို့) နားမလည်

သောသိခြင်း (သို့) လက်တွေ့ အသုံးမချနိုင်သော သိခြင်းတို့နှင့် ကိုယ်တွေ့ အတွေ့အကြုံတို့အား မှတ်ဉာဏ်တွင် သိမ်းဆည်းပုံဖြစ်စဉ်ကို ရှင်းပြခဲ့ပြီးဖြစ်၍ သိလောက်ပြီ။ အလွတ်ကျက်လျှင်လည်း ၄င်းအချက်အလက်တို့အား မှတ်ဉာဏ်တွင် သိမ်းဆည်းပါသည်။ သို့ရာတွင် ဒင်းဒရိုက်များ မခိုင်မြဲ ချည့်နဲ့နေသည်။ အာရုံငါးပါးမပြည့်စုံ၍ ဒင်းဒရိုက်တွင်အားမပြည့်။ ဗီတာမင်မစုံ။ ဈ္ဈာရွန်ထရန်စမစ်တာများ အင်အားပမာဏမတူကြ၍ နားလည်လွယ်စေရန်ပြောရလျှင် သူများပြောပြသော (သို့) နားထောင်၍ ကြားသိသော (သို့) နားမလည်ဘဲ အလွတ်ကျက်ထားသော အတွေ့အကြုံသတင်း အချက်အလက်များက လူတို့ကို မိမိကိုယ်ကို ယုံကြည်မှုမပေး။ ကိုယ်တွေ့ကြုံ၍ ရလာသော သတင်းအချက် အလက်များ (သို့) အာရုံငါးပါးလုံးဖြင့် ခံစား၍ ရရှိလာသော သတင်းအချက်အလက်များက လူတို့ကို မိမိကိုယ်ကို ယုံကြည်မှု ပေးသည်။ ယင်းတို့၏နောက်ကွယ်တွင် ရှုပ်ထွေးသော လူ့ခန္ဓာကိုယ်တွင်း (သို့) ဦးနှောက်တွင်း ဓာတုဗေဒ ဓာတ်ပြုမှုဖြစ်စဉ်များစွာပါသည်။ သို့ဖြစ်၍ အလွတ်ကျက်အောင်မြင်လာခဲ့သော ပုဂ္ဂိုလ်များ မိမိကိုယ်ကို ယုံကြည်ချက်မရှိ။ ဆယ်တန်းအောင်ပြီး ဘယ်လိုင်းယူမလဲ။ ဆိုလည်း အဖေအမေတို့မျက်နှာပြန်ကြည့်။ ဘွဲ့ရ၍ စီးပွားရေးလုပ်ရန် အချိန် ရောက်သော်လည်း အဖေအမေ မျက်နှာပြန်ကြည့်။ မသိဘူး။ အမေကဘာပြောမလဲ မသိဘူး။ အဖေကတော့ ဟိုဟာ လုပ်လို့ပြောတယ် စသည်ဖြင့် ဖြစ်ကုန်၏။ ဦးနှောက်၏ ရောင်ပြန်ဟပ်နေရာချမှု (Reflective Processing)ကြောင့်ဖြစ်၏။ ထို့ကြောင့် ကျောင်းသားများ မိမိအလုပ်မိမိလုပ်ရန် လိုပါသည်။ ဆရာများက ကျောင်းသားများ မိမိအလုပ် မိမိလုပ်နိုင်စေရန် စီစဉ်ပေးနိုင်အောင် သင်ကြားရေးနိယာမများ လေ့ကျင့်ရန် လိုအပ်ပါသည်။ မိဘများကလည်း ကျောင်းသား သားသမီးများ ကိုယ်တိုင်လုပ် ကိုယ်တိုင်ကြုံတွေ့ရမည့်လုပ်ငန်း လေ့ကျင့်ဖြေရှင်းရမည့် ပြဿနာအခက်အခဲများကို ပေးလုပ်ကြရန် လိုပါသည်။ ရီပို့ကဒ်များ လှပမည်မဟုတ်သေးပါ။ ရှုပ်ဆိုးနေသော ရီပို့ကဒ်နှင့် မင်နီများပြည့်နေသော ရီပို့ကဒ်များက ကျွန်ုပ်တို့ကလေးများ၏ လိုအပ်ချက်များ ထပ်မံအလုပ်လုပ်ရန်လိုနေသည်များ၊ ထပ်မံအလုပ်လုပ်ရမည့် နေရာများအားလုံးကို အမှန်အတိုင်းပြောပြနေခြင်းဖြစ်သည်။ အလှတရား တစ်ခုပင်ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့ကလေးများအား ကျွန်ုပ်တို့ဆရာနှင့် မိဘများ ဉာဏ်ကမ္ဘာမြေမှ မပျောက်ကွယ်မီ အချိန်မီထပ်မံလေ့ကျင့်ပေးရန်ချက်ချင်း

သိကြမည်ဖြစ်၍ ရုပ်ဆိုးနေသော ရီပို့ကဒ်များကို နားလည်ပေးရန်နှင့် ဘာသာပြန်ဆိုမှု မှန်ကန်ရန် လိုအပ်ပါသည်။ ဆရာများကလည်း ဆရာဝန်များ ကျန်းမာရေး ဆေးစစ်သကဲ့သို့ပင် ထွက်လာသော သွေးစစ်ချက်များတွင်ပါသော အရှိအရှိအတိုင်း ပြသကြသကဲ့သို့ ကျွန်ုပ်တို့ကလေးများ၏ ဘဝအတွက် ပြင်ဆင်လေ့ကျင့်မှု ဖြစ်စဉ်ကြီးတွင် လိုအပ်နေသော၊ လေ့ကျင့်ရန်လိုအပ်သော ကဏ္ဍများကို အမြဲသိရှိနေရန် လေ့လာဆန်းစစ်နေသော ဆရာများကိုလည်း နားလည်ပေးနိုင်ရန်လိုအပ်သည်။ ယနေ့ခေတ်တွင် ကလေးမလိုက်နိုင်လျှင် ဆရာတို့ကို ပက်ပက်စက်စက် အပြစ်တင်လေ့ရှိသည်။ မိဘတစ်ချို့ ဆရာများကိုဆက်ဆံရာတွင် ကျွန်သဘောက်ကဲ့သို့ ဆက်ဆံသည်ကို ကြားဖူးတွေ့ဖူးသည့်အပြင် စာရေးသူ ကိုယ်တိုင်လည်း ကျောင်းဆရာတစ်ဦးဖြစ်၍ များစွာကြုံခဲ့ဖူးပြီးဖြစ်သည်။ မိဘတို့ အချို့တွင် ပိုက်ဆံရှိများ၊ ဩဇာရှိများပါ၍ ၎င်းတို့သည် ၎င်းတို့သက်ဆိုင် ကျွမ်းကျင်ရာဒေသများတွင် ၎င်းတို့ပညာကို ကျွမ်းကျင်ကြသော်လည်း၊ ဆရာအတတ်ကို မသိမှန်း၊ ဆရာမှန်လျှင် သိသည်။ သို့သော် ၎င်းကဲ့သို့ မိဘများ၏ စိတ်ထဲတွင် သူအသိဆုံး၊ သူအတတ်ဆုံး အယူအဆဖြင့် ၎င်းတို့၏ကလေးများကို ဘဝအတွက် အကောင်းဆုံးပြင်ဆင်ပေးနေသော ဆရာများအပေါ် ငွေဂုဏ်၊ ရာထူးဂုဏ် မောက်၍ ဆရာများအလား ဆက်ဆံသည်များ အများအပြားရှိနေသည်ကို တွေ့ရသောအခါ အလွန်ဝမ်းနည်းစရာကောင်းသည်။ ထိုသို့သောပုဂ္ဂိုလ်များ များလာလျှင် စောလူးမင်းတို့နိုင်ငံ ဖြစ်သွားနိုင်သည်။ သို့ပေမယ့် များစွာသော မိဘကောင်း၊ ပညာတတ်မိဘများ၏ နားလည်မှု၊ အားပေးမှု၊ စောင့်ရှောက်မှု၊ ဂရုစိုက်မှုတို့ကြောင့် ကျွန်ုပ်တို့ဆရာများ ဖွဲမလျှော့သေး။ အားရှိနေသေးသည်။ ကောင်းသော မိဘများအတွက် ကျွန်ုပ်တို့အလုပ်လုပ်မည်။ ယခုရေးသားသည့် အချက်အလက်များအား လက်တွေ့အတွေ့အကြုံ နှင့်ပေါင်းစပ်၍ ချဲ့ထွင်ရေးသား မည်ဆိုလျှင် တစ်ထောင့်တစ်ညရှည်သွားတော့မည်။ ဆရာတို့ အတတ်ပညာရပ်ဝန်း အလွန်ကျယ်၏။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ သူနာပြု၊ ရေပိုက်သမား၊ ဆိုက်ကားသမား၊ ဖိနပ်ချုပ်သူ စသည့်ကဏ္ဍအလိုက် သူ့ကဏ္ဍနှင့်သူ ကျယ်ပြန့် သည်ကို အားလုံးနားလည်လေးစားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး လေးစားခြင်းသည် ဂါရဝါနိဝါတ မင်္ဂလာပင်ဖြစ်သည်။

ရှေ့တွင်ရေးသားခဲ့သော နိယာမတစ်ခုဖြစ်သည့် လူတို့၏မှတ်သားပုံကို ထပ်မံရှင်းလင်းရာ လူတို့သည် ဦးနှောက်တွင် လုပ်ငန်းများဖြင့် တွေ့ကြုံသည်များကို မှတ်သားရာတွင် သိပြီးသားရှိပြီးသားအတွေ့အကြုံများ၊ ပုံရိပ်များ၊ အသံများ၊ ရုပ်များအားလုံးကို အခြေပြုသုံးစွဲ၍ မှတ်ကြသည်ဟု ဆိုသည်။ ၎င်းအဆိုအတိုင်း သင်ကြား ခြင်းမဟုတ်ပါက သင်ကြားခြင်းသည် အကျိုးမဲ့၊ လိုချင်သော ရလဒ် ရမည်မဟုတ်။ လူတစ်ဦးမသိသည်ကို သိလာစေရန်တစ်နည်းသာရှိသည်။ ကိုယ်တိုင်ဖတ်၊ ကိုယ်တိုင်စဉ်းစား၊ ကိုယ်တိုင်လုပ်ကြည့်၊ ဒါပဲဖြစ်သည်။ သို့ဖြစ်၍ ဆရာတို့က ကျောင်းသားများကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်သိရှိ နားလည်လာစေရန် သင်ကြားရေးစီမံချက် ရေးဆွဲရာ၌ ထည့်သွင်းစဉ်းစား၍ စီစဉ်ကြရသည်။ ထိုသို့စီစဉ် ကြရာတွင် ကျောင်းသားတို့ရှေ့က သိနှင့်ပြီးသော အကြောင်းအချက်များ အပေါ်ကို အခြေခံ၍ ဆရာက ၎င်းတို့နောက်ထပ်ထပ်သိရန်လိုသော (သို့) အရွယ်နှင့် လိုက်၍ သိရမည်များကို ၎င်းတို့ကိုယ်တိုင် စိတ်ပါလက်ပါရှိလာစေရန် စီမံပေးသင့်သည်။ ဥပမာ - မြန်မာကလေးများအတွက် ဧရာဝတီမြစ်အကြောင်းကို ပထဝီတွင် (၃)တန်း၊ (၄)တန်းတွင် စတင်၍ မိတ်ဆက်သင်ကြားပြီးဖြစ်လျှင် (၃) တန်း ကျောင်းသားငယ်တို့သည် အသက်အားဖြင့် (၉) နှစ်ဝန်းကျင်တွင်သာ ရှိသေး၍ ဧရာဝတီမြစ်တည်း ဟူသော ၎င်းတို့အရွယ်အလိုက် သိရတော့မည့် သတင်းအချက် အလက်ကို သိအောင် ကိုယ်တိုင်လေ့လာရမည်ဆို၍ တိုက်ရိုက်သင်ကြားနည်း (သို့) ခေတ်ဟောင်း သင်ကြားနည်းအတိုင်း ဧရာဝတီမြစ်ပုံဆွဲ၊ ပုံကားချပ်များသုံး၊ ကွန်ပျူတာပုံရိပ်များပင်သုံးသည်ထားဦး၊ (၃) တန်းကျောင်းသားများသည် ဧရာဝတီမြစ်အကြောင်းကို အမှန်တကယ်စိတ်မဝင်စားပါဟု နိယာမဆိုသည်။ လူတို့သည် ဧရာဝတီမြစ်တည်းဟူသော သတင်းအချက်အလက်အသစ်ကို သည်အတိုင်းမယူဘဲ ၎င်းတို့ဦးနှောက်၏ အလုပ်လုပ်ပုံအရ ၎င်းတို့၏ဦးနှောက်တွင်း ရှိနှင့်နေပြီးသော (သို့) ရှိဆဲ (သို့) စိတ်အဝင်စားဆုံး အချက်အလက်များဖြင့် တွဲဖက်၍မိတ်ဆက်မှ လူတို့၏ဦးနှောက်က လက်ခံသည်။ ဘဏ်များတွင် စာရင်းဖွင့်လျှင် ဘဏ်တွင် စာရင်းဖွင့်ပြီးသောသူက မိတ်ဆက်ထောက်ခံမှ နောက်တစ်ဦးက ဘဏ်ငွေစာရင်းဖွင့်ခွင့်ရသည့်ပုံပင်။ သတင်းသိမှု အချက်အလက် (သို့) အတွေ့အကြုံတစ်ခုကို ထပ်မံနေရာ ချနိုင်စေရန် ဦးနှောက်ထဲတွင် နဂိုရှိပြီးသော အကြောင်းအချက် (သို့) အမြဲတမ်းစဉ်းစားနေသော အကြောင်း

အချက် (သို့) အကြိုက်ဆုံးအကြောင်းအချက်တို့ကို အခြေပြု၍ မိတ်ဆက်ရန် လိုအပ်လာသည်။ သို့တည်းမဟုတ် ထိုသတင်းအချက်အလက်ကို အကောင်းဆုံးဖြင့် မှတ်တမ်းတင်မည်မဟုတ်ဘဲ အရေးမကြီးကိစ္စအဖြစ်သာ မှတ်ဉာဏ်တွင် မှတ်တမ်းတင်သောအခါ ဒင်းဒရိုက်များ အားလျော့နေနှင့်ပြီးသား ဖြစ်နေသောကြောင့် ထိုသတင်းအချက်အလက် (သို့) သိပြီးသားအချက်အလက်နှင့်ချိတ်ဆက်ခြင်း မရှိဘဲ ဦးနှောက်တွင်းသို့ ဝင်ရောက်လာသော သတင်းအချက်အလက်သည် မှတ်ဉာဏ်အတွင်း ကြာကြာမနေ။ ကာလကြာသော် ပျောက်၏ ။ မေ့၏။ ပြန်သတိမရတော့။ ရှိနေလျှင်လည်း ၎င်းအတွေ့အကြုံ (သို့) သတင်း အချက်အလက်က ထိုသူတို့ကို ကိုယ့်ကိုယ်ကို ယုံကြည်မှု မပေး။ သို့ဖြစ်၍ သိအောင်လုပ်ကြရာတွင် လူတို့၏ ဦးနှောက်က ခွင့်ပြုသော (သို့) အလုပ်လုပ်သော နည်းစနစ် သဘာဝကိုသာ လိုက်လျောညီထွေ လိုက်၍လေ့ကျင့်ကြောင်း ပညာရေးသင်ကြားလေ့ကျင့်မှု နိယာမများက ဆိုသည်။ သို့ဖြစ်၍ (၃) တန်းကျောင်းသားများကို ၎င်းတွင် (၉) နှစ်သားအရွယ်စိတ်ဝင်စားနိုင်သော ဧရာဝတီမြစ်၏ အကြောင်းအရာများ စတင်မိတ်ဆက်ရန်လိုလာသည့်အခါ ဆရာက ပထမဦးစွာ သင်ကြားမှုစီမံချက် ရေးရတော့မည်။ သို့ဖြစ်၍ ဆရာ၏ သင်ကြားမှုစီမံချက်တွင် (၃) တန်းကလေးများ၏ ဦးနှောက်တွင်း ရှိနှင့်ပြီးသော ၎င်းတို့ကြိုက်နှစ်သက်၊ စိတ်ဝင်စားသည့် အချက်အလက်အကြောင်းအရာတို့ကို ရှာဖွေရမည်ဖြစ်သည်။ (၃) တန်း (၉) နှစ်အရွယ် ယောက်ျားလေးများ စပိုက်ဒါမင်းကို သိကြသည်။ ကြိုက်ကြသည်။ ပါဝါရိန်းဂျား များကိုလည်း ကြိုက်ကြသည် (သို့မဟုတ် စူပါမင်း)။ အတန်းထဲတွင် မိန်းကလေး ကျောင်းသူများအတွက် ၎င်းတို့ကြိုက်နှစ်သက်နိုင်မည့် နောက်ထပ် ၎င်းတို့သိပြီးသား ဘာဘီဂဲလ် ဆိုလျှင် (၉) နှစ်အရွယ် မိန်းကလေးကျောင်းသူတို့ အကြိုက် ဖြစ်နိုင်သည်။ အကြိုက်ဖြစ်မည်ဟူ၍တော့ မှုသေဆို၍မရ။ သို့သော် ၎င်းတို့အားလုံးသိပြီးသား စိတ်ဝင်စားသော အချက်အလက် (၃) ခု ထွက်လာပြီဖြစ်သည်။ စူပါမင်း၊ စပိုက်ဒါမင်း၊ ဘာဘီဂဲလ်၊ ယခုကျွန်ုပ်တို့ရေးသားနေသော သင်ကြားမှုလေ့ကျင့်စဉ် စီမံချက်ကို ဆရာတစ်ဦးကလက်တွေ့လုပ်ခဲ့ခြင်းဖြစ်ပြီး၊ ကျွန်ုပ်က စာသင်ခန်းတွင် ကျောင်းသားတို့၏စိတ်ဝင်စားမှုကို လေ့လာရန် ရောက်ရှိနေစဉ် တွေ့ကြုံခဲ့ရသော အတွေ့အကြုံဖြစ်သည်။ ဆရာက သူ့အတန်းထဲသို့ ရောက်ရောက်ချင်း ကလေးများအား နှုတ်ဆက်ပြီးသည်နှင့် ကလေးများကို ပြော၏။

အားလုံးနားထောင်ပါ ယနေ့ဆရာ စာမသင်ဘူး ဟူ၍ဖြစ်သည်။ ကလေးများ ဆူညံပျော်ရွှင်ကုန်သည်။ စောင့်ကြည့်သူများ သိကြသည်မှာ ဆရာသည် ကလေးများ၏ ဦးနှောက်ကို ဖွင့်လိုက်ခြင်း (သို့) ကလေးများ၏ ဦးနှောက်တွင်း ဒင်းဒရိုက်ထုတ်လုပ်မှုအားကောင်းအောင် ကြိုးစားမှုတစ်ရပ်ဖြစ်ကြောင်း ဖြစ်သည်။ ကောင်းလေစွ။ နောက်တစ်ခါ ထပ်၍ ဆရာက စာအုပ်များအကုန်သိမ်းပါဟု ထပ်ပြောရာ ကလေးများထပ်၍ ပျော်ရွှင်ကြသည်။ ကျောင်းသားဘဝတွင် ဆရာက စာမသင်သောနေ့လောက် ပျော်စရာ ကောင်းတာမရှိ။ ဤသည်ကို ဆရာနားလည်သည်။ စာအုပ်များ သိမ်းခိုင်းခြင်းဖြင့် ကျောင်းသားတို့၏ ပျော်ရွှင်မှုအတိုင်းအတာကို ထပ်မံမြှင့်တင်ခြင်းဖြင့် ၄င်းတို့စိတ်ဝင် စားမှု၌ ဦးနှောက်အား ဆရာက စတင် အလုပ်လုပ်ခိုင်းတော့သည်။ ပတ်ဝန်းကျင်အား အခြေအနေကောင်းဖြစ်အောင် ပံ့ပိုးလိုက်၏။ ထို့နောက် ထပ်မံ၍ ဒီနေ့တို့တွေအားလုံး အတူတူကစားကြမည်ဟု ဆိုလိုက်ရာ ကျောင်းသားတို့မျက်နှာတွင် ပျော်ရွှင်တက်ကြွ လန်းဆန်းလာကြသည်ကို တွေ့ရသည် ဆရာ၏ အတတ်ပညာနှင့် (၃) မိနစ်ခန့်အတွင်း ကျောင်းသားများအားလုံး နိုးကြားတက်ကြွပြီး ဆရာက ဘာကစားမှာလဲ၊ ဘယ်လိုကစားမှာလဲဆိုတာ သိချင်လာကြ၍ ကျောင်းသားများ၏ မျက်လုံးများ ဆရာအမိန့်ပေးဟောက်ဟန့်စရာ မလိုဘဲ ဆရာထံတွင် တောက်လျှောက်ကြည့်ရင်း မျက်စိဖွင့်နားစွင့်ကာ စိတ်ဝင်စားမှုရေချိန်မြင့်တက်လာသည်ကို တွေ့ရသည်။ ကျောင်းသားတို့ဦးနှောက်များ မြင်သမျှ၊ ကြားသမျှ၊ လုပ်သမျှ၊ ရှူရသမျှအားလုံးကို ထာဝရမှတ်တမ်းတင်ရန် အဆင်သင့် ဖြစ်နေပြီဖြစ်သည်။ သင်ကြားမှု နည်းပညာစနစ်များတွင် ဤအဆင့်ကို ဖြေလျှော့ခြင်းအဆင့် (Breaking Ice) ဟုဆိုကြသည်။ ထို့နောက် ဆရာက ၄င်းယူဆောင်လာသော မြန်မာပြည် မြေပုံကားချပ်ကြီးကို ချိတ်လိုက်ပြီး ခြင်းထဲတွင် ယူဆောင်လာသော စူပါမင်းအရုပ်ကို ရုတ်ချည်းထုတ်လိုက်ကာ 'ဒမ်ဒမ်' ဟူ၍ မြည်တွန်လိုက် အသံပြုလိုက်ခြင်းဖြင့် အရုပ်ပြ၍ အသံပေးလိုက်ပြီး ဆရာက အသံတိုးတိုးပြု၍ 'မနေ့ညက စူပါမင်း မြန်မာပြည်ကို ရောက်လာတယ်၊ မင်းတို့တွေသိလား' ဆိုသောအခါ ကလေးများ အလွန်သဘောကျပြီး မဟုတ်မှန်းသိသော်လည်း ပြုံးပျော်နေကြသည်။ စိတ်ဝင်စား၍ စူပါမင်းအရုပ်အားကြည့်နေသလို ဆရာကိုလဲ အာရုံချထားကြသည်။ ငါသင်တာ အားလုံးကြည့်ကြဟု အမိန့်ထုတ်စရာမလို။ ပြီးနောက် ဆရာက 'စူပါမင်းက မြန်မာပြည်ကို ကချင်ပြည်

ကနေ လေထဲမှာပျံပြီးဝင်ရောက်လာပြီး မောလို့ခဏနားတယ်' ဆိုကာ ဧရာဝတီမြစ်ဆုံ မေခနှင့် မလိခဆုံရာတွင် မေခထိပ်တွင် နားပြလိုက်သည်။ ပြီးနောက်ဆရာက နဂိုကတည်းက စီစဉ်ရေးဆွဲထားသော မြေပုံဖြစ်၍ မေခစာလုံးကို အကြီးကြီး မြင်သာအောင်ရေးထားသည်။ သို့ဖြစ်၍ ဆရာက 'စူပါမင်း အခုဆင်းလိုက်တဲ့ နေရာက ဘယ်နေရာလဲ သိလား' ဟုမေးတယ်။ ကလေးတွေက 'ကချင်ပြည်နယ်၊ မေခ' ဟု တန်းပြောကြသည်ကို ချက်ချင်းကြား ရသည်။ ထိုဆရာက စူပါမင်းသည် မေခမြစ်တွင် ခြေထောက်ထောက်ပြ ခဏနားပြီး ဘာဘီဂဲလ်ကိုဆက်၍ရှာမည်ဟုပြောသည်။ ပြီးနောက် စပိုက်ဒါမင်းအရုပ်ကို ထုတ်၍ စပိုက်ဒါမင်းကလည်း ဘာဘီဂဲလ်ကိုတွေ့လို၍ လိုက်ရှာနေသည်ဟု ဆိုကာ စပိုက်ဒါမင်း အရုပ်ကိုထုတ်ပြီး စပိုက်ဒါမင်းသည်လည်း မြန်မာပြည် ကချင်ပြည်နယ်ကိုရောက်လာပြီး မလိခတွင် နားကြောင်းဆက်ပြောသည်။ ပြီးနောက် စပိုက်ဒါမင်းသည် စူပါမင်း မေခတွင်ရှိကြောင်းသိသွား၍ မြစ်ဆုံတွင်ချိန်းဆိုလိုက်သည်။ ပြီးနောက် မြစ်ဆုံက ကချင်ပြည်နယ်တွင်ပင်ဖြစ်ကြောင်း ထည့်သွင်း၍ ပါးပါးပြောလိုက်သည်ကိုလည်း တွေ့ရသည်။ ထို့နောက် ၎င်းတို့နှစ်ဦး ဆရာ၏လက်ထဲတွင် တစ်ဦးနှင့်တစ်ဦး အတူတကွပူးပေါင်းပျံသန်းကြရင်း ပထမမြစ်ကျဉ်းတွင် ခဏရပ်နားသည်။ နောက်ဒုတိယမြစ်ကျဉ်း သောင်ပြင်ပေါ် တွင် ထပ်၍ရှာကြသည်။ ပြီးနောက်တတိယမြစ်ကျဉ်း။ ပြီးနောက် ပျံသန်းရင်းပျံသန်းရင်း ဘာဘီဂဲလ်ရှိရာ ပုဂံသို့ရောက်ရှိ လာတော့သည်။ ပုဂံသို့ရောက်သောအခါ ဘာဘီဂဲလ်က နှစ်ယောက်စလုံးကို မတွေ့ချင်၍ ဧရာဝတီ မြစ်ကြောင်းအတိုင်း မော်တော်ဘုတ်ဖြင့် အောက်ဆင်းသွားသည်ဟု ဇာတ်လမ်းက ဆိုသည်။ စူပါမင်းနှင့် စပိုက်ဒါမင်းတို့လည်း ဘာဘီဂဲလ်နောက် ဆက်လိုက်ကြရာ ဘာဘီဂဲလ်ကလည်း ဧရာဝတီမြစ်လက်တက်များရာ မြစ်ဝကျွန်းပေါ်သို့ သွားရောက်ပုန်းအောင်းနေကြောင်း ဇာတ်လမ်းဆင်၍ ဆက်လက်ပြောရာ မိနစ် (၃၀) အတွင်း မေခ၊ မလိခမှ မြစ်ဝကျွန်းပေါ်ပင်လယ်ဝအထိ အကြောင်းအရာအစုံကို (၉) နှစ်အရွယ် ကျောင်းသားလေးများ ဦးနှောက်တွင်းဝယ်ရှိနေပြီးသားအချက်အလက်များဖြစ်၍ စူပါမင်း၊ စပိုက်ဒါမင်းနှင့် ဘာဘီဂဲလ်တို့အား အသုံးပြု၍ သူတို့မူလအားဖြင့် စိတ်မဝင်စားနိုင်သော (သို့) စိတ်မဝင်စားသော်လည်း သူတို့အရွယ်အလိုက် သိသင့်သော ဧရာဝတီမြစ်နှင့် ၎င်းနှင့်ဆက်စပ်အကြောင်း အရာများကို သိရှိအောင်

အောင်မြင်စွာမိတ်ဆက် နိုင်ခဲ့သည်ကို ကိုယ်တွေ့ တွေ့ကြုံခဲ့ရသည်။ ကျန်သောမိနစ် (၂၀) ခန့်တွင် ကျောင်းသားများအား ရေးစရာများအဖြစ် ဧရာဝတီမြစ်တစ်လျှောက် ဇာတ်လမ်းပါအမည်များဖြစ်သည့် မြစ်ကျဉ်းများနှင့် တည်နေရာများ၊ မေခ မလိခရှိရာနေရာ၊ ပြည်နယ်၊ မြစ်ကျဉ်းများရှိရာပြည်နယ် စသည့်များစွာသောသတင်းအချက် အလက်များကို ဆက်လက်၍ ပျော်ရွှင်စွာရေးသားကြရင်း မိနစ် (၅၀) သင်ခန်းစာတစ်ခု၏ စိတ်ဝင်စားစရာ အစွမ်းသတ္တိကို တွေ့မြင်ရသည်။ ကျောင်းသားများ၏ စိတ်ထဲတွင် ၎င်းတို့ စာလုပ်နေသည်မဟုတ်။ ၎င်းတို့၏ စိတ်ထဲတွင် ၎င်းတို့ ဆော့ကစားနေကြခြင်း ဖြစ်သည်ဟု ထင်မြင်နေသည်။ သို့သော် ဆရာ၏ အတတ်ပညာဘက်၏ ယူဆချက်များမှာ သိမှုတည်ဆောက်ခြင်းနိယာမ၏ အဆိုအတိုင်းအသုံးပြု၍ မသိသည်များကို သိသည်များနှင့်တွဲဖက်မှသာ လူတို့၏ဦးနှောက်က လက်ခံသည် ဟူသော သဘာဝနိယာမအတိုင်း လိုက်နာဆောင်ရွက် သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းသာဖြစ်သည်။ ဤသို့သော ခေတ်သစ်ပညာရေး၏ သင်နည်းစနစ်အရ ကလေးများ စာအုပ်ထဲတွင် ယခင်ကလို ဆရာရေးချသည်များကို ကူးရန် မဟုတ်တော့ဘဲ ၎င်းတို့၏စာအုပ်များထဲတွင် တွေ့ရသည်မှာ ၎င်းတို့ (အထက်တွင် ရေးခဲ့သလို) ဦးနှောက်ထဲတွင် စွဲထင်နေခဲ့သည်များကို ၎င်းတို့သိသလို ပြန်ရေးသမျှသာ ပါလာမည်ဖြစ်၍ ကျောင်းသားတစ်ယောက်နှင့်တစ်ယောက် ရေးပုံမှတ်ပုံချင်း မတူနိုင်။ အမှန်အတိုင်းဖြစ်ရမည်။ အကောင်းဆုံးဖြစ်သည်။ တစ်တန်းလုံး တစ်ပုံတည်းရေးခဲ့ကြရသော ကျွန်ပညာရေးစနစ်ကိုစွန့်လွှတ်ကြရမည်။ ဆရာက ခေတ်သစ်ပုံစံစနစ်သစ်ဖြင့် သင်ကြားသောအခါ မိဘနှင့် တစ်ချိန်လုံးရှင်းရတတ်သည်။ မိဘဖြတ်သန်းခဲ့သော ပညာရေးစနစ်နှင့်မတူသော ပညာရေးစနစ်သို့ကူးပြောင်းရာတွင် မိဘတို့ကပင် ပြောင်းလဲစေချင်ကြသော်လည်း ၎င်းတို့၏ ခန္ဓာကိုယ်၊ အထူးသဖြင့် ၎င်းတို့၏ (မိဘတို့၏) ဦးနှောက်များတွင် မှတ်တမ်းရှိထားနှင့်သော အတွေ့အကြုံများနှင့် မကိုက်ညီ၊ မတူညီ၍ မိဘများ၏ ဦးနှောက် ဤသို့အပြောင်းအလဲ (သို့) ခေတ်သစ်ပညာရေးသင်ကြားနည်းစနစ်ဖြင့် ပြောင်းလဲသင်ကြားခြင်းကို လက်မခံနိုင်သည်ကို တွေ့ရသည်။ များစွာသော မိဘတို့ ယနေ့ထက်တိုင် အမှတ်ကောင်းအောင်သာ ကြိုးစားဆဲ။ ထို့အတွေ့အကြုံများကသွန်သင်၍ ပညာရေးပြုပြင်ပြောင်းလဲရေးတွင် အဓိကအင်အားစုမှာ မိဘတို့ ဖြစ်လာသည်။ လူတော်တော်များများက ထင်ကြမည်။

ယနေ့ခေတ် ပညာရေးပြုပြင် ပြောင်းလဲရေးကို လက်ရှိပြည်ထောင်စုအစိုးရ၏ ပညာရေးဝန်ကြီးဌာနမှ လုပ်ရမည်။ ပညာရေးဝန်ကြီးဌာနမှ ပြောင်းလိုက်လျှင် ပညာရေးစနစ်ကောင်းသွားမည်။ မိဘများက ပြောင်းစေလိုကြသည်။ ပညာရေး စနစ်ကြီးကို မိဘများက မြန်မြန်ကောင်းသွားစေချင်သည်ဟု ထင်ကြမည်။ သို့သော် မှန်ရာကို သာပြောရလျှင် **တကယ့်အပြောင်းအလဲကို လုပ်နိုင်စွမ်းရှိသည်မှာ ပညာရေးဝန်ကြီးဌာနမဟုတ်။ မိဘများသာဖြစ်သည်။ ဆရာများသာဖြစ်သည်။ ပညာရေး ပြုပြင်ပြောင်းလဲရေးကို လိုချင်တောင့်တသူများမှာလည်း မိဘနှင့် ဆရာများဖြစ်၍ (ဆရာတိုင်းတွင်လည်း မိသားစုများရှိ၍) အပြောင်းအလဲများ စတင်လုပ်ဆောင် မည်ဆိုလျှင်လည်း အပြောင်းအလဲများကို ကန့်လန့်ခံမည့် သူများမှာလည်း မိဘနှင့် ဆရာများပင် ဖြစ်လိမ့်မည်။ သူတို့၏ ကောင်းမွန်သော ပညာရေးစနစ်ကို တောင့်တသော ဆန္ဒကကန့်လန့်မခံ။ သို့သော် သူတို့၏ ရှုပ်ဝတ္ထုဦးနှောက်တွင်းရှိ အတွေ့အကြုံဟောင်း၊ အသိဟောင်းများ သူ့အလုပ် သူလုပ်လာသောအခါတွင် သူတို့ကိုယ်တိုင်သူတို့ ကန့်လန့်ဖြစ်နေမှန်းမသိ ဖြစ် လိမ့်မည်။** အများစုကောင်းလျှင် ပညာရေးအပြောင်းအလဲအတွက် အားရှိစရာပင်။ အားလုံး သည်းခံညှိနှိုင်းဆွေးနွေး ပညာပေး၍ လုပ်မှရမည်။ မိဘများ ဆိုသည်မှာ ပြည်သူလူထုပင်ဖြစ်၍ ပြည်သူလူထုအားကိုလိုသည်။ ပြည်သူလူထု ပညာပိုတတ်ရန် လိုသည်။ ပညာတတ် ဆိုလိုသည်မှာ ဘာလဲ။ ပို၍၊ ယနေ့ထက်ပို၍ စဉ်းစားနိုင်လာ သည်ကို ဆိုသည်။ ပညာတတ်ခြင်း၏အဓိပ္ပာယ်မှာ စဉ်းစား တတ်လာခြင်း ဖြစ်သည်။ စဉ်းစားနိုင်လာခြင်းဖြစ်သည်။ စဉ်းစားနိုင်လျှင် မိမိစိတ်တို့ကို အတိုင်း အတာတစ်ခုအထိ ထိန်းချုပ်၍ ရလာသည်။ စဉ်းစားနိုင်လျှင် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်မည်။ သို့ဖြစ်၍ ပညာတတ်အောင် ကျွန်ုပ်တို့အားလုံး မူကြိုမှစ၍ မသေမချင်း ဘာလုပ်လုပ်စဉ်းစားနေမှဖြစ်မည်။ စဉ်းစားရင်း စဉ်းစားရင်း စဉ်းစားမှု အတွေ့အကြုံရင့်ကျက်လာမည်။ ထပ်မံစဉ်းစားသည့်အခါ စဉ်းစားခဲ့ပြီးသော အတွေ့အကြုံများနှင့်ယှဉ်ထိုး အဆိုးအကောင်းခွဲခြား ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက် စဉ်းစားချက်များ မှန်သည်ထက်မှန်၊ အမှားနည်းသည်ထက် နည်းလာမည်ဖြစ်သည်။

ယခုရေးသားချက်များအားလုံးသည် စေတနာပေါ်တွင် အခြေပြု၍ အမှန်အတိုင်း၊ လက်တွေ့ကြုံဖူးသည့် အတိုင်း၊ အရှိအတိုင်း၊ အသိအတိုင်း ရေးသားခြင်းသာဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နစ်နာစေလို၍ ရေးသား

ခြင်းမဟုတ်။ အမှန်တရားများသာဖြစ်၍ ချစ်ခြင်း၊ မုန်းခြင်းများဖြစ်နိုင်သည်။ ချစ်ရန် မုန်းရန် ရည်ရွယ်ပြီး ရေးခြင်းမဟုတ်။ မှန်မည်ဟု ယူဆချက်များ၊ ကိုယ်တွေ့ အတွေ့ကြုံများကို ထင်ဟပ်ထားခြင်းသာဖြစ်သည်။ ရေးသားချက်များအပေါ် နားလည်လာနိုင်သည့်တစ်နေ့ အားလုံးအလုပ်လုပ်လျှင် အကျိုးရှိမည်။ သို့ဆိုလျှင် ရေးရကျိုးနပ်သည်။ ပညာရေးစနစ်တစ်ခု၏ ဆိုးကျိုးကောင်းကျိုးသည် ချက်ချင်း မပေါ်၊ ချက်ခြင်းမပြ။ နှစ်ပေါင်း (၃၀) ခန့်မှ တစ်ကြိမ်ဖြစ်ဖို့ဖြစ်၍ အနှစ် (၃၀) တိုင်း ကောင်းကျိုးရလဒ်များလည်း ခံစားစံစားရသလို ဆိုးကျိုးများ ရှိပါကလည်း ကြီးမားသော ဆိုးကျိုးလှိုင်းတံပိုးများအသွင် သိသိသာသာမြင်ကြ ခံစားကြရမည်။

ယနေ့ယခုမှစ၍ ပညာရေးပြုပြင်ပြောင်းလဲရေးကို မလုပ်မိသေးပါက ကျွန်ုပ်တို့အားလုံး၏ သားသမီးများ၊ မြေးမြစ်များသည် ခေတ်အဆက်ဆက် အမွေခံလာခဲ့ပြီးသော ဆိုးမွေးပြဿနာများအပြင် ယနေ့ယခုစတင် အခြေပြု နေပြီဖြစ်သော ပြဿနာများသည်လည်း အနှစ် (၃၀) အတွင်း ကြီးထွားကျယ်ပြန့် လာပြီး သူတို့လေးတွေအားလုံး မမွေးခင်ကပင် သူတို့လျှောက်ရမည့်လမ်းကို မြင်နေရပြီ ဖြစ်သည်။ ရှေးလူတို့အား အပြစ်မတင်လိုပါ။ သို့သော် ကျွန်ုပ်တို့ မမွေးဖွားရသေးသော မြေးမြစ်တီတွတ် မြန်မာကလေးများ ကျန်းမာချမ်းသာစွာ ပြဿနာနည်းနည်းနှင့် နေထိုင်နိုင်ရေးအတွက် ယခုစတင်၍ ဆောင်ရွက်နိုင် သလောက် ဆောင်ရွက်ကြရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်လာသည်။ ယနေ့ လူကြီးသူမများ နောင်မွေးဖွားလာမည့် မြန်မာလေးတို့အတွက် ထားရစ်ခဲ့မည့်အမွေ များအား သူတို့လေးများ စဉ်းစားတတ်လာချိန်တွင် ကျွန်ုပ်တို့အားလုံးအပေါ် ကျေးဇူးတင်မည်မဟုတ်သည်မှာ သေချာသည်။ မည်သူမဆို တစ်နေ့ တွေးတတ်လာ မည်။ တွေးနိုင်လာမည်။ တွေးကြလိမ့်မည်။ သို့ဖြစ်၍ ဆရာများက လေ့လာရန် ရှိသည်များကို အပတ်တကုတ် မိမိတို့ကိုယ်တိုင်ရှာဖွေလေ့လာ ဆည်းပူးကြရန်နှင့် လက်တွေ့ စာသင် ခန်းများအတွင်း အသုံးပြုကြခြင်းဖြင့် စဉ်းစားခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

ပညာရေး၏ လက်တွေ့လုပ်ငန်းစဉ်များသည် လူတို့၏ နေပုံ၊ ထိုင်ပုံ၊ အကျင့်ဓလေ့၊ ပြောပုံဆိုပုံ၊ လုပ်ပုံ ကိုင်ပုံအားလုံးကို ကောင်းသည်ထက်ကောင်း အောင် ပြင်ဆင်နေကြခြင်းများပင်ဖြစ်၍ ပညာရေးကောင်းလျှင် ကျွန်ုပ်တို့လုပ်ပုံ များ ကောင်းမည်ဖြစ်သည်။ လူသားတို့၏ မူလသဘာဝ အနေအထားအရ မည်သို့

မွေးဖွားလာကြပြီး လူသာမှန်လျှင် သူတို့၏ မူလသဘာဝမည်သို့ ရှိသည်ကိုလည်း ဆရာများကသိထားမှ လူသားလေးများဖြစ်သော ကျောင်းသားတို့အား လေ့ကျင့်ပေးရာ၌ အထောက်အပံ့ပြုမည်။ သို့ဖြစ်၍ လူ့သဘာဝတွင် ကဏ္ဍဖြစ်စဉ် (၃) ရပ်ခွဲ၍ကြည့်လျှင် လူတို့၏အပြုအမူတို့အားဖြစ်စေသော ထောက်ပံ့မှုပြုမှု (၃) မျိုး ဖြစ်သည်။ ပထမ တစ်ခုသည် (၁) မူလဘူတ လူမှန်လျှင် ခန္ဓာကိုယ်၏ဖွဲ့စည်းပုံ အရ ကြုံတွေ့ရမည့် အပြုအမူများဖြစ်သည်။ ဒုတိယတစ်ခုသည် (၂) ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကြောင့်ဖြစ်လာသော လူတို့၏အပြုအမူများဖြစ်သည်။ တတိယတစ်ခုသည် (၃) လူသားစိတ္တဗေဒပညာကို အသုံးပြု၍ လူတို့၏အပြုအမူကို ပြုပြင်ပေးခြင်းကြောင့် ရလာသော အပြုအမူများဖြစ်သည်။

## ကဏ္ဍ(၁)

## လူမှန်လျှင် ခန္ဓာကိုယ်၏ဖွဲ့စည်းပုံ အရ ကြုံတွေ့ရမည့် အပြုအမူများ

ဥပမာ - လူတို့သည် ဝမ်းနည်းလျှင် ငိုကြွေးသည်၊ ဝမ်းသာလျှင် ပြုံးရယ်ကြသည် တို့သည် လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ လုပ်ကြသော အလုပ်များပင်ဖြစ်သည်။ ဝမ်းသာ၍ ပြုံးရယ်ခြင်းသည်လည်းကောင်း၊ ဝမ်းနည်းလျှင်ငိုကြွေးခြင်းသည်လည်းကောင်း၊ ဝမ်းသာ၍ ပြုံးရယ်ခြင်းမဟုတ်၊ ဝမ်းနည်း၍ ငိုကြွေးခြင်းမဟုတ်။ လူ့ခန္ဓာကိုယ်သည် သူ့အလုပ်သူလုပ်နေခြင်းသာ ဖြစ်သည်ဟု ကောင်းစွာ နားလည်ထားရန်လိုသည်။ လူတို့သည် မည်သည့်အဖြစ်အပျက်ကိုမဆို ကြုံတွေ့ရသည့်အခါ ကြုံတွေ့ရသော အတွေ့အကြုံတို့ကို သိမှုများအဖြစ် မှတ်ယူကြသည်။ ထိုဖြစ်စဉ်သည် ခန္ဓာကိုယ်၏ ပုံမှန်အလုပ်လုပ်ပုံသာဖြစ်သည်။ ထိုသို့ သိမှုအဖြစ် ဦးနှောက်အတွင်း မှတ်တမ်းပြုရာဝယ် ဒင်းဒရိုက်များထုတ်လုပ် ဆက်သွယ်ခြင်းဖြင့် သိမှုဖွဲ့စည်းပုံများကို တည်ဆောက်ကြသည်ဟု သိမှုတည်ဆောက်ခြင်းနိယာမကဆိုသည်။ ထို့ကြောင့် သိမှုများကို တည်ဆောက်ခြင်း ဖြစ်စဉ်တွင် ဒင်းဒရိုက်ထုတ်လုပ်မှုနှုန်းသည် အရေးပါလာ၏။ နှေးကွေးသော ထုတ်လုပ်နှုန်း၊ အလယ်အလတ်ထုတ်လုပ်နှုန်းနှင့်၊ မြန်ဆန်သော ထုတ်လုပ်နှုန်းဟူ၍ ခွဲ၍ရသည်။ အတွေ့အကြုံအား သိမှုဖွဲ့စည်းပုံအဖြစ် ဦးနှောက်အတွင်း မှတ်တမ်းတင်ရာ၌ ဒင်းဒရိုက်ထုတ်လုပ်ခြင်း၏ နှေးခြင်းမြန်ခြင်းသည် ထိုသူ၏ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ ထိုသူ့ခန္ဓာကိုယ်၏

မွေးရာပါ စွမ်းရည်ပင်ဖြစ်သည်။ ထို့ထက်လျှော့၍ ထုတ်လုပ်ရန်မလွယ်။ ပိုမြန်၍လည်း ထုတ်လုပ်ရန်မလွယ်။ ပိုနှေး၍လည်း ထုတ်ရန်မလွယ်။ ထို့ကြောင့် လူတို့သည် အတွေ့အကြုံများကို မှတ်တမ်းတင်ရသည့်အခါ နှေးကွေးသော ဒင်းဒရိုက်ထုတ်လုပ် ဆက်သွယ်မှု (သို့) အချိန်ရရခြင်း တွေ့ကြုံရသော ကိစ္စများတွင် သိပ်၍မသိသာသော်လည်း ပုံမှန်ဒင်းဒရိုက် ထုတ်လုပ်ဆက်သွယ်မှုပင်လျှင် ရက်ဆက်များလာလျှင် ထိုသူအား သိသာစွာအားအင်ကုန်ခမ်းစေနိုင်၏။ သိမှုတစ်ခုအတွက် ဒင်းဒရိုက် ထုတ်လုပ်ဆက်သွယ်၍ သိမှုဖွဲ့စည်းပုံအဖြစ် မှတ်တမ်းပြုရာတွင် လူတို့၏ စားသောက်ရာမှ ရရှိသော ဓာတုဗေဒစွမ်းအင်ကို အသုံးပြု၍ ဒင်းဒရိုက်များ ဖွဲ့စည်းခြင်းဖြစ်ရာ အာဟာရပြည့်စုံသော လူတစ်ဦးသည် ဒင်းဒရိုက်ထုတ်လုပ်ရေး ဖြစ်စဉ်၌ ၎င်းခန္ဓာကိုယ်အတွင်း ရရှိနေသော ဓာတုဗေဒ ပစ္စည်းများကိုသုံး၍ ဦးနှောက်အတွင်း ဒင်းဒရိုက်များ ထုတ်လုပ်ရာတွင် ပိုမို၍ အဆင်ပြေ၏။ အကယ်၍ လူတစ်ဦးသည် အာဟာရမပြည့်စုံပါက ဒင်းဒရိုက်ထုတ်လုပ်ရန် လိုအပ်သော ဓာတုပစ္စည်းများမှာ ပြည့်စုံခြင်းမရှိ၍ သိမှုဖွဲ့စည်းပုံတည်ဆောက်ရာတွင် အားနည်းချက်များ ရှိနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ အာဟာရပြည့်စုံခဲ့လျှင် ထိုသူ စားသောက်ထားသောအာဟာရများကို အသုံးပြု၍ ဒင်းဒရိုက်တည်ဆောက်ရာ၌ အရေးပါသော ပစ္စည်းနှစ်မျိုးကို လေ့လာရန်လိုသည်။ ၎င်းတို့မှာ သွေးနီဥများ သယ်ဆောင်လာပေးသော သကြားဓာတ်နှင့် အောက်စီဂျင်တို့ဖြစ်သည်။ သို့ဖြစ်၍ လူတို့စားသုံးမှုမှ ရရှိသော ဓာတုဗေဒပစ္စည်းနှင့် သွေးနီဥတွင်းရှိ သကြားဓာတ်နှင့် နှာခေါင်းမှရှူသွင်း လိုက်သော အောက်စီဂျင်တို့ပူးပေါင်းအလုပ်လုပ်၍ဦးနှောက်မှ ဒင်းဒရိုက်များ ထုတ်လုပ်ဆက်သွယ်သည်ဟုဆိုလျှင် မမှား။ သို့ဖြစ်၍ လူတစ်ဦးသည် သိမှုဖွဲ့စည်းပုံတစ်ခုကို တည်ဆောက်ရာတွင် (သို့) အတွေ့အကြုံတစ်ခုကို မှတ်တမ်းပြုရာ၌ ပုံမှန်မှတ်တမ်းပြုခြင်း (သို့) ပုံမှန်တွေ့ကြုံခြင်း (သို့) ပုံမှန်သိစရာများ ကြုံတွေ့ခြင်းကိစ္စများတွင် ပုံမှန်သွေးသကြားနှင့်၊ ပုံမှန်အသက်ရှူနှုန်းဖြင့် အလုပ်လုပ်၍ရသည်။ လုံလောက်သည်။ အကယ်၍ သိစရာများ၊ မှတ်စရာများ၊ ပုံမှန်ထက်များပြားပါက သွေးတွင်းမှသကြားဓာတ်ကို ပိုသုံးရသည်။ အသက်ရှူနှုန်းကို တင်၍ အောက်စီဂျင်ယူမှုလုပ်ငန်းကို ပိုလုပ်ရသည်။ မှတ်စရာတစ်ခုကို သိမှုဖွဲ့စည်းပုံအဖြစ် မှတ်တမ်းပြုရတိုင်း လူတို့ပင်ပန်းခြင်းဖြစ်သည်။ အင်အား ကုန်ခမ်းခြင်းဖြစ်သည်။ ထိုခံစားမှုသည် ပုံမှန်အခြေအနေ ၌ မပေါ်လွင်။ သိသာစွာ မခံစားရ။

သို့သော် ၎င်းသိမှုဖွဲ့စည်းပုံ တည်ဆောက်ခြင်းသည် မိမိခန္ဓာကိုယ် တည်ဆောက်ပုံပါ ခံနိုင်ရည် (သို့) လုပ်နိုင်စွမ်းထက် ကျော်လွန်လာပါက ပင်ပန်းခြင်းကို စတင်ခံစားရသည်။ သတိထားမိ သတိပြုမိလာသည်။ သိမှုဖွဲ့စည်းပုံကြောင့် ဖြစ်ပေါ်သော ပင်ပန်းမှုကို အင်္ဂလိပ်လို (Stress)ဟုခေါ်သည်။ သို့ဖြစ်၍ ပုံမှန်သိစရာများထက် (သို့) သိနေသည်များထက် ပိုမို၍မှတ်သားခြင်းပြုရပါက ပင်ပန်းမှု (Stress) ပိုလာ၏။

သို့ဖြစ်၍ ပုံမှန်ထက်ပိုသော သိမှုဖွဲ့စည်းပုံများကို တည်ဆောက်ရာတွင် အသက်ရှုနှုန်းမြန်လာရန် လိုအပ်လာသည်။ များများသိမှတ်ရင်း ဗိုက်ပို၍ဆာလာသည်။ မြန်မြန်ဗိုက်ဆာသည်။ သို့သော် လူတို့သည် သိမှုဖွဲ့စည်းပုံများ တည်ဆောက်ပြီးသည်နှင့် အသက်ရှုမြန်ခြင်း (သို့) အောက်စီဂျင်ပိုမိုရယူခြင်း ဖြစ်စဉ်သည် မလိုအပ်သော ပုံမှန်အသက်ရှုနှုန်း (သို့) ဦးနှောက်မှ ပြန်လည်ထိန်းကျောင်း လိုက်သည့် အောက်စီဂျင်လိုအပ်ချက်အပေါ်တွင် အသက်ရှုနှုန်း(သို့) အောက်စီဂျင်ရယူမှုပုံစံ ပြောင်းလဲထိန်းညှိခြင်းကို ဦးနှောက်မှ ထိန်းကျောင်းပြောင်းလဲပေးသည်။ တစ်ခါတစ်ရံ သိမှုဖွဲ့စည်းပုံကြီးမားသော သိမှုပုံစံများ (သို့) သိမှုဖွဲ့စည်းပုံသည် သာမန်သိမှုဖွဲ့စည်းပုံမဟုတ်ပဲ ရှုပ်ထွေးသော သိမှုဖွဲ့စည်းပုံများလည်းရှိသည်။ ပုံမှန်ဖြစ်နေကျ တွေ့နေကျအရာများကို အာရုံငါးပါးဖြင့် ထပ်မံခံစားဆန်းစစ်တွေ့ရှိမြင်ကြားခြင်းများသည် မပင်ပန်းသော ပုံမှန်သိမှုဖွဲ့စည်းပုံများ ဖြစ်ကြသည်။ အလွန်အမင်း ဝမ်းသာစရာကဲ့သို့ (သို့) အလွန်အမင်းဝမ်းနည်းစရာ (သို့) အလွန်ဒေါသထွက်စရာစသည့် ခံစားမှုဆိုင်ရာ အားလုံးတို့နှင့် ဆက်စပ်သော သိမှုဖွဲ့စည်းပုံများသည် ပုံမှန်ထက် ပို၍ပြင်းထန်သော (သို့) ကြီးမားသော သိမှုဖွဲ့စည်းပုံများဖြစ်သည်။  ထိုသို့သော ခံစားမှုများ (သို့) အတွေ့အကြုံများကို တွေ့ကြုံရသည့်အခါ ဦးနှောက်တွင်း အလိုအလျောက်လုပ်ငန်းဖြစ်သော သိမှုဖွဲ့စည်းပုံ လုပ်ငန်းကို ဆောင်ရွက်ရာ၌ သိမှုဖွဲ့စည်းပုံသည် ပုံမှန်ထက်ပို၍၊ ရှုပ်ထွေးသော၊ ကြီးမားသော သိမှုဖွဲ့စည်းပုံလုပ်ငန်းဖြစ်၍ အာဟာရများစွာနှင့် သကြားဓာတ်များစွာအပြင် အောက်စီဂျင်များစွာကိုလည်း လိုအပ်သည်။ အာဟာရကို လိုအပ်လျှင် ဗိုက်ဆာလောင်လာမည်။ သကြားဓာတ်ကိုလိုလာလျှင် ရှိသည်ကို ယူသုံးမည်။ မလောက်လျှင် အသည်းမှထပ်မံထုတ်ပေးသည်။ အောက်စီဂျင်ဓာတ်ကို လိုလျှင် (၁) အဆင့်ပိုလိုလာလျှင် အသက်ရှုနှုန်းကို မြန်ပေးမည်။ (၂) အသက်

ရှုနှုန်းကို မြန်သည်ထက်အမြန်ဆုံးသို့ ရောက်သည့်တိုင်အောင် အောက်စီဂျင် မလုံလောက်သေးလျှင် ဝမ်းနည်းစရာတွေ့အကြုံများအတွက် ငိုကြွေးရှိုက်ငင်ခြင်း အပြုအမူကို ခန္ဓာကိုယ်ကလုပ်၍ အောက်စီဂျင်ရယူသည်။ ဝမ်းသာစရာများအတွက် ရယ်မောခြင်း (သို့) ခွက်ထိုး ခွက်လှန် ရယ်မောခြင်းဖြင့် အောက်စီဂျင်ရယူသည်။ သို့ဖြစ်၍ ရယ်မောခြင်းနှင့် ငိုကြွေးခြင်းတို့သည် လူ့ခန္ဓာကိုယ် ၏ အောက်စီဂျင် ပိုမိုလိုအပ်၍ ကြိုးစားသောလုပ်ငန်းများ သာဖြစ်သည်။ ထိုသူသည် ရယ်မောနေခြင်း မဟုတ်။ ၎င်း၏ ခန္ဓာကိုယ်သည် အောက်စီဂျင်ပိုလိုအပ်နေ၍၊ တစ်နည်းဆိုသော် ထိုသူကြုံတွေ့နေသော ပျော်ရွှင်စရာအတွေ့အကြုံများကို ဦးနှောက်အတွက် ဒင်းဒရိုက်ထုတ်လုပ်၍ သိမှုဖွဲ့စည်းပုံ တည်ဆောက်ရာဖြစ်စဉ်တွင် လိုအပ်သော အောက်စီဂျင်ကို ခန္ဓာကိုယ်၏ အလုပ်လုပ်ပုံက လုပ်ကိုင်နေခြင်းသာဖြစ်သည်။ ဖွဲ့စည်းပုံ ကြီးမား၍ (သို့) သူ့အတွက် ရယ်စရာသဘောကျစရာတို့သည် အမြဲတမ်းကြုံတွေ့ နေရသော ပုံမှန်အတွေ့အကြုံများမဟုတ်။ အမြဲတမ်းကြုံတွေ့နေရသော အတွေ့ အကြုံများ (သို့) သိမှုများထက်ပိုသော (သို့) ဖွဲ့စည်းပုံရှုပ်ထွေး ခက်ခဲကြီးမားသည့် သိမှုဖွဲ့စည်းရန် (သို့) စိတ်ခံစားမှုများဖြစ်၍ ၎င်းဖွဲ့စည်းပုံ များတည်ဆောက်ရန် အောက်စီဂျင်ပိုလိုသည် ဖြစ်သောကြောင့်ဖြစ်သည်။ ထို့နည်းတူစွာ ဝမ်းနည်း စရာများကြုံတွေ့သည့်အခါတွင် ဤဝမ်းနည်းစရာ အတွေ့အကြုံတို့ကို ဦးနှောက်တွင်း သိမှုဖွဲ့စည်းပုံ တည်ဆောက်ရာတွင် အာဟာရ၊ သကြားဓာတ်နှင့်၊ အောက်စီဂျင် ပို၍သုံးစွဲရမည်ဖြစ်ရာ အောက်စီဂျင်ပိုမိုရရှိရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် ခန္ဓာ ကိုယ်ပါ လုပ်ငန်းအစီအစဉ်ဖြစ်သော အောက်စီဂျင်ရရေးကြိုးပမ်းမှုတစ်ရပ်အဖြစ် ငိုကြွေးခြင်းလုပ်ငန်းကို ခန္ဓာကိုယ်မှ ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းအောက်စီဂျင် ရယူခြင်း (သို့) ငိုကြွေးခြင်း (သို့) ရယ်မော ခြင်းတို့သည် သက်ဆိုင်သူတို့အသီးသီး၏ ဦးနှောက်များအတွက် ထိုအတွေ့အကြုံတို့ကိုသိမှုဖွဲ့စည်းပုံအဖြစ် မှတ်တမ်းတင်ပြီး သောအခါ (သို့) ဒင်းဒရိုက် ဆက်သွယ်မှုများ ဆောင်ရွက်ချိတ်ဆက်ပြီးသောအခါ အောက်စီဂျင်ထပ်မံမလိုအပ်တော့၍ ခန္ဓာကိုယ်မှ ထိုလုပ်ငန်းများကို ထပ်မံမလုပ် တော့ချေ။ ထို့ကြောင့် ရယ်စရာကြားပြီးသားတစ်ခုခုကို ထပ်မံကြားရလျှင် ယခင် ကကဲ့သို့ ခွက်ထိုးခွက်လန် မရယ်တော့ခြင်းဖြစ်သည် (သို့) ခွက်ထိုးခွက်လန်ရယ်မော ခြင်းဖြင့် ဆောင်ရွက်ရယူပြီး သိမှုဖွဲ့စည်းပုံတည်ဆောက်ရန် မလိုအပ်တော့၍ ဖြစ်သည် (သို့) သိပြီးသားဖြစ်၍ဖြစ်သည်။ ထိုနည်းတူစွာ ဝမ်းနည်းစရာများ

ကြုံတွေ့ရသည့်အခါ ငိုကြွေးခြင်းဖြင့် ထိုဝမ်းနည်းစရာအတွေ့အကြုံတို့ကို သိမှုဖွဲ့စည်းပုံအဖြစ် သိမ်းဆည်း မှတ်တမ်းတင်ပြီးသည့်နောက် နှစ်ပတ်လည်သောအခါ ပထမဆုံးစ၍ကြုံတွေ့သလောက် မငိုကြွေးကြခြင်း၊ ရှိုက်ကြီးတငင် မငိုကြွေးကြတော့ခြင်း (သို့) အောက်စီဂျင်လိုအပ်မှု လျော့နည်းသွားခြင်းသာဖြစ်သည်။ လူတစ်ဦး ဆုံးပါးသွား သည့်အခါတွင်လည်း ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုကြွေးကြသော်လည်း (၅) နှစ်ခန့်ကြာသော် မည်မျှပင်ချစ်ခင်ခဲ့သည့်ပုဂ္ဂိုလ်ဖြစ်ပါစေ သက်ဆိုင်သူတို့ ယခင်ကနဦးကြုံတွေ့စဉ်ကလောက် မငိုကြွေးကြတော့ခြင်းသည် ဝမ်းမနည်း၍မဟုတ်။ သိမှုဖွဲ့စည်းပုံအား အလုံးစုံရရှိဖွဲ့စည်းပြီးဖြစ်၍ မလိုအပ်တော့သော အောက်စီဂျင် ဓာတ်ကို ထပ်မံယူရန်ခန္ဓာကိုယ်မှ မကြိုးစားတော့ခြင်းသာဖြစ်သလို ဝမ်းနည်းခြင်းကို ကြုံတွေ့ဆဲ ပထမဆုံးတွေ့ကြုံဖြတ်သန်းနေသည့်အခါ သိမှုဖွဲ့စည်းပုံ (သို့) ရှုပ်ထွေးသော သိမှုဖွဲ့စည်းပုံကို တည်ဆောက်ခြင်းသာဖြစ်ပြီး ဝမ်းနည်းခြင်းဟူသော အသုံးအနှုန်းဖြင့် သုံးစွဲနားလည်ကြခြင်းသာဖြစ်သည်။ ယခုရေးသားခဲ့သော ဖြစ်စဉ်များသည် ဦးနှောက်သိပ္ပံဆိုင်ရာဖြစ်စဉ်များဖြစ်သည်။ ငိုကြွေးခြင်းနှင့်ရယ်မောခြင်း၏ နောက်ကွယ်ရှိ လူသားတို့၏ခန္ဓာကိုယ်အလုပ်လုပ်ပုံများဖြစ်သည်။ ထို့ကြောင့် မူလတန်းကြို ကလေးတစ်ဦးပထမဆုံးကျောင်းလာအပ်သောနေ့ကို လေ့လာကြည့်လျှင် (၃) နှစ်အရွယ်ကလေးငယ်၏စိတ် (သို့) ဦးနှောက်တွင်းသိမှု အခြေခံ အားဖြင့် တစ်မျိုးသာရှိသေးသည်။ ၎င်းတို့မှာ ၎င်းနေထိုင်သော အိမ်နှင့် အိမ်သားများပင်ဖြစ်၏။ ထိုမှလွဲ၍ (၃) နှစ်သား၏စိတ်တွင် (သို့) ဦးနှောက်တွင် အခြားဖွဲ့စည်းပုံများမရှိသေး။ ထို့ကြောင့် (၃) နှစ်သားကလေးအား မူကြိုသို့ ခေါ်ဆောင်လာသောအခါ ၎င်း၏ဒုတိယကမ္ဘာဖြစ်လာမည့် ကျောင်းနှင့်ကျောင်း ပတ်ဝန်းကျင်ရှိ ရှိရှိသမျှ အရာအားလုံးကို ၎င်း၏ဦးနှောက်တွင် သိမှုဖွဲ့စည်းပုံများအဖြစ် ၎င်း၏ ခန္ဓာကိုယ်က မှတ်တမ်းတင်ရတော့မည်ဖြစ်၍ မူကြိုတက်ခါစ ပထမဆုံးနေ့သည် (၃) နှစ်သားကလေးအတွက် သိမှုဖွဲ့စည်းပုံများစွာကို အချိန်တိုတိုအတွင်း တည်ဆောက်ရမည်ဖြစ်၍(၃)နှစ်သားကလေးအတွက် နေ့စဉ်သာမန်လိုအပ်သော အောက်စီဂျင်နှင့် သကြားဓာတ်များ ပို၍လိုအပ်မည်မှာ သေချာ၏။ ထို့ကြောင့် (၃) နှစ်သားကလေးငယ်တို့ မူကြို၏ ပထမနေ့တွင် ကလေးအများစု ငိုကြွေးကြခြင်းဖြင့် ပတ်ဝန်းကျင်သစ်ကို သိအောင်လုပ်ကြသည်။ မူကြိုကျောင်း၏ ပတ်ဝန်းကျင်

အသစ်ကို သိမှုဖွဲ့စည်းပုံများအဖြစ် တည်ဆောက်ခြင်း မပြီးမချင်း ငိုခြင်းမရပ်။ ထပ်ထပ်ငို၏။ ထို့ကြောင့် ယခုရေးသားခဲ့သော ခန္ဓာကိုယ်အလုပ်လုပ်ပုံကို နားလည်သောဆရာများက ကလေးများ မည်သည့်အတွက်ကြောင့် ငိုကြွေးသည် ကိုသိ၍ စိတ်မပူ။ သိမှုဖွဲ့စည်းပုံသည် ၎င်းတို့အတွက် များပြားရှုပ်ထွေးသော ကြောင့်သာ ငိုကြွေးခြင်းဖြင့် အောက်စီဂျင်ရယူခြင်းသာဖြစ်၍ သိမှုဖွဲ့စည်းပုံများ ပြီးပြည့်စုံသွားလျှင် အငိုရပ်သွားမည်ကိုသိ၍ တအားမချော့။ ငိုကြွေးခြင်း (သို့) အောက်စီဂျင်ရယူရန် လိုအပ်ချက်များကိုသာ တတ်နိုင်သရွေ့ လျော့ပေါ့လာစေရန် ဆောင်ရွက်ကြသည်။ ထို့ကြောင့် မူကြို၏ပထမဆုံးနေ့တွင် လိုက်လိုက်လျောလျော ဖေးမခြင်းမှလွဲ၍ (သို့) ဖွဲ့စည်းပုံများ တည်ဆောက်ပြီးစီးချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းခြင်း၊ ကုန်လွန်စေခြင်းဖြင့် ၎င်းနေ့ရက်များကို ကျော်လွန်သည်။ ထို အချိန်၌ ကလေးများအား ပျော်ရွှင်စရာများ ဖန်တီးပေးပါက ပျော်ရွှင်စရာအတွေ့ အကြုံကိုလည်း ထပ်မံမှတ်တမ်းတင်ရန် အောက်စီဂျင်ပို၍လိုအပ်လာမည့်အပြင် မူလပြဿနာဖြစ်သည့် ပတ်ဝန်းကျင်စိမ်း၊ လူစိမ်း၊ သူငယ်ချင်းအစိမ်းများကို သိမှုဖွဲ့စည်းပုံများသည် ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ ရယ်စရာများကိုလည်း မှတ်တမ်းတင်ရန်ဖြစ်လာပါက ကလေး၏ဦးနှောက်အတွင်း ပို၍ဝန်ပိုသွား မည်ဖြစ်၍ မူကြိုပထမနေ့တွင် ကလေးများကို ပျော်စရာများဖန်တီးပေးရန် မလိုကြချေ။ အောက်စီဂျင်လိုအပ်မှုကို လျှော့ချပေးနိုင်လျှင် ငိုကြွေးမှုပြင်းထန်ခြင်း ပိုလျော့လာမည်ဖြစ်သည်။ ထို့ကြောင့် အတန်းတွင်းတွင်သာ ထိုင်နေနိုင်အောင် ကြိုးစားခြင်း (သို့) ပုံမှန်အတိုင်းတွင် လူတို့သည် ထိုသို့မကြုံတွေ့လိုသည်များ (သို့) ပင်ပန်းခက်ခဲသည်များ ကြုံတွေ့သည့် အခါ (သို့) အသစ်အသစ်သော အတွေ့အကြုံ တို့ကို စသိရသည့်အခါ (သို့) သိမှုဖွဲ့စည်းပုံ မှတ်တမ်းပြုရသည့်အခါ၊ လုံခြုံမှုမရှိဟု ခံစားရသည်။ သို့ဖြစ်၍ မလုံခြုံဟုခံစားရသော လူတိုင်း၏ ပုံမှန်တုံ့ပြန်ချက်မှာ အရင်ဆုံး ပြန်လည်လုံခြုံရန်ကြိုးစားခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ (၃) နှစ် ကလေးငယ်သည် မူကြိုပထမနှစ် စာသင်ခန်းထဲတွင် သိရန်ဖြစ်စဉ် သိစရာများ များလာသောအခါ ၎င်း၏ဦးနှောက်တွင်း၌ မလုံခြုံဟူသော သိမှုပေါ်ပေါက် လာသည် (သို့) ကြောက်လန့်စိတ်ပေါ် ပေါက်လာ၏။ သို့ဖြစ်၍ ထိုမလုံခြုံသော (သို့)ကြောက်လန့်ခြင်းကို လျော့ပါးစေရေးအတွက် ၎င်း၏ခန္ဓာကိုယ်မှ ကြိုးပမ်းချက် အနေဖြင့် ထိုစာသင်ခန်းထဲမှထွက်ရန် ကြိုးစားရန်သာဖြစ်သည်။ ထိုအခြေအနေတွင်

ဆရာတို့က လိုက်လျောပေးလိုက် စာသင်ခန်းတွင်းသို့ ပြန်ခေါ်လာလိုက် ဝင်လိုက်ထွက်လိုက်ဖြင့် အလိုက်အထိုက်တွေ့ထိမှုပေးခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ဝင်လိုက်ထွက်လိုက် လုပ်ပေးခြင်းသည် သိမှုအသစ်များကို တည်ဆောက်လိုက်၊ ပင်ပန်းသွားသောအခါ နောက်တစ်မျိုးပြောင်းလိုက် (**Subject** ပြောင်းခြင်း) ပြုလုပ်ပေးခြင်းဖြင့် အချိန်တစ်ခုအတွင်း သိမှုများပြည့်စုံအောင် တည်ဆောက်ပြီးဖြစ်မည်။ ထိုကဲ့သို့ သိမှုဖွဲ့စည်းပုံ တည်ဆောက်ခြင်းကာလသည် လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံ အမျိုးမျိုးအရ တစ်ဦးနှင့်တစ်ဦး မတူကြ။ ၎င်းကို အင်္ဂလိပ်လို **Adaptability** ဟုဆိုသည်။ တချို့၏ **Adaptability** သည် မြန်၏။ တချို့၏ **Adaptability** သည် အချိန်ယူ၏။ **Adaptability** သည် သိမှုတည်ဆောက်ခြင်းကြာမြင့်ချိန်ပင်ဖြစ်သည်။

## ကဏ္ဍ (၂)
## လူနှင့် လူ့ပတ်ဝန်းကျင် အပြန်အလှန်အကျိုးသက်ရောက်ပုံ

လူတို့၏ပတ်ဝန်းကျင်သည် လူတို့ကိုလွှမ်းမိုးလေ့ရှိသည်။ လူသည် ၎င်း၏ပတ်ဝန်းကျင်၏ သွန်သင်ပုံသွင်းမှုကို ခံယူကြရသည်။ ရှုန်းထွက်၍ မရ။ မိမိနေသောပတ်ဝန်းကျင်တွင်သုံးခဲ့သော ဘာသာစကားသည် မိမိ၏ ဘာသာစကားဖြစ်လာသည်။ မိမိ၏ပတ်ဝန်းကျင်တွင် ရှိသူများ၏ လုပ်ပုံကိုင်ပုံများသည် မိမိကိုလွှမ်းမိုးထားပြီး မိမိကိုယ်တိုင်လည်း ဒီပုတ်ထဲက ဒီပဲဖြစ်လာသည်။ ထိုပတ်ဝန်းကျင်နှင့်နေထိုင်ရင်း ပတ်ဝန်းကျင်ကပေးသောအကျင့် (သို့) အပြုအမူများ လုပ်တတ်လာသည်။ ထိုအပြုအမူများကို ပတ်ဝန်းကျင်မှရယူကြရာတွင် ကိုယ်တိုင်လုပ်နိုင်သောအလုပ်များ အပြုအမူများ၊ ပြောပုံဆိုပုံများရှိသလို ကိုယ့်ထက်ပို၍ကျွမ်းကျင်သောသူများ၏ ကူညီမှုရမှလည်း လုပ်နိုင်လာသည်။ လုပ်ငန်းများလည်းရှိလာသည်။ မိမိထက်ပို၍ ကျွမ်းကျင်သောသူများက ကူညီပေးမှုကို ငြမ်းဆင်ခြင်းဟုခေါ်သည်။ မိမိကိုယ်တိုင်လုပ်နိုင်သော အစွမ်းအစနှင့် သူများအကူအညီပေးမှ လုပ်နိုင်သော အစွမ်းအစတို့ ၏ ကွာဟချက်ကို ဖွံ့ဖြိုးမှုချက်မရပ်ဝန်းဟုခေါ်သည်။ အင်္ဂလိပ်လို (**Zone of Proximal Development**) ဟု ခေါ်သည်။ ထို့ကြောင့် လူငယ်တို့အား လူကြီးတို့မှ ကူညီခြင်းကို ငြမ်းဆင်ခြင်းဟု တင်စား၍ခေါ်လျှင် ငြမ်းဆင်ပေးရာ၌ ဆင်ပုံဆင်နည်း ပေါ်တွင်မူတည်၍ အဆိုးအကောင်းတို့ မတူကွဲပြားစွာဖြစ်ပေါ်၏။ ငြမ်းဆင်မှားလျှင် ငြမ်းကိုဖျက်၍မရဖြစ်တော့သည်။

ငြမ်းဆင်မှန်လျှင် ကူညီခြင်းလုပ်ငန်း ပြီးမြောက်သည်နှင့် ငြမ်းပြန်ဖြုတ်၍ရသည်။ ဘုရားစေတီတို့သည် ငြမ်းမပါမှ ကြည်ညို၍ သပ္ပာယ်သည်။ ကျောင်းသားတို့သည်လည်း ကိုယ်ကိုယ်တိုင် ကိုယ့်ကိုယ်ကို အားကိုးနိုင်ပါမှ ဘဝတွင်အောင်မြင်မည်။ ဤနိယာမကို Vygotsky Theory ဟုခေါ်သည်။ Vygotsky Theory သည် လူသားတို့ဘဝတွင် လိုအပ်သော လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု သင်ယူရာ၌ အသုံးဝင်သည်။ မှန်ကန်သော ငြမ်းဆင်မှုပေးနိုင်ပါက မိမိတို့ ပုံမှန်သဘာဝ လုပ်နိုင်သည် ထက်ပိုသော ကျွမ်းကျင်မှုကို ရယူနိုင်မည်ဖြစ်၍ လူတို့သည် လူ့ပတ်ဝန်းကျင်၏ အထောက်အပံ့ဖြင့် ရရှိကြသော၊ ရရှိလာကြသော ကျွမ်းကျင်မှုများကို အခြေခံ၍ မိမိထက်ပို၍ ကျွမ်းကျင်သောသူများ၏ကူညီပြသမှုဖြင့် ပို၍မြင့်မားသော အဆင့်မြင့်ကျွမ်းကျင်မှုကို ရရှိလာနိုင်မည်ဖြစ်သည်။

ထိုသို့ရရှိလာနိုင်သော ကျွမ်းကျင်မှု (Skills) နှင့် ကျောင်းပညာရေး လေ့ကျင့်စဉ်များမှ ရရှိလာမည့် အသိဉာဏ်စုံ (Multiple Intelligences) တို့ တွဲဖက် အလုပ်လုပ်သောအခါ Emotional Intelligence ခေါ် စိတ်လှုပ်ရှားမှုများကို ထိန်းကျောင်းလာနိုင်သည့်အသိဉာဏ် (သို့) ပြင်းထန်သောစိတ်လှုပ်ရှားမှုများ ကြုံတွေ့နေရစဉ်ပင် အသိဉာဏ်များရှိနေဆဲ၊ အလုပ်လုပ်နေဆဲ အဆင့်ကို ရောက်ရှိလာမည်ဖြစ်သည်။ ရောက်ရှိအောင် အဆင့်ဆင့်လေ့ကျင့်ကြရမည်။ ပညာရေး၏ အနှစ်သာရပင်ဖြစ်သည်ဟု ယုံကြည်သည်။ ထိုမှတစ်ဆင့် (သို့) ထိုသို့ စိတ်လှုပ်ရှားမှုများကို ထိန်းကျောင်းနိုင်လာလျှင် (သို့) ဉာဏ်ရှိလာလျှင် (သို့) စဉ်းစားနိုင်လာလျှင် အလုပ်နှစ်ခုလုပ်နိုင်လာ၏။ (၁) မိမိစိတ်ကို မိမိအတိုင်းအတာတစ်ခုအထိ ထိန်းကျောင်းနိုင်လာသည်။ (၂) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်သည် (သို့) လူ့ပတ်ဝန်းကျင်ကလိုအပ်သော ဝန်ဆောင်မှုများ လုပ်ပေးလာနိုင်သည်။ ထိုမှ ကျန်းမာသော ချမ်းသာသော၊ နေထိုင်မှုဘဝပုံစံ ရရှိလာမည်ဖြစ်သည်။

## ကဏ္ဍ (၃)

## လူသားစိတ္တဗေဒပညာကိုအသုံးပြု၍ ပြုပြင်ရရှိသော အပြုအမူများ Behavioral Theory

လူ့ခန္ဓာကိုယ်၏ ဖွဲ့စည်းအလုပ်လုပ်ပုံကို ဆရာများလေ့လာကြရန်လိုသည်။ ထိုမှ လူ့ခန္ဓာကိုယ်နှင့် လိုက်လျောညီထွေသော သင်ကြားမှု၊ သင်ယူမှု စီမံချက်များ

ရေးဆွဲရာ၌ လူတို့နှင့်အဆင်ပြေသည့် နည်းစနစ်များကို ပုံစံပြုနိုင်သည်။ ယနေ့ခေတ်၏ ပညာရေးလေ့ကျင့်စဉ်အား ပုံစံပြုရာ၌ မိရိုးဖလာလုပ်နည်းလုပ်ဟန်များ၏နောက်ကွယ်တွင် လူ့ခန္ဓာကိုယ်၏ တုံ့ပြန်မှုများ၊ လက်ခံမှု၊ လက်မခံမှုများအားလုံးကို သိရှိအောင်လေ့လာနိုင်မှသာ ပိုမိုကောင်းမွန်သော သင်ကြားမှု၊ လေ့ကျင့်မှု၊ နည်းစနစ်များရရှိလာမည်ဖြစ်သည်။ အလကားအချိန်ဖြုန်းတီးခြင်း (သို့) အချိန်ပြုန်းတီးမှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။ လူ၏ လုပ်ပုံကိုင်ပုံ (သို့) လူ့ခန္ဓာကိုယ်၏ အလုပ်လုပ်ပုံတို့အား လေ့လာရာတွင် လူတို့၏အပြုအမူ နိယာမ (သို့) Behavioral Theory (သို့) Behaviorism Theory သည် စိတ်ဝင်စားစရာနှင့်ဆရာတို့ကောင်းစွာအသုံးချနိုင်သော နိယာမတစ်ခုဖြစ်သည်။ Behaviorism Theory အား လေ့လာသူများစွာရှိသော်လည်း အခြေခံသိရန် အနည်းငယ်ထုတ်နှုတ်ဆွေးနွေးလိုသည်။ ထိုအပြုအမူ နိယာမတွင် အခြေခံ (၂) ပိုင်းရှိသည်။ တစ်ပိုင်းမှာ Classical Conditioning ဟု ရေးသားသော ဖြစ်နေကျမိရိုးဖလာပြုပြင်တုံ့ပြန်မှုများဖြစ်၍ Conditioning ဆိုသည်မှာ ပြုပြင်ပြောင်းလဲခြင်းဟူ၍သိထားနိုင်သည်။ အပြုအမူကို ပြုပြင်ခြင်းတို့ဖြစ်စေအောင် ပံ့ပိုးခြင်း၊ အထောက်အပံ့ပြုခြင်းကို ဆိုလိုသည်။ ထို Classical Conditioning ကို လေ့လာရာတွင်လူသိများသော ပုဂ္ဂိုလ်မှာ Pavlov ဖြစ်၏။ သို့ဖြစ်၍ ၄င်းနိယာမကို ညွှန်းဆိုရာ၌ Pavlov's Classical Conditioning ဟုရေးသားကြသည်။ ယခုရေးသားရာ၌ PCC ဟု အတိုကောက် ရေးသားမည်။ PCC တွင် ဖွင့်ဆိုခြင်းမှာ ခွေးတစ်ကောင်အားအသားတုံးတစ်တုံးပြသော် ခွေးသည် သွားရည်ကျလာမည်။ ထိုဖြစ်စဉ်တွင် ခွေးအားသွားရည်ကျစေသော လှုံ့ဆော်ချက်မှာ အသားတုံးဖြစ်သည်။ အသားတုံးသည်လှုံ့ဆော်ချက်ဖြစ်ပြီး သွားရည်ကျခြင်းသည် ထိုလှုံ့ဆော်ချက်ကြောင့်ဖြစ်သောတုံ့ပြန်မှုဟုဆိုသည်။ ၄င်းဖြစ်စဉ်သည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်၍ ၄င်းအား ဖြစ်ရိုးဖြစ်စဉ် (သို့) ပြုပြင်ဖန်တီးစရာမလိုသော လှုံ့ဆော်မှုအဖြစ် အင်္ဂလိပ်စကား Unconditioned အားအသုံးပြု၍ အသားတုံးသည် Unconditioned Stimulus ဟုရေးသည်။ US ဟုရေးသည်။ ခွေး၏သွားရည်ကျမှုသည် မပြုပြင်မဖန်တီးဘဲ သဘာဝအတိုင်းဖြစ်သော အမဲသားတုံးကိုကြည့်၍ သွားရည်ကျခြင်းဖြစ်သောကြောင့် ၄င်း၏သွားရည်ကျခြင်းသည် Unconditioned Response ဟုရေးသည်။ သို့သော် Pavlov က တစ်နေ့တွင် အသားတုံးကိုမပြခင် ခေါင်းလောင်းတစ်လုံးအား ယူဆောင်လာပြီး ခေါင်းလောင်းကိုထိုးပြီးမှ လှုပ်ရမ်းအသံပြုပြီးမှ အသားတုံးကိုပြပြီး သွားရည်

ကျစေသည်။ ဤသို့အကြိမ်များစွာ ဆောင်ရွက်ပြီးသည့်အခါ ထိုခွေးသည် ခေါင်းလောင်းထိုးသံကြားသည်နှင့် သွားရည်ကျလာသည်ကို တွေ့ရသည်။ ထိုဖြစ်စဉ်တွင် ခေါင်းလောင်းသည်သွားရည်ကျမှုကို သဘာဝ အတိုင်းဖြစ်စေနိုင်သော လှုံ့ဆော်မှုမဟုတ်သော်လည်း သွားရည်ကျအောင်လုပ် ဆောင်နိုင်လာသည်။ စိုးမိုးလာသည်။ ခွေးအပေါ် (သို့) ခွေး၏ အပြုအမူပြောင်းလဲလာသည်ကို ဖော်ပြသည်။ ထို့ကြောင့် ခေါင်းလောင်းသည် ပြုပြင်ထားသော လှုံ့ဆော်မှု (သို့) Conditioned Stimulus ဖြစ်လာသည်။ ထိုခေါင်းလောင်းသံကြောင့် ဖြစ်လာသော သွားရည်ကျမှုသည် ပြုပြင်ဖန်တီးချက်ကြောင့်ဖြစ်လာသော ဖြစ်စဉ်ဖြစ်၍ ၎င်းတုံ့ပြန်ချက်ကို Conditioned Response ဟုခေါ်သည်။ ပြုပြင်စီမံထားမှုကြောင့် ဖြစ်လာသော တုံ့ပြန်မှုဟု ဆိုလိုသည်။ ကောက်ချက်အဖြစ် နိယာမကဆိုသည်မှာ သတ္တဝါတို့၏ အပြုအမူ (Behavior) ကိုပြုပြင်၍ ရသည်ဟူ၍ပင်ဖြစ်သည်။ ဤသည်တို့မှာ Pavlov ၏ Classical Conditioning ပင်ဖြစ်သည်။ ဒုတိယတစ်ခုဖြစ်သည့် အပြုအမူပြုပြင်မှုနိယာမဟုဆိုသော Behavioral Conditioning (သို့) Operant Conditioning ကဆိုသည်မှာ သတ္တဝါတိုင်း မည်သည့်အရာအပြုအမူကို လုပ်လုပ် ၎င်းအပြုအမူအား အပြစ်တင်ပါက သတ္တဝါတို့သည် ဆက်၍လုပ်လိုခြင်း နည်းပါးလာပြီး အကယ်၍ ၎င်းအပြုအမူအား ဂုဏ်ပြုအားပေးပါက ၎င်းတို့သည် ၎င်းအပြုအမူကို ဆက်လက်လုပ်ကိုင်စေရန် အထောက်အပံ့ပြုသည်ဟုဖြစ်သည်။ ၎င်းနိယာမသည်လည်း လူနှင့်သတ္တဝါတို့၏ အပြုအမူကို ပြုပြင်၍ရသည်၊ ထိန်းကျောင်း၍ရသည်ဟုဆိုသည်။ အပြုအမူဆိုင်ရာ နိယာမတို့ကို လက်တွေ့နယ်ပယ်အသီးသီး၌ အသုံးပြုကြရာတွင် တိုက်ရိုက်အသုံးပြုသော နည်းစနစ်များရှိသလို သွယ်ဝိုက်အသုံး ပြုသည်များလည်း ထိရောက်ပါသည်။ နိယာမကို ကောင်းစွာကြေညက်ထားသည့်နောက် စာသင်ခန်းနှင့်ပတ်ဝန်းကျင် အခြေအနေများကို ခြုံငုံသုံးသပ်အား ပြည့်စုံကောင်းမွန်လာမည်ဖြစ်သည်။ ဥပမာ အိမ်ပတ်ဝန်းကျင်နှင့်တူသော စာသင်ခန်း (သို့) သဘာဝ ပတ်ဝန်းကျင်များနှင့် လေ့လာခြင်းကိုပြုခြင်းတွင် သဘာဝပတ်ဝန်းကျင်သည် Conditioned Stimulus ဖြစ်လာပြီး စာဖတ်လေ့လာခြင်း အကျင့်သည် Conditioned Response ဖြစ်လာမည်။ စာဖတ်လေ့လာခြင်းအကျင့်ကို တစ်သက်တာလုံး ရရှိလာစေရန် လေ့ကျင့်ပေးခြင်းဖြစ်သည်။

# လက်ရှိစာမေးပွဲစနစ်နှင့် စာသင်သား အရည်အသွေးစစ်ဆေးခြင်း

အသိဉာဏ်ပါရှိလာအောင် အခြေခံပညာကျောင်းများတွင် လေ့ကျင့်ပေးမှု ပျက်ကွက်ပြီး လေ့ကျင့်ရာတွင် အသုံးပြုသော အကြောင်းပြချက်များကို အလွတ်ကျက်မှတ်စေပြီး စာမေးပွဲစစ်သည့်အခါ အလွတ်ကျက်မှတ်ထားသည်များထဲမှပင် ပြန်လည်ရွေးထုတ်ဖြေဆိုစေခဲ့လျှင် ဤစာမေးပွဲပုံစံသည် အသိဉာဏ်များ မည်မျှဖြစ်တည်ပြီးဖြစ်သည်ကို ဆန်းစစ်သောစာမေးပွဲမဟုတ်တော့ဘဲ ကျက်မှတ်ထားသော အကြောင်းပြချက်များအား မည်မျှမှတ်မိသည်ကို စစ်ဆေးသော မှတ်ဉာဏ်စစ်ဆေးသည့် Memory Test သာဖြစ်တော့သည်။ သို့ဖြစ်၍ စာမေးပွဲပုံစံများသည် Memory Test လည်း ပါသင့်သလောက်ပါမည်ဖြစ်ပြီး အခြားအသိဉာဏ်ဆန်းစစ်ခြင်းဆိုင်ရာ မေးခွန်းပုံစံ၊ စစ်ဆေးခြင်းပုံစံ၊ အကဲဖြတ်ခြင်းပုံစံများစွာဖြင့် မိမိတို့၏ စာသင်သားများ၏ စိတ်သဏ္ဍာန်အတွင်း ဖြစ်တည်နေသည့် အသိဉာဏ်တို့နှင့် ၎င်းအသိဉာဏ်တို့ကို အခြေခံသုံးစွဲ၍ ပြောင်းလဲလာသော စာသင်သားတို့၏ ပုံသဏ္ဍာန်၊ အပြုအမူ၊ အတွေးအခေါ်၊ အယူအဆ၊ အဆုံးအဖြတ်စသည့် လူတိုင်း၏ဘဝအတွက် အသုံးတည့် အရေးပါသည့် အရည်အသွေးများ ရပြီးဖြစ်မဖြစ် ဆန်းစစ် စောကြောနိုင်မှသာ အနှစ်သာရရှိသော စာမေးပွဲပုံစံဖြစ်လာမည်ဖြစ်သည်။ ကျောင်းသားတို့၏ အရည်အသွေးများဖြစ်သော စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာ (၃)ပါးစလုံးကို မိမိတို့လူ့ဘောင်အသိုင်းအဝိုင်းတွင် လိုအပ်သော စံနှုန်းများအခြေခံအားဖြင့် ဖြစ်တည်မှုရှိမရှိကို စစ်ဆေးတိုင်းတာရာတွင် ရေးဖြေစာမေးပွဲ တစ်ခုတည်းဖြင့် ဦးတည်စစ်ဆေးပြီး၊ ကျောင်းသားတို့ စိတ်ဓာတ်၊ စည်းကမ်းနှင့်ပညာ ပြည့်စုံခြင်းရှိမရှိ အဆုံးအဖြတ်ပြုရွေးချယ်ပါက မရနိုင်ပါ။ ယနေ့ကျောင်းသားများ ဖြေကြရသော အတန်းတင်စာမေးပွဲတို့တွင် စည်းကမ်းရှိမရှိ စစ်ဆေး၍မရ။ ဤကျောင်းသား၏ စိတ်ဓာတ်ကောင်းမွန်ခြင်း ရှိမရှိကို စစ်ဆေးနိုင်ခြင်းမရှိပါ။ စဉ်းစားနိုင်သည့် စွမ်းရည်အနည်းငယ် (၂၀) ရာခိုင်နှုန်းခန့်နှင့်ကျန် (၈၀)ရာခိုင်နှုန်းမှာ အလွတ်ကျက်ထားသည့်စာများ ပြန်လည်မှတ်မိခြင်း၊ မမှတ်မိခြင်းကိုသာ စစ်ဆေးနိုင်သည်ဖြစ်၏။ ကောင်းကောင်းမှတ်မိသူများ သူကောင်းအပြုခံရသည်။ သို့သော် ၎င်းကဲ့သို့ချီးကျူးခြင်းခံရသော သူများ စိတ်ဓာတ်ကောင်းမကောင်း ရေးဖြေစာမေးပွဲများက ဖော်ထုတ်ပေးနိုင်ခြင်းမရှိ၍ ထိုပုဂ္ဂိုလ်များ၏ အနာဂတ်တိုင်းကျိုးပြည်ပြု လုပ်ကြရာတွင် ပါဝင်လာမည့် နိုင်ငံအပြုအင်အားများဖြစ်လာရန် မသေချာ။ စည်းကမ်းရှိ

မရှိကိုလည်း ရေးဖြေအတန်းတင်စာမေးပွဲများမှ ဖော်ထုတ်နိုင်စွမ်းမရှိ၍ ကျောင်းသားများ၏ အရည်အသွေး (၃)ပါးဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာတို့ကို တိုင်းပြည် လိုအပ်ချက်အရ ဖြစ်ရမည့်၊ ရှိရမည့်အတိုင်း အတာရှိမရှိ စစ်ဆေးနိုင်ရန် ရေးဖြေစာမေးပွဲကိုသာ အားကိုးသော (Exam - Oriented) အကဲဖြတ်စံနှုန်းအစား ခေတ်သစ်ပညာရေးစနစ်တွင် အသုံးပြုအကဲဖြတ်ကြသော စစ်ဆေးနည်းများအသုံးပြုပါမှ ကျောင်းသားတို့၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာတို့ကို ကောင်းစွာထုတ်ဖော်သိရှိ နားလည်နိုင်ပြီး လိုအပ်ချက်များရှိပါက ပညာရေးကဏ္ဍ တာဝန်ယူသူတို့ နှစ်စဉ်လိုအပ်သောပြောင်းလဲမှုများဖြင့် လမ်းမှန်ပြန်တည့် ပေးခြင်းဖြင့် ပြည်ထောင်စုအတွက် အပြုသဘောအင်အားများ များပြားလာမည် ဖြစ်သည်။ ထို့ပြင် စာမေးပွဲဖြင့် စစ်ဆေးဆုံးဖြတ်သောစနစ်သည် ကျောင်းသားတို့၏ ကာယ ဖွံ့ဖြိုးမှုနှင့် အသိဉာဏ်များ တိုးတက်ဖွံ့ဖြိုးမှုတို့ကိုလည်း စစ်ဆေးနိုင်ခြင်း မရှိသည့် နည်းစနစ်များ ဖြစ်သည်။

ခေတ်သစ်ပညာရေးစနစ်တွင် ရေးဖြေစာမေးပွဲကိုလည်းမပစ်ပယ်၊ အခြားသောနည်းများဖြင့်လည်း ကလေးတို့၏ အရည်အသွေးများကို နေ့စဉ်စစ်ဆေးသည်။ လေ့လာသည်။ ၎င်းအရည်အသွေးတို့မှာ ကလေးတို့၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများ (Mental Development)၊ ခံယူတွေးခေါ်မှုဆိုင်ရာ တိုးတက်မှုများ (Moral Development)၊ ကာယဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ (Physical Development)၊ အသိဉာဏ်ပိုင်းဖွံ့ဖြိုးတိုးတက်မှု ( Intellectual Development) နှင့် ရသခံစားခြင်းဖွံ့ဖြိုးမှု (Aesthetic Development) ဖြစ်ကြပါသည်။ ၎င်းအရည် အသွေးတို့အား အပိုင်းကဏ္ဍအလိုက် ခွဲခြားစစ်ဆေးကြရန်လိုသည်။ ခဲတံ၊ စာရွက်နှင့်ဖြေရသော စာမေးပွဲများသည် ဖော်ပြပါအရည်အချင်းအားလုံးကို စိစစ် ဖော်ထုတ်နိုင်စွမ်းမရှိပါ။

ယခုတိုင်းပြည်တွင် လူသားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေကြသော ခေါင်းဆောင်များ အများစုသည် ငယ်စဉ်က ထိုခေတ်စနစ်ဟောင်းက အရည်အချင်းနည်းသူများအုပ်စုတွင် ထည့်သွင်းခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်သည်။ ၎င်းတို့တွင် Mental, Moral, Physical, intellectual, Aesthetic Development များရှိခဲ့သော်လည်း ရေးဖြေတွင် ကောင်းမွန်စွာမလုပ်ခဲ့၍ လူညံ့စာရင်း

ဝင်ခဲ့ရသော်လည်း ယနေ့ခေတ်စနစ်သစ်၏ပေတံဖြင့်တိုင်းလျှင် လူတော်များ ဖြစ်ကြ၍ ယနေ့လုပ်ငန်းကြီးများတွင် ဦးဆောင်နေကြခြင်းဖြစ်ကြသည်ကို တွေ့ရ၏။

သို့ဖြစ်၍ ရေးဖြေစာမေးပွဲဖြင့် ကျောင်းသားတို့၏ အရည်အသွေး စစ်ဆေးခြင်းသည် လွန်စွာ ဟောင်းနွမ်းနေပြီဖြစ်သော စက်မှုပုံစံပညာရေးစနစ်၏ လက်ကျန်ဆိုးမွေပင်ဖြစ်သည်။ မျက်မှောက် ခေတ်တွင် ခေတ်သစ်ပညာရေးစနစ်၏ အရည်အချင်းစစ်ဆေးနည်းများကိုသာ လေ့လာကြပြီး လက်တွေ့အသုံးချ ရွေးချယ်မည်ဆိုပါက ဆေးတက္ကသိုလ်များတွင် တကယ့်ဆရာဝန်များရောက်လာ ကြမည်။ တကယ့် ဆရာဝန်ဆိုသည်မှာ တကယ်ဆေးကုတတ်သော၊ တကယ် ဆေးကုနေသော၊ တကယ်ဆေးကုနိုင်သော ဆရာဝန်ကို ဆိုလိုသည်။ အင်ဂျင်နီယာ ကျောင်းများတွင် တကယ့် အင်ဂျင်နီယာများရောက်လာ ကြမည်ဖြစ်သည်။ တကယ့် အင်ဂျင်နီယာဆိုသည်မှာ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သော အင်ဂျင်နီယာ များကိုဆိုလိုသည်။

## Summative Assessment နှင့် Formative Assesement ဆိုသည်မှာ

ထို့အပြင် စာမေးပွဲများစစ်ဆေးခြင်းနှင့်ပတ်သက်၍ စာမေးပွဲများအား မည်သို့မည်ပုံဆင်ယင်၍ စစ်ဆေးရန်ပုံစံကိုပါ နားလည်သဘောပေါက်လာမည်။ စာမေးပွဲစစ်ဆေးခြင်းဟူသော ပြန်လည်သုံးသပ်နိုင်ရန် (သို့) မည်ရွေ့မည်မျှ လေ့ကျင့်ပြီးဖြစ်သည်ကို ပြန်လည်စောကြောနိုင်ရန် စစ်ဆေးခြင်းကိုပြုရခြင်း ဖြစ်သည်။ သို့မှသာ ကျောင်းသား၏ပုံရိပ်ကို ဖော်ရာတွင် အနီးစပ်ဆုံး မှန်ကန်မည်။ စာမေးပွဲစစ်ဆေးခြင်းမှ သိမှုအားလုံးနှင့် လေ့ကျင့်မှုပမာဏတို့ကို အလုံးစုံသိရန် မဖြစ်နိုင်ပါ။ ရာနှုန်းတစ်ခု ခန့်မှန်း၍ ရနိုင်လာသည့်အခြေအနေကိုသာ ဆရာတို့ ပံ့ပိုးပေးနိုင်သည်။ စာမေးပွဲများ စစ်ဆေးပုံအခြေခံအားဖြင့် (၂)မျိုး ရှိသည်။ ထိုမှ အခြေပြု၍ (၃)စားခွဲခြားနိုင်သည်။ အခြေခံ (၂)မျိုးမှာ Summative Assessment (SA) ခေါ် လေ့ကျင့်မှု ပြီးဆုံးချိန်တွင် စစ်ဆေးသော စစ်ဆေးပုံနှင့်၊ Formative Assessment (FA) (ခေါ်) ပုံပြုရင်းစစ်ဆေးပုံသွင်းရင်း စစ်ဆေးပုံ ဟူ၍ ရှိပါသည်။ SA ပေါင်းချုပ်စစ်ဆေးခြင်းတွင် Tutorial Test များနှင့် Written Test များအားလုံး ပါဝင်ကြသည်။ Mid-term Test လည်းပါသည်။ Final Test

လည်းပါသည်။ ၄င်းတို့မှာကာလတစ်ခုအတွင်း သင်ကြားလေ့ကျင့်ပေးခဲ့သော လေ့ကျင့်စဉ်များမှ ရလဒ် (သို့) ၄င်းလေ့ကျင့်စဉ်တွင် (သို့) လေ့ကျင့်စဉ်ကြောင့် လူတို့တွင်ရရှိလာသည့် လက္ခဏာများကို ဆွဲထုတ်ကြည့်ရှုနိုင်ရန် ရည်ရွယ်သည့် ရေးခြင်း၊ ပြောခြင်းတို့ကို ကြားနာစစ်ဆေးခြင်းဖြင့် ရလဒ်လက္ခဏာများကို အထောက်အထားရယူပြီး ၄င်းအထောက်အထားများပေါ်တွင် အခြေပြု၍ ထိုသူသည် မည်မျှလေ့ကျင့်ပြီးဖြစ်မည်ကို ကောက်ချက်ဆွဲသုံးသပ် ဆုံးဖြတ်ရန်ဖြစ်သည်။ ဥပမာ ရူပဗေဒဘာသာကိုအသုံးပြု၍ စဉ်းစားမှုပြုရာ၌ ထိုကျောင်းသားသည် မည်မျှစဉ်းစားထားသည်ကို ဖော်ထုတ်နိုင်ရန်အတွက် ရူပဗေဒဘာသာကို ကျောင်းသားကအသုံးပြု၍ စဉ်းစားခြင်းလုပ်ငန်းကို မကြာခဏ မှန်မှန်ပြုလုပ်နေပါက ထိုကျောင်းသား၏ လက္ခဏာတွင် (သို့) စိတ် (သို့) ဦးနှောက်ထဲတွင် ရူပဗေဒနှင့် နေ့စဉ်အသုံးပြု စဉ်းစားခြင်းအလုပ်ကို လုပ်နေသောကြောင့် ၄င်း၏ ဦးနှောက်အတွင်းရှိ သိမှုဖွဲ့စည်းပုံများထဲတွင် ရူပဗေဒနှင့် ပတ်သက်သော အကြောင်းပြုအချက်အလက်များစွာရှိနေမည် (သို့) များစွာ တည်ဆောက်ပြီးဖြစ်မည်ကို ခန့်မှန်းနိုင်သည်။ သို့ဖြစ်၍ ရူပဗေဒကို အသုံးပြု၍ မည်မျှစဉ်းစားထားသနည်းဆိုသည့်အချက်ကိုလေ့လာရန် အကြောင်းပြုစဉ်းစားရန် အချက်အလက်များဖြစ်သည့် ရူပဗေဒနှင့်ပတ်သက်သော အကြောင်းအရာများကို မေးခွန်းထုတ်၍ မေးရခြင်းဖြစ်သည်။ ဤနေရာတွင် အထူးသတိချပ်ရန်မှာ ရူပဗေဒနှင့် ပတ်သက်သော အကြောင်းအချက်အလက်များကို အလွတ်ကျက်၍သိရှိခြင်းကို (သို့) မည်မျှ အလွတ်ကျက်ထားသည်ကို မေးခွန်းထုတ်ထားခြင်းမဟုတ်သည်ကို သဲကွဲစွာ နားလည်ကြရန်လိုသည်။ အမှန်တကယ် မေးခွန်းထုတ် စဉ်းစားသည်မှာ ရူပဗေဒကို အခြေပြု၍ မည်မျှစဉ်းစားခြင်းအလုပ်ကို လုပ်ထားသနည်းဆိုသည်ကို သိလို၍ ဖြစ်သည်။ ကျောင်းသားတို့မှလည်း ရေလိုက်မလွဲဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားကြရန် လိုသည်။ မစဉ်းစားဘဲ (သို့) စဉ်းစားခြင်းကို မပေါ်လွင်စေသော မေးခွန်းများကိုမေးခြင်း မှလည်း ဆရာများကရှောင်ရန်ဖြစ်သည်။ ဥပမာ နယူတန်၏နိယာမ Definitionများ ရေးချခိုင်းခြင်းကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ စာမေးပွဲများတွင် Definition များကို မေးခွန်းထုတ်ရေးချခိုင်းသော မေးခွန်းလောက်ညံ့ဖျင်းသော မေးခွန်းမရှိ။ ဆရာများကလည်း မေးခွန်းမေးရာတွင် ကျောင်းသား၏ စဉ်းစားခဲ့မှုပမာဏကို ပေါ်လွင်စေရန် မေးခွန်းထုတ်တတ်ရန်လိုသည်။ ကျောင်းသားတို့သည်လည်း ရူပဗေဒအချက်

အလက်များကို အလွတ်ကျက်ရန်၊ အလွတ်တွက်ရန်မဟုတ်ဘဲ ရှုပဗေဒ ကိုအခြေပြု၍ စဉ်းစားကြရန်၊ စဉ်စားခန်းဝင်ကြရန်ဖြစ်သည်။ စဉ်းစားခန်းဝင်ခြင်းသည် အခရာ ဖြစ်သည်။ ရှုပဗေဒ သဘောတရားများကို အခြေပြု၍ သဘာဝဓမ္မတရားများကို နားလည်သဘောပေါက်လာအောင် စဉ်းစားကြရမည်က ကျောင်းသားများ၏ အလုပ်ပင်ဖြစ်သည်။ ဤအကြောင်းပြချက်များကို အခြေတည်စဉ်းစားရင်း အကြောင်းပြချက်များနှင့် ယှဉ်ပါးလာပြီး အကြောင်းပြချက်များကို ပိုသိလာခြင်း သည် မှန်ကန်သောသိခြင်း (သို့) လမ်းမှန်သောသိခြင်း (သို့) နားလည်မှုပါသော သိခြင်းဖြစ်သည်။ နားလည်မှုပါသောသိခြင်းများနှင့် သက်ဆိုင်သော ဒင်းဒရိုက် ချိုရွန်ဖွဲ့စည်းပုံတို့သည် ပို၍မြဲ၏။ တာရှည်ခံ၍ တစ်သက်လုံးနေ၏။ မမေ့။ ထို့ကြောင့် စာမေးပွဲ စစ်ဆေးရာ၌ ဆရာကဖော်ထုတ် သိရှိလိုသည်မှာ ကျောင်းသားက မည်မျှ စဉ်းစားထားသလဲ ဆိုတာကိုပင်ဖြစ်သည်။ နေ့တိုင်းစဉ်းစားမှ တဖြည်းဖြည်းစဉ်းစား တတ်သော လူတစ်ဦးဖြစ်လာမည်။ ဤသည်မှာ ပညာရေးလေ့ကျင့်စဉ်၏ အဓိက ပဓာန မျှော်မှန်းချက်ပင်ဖြစ်သည်။ ဤသို့ Summative Assessment(SA) များမှ ရရှိလာသော ခန့်မှန်းချက်များသည် ကျောင်းသား၏ စဉ်းစားမှု ပမာဏအလုံးစုံ၏ ပုံရိပ်ကို တစ်ခါတည်းနှင့် ပြည့်စုံအောင် ဖော်ပြနိုင်စွမ်းမရှိပါ။ သို့ရာတွင် Summative Assessment(SA) များမှ ရရှိလာနိုင်သော ကျောင်းသား၏ စဉ်းစားမှုပမာဏနှင့် ပတ်သက်သော အချက်အလက်များစွာသည် အခြားစစ်ဆေးနည်းများ ဖြင့် ရရှိသော ကျောင်းသား၏ပုံလွှာ အသီးသီးနှင့်ပေါင်းစပ်ကာ ကျောင်းသား၏ ပစ္စုပ္ပန်ရုပ်လွှာ ကိုပုံဖော်ရာတွင် မပါမဖြစ်အသုံးဝင်ဆဲဖြစ်သည်။ ထို SA များဖြင့် ပညာဆိုင်ရာ (သို့) စဉ်းစားမှုဆိုင်ရာ ဖြစ်ထွန်းမှုများကို ဖော်ထုတ်၍ရသော်လည်း ကျောင်းသား တို့၏ အခြားအရည်အသွေးများဖြစ်သော စိတ်ဓာတ်နှင့်စည်းကမ်းတို့ကို မည်ရွေ့ မည်မျှ လေ့ကျင့်၍ တိုးတက်နေ ပြီကိုမူ FA များဖြင့်သာ စောကြောလေ့လာ၍ ရနိုင်မည်။ သို့ဖြစ်၍ SA နှင့် FA နှစ်မျိုးစလုံးကိုသုံးမှ ကျောင်းသား၏ ပုံကို (သို့) လေ့ကျင့်မှုရလဒ်ကို ဖော်ထုတ်ရာ၌ပြည့်စုံမည် (သို့) အနီးစပ်ဆုံး ပြည့်စုံမည်။ ကျွန်ုပ်တို့၏ လုပ်ငန်းလမ်းညွှန် (၂) နှင့် (၃) တို့ဖြစ်သည်။ (၂) ကျွန်ုပ်တို့သည် မိမိတို့၏ လူမှုရေးတာဝန်များကို လေ့လာဖော်ထုတ်ပြီး အတတ်နိုင်ဆုံး မိမိတာဝန်မိမိ ကျေပွန်ရေးအတွက် ကြိုးစားနေပါမည်ဟူသောအချက်နှင့် ကျွန်ုပ်တို့သည် အခြားသူ များ၏ယဉ်ကျေးမှုများကို သိရှိလေ့လာ၍ နားလည်ပေးနိုင်အောင် ကြိုးစားကြရန်နှင့်

မိမိကိုယ်ပိုင်ယဉ်ကျေးမှုကိုလည်း သိရှိအောင်လေ့လာ၍ မိမိ၏ကိုယ်ပိုင်ယဉ်ကျေးမှု အသိုင်းအဝိုင်းအတွင်း ဆက်လက်ထိန်းသိမ်းရင်း နေထိုင်ကြရန်စသည့် အချက် (၂) ချက်ကို အောင်မြင်အောင်လုပ်ဆောင်အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်များအားသင်ပေးသည့်အခါ SA တို့သုံး၍မရ။ FA များကိုသာ အားပြု၍ လေ့ကျင့်ရမည်။ SA တို့သည် စာသင်ခန်းအတွင်းတွင် ပြုလုပ်သော Test အစား နှုတ်မေးခွန်း၊ ရေးဖြေမေးခွန်းအားလုံးမှစ၍ လပတ်၊ နှစ်ဝက်နှင့် အတန်းတင်စာမေးပွဲ၌ မေးသော မေးခွန်း Test များကိုသာ အကျုံးဝင်သည်။ ဖော်ပြပါ SA များအပြင် ဆရာနှင့် မိဘများအားလုံးသိရန်လိုသော အခြားစစ်ဆေးနည်း တစ်မျိုးဖြစ်သည့် FA စနစ်ကို ရေးသားဦးမည်။ FA များကို (၁) AA (၂) Integrated A (၃) Holistic A (၄) Assessment for Learning နှင့် (၅) FA ဟူ၍ အမျိုးမျိုးသော အမည်များဖြင့်သိထားကြသည်။

## Portfolio Assessment ဆိုသည်မှာ

FA များတွင် အဆင့်မြင့်စစ်ဆေးရေး စနစ်များ ဖြစ်သော Portfolio Assessment Test မျိုးလည်း ပါဝင်သည်။ PAT တို့သည် ပေါင်းစပ်ဖွဲ့စည်းဖြစ်ထွန်းလာသော အရည်အသွေးတို့ကို မေးခွန်းအဖြေပုံစံမှ အခြေပြု၍ ကိုယ်တိုင်မေး၊ ကိုယ်တိုင်ဖြေပုံစံကို အသုံးပြုသော၊ စစ်ဆေးသော Test ပုံစံများဖြစ်ပါသည်။ လူတို့နေ့တိုင်း စားကြသော အစားအသောက်များ အမျိုးမည်မျှပင်ဖြစ်စေ ခန္ဓာကိုယ်၏အပြင်ဘက်ကကြည့်သော် ခန္ဓာကိုယ်၏ရရှိမှုသည် အာဟာရဟူ၍ တစ်မျိုးတည်းသာဖြစ်၏။ ရေပဲသောက်သောက်၊ မုန့်ဟင်းခါးပဲစားစား၊ ပန်းသီးပဲစားစား ခန္ဓာကိုယ်က ရရှိသည်မှာ အာဟာရပင်ဖြစ်သလို ကျောင်းသားတို့ မည်သည့်အကြောင်းပြချက်များကို အကြောင်းပြု၍စဉ်းစားသည်ပဲဖြစ်ဖြစ် ကျောင်းသား တို့နောက်ဆုံးရကြသည်မှာ အသိဉာဏ်ပင်ဖြစ်၏။ မည်သည့်အစားစားသည်ဖြစ်စေ ရရှိမည့်ပေါင်းချုပ်အနှစ်သာရအဖြစ် ခန္ဓာကိုယ်မှ အာဟာရကို လက်ခံရရှိသလို ကျောင်းသားများ အကြောင်းပြချက်မျိုးစုံကို ဖတ်ရှုလေ့လာ၍ ရရှိလာသော သိမှုဖွဲ့စည်းပုံများမှ (သို့) အတွေ့အကြုံများမှ ပေးသည်မှာ အသိဉာဏ်ဖြစ်ပြီး ထိုအသိဉာဏ်သည်လည်း ပေါင်းချုပ်အနှစ်သာရ ( Collective Ability )ဖြစ်၍ ထိုကဲ့သို့ အားလုံးပေါင်းချုပ်ရာမှ ရရှိလာသော စုပေါင်းစွမ်းအား

မည်မျှရှိသည်ကို သိရှိနိုင်စေရန် တက္ကသိုလ်အဆင့်တွင် အထူးသဖြင့် Portfolio Assessment Test ကိုသုံး၍ စွမ်းအားမည်မျှရှိသည်ကို ဆန်းစစ်ကြသည်။ အထက်တန်းကျောင်းအဆင့်တွင်လည်း Portfolio များပေး၍ ပေါင်းချုပ်အသိဉာဏ် (သို့) စုစည်းအသိဉာဏ်ကို သိအောင်ဖော်ထုတ်ကြသည်။ မည်သည့်နေရာတွင် မဆိုသုံး၍ရသည်။ Portfolio Assessment Test ကို အသုံးပြုရာတွင် လုပ်ငန်းစဉ်မှာ ကျောင်းသားများအား လုပ်ငန်းကြီးတစ်ခုပေးခြင်းဖြစ်သည်။ ထိုလုပ်ငန်းကြီးအား အချိန်ကာလ တစ်ခုပေး၍ ဆောင်ရွက်စေသည်။ စာသင်ချိန် (၅၀) မိနစ်တွင် လုပ်လျှင် လုံလောက်သည်လည်း ရှိနိုင်သည်။ ၎င်းလိုအပ်သော အချိန်သည် ကျောင်းသား လုပ်ရမည့်အလုပ်၏ ပမာဏအပေါ်တွင် မူတည်နေသည်။ Portfolio Assessment Test သည် ကျောင်းသားအား လုပ်ငန်းကြီးတစ်ခုပေး၍ အလုပ်လုပ်စေပြီး ထိုအလုပ်ကို ကျောင်းသားမှ မည်မျှလုပ်နိုင်သည် မလုပ်နိုင်သည်ကိုကြည့်၍ ၎င်းတွင် စုစည်းစွမ်းအား (သို့) Collective Ability ရရှိမှု မည်မျှရှိသည်ကို သုံးသပ်နိုင်ရန် ရည်ရွယ်သည်။ ဆရာများက PAT အခြေကိုကြည့်သည်နှင့် ကျောင်းသား၏ အရည်အသွေးကို အတိုင်းအတာတစ်ခု အထိ သိရှိနိုင်သည်။ ထို့ကြောင့် PAT တွင် (၁) လုပ်ငန်းပေးရန် စီစဉ်ခြင်း၊ (၂) လုပ်ငန်းပြီးစီးလျှင် ပြန်၍စစ်ဆေးခြင်းအပိုင်း (၂)ပိုင်းပါရှိသည်။ (၁)တွင် လုပ်ငန်းပေးရာ၌ ကျောင်းသားအား လေ့ကျင့်ထားပြီးသော အရည်အသွေးများနှင့် လိုက်လျောညီထွေရှိမည့် လုပ်ငန်းကိုသာ ရွေးချယ်ရန်ဖြစ်သည်။ အရွယ်နှင့် လိုက်လျောညီထွေမှုရှိရန် လိုသည်။ ကျောင်းသားအားလပ်နိုင်သည့် အချိန်ပမာဏကိုလည်း ကျောင်းသားနှင့်တိုင်ပင် ချိန်ဆရန် လိုအပ်သည်။ PAT ကို ပုံစံပြုစုစဉ်မှာပင် မည်သို့စစ်ဆေးမည်ကိုပါ တစ်ခါတည်း ပုံစံပြုရန်လိုသည်။ စစ်ဆေးမည့် အခြေခံအချက်အလက်များသည် ကျောင်းသား၏ လေ့ကျင့်စဉ်များတွင် ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းအသီးသီးမှ ရရှိလာမည်ဟု မျှော်မှန်းထားသည့် မျှော်မှန်းချက်များကို အခြေခံရမည်။ ထိုအခြင်းအရာများကိုသာ ပြန်လည်စစ်ဆေးမည်။ ထိုအခြင်းအရာများသည် ကျောင်းသား၏ စုပေါင်းစွမ်းအား (သို့) Collective Ability ကို ပေါင်းစပ်ဖြစ်ပေါ် လာစေသည်။ သီးခြားလုပ်ငန်းများ၏ ရလဒ်များပင်ဖြစ်သည်။ ဥပမာ ကျောင်းသားတစ်ဦး (သို့)တစ်စုအား ၎င်းတို့နေထိုင်ရာ ရေကန်များရှိရေများ၏အရည်အသွေးကို လေ့လာသည့် စီမံချက်လုပ်ငန်းကို လုပ်ရန်ပေး

သည်ဟုဆိုပါက ကျောင်းသား၏ ဓာတုဗေဒဆိုင်ရာ တိုင်းတာသည့် နည်းစနစ်များ၊ ရူပဗေဒဆိုင်ရာ အထောက်အပံ့ပြု အချက်အလက်များဖြစ်သည့် ရေ၏ pH တိုင်းတာခြင်း နည်းစနစ်များနှင့် ရေ၏အရည်အသွေးကို အထောက်အပံ့ပေးသော ရူပဗေဒဆိုင်ရာ အပူချိန်နှင့် ရာသီဥတု၊ မိုးရေတို့၏အကျိုးသက်ရောက်မှုများ အပါအဝင် အခြားဆက်စပ်သိမှုများကို မည်မျှပြည့်စုံစွာ ထိတွေ့စဉ်းစားပြီးပြီလဲ ဟု သိလို၍ ဤလုပ်ငန်းကိုပေး၍ စစ်ဆေးခြင်းဖြစ်သည်။ ထိုသို့ ကျောင်းသားများအား ပေးအပ်လိုက်သော PAT ကို ကျောင်းသားတစ်ဦးချင်းဖြစ်စေ အုပ်စုလိုက်ဖြစ်စေ ဆောင်ရွက်ကြပြီးနောက် ၄င်းတို့ပြန်၍တင်ပြလာမည့် ၄င်းတို့ဒေသရှိ ရေကန်များရှိ ရေ၏အရည်အသွေးကို မည်သို့မည်ပုံ ဓာတုဗေဒရှုထောင့်မှ ကြည့်၍စဉ်းစားသည်၊ မည်သို့မည်ပုံ ရူပဗေဒရှုထောင့်မှနေ၍ စဉ်းစားသည်ကို ပြန်လည်တွေ့မြင်ရမည်ဖြစ်သည်။ ၄င်းတို့၏ ကိုယ်တိုင်ပြန်လည်ရေးသားချက်များမှ သိရမည်ဖြစ်သလို ၄င်းတို့ပြန်လည်ဖြေကြားသည်ကို နားထောင်ပေးခြင်းများမှ သိရမည်ဖြစ်သည်။ ဤသည်ကား PAT ၏ အကျဉ်းချုံး ပုံစံပင်ဖြစ်သည်။ သို့ဖြစ်၍ SA များသည် အခန်းတွင်း ဆရာ၏အနှစ်ချုပ်မေးခွန်းမှသည် PAT အထိ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်သော စစ်ဆေးနည်းများပင်ဖြစ်သည်။ မေးမြန်းခြင်းမှ သိရှိရန်မှာ ကျောင်းသားက မည်မျှစဉ်းစားထားသည်တို့ဖြစ်၍ ဆရာ၏ မေးခွန်းများမှာ ကျောင်းသားများအား ဦးဆောင်နေသင့်သည်။ ဆရာ၏ဦးဆောင်ခေါ်ယူမှု မှားယွင်းမေးမြန်းသည်များမှ ကျောင်းသားတို့ဘက်မှ ဆရာလိုချင်သော အဖြေကိုပေးလို၍ ဆရာ၏မေးခွန်း၏အပေါ်တွင်မူတည်ပြီး ဘာသာပြန်မှားသွားကာ အလွတ်ကျက်သည့်လမ်းကြောင်းသို့ ဆွဲသွားနိုင်သည်ကို ဆရာများ သတိရှိရန် လိုသည်။ PAT ၏ အားနည်းချက်မှာ အချိန်ပေးရခြင်းဖြစ်၏။ ကျောင်းသား ကလည်း PAT ကိုအချိန်ပေး၍လုပ်ကိုင်ရသလို ရလဒ်အားပြန်လည်စစ်ဆေးသည့် အခါတွင် ဆရာတို့က အချိန်ကောင်းကောင်းပေးရသည်။ နောက်တစ်ခုမှာ PAT ဖြင့် အကဲဖြတ်ခြင်းမှ တိကျသော အမှတ်ပေးခြင်းဖြစ်လာစေရန် ခက်ခဲသည်။ ကျောင်းသား၏ အရည်အသွေးကို အကဲဖြတ်ရာ၌ ဆရာတစ်ဦး၏ အမြင်တစ်ခုတည်းဖြင့်ဆုံးဖြတ်လျှင် ကျောင်းသား၏လုပ်ဆောင်မှု အရည်အသွေးကို အမှန်ကန်ဆုံး ဖြစ်စေရန်ခဲယဉ်းသည်။ နောက်တစ်ခုမှာ ဆရာတစ်ဦးနှင့် တစ်ဦး၏ ပုံဖော်ပုံတွင်မူတည်ပြီး စုပေါင်းပုံတစ်ခုရစေရန်ကို ကျောင်းသားနှင့်မိဘမှ

ဆုံးဖြတ်ရန်လည်းဖြစ်လာ၍ မည်သူကအမှတ်ပေးဆုံးဖြတ် ၍ မည်သို့ပိုတော်သည်၊ မည်သူပိုတော်သည်ဟူ၍ ဆုံးဖြတ်ရာတွင် မသေချာမှု အခက်အခဲများ စသည်တို့သည် PAT ၏အားနည်းချက်များဖြစ်လာသည်။ သို့ရာတွင် PAT ၏ အားသာချက်ကြောင့် မိမိကျောင်းသား၏ တစ်စိတ်တစ်ပိုင်းသော ပုံရိပ်တို့ကို ကောင်းစွာသိလာနိုင်သည်။ PAT ရလဒ်များမှ သိလာနိုင်သော ကျောင်းသား၏ပုံရိပ်များကို၊ အရည်အသွေးများကို စစ်ရိုးစစ်စဉ် စာမေးပွဲများမှ အကဲမဖြတ်နိုင်ခြင်းသည် PAT ၏ အားသာချက်ဖြစ်လာသည်။ PAT ကို အသုံးတည့်သော စစ်ဆေးရေးစနစ်တစ်ခု အဖြစ်သုံးပြီး မြောက်မြားစွာသော ကျောင်းများတွင် ၄င်းတို့၏ ကျောင်းသားတစ်ဦး (သို့) ကျောင်းသားများ၏ လုပ်နိုင်စွမ်းရည်ကို ဖော်ထုတ်နေကြသည်။ PAT အသုံးပြုခြင်းကြောင့် ဆရာတို့ အားပြုထားသောသင်ရိုးညွှန်းတမ်း၏ ပုံစံတွင်ပါ အကြောင်းအရာများအား ဆောင်ရွက်ခြင်းမှ မျှော်မှန်းရလဒ်များကို များစွာအထောက်အပံ့ ပြန်ပြုနေသည်။ လက်တွေ့နှင့် ပို၍နီးစပ်စေသည်။ ပို၍ နီးနီးကြည့်ချင်လာသည်။ သင်ရိုးတစ်ခုလုံး ပို၍ကျယ်ပြန့်သွားသည်။ ပုံမှန်စာစစ်နည်းသာ အသုံးပြုနေသော သင်ရိုးများ၏ မြင်ကွင်းအမြင် ကျဉ်းမြောင်းသည်။ PAT က ၄င်းမြင်ကွင်းကိုချဲ့ပေးသောကြောင့် PAT သုံးသင်ရိုးများပို၍ အသုံးပြုလာသောအခါ ကျောင်းသားများအား လေ့ကျင့်စဉ်အပေါ် သုံးသပ်မှု ပိုမိုအားကောင်းလာစေသည်။ PAT ကိုဆရာများက စီစဉ်၍မှမဟုတ်။ ကျောင်းသားကိုယ်တိုင်လည်း မိမိလုပ်ဆောင်လိုသည့် ခေါင်းစဉ်တစ်ခုကိုစဉ်းစား၍ ကိုယ်တိုင်ဆောင်ရွက်ပြီး ကိုယ်တိုင်လည်း အကဲပြန်ဖြတ်နိုင်သည်။ ထိုမှတစ်ဆင့် ကိုယ့်အမှားကိုယ်ပြင်၊ ကိုယ့်အားနည်းချက် ကိုယ်ဖာထေးပြီး ပိုမိုကောင်းမွန်သော အရည်အသွေးများရရှိလာအောင် ဆက်လက်လေ့ကျင့်၍ တွန်းအားများရရှိလာနိုင်သည်။ PAT တွင် ဆရာ၏ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ PAT ကိုပေးရန် ဆရာတစ်ဦး (သို့) ဆရာများ အတူတကွ လုပ်ကိုင်လာနိုင်သည်ကို တွေ့ရသည်။ ကျောင်းသားတစ်ဦး (သို့) တစ်ဦးထက်ပိုသော ကျောင်းသားများကိုလည်း PAT ဖြင့် စစ်ဆေးနိုင်သည်။ PAT ၏ရည်ရွယ်ချက်များကို ချုံ့လိုက်လျှင် (၁) အချက်မှာ ကျောင်းသားတိုးတက်လာမှု၊ အောင်မြင်မှု အားသာချက်များပိုအားကောင်းလာမှုနှင့် အားနည်းချက်များ သက်သာလျော့နည်းလာမှုနှင့် ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းများ သိသာထင်ရှားလာခြင်း။ ဥပမာ မည်သည့်အပိုင်းများကို အားထည့်

ရမည်ကို သိလာသည်။ (၂) အချက်မှာ ကျောင်းသားမှ မိမိတိုးတက်မှု၊ ဆုတ်ယုတ်မှုကို ကိုယ်တိုင် မြင်တွေ့နေရသည်။ ပြန်လည်သုံးသပ်ခွင့်ရသည်။ စစ်ဆေးသည့်ဖြစ်စဉ်တွင် ကျောင်းသားပါ ပါဝင်ခွင့်ရသည်။ သို့ဖြစ်၍ သူ့အနေအထားသူသိလာသည်။ (၃) အချက်မှာ ကျောင်းသားများ လုပ်ထားသော လုပ်ဆောင်ချက် (**Portfolio**) အား အသုံးပြုပြီး မိဘများအား တိုးတက်မှုနှင့် လိုအပ်ချက်များကို မျှဝေအသိပေးရာတွင် ပံ့ပိုး၍ ပေါ်လွင်စေသည်ဟူ၍ ဖြစ်သည်။ **PAT** များသည် ပုံစံအမျိုးမျိုးရှိနိုင်ရာ ကျောင်းသား၏ လုပ်ပြီးသော **PAT** မှန်သမျှကို မှတ်တမ်းသိမ်းထားကာ ယှဉ်ထိုးကြည့်ခြင်းဖြင့် တိုးတက် (သို့) ဆုတ်ယုတ်မှုကို ကောင်းစွာ နားလည်နိုင်မည်။ အကောင်းဆုံး လုပ်ကွက်တစ်ခုကို ရွေးချယ်ပြီး **Show Case Protfolio** အဖြစ် မိဘနှင့် အများသိသာအောင် ပြကြသည်။ အလွန်ကောင်းသော လုပ်ကွက်များ ရှိလာပါက **Archival Portfolio** အဖြစ် ကျောင်းတွင်ပြသပြီး ကျောင်းသားများ အားကျစေနိုင်သည်။

## စဉ်ဆက်မပြတ် အကဲခတ်ခြင်း နည်းစနစ် အသုံးပြုပုံ

Formative Assessment ဟုခေါ်သော ပုံသွင်းရင်းစစ်ဆေးနည်းစနစ်များ ကို ထပ်မံမသွားမီ သူ့အဓိပ္ပာယ်ကို ထပ်၍ရှင်းလိုသည်။ **FA** ဆိုသည်မှာ စစ်ဆေးရင်းနှင့် ပုံသွင်းသွားသောစနစ် (သို့) လေ့ကျင့်စဉ်ဖြစ်သည့် ၎င်းတို့ထဲတွင် အသုံးများသော စနစ်တစ်ခုဖြစ်သည်။ **Continuous Assessment Tasks (CATs)** ကို နမူနာပြပြောရလျှင် **CATs** တွင် ကျောင်းသားတို့ တက္ကသိုလ်သို့ မရောက်မီတွင် အခြေခံအားဖြင့် ရှိပြီးဖြစ်ရမည့် အမျိုးသားလက္ခဏာများ အားလုံးကို အခြေခံလုပ်ငန်းအဖြစ်ပြဌာန်းသည်။ ဥပမာ ကျောင်းသားတို့ ကျောင်းသို့ အချိန်မီ၊ အချိန်မှန်လာရန်ဟူ၍ စည်းကမ်းပြဌာန်းပြီး နေ့စဉ် ဆရာမနှင့်ကျောင်းသားများ အတူတူစစ်ဆေးသည်။ ကျောင်းသားတစ်ဦးက နောက်ကျပါက ၎င်းကျောင်းသားကိုယ်တိုင်ကိုယ်ကျ နောက်ကျရောက်ကျောင်းသားစာရင်းတွင် ကိုယ်တိုင်ရေးထည့် စေခြင်းဖြင့် ၎င်း၏ အချိန်တိကျမှုဆိုင်ရာအားနည်းချက်ကို ၎င်းကိုယ်တိုင်သိစေသည်။ ဆရာက နောက်တစ်ကြိမ် နောက်မကျစေရန် သတိပေးပြီး နောက်ကျမှတ်တမ်းတွင် ရေးဖြည့်သည်။ (ကျောင်းသားနှင့်အတူ) နောက်ရက်တွင် ကြည့်ဦးမည်။ အဆိုပါကျောင်းသားအား အချိန်ပေးပြီး နေ့စဉ်

စဉ်ဆက်မပြတ် အကဲခတ်သည်။ ပြီးနောက် ရလဒ်ကို ကျောင်းသားများနှင့်ပြန်၍ ဆွေးနွေးပြီး ကောင်းကျိုးဆိုးပြစ်များ ဆွေးနွေးစေခြင်းဖြင့် နောက်ကျသော ကျောင်းသားများ နောက်ကျလျှင် ဘဝတွင်ရရှိလာနိုင်သည့် ဆိုးကျိုးများကို သိရှိလာရာမှတစ်ဆင့် နောက်မကျစေရန် ကြိုးစားလာကြရာမှ ကျောင်းတက်နောက်မကျသည်ကိုအခြေပြု၍ အချိန်လေးစားသော၊ အချိန်တိကျသော နိုင်ငံ့သားကောင်းများဖြစ်လာစေရေးကို ပံ့ပိုးပြုသည် (သို့) စစ်ဆေးရင်းတစ်ပြိုင်တည်း ပံ့ပိုးပြုသည်။ ဤသည်ကို စဉ်ဆက်မပြတ်အကဲခတ်ပံ့ပိုးပြုခြင်းဟု ခေါ်သည်။ CATs ဟုခေါ်သည်။ CATs သည် FA တစ်ခုဖြစ်သည်။ CATsကို အသုံးပြု၍ များစွာသော အမျိုးသားရေးလက္ခဏာများကို လေ့ကျင့်ပေးနိုင်သည်။ CATs ၏စနစ်တွင် ကျောင်းသား များလေ့ကျင့်တည်ဆောက်ရမည့် အမျိုးသားလက္ခဏာ အရည်အသွေးများ (ဥပမာ - အမှိုက်စနစ်တကျပစ်ခြင်း)ကို ကျောင်းသားများအား တိကျစွာနားလည်စေပြီး၊ နေ့စဉ် ဆွေးနွေးပွဲပြင်ရန် အခွင့်အရေးများစွာရသည်ဖြစ်၍ လက်တွေ့ကျသောနည်းစနစ် (သို့) အကောင်အထည်ပေါ်ရန်လွယ်ကူသော နည်းစနစ်တစ်ခုဖြစ်သည်။ ဆရာတို့ပင်ပန်းသည်။ ကျောင်းသားလည်း ပင်ပန်းသည်။ မိဘလည်းပင်ပန်းမည်။ သို့သော် အကျိုးရှိမည်။ CATs ၏ အခြေခံ သုံးချက်မှာ (၁) ဆရာမှ မိမိတို့ကျောင်းသားများ လေ့ကျင့်စဉ်တည်ဆောက်ရမည်။ အမျိုးသားရေး လက္ခဏာများ အပါအဝင် အားလုံးက စိတ်ဓာတ်နှင့် စည်းကမ်းများကို ရှင်းလင်းစွာ နားလည်နေရန်လိုသည်။ (၂) ဆရာမှ ကျောင်းသားများ ၎င်းလက္ခဏာများ ရှိမရှိ၊ ရသေး မရသေး မည်သို့ ဖော်ထုတ်မည်ဆိုသည်ကို စနစ်ရှိရန်လိုသည်။ (၃) ထိုစနစ်မှ သိရှိလာသည့် ကျောင်းသားတို့၏ မလိုအပ်ချက်၊ လိုအပ်ချက်များအားလုံးကို ကျောင်းသားတို့သို့ မည်သို့အသိပေးမည် (သို့) မိဘတို့အားမည်သို့အသိပေးမည် စသည်တို့အတွက် စနစ်ရေးဆွဲရမည်။ ပံ့ပိုးပြုရမည်။

CATs ကို အသုံးပြုသည့်အတွက် စာသင်ခန်းတွင် နှုတ်ဖြင့်သင်ကြားရန် မဖြစ်နိုင်သည့် စိတ်ဓာတ်များနှင့် စည်းကမ်းများကို လေ့ကျင့်တည်ဆောက်နိုင်ခြင်းသည် CATs ၏ ထူးခြားသော အကျိုးကျေးဇူးများဖြစ်၏။ သို့တည်းမဟုတ်ပါက ကျောင်းသားတို့၏ စိတ်ဓာတ်နှင့်စည်းကမ်းကို မည်သို့မျှစစ်ဆေး၍ မရနိုင်ချေ။ စိတ်ဓာတ် နှင့်စည်းကမ်းကို စစ်ဆေးခြင်းမရှိခဲ့၊ ၎င်းတို့၏ စနစ်တွင်ရှိသော စာမေးပွဲပံ့ပိုးသည် SA ပံ့ပိုး၊ တစ်မျိုးသားလုံး၏ စည်းကမ်းနှင့်စိတ်ဓာတ်တို့ကို

မိဘတို့ကသာလေ့ကျင့်သွန်သင်ပေးခဲ့ကြ၏။ သို့သော် ယနေ့ခေတ် ခေတ်သစ်ပညာရေးစနစ်တွင် ပိုမိုပြည့်စုံသော သင်ကြားလေ့ကျင့်မှု နည်းစနစ်များဖြင့် စိတ်ဓာတ်ရော၊ စည်းကမ်းရော၊ ပညာပါ တစ်ပြိုင်နက် လေ့ကျင့်ပေးနိုင်လာသည်ကို သိရှိပြီး လက်တွေ့လုပ်ဆောင်ကြရန်လိုသည်။ ယနေ့ခေတ် ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် ဤအချက်လိုအပ်သည်။ စိတ်ဓာတ်နှင့် စည်းကမ်းသည် နှုတ်ဖြင့် ပြော၍၊ သင်၍မရသော ကိစ္စများဖြစ်သည်။ Control Theory ကဆိုသည်။ လူတို့သည် ပြော၍ခိုင်းလျှင် ဘယ်တော့မှမလုပ်၊ လုပ်ချင်တာ (သို့) သူတို့လုပ်ရန်လိုအပ်သည့် သူတို့ဘဝအတွက် ဤအရာကို လုပ်ရန်လိုအပ်သည်ဟု ဆရာက ယုံအောင် ပြောနိုင်မှ သူတို့လုပ်ကြလိမ့်မည်ဟု ဖြစ်သည်။ သို့ဖြစ်၍ ဆရာများက ကျောင်းသားများ စည်းကမ်းကောင်းအောင်၊ စိတ်ဓာတ်ကောင်းအောင်လေ့ကျင့်ရာတွင် နှုတ်ဖြင့်ပြောဆို ဆုံးမသွန်သင်နေပါက အချိန်ကုန်လူပင်ပန်းမည်ဖြစ်ပြီး လုပ်ချင်ရာ လုပ်ကြသူများသာ မွေးထုတ်နိုင်မည်ကို သတိချပ်ရန်လိုသည်။ လုပ်ချင်ရာလုပ်သောသူများ မြောက်မြားစွာ မွေးထုတ်ပေးခဲ့ပြီးပြီ။ ထိုသူများလည်း လုပ်သင့်ရာများကို မလုပ်ဘဲ လုပ်ချင်ရာများကိုသာ လုပ်သွားခဲ့ကြပြီးပြီ ဖြစ်၍ အထူးသင်ခန်းစာ ရှာနေကြရန်မလို။ မိမိတို့ကိုယ်တိုင် မွေးထုတ်ခဲ့ကြရသော လုပ်ချင်ရာလုပ်သည့်သူများ၊ လုပ်ချင်ရာများကိုသာ လုပ်ခဲ့ကြခြင်းကြောင့် တိုင်းပြည်တွင် ဆေးရုံများမပြည့်စုံခြင်း၊ စာသင်ကျောင်းများ မပြည့်စုံခြင်း၊ ဆင်းရဲမွဲတေမှု ပြဿနာများ များပြားခြင်း၊ ညီညွတ်စုစည်းရန် ခက်ခဲခြင်းအပါအဝင် ကြောက်မက်ဖွယ်ရာ နိုင်ငံရေး အခက်အခဲကြီးများအတွင်းသို့ ရောက်ရှိလာခဲ့ရခြင်းမှာ ယခင်ဆရာများ၏စိတ်ဓာတ်နှင့်စည်းကမ်း လေ့ကျင့်ပေးမှု၊ အားလျော့ခဲ့၊ နည်းလမ်းမကျခဲ့၍ဖြစ်သည်။ ဆရာများသည်မည်သည့်အခါမှ အားလျော့၍ သင်မည်မဟုတ်။ သို့သော် ၎င်းတို့နည်းစနစ် စနစ်မကျ၍ အကျိုးမဖြစ်။ ဆန်းစစ်မည့်သူလည်းမရှိ၊ ထိုခေတ်တာဝန်ရှိသူကလည်း ပညာရေး စိတ်မဝင်စား။ အားလုံးအတူတူခံစားရတော့သည်။ ယနေ့ခေတ်ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွင် ဤသည်များကို အရေးတယူမလုပ်မချင်း ခေတ်အဆက်ဆက်ပြဿနာများ အမြဲဆိုးမွေခံ၍ ရှိနေဦးမည့်အပြင် တစ်နေ့နေ့တွင် ကြီးမားကျယ်ပြန့်၍ ကြောက်မက်ဖွယ်ရာကောင်းသည့် ကြေကွဲဖွယ်ရာများနှင့် ထပ်မံကြုံတွေ့ကြနိုင်သည်ကို အထူးသတိပြုစေလိုသည်။ ယနေ့ ယခုပြင်ကြမှ၊ ပြင်ရမှ တော်ကာကျတော့မည်ကို ယခုလူတိုင်း လက်ခံပြီးဖြစ်၍

မည်သို့ ပြင်မည်ကို နားလည်သော၊ အမြင်ကျယ်သော၊ ခေတ်ပညာတတ်၊ စိတ်ဝင်စားသော မြန်မာလူငယ်တို့အားလုံးပါဝင်လျက် ဆွေးနွေးသင့်သည်ဟု ယူဆပါသည်။ လူကြီးများ၏ စိတ်ကူးများကိုလည်း မည်သည့်အခါမျှ ပယ်ဖျက်၍မရ။ ၎င်းတို့၏ အတွေ့အကြုံမှပေးလာသော သင်ခန်းစာများ လွန်စွာတန်ဖိုးရှိမည်ကိုလည်း မြန်မာလူငယ်များမှ လက်ခံကြမည်ဟု ယုံကြည်သည်။

## Authentic Assessment ဆိုသည်မှာ

ရေးသားရင်းကိစ္စပြန်သွားသော် များစွာသော FA များကို အထက်တွင် ဖော်ပြခဲ့သကဲ့သို့ ပုံသဏ္ဌာန်အသွင်အဖုံဖုံဖြင့် တွေ့မြင်ရမည်ဖြစ်ပြီး တစ်ခုချင်းနှင့် ၎င်းတို့၏အာနိသင်များကို ဆရာများက သေချာစွာလေ့လာကြရမည်။ လက်တွေ့အသုံးချတတ်ရမည်။ နောက်ထပ် FA များထဲမှ တစ်ခုဖြစ်သည့် Authentic Assessment သည်လည်း ၁၉၄၅ ခုနှစ် နောက်ပိုင်း နိုင်ငံတော်တော်များများ၌ သုံးစွဲနေကြပြီးဖြစ်သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ AA ဆိုသည်မှာ ဆရာက ကျောင်းသားများ အလုပ်လုပ်ရန် ဦးတည်ချက်တစ်ခုကိုပြဌာန်းပြီး သင့်တော် ဆီလျော်သည့် အဆိုပါ ဦးတည်ချက်လုပ်ငန်းများကို ကျောင်းသားတစ်ဦးချင်း (သို့) အများအား အလုပ်လုပ်ရန် ချမှတ်ပေးသည်။ ထိုကျောင်း သားများလုပ်ရမည့် လုပ်ငန်းများတွင် လိုအပ်အသုံးတည့်မည့် သိစရာများ၊ တတ်စရာများကိုအခြေပြု၍ သင်ရိုးညွှန်းတမ်းကို ပြုစုသည်။ သို့ဖြစ်၍ PAT နှင့် ကွာသည်မှာ PAT တွင် PAT ကိုသာ ဆောင်ရွက်ရန် သင်ရိုးပါ အရာများကို ရည်ညွှန်း၍ ပုံစံပြု ဆောင်ရွက်နိုင်သော်လည်း AA တွင် သင်ရိုးကို AA ကိုကြည့်၍ ရေးဆွဲခြင်းဖြစ်သည်။ သို့ဖြစ်၍ AA သည် သင်ရိုးကို ထိန်းချုပ်သည်။ FA များဖြစ်သည့် PAT နှင့် AA နှစ်မျိုးသုံးသည့်ကျောင်းသား၏ အလုပ်လုပ်ပုံ (Performance) ကိုကြည့်သိ နားလည်လာစေရန်ကြိုးပမ်းစစ်ဆေးခြင်းများ ဖြစ်သော်လည်း မတူကြပါ။ AA ၏လုပ်ငန်းစဉ်များက လက်တွေ့နှင့်စာတွေ့ကို ပို၍ဆက်စပ်ပေးသည် (သို့) ကျောင်းသား၏ လက်တွေ့လောကတွင် လိုအပ်မည့် အရည်အသွေးများကို AA ကိုအခြေပြု၍ တည်ဆောက်သည်ဟုဆိုလျှင် မမှားပေ။ နောက်တစ်ခု သဲကွဲရန်လိုသည်မှာ သင်ရိုးဟု သုံးနှုန်းရာတွင် ပင်မသင်ရိုးညွှန်းတမ်းကို ဆိုလိုသည်မဟုတ်။ AA စစ်ဆေးမှု

ဆောင်ရွက်ရန်အသုံးပြုသော လုပ်ငန်းအတွက် သီးခြားသင်ရိုး ညွှန်းတမ်းရေးဆွဲရန်ကိုဆိုလိုသည်။ ပင်မသင်ရိုးကို မထိခိုက်ဘဲ သီးခြားလုပ်ငန်း (သို့) ကျောင်းသားတို့ လုပ်ရမည့်လုပ်ငန်းအတွက် သီးခြားသင်ရိုးကိုဆွဲ၍ ကျောင်းသားများအား လုပ်ငန်းစဉ်တွင်လုပ်ကိုင်တတ်ရ သိရမည်တို့ကို ကြိုတင်လေ့ကျင့်၍ သိစေ တတ်စေပြီး တစ်ချိန်တည်းမှာပင် လုပ်ငန်းများကို လုပ်တတ်ရန် ဖြစ်သည်။ PAT တွင် ကျောင်းသား၏ လုပ်ဆောင်ချက်ကို အကဲဖြတ်ရန်လိုသည်။ AA တွင်လည်း အတူတူပင်ဖြစ်သော်လည်း AA ၏ သင်ရိုးတွင် မည်သည့်အရည်အသွေးများကို မည်သို့ စစ်ဆေးမည် ဆိုသည် လက္ခဏာများကို တိကျစွာဖော်ထုတ် ပေးရန်လိုပြီး ကာယကံရှင်ကျောင်းသားများကလည်း ရှင်းလင်းစွာသိမြင်ရန် လိုသည်။ AA စနစ်ကို အားပြုပြဋ္ဌာန်းအသုံးပြုသော ကျောင်းများ၌ ကျောင်းသားများ၏ အရည်အသွေး ကို ပိုမိုကောင်းမွန်လာသည်ကို တွေ့ရသည်။ အထောက်အထားများစွာရှိလာကြသည်။ AA လုပ်ငန်းစဉ်၏ စိတ်ဝင်စားဖွယ်ရာ အဆင့်များမှာ-

(၁) ဘာတွေကိုစစ်ဆေးပြီး (သို့) စစ်ဆေးလိုသည်ကို ဦးစွာစီစဉ်ထားသည်။

(၂) ကျောင်းသားများလုပ်ရန်၊ လေ့လာရန်လိုသည့် လုပ်ငန်းကဏ္ဍများကို ဆွေးနွေးရေးသား သဘောတူသည်။

(၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ရယူထားသည်၊ ထိန်းသိမ်းထားသည်။

(၄) အချိန်များစွာမလိုသော မေးခွန်းတိုများ သုံးစွဲပြီး ကျောင်းသားတို့၏ အရည်အသွေးကို သိသာအောင် ဖော်ထုတ်ပြီး ပြုပြင်သင့်သည်များကို ထပ်မံဖြည့်စွက်၍ ဆောင်ရွက်စေခြင်း။

(၅) လက်ရှိကျောင်းသားတို့လုပ်ကိုင်နေပုံကို စဉ်ဆက်မပြတ်အကဲခတ်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံ အရည်အသွေးများအား ပြန်လည်ပြောပြပေးခြင်းဖြင့် သိနေစေခြင်း။

(၆) ကျောင်းသားများအား ၎င်းတို့လုပ်ပြီးခဲ့သော လုပ်ငန်းများနှင့် မည်သို့ မည်ပုံ စဉ်းစားလုပ်ကိုင်သည်ကို ရေး၍လည်းကောင်း၊ ပြော၍လည်း ကောင်း၊ ဖတ်ရှုနားထောင်ပေးခြင်းဖြင့် ကျောင်းသားတို့ မိမိတို့ မည်၍ မည်မျှ တတ်လာ၊ ကောင်းလာကြပြီး မည်ရွေ့မည်မျှ လိုသေးသည်ကို သိစေခြင်း။

(၇) အင်တာနက်ကိုသုံး၍ ကျောင်းသားတို့၏ ရေးသားချက် (သို့) ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ရခြင်း။

တို့ဖြစ်ပါသည်။

AA စနစ်၏ အဓိကရည်ရွယ်ချက်များအနက် လူသိအများဆုံးမှာ ၄င်း AA စနစ်ကြောင့် သိလာရသည်များထဲတွင် ကျောင်းသားများသည် ပြင်ပလောက၌ လိုအပ်သော (သို့) အလုပ်လုပ်ရာတွင် လိုအပ်သော အရည်အသွေး၊ လုပ်နည်းလုပ်ဟန်များမည်မျှရနေပြီလဲ၊ မည်မျှလိုသေးသလဲတို့အား သိရခြင်းပင်ဖြစ်သည်။ AA စနစ်တွင် စစ်ဆေးရာ၌ ကျောင်းသားတို့လုပ်ကိုင်ရန် ချပေးသောကိစ္စလုပ်ငန်းများသည် လက်တွေ့လောကရှိ လုပ်ငန်းများနှင့် သဘောသဘာဝ တူညီသော လုပ်ငန်းများဖြစ်ကြသည့်အတွက် ကျောင်းသားတို့ အလုပ်လုပ်ကြသည့်ပုံစံသည် ၄င်းတို့လက်တွေ့လောကတွင် အလုပ်လုပ်နေကြသည့်အလား တွေ့မြင်သုံးသပ်၍ ရသည်ဖြစ်ရာ၊ ပွဲမဝင်ခင် အပြင်ကကျင်းပသည့် ပုံမျိုးဖြစ်သည်။ AA စနစ်တွင် ကျောင်းသားများ အဓိကလုပ်ရမည့် လုပ်ငန်းများတွင် (၁) ကျောင်းသားများအားလုံး မေးခွန်းထုတ်တတ်ရန်လိုသည်။ (၂) ကျောင်းသားများအားလုံး မိမိကိုယ်တိုင်သိလာစေရန်၊ လုပ်ရန်လိုသည်။ (၃) ကျောင်းသားများ မိမိတို့သိလိုသည့် မေးခွန်းများ၏အဖြေကို မိမိတို့ကိုယ်တိုင်ရှာကြရန်လိုသည်။ AA ဆိုသည်မှာ ဒါပင်ဖြစ်သည်။ သို့ဖြစ်၍ ကျောင်းသားတို့သည် ၄င်းတို့စိတ်ပါဝင်စားရာလုပ်ငန်းများတွင် အချိန်များများနေဖြစ်လာကြပြီး AA စနစ်က ကျောင်းသားများအား ၄င်းတို့သိပြီးသော သိမှုများကို အားလုံးပေါင်းစပ် စုစည်းစေသည့်အပြင် အများအတွက်ဝေဖန်ပိုင်းခြားခြင်းလုပ်ငန်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ရန် အခြေအနေပေးသည်။ ဖြစ်စဉ်တစ်လျှောက်လုံးသည် သိမှုဖြစ်စရာချည်းဖြစ်သည်။ AA တွင် ဆရာများက တိုင်းတာစစ်ဆေးရန်မှာ မည်မျှသိရှိလာကြသည်ကိုမဟုတ်။ မည်သို့ စဉ်းစား၍ သိလာကြသည်ကိုသာစိစစ် စစ်ဆေးရန်ဖြစ်သည်။ ကျောင်းသားများကိုယ်တိုင်သည်လည်း မိမိတို့ ဘယ်လောက်စဉ်းစားနိုင်ခဲ့သည်ကို သိရှိနေရသည့်အပြင် ဆရာအတွက်လည်း မည်သည်တို့သည် ကျောင်းသားများလိုအပ်ချက်များဖြစ်သည်ကို သိရှိလာသဖြင့် အချိန်မကုန်တော့ဘဲ ၄င်းတို့လိုအပ်သည်ကို တန်း၍ သင်ပြပေးနိုင်သည်ဖြစ်ရာ AA စနစ်သည်လည်း FA စနစ်များထဲတွင် အသုံးများနာမည်ကျော်ကြားသော စနစ်ဖြစ်လာသည်။ FA စနစ်များ၏ အားသာချက်မှာ

SA စနစ်များတွင် လေ့ကျင့်ပေးနိုင်ခြင်းမရှိသော လူ့ဘဝအတွက်အရေးကြီးသည့် အမျိုးသားလက္ခဏာများကို တည်ဆောက်၍ရခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ခေတ်သစ်ပညာရေးစနစ်တွင် မဖြစ်မနေလေ့ကျင့်ပေးရန် လိုသည့်အတွက် ဆရာများအားလုံး သိသင့်၊ ကျွမ်းကျင်သင့်သော နည်းစနစ်များဖြစ်ပါသည်။ FA တို့၏ အားသာချက်နောက်တစ်မျိုးကား FA စနစ်ကြောင့် ကျောင်းသားသည် ၎င်း၏ အရည်အသွေးကို အကဲဖြတ်သည့်စာမေးပွဲစနစ်တွင် သူကိုယ်တိုင်ပါဝင်လာခြင်းနှင့် ၎င်းသည် ဆရာမိဘတို့နှင့် ပို၍တွေ့ထိမှုများလာရန် လိုသည့်အတွက် နောက်ထပ် ကောင်းခြင်းဖြစ်လာရုံမျှမက ၎င်းနေထိုင်ရာရပ်ရွာထဲရှိ လူများနှင့်ပါ ထိတွေ့ရန် လိုအပ်သောကြောင့် အလွန်ကောင်းမွန်သော စစ်ဆေးနည်းစနစ်ဖြစ်၍ စာသင်ခန်း အတွင်း လုပ်ငန်းများကို စာသင်ခန်းပြင်ပသို့ ချိတ်ဆက်ပေးနိုင်သော သင်ကြား လေ့ကျင့်နည်းစနစ်လည်းဖြစ်သည်ဟု ဆိုနိုင်သည်။ ယခုကဲ့သို့ ဆရာများ အသုံးပြုမည့် အကဲဖြတ်စနစ်များကို မိဘများကလည်း နားလည်မှုတူရန်လိုအပ်ပြီး ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် ကျောင်းသားတို့အား ပိုမိုကောင်းမွန်လာစေရန် လေ့ကျင့်ပေးနိုင်ရေးအတွက် ရှေ့ရှုလာနိုင်မည်ဟု ယုံကြည်ပါသည်။

ကျောင်းသားများ၏ လေ့ကျင့်မှု ပမာဏမည်မျှရှိသည်ကို စစ်ဆေးကြရာ၌ ကျောင်းသားများ မည်သို့မည်ပုံ စဉ်းစား၍၊ အစစ်ခံ၍ သိလာကြသနည်းဆိုသည် ကိုလည်း သိရှိရန်လိုသည်။ ၎င်းတို့အာရုံငါးပါးဖြင့် သိလာကြပုံများကို ဆရာများက နှံ့စပ်အောင်လေ့လာထားရန်လိုသည်။ လူတို့၏သိမှုဖြစ်ပေါ်နိုင်ပုံ နည်းလမ်းများ များစွာအနက် မိဘနှင့်ဆရာများ သိရမည့်သိပုံသိနည်းအချို့ကို ရေးသားမည်။ လူတို့သိကြသည်ဆိုရာ၌ သိသမျှအားလုံးသည် ဆရာကသင်ပြရန်သိရန်ပဲမဟုတ်။ သိနည်းများစွာရှိကြသည်။ အချို့သိခြင်း၊ သိမှုများသည် သဘာဝအတိုင်း သိလာခြင်း များပင်ဖြစ်သည်။ မည်သည့်အကြောင်းအချက်နှင့်မျှ ပါဝင်ပတ်သက်ဆက်စပ်ခြင်း မရှိဘဲ အလိုအလျောက် သဘာဝအလျောက် သိလာသည့်နည်းများတွင် အကျွမ်း တဝင်ဖြစ်လာခြင်းဟူသော သိဖြစ်စဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဆိုလိုရင်းမှာ လူတို့သိကြရာတွင် အချို့သောသိမှုများသည် ၎င်းသိစရာတို့နှင့် အကျွမ်းတဝင်နေထိုင်နေခြင်းဖြင့် ၎င်းတို့အကြောင်းများကို သိလာစေခြင်း ဖြစ်သည်ဟုဆိုသည်။ သို့ဖြစ်၍ ကျောင်းသားတို့သည် သိစရာများရှိပါက ၎င်းသိစရာ တို့နှင့် အမြဲတမ်း အကျွမ်းတဝင်နေထိုင်လျှင် တဖြည်းဖြည်းကောင်းစွာ သိလာလိမ့်

မည်ဟု ဆိုသည်။ တွေ့ထိပါများလာသောအခါ အာရုံငါးပါးဖြင့် ထပ်တလဲလဲ ကြုံတွေ့နေသောကြောင့် ထိုအကြောင်းအရာ (သို့) သူနှင့်ပတ်သက်သည့် ကိစ္စများသည် သိမှုဖွဲ့စည်းပုံတွင် ထပ်ကာထပ်ကာ တွေ့မြင်ကြားသိနေရ၍ မမှတ်ပါဘဲ အလွတ်မကျက်ပါဘဲ သိသည်ထက်ပို၍ သိလာခြင်းကိုဆိုလိုခြင်းဖြစ်သည်။ ဆရာတို့အနေဖြင့် လူတို့၏ အပြုအမူ အပြောအဆိုအားလုံး မည်သို့မည်ပုံရလာကြသည်ကို သိရှိထားရန်လိုသည်။ ပညာရေး၏ လုပ်ငန်းစဉ်သည် လူတို့၏အပြုအမူနှင့် အပြောအဆို အတွေး အခေါ်များကို ကောင်းမွန်လာစေရန် လေ့ကျင့်ပေးရန်ဖြစ်ရာ သိရန်လိုသည်။

လူတို့သိမှုများကို သိလာကြရာဝယ် (သို့) လူတို့ ၎င်းတို့၏အမူအကျင့်၊ အပြုအမူ၊ အပြောအဆို၊ စားသောက်ပုံများကို ရလာကြရာဝယ် သဘာဝခန္ဓာကိုယ်ဖွဲ့စည်းပုံကပေးသည့် အရည်အသွေးများအတိုင်း ရလာသည့်ဖြစ်စဉ်များ (သို့) သိခြင်းနည်းလမ်းများ (သို့) ခန္ဓာကိုယ်မှ ခိုင်း၍ အကျင့်ဓလေ့ (သို့) အပြုအမူ၊ အပြောအဆို နေပုံထိုင်ပုံ တစ်ခုခုကို တခြားသူများထံမှ ကူးယူရာ၌ ယဉ်ပါးခြင်းသည်လည်း လူ၏ကိုယ်ပိုင်ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ ဖြစ်လာသော အရည်အသွေးကိုအခြေပြု၍ သိလာသော (သို့) ရလာသော အပြုအမူများ များစွာရှိသည်။ ယဉ်ပါးခြင်း **(Habituation)** နိယာမကဆိုသည်မှာ လူတို့၏သိမှုကို စေ့ဆော်ခြင်းကို တရစပ်တောက်လျှောက်ပေးနေပါက ထိုသူသည် တရစပ်ဝင်လာနေသော စေ့ဆော်ခြင်းကို ယဉ်ပါးလာတတ်သည်ဟု ဆိုသည်။ ယဉ်ပါးလာခြင်းဆိုသည်မှာ စေ့ဆော်မှုအပေါ် တုံ့ပြန်မှုမပေးတော့ခြင်းကို ဆိုလိုသည်။ အကယ်၍ တရစပ် ဝင်ရောက်လာသော စေ့ဆော်မှုကို ပို၍စိပ်စိပ်ပေးပါက ထိုသူသည်ပို၍ မြန်မြန်ယဉ်ပါးလာသည်ဟုဆိုသည်။ အကယ်၍ စေ့ဆော်မှု၏ အကြိမ်ရေကိုလျှော့၍ ချဲပေးပါက ယဉ်ပါးရန်ပိုကြာမည်ဖြစ်သည်။ သို့သော် ၎င်းယဉ်ပါးမှုသည် ကြာကြာမခံ။ အချိန်ကာလ တစ်ခုအတွင်းပြန်၍ ပျောက်ကွယ်သွားသည်။ တစ်ဖန် အလားတူစေ့ဆော်မှု (သို့) ယဉ်ပါးပြီးစေ့ဆော်မှုကို ထပ်မံ၍ ပေးပါက အကြိမ်ရေများပြန်လျှင် ခဏအတွင်း ပြန်လည်ယဉ်ပါးသွားသည်ဟု ဆိုသည်။ ထိုယဉ်ပါးမှုကို ပြန်လည်ချေဖျက်နိုင်သည်။ (၁) စေ့ဆော်မှုပယ်ဖျက်လိုက်ရန်။ (၂) နောက်ထပ်စေ့ဆော်မှုဖြင့် ထပ်မံပြောင်းလဲစေ့ဆော်ရန်ဖြစ်သည်။ အကယ်၍ နောက်ထပ်စေ့ဆော်မှု တစ်ခုကိုပြောင်း၍ စေ့ဆော်မှုကြုံလျှင် ထိုသူသည်ယဉ်ပါးခြင်းမှနိုးထလာနိုင်သည်။ **(Dishabituation)** သို့ရာတွင် ၎င်းနောက်ထပ်စေ့ဆော်မှုကိုလည်း မကြာခဏ

တရစပ် ထပ်မံပေးနေပါက နောက်ထပ်စေ့ဆော်မှုအသစ်ပေါ်တွင်လည်း ယဉ်ပါးခြင်း ဖြစ်ပေါ်လာမည် ဖြစ်သည်ဟုဆိုသည်။ ဤနည်းအားဖြင့် လူတို့အပြုအမူနှင့် ဆုံးဖြတ်ချက်များလုပ်ဆောင်ရာတွင် လိုအပ်သောအသိများ၊ သိမှုများကိုရရှိကြသည်။ ဤဖြစ်စဉ်မှာ သဘာဝဖြစ်စဉ်ဖြစ်၍ ဤဖြစ်စဉ်မှတစ်ဆင့် ဖြတ်သန်းတွေ့ကြုံ၍ သိသော သိမှုများ ခိုင်မြဲသည်ဟု ဆိုသည်။ ထို့ကြောင့် သင်ကြားလေ့ကျင့်ရေးတွင် ဆရာများက အချိန်စာရင်းရေးဆွဲသည့်အခါ တစ်ဘာသာတည်း အချိန်များစွာ တစ်ဆက်တည်း မထားဘဲ အချိန်များကစား၍ အလုပ်လုပ်စေခြင်းသည် ဤနိယာမကို အခြေပြုစဉ်းစား ချက်ဖြစ်သည်။ မိဘနှင့်ဆရာက ကျောင်းသားတို့အား ဆုံးမရာတွင် အထူးသဖြင့် နှုတ်ဖြင့်ဆုံးမရာတွင်၊ မကြာခဏ ဗျစ်တောက်ဗျစ်တောက် ပြောနေလျှင် ကျောင်းသားများ၊ သားသမီးများသည် လူ့သဘာဝအရ မိမိအား တုံ့ပြန်မည် မဟုတ်တော့။ ဆိုလိုသည်မှာ ယဉ်ပါးမှုကြောင့် ဗျစ်တောက်ဗျစ်တောက် ပြောနေ၍ ပြောနေသည့် အကြောင်းအရာလုပ်ငန်းကိစ္စများကို စိတ်ဝင်စားမှု၊ တုံ့ပြန်မှုနည်းပါးလာပြီး ယဉ်ပါးလာတော့ ပြောစကား နားမထောင်တော့မည်ကို ဤနိယာမက ညွှန်ပြထားသည်။

ကျောင်းစာသင်ခန်း အဆင်အပြင်များကို မကြာခဏပြောင်းလဲပေးခြင်း၊ ကျောင်းတစ်ကျောင်း၏ အဆင်အပြင်များကို မကြာခဏပြောင်းလဲပေးခြင်း၊ စနေတနင်္ဂနွေ ကျောင်းပိတ်ရက်ပေးခြင်းနှင့် အခါအလိုက် ကျောင်းပိတ်ရက်များ ထားပေးခြင်း တို့ကိုပြုလုပ်သင့်ပါသည်။ ထိုသို့ တောက်လျှောက်အမြဲတမ်း အလုပ်လုပ်မနေဘဲ အနားယူချိန်များ ထားပေးခြင်းတို့သည် ယဉ်ပါးခြင်းနိယာမပါ အသုံးမတည့်သော ယဉ်ပါးခြင်းများကိုတားဆီးထားမှုများဖြစ်သည်။ သို့ဖြစ်၍ ယနေ့ခေတ် အချို့သောမိဘများသည် သားသမီး ကျောင်းသားများကို တစ်ချိန်လုံး စာလုပ်ခိုင်းနေခြင်းကြောင့် ၎င်းတို့၏ သားသမီးများ စာပေလေ့လာခြင်းအပေါ် ယဉ်ပါးသွားကြပြီဖြစ်သောကြောင့် ထိုကလေးများ လူကြီးဖြစ်လာကြသောအခါ ထပ်မံတုံ့ပြန်ခြင်း (Repeated Response) မရရှိနိုင်တော့ခြင်း၏ အကျိုးသက်ရောက်မှုအဖြစ် ဘွဲ့ရပြီးသည်နှင့် လုံးဝ စာမဖတ်တော့ခြင်းသည် အကျိုးဆက်တစ်ခုဖြစ်လာသောအခါ လူ့ဘဝတွင် အမှန်တကယ် လိုအပ်သော တစ်သက်လုံးလေ့လာနေခြင်း (Life-long Learning) မလုပ်ကြတော့ခြင်းဖြစ်သည်ကို တွေ့ရမည်။ သို့ဖြစ်၍ ဆရာနှင့်မိဘများက ဤလူသားတို့ခန္ဓာကိုယ်ဖွဲ့စည်းပုံ အရည်အသွေးကြောင့်ဖြစ်ပေါ်လာသော သဘာဝပညာများကိုသိရှိလျက် မိမိတို့လုပ်သင့်သည်များကိုသာ လုပ်လာကြရန်လိုသည်။

ယခုရေးသားခဲ့သောအကြောင်းအရာတို့သည် မည်သို့မျှ အရေးကြီးသည်ဟု ထင်စရာမရှိဘဲ တော်ရုံတန်ရုံ သူများ၏စိတ်၌ အလကားပါဟုယူဆနိုင်သည်ကို သတိချပ်ရမည်။ သတိထား၍ သေချာစွာ စဉ်းစားဆောင်ရွက်ရန် တိုက်တွန်းသည်။ ယဉ်ပါးခြင်းနိယာမနှင့်ယှဉ်တွဲ၍ရှိနေသော နိယာမတစ်ခုမှာ နိုးထခြင်းနိယာမ (သို့) သိခြင်းမှ ဖြစ်ပေါ်လာသော အပြုအမူများ သိမှုများအကြောင်းပင်ဖြစ်ပါသည်။ နိုးထခြင်းနိယာမဆိုသည်မှာ လူတို့သည် သူတို့ရှိအာရုံခံအင်္ဂါအားလုံးမှတစ်ဆင့် သိရှိနားလည်လာသော အကြောင်းအရာများစွာရှိသည်။ ၎င်းသိမှုများကြောင့် လူတို့၏ အပြုအမူများ ပြောင်းလဲသွားသည်။ ထိုပြောင်းလဲလာသော အပြုအမူများသည် ၎င်းတို့နေထိုင်ရာ လူ့အဖွဲ့အစည်းအပေါ်တွင် အကျိုးသက်ရောက်မှု ရှိသည်ဟုဆိုသည်။ ဥပမာ လူတစ်ဦးသည်မီးကို မတော်တဆ ကိုင်မိ၏။ ထိမိ၏။ ထို့ကြောင့်ပူ၏။ ပူခြင်းကို ခန္ဓာကိုယ်၏အာရုံများကမှတ်၏။ မှတ်ပြီး ခန္ဓာကိုယ်က မလုပ်နိုင်သော အလုပ်ဖြစ်၍ ထိုသူသည် ဤအလုပ်ကို ထပ်မံ၍မလုပ်တော့ (သို့) မီးကို မကိုင်တော့သည့်အပြုအမူဖြစ်ပေါ်လာ သည်ဟုဆိုသည်။ မီးကိုကိုင်လျှင် ပူသည်။ ထို့ကြောင့် နောက်တစ်ခါ မကိုင်တော့။ ဤသို့မီးကို နောက်တစ်ခါ ထပ်မကိုင်တော့ခြင်းသည် ဆရာနှင့်မိဘတို့ သင်ကြားပေးကြ၍မဟုတ်။ လူ၏နိုးထ ခြင်း သဘောသဘာဝ (သို့) သဘာဝတရားက သင်ကြားပေးလိုက်ခြင်းဖြစ်သည်။ ဤသို့အတွေ့အကြုံက သင်ကြားသော (သို့) အာရုံခံအင်္ဂါများမှ တစ်ဆင့်ရရှိလာသော အပြုအမူများကိုရည်ညွှန်း၍ နိုးထခြင်းနိယာမဟု ဆိုသည်။ ဤဖြစ်စဉ်များသည် လူတို့ကျောင်းတွင်သင်ရန် မလိုပါဘဲ တတ်လာသည့် အပြုအမူများ၊ သိမှုများဖြစ်သည်။ ထို့ကြောင့် လူတို့ လေ့လာခြင်းဖြစ်စဉ်သည် ကျောင်းတွင်ဖြစ်စေ အိမ်တွင်ဖြစ်စေ၊ မြောက်မြားစွာ သောမတူညီသည့် နည်းလမ်းတို့ဖြင့် သိမှုအမျိုးမျိုးကို တည်ဆောက်နေကြသည်ကို ဆရာမိဘများကောင်းစွာနားလည်ရန် လိုအပ်ပါသည်။ သိခြင်း၊ သိမှုအားလုံးသည် ကျောင်းမှပင်ရလာသည်မဟုတ်။ အိမ်၌လည်းမဟုတ်။ သိမှုတို့သည် လူတို့ သွားလေရာတွင် စက္ကန့်မလပ်ကြုံတွေ့နေသော အာရုံခံစားမှုများ မှတစ်ဆင့် ဖြစ်ထွန်းနေကြပြီး ၎င်းသိမှုတို့က ထိုသူအားပုံသွင်းခြင်းဖြစ်သည် ဟုဆိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လေ့ကျင့်စဉ်အရ ကျောင်းသားများ မိမိတို့ လုပ်ဆောင်ရန် အလုပ်တို့ကို ကိုယ်ပိုင်လုပ်ပိုင်ခွင့် ပေးထားခြင်းဖြစ်သည်။ ၎င်းကဲ့သို့ ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းများမှ တွေ့ကြုံမှုအားလုံးကို အခြေပြု၍

သိလာကြမည့်သိမှုများ မြောက်မြားစွာရှိမည်ကို အလေးထားလိုက်လျော အခြေအနေ တည်ထောင်ပေးခြင်းဖြစ်သည်။ အကယ်၍ ထိုကျောင်းသားသည် ၎င်း၏အလုပ်ကို အခြားသူ (ကျူရှင်ဆရာ (သို့)မိဘ) ဝင်ရောက်ကူညီခဲ့ပါက ကျောင်းသားကိုယ်တိုင် တွေ့ကြုံသိရှိလာမည့် သိမှုများမဖြစ်ထွန်းတော့သောကြောင့် သိမှုနည်းပါးသော ကျောင်းသားဖြစ်လာတော့သည်။ သိမှုနည်းပါးသောကြောင့် ၎င်းကျောင်းသားမျိုးတို့သည် ဆုံးဖြတ်ချက်များချရသည့်အခါ အမှားရာခိုင်နှုန်း များလာသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကျောင်းသားများ ကိုယ်တွေ့အတွေ့အကြုံ များမှ သိမှုရရှိစေရေးအတွက် ကျောင်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ ၎င်းတို့ လုပ်ကိုင်ရမည့် ၎င်းတို့အလုပ်ကို ၎င်းတို့ကိုယ်တိုင်လုပ်ခွင့်ပေးရန် လွန်စွာ အရေးကြီးသည်။ သိမှုတို့သည် သင်ကြားမှုမဟုတ်။ သူ့အလိုအလျောက် ခန္ဓာကိုယ် ဖွဲ့စည်းပုံက သူ့အလုပ်သူ လုပ်သွားသည်ကို တွေ့ရမည်။ ဤကိစ္စများ နားမလည်မချင်း ခေတ်သစ်ပညာရေး စနစ်ဆီသို့ ကူးပြောင်း၍ မရနိုင်။ ကောင်းသောစနစ်တစ်ခုသို့ ကူးပြောင်း ခြင်းဟူသည် ထိုစနစ်တွင်နေထိုင်ကြသော သက်ဆိုင်သူများအားလုံး၏ ယူဆပုံ ယုံကြည်ပုံ၊ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များပြောင်းလဲခြင်းသည် စနစ်ပြောင်းလဲခြင်း အနှစ်သာရမှန်ကန်ပေရာ မိဘနှင့်ဆရာများ၏အသိများကို အခြေပြု၍ ယနေ့လက်ရှိတွေးပုံခေါ်ပုံများနှင့် ယှဉ်ထိုးဆန်းစစ်ကာ မနက်ဖြန်လုပ်ငန်း များကို ယနေ့နှင့်မတူအောင်လုပ်ကိုင်နိုင်မှ ပြောင်းလဲခြင်းအမှန်ဖြစ်သည်။ သို့တည်းမဟုတ် နာမည်နာမပြောင်းလဲခြင်းသာဖြစ်ပြီး ယနေ့နေ့စဉ် ကျောင်း စာသင်ခန်းအတွင်း ကျောင်းသားနှင့်ဆရာများ အလုပ်လုပ်နေပုံများ မပြောင်း မချင်း၊ နေ့စဉ် နေအိမ်တို့အတွင်း ကျောင်းသားနှင့်မိဘများ လုပ်ကိုင်နေမြဲ လုပ်ငန်းများ မပြောင်းမချင်း၊ နေ့စဉ် ကျောင်းသားတို့ တက်ရောက်နေရသော ကျူရှင်ယဉ်ကျေးမှု မပပျောက်မချင်း၊ နေ့စဉ်အလွတ်ကျက်နေသော အပြုအမူများ မပြောင်းမချင်း လုပသော ရီပို့ကဒ်များနှင့် ဂုဏ်ထူးများ၏ နောက်သို့လိုက်နေကြခြင်းများ မစွန့်လွှတ် မချင်း၊ အရာရာသည် ယခင် ယခုအတိုင်းရှိနေမည်။

ရေးလက်စသို့ပြန်သွားသော် လူတို့သိမှုဖြစ်ပေါ်ပုံများတွင် ကျောင်းတွင် လည်း မသင်၊ အိမ်တွင်လည်း မခိုင်းပါဘဲ အလိုလိုသိနေပြီဖြစ်သောအရာများ (Instinct) ရှိသည်ကို တွေ့ရမည်။ ဤသို့သိမှုများ မြောက်မြားစွာကို လေ့လာသူ (Researcher) များက ဖော်ထုတ်သည်။ ဥပမာ သစ်ပင်တက်ခြင်းကို မည်သည့်

သင်တန်းကျောင်းတွင်မှ တက်ရောက်သင်ကြားစရာမလိုဘဲ အားလုံး တက်တတ်ပြီး ဖြစ်သည်။ ကျွမ်းကျင် (သို့) မကျွမ်းကျင်သည် အလေ့အကျင့် အကြိမ်ရေပေါ်တွင် မူတည်သည်။ အခြေခံနည်းစနစ်က မပြောဘဲသိပြီးဖြစ်နေသလို တောတွင်းရှိ ခြသေ့်များ အမဲလိုက်ခြင်း သင်စရာမလို။ ခြသေ့်လေးကြီးလာသော် ခြသေ့်ကြီးဖြစ်လာပြီး သားကောင်ဖမ်းပုံဖမ်းနည်းသည် တောတွင်းနေခြသေ့်များနှင့် မြို့ပြနေ ခြသေ့်များ အခြေခံအားဖြင့်အတူတူပင်ဖြစ်နေသည်ကို တွေ့ရသည်။ ဤနည်းအားဖြင့် သိမှုများကို ပုံနှိပ်ထားပြီး သိမှုများ (Imprint Learning) ဟုခေါ်သည်။ လူ၊ တိရစ္ဆာန် အားလုံးတွင် Imprint များ ပါလာကြသည်။ သို့ဖြစ်၍ ဤနည်းမှုလည်း သိထားပြီး ကိစ္စများ၊ သိမှုများ ရှိနေမည်ကို ဆရာမိဘများ သိနားလည်ရန်လိုသည်။ ဤသို့ သိကြရာတွင် တစ်မိသားနှင့် တစ်မိသား DNA များ ကွာခြားချက်ကြောင့် သိမှု တူညီကြမည်မဟုတ်။ မတူညီသော သိမှုအခြေခံများကြောင့် ဆက်လက်၍ အလုပ်လုပ်ကိုင်လာကြရာ၌ ထပ်မံသိမှုများ၏ ပမာဏသည်လည်းကွာဟမည် ဖြစ်၍ သူများသားသမီးအလွန် တော်ပြီး မိမိသားသမီးများ အလုပ်မလုပ်နိုင်သော အခါ နားလည်ပေးရန်ဖြစ်လာသည်။ သူတို့လုပ်နိုင်သလောက်ကိုပင် ခွင့်ပြုပြီး အကောင်းဆုံး လုပ်ကြရန်သာ လေ့ကျင့်ပေးရမည်။ Imprint နိယာမကို မှီငြမ်း၍ ပြောလျှင် အခြေခံသိမှုများ ကွာဟမှုကြောင့် နောက်ဆက်တွဲသိမှုများ ကွာဟခြင်း သည် လူသားဆန်သော သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် မိမိ၏သားသမီးလေး များ သူတို့လုပ်နိုင်သလောက် အတိုင်းအတာအတွင်းတွင် အကောင်းဆုံးလုပ်နိုင်ကြ စေရန်ကိုသာ ဦးတည်၍လေ့ကျင့်ကြရန် အရေးကြီးပါသည်။ လူမှုရေးနိယာမတို့၏ လူတို့အကြောင်း၊ လူတို့၏သဘာဝ လုပ်ပုံကိုင်ပုံတို့ကိုလေ့လာရန် သိလာသော အမှန်တရားများ ဖြစ်လေရာ လူတို့နားလည်လက်ခံရန် ငြင်းဆန်နေ၍ သဘာဝနှင့် ဆန့်ကျင်နေမည်သာဖြစ်သည်။ သဘာဝနှင့်ဆန့်ကျင်သည့် မည်သည့်အရာမျှ ကောင်းကျိုးမပေး၊ ဆိုးကျိုးကိုသာ ဖြစ်စေ၏။

သိမှုလမ်းကြောင်းပေါင်း မြောက်မြားစွာအနက် အတုမြင် အတတ်သင် နိယာမခေါ် (Observational Learning) နိယာမသည်လည်း ဆရာနှင့်မိဘများ သိချင်စရာ (သို့) သိရန်လေ့လာရမည့် နိယာမတစ်ခုဖြစ်သည်။ အတုမြင် အတတ်သင်နိယာမက ဆိုသည်မှာလူတို့၏ အပြုအမူပြောင်းလဲလာခြင်း (သို့) အပြုအမူ အသစ်များရရှိလာခြင်းဖြစ်စဉ်တွင် အဆင့်လေးဆင့် တွေ့ရမည်ဟုဆိုသည်။ ပထမ

အဆင့်မှာ စိတ်ဝင်စားမှု (သို့) အာရုံစူးစိုက်မှု အဆင့်ဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ဦး၏ အပြုအမူ အသစ်တစ်ခုရလာစေမည့် ပထမအဆင့်သည် ၎င်းက အပြုအမူ (သို့) လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံတစ်မျိုး အပေါ်စိတ်ဝင်စားလာခြင်း (သို့) အာရုံစူးစိုက်လာခြင်းဖြစ်သည်။ ဤသို့ စိတ်ဝင်တစား အာရုံစူးစိုက်ပြီဆိုလျှင် ထိုသူ၏ အပြုအမူအသစ်တစ်ခုရရန် (၂၅)ရာခိုင်နှုန်း ပြီးမြောက်ပြီး ဖြစ်သည်ဟု ဆိုသည်။ ထိုအပြုအမူအသစ်အား ဤသို့အာရုံစူးစိုက်သည့်အဆင့်၌ ထိုအပြုအမူအား လူအများက နှစ်သက်သြဘာပေးကြလျှင် ထိုအပြုအမူအား ရယူတော့မည်မှာ (၂၅)ရာခိုင်နှုန်းပြည့်ပြည့်ဝဝ သေချာသွားပြီး အကယ်၍ လူတို့သြဘာမပေးသည့် တိုင်အောင် ထိုသူသည် ထိုအပြုအမူကို ရယူရန် (၂၅)ရာခိုင်နှုန်းမပြည့်တပြည့် ရှိနေသေးသည်။ ဒုတိယအဆင့်အနေဖြင့် ထိုအပြုအမူအား ထပ်ကာထပ်ကာ ဆက်၍ မြင်ကြားသိနေခြင်း (သို့) Retention of Senses ဆိုသည့်အာရုံများ ထပ်ကာထပ်ကာ ဖြစ်ပေါ်နေခြင်း အဆင့်ဖြစ်သည်။ ဆေးလိပ်သောက်သည် ဆိုပါစို့။ ထို့ကြောင့် (၁)အဆင့်တွင် ကလေးတို့သည် အဖေ၏ ဆေးလိပ်သောက်နေပုံကို စိတ်ဝင်တစား စူးစိုက်မိသည့် တဒင်္ဂများသည် အဆင့်(၁)ပြည့်စုံခြင်းဖြစ်သည်။ ဆေးလိပ်အခိုး အငွေ့လေးများ၏ ပုံရိပ်အပေါ် စိတ်ဝင်စားသူကလေး များစွာရှိနိုင်သလို အဖေဖြစ်သူသည် အိမ်တစ်အိမ်၏ ထင်ရှားသောရုပ်သွင်ဖြစ်၍ သူလုပ်လျှင် အကုန်အကောင်းဟု (သို့) အတုယူစရာဟု ယုံကြည်ထားနေသော ပုံရိပ်ဖြစ်၍ တစ်ကြောင်း၊ မည်သည့် ကလေးမဆို မိမိတို့၏ဖခင်တို့ လုပ်သမျှအားလုံးကို စိတ်ဝင်စားပြီးဖြစ်၍ အဖေဆေးလိပ်သောက်နေပုံသည် သားတို့ (အထူးသဖြင့် သားတို့) သမီးတို့သည်လည်း စိတ်ဝင်စားသည့်ပုံရိပ်ဖြစ်သည်။ ထို့ကြောင့် အဆင့် (၁) ပြီးမြောက် ပြည့်စုံပြီး ဖြစ်သည်။ အဖေအား နေ့စဉ်တွေ့နေရ၍ အဆင့် (၂) (Retention) သည်လည်း အလိုအလျောက် ပြည့်စုံပြီးဖြစ်၏။ အဖေဆေးလိပ် သောက်နေစဉ် ပုံရိပ်တို့သည် ကလေးတို့၏အာရုံများ၌ ထပ်ကာထပ်ကာ၊ ထပ်ကာထပ်ကာ ရှိနေ၍ အဆင့်(၂) ပြည့်စုံလာ၏။ အဆင့် (၃)သည် ပြန်လည်လုပ်ကိုင်ရန် ကြိုးစားခြင်းအဆင့်ဖြစ်၍ အဆင့် (၂)အထိပြည့်စုံပြီးသော ကလေးများသည် မဝေးကွာလှသောအချိန်အတွင်း ထိုအပြုအမူကို စတင်ရန်၊ ပြန်လည်လေ့ကျင့်ရန် အဆင်သင့် ဖြစ်နေပြီဖြစ်သည်။ ထိုသို့အတုယူလေ့ကျင့်ရာတွင် ဆေးလိပ်အစစ်နှင့် သော်လည်းကောင်း (အခြေအနေပေးလျှင်) သို့တည်းမဟုတ် ဆေးလိပ်ကဲ့သို့

နီးစပ်ရာပစ္စည်း (စက္ကူများကို လိပ်၍သော်လည်းကောင်း) များဖြင့် စတင်လေ့ကျင့်လာကြမည်ကိုတွေ့ရမည်။ ဤသို့ ဆေးလိပ်သောက်သကဲ့သို့ ကစားနေသော၊ ပြုမူ၍ ဆော့နေကြသောကလေးများအားလုံးသည် အဆင့် (၁)နှင့် အဆင့်(၂)ကို ဖြတ်သန်းတွေ့ကြုံပြီးသား ပုဂ္ဂိုလ်များဖြစ်သည်မှာ (၁၀၀) ရာခိုင်နှုန်း သေချာသည်။ သို့ဖြစ်၍ အဆင့် (၃)ထိသည် ဒိဋ္ဌဓမ္မသေချာသော သဘောတရားဖြစ်သည်။ ဤအဆင့်ပြီးမြောက်လျှင် နောက်ဆုံးအဆင့်ဖြစ်သည့် စွဲဆော်မှုအလာကို အသင့်ပြင် စောင့်ဆိုင်းနေပြီ ဖြစ်သည်။ ဆိုလိုသည်မှာ အဖေဆေးလိပ်သောက်သည်ကို အဆင့်အလိုက် ကြုံတွေ့ပြီးသောကလေးတို့သည် အဆင့်(၃)အထိ ကြုံတွေ့ပြီးသည့်အခါ ဆေးလိပ်သောက်ခြင်းဟူသော အပြုအမူသစ်တစ်ခုကို စတင်ပြုမူလုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပြီး စွဲဆော်မှုဟူသော နောက်ဆုံးလိုအပ်သော အခြေအနေကိုကား စောင့်ဆိုင်းနေခြင်းဖြစ်ပြီး ၎င်းနောက်ဆုံးအခြေအနေ ဖြစ်သည့် စွဲဆော်မှုဝင်ရောက် ရရှိသည်နှင့် တစ်ပြိုင်နက် ဆေးလိပ်သောက်ခြင်းကို ပြုလုပ်ရန် ဆုံးဖြတ်၍ ဆောင်ရွက်တော့မည်ကိုတွေ့ရသည်။ သို့ဖြစ်၍ စွဲဆော်မှုများဖြစ်သော အားကျမှု၊ စိတ်ညစ်လာမှု၊ စိတ်ပျော်လာမှုစသည်တို့သည် အဆင့် (၄)အဖြစ် ဝင်ရောက်လာသည်နှင့် ဆေးလိပ်သောက်ခြင်းတည်းသော အပြုအမူသစ်ကို အရွယ်မရွေးစတင် ပြုမူလာကြခြင်းဖြစ်သည်။ အဆင့်လေးဆင့် ပြည့်စုံပါက အရွယ်မရွေး ဖြစ်နိုင်သည်ဟု ဆိုသည်။ အားကျမှု၊ စိတ်ညစ်မှု၊ စိတ်ပျော်မှုတည်းဟူသော စွဲဆော်မှုများသည် ရှားပါးသောအရာများမဟုတ်၍ အဆင့်(၃) အထိ ဖြတ်ကျော်ကြုံတွေ့လာပြီးသောကလေးများ အဆင့် (၃)ပြည့်စုံပြီး မကြာခင်ပင် ဆေးလိပ်စတင်သောက်တော့သည်ကို တွေ့ကြရသည်။ သို့ဖြစ်၍ အတုမြင်အတတ်သင်နိယာမတွင် အဆင့်(၁) အာရုံစူးစိုက်ခြင်း၊ အဆင့်(၂) အာရုံများ ထိန်းသိမ်းထားခြင်း၊ အဆင့်(၃) ပြန်လည်စမ်းသပ်ဆောင်ရွက်ခြင်းနှင့် အဆင့် (၄) စွဲဆော်မှု ဝင်ရောက်ခြင်း ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသားများ မကောင်းသောအပြုအမူများ မကူးစက်စေရန် အဆင့်(၁) ကိုစတင်မကြုံစေရန် အကယ်၍ အဆင့်(၁) ကိုကြုံခဲ့ပြီးပါကလည်း အဆင့် (၂)သို့မရောက်ရှိအောင်စီမံခြင်းဖြင့် ကာကွယ်ရန်လိုသည်။ ထို့ကြောင့် ရုပ်ရှင်များတွင် ဆေးလိပ်သောက်ခန်းများပါပါက မမြင်စေရန် ကွန်ပျူတာပုံရိပ်ဖြင့် ကာကွယ်ပိတ်ဆို့ထားခြင်းဖြစ်သည်။ အဆင့်(၁) အဖြစ်မပြည့်စုံပါက အဆင့်(၂) မပြည့်စုံနိုင်။ သို့ဖြစ်ပါ၍ အဆင့် (၁)ကို ဦးစားပေး

တားဆီးရန်လိုသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် ကျောင်းများ၏အနားပါးနီး (တိကျစွာဆိုရလျှင်) မိုင် (၅၀) အတွင်း အရက်ဆိုင်များ မရှိရဟူ၍ သတ်မှတ်ကာ အရက်သောက်နေပုံကို မမြင်ကြစေရန် (သို့) အဆင့်(၁) ဖြစ်စဉ်အား ကလေးများဆီသို့ မရောက်ရှိစေရန် ကာကွယ်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်ကား ကျောင်းနှင့်ကပ်လျက်တွင်ပင် အရက်ဆိုင်ဖွင့်ခွင့် လိုင်စင်ရသည်။ ကွာပါ့။ သို့ဖြစ်၍ ဤနိယာမအရသုံးသပ်လျှင် မြန်မာပြည်တွင် အရက်သမားများ များလာသည်။ ဆေးလိပ်သောက်သူများ များလာသည်။ ဘီယာသောက်သူများ များလာသည်။ နိယာမများအပေါ်လေ့လာမှု အားနည်းခြင်း (သို့) မယုံကြည်ခြင်း (သို့) အားနည်းခြင်းတို့ကြောင့် ပညာတတ်မှုတွင် အားနည်းလာကာ မိမိလုပ်သော အလုပ် ပတ်ဝန်းကျင်သို့ မည်သို့အကျိုးပြုသည်ကိုမသိ မကြည့်ကြတော့ဘဲ ကိုယ်ထင်ရာကိုယ်လုပ်လိုသော၊ လုပ်ကြသော (သို့) မစဉ်းစားသော (သို့) မစဉ်းစားတတ်သော ပုဂ္ဂိုလ်များ များသည်ထက်များ လာသောအခါ ထိုပြဿနာများသည် တစ်စတစ်စ ကြီးထွားလာပြီး နိုင်ငံရေး၊ ကျန်းမာရေးနှင့် လူမှုရေးပြဿနာကြီးများအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ ထို့ကြောင့် ကလေးများတွင် မကောင်းသောအပြုအမူများ မကူးစက်ရေး အတွက် အဆင့် (၁)များအားလုံးကို ဖြတ်ထားရန်လိုသည်။ စနစ်တကျ ဖြတ်တောက်ထားနိုင်လျှင် အရက်သောက်သုံးမှု လျော့ကျလာမည်။ ဆေးလိပ်သောက်သုံးမှု လျော့ကျလာသည်။ ဤကဲ့သို့ ပြည်သူများတွင် မကောင်းသော အပြုအမူများ မဖြစ်လာစေရေးအတွက် အားပေးရမည့်အစား ယခင်ခေတ်တစ်ခေတ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ အမျိုးသားရုပ်မြင်သံကြားမှ ကိုရီးယား ရုပ်ရှင်ဇာတ်လမ်းတွဲများ ဆက်တိုက် ထုတ်လွှင့်ခဲ့ရာ များစွာသော မြန်မာပြည်သူတို့သည် (အမျိုးသမီးများပါ) အရက်သောက်ခြင်း (ကိုရီးယားအရက်) အဆင့်(၁)မြင်ကွင်းကို ရိုးရိုးစတင်မြင်ဖူးကြသည်မဟုတ်ဘဲ ဇာတ်လမ်းဇာတ်အိမ်အရ ထိုအရက်သောက်ခြင်းအပေါ် ကြည့်ရှုသူပြည်သူများက စိတ်ဝင်စားစေရန် ကိုရီးယားဒါရိုက်တာမှ ဖန်တီးထားသောကြောင့် မြန်မာပြည်သူများသည် ကိုရီးယားအရက်သောက်ခြင်းကို စိတ်ဝင်စားစွာ အာရုံစူးစိုက်၍ ကြည့်ဖြစ်လာကြရာ အဆင့်(၁) ပြည့်စုံလာ၏။ ထို့နောက် ကိုရီးယားရုပ်ရှင်များအား ကိုရီးယားတို့က ရည်ရွယ်ချက်များဖြင့် ကမ္ဘာအနှံ့ဖြန့်လျက်ရှိရာ လွန်စွာဆွဲဆောင်မှုရှိသော ကိုရီးယားကားများကို ထပ်ကာထပ်ကာ မလွတ်တမ်း ကြည့်ကြ

စေရန် ဖန်တီးထားပြီးဖြစ်၍ မြန်မာတို့သည် ကိုရီးယားများအရက်သောက်ခြင်း၊ လူမှုရေးဖောက်ပြန်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတမဖြစ်သော အပြုအမူများကိုပါ ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာ စိတ်ပါလက်ပါ ကြည့်ပြီးရင်း ကြည့် မလွတ်တမ်း ကြည့်ရာမှ (Retention of Senses) ခေါ် ဒုတိယအဆင့် (၂)ပြည့်စုံလာသည်။ အဆင့် (၃) သည်ကား အားလုံးတွေ့ကြသည့်အတိုင်းပင် ကိုရီးယား အရက်ဆိုင်များ ပေါ်လာသည်။ ကိုရီးယား အရက်များ သောက်ကြခြင်းဖြင့် (သို့) ကိုရီးယားအမျိုးသမီးများ ဝတ်စားသကဲ့သို့ (သို့) ကိုရီးယားမင်းသား မင်းသမီးများ ထားသော ဆံပင်ပုံများ လိုက်၍ထားခြင်းဖြင့် ၄င်းအဆင့် (၃) (Production) ပြန်လည်လုပ်ကိုင်ဆောင်ရွက်ခြင်း (သို့) ထပ်တူလိုက်လုပ်ခြင်း အဆင့်ကို ပြည့်စုံစေ၏။ ထို့ကြောင့် ထိုသို့သော အဆင့်(၃)အထိ ဖြတ်သန်းတွေ့ကြုံပြီးသည့် မြန်မာပြည်သူများသည် အဆင့် (၄)ဖြစ်သည် စေ့ဆော်မှုဖြစ်သော စိတ်ညစ်မှု၊ ပျော်ရွှင်မှု အစရှိသည့် စေ့ဆော်မှုများထိ အသီးသီးထပ်မံကြုံတွေ့ရသည့်အခါ ကိုရီယားများကဲ့သို့သော အပြုအမူများကို တစ်ထပ်တည်း လိုက်လုပ်လာကြသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ထိုစဉ်က ပြန်ကြားရေးဌာနအနေဖြင့် မြန်မာများ ကိုရီးယား ဇာတ်ကားများတွင်ကဲ့သို့ စိတ်ညစ်တိုင်း၊ စိတ်ပျော်တိုင်း အရက်သောက်ကြခြင်း၊ လူမှုရေးဖောက်ပြန်ကြခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတမဖြစ်သော အပြုအမူများကို ပြုမူကြခြင်းစသည့် တိုင်းပြည်အတွက် အနှုတ်လက္ခဏာများကို တားဆီးရမည့်အစား ဖြစ်ကုန်ကြရန် စီစဉ်ပေးထား (သို့) စေ့ဆော်ရန် ပို့နေသလို ဖြစ်နေသည်ကို တွေ့ရသည်။ အံ့သြပေစွ။ ပညာရေး၏ အနှစ်သာရကိုမသိ နားမလည်ကြသောအခါ ဆုံးဖြတ်ချက်များမှားကုန်ကြ၏။ မှားနေမှန်းကိုမသိတော့ မှားနေသည်ကိုသိအောင်ပင် မနည်းပြောရမည်။ ဉာဏဗလအားနည်းသော ပုဂ္ဂိုလ်များအား သေအောင်ရှင်းပြလျှင်လည်း နားမလည်ဟု ရှေးလူကြီးများ ဆိုခဲ့ဖူးသည်။ သို့ဖြစ်၍ လူတိုင်းပညာအသိရှိရန်လိုသည်။ ကောင်းသော သိမှုများ တည်ဆောက်ရန်လိုသည်။ အထူးသဖြင့် ခေါင်းဆောင်များ၊ လူထုကိုယ်စားပြုမည့် ခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်ချမည့်သူများ ပညာတတ်ရန်လိုသည်။ သူတို့မှားလျှင် အများအကျိုးယုတ်မည်။ ဖြစ်ခဲ့ပြီးပြီ။ သင်ခန်းစာယူ၍ ပညာရေးသဘောအရ နိယာမများကို လက်တွေ့ နယ်ပယ်တွင် သုံးကြမှဖြစ်မည်။ ဖြစ်ပြီးသည်များထားဦး ဖြစ်နေဆဲများကို ပြည်သူ့ခေါင်းဆောင်တို့က ပညာရေးအသိဖြင့် အမြန်တားဆီးရန်လိုအပ်သည်။

သို့မဟုတ် ဆိုးကျိုးသံသရာလည်နေမည်။ သို့ဖြစ်၍ အနာဂတ်တွင် ဆုံးဖြတ်ချက်ချသူများအား ရွေးချယ်ကြရာ၌ ပညာတတ်များကိုသာ ဦးစားပေးရွေးချယ်ရမည်။ ပညာတတ်ဆိုသည်မှာ စဉ်းစားပြီးမှ လုပ်ကိုင်ဆုံးဖြတ်သောသူများကို ဆိုလိုသည်။ အချို့ဘွဲ့ရများ ဘွဲ့များပင်ရထားသော်လည်း မစဉ်းစားဘဲ (သို့) မစဉ်းစားနိုင်ဘဲ လုပ်သည်များ ရှိသေးသည်။ စဉ်းစားနိုင်ကာ စဉ်းစားတတ်သော ပုဂ္ဂိုလ်များကို နေရာပေးရမည်။ ထပ်မံမွေးထုတ်ရမည်။ ယနေ့ စဉ်းစားတတ်သော ပုဂ္ဂိုလ်များ ဖြစ်လာစေရန် မနေ့ကလည်း စဉ်းစားတတ်ရန်လိုသည်။ များများစဉ်းစားဖူးရန်လိုသည်။ များများစဉ်းစားမှုကို မူကြိုမှစ၍ တက္ကသိုလ်ပြီးရုံတင်မက ဘဝတစ်လျှောက်လုံး စဉ်းစားမှုအကျင့်ပြု၍ လုပ်ထားပြီးမှ ဆုံးဖြတ်ချက်များ ချရန်ဖြစ်သည်။ သို့မှသာ မိမိတို့၏ဆုံးဖြတ်ချက်ကြောင့် မိမိအပါအဝင် အများကို ထိခိုက်မည်မဟုတ်ပေ။

ဤအတုမြင်အတတ်သင်နိယာမကို အခြေပြု၍ ဆရာများက မိမိတို့ကျောင်းသားများအား ရယူတည်ဆောက်စေလိုသည့် ပြုမူပြောဆိုခြင်းများကို မိမိတို့ကိုယ်တိုင် ပြုမူပြောဆိုလုပ်ကိုင်ခြင်းဖြင့် ကျောင်းသားတို့တွင် ဖြစ်တည်နေရန်လိုအပ်သော စိတ်ဓာတ်နှင့် စည်းကမ်းတို့ကိုလေ့ကျင့်ပေးရခြင်းဖြစ်သည်။ စိတ်ဓာတ်နှင့် စည်းကမ်းသည် နှုတ်အားဖြင့် သင်ကြားဆုံးမ၍မရ။ ဆရာနှင့် မိဘတို့က ကိုယ်တိုင်လုပ်ပြ၊ ပြုမူပြောဆိုခြင်းများမှသာ အများစု ရရှိတည်ဆောက်နိုင်မည်ဖြစ်ရာ မိဘနှင့်ဆရာများက အစစအရာရာ စွန့်လွှတ်ခြင်းဖြင့် ကောင်းမွန်သော အပြုအမူအပြောအဆိုများကို သားသမီးတို့အား ပူးပေါင်းလေ့ကျင့်ပေးရန်ဖြစ်သည်။ အဆင့်(၁)ဖြစ်ပေါ်ပြည့်စုံမှုကို ဟန့်တားထားနိုင်လျှင် အဆင့် (၂) မဖြစ်သေး။ အဆင့် (၂)မဖြစ်လျှင် ဤအဆင့်များမဖြစ်တော့၍ ဆိုးသော အပြုအမူများ ဝင်မလာနိုင်တော့။ ဤအဆင့်လေးဆင့်ပါ နိယာမအားကောင်းသည့် အပြုအမူများတည်ဆောက်ခြင်းတွင် ကောင်းစွာအသုံးချနိုင်မည်။ ကောင်းသည့် အပြုအမူများအား များများမြင်တွေ့စေပြီး အဆင့်(၁)ကို ဖြစ်ပေါ် ပြည့်စုံစေသော ကောင်းသောအာရုံများ ဆက်တိုက်ဆက်တိုက် မြင်တွေ့ကြားသိနေရေးကို စီမံနိုင်ပါက အဆင့်(၂)၊ အဆင့် (၃) အသီးသီးမှ ကောင်းမွန်သောအပြုအမူများ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ဤသည်မှာ ကောင်းမွန်သော စိတ်ဓာတ်၊ စည်းကမ်းတည်ဆောက်ပုံအကျဉ်း ဖြစ်သည်။

ကျောင်းသားများ ကျန်းမာအောင်နေတတ်သော ပုဂ္ဂိုလ်များဖြစ်လာစေရန် လေ့ကျင့်ရာတွင် ကျွန်ုပ်တို့ ကျောင်းတွင်းအားကစားရုံ၌ နေ့စဉ် ကျောင်းသားများ လေ့ကျင့်ခန်းလုပ်နေပုံများကို ကျောင်းသားများက စိတ်ဝင်စားမှုများစွာရှိပြီး သည့်အတွက် အဆင့်(၁)သည် ဖြစ်တည်ပြီးဖြစ်၏။ နေ့စဉ်မြင်တွေ့နေရ၍ အဆင့်(၂)လည်း ပြည့်စုံပြီးဖြစ်၏။ ထို့ကြောင့် အဆင့်(၃)ဖြစ်သော ပြန်လည် လုပ်ကိုင်ခြင်းကိုလည်း ၄င်းတို့ကိုယ်တိုင် အလှည့်ကျလုပ်ကိုင်ရ၍ ပြည့်စုံလာသော အခါ ကျန်းမာစွာနေလိုသည့်စိတ်ဟူသော စေ့ဆော်မှုရသည်နှင့် ကျန်းမာရေး လေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်ခြင်းဟူသော အပြုအမူကို လုပ်ကိုင်ကြစေရန် လေ့ကျင့်သည်။

## ကျန်းမာအောင်နေတတ်ရေးအတွက် ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်အလုပ်လုပ်ပုံ

ဘဝတစ်ခု အေးချမ်းစွာ နေထိုင်နိုင်ရေးတွင် ကျန်းမာရေးသည် အလွန့် အလွန် အရေးကြီးသည်ဟုဆိုကြရမည်။ ကျန်းမာအောင်နေတတ်သော ကလေးများ ဖြစ်လာစေရေးအတွက် သူ့အလိုအလျောက်ဖြစ်မလာနိုင်သည်ကို ယုံကြည်လက်ခံရန် လိုသည်။ ကျန်းမာအောင်နေတတ်သော လူသားများ ဖြစ်လာစေရန် စနစ်တကျ လေ့ကျင့်ပေးမှုများမှသာ ရနိုင်သည်။ အခြေခံအကျဆုံး လိုအပ်ချက် (၂) ချက် ရှိသည်။ (၁) အသိဉာဏ်ရှိရန် (၂) ကိုယ်ကာယလေ့ကျင့်မှုများမှ လေ့ကျင့်ယူရန် တို့ဖြစ်သည်။ (၁)အချက်ဖြစ်သော အသိဉာဏ်ရှိစေရန်ကို ကျောင်းစာပေ လေ့ကျင့်မှု များ အခြေပြုလေ့ကျင့်ယူနိုင်သလို အားကစားဆိုင်ရာအသိဉာဏ် (သို့) ခန္ဓာကိုယ် ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်ဟုခေါ်သော (Bodily Kinesthetic Intelligence) ကို တစ်ပြိုင်နက် လေ့ကျင့်မှုလုပ်ရန်လိုသည်။ ခန္ဓာကိုယ် ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်သည် လူသားတိုင်း မွေးကတည်းက အတိုင်းအတာ တစ်ခုအထိပါရှိ လာပြီးသော အသိဉာဏ်တစ်ခု ဖြစ်သည်။ ၄င်းအသိဉာဏ်၏ ဂုဏ်သတ္တိကြောင့် ကျွန်ုပ်တို့ နေ့စဉ်ရွေ့လျား သွားလာနေကြခြင်းဖြစ်သည်။ ထိုအသိဉာဏ်သည် သူ့အလိုအလျောက် ဆက်လက်ဖွံ့ဖြိုးလာရန် ဂုဏ်သတ္တိမပါရှိဘဲ မွေးရာပါ အသိဉာဏ်အတိုင်းအတာသည် ကျွန်ုပ်တို့မည်ရွေ့မည်မျှ ဆက်လက်ရွေ့လျားမှု ပြုနေကြသည့်အပေါ်မူတည်ပြီး တိုးတက် (သို့)ဆုတ်ယုတ်လေ့ရှိသည်။ အခြေခံ

မွေးရာပါ အသိဉာဏ်အတိုင်းအတာသည် ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးမတူညီကြ။ ခန္ဓာရွေ့လျားမှုဆိုင်ရာ အသိဉာဏ်ဖြစ်ပါက ၄င်းပုဂ္ဂိုလ်များသည် မြန်မာလိုဆိုရလျှင် "ဖင်ပေါ့သည်" ဟုဆိုရမည်။ သွက်လက်သည်။ လှုပ်ရှားမှု လုပ်ဆောင်ရသည်ကို သဘောကျသည်။ လုပ်သည်။ အိမ်တွင်းတွင် ငြိမ်ငြိမ်မနေ။ ပြင်ပသို့သွားလာနေတတ်သည်။ အိမ်မကပ်။ အိမ်မမြဲ။ ပိတ်ရက်ရောက်သည်နှင့် ထွက်ပြီ။ သွားစရာရှိရောက်ပြီးသား။ လုပ်စရာရှိ လုပ်ပြီးသားဖြစ်နေတတ်သည်။ ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာအသိဉာဏ်နည်းပါးသည့် ပုဂ္ဂိုလ်များကား ပြောင်းပြန်ဖြစ်သည်။ ဖင်လေးသည်။ အလုပ်ကိုဆိုင်းသည်။ သွားစရာရှိမသွား။ နောက်မှ သွားမည်ဟူ၍ဖြစ်သည်။ အိမ်မြဲသည်။ အိပ်ယာထ နောက်ကျလေ့ရှိသည်။ အရာရာ လေးပင်သည်။ စားသူများနောက်၊ သွား သူများနောက်ဟူသော ပုဂ္ဂိုလ်များဖြစ်လာသည်။ ဤသည်ကား ခန္ဓာကိုယ် ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်၏ လူတို့အပေါ် စေစားမှုအချို့ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏အသိဉာဏ်များ၏ စုပေါင်းစေစားခြင်းကို ခံရသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိဉာဏ်များ၏ ကျေးကျွန်များဖြစ်သည်။ ကျွန်ုပ်တို့၏ အသိဉာဏ်များအား မြင့်မားအောင်လေ့ကျင့်ခြင်းဖြင့် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့အသိဉာဏ်များက ပြန်လည်၍ အထောက်အပံ့ဖြစ်လာစေရန် လေ့ကျင့်ခြင်းသည် ပညာရေး၏အနှစ်သာရတစ်ခုဖြစ်သည်ဖြစ်၍ ဤခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်မြင့်မားလာစေရန် လေ့ကျင့်ခြင်းဖြင့် ကျန်းမာသော လူသားများဖြစ်လာစေရန် (သို့) ကျန်းမာအောင်နေတတ်သော လူများဖြစ်လာအောင် ကြိုးပမ်းမည်။ ခန္ဓာကိုယ်ရွေ့လျားမှုအသိဉာဏ်ကို ပွားများလာစေရန် အလွယ်ဆုံးနည်းကား၊ နေ့စဉ်ရွေ့လျားပေးနေရန်သာဖြစ်သည်။ လူကို ၄င်းတို့၏ခန္ဓာကိုယ်အား မော်တော်ယာဉ်များ၊ အခြားအရာဝတ္ထုများမသုံးဘဲ မိမိတို့ ကိုယ်တိုင်နေ့စဉ် ရွေ့လျားမှုပြုနေပါက ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာအသိဉာဏ် တဖြည်းဖြည်း ရွေ့လျားနေသည်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများက နေ့စဉ် ၄င်းတို့၏ခန္ဓာကိုယ်များကို ရွေ့လျားမှု ပြုနိုင်စေရန် အတွက်အဆင်ပြေမည့် ပတ်ဝန်းကျင် ဖန်တီးပေးရန်လိုသည်။ အလွတ်မဲ့ ရွေ့လျားခိုင်း၍မရနိုင်သဖြင့် ကျောင်းသားများအား အကြောင်းပြချက်များရှာ၍ လေ့ကျင့်ရွေ့လျားစေမည်ဖြစ်သည်။ အကြောင်းပြချက်သည် ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်မှု ဘာသာပင်ဖြစ်သည်။ ကိုယ်ကာယ ကြံ့ခိုင်ရေးလေ့ကျင့်မှုဘာသာရပ်တွင်

အားကစားနည်းများ၊ ကိုယ်လက်လှုပ်ရှားနည်းစနစ်များ များစွာပါဝင်သည်။ ကစားနည်း တစ်မျိုးတည်းကိုသုံး၍ အားလုံးလုပ်ရန်လည်း မဖြစ်နိုင်။ သို့ဖြစ်၍ ဘတ်စကက်ဘော အားကစားနည်းဖြင့်အဆင်ပြေသောခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံ ရှိသည့် ကျောင်းသားများက ဘတ်စကက်ဘောကစားနည်းကို အကြောင်းပြု၍ ရွေ့လျားမှုပြုကြ၊ လေ့ကျင့်ကြပြီး ဘောလုံးကစားနည်းနှင့် အဆင်ပြေသော ခန္ဓာကိုယ်ဖွဲ့စည်းပုံ ပါရှိကြသည့် ကျောင်းသားများ ဘောလုံးကစားနည်းကို အကြောင်းပြု၍ ခန္ဓာကိုယ် ရွေ့လျားအောင်လေ့ကျင့်ကြသည်။ ရေကူးကစားနည်းနှင့် ဖွဲ့စည်းပုံ ဆီလျော်ကိုက် ညီသော ကျောင်းသားများ ရေကူးခြင်းကိုအကြောင်းပြု၍ ခန္ဓာကိုယ်ရွေ့လျားမှု ပြုပေးကြသည်။ ထိုနည်းတူ ကြက်တောင်ရိုက်၊ စက်ဘီးစီး၊ တောင်တက်၊ လမ်းလျှောက်၊ ဘော်လီဘော၊ လိုင်းဆော့ကာ၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် စသည့် အသီးသီးသော မတူညီသည့်အားကစားနည်းများကို အကြောင်း ပြုကြလျက် ခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံနှင့် ကိုက်ညီမည့် ကစားနည်းများကို ရွေးချယ်ကြခြင်းဖြင့် ခန္ဓာကိုယ်က အပတ်စဉ်ရွေ့လျားမှုပြုနိုင်၊ လေ့ကျင့်နိုင်ကြ စေရန် ကျောင်းများတွင် ရာသီမရွေးအသုံးပြု၍ရသော အားကစားရုံများ လိုအပ်ခြင်းဖြစ်သည်။ ဤသို့ လေ့ကျင့်ပေးနိုင်ခြင်းမရှိလျှင် ကျောင်းသားများတို့ အသိဉာဏ်အားနည်းမည်။ အခြားနည်းများလည်းရှိပါသည်။ ခန္ဓာကိုယ်များ ရွေ့လျားနေသရွေ့ ဤအသိဉာဏ်သည် အစဉ်တိုးပွားနေမည် ဖြစ်သည်။ သတိပြုရန်မှာ ကျောင်းများမှ ကစားနည်းများဖြင့် လေ့ကျင့်ပေးခြင်း (သို့) ရွေ့လျားစေခြင်းသည် ထိုကစားနည်းအား အထူးကျွမ်းကျင်ပြီး အားကစား သမားကြီးများ ဖြစ်လာကြစေရန် ရည်ရွယ်ခြင်းမဟုတ် ဆိုသည်ကိုပင်ဖြစ်သည်။ ကျောင်းသားတစ်ဦးသည် မိမိ၏ခန္ဓာနှင့်၊ စိတ်ဖွဲ့စည်းပုံနှင့် ကိုက်ညီမည့် အားကစား နည်းကိုအသုံးပြု၍ နေ့စဉ်၊အပတ်စဉ် ခန္ဓာကိုယ်ရွေ့လျားမှုလေ့ကျင့်ခြင်း ဆောင်ရွက်ရာမှ ၎င်းနှင့် (သို့) ၎င်းခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံနှင့် ကိုက်ညီ ဆီလျော် လိုက်လျောညီထွေရှိသည့် အားကစားနည်းသည် အလွန်ကျွမ်းကျင်သွားနိုင်သည်။ သို့သော် ရည်ရွယ်ရင်းမဟုတ်။ ကျောင်းတို့မည်သည် အားကစားသမားများ မွေးထုတ်သည့်ကျောင်းများမဟုတ်လျှင် ဤအချက်သည် ရည်ရွယ်ရင်းမဟုတ်၍ ကျောင်းသားတို့ အားကစားတွင် (သို့) အားကစားနည်းတွင် ထူးချွန်ပြောင်မြောက် လာသည်ပဲထားဦး၊ ၎င်းအောင်မြင်မှုသည် ၎င်းတို့အား ရစေလိုသည့်ရည်ရွယ်ရင်း

မဟုတ်သည်ကို ကျောင်းသားရော၊ မိဘပါသိရှိနားလည်ရန် လိုသည်။ ရည်ရွယ်ရင်းမှာ ဤသို့မိမိတို့၏ခန္ဓာကိုယ်နှင့် စိတ်တို့ဖွံ့စည်း တည်ဆောက်ပုံနှင့် လျော်ညီသော အားကစားနည်း (သို့) ရွေ့လျားမှုနည်းစနစ်ကို (သို့) နည်းစနစ်များကို အကြောင်းပြု၍ (အကြောင်းပြု၍) နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ရွေ့လျားမှုကို မူကြိုမှ (၁၂)တန်းပြီးသည်နှင့် လေ့ကျင့်ရာမှ ကျောင်းသားတို့တစ်သက်တာလုံး ခန္ဓာကိုယ်ရွေ့လျားမှုကို ဆက်လက်လုပ်လိုစိတ်တည်ဆောက်၊ ဆက်လက်၍ ခန္ဓာကိုယ်ရွေ့လျားမှု (သို့) ခန္ဓာကိုယ်လှုပ်ရှားမှု (သို့) ကျန်းမာရေးလေ့ကျင့်ခန်းများ ဆက်လက်လုပ်ဆောင်ကြခြင်းမှ ကျန်းမာကြံ့ခိုင်သောပုဂ္ဂိုလ်များ ဖြစ်လာစေရန်သာ ရည်ရွယ်ရင်းဖြစ်သည်။

သို့ဆိုလျှင် နေ့စဉ်မှန်မှန် လေ့ကျင့်ခန်းလုပ်ခြင်း (သို့) ခန္ဓာကိုယ်ရွေ့လျားခြင်း လှုပ်ရှားခြင်းမှ လူသားတို့ အမှန်တကယ် ကျန်းမာနိုင်ပါသလား။ ရှင်းလင်းရန် ရှိပါသည်။ လူတို့ခန္ဓာကိုယ်များအား မည်သို့ပင် ရွေ့လျားမှုများသည်ဖြစ်စေ လှုပ်ရှား မှုလုပ်ငန်းလုပ်ဆောင်သည်နှင့်အမျှ ခန္ဓာကိုယ်မှ ထုတ်လွှတ်ပေးနေသော ဓာတုပစ္စည်းများ ရှိပါသည်။ ၄င်းတို့ထဲတွင် ကိုတီဆုံး ဂလူကိုဖို့ဂ်၊ အဒရင်နလင်နှင့် ဒိုပါမင်းအစရှိသော ဓာတုပစ္စည်းများသည် ခန္ဓာကိုယ်လှုပ်ရှားမှုပြုချိန် ကြာလာသည်နှင့်အမျှ ထုတ်လုပ်ထားပြီးဖြစ်ကာ ထိုအထဲတွင် ဒိုပါမင်းသည် ထိုအားကစားလှုပ် ရှားသူအား နာကျင်ခံစားရမှုများ၊ ပင်ပန်းနွမ်းနယ်မှုများ မခံစားရစေဘဲ နေ၍ကောင်းသောခံစားချက်၊ လန်းဆန်းသော ခံစားချက်ကို ဖြစ်စေသည့် ဓာတုပစ္စည်းဖြစ်ပြီး လူတို့လှုပ်ရှားမှုအမှု၊ အားကစားများ လုပ်ဖန်များလာသောအခါ (သို့) နေ့စဉ်လုပ်ကြလျှင် ထိုခံစားမှု ကောင်းမွန်လန်းဆန်းသော ခံစားမှုကို စွဲလမ်းလာသည် (သို့) ဒိုပါမင်းကို စွဲလမ်းလာသည်။ ဒိုပါမင်းသည် ဘိန်းကဲ့သို့ဂုဏ်သတ္တိရှိသည်။ သို့ရာတွင် မိမိတို့ခန္ဓာကိုယ်မှ သဘာဝအလျောက်ထုတ်လုပ်ပေးသော ဘိန်းဓာတ်ဖြစ်၍ အဆိပ်အတောက်မရှိ။ ပို၍ပင်ကောင်းမွန်သည်။ သို့ဖြစ်၍ လေ့ကျင့်ခန်းများကို ရွေ့လျားမှုများကို နှစ်ရှည်လများ လုပ်နေကြသောသူများသည် ဒိုပါမင်းစွဲလမ်းမှုဖြစ်လာသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် အားကစားကို ရပ်၍ကြာကြာမနေနိုင်။ အားကစား နေ့စဉ်လုပ်လိုက်ရမှ နေသာထိုင်သာ နဂိုအတိုင်းနေသာထိုင်သာရှိသည်။ အားကစားနေ့စဉ်မလုပ်ရပါက နေထိုင်၍မကောင်း။ အမြဲတစ်ခုခုလိုနေသလို ခံစားရတော့သည်။ သို့ဖြစ်၍ ၄င်းတို့

ထိုသို့နေထိုင်ရန်မဖြစ်။ တစ်ခုခု လိုသလိုခံစားလာကြသည့်အခါ ၎င်းတို့ခန္ဓာကိုယ်က ပြန်လည်လမ်းညွှန်ခြင်း (သို့) ရွေ့လျားမှုအသိဉာဏ်၏ စေ့ဆော်ချက်ဖြင့် ဒိုပါမင်း ပြန်လည်ရရှိရေးအတွက်မသိပါဘဲ အားကစားပြန်လုပ်ရန် စေ့ဆော်စိတ်ကူး ဖြစ်လာကြပြီး လှုပ်ရှားမှုပြန်လည်လုပ်ကိုင်ခြင်းဖြင့် နေထိုင်၍ကောင်းအောင် (သို့) ကျန်းမာအောင် နေထိုင်လာကြသည်ကို အထောက်အထား များစွာရှိပြီးဖြစ်သော ကြောင့် ကျောင်းသားများတွင် ဤကဲ့သို့လေ့ကျင့်စေကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ ကျောင်းသားများ အထက်တန်းကျောင်းသားဘဝတွင်လည်း အားလုံးတစ်ယောက်မကျန် ခန္ဓာကိုယ်ရွေ့လျားမှု (သို့) လှုပ်ရှားမှုများကို ၎င်းတို့ခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံနှင့် ကိုက်ညီသည့် အားကစားနည်းများကိုအကြောင်းပြု၍ လေ့ကျင့်စေသည်က တစ်နည်း စုပေါင်းလှုပ်ရှားသော အတန်းအလိုက် အခြေခံ ကိုယ်ကာယ လေ့ကျင့်ခန်းများကို အကြောင်းပြု၍ဖြစ်စေ ကျောင်းသားတိုင်း၊ ကျောင်းသားတိုင်း အား တူညီသောအခွင့်အရေးပေးရန်လိုသည်။ ကျောင်းသားတိုင်း ကိုယ်ကာယ လေ့ကျင့်ခန်းလုပ်ရန်လိုသည်။ သို့မှသာ အနာဂတ်တွင် ကျန်းမာအောင် နေတတ်သော ပုဂ္ဂိုလ်များဖြစ်လာမည်။ မိမိကိုယ်ကို ကျန်းမာအောင်နေတတ်သော ပုဂ္ဂိုလ်များကြောင့် တိုင်းပြည်တွင် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထုပ်ဝန်ပိုးများ လျော့နည်းလာနိုင်သည်။ လျော့နည်းလာမည်။ ကံတရားကြောင့် ဖြစ်နိုင်သော မကျန်းမာခြင်းအား အစိုးမရနိုင်သော်လည်း ကျောင်းများမှ စနစ်တကျလေ့ကျင့်မှုဖြင့် မိမိနိုင်သလောက် မိမိကိုယ်ကို ကျန်းမာအောင်နေတတ်သော (သို့) အသိဉာဏ် ရှိအောင် (သို့) ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်မြင့်မားသော ပုဂ္ဂိုလ်များ နိုင်ငံသားများ ဖြစ်လာမည်။

အစောပိုင်းရှင်းလင်းရေးသားချက်များတွင်ဆိုသလို ဉာဏ်ရှိလျှင် ကျန်းမာအောင်နေတတ်သည်ဟု ဆိုလိုခြင်းကို ပို၍နားလည်လာမည်ဟု ယုံကြည်သည်။ သို့ရာတွင် အထက်တန်းကျောင်းအဆင့် လေ့ကျင့်မှုတစ်ခုတည်းနှင့် ဘဝတစ်သက်စာ မလုံလောက်ပါ။ ၎င်းကျောင်းသားတို့ တက္ကသိုလ်ကျောင်းအသီးသီး တက်ရောက်ကြသည့်အခါ ၎င်းအသိဉာဏ်အား ဆက်လက်ရှင်သန်ပွားများလာစေရန် ဆက်လက်လေ့ကျင့်ရန်လိုသည်။ အကယ်၍ တက္ကသိုလ်များမှ ဆက်လက်လေ့ကျင့်ပေးနိုင်ပါက အကောင်းဆုံးရလဒ် မျှော်မှန်း၍ရသည်။ ထို့ကြောင့် တက္ကသိုလ်များတွင် ဆက်လက်လေ့ကျင့်ပေးရန် တက္ကသိုလ်များ၊ တာဝန်ရှိသူများကလည်း

ကောင်းစွာနားလည်ရန် လိုသည်။ အဆင့်ဆင့်ကောင်းစွာ စနစ်တကျလေ့ကျင့်ပေးနိုင်ပါက ကျန်းမာအောင်နေတတ်သော ဘွဲ့ရများ၊ ဉာဏ်ရှိသောဘွဲ့ရများ၊ စဉ်းစားတတ်သော ဘွဲ့ရများ၊ လူသုံးကုန် ထုတ်လုပ်နိုင်စွမ်း ရှိသော ဘွဲ့ရများ (သို့) လူမှုပတ်ဝန်းကျင်တွင် လိုအပ်နေသော ဝန်ဆောင်မှုများ လုပ်ကိုင်ဖြည့်ဆည်းပေးနိုင်သောနိုင်ငံသားများ မွေးထုတ်ပေးနိုင်လာမည်ဖြစ်သည်။ ဉာဏ် (သို့) အသိဉာဏ်ရှိလျှင် အလုပ် (၂)ခု လုပ်တတ်လာသည်။ (၁) မိမိတို့ ဉာဏ်ရှိလာလျှင် မိမိတို့၏စိတ်များကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်း ထိန်းကျောင်းနိုင်လာသည်။ (၂) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်သည် (သို့) လူ့ပတ်ဝန်းကျင်တွင် လိုအပ်သောဝန်ဆောင်မှုများ ပြန်လည်လုပ်ဆောင်နိုင်လာသည် ဟူ၍ဖြစ်သည်။

ကျန်းမာအောင်နေတတ်သော ပုဂ္ဂိုလ်များ ဖြစ်လာစေရန် ဤသို့ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်တစ်ခုတည်း အလုပ်လုပ်သည်မဟုတ်ဘဲ အခြားသော အသိဉာဏ်တို့ပါ တွဲအလုပ်လုပ်ကြသည်ဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်များအားလုံး အတူဖြစ်ထွန်းလာအောင် လေ့ကျင့်ရန်မှာ သင်ရိုးညွှန်းတမ်း၏ အဓိကရည်ရွယ်ချက်တစ်ခုဖြစ်လာသည်။ အသိဉာဏ်များအားလုံး ပူးပေါင်းအလုပ်လုပ်၍ ရရှိလာသော အကျိုးတစ်ခုဖြစ်သော မိမိတို့၏စိတ်အား အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းလာနိုင်သည်ဟူသည့်အရည်အသွေးက အရာရာကို ထောက်ပံ့ပေး၍ ကျန်းမာ၍ အေးချမ်းသောဘဝများကို နေထိုင်နိုင်ရေးကြိုးပမ်းကြရာဝယ် အသိဉာဏ်များအားလုံး ဖြစ်ထွန်းလာရေးသည် ပဓာနလုပ်ငန်းဖြစ်လာရခြင်းဖြစ်သည်။ ဆရာများ အနေဖြင့် ကျောင်းသားများကို လေ့ကျင့်ပေးရာ၍ စနစ်ကျရန် လိုပါသည်ဟု ရှေးနှစ်ပေါင်းများစွာကတည်းက ဆရာများစွာတို့က စာအုပ်ပေါင်းများစွာတို့တွင် ရေးသားသွန်သင် လမ်းညွှန်အကြံပေးခဲ့ကြပြီးဖြစ်သည်။ စနစ်တကျလေ့ကျင့်ရန်ဆိုသည်မှာ ယနေ့ခေတ်နှင့်လျော်ကန်အပ်စပ်သော စနစ်များသုံး၍ လေ့ကျင့်ရန်ကိုလည်း ဆိုလိုသည်။ ကမ္ဘာပေါ်တွင် ခေတ်အဆက်ဆက်ရှိခဲ့ပြီးသော ပညာရေးစနစ်များ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှု နည်းစနစ်များ၊ သင်ယူမှုပုံစံများ၊ စာသင်ခန်း အဆင်အပြင်များ၊ ကျောင်းသုံးပရိဘောဂများ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ကျောင်းစည်းကမ်းများ၊ ပြဋ္ဌာန်းအကြောင်းပြုချက်ဘာသာရပ်များ၊ အကြောင်းပြုပုံများ အစရှိသည့် အသီးသီးတို့သည် ၎င်းခေတ်အသီးသီးတွင် ဆီလျော်ရာ ရေးဖွဲ့ပြုစုပြဋ္ဌာန်းခဲ့ကြသည်ကို သိရှိနားလည်ရန်လိုအပ်

သည်။ ယနေ့ခေတ်တွင်လည်း ယနေ့ခေတ်နှင့် လျော်ညီမည့်နည်းစနစ်များကိုသာ ရှာဖွေဖော်ထုတ်ပြဌာန်းကြရန် အထူးအရေးကြီးသည်။ အကယ်၍ ခေတ်နှင့် မလျော်ညီသော စနစ်များသုံးစွဲပါက ထိုစနစ်ကမွေးထုတ်ပေးလိုက်သော လူများ သည် ယနေ့ပစ္စုပ္ပန်ကာလနှင့် အံဝင်ခွင်ကျမဖြစ်တော့သည့် ပြဿနာများ များစွာ ရှိနေမည်ကို သိထားရန်လိုသည်။ ပြဿနာများ၏ အရင်းအမြစ်သည် ထိုလူသားတို့ အား ပြင်ဆင်ပေးသည့်စနစ် လွဲမှားနေခြင်း (သို့) ပစ္စက္ခအခြေအနေနှင့် မဆီလျော် ခြင်းဖြစ်သည်ကို သတိပြုရမည်။ ပြုပြင်မှုများ အရေးတကြီးဆောင်ရွက်ရန်လိုသည်။ သို့မှသာ ပြဿနာများ တဖြည်းဖြည်း နည်းပါးလာသည်။ ထို့ကြောင့် ယနေ့ပညာရေး ခေတ်စနစ်တွင် ဆရာများက မည်သို့လေ့ကျင့်ပေးကြမည်ဆိုသည့် မေးခွန်းအတွက် သိသင့်သိထိုက်သည် များအားလုံးကို ဆရာတို့က ကြိုတင်ပြင်ဆင်လေ့ကျင့်လာပြီးမှ လက်တွေ့လုပ်ငန်းခွင်ဖြစ်သော စာသင်ခန်းများသို့ ဝင်ရောက်ကြရန်သာဖြစ်သည်။

ဆရာတို့လေ့ကျင့်ပေးမည်ဖြစ်သည့် ထိုကျောင်းသားကလေးတို့သည် လူသားကလေးများဖြစ်ကြသည်။ ဆရာတို့က လူသားတို့၏အကြောင်းကို နားလည်ထားရန်လိုသည်။ သို့မှသာ လူသားကလေးများကို လေ့ကျင့်ပေးရန် ဖြစ်နိုင်မည် (သို့) လေ့ကျင့်ပေးရာတွင် အောင်မြင်မည်။ လူသားများအကြောင်းကို မသိသောသူများက မည်သည့်နည်းနှင့်မျှ လူသားကလေးများကို လေ့ကျင့် ပေးနိုင်မည်မဟုတ်ပါ။ လူတို့အား လေ့ကျင့်ပေးနိုင်အောင် လူတို့အကြောင်းကို စိတ်ပိုင်းရော ရုပ်ပိုင်းပါ လေ့လာကြရန်သည် ဆရာများ၏အတတ်ပညာ (သို့) သင်ကြားရေး နည်းစနစ်တွင် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာသည်။ လေ့ကျင့် ပေးရာ၌ လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများအဖြစ် ကိုယ်ကာယပညာ လေ့ကျင့်ခြင်းဖြင့် ကျန်းမာသော ရုပ်ပိုင်းရရှိစေရန် လေ့ကျင့်မှုများစီစဉ်ပံ့ပိုးပေးရ သလို ကျောင်းသားတို့၏ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများအား ကောင်းစွာနားလည် မှ ကျောင်းသားတို့အား စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများအတွက် ပုံစံပြုရေးဆွဲရာ၌ လူတို့နှင့်အဆင်ပြေသော နည်းစနစ်များအသုံးပြုကာ လေ့ကျင့်နိုင်ကြမည်ဖြစ်ရာ ရှေးဦးစွာ လူတို့၏ စိတ်ပိုင်းကို လိုအပ်သရွေ့ လေ့လာကြရန်ဖြစ်သည်။ သင်ကြား လေ့ကျင့်ရေးအောင်မြင်ခြင်းမှာ ဆရာနှင့်မိဘများ မျှော်မှန်းသလို ရလဒ်ကောင်း များဖြစ်သည့် ကျန်းမာအောင်နေတတ်သော၊ ချမ်းသာအောင်နေတတ်သော ပုဂ္ဂိုလ် များဖြစ်လာစေရေးကို ဦးတည်၍ ဆရာရောမိဘပါ လူတို့၏ စိတ်ပိုင်းဆိုင်ရာ

အလုပ်လုပ်ပုံနှင့် ဦးနှောက်ဖွံ့စည်းပုံတို့ကို သိရှိနားလည်ရန်လိုအပ်သည်။ အတူတကွ ပူးပေါင်းခြင်း (သို့) မိဘဆရာ ပူးပေါင်းခြင်းဆိုသည်မှာ ဤကဲ့သို့ အတူတူ အသိတူ အောင်လေ့လာကြခြင်းကို ဆိုလိုသည်။ မိဘနှင့်ဆရာဤသို့ပူးပေါင်းဆောင်ရွက်လျှင် ကလေးတို့ပညာကောင်းလိမ့်မည်။

## အိမ်စာနှင့် မိဘပါဝင်ပတ်သက်မှု

လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းများ၌ အိမ်စာသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေ၏။ အိမ်စာအား သင်ကြားရေးနည်းပညာရှင်များက ကလေးဗဟိုပြုသင်ကြားနည်းဟုမယူဆဘဲ လူကြီးဗဟိုပြု (သို့) ဆရာဗဟိုပြု သင်ကြားနည်းဟူ၍ပင် ယူဆကြသည်။ အိမ်စာပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားတို့ ဆရာ၏ အကူအညီမပါဘဲ သူ့သဘောနှင့်သူ အိမ်တွင် လုပ်ငန်း ဆောင်ရွက်နိုင်ရန် အခြေအနေဖန်တီးပေးခြင်းဖြစ်သည်။ ထို့အပြင် အိမ်စာနှင့် ကျောင်းသင်ခန်းစာ နှစ်မျိုးလုံးတွင် ကောင်းမွန်သောရည်ရွယ်ချက်နှင့် အကျိုးရလဒ် များ ရှိပါသည်။ လူတို့၏ လူ့ဘဝတွင် အိမ်တွင်လုပ်ကိုင်ကြရသော ဝေယျာဝစ္စများ နှင့် စီးပွားရှာဖွေခြင်းတည်းဟူသော အိမ်ပြင်ပ၌ထွက်၍ ဆောင်ရွက်ရသည်တို့ရှိရာ အရွယ်ရောက်သည့်အချိန်တွင် အိမ်ဝေယျာဝစ္စများကို မညည်းမညူလုပ်နိုင်ရန် ရည်ရွယ် လျက် လေ့ကျင့်ပေးသည့်အနေဖြင့် အိမ်စာများစီစဉ်၍ အိမ်စာအားလုံးကို အိမ်တွင် ကျောင်းသားတို့ကိုယ်တိုင် လုပ်ကိုင်ရာမှ အိမ်တွင်အလုပ်လုပ်သော အကျင့်ကိုစွဲမြဲ ရရှိစေရန်ရည်ရွယ်သည်။ ရည်ရွယ်ရင်းကိုမသိ၍ ကျောင်းသားမှ ကိုယ်တိုင်အိမ်တွင် မလုပ်ဘဲ ကျူရှင်ဆရာ၏အကူအညီဖြင့် အိမ်စာများကိုလုပ်ပါက မူလရည်ရွယ်ချက် မအောင်မြင်နိုင်၍ ထိုကျောင်းသားမျိုးတို့သည် ကြီးပြင်းလာသော် ၎င်းတို့တွင် အိမ်မှု ကိစ္စ၊ အိမ်ဝေယျာဝစ္စများကို လုပ်လိုစိတ် မရှိသည်ကို တွေ့ရမည်။ အိမ်ထောင်ဦးစီး ကောင်းများသည် မိမိမိသားစု၏ အိမ်မှုကိစ္စဝေယျာဝစ္စများအားလုံးကို စီမံခန့်ခွဲ တတ်ရန်လိုသည်။ ထိုအလေ့အကျင့်ကိုရစေရန် ကျောင်းတက်စဉ်ကာလတွင် လေ့ကျင့်မှု အနေဖြင့် အိမ်စာများကို ကျောင်းသားတို့ မိမိကိုယ်တိုင် နေ့စဉ်လုပ်ကိုင်ရုံဖြင့် တည်ဆောက်ပြီး ရရှိလာစေနိုင်သည်ဖြစ်၍ ကျောင်းသားများကိုယ်တိုင် လုပ်ကို လုပ်ရမည့်အလုပ်ဖြစ်သည်။ သို့မှသာ ၎င်းတို့ကြီးပြင်းလာသော် မိမိတို့၏အိမ်နှင့် ပတ်သက်သော (သို့) အိမ်တွင်းအလုပ်လုပ်ရန်ရှိသည်များ (တံမြက်စည်းလှည်း၊

ထင်းခွေ၊ ရေခပ် အလုပ်များမဟုတ်) မိမိ မိသားစုတာဝန်များကို ထမ်းရွက်ရန် အကျင့်ရပြီးဖြစ်နေကာ (သို့) လေ့ကျင့်ပြီးဖြစ်နေသော ပုဂ္ဂိုလ်များဖြစ်လာကြမည်။ ကျောင်းတွင်လုပ်ရသော ကျောင်းစာသည် အခြေခံအားဖြင့် ကျောင်းမပြီးမချင်း အိမ်မှ ထွက်လာ၍လုပ်ရသောလုပ်ငန်းဖြစ်သည်။ သို့ဖြစ်၍ နေ့စဉ်လိုလို အိမ်မှထွက်လာပြီး အိမ်ပြင်ပတွင်လုပ်ရသော အလုပ်လုပ်သည့်အကျင့်သည် ဘွဲ့ရပြီးသွားသော အခါ အိမ်ပြင်ထွက်၍လုပ်ကြရသော စီးပွားရှာခြင်းက နေရာအစားထိုး ဝင်ရောက်လာမည်ဖြစ်သည်။ နေ့စဉ်ကျောင်းသို့လာ၍ ကျောင်းမှပေးသော သင်ခန်းစာများကို ကိုယ်တိုင်မှန်မှန်လုပ်သော ကျောင်းသားများသည် အိမ်ပြင်ပအလုပ်လုပ်သည့် အကျင့်တစ်ခုကို ရရှိလာမည်ဖြစ်၍ ဤကဲ့သို့ကောင်းမွန်သော စရိုက်လက္ခဏာများကို ဖန်တီးတည်ဆောက်လေ့ကျင့်ခြင်းဖြစ်သည့် ကျောင်းသင်ခန်းစာ (Class Work) ကိုယ်တိုင်လုပ်ခြင်းကို ကျောင်းသားကိုယ်တိုင်လုပ်ခြင်းဖြစ်ရန်လိုသည်။

အိမ်စာပေးပုံများ အမျိုးမျိုးရှိသလို အိမ်စာအမျိုးအစားများသည် အမျိုးမျိုးရှိသည်။ မည်သည့်အိမ်စာပေးပုံနှင့် မည်သည့်အိမ်စာပေးပုံ အမျိုးအစားများကိုလုပ်ရသည်ဖြစ်စေ အရေးကြီးဆုံးအချက်သည် ကျောင်းသားတို့ကိုယ်တိုင် လုပ်ကိုင်ရန်ဖြစ်သည်။ မိဘများအတွက် မိမိ၏သားသမီးတို့ အလုပ်လုပ်ပုံကို တစေ့တစောင်းကြည့်၍ရသည်။ ဤသည်လည်း အိမ်စာလုပ်ရခြင်း၏ အဓိကအချက်တစ်ချက်ပင်ဖြစ်သည်။ ခေတ်သစ်ပညာရေး လေ့ကျင့်မှုများရှိ ကျောင်းသားတို့ စာပေလေ့လာအကြောင်းပြုလေ့ကျင့်၍ ဖြစ်စဉ်ကိုထောက်ပံ့သည်။ ပတ်ဝန်းကျင်ကိုလည်း အရေးကြီးအချက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစား အသုံးပြုသည်ဖြစ်၍ ကျောင်းပတ်ဝန်းကျင်ကို အိမ်နှင့်တူအောင် ပံ့ပိုးနေကြသလို အိမ်ပတ်ဝန်းကျင်တွင် စာပေလေ့ကျင့်ခြင်းကို အကြောင်းပြု၍ စဉ်းစားသောလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းသည် လုပ်ကိုလုပ်ရမည့် လုပ်ငန်းလေ့ကျင့်စဉ်တစ်ခုဖြစ်သည်။ သို့မှသာ တစ်ဘဝလုံး လေ့ကျင့်သွားနိုင်စေရန် ကောင်းသောအကျင့်ဓလေ့ဖြစ်သည့် ထာဝရ လေ့ကျင့်ခြင်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ပင်မအာရုံနှင့် ပုံရိပ်နွယ်တို့၏ အကျိုးသက်ရောက်မှု

**ကျောင်းသား၏ အနာဂတ်ဘဝတွင် ကြုံတွေ့ရမည့် ပုံရိပ်ကို ဆရာနှင့်မိဘတို့က ကြိုတင်ပုံဖော်နိုင်ကြပြီး ၎င်းတို့လက်တွေ့ကြုံရသောအခါ အောင်မြင်စွာ ရင်ဆိုင်နိုင်ကြရန် ယခုကတည်းက ပံ့ပိုးကြခြင်း၊ လေ့ကျင့်ပေးခြင်းသည် ပညာရေး၏ အနှစ်သာရ တစ်ခုဖြစ်သည်။** ဤသို့ပံ့ပိုးကြရာတွင် လူတို့ပြဿနာများ ဖြေရှင်းကြသည့်အခါ မည်သို့ပတ်ဝန်းကျင်တွင် ပြဿနာများကို ဖြေရှင်းကြရမည်၊ မည်သို့စဉ်းစား၍ အခက်အခဲများ ကျော်လွှားကြရသည်ကို ကြည့်ရန်ရှိသည်။ ပြဿနာများအားလုံးကို ဖြေရှင်းရာ၌ ပြဿနာကိုလေ့လာခြင်း၊ အတိမ်အနက် လေ့လာခြင်း၊ သုံးသပ်ခြင်း၊ ပြန်လည်ဆင်ခြင်ခြင်း စသည့်လုပ်ငန်းအဆင့်များရှိသည်။ ပြဿနာကိုဦးဆောင် ရှင်းလင်းမည့်သူသည် သေချာစွာစဉ်းစား၍ လုပ်ကိုင်ရန်လိုသည်။ စဉ်းစားတတ်ရန် လိုသည်။ မည်သည့်ပတ်ဝန်းကျင်တွင် စဉ်းစားခြင်းကိုဆောင်ရွက်မည်နည်း။ ငယ်စဉ်ကာလ ကျောင်းသားဘဝတွင် စဉ်းစားခြင်းလုပ်ခဲ့သော ပတ်ဝန်းကျင်သည် မည်သူမျှမပါဘဲ ကျောင်းသားက သူကိုယ်တိုင် အစစအရာရာ စဉ်းစားလုပ်ကိုင် ဆောင်ရွက်ခဲ့လျှင် ထိုကျောင်းသားသည် စဉ်းစားခြင်းလုပ်ငန်းကို မည်သူမျှ မပါသော ပတ်ဝန်းကျင်တွင် လုပ်တတ်သော၊ လုပ်နိုင်သော၊ လုပ်ကျင့်ဖြစ်လာသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာမည်။ သူကြီးပြင်းလာသည့်အခါတွင်လည်း သူကျောင်းသား ဘဝကစ၍ တစ်လျှောက်လုံး အကျင့်ရခဲ့သော မိမိကိုယ်တိုင်အားကိုး၍ တစ်ယောက်တည်း စဉ်းစား၍လေ့လာလုပ်ကိုင်ဖြေရှင်းသကဲ့သို့ ဆက်လက်လုပ်ဆောင်လိမ့်မည်။ ကျောင်းသားဘဝ သူ၏စဉ်းစားခြင်းလုပ်ငန်းကို အထောက်အပံ့ပေးခဲ့သော ပတ်ဝန်းကျင်သည် မည်သူမျှမပါဝင်သောအိမ် (သို့) ကျောင်းပတ်ဝန်းကျင်ဖြစ်မည်။ မည်သူမျှ မပါဝင်သော ကျောင်းပတ်ဝန်းကျင်နှင့် အိမ်ပတ်ဝန်းကျင်တို့တွင် အိမ်သား (သို့) အတန်းဖော် ကျောင်းသားများပါရှိမည် ဖြစ်သော်လည်း ၎င်းစဉ်းစားရာတွင် Focussed Attention ဖြစ်သော စဉ်းစားခြင်းဆောင်ရွက်ရာ၌ တစ်ကိုယ်တည်း ဆောင်ရွက်ခြင်းဖြစ်သည်။ ပံ့ပိုးပတ်ဝန်းကျင် ဖြစ်သော Peripheral Perception တွင် ကျောင်းသားများ အိမ်နှင့်တူသော စာသင်ခန်းပုံရိပ်များပါသလို အိမ်တွင် လေ့ကျင့်ရာ၌ ပံ့ပိုးပတ်ဝန်းကျင်ဖြစ်သော အိမ်ခန်းနှင့်အိမ်သားများ ပါဝင်မည် ဖြစ်သည်။ သို့ရာတွင် ကျောင်းသား၏ စဉ်းစားခန်းဝင်ရာတွင် မည်သူမျှမပါသည်ကို

သတိပြုရမည်။ အကယ်၍ နောက်ဥပမာအဖြစ် ကျောင်းသားက ကျူရှင်ဆရာ (သို့) ဂိုက် (Guide) ကို ဘေးတွင်ရှိစေလျက် ၎င်း၏ကိုယ်တိုင်လုပ်ရမည့်လုပ်ငန်းအား ကိုယ်တိုင်မလုပ်ဘဲ ကျူရှင်ဆရာနှင့်ဂိုက်တို့၏ ကူညီစဉ်းစားမှုဖြင့် လုပ်ငန်းပြီးမြောက်စေမည်ဆိုပါက ထိုကျောင်းသား၏ စဉ်းစားမှုဖြစ်စဉ်ပုံရိပ် (သို့) ဓလေ့တွင် ကျောင်းသားတစ်ဦးတည်းမဟုတ်တော့ဘဲ ထိုကျူရှင်ဆရာ (သို့) ဂိုက်တို့၏ ပုံရိပ်များသာ ပူးတွဲပါဝင်နေမည်ဖြစ်ပြီး ကျောင်းသားသည် ၎င်းစဉ်းစားရန်ရှိတိုင်း ကျူရှင်ဆရာ၏ပုံရိပ်ရှိမှ ပြည့်စုံမည်ဟု တဖြည်းဖြည်း၊ တဖြည်းဖြည်း စိတ်၏သိမှုအတွေ့အကြုံ ဖွဲ့စည်းပုံများတွင် တည်ဆောက်ပြီးလျက်သား ဖြစ်သွားလိမ့်မည်ကို သတိပြုရန် အရေးကြီးသည်။ ကျောင်းသား၏ စဉ်းစားနိုင်သော အရည်အသွေး၊ အရည်အချင်း ရာနှုန်းပြည့်ရောက်ရှိရန် ကျောင်းသားကိုယ်တိုင်နှင့် မပြီးတော့ဘဲ ထိုစဉ်းစားခန်း၏ ပုံရိပ်နွယ် တစ်ခုဖြစ်သည့် ကျူရှင်ဆရာ (သို့)ဂိုက်တို့၏ ပုံရိပ်များပါ ကျောင်းသား၏ ဘဝတစ်လျှောက်လုံးတွင် အရေးကြီးလာမည် (သို့) ကျောင်းသားစဉ်းစားရန်လိုတိုင်း သူတို့ ကိုလိုအပ်နေမည်။ ကျောင်းသား၏ စိတ်ပိုင်းဆိုင်ရာ တောင့်တချက်ဖြစ်လာလိမ့်မည်။ ထိုကျောင်းသားက သူစဉ်းစားနိုင်ရေးအတွက် ထိုပုံရိပ်မျိုး အနားတွင်ရှိရန် လိုလာလိမ့်မည်။ ထိုပုံရိပ်နွယ်များ မပါပါက စဉ်းစားခြင်းအလုပ်ကို လုပ်ကိုမလုပ်နိုင်။ လုပ်ကိုမလုပ်တတ်တော့သည့်အဖြစ်ရောက်မည်။ ထိုပုံရိပ်နွယ်များကလည်း ကျောင်းသား၏ဘေးတွင် ငုတ်တုတ်ထိုင်နေခဲ့ရုံမဟုတ်ဘဲ ကျောင်းသား၏ စဉ်းစားခန်းတွင်ပါ ဝင်ရောက်စွက်ဖက်ခဲ့ကြ၍ ကျောင်းသား၏စဉ်းစားခန်းသည် (သို့) စဉ်းစားခြင်းအလုပ်သည် ကျောင်းသား၏တစ်ကိုယ်တော် လုပ်ငန်းမဟုတ်တော့ဘဲ ပုံရိပ်နွယ်များကို နီးစပ်မှ (သို့) ပုံရိပ်နွယ်များနှင့် ပေါင်းစပ်လုပ်ကိုင်မှရမည့်အဆင့်သို့ရောက်၏။ သို့ဖြစ်၍ ထိုကျောင်းသားတို့သည် ပုံရိပ်နွယ်များကို စဉ်းစားစရာပေါ်တိုင်း တောင့်တရှာဖွေကြလိမ့်မည့် ထိုပုံရိပ်နွယ်များမှာ လူသားများဖြစ်ကြသည့် ကျူရှင်ဆရာများ၊ ဂိုက်များဖြစ်လေရာ ထိုကျောင်းသားတို့ တက္ကသိုလ်သို့ရောက်လျှင်လည်း အထက်တွင်ရှင်းပြခဲ့သလို ဖြစ်စဉ်နိယာမများအရ ပုံရိပ်နွယ်များကို မရရအောင် လိုက်ရှာကာ မှီခို၍ လုပ်ငန်းကိုဆောင်ရွက်ကြ၍ တက္ကသိုလ်ထိတိုင်အောင် ပုံရိပ်နွယ်များဖြစ်သော ကျူရှင်ဆရာနှင့်ဂိုက်များ ဆေးတက္ကသိုလ်များ၊ စက်မှုတက္ကသိုလ်များအထိပင် ခရီးပေါက်ခဲ့ကြခြင်းဖြစ်ရုံမျှမက ဘဝတစ်လျှောက်လုံးတွင်လည်း စွဲမြဲသွားခဲ့ပြီးဖြစ်သော

ပုံရိပ်နွယ် မှီခိုခြင်းကြောင့် ထိုကျောင်းသားတို့၏ဘဝတွင် စီးပွားရေးလုပ်သည့်အခါ ဖြစ်စေ၊ ဘာသာရေး လုပ်သည့်အခါဖြစ်စေ၊ အိမ်ထောင်ရေးတွင်ဖြစ်စေ ပုံရိပ်နွယ် များနှင့်တွဲဖက်၍သာ လုပ်ကိုင်နိုင်ကြသည်ဖြစ်ရာ ၎င်းတို့၏၊ ဘဝတို့၏ မအောင် မြင်မှုအားလုံး၏ တရားခံသည် ကျောင်းသားဘဝက အမှတ်တမဲ့ရှိနေသော၊ ကျောင်းသားဘဝတွင် ၎င်းတို့၏ ဘေးမြင်ကွင်းတွင် အမှတ်တမဲ့ရှိနေသော ပုံရိပ်နွယ်များ၏ နေရာယူစိုးမိုးမှုပင်ဖြစ်ချေသည်။ ထို့ကြောင့် အိမ်စာများ လုပ်ကြရာ၌ ကျောင်းသားတို့အပါး၌ မည်သည့်သက်ရှိပုံရိပ်များ၊ မည်သည်သက်ရှိ ပုံရိပ်နွယ်များရှိရန်မလို။ မရှိအောင် စီမံကြမှဖြစ်မည်။ အောင်မြင်မည်။

## ဆရာတို့ သိထားရန်လိုသော သိပုံသိနည်းအမျိုးမျိုး

မိဘဆရာတို့သည် လူတို့၏ အသစ်အသစ်သော အကြောင်းအရာအချက် အလက်တို့ကို သိပုံသိနည်းများ လေ့လာရန်လိုသည်။ လူတို့သိပုံသိနည်းများကို အကြမ်းဖျင်းလေ့လာကြည့်လျှင် အင်္ဂလိပ်လို Simple Non-Associative Learning ခေါ်သော ဆက်စပ်မဲ့သိခြင်းများ အခြေခံအားဖြင့် (၂) လမ်းရှိသည်။ (၁) အလေ့ အကျင့်ဖြစ်သွားခြင်းမှသိရှိခြင်း (Habituation) ဖြစ်ပြီး (၂) ထိသိမှုမှသိရှိခြင်း (Sensitization) တို့ တွေ့ရမည်။ အလေ့အကျင့်ဖြစ်သွားခြင်း (သို့) အရေထူ သွားခြင်းကြောင့်သိခြင်းကို အဓိပ္ပာယ်ဖွင့်လျှင် လူတို့ထံသို့ဝင်ရောက်လာသော အာရုံတစ်မျိုးထဲ မပြောင်းလဲပါဘဲ တရစပ်ဝင်ရောက်နေပါက ထိုအာရုံအပေါ် ထို လူနှင့်တိရစ္ဆာန်တို့က တုံ့ပြန်မှုမလုပ်တော့ခြင်းကို ရိုးသွားခြင်း (သို့) အလေ့အကျင့် ဖြစ်သွားခြင်း (သို့) အရေထူသွားခြင်းဟုခေါ်သည်။ လူနှင့်တိရစ္ဆာန်များသည် ဤနည်းဖြင့် များစွာသောအကြောင်းအရာ အပြုအမူတို့ကို ရကုန်ကြသည်။ ၎င်းယဉ်ပါးခြင်းမှတစ်ဆင့် သိရှိမှုဥပမာများကို ရှေ့မှာရေးသားခဲ့ပြီး ဖြစ်သည်။ နောက်တစ်နည်းမှ ထိသိအာရုံမှသိခြင်းခေါ် (Sensitization) ဖြစ်သည်။ ထိသိ အာရုံမှသိခြင်းနည်းတွင် လူနှင့်တိရစ္ဆာန်တို့သည် မိမိတို့၏ခန္ဓာကိုယ်ရှိ အာရုံခံအင်္ဂါ များမှတစ်ဆင့် ခံစားရရှိသော သိခြင်း (သို့) သိခြင်းကြောင့် ပြောင်းလဲလာသော အပြုအမူများရရှိခြင်း Learning of Behavior ကို ဆိုလိုသည်။ နောက်ထပ်နည်းမှာ Associative Learning ခေါ် ဆက်စပ်၍သိခြင်း (သို့) ဆက်စပ်၍သိခြင်းကြောင့်

ပြောင်းလဲလာသောအပြုအမူများဖြစ်ခြင်းတွင် နည်းပေါင်းများစွာရှိသည့်အနက် Classical conditioning ခေါ် လူကပြုပြင် စီရင်အပ်သောနည်းဖြင့် လူနှင့် တိရစ္ဆာန်တို့ နားလည်မှု အပြုအမူများပြောင်းလဲလာခြင်းနည်းဖြစ်သည့် Classical Conditioning တွင် နာမည်ကျော်သော နည်းစနစ်သည် Pavlov's Conditioning (သို့) ပက်ဗလော့ဗ်၏ ပြုပြင်မှု နည်းစနစ်ဖြစ်သည်။ Pavlov's Conditioning စနစ်ကိုသုံး၍ များစွာသော လူနှင့်တိရစ္ဆာန်တို့၏ အပြုအမူများကို ပြောင်းလဲ၍ ရသည်။ စိတ်ဓာတ်နှင့်စည်းကမ်းလေ့ကျင့်ရာတွင် လွန်စွာအသုံးတည့်သော ပြုပြင် နည်းစနစ်များဖြစ်သည်။ Associative Conditioning တွင် နောက်တစ်မျိုးမှာ Operant or Behavioral Conditioning ဖြစ်သည်။ ဤနည်းဖြင့်လည်း လူနှင့် တိရစ္ဆာန် တို့သည် အသစ်အသစ်သော အပြုအမူများကို ဆက်လက်ထိန်းသိမ်းခြင်း (သို့) စွန့်လွှတ်ခြင်းတို့ကို ဖြစ်လာစေကြသည်ဖြစ်၍ ဆရာနှင့်မိဘတို့က တစေ့ တစောင်း သိရှိထားရန်လိုသည်။ နောက်တစ်နည်းမှာ Imprint ခေါ် မွေးဖွားစဉ် ကပင် တတ်နှင့်ပြီးဖြစ်သော (သို့) မည်သူမျှ သင်စရာမလိုသောအတတ် (သို့) အပြုအမူများ လူနှင့်တိရစ္ဆာန်တို့၌ ပါလာပြီးဖြစ်ကြောင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ထိုနိယာမက လူနှင့် တိရစ္ဆာန်တို့တွင် ဆရာမိဘတို့က မသင်ကြားပေးပါဘဲ နဂိုပါ သိတတ်သော အပြုအမူနှင့်အသိများရှိနိုင်သည်ကို ထောက်ပြသည်။ နောက် တစ်နည်းမှာ ရှေ့တွင် ရှင်းလင်းပြသခဲ့သော မြင်တွေ့ရာမှတတ်သော Observational Learning နည်းပင်ဖြစ်သည်။ OL မှတစ်ဆင့် လူတို့နှင့်တိရစ္ဆာန်တို့သည် များစွာ သော အပြုအမူနှင့်အတွေးအခေါ်များကို ရရှိလာကြသည်။

လူ့လောက၌ အစောဆုံးလေ့လာနည်းဟု ပညာရှင်များပြောဆိုကြသော နည်းမှာ ပြဇာတ် (သို့) သဏ္ဌာန်တူသရုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဤသို့တတ်မြောက် လာခြင်းကို လူ့သမိုင်းတွင် လူတို့အစောဆုံးကြုံတွေ့ရသော သိနည်းစနစ်ဟု ဆိုကြသည်။ ဤသဏ္ဌာန်တူ သရုပ်ဆောင်ခြင်းဆိုသည်မှာ လူတို့သည် မြင်တွေ့ ကြားသိရသည်တို့ကို လက်တွေ့ဆောင်ရွက်ကြည့်ကြခြင်း ကိုဆိုလိုသည်။ ဥပမာ - ဆရာလုပ်တမ်းကစားနေကြသော ကလေးများသည် ဆရာတို့၏ အမူအယာ၊ အပြုအမူ ပြောဆိုဟန်တို့ကို သဏ္ဌာန်တူသရုပ်ဆောင်ခြင်းနည်းဖြင့် ဆောလျင်စွာ ရယူလာပုံဖြစ်သည်။ ထိုနည်းအတူ သူခိုးပုလိပ် ကစားနည်းသည်လည်းကောင်း၊ အဖေအမေလုပ်တန်းကစားနည်းသည်လည်းကောင်း ထပ်တူပြယုဒ်များဖြစ်သည်။

သဏ္ဌာန်တူသရုပ်ဆောင်ခြင်းမှလည်း လူများစွာသောအပြုအမူများကို သိလာကြသည်။ နောက်တစ်နည်းမှာ လူတို့သည် မိမိတို့နှင့်လူမျိုးတူ ယဉ်ကျေးမှုတူသော လူများနှင့် အတူနေကြရင်း ထိုလူတို့နှင့်လူတို့၏ပတ်ဝန်းကျင်မှ တစ်ဆင့် သိလာကြပုံများကို အင်္ဂလိပ်လို Enculturation ဟုခေါ်ဆိုသုံးနှုန်းသည်။ ဤနည်းဖြင့် လူတို့သည် ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်တွင် အဆင်ပြေစွာ နေထိုင်နေရေးအတွက် ပတ်ဝန်းကျင်ကပေးသည့် ဖိအား၊ တွန်းအားများကြောင့် ထိုပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် အပြုအမူအပြောအဆို နေထိုင်ပုံအားလုံးကို ဆရာနှင့်မိဘများ၊ ကျောင်းနှင့်အိမ်တို့တွင် သင်ပေးစရာမလိုဘဲ သိလာကြခြင်းဖြစ်သည်ကို ဆိုလိုသည်။ နောက်တစ်မျိုးမှာ လူတို့သည် ၎င်းတို့နှင့် အတွေးအခေါ်အယူဆ၊ ကိုးကွယ်ရာ ယုံကြည်မှုများ၊ စားသောက်ပုံများ၊ မတူသောပတ်ဝန်းကျင်တွင်နေထိုင်ရင်း ထိုပတ်ဝန်းကျင်ကသင်၍ ရရှိလာသော သိခြင်းများသိရှိပုံကို အင်္ဂလိပ်လို Acculturation ဟုခေါ်သည်။ ဤနည်းဖြင့်လည်း လူတို့သိလာကြသည်။ နောက်တစ်နည်းမှာ အဖြစ်အပျက်များကပေးသော သင်ခန်းစာဟုခေါ်၍ရသော အင်္ဂလိပ်လို Episodic Learning ဖြစ်သည်။ လူတို့ အဖြစ်အပျက်များကို ကြုံတွေ့ကြသောအခါ ထိုအဖြစ်အပျက်များကို နမူနာယူရန် ၎င်းတို့တွင် သိမှုအသစ်များ၊ အပြုအမူအတွေးအခေါ်အသစ်များ၊ ပြောပုံဆိုပုံအသစ်များ စသည်တို့ရရှိတတ်မြောက်လာကြနည်းပင်ဖြစ်သည်။ နောက်တစ်နည်းမှာ အကြားအာရုံနှင့် အမြင်အာရုံ (၂)မျိုးကိုသာသုံး၍ သိလာကြသောနည်းပင်ဖြစ်သည်။ အင်္ဂလိပ်လို Multimedia Learning ဟုခေါ်ကြသည်။ နောက်တစ်နည်းမှာ E Learning ခေါ် Internet ကိုအသုံးပြုရာမှ သိလာသော အသိများသိခြင်းနည်းပင်ဖြစ်သည်။ ယနေ့ခေတ်လူတို့သည် E Learning နည်းမှ များစွာသော ဗဟုသုတအတွေးအခေါ်၊ အပြုအမူအပြောအဆို အားလုံးကို တတ်မြောက်လာကြသည်။ နောက်တစ်မျိုးမှာ E Learning နည်းမျိုးပင်ဖြစ်ပြီး ဤသိပုံသိနည်းကို အထူးသဖြင့် အဝေးသင်နည်းအဖြစ်အသုံးပြုကာ အင်တာနက်မှ တစ်ဆင့် ၎င်းသိလိုသော အချက်အလက်များကို ပုံများ၊ စာများ၊ ဗီဒီယိုများ အသံများစသည့် အားလုံးကိုသုံး၍သိစေခြင်းကို Augmented Learning ဟု ခေါ်သည်။ နောက်ထပ်နည်းမှာ အသေမှတ်နည်း (သို့) ပုံသေမှတ်နည်း (သို့) ထပ်တူ ကျက်မှတ်ခြင်းဟု လူသိများသော Rote Learning နည်းပင်ဖြစ်သည်။ Rote Learning နည်းကို မြန်မာလို အလွတ်ကျက်ခြင်းဟု သိကြသည်။ အလွတ်

ကျက်ခြင်းသည် စဉ်းစားစရာမလို။ ပြုပြင်စရာမလို၊ နားလည်စရာမလိုဘဲရေး၊ ရေးတတ်သည့် အတိုင်းအာဂုံဆောင်ခြင်းကိုခေါ်သည်။ အသေကျက်မှတ်ခြင်းပင် ဖြစ်သည်။ တစ်သဝေမတိမ်းမှတ်မိစေရန် ပြန်ရေး၊ ပြန်ပြောနိုင်ရန် ရည်ရွယ်လျှင် ဤနည်းကိုသုံး၍ သိအောင်ပြုကြသည်။ အလွတ်ကျက်၍သိနည်းတွင် ထပ်ကာထပ်ကာ လေ့ကျင့်ရန်လိုသည်။ ထပ်ကာထပ်ကာ ဆိုဖန်ရေးဖန်များမှ သိသည့်နည်းဖြစ်သည်။ သို့မှသာ ၏ သည် မရွေး ပြန်ရေး၊ ပြန်ပြော၊ ပြန်မှတ်မိနိုင်သည်။ ဤနည်းအသုံးပြု၍ ဘာသာရေးစာပေများ၊ကို မပျောက်ပျက်စေရန် ထိန်းသိမ်းကြသည်။ အချို့သော သင်္ချာပုံသေနည်းနှင့် နိယာမများကို သိအောင်အာဂုံဆောင်ရာ၌ သုံးကြသည်။ နောက်တစ်နည်းမှာ အဓိပ္ပာယ်ရှိသောသိနည်းဟု ခေါ်ကြသော Meaningful Learning ပင်ဖြစ်သည်။ ဤနည်းမှာ လူတို့က ကိုယ်တွေ့ကြုံ၊ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ကြရာမှ နားလည်လာသော သိခြင်းကိုခေါ်သည်။ နားလည်စေရန် စဉ်းစားရန် လိုသည်။ သို့ဖြစ်၍ ဤအဓိပ္ပာယ်ရှိသော သိရှိနည်းမှတစ်ဆင့် အကြောင်းအရာများသာမက အခြားစိတ်၏လက္ခဏာများဖြစ်သော ရှုမြင်သုံးသပ်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ မှားမှန်ဝေဖန်ခွဲခြားခြင်းနှင့် ကျိုးကြောင်းဆင်ခြင်ခြင်း စသည့် အရည်အသွေးများကိုပါရရှိသည့် သိနည်းဖြစ်သည်။ နောက်တစ်နည်းမှာ ကျောင်းဆက်မတက် (သို့) ကျောင်းမတက်နိုင်သောကြောင့် ကျောင်းပြင်ပ ပတ်ဝန်းကျင်တွင် ကျင်လည်ရင်း သိလာသော သိမှုများပင်ဖြစ်သည်။ အင်္ဂလိပ်လို Informal Learning ဟု သိကြသည်။ ထိုသိခြင်းနည်းအရ လူတို့သည် ကျောင်းများတွင် မတက်ရ (သို့) တက်ရန် အခွင့်အရေးမရသော်လည်း သိနိုင်သည်များ များစွာ ရှိသည်ဟုဆိုသည်။ ဥပမာ ကျောင်းမနေဘူးဘဲ ကြီးပွားချမ်းသာနေသော နာမည်ကျော် သူဌေးများ၏ ဘဝအတွေ့အကြုံမှတစ်ဆင့် သိရှိလာပုံ သိနည်းကိုဆိုလိုသည်။ သို့ဖြစ်၍ ကျောင်းမနေဘဲလည်း ထူးချွန်အောင်မြင်သူတစ်ဦး ဖြစ်နိုင်သည်အထိ ဖြစ်နိုင်သေးသည်ဟု ဆိုလိုသည်။ ဥပမာ - လူငယ်တစ်ဦးသည် အလွန်ဝေးလံသော ဒေတွင်မွေးဖွားပြီး ဆင်းရဲသောမိသားစုဖြစ်၍ ငယ်စဉ်က ကလေးဘဝတွင် ကျောင်းမရှိသောအရပ်ဒေသဖြစ်၍ ကျောင်းလည်းမနေနိုင်၊ နေ့စဉ်အမေနှင့်အတူ ဈေးရောင်းထွက်ရသည်။ ဈေးရောင်းထွက်သည့်အခါ ကုန်စိမ်းများ ချိန်တွယ် တွက်ချက်ရာမှ ထိုလူငယ်သည် သင်္ချာကို လက်တွေ့အသုံးပြုရင်း သင်္ချာတတ်မြောက်လာသည်။ ရွာရိုးကိုးပေါက်လျှောက်၍ ဈေးရောင်း၊ တစ်ရွာဝင်တစ်ရွာထွက် ခြေလျင်လျှောက်၍

တစ်နေ့ ဆယ့်ငါးမိုင် မိုင်နှစ်ဆယ်ခန့် လျှောက်ရ၍ ဒေသပတ်ဝန်းကျင်၏ ပထဝီကို လက်တွေ့လေ့လာခွင့်ရသည်။ ညတိုင်းဘိုးဘွားများပြန်လည် ပြောပြသော ရှေးဟောင်း နှောင်းဖြစ်များကို နားထောင်ရင်း သမိုင်းကို သူ့အတိုင်းအတာ တစ်ခုအထိ နားလည် ထိတွေ့ခွင့်ရလာသည်။ ပတ်ဝန်းကျင်ရှိ မြစ်ချောင်းအင်းအိုင် တိရစ္ဆာန်ကျေးငှက် များကို လက်တွေ့မြင်တွေ့ရာမှ သိပ္ပံကိုသိလာသည်။ နေ့စဉ် လမ်းလျှောက် စောစောထ၊ ရေခပ်ထင်းခွေရာမှ နေ့စဉ်လေ့ကျင့်ခန်းပုံမှန် လုပ်ခြင်းမှ ကာယပညာလေ့ကျင့်သလို ဖြစ်လာ၏။ ဘာသာရေးစာပေများကိုလေ့လာရင်း ကိုယ်ကျင့်တရား စိတ်ဓာတ်ကိုရလာ၏။ မိသားစုမှ အမွေပေးသလောက် စည်းကမ်းနားလည်လာ၏။ ဤသို့သိလာခြင်းကို ကျောင်းမနေဘဲ ကျောင်းနေသကဲ့သို့ (သို့) ကျောင်းနေသည်ထက်ပင် ပိုသိနိုင်သော Informal Learning ဟုခေါ်သည်။ ကျောင်းနေရင်း လေ့ကျင့်ရင်း သိလာသည့်နည်း ကို Formal Learning ဟုခေါ်သည်။ နောက်တစ်နည်းမှာ Non-formal Learning သိနည်းခေါ် လူတို့သည် ကျောင်းမှပြီးစီး၍ (သို့) ကျောင်းတက်စဉ်တွင်ပင် ၄င်းတို့ သွားလာထိတွေ့နေသော ပတ်ဝန်းကျင်များမှ၊ အဖွဲ့အစည်းအသင်းအဖွဲ့များမှ တစ်ဆင့် တွေ့ကြုံသိရှိနားလည်လာသော အသိများကို Non-formal Learning ဟုခေါ်သည်။ ဥပမာ ရပ်ကွက်ဆွမ်းလောင်း အသင်းသို့ဝင်ရောက်ကူညီရင်း ကြားသိ လာရသောအသိများ၊ နောက်တစ်နည်းမှာ Non-formal Learning and Combined Approach ခေါ်သော လူ့အဖွဲ့အစည်းအတွင်း အသီးသီးက ကြိုတင်စီမံ ပေးထားသော အစီအစဉ်များမှတဆင့် တွေ့ကြုံသိရှိလာခြင်းနည်းဖြစ်သည်။ ဥပမာ Training Course များ Workshop များမှ တစ်ဆင့် သိလာရခြင်းနည်းကို ဆိုလိုသည်။ နောက်တစ်နည်းမှာ အင်္ဂလိပ်လို Tangential Learning ခေါ် ရုပ်ရှင်၊ တေးဂီတ၊ ပြဇာတ်တို့ကြည့်ရာမှ သိရှိလာသော ရရှိလာသောသိခြင်းနှင့် အပြုအမူ၊ အတွေးအခေါ်၊ အပြောအဆိုအားလုံးကို ဆိုလိုသည်။ မီဒီယာများမှ တစ်ဆင့် သိရှိခြင်းဖြစ်သည်။ နောက်တစ်နည်းမှာ လူနှင့်လူတို့ စကားပြောဆိုကြရင်း သိလာ ကြသော သိမှုများဖြစ်သည်။ အင်္ဂလိပ်လို Dialogic Learning ဟုခေါ်သည်။ နောက်ထပ်ထင်ရှားသော သိနည်းသည် Transfer of Learning ဟု လူသိ များသော စာတွေ့မှ လက်တွေ့ကူးပြောင်းရာမှ သိရှိခြင်းဖြစ်၏။ ဆရာတို့က အခန်းထဲ တွင် စာတွေ့သင်ကြားလေ့ကျင့်ပေးရာတွင် စာတွေ့ပါ အကြောင်းအရာများကို အပြင်လောကတွင် မည်သို့အသုံးချ၍ရသည်ကိုပါ ထည့်သွင်းလေ့ကျင့်ခဲ့လျှင်

ကျောင်းသားတို့သည် အတန်းထဲတွင်လေ့ကျင့်ခဲ့သော စာတွေ့အကြောင်းအရာများကို ပြင်ပတွင် လက်တွေ့အသုံးပြုရန် စိတ်ကူးတတ်လာပြီး အသုံးပြုရာမှ သိလာသော သိခြင်း၊ နားလည်ခြင်းများကို ဆိုလိုသည်။ နောက်တစ်နည်းမှာ မိမိမည်ရွေ့မည်မျှ သိပြီးဖြစ်သည်၊ မိမိ မည်ရွေ့မည်မျှ သိရန်လိုသေးသည်၊ မိမိမသိသည်များ ကျန်နေသေးသည်၊ ထိုကျန်သော သိစရာများကိုလည်းသိသည်။ ဤသို့သိရာမှ လေ့လာရင်း သိလာမှုများကို Active Learning ဟု ခေါ်ကြသည်။ ထိုနည်းဖြင့် လူတို့၏ သိမှုပမာဏသည် ကျယ်ပြန့်လာကြခြင်း ဖြစ်သည်။

ယခုအထက်တွင် အကျဉ်းချုံးဖော်ပြခဲ့သော လူသားတို့၏ သိပုံသိနည်းအချို့ကို ဆရာမိဘတို့သိရှိပြီးဖြစ်ပါက ဆရာနှင့်မိဘတို့၏ သွန်သင်ပြသလေ့ကျင့်ရာမှ သိရှိလာသည့် သိမှုများအပေါ် လွှမ်းမိုးလာနိုင်သော သိမှုများ (သို့) ထပ်ဆောင်းသိမှုများ မြောက်မြားစွာရှိနေနိုင်သည်ကို ရိပ်မိလာမည်ဖြစ်သည်။ ဆရာနှင့်မိဘများ မသင်ကြပါဘဲ တတ်မြောက်သိရှိနေသောအသိများ များစွာရှိနေနိုင်သည်ကို သိရမည်။ သိထားရမည်။ သို့ဖြစ်၍ မိမိမျက်စိရှေ့မှ မိမိကိုယ်တိုင်မွေးထားသော ကလေး (သို့) မိမိ၏စာသင်ခန်းထဲရှိ တပည့်တို့ မည်ရွေ့မည်မျှ သိထားပြီးဖြစ်သည်ကို ဆရာမိဘတို့က လျှော့တွက်ပုံဖော်လျှင် ဤကျောင်းသား၏ ပုံရိပ် အစစ်မတွေ့ရနိုင်။ ထို့ကြောင့် ကျောင်းသားတို့၏ပုံရိပ်တို့ကို အဘက်ဘက်မှ ပုံဖော်ကြရာ၌ ပုံဖော်မှုပီပြင်ရစေရန် စစ်ဆေးနည်းစနစ်များကို မျိုးစုံသုံး၍ CATs, Portfolio, Authentic စသည်ဖြင့် အမျိုးမျိုးလှည့်ပတ် စစ်ဆေးပုံဖော်ပါမှ ကျောင်းသား၏ပုံကို အနည်းငယ်ပို၍ နီးနီးစပ်စပ်မြင်ရနိုင်သည်။ သို့တိုင်အောင် (၁၀၀) ရာခိုင်နှုန်းပြည့် မမှန်သေးဆိုသည်ကို မိဘဆရာတို့ နားလည်ထားရမည်ဖြစ်သည်။ လူ့ပတ်ဝန်းကျင်တွင်နေထိုင်ရင်း ၎င်းတို့ကြုံတွေ့ဖြတ်သန်းနေထိုင်ရာ ပတ်ဝန်းကျင်မှတစ်ဆင့် များစွာသောသိမှုများ၊ များစွာသော အပြုအမူများ၊ များစွာသောအပြောအဆို၊ နေပုံထိုင်ပုံများအားလုံး ရလာကြသည်ဖြစ်၍ ဆရာနှင့်မိဘတို့၏ မျက်စိရှေ့တွင် တွေ့မြင်ရသည့်ပုံရိပ်သည် ပြည့်စုံသောပုံရိပ်အဖြစ် မြင်ရန်မလွယ်ကူ။ မိဘရှေ့တွင် မိဘနှင့်အဆင်ပြေအောင် အလိုက်အထိုက်နေပုံကိုသာ တွေ့ရခြင်း များမည်ဖြစ်သလို ဆရာတို့ကလည်း တပည့်တို့ဆရာတို့၏ရှေ့တွင်ရှိသောပုံကိုသာ မြင်ရမည်ဖြစ်ပြီး ရာနှုန်းပြည့်ပုံကို ၎င်းတို့တစ်ဦးတည်းနေထိုင်သည့်အခါတွင်သာ တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါသိပုံသိနည်းများမှ

တစ်ဆင့် ရရှိလာနိုင်သည့် ပြောပုံဆိုပုံ၊ ပြုပုံမူပုံများအားလုံးကို မိဘဆရာတို့က သတိချပ်၊ သတိထား၍ ထာဝစဉ်လေ့လာနေရန်ဖြစ်သည်။ ခရီးဝေးအသွားများသော မိခင်ဖခင်တို့သည် ၄င်းတို့ကလေးများ၏ ပုံရိပ်အမှန်ကိုသိရန် ပို၍မလွယ်ကူတော့။ ၄င်းတို့သိသည့် ၄င်းတို့၏ ကလေးသည် ၄င်းတို့ကလေးကကိုယ်တိုင် ပြန်ပြောသလောက်နှင့် ပုံဖော်၍ရသောကလေးသာဖြစ်သည်။ ထို့ကြောင့် ကျောင်းမှ ဤကလေး၏ပုံရိပ်ကိုဖော်ပြသောအခါ ခရီးဝေးသွားလေ့ရှိသော မိခင်ဖခင် တို့သည် မယုံကြည်တော့။ ၄င်းတို့သိထားသော ၄င်းတို့ကလေး၏ပုံရိပ်နှင့် ၄င်းတို့၏ မျက်ကွယ် ကျောင်းတွင် ဆရာတို့ကတွေ့မြင်ပုံဖော်ကြသော ၄င်းတို့ကလေး၏ ပုံရိပ်တို့သည် အံ့သြစရာကောင်းလောက်အောင် ကွာဟနေကြမြဲဖြစ်သည်။ ကလေးများကို အဘယ့်ကြောင့် ပုံဖော်ကြည့်နေကြသနည်း။ မိမိကလေးကို ဘယ်ပုံဖြစ်သည်ဆိုလိုသည်မှာ ဘယ်လိုနေတတ်သည်၊ ဘယ်လိုထိုင်တတ်သည်၊ ဘယ်လိုပြောတတ်သည်၊ ဘယ်လိုဆိုတတ်သည်၊ ဘယ်လိုစိတ်တိုတတ်သည်၊ ဘယ်လိုစိတ်ရှည်တတ်သည် စသည်ဖြင့် ဂယနဏသိနေမှ ၄င်း၏အနာဂတ်ကို စီမံရာ၌ ၄င်း၏စိတ်နေသဘောထား အပြုအမူဖြင့် ကိုက်ညီမည့် ဘဝပုံစံကို သားသမီးတို့အား အကြံဉာဏ်ပေး ကူညီနိုင်မည်ဖြစ်သည်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ဆိုသကဲ့သို့ ကောင်းရာသင့်တော်ရာကို ညွှန်ပြနိုင်စေရန် မိမိတို့ကလေးများ၏ ပုံရိပ်အမှန်ကို သိရှိရန်လိုအပ်သည်။ ကျောင်းထားအပ်ပို့ရခြင်း၏ ရည်ရွယ်ချက်များစွာအနက် တစ်ခုသည်လည်းဖြစ်သည်။ မိဘကဖော်သော အိမ်ရှိပုံရိပ်၊ ဆရာကပုံဖော်ထားသော ကျောင်းရှိပုံရိပ်၊ ပတ်ဝန်းကျင်ကပုံဖော်သောပုံရိပ် စသည့် အားလုံးကိုပြည့်စုံအောင် စုစည်းပေါင်းစပ်လိုက်ပါမှ ကိုယ့်သားသမီး၏ အနီးစပ်ဆုံးပုံရိပ်ကို တွေ့ရမည်ဖြစ်သည်။ သားသမီးက ပြောပြသော ၄င်း၏ ပုံရိပ်တစ်ခုတည်းဖြင့် ဒါငါ့သားဖြစ်သည်၊ ဒါငါ့သမီးဖြစ်သည်ဟု တရားသေပုံဖော်မိပါက ငါးပါးမှောက်တော့မည်။ သားသမီးယုံ စုံလုံးကန်းဟူသည့် စကားပုံကိုဆိုလိုသည်။ ကောင်းကောင်းပုံမဖော်နိုင်ဟုဆိုသည်။ သားသမီးများကို ဆိုးမည်ဟုမဆို။ သို့သော် မည်သူမဆို ကိုယ့်ပုံကိုယ်ဖော်ရာ၌ အကောင်းမြင်ရာနှုန်းများမည်မှာ ဓမ္မတာပင်။ ထို့ကြောင့် ဆရာတို့ကပုံဖော်ပေးသော မိမိ၏သားသမီးပုံရိပ်ကိုရယူရာ၌ ကွာဟမှုများတွေ့ရှိပါက သေချာစွာ ကြည့်ရှုလေ့လာကြရန်ဖြစ်လာခြင်းဖြစ်သည်။ ပြီးနောက် လိုအပ်သလို ပူးပေါင်း၍ ပုံရိပ်ကို ကောင်းမွန်

အောင် ပြုပြင်လေ့ကျင့်ရန်သာဖြစ်သည်။ ဆရာကပေးသော ပုံရိပ်သည်ကြည့် မကောင်းလျှင် ဆရာကို ရန်လုပ်စရာလိုပါ။ မုန်းတီးစရာမလိုပါ။ အရှိအတိုင်း သိရသည်ကို ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရန်သာ ရှိပါသည်။ ကျေးဇူးမတင် လိုလျှင်တောင် စိတ်ဆိုးစရာမရှိပါ။ ဆရာက သားသမီးကို တိုင်သည်ဟု မယူဆ သင့်ပါ။ မမြင်သင့်ပါ။ သားသမီးကို တိုင်ခြင်းမဟုတ်။ သားသမီး၏ ပုံရိပ်တစ်ခု ကိုမိဘအား အသိပေးခြင်းဖြစ်သည်။ ဆရာ တာဝန်ပင်ဖြစ်သည်။ ဆရာ၏ ပုံဖော် ခြင်းမှ ကောင်းသောပုံရိပ်များဖြစ်ပါကလည်း ဆက်လက်ထိန်းသိမ်း၍ ပိုမိုကောင်း မွန်စေရန် ပူးပေါင်းကြိုးပမ်းရဦးမည်။

# စာသင်သားများ
# လိုက်နိုင်မှုကွာဟခြင်း သဘာဝ


ဆက်လက်ရေးသားလိုသည့် အကြောင်းအရာသည် ကျောင်းသားက ကျောင်းတွင် လိုက်နိုင်ခြင်း (သို့) မလိုက်နိုင်ခြင်းဖြစ်သည်။ မိဘက ကျောင်းသား လိုက်နိုင်သည်ကိုကြိုက်သည်။ ဟုတ်ပါသည်။ မှန်ပါသည်။ ကျောင်းသားလိုက်နိုင်ရန် လိုပါသည်။ သို့ရာတွင် လိုက်နိုင်ခြင်းကို မိဘနှင့်ဆရာတို့ အဓိပ္ပာယ် ဖွင့်ဆိုမှု တူညီရန် လိုအပ်ပါသည်။ ကျောင်းသားစာလိုက်နိုင်ခြင်းကို အဓိပ္ပာယ်ဖော်ရာတွင် အဆင့်ဆင့် ခွဲရန်လိုပါသည်။ လိုက်နိုင်ခြင်း၏ **(၁) ပထမ**အဆင့်တွင် ကျောင်းသားသည် ဆရာက ပေးသော ပြဿနာများကို စတင်ကိုင်တွယ် ဖြေရှင်းရသည့်အခါ အတော် အတန် စဉ်းစားနေရပြီး အခက်အခဲနှင့်ကြုံတွေ့နေရသည့်အဆင့်သည် ပထမအဆင့် ဖြစ်သည်။ **(၂) ဒုတိယ**အဆင့်သည် ထိုကျောင်းသားသည် အချိန်ပေးစဉ်းစားသော ထိုပြဿနာကို အခက်အခဲဖြင့်ရှင်းရန် ကြိုးစားခြင်း နည်းလမ်းတွေ့ရှိသွားခြင်း (သို့) ဖြေရှင်းပုံသိရှိလာခြင်းဖြစ်သည်။ **(၃) တတိယ**အဆင့်မှာ ၄င်းကိုယ်တိုင်စဉ်းစား၍ ရသော (သို့) ရှာဖွေ၍ရသောနည်းဖြင့် ဆရာကပေးထားသောပြဿနာတို့ကို လက်တွေ့ဖြေရှင်း၍ ရရှိလာခြင်းတို့ဖြစ်သည်။ **(၄) စတုတ္ထ**အဆင့်သည် ပြဿနာကို ၄င်းတို့ကိုယ်တိုင် ရှာဖွေ၍ ကိုယ်တိုင်ရှင်းလင်းနိုင်လာခြင်းအဆင့်ဖြစ်သည်။ ဤအဆင့်လေးဆင့်ကို မိဘရောဆရာပါ အတူတူအတွေးထပ် သဘောတူညီကြ လိမ့်မည်ဟု ယုံကြည်သည်။ သို့ရာတွင် ပြဿနာနေရာမှာ အချိန်ဖြစ်သည်။ အကယ်၍ ကျောင်းသားက ပထမအဆင့် ကိုဖြတ်သန်းချိန်တွင် အကြာဆုံး အချိန်ယူရန်လို၍ ဤအဆင့်(၁)တွင်ပင် ကြန့်ကြာနေတတ်သည်ကို မိဘက ငါ့သမီး ငါ့သား မလိုက်နိုင်ဟု ဆန္ဒစောတတ်သည်ကို တွေ့ကြုံရသည်။ အမှန်တကယ်မှာ ကျောင်းသားမလိုက်နိုင်သည်မဟုတ်။ အနည်းငယ်စိတ်ရှည်ကာ အားပေး၍ ထိုအချိန်လိုသော ပထမအဆင့်ကိုကျော်ဖြတ်၍ ဒုတိယအဆင့်သို့ရောက်ရှိရန် သာဖြစ်သည်။ ထို့ကြောင့် ကောက်ချက်ဆွဲရလျှင် မလိုက်နိုင်သော ကျောင်းသားဟူ၍ မရှိပါ။ ပုံမှန်ခန္ဓာကိုယ်ဖွဲ့စည်းပုံသည် အများ နည်းတူရှိသည်။ ဤ ပထမအဆင့်တွင်

အချိန်ယူရသည်ကလွဲ၍ (၂) (၃) (၄) အဆင့်များသို့ အချိန်တန်ရောက်နေမည်သာ။ ရောက်အောင် မိဘဆရာတို့က အားပေးကူညီရန်သာ ဖြစ်သည်။ လက်ရောက် ကူညီရန်မဟုတ်ပါ။ အကယ်၍ မိမိတို့၏ သားသမီးတို့က အများနည်းတူ ကျော်ဖြတ် လုပ်ကိုင်နိုင်စွမ်းမရှိသည်ကို ဆရာမှတစ်ဆင့်သိခဲ့ရသော် ဤကျောင်းသား၏ အခက်အခဲကို အဖြေရှာရန်ဖြစ်သည်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် သက်ဆိုင်သလား၊ အဘယ့်ကြောင့် ၎င်းကျောင်းသားသည် အများနည်းတူ ပထမအဆင့်ကို အချိန် ကာလမတိမ်းမယိမ်းအတွင်း ဖြတ်သန်းမသွားဘဲ ကြန့်ကြာနေသည့်အကြောင်းကို ရှာရန်ဖြစ်သည်။ ဤသို့ဖြစ်ခြင်းကို Learning Difficulties လေ့လာရန် ခက်ခဲစေ သောအကြောင်းများဟုခေါ်သည်။ လူတိုင်းတွင် အနည်းနှင့်အများရှိသည်။ သို့သော် မိမိတို့၏ကလေးက ပို၍ခက်ခဲနေပါက ကလေးအား ၎င်းနှင့်သင့်တော်သော သင်ကြားလေ့ကျင့်မှု ပတ်ဝန်းကျင်သို့ ရွှေ့ပြောင်းလေ့ကျင့်ရန်လိုသည်။ အများ နေထိုင်သော ပတ်ဝန်းကျင်ရှိဖိစီးမှုကို တုံ့ပြန်နိုင်ခြင်းမရှိခဲ့လျှင် ၎င်းကျောင်းသား တို့အား ဖိစီးမှုနည်းသော ပတ်ဝန်းကျင်တွင် ပြောင်းလဲစီစဉ်ပေးရန်လိုသည်။ ဤအစီအစဉ်မျိုး ကို Enrichment (သို့) Enhancenment အစီအစဉ်ဟုခေါ်သည်။ ကျွန်ုပ်တို့ တိုင်းပြည်တွင် ထိုပတ်ဝန်းကျင် တချို့ရှိသည်။ သို့ရာတွင် မကျယ်ပြန့်သေး။ လေ့လာရန်ခက်ခဲသော အကြောင်းအရာများက အလွန်ကျယ်ပြန့်နေပြီဖြစ်သည်။ ပုဂ္ဂလိက စီစဉ်ပေးသော ကျောင်းတချို့ ရှိနေပြီဖြစ်သော်လည်း အစိုးရအစီအစဉ် မတွေ့ရသေး။ နောင်တော့ စဉ်းစားပေးရန် လိုသည်။ အနေးနှင့်အမြန်စဉ်းစား ပေးရန်တော့ လိုလိမ့်မည်။ ထိုကဲ့သို့ ကျောင်းသားများအတွက် လေ့လာရေး ပတ်ဝန်းကျင် တည်ဆောက်ရေးနှင့် လေ့ကျင့်ပေးနိုင်မည့် ဆရာများ မွေးထုတ်ရန်၊ ငှားရမ်းရန် ကုန်ကျစရိတ်ကြီးမားလွန်း၍ ပုဂ္ဂလိက လုပ်နိုင်ရန် မလွယ်ကူ။ လုပ်နိုင်လျှင်လည်း ကုန်ကျစရိတ်များလှမည်။ သို့ဖြစ်၍ အစိုးရလုပ်က ပို၍

လုပ်အားကောင်းမည်။ အစိုးရလုပ်လုပ် ပုဂ္ဂလိကလုပ်လုပ် စရိတ်ကြီးမည်။ စက်ရုံတွင် ဤသို့ကျောင်းမျိုး များစွာရှိသည်ဟုသိရသည်။ ထို့ကြောင့် ကျောင်းသား၏ လုပ်နိုင်သောစွမ်းရည် (သို့) အပြုအမူ အလေ့အထ အတွေးအခေါ်တို့ကို ပုံဖော်မှုမှန်ကန်ရန် အရေးကြီးလာသည်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ သုံးပါးစလုံး ပုံဖော်ရန်လိုလာသည်။ သို့မှသာ ဘက်စုံမြင့်ပုံရိပ်တစ်ခု ဖြစ်လာရန် နီးစပ်မည်။


# ဦးနှောက်ဖွဲ့စည်းပုံ

ကျောင်းသားများကို လေ့ကျင့်ပေးရာ၌ အဓိကဖြစ်သော ဦးနှောက်ကိုလေ့ကျင့်ပေးခြင်းဖြစ်ရာ ဆရာများသည် လူ၏ဦးနှောက်နှင့် ၎င်း၏ အလုပ်လုပ်ပုံကို နားလည်ထားရန်လိုအပ်သည်။ ဦးနှောက်အကြောင်းကိုမသိဘဲ ဆရာတို့ မည်သည့်နည်းနှင့် မည်သည်ကိုလေ့ကျင့်မည်ကိုမသိ။ သို့ဖြစ်၍ ဦးနှောက်ကို လေ့လာမည်။ လူ့ဦးနှောက်တွင် အခြေခံအားဖြင့် အတွင်းပိုင်းနှင့် အပြင်ပိုင်း ဟူ၍ (၂)ပိုင်းခွဲခြားပြီး ဦးနှောက်၏ အတွင်းပိုင်းကို ဗဟိုထိန်းချုပ်စနစ်ဟုခေါ်ပြီး ၎င်းတွင် အပိုင်း (၃) ပိုင်း ထပ်မံခွဲခြားထားသည်။





နောက်တစ်ပိုင်းမှာ ဦးနှောက်၏ အပြင်ပိုင်းဖြစ်သည်။ ဦးနှောက်၏ အပြင်ပိုင်းကို နောက်ထပ် (၅)ပိုင်းပိုင်းထားပြီး လေ့လာကြသည်။ ယခု ဦးနှောက်၏ အတွင်းဗဟိုစနစ်ကို စတင်လေ့လာလျှင် ဤကဲ့သို့အတွင်းဗဟိုစနစ်ကို ကျောရိုးရှိ သတ္တဝါများတွင်တွေ့ရပြီး ၎င်းအတွင်း ဗဟိုစနစ်တွင် အပိုင်းငယ် (၅)ပိုင်းရှိပြီး ၎င်းအတွင်းဗဟိုစနစ်မှ လူ၏အသက်ရှူခြင်းလုပ်ငန်း၊ သွေးခုန်ခြင်းလုပ်ငန်း၊ တက်ကြွမှု ထိန်းချုပ်ခြင်းလုပ်ငန်း၊ ရွေ့လျားမှုလုပ်ငန်း၊ ဘယ်ညာထိန်းကျောင်းခြင်းလုပ်ငန်း၊ အိပ်စက်ခြင်းလုပ်ငန်းနှင့် ပြင်ပမှဝင်လာသော အာရုံများကို နေရာချသည့်လုပ်ငန်းတို့ကို လုပ်ကိုင်ပေးသည်။ ဗဟိုထိန်းချုပ်စနစ်၏ အပိုင်းငယ် (၁) သာလာမတ်စ်သည် ပြင်ပမှ ဝင်ရောက်လာသော အာရုံများကို အမျိုးအစား ခွဲခြား

ပေးခြင်း၊ ဘာသာပြန်အဓိပ္ပာယ်ဖော်ပေးခြင်း၊ အကောင်းအဆိုးခွဲခြားပေးခြင်း၊ ဝင်ရောက်လာသော အာရုံများကို ၄င်းတို့နှင့်သက်ဆိုင်သည့် ဦးနှောက် အစိတ်အပိုင်း အသီးသီးသို့ ပို့လွှတ်ပေးခြင်းစသည့်လုပ်ငန်းများကို အခြေခံအားဖြင့် လုပ်ကိုင်သည်။ နောက်တစ်ပိုင်းဖြစ်သော (၂) ပွန်းစ်သည် အိပ်မက်များကို ဖြစ်ပေါ်စေသော နေရာဖြစ်သည့်အပြင် အိပ်နေစဉ်ထဲ၍ ယောင်ပြီးလမ်းလျှောက်သော လုပ်ငန်းများကိုလည်း ထိန်းချုပ်လုပ်ကိုင်သည်။ တတိယအပိုင်း (၃) ဆဲလီဘရမ်သည် ခန္ဓာကိုယ်၏ မတ်မတ်ရပ်အနေအထားနှင့် ရပ်တည်မှုဘယ်ညာ ညီညွတ်စေရန် ဆောင်ရွက်သည်။ ခန္ဓာကိုယ်ရွေ့လျားမှု အားလုံးကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသည်။ စတုတ္ထအပိုင်းမှာ (၄) ရက်တစ်ကျူလာဖော်မေးရှင်းဟု ခေါ်ပြီး ၄င်းက ဦးနှောက်အခြားအစိတ်အပိုင်းများကို ဝင်ရောက်လာသော အာရုံများကို ထာဝစဉ် နိုးကြားစွာ အာရုံပြုနေစေရန် ထောက်ပံ့ထားသည့်အပြင် မိမိတို့အိပ်ပျော်နေစဉ် နားနှင့် အခြားအာရုံခံအင်္ဂါများကို အလုပ်လုပ်နေစေသည်။ နိုးကြားနေစေသည်။ အတွင်း ဗဟိုထိန်းချုပ်စနစ် အပိုင်း (၅)မှ မက်ဒါလ်လာဖြစ်ပြီး မက်ဒါလ်လာက အသက်ပုံမှန်ရှူခြင်း နှလုံးခုန်ခြင်း၊ အိပ်ခြင်း၊ နိုးထနေခြင်းစသည့် လုပ်ငန်းတို့ကို စီမံခန့်ခွဲသည်။



ဦးနှောက်အတွင်း ဗဟိုထိန်းစနစ် ဒုတိယပိုင်းဖြစ်သော လင်းဘစ်စနစ်ကိုကြည့်လျှင် အပိုင်း (၃)ပိုင်းတွေ့ ရမည်ဖြစ်ပြီး ဤကဲ့သို့အပိုင်းကို နို့တိုက်သတ္တဝါတွင်သာ တွေ့ရသည်။ ဤအပိုင်း သည် စိတ်တက်ကြွမှု၊ စိတ်မတက်ကြွမှုများ စိတ်ခံစားမှုများ အားလုံးကို ဖြစ်စေပျက်စေပြီး မှတ်ဉာဏ်မျိုးစုံကိုလည်း ဖြစ်ပျက်စေသည်။ ထို့အပြင် ဤလင်းဘစ်စနစ်မှ ခန္ဓာကိုယ်၏ အပူချိန်ထိန်းညှိခြင်း၊ သွေးဖိအားထိန်းညှိခြင်း၊ သွေးသကြားအနိမ့်အမြင့်ပမာဏ ထိန်းညှိခြင်းနှင့် အခြားခန္ဓာကိုယ်ထိန်းသိမ်းခြင်း ဆိုင်ရာလုပ်ငန်းများကိုဖြစ်ပျက်စေသည်။ ၎င်းလင်းဘစ်စနစ်၏ ပထမပိုင်းမှာ ဟစ်ပိုကင်းပတ်စ်ဖြစ်ပြီး ဟစ်ပိုကင်းပတ်စ်သည် စိတ်လှုပ်ရှားမှုများ၊ သိမှုများနှင့် သိမှုများကိုမှတ်သားခြင်းလုပ်ငန်းများကို လုပ်ကိုင်သော အစိတ်အပိုင်းဖြစ်သည်။





ဒုတိယအပိုင်း (၂)သည် အမစ်ဒါလာဟုခေါ်ပြီး အမစ်ဒါလာက စိတ်ရိုင်းများအားလုံးကိုဖြစ်ပျက်စေပြီး စားခြင်းသောက်ခြင်းနှင့် ကာမဂုဏ်ခံစားခြင်းတို့ကိုဖြစ်ပျက်စေသောလုပ်ငန်းများကို လုပ်ဆောင်သည်။ တတိယ (၃)မှာ ဟိုက်ပိုသားလမတ်စ်ဖြစ်သည်။ ဟိုက်ပိုသားလမတ်စ်က ခန္ဓာကိုယ်တွင်းရှိ သကြားပမာဏ၊

ဆားပမာဏ၊ သွေးပေါင်ချိန်နှင့် ဆက်စပ်ဟော်မုန်းများထုတ်လုပ်ခြင်းတို့ကို လုပ်ကိုင်သည်။ ထို့အပြင် ဟိုက်ပိုသားလမတ်စ်မှ ခန္ဓာကိုယ်တစ်ခုလုံးအတွင်းရှိ ဖြစ်စဉ်များကို ဦးနှောက်၏ အခြားသက်ဆိုင်သောအစိတ်အပိုင်းများနှင့် ချိန်ညှိ၍ ၄င်းဗဟိုအာရုံခံအဖွဲ့နှင့် ညှိနှိုင်း၍လည်းကောင်း၊ အညစ်အကြေးစွန့်ထုတ် စနစ်များနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်သည်။ အတွင်းဗဟိုထိန်းစနစ်၏ တတိယ အပိုင်းသည် ဆယ်လီဘရယ်ကောတက်စ်ဖြစ်သည်။ ဆယ်လီဘရယ်ကောတက်စ် တွင် အပိုင်းငယ် (၄)ပိုင်းခွဲထားပြီး ၄င်းမှ အဆင့်မြင့်ရှုပ်ထွေးသော သိမှုများနှင့် ပူးတွဲပါလာသော စိတ်လှုပ်ရှားမှုများကို ညွှန်ကြား ညှိနှိုင်းဆောင်ရွက်သည်။ ၄င်းတွင် ထပ်မံ၍ ဘယ်ခြမ်းနှင့် ညာခြမ်းဟူ၍ ညီတူညီမျှ ခွဲခြားထားသည်။ ဘယ်နှင့်ညာ ဆယ်ရီဘယ်ရယ်ဟမ်မီးစဖီးယားများဟုခေါ်သည်။ ဟမ်မီစဖီးယားတစ်ခုတိုင်းတွင် အပိုင်းငယ် (၄)ခုပါသည်။ ၄င်းအပိုင်းငယ် (၄)ပိုင်းက အာရုံငါးပါးဖြင့် ဆက်စပ်၍ ဝင်ရောက်လာသော အတွေ့အကြုံများ၊ မြင်ကြားအနံ့ခံ စားသိအာရုံများ၊ စိတ်လှုပ်ရှားမှုများ၊ ဆက်စပ်စိတ်ကူးများနှင့် ဆက်စပ်စီမံချက်များအပြင် မကြည့်ဘဲမြင်သော၊ နားမထောင်ဘဲကြားသော၊ အာရုံမစိုက်ဘဲဝင်လာသော အာရုံအမျိုးမျိုးတို့နှင့် ၄င်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် စိတ်လှုပ်ရှားမှုများ၊ စိတ်ခံစားမှုဖြစ်စဉ်များကို ဖြစ်ပျက်ထိန်းချုပ်ညှိနှိုင်းပေးသည့် အပိုင်းငယ် (၁)ဖြစ်သည်။ ဖရန်တယ်လုဒ်သည် လူ၏ လက်၊ ခြေနှင့် တစ်ကိုယ်လုံး လှုပ်ရှားမှု များကို ကြီးကြပ်သည့်အပြင် သိမှု ဖြစ်စဉ်များ လုပ်ကိုင်ခြင်း၊ စဉ်းစားခြင်း၊ ဆုံးဖြတ်ခြင်း၊ စီစဉ်ခြင်း၊ ဆင်ခြင်ခြင်း၊ ရှုမြင်သုံးသပ်ခြင်း၊ ရည်ရွယ်ချက် မျှော်မှန်းချက်များတည်ဆောက်ခြင်း၊ ရည်မှန်းချက်အောင်မြင်ရေးအတွက် စိတ်နှင့်ရုပ်တို့ ဆက်လက်လုပ်ကိုင်စရာများ ဖော်ထုတ် ပေးခြင်းတို့ကို လုပ်ကိုင်သည်။ ဒုတိယအပိုင်းငယ် (၂)သည် အောစီပီတယ်လုပ် ဟုခေါ်ပြီး ၄င်းမှဝင်ရောက် လာသောအမြင်အာရုံများကို စိစစ်နေရာချပြီးနောက် အပိုင်းငယ် (၃)နှင့် (၄) ဖြစ်သည့် ပရိုက်ရယ်တယ်လုပ်ဘ်နှင့် တမ်ပိုရယ် လုပ်ဘ်ဆီသို့ စေလွှတ်ပေးသည်။ ပါရိုက်ယက်တယ်လုပ်ဘ်သည် ဝင်ရောက်လာသောအာရုံများအား နေရာချ

ထားရာတွင် တူညီသည့်အပြင် လူနှင့်လူ့ပတ်ဝန်းကျင်ဆိုင်ရာ အကွာအဝေးများ၊ ရပ်တည်ဒေသများကို တွက်ချက်ရာတွင်လည်းကောင်း၊ အာရုံစူးစိုက်မှုကိုလည်းကောင်း၊ ဘာသာစကားများကို နားလည်မှုများထုတ်လုပ်ရာတွင်လည်းကောင်း ဝင်ရောက်အလုပ်လုပ်သည်။ နံပါတ် (၄)အပိုင်းငယ်ဖြစ်သည့် တန်ပိုရယ်လုပ်ဘ်သည် အကြားအာရုံနှင့် အကြားအာရုံနှင့်ပူးတွဲနေသည့်ဘာသာစကားများအား ဘာသာပြန်ခြင်း၊ နားလည်ခြင်းနှင့် လူ၏သိပြီးသောအာရုံများကို ပြန်လည်မှတ်မိခြင်း လုပ်ငန်းများကိုလုပ်ကိုင်သည်။

# မှတ်ဉာဏ်





မှတ်ဉာဏ်သည် လူ့ဦးနှောက်တွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး၊ **ဆရာများက ဤမှတ်ဉာဏ်ကို ဖွံ့ဖြိုးအောင် လေ့ကျင့်ပေးမည့်သူများ ဖြစ်ကြ၍ ကောင်းစွာနားလည်ကြရန်လိုသည်။** မှတ်ဉာဏ်တွင် အစိတ်အပိုင်းများစွာ ရှိသည်။

လူ၏ဦးနှောက်မှ ခန္ဓာကိုယ်နေရာအနှံ့အပြားသို့ ဖြန့်ကျက်ထားသော အာရုံခံအင်္ဂါများသည် ပြင်ပမှဝင်ရောက်လာမည့်အာရုံများကို အာရုံခံရန် ဖြစ်သည်။ ထိုအာရုံခံအင်္ဂါများမှတစ်ဆင့် ကျွန်ုပ်တို့ခန္ဓာကိုယ်တွင်းသို့ စတင်ဝင် ရောက်လာလာခြင်း၊ ခေတ္တမှတ်တမ်းတင်ထားသည့်မှတ်ဉာဏ်မှာ အာရုံမှတ်ဉာဏ်ခေါ် Sensory Memory ဖြစ်သည်။ အာရုံမှတ်ဉာဏ်သည် ဝင်ရောက်လာသော အာရုံများက တစ်စက္ကန့်လျှင် အပုံတစ်ထောင်ပုံ တစ်ပုံခန့်သာ ကြာအောင်သာ သိမ်းဆည်းထားပေးသည်။ အာရုံများ ဆက်တိုက်ဝင်ရောက်လာပါက ဆက်လက်၍ ထိမ်းသိန်း


ထားနိုင်သည်။ အာရုံများဆက်လက်မဝင်ရောက်လာပါက တစ်စက္ကန့်၏ အပုံ တစ်ထောင်လျှင် တစ်ပုံခန့်ကြာသော ထိန်းသိမ်းထားသော အာရုံမှတ်တမ်းသည် ကြွေကျပျက်စီး (Decay) သွားသည်။

Sensory Memory တွင် အပိုင်း (၃)ပိုင်းရှိသည်။ Iconic Memory သည် အမြင်အာရုံများကို ခေတ္တသိမ်းဆည်းပေးထားသော ပုံရိပ်မှတ်ဉာဏ် ဖြစ်သည်။ ချုရွန်ဒင်းဒရိုက် ဖွဲ့စည်းပုံ၏ ပျက်စီးသက်တမ်းမှာ တစ်စက္ကန့်၏ အပုံ တစ်ထောင်ပုံပုံလျှင် တစ်ပုံအတွင်းဖြစ်၏။ ဤပုံရိပ်မှတ်ဉာဏ်တွင် လှစ်ကနဲ မြင်လိုက်သောပုံရိပ်ကအစ ဝင်လာသမျှ အမြင်အာရုံအားလုံးကို ယာယီသိမ်းဆည်း ထားပေးသည်။ Echoic Memory ဟု ခေါ်သော အသံမှတ်ဉာဏ်သည် အကြား အာရုံအားလုံးကို ခေတ္တသိမ်းဆည်းရာနေရာဖြစ်သည်။ ချုရွန်ဒင်းဒရိုက်ဖွဲ့စည်းပုံ ၏ ပျက်စီးသက်တမ်းမှာ Iconic Memory နှင့် အတူတူပင်ဖြစ်သည်။ ပျက်စီး သက်တမ်းတူ၏။ ယားယံခြင်း၊ နာကျင်ခြင်း အစရှိသည်တို့အား သိမ်းဆည်းသည်။ Sensory Memory သည် Short-term Memory ခေါ် ရေတိုမှတ်ဉာဏ် ဖြစ်သည်။





နောက်ထပ်ရေတိုမှတ်ဉာဏ်တစ်မျိုးကိုလည်း Short-term Memory ဟုပင်ခေါ်သည်။ ရေတိုမှတ်ဉာဏ်တွင် Sensory မှတ်ဉာဏ်မှဝင်ရောက်လာကြ သော သိမှုဖွဲ့စည်းပုံများကို စက္ကန့် (၃၀)၊ (၄၀)၊ အများဆုံး (၁)မိနစ်ခန့်အထိ ထိန်းသိမ်းထားသော မှတ်ဉာဏ်ဖြစ်သည်။ ဝင်လာသော အာရုံအားလုံးကို Short-term Memory တွင် အသံဖိုင်များအဖြစ်ပြောင်းလဲကာ ခေတ္တသိမ်းဆည်းသည့် လမ်းခုလတ်မှတ်ဉာဏ်ဖြစ်သည်။ ရေတိုမှတ်ဉာဏ်တို့သည် ဝင်ရောက်လာသော အာရုံများကို သိမ်းဆည်းခြင်းမပြုသော်လည်း နောက်တစ်ဆင့်ဖြစ်သော ရေရှည် မှတ်ဉာဏ်တွင် နေရာချနိုင်ရန် လိုအပ်သည့်အခင်းအကျင်းကိုပြင်ဆင်ပြီး အလုပ်

လုပ်သော မှတ်ဉာဏ်နေရာသို့ ကူးပြောင်းရန် ရေတိုမှတ်ဉာဏ်က ဆောင်ရွက်သည်။ Hippocampus တွင်း ဝင်ရောက်လာသော သတင်းအာရုံအချက်အလက်များ အားလုံးကို စုစည်းပေါင်းဖွဲ့သည်။ ဤရေတိုမှတ်ဉာဏ် မပါဝင်ပါက အာရုံများအား ရေရှည်မှတ်ဉာဏ်တွင် မှတ်တမ်းတင်ရန်မဖြစ်နိုင်တော့။ လေ့လာမှုများမှ သိရသည်မှာ ဤရေတိုမှတ်ဉာဏ်၏ အလုပ်လုပ်နိုင်သောစွမ်းရည်သည် အိပ်ရေးဝခြင်းတွင် အထူးမူတည်နေကြောင်းပင်ဖြစ်သည်။ အိပ်နေသည့်အချိန်တွင် ရေတိုမှတ်ဉာဏ် အလုပ်လုပ်ရာ Hippocampus သည် ကောင်းစွာလုပ်ငန်းလုပ်သည် ဖြစ်၍ အိပ်စက်ခြင်းသည် မှတ်ဉာဏ်၏လုပ်ငန်းကို ပြီးပြည့်စုံစေသည်။ မအိပ်ပါက ရေတိုမှတ်ဉာဏ်သည် လုပ်ငန်းစ၍မတွင်ကျယ်သဖြင့် အိပ်ရေးမဝလေ မှတ်စရာများကို မမှတ်မိလေဖြစ်မည်။




နောက်တစ်မျိုး စိတ်ဝင်စားစရာမှတ်ဉာဏ်တစ်ခုမှာ အလုပ်လုပ်ရာ မှတ်ဉာဏ်ဖြစ်သည်။ အလုပ်လုပ်ရာ မှတ်ဉာဏ်သည်လည်း ရေတိုမှတ်ဉာဏ် တစ်ခုဖြစ်ပြီး ၎င်းမှတ်ဉာဏ်တွင် အုပ်စု (၃)မျိုးခွဲ၍ အာရုံများအား နေရာချသည်။ ထိုနေရာချခြင်းကိစ္စကို ဗဟိုနာ့ဗ်အဖွဲ့ သားလမတ်စ်က ချုပ်ကိုင်ဆောင်ရွက်ပြီး အသံအာရုံများကို Phonological Store တွင် ချွှန်ဒင်းဒရိုက်ဖွဲ့စည်းပုံများ

အဖြစ်သာသိမ်းဆည်းသည်။ ထို Phonological Store တွင် Articulatory process ခေါ် ဝင်လာသောအကြားအာရုံများအား ထပ်ကာထပ်ကာ အသံတိတ်ရွတ်ဆိုပြီး ဖွဲ့စည်းပုံ ချုံ့ရှန်နှင့်ဒင်းဒရိုက်များကို ခိုင်မာသည်ထက် ခိုင်မာလာစေရန်ကို ရေတိုမှတ်ဉာဏ်က ဆောင်ရွက်ခြင်းဖြင့် မိမိတို့ မှတ်သားထားသော အသံအာရုံများအား ထိန်းသိမ်းထားသည်။ အလုပ်လုပ်ရာ မှတ်ဉာဏ်၏နောက်တစ်ကဏ္ဍမှာ Visuo-spatial Sketch pad ဟုခေါ်သော အမြင်အာရုံများ အကွာအဝေးနှိုင်းယှဉ်မှုနှင့် နေရာဒေသ၊ အနိမ့်အမြင့်စသည့် အာရုံများကို သိမ်းဆည်းသည့် နေရာဖြစ်သည်။ Visuo-spatial Sketch pad တွင်(၂)မျိုးစလုံးကို နေရာချ၍ သိမ်းသည့် အလုပ်လုပ်ရာ မှတ်ဉာဏ်၏ တတိယတစ်နေရာမှာ Episodic Memory Bufter ခေါ် ဖြစ်စဉ်အလိုက်အာရုံများ သိမ်းဆည်းရာ၌ အချိန်ကာလများ ပူးတွဲမှတ်တမ်းတင်ရာနေရာပင်ဖြစ်သည်။ သို့ဖြစ်၍ အလုပ်လုပ်ရာမှတ်ဉာဏ်တွင် Phonological Store ၊ Visuo-spatial Sketch pad နှင့် Episodic Memory ဟူ၍ (၃) ပိုင်းဖြစ်သည်ကို စိတ္တဗေဒပညာရှင် ဘက်ဒယ်လေက သက်သေထူခဲ့သည်။ ၎င်းကို Baddley & Hitch ပုံစံဟုခေါ်ကြသည်။ အလုပ်လုပ်ရာမှတ်ဉာဏ်သည် ကျွန်ုပ်တို့ ထံဝင်ရောက်လာသော အာရုံများကို သိမ်းဆည်းရုံမျှမကဘဲ နဂိုမှတ်သားထားပြီးသော သိမှုဖွဲ့စည်းပုံများကိုလည်းအလုပ်လုပ်ရာ မှတ်ဉာဏ်သို့ ဆွဲယူယှဉ်ထိုးစဉ်းစားခြင်းကိုပါ ဆောင်ရွက်သည်ဖြစ်၍ အလုပ်လုပ်ရာမှတ်ဉာဏ်သည် ကျွန်ုပ်တို့၏ စဉ်းစားခြင်း (Thinking) နှင့် စဉ်းစားချက် အတွေး (Thought) ဖြစ်ပေါ်ရာနေရာလည်းဖြစ်သည်။ ထိုမျှမကသေး။ ဤအလုပ်လုပ်ရာမှတ်ဉာဏ်တွင် ရှုမြင်သုံးသပ်ခြင်း ( Induction )၊ ဆင်ခြင်စဉ်းစားခြင်း (Deduction)၊ ဆုံးဖြတ်ခြင်း (Decision Making)၊ အမှားအမှန်ဝေဖန်ပိုင်းခြားတွေးတောခြင်း (Critical Thinking) နှင့် ကြောင်းကျိုးဆင်ခြင်စဉ်းစားခြင်း (Reasoning) ဟူသော ကိစ္စလုပ်ငန်းများကိုပါ ဆောင်ရွက်ရာနေရာလည်းဖြစ်သည်။ သို့ဖြစ်၍ Short-term Memory တွင် အလုပ်လုပ်ရာမှတ်ဉာဏ်ဖြစ်သော Working Memory သည် အရေးပါသောနေရာဌာနဖြစ်လာ၏။




နောက်ထပ်စိတ်ဝင်စားစရာ မှတ်ဉာဏ်မှာ ရေရှည်မှတ်ဉာဏ်ခေါ် (Long-term Memory)ပင်ဖြစ်သည်။ ၎င်းရေရှည်မှတ်ဉာဏ်တွင် Topographic Memory သည် ကျွန်ုပ်တို့သွားနေကြသော ခရီးများ၊ ဆက်စပ်ရှုခင်းများ၊ လားရာများ၊ ခရီးစဉ်များနှင့်ဆိုင်သော အတွေ့အကြုံမြင်ကွင်းများကို မှတ်သားသည်။ Long-term Memory ၏ Flashbulb Memory သည် မှတ်မှတ်ရရကိစ္စများအားလုံးကို ထာဝရသိမ်းဆည်းရာမှတ်ဉာဏ်ဖြစ်သည်။ ဥပမာ နာဂစ်မုန်တိုင်းဖြစ်စဉ်ကဲ့သို့ အတွေ့အကြုံများကို သိမ်းဆည်းသည်။ Anderson ဆိုသူ စိတ်ပညာရှင်က ၁၉၇၆ ခုနှစ်တွင် ရေရှည်မှတ်ဉာဏ်ကို နှစ်ပိုင်းခွဲခြားပြခဲ့သည်။ (၁) Declarative Memory ခေါ် Explicit Memory (၂) Procedural Memory ခေါ် Implicit Memory ဟူ၍ (၂)ပိုင်း ခွဲခြားလေ့လာခဲ့သည်။ Declarative Memory ဟူသည် ရေရှည်မှတ်ဉာဏ်တွင် သိမ်းဆည်းထားသော သိမှုများကို အာရုံစူးစိုက်မှု (သို့) ၎င်းသိမှုများကို စဉ်းစားတွေးတောလုပ်ကိုင်ရင်း သိသာစွာအာရုံစိုက်၍ ပြန်သတိရစေနိုင်သည့် သိမှုများကို စတင်သိမ်းဆည်းစဉ်ကတည်းက သိသာစွာ (သို့) အာရုံစိုက်၍ အာရုံများသုံး၍ (သို့) Conciously သိမ်းဆည်းထားခဲ့သည်။

၎င်း Declarative Memory ကို ကမ္ဘာ့မြို့ရွာများ၊ ပုံရိပ်များ၊ လမ်းများ၊ ယေဘုယျသတင်းအချက်အလက်များအားလုံး သိုမှီးသိမ်းဆည်းသော Semantic Memory အဖြစ်လည်းကောင်း၊ အဖြစ်အပျက်များ အတွေ့အကြုံများကို ၎င်းတို့၏အချိန်များ၊ ပါဝင်သောလူများ စသည်တို့အပြင် ခရီးသွားအတွေ့အကြုံ

များ၊ စသည့်အဖြစ်အပျက်အတွေ့အကြုံများကို မှတ်တမ်းပြုသည်။ Episodic Memory ဟူ၍လည်းကောင်း ခွဲခြားထားသည်။ Episodic Memory သည် ပုဂ္ဂလိက ကိစ္စများ သိုမှီးရာနေရာဖြစ်ပြီး Semantic Memory သည် ကြားရာမှသိခြင်း၊ စာအုပ်တွင်းရှိစာတ်ပုံများမှ သိခြင်းများ၊ ရုပ်ရှင်များမှ သိခြင်းများစသည့် ယေဘုယျ သိမှုများကို သိုမှီသိမ်းဆည်းသည်။ Episodic Memory ၏ ဌာနခွဲအဖြစ် Autobiographical Memory တွင် မိမိ၏ဘဝဇာတ်ကြောင်း၊ ငယ်ငယ်မှစ၍ ပစ္စုပ္ပန် ကာလအထိ ကြုံတွေ့သိရှိရသည့် ဘဝဇာတ်လမ်းကို မှတ်တမ်းပြုထားသည်။ Declarative Memory များတွင် Peripheral Perception ဟုခေါ်သော ပုံရိပ် နွယ်များကိုလည်း သိမ်းဆည်းသည်။ နောက်ရေရှည်မှတ်ဉာဏ်တစ်ခုမှာ Procedural Memory ဟုခေါ်သော လုပ်ရိုးလုပ်စဉ်လုပ်နေကြ ခေါက်ရိုးကျိုးနေသော လုပ်ငန်းအဆင့်ဆင့်ကို အသေးစိတ်မှတ်တမ်းတင်ထားသော Implicit Memory ဖြစ်သည်။ ၎င်းမှတ်ဉာဏ်တွင် သိမ်းဆည်းထားသော သိမှုများကို ပြန်လည် ဆွဲထုတ်ရာ၌ လူသည် အလိုအလျောက် သတိထားမိခြင်းမရှိဘဲ ဆွဲထုတ်သုံးစွဲလေ့ ရှိသည်။ Procedural Memory တွင် သိမ်းဆည်းထားသော လုပ်ငန်းသိမှု လုပ်ကိုင်ပုံအဆင့်ဆင့်ကို ပြန်ထုတ်သုံးရာ၌ ၎င်းမှတ်ဉာဏ်က လူ၏ခန္ဓာကိုယ်ရှိ လုပ်ငန်းနှင့်သက်ဆိုင်သော အစိတ်အပိုင်းအားလုံးကို ကာယကံရှင်ပင် သတိမထား မိဘဲ သူကစီမံ၍ လက်တွေ့လှုပ်ရှားမှုလုပ်ငန်းအသွင်ဖြစ်စေသည်။ ဥပမာ- ဖိနပ် ကြိုးချည်ခြင်း၊ ကျောင်းသွားခါနီး လွယ်အိတ်လွယ်၊ ဖိနပ်စီး၊ ကားပေါ်တက် လုပ်ငန်း များကို အခြားလုပ်ငန်းများလုပ်ကိုင်ရင်း တစ်ပြိုင်နက်လုပ်ကိုင်နိုင်သည်မှာ Procedural Memory ၏ ဂုဏ်သတ္တိဖြစ်သည်။ ၎င်းသည် လုပ်ပုံလုပ်နည်းများကို လှုပ်ရှားမှုအသွင်ဖြင့် သိမ်းဆည်းထားပြီး ပြန်ထုတ်ပေးသည့်အခါလည်း လှုပ်ရှားမှု အသွင်အတိုင်း၊ လှုပ်ရှားနေကျအတိုင်း ပြန်လည်ထုတ်ပေးနိုင်သည်။ ၎င်းသည် ရေရှည်မှတ်ဉာဏ်၏ အလုပ်လုပ်ပုံဖြစ်သည်။

ရေရှည်မှတ်ဉာဏ်များတွင် Retrospective Memory ဟု ခေါ်ဝေါ်သော ရေရှည်မှတ်ဉာဏ်တွင် ပြန်မှတ်မိရန်၊ ပြန်သုံးရန်လိုသော အတိတ်ကသိမှုများ (သို့) ဖြစ်ရပ်အတွေ့အကြုံများကို သိမ်းဆည်းသည်။ အနာဂတ်တွင် မှတ်မိရန်လိုသော သိမှုများကို Prospective Memory ဟုခေါ်သည်။ Retrospective မှတ်ဉာဏ် တွင်လည်း Semantic များ၊ Espsodic များပါ၊ Autobiographical မှတ်ဉာဏ် ပါရှိသည်။ Proactive တွင်မူ မှတ်မိရန်၊ မှတ်မိခြင်းသိမှုကိစ္စများကို သိမ်းဆည်း

သည်။ Proactive Memroy ကို Time-based Proactive Memory နှင့် Event-based Proactive Memory ဟူ၍ ထပ်မံအသေးစိတ်၍ရသည်။ ဥပမာ ဆရာဝန်ကို သွားတွေ့ရန် ညနေလေးနာရီဟု မှတ်ကြရာ၌ ဆရာဝန်ကိုတွေ့ရန်ကို Event တွင်မှတ်ပြီး ၄ နာရီကို Time တွင်နေရာခွဲ၍ မှတ်ထားသည်ဟုဆိုလိုသည်။

## မှတ်ဉာဏ်ချို့ယွင်းခြင်း (သို့) မေ့ခြင်း

မှတ်ဉာဏ်ချို့ယွင်းခြင်းသည် အခြေအနေ (၃)မျိုးပေါ်တွင် မူတည်သည်။ (၁) အလုပ်လုပ်သောမှတ်ဉာဏ်တွင် Encode လုပ်နေစဉ် Motivation မရှိ၍ Attention မထောက်ပံ့ပါကလည်းကောင်း (၂)Physiological Disorder ဟုခေါ်သော ခန္ဓာဗေဒဆိုင်ရာ ချို့ယွင်းချက်ကြောင့်သော်လည်းကောင်း၊ (၃) Pathalogical Cause ခေါ် ရောဂါဝေဒနာများကြောင့်သော်လည်းကောင်း မေ့လျော့ခြင်းများဖြစ်နိုင်သည်။ နောက်ထပ် လူသိများ လူဖြစ်များသော မေ့လျော့မှုများကို (၂)မျိုးတွေ့ရသည်။ (၁) Transience Failure ဟုခေါ်သော ကနဦးဆောလျင်စွာမေ့လျော့ခြင်းဖြစ်စဉ်သည် ၎င်းဝင်ရောက်လာသောအာရုံကို ဈူရွန်နှင့် ဒင်းဒရိုက်ဖွဲ့စည်းပုံများအဖြစ်သိမ်းဆည်းလိုက်သော် ၎င်းသိမ်းဆည်းပြီးမကြာမီမှာပင် ဈူရွန်နှင့်ဒင်းဒရိုက်တို့ဖွဲ့စည်းပုံ၏အင်အား ယုတ်လျော့မှုဖြင့် အချိန်နှင့်အမျှ ဆုတ်ယုတ်လာပြီး ခဏတဖြုတ်သောကာလအတွင်း ၎င်းသတင်းအချက်အလက် သိမှုအား ပြန်မထုတ်သုံးနိုင်လျှင် (သို့) ပြန်သတိမရခင်မှာပင် ထာဝရပျက်စီးသွားခြင်းဖြစ်သည်။ (၂) Absentmindedness ဆိုသည့် မှတ်ဉာဏ်ပြဿနာကား မှတ်ဉာဏ်တွင်း Encode လုပ်စဉ်၌ပင် Motivation မရှိ၍ Attention မထောက်ပံ့သောကြောင့် ဈူရွန်ဒင်းဒရိုက်ဖွဲ့စည်းပုံ ဖြစ်မလာခြင်းဖြစ်သည်။ ဖွဲ့စည်းပုံမရှိ၍ လုံးဝမမှတ်မိတော့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျောင်းသားများ၏ Motivation ကိုတက်လာစေရန် ဆရာများက သင်ကြားရေးစီမံချက်များတွင် ရေးဆွဲကြခြင်းဖြစ်သည်။ ဤစာကြောင်းရေးရန် ရှေ့တွင်ရေးခဲ့သည်များမရေးဘဲ နားလည်ကြရန် မလွယ်ကူ။ ဆရာမိဘများသိရှိရန် နောက်တစ်ခုမှာ Memory Enhancement Effect ဟုခေါ်သော မှတ်ဉာဏ်အားဖြည့်အကျိုးသက်ရောက်မှုဖြစ်သည်။ ၎င်းအကျိုးသက်ရောက်မှုမှာ လူတို့သည် အတွေ့အကြုံများကို ကြုံတွေ့ကြသောအခါ ထိုအတွေ့အကြုံ အဖြစ်အပျက်ကို ကြုံတွေ့ဖြတ်သန်းနေစဉ်ပင် ပျော်ရွှင်ပေါ့ပါးတက်ကြွသော စိတ်လှုပ်ရှားမှု Emotion ရှိနေပါက၊

(Emotional) ဖြစ်နေပါက ထိုအဖြစ်အပျက်ကို ပို၍မှတ်မိရန်လွယ်သည်ဟု ဆိုသည်။ ဆရာများက ထိုအကျိုး သက်ရောက်မှုကို လက်တွေ့အသုံးချကြရသည်။ MEE ကို လက်တွေ့သုံးလျှင် မှတ်သားရရှိမည်တို့သည် မိမိတို့အားကျန်းမာစွာ နေတတ်စေမည်၊ ချမ်းသာအောင် နေတတ်စေမည့် စိတ်လက္ခဏာ အရည်အသွေးတို့ ရရှိမည်ကို ကျွန်ုပ်တို့ ဆရာများက ကောင်းစွာနားလည်ထားသည်။ ထို့ကြောင့် ကျောင်းသားများအား စာမသင်မီ စိတ်ခံစားတက်ကြွပျော်ရွှင်စေရန် Breaking-The-Ice Procedure ကိုဆရာတို့က ဦးစွာ မိနစ်အနည်းငယ်အတွင်း ဆောင်ရွက်ကြရသည်။ မိဘများလည်း နားလည်ကြရန်လိုသည်။ ကလေးတို့အတွက် ဆုံးဖြတ်၍ လုပ်ကိုင်ကြရာတွင် မှန်ကန်သော ကူညီမှု၊ မှန်ကန်သောဆုံးဖြတ်မှုများ၊ မှန်ကန်သော ချစ်ခြင်းများ ဂရုစိုက်စောင့်ရှောက်ခြင်းများ ဖြစ်လာစေရန် လူတို့၏ ဦးနှောက် အလုပ်လုပ်ပုံကို လေ့လာကြရမည်။ ခေတ်ဟောင်းတုန်းက မလို။ ယနေ့ခေတ်တွင် လိုအပ်သည်။

## ပညာရေးတွင် Cortisol နှင့် Epinephrine ၏အရေးပါပုံ

Cortisol နှင့် Epinephrine ခေါ် ဓာတုဗေဒပစ္စည်းများသည် လူတို့ခန္ဓာကိုယ်မှ ထုတ်လုပ်နိုင်သော ပစ္စည်းများဖြစ်သည်။ ၎င်းတို့ (၂)ခုသည် ရေတိုတည်ရှိမှု (သို့) အနည်းငယ်သော ပမာဏသည် မှတ်ဉာဏ်တွင်နေရာချမှုကို ကောင်းစေသည်ကို တွေ့ရသည်။ သို့သော် Cortisol နှင့် Epinephrine တို့ ဦးနှောက်တွင်း ကြာရှည်စွာရှိနေကြလျှင် (သို့) ပမာဏများများ ထုတ်လုပ်လျှင် မှတ်ဉာဏ်တွင် နေရာချမှု Encoding မပီပြင်အောင် အနှောက်အယှက်ပေးသည်။ စိတ်လှုပ်ရှားနေချိန်၊ အထူးသဖြင့် ကြောက်လန့်နေချိန်မျိုးတွင် Cortisol နှင့် Epinephrine တို့ကို ထုတ်လုပ်သည်။ ခေတ္တခဏ (သို့) ပမာဏနည်းနည်းဆိုလျှင် အကျိုးသက်ရောက်မှုက တစ်မျိုးရမည်။ သို့သော် စိတ်ညစ်နေသောကလေး (သို့) ကျောင်းသား၊ စိတ်သောကရောက်နေသော ကျောင်းသား၏ ဦးနှောက်တွင် Stress Hormones များဖြစ်သော Cortisol နှင့် Epinephrine တို့ကို ရေရှည်ထုတ်လုပ်ပေးထားသည်ဟု သိရသည်။ စိတ်ဖိစီးမှုကြောင့် Cortisol နှင့် Epinephrine ရေရှည်ရှိနေခြင်းသည် ထိုကျောင်းသား၏မှတ်ဉာဏ် Encoding Process ကို ထိခိုက်စေ၍ စာသင်ခန်းတွင်း စိတ်ဖိစီးမှုလျော့ကျစေရန် ဆရာများက သင်ကြားမှုစီမံချက် (Lesson Plan) များတွင် အစွမ်းကုန် စီမံကြခြင်းဖြစ်ပါသည်။

## မှတ်ဉာဏ်တွင် မှတ်တမ်းတင်ခြင်း

Encoding ဆိုသည်မှာ ပြင်ပမှ ဝင်ရောက်လာသော အာရုံများကို Sensory Memory များမှ တစ်ဆင့် Short-term memory သို့ပေးပို့ပြီး ထိုမှတစ်ဆင့် Working Memory သို့ပေးပို့သည်။ ကျောင်းသားကိုယ်တိုင် အလုပ်လုပ်သောအခါ Working Memory တွင် ယခင် Long-term Memory တွင်ရှိပြီးသော သိမှုများဖြင့်ယှဉ်ထိုးကာ ရှုမြင်သုံးသပ်ခြင်း၊ ဆင်ခြင်စဉ်းစားခြင်း၊ အမှားအမှန် ခွဲခြားခြင်း၊ ဆုံးဖြတ်ခြင်းနှင့် အကျိုးအကြောင်းဆင်ခြင်ခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် Long-term Memory တွင် ပြန်လည်၍ နေရာချခြင်း ဖြစ်စဉ်ကိုခေါ်သည်။ Encoding လုပ်ရာတွင် Motivation မဖြစ်ပေါ်၍ Attention မရှိပါက Working Memory မှ Long-term Memory သို့ ကူးပြောင်းခြင်း ဟူသော Encoding သည် မပီပြင်ခြင်း (သို့) လုံးဝ မလုပ်လိုက်ခြင်းတို့ကြောင့် ကြုံတွေ့သည်များကို ကောင်းကောင်းမမှတ်မိခြင်း (သို့) လုံးဝသတိမရ တော့ခြင်းတို့ ဖြစ်ခြင်းဖြစ်သည်။ ဤသဘောတရားကို အသုံးပြု၍ ဆရာများက ကျောင်းသားများ အား သင်ကြားမှုစီမံချက်တွင် ရှေးဦးစွာ စိတ်တက်ကြွစေရန် စီမံကြခြင်းဖြစ်ပြီး ထိုသို့တက်ကြွခြင်းမှရရှိလာမည့် အာရုံစိုက်မှု (Attention) ကို အရဖော်ထုတ်ကြကာ ကျောင်းသားတို့ကိုယ်တွေ့လုပ်ကိုင်ကြရာမှ သိရှိလာမှုများကို ဦးနှောက်တွင် ကောင်းစွာနေရာချ (Encode) လုပ်၍ ကျက်မှတ်စရာ မလိုတော့ဘဲ ( Repetition & Rehearsal ) မလိုအပ်တော့ဘဲ လွယ်လွယ် ကူကူ မှတ်မိလာစေနိုင်ရေးအတွက် အထောက်အပံ့ပြုကြသည်။

## မမေ့လျော့အောင်လုပ်နည်းများ

ကျောင်း၏လုပ်ငန်းစဉ်တွင်ပါဝင်သော ကာယလေ့ကျင့်ခန်းများကို အပတ်စဉ် နှစ်ခါသုံးခါ လှုပ်ရှားစေခြင်းဖြင့် ဦးနှောက်တွင်း အောက်စီဂျင်ရရှိမှုကို မြှင့် တင်ပေးပြီး ဦးနှောက်တွင် ချူရိုထရန်စမစ်တာများ၏ ပမာဏအဆင့် များပြားလာ စေရန်ကိုလည်း အထောက်အပံ့ပေးသည်။ ထို့အပြင် ချူရွန်ဒင်းဒရိုက်ဖွံ့စည်းရာတွင် လိုအပ်သောအာဟာရများကိုလည်း အားကစားလှုပ်ရှားမှုများ လုပ်ဆောင်ရာမှ ဦးနှောက်က ပိုမိုရရှိလာစေရန် ကျောင်း၏ကာယလှုပ်ရှားမှု ဆောင်ရွက်ရခြင်း၏ အကြောင်းတရားတစ်ခုဖြစ်သည်။ မှတ်ဉာဏ်လုပ်ငန်းကောင်းမွန်စေရန်ဖြစ်သည်။ မှတ်ဉာဏ်လုပ်ငန်းတွင် အဓိကကျသောထောက်ပံ့မှုသည် မှန်မှန်အိပ်စက်ခြင်း

ဖြစ်သည်။ အစာအာဟာရ ကောင်းမွန်ပြည့်စုံရန်လည်း လိုအပ်သည်။ စိတ်ဖိစီးမှု လျော့ရန်လည်းလိုသည်။ စာများများဖတ်ခြင်း စဉ်းစားခြင်းတို့သည်လည်း မှတ်ဉာဏ်ကို ပို၍ပို၍ ကောင်းစေသည်။ ကျောင်းသားများသိရန်လိုသည်။

ဦးနှောက်မှတ်ဉာဏ်တွင် သိမ်းဆည်းရာ၌ သိမ်းဆည်းလွယ်ကူရန် နည်းလမ်းများကို ဆရာများက လေ့လာကြရ၏။ (၁) Organizing စနစ်တကျ ပြင်ဆင်၍ ခွဲခြားလေ့လာခြင်းသည် မှတ်မိစေရန် အထောက်အပံ့ပြုသည်။ (၂) ဆရာတို့က ကျောင်းသား မှတ်မိစေလိုသော အကြောင်းအရာကိုပြောလျှင် မထင်မရှား (သို့) ပုံမှန်ပြောနေရေးနေလျှင် မှတ်ဉာဏ်၌ မထင်ရှားနိုင်။ သို့ဖြစ်၍ မှတ်စေလိုသောအရာကို ထူးခြားမှုတစ်ခုခုဖြင့် မြင်သာမှုတစ်ခုခုဖြင့် ပူးတွဲ၍ပေးလျှင် ကျောင်းသားတို့သည် မှတ်မိသည်။ ဤသည်ကို Distinctiveness ဟုခေါ်သည်။ (၃) ပြန်မှတ်မိလွယ်စေရန် ဖတ်သော၊ ပြန်စဉ်းစားသောအခါ ဝါယမ(effort) စိုက်ရမည်။ (၄) Elaboration မှတ်မိစေလိုသောအရာကို တန်ဆာဆင်ရန်လိုသည်။ တန်ဆာဆင်ထားသော စကားများ (သို့) သိမှုများကို ပိုမိုမှတ်မိလွယ်သည်တို့ ဖြစ်သည်။ ဆရာတို့ သင်ကြားရေးစီမံချက်ရေးဆွဲရာတွင်လည်းကောင်း၊ အိမ်စာများ ပေးရာတွင် လည်းကောင်း ဤအချက်များပေါ်တွင် စီမံရေးဆွဲကြမှ ကျောင်းသားတို့ အတွက် အကျိုးရှိမည်။

## မေ့လျော့စေသော Zeigarnik Effect

လူတို့သည် လုပ်ငန်းများဆောင်ရွက်ကြရာတွင် ပြီးဆုံးသွားပြီးသော လုပ်ငန်းများကို (သို့) သိမှုများကို (သို့) အတွေ့အကြုံများကို ပြန်မစဉ်းစားတော့သောကြောင့် Repetition (သို့) Rehearsal မဖြစ်တော့၊ မရှိတော့၍ ဆိုင်ရာ နျူရွန်နှင့်ဒင်းဒရိုက်ဖွဲ့စည်းပုံများ ကြွေကျပျက်စီးရတော့သည်။ ဤအကျိုးသက်ရောက်မှုကို Zeigarnik Effect (ZE) ဟုခေါ်သည်။ ZE သည် ထင်ရှားသော ဂုဏ်သတ္တိ ရှိသောကြောင့် ဆရာတို့က သင်ကြားရေးတွင် သတိထားဆင်ခြင်၍ ZE မရအောင် (သို့) ပြောင်းပြန် ZE ရရှိရန် ဆောင်ရွက်ကြသည်။ ဥပမာ ကျောင်းသားများသည် စနစ်ဟောင်းတွင် စာကျက် (သို့) အလွတ်ကျက်သည်မှာ စာမေးပွဲအတွက်သာ ဖြစ်သည်။ ပညာရေးစနစ်ကလည်း စာမေးပွဲဦးတည်သော လေ့ကျင့်ကျက်မှတ်မှုကို ဦးစားပေးသလိုဖြစ်နေသည်ဖြစ်၍ ကျောင်းသား အများစုကလည်း ၄င်းတို့ ကျောင်းတက်စဉ် လုပ်ရသောလုပ်ငန်း၊ ကျက်မှတ်ရသော

မှတ်စရာများကို စာမေးပွဲပြီးသည်နှင့် ပြီးသွားပြီ၊ မလိုတော့ဟု တွေးကြသည့်အခါ ဦးနှောက်က သူ့အလုပ်သူလုပ်၍ ပေးမသုံးတော့သောကြောင့် ZE ဝင်ရောက်လာပြီး စာမေးပွဲ ပြီးသည်နှင့် မကြာခင်မေ့ကုန်ကြတော့ခြင်းဖြစ်သည်။ ဦးနှောက်၏ ZE ကြောင့် ဖြစ်သည်။ ဘွဲ့ရများကျောင်းပြီးလျှင် မေ့ကုန်ခြင်းသည် ZE ဝင်၍ဖြစ်သည်။ ထို့ကြောင့် ဘွဲ့များသည် မိမိလေ့လာခဲ့သည်များ (အလွတ်ကျက်ခဲ့သည်များ)ကို (၉၀)ရာခိုင်နှုန်းခန့် မေ့ကုန်၍ လုပ်ငန်းခွင်ဝင်ကြသောအခါ ဘာမျှသတိမရတော့ခြင်းကြောင့် တိုင်းပြည်ကိုလည်းကောင်း၊ ၎င်းတို့၏ ပုဂ္ဂလိကဘဝကိုလည်းကောင်း ထိခိုက်တော့၏။ မိမိကိုယ်ကိုမိမိ ဘဝတစ်သက်တာလုံး လေ့လာရမည်ဟု သန္နိဋ္ဌာန်ချထားပါက ZE မဝင်နိုင်။ ဦးနှောက်က သူ့အလုပ်သူလုပ်လိမ့်မည်။ ထိုသို့ တွေးမိရန်ပြဋ္ဌာန်းသုံးစွဲသော ပညာရေးစနစ်သည် ဘဝတစ်သက်တာ လေ့လာလိုသောသူဖြစ်လာစေရန် ပံ့ပိုးသောစနစ်ဖြစ်ဖို့လိုသည်။ သို့မှသာ ZE မဝင်တော့ဘဲ အကြောင်းပြချက်များကို ဆက်လက်သတိရမည်။ ZE ဝင်ရောက်မှုမရှိစေရန် ဆရာများက Lesson Plan ရေးရာတွင် မိမိတို့သိထားသောအသိဖြင့် စနစ်တကျ စီမံရေးသားသင့်သည်။ ZE ကို တန်ပြန်သုံးစွဲခြင်းဖြင့် ကောင်းကျိုးချမ်းသာများ ရနိုင်သည်။ ဥပမာ အလုပ်လုပ်သောကျောင်းသားများအားလုံးကို အားလုံး အလုပ်လုပ်ကြ၍ ဆုပေးသည်။ ၎င်းဆုကို နှစ်စဉ်မပေးဘဲ တစ်ခါသာပေး၍ အပြီးဖြစ်သလို ပြုမူမိပါက ZE ဝင်ကာ ၎င်းတို့ဦးနှောက်က အလုပ်လုပ်ခြင်းကို တက်ကြွစေသည့် Motivation ကိုမပေးတော့။ သို့သော် ဆုကို နှစ်စဉ်မှန်မှန် ပေးရုံမျှမက နှစ်စဉ်တိုးတက်၍ ပေးလျှင် Reverse ZE ဝင်၍ ၎င်းတို့ဦးနှောက်က ထိုမပြီးသေးသော ပန်းချီကားကို ဆက်၍ဆွဲစေရန် သတိရစေခြင်းဖြင့် တွန်းအားပေး၍ RZE ကြောင့် ကျောင်းသားများပို၍ တက်ကြွလာသည်။ ဆရာတို့က နေရာတော်တော်များများတွင် RZE ကိုအသုံးပြုကြသည်။ ဤသည်မှာ အကျဉ်းချုံးရှင်းပြချက်ဖြစ်သည်။ ဆရာတို့၏ အတတ်ပညာသည် ရေး၍မကုန် ဆက်ပြော၍မကုန်နိုင်။ ဆေးဆရာ၏ဆေးပညာလို အင်ဂျင်နီယာ၏ပညာလို၊ ရှေ့နေ၏ပညာတို့လို၊ အခြားသောပညာများနည်းတူ နက်နဲသည်။ ဆရာကောင်း တစ်ယောက်ဖြစ်လာရန် မလွယ်ကူ။ ဉာဏ်ရည်မြင့်မှ ရသည်။ ဉာဏ်ရည်မမြင့်လျှင် ဆရာအတတ်ကိုမတတ်နိုင်။ ထို့ကြောင့် ဆရာလုပ်မည့်သူများ ဉာဏ်ရည်မြင့်ကြရန်လိုသည်။ ဆရာတို့ ဝီရိယရှိရမည်။ သေချာ စေ့စပ်ရမည်။ မြောက်မြားစွာ တို့သော ဆရာ၏အရည်အချင်းတို့ဖြင့်သာ တိုင်းပြည်ကို ရှေ့သို့ရောက်အောင် ရွှေ့နိုင်မည်။ လက်ရှိပညာရေးစနစ်၏ စစ်ဆေးပုံစနစ် ကမပြည့်စုံ၍ မည်သူ

ဉာဏ်ရှိ၍ မည်သူဉာဏ်နည်းသည်ကို မသိနိုင်။ သိနိုင်သည်မှာ မည်သူဘယ်လောက် အလွတ်ကျက်ထားသည်၊ မည်မျှပြန်သတိရသနည်းကိုသာ စစ်ဆေးသော စာမေးပွဲစနစ်ဖြစ်၍ ကျောင်းသားများ တက္ကသိုလ်ကျောင်းတက်ရန် အချိန်ရောက်သောအခါ ကောင်းစွာပုံဖော်၍မပေါ်။ အမှတ်များသူများကိုလည်း ဉာဏ်ရည်မြင့်သည်ဟု တပ်အပ်မပြောနိုင်။ အလွတ်ကျက်နိုင်ကြသည်ဟူ၍ကား ပြော၍ရသည်။ သို့ဖြစ်၍ အခြေခံပညာအထက်တန်းကျောင်း အထက်တန်းစာမေးပွဲ စစ်ပုံကိုပြုပြင်ရန်လိုသည်။ တက္ကသိုလ် စာမေးပွဲ ဖြေဆိုသူ (၃)သိန်းခန့်ရှိပြီး (၃) သောင်းခန့်သာ အောင်ကြလျှင် ကျန် (၂) သိန်း (၇)သောင်းက ဘာလုပ်ကြမည်နည်း။ ပြန်ဖြေ။ အောင်ရင်တော့ပြီးပြီ။ မအောင်လျှင် တက္ကသိုလ်ဝင်တန်း နှစ်ကျအဖြစ် အလုပ်ကမ္ဘာသို့ရောက်တော့သည်။ အဆင့်မြင့်တက္ကသိုလ်ပညာကို ဆက်လက် ဆည်းပူးခွင့် မရဖြစ်ပေပြီ။ ယခင် ရှင်းပြပြီးဖြစ်သည့်အတိုင်း လူတိုင်းလူတိုင်း စဉ်းစားနိုင်သော လေ့ကျင့်ခန်းများဖြင့် မူကြို့မှစ၍ လေ့ကျင့်ပေးပါက တက္ကသိုလ် ဝင်တန်းရောက်လျှင် အနည်းနှင့်အများ အတော်အတန် စဉ်းစားပြီးဖြစ်၍ ၎င်းတို့၏ တက္ကသိုလ်ဝင်လျှောက်ထားရာတွင် ဘယ်အဓိကယူယူ သင့်တင့်လျောက်ပတ်သည်ကို တွေ့ရမည်။

## အိမ်စာ၏ရည်ရွယ်ချက်

နောက်တစ်ချက်မှာ ကျောင်းသားက အိမ်စာများကိုလုပ်ဆောင်ရာ၌ ၎င်းတို့ကိုယ်တိုင် ကြိုးစား၍လုပ်ဆောင်ရန်သာ အဓိကဖြစ်ပြီး အိမ်စာလုပ်သင့်သော အချိန်တွင် ပြဿနာများကို၊ အိမ်စာများကိုပြီးအောင် ဆောင်ရွက်ခြင်းမရှိတာကလည်း ပြဿနာကြီးမဟုတ်ကြောင်း ဆရာရောမိဘပါ ကြိုတင်အသိပေးထားရန်လိုသည်။ အိမ်စာသည် မပြီးမချင်းလုပ်ရန်မဟုတ်ပါ။ သတ်မှတ်ပေးလိုက်သော အချိန်အတွင်း အိမ်တွင် ထိုအလုပ်ကိုအကြောင်းပြုလုပ်ကိုင်ရင်း အိမ်တွင် အလုပ်လုပ်သည့်အကျင့် ကိုသာ တည်ဆောက်ခြင်းဖြစ်၍ လိုရင်းရောက်ရန်လိုသည်။ သို့သော် သတ်မှတ်ချိန် အတွင်းပြီးအောင် ဆရာက ကျောင်းသား၏ အရွယ်နှင့် ၎င်းအိမ်တွင်ရရှိနိုင်မည့်အချိန် တို့အပါအဝင် အချက်အလက်များစွာကို ထည့်သွင်းစဉ်းစားပြီး အိမ်စာကို ပြီးမြောက် အောင်လုပ်နိုင်စေနိုင်သည်ကို သတိပြုရန်လိုသည်။ သို့ဖြစ်၍ အိမ်စာတို့အား ဆောင်ရွက်ကြရာတွင် သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင် ဆရာတို့ကလည်း

စီစဉ်ပံ့ပိုးသလို ကျောင်းသားကလည်း ဤအလုပ်သည် သတ်မှတ်ချိန်အတွင်း ပြီးအောင်လုပ်၍ရသော အလုပ်ဖြစ်ကြောင်းကို သိရှိပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်လုပ်ဆောင်နိုင်လျှင် အပိုဆောင်းကောင်းကျိုးများ ရရှိမည်ဖြစ်သည်။ မိဘတို့ကလည်း မိမိ၏သားသမီးအိမ်စာလုပ်ပုံကို အကဲဖြတ်လေ့လာပြီး လိုအပ်နေသေးသောအလုပ်လုပ်ခြင်းဆိုင်ရာ အရည်အသွေးများကို ထပ်မံလေ့ကျင့်တည်ဆောက်နိုင်ရေးအတွက် ဆရာတို့ကို ပြန်လည်သတင်းမျှဝေခြင်းဖြင့် ဆရာတို့က ထပ်မံလိုအပ်သည့်လေ့ကျင့်မှုများကိုပံ့ပိုး စီမံပေးလျှင် အထက်တန်းကျောင်းသားဘဝ၌ပင် အတော်အတန် ကောင်းမွန်တောင့်တင်းခိုင်မာသော စာဖတ်ကျင့် (သို့) စဉ်းစားခြင်း (သို့) မိမိကိုယ်ကို အားထားစိတ် (သို့) အိမ်တွင် အလုပ်လုပ်သည့်အကျင့် စသည့် ကောင်းကျိုးချမ်းသာများဖြစ်သည့် ကောင်းမွန်သော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ လက္ခဏာများဖြစ်တည်လာမည်ဖြစ်သည်။

## အိမ်စာလုပ်ရာတွင် မိဘအုပ်ထိန်းသူများ ရှောင်ရှားရန် အချက်များ

မိဘများ၊ အုပ်ထိန်းသူများ အထူးရှောင်ရှားရမည့် ရှောင်ရှားသင့်သည့်အချက်မှာ ကျောင်းသားအိမ်စာလုပ်ရာတွင် ကူညီရန် ကျူရှင်ဆရာ (သို့) ဂိုက် (သို့) ဘေးတွင် ထိုင်နေမည့် တစ်ဦးဦးမနေရန်ပင်ဖြစ်၏။ အိမ်သားများက (သို့) တစ်ဦးဦးက မသိမသာ တစေ့တစောင်း အခြားအလုပ်များလုပ်နေရင်း စောင့်ရှောက်ပေးနေခြင်းသည်သာ အကောင်းဆုံးကူညီခြင်းဖြစ်သည်။

ဆရာတို့က ကျောင်းသားများကို အိမ်စာ (သို့) ကျောင်းစာများပေးခြင်းသည် ကျောင်းသားတို့အရွယ်နှင့် လိုက်လျောညီထွေမှုရှိသော ပြဿနာများကို ကျောင်းသားများကိုယ်တိုင်ဖြေရှင်းနိုင်ကြစေရန် အဆင့်သင့်ရှာဖွေပေးခြင်းသာဖြစ်၍ ထိုပြဿနာများကို ကျောင်းသားများကိုယ်တိုင်ရှင်းရန်လို၏။ ထိုသို့ ၄င်းတို့ကိုယ်တိုင် ရှင်းကြရာတွင် စဉ်းစားနေဆဲ ကာလများ၌ ပြဿနာများကို ချက်ချင်း တစ်ရက်တည်း ပြီးဆုံးအောင်မြင်အောင် ရှင်းလင်းနိုင်ချင်မှ ရှင်းလင်းနိုင်ကြလိမ့်မည်ကို ဆရာနှင့် မိဘများသိထားရန်လိုသည်။ သို့ဖြစ်၍ ကျောင်းသားအိမ်စာလုပ်နေစဉ် ကျောင်းသားအား အိမ်သားတစ်ဦးဦးက ရံဖန်ရံခါ အားပေးရုံမှလွဲ၍ အခြားမည်သည့် အကူမှမလိုအပ်ချေ။ သို့ဖြစ်၍ ကျောင်းသားသည် အခက်အခဲကြုံတွေ့သည်ကို ဒိဋ္ဌမမ္ဘ ကြုံတွေ့ရလိမ့်မည်။ ဆက်လက်စဉ်းစားရန်သာ

အားပေးရန်ဖြစ်သည်။ အိမ်စာများမပြီး၍ အမှတ်လျော့မည်ကို တွေးပူပြီး ဘာမျှလုပ်ရန်မလိုပါ။ လုပ်သည်နှင့် ကူရာမရောက် နှစ်ရာရောက်တော့မည်ကို သတိချပ်ပါ။ ဤကဲ့သို့နှစ်ခဲ့ကြပြီးပြီ။ ကလေးတော်တော်များများလည်း နစ်ကုန်ပြီးဖြစ်၏။ သတိပြုရန်လိုသည်။ ဤသို့လက်တွေ့ ကြုံခဲ့လျှင် အောင့်အည်းပြီး ကျောင်းသားအား ဆက်လက်ကြိုးစားစဉ်းစားရန် အားပေးပါ။ မကြာမီအဖြေစဉ်းစား ရသွားမည့်အကြောင်းသာ ပြော၍အားပေးပါ။ ၄င်းလုပ်လျှင် ရကိုရရမည့်အကြောင်း အားပေးပါ။ မိဘအားပေးမှုကို ဤကဲ့သို့ရရုံဖြင့် ၄င်းကျောင်းသားအတွက် စဉ်းစားမှုလုပ်ငန်း အောင်မြင်မှုမြန်ဆန်လာမည်။ ကျောင်းသားတို့သည် မိမိတို့ လေ့ကျင့်ရာတွင် အကြောင်းပြုချက်ပါ ပြဿနာများကိုမှတည်ထား၍ စဉ်းစား ဖြေရှင်းရင်း လေ့ကျင့်ကြရသည်ဖြစ်ရာ အခက်အခဲကြုံတွေ့မည်ပင်ဖြစ်သည်။ ဤနေရာသည် အရေးအကြီးဆုံးနေရာဖြစ်သည်။ အခက်အခဲကြုံပြီဆိုလျှင် မည်သို့ရှေ့ဆက်မည်နည်းဟု မိဘဆရာများက ပြောကြတော့မည်။ ကျောင်းသား အခက်အခဲကြုံပြီဆိုသည်နှင့် ထိုကျောင်းသားသည် ထိုအကြောင်းအရာများ နှင့်ပတ်သက်သည့် ထပ်မံသိရန်များကို စာအုပ်များ၊ အင်တာနက်များသုံး၍ ရှာဖွေဖတ်ရန်သည် ပထမလုပ်ငန်းဖြစ်ပြီး ဒုတိယလုပ်ငန်းမှာ မိမိ၏အသိဉာဏ် ကိုသုံး၍ စဉ်းစားခြင်းသာဖြစ်သည်။ စဉ်းစားပြီးရင်းစဉ်းစားရန်မှာ ကျောင်းသား တို့၏အလုပ်ဖြစ်လာ၏။ ဒီနည်းနှင့်စဉ်းစားမရလျှင် ဟိုနည်းနှင့်စဉ်းစား၊ ထိုင်၍စဉ်းစား၊ လှဲ၍ စဉ်းစား၊ စားရင်းစဉ်းစား၊ သောက်ရင်း စဉ်းစား၊ သွားရင်း စဉ်းစား၊ လာရင်းစဉ်းစား၊ တတ်နိုင်သရွေ့ တစ်ပါးသူအား မေးခြင်းကို အနည်းဆုံး ဖြစ်အောင်လျှော့ပြီး မိမိကိုယ်တိုင်စဉ်းစားရန်ကို ရာနှုန်းပြည့်နီးပါး ရရှိလာအောင် လေ့ကျင့်ပေးရန်ဖြစ်သည်။ စဉ်းစားသည့်တိုင်အောင် အဖြေရမည်ဟု အာမခံ ချက်မရှိသေး။ သို့သော် မိမိကိုယ်တိုင်စဉ်းစားထားသည်များ များသည်ထက် များလာလျှင် စာအုပ် (သို့) အင်တာနက်မှ ဖတ်သော် တစ်မုဟုတ်ချင်းနားလည်နိုင် မည်ကို အတွေ့အကြုံများက အာမခံလာလိမ့်မည်ဖြစ်သည်။ မိမိကိုယ်တိုင်လည်း ကိုယ်တွေ့ယုံကြည်လာမည်။ နည်းစနစ်အပေါ်တွင်လည်း ပို၍ယုံကြည်လာမည်။ ပျော်မွေ့လာမည်။ ကိုယ်ပိုင်အချိန်လည်း ပို၍ရရှိလာမည်။ ပို၍ စာဖတ်ကျင့်ရလာ မည်။ စာဖတ်ခြင်းတွင် ပျော်မွေ့လာမည်။ ပို၍ သိလာရသည်ကို နှစ်သက်လာမည်။ ပို၍သိချင်လာမည်။ အကောင်းသံသရာလည်လာမည်။ ဤဖြစ်စဉ်သို့ရောက်သော

အဆင့်သို့ရောက်ရှိအောင် ကျောင်းသားကလည်း နားမလည်မချင်း ကြိုးစားလေ့ကျင့်ရန်ဖြစ်ပြီး မိဘဆရာများကလည်း ကျောင်းသားအား ဤအဆင့်သို့ရောက်ရှိလာစေရေးအတွက် စိတ်ရှည်သည်းခံ၍ ထောက်ပံ့အားပေးရမည်ကို သတိချပ်ရမည်။ အကယ်၍ ကျောင်းသားက ကြိုးစားနေစဉ်ကာလအတွင်း (သို့) နားမလည်သေးမှုများနှင့် နပန်းလုံးနေချိန်တွင် တိုက်ဆိုင်၍ဖြေဆိုရသော စာမေးပွဲများတွင် အမှတ်နည်းမည်ကို စိုးရိမ်ကြ၍ ဆရာမိဘတို့က ပြောပြလိုက်သောကြောင့် ကျောင်းသားနားလည်သွားရလျှင် ရေတိုအားဖြင့် ဆရာမိဘတို့ စိတ်နှလုံးအေးချမ်းသွားစရာရှိသော်လည်း ကျောင်းသား၏ လက်ရှိ၊ ဒက်ထိ၊ ပကတိစွမ်းရည်မှာ ၎င်းသည် ၎င်းကိုယ်တိုင်နားလည်အောင်ဖတ်၍ တတ်သိလာသည်များကိုအခြေခံ၍ စဉ်းစားနိုင်သောသူတစ်ဦး ဖြစ်မလာသေးကြောင်းကို မိဘဆရာတို့ နားလည်ရန်လိုအပ်သည်။ ထို့ကြောင့် မိဘဆရာတို့၏ သွန်သင်ပြသရှင်းလင်းမှုကြောင့် နားလည်လာခြင်းသည် ကျောင်းသား၏ ကိုယ်ပိုင်စွမ်းရည်မဟုတ်။ သာမန်အားဖြင့် မိဘဆရာတို့က ရှင်းလင်းပြသ၍ နားလည်သွားလျှင်ပင် မိဘဆရာတို့က ထိုကျောင်းသားအား ကျေးဇူးတင်ချီးမွမ်းနေကြပြီဖြစ်သည်။ ကျောင်းသားက မိဘဆရာတို့ သင်ပြရှင်းလင်းသည်ကို မည်မျှနားထောင်သည်ဖြစ်စေ ထိုနားထောင်ခြင်းမှ မည်မျှသိရှိနားလည်သည်ဖြစ်စေ ထိုသို့သိရှိနားလည်လာခြင်းသည် ကျောင်းသား၏စိတ်လက္ခဏာ အပြောင်းအလဲမဟုတ်၊ စွမ်းရည်တိုးတက်လာခြင်းမဟုတ်။ ထိုကျောင်းသားက ကိုယ်တိုင် ဖတ်၍၊ ဖတ်၍၊ ဖတ်၍ ဖတ်စရာများကိုလည်း ကိုယ်တိုင်ထပ်မံရှာဖွေ၍ ဖတ်၍သိသည်များအပေါ်လည်း ထပ်မံစဉ်းစားရသေးသည်ကို မမေ့အပ်။ ထိုသို့ထပ်စဉ်းစား၍ ပြီးမှနားလည်လာသော၊ သိလာသော (သို့) မိမိကိုယ်တိုင် စဉ်းစားရာမှ နားလည်ခြင်းသည်သာ ကျောင်းသား၏ အနာဂတ်ဘဝတွင်တွေ့ရှိရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို မိဘဆရာတို့မပါဘဲ ကျော်ဖြတ်အောင်မြင်စေရန် ဆောင်ရွက်ရာတွင် လွန်စွာအသုံးတည့်မည့် စိတ်စွမ်းရည်၊ ရုပ်စွမ်းရည် လက္ခဏာဖြစ်သည်။ ထိုမိဘဆရာတို့ နားလည်အပ်သည်။ ဤနေရာ၌ ကျောင်းသားသည် မိဘဆရာတို့ပြောသည်များကို လုံးဝ (လုံးဝ) နားမထောင်ကြဟု မဆိုလို။ ဆရာမိဘတို့ထံမှ လိုသရွေ့၊ လိုသလောက်သာ နားထောင်ရန်နှင့် ဆရာမိဘတို့ထံမှ လုပ်ငန်းလမ်းညွှန်ကိုသာ ခံယူရန်သာဖြစ်သည်။ ထိုလုပ်ငန်းပြဿနာကို နားလည်သွားအောင်လုပ်ရမည့်အပိုင်းကို ကျောင်းသားအတွက် ချန်ထားပေးရန်

ဖြစ်သည်။ ဆရာမိဘတို့က ဆန္ဒစော၍ စိုးရိမ်မှုဖြင့် ၄င်းတို့ပေးသည့် ပြဿနာကို ၄င်းတို့ကပြန်၍၊ ထပ်၍ အဖြေထုတ်ပေးခြင်း (သို့) ပြဿနာကို မည်သို့ရှင်းပါဟု နည်းပေးလမ်းပြလုပ်လျှင် ကျောင်းသား၏ လေ့ကျင့်စဉ်ဖြစ်ရမည့် ပြဿနာကို ကိုယ်တိုင်ရှင်းလင်းရာမှ တွေးခေါ် ဆင်ခြင်သုံးသပ်ချက် မှားမှန်ခွဲခြား၊ ကျိုးကြောင်း ဆင်ခြင်နိုင်ခြင်းဟူသော ကျောင်းသားတိုင်းနိုင်ငံသားတိုင်းတွင် တည်ဆောက်ရန် လိုအပ်သော စိတ်လက္ခဏာများကို မတည်ဆောက်နိုင်တော့ချေ။ကျောင်းသားသည် ဤမဟာအခွင့်အရေးကို လက်လွတ်ဆုံးရှုံးသွားပြီဖြစ်၍ ထပ်မံစဉ်းစားစရာ မလို တော့ဘဲ ဆရာမိဘတို့ ပြောပေးပြပေးသည့် နည်းများအတိုင်းသာ အေးအေး ဆေးဆေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်လိုက်ရန်သာရှိ၍ ဆရာမိဘတို့ မိမိတို့ကိုယ် တိုင် မိမိတို့မေးခွန်းပြန်ထုတ်ကြရန်မှာ ဆရာမိဘတို့က ထိုကျောင်းသား ယခုလို ငယ်ရွယ်စဉ်က ဆရာမိဘတို့ကပေးသော၊ ဖန်တီးပေးသော ပြဿနာများကို အခြေ ပြု၍ လေ့ကျင့်ရန်ကို ဆရာမိဘတို့က ၄င်းကျောင်းသားအား ချစ်လွန်း၍၊ စိုးရိမ် လွန်း၍ ၄င်းအလုပ်ကို ၄င်းကိုယ်တိုင်လုပ်ခွင့်မပေးဘဲ ဆရာမိဘတို့က ဝင်ရောက် ပြသ၊ သင်ပြ၊ ရှင်းပြ အကူအညီပေးခဲ့ပါက ယခုကျောင်းသားဘဝတွင် အမှတ်များ အားကောင်းလာနိုင်မည်ဖြစ်ပြီး ၄င်းကျောင်းသား၏ အနာဂတ်ဘဝတွင် ယခု ဆရာမိဘတို့အစား လောကကြီးမှ ပေးလာမည့် လောကဓံပြဿနာများကို ၄င်း ကျောင်းသား ကြီးပြင်းလာ၍ ၄င်းကိုယ်တိုင်ရှင်းလင်းရန် ကြုံတွေ့သောအခါ ဆရာမိဘများ ထိုအချိန်အထိ အသက်ရှင်လျက်ရှိပြီး ထိုကျောင်းသားကို ကူညီ ရှင်းပြဖြေရှင်းပေးနိုင်ကြမည်လောဟူ၍ဖြစ်သည်။ မိဘဆရာများ အသက်ရှည်ကြ သည့်တိုင်အောင် မတူညီတော့သော ခေတ်ကာလများ၏ မတူညီတော့သော လောကဓံပြဿနာများကို အသက်အရွယ်အိုမင်းရင့်ရော်လာမည့် ဆရာမိဘများ လက်လှမ်းမမီနိုင်တော့။ ထိုကျောင်းသားကြီးပြင်းလာ၍ သူကြုံတွေ့ရမည့် လောကဓံ ပြဿနာများကို သူကိုယ်တိုင် လေ့လာဖြေရှင်းရန်သာဖြစ်ပြီး ထိုသို့ခေတ်အဆက်ဆက် ပုံစံပြောင်းလာ ကြုံတွေ့လာရနိုင်သည့် လောကဓံပြဿနာများကို ဖြေရှင်းနိုင်ရန် အခြေခံစိတ်လက္ခဏာ စွမ်းအားများဖြစ်သည့် ရှုမြင်သုံး သပ်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အမှားအမှန်ခွဲခြားခြင်းနှင့် ကျိုးကြောင်းဆင်ခြင်ခြင်းတည်း ဟူသော အစွမ်းထက်သည့် စိတ်လက္ခဏာ၊ ရုပ်လက္ခဏာများကိုသာ ၄င်းကျောင်းသား ဘဝတွင် ၄င်းကိုယ်တိုင်ရှာဖွေဖတ်ရှု လေ့လာစဉ်းစားခြင်းများကို ကြုံတွေ့

လေ့ကျင့်ရာမှ ၎င်းကျောင်းသား၏ စိတ်စွမ်း ရည်တည်ဆောက်လာနိုင်အောင်သာ ကျောင်းသားအား အခွင့်အရေးပေး၍ လေ့ကျင့်စေရန်မှာ မိဘဆရာများ၏ တာဝန်ဖြစ်သည်။ ယခု ယနေ့ခေတ် မိဘ ဆရာ၊ ကျောင်းသားတို့၏ လက်တွေ့တွင် လုပ်ကိုင်နေကြပုံများနှင့် ယှဉ်ထိုးကြည့် ကြရန်ဖြစ်သည်။

ဤသို့ အိမ်စာအကြောင်းပြုစဉ်းစားခြင်းသည် ပညာရေးတွင် အရေးပါသော ကဏ္ဍဖြစ်သည်ကို မိဘဆရာများ မမေ့ရ။ ကျောင်းသား၏ အိမ်စာလုပ်ခြင်း လုပ်ငန်းကို ဆရာကအကဲဖြတ်ရာတွင် အိမ်စာစာအုပ်ကိုကြည့်၍ (သို့) ပေးလိုက်သော လုပ်ငန်းအပေါ် လုပ်ကိုင်ခဲ့သော လုပ်ချက်အဆင့်များကိုကြည့်၍ သုံးသပ်ချက်ဆွဲရသည်။ ၎င်းကျောင်းသားသည် အိမ်တွင်လုပ်ရန် အလုပ်ကိုလုပ်ရန်အကျင့်မည်မျှ ကောင်းမွန်စွာဖြစ်ထွန်းသည်ကို စဉ်ဆက်မပြတ်ခန့်မှန်းနေပြီး ကျောင်းသားအား စဉ်ဆက်မပြတ် သတင်းပြန်ပေးနေခြင်းဖြင့် ၎င်း၏ လေ့ကျင့်စဉ်၏ ရလဒ်ကောင်း၊ မကောင်းကို သိစေခြင်းဖြင့် ထပ်မံကြိုးစားလုပ်ဆောင်နိုင်ရန် ပံ့ပိုးပေး၊ ထောက်ပံ့ပေးနိုင်မည့် အစီအစဉ်များ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါကလည်း ဆရာမှဆောင်ရွက်ပြီး ထပ်မံပံ့ပိုးစီစဉ်ပေးရန်ဖြစ်ပြီး ကျောင်းသားမှလည်း ၎င်း၏အိမ်စာကို မည်သည့်အတွက်ကြောင့် လုပ်နေသည်ကို သိရှိရန်လိုအပ်သည်။ မိဘရော၊ ဆရာ ကျောင်းသားပါ မူလရည်ရွယ်ချက်များ သိနေပါက လုပ်မှားကိုင်မှား ရှိမည်မဟုတ်ပါ။ ဦးတည်ရာသို့မရောက်မချင်း လျှောက်ကြရန်သာ ရှိပါသည်။ အိမ်စာလုပ်ခြင်းသည် စာမေးပွဲတွင် အမှတ်ကောင်းအောင်လုပ်သည်မဟုတ်။ အနာဂတ်တွင် မိမိအိမ်ဆိုင်ရာ လုပ်ငန်းများ (သို့) အိမ်တွင်လုပ်ရမည့်လုပ်ငန်းများအတွက် အလုပ်လုပ်ကျင့်ရစေရေးအတွက် ကျင့်နေသောလေ့ကျင့်စဉ်ပင်ဖြစ်သည်။ အိမ်စာလုပ်သော အိမ်စာ ပြီးစီးခြင်းသည် ဒုတိယအရေးကြီးသာဖြစ်ပြီး အိမ်စာကို ကိုယ်တိုင်လုပ်နိုင်နေရန်သာ ပို၍အရေးကြီးသည်။ ဤကဲ့သို့ ပုံမှန်အိမ်စာကို လုပ်ကိုင်နိုင်ရသော ကျောင်းသား ဖြစ်လာပြီဆိုပါက ၎င်း၏ဘဝတွင် လိုအပ်မည့်အခြား အရည်အသွေးများစွာကို ဆက်လက်၍ လေ့ကျင့်ရနိုင်မည်ဖြစ်သည်။ ဘဝအတွက် လိုအပ်သော အရည်အသွေးများ တည်ဆောက်နေခြင်းသာဖြစ်သည်။ အမှတ်ကောင်းခြင်းများ၊ ဂုဏ်ထူးများ စသည့်ပကာသနမပါ ဘဝအတွက် ပြင်ဆင်လေ့ကျင့်စဉ်တစ်ခုပင် ဖြစ်သည်။

## အိမ်စာမလုပ်နိုင်၍ အမှတ်နည်းခြင်း ပြဿနာ၏ ကောင်းကျိုး


အိမ်စာလုပ်ဆောင်ခြင်း လုပ်ငန်းအပါအဝင် အခြားကျောင်းမှ ပေးအပ်သော လုပ်ငန်းများတွင် မိမိတို့၏ သားသမီးများ မလုပ်နိုင်ကြ၍ အမှတ်နည်းသည်ကို ထပ်မံကြိုးစားရန် ပြသသည့် ညွှန်ကြားချက်တစ်ခုအဖြစ်သာ ဘာသာပြန်ခြင်းမပြုဘဲ အမှတ်နည်းခြင်းကို ရှုံးနိမ့်ခြင်း (သို့) မအောင်မြင်ခြင်းဟူ၍ ဘာသာပြန်ဆိုကြရာမှ မှားတော့သည်။ မအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းနှင့်ဆက်စပ်နေသော အမှားများသည် အားလုံးအလွန်တန်ဖိုးရှိသည်။ မအောင်မြင်ခြင်းကို ကျောင်းသားတို့ ကြုံဖူးကြရန် ကျောင်းသို့ လာရောက်ခြင်းဖြစ်သည်မှာ ကျောင်းသို့အပ်နှံရခြင်း၏ အဓိကရည်ရွယ်ချက်များဟု သိရှိရန်လိုသည်။ ကျောင်းတွင် ကျောင်းသားများ ဆရာတို့က ရှာဖွေထားပေးသော အဆင်သင့်ပြဿနာများကို ကိုယ်တိုင်ရှင်းလင်းရင်း မှားကြမည်ကိုလည်း ဆရာများက မျှော်လင့်ထားပြီးဖြစ်သလို မှားအောင်လည်း စီစဉ်ထားပြီးဖြစ်သည်။ မှားဖူးသည်များ အားလုံးတန်ဖိုးရှိသည်ဆိုသည်မှာ မည်သို့လုပ်လျှင် မှားမည်ကိုသိပြီးဖြစ်သည်မှာ တန်ဖိုးဖြစ်သည်။ ဆုံးရှုံးခြင်း (သို့) မအောင်မြင်ခြင်းကိုလည်း ကြုံကြရမည်။ ဆုံကြရမည်။ ဆရာများက ကျောင်းသားများကို စဉ်းစားခြင်း (ဝါ) မအောင်မြင်ခြင်းများနှင့် တွေ့ဆုံပေးရန် တာဝန်ရှိသည်။ ဆရာများဖန်တီးထားသော လုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်သော ကျောင်းသားများသည် ဆုံးရှုံးမှုများ၊ မအောင်မြင်ခြင်းများကြုံတွေ့ကြရမည် ဖြစ်သည်။ ဤသည်တို့သည်ကား ကျောင်းများတွင် တက်ရောက်လေ့ကျင့်ရန် ရည်ရွယ်ချက်များဖြစ်သည်။ ကျောင်းသားတို့ဘဝတွင် ဆရာများစီစဉ်ထားသော လုပ်ငန်းပြဿနာများကို လုပ်ကိုင်ကြရင်း များများမှားဖို့လိုသည်။ များများဆုံးရှုံးမှုများနှင့် ကြုံကြလျှင် ထိုကျောင်းသားတို့အနာဂတ်တွင် အမှားနည်းလာမည်။ မိဘနှင့်ဆရာတို့က ကျောင်းသားတို့အား မှားခွင့်မပေးလျှင် (ကျောင်းတွင် မှားခွင့်မပေးလျှင်) ထိုကျောင်းသားများ၏ အတွေ့အကြုံတွင် တစ်ခါမျှ မမှားဘူး (သို့) အမှားနည်းလျှင် ကျောင်းသားတို့ကြီးပြင်းလာသော် အမှားများ ကြုံတွေ့ ဆုံးဖြတ်ရန် ပိုချေရှိသည်။ မှားပြီးသောသူများ ထပ်မမှားရန်များသည် ဉာဏ်ရည်လွန်စွာနိမ့်မှ မှားပြီးသားအမှား ထပ်မှားမည်။ လူတို့ဘဝတွင် မမှားကြခင် ကျောင်းသားများ၏ဘဝအတွက် လေ့ကျင့်စဉ်များဆောင်ရွက်ရင်း မှားကြရန်လိုသည်။ မှားဖူးကြရန်လိုသည်။ မှားဖူးခဲ့ခြင်းသည် အမှန်သို့ ဦးတည်ရန်ခရီး အစဖြစ်သည်။ သိပ်မမှားဖူးသောသူများ

အမှားဖြစ်မှာကို ကြောက်လာ၏။ အမှားဖြစ်မည်စိုး၍ ဘာမှထိုးထွင်း၍ မစဉ်းစားတော့၊ မလုပ်တော့။ အများကြီး တွေ့ဖူးခဲ့ကြမည်ဟု ယုံကြည်သည်။ မမှားဖူးတော့ မမှားချင်၊ မမှားချင်တော့ အများကြီးမလုပ်၊ လုံးဝမမှားနိုင်သော လုပ်ငန်း (သို့) သေချာသောလုပ်ငန်းများကိုသာ ရွေးချယ်လုပ်ကိုင်ကြရင်း ငွေတိုးချေးစားခြင်း စသည့် အမှားနည်းနိုင်သော၊ ပိုင်သော၊ သေချာသော လုပ်ငန်းများကိုသာ ရွေးချယ်ခဲ့ကြရာ တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် အင်အားမရ ဖြစ်ခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများကို ကျောင်းနေအရွယ်၌ လေ့ကျင့်စဉ်များကို အကြောင်းပြု၍ မှားခြင်းဖြင့် အမှတ်နည်းပါစေ။ ပြဿနာ မဟုတ်ပါ။ မမှားလျှင် ပြဿနာဖြစ်ပါသည်။ မအောင်မြင်မှု (သို့) ကျဆုံးခြင်းနှင့် တွေ့ရလျှင်လည်း နားလည်ပေးနိုင်ရန် လိုအပ်သည်။ ယခုကဲ့သို့ ရေးသားရာတွင် လူ့ဘဝပြဿနာများအားလုံးသည် များပြားမျိုးစုံလှ၍ စာဖတ်သူများ အနေဖြင့် မိမိတို့စိတ်တွင်ရှိသော အသီးသီးသော ကိုယ်တွေ့ အတွေ့အကြုံများနှင့် ထင်ဟပ်၍ ဖတ်လေ့ရှိရာ မှားခြင်းသည် ပြဿနာ မဟုတ်ဟု ဆိုခြင်းအပေါ် အငြင်းပွားနိုင်ဖွယ်ရာရှိသော်လည်း ကျောင်းပညာရေး လေ့ကျင့်စဉ်တွင် ကြုံတွေ့နေရသောကိစ္စများပေါ်တွင် အခြေခံ၍ ဆိုညွှန်း ရေးသားခြင်းဖြစ်သည်ကို သတိချပ်ရန်လိုသည်။ ဆုံးရှုံးမှု၊ မအောင်မြင်မှု၊ အမှားလုပ်မှုများကို အတိုင်းအတာထား၍ နားလည်မှုပေး ကြုံတွေ့စေခြင်းကို ဆိုလိုသည်။

## အတွေ့အကြုံအသစ်နှင့် အတွေ့အကြုံအဟောင်း ပူးတွဲအလုပ်လုပ်ပုံ (သို့) အမှားနှင့်အမှန် ပူးတွဲအလုပ်လုပ်ပုံ

ယခုဆက်လက်ရေးသားမည့် အကြောင်းအရာသည် လူတို့သည် အတွေ့အကြုံသစ်များကို ရရှိလာသောအခါ (သို့) အာရုံသိမှု အသစ်များကို ရရှိလာသော အခါ သိပြီးသောအာရုံ (သို့) အတွေ့အကြုံများနှင့် ပူးတွဲ၍ မည်သို့အလုပ်လုပ်သည်ကို ဖြစ်သည်။ ရေရှည်မှတ်ဉာဏ်တွင် သိမ်းဆည်းပြီးထားသောသိမှုများ အားလုံးကို သုံး၍ နောက်အသစ် ထပ်မံ၍ ဝင်ရောက်လာသော (သို့) ကြုံတွေ့လာသော အတွေ့အကြုံများအပေါ် ဆင်ခြင်စဉ်းစားခြင်း၊ ကြည့်မြင်သုံးသပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်းနှင့် အမှားအမှန်ခွဲခြားခြင်း စသည့်လုပ်ငန်းတို့ကို ဦးနှောက်မှ အလိုအလျောက် လုပ်သည်ဖြစ်ရာ အသစ်အသစ်သော အတွေ့အကြုံများ ဝင်လာ

တိုင်း အလားတူ အဟောင်းသိမှုများကို ရေရှည်မှတ်ဉာဏ်မှ အလုပ်လုပ်သော မှတ်ဉာဏ်သို့ ဆွဲယူ၍ အလုပ်လုပ်သော မှတ်ဉာဏ်တွင် ဖော်ပြပါ အလုပ်လေးမျိုး လုပ်ကိုင်သည်။ ဆောင်ရွက်သည်။ ထို့ကြောင့် ကျောင်းသားတို့၏ ရေရှည်မှတ်ဉာဏ် အတွင်း ကြိုတင်မှတ်တမ်းပြု သိမ်းဆည်းထားသော အတွေ့အကြုံတို့သည် လွန်စွာ အသုံးဝင်၏။ ထိုသို့ ကြိုတင်သိမ်းဆည်းထားသော သိမှုများတွင် မှားယွင်း လုပ်ဆောင်ခဲ့သော (သို့) အမှားများလုပ်ခဲ့သည့် အတွေ့အကြုံများ များများ ရှိလေလေ နောက်ထပ် အတွေ့အကြုံအသစ် ကြုံတွေ့ရသည်များရှိသည့်အခါ သိမ်းဆည်းထားသော (သို့) မှားပြီးထားသော အတွေ့အကြုံသိမှုဟောင်းများနှင့် ယှဉ်ထိုး၍ မှားနိုင်သည့် (သို့) မှားမည့် အတွေ့အကြုံသစ်ကို ဆင်ခြင်ရာတွင်လည်း ကောင်း၊ ကြည့်မြင်သုံးသပ်ရာတွင်လည်းကောင်း၊ အမှားအမှန် ဝေဖန်ပိုင်းခြားရာတွင် လည်းကောင်း၊ နောက်ဆုံး လုပ်၊ မလုပ် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း မှန်ကန်သောရွေးချယ်မှု ဖြစ်လာ စေရန် (သို့) မှန်ကန်သောအတွေးနှင့် မှန်ကန်သော ဆုံးဖြတ်ချက်တို့ဖြစ်လာစေရန် ရေရှည်မှတ်ဉာဏ်အတွင်း ယခင်ကတွေ့ကြုံဖူးသော အမှားများ (သို့) မှားခဲ့သော အတွေ့အကြုံများ၊ သိမှုများက ၄င်းတို့နှင့် အလုပ် လုပ်သောမှတ်ဉာဏ်တွင်ယှဉ်ထိုး၍ နှိုင်းဆနိုင်စေအောင် အထောက်အပံ့ပေးသဖြင့် ကျောင်းသားတို့သည် ၄င်းတို့ဘဝတွင် အမှားကြီးများ မမှားရလေအောင် (သို့) ဆုံးဖြတ်ချက်အမှားများ မချမိစေရန်၊ ကျောင်းသားဘဝတွင် ဆရာတို့ယူလာ၊ စီစဉ်လာသော ပြဿနာများကို အကြောင်းပြု၍ စဉ်းစားအလုပ်လုပ်ရာ၌ မည်သည့် မည်သူ့အကူအညီမှမယူပါဘဲ ရအောင်ဆောင်ရွက်ကြ လုပ်ကိုင်ကြလျှင် အမှား လေးများ မှားသင့်သလောက် မှားမည်ဖြစ်ပြီး ဤသို့ကျောင်းသားဘဝတွင် အမှားလေးများ၊ ကြိုတင်မှားကြ၊ ကြိုတင်တွေ့ရ၊ မှားခြင်းကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်၏ တုံ့ပြန်မှု အတွေ့အကြုံများ အပါအဝင် အမှား၏ အကျိုးဆက် ရလဒ်များကို ရေရှည်မှတ်ဉာဏ်တွင်ကြိုတင် နေရာချရန်မှာ ကျောင်းသား၏ အရေးကြီးသော လေ့ကျင့်စဉ်ဖြစ်သည်။ မိဘများ ကောင်းစွာသဘောပေါက် သဘောတူကြရန်လိုသည်။ ယနေ့ခေတ် အမှားမခံသော (သို့) ကလေးများအားပေး မမှားသော မိဘများ စဉ်းစားကြရန်ဖြစ်သည်။




C ရှိသော် (သို့) C ဝင်လာသော် A နှင့် B မရှိလျှင် အထူးသဖြင့် A မရှိလျှင် (သို့) A များများ မရှိလျှင် D သည် မှန်ကန်သော D ဖြစ်လာရန် မလွယ်ကူ။ သို့ဖြစ်၍ ကျောင်းသားတို့၏ ဦးနှောက်ရေရှည်မှတ်ဉာဏ်တွင် A နှင့် C များများရှိရန် လိုသည်။ ကျောင်းသားတွင် A နှင့် C များများရှိရန် ကျောင်းတွင်အလုပ်လုပ်ရင်း အမှားလေး များစွာရှိရန်လိုသည်။ မှားခိုင်းရန် မလို။ ဆရာကပေးသော ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းလိုက်သည်နှင့် မှားတော့မည်ဖြစ်သည်။ ထို့ကြောင့် ဤသို့ဖြစ်မဖြစ် ဆရာတို့က ပြန်လည်စစ်ဆေးကြရာဝယ် ဘယ်လောက်သိသလဲ ဆိုတာထက် ဘယ်လိုသိလာသလဲဆိုတာများကို စစ်ဆေးကြရသလို ဘယ်လောက် မှန်လဲဆိုတာထက် ဘယ်လောက်မှားလဲကို သိချင်၍ ကြည့်ရှုစစ်ဆေးကြရသည်ကို

နားလည်ရန်လိုသည်။ ဤသို့တွေးခေါ်မှု၊ စစ်ဆေးမှုသည် ခေတ်ဟောင်းပညာရေး စနစ်တွင် မဖြစ်နိုင်။ ဤသို့စစ်ဆေးသော အတွေးအခေါ်သည် ခေတ်သစ်ပညာရေး စနစ်၏ အတွေးအခေါ်ဖြစ်သည်။ ယနေ့အများစုသောမိဘများ မကြုံဖူး၊ မတွေ့ဖူး သေးသော များသောအတွေးအခေါ်ဖြစ်သည်။ ချက်ချင်းလက်ခံရန် ခက်ခဲမည်။ အပြောင်းအလဲဆိုသည်မှာ ဤသည်ပင်ဖြစ်သည်။ အပြောင်းအလဲကို လုပ်ရန် ခက်ခဲသည်။ ဤအယူအဆကိုလည်း လက်ခံရန်ခက်ခဲလိမ့်မည်။

## ရီပို့ကဒ်တွင် ဘာရေးမည်နည်း
## ကောင်းတာတွေလား၊ ဆိုးတာတွေလား

သို့ဖြစ်၍ မေးခွန်းများ ရှိလာနိုင်သည်။ သို့ဆိုလျှင် ကျောင်းသားများ မှားပြီးရင်း မှားနေကြအောင် ဆရာများက ရည်ရွယ် သလား။ ရီပို့ကဒ်များတွင် အမှားများသာ ဖော်ပြကြမည်လား။ သို့မဟုတ် ရီပို့ကဒ်တွင် လုပ်နိုင်သည်များ များလာလေလေ မကောင်းဘူးလား။ ဘယ်အရာကို အားပေးရမှာလဲ စသည့် ပုံမှန်မေးခွန်းများ ရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲ။ အပြောင်းအလဲကို သူတို့မလုပ်ချင်။ အပြောင်းအလဲဆိုသည်မှာ အသစ်သိရခြင်းဖြစ်၍ အပြောင်းအလဲ (သို့) အသစ်သိရခြင်းများကို လူတို့မကြိုက်၊ ၄င်းတို့ သိရခြင်း မှတ်ရခြင်းလုပ်ရလျှင် ၄င်းတို့စိတ်တို့ တည်ငြိမ်မှုပျက်ပြားသည်။ သို့ဖြစ်၍ စိတ်၏တည်ငြိမ်မှုကို ပြန်လည်ရရှိစေရန် ထိုသိမှုအသစ်ကို မသိလို၊ လက်မခံလို ဖြစ်မည်မှာ ပုံမှန်ဖြစ်ရပ် ဖြစ်သည်။ နည်းနှစ်မျိုးရှိသည်။ (၁) သိမှုကို ဆန့်ကျင်ခြင်း ၊ (၂) သိအောင် ပင်ပန်းခံအားစိုက်ခြင်းတို့ဖြစ်သည်။ သို့ဖြစ်၍ အလွယ်ကူဆုံးသည် (၁)ဖြစ်၍ (၁) ကိုပထမဦးဆုံးလုပ်မည်မှာ သေချာ၏။ ပြီးမှ လုံလောက်သော လက်ခံတွေးတောမှု ပြီးမှ မဖြစ်မနေအပင်ပန်းခံ၍ (၂)ကိုလုပ်ခြင်းမှ အသစ်သိမှု (သို့) အပြောင်းအလဲ ဖြစ်လာမည်။ ထို့ကြောင့် ယခုမေးခွန်းများကို အဖြေ ထုတ်မည်။ ကျောင်းသားများ မှားပြီးရင်း မှားကြစေရန် ဆရာများက ရည်ရွယ်သလားကိုဖြေရာ၌ ရည်ရွယ် ပါသည်ဟု ဖြေမည်။ သို့ရာတွင် အတိုင်းအတာရှိသည်။ A ကိုလိုသည်။ ထို့အပြင် B ကိုလည်းလိုသည်။ ထိုအမှားများကို ပြင်တတ်ရမည်။ ကျောင်းသားများ အတန်းတွင်း လေ့ကျင့်ရင်းမှားသော အမှားများအပြင် ဆရာတို့၏ အမှားများလည်း ကျောင်းသား၏ အတွေ့အကြုံတွင်ရှိနိုင်သည်ကို သတိချပ်ရမည်။ မည်သည့်


အမှားမဆို အကျိုး ရှိသည်။ ထိုအမှားများကို ပြုပြင်ကြရာတွင် ဆရာတစ်ဦးတည်းက ဒိုင်ခံ ပြုပြင်ကြသည်မဟုတ်ဘဲ ဆရာမိဘ၊ ပတ်ဝန်းကျင်၊ အချိန်ကာလ၊ အသက်အရွယ်၊ ခန္ဓာကိုယ် ဖွံ့ဖြိုးမှု၊ စိတ်ဖွံ့ဖြိုးမှု၊ ကျန်းမာရေးအနေအထား၊ စီးပွားရေးအနေအထား၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့က ဝိုင်းဝန်းပြုပြင်ရင်း B ကို ရရှိလာခြင်းဖြစ်သည်။ များသောအားဖြင့် သိမှုအမှားများသည် ကျောင်းသားတစ်ဦးတည်းက မှားမှုပြုလုပ်ခြင်းကြောင့် ဖြစ်လာသော A မဟုတ်ဘဲ A ဖြစ်လာစေရန် ဖော်ပြပါ ကျောင်းသားအပြင် ဆရာကပြုသောအမှား၊ မိဘက ပြုသောအမှား၊ ပတ်ဝန်းကျင်ကပြုသောအမှား၊ အချိန်ကာလက ပြုသောအမှား၊ အသက်အရွယ်ကပြုသောအမှား၊ ခန္ဓာကိုယ်က ပြုသောအမှား၊ စိတ်ဖွံ့ဖြိုးမှုက ပြုသောအမှား၊ ကျန်းမာရေးအခြေအနေက ပြုသောအမှား၊ စီးပွားရေးအခြေအနေက ပြုသောအမှား၊ ဘာသာရေးကြောင့်ပြုသောအမှား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့က ပြုသောအမှားများဖြင့် A ဖြစ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းလွှမ်းမိုးမှုများက ပြန်လည်တည့်မတ်ပေးရာမှ ရရှိလာသော အမှန်တရားများသည် ကျောင်းသားဘဝမှပင် စတင်၍ B အဖြစ် ရှိလာကြသည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားမှ များများတွေး၊ များများစဉ်းစားလုပ်သည့်တိုင် မှားနိုင်သေးသည်။ မှားလိမ့်ဦးမည်။ အမှားပြင်ဆင်ခြင်းကို ဆရာတစ်ဦးတည်းမှ မဟုတ်ဘဲ ဖော်ပြပါများက ဝိုင်း၍ဆောင်ရွက်ကြလိမ့်မည်။ သို့သော် အာရုံငါးပါးဖြင့် ကိုယ်တွေ့မကြုံဘဲ အိမ်ခန်းထဲမှာပင် အလွတ်ကျက်သောကျောင်းသား (သို့) ကျူရှင်ခန်းထဲမှာပင် လေ့လာသော၊ အလွတ်မှတ်သော ကျောင်းသားများသည် ဖော်ပြပါ ပတ်ဝန်းကျင်တို့နှင့် ကိုယ်တွေ့ ထိတွေ့မှု အားနည်းသည့်အခါ ၎င်းတို့၏ ရေရှည်မှတ်ဉာဏ်၌ အမှားနည်းသည်။ ကိုယ်တိုင်မှားထားသည်လည်း နည်းလာသည်။ ပတ်ဝန်းကျင်က စေ့ဆော်သော ကိုယ့်အမှားများလည်း နည်းလာမည်။ A အားနည်းလာသည်။ B အားနည်းလာသည်။ ထို့ကြောင့် C ဝင်လာသောအခါ ယှဉ်ထိုးစရာသိပ်မများ၍ ဆုံးဖြတ်ချက်အသစ်ကိုချမှတ်ရန် မပီပြင်။ ဆုံးဖြတ်မှု မပြတ်သား။ (Indecisiveness) ဖြစ်၏။ ၎င်းတို့၏ လုပ်ငန်းများ မအောင်မြင်နိုင်။ ၎င်းတို့သည် ဘဝအတွက်အဆင်သင့်မဖြစ်။ ဘဝကိုရင်ဆိုင်ရန် အဆင်သင့်မဖြစ်သေးသူများ၊ မပြည့်စုံကြသူများ ဖြစ်လာသည်။ ဒုတိယမေးခွန်း ဖြစ်သည့် မိဘအားပေးသော ရီပို့ကဒ်များတွင် အမှားများ ဖော်ပြကြမည်လား။ ကိုဖြေရလျှင်

ရီပို့ကဒ်တွင် B ကို ဖော်ပြရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် B နှင့် A သည် နီးကပ်သော ဆက်သွယ် ချက်ရှိသည်။ ဆက်စပ်နေသည်ဖြစ်၍ B ကိုဖော်ပြခြင်းသည် B နှင့် ဆက်စပ်သည့် A ကိုမှန်းဆနိုင်ရန် ရည်ရွယ်၍ B ကိုရေးသားဖော်ပြခြင်း ဖြစ်သည်။ A အတွင်းရှိ မပြင်ရသေးသော၊ မပြင်နိုင်သေးသော အမှားများစွာ ရှိနိုင်သေးသည်ကို အမှားများစွာနှင့် ဆက်စပ်နေသော အမှန်များထပ်မံရှိလာပါက B သည် ပို၍အားကောင်းလာမည်။ ဆိုလိုသည်မှာ B သည် A နီးပါးရှိလာမည်။ ဤသည်မှာအကောင်းဆုံး အနေအထား ဖြစ်သည်။ ဆိုလိုသည်မှာ မှားထားသမျှ မှားထားသမျှ၊ မှားသိထားသမျှ ပြင်ပြီးဖြစ်နေသည်။ စံပြပုံစံ အနေအထားတစ်ခုဖြစ်သည်။ (Ideal Case) ဖြစ်၏။ လက်တွေ့မဖြစ်နိုင်။ အမှားက အမှန်ထက်ပိုများသည်။ ကျောင်းသား ဘဝကိုဆိုလိုသည်။ ထို့ကြောင့် ရီပို့ကဒ်တွင် B ရော A ပါ ပူးတွဲ၍ ထူးကဲသော A နှင့် B တို့ကို ပူးတွဲ၍ ဖော်ပြမည်။ ထို့ကြောင့် ရီပို့ကဒ်တွင် လုပ်ပြီး ပြင်ပြီးသည့် အမှားများကို အမှန်များအဖြစ် လုပ်နိုင်ခဲ့သည်များအဖြစ်တွေ့ရမည် ဖြစ်သလို၊ ကြိုးစားနေဆဲ၊ ကြိုးစား၍ပြုပြင်နေဆဲ အမှားများ၊ အမှားလက်ကျန်များ ကိုလည်း ဖော်ပြနေရန်လိုသည်။ သို့ဖြစ်၍ ဆရာများကလည်း ဆက်လက်လုပ်ဆောင် လေ့ကျင့်ပြုပြင်ရန် လုပ်ငန်းဖြစ်သည်။ ရှိဆဲ မပြင်ရသေးသော အမှားများအပြင် မပြင်နိုင်သေးသောအမှားများ (သို့) ပြုပြင်ရန် ကြိုးစားလေ့ကျင့်နေရင်း တည်ရှိနေသောအမှားများကိုပါ ရီပို့ကဒ်တွင် ဖော်ပြရန် တာဝန်ရှိသလို၊ မိဘတို့ ကလည်း ၎င်းအမှားများကို ဘာသာပြန်နားလည်သည့်အခါ ဆရာများကို အပြစ် မတင်ဘဲ (ကျောင်းသားကိုလည်း မငြိုငြင် အပြစ်မတင်ဘဲ) ကျောင်းသားဘဝ လေ့ကျင့်စဉ်လေ့ကျင့်ဆဲကာလတွင် တွေ့ကြုံရမည့် လမ်းခုလတ်မြင်ကွင်းများအဖြစ် ရှုမြင်ပေးကြရန် လိုအပ်သည်။ ခေတ်ဟောင်း ကိုလိုနီစနစ်အမြင်ဖြင့် သုံးသပ်လျှင် ကျောင်းသားလည်း မကောင်း၊ ဆရာလည်း မကောင်း၊ ကောင်းကောင်းအပြစ်တင် ခံရလိမ့်မည်။

## လောကခံကို ရင်ဆိုင်ရန် စိတ်အင်္ဂါ (၅)မျိုး

ဆက်လက်ရေးသားရန်မှာ ပညာရေးဆိုတာဘာလဲ ဆိုသည်ကို စိတ်ပညာ ရှုထောင့်မှ လေ့လာရန်ဖြစ်သည်။ အဓိပ္ပာယ်သတ်မှတ်ရန်ဖြစ်သည်။ သိပ္ပံရှုထောင့် မှလည်း ပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုကြသကဲ့သို့ ဝိဇ္ဇာရှုထောင့်မှလည်း ပညာရေး

၏အဓိပ္ပာယ်ကို သိပ္ပံနည်းကျလေ့လာ၍ကြည့်မည်။ ယနေ့ခေတ် ပညာသင်ကြားရေးတွင် ဆရာက မေးသော ပြဿနာအပေါ် စိတ်ဝင်စားမှုရှိပါက (ကျောင်းသားက စိတ်ဝင်စားမှုရှိပါက) လုပ်ငန်းတစ်ဝက်ပြီးမြောက် အောင်မြင်ပြီးဖြစ်၏ဟု ဆိုနိုင်သည်။ စိတ်ဝင်စားမှု (သို့) အာရုံစူးစိုက်မှုတို့ကို စေ့ဆော်သော အရာများမှာ ထိုပြဿနာအပေါ် (သို့) ထိုပြဿနာအကြောင်းကိစ္စနှင့် ပတ်သက်လိုသော သူ၏ စိတ်ဆန္ဒအပေါ်တွင်မူတည်၍ ပမာဏပြောင်းလဲ၏။ လူ၏စိတ်ဆန္ဒရှိမရှိပေါ် မူတည်၍ ဆန္ဒ၏တိုက်တွန်းစေ့ဆော်ချက်ကြောင့် ဆရာတို့အကြောင်းပြုပြောကြားသော (သို့) ပေးသောပြဿနာလုပ်ငန်းများအပေါ်တွင် ကျောင်းသားက စိတ်ဝင်စားမှုအနည်းအများဖြစ်ပေါ်ရခြင်းဖြစ်သည်။ ကျောင်းသား၏ ဆန္ဒပြင်းပြရန်လိုသည်။ ပြင်းပြသောဆန္ဒများအားလုံးကို စေ့စော်သည့်အရာများမှာ စိတ်ခံစားမှုများပင်ဖြစ်၏။ စိတ်ခံစားမှုများက ဆန္ဒများအားလုံးကို ဖြစ်ပေါ်စေသည်။ စိတ်ခံစားမှု များကိုဖြစ်ပေါ်စေသော အရာများကား အာရုံငါးပါးတို့ပင်ဖြစ်သည်။ အာရုံငါးပါးတို့အား ထက်မြက်ကောင်းမွန်စွာ လက်ခံထောက်လှမ်းနိုင်စေရန် လူတို့၏ အာရုံခံအင်္ဂါ ငါးခုစလုံးအား ရာနှုန်းပြည့်ဖွင့်ထားစေရန် အကြောင်းတရားများပင် ဖြစ်သည်။ သို့ဖြစ်၍ ဆရာတို့က ကျောင်းသားတို့ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပုံစံပြုရာ၌ ကျောင်းသားတို့၏ အာရုံခံအင်္ဂါများ ကောင်းစွာလှုံ့ဆော်နိုင်စေမည့် အကြောင်းအရာများကို သုံးရန်လိုသည်။ သင်ကြားမှုစီမံချက်သည် ဆွဲဆောင်မှုရှိသော သင်ကြားမှုစီမံချက်ဖြစ်ရန်လိုသည်။ ထို့အပြင် ဤဖြစ်စဉ်၌မည်သည့်ကဏ္ဍတွင် ဝင်ရောက် ပြုပြင်ပေးပါက ကျောင်းသားတို့၏ အာရုံခံအင်္ဂါတို့အလုပ်ပို၍ လုပ်ဆောင်လာနိုင်မည်ကို ကြည့်ရန်ပါလိုလာသည်။ ဆရာတို့ဝင်ရောက်ပြုပြင်နိုင်သောနေရာမှာ စိတ်ခံစားမှု (သို့) စိတ်လှုပ်ရှားမှုဖြစ်လာစေရန် အာရုံများ ဖန်တီးပြောဆိုပြသရာ နေရာဖြစ်သည်။ ထို့အပြင် ပြောင်းလဲမှုဖြစ်ပေါ်နေရာတွင်လည်း ဆရာတို့က ဝင်ရောက်ပြုပြင်ပေးနိုင်သည်ကို တွေ့ရသည်။ လေ့လာရာတွင် စိတ်လှုပ်ရှားမှု ပါလာအောင်နှင့် စိတ်လှုပ်ရှားမှုများကို စိတ်ဓာတ်အင်အားများအဖြစ် ပြောင်းသည့်နေရာများတွင် ဆရာတို့ဝင်ရောက်ပြုပြင်ပေးနိုင်သည်။ ထိုသို့ စိတ်လှုပ်ရှားလာပြီး ပြောင်းလဲမှုဖြစ်စဉ်အဆင့်ကိုကျော်လွန်လာလျှင် ထိုလေ့လာမှုအလုပ်ကိုလုပ်ရန် ဆန္ဒပေါ်ထွက်လာပြီဖြစ်သည်။ ၎င်းဆန္ဒက တစ်ဖန် စိတ်အာရုံစူးစိုက်မှုကို စေ့ဆော်သည်ဖြစ်၍ ထိုကျောင်းသား၏ စိတ်အာရုံစိုက်မှုကြောင့် ၎င်း၏ အာရုံခံအင်္ဂါများ ပို၍အလုပ်လုပ်အားကောင်းလာသည်။





- Transformation is a process whereby emotions are transformed into energy that creates desire that drives actions.
- Desire develops attention that keeps sensors open & alert.

တစ်နည်းဆိုသော် ၄င်းကျောင်းသားသည် ၄င်းလုပ်သည့် လေ့လာမှု (သို့) လေ့ကျင့်မှုတွင် စိတ်ဝင်စားလာတော့သည်။ ထိုသို့စိတ်ဝင်စားမှုသည် ဦးနှောက် အလုပ်လုပ်ရာ မှတ်ဉာဏ်တွင် စဉ်းစားခြင်းအလုပ်ကို လုပ်သောအခါ ၄င်းကျောင်း သား၏ အာရုံခံအင်္ဂါများအားလုံး အသုံးပြု၍ အလုပ်လုပ်ဆောင်ခြင်း ဖြစ်လာ၍ လုပ်ဆောင်ချက် (၅)မျိုးကို လုပ်ဖြစ်လာသည်။ သို့ဖြစ်၍ ၄င်းအလုပ် (၅)မျိုးဖြစ်သည့် ဆင်ခြင်စဉ်းစားခြင်း၊ ရှုမြင်ဆင်ခြင်ခြင်း၊ အမှား အမှန်ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ ကြောင်းကျိုးဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ချက်များချခြင်းများ အားလုံးကိုလည်း ရေရှည်မှတ်ဉာဏ်တွင် မှတ်တမ်းတင်ကြပြီးဖြစ်၏။


သို့ဖြစ်၍ ထိုကျောင်းသား၏ စိတ်ဝင်စားမှုကြောင့် လက်တွေ့လေ့လာမှု လုပ်ဆောင်ခြင်းဖြစ်စဉ်တွင် လုပ်ဆောင်မှုအပြီး အမြဲတမ်းမှတ်ဉာဏ် (သို့) ရေရှည် မှတ်ဉာဏ်တွင် မှတ်တမ်းကျန်ခဲ့သောအရာများကိုကြည့်လျှင် အကြောင်းပြုလေ့လာ သောအကြောင်းအရာများကို မှတ်တမ်းတင်ရုံမျှမက ၄င်းအကြောင်းပြုချက်များ အား အကြောင်းပြုစဉ်းစားရာတွင် ဆောင်ရွက်ရသော လုပ်ငန်း (၅)မျိုးဖြစ်သည့် ဆင်ခြင်စဉ်းစားခြင်း၊ ရှုမြင်ဆင်ခြင်ခြင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ ကြောင်းကျိုးဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ချက်များချခြင်း အဆင့်လိုက်အားလုံးကိုပါ ရေရှည်မှတ်ဉာဏ်တွင် မှတ်တမ်းတင်ပြီးဖြစ်သည်ကို တွေ့ရမည်။ သို့ဖြစ်၍

အလုပ်ပြီးသည့်အခါ အကြောင်းပြုချက်ကို သိရှိပြီးဖြစ်သည့်အပြင် ဆင်ခြင်သုံးသပ်ခြင်း၊ ကြည့်မြင်ဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက်ချ ခြင်းနှင့် အမှားအမှန်ဝေဖန်စဉ်စားခြင်းဟူသော ဘဝအတွက် လူသားတို့အသုံး အများဆုံး စိတ်၏အရည်အသွေးများကို စတင်ပိုင်ဆိုင်လေ့ကျင့်၍ ရယူပြီးဖြစ်သည်။ သို့ဖြစ်ရာ အလွတ်ကျက်ခြင်းမှ ရရှိသည့် (သို့) ရေရှည်မှတ်ဉာဏ်တွင်ကျန်ခဲ့သည့် အရာများကို လေ့လာကြည့်လျှင် အလွတ်ကျက်သည့်အခါ များသောအားဖြင့် အကြားအာရုံနှင့်အမြင်အာရုံ (၂)ပါးသာ သုံးကြရန်လိုသည်ကို တွေ့ရပြီး ပထမဥပမာပါ ကျောင်းသား၏လုပ်ငန်းကဲ့သို့ အာရုံငါးပါးစလုံး မပွင့်လင်းနိုင် (ဝါ) စိတ်ဝင်စား မှုမရနိုင်သည်ကို တွေ့ရသည်။ ငါးတစ်ကောင်ကို လက်တွေ့ကြည့်၍ မြင်ရသည်များကိုလေ့လာရခြင်းနှင့် ငါး၏အကြောင်း ဆရာမရေးပေးသည်ကို မျက်စိမှိတ်၍ ကျက်မှတ်ခြင်းလုပ်ငန်း (၂)ခုအား ယှဉ်ထိုးကြည့်လျှင် ကျောင်းသားငယ်တို့ မည်သည့်လုပ်ငန်းအား ပို၍ စိတ်ဝင်စားမှု ထွက်ပေါ်လာနိုင်သည်ကို လွယ်ကူစွာသိရှိနိုင်သည်။ ထို့ကြောင့် ဖြစ်စဉ်တွင် စိတ်ဝင်စားမှုမရှိ (သို့) လွန်စွာအားနည်းသည်ကို တွေ့ရမည်။




အလွတ်ကျက်ရန် အလွန်စိတ်ဝင်စားပါသည် (သို့) စာမေးပွဲအောင်ချင်လွန်း၍ အလွတ်ကျက်ပါသည်ဆိုသည့်တိုင်အောင် အမှန်တကယ်စိတ်ဝင်စားမှုမရှိနိုင်။ မထွက်ပေါ်နိုင်ပါ။ စိတ်ဝင်စားမှုရှိပါသည် ဆိုသည့်တိုင်အောင် အာရုံများ မပြည့်စုံမှုကြောင့် စိတ်ခံစားမှုကို အားကောင်းစေနိုင်ခြင်းမရှိပါ။ စိတ်ခံစားမှု အားမကောင်း

လျှင် ပြောင်းလဲမှုဖြစ်စဉ်သည်လည်း အားမကောင်းပါ။ ပြောင်းလဲမှုဖြစ်စဉ် အားမကောင်းလျှင် ဆန္ဒအားမကောင်းပါ။ ဆန္ဒအားမကောင်းလျှင် စိတ်ဝင်စားမှု အားမကောင်းနိုင်ပါ။ စိတ်ဝင်စားမှုအားမကောင်းလျှင် အာရုံခံအင်္ဂါတို့ ကောင်းစွာ အလုပ်မလုပ်နိုင်ပါ။ အာရုံခံအင်္ဂါတို့ ကောင်းစွာအလုပ်မလုပ်ဘဲ လူတစ်ဦးသည် မည်သည့်အလုပ်ကိုမျှ ကောင်းကောင်းမလုပ်နိုင်ပါ။ သို့ဖြစ်၍ အကြောင်းပြချက် ချည်းသက်သက်ကို ကျက်မှတ်ရာ၌ အမြင်အာရုံနှင့် အကြားအာရုံတို့၏ အားပျော့ သော အလုပ်လုပ်မှုများကိုသာ အားပြု၍ အလုပ်လုပ်မှတ်ဉာဏ်တွင် ဆောင်ရွက် ရာ၌ Absentmindedness က အလုပ်လုပ်ကာ မှတ်ဉာဏ်မှတစ်ဆင့် ရေရှည် မှတ်ဉာဏ် အတွင်းသို့ကူးပြောင်းရာ၌ မရှိမဖြစ်လိုအပ်သော ဓာတုဗေဒပစ္စည်းများ ပြည့်စုံစွာ ထုတ်လုပ်ပေးနိုင်ခြင်းမဖြစ်တော့။ ထို့ကြောင့် အလွတ်ကျက်မှတ်လိုက်သော အကြောင်းပြချက်များအား အမြင်အာရုံနှင့်အကြားအာရုံ (၂)မျိုးကိုသာ အသုံးပြု၍ အင်အားနည်းသော ဒင်းဒရိုက်တို့ဖြင့် ဈေးရွှန်များကို ဆက်သွယ်ကာ မပြည့်မစုံသော သိမှုဖွဲ့စည်းပုံများအဖြစ် သိမ်းဆည်းထားသည်။ ထိုအာရုံမပြည့်စုံသော သိမှုဖွဲ့စည်း ပုံတို့ နေရာယူပုံ (သို့) ၎င်းတို့အား နေရာချပုံကို Reflective Processing ဟု ခေါ်သည်။ ပထမဥပမာပါ ပြည့်စုံသော သိမှုဖွဲ့စည်းပုံ (သို့) အာရုံငါးပါးစလုံး သုံး၍ (သို့) ကျောင်းသားကိုယ်တိုင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရာမှ ရရှိသော အတွေ့အကြုံများကို သိမ်းဆည်းခြင်း (သို့) နေရာချခြင်းဖြစ်စဉ်ကို Active Processing ဟု ခေါ်သည်။ Reflective Processing သည်လည်း Active Processing ကို အထောက်အပံ့ပြုသည်။ Reflective Knowledge တစ်ခုတည်းနှင့် တော့ မပြည့်စုံ။ Reflective Knowledge ကိုအစပြုပြီး Active Knowledge ကိုရအောင်လုပ် ပြီးမှ သိမှုပြည့်စုံသည် (သို့) Knowledge with understanding ကိုရရှိသည်။ သို့ဖြစ်၍ ဤ(၂)ခု၏ ကွာခြားချက်ကို ကြည့်ရန်လိုသည်။


WHAT IS EDUCATION?
SKILLS
Knowledge with understanding
Cultural influences & Support
Y
X
Subject matters
Induction Deduction Critical Thinking Reasoning Decision making Through Experiences
Step-by-step Solving problems
Cognitive structure for every step is stored in the form of Neuron-Dendrite Formation
Step-by-step problem solving experiences are stored
Memory
Absentmindedness Weaker Encoding (without emotion or attention)
Subject matters
Stimuli
Multi-dimensional
TB or BIS
Through multi-dimensional repetitions of experiences arranged or facilitated by teachers
Working Memory
Thinking
Attention Emotions
Memory Enhancement
Induction Deduction Critical Thinking Reasoning Decision making Through Experiences
Multiple Intelligences
Higher level skills
Skills
Proper Scaffolding
Language
Culture
Social Interactions
Deterred by Zone of proximal Development
Emotional Intelligence
Control of Mind or emotions to a degree
Ability to produce commondity or reder services to community
Better Living Healthy, Peaceful Wealthy life
Knowledge without understanding
Double or single dimensional (Auditory) through repetitions (visual)
Subject matters
Only cognitive structure of audio & visual inputs are stored & reinforced by audio-visual repetitions
Memory
absentmindedness weaker encoding
Subject matters
Stimuli Audio/Visual
Tuition Barrier(TB) or Barrier of Improper Scaffolding (BIS)

| (A) အလွတ်ကျက်ခြင်းမှ ရရှိသော သိမှုဖွဲ့စည်းပုံ | (B) ကိုယ်တွေ့ကိုယ်တိုင်လေ့လာခြင်းမှရရှိသော သိမှုဖွဲ့စည်းပုံ |
|---|---|
| (၁) အကြောင်းပြချက်များသက်သက်ကိုအမြင်အာရုံ၊ အကြားအာရုံများများအဖြစ် မှတ်တမ်းတင်ထားမှု။ | (၁) အကြောင်းပြချက်များအား အမြင်အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ ထိတွေ့မှုအာရုံ၊ အရသာအာရုံများအားလုံးဖြင့် မှတ်တမ်းတင်ထားမှု။ |
| အကြောင်းတရားမှာ စိတ်လှုပ်ရှားမှုနှင့် စိတ်ဝင်စားမှုပျက်ကွက်သော Absentmindedness | (၂) ကိုယ်တိုင်ကြားမြင်တွေ့ထိမှု အရသာခံရာမှ လုပ်ကိုင်ခဲ့သောဆင်ခြင်ခြင်းဆုံးဖြတ်ချက်များချခြင်းနှင့်၊ အမှားအမှန် ဝေဖန်ပိုင်ခြားခြင်းစသည့်အတွေ့အကြုံများမှတ်တမ်းတင်ထားမှု |

ပြည့်စုံသောသိမှုဖြစ်ရန် ထောက်ပံ့သော အကြောင်းကိုMemory Enhancement ဟုခေါ်သည်။ ထို့ကြောင့် အလွတ်ကျက်ခြင်းမှရရှိသော သိမှုဖွဲ့စည်းပုံသည် အကြောင်းအရာသက်သက်ကိုသာ အမြင်အာရုံနှင့် အကြားအာရုံ (၂) မျိုးအားသုံး၍ မှတ်တမ်းတင် ထားသည်ကိုတွေ့ရပြီး ကျောင်းသားကိုယ်တိုင် လေ့လာခြင်းမှ ရရှိသော သိမှုဖွဲ့စည်းပုံတွင် အကြောင်းပြချက်များသက်သက်တင်မဟုတ်ဘဲ လူ့ဘဝအတွက် အသုံးပြုရန် လိုအပ်သော စိတ်ပိုင်းဆိုင်ရာလက္ခဏာကောင်းများဖြစ်သည့် ဆင်ခြင်စဉ်းစားခြင်း အတွေ့အကြုံ၊ ကြည့်မြင်ဆင်ခြင်ခြင်းအတွေ့အကြုံ၊ ဆုံးဖြတ်ချက်ချခြင်း အတွေ့အကြုံနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားခြင်း အတွေ့အကြုံတို့ကို မှတ်တမ်းတင်ထားခြင်း ဖြစ်၍ အလွတ်ကျက်သော ကျောင်းသားသည် ဤအလွတ်ကျက်မှတ်ထားသော အကြောင်းအရာတို့အား ထပ်ကာထပ်ကာအသုံးပြုခြင်းသည် လက်တွေ့တွင် မဖြစ်နိုင်၍ ကာလကြာရှည်လာသောအခါ ထိုအလွတ်ကျက်ခဲ့သော အကြောင်းအရာများ မေ့လျော့သွားခြင်း (သို့) အလွတ်ကျက်၍ ရရှိထားသော သိမှုဖွဲ့စည်းပုံနှင့်ဆိုင်သော ချိတ်ဆက်နှင့်ဒင်းဒရိုက် ဖွဲ့စည်းပုံတွင် ဒင်းဒရိုက်ထပ်မံ အားဖြည့်ခြင်းဖြစ်စဉ်ဖြစ်သည့် ထပ်ကာထပ်ကာ အသုံးပြုခြင်းမရှိ၍ ထိုသက်ဆိုင်ရာအသုံးနည်းသည့် ဒင်းဒရိုက်များ ကြွေကျ၍ ပျက်စီးသွားသောကြောင့် ကျောင်းသားတို့ ကြီးပြင်းလာသည်နှင့်အမျှ ငယ်စဉ်က အလွတ်ကျက်ခဲ့သည်များ

မေ့လျော့ကုန်ခြင်းဖြစ်၍ ဘာမျှမကျန်ခဲ့ခြင်း ဖြစ်သည်ကို တွေ့ရမည်။ သို့သော် မိမိလေ့လာရမည့်လုပ်ငန်းကို အလွတ်မကျက်ဘဲ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ လုပ်ကိုင်ခဲ့သော ကျောင်းသား၏ မှတ်ဉာဏ်တွင်ရှိသော သိမှုဖွဲ့စည်းပုံ (၂)ခုအနက် တစ်ခုဖြစ်သော အကြောင်းပြချက် အကြောင်းအရာများသည် အလွတ်ကျက်သော ကျောင်းသား၏ ဖြစ်စဉ်မှာကဲ့သို့ အချိန်နှင့်အမျှ မေ့လျော့ပျောက်ပြယ်သွားမည်ဖြစ်သော်လည်း လူ့ဘဝတွင် ကျောင်းတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ လူတို့အမြဲတစေအသုံးပြုနေသော (နေရသော) ဆင်ခြင်စဉ်းစား သုံးသပ်ခြင်း၊ ကြည့်မြင် ဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက် ချရခြင်းနှင့် အမှားအမှန်ဝေဖန် ပိုင်းခြားခြင်း၊ ကျိုးကြောင်း စဉ်ခြင်ခြင်းစသည့် လုပ်ငန်းတို့ကို နေ့စဉ်လုပ်ကြရသည်ဖြစ်၍ ထို (၅)မျိုးနှင့် ပတ်သက်သည့် သိဖွဲ့မှုဖွဲ့စည်းပုံ (သို့)အတွေ့အကြုံများသည် မှတ်ဉာဏ်တွင် ဆက်လက်ကျန်ရစ်သည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တိုင်လေ့လာသောကျောင်းသားသည် ပို၍ဆင်ခြင်ကြည့်မြင် သုံးသပ်နိုင်၊ ဆုံးဖြတ်ချက်ချနိုင်၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင် စသည်တို့ ဖြစ်လာသည် (ဝါ) အသိဉာဏ်ရှိလာသည် (ဝါ) စဉ်းစား နိုင်လာသည်။ စဉ်းစားတတ်သောသူများ ဖြစ်လာသည်။ ထို့ကြောင့် ခေတ်သစ် ပညာရေးစနစ်တွင် ကျောင်းသားတို့အား မိမိတို့လုပ်ရန်ရှိသည့် လုပ်ငန်းများကို ကျူရှင်မယူဘဲ၊ အလွတ်မကျက်ဘဲ မိမိတို့ ကိုယ်တိုင် လေ့လာခြင်းများမှတစ်ဆင့် သိရှိလာစေရန် အထူးတိုက်တွန်းနေခြင်းသည် ထိုစိတ်အင်္ဂါ (၅)ပါး (ဝါ) စိတ်လက္ခဏာ (၅)ပါးကို မွေးမြူတည်ဆောက်နိုင်ရေး အတွက်ဖြစ်သည်။ ထို့ကြောင့် ပညာရေးကို သိပ္ပံပညာရှင်အိုင်းစတိုင်းက အဓိပ္ပာယ်ဖွင့်သည်မှာ Education is what remains after forgetting what have been studied in life ဟု တင်စားရေးသားကြသည်။ ပညာရေးလေ့ကျင့်မှုမှ ရရှိမည့် ဤစိတ်အင်္ဂါ (၅)ပါးဖြင့် လောကဓံကို ရင်ဆိုင်ကျော်လွှားအောင်မြင်ကြရန် ဖြစ်သည်။ ဤသို့ ကျောင်းသားတို့ ၏ မှတ်ဉာဏ်တွင် ကျန်ရှိသော အရာလေးမျိုးကို အခြေပြု၍ အသိဉာဏ်မျိုးစုံ ဖြစ်ထွန်းအောင် ဆက်လက်တစ်ပြိုင်နက် လေ့ကျင့်ပေးလျှင် အထက်တွင် ဖော်ပြခဲ့သော အသိဉာဏ်မျိုးစုံ (Multiple Intelligences)တို့ ရရှိလာမည်ဖြစ်သည်။

## အာရုံပြားခြင်း (သို့) အာရုံခွဲထွက်ခြင်း (သို့) အာရုံလွတ်ထွက်ခြင်း

မိဘ၊ ဆရာနှင့်ကျောင်းသားများ ပညာရေးအနှစ်သာရများကို အကျွမ်းတဝင် ရှိလာစေရန် အာရုံခွဲထွက်မှုဟူသည့်အရာကို အနည်းငယ်ရှင်းလင်းတင်ပြလိုသည်။ အာရုံခွဲထွက်မှုကို အင်္ဂလိပ်လို (Distraction) ဟုခေါ်သည်။ ဇာတ်လမ်း၏အစကား စိတ်လှုပ်ရှားမှုဖြစ်၏။ စိတ်လှုပ်ရှားမှု (Emotion)များတွင် ကောင်းသော စိတ်လှုပ် ရှားမှုဖြစ်စေ၊ မကောင်းသောစိတ်လှုပ်ရှားမှုဖြစ်စေ အကျုံးဝင်သည်။ စိတ်လှုပ်ရှား မှုကိုဖြစ်စေသောအရာသည် သိမှုများ (သို့) (Stress) ဖိစီးမှုများပင်ဖြစ်သည်။ အာရုံခံအင်္ဂါများမှတဆင့် သိလာရသည်များကြောင့် သိမှုများအား stress များဟု ခေါ်သည်။ ကောင်းသောသိမှု (Good stress) ရှိသလို မကောင်းသောသိမှု (Bad stress) များလည်းရှိသည်။ မကောင်းသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ Stress တွင် နှစ်ခုစလုံးအကျုံးဝင်သည်။ Stress မှ Emotion များဖြစ်၍လာသည်။ စောစော ပိုင်းတွင် သိပြီးဖြစ်ကြသည့်အတိုင်း Emotion များကို စိတ်စွမ်းအားများအဖြစ် ပြောင်းလဲမှု (Transformation) တွင်လည်း ကောင်းသောပြောင်းလဲမှုစွမ်းအားနှင့် မကောင်းသော စိတ်စွမ်းအားသို့ပြောင်းလဲမှုဟူ၍ ရှိလာသည်။ မကောင်းသော စိတ်စွမ်းအားသို့ ပြောင်းလဲမှုကြောင့် မကောင်းသောဆန္ဒများဖြစ်ပေါ်လာခြင်း ဖြစ်ပြီး ကောင်းသောစိတ်စွမ်းအားသို့ပြောင်းလဲမှုများကြောင့် ကောင်းသော ဆန္ဒများ ဖြစ်ပေါ်လာရသည်။ မကောင်းသောစိတ်ဆန္ဒတို့က မကောင်းသော စိတ်တက်ကြွမှုကိုဖြစ်စေပြီး ကောင်းသောစိတ်ဆန္ဒတို့က ကောင်းသော စိတ်ဓာတ်တက်ကြွမှုတို့ ဖြစ်စေကြသည်။ မကောင်းသော ဆန္ဒများကြောင့် မကောင်းသော အပြုအမူများလုပ်မိကြ၍ ကောင်းသောဆန္ဒများကြောင့် ကောင်းသော အပြုအမူများ ဆောင်ရွက်ကြခြင်း ဖြစ်သည်။ ကောင်းသည်ကို ဆောင်ရွက်သည်ဖြစ်စေ၊ မကောင်းသည်ကို ဆောင်ရွက်သည်ဖြစ်စေ ဆောင်ရွက် သည့်အခါ စိတ်စွမ်းအားပြောင်းလဲမှုဖြစ်စဉ်တွင် ရရှိသော စိတ်စွမ်းအားအင်အား ပေါ်တွင် မူတည်၍ အာရုံစူးစိုက်မှု (Attention) ဖြစ်လာပြီး ၎င်းအာရုံစူးစိုက်မှု ပမာဏသည် ၎င်းလုပ်ကိုင်သော လုပ်ငန်း၏အောင်မြင်မှု (သို့) ကျရှုံးမှုပမာဏကို ပြသည်။ ထိုမှတစ်ဆင့် ကောင်းသောလုပ်ငန်းတို့ကို ဆောင်ရွက်မည့်သူများသည် အောင်မြင်သူများဖြစ်လာကြပြီး မကောင်းသောအပြုအမူလုပ်ငန်းများကို လုပ်မိ ကြသောသူများသည် ကျရှုံးသူများဖြစ်လာသည်။ ဤဖြစ်စဉ်တွင် မကောင်းသော

စိတ်စွမ်းအားသို့ပြောင်းလဲမှုဖြစ်ခဲ့လျှင် ထိုသူအတွက် အာရုံခွဲထွက်မှု (သို့) ကောင်းသောအရာများကို လုပ်ဆောင်ခြင်းမှ အာရုံခွဲထွက်မှုဖြစ်ပြီဖြစ်သည်။ ထို့နည်းတူစွာ ကောင်းသောစိတ်စွမ်းအားပြောင်းလဲမှုဖြစ်ခဲ့လျှင် ထိုသူအတွက် မကောင်းသောအရာများကို လုပ်ဆောင်ခြင်းမှ အာရုံခွဲထွက်ခြင်းဖြစ်ပြီဖြစ်သည်။

**အာရုံခွဲထွက်ခြင်းဆိုသည်မှာ အာရုံစူးစိုက်ခြင်းမှ လွတ်ထွက်သွားခြင်းဖြစ်သည် (သို့) အာရုံဆွဲဖယ်မှုဟု ဆိုနိုင်သည်။ အာရုံငါးပါးအခြေပြု၍ လုပ်ဆောင်နေသော လုပ်ငန်းလုပ်ဆောင်နေရာမှ အာရုံငါးပါးအနက် တစ်ပါး(သို့)တစ်ပါးထက်ပိုသောအာရုံများ ဝင်ရောက်လာမှုကြောင့် ထိုအာရုံများတို့တစ်ခုခြင်း စူးစိုက်မှုဖြစ်ပေါ်ခြင်းဖြစ်သည်။** ဆရာတို့ဝင်ရောက်ပြုပြင်ရသည့်နေရာသည် စိတ်စွမ်းအားတို့ ပြောင်းလဲခြင်းအဆင့်နှင့် အာရုံများဖန်တီးမှုအဆင့်တို့တွင်ဖြစ်သည်။ သင်ကြားရေးအာရုံများ ဖန်တီးရေးကို ဆိုလိုသည်။ အထက်တွင် ရှင်းလင်းရေးသားခဲ့သော (Emotional Intelligence) ဆိုသည်မှာ ကောင်းသောစိတ်စွမ်းအားသို့ ပြောင်းလဲခြင်းပင်ဖြစ်သည်။ ၎င်းကို အသေးစိတ် (၅)ပိုင်းပိုင်း၍ လေ့လာနိုင်သည်။

(၁) မိမိ၏စိတ်လှုပ်ရှားမှုကို သိနေခြင်း။

(၂) အခြေအနေနှင့် လိုက်လျောညီထွေစွာ ခံစားတုံ့ပြန်ခြင်း။

(၃) မိမိ၏လုပ်ငန်းလုပ်ဆောင်ရာတွင် တက်ကြွမှုရှိခြင်း။

(၄) တစ်ပါးသူတို့၏ခံစားချက်များကို နားလည်ခြင်း။ ထပ်တူခံစားပေးနိုင်ခြင်း။

(၅) အဆင်ပြေအောင်နေတတ်ခြင်း။(ကြိုက်ကြိုက်မကြိုက်ကြိုက် ကြိုက်) ဟူ၍ ကဏ္ဍ(၅)ရပ်ခွဲခြားနိုင်ပါသည်။ ကဏ္ဍ (၅)ရပ်လုံးသည် လေ့ကျင့်ယူ၍ ရသည်။ အစဉ်သဖြင့် လေ့ကျင့်နေနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ကျောင်းသားတို့ ကျောင်းများတွင် လေ့ကျင့်ရန် အခြေခံတို့မှာ ဤ(၅)ချက်ပင်ဖြစ်လာသည်။ ဤ(၅)ချက်ကို အမိအရဆွဲကိုင်၍ လေ့ကျင့်ရေးစီမံချက်များကို ရေးဆွဲခြင်းဖြင့် လက်တွေ့ လေ့ကျင့်မှုဖြစ်စေသည်။ ရှုပ်ထွေးသောလေ့ကျင့်စဉ်ဖြစ်၍ လွယ်လွယ်နှင့် အချိန်တိုတိုအတွင်းမရနိုင်။ စိတ်ရှည်သည်းခံ၍ မိမိလုပ်ရန်ရှိသည်များကို ကျောင်းသား၊ မိဘ၊ ဆရာတို့အားလုံး ကိုယ်တိုင်ကိုယ်ကျပါဝင်၍ အချိုးညီလုပ်ကိုင် ကြခြင်းများမှ အောင်မြင်မည်ဖြစ်သည်။

## ကာယကံမြောက်လုပ်ခြင်းကို စေ့ဆော်သော အာရုံနှင့် စိတ်ဖြစ်စဉ်များ

ယခုဆက်လက်၍ ကျောင်းသား၏ မိမိအလုပ်ကို ကိုယ်တိုင်ကိုယ်ကျ လုပ်ခြင်းကာယကံ ( Action )ကို မည်သည်တို့က စိုးမိုးစေစားသည်ကို လေ့လာကြမည်။ ပထမဦးစွာ အာရုံခံအင်္ဂါများ (Sensors)များထံသို့ စေ့ဆော်မှုလှုံ့ဆော်ချက် (Stimuli) များ ဝင်ရောက်လာသောအခါ ထို (Sensors) အာရုံခံအင်္ဂါများက အာရုံများ (Senses) များအဖြစ်သို့ပြောင်းလဲပစ်လိုက်ပြီး ၄င်းအာရုံများ စုစည်းပေါင်းစပ်သော စိတ်ခံစားမှု (သို့) စိတ်လှုပ်ရှားမှု (Emotions) များဖြစ်ပေါ်လာ၏။ အာရုံခံအင်္ဂါများမှ အာရုံများကို လက်ခံနေသရွေ့ ဤစိတ်လှုပ်ရှားမှု (Emotion) များ၊ စိတ်ခံစားမှုများ ရှိမြဲရှိနေမည်ဖြစ်သည်။ ၄င်း စိတ်လှုပ်ရှားမှု စိတ်ခံစားမှုများကို အတွင်းစကား (Internal Speech) ဟု ခေါ်သည်။ အတွင်းစကားသည် ကျွန်ုပ်တို့နေ့စဉ်သုံး ဘာသာစကားများနှင့်မတူဘဲ အလွန်ပို၍ ပြည့်စုံသော ဘာသာစကားဖြစ်သည်။ ဤအတွင်းစကားကို ပြည့်စုံအောင် ထုတ်ဖော်ပြသရန် ကျွန်ုပ်တို့ နေ့စဉ်သုံးစကားအဖြစ် ဖော်ပြရန် စကားလုံးမလောက်။ ပြည့်စုံအောင် မဖော်ကျူးနိုင်။ ဆရာတို့သည် လူတို့၏ Internal speech ကို ပြည့်စုံစွာဖော်ပြစေနိုင်ရန်အလို့ငှာ များစွာသော ဘာသာစကားများကို ဆီလျော်သည့်၊ သုံး၍ရသည့် နေရာများတွင်သုံးမှ ကျောင်းသားများအား ၄င်းတို့လုပ်ရမည့်လေ့ကျင့်စဉ် လုပ်ငန်းကို နားလည်စေမည်။ ဆရာများအသုံးပြုများသော ဘာသာစကားတို့မှာ (၁) လူတို့နှုတ်ထွက်ဘာသာစကားများ (၂) ပုံပြဘာသာစကား (၃) ပုံကားချပ် ပြဘာသာစကား (၄) သင်္ကေတပြ ဘာသာစကား (၅) ခန္ဓာကိုယ်အသုံးပြု ဘာသာစကား (၆) နိုင်ငံခြားဘာသာစကား (၇) ဂီတ ဘာသာစကား (၈) သင်္ချာ ဘာသာစကား (၉) ဘာသာရေးသုံး ဘာသာစကား (၁၀) သင်္ချာ ဘာသာစကား (၁၁) အသံသုံးဘာသာစကား (၁၂) အနံ့သုံးဘာသာ စကား (၁၃) အရသာသုံး ဘာသာစကား (၁၄) ထိတွေ့မှုသုံး ဘာသာစကား (၁၅) မာဂဓ ဘာသာစကားစသည်တို့ဖြစ်ပါသည်။ ဤဘာသာစကားများကိုသုံး၍ မိမိတို့စိတ် သဏ္ဌာန်တွင်းရှိ အတွင်းစကားခေါ် Internal speech ကို တစ်ပါးသူကသိစေရန် ဖော်ညွှန်းနိုင်သည့် အရာတို့၏သင်ကြားမှု စီမံချက်တွင် ဤသို့ ဘာသာစကားများ ပို၍ စုံစုံလင်လင်သုံးလေလေ ကျောင်းသားများက ပို၍တက်ကြွ နှစ်ခြိုက်လာကာ စိတ်ဝင်စားမှုပြလေလေဖြစ်သည်။

ထို့ကြောင့် ထိုအတွင်းစကား (Internal Speech) ဟုခေါ်သော အဓိပ္ပာယ်ခံစားမှုကို လူ၏ခန္ဓာကိုယ် (ဦးနှောက်) က အတွေး (thought)ခေါ်သော အတွေးအဖြစ်စတင်ပြောင်းလဲသည်။ အတွေးသည် အလုပ်လုပ်သော မှတ်ဉာဏ်ခေါ် (Working Memory)တွင် ဖြစ်ပေါ်၏။ အတွေး (Thought) သို့ ပြောင်းလဲရောက်ရှိလာသောအခါ အတွေး (Thought)ကို ကျွန်ုပ်တို့ ကာယကံရှင်များ အသုံးပြုသော ဘာသာစကားများနှင့် ဖော်ကျူးခံစား သည်။ ဘာသာစကားများတွင် ကျွန်ုပ်တို့ကာယကံရှင်များ၏ ပတ်ဝန်းကျင်တွင် အများဆုံးလွှမ်းမိုးသော (သို့) အများစုအသုံးပြုသော ဘာသာစကား (သို့) မိခင်ဘာသာစကား (သို့) Mother Tongue ကို အသုံးပြုသည်။ ထိုအတွေးများမှ တစ်ဆင့် အတွေးများကို စကားလုံးများအဖြစ် အလုပ်လုပ်မှတ်ဉာဏ်တွင် ပြောင်းလဲပေးသည့် စကားလုံးများကို ထုတ်လုပ်လိုက်ခြင်းသည် နှုတ်ဖြင့်ပြောခြင်း (ဝစီကံ) (သို့) စကားလုံးများဖြစ်လာသည်။ ၎င်းစကားများ၊ စကားလုံးများကို ပြင်ပစကား (External Speech) ဟုခေါ်သည်။ ပါဠိတွင် ဝစီကံဖြစ်သည်။ တစ်ပြိုင်နက် ဖြစ်နိုင်သော အရာမှာ ပါဠိအခေါ် မနောကံဟု ဆိုသော Action လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ ပြင်ပစကားများအဖြစ် မပြောတော့ဘဲ တိုက်ရိုက် လက်တွေ့ ဆောင်ရွက်ခြင်း (Action) သည်လည်းရှိသည်။ သို့ဖြစ်၍ မနောကံမှ ကာယကံသို့ ကူးပြောင်းခြင်းကို ဆိုလိုသည်။ ဤသို့ ကာယကံ၊ ဝစီကံနှင့် မနောကံများ အလုပ်လုပ်ကြသည်။ သို့ဖြစ်၍ ကာယကံ၊ ဝစီကံ တို့အား စတင်ဖြစ်ပေါ်စေသည့် ရေသောက်မြစ်သည် မနောကံ ဖြစ်သည်ဟုဆိုသည်။ မနောကံသည် အတွေး (Thought)ဖြစ်သည်။ ထိုအတွေးဖြစ်ပေါ်ရန် (သို့) အလုပ်လုပ်သော မှတ်ဉာဏ်တွင် နေရာယူရန် စိတ်လှုပ်ရှားမှု (Emotion) ခေါ် အတွင်းစကား (Internal Speech) လိုအပ်သည်။ သို့ဆိုလျှင် စောစောကရေးသားခဲ့သည့်ဖြစ်စဉ်ကို ပြန်လည်သတိရယူ ထည့်သွင်းစဉ်းစားလျှင် စိတ်လှုပ်ရှားမှု ဖြစ်ပေါ်ပြီးနောက် စိတ်စွမ်းအားအသွင် ပြောင်းလဲခြင်းဖြစ်သည်။ ထို့နောက် စိတ်ဆန္ဒ(Desire)တို့ ဖြစ်ပေါ်သည်။ ပြီးနောက် တက်ကြွစေသော နိုးထမှု (Motivation) ဖြစ်ပေါ်သည်။ ၎င်းတက်ကြွစေသော နိုးထမှုကြောင့် အတွေး (Thought) စတင်ပေါ်ပေါက်လာသည်ဟုယူဆကြသည် ယုံကြည်ကြသည်ဖြစ်၍ အတွေး (Thought) သည် အလုပ်လုပ် မှတ်ဉာဏ်တွင် ရောက်ရှိဖြစ်ပေါ်လာရန် Motivation လိုအပ်သည်။ တက်ကြွစေသော နိုးထမှုသည် အာရုံစူးစိုက်မှုကို တစ်ပြိုင်နက်ဖြစ်ပေါ်စေ၏။

ထို့ကြောင့် အာရုံစူးစိုက်မှု (Attention) ရရှိလျှင် အတွေးများအလုပ်လုပ် မှတ်ဉာဏ်အတွင်း စတင်နေရာယူ အလုပ်လုပ်ပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ဤအယူအဆမှန်ကန်သောကြောင့် လေ့လာမှုပြုနေသော ကျောင်းသားနှင့် စာကို အလွတ်ကျက်သောကျောင်းသား (သို့) အကြောင်းပြချက်များကို ကိုယ်တိုင်အာရုံစိုက်၍ လုပ်ကိုင်နေသောကျောင်းသားနှင့် အကြောင်းပြချက်များပါ အချက်အလက်များကိုသာ စုစည်း၍ အလွတ်ကျက်သော (သို့) အကြောင်းပြချက်များကို ကိုယ်တိုင်အာရုံစိုက်၍ လုပ်ကိုင်သောအခါ ထွက်ပေါ်လာမည့် အသိများ၊ သိမှုများကို ပြန်လည်စုစည်းကာ အလွတ်ကျက်သောကျောင်းသားတို့ကြားတွင် ကြီးမားသောသိမှုကွာဟခြင်းများဖြစ်လာရတော့သည်။ သို့ဖြစ်၍ ဤနိယာမက ကောက်ချက်ချသည်မှာ ကျွန်ုပ်တို့၏ ကာယကံ၊ ဝစီကံ၊ မနောကံများ အားလုံးကို ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် (သို့) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၏အာရုံခံ အင်္ဂါများနှင့် အနီးကပ်ဆုံးထိတွေ့နေသည့် ပတ်ဝန်းကျင်က ထိန်းချုပ်စေစား နေသည်ဟုဖြစ်သည်။ ထို့ကြောင့် လူသားတို့ ပြောသမျှ၊ တွေးသမျှ၊ လုပ်သမျှ အားလုံးတို့သည် များသောအားဖြင့် လူသားတို့၏ ပတ်ဝန်းကျင်မှ စေစားခြင်းဖြစ်ပြီး လူသားတို့ကလည်း ထိုစေစားချက်များကြောင့် ပြုလာကြသော တွေးမှု၊ ပြောမှု၊ လုပ်ကိုင်မှုတို့က တစ်ဖန် ပတ်ဝန်းကျင်ကို ပြန်လည်အကျိုးသက်ရောက်သည်။ ဤသည်ကို လူနှင့်လူ့ပတ်ဝန်းကျင်၏ အညမည သဘောတရားဟု ခေါ်သည်။

## စိတ်၏ အေးချမ်းခြင်း (သို့) စိတ်လုံခြုံခြင်းခေါ် Mental Equilibrium

ထို့ကြောင့် ဆရာများက ကျောင်းသားတို့ ကိုယ့်အလုပ်ကိုယ်လုပ်ကြရေးကို စီမံကြရာဝယ် ကျောင်းပတ်ဝန်းကျင်ကို အလုပ်လုပ်သော ပတ်ဝန်းကျင် (သို့) ကျောင်းသားလေ့လာမှု ပြုစေရန် တိုက်တွန်းလိုက်လျော အားပေးသော ပတ်ဝန်းကျင် ဖြစ်စေရန် စီမံကြသည်။ (Conducive Environment to Learning) ဟုခေါ်သည်။ ဆရာတို့ဝင်ရောက်ပြုပြင်၍ ရသည့်အပိုင်းမှာ စိတ်စွမ်းအားသို့ ပြောင်းလဲခြင်း အဆင့်နှင့် အာရုံများအား ပြုပြင်ခြင်းအဆင့်တို့ဖြစ်ရာ ဤနှစ်နေရာအတွက် သင်ကြားလေ့ကျင့်မှုစီမံချက်တွင် ကျကျနန ပုံစံပြုနိုင်လျှင် ကျောင်းသား

တို့၏ အတွေး၊ အပြော၊ အလုပ် သုံးပါးစလုံးကောင်းမွန်ခြင်းသို့ ဦးတည်မည်။ ဤသို့လုပ်ငန်းများကို အလုပ်လုပ်သော မှတ်ဉာဏ်ဟုသည့်နေရာတွင် အလုပ်လုပ်ကြရာ၌ မရှိမဖြစ်လိုအပ်သော ပတ်ဝန်းကျင် (သို့) စိတ်ပတ်ဝန်းကျင်မှာ စိတ်၏ အေးချမ်းခြင်း (သို့) စိတ်လုံခြုံခြင်းခေါ် (Mental Equilibrium) ဖြစ်သည်။ လူတို့သည် အသစ်အသစ် အာရုံများကြုံတွေ့တိုင်း ဦးနှောက်က သိအောင်လိုက်မှတ်နေသည်။ အလိုအလျောက် ဖြစ်စဉ်ဖြစ်၍ တားဆီးရန် အတော်ကြိုးပမ်းရမည်။ ဤသို့ မိမိတို့၏ အာရုံခံ အင်္ဂါ များထံသို့ ထပ်ထပ်ဝင်ရောက်လာသော အာရုံများကို တရစပ်မလွတ်တမ်း လိုက်မှတ်နေခြင်းတည်းဟူသော အလိုအလျောက်ဖြစ်စဉ်ကို တားဆီးရန်မှာ တရားထိုင်ခြင်း (သို့) Meditation ခေါ် စိတ်ကိုစုစည်းခြင်းဖြစ်၏။ ဝင်ရောက်လာသမျှ အာရုံများကို အလိုအလျောက်လိုက်လံ မှတ်သားသိရှိနေခြင်းသည် ပင်ပန်းမှု Stress တစ်ခုဖြစ်၍ ထို Stress ခေါ် ပင်ပန်းမှုကို လျှော့ချရန်မှာ မိမိထံသို့ ဝင်ရောက်လာသောအာရုံများကို မယူခြင်း (သို့) အာရုံတစ်ခုကို တစ်ခုချင်းသာ ခံစားမှတ်ယူနိုင်သော ဦးနှောက်၏ အလုပ်လုပ်ပုံအရည်အသွေးကို အသုံးချသော အာရုံတစ်ခုပေါ်မှာသာ သံမှိုစွဲထားနိုင်အောင်ကြိုးစားခြင်းဟူသော (Meditation) ဖြင့် တားဆီးနိုင်သည်။ ထို သံမှိုစွဲထားသော အာရုံတစ်ခုကို ရွေးချယ်ရာ၌ ထိုအာရုံမှ နောက်တစ်ဆင့် စိတ်ရိုင်းများ (သို့) စိတ်လှုပ်ရှားမှုများ (သို့) စိတ်ခံစားမှုများ ထပ်မံမပေါ်ထွက်စေရန် အခြေခံစဉ်းစားရွေးချယ်နိုင်လျှင် စိတ်ရိုင်း (Emotion)များ မပေါ်ထွက်နိုင်။ သို့ဖြစ်လျှင် မနောကံဖြစ်မှု အလွန်လျော့ကျသွားသည်ကို သိပ္ပံနည်းကျ လေ့လာ၍ရသည်။ မနောကံဖြစ်မှု နည်းပါးလာလျှင် ဝစီကံနှင့် ကာယကံတို့ အလွယ်တကူ မဖြစ်လာတော့။ စိတ်လုံခြုံခြင်း (သို့) စိတ်တည်ငြိမ်ခြင်းကိုပြန်သွားသော် စိတ်လုံခြုံခြင်းသည် အသစ်အသစ်သော အာရုံများကို မှတ်နေခြင်း၊ သိနေခြင်းကိစ္စ မလျော့နည်းမချင်း စိတ်လုံခြုံခြင်းမဖြစ်။ အသစ်အသစ်သော အာရုံများကို ပို၍ထိတွေ့မှတ်သားနေလေလေ စိတ်တို့သည် ပို၍ မလုံခြုံလေဖြစ်သည်။ နောက်တစ်နည်း သိမှတ်ပြီးသား အသိများ၊ သိမှုများနှင့် ကြုံတွေ့သည့် အချိန်များ (သို့) ထပ်မံ၍ မှတ်သားသိမှုဖြစ်ရန် မလိုလားသော အခြေအနေများတွင် စိတ်၏ ငြိမ်သက်မှု၊ လုံခြုံမှု ရရှိသည်။ ဥပမာ နေနေကျ ပတ်ဝန်းကျင်၊ မြင်နေကျ အရာဝတ္ထုများ၊ လူသူများကို တွေ့မြင်ရလျှင် စိတ်လုံခြုံ၏။ ပတ်ဝန်းကျင် အသစ် (သို့) မြင်တွေ့နေကျ အရာဝတ္ထုများနှင့် လူသူများမဟုတ်သည့်

ပတ်ဝန်းကျင်ကို ရောက်လျှင် စိတ်တို့မလုံမခြုံဖြစ်လာသည်။ မတည်မငြိမ် ဖြစ်လာသည်။ ထို့ကြောင့် စိတ်တို့ကို ပြန်လည်တည်ငြိမ်လာအောင် လူ၏ဦးနှောက်က ကြိုးပမ်းသည်မှာ (၂)လမ်းရှိ၏။ (၁)မှာ ၎င်းပတ်ဝန်းကျင်အသစ်ကို အချိန်နှင့်အမျှ အားလုံး သိရှိလာအောင် သိမှုဖွဲ့စည်းပုံများ တည်ဆောက်မိကာ သိမှုအသစ်များကို မှတ်ဉာဏ်အတွင်း နေရာချခြင်းဖြင့် သိမှုအသစ်များ၊ သိမှုအဟောင်းများဖြစ်လာကြခြင်းဖြစ်ဖြင့်လည်းကောင်း၊ (၂) ထိုပတ်ဝန်းကျင်မှ ထွက်ခွာခြင်းဖြင့်လည်းကောင်း ဖြစ်သည်။ ဤနည်း (၂)မျိုးဖြင့် သိမှုအသစ်များကို ကိုင်တွယ်ပြီးလျှင် ၎င်းသိမှုအသစ်များသည် မှတ်ခဲ့ပါက သိမှုအဟောင်းများဖြစ်ကုန်၍သော်လည်းကောင်း၊ မမှတ်မိလိုက်ပါက ၎င်းတို့၏စိတ်သည် စိတ်၏တည်ငြိမ်မှု (သို့) စိတ်၏ လုံခြုံမှု (Mental Equilibrium or Mental Security) ကို ပြန်လည်ရရှိခံစားရ၏။ (ဥပမာ မင်္ဂလာဆောင်ခန်းမထဲတွင် ရှိနေစဉ် လူတို့သည် စိတ်လုံခြုံမှု၊ တည်ငြိမ်မှု၊ အေးချမ်းမှုမရှိဖြစ်သည်။ သို့သော် မင်္ဂလာဆောင်ခန်းမမှထွက်၍ လွတ်မြောက်သွားသည်နှင့် စိတ်တို့ပြန်လည်အေးချမ်းလွတ်လပ် လုံခြုံသွားသည်)။ ဤသို့သောဖြစ်စဉ်တွင် မင်္ဂလာဆောင်ခန်းမတွင်း၌ ထိုင်နေစဉ် မိမိမသိသေးသောသူများပါက စိတ်တွင် မလုံခြုံခြင်း (သို့) စိတ်တည်ငြိမ်ပျက်ပြားခြင်း (သို့) စိတ်မအေးဆေးမှုဖြစ်ခြင်း ဖြစ်သည်မှ အသိအသစ်များထပ်မံ၍ မှတ်သားရန် အချိန်တာတိုသည်ကြောင့် တစ်ကြောင်း၊ ထိုသူများသည် မိမိဘဝအတွက် အသုံးမတည့်သည်က တစ်ကြောင်း ထိုအသိအသစ်များ အာရုံအသစ်များကို ထပ်မံမမှတ်လိုတော့၍ အမှတ် (၂)နည်းကို သုံးကာ စိတ်၏အေးချမ်းတည်ငြိမ်မှုကိုပြန်လည်ရယူရန် ဦးနှောက်က စေခိုင်းကြိုးစားချက်ဖြစ်သောကြောင့် မင်္ဂလာဆောင်များတွင် လူတစ်ဦးနှင့်တစ်ဦး တစ်ဝိုင်းတည်း ထိုင်နေကြသော်လည်း ဖြစ်နိုင်လျှင် တစ်ဦးနှင့်တစ်ဦး စကားပြောခြင်းမပြု။ တတ်နိုင်သရွေ့ ၎င်းတို့ဦးနှောက်များက ပတ်ဝန်းကျင်ကို မှတ်သားခြင်း မပြုခြင်းဖြင့် စိတ်သက်သာရာ (သို့) စိတ်လုံခြုံမှု (သို့) စိတ်အေးချမ်းတည်ငြိမ်မှု ရှာကြခြင်းဖြစ်သည်။

## ပတ်ဝန်းကျင်ပြောင်း၍ စဉ်းစားစေခြင်း၏ ကောင်းကျိုး

သို့ဖြစ်၍ နိယာမများက ကောက်ချက်ချသည်မှာ လူတို့၏ စိတ်တည်ငြိမ်အေးချမ်းမှု၊ သိမှတ်ပြီးသား အဟောင်းအဟောင်းသောပတ်ဝန်း ကျင်တွင် နေနေသရွေ့

ဆက်လက်ရှိနေပြီး အသစ်အသစ်သော သိမှုအာရုံများအား ထိတွေ့ရသည့်အခါ စိတ်တည်ငြိမ်မှု ပျက်ပြားသည်ဟုပင်ဖြစ်သည်။ လူတို့ စိတ်တည်ငြိမ်မှုပျက်ပြားလျှင် ပထမဆုံး အလိုအလျောက်တုံ့ပြန်ချက်မှာ စိတ်ကို တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ ဥပမာ လူတစ်ဦးသည် အလုပ်တစ်ခုကိုလာရောက်သည့်အခါ ၎င်း၏စိတ်တို့သည် တည်ငြိမ်အေးချမ်းမှု ရှိနေသည်။ သို့ရာတွင် ၎င်းလာစဉ်က ၎င်းနှင့်အတူပါလာသော ဖိနပ်၊ အလုပ်မှပြန်အထွက်တွင် ဖိနပ်ပျောက်ခဲ့လျှင် လာစဉ်က ပြည့်စုံသည်ဟု ခံယူခံစားနေသော စိတ်၏အေးချမ်းမှုသည် မရှိနိုင်တော့။ လာစဉ်က ပုံစံနှင့်မတူသည့် ဖိနပ်မပါ (သို့) မရှိတော့သော သူ၏ဖွဲ့စည်းပုံကြောင့် (သို့) မတူသော အသစ်ဖွဲ့စည်းပုံကြောင့် ထိုသူ၏စိတ်တွင် တည်ငြိမ်မှု (Equilibrium) စတင် ပျက်ပြားသည်။ သို့ဖြစ်၍ ထိုသူသည် ထိုပျက်ပြားသွားသော တည်ငြိမ်မှုကိုပြန်လည် ရယူရန် အလိုအလျောက် စတင်ကြိုးပမ်းမည်။ ဖိနပ်ပျောက်ကို လိုက်ရှာမည်။ အလွန်လျင်မြန်တိုတောင်းသော အချိန်အတွင်းတွင် ဆုံးဖြတ်ချက်တစ်စုံ တစ်ရာ ဆုံးဖြတ်ရန်မလိုအပ်ဘဲ ဖိနပ်ပျောက်ကို အလိုအလျောက် ရှာမည်ဖြစ်သည်။ ထိုသူသည် မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ ရာထူးကြီးသည်ဖြစ်စေ ရာထူးငယ်သည် ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ပထမဦးဆုံးလုပ်မည့် အလိုအလျောက်တုံ့ပြန်ချက်မှာ ဖိနပ်ပျောက်ရှာခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ လူတို့သည် ရှိမြဲ၊ ရှိဆဲ ၊ သိပြီး ဖြစ်သော အာရုံများဖြင့် နေထိုင်ရာမှ အာရုံဖွဲ့စည်းပုံ ပုံစံအသစ်များနှင့် စတင်တွေ့ကြုံသောအခါ စိတ်၏တည်ငြိမ်မှုပျက်ပြားသည်။ ထို့ကြောင့် တည်ငြိမ်မှု (Equilibrium) ပြန်လည်ရရှိရန် အလိုအလျောက်ပြန်လည် ကြိုးစားသည်ဟူ၍ မှတ်ရမည်။ ထိုမှတစ်ဆင့် ဆက်လက်စဉ်းစားသော် ကျောင်းသား တို့သည် စာသင်ခန်း၌ ရှိနေစဉ်တွင် ၎င်းတို့၏လုပ်ငန်းများကို လုပ်ကိုင်ကြသောအခါ ၎င်းတို့၏ ဦးနှောက်တွင်းမှတ်ဉာဏ် (သို့) အလုပ်လုပ်သောမှတ်ဉာဏ်တွင်းအလုပ် အတွေးအလုပ်များ လုပ်ကြစဉ် စိတ်ပတ်ဝန်းကျင်သည် တည်ငြိမ်သော စိတ်ပတ်ဝန်း ကျင်ဖြစ်နေရမည်ဟုဆိုသည်။ သို့မှသာ အလုပ်လုပ်သောမှတ်ဉာဏ်တွင်း လုပ်ငန်း စဉ်များ အောင်မြင်မည် (သို့) မှတ်မိသည် (သို့) ရေရှည်မှတ်ဉာဏ်တွင် နေရာချ သိမ်းဆည်း၍ရမည်။ သို့ဖြစ်၍ ကျောင်းသားက ၎င်း၏စိတ်အား တည်ငြိမ်ရပ်ဝန်း (Equilibrium State) တွင် ထားထားရန်လိုသည်။ ထို့ကြောင့် ကျောင်းသားတို့အား


၄င်းတို့၏ စာပေလေ့လာရာနေရာများဖြစ်သည့် ၄င်းတို့ပတ်ဝန်းကျင်နှင့် အိမ်များတွင် စာပေလေ့လာသိစရာများ မှတ်သားကြရာတွင် နေ့စဉ်လုပ်ကိုင်ကြရင်း အကျွမ်းတဝင်ဖြစ်လာသည်။ ပတ်ဝန်းကျင်တွင် ပိုမို၍ လေ့လာမှတ်မိပြီး အောင်မြင်မှု ရရှိမည်။ သို့သော် ၄င်းမှတ်သား သိမ်းဆည်းထားသော အသိ၊ သိမှု၊ အတွေ့အကြုံ အဖုံဖုံကို ပြန်လည်အသုံးပြု (Recall)သည့်အခါ မည်သည့်ပတ်ဝန်းကျင်မျိုးတွင် ပြန်လည်ထုတ်နှုတ်အသုံးပြုရန်ရှိသည်ကို ကြိုတင်မသိနိုင်သည်ကို တွေ့ရမည်။ သို့ဖြစ်၍ ဆရာများက ကျောင်းသားများစိတ်တည်ငြိမ်ခြင်းဖြင့် ရယူသိမ်းဆည်းထားသော သိမှုများကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် ပြန်လည်ထုတ်နှုတ်သုံးစွဲရန်လိုသည်ဖြစ်စေ ထုတ်လွယ်၊ နှုတ်လွယ်ဖြစ်စေရန် ပတ်ဝန်းကျင်မျိုးစုံတွင် ထုတ်လွယ် နှုတ်လွယ်ဖြစ်စေရန်ရည်ရွယ်၍ သိမှုပြန်ထုတ်ခြင်းဖြစ်စဉ်ကို ပြောင်းလဲရန် တွေ့ကြုံပေးခြင်းဖြင့် ပတ်ဝန်းကျင်ပြောင်းလဲ၍ ပြန်လည်ထုတ်သုံးစေခြင်းကို လေ့ကျင့်ပေးရန်ဖြစ်သည်။ ထို့ကြောင့် ရေးဖြေစာမေးပွဲများဖြင့်လည်းကောင်း၊ နှုတ်ဖြေများဖြင့် လည်းကောင်း၊ ခရီးများထွက်၍ လေ့ကျင့်ခြင်းဖြင့်လည်းကောင်း၊ ဓာတ်ခွဲခန်းများတွင် စစ်ဆေးခြင်းဖြင့်သော်လည်းကောင်း၊ အိမ်စာများပေး၍သော်လည်းကောင်း၊ ကာလရှည် ပရောဂျက်များ၊ တာဝန်ပေးအလုပ်ပေးမှု (Assignment) များ ပေး၍သော်လည်းကောင်း၊ လက်တွေ့ပြန်လည်လုပ်စေ၍သော်လည်းကောင်း (အားကစား)၊ သိမှုများကို ရယူသိမ်းဆည်းစဉ်နှင့် မတူသော ပတ်ဝန်းကျင်များတွင် ပြန်လည်ညှစ်ထုတ်တတ်လာစေရန် လေ့ကျင့်ကြရခြင်းဖြစ်သည်။ ထို့ကြောင့် စာမေးပွဲကြီးများ စစ်ဆေးလျှင်ပုံမှန်အတန်းများ၌ မစစ်ဆေးဘဲ ပတ်ဝန်းကျင် ပြောင်းလဲ၍ စစ်ဆေးကြရခြင်းဖြစ်သည်။

## ပုံရိပ်နွှယ်များ ကူးယူခြင်း

Mental Equilibrium ခေါ် စိတ်၏တည်ငြိမ်မှုကို ရရှိစေရန် ဖန်တီးရာတွင် Habituation နိယာမက ဆိုသည်မှာ လူတို့၏ အာရုံခံအင်္ဂါများသို့ တရစပ် အမြဲမပြတ် ဝင်ရောက်နေသော အာရုံများကို လူတို့ကမပြတ်တမ်းမှတ်ယူကာ သိမှုဖွဲ့စည်းပုံများအဖြစ် သိမ်းဆည်းပြီးနောက် ထိုသူတို့သည် ဤသို့သိမ်းဆည်းပြီး သိမှုများနှင့်တွေ့ကြုံတိုင်း စိတ်တည်ငြိမ်မှုရှိသည်ဟု ဆိုသည်။ သို့ဖြစ်သောကြောင့် ကျောင်းသားတို့၏ဘဝတွင် မှတ်သားသိမ်းဆည်းထားသော ပတ်ဝန်းကျင်အမျိုးမျိုး

၏ ပုံရိပ်တို့သည် အရေးပါသောကဏ္ဍမှ အလုပ်လုပ်ပေးနေသည်ကို တွေ့ရမည်။ ဆိုလိုသည်မှာ ကျောင်းသားဘဝတွင် (သို့) သိမှုများကို မှတ်သားပြုစုနေသော ဘဝ၏အစတွင် လေ့ကျင့်သိရှိနေသောသိမှုများနှင့် အချိန်ကာလအားဖြင့် မတိမ်းမယိမ်းတွင် (Chronologically Appropriate) ပတ်ဝန်းကျင်မျိုးစုံတို့ ပူးတွဲ၍ မှတ်တမ်း ပြုထားခြင်း (သို့) သိမှုဖွဲ့စည်းပုံရှိထားခြင်းကြောင့် မိမိထုတ်နှုတ်သုံးစွဲလိုသော သိမှုများကို ပြန်လည်ထုတ်သုံးခြင်း (Recall)ကို ပြုလုပ်သည့်အခါ မည်သည့်ပတ်ဝန်းကျင်တွင်မဆို ပြန်၍ထုတ်ယူနိုင်မှု ရာနှုန်းများနိုင်သည်ထက်များလာနိုင်စေရန် ဖြစ်သည်။ ရာနှုန်းပြည့်နီးပါး ပြန်လည်ထုတ်ပေးနိုင်သည့် ပတ်ဝန်းကျင်မှာ ၎င်းသိမှုကို ရယူစဉ်ကပတ်ဝန်းကျင်တွင်ဖြစ်သည်။ သို့ရာတွင် အချိန်ကာလ မတိမ်းမယိမ်းအတွင်း အလားတူမှတ်သားထားသော သိမ်းဆည်းထားသော သိမှုပတ်ဝန်းကျင် (သို့) ပတ်ဝန်းကျင်ဆိုင်ရာ သိမှုများကလည်း ၎င်းတို့နှင့် အချိန်ကာလ မတိမ်းမယိမ်းအတွင်း၊ နေရာကွဲများ၌ သိမ်းဆည်းထားသော သိမှုများကို ပြန်လည်ထုတ်နှုတ် အသုံးပြုခြင်းဖြစ်စဉ်တွင် ရာခိုင်နှုန်းတစ်ခုအထိ အထောက်အပံ့ပေးသည်ကို တွေ့ရသည့်အပြင် အားပြုကူညီပေးသည်ကို တွေ့ရ၍ ကျောင်းသားများ ကျောင်းသားဘဝတွင် သူငယ်ချင်းများနှင့်အတူ ခရီးထွက်စေခြင်းများ လုပ်ကိုင်စေခြင်းသည် ဤကဲ့သို့ သိမှုများထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်မျိုးစုံ၌ ပြန်လည်ထုတ်ယူနိုင်အား ကောင်းမွန်စေရန် ရည်မှန်း၍ လေ့ကျင့်ခိုင်းခြင်းပင် ဖြစ်သည်။ သို့ရာတွင် မိဘအချို့ ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းသောအခါ ထိုမိဘတို့၏ ကလေးများပင် နစ်နာ ကြရသည်ဖြစ်၍ ကျောင်းက စီစဉ်ပေးသော ခရီးသည် ရောက်ဖူးပြီးသားဖြစ်၍ မထည့်တော့သည်ကိုလည်း တွေ့ရသည်။ ရောက်ဖူးပြီးသည်မှာ မိဘတို့နှင့်ဖြစ်သည်။ မိသားစုနှင့် အကြိမ်တစ်ထောင်ပင် သွားသည်ဖြစ်စေ သူငယ်ချင်း အတန်းဖော် တို့နှင့် သွားခြင်းနှင့်မတူ။ သူငယ်ချင်းများသည် (Classical Conditioning) နိယာမအဆိုအရ ရှင်းရသော် ခေါင်းလောင်းလေးများ(The Bell)ဖြစ်လာသည်။ အတန်းတွင်းလေ့လာသော သိမှုမှတ်သားသိမ်းဆည်းမှုများကို သိမ်းဆည်းစဉ်က သူငယ်ချင်း အတန်းဖော်များသည် မှတ်သားမှုသိမ်းဆည်းခြင်း ပတ်ဝန်းကျင်ရှိ ပုံရိပ်နွယ်များဖြစ်သည်။ ထို့ကြောင့် ခရီးသွားသည့်အခါ၊ ကျောင်းကစီစဉ်၍ ခရီးထွက်သည့်အခါ ထိုပုံရိပ်နွယ်များသည် အတန်းတွင် လေ့လာမှတ်သားသိမ်းဆည်းထားသော သိမှုများနှင့် ၎င်းတို့

လေ့လာရေးခရီးသွားရာ ဒေသနှင့်စခန်းတို့၏ ပုံရိပ်များကြားတွင် ဆက်သွယ်ပေးသော ဆက်သွယ်မှုပုံရိပ် (Connector Model) များဖြစ်လာကြခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ ပတ်ဝန်းကျင်အသစ်များကို တိုက်ရိုက်တွဲဖက်၍ မရသော်လည်း တစ်ဆင့်ခံတွဲဖက်လျှင်လည်း ၎င်းသည် ဒုတိယတန်းစားသိမှု ပံ့ပိုးအရန်ပတ်ဝန်းကျင်ခေါ် (Secondary Peripheral Perception) များအဖြစ် မူလအတန်းတွင်း မှတ်ယူသိမ်းဆည်းထားသော သိမှုဖွဲ့စည်းပုံများဖြစ်သည်။




စာပေသင်ခန်းစာများမှရရှိသော သိမှုဖွဲ့စည်းပုံများနှင့် ခရီးသွားပတ်ဝန်းကျင် (သို့) ပြောက်သောက် ပတ်ဝန်းကျင်များ တစ်ဆင့်ခံပူးတွဲကာ ဒုတိယတန်းစား အထောက်အကူပြု ပတ်ဝန်းကျင်အဖြစ် ချဲ့ထွင်ခြင်း (Expansion of Peripheral Perception) ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုအချက်ကို ကောင်းစွာနားလည်မပေးနိုင်သော မိဘအချို့က ၎င်းတို့၏ကလေးများကို ကျောင်းမှစီစဉ်သောလေ့လာရေးခရီးစဉ်တွင် လိုက်ခွင့်မပြုသောအခါ ၎င်းကလေးများ၏ သိမှုအထောက်အကူပြုပတ်ဝန်းကျင်သည် ကျဉ်းမြောင်းသဖြင့် ကျယ်ပြန့်သောသိမှုအထောက် အကူပြုပတ်ဝန်းကျင်ကို ချဲ့ထွင်ရယူပြီးဖြစ်သည့် ကျောင်းသားလောက်၎င်းတို့ အသီးသီးတို့၏ သိမ်းဆည်းရယူထားသော အတွေ့အကြုံများကို ပြန်လည်ထုတ်နှုတ် သုံးစွဲသောအခါ ထိရောက်မှု လျော့ပါးလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျောင်းသားများအား မိဘများက ကျောင်းကစီစဉ်ပေးသော လေ့လာရေး ခရီးစဉ်များလွှတ်ခြင်းကို ခွင့်ပြုပေးသင့်သည်။ လေ့လာရေးခရီးများကိုလည်း ကျောင်းများမှ တတ်နိုင်သည့်နည်းဖြင့် စီစဉ်ပေးနိုင်ကြရန်လိုသည်။

အဆက်မစပ်မရှိသော သတင်းအချက်အလက်နှင့် အဆက်အစပ်ရှိသော သတင်းအချက်အလက်သိမှု (၂) ခုကို နားလည်ရန်လိုသည်။ ကျောင်းသားက

ကျက်မှတ် (အလွတ်ကျက်မှတ်) လိုက်သော သတင်းအချက်အလက်တို့သည် ၎င်း ကျောင်းသား ယခင်ကသိထားပြီးသော သိမှုအချက်အလက်များနှင့်ပူးတွဲ၍ ထပ်မံ သိခြင်းမျိုးမဟုတ်ဘဲ၊ ဆက်စပ်ယူထားမှုမရှိဘဲ အလွတ်ကျက်မှတ်ရသည့် သတင်း အချက်အလက်အကြောင်းအရာများဖြစ်ပါက ဤကဲ့သို့သော သိမှုသတင်းအချက် အလက်တို့ကို ရေရှည်မှတ်ဉာဏ်တွင် နေရာချသည့်အခါ ချွန်းဒင်းဒရိုက်ဖွဲ့စည်း ပုံအဖြစ်နေရာချသည်။ သို့တည်းမဟုတ် ၎င်းကျောင်းသားအလွတ်ကျက်မှတ်ရသော သတင်းအချက်အလက်အကြောင်းအရာ တို့ကို ယခင်သိပြီးထားသော အကြောင်း အရာများနှင့် ဆက်စပ်၍ ကျက်မှတ်ရခြင်းဖြစ်ပါက နောက်ထပ်သတင်းအချက် အလက်အသစ်တို့ကို ရေရှည်မှတ်ဉာဏ်တွင် သီးခြားနေရာချခြင်းမဟုတ်ဘဲ ယခင် သိမ်းထားပြီးသားချွန်းဒင်းဒရိုက်ဖွဲ့စည်းပုံတို့နှင့် ဆက်စပ်၍သာ သိမ်းဆည်းသိုမှီး သည်။ သို့ဖြစ်၍ ကျောင်းသားများအားလေ့ကျင့်ရာတွင် အသစ်ထပ်မံအသုံးပြုရ သော အကြောင်းပြချက်များကိုပါ မှတ်မိစေရန်အတွက် ဆရာတို့က ယခင်ရှိပြီး (သို့) သိထားပြီးသော အကြောင်းအရာများကိုအခြေခံ၍ မိတ်ဆက်သင်ကြားခြင်း သည် သင်ကြားမှုစီမံချက် (Lesson Plan) ရေးဆွဲရာ၌ ပို၍သုံးရန်ကောင်းသော အချက်အလက်ဖြစ်လာသည်။ ကျောင်းသားတို့၏စိတ်တွင် စိတ်ဝင်စားမှုအရှိဆုံး၊ ၎င်းတို့သိပြီးသားများထဲတွင် ၎င်းတို့စိတ်ဝင်စားမှုအရှိဆုံး အကြောင်းအရာများကို အခြေပြု၍ လေ့ကျင့်ရန်အသုံးပြုသော အကြောင်းပြချက်အသစ်များကို တွဲဖက် ချိတ်ဆက်၍ အသုံးပြုရမည်။ သို့မှသာ ယခင်ကထင်ရှားစွာ သင်ထားသော အကြောင်းအချက်များနှင့် ဆက်စပ်၍ ထပ်မံဆက်သွယ်သိမ်းဆည်းမည်ဖြစ်ရာ ၎င်းအကြောင်းအရာများကို ပြန်လည်ထုတ်နုတ်သုံးစွဲလိုသည့်အခါ လွယ်ကူစွာ ပြန်လည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။ အဆက်အစပ်မရှိဘဲ ဦးနှောက်မှတ်ဉာဏ် သို့ဝင်ရောက်လာသော သတင်းအချက်အလက်များကို အင်္ဂလိပ်လို Isolated Cognitive Structure (ICS) ဟု ခေါ်ကြပြီး ယခင်သိပြီးသား မှတ်ပြီးသားအချက် အလက်များဖြင့် ချိတ်ဆက်၍ တွဲဖက်မှတ်ထားသော သတင်းအချက်အလက်များကို အင်္ဂလိပ်လို Homogeneous Cognitive Structure ဟု ခေါ်ကြသည်။ ICS တို့သည် ၎င်းတို့အားပြန်လည်ထုတ်ယူရာတွင် HCS များထက်ပို၍ ခက်ခဲသည်။ HCS များက ပြန်လည်ထုတ်ယူရန်လွယ်သည် (သို့) မှတ်မိလွယ်သည်။ သတိရလွယ် သည်။ ကျောင်းသားတို့ ၎င်းတို့သိပြီးသား အချက်အလက်များကို လွယ်လွယ်နှင့်

မှတ်မိခြင်း (သို့) မမှတ်မိခြင်းသည် ၎င်းအချက်အလက်များကို ဦးနှောက်၏ ရေရှည်မှတ်ဉာဏ်တွင် သိမ်းဆည်းနေရာချပေးစဉ် အခြေအနေများ ပေါ်တွင်မူတည် သည်။ သို့ဖြစ်၍ ဆရာများက ကျွန်ုပ်တို့ဦးနှောက်အလုပ်လုပ်ပုံကို လေ့လာကြရန် လိုပြီး ဦးနှောက်အလုပ်လုပ်ပုံအတိုင်း အဆင်ပြေအောင် သင်ကြားမှုစီမံချက် (LP) ကို ရေးဆွဲ၍ သင်ကြားရေးလေ့ကျင့်ပေးနိုင်လျှင် ကျောင်းသားများ မိမိတို့ကိုယ်တိုင် ကိုယ်တွေ့ လုပ်ကိုင်၍သိရသော အချက်အလက်များကို လွယ်ကူစွာပြန်လည် သတိရလာ နိုင်မည်ဖြစ်သည်။

## မှတ်ဉာဏ်အပေါ် နှောက်ယှက်မှုများ

ဆက်လက်၍ ဆရာနှင့်မိဘများ သိထားရမည့် လူ၏စိတ် (သို့) ဦးနှောက် ၏ အလုပ်လုပ်ပုံအချို့ကို ရေးသားမည်။ ရေရှည်မှတ်ဉာဏ်တွင် သိမှုများကို သိမ်း ဆည်းဖွဲ့စည်းပုံဖြစ်စဉ်သည် ရှည်ကြာခဲ့လျှင် မည်သို့သော အကျိုးသက်ရောက်မှုများ ဖြစ်မည်ကို လေ့လာမည်။ လူတစ်ဦးသည် စာလုံး (Letter) သုံးလုံးခန့်ကို မှတ်သား ရပါက ၎င်းသုံးလုံးခန့်ကို ပြန်လည်မှတ်မိရန် လွယ်ကူမည်ဖြစ်သော်လည်း စာလုံး (၈) လုံး (၁၀)လုံးခန့်ကို မှတ်သားကြလျှင် ပိုမိုခက်ခဲလာမည်။ ဆိုလိုသည်မှာ မှတ်ဉာဏ်တွင် သိမ်းဆည်းမှုဆောင်ရွက်ရာ၌ မှတ်စရာပမာဏများအား ကာလရှည် ကြာစွာ မှတ်သားကြလျှင် ကောင်းစွာမှတ်မိရန်ခက်သည် ဟူ၍ပင်ဖြစ်သည်။ ကာလ တိုမှတ်ထားသော အရာများကို မှတ်မိလွယ်သည်။ ကာလရှည်ကြာစွာ မှတ်သားရ သောအခါ ထိုကာလက ပြန်လည်အနှောင့်အယှက်ပေး၍ ထိုကာလရှည်ကြာစွာ မှတ်သားနေသော အချက်အလက်များကို ကောင်းစွာ သိမ်းဆည်းနိုင်ခြင်း မရှိသည် မှာ ကျွန်ုပ်တို့၏ ဦးနှောက်အလုပ်လုပ်ပုံများစွာရှိသည့်အနက် တစ်ခုအပါအဝင် ဖြစ်သည်။ ထိုဂုဏ်သတ္တိကို စိတ်ပညာစကားအရ (Retroactive Interference) အတိတ်ကာလ၏ ကာလရှည်နှောင့်ယှက်မှုဟု ခေါ်ကြသည်။ နောက်တစ်မျိုးမှာ ကာလတိုမှတ်တမ်းတင်သော သိမ်းဆည်းမှုများနှင့် ကာလရှည် မှတ်တမ်းတင်သော သိမ်းဆည်းမှုများကို ကာလခြား၍ ပြန်လည်ထုတ်ယူရာတွင် ကြား ကာလတိုလျှင် ပြန်လည်မှတ်မိလွယ်ပြီး ကြားကာလရှည်လျှင် ပြန်လည်မှတ်မိရန် ခက်ခဲသည်ဟူ၍ ပင်ဖြစ်သည်။ သို့ဖြစ်၍ မှတ်ဉာဏ်အတွင်း သိမ်းဆည်းမှတ်တမ်း တင်ထားသည် များကို ပြန်လည်ထုတ်ယူသောအခါ ကြားကာလ (Interval) ကြာရှည်ပါက

မှတ်မိရန်၊ ပြန်လည်ထုတ်ယူရန် ခက်ခဲသည်။ ၎င်းစိတ်၏ ဂုဏ်သတ္တိကို (Proactive Interference) ဟုခေါ်သည်။ ခြား၍ နှောင့်ယှက်ခြင်းဟု ခေါ်သည်။ ဤခြား၍နှောင့်ယှက်ခြင်းကြောင့်လည်း မှတ်မိခြင်း၊ မမှတ်မိခြင်းများ ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ မှတ်မိခြင်းနှင့် မမှတ်မိခြင်းကို ဖြစ်စေသော အချက်များတွင် အတိတ်အနှောင့်အယှက်နှင့် ခြား၍အနှောင့်အယှက်များ နှစ်မျိုးစလုံးပါသည်။ ထို့ကြောင့် ဆရာများက ကျောင်းသားများအား နားချိန်များပေးခြင်း (အချိန်တစ်ခုနှင့်တစ်ခုကြား ခြားပေးခြင်း) များ၊ စနေတနင်္ဂနွေ ကျောင်းပိတ်ရက် အနားပေးခြင်းများ၊ မိုးရာသီကျောင်းပိတ်ရက်၊ ဆောင်းရာသီကျောင်းပိတ်ရက်၊ နွေရာသီ ကျောင်းပိတ် ရက်များ စီစဉ်၍ အများပြည်သူ ပိတ်ရက်များတွင်ပါ နားစေခြင်းဖြင့် ထိုအနှောင့်အယှက်များ၏ရန်မှ ကာကွယ်ခြင်းဖြင့် ကျောင်းသားများ၏ သိမှုများကို ကောင်းစွာ ထုတ်ယူသုံးစွဲနိုင်စေရန် လေ့ကျင့်စေသည်။ သို့ရာတွင် မိဘများ၏ အလွန်အကျွံမျက်ကန်းအချစ်ကြောင့် ကလေးများအား ဆက်တိုက် ဆက်တိုက် စာသာဖတ်စေသောအခါ ကျူရှင်များတက်သောအခါ၊ အနား (Break) မရှိသည့်အတွက် လူ့ဦးနှောက်၏ RI နှင့် PI တို့၏ အနှောက်အယှက်ပေးမှုကို ကောင်းကောင်းကြီးခံရပြီး ငွေကုန်ကြေးကျ ခံ၊ အချိန်ကုန်ခံခဲ့ရသော လေ့လာရရှိ သည့် သိမှုများသည် ပျောက်ဆုံးကုန်ကြရတော့သည်။ သို့ဖြစ်၍ ကျောင်းသားများအားလုံး ကျောင်းပိတ်ရက်တိုင်းနှင့် နားနေ၊ ဆော့ကစား၊ မိမိတို့လုပ်ချင်သည်များ လုပ်နိုင်ရန် စီမံခွင့်ပြုပေးခြင်းသည် မိဘ၏ အကောင်းဆုံးသော ပူးပေါင်းဆောင်ရွက်မှု ဖြစ်သည်။ တရစပ်မပြတ် စာဖတ်ခိုင်း၊ ကျူရှင်တက်ခိုင်းနေသော မိဘများ၏ ပူးပေါင်းမှုသည် အကျိုးမပြုသော (Unhealthy Cooperation) သာဖြစ်၍ အကျိုးယုတ်ခြင်းကိုသာ ဖြစ်စေသည်။ ထို့အတူ ဆရာများသည်လည်း အတူပင်ဖြစ်၍ ဆရာများလည်း ကျောင်းသားများနှင့်အတူ နားရန်လိုသည်။ ယနေ့ခေတ်ဆရာများ အနားမရကြသောကြောင့် သင်ကြားရေးမဏ္ဍိုင် ယိမ်းယိုင်လာခဲ့ခြင်းဖြစ်သည်။ ဤနိယာမတရားက ဖော်ပြနေသည်။

ပညာရေးလေ့ကျင့်စဉ်များကို ဆရာမိဘ ကျောင်းသားတို့အတူတကွ ပူးပေါင်း ဆောင်ရွက်ကြရာတွင် သူ့တာဝန် ကိုယ့်တာဝန် အသီးသီးကို သဲကွဲစွာ သိရန်လိုသည်။ ပူးပေါင်းဆောင်ရွက်ခြင်းမှ ရရှိမည့် အကျိုးပြည့်မြောက်လာမည့် ရည်ရွယ်ချက်။ ဆိုလိုသည်မှာ ဆရာဘာလုပ်မည်၊ မိဘဘာလုပ်ရမည်၊ ကျောင်းသား

ဘာလုပ်ရမည်ကို သိရန်လိုသည်၊ ထိုသို့ဆောင်ရွက်ကြလျှင် ရလဒ်ဘာဖြစ်မည် စသည်တို့အား သဲသဲကွဲကွဲသိကြရန်လိုသည်။ သို့ဖြစ်၍ မိဘများအလိုရှိသော ဖြစ်စေချင်သောကလေးများ၏ အနာဂတ်ဘဝ အာမခံချက် (သို့) အောင်မြင်သော ကျန်းမာချမ်းသာသောပုဂ္ဂိုလ်များဖြစ်လာစေရေးကို သုံးဦးသုံးဖလှယ် ပူးပေါင်း ဆောင်ရွက်ကြရန်လိုသည်။ အထက်တွင်တင်ပြခဲ့သလို လက်တွေ့ဆောင်ရွက် ကြရာတွင် ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သော အနာဂတ်ဘဝအာမခံချက်ကို လေ့လာ ရန်လိုသည်။

## ဘဝအာမခံချက်ဆိုသည်မှာ အဘယ်နည်း

မည်သည်တို့သည် ကလေးတို့၏ အနာဂတ်ဘဝ အာမခံချက်ဖြစ်မည်နည်း။ မိဘ၏ ချမ်းသာကြွယ်ဝမှုလော။ မဟုတ်ပေ။ မိဘချမ်းသာသော်လည်း ဆင်းရဲနေသောသားသမီးများရှိသည် (သို့မဟုတ်) မိဘ၏အာဏာ (သို့) ဂုဏ်သည် သားသမီးများ၏ အနာဂတ်ဘဝအာမခံချက်လော။ မဟုတ်သေး။ အာဏာရှိ မိဘများမှ၊ ဂုဏ်ရှိမိဘများမှ ဆင်းသက်လာပြီး အာဏာမဲ့၊ ဂုဏ်မဲ့ဖြစ်နေသော သားသမီးများလည်းရှိသည်။ သို့ဖြစ်လျှင် ဂုဏ်ထူးများရရှိခြင်းလော (သို့) စာမေးပွဲများတွင် အမှတ်ကောင်းခြင်းသည်ရော ကျောင်းသား၏ အနာဂတ်ဘဝတွင် အာမခံချက် ရရှိပြီဟု ဆိုနိုင်ပြီလော။ မဟုတ်သေး။ (၁၀)တန်းတွင် ဂုဏ်ထူးများစွာ ရပြီး ဘဝတွင် အများအကျိုးမဆောင်ရွက်နိုင်သော၊ မအောင်မြင်သောသူများ များစွာ သို့တည်းမဟုတ် အခြားသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင် အသီးသီး ရှိနေကြသော ရှေ့နေများ၊ သူနာပြုများ၊ ကျောင်းဆရာများ ၊ စစ်သည်တော်များ၊ အင်ဂျင်နီယာများ စသည့် အသက်မွေးဝမ်းကျောင်း ပညာရှင်များ ဖြစ်လာလျှင်ကော ဘဝအာမခံချက်ဖြစ်ပြီလော။ မဟုတ်သေး။ တရားခံဖြစ်သွားသောရှေ့နေ ရှိသလို၊ ပစ္စည်းခိုးသော အင်ဂျင်နီယာလည်းရှိသလို လာဘ်စားသော တရားသူကြီးလည်းရှိ၏။ ထိုမကောင်းမှုအသီးသီးကို လူပုဂ္ဂိုလ်အသီးသီးတို့က ၎င်းတို့၏ ရာထူးဌာနန္တရ ဂုဏ်ဒြပ်တို့နှင့် မပတ်သက်ဘဲ လုပ်ခဲ့ကြသည်များ၏။ အကျိုးဆက်ကို သက်ဆိုင်သူ၊ ပြုသူတို့သာ ခံစားကြရ၍ ထိုပုဂ္ဂိုလ်များ၏ ဘဝတို့သည် မလှပတော့။ မိဘအများသည် သားသမီးများအား တရားခံဖြစ်သွားသော ရှေ့နေများ၊ ပစ္စည်းခိုးသော အင်ဂျင်နီယာများ၊ လာဘ်စားဘက်လိုက်သော

တရားသူကြီးများဖြစ်စေလိုကြမည် မဟုတ်။ သို့ဆိုလျှင် ဘဝအာမခံချက် (သို့) ဘဝတွင် သားသမီးတို့ ကျန်းမာချမ်းသာစွာနေနိုင်ရေးသည် ၎င်းတို့ ဘာကောင်ကြီးများ၊ ညာကောင်ကြီးများ ဖြစ်လာရန်မဟုတ်ဘဲ အခြားတစ်ခုခုဖြစ်မည်ဟု တွေးရန်လိုလာသည်။ ဘဝ အာမခံချက် (သို့) လူတို့ဘဝတွင် ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ နေထိုင်နိုင်ရေးသည် မည်သည့်အရာဖြစ်သနည်း။ ကောင်းမွန်သော အမှတ်များ၊ များစွာသော ဂုဏ်ထူးများ၊ ထိပ်တန်းရာထူးများ အားလုံးတို့သည် ဘဝကိုကျန်းကျန်းမာမာ ချမ်းချမ်းသာသာနေနိုင်အောင် အာမခံချက်မပေးလျှင် မိဘတို့ ၎င်းတို့၏ သားသမီးများအတွက် ဘယ်လမ်းကို လျှောက်ခိုင်းမည်နည်း ဆိုသည်က မိဘတို့အတွက် ထိုင်၍အချိန်ယူစဉ်းစားကြရန် လိုလာသည်။ စီးပွားရေးများကြောင့် အလုပ်ရှုပ်နေ၍၊ မအားလပ်၍ ဤကိစ္စအား အချိန်ပေးမစဉ်းစားဘဲ အများနည်းတူ နေ့များကို ဖြတ်သန်းနေခဲ့လျှင် သားသမီးတို့၏ အနာဂတ်သည် အထက်တွင် ရေးသားခဲ့သလို မရေမရာဘဝများပင် ဖြစ်နိုင်ခြေရှိသည်။ ဤသို့ မိဘများဘက်မှ ပျက်ကွက်ခဲ့ကြ၍ ယနေ့တွင် မရေမရာဘဝဖြင့် နေနေကြရသော သားသမီးများ မနည်း။ ပီပီပြင်ပြင်နေရာချပေးနိုင်ခဲ့ခြင်း မရှိ၍ ဘယ်နေရာမှ မရတော့။ လောကဇာတ်ခုံတွင် တစ်နေရာရရန်တော့လိုသည်။ ထိုတစ်နေရာ ရရှိရုံနှင့်မပြီး။ ဘဝတစ်လျှောက်လုံး ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ကြဖို့လိုသည်။ ဒါတွေ အလိုအလျောက်မဖြစ်နိုင်။ စီစဉ်လေ့ကျင့်မှ ရနိုင်မည်။ ဘာကို ဘယ်လို လေ့ကျင့်ရမလဲ။ ဘယ်လောက်အချိန်ကုန်မလဲ။ ဘယ်သူတွေက ဦးဆောင်လေ့ကျင့်ပေးမှာလဲ စသည်ဖြင့် လေ့လာရန်လိုလာသည်။ ဦးတည်ချက်ရှိရန် လိုလာသည်။ တွေးရိုးတွေးစဉ် 'ပညာတတ်ရမှာပေါ့' 'ပညာတတ်မှ လူရာဝင်မှာပေါ့' 'ငွေရှာနိုင်လာမှာပေါ့' 'ဂုဏ်ရှိမှာပေါ့' 'ပညာတတ်အောင် လုပ်မှရမှာပေါ့'။ ပညာတတ်အောင်ဆိုတာ ဘာပါလိမ့်။ သေချာစွာ သိရန်လိုသည်။ ပညာတတ်လာလျှင် ထိုပုဂ္ဂိုလ်ပညာတတ်တို့သည် ကျန်းမာချမ်းသာစွာ နေတတ်လာသည်ဟူ၍ ပြောရမည်။ ထို့ကြောင့် ကျန်းမာချမ်းသာစွာနေတတ်လာစေရန်ဆိုသည့်နေရာတွင် ပညာတတ်လျှင် အလိုအလျောက် ကျန်းမာချမ်းသာလာမည်မဟုတ်ဟု ဆိုလိုသည်ကို သတိပြုရန် လိုအပ်သည်။ လူတို့ပညာတတ်လာလျှင် ကျန်းမာချမ်းသာလာမည် မဟုတ်။ လူတို့ ပညာတတ်လျှင် ကျန်းမာချမ်းသာအောင်နေတတ်လာမည်ဟု ဆိုလိုသည်။ ကျန်းမာချမ်းသာအောင် နေတတ်သောသူများဖြစ်လာမည်ဟု

ဆိုလိုသည်။ ကျန်းမာချမ်းသာသောဘဝ တစ်ခုတွင် ထိုပုဂ္ဂိုလ်တို့သည် ၎င်းတို့၏ စိတ်လှုပ်ရှားမှုတို့အား အတိုင်းအတာထား ထိန်းကျောင်းနိုင်လာရန် လိုအပ်သည်။ ကျန်းမာချမ်းသာသော ဘဝတစ်ခုတွင် ပညာတတ်တို့သည် လူသုံးကုန်ထုတ်လုပ်ခြင်း (သို့) လူပတ်ဝန်းကျင်တွင် လိုအပ်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်လာနိုင်ခြင်းသည် ထိုပညာတတ်တို့၏ဘဝတွင် ကျန်းမာချမ်းသာအောင် နေတတ်လာစေရေးအတွက် အခရာကျလာသည်။ ထိုကိစ္စများ၊ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အခြေခံ မရှိမဖြစ်လိုအပ် သောအရာမှာ အသိဉာဏ် (သို့) စဉ်းစားနိုင်သော စိတ်စွမ်းရည်ဖြစ်သည်။ သို့ဖြစ်၍ ဘဝအာမခံချက်ဆိုသည်မှာ အသိဉာဏ်ရှိလာစေရေးပင်ဖြစ်သည်။ အသိဉာဏ်ရှိလာစေရန်လေ့ကျင့်ရာမှ ဘဝအာမခံချက် ရလာမည်။ ကျန်းမာချမ်းသာစွာနေထိုင်တတ်လာမည်။ သို့ရာတွင် ထိုအရည်အသွေး လက္ခဏာများကို ရရှိ လာစေအောင် လေ့ကျင့်ရာတွင် ဆရာများက အကြောင်းပြချက်များစွာကိုသုံး၍ အောင်မြင်အောင်လေ့ကျင့်ပေးပါသည်။ အကြောင်းပြချက်ကို အင်္ဂလိပ်လို Subject ဟု ခေါ်သည်။ ဉာဏ်စဉ်များရရှိလာစေရန် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊သိပ္ပံ၊ ပထဝီ၊ သမိုင်း စသည်တို့ကို အကြောင်းပြ၍ ကျန်းမာချမ်းသာစွာ နေနိုင်ရေးအတွက် လိုအပ်သော စိတ်လက္ခဏာ၊ ရုပ်လက္ခဏာများကို လေ့ကျင့်တည်ဆောက်ကြရ၏။ ထို့ကြောင့် လေ့ကျင့်စဉ်တွင်အသုံးပြုရသော မရှိမဖြစ်လိုအပ်သည့် အကြောင်းပြချက်များ (Subject) တို့သည် တစ်ကဏ္ဍ၊ မိဘနှင့်ဆရာတို့၏ ရည်မှန်းချက် ဖြစ်သော ကလေးများ၏ဘဝ အာမခံချက် ဖြစ်သော ကျန်းမာချမ်းသာစွာ နေနိုင်ရေးလေ့ကျင့်မှုသည် တစ်ကဏ္ဍဟူ၍ ကဏ္ဍနှစ်ရပ် ပါဝင်လာသည်။ စုစုပေါင်း နှစ်ရပ်ပဲရှိပါသည်။ ရောထွေးမှုမရှိရန် အမြဲသတိချပ်ရမည်။ (၁) အကြောင်းပြချက် (Subject)များ၊ (၂) ကျန်းမာ ချမ်းသာစွာ နေနိုင်ရေးအတွက် လေ့ကျင့်မှုတို့တွင် မည်သည့်ကဏ္ဍက ပိုအရေးကြီး သည်ကို မေးစရာမလို။ (၁) သည် မရှိမဖြစ် အသုံးတည့်သော်လည်း (၂)က ပို၍အရေးကြီးသည်။ (၂)ကို မျက်ခြေပြတ်၍ မရ။ (၂) ပျက်ယွင်း ထိခိုက်၍မရ။ (၁)ကိုလည်း၊ အကြောင်းပြချက် (Subject)များ ကိုလည်း သုံးရဦးမည်။ သူမပါဘဲလည်း (၂)မရနိုင်။ မအောင်မြင်နိုင်။ ကျန်းမာချမ်းသာစွာ နေထိုင်ရေး လေ့ကျင့်စဉ်များ မအောင်မြင်နိုင်။

## Subject - Object Theory and Definition

လူတို့သည် မည်သည့်အမှုကိစ္စကိုပြုသည်ဖြစ်စေ မိမိပြုလိုသော ကိစ္စ (သို့) ရည်ရွယ်ရင်းရှိသည်ဖြစ်သည်။ ၎င်းကို အင်္ဂလိပ်လို Object ဟုခေါ်သည်။ မိမိ၏ ရည်ရွယ်ချက်ဖြစ်သော Object ကိုအောင်မြင်အောင် ဆောင်ရွက်စေနိုင်ရန် အကြောင်းပြချက် တစ်စုံတစ်ရာ ရှာဖွေ၍ (သို့) Subject တစ်ခု (သို့) တစ်ခုထက် ပိုသော Subject ရှာ၍ Object ကိုရအောင် လုပ်ကြရသည်။ မည်သည့်ကိစ္စတွင် မဆို ဤသဘောတရားအတိုင်း ဖြစ်ပျက်နေသည်။ Object ရရှိရေး အောင်မြင်ရေး အတွက် အစဉ်ပြေချောမွေ့စေရန် Subject မပါဘဲမဖြစ်နိုင် Subject ပါမှ ချောမွေ့ သည်။ အောင်မြင်သည်။ ဥပမာ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို ခင်မင် လိုသည်။ ထိုအမျိုးသား၏ ရည်ရွယ်ရင်း Object သည် ခင်မင်လိုခြင်းဖြစ်သည်။ ခင်မင်မှုရယူရန် နည်းလမ်း (၂)လမ်းရှိသည်။ (၁) ခင်မင်လိုသည်ဟူသော Object ကို တိုက်ရိုက်ပြောဆိုရယူခြင်း။ (၂) အကြောင်းပြချက် (Subject) ရှာ၍ ရယူခြင်းတို့ဖြစ်သည်။ (၁) ကဆိုလိုသည်မှာ ထိုအမျိုးသားမှ အမျိုးသမီးကို တိုက်ရိုက်ပြောဆိုခြင်း၊ ဥပမာ ကျွန်တော်ခင်ဗျားကို ခင်မင်လိုပါသည်ဟု တိုက်ရိုက် ပြောဆိုခြင်းဖြင့် ခင်မင်မှုတိုးပွားအောင် ကြိုးစားမှု (သို့) Object ကို တိုက်ရိုက် တောင်းဆိုရယူရန် ကြိုးပမ်းခြင်းနှင့် (၂) အကြောင်းပြချက်ရှာ၍ ခင်မင်မှု Object ကို ရယူရန်ကြိုးပမ်းခြင်း၊ ဥပမာ အမျိုးသားသည် အမျိုးသမီးကို နှင်းဆီပန်းတစ်ပွင့် လက်ဆောင်ပေးသည်။ အမျိုးသားသည် ပထမ (၁) နည်းတွင်ကဲ့သို့ ခင်မင်လို ကြောင်း တိုက်ရိုက်မပြော။ ခင်ဗျားအတွက် နှင်းဆီပန်းယူလာသည် ဟုသာပြော၍ ပေးသည်။ ခင်မင်လိုကြောင်း တစ်လုံးတစ်ပါဒမှ မပြော။ ဤကိစ္စတွင် အမျိုးသား ၏ ရည်ရွယ်ရင်း (သို့) Object သည် ခင်မင်လိုရင်း (သို့) ခင်မင်မှုတိုးပွား လာအောင်ကြိုးပမ်းခြင်းဖြစ်သည်။ ဆိုလိုရင်းကို (၁) နည်းတွင်ကဲ့သို့ တိုက်ရိုက် မလုပ်ကိုင်ဘဲ၊ မဆောင်ရွက်ဘဲ နှင်းဆီပန်းကိုအကြောင်းပြု၍ ထိုအမျိုးသား အဓိက လိုချင်သော အမျိုးသမီးထံမှ ခင်မင်မှုကို တရွေ့ရွေ့တည်ဆောက်ခြင်းကို တွေ့ရ သည်။ ၎င်းနှင်းဆီပန်းပေးခြင်းသည် အမျိုးသား၏ ရည်ရွယ်ရင်းမဟုတ်။ ရည်ရွယ် ချက်၊ ရည်ရွယ်ရင်း၊ ရည်မှန်းချက်သည် အမျိုးသမီးအား နှင်းဆီပန်းပေးလိုသည်

မဟုတ်။ ခင်မင်မှုတိုးပွားရေးသည်သာ အမျိုးသား၏ ရည်ရွယ်ချက်ဖြစ်သည်။ ထို ရည်ရွယ်ချက် **(Object)** ကို ကျွန်တော် ခင်ဗျားနှင့် ခင်မင်မှုလိုချင်ပါသည်ဟု တိုက်ရိုက် ကြိုးပမ်းခြင်းမပြုဘဲ နှင်းဆီပန်းဟူသော အကြောင်းပြုချက် **(Subject)** ကို အသုံး ပြု၍ အဓိကလိုရင်းဖြစ်သော ခင်မင်မှုကို တည်ဆောက်ခြင်းသည် ချောမွေ့သော ပိုမိုလက်တွေ့ကျနီးစပ်သော ဆောင်ရွက်ချက်ဖြစ်လာသည်။ နှင်းဆီပန်းသည် အကြောင်းပြုချက်သာဖြစ်သည်။ သူမပါလျှင်လည်း မချောမွေ့နိုင် (သို့) ချောမွေ့စွာ မအောင်မြင်နိုင်။ သူပါမှရမည်။ သူ့ကို အကြောင်းပြု၍ ကြိုးပမ်းလျှင် ထိုအမျိုး သား၏ ရည်ရွယ်ချက် ပြည့်ဝမည်။ ပြန်လည်စုစည်းလိုက်လျှင် မည်သည့်အလုပ် ကိုလုပ်သည်ဖြစ်စေ ရည်ရွယ်ရင်း **(Object)** နှင့် ရည်ရွယ်ရင်းအောင်မြင်စေရန် အကြောင်းပြုရသော အကြောင်းပြုချက် **(Subject)** ဟူ၍ရှိသည်။ (၂)မျိုးစလုံး အရေးပါသည်။ တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးပြုကြသည်။ **Object** ကိုအောင်မြင်ရေးအတွက် **Subject** ပါမှ ရသည်။ သို့ရာတွင် ပြုလုပ်သူတို့ မျက်ခြေမပြတ်ရန်မှာ မိမိတို့၏ ရည်ရွယ်ရင်း **(Object)** ဖြစ်သည်ကို ကောင်းစွာ (ကောင်းစွာ) သိနေရမည်။ အရေးကြီးသည်။ လွယ်မယောင်နှင့် မိမိရည်ရွယ်ရင်း **(Object)** ရည်ရွယ်ရင်းပျောက်သွားသူများ များစွာရှိသည်ကို တွေ့ရ၍ ဤသို့ သတိပေး၏။ ဤနှင်းဆီပန်းဥပမာတွင် ထပ်မံဖြည့်စွက်စဉ်းစားကြည့်မည်။ အကယ် ၍ အမျိုးသားသည် ၎င်း၏ရည်ရွယ်ရင်းဖြစ်သော ခင်မင်မှုတိုးပွားရေးကို ဦးစား မပေးဘဲ ၎င်း၏အာရုံကို နှင်းဆီပန်းတွင် ပိုလာလျှင် (သို့) နှင်းဆီပန်းဟူသော အကြောင်းပြုချက်ကို လိုသလောက်မသုံးဘဲ လိုသည်ထက်ပို၍သုံးလျှင် (သို့) လိုသည်ထက်ပို၍နေရာပေးလျှင် (သို့) လိုသည်ထက်ပို၍ အားပြုလျှင်၊ ဆိုလို သည်မှာ နှင်းဆီပန်းကို တစ်ပွင့်နှစ်ပွင့်ခန့်မဟုတ်ဘဲ အကြောင်းပြုချက်ကို အလွန် အကျွံ အသုံးချခြင်းကိုပြုသော်၊ ဥပမာ- နှင်းဆီပန်းတစ်ပွင့်နှစ်ပွင့် မဟုတ်ဘဲ နှင်းဆီပန်းအစည်းကြီးဖြင့် ချဉ်းကပ်ပေးအပ်ပါက အမျိုးသမီး၏အမြင် တစ်မျိုး ဖြစ်သွားနိုင်သည်။ ဥပမာမှာ ကဲ့သို့ မစဉ်းစားဘဲ နှင်းဆီပန်းစည်းကြီးကို လက်ခံချင်မှ လက်ခံတော့မည်။ တစ်ပွင့်၏အလုပ်လုပ်ပုံနှင့် နှင်းဆီပန်းတစ်စည်း၏အလုပ်လုပ် ပုံ ကွာဟမှုကြောင့် အမျိုးသမီးသည် ခင်မင်မှုထက် ဒီလူ ခပ်ကြောင်ကြောင်ပဲလား

ဟူ၍ သုံးသပ်နိုင်သည်။ နှင်းဆီပန်းတစ်ပွင့်သာ ပေးသောဥပမာသည် ယဉ်သည်။ နှင်းဆီပန်းချင်းတူသော်လည်း နှင်းဆီပန်းကိုအသုံးပြုသည်မှန်သော်လည်း၊ နှင်းဆီပန်းကိုအသုံးပြုမှုများသွားခြင်း (သို့) Subject ကိုဦးစားပေးခြင်း များသွားခြင်းသည် အမျိုးသား၏ ရည်ရွယ်ရင်း (Object) ဖြစ်သော ခင်မင်မှုကို မရနိုင်သည့်အပြင် ပြောင်းပြန်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်စေသည်။ ထို့ကြောင့် အကြောင်းပြချက်များကို သူ့နေရာနှင့်သူထား၍ အရေးပေးမှုတွင်လည်း ထိုက်တန်သလောက် ဦးစားပေးခြင်းသာ အကောင်းဆုံးဖြစ်သည်။ ဆိုလိုသည်မှာ မိမိရည်ရွယ်ရင်းကိုရမည်။ ကျွန်ုပ်တို့၏ ကျန်းမာချမ်းသာရေးလေ့ကျင့်စဉ်တွင် လည်း ထိုနည်းလည်းကောင်းပင် ကျန်းမာချမ်းသာသောဘဝကို နေတတ်အောင်လေ့ကျင့်ရာတွင် အကြောင်းပြချက်များဖြစ်သော ပထဝီ၊ သိပ္ပံ၊ သမိုင်း စသော အကြောင်းပြချက်များကို အသုံးပြု၍ လေ့ကျင့်ရသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ရင်းမှာ ကျွန်ုပ်တို့၏ ကလေးများ ကျန်းမာချမ်းသာစွာ နေတတ်လာစေရန်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ Object ဖြစ်သည်။ ပထဝီ၊ သိပ္ပံ၊ သမိုင်းတို့မှာ ကျွန်ုပ်တို့၏ အသုံးပြုသော အကြောင်းပြချက် (Subject) များဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့တွင် အထက်ဖော်ပြပါ ဥပမာကဲ့သို့ နှင်းဆီပန်းနှင့်တူသော ကျွန်ုပ်တို့အသုံးပြုနေသည့် Subject များကို လိုသလောက်သာ ဦးစားပေးနိုင်လျှင် လိုရင်းရောက်မည် (ဝါ) ကျွန်ုပ်တို့ကလေးများ ကျန်းမာချမ်းသာအောင် နေတတ်လာမည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့အသုံးပြုသော အကြောင်းပြချက်များဖြစ်သော ပထဝီ၊ သိပ္ပံ၊ သမိုင်းတို့အား လိုသည်ထက်ပို၍ ဦးစားပေးပါက လိုရင်းမရောက်နိုင်တော့သည်ကို စဉ်းစားကြရန်လိုသည်။ ပထဝီ၊ သိပ္ပံ၊ သမိုင်းဟူသော အကြောင်းပြချက် (Subject) များကို လိုသည်ထက်ပို၍ ဦးစားပေးခြင်းဆိုသည်မှာ ပထဝီ၊ သိပ္ပံ၊ သမိုင်း အစရှိသည့် အကြောင်းပြချက်များကို အကြောင်းပြု၍ စဉ်းစားခြင်းကို ကိုယ်တိုင်လေ့ကျင့်ခြင်းဖြင့် ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော စိတ်၊ ရုပ် လက္ခဏာများကို တည်ဆောက်ကြရန်ဖြစ်ပြီး ထိုသို့မဟုတ်ပါဘဲ ပထဝီ၊ သိပ္ပံ၊ သမိုင်း အစရှိသည့်အကြောင်းပြချက်များကို ဂုဏ်ထူးရရှိရေး၊ အမှတ်ကောင်းရေး စသည့် လိုအပ်သည်ထက်ပိုသော ဦးစားပေးမှုများဖြစ်လာပါက ကျွန်ုပ်တို့၏ လိုရင်း

ဖြစ်သော သားသမီးတို့ကျန်းမာချမ်းသာစွာနေတတ်စေရန်ဆိုသည့် အလွန်မွန်မြတ်သည့် အရေးကြီးသည့် ရလဒ်ရရှိတော့မည်မဟုတ်။ သေသေချာချာစဉ်းစားကြရန်ဖြစ်သည်။ ယနေ့ဖြစ်ပျက်နေသော ဖြစ်စဉ်များ ဤသို့ဟုတ်မဟုတ် သုံးသပ်ကြရန်ဖြစ်သည်။ ပထဝီ၊ သိပ္ပံ၊ သင်္ချာတို့တွင် အမှတ်ကောင်းစေရန် ရည်ရွယ်သည်များက များသည်။ ပထဝီ၊ သိပ္ပံ၊ သင်္ချာတို့ကို အမှန်တကယ်နားလည်၍ လူ့ဘဝတွင် အသုံးပြုရန်မဟုတ်။ အမှတ်ကောင်းလျှင်ပြီးရော အလွတ်ကျက်တော့သည်။ အရဖြေတော့သည်။ စာမေးပွဲစစ်ဆေးသည့် စနစ်ကလည်း အလွတ်ကျက်ထားသည်များကိုပဲ စစ်ဆေးသည့် နည်းစနစ်များဖြစ်နေခြင်းသည် မိဘနှင့်ကလေးများအား ဤကဲ့သို့သော လမ်းမှားခြင်းချောက်ထဲသို့ တွန်းချနေသလိုဖြစ်နေသည်။ ထို့ကြောင့် အမှတ်များရန်သာ ကြိုးစားကြရင်း (သို့) အကြောင်းပြချက်များကို လိုအပ်သည်ထက်ပို၍ ဦးစားပေးလာကြ၍ လိုရင်းဖြစ်သော သားသမီးများ ကျန်းမာစွာနေတတ်စေဖို့လေ့ကျင့်ရန်ကိုလုံးဝ မေ့လျော့သွားကြသည်။ အချို့ဆိုလျှင် သားသမီးများကို ကျောင်းထား၊ ကျောင်းတက်ပြီးလျှင် ကားပေါ်တွင် ထမင်းကျွေး၍ ကျူရှင်သို့ တန်းပို့။ ကျူရှင်ပြီးလျှင် အိမ်ရောက်သည်နှင့်ရေချိုး ထမင်းစားပြီး စာထပ်ကျက်။ ဂိုက်ခေါ်ပြီး ထပ်လုပ်။ စနေတနင်္ဂနွေတွင်လည်း ကျူရှင်များ တောက်လျှောက်။ ကျူရှင်တစ်ခုနှင့်တစ်ခုအကူးတွင် ကားပေါ်တွင် ထမင်းချိုင့်ဖြင့်ကျွေး။ ခွံ့ပင်ကျွေးလိုက်သေးသည်။ ကျူရှင်၊ ကျူရှင်၊ ကျူရှင်များဖြင့် ပြည့်နှက်နေသော စနေ၊ တနင်္ဂနွေများသည် ကျွန်ုပ်တို့တိုင်းပြည်၏ ရုပ်ဆိုးအကျည်းတန်သော မြင်ကွင်းများဖြစ်သည်။ တောက်လျှောက်မအားလပ်သော (သို့) အားလပ်မှုမရှိသော ကလေးများ၏ သိမှုတွင် RI (Retroactive Interference) ၏ နှောက်ယှက်မှုကြောင့် ၄င်းတို့ ပြန်လည်မှတ်မိရန်ခဲယဉ်းလှသည်။ မိဘအချို့ကလည်း ဤသို့ကြိုးစားမှ ဘဝအာမခံချက်ရမည်ဟု ယုံကြည်ဟန်တူသည်။ သို့သော် ဤသို့ ဤသို့ ကြိုးစားခဲ့ကြသော်လည်း ဘာမှဖြစ်မလာသည့် ကလေးများ ဒုနှင့်ဒေး။ ငွေကုန်လူပန်းဖြစ်သွားသောမိဘများ ဒုနှင့်ဒေးရှိခဲ့ပြီးဖြစ်သည်။ ရှိဆဲပဲဖြစ်သည်။ မပြောင်းလဲပါက ထပ်၍ထပ်၍ ရှိနေကြဦးမည်။ မိမိ၏ရည်မှန်းချက် (Object) ထက် ရည်မှန်းချက် အောင်မြင်ရေးအတွက် အသုံးပြုသော အကြောင်းပြချက် နှင်းဆီပန်းအား တစ်ပွင့်ချင်းမပေးဘဲ အစည်းလိုက်ပေးမိကြသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်ကုန်သည်။

လိုရင်းရည်ရွယ်ချက် ခင်မင်မှုမရသည့်အပြင် ခပ်ကြောင်ကြောင်သတ္တဝါဟုပင် အထင်ခံရသလို ပညာရေးနယ်ပယ်တွင်လည်း ကျန်းမာချမ်းသာစွာ နေတတ်လာစေရေးကို လေ့ကျင့်ပေးရန်ပျက်ကွက်ခြင်းကြောင့် ကျန်းမာအောင် မနေတတ်သောသူများ၊ ချမ်းသာအောင်မနေတတ်သောသူများ များများလာသည်။ ပြဿနာများ တစ်စတစ်စကြီးထွားလာပြီး တစ်ပြည်လုံး၏ပြဿနာ၊ နိုင်ငံရေးပြဿနာများ ဖြစ်လာတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရည်မှန်းချက်ဖြစ်သည့် ကျန်းမာချမ်းသာအောင်နေတတ်သော သားသမီးများဖြစ်လာစေရန်ကိုသာ ဦးစားပေး မျက်ခြေမပြတ် ဆောင်ရွက်သင့်ပြီး အသုံးပြုသော အကြောင်းပြုချက်များဖြစ်သော ပထဝီ၊ သိပ္ပံ၊ သမိုင်း၊ သင်္ချာတို့ကို သူ့နေရာနှင့်သူထား အသုံးပြုလျက် အကြောင်းပြုကာ ကျောင်းသားတို့ကိုယ်တိုင် တွက်ချက်စဉ်းစား၊ လေ့လာဆန်းစစ်၊ လက်တွေ့ပြုလုပ် အသုံးချခြင်းအတွေ့အကြုံများမှတဆင့် ဉာဏ်ရှိသော (သို့) စဉ်းစားတတ်သော ပုဂ္ဂိုလ်များဖြစ်လာစေရန် လေ့ကျင့်ပေးရန်သည် အရေးတကာ့အရေး အကြီးဆုံးဖြစ်သည်။

ပညာရေး၏ရည်မှန်းချက်သည် လူတို့အား လေ့ကျင့်ပေးရန်ဖြစ်သည်။ လူမှုအဖွဲ့အစည်း အလွှာ အသီးသီးတွင် မိမိတို့ အလုပ်ချင်ဆုံးလုပ်ငန်းကို လုပ်ကိုင်ရင်း အတူတကွအေးချမ်းစွာ နေထိုင်တတ်စေရန်၊ ထိုလူ့အဖွဲ့အစည်းက လက်ခံထားသော စည်းကမ်းဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုဘောင်တို့အတွင်း အပြန် အလှန်အကျိုးပြုနေတတ်စေရန် လေ့ကျင့်ပေးခြင်းသည် ပညာရေး၏ ရည်မှန်းချက် ဖြစ်သည်။

အကယ်၍ ဤပညာရေးရည်မှန်းချက်ကို မသိ၍ဖြစ်စေ၊ မေ့လျော့သွား၍ ဖြစ်စေ၊ မျက်ကွယ်ပြုမိ၍ လမ်းချော်တိမ်းစောင်းပြီး ၎င်းပညာရေး ရည်မှန်းချက်များကို အမြဲတမ်း သတိ၊ သမ္မဇဉ်ဖြင့် အာရုံချလေ့ကျင့်ပေးရမည့်အစား လေ့ကျင့်ပေးရာတွင် အသုံးပြုသော အကြောင်းပြုချက် (Subject) များဖြစ်သည့် ပထဝီ၊ သိပ္ပံ၊ သမိုင်း၊ သင်္ချာ စသည်တို့အား အာဂုံဆောင် အလွတ်ကျက်မှတ်မိ၍ ၎င်း Subject များတွင် အမှတ်များများရပြီး ဂုဏ်ထူးဟူသော မှားယွင်းသည့် ဂုဏ်ဒြပ်ကို ရရှိစေရေး အတွက် ဦးတည်၍ လေ့ကျင့်မည်ဆိုလျှင် စာသင်သားတို့ ၎င်းတို့ရရှိသင့်သည့် အသိဉာဏ်မျိုးစုံတို့ မဖြစ်ထွန်းပါဘဲ အကြောင်းပြုချက်

(Subject)များတွင် ထည့်သွင်းထားသော အကြောင်းအရာ ဇာတ်လမ်းဇာတ်အိမ်၊ အချက်အလက်များကိုသာ အလွတ်ကျက်၊ အလွတ်မှတ်မိမည်ဖြစ်၍ ၄င်းစာသင်သားတို့သည် အခြေခံပညာကို စာမေးပွဲများ၏ အဆုံးအဖြတ်တို့ဖြင့် ပြီးဆုံးအောင်မြင်မည်ဟုယူဆရန် ရှိသော်လည်း ၄င်းတို့၏အနာဂတ်ဘဝအတွက် လိုအပ်သည့် အခြေခံအသိဉာဏ်များ ဖြစ်ထွန်းစေမည့် လေ့ကျင့်မှု ပျက်ကွက်ခဲ့၍ အသိဉာဏ်မပါသော ပညာသိပုဂ္ဂိုလ်များ ဖြစ်မှန်းမသိဖြစ်လာတတ်၏။ အသိဉာဏ်မပါ၍ ၄င်းတို့ တက္ကသိုလ်ကျောင်းအသီးသီးတွင် ဆက်လက်ပညာ ဆည်းပူးသည့်အခါတွင်လည်း အခြေခံ ပညာကျောင်းသားဘဝ (၁၁)နှစ်လုံးလုံး အကျင့်ဖြစ်ခဲ့ပြီးဖြစ်သော အလွတ်ကျက်၊ အရဖြေနည်းစနစ်ဖြင့်ပင် တက္ကသိုလ်ပညာကို အောင်မြင်ခဲ့ကြပြန်သည်။ ဤအချိန်၌ ၄င်းကျောင်းသားတို့သည် အသိဉာဏ်မဲ့ ဘွဲ့ရတို့ဖြစ်မှန်းမသိ ဖြစ်နေပြီ ဖြစ်၏။

တစ်ဖက်မှကြည့်သော် နိုင်ငံတော်အတွက် အသုံးတည့်မည့် ပညာတတ်ဘွဲ့ရများအဖြစ် မြင်ရပြီး ပညာရေးအနှစ်သာရအားဖြင့် သုံးသပ်သော် အခြေခံပညာကျောင်းသားဘဝတွင် ဆရာဆရာမတို့ ဖော်ပြပြီးခဲ့သော အသိဉာဏ်များ ကျောင်းသားတို့၏ ဦးနှောက်တွင် ဖြစ်တည်၊ တိုးပွား ၊ ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပေးရန် ပျက်ကွက်ခဲ့ကြ၍ အဆုံးတစ်နေ့ ဘွဲ့ရချိန်ရောက်သည့်အခါ အလွတ်ကျက်မှတ်၍ ဖြေဆိုခဲ့သော စာမေးပွဲများ၏ အဆုံးအဖြတ်အဖြစ် ဘွဲ့ရခဲ့ သော်လည်း ၄င်းတို့၏ လက်တွေ့ဘဝအတွက် အရေးတကြီးလိုအပ်သည့် အသိဉာဏ်များ မပါလာခဲ့၍ အသိဉာဏ်မဲ့ ဘွဲ့ရလူတန်းစား ပေါ်ထွက်လာခဲ့ပါသည်။ အသိဉာဏ်နည်းပါး၍ ၄င်းတို့သည် ကုန်ထုတ်လုပ်မှု စွမ်းအားမရှိ၊ မိမိစိတ်ကိုလည်းမိမိ ထိန်းချုပ်နိုင်ခြင်း နည်းပါးကြသည်။

သို့ဖြစ်၍ ကျောင်းပြီး ငုတ်တုတ်ထိုင်နေသူများလာသည့်အခါ တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုးများ များလာသည်။ ထိုသူတို့ ကုန်ထုတ်လုပ်မှု မလုပ်နိုင်၍ သူတို့ထံမှ တိုင်းပြည်ဘဏ္ဍာအခွန် မျှော်မှန်း၍ မရ။ ထိုသူတို့သုံးစွဲရန် ပစ္စည်းများအတွက် ကိုယ်တိုင်မထုတ်နိုင်၍ ပြည်ပမှ သွင်းရန်သာရှိသဖြင့် တိုင်းပြည်စီးပွားအတွက် ကြီးလေးသောဝန်များဖြစ်လာသည်။ အသိဉာဏ်မပါသောသူတို့သည် တိုင်းပြည်၏

ကြီးမားသော ဝန်ထုပ်ဝန်ပိုးများဖြစ်၍ မူလတန်းမှတက္ကသိုလ်အထိ ဂရုတစိုက်ဖြင့် အသိဉာဏ်များအားလုံး ပြည့်စုံဖြစ်တည်လာအောင် လေ့ကျင့်ပေးလိုက်ခြင်းသည် တိုင်းပြည်၏ ထုတ်ကုန် ဝန်ထုပ်ဝန်ပိုးကို များစွာလျော့ပါးသွားစေသည့်အပြင် ၎င်းတို့လုပ်ကိုင်နိုင်လာကြမည့် ကုန်ထုတ်လုပ်ငန်းများမှ ပြည်ပပို့ကုန်မြင့်တက်လာပြီး အခွန်ဘဏ္ဍာလည်း တိုးတက်ရရှိနိုင်မည်ဖြစ်၍ သားရွှေအိုးထမ်းခြင်းပင် ဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်ခန့်မှ ၂၀၀၈ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ တစ်ဟုန်ထိုး တိုးတက်ကြီးပွားလာခြင်း၏ အဓိကသော့ချက်သည် ၎င်းတို့၏ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှုကြောင့်ဖြစ်သည်ဟု တရုတ် ခေါင်းဆောင်အများစုက ယုံကြည်သည်။

# ပညာရေးနှင့် လူ့ဘောင်အဖွဲ့အစည်း

ပညာရေးဆိုင်ရာ လေ့ကျင့်စဉ်များအား မိဘတို့လည်း သိရှိရန်လိုသည်။ ယနေ့ခေတ်မိဘများသည် ကလေးများအားကျောင်းများသို့ ပို့လွှတ်သည့်အခါ ကျောင်းတို့တွင် မည်သည်တို့ကို အကြောင်းပြု၍ မည်သည်တို့ကိုလေ့ကျင့်ပေးမည်၊ လေ့ကျင့်ပေးပြီး၍ မည်သည့်အသိဉာဏ်များ ဖွံ့ဖြိုးလာမည်၊ ၄င်းတို့ ရင်သွေးငယ်များ ဘဝအတွက် မည်သည့်အရည်အသွေးများလိုသည်၊ ၄င်းတို့ ရင်သွေးငယ်များ ကြီးပြင်းလာသည့်အချိန်တွင် သားသမီးတို့ ကြုံတွေ့ရင်ဆိုင်ရနိုင်သည့် အခက်အခဲများ ဘာတွေရှိနိုင်သည်၊ မည်သို့ ရင်ဆိုင်ဖြေရှင်းတတ်အောင် ယခုကတည်းက ကျောင်းဆရာ၊ ဆရာမများနှင့်အတူ ညှိနှိုင်း၍ တိုင်ပင်ရ မည်။ သို့မှသာ မိဘနှင့်ဆရာတို့ ကွယ်လွန်ကြပြီးသည့်အခါ မိမိတို့ရင်သွေးငယ်များ၏ အနာဂတ်တွင် ကြုံကောင်းကြုံတွေ့နိုင်သည့် ပြဿနာများအား မည်သို့ရင်ဆိုင်ရန်ဟူ၍ ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးပြီးဖြစ်၍ မိဘများရော၊ ဆရာဆရာမများပါ စိတ်ဖြောင့်စွာ လူ့လောကမှ ထွက်ခွာနိုင်ကြမည်ဖြစ်သည်။ယနေ့မိဘများ ဆယ်ဦးတွင် ငါးဦးယခုကဲ့သို့ မစဉ်းစားကြသည်ကို ကြုံတွေ့ရသည်။

ယနေ့မိဘအချို့၏ အလေးအနက်ထား စဉ်းစားသုံးသပ်ပုံမှာ ကလေးတို့အားကျောင်းသို့ပို့အပ်ပြီး ဖြစ်သည်၊ အရာရာသည်ကျောင်း၏ တာဝန်သာဖြစ်သည်၊ မကောင်းသည်များကြုံတိုင်း ကျောင်းဆရာ ဆရာမတို့၏ တာဝန်သာဖြစ်သည်ဟု ယူဆ၏။ ဉပမာ - ကလေးစာမလိုက်နိုင်လျှင် ဆရာမညံ့၍ ဖြစ်မည်ဟု တစ်ထစ်ချယူဆသည်။ မိမိတို့ကလေးတို့ မည်သည်တို့ကိုသင်ရသည်၊ မည်သည့်အတွက်သင်ရသည် စသည်တို့ကိုစိတ်မဝင်စား။ သင်ရသည့်ဘာသာရပ်ကို ဂုဏ်ထူးရနိုင်ရေးသာအရေးပေး၏။ ဂုဏ်ထူးများများရလျှင် အရာရာပြီးပြည့်စုံပြီဟု ယူဆခံစား ပီတိဖြစ်ကျေနပ်ကြသည်။ ဂုဏ်ထူးများအား ကလေးတို့ဘဝ၏ အနာဂတ်အာမခံချက်ဟု အသည်းနှလုံးတွင် စွဲမြဲနေကြ၏။ ကလေးတို့၏ အသိဉာဏ် ဖွံ့ဖြိုးမှုအပိုင်းနှင့်ပတ်သက်၍ လေ့လာမှုနည်းပါး၏။ လေ့လာလိုစိတ်လည်း နည်းပါး၏။ လေ့လာရန် သိရှိရန်လည်း ကြိုးစားအားထုတ်မှု နည်းပါး၏။ သိစေလို၍ ဟောပြောပွဲများပြုလုပ်ဖိတ်ခေါ်သော်လည်း မလာရောက်ကြ။ အလုပ်များသည်ဟု ဆိုကြသည်။ တက်ရောက်လာသောသူများသည် အိပ်ငိုက်နေကြသည်က များသည်။ တက်ရောက်လာသောသူများတွင် အချို့မှာ မိဘမဟုတ်။ ၄င်းတို့၏ ကားဆရာများ၊ အိမ်အကူများ၊ အဒေါ်၊ ဦးလေး၊ အုပ်ထိန်းသူအမည်ခံ ကျူရှင်ဆရာ၊ ဆရာမများသာ

ဖြစ်ကြသည်ကများသည်။ ကလေးတို့အား မချစ်သောမိဘ မရှိနိုင်ဟု သိပါသည်။ သို့သော် မြန်မာမိဘများ ကလေးတို့နှင့်ပတ်သက်သည့် ပစ္စုပ္ပန်နှင့် အနာဂတ် အနေအထားများ၊ လေ့ကျင့်ပုံများ အခက်အခဲများကို ဆရာဆရာမတို့နှင့် ပူးပေါင်း ဆွေးနွေးလိုပါလျှင် အသိဉာဏ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဖြစ်စဉ် ထိရောက် အောင်မြင် မည်။ အသိဉာဏ်မပါသောသူများ များလာသောဒေသတို့တွင် လူသုံး ကုန်ပစ္စည်း များ မထုတ်လုပ်နိုင်။ ထုတ်လုပ်နိုင်သည့် စိတ်ကူးမရှိ။ ဝယ်သုံးရန်သာ အားသန် သည်။ အရာရာ ဝယ်သုံးရသည်ဟု ယူဆလာသည်။ အရာရာ ဝယ်သုံးလိုလာ သည်။ တိုင်းပြည်၏ ကုန်ထုတ်လုပ် မှုကျဆင်းခြင်းသည် ဤအချက်နှင့် တိုက်ရိုက် သက်ဆိုင်သည်။ တိုင်းပြည်အတွင်းသို့ သွင်းကုန်များ များများ သွင်းရန်လိုအပ် လာခြင်းသည် ဤအချက်နှင့် တိုက်ရိုက်ပတ်သက်သည်။ တိုင်းပြည်၏ ကုန်ထုတ်လုပ် မှုမြင့်တင်လိုလျှင် အသိဉာဏ်ရှိလာအောင် အခြေခံပညာကျောင်းများမှစ၍ စနစ်တကျ လေ့ကျင့်ပေးနိုင်လျှင် ဤကိစ္စ ဖြေရှင်း၍ရသည်။ သို့မှ သွင်းကုန်လည်း လိုက်၍ကျဆင်းလာမည်ဖြစ်ပြီး ထုတ်ကုန်လည်း မြင့်တက်လာမည်ဖြစ်သည်။ ကမ္ဘာအနှံ့အပြားတွင် တရုတ်ပြည်၏ ပြည်တွင်းထုတ်ကုန်များ များစွာပြန့်နှံ့ သုံးစွဲလျက်ရှိသည်။ ၁၉၉၃ ခုနှစ် တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် လီလန်ချင်အား ပညာရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် တာဝန်ပေးခဲ့သည်။ လီလန်ချင်၏ ပြုပြင်ပြောင်းလဲရေးသည် အသိဉာဏ်ဖွံ့ဖြိုးရေး ဦးတည်မှုကို အဓိကထား၍ ဆရာဆရာမများအားလုံး တူညီသောအသိဖြင့် နားလည်စွာပါဝင် လာကြသဖြင့် ၁၉၉၃ ခုနှစ်နောက်ပိုင်း စီးပွားရေးစစ်တမ်းတို့အရ သွင်းကုန် ကျဆင်းမှု ကြောက်ခမန်းလိလိ မြန်ဆန်လာပြီး ပြည်တွင်းထုတ်ကုန် များစွာ ထုတ်လုပ်နိုင်လာခဲ့၍ ပြည်ပသို့ တင်ပို့ရောင်းချမှုပမာဏ ကြီးမားလာပြီး စီးပွားရေးပိုငွေ မြောက်မြားစွာ ဖြစ်ထွန်းလာခဲ့သည်။ တရုတ်ပညာ ရေးစနစ်သည် ခေတ်သစ်ပညာရေးစနစ် အမှန်ဖြစ်သည်။ တရုတ်ပြည်ပညာရေးစနစ်ကို ပုံတူကူးချရန် မဆိုလို။ သို့သော် ထိုပညာရေးစနစ်မှ အသိဉာဏ်ရှိသူ တို့ကို မွေးထုတ်လျက်ရှိသည်ကို သတိပြုရမည်။ အသိဉာဏ်ပြည့်စုံသောသူ များများ ပေါ်ထွက် လာစေသည်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်လာသည်။ အကယ်၍ ပညာရေးပြုပြင် ပြောင်းလဲမှုမပြုခဲ့ဘဲ အခြားနည်းလမ်းဖြင့် ကုစားလျှင်မရနိုင်။ မည်သို့ပင် လူသုံးကုန်ပစ္စည်းများ

ထုတ်လုပ်စေလိုပါမူ အသိဉာဏ်မရှိ၍ မလုပ်နိုင်။ မည်သို့ အားစိုက်အားစိုက်၊ မည်မျှ ရင်းနှီး ရင်းနှီး၊ မည်မျှ မြှုပ်နှံမြှုပ်နှံ၊ မည်မျှ အာပေါက်အောင်ပြောပြော အချည်းနှီးပင်ဖြစ်မည်။ မူလတန်းကာလမှစ၍ တက္ကသိုလ်အထိ အုပ်ချုပ်သူ မိဘဆရာနှင့် ကျောင်းသားတို့အားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး စနစ်တကျ နားလည်မှုတူညီစွာဖြင့် လေ့ကျင့်ပေးပါလျှင် ထိုနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးလာမည်မှာ မုချမလွဲဟု သာဓကများစွာရှိပါသည်။ သို့ဖြစ်၍ အခြေခံ ပညာရေးအသိများဖြစ်သော အသိဉာဏ်များဖွံ့ဖြိုးအောင် လေ့ကျင့်ရန်နှင့် အဘယ်ကြောင့်လေ့ကျင့် ပေးရန်လိုသည်၊ မည်သို့လေ့ကျင့်ပေးလျှင် အောင်မြင်မည်၊ စာမေးပွဲများ၏ အဓိပ္ပာယ်၊ လက်တွေ့လုပ်ငန်းများ၏ အကျိုးကျေးဇူး၊ အလွတ် ကျက်မှတ်ခြင်း၏ဆိုးကျိုးနှင့်ကောင်းကျိုး၊ ဆရာတို့၏ ဝတ္တရားတာဝန်များ၊ မိဘတို့ တာဝန်ယူရမည့် အပိုင်းများ၊ စာသင်သား တို့၏တာဝန်များ စသည်တို့အား မိဘများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ အားလုံးတို့အား အသိတူညီသွားစေရန် ဦးစွာအသိပေးနားလည်စေဖို့ လိုအပ်ပါသည်။

စာသင်ကျောင်းတို့တွင် ဆရာဆရာမ ကျောင်းသားနှင့် မိဘအများစု သည် အကြောင်းပြုချက်ဘာသာရပ်များထားရှိခြင်း၏ ရည်ရွယ်ချက်ကို နားမလည်ကြပေ။ ကျောင်းထားခြင်းသည် စာဖတ်တတ်ရန်အတွက်လောက်သာဟု မသိစိတ်က မှတ်ယူထားကြပြီး အသိစိတ်များကမူ မိမိတို့၏ ကလေးများကျောင်းပြီး လျှင် လိမ္မာရေးခြားရှိသူများ ဖြစ်လာလိမ့်မည်ဟု တစ်ထစ်ချယူဆထားကြသည်။ အမှန်တကယ်တွင် ကျောင်းပြီးသွားသော်လည်း တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုး ဆန်ကုန်မြေလေးဖြစ်နေသည်များ ရှိနေဆဲပင်ဖြစ်သည်။ မိဘတို့ မိမိတို့၏ ကလေးများအား သွန်သင်လေ့ကျင့်ပေးမည့် ဆရာဆရာမတို့ မည်ရွေ့မည်မျှ တတ်သိနားလည်သည်ကို မလေ့လာ မစူးစမ်းလိုကြ။ တတ်ပြီးသား ဖြစ်မှာပဲဟု တစ်ထစ်ချမသိစိတ်က မှတ်ယူထားပြီးဖြစ်ကြ၏။ အမှန်တကယ်တွင် မတတ်ထား လေ့ကျင့်ထားခြင်းမရှိ သိမှုမမှန်သေးသော ဆရာ၊ ဆရာမတို့နှင့်လည်း ကြုံတွေ့နိုင် ၍ မိဘများ ယခုထက်ပို၍ စိတ်ဝင်စားစွာ စူးစမ်းလေ့လာသင့်သည်။

ကျောင်းပြီးလျှင် ဘာပညာတွေတတ်၍ ဘာတွေလုပ်ကိုင်နိုင်မလဲဟု မိဘများစဉ်းစားရန်လိုပါသည်။ ပြီးလျှင် ပညာတတ်ကြီးဖြစ်လာမည်ဟု တစ်ထစ် ချယုံကြည်၍ မှတ်ယူ၍မရပါ။ မိမိတို့ကလေးများ ကျောင်းပညာရေး ပြီးဆုံးသည့်

တိုင် ကုန်ထုတ်လုပ်မှု မလုပ်နိုင်သည်ကိုလည်း အမှတ်တမဲ့ သတိမထားမိကြပါ။ ပညာတတ်လာပါက လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရမည်ဟုလည်း နားလည်ထားခြင်းမရှိ၍ ပညာသည် ပညာသက်သက်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုနှင့် မဆိုင်ဟု မှတ်ယူနားလည်ထားကြသည်ကား များသည်။ လက်တွေ့တွင် ကုန်ထုတ်လုပ်မှုကို လုပ်နိုင်စွမ်းရှိသူများသည် ဉာဏ်ရှိသော ပညာတတ်ပုဂ္ဂိုလ်များသာဖြစ်သည်။ ဉာဏ်ရှိမှ ကုန်ထုတ်လုပ်မှုလုပ်နိုင်မည်။ တက္ကသိုလ်အသီးသီးက မွေးထုတ်ပေးလိုက်သော ဉာဏ်ရှိသည့်ပညာတတ်များသည် ပြည်ထောင်စု၏ ကုန်ထုတ်စွမ်းအားစုများဖြစ်သည်။

ကျောင်းတက်ချိန် ကြာလာသည်နှင့်အမျှ မိမိတို့ကလေးများ ၎င်းတို့၏ စိတ်များအား ပို၍ထိန်းသိမ်းလာနိုင်ရမည်။ ရင့်ကျက်လာရမည်ကိုလည်း အာရုံချစစ်ဆေးမှု နည်းပါးသည်။ နှစ်အလိုက် ပုံမှန်ကြီးပြင်း လာကြသည်သာရှိသည်။ ပြက္ခဒိန်နှစ်များအတိုင်း ကြီးပြင်းလာကြသော်လည်း အသက်အရွယ်နှင့် လျော်ညီသည့် အတွေးအမြင် ရင့်ကျက်မှု၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုရှိမရှိ လေ့လာမှု နည်းပါးကြသည်။

## မိဘတို့အချစ်လွန်ခြင်း

မိဘတိုင်း သားသမီးတို့ကို ချစ်ကြပါသည်။ သို့ရာတွင် ချစ်သည်ဟူသော အဓိပ္ပာယ်ကို သရုပ်ခွဲရန်လိုအပ်သည်။ ချစ်လျှင် သားတို့သမီးတို့၏ အနာဂတ်အတွက် မိမိတို့ ဤကမ္ဘာမြေမှ ကွယ်ပျောက် သွားရမည့်အချိန် မရောက်မီ မိမိတို့နှင့် ၎င်းတို့အား သွန်သင်ပြသလေ့ကျင့်ပေးနေသည့် ဆရာ၊ ဆရာမများ၏ မျက်စိရှေ့တွင် သားသမီးတို့ မည်သူ့အပေါ်မျှ မမှီခို မအားကိုးဘဲ ကျောင်းတို့မှ အကြောင်းပြု ပေးအပ်ထားသော လုပ်ငန်းတို့ကို ဆောင်ရွက်စေရမည်။ ထိုသို့ဆိုလျှင် ကလေးများ ၎င်းတို့ကျောင်းတွင် လုပ်ဆောင်ရန်လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လေ့ကျင့်ရင်း အခက်အခဲများကြုံတွေ့ရမည်မှာ မြေကြီးလက်ခတ်မလွဲပင်။ ထိုသို့ကြုံသော် အိမ်တွင်မိဘ ကျောင်းတွင် ဆရာ၊ ဆရာမတို့က ပံ့ပြင်ကူညီ၍ လမ်းကြောင်းအမှန်ကို နားလည်စေပြီး ပြန်လည်တည့်မတ်ပေးခြင်းဖြင့် အခက်အခဲတို့အား ကျော်လွှားစေရန်ဖြစ်သည်။ သို့သော် ဤနေရာတွင် သတိချပ်ရန်မှာ ၎င်းတို့ကြုံနေရသည့် အခက်အခဲကို သေချာစွာလေ့လာသရုပ်ခွဲ၍

ဘယ်အရာသည် ၄င်းတို့အခက်အခဲကိုဖြစ်စေသော အကြောင်းဖြစ်၍ ဘယ်အရာကို ပြုပြင်မှ ၄င်းတို့ရှာဖွေနေသော အကျိုးရလဒ်ကို ရနိုင်သည်ဟူ၍သာ ယေဘုယျနည်းလမ်းဖြင့် ကူညီဖေးမပြီး လမ်းကြောင်းအမှန်သို့ တင်ပေးရန်ဆိုလိုသည်။ ၄င်းတို့ကြုံတွေ့ရသော အခက်အခဲတို့အား မိဘကိုယ်တိုင်သော်လည်းကောင်း၊ ကျူရှင်ဆရာ၊ ဆရာမများအကူအညီဖြင့်သော်လည်းကောင်း အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး ရှေ့မှလုပ်ပြီး နောက်မှသားသမီးတို့က စဉ်းစားစရာမလိုဘဲ ထပ်တူလိုက်၍ ဆောင်ရွက်ဖြေရှင်းခြင်းမျိုးမှုကား အန္တရာယ်ကြီးလွန်း၍ ရှောင်ကြဉ်ရန် လွန်စွာ အရေးကြီးပါသည်။

ကလေးတစ်ဦးသည် သင်္ချာတွင် မလိုက်နိုင်။ မိဘမှလည်း ထိုသားသမီးကိုချစ်၍ လွန်စွာစိတ်ပူ၏။ ကလေးအတန်းထဲတွင် သင်္ချာမလိုက်နိုင်လျှင် နစ်နာမည်။ ဆရာမများ ငြိုငြင်မည်။ နောက်ဆုံး စာမေးပွဲကြီး ကျရှုံးနိုင်သည် စသည့်အတွေးများ ဝင်မြဲဖြစ်သည်။ သို့ရာတွင် ဤကိစ္စမျိုးအား သေချာစွာ သရုပ်ခွဲကြည့်ရန်လိုသည်။ လူ့လောကတွင် အခက်အခဲဟူသည် မွေးရာမှစ၍ မသေမချင်း ကြုံတွေ့ဖြေရှင်းရမည့် အရာဖြစ်သည်။ မိုးလင်း၍ မျက်စိနှစ်လုံး ပွင့်ချိန်မှစ၍ လူတို့ပြဿနာ အခက်အခဲများကို နေ့စဉ် ရင်ဆိုင်ဖြေရှင်းကျော်လွှားကြသည်။ ဤသည်မှာ လောက၏ ဓမ္မတာပင်ဖြစ်သည်။ ကလေးများကြီးပြင်းသော် ဤသို့ပင်ကြုံကြရမည်။ အခက်အခဲကြုံသော် မိမိဘာသာ ရှင်းလင်းကျော်လွှားတတ်ရန် လိုသည်။ မည်သူကမျှ မိမိအခက်အခဲအား အမြဲတမ်းလိုက်လံဖြေရှင်း မပေးနိုင်ကြ။ မိမိ အခက်အခဲအား မိမိသာလျှင် ရှင်းလင်းကျော်လွှား သွားရန်ဖြစ်သည်။ သို့ဖြစ်၍ ကလေးငယ်များအား ငယ်စဉ် ဘဝမှစ၍ အခက်အခဲကြုံပါက မိမိဘာသာမိမိ အားကိုး၍ ရှင်းလင်းကျော်လွှားတတ်အောင် လေ့ကျင့်ပေးထားရန်လိုသည်။ အမှတ်တမဲ့ ဖြစ်၍ရှင်းတတ်အောင် လေ့ကျင့်ပေးရမည့်အစား မိဘ (သို့) ဆရာ (သို့)ကျူရှင်ဆရာတို့က ကိုယ်တိုင်ရှင်းလင်းပြီးကူညီပေးခဲ့လျှင် ထိုကလေးတို့ ကြီးပြင်းလာသည့်အခါ ကိုယ်တိုင် မရှင်းတတ်တော့။ ကြီးပြင်းလာသောအခါ ကြုံတွေ့နိုင်သည့် အခက်အခဲကြီး ပြဿနာကြီးများကို မကြုံတွေ့ မဖြေရှင်းရခင်၊ ငယ်စဉ်ကာလ ကျောင်းသားဘဝ၌ အကြောင်းပြုချက် **(Subject)** များတွင် တမင်ထည့်သွင်းထားသော အခက်အခဲ အပျော့စား အသေးစားလေးများကို ကြုံတွေ့စေ၍ ၄င်းကျောင်းသားဘဝ အခက်အခဲပြဿနာလေးများကို ကိုယ့်အား

ကိုယ်ကိုး ဖြေရှင်းနိုင်လာအောင် မိဘနှင့် ဆရာတို့ကဖေးမ၍ ၎င်းတို့ကိုယ်တိုင် လေ့ကျင့်ကြရန်သာဖြစ်၏။

သင်္ချာသို့မဟုတ် အခြားဘာသာရပ်အကြောင်းပြချက်တို့၌ အခက်အခဲ ကြုံကြသည့် ကျောင်းသားအား မိဘတို့က ချစ်လွန်း၍ ဤအခက်အခဲမရှိစေရန် အခက်အခဲများ မကြုံတွေ့ရစေရန် ကျူရှင်ဆရာ များကို ကြိုတင်ခေါ်၍ စ၊ လယ်၊ ဆုံး သုံးပါးစလုံး ကျူရှင်ဆရာတို့ စဉ်းစားရှင်းလင်းပြီးသားတို့အား သင်ပြ ပေးလိုက်ခြင်းမျိုးသည် ကျောင်းသားကလေးငယ်၏ မိမိကိုယ်ကို အားကိုးဖြေရှင်းနိုင် စေရန် လေ့ကျင့်ပေးသည့် လေ့ကျင့်မှုဖြစ်စဉ်ကြီးကို ကြီးစွာထိခိုက်ပျက်စီးစေ၍ ထိုသို့ကျူရှင်ယူနေကြသော (သို့) တစ်ဦးဦးမှ စာပေအခက်အခဲကို ဖြေရှင်းပေး နေခြင်းခံရသော စာသင်သားတို့ ကြီးပြင်းလာသောအခါ ၎င်းတို့သည် လောက၌ အများနည်းတူ လောကအခက်အခဲများ ကြုံတွေ့ရသည့်အချိန်တွင် ကိုယ့်အား ကိုယ်ကိုး မဖြေရှင်းတတ်ကြတော့ခြင်းများ များစွာသာဓကရှိပါသည်။ ထိုသူမျိုးများ ကြီးပြင်းလာသော် အိမ်ထောင်ပြုခြင်းဟူသည့် လူမှုရေးကိစ္စအထိ မိမိကိုယ်မိမိ အားကိုး၍ အိမ်ထောင်ဘက်မရှာနိုင်တော့ဘဲ ကြားလူတစ်ဦးဦးက ဆက်သွယ် ရှာဖွေပေး၍သော်လည်းကောင်း၊ မိဘမှစီစဉ်ပေးစားမှသာလျှင်သော်လည်းကောင်း အိမ်ထောင်ကျရသည့် ဘဝသို့ရောက်ကြသည်များကို သရုပ်ခွဲလေ့လာ ကြည့်လျှင် တွေ့ရသည်။

အဆိုးဆုံးမှာ ထိုသို့ ငယ်စဉ်ကျောင်းသားဘဝစာသင်သားတို့ ကြုံတွေ့ရန် တမင်စီစဉ်ထားသော အခက်အခဲလေးများအား တစ်ပါးသူ အကူအညီအားကိုး၊ ကျူရှင်ယူဖြေရှင်းခဲ့ကြရာမှ ကြီးပြင်းလာသည့် အခါ ၎င်းတို့ အတွေးအခေါ်များ မှားယွင်းလာကြတော့သည်။ အခက်အခဲတစ်ခုကြုံသော် မိမိကိုယ်ကို အားကိုး၍ မိမိဖြေရှင်းရမည့်အစား မိမိကိုယ်စားဖြေရှင်းပေးမည့် သူတို့ကို မျှော်တတ်လာ ကြသည်။ နိုင်ငံများတွင် မြင်တွေ့နိုင်သော နိုင်ငံခြားအားကိုးဝါဒသည် ယခုတင်ပြပါ ငယ်စဉ်ကာလ ပညာရေးဘဝမှ မြစ်ဖျားခံ၏။ ထို့ကြောင့် လေ့ကျင့်မှုမပါသော သင်ကြားရေးသက်သက်သည် ကောင်းကျိုးထက် ဆိုးကျိုးများကိုဖြစ်စေ၍ အခြေခံပညာအဆင့်၌ လေ့ကျင့်မှုပါသော သင်ကြားရေးသာဖြစ်ခဲ့လျှင် ကိစ္စကြီးငယ် အဝဝကို မိမိတို့ဘာသာမိမိ ဖြေရှင်းလိုသော စိတ်များ မွေးမြူပြီးဖြစ်၏။ ဥပမာ - တစ်ချိန်က အမေရိကန်နိုင်ငံတွင် လမ်းများမကောင်း၊ ဆေးရုံများလည်း ဆေးမရှိ၊

လျှပ်စစ်မီးလည်းမကောင်း စသည့်အခက်အခဲများ ကြုံတွေ့ခဲ့ကြ၍ ထိုခေတ် အမေရိကန်ပြည်သူပြည်သားများမှ ထိုခေတ်အမေရိကန်သမ္မတ အီဗရာဟင် လင်ကွန်းနှင့် ၎င်း၏အစိုးရအား ပြင်းထန်စွာ အပြစ်တင်ပြောဆိုရာ သမ္မတ အီဗရာဟင် လင်ကွန်းက ယခုကဲ့သို့ ပြောဆိုတုံ့ပြန် ပညာပေးခဲ့သည်။ "Do not ask for what you have not given. " အဓိပ္ပာယ်မှာ ထိုစဉ်က အမေရိကန် ပညာရေးစနစ်သည် စက်မှုလုပ်သားမွေးထုတ်သည့် ပုံစံပညာရေးစနစ်ဖြစ်၍ အမေရိကန်တို့ အခွန်မပေးဆောင်ချင်ခဲ့ကြ။ သို့ဖြစ်၍ ထိုခေတ်အမေရိကန် အစိုးရ၌ ဘဏ္ဍာငွေမတောင့်တင်းခဲ့။ ဘဏ္ဍာငွေမတောင့်တင်း၍ လမ်းများ မပြင်နိုင်၊ ဆေးရုံများလည်းမကောင်း၊ လျှပ်စစ်မီးလည်းမကောင်း ဖြစ်ခဲ့သည်။ ဤသည်ကို ရည်ညွှန်း၍ သမ္မတ အီဗရာဟင် လင်ကွန်းက ပြည်သူတို့မပေးထား သည်ကို ပြန်တောင်း၍မရကြောင်း ဤသို့ တိုတိုနှင့်လိုရင်း ပြောခဲ့သည်။ ထို့နောက် ပညာရေးစနစ်သစ်ဖြင့် အခွန်ငွေပေးရခြင်းသည် မိမိတို့၏ တာဝန်ဖြစ်ပြီး ၎င်းအခွန်ဘဏ္ဍာငွေများကို သုံးစွဲ၍သာ တိုင်းပြည်ပြုပြင် တိုးတက်အောင် လုပ်ရ သည်ဖြစ်ကြောင်း လူအများကို နားလည်စေခဲ့၍ ယနေ့ခေတ်တိုင်းပြည်ကြီးများတွင် ပညာရေးစနစ်သစ် အကျိုးကြောင့် အစိုးရတို့ဘဏ္ဍာငွေတောင့်တင်းပြီး ပြည်သူတို့ အတွက် များစွာဆောင်ရွက် ပေးနိုင်ကြသည်ကို တွေ့ရသည်။

ပညာရေးနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီရာ မိုဟာမက်က "People without education, hence without social mobility, do not have hope for the future. They would complain about the society being unfair and unjust,  and that would lead to an uprising of the people against the government" ဟု မှတ်ချက် ချခဲ့ဖူးသည်။ ဆိုလိုရင်းကား ပညာမဲ့လူတန်းစားတို့သည် လူမှုရေးနှင့် စီးပွားရေးဝင်ဆန့်မှုမရှိလာသည်နှင့်အမျှ အနာဂတ်ပါ ပျောက်ဆုံးကာ လောကကြီး အား အမြဲတစေ အပြစ်တင်အမြင်စောင်းလျက်ရှိပြီး လောကကြီးက သူတို့အပေါ် တရားမှုမရှိ၊ မျှတမှုမရှိဟူ၍ အမြဲတစေ ပြောဆိုတတ်ကာအဆုံးတွင် အစိုးရ ဆန့်ကျင်သည့် လူထုအုံကြွမှု ဖြစ်စေသည်ဟု ဆိုလိုသည်။

ငယ်စဉ်ကတည်းက အခက်အခဲကြုံမှုကို တစ်ပါးသူအားကိုးစရာ (ကျူရှင်ဆရာ) ၏ အကူအညီယူ၍ ဖြေရှင်းခဲ့သည်ဖြစ်ရာ၊ ယခုကြီးပြင်းလာ၍ လူမှုရေးအခက်

အခဲများ ကြုံတွေ့သော် အုပ်ချုပ်သူ အစိုးရအား အားကိုးစရာကျူရှင်ဆရာသဖွယ် မသိစိတ်မှမှတ်ယူ၍ အစိုးရအား ၄င်းတို့အခက်အခဲကို ဖြေရှင်းပေးရန် တာဝန်ရှိသည်၊ သို့သော် ဖြေရှင်းမပေးဟု၊ ပြဿနာ၏ အရင်းခံအကြောင်းတရားကို မစဉ်းစားတော့ဘဲ အစိုးရကိုသာ လွယ်လွယ်ဖြင့် အပြစ်ဖို့တော့သည်။ အကယ်၍ ငယ်ငယ်ကပင် စာသင်သားဘဝအခက်အခဲများကို မိမိကိုယ်ကိုအားကိုး၍ ဖြေရှင်းတတ်အောင် မိဘနှင့်ဆရာတို့က လေ့ကျင့်ပေးခဲ့ကြပါက ကြီးပြင်းလာ၍ ဤသို့ လမ်း၊ ဆေးရုံ၊ မီး အခက်အခဲများ ကြုံတွေ့လာပါက မည်သို့ စဉ်းစားမည်မှာ ထင်ရှား၏။

လမ်းမကောင်းသည်မှာ အစိုးရနှင့်ဆိုင်သော ပြဿနာတင်မက ကျွန်ုပ်တို့၏ ပြဿနာလည်းဖြစ်သည်။ ဆေးရုံများ ဆေးမလုံလောက်ခြင်းမှာလည်း အစိုးရနှင့်ဆိုင်သော ပြဿနာတင်မက ကျွန်ုပ်တို့၏ ပြဿနာလည်းဖြစ်သည်။ လျှပ်စစ်မီးများမကောင်းသည်မှာလည်း အစိုးရ၏ပြဿနာတင်မက တို့များ၏ ပြဿနာလည်းဖြစ်သည်၊ ဤပြဿနာများကို အစိုးရချည်း အားကိုးနေ၍မရ။ မိမိတို့လည်း နည်းလမ်းရှာ၍ အစိုးရနှင့် ပူးပေါင်းဖြေရှင်းရမည်ဟု မှန်ကန်စွာတွေးတတ်လာမည်။

ဤပြဿနာများကို မည်သို့ရှင်းမည်နည်း။ လမ်း၊ ဆေးရုံ၊ မီး တို့ကို အစိုးရတို့က မည်သည့်ငွေကို သုံး၍ ထူထောင်ပြုပြင်ကြရသနည်း။ တိုင်းသူပြည်သား တို့၏ တာဝန်သိသိပေးဆောင် သောအခွန် တို့မှ သုံးစွဲရ၏။ တို့ရော ပေးရန်တာဝန် ရှိသည့်အခွန်တို့ကို ပေးဆောင်ပြီးပါပြီလား။ ပြန်လည် ဆန်းစစ်တွေးတောနိုင်လာပြီး အခွန်အခများ မှန်ကန်စွာ ပေးဆောင်ကြပါက ဤပြဿနာများကို အများနည်းတူ အစိုးရမှ လွယ်ကူစွာဖြေရှင်းနိုင်လာမည်ဖြစ်၏။ နိုင်ငံအဝှမ်း ပြဿနာတော်တော် များများသည် ပညာရေးစနစ်တို့မှ အခြေပြုသည်ကို တွေ့ရသည်။ အခြေခံပညာသင်ကြားစဉ် ငယ်စဉ်ကတည်းက ကောင်းမွန်သော အသိဉာဏ်များ လေ့ကျင့်ပျိုးထောင်ပေးလိုက်နိုင်မှ ခေတ်မီအေးချမ်းသော နိုင်ငံတော် တည်ဆောက်နိုင်မည်။ သို့တည်းမဟုတ် ပြဿနာများစွာ မှားယွင်းစွာ ဖန်တီးကြလိမ့်မည်။ သို့ဖြစ်၍ မိဘများအနေဖြင့် မိမိတို့၏ရင်သွေးတို့ စာသင်သားဘဝတွင် ကြုံတွေ့ရမည့် အခက်အခဲများရှိမည်ကို ကြိုတင်နားလည်ပြီး၊ ကြုံတွေ့ရသည့်အခါ ဆရာဆရာမတို့နှင့်အတူ ဖေးမကူညီ၍ အခက်အခဲကို ကလေးတို့ကိုယ့်အားကိုယ်ကိုး၍ ကျူရှင်မယူဘဲ ဖြတ်သန်းကျော်လွှားနိုင်ရန် စိတ်တွင်ပြင်ဆင်ထားရန် လိုအပ်သည်။

## မမှားဖူးသူများ၏ ပြဿနာ

သူငယ်တန်းမှ ဘွဲ့ရသည့်အထိ အခက်အခဲ လုံးဝမရှိ၊ ကျူရှင်များ တောက်လျှောက်ပံ့ပိုးပေးထားခြင်းခံရသော၊ ထိုနည်းဖြင့် မိဘတို့၏ အချစ်ခံရသော ကလေးများ ကြီးပြင်းလာသော် စီးပွားရေးနှင့် လူမှုရေးလောကများတွင် မလွဲမသွေ တွေ့ကြုံရမည့် လူမှုစီးပွားအခက်အခဲများ ကြုံတွေ့ရသည့်အခါ ကျူရှင်ဆရာမရှိပါ။ တစ်သက်လုံး ကျူရှင်ဆရာ အကူအညီဖြင့် အခက်အခဲများ ကျော်လွှားအောင်မြင်ခဲ့သောသူတို့သည် ဘဝတွင် မအောင်မြင်ကြတော့။ တိုင်းပြည်အတွက် ဆန်ကုန်မြေလေး ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်ကုန်၏။

မိဘနှင့် ဆရာဆရာမတို့၏ အကူအညီဖြင့် ငယ်စဉ်က စ၍ အခက်အခဲတိုင်း ကိုယ့်အားကိုယ်ကိုး၍ ကျော်ဖြတ်ခဲ့သူတို့ ကြီးပြင်းလာသော် လူမှုရေး စီးပွားရေး အခက်အခဲများအား မိမိကိုယ်ကိုမိမိ အားကိုး၍ ဖြေရှင်းတတ်ကြသည်။ မိမိကြုံတွေ့သည့် အခက်အခဲအတွက် မည်သူ့ကိုမျှလည်းအပြစ်မတင်။ မိမိသာလျှင် ဖြေရှင်းပြီး၊ ထိုလူတို့ လူ့လောကတွင် အောင်မြင်ကြပြီး ကြီးကျယ်သော လုပ်ငန်းကြီးများ လုပ်ကိုင်နိုင်လာကြသည်။ ထို့ကြောင့် မိဘတို့အနေဖြင့် မိမိတို့ရင်သွေးများအား မိမိတို့နှင့် ဆရာဆရာမ တို့၏ ရှေ့တွင် မှားသင့်သည်ကို မှားခွင့်ပေးရမည် ဖြစ်ပြီး ဝိုင်းဝန်းပဲ့ပြင်ပေးကြရန်သာ ရှိပါသည်။ အမှားတော်တော်များများကို မိဘနှင့် ဆရာဆရာမများ၏ ရှေ့တွင် မှားလိုက်၊ ပြင်လိုက် ဖြစ်စဉ်များပြီးမြောက် ကျော်လွန်သွားသည့်တစ်နေ့တွင် မိဘနှင့် ဆရာဆရာမတို့ မည်သည်များ ပူပန်စရာရှိမည်နည်း။ မိမိတို့ ကလေးများသည် မည်သို့အခက် ကြုံလျှင် မည်သို့ ဖြေရှင်းတတ်သည်ကို မိမိတို့ မကွယ်လွန်မီ မိမိတို့မျက်စိရှေ့တွင် တွေ့ထိပဲ့ပြင် လေ့ကျင့်ပေးပြီးသည့်နောက် မိမိတို့မျက်ကွယ် (သို့) မိမိတို့ မရှိတော့သည့် နောက်တွင်လည်း ထိုသူငယ်တို့သည် မည်သည့်အခက်အခဲလာလာ မိမိကိုယ်ကိုမိမိ အားကိုး၍ ဖြေရှင်းနိုင်ကြတော့မည်ကို သိနေနှင့်ပြီးဖြစ်၍ စိတ်အေးလက်အေး အသေဖြောင့်ဖြောင့် သွားရန်ပင်ရှိတော့သည်။ ဤသည်မှာ ဖြစ်ရမည့်ဖြစ်စဉ်ပင် ဖြစ်၏။ ပညာရေး၏ အနှစ်သာရသည် လေးနက်၏။ လွန်စွာခရီးတာသွား၏။ ယနေ့ခေတ်မိဘများ ကလေးများကို ချစ်လွန်း၍ မှားခွင့်မပေး၊ မမှားခင်ကပင် ပြင်ပြီးသားဖြစ်နေ၏။ စ၍သိကတည်းက အမှန်တွေချည်းသိအောင် လုပ်ပေးထား၏။ ထို့ကြောင့် ပညာစုံ၍ လူ့လောကသို့ဝင်သည့်အခါ လုံးဝမမှားဖူးဘဲ၊

လုံးဝ မဆုံးရှုံးဖူးဘဲ လောကကြီး ကိုစတင်ရင်ဆိုင် ရတော့၏။ လုံးဝမမှားဖူးသော သူများသည် မှားမှာကြောက်ကြသည်။ လုံးဝမဆုံးရှုံး ဖူးသောသူများသည် ဆုံးရှုံးမှာ ကြောက်ကြသည်။ ထို့ကြောင့် မှားမည်စိုး၍ ဘာမှမလုပ်တော့။ ခိုင်းသမျှ သာလုပ်တော့သည်။ တွန်းသလောက်သာ ရွေ့တော့သည်။ တခါတရံ တွန်းသလောက် ပင် မရွေ့တော့။ ဆုံးရှုံးမည်ကို စိုး၍ ဘာမှမလုပ်တော့။ ဤအတွေးအခေါ်များသည် ၄င်းတို့၏ စီးပွားရေးရွေးချယ်မှုများ၊ လူမှုရေးလုပ်ငန်းဆောင်တာများအထိ လွှမ်းမိုးလာသည်။ မှားနိုင်သည့်၊ ရှုံးနိုင်သည့် လုပ်ငန်းမျိုးလုံးဝမရွေးချယ်။ သို့ရာတွင် စီးပွားရေးဟူသည် မှားနိုင်သည်၊ ရှုံးနိုင်သည်ချည်းပင်ဖြစ်သည်။ သို့ဖြစ်၍ သေချာပေါက်မရှုံးဟု ယူဆရသော လုပ်ငန်း မျိုးများသာ ရွေးချယ်လုပ်ကိုင် ကြသည်။ ငွေတိုးပေးခြင်းကဲ့သို့လုပ်ငန်းများ၊ တစ်ဆယ်နှင့်ဝယ်၍ ဆယ့်ငါးကျပ်နှင့် ပြန်ရောင်း သော ရိုးစင်းသည့် စီးပွားရေးအသေးစားများ၊ ဥပမာ လက်ကိုင်ဖုန်း ရောင်းဝယ်ရေး၊ ကားရောင်းဝယ်ရေး၊ ရွှေငွေစိန် ရောင်းဝယ်ရေး၊ ဆီဆန် ရောင်းဝယ်ရေး ကဲ့သို့သော အလားတူ လုပ်ငန်းများ များပြားလာသည်။ သို့သော် မြတ်ရန် ရှုံးရန် သေချာပေါက် ခန့်မှန်းရန်ခက်သည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ (ဥပမာ- အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်လုပ်ရေးစက်ရုံ၊ ဟိုက်ဒြိုဂျင် ဓာတ်ငွေ့ ထုတ်လုပ်ရေး စက်ရုံ)ကို ဆုံးရှုံးမည်စိုး၍ ရွေးချယ်မှု နည်းပါးလာသည်။ သို့ဖြစ်၍ တိုင်းပြည်တွင် ကုန်ထုတ်လုပ်ငန်းများ နည်းလာသည်။ ကုန်ထုတ်စွမ်းအား ကျဆင်းလာသည်။ ကုန်ထုတ်စွမ်းအား ကျဆင်း၍ ပြည်တွင်းသုံးကုန် လိုအပ်ချက်ကို ပြည်ပမှ တင်သွင်းရသည်။ ပြည်ပသို့ ရောင်းချသည့် နိုင်ငံခြားငွေရမည့် ထုတ်ကုန် အား ကျလာသည်။ ဤဆိုးကျိုး အားနည်းချက်တို့အား ပြုပြင်လိုလျှင် ကလေးတို့၏ အခြေခံပညာ စာသင်သားဘဝတွင် ဆရာနှင့်မိဘတို့က အကြောင်း ပြချက် ဘာသာရပ်ပါ အခက်အခဲ များကို မိမိဘာသာမိမိ လုပ်ကိုင်စေခြင်းဖြင့် အမှားငယ် များ ပေးလုပ်ရန်လိုသည်။ မှားလျှင် ပြင်၍ရမှန်း လေ့ကျင့်ပေးရန် လိုသည်။ ငယ်စဉ်က အမှားကလေးများလုပ်ခဲ့ပြီး၊ ကြုံခဲ့ပြီး၊ ပြင်ခဲ့ပြီးလျှင် ကြီးသော် အမှား နည်းလာ၏။ အမှားကြီးများမလုပ်တော့။ အမှား ရှောင်တတ်လာအောင် လေ့ကျင့်ပြီးဖြစ်၏။ အမှားများအားလုံးကိုလည်း သိပြီးဖြစ်၏။

## ဆုံးရှုံးမှုများ ကြုံတွေ့ရခြင်း၏ ကောင်းကျိုး

ဆုံးရှုံးမှုသည် ဘဝတို့၏ ကြုံတွေ့မြဲ အစိတ်အပိုင်းများဖြစ်၏။ ငယ်စဉ်ကလေးဘဝ စာသင်သား အရွယ်တွင် ဆုံးရှုံးမှုလေးများ ကြုံတွေ့စေရန် ဆရာ၊ ဆရာမတို့က ခေတ်သစ်ပညာရေးစနစ်တွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းကြ၏။ (ဥပမာ - အားကစားပွဲများ၊ ကျောင်းတွင်း ကျောင်းပြင် အားကစားပြိုင်ပွဲများနှင့် အခြားပြိုင်ပွဲများကျင်းပပေးခြင်း) ကျွန်ုပ်တို့ မိဘများ အများစုသည် ရင်သွေးတို့အား ဆုံးရှုံးခြင်းကို မကြုံတွေ့စေလိုကြ။ ရင်သွေးတို့၏ စိတ်ထိခိုက်မှုကို စိုးရိမ်သည်။ စိတ်တွင်ဒဏ်ရာရသွားကြလိမ့်မည်ဟု ဆိုကြသည်။ လက်တွေ့တွင် လူတစ်ဦးအား လူတော်လူကောင်းတစ်ယောက် ဖြစ်လာစေရန် ကောင်းစွာထောက်ပံ့သော အချက်များထဲတွင် ထိုစိတ်ဒဏ်ရာများသည်လည်း တစ်ချက်အပါအဝင်ဖြစ်သည်။ မဆင်းရဲဘူးပါပဲ မချမ်းသာနိုင်။ မကျန်းမာဘူးပါပဲ ကျန်းမာလိုစိတ်မဖြစ်ပေါ်နိုင်။ စိတ်ဒဏ်ရာများ မရှိပါဘဲ စိတ်ဓာတ်ခွန်အား မဖြစ်ပေါ်နိုင်၊ မကြီးမားနိုင်၊ မတိုးတက်နိုင်။ လောကဓံ၏ ရိုက်ပုတ်ချက်တို့ကြောင့် ရလာသော ဒဏ်ရာများသည် လူတို့အား ပို၍ပို၍ မာကြောရင့်ကျက်လာစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ရင်သွေးများ ဆုံးရှုံးခြင်းကို ကြုံတွေ့ဖူးရန်လိုသည်။

ကျောင်းတွင်း ဘောလုံးပြိုင်ပွဲတွင် ရှုံးသောအသင်းသည် ဆုံးရှုံးခြင်းကို လက်တွေ့ခံစားခွင့် ရသည်။ နိုင်သောအသင်းသည် အောင်မြင်မှု၏ အရသာကို ခံစားခွင့်ရသည်။ ဤအချိန်၌ ဆရာဆရာမတို့မှ ဆုံးရှုံးခြင်းကြုံရသော စာသင်သားတို့ကို ဆုံးရှုံးခြင်းကို လက်ခံနားလည်အောင်နှင့် နောက်နောင်မဆုံးရှုံးအောင် မည်သို့လုပ်လျှင်ရမည်ဟူ၍ လမ်းပြလေ့ကျင့်ပေးကြရန် အရေးကြီးပြီး၊ အောင်မြင်မှုများကို ကြုံတွေ့ရသော ကျောင်းသားများကိုမူ အောင်မြင်မှုကို ဆက်လက်ထိန်းထားနိုင်အောင် အားပေးချီးကျူး ပဲ့ပြင်သွန်သင်ကြရန် အခွင့်အရေးပင်ဖြစ်သည်။ သို့ဖြစ်၍ ခေတ်သစ်ပညာရေးစနစ်မှ မွေးထုတ် လိုက်သောကလေးများ ကြီးပြင်းလာသော် ဆုံးရှုံးခြင်းကို လက်ခံနားလည် ကိုင်ကွယ်တတ်ပြီး အောင်မြင်ခြင်းကိုလဲ ဆက်လက်ထိန်းသိမ်းထားနိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းရွေးချယ်မှုများတွင်လည်း လွယ်ကူရိုးစင်းသော အရောင်းအဝယ်လုပ်ငန်းများတွင်မက အဆင့်မြင့်

ရှုပ်ထွေးခက်ခဲသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရွေးချယ်လုပ်ကိုင်ရသည်ကို ပို၍ စိတ်လှုပ်ရှားခံစားကြသည်။ နှစ်သက်ကြသည်ကို တွေ့ရသည်။ ထိုသူတို့ကို ရှေးဦးစွန့်စားတီထွင်သူ စီးပွားရေးလုပ်ငန်းရှင်များဟု အင်္ဂလိပ်ဘာသာဖြင့် (Entrepreneur) ဟု ခေါ်ဝေါ်ကြသည်။ သို့ဖြစ်၍ ခေတ်သစ်ပညာရေးစနစ်ကို သုံးကြသောနိုင်ငံများတွင် စီးပွားရေးနယ်ပယ်များ၌ စွန့်စားလုပ်ကိုင်ကြသူများနှင့် စီးပွားရေးအမယ်သစ်များ၊ ကုန်ထုတ်လုပ်မှုအသစ်များ တိုးပွားလာပြီး ကုန်ထုတ်စွမ်းအားပါတက်လာကာ သွင်းကုန်လျော့ကျပြီး တိုင်းပြည်များ ကြွယ်ဝလာကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ (ဥပမာ - တရုတ် နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ)

ဤစာအုပ်တွင် ယခုရည်ညွှန်းသုံးနှုန်းခဲ့သော ကျူရှင်ဆရာတို့သည်လည်း ကျောင်းဆရာ ဆရာမများဖြစ်ကြပြီး အားလုံးသော ဆရာ၊ ဆရာမများ နည်းတူ ခေတ်သစ်ပညာရေးစနစ်ကို နားလည်အောင်လေ့လာ၍ ကျင့်သုံးသင်ကြားမည်ဆိုပါက ပြည်ထောင်စုအတွက် ပိုမိုအားထား အားကိုးရမည့် အပြုသဘော အင်အားစုများ ဖြစ်သည်။ သူတို့အားကိုးလိုသည်။ သူတို့၏ အကြောင်းပြချက်ကို ကျွမ်းကျင်မှု အင်အားသည် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလွန်အရေးပါသည်။ နည်းစနစ်မှန်ကန်စေရေးသာ ဝိုင်းဝန်းလုပ်ရန်လိုသည်။

လူမှုရေးနိယာမ အများအပြားတွင် သတ္တလောက၌ အရာရာသည် ဆက်စပ်ချက်ရှိသည်ဟူသော အချက်ကိုမကြာခဏ တွေ့ရှိရသည်။ ခေတ်သစ်ပညာရေးစနစ်ကို စတင်ပုံစံပြုစဉ်က ဥရောပ၊ အင်္ဂလန် နှင့် အမေရိကတို့တွင် စစ်ပြီးခေတ် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ကြရန် စိုင်းပြင်းနေသည်ဖြစ်၍ ထိုစဉ်က နိုင်ငံပြန်လည်ထူထောင်ရေးအတွက် တိုင်းပြည်ဘဏ္ဍာ အခွန်ဝင်ငွေသည် အရေးကြီးကြောင်း မမေ့လျော့ဘဲ ထည့်သွင်းစဉ်းစားခဲ့ကြပြီး အခြေခံပညာကျောင်းများမှစ၍ စာသင်သားတို့၏ စိတ်တွင် နောင်၎င်းတို့ကြီးပြင်းလာ၍ စီးပွားရေးလောကတွင်းသို့ ဝင်ရောက်လာသောအခါ တိုင်းပြည်အတွက် ဘဏ္ဍာအခွန်ကို ပေးရကောင်းမှန်းသိစေရန် ၎င်းပညာရေးစနစ်တွင် ထည့်သွင်း စီမံခဲ့ကြ၍ အင်္ဂလန်၊ ဥရောပ၊ အမေရိကနိုင်ငံများတွင် ထိုစဉ်က အခွန်ငွေအမြောက်အမြားရရှိ၍

ထိုနိုင်ငံတို့ ဘဏ္ဍာငွေများစွာ တောင့်တင်းခဲ့သည်။ ဩစတေးလျ နိုင်ငံတွင် ကျန်းမာရေး အကောင်းဆုံးအချိန်ဖြစ်သည့် (၁၈)နှစ် မှ (၅၅) နှစ်အတွင်းရှိ နိုင်ငံသားများက ၎င်းတို့ရှာဖွေရရှိသည့် ဝင်ငွေ၏ တစ်ဝက်ကို အသက် (၁၈) နှစ်အောက် နိုင်ငံသားငယ်များနှင့် အသက် (၅၅) နှစ်အထက် နိုင်ငံသား လူကြီးများအတွက် အခွန်အဖြစ်ပေးရသည်ဟူ၍ သိရှိကြသည်။ ကျန်းမာသန်စွမ်းသောသူများက ငယ်ရွယ်သူနှင့် အသက်ကြီးသောသူများ၊ အိုမင်းမစွမ်းရှိသူများကို မည်သို့ထောက်ပံ့ကြရန် ဩစတေးလျ၏ အခြေခံပညာကျောင်းများတွင် ငယ်စဉ်ကပင် အသိဉာဏ်တွင်းသို့ ရိုက်သွင်းခဲ့ကြသည်။ သို့ဖြစ်၍ လူလူချင်း စောင့်ရှောက်သည့် ဖြဟ္မဝိဟာရ တရားတို့ ထိုဒေသများတွင် တွေ့ရ၏။ ပေးသင့်ပါသည်ဟု ခံစား၍ ပေးကြသဖြင့် အခွန်ရှောင်ခြင်း နည်းပါးလာသည်။

ဤသို့ခံစားတွေးတောတတ်လာအောင် အခြေခံပညာကျောင်းများတွင် အချိန်ယူ၍ လေ့ကျင့်ပေးကြသည်။ လေ့ကျင့်ပေးခြင်း (၂)မျိုးရှိသည်။ ပထမနည်းမှာ သူငယ်တန်းမှ အထက်တန်းအထိ လူမှုရေး ဘာသာပြဋ္ဌာန်း၍ ထည့်သွင်း သွန်သင် လေ့ကျင့်ပေးသည်။ အဘယ်ကြောင့်ပေးရန် တာဝန်ရှိသည်ကို နိုင်ငံသားတို့ ဦးနှောက်နုစဉ်မှာပင် နားလည်လက်ခံလာစေရန် အခြေခံ ပညာလေ့လာစဉ် ကာလတွင် နှစ်ပေါင်းများစွာ ပုံစံသွင်း၏။ ဒုတိယနည်းမှာ လူမှုရေးဘာသာ မပြဋ္ဌာန်းဘဲ လူမှုရေး နိယာမများကို အသုံးပြု၍ ကျောင်းသားတို့အား အကျင့်ဖြစ်စေသည်။ ဥပမာ - ထိုသို့သောကျောင်းများတွင် အခြေခံပညာ အဆင့်တိုင်းတွင် လစဉ်ကျောင်းလခ ကောက်ခံ၏။ ကျောင်းလခ ကောက်ခံတိုင်း ကျောင်းသားများအား အဘယ့်ကြောင့်ကျောင်းလခပေးရန် လိုသည်ဟူ၍ စနစ်တကျ ရှင်းလင်းပြော ဆိုသည်။ ထိုကျောင်းလခတို့ကိုသုံး၍ ၎င်းတို့အတွက် ကျောင်းသုံးပရိဘောဂများ၊ လျှပ်စစ်မီးများ၊ သုံးရေများ၊ အိမ်သာများ၊ ဆရာ ဆရာမများ၏ လစာများ၊ ကျောင်းသုံးစာအုပ်စာတမ်းများ အဆင်ပြေ အောင် စီစဉ်ရသည်ကို အချိန်ယူရှင်းလင်းရ၏။ လက်တွေ့တွင်လည်း အသစ်တည်ဆောက်ပြီးတိုင်း၊ အဟောင်းပြုပြင်ပြီးတိုင်း ကျောင်းလခများအသုံးပြု၍ တည်ဆောက်ပြုပြင်ထားကြောင်း သိစေသည်။ ငယ်စဉ်ကာလ ကျောင်းသားဘဝတွင် ပညာလိုသော် လခပေး၍ သင်ယူကြရသည်။ ကြီးပြင်းလာသော် တက္ကသိုလ်များ တွင်လည်း

ထိုက်သင့်သော ကုန်ကျစရိတ်ကျောင်းလခဖြင့် တက္ကသိုလ်ပညာကို ယူစေရ၏။ ၎င်းကဲ့သို့ စိတ်ဓာတ်ကို နှစ်ပေါင်းများစွာ ဘွဲ့ရပြီးသည့်အထိ နှစ်တိုင်းလေ့ကျင့်ပေးပြီးသောသူတို့သည် တစ်စုံတစ်ခုကို ရရှိစေရန်အတွက် တစ်စုံတစ်ခုကို ပြန်ပေးရမည်မှာ တရားမျှတသည်ဟု လုံးဝလက်ခံပြီးဖြစ်သည်ကို သုတေသနများစွာမှ သက်သေပြ အောင်မြင်ပြီးဖြစ်၍ ထိုသူတို့စီးပွားရေးလောကသို့ ဝင်ရောက်လုပ်ကိုင် ဝင်ငွေရရှိလာသည့်အခါ ၎င်းတို့၏ မသိစိတ်တွင်ရော၊ သိစိတ်တွင်ပါ ထိုရရှိသော ဝင်ငွေအတွက် တစ်ခုခုပြန်ပေးရန် တာဝန်ရှိသည်ဟူ၍ အခြေခံပညာကျောင်းများမှ မွေးမြူပေးလိုက်သော အကျင့်ကောင်းကြောင့် တိုင်းပြည်သို့ အခွန်ငွေပေးရန် ဝန်မလေးတော့။

လူတို့အလို အလျောက် တာဝန်သိလာကြပြီး အခွန်များ ပေးလာကြရန် မျှော်မှန်းလျှင် မျှော်မှန်းသူများသာ မောမည်။ လူမှုရေးနိယာမ တရားတို့အရ ဤအကျင့်တို့ကို ဖြစ်တည်လာစေရန် ယခုကဲ့သို့ လေ့ကျင့်ပေးမှရသည်။ လေ့ကျင့်ပေးထားသောနိုင်ငံများ အခွန်ငွေများစွာရသည်။ တရုတ်နိုင်ငံတွင် အခြေခံပညာကျောင်းများ၌ ပထမနည်းကိုသုံး၍ လေ့ကျင့်၏။

## မျိုးချစ်စိတ်ရှိအောင် လေ့ကျင့်၍ရပါသလား

တိုင်းချစ်ပြည်ချစ်စိတ်ဟူသည်မှာ မိမိနေထိုင်ရာ နေရာဒေသပတ်ဝန်းကျင်ကို ချစ်မြတ်နိုးခြင်း၊ မပျက်စီးစေလိုခြင်း၊ ၎င်းမှတစ်ဆင့် ထိန်းသိမ်းစောင့်ရှောက်လိုလာခြင်း၊ ထိုမှတစ်ဆင့် လိုအပ်လျှင် အသက်စွန့်၍ ကာကွယ်မည်ဟူသည့် အသိမျိုးရှိလာခြင်းကို ဆိုလိုပါသည်။ အခြေခံပညာကျောင်းများ၌ ဤစိတ်ဓာတ် မွေးမြူလေ့ကျင့်ပေးရန် တာဝန်ရှိပါသည်။ ကျောင်းဆရာ ဆရာမများက ၎င်းတို့နှုတ်မှ "တိုင်းချစ်ပြည်ချစ်စိတ်ရှိကြပါ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြပါ၊ တိုင်းချစ်ပြည်ချစ်စိတ် ရှိကြပါ" ဟု မည်မျှပင် ကြိမ်ဖန်များစွာ ပြောပေးနေသော်လည်း နည်းစနစ်မမှန်၍ အရာမရောက်ပါ။ ကလေးတို့၏ စိတ်သဏ္ဍာန်၌ တိုင်းချစ်ပြည်ချစ်စိတ် မဖြစ်ပေါ်ပါ။ တိုင်းချစ်ပြည်ချစ်စိတ် ဖြစ်ပေါ်လာစေရန် လေ့ကျင့်ခြင်းသည် ဆရာဆရာမတို့နှုတ်မှ ကြိမ်ဖန်များစွာပြောရန်မလို။ တိုင်းချစ်

ပြည်ချစ်စိတ် များလာစေမည့်လုပ်ချက်၊ လေ့ကျင့်ချက်များကိုသာ အခြေခံပညာသင်ရိုးတွင် ထည့်သွင်းလေ့ကျင့်ခဲ့ပါလျှင် ယနေ့ကလေးတို့ တိုင်းပြည်ချစ်လာကြလိမ့်မည်။

လုပ်ငန်းလမ်းညွှန်ချက် (၁)တွင်ပါ မိမိအရွယ်နှင့်အလိုက် သိသင့်သည်များကို လေ့လာရမည်ဟူသည့် စူးစမ်းမှုတွင် သိပ္ပံကိုလည်း အကြောင်းပြုချက်တစ်ခုအနေဖြင့် ထည့်သွင်းထားသည်။ သိပ္ပံကိုအကြောင်းပြု၍ မိမိနေထိုင်ရာ တိုင်းပြည်ဒေသတို့ကို ချစ်ခင်မြတ်နိုးတတ်လာအောင် လေ့ကျင့်ကြရမည်။ တိုင်းပြည်ချစ်စိတ်ရှိလာစေရန် အခြား အကြောင်းပြုချက်များကိုလည်း အသုံးပြုနိုင်ပါသည်။ ဥပမာ ပထဝီ၊ သမိုင်း၊ သိပ္ပံပညာနှင့် သင်္ချာပညာတို့ ဆက်စပ်မှုများစွာရှိသည်။ သိပ္ပံကိုအကြောင်းပြု၍ စဉ်းစားစေသောအခါ သင်္ချာပညာကိုအသုံးပြုရသည်။ သင်္ချာနှင့် သိပ္ပံတို့မှ ကျောင်းသားများတွင် လိုအပ်သော သဘာဝကိုချစ်မြတ်နိုးသော အသိဉာဏ် (Naturalist Intelligence) ကို ရစေသည်။ သဘာဝကို ချစ်မြတ်နိုးသော အသိဉာဏ် ရင့်သန်လာသောသူများသည် သိပ္ပံပညာရှင်များ၊ စစ်သည်တော်များ၊ ဘာသာရေး သမားများ၊ သုတေသီများ၊ သင်္ချာပညာရှင်များ၊ အင်ဂျင်နီယာများ၊ မျိုးချစ် ခေါင်းဆောင်များအပါအဝင် တိုင်းပြည်တစ်ပြည်အတွက် အရေးပါသောပညာရှင်များ ဖြစ်လာကြသည်။

အသက်အရွယ်အလိုက် လေ့ကျင့်စဉ်များစွာမှတစ်ခုကို ဥပမာယူ ကောက်နုတ်တင်ပြပါမည်။ မူလတန်း ကျောင်းသားလေးများ နှစ်စဉ် တစ်နှစ်လျှင် (၂) ကြိမ်၊ (၃) ကြိမ်ခန့် လေ့လာရေးခရီးစဉ်ဟု အမည်တပ်၍ ကလေးတို့အား ကျောင်းပြင်ပသို့ခေါ်သွားပြီး လေ့လာရေးများပြီးလျှင် ကန်တော်ကြီး၊ အင်းလျားကန်၊ လှော်ကားစသည့် သာယာလှပတင့်တယ်သည့် သဘာဝအလှပြည့်စုံသည့် နေရာများတွင် ကျောင်းသားများအား ကစားခွင့်ပေးသည်။ ကစားချိန် ကောင်းစွာ ပေးသည်။ ကျောင်းမှ စားစရာ၊ သောက်စရာများစီစဉ်၍ ကျွေးမွေးသည်။ ဆရာဆရာမတို့က ကြိုတင်ပြင်ဆင်ထားသည့် သင်ကြားရေးဆိုင်ရာ အစီအစဉ်တို့ဖြင့် ကန်ရေစပ်မှ ငါးငယ်များ၊ ရေအောက်အပင်များ၊ ကန်ပတ်လည်ရှိ အပင်ကြီး အပင်ငယ်များ၊ ကန်နားတွင် ကျက်စားကြသော ငှက်အမျိုးမျိုးနှင့် အခြားအင်းဆက် ပိုးကောင်ငယ်များ ကန်နားတွင် နေထိုင်ကြသော လူတို့၏ အကြောင်းလေ့လာ

နိုင်ရန် အုပ်စုခွဲ၍ ဆောင်ရွက်ကြသည်။ ကျောင်းသားငယ် တို့လွန်စွာပျော်ကြသည်။ ဆော့ကြသည်။ ကစားကြသည်။ ကျောင်းတွင်း စာသင်ခန်းထက် ပို၍လွတ်လပ်သည်။ နေရောင်ခြည်ရသည်။ လေကောင်းလေသန့်ရသည်။ ကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသောလေကို ကြိုက်ကြသည်။ ကန်ပတ်လည်ပြေးလွှား ဆော့ကစား ရသည်ကို လွန်စွာကြိုက်ကြသည်။ ထိုအတွေ့ အကြုံတို့ကို ကျောင်းသို့အပြန်လမ်း တွင် ပြောမဆုံး၊ ကျောင်းရောက်တော့လည်း ပြောမဆုံးသေး၊ ဘယ်အချိန် ပြန်မေးမေး ကျောင်းသားငယ်အားလုံး ဤသို့သော အတွေ့အကြုံကို လွန်စွာ ကြိုက်ကြောင်း၊ နောက်ထပ် ထိုနေရာဒေသမျိုးသို့ သွားရမည်ဆိုပါကလည်း လွန်စွာ ပျော်ရွှင်ကြပြီး သွားလိုကြကြောင်း အတွေ့အကြုံ အရ လေ့လာတွေ့ရှိရသည်။ ဤသို့ (၂)ကြိမ်၊ (၃)ကြိမ်၊ (၄) ကြိမ်မက အခြေခံပညာ သင်ယူစဉ်ကာလတွင် နှစ်တိုင်း လေ့လာရေး ခရီးများထွက်သောကြောင့် မြန်မာပြည် အနှံ့အပြား ထင်ရှားသော နေရာများ၊ မြန်မာလူမျိုးများ ရောက်ဖူးသင့်သော နေရာများသို့ ရောက်ပြီးဖြစ်အောင် ကျောင်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း ပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ သွားတိုင်းလည်း ပျော်ရွှင်အမှတ်ရ အောင် စီမံရ၏။ အကယ်၍ တစ်နေ့နေ့တွင် ၎င်းတို့ချစ်မြတ်နိုးသော၊ ငယ်ငယ်က သွားခဲ့ဖူးသော၊ ပျော်ရွှင်ခဲ့ဖူးသော ရေကန်ကြီးများ၊ မြစ်ကြီးများ၊ သစ်တောကြီးများ စသည့် မြန်မာနိုင်ငံအနှံ့ အပြားနေရာဒေသများအား တစ်စုံတစ်ဦးက ပျက်ဆီး အောင် လုပ်မည်ဟုသိလျှင် သူတို့မကြိုက်။ ငယ်ငယ်က သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်ခဲ့သော ရေကန်ကြီး အား မြေဖို့ပစ်မည်ဆိုလျှင် သူတို့နှမြောကြသည်။ တိမ်ကောတော့မည်ဆိုလျှင်လည်း ဝမ်းနည်းကြသည်။ ငယ်ငယ်က သူငယ်ချင်းများ နှင့်အတူ ပျော်ရွှင်စွာဆော့ကစားခဲ့သော သစ်တောကြီးအား ဖျက်ဆီးပစ်မည် ဆိုလျှင်လည်း သူတို့ဝမ်းမသာ။ ငယ်ငယ်က သူငယ်ချင်းများနှင့်အတူ လမ်းလျှောက် လေ့လာခဲ့သော တောတောင်ရေမြေတို့အား ထိပါးသိမ်းပိုက် လုယူတော့မည်ဆိုလျှင် သူတို့ကာကွယ်ကြ တော့မည်။ မြန်မာလေးတို့ တိုင်းပြည်ချစ်ကြပြီ။ ဤသို့ အဆင့်ဆင့်လေ့ကျင့် ပေးလိုက်လျှင် ဆရာဆရာမတို့နှုတ်မှ အပင်ပန်းခံ အော်ဟစ်ရန်မလိုတော့ဘဲ စာသင်သားတို့သည် ၎င်းတို့၏အတွေ့နှင့်ယှဉ်၍ မိမိတို့ နေထိုင်ရာဒေသအား ချစ်ခင်တွယ်တာလာကြတော့သည်။ ဤသည်ကို မျိုးချစ်

စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ဆို လျှင်လည်း အတူတူပင်ဖြစ်၏။ အခြေခံပညာ သင်ယူပြီးကာစကာလ၌ လေ့ကျင့် ပေးလိုက်နိုင်သော မျိုးချစ်စိတ်သည် မွေးဖွားပြီး ဖြစ်သော်လည်း တက္ကသိုလ်ပညာ နယ်ပယ်၌ ၄င်းမွေးဖွားပြီး မျိုးချစ်စိတ်ကို ရှင်သန် ရင့်ကျက်အောင် စနစ်တကျ ဆက်လက် ပျိုးထောင်လေ့ကျင့်ရန်လိုသည်။

ပညာရေးစနစ်သည် အရာရာကို ပုံသွင်းနိုင်သည်။ ပုံပြောင်းနိုင်သည်။ လူမှုရေးနိယာမများအရ လူတို့သည် စနစ်တို့၏ သားကောင်များဖြစ်သည်ဟု ဆိုကြသည်မှာ အထင်အရှားပင်ဖြစ်သည်။ ထို့ကြောင့် ပညာရေးနှင့် တိုင်းချစ် ပြည်ချစ်စိတ် တိုက်ရိုက်ဆက်စပ်နေသည်။ တိုင်းချစ်ပြည်ချစ်စိတ် နည်းပါးသော သူများ များပြားလာသည်ဆိုပါက အဓိကတရားခံသည် ပညာရေးစနစ်ပင် ဖြစ်သည်။

## စည်းကမ်းရှိအောင် လေ့ကျင့်ရေး

လူ့ဘောင်အဖွဲ့အစည်းတို့ကို အစည်းမပြေစေရန် စည်းကမ်းက တုတ်နှောင်ရစ်ပတ်ထားသည်။ ဤမျှအရေးကြီးသော စည်းကမ်းပါရှိလာစေရန် အခြေခံပညာသင်ယူချိန်၌ လေ့ကျင့်ပေးလျှင် အကောင်းဆုံးဖြစ်၏။ အရွယ်ကြီး လာသည်နှင့်အမျှ လေ့ကျင့်ရန်ခက်ခဲသည်။ အခြေခံပညာအဆင့်တွင် စည်းကမ်း ရှိအောင်လေ့ကျင့်ပေးရန် ပျက်ကွက်ခဲ့ပါလျှင် ၄င်းတို့နေထိုင်သော လူ့ဘောင် အဖွဲ့အစည်းသည် စည်းလုံးညီညွတ်မှုမရှိ၊ လွန်စွာထိန်းသိမ်းရန် ခက်ခဲလာတော့ သည်။ အကွပ်မရှိသည့် ကြမ်းကဲ့သို့ ပရမ်းပတာ ဖြစ်တော့မည်။ စည်းကမ်းတစ်ခု ပြဋ္ဌာန်းပြီးနောက် ထိုစည်းကမ်းကို ထိုလူ့ဘောင်အဖွဲ့အစည်း တစ်ခုလုံးက သိထား ရန်လို၏။ အသိတူရန်လိုသည်။ အသိတူရန် ထိုလူ့ဘောင်၏ ပညာရေးစနစ်က တာဝန်ယူ အကောင်အထည်ဖော်လေ့ကျင့်၍ အသိတူစေဖို့ အာမခံရန်လိုသည်။ သို့ဖြစ်၍ လူ့ဘောင်အဖွဲ့အစည်း တစ်ခုအတွင်း လိုအပ်သောစည်းကမ်းတို့အား အခြေခံပညာကျောင်းများတွင်စတင်၍ စာသင်သားတို့ ငယ်ရွယ်စဉ်ကပင် မွေးမြူ လေ့ကျင့်ပေးရမည်။ လေ့ကျင့်စဉ် များစွာမှ ကလေးတို့အား အမှိုက်ပစ်ရာတွင် စည်းကမ်းတကျပစ်တတ်အောင် လေ့ကျင့်သွန်သင်သည့် စနစ်တစ်ခုကို ဥပမာအဖြစ် ကောက်နှုတ် တင်ပြပါမည်။

လူမှုရေးနိယာမများက ဆိုကြ၏။ လူတိုင်းလူတိုင်းတွင် အကြင်နာတရား၊ ကရုဏာတရားနှင့် သနားညှာတာမှုရှိသည်။ တရားမျှတမှုကို ကြိုက်ကြသည်။ တရားမမျှတဟု ယူဆလျှင် မလုပ်တော့။ လက်မခံ တော့။ ဤလူ့သဘောနိယာမကို အခြေခံ၍ သင်နည်းစနစ်ကို ပြုစုသည်။

ဆရာဆရာမတို့မှ စာသင်သားတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး အမှိုက်သိမ်းလုပ်သား မည်မျှရှိသည်ကို ရှေ့ဦးစွာခန့်မှန်းလေ့လာစေသည်။ ပြီးနောက် ရန်ကုန်မြို့နေ လူဦးရေကို လေ့လာစေသည်။ ဆရာဆရာမတို့က ရန်ကုန်မြို့နေ လူဦးရေ (၆)သန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး အမှိုက်သိမ်းလုပ်သား (၅၀၀၀)ခန့်ကို မည်သည့်ဦးရေက များပြားကြောင်းကို နှိုင်းယှဉ်စေသည်။ စာသင်သား ကလေးငယ်တို့သည် အနိုင်ကျင့်ခြင်းကို မကြိုက်ကြ။ ဤအချက်ကို အားပြု၍ ဆရာဆရာမတို့သည် ဦးရေများသော ရန်ကုန်မြို့နေ လူဦးရေ (၆)သန်းမှ နေ့စဉ်အမှိုက် တစ်စစီပစ်လျှင် အမှိုက်စပေါင်း (၆)သန်းရှိမည်။ လိုက်လံ သိမ်းဆည်းရန် ဝန်ထမ်းများမှာ စုစုပေါင်း (၅၀၀၀)ခန့်သာရှိ၍ လူခြောက်သန်းမှ တစ်နေ့အမှိုက်တစ်စပစ်ခဲ့၍ ၄င်းအမှိုက်စ (၆)သန်းအား လူငါးထောင်မှ ကောက်ယူ ရှင်းလင်းရလျှင် ထိုအမှိုက်သိမ်းသော လူငါးထောင်အပေါ် တရားမည်လောဟု စာသင်သားကလေးငယ်တို့အားမေးသော် ၄င်းတို့အားလုံးက မတရားပါဟု ခံစားကြသည် ကိုတွေ့ရ၏။ ဆရာမတို့က ဒါဆိုလျှင် လူ(၆)သန်းက နေ့စဉ်အမှိုက်ပစ်သည့်အခါ လူနည်းစုဖြစ်သော အမှိုက်သိမ်း သူများအား ကူညီသောအနေဖြင့် အမှိုက်ပုံး များတွင်ထည့်ပေးလျှင် မည်သို့ယူဆမည်ကို ကလေးများအား မေးမြန်းသော် စာသင်သားကလေးတို့ အမှိုက်များအားလုံး အမှိုက်ပုံးထဲသို့သာ ပစ်ပေးကြရန် သဘောတူကြ၏။ ဤသဘောတူ ညီလာကြခြင်းသည် ရင်တွင်းမှ ကရုဏာတရား ကိုအခြေခံ၍ ခံစားမှုဖြင့် သဘောတူ ကြခြင်းဖြစ်၍ စာသင်သားကလေးငယ်တို့ အသဲနှလုံး၌ စွဲမြဲ၏။ သူတို့အမှိုက် မပစ်တော့။ ပစ်လျှင်လည်း အမှိုက်တောင်းရှာ၍ ထည့်တတ်သည်။ စေ့ဆော်ချက်သည် ကရုဏာတရားကို အခြေခံသဖြင့် လွန်စွာကြာရှည်ခံ၏။ ဤအတိုင်း လုပ်ဖန် များလာသော် အမှိုက်ပုံးထဲသို့သာ အမှိုက်ပစ်ခြင်းသည် အကျင့်အဖြစ် ကူးပြောင်းတော့၏။ သို့ဖြစ်၍ ၄င်းတို့

ကြီးပြင်းလာသောအခါ ထိုကဲ့သို့ပင် ဆက်လက်၍ စည်းကမ်းတကျ အမှိုက်ပစ်တတ်သော သူများ ဖြစ်လာကြ၏။

သင်ကြားလေ့ကျင့်ရေးသည် လွန်စွာသိမ်မွေ့နက်နဲပြီး သိပ္ပံနည်းကျ၏။ လူမှုရေးနိယာမများ အားလုံးကို အခြေခံ၍ လေ့ကျင့်ကြသဖြင့် လွန်စွာလက်တွေ့ကျ၏။ လေ့ကျင့်နည်းပေါင်းများစွာရှိပြီး အဖြေထွက်တူကြပါသည်။ အခြေခံပညာ အဆင့်တွင် လေ့ကျင့်ပေးလိုက်မိရန်သာလိုသည်။ ပျက်ကွက်ခဲ့သော် အမှိုက်များ ပစ်စလက်ခတ်ပစ်သူများ များပြားလာမည်။ ရန်ကုန်မြို့ကြီး ညစ်ပတ်သည်မှာ ရန်ကုန်မြို့နေ မြို့သူမြို့သားများ ပစ်စလက်ခတ် တွေ့ရာနေရာ အမှိုက်ပစ်၍ ဖြစ်သည်။ သို့သော် ဉာဏ်ရည်မပြည့်မီ၍ စည်ပင်သို့ပင် အပြစ်တင်၏။ စည်ပင် သည် တာဝန်မကျေ၊ အမှိုက်များ မသန့်ရှင်းနိုင်။ စည်ပင်ဝန်ထမ်းတို့၏ ပို၍ အရေးကြီးသော အဓိကတာဝန်မှာ လူတို့စနစ်တကျစွန့်ပစ်သော အမှိုက်များ ရှင်းလင်းရန်နှင့် သဘာဝအမှိုက်များဖြစ်သည့် များစွာသောသစ်ပင်များမှ ကြွေကျသော သစ်ရွက်ခြောက်များ ရှင်းလင်းရေး၊ ရေမြောင်းများ မပိတ်ဆို့စေရေး၊ လမ်းများ မပျက်စီးရေး၊ လေထုသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစရှိသည့် အရေးပါသည့် ကိစ္စရပ်များစွာကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ အကယ်၍ မြို့တော်သားတို့ ငယ်ရွယ်စဉ် အခြေခံပညာကျောင်းများမှ အလေ့အကျင့် ရခဲ့သော် (၅၀၀၀)ခန့်ရှိသော စည်ပင်သာယာဝန်ထမ်းတို့သည် ၎င်းတို့ အလုပ်ကို ၎င်းတို့ အာရုံစိုက်နိုင်မည်ဖြစ်သည်။ ဥပမာ - စင်ကာပူနိုင်ငံ။ စင်ကာပူ နိုင်ငံ၏ အခြေခံပညာစနစ်တွင် အမှိုက်စနစ်တကျပစ်ရန် အထူးဂရုစိုက် လေ့ကျင့် ပေးလျက်ရှိသည်။

လူသားတို့ကို ပုံသွင်းရာတွင် ပညာရေးစနစ်သည်သာ အကောင်းဆုံး အရာဖြစ်သည်။ နိုင်ငံတိုးတက်ရာ တိုးတက်ကြောင်း အင်အားကောင်းများ ရှိစေရန်လည်း အခြေခံပညာမှစ၍ ပုံသွင်းပုံဖော်လေ့ကျင့် မွေးမြူကြ၏။ အသုံးပြုသော ပညာရေးစနစ်တွင် လေ့ကျင့်စဉ်လွဲချော်လျှင်လည်း နိုင်ငံတော် အတွက် အဖျက်အင်အားများဖြစ်ကုန်ကြ၏။ သို့ဖြစ်၍ ပစ္စုပ္ပန်ကာလတွင် ဖြစ်ပျက်နေသမျှအားလုံးအား နောက်ကြောင်းပြန်ကောက်သော် ထိုဖြစ်စဉ်များတွင်

ပါဝင်နေသော ပုဂ္ဂိုလ်တို့၏ အခြေခံပညာသင်ယူ စဉ်ကာလ၏ အရိပ်ထိုးမှုများကြောင့်ဟု အမှန်ပင်ယူဆနိုင်ပါသည်။ ဤလူမှုရေးဖြစ်စဉ်တို့ကို သိပ္ပံနည်းကျ စွာ သရုပ်ခွဲကြည့်လျှင် အဖြေပေါ်၏။ သို့ဖြစ်၍ တိုင်းပြည်တစ်ပြည်၏ နိုင်ငံရေး စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စစ်ရေး ကဏ္ဍအသီးသီးတွင် ဖြစ်စေလိုသည် များကို ဖြစ်စေရန်၊ ဖြစ်သင့်သည်များကိုလည်း ဖြစ်စေရန် အခြေခံပညာအဆင့်မှ စ၍ စနစ်တကျအသေးစိတ် ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းဖြင့် စနစ်တကျ လေ့ကျင့်ပေးထားသော ဘုရားနှင့်တစ်ဂိုဏ်းတည်းထားအပ်သည့် ဆရာ၊ ဆရာမ များက စိတ်ပါလက်ပါ အကောင်အထည်ဖော်လေ့ကျင့်မည်ဆိုပါက အရာရာ တိုးတက်ပြီဟု ယူဆနိုင်သည်။

သို့သော် အမှတ်တမဲ့ နေ၍မရ။ သင်ရိုးတစ်ခုသည် ကာလအလိုက် ပြောင်းလဲပေးရ၏။ တောင်သူများ သီးပင်စိုက်သကဲ့သို့ပင် ရာသီဥတု၊ ရေမြေ၊ စသည့် မှီတည်သည့်အချက်များအလိုက် ပြောင်းလဲပြုစု ပျိုးထောင်ရသလို နိုင်ငံ၏ ရည်မှန်းချက်များ၊ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲနေသော ခေတ်ရေစီးကြောင်း၊ အမြဲပြောင်းလဲနေသော စီးပွားရေးပုံစံများ၊ စစ်ရေးပုံစံများ၊ လူမှုရေးပုံစံများ၊ ဘာသာရေးပုံစံများ၊ အတွေးအခေါ် အယူအဆများအလိုက် နှစ်စဉ်အမြဲမပြတ် သုံးသပ်၍ သင်ရိုးကို လိုအပ်သလို အနည်းငယ်၊ အနည်းငယ်၊ အသစ်၊ အသစ် ဖြစ်အောင် ပြုပြင်နေရ၏။ ထို့နည်းတူစွာ ဆရာ၊ ဆရာမများကို လေ့ကျင့်ပေးရာ၌ ဦးဆောင်ဦးရွက်ပြု လေ့ကျင့်ပေးမည့် တာဝန်ယူမည့် ပုဂ္ဂိုလ်တို့သည် ၎င်းကိုယ်တိုင် ပညာရေး နိယာမများအား လေ့လာမှုအားကောင်းပြီး ပညာရေးလုပ်ငန်းကို အမှန်တကယ် နှလုံးသည်းပွတ်မှ ချစ်မြတ်နိုးစွာလုပ်ကိုင်လိုသူများ ဖြစ်ရန် အရေးကြီး၏။ ထိုသို့လူကောင်းများရလျှင် အောင်မြင်မည်။ အကယ်၍ လူကောင်းများမရဘဲ လူကောင်းများနှင့်တူအောင် လုပ်ပြတတ်သော ပုဂ္ဂိုလ်များ နှင့်တွေ့သော် အဖြေတွင်သိနိုင်သည်။ လွန်စွာ သိပ္ပံနည်းကျ၏။ စစ်ဆေးရ လွယ်ကူ၏။ လုပ်ဆောင်ချက်မှန်လျှင် အဖြေကောင်းရမည်။

**လူတိုင်းအတွက် ပညာရေး**

အချုပ်ဆိုရသော် ပညာရေးစနစ်သည် လူ့ဘောင်အဖွဲ့အစည်းတစ်ခု၏ လျှောက်လှမ်းရာ ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ချီတက်ကြရာ၌ လွန်စွာအရေးပါသည့်ကဏ္ဍဖြစ်၍ ဤပညာရေးစနစ်အား ပုံစံပြုရာတွင် ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်များသည် ပဲ့ကိုင်များဖြစ်ကြသည့် အားလျော်စွာ ပဲ့ကိုင်များ၏ အတွေးအခေါ် အယူအဆ၊ ခံယူချက်၊ ခံစားချက်၊ ရည်ရွယ်ချက်၊ အားနည်းချက်၊ အားသာချက်များအားလုံး၊ ၄င်းတို့ကိုင်တွယ် ပဲ့ထိန်းနေသော လူမှုအဖွဲ့အစည်း ဦးတည်ရာလမ်းကြောင်းကို ရောင်ပြန်ဟပ် ပုံစံပြုလျက်ရှိကြောင်း နှင့် ထိုလူ့ဘောင်အဖွဲ့အစည်း၏ လိုအပ်ချက်များအားလုံးကို ပညာရေးစနစ်မှ စ၍သာလျှင် ဖြည့်ဆည်းလေ့ကျင့်ပေးနိုင်သည်ဟု သုံးသပ်သည်။


[ ILBC ဆရာဖြစ်သင်တန်းတွင် အသုံးပြုရန်အတွက်သာ]

# ကလေးသူငယ်ကဏ္ဍနှင့် လက်ရှိဖြေရှင်းပုံ

ကျန်းမာချမ်းသာအောင်နေတတ်သောပုဂ္ဂိုလ်များ ဖြစ်လာစေရေး လေ့ကျင့်ရေးတွင် အသေးစိတ်ဖြစ်စဉ်များ များစွာပါဝင်သည်။ မိသားစုအားလုံးသည် သားသမီးအသီးသီးကို ကျန်းမာစေလို ချမ်းသာစေလိုသည်။ ထိပ်တန်းသို့ ရောက်စေလိုသည်။ လက်တွေ့တွင် လူအားလုံးထိပ်တန်းတွင်ချည်း ရောက်မနေနိုင်။ ကျွန်ုပ်တို့ မိဘတို့၏တာဝန် (သို့) ချစ်ခြင်းသည် သားသမီးများအား ဤကမ္ဘာမြေမှ မပျောက်ကွယ်မီ လောကဇာတ်ခုံတွင် နေရာချခဲ့ရန်ဖြစ်သည်။ ဘယ်နေရာတွင်ရမည်လဲ ဆိုသည့်မေးခွန်းကို ဖြေရန်ခက်သည်။ မှီခိုနေသောအချက်၊ မူတည်နေသော အချက်များစွာရှိသည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံး အလုပ်လုပ်မှရမည်။ ယခု ကျွန်ုပ်တို့ ဆွေးနွေးနေကြသည်မှာ ဉာဏ်အကြောင်းနှင့် ၎င်းဉာဏ်ခေါ် အသိဉာဏ်အား မည်သို့တည်ဆောက်ကြမည်ကိုသာ ပြောဆိုနေကြရုံရှိသေးသည်။ ကံက မည်သို့ဆိုမည်မသိသေး။ ကံဆိုသည်မှာ မိမိလုပ်သော အလုပ်ဟုဆိုရလျှင် ဗုဒ္ဓဘာသာ အယူအဆအရ ရှေးအတိတ်ဘဝများစွာကလုပ်ထားသော၊ မလုပ်ထားသော ကံနှင့် ကံ၏အကျိုးကို မှန်းဆ၍ မရနိုင်သလို ခရစ်ယာန်ဘာသာနှင့် အစ္စလာမ် ဘာသာတို့အရလည်း ဘုရားသခင်က ပေးလာမည့် ချီးမြှင့်လာမည့် **(Blessing)** ကောင်းချီးပေးခြင်း မည်သို့မည်ပုံလာမည်ကို မှန်းဆမရ၍ ဉာဏ်တစ်ခုတည်းဖြင့် အလုံးစုံ အဖြေမထုတ်နိုင်သေး။ ဝီရိယ စိုက်မစိုက်ကလည်း စကားအတော်အတန် ပြောသည်ဖြစ်ရာ ကလေးတစ်ယောက် ကျန်းမာအောင်နေတတ်လာရေး၊ ချမ်းသာအောင်နေတတ်လာရေး ပြင်ဆင်ပေးရာ၌ ကျောင်းပညာရေးမှ ပံ့ပိုးလေ့ကျင့်ပေးနိုင်သမျှအပြင် ဖော်ပြခဲ့သော ဆိုလိုထားသည့်အကြောင်းအရာများလည်း ရှိနေ၍ ကျွန်ုပ်တို့မိသားစုများအနေဖြင့် ကိုယ်လုပ်နိုင်သည့်အပိုင်းကို ကိုယ် ရာနှုန်းပြည့်ထည့်ဝင်ခြင်းကိုသာ အာရုံစိုက်ရန်လိုသည်။ ဤအရာတို့သည် မြန်မာလိုပြောသော် ကံစီမံရာဖြစ်မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့မိဘတို့သည် သားသမီးများကို လောကဇာတ်ခုံတွင် နေရာချရာ၌ လုပ်နိုင်သလောက် လုပ်လိုသည့်အရာများကို အခြေပြု၍ စိတ်ဝင်စားမှုရယူပြီး လုပ်သင့်သည့် လေ့ကျင့်မှုဖြစ်စဉ်တို့ကို ၎င်းတို့ကိုယ်တိုင်ကျော်ဖြတ်စေရန်၊ လေ့ကျင့်နိုင်စေရန် ပံ့ပိုးရန်ဖြစ်လာသည်။ ၎င်းတို့၏ ဆန္ဒသည် ၎င်းတို့အား တက်ကြွမှုနှင့် စိတ်ဝင်စားမှုတို့ကို ပေးကြမည်။ တက်ကြွမှုနှင့် စိတ်ဝင်စားမှုမရှိလျှင် လုပ်ငန်းလေ့ကျင့်စဉ်များ မအောင်မြင်နိုင်။ ပြင်းပြသော ဆန္ဒရှိမှတက်ကြွမည်။ တက်ကြွမှ စိတ်ဝင်စားမည်ဖြစ်သည်။ သို့ဖြစ်၍

ကျွန်ုပ်တို့၏ သားသမီးများ၏ လိုအပ်သော ဆန္ဒကိုပစ်ပယ်၍မရ။ ဤဂုဏ်သတ္တိကိုအခြေခံ၍ ရှေ့ဆက်ရမည်ဖြစ်သည်။


## ဆန္ဒအတုနှင့် ဆန္ဒအစစ် အလုပ်လုပ်ပုံ

လူတို့အား ပတ်ဝန်းကျင်က စိုးမိုးထား၍ တစ်ခါတစ်ရံ သားသမီးများ၏ စိတ်တွင် ပတ်ဝန်းကျင်က စွဲဆောင်လိုက်သော စိတ်ဝင်စားမှုများ ပေါ်ပေါက်လာနိုင်သည်။ စိတ်ဝင်စားမှု (သို့) ဆန္ဒ တွင် (၂)မျိုးရှိသည်။ ဆန္ဒအတုနှင့် ဆန္ဒအစစ်ဖြစ်သည်။ ဆန္ဒအတုသည် ကာလတစ်ခုတွင် လုပ်ချင်သယောင် စိတ်တွင်ဖြစ်လာခြင်းလိုအင်ကိုခေါ်ပြီး ဆန္ဒအစစ်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် ကိုက်ညီသော (သို့) လိုက်လျောညီထွေသော လိုအပ်ချက်ပင်ဖြစ်သည်။ ဤသည်ကား ဆန္ဒအစစ်ဖြစ်သည်။ ဆန္ဒအစစ်ကို ငယ်စဉ်တွင် ချက်ချင်းတွေ့ချင်မှတွေ့မည်။ ငယ်စဉ်ကျောင်းသားဘဝတွင် ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုအာရုံများကြောင့် ဆန္ဒအတုများဖြစ်ပေါ်မည်။ အချို့လည်း ဆန္ဒအတုနောက်သို့ နှစ်ရှည်လများ လိုက်နာလုပ်ကိုင်ကြရင်း ဆန္ဒအစစ်ကိုတွေ့လာကြသည်။ ထို့နောက်မှ ဆန္ဒအစစ်နောက်ကို လိုက်နိုင်သောအခြေအနေရှိသည့်သူများ မည်သည့်အရွယ်ရောက်သည်ဖြစ်စေ ဆန္ဒအစစ်နောက်သို့လိုက်ကြသလို မလိုက်နိုင်တော့၍ ဆန္ဒအတုများဖြင့်သာ စိတ်မပါတပါဖြင့် သေသည့်တိုင်နေသွားကြသူများလည်းရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သားသမီးတို့၏ ဆန္ဒအစစ်ကို တတ်နိုင်သရွေ့ ပတ်ဝန်းကျင်က မလွှမ်းမိုး မစိုးမိုးစေရေးကို ကျွန်ုပ်တို့က ပံ့ပိုးဖယ်ရှားရမည်။ ပြီးလျှင် ဆန္ဒအစစ်ကိုတွေ့ရှိလာကြလျှင် အားပေးထောက်ခံကူညီခြင်းဖြင့် သားသမီးတို့သည် ထိုပြင်းပြသောဆန္ဒများကို အခြေပြုအုတ်ဖိနပ်ခံကာ ပို၍မြင့်မားသော အဆင့်များသို့တက်လှမ်းနိုင်ရေးအတွက် အသုံးချရန်လိုသည်။ သားသမီးတို့၏ ပြင်းပြသောဆန္ဒစိတ်သည် ၎င်းတို့အား တက်ကြွမှုကိုပေးလိမ့်မည်။ မည်သူကမျှ နှိုးဆော်ရန်မလို။ ကိုယ်ရည်ကိုယ်သွေးဖြစ်သည်။ သားသမီးတို့၏ ပြင်းပြသောဆန္ဒအစစ်တို့သည် တက်ကြွမှုမှ တစ်ဆင့်ဖြစ်ပေါ်လာသော စိတ်ဝင်စားမှုကိုရလိမ့်မည်။ ပြင်းပြသော စိတ်ဝင်စားမှုမှ ဖြစ်ပေါ်လာသည့် စူးရှသော အာရုံစိုက်မှုတို့သည် ကျန်းမာချမ်းသာရေး လေ့ကျင့်စဉ်တွင် ကောင်းစွာထောက်ပံ့ပေးလိမ့်မည်။ ပြင်းပြသောဆန္ဒတို့၏ ပမာဏသည် တစ်ဦးနှင့်တစ်ဦး မတူညီသည်လည်း သိရမည်။ ပမာဏမတူလျှင် အောင်မြင်မှုလည်း ကွာလာမည်။

ကျွန်ုပ်တို့၏ သားသမီးများ မည်မျှဆန္ဒပြင်းပြမည်ကိုမသိ။ အခြားသူများ၏ ကလေးများ၏ဆန္ဒပြင်းပြမှုနှင့်မတူ (သို့) နည်းပါးနေပါက ဆန္ဒအစစ်ဟုတ်မဟုတ် ပေါ်တွင်သာမူတည်သည်။ ထပ်မံလုပ်၍ ကြိုးစားဆန္ဒပြင်း၍မရ။ ဆန္ဒပြင်းပြခြင်း သည်အလိုအလျောက်ကိစ္စဖြစ်သည်။ ဇွတ်ဆန္ဒပြင်းပြ၍မရ။ ပြင်းပြလာရန် ဆန္ဒ အစစ်ဖြစ်ရန်သာလိုသည်။ တကယ်ဆန္ဒပြင်းပြခြင်းသည် သားသမီးတို့၏ ဆန္ဒစိတ် ပေါ်တွင်သာမူတည်၍ သားသမီးများဆန္ဒပြင်းပြမှုနည်းပါးလျှင် ၄င်းတို့၏ စိတ်ဝင် စားမှုအမှန် ဟုတ်မဟုတ် လေ့လာရှာဖွေခံစားကြရန်လိုသည်။ အောင်မြင်မှုတို့သည် ဆန္ဒအလျောက်ကြိုးပမ်းမှုတို့မှ ရလဒ်များဖြစ်၍ အောင်မြင်မှုနည်းလျှင် ဆန္ဒအလျောက် အောင်မြင်ခြင်းသာလျှင်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ သားသမီးတိုင်း အောင်မြင်ကြစေရန် ပံ့ပိုးကြမည်ဖြစ်သော်လည်း အောင်မြင်မှုများ ကွာခြားမှုရှိ မည်ကို ကျွန်ုပ်တို့ လက်ခံသင့်သည်။ အတော်ဆုံး အအောင်မြင်ဆုံးနှင့် အမြဲတမ်း ယှဉ်ထိုး၍ရအောင် ကြိုးပမ်းရန်မဖြစ်နိုင်။ မဖြစ်နိုင်။ အတော်ဆုံး အအောင်မြင်ဆုံး ရစေ ဖြစ်စေရန် လုပ်ကိုင်ကြိုးပမ်းရာတွင် အတော်ဆုံးလူပုဂ္ဂိုလ် အအောင်မြင်ဆုံး လူပုဂ္ဂိုလ်အား ပြိုင်ဆိုင်ခြင်းထက်၊ ၄င်းအားအနိုင်ရစေရေးအတွက် ပိုကြိုးစားခြင်း ထက် မိမိ၏လုပ်လိုစိတ်ဆန္ဒကိုသာ ပြန်၍သုံးသပ်ရန်ဆိုလိုသည်။ တစ်ပါးသူအား ယှဉ်ပြိုင်ကြိုးစားခြင်းသည် ထိုသို့ယှဉ်ပြိုင်အောင်နိုင်လို၍ ကြိုးစားလာခြင်းသည် ကောင်း၏။ ဆိုလိုရင်းကား ထိုသို့ယှဉ်ပြိုင်အောင်နိုင်ရန် ကြိုးပမ်းခြင်းကို အထောက်အပံ့ပေးမည့် အခြေခံအုတ်မြစ်မှာ ဆန္ဒအစစ် (သို့) စိတ်ဝင်စားသော အရာ (သို့) ပြင်းပြသော ဆန္ဒသာဖြစ်သည်။

## ယှဉ်ပြိုင်အောင်မြင်ရေးအတွက် အဓိကလိုအပ်ချက်

**မိမိလုပ်နေသောလုပ်ငန်းဟု မမြင်တော့ဘဲ မတတ်သာ၍ လုပ်နေ ရသောလုပ်ငန်းဖြစ်လာပါက ယှဉ်ပြိုင်အောင်နိုင်စေရန် ကြိုးပမ်းခြင်းသည် ကြီးစွာသောပင်ပန်းခြင်းကို ပေးလိမ့်မည်။**




ယှဉ်ပြိုင်၍ အောင်နိုင်အောင်ကြိုးပမ်းခြင်းသည် ကောင်း၏။ သို့သော် ရလဒ်သည် အခြေခံပြုသော စိတ်ဝင်စားမှုဆန္ဒအစစ်တွင်သာ မူတည်သည်။ ကြိုးစားသလောက် မအောင်မြင်ကြရသည်များမှာ ထိုအချက်ကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ လုပ်ငန်းလမ်းညွှန် (၄)တွင် ကျွန်ုပ်တို့သည် အသီးသီးသော သူများ၏ အိပ်မက်များ၊ ဆန္ဒများကိုလေးစားပြီး ၄င်းတို့၏ အိပ်မက်များ အကောင်အထည်ဖော်ရေးအတွက်ဝိုင်းဝန်း ကူညီဆောင်ရွက်မည်ဖြစ်သလို ကျွန်ုပ်တို့၏ ကိုယ်ပိုင် အိပ်မက်များ ဆန္ဒများကိုလည်း လက်တွေ့ဖြစ်လာစေရန် အကောင်အထည်ဖော်ကြမည်ဟူ၍ ဖော်ပြထားပြီး လက်တွေ့ကြိုးပမ်းလျက်ရှိသည်ဖြစ်ရာ ကျွန်ုပ်တို့ လက်တွေ့အကောင်အထည်ဖော်ရာလမ်းကြောင်း၌ ကျွန်ုပ်တို့ကလေးများ၏ ခန္ဓာကိုယ်တည်ဆောက်ပုံသည်လည်း များစွာပါဝင်ပတ်သက် အဆုံးအဖြတ်ပေးနေသည်။ ကလေးတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၏ ပြည့်စုံမှုမပြည့်စုံမှုအပေါ် များစွာမူတည်လျက် ၄င်းတို့လုပ်ငန်းလုပ်ရာမှ ထွက်ပေါ်လာသော ရလဒ်များ၏ ပမာဏပြောင်းလဲ၏။ တူညီသောအလုပ်ကို ကောင်းစွာလုပ်နိုင်သော ကျောင်းသားများရှိသလို ဤအလုပ်ကိုပင်ကောင်းစွာမလုပ်နိုင်သော ခန္ဓာကိုယ်ဖွဲ့စည်းပုံများလည်း ရှိသည်။ ရှိကိုရှိသည်။ ကျွန်ုပ်တို့မိဘများအနေဖြင့် သားသမီးတို့အား အများနည်းတူ ကောင်းစွာ လုပ်နိုင်စေချင်မည်။ သို့သော် ကျွန်ုပ်တို့သားသမီးတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် ရှိနေနိုင်သော အဟန့်အတားများကို ကြုံတွေ့ရလျှင် လက်ခံနိုင်ရန် ကြိုးပမ်းကြဖို့ဖြစ်သည်။ ပြီးနောက် ကျွန်ုပ်တို့ကလေးများ ၄င်းတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံက ခွင့်ပြုသလောက် လုပ်ငန်းများ၊ ၄င်းတို့နှင့်ဆီလျော်သော လုပ်ငန်းများကို ရှာဖွေပံ့ပိုးပေးခြင်းဖြင့် ကျွန်ုပ်တို့ကလေးများ ပိုမိုပျော်ရွှင်သော ဘဝကိုရရှိနိုင်သည့်အပြင် အောင်မြင်မှုတို့ကိုလည်း ခံစားခွင့်ရလာမည် (သို့) အောင်မြင်အောင် လုပ်လာနိုင်မည်။ ၄င်းတို့ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် မလုပ်နိုင်

သော အများလုပ်နေသော (သို့) လူအများလုပ်၍ရသောလုပ်ငန်းများကို မလုပ်နိုင်ခြင်းကို လက်ခံရမည်ဖြစ်ပြီး တစ်ပြိုင်နက်မှာပင် ကျွန်ုပ်တို့သားသမီးများ စိတ်ဝင်စားရာကို အခြေပြုခြင်းဖြင့် ၎င်းတို့၏ လုပ်နိုင်သော စွမ်းရည်ကိုမြှင့်တင်ကာ ၎င်းတို့အား ၎င်းတို့ခန္ဓာကိုယ်ဖွဲ့စည်းပုံက ခွင့်ပြုသလောက်အတိုင်းအတာအတွင်းရှိ များစွာသောလုပ်ငန်းများကို လုပ်ကိုင်စေရာမှ အများနည်းတူကျန်းမာချမ်းသာသော ဘဝများရနိုင်သည်။ ဥပမာ ဆီးချိုရောဂါရှိသူတို့အတွက် လူတိုင်းစားနေကြသော အစားအစာ၊ အချိုများ ကြိုက်သလိုစား၍မရသော်လည်း ကမ္ဘာပေါ်တွင် ၎င်းတို့နှင့်တည့်သော (ဝါ) စား၍ရသော အစားအစာများ ထောင်ချီရှိနေသေးသည်။ ဆရာဝန်မဖြစ်နိုင်သော်လည်း ကျန်းမာ၍ နေ့စဉ်စိတ်ချမ်းသာနေသော အများအကျိုးပြု စာရေးဆရာတစ်ဦးဖြစ်နိုင်သည်။ ကျောင်းဆရာတစ်ဦးဖြစ်နိုင်သေးသည်။ နာမည်ကျော် ရှေ့နေကြီးတစ်ဦးဖြစ်မလာနိုင်သော်လည်း နာမည်ကျော် မုန့်ဟင်းခါးဆိုင်ပိုင်ရှင် (သို့) လက်ဖက်ရည်ဆိုင်ပိုင်ရှင်များ ဖြစ်လာနိုင်သေးသည်။ နာမည်ကျော် ဖိနပ်ချုပ်သမားဖြစ်လာနိုင်သေးသည်။ ကမ္ဘာပေါ်ရှိ နာမည်ကျော် ဖိနပ်တံဆိပ်တစ်ခုဖြစ်သည့် Hush Puppies ၏ပိုင်ရှင်တို့သည် မီလျံနာမက ဘီလျံနာများ ဖြစ်ကြ သည်။ ဖိနပ်ပဲချုပ်ချုပ် မုန့်ဟင်းခါးပဲ ရောင်းရောင်းကြီးပွားနိုင်သည်။ ကျန်းမာ၍ချမ်းသာနိုင်သေးသည်။ အင်ဂျင်နီယာဖြစ်မှ ကျန်းမာချမ်းသာမည်မဟုတ်။ ဆရာဝန်ဖြစ်မှ ကျန်းမာချမ်းသာမည်မဟုတ်။ ဘရာဇီးနိုင်ငံမှ ပန်းသီးရောင်းသူသည် ကမ္ဘာ့ဘီလီယံနာများစာရင်းတွင် ပါဝင်သည်ကို ဖတ်မှတ်လေ့လာဖူး၏။ ကျောင်းသားတို့ငယ်စဉ်က ခန္ဓာကိုယ်ဖွဲ့စည်းပုံ အရသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကြောင့်သော်လည်းကောင်း အဟန့်အတားများရှိခဲ့၍ ပညာရေးလေ့ကျင့်စဉ်များတွင် မအောင်မြင် (သို့) ကောင်းစွာလေ့ကျင့်နိုင်ခြင်းမရှိခဲ့ (သို့) မပေါ်လွင်ခဲ့ပါကလည်း ရီပို့ကဒ်များ၏ ရုပ်ဆိုးသောရလဒ်များအပေါ်တွင် စိတ်ပျက်မနေဘဲ ကျွန်ုပ်တို့မိဘများက ဆက်လက်အားပေး၍ သင့်တော်သောနေရာမှန်များ ရှာဖွေပေးရန်လိုအပ်သည်။ ခုနှစ်တန်း ရှစ်တန်းရောက်သော် အထက်တွင် ဖော်ပြခဲ့သလို အောင်မြင်သင့်သလောက် မအောင်မြင်သေးပါကလည်း သင့်တော်သော နေရာများရှာဖွေ၍ ဆက်လက်ကြိုးစားနိုင်ရန် စိတ်ဝင်စားမှုအပေါ်တွင် အခြေခံ၍ အပြောင်းအလဲလုပ်ပေးရန်လိုသည်။ သို့မှသာ ၎င်းသားသမီးတို့ လောကဇာတ်ခုံတွင် နေရာ တစ်နေရာရလာမည်ဖြစ်သည်။

## အသက်မွေးဝမ်းကျောင်းပညာ

ဥပမာတစ်ခုပေးရသော် ယခင်က လေးတန်း၊ ငါးတန်း၊ ခုနစ်တန်း၊ ရှစ်တန်းတို့တွင် ကျောင်းပညာရေးလေ့ကျင့်စဉ်တွင် အကြောင်းအမျိုးမျိုးကြောင့် အံဝင်ခွင်ကျမရှိသော ကျောင်းသားများကို လေးတန်းတွင်ပင် ပြောင်းရွှေ့ တက်ရောက်နိုင်သော နည်းပညာအထက်တန်း ကျောင်းများဖြစ်သည့် (Technical High School) THS များကို နိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ပေးထားခြင်းဖြင့် ပုံမှန်ကျောင်းပညာရေးလေ့ကျင့်စဉ်တွင် ၎င်းတို့၏ ဆန္ဒအစစ်များမရှိကြ၍ ၎င်းတို့၏ လုပ်ကိုင်နိုင်သောစွမ်းရည်များ မပေါ်လွင်ဖြစ်နေသောကလေးများအား လက်တွေ့လုပ်ငန်းများပို၍များပြားသော ၎င်းတို့စိတ်ဝင်စားနိုင်မည့် ဆန္ဒများ ရှိနိုင်သည့် THS များဖွင့်လှစ်၍ ၎င်းတို့၏ ဆန္ဒအစစ်များအပေါ် (သို့) စိတ်ဝင်စားမှု အရ လျှပ်စစ်၊ စက်မှု စသည်ဖြင့် လိုင်းကွဲ၊ လုပ်ငန်းကွဲများကို အကြောင်းပြု၍ အလုပ်လုပ်ခြင်းကိုလေ့ကျင့်ပေးခြင်းသည် (၁) ၎င်းတို့၏ မူလကိန်းအောင်းနေသော အရည်အသွေးများကို ပေါ်ထွက်လာစေရန် အခြေအနေပံ့ပိုးခြင်း၊ (၂) ၎င်းတို့ ပုံမှန်ကျောင်းများ၌ မအောင်မြင်နေခြင်းသည် ၎င်းတို့၏ ဆန္ဒနှင့်လုပ်ငန်း တစ်ထပ်တည်းမကျ၍သော်လည်းကောင်း ဖြစ်နိုင်၍ ၎င်းတို့စိတ်ဝင်စားရာ အကြောင်းပြချက်များကို ပံ့ပိုးကာ လေ့ကျင့်မှုနည်းစနစ် ပြောင်းလဲလေ့ကျင့်ခြင်း (၃) ၎င်းတို့သည် ပုံမှန်ပညာရေးလေ့ကျင့်စဉ်၏ ဖိစီးမှုကို လက်ခံရယူကိုင်တွယ် နိုင်ခြင်းအားပျော့သောကြောင့် ပုံမှန်ပညာရေးမှတစ်ဆင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်လျှင် တက္ကသိုလ်များတွင် လေ့ကျင့်မှုများ၏ ဖိစီးမှုကြီးများ ကိုလည်း ခံနိုင်ရည်ရှိကြမည်မဟုတ်ရာ ဤသို့အသက်မွေး ဝမ်းကျောင်းပညာစနစ် ဖြင့် လေ့ကျင့်ရင်းတတ်မြောက်လာသော အကြောင်းပြချက် ပါ ကျွမ်းကျင်မှုများဖြင့် လောကဇာတ်ခုံတွင် နေရာတစ်နေရာရရှိစေရေး၊ (၄) အကယ်၍ ပုံမှန်ပညာရေး စနစ်တွင် လေ့ကျင့်စဉ်ကာလ၌ ၎င်း၏ ဆန္ဒတို့ မပေါ်လွင်ခဲ့၍ ယခု THS ရောက်မှ ၎င်း၏ဆန္ဒဘာဖြစ်သည်ကို သဲကွဲလာသော၊ ပိုမို စိတ်ဓာတ်ကြွ အာရုံစူးစိုက် လာလျှင်လည်း ထပ်မံအဆင့်မြင့်ဖြစ်သော GTC (Government Technical College) တွင် ဆက်လက်တက်ရောက်ကာ လေ့ကျင့်မှုယူခြင်းဖြင့် GTC တွင် လေ့ကျင့်ခြင်းမှ ရလာမည့်ဖိစီးမှုကို ခံနိုင်ရည် ရှိမရှိ သိလာမည်ဖြစ်ပြီး အကယ်၍ GTC အဆင့်တွင် လေ့ကျင့်စဉ်များ၏ ဖိစီးမှုခံနိုင်ရည်ရှိသူဟု ပေါ်လွင်

ထင်ရှားလာပါက နည်းပညာတက္ကသိုလ်အထိ ဆက်လက်တက်ရောက်သော နည်းပညာတက္ကသိုလ်၏ လေ့ကျင့်မှုများဖြတ်သန်း၍ တက္ကသိုလ်ဘွဲ့ရ အသိဉာဏ်ရှိသူတစ်ဦးဖြစ်လာနိုင်စေရန် စသည်ဖြင့်ရည်ရွယ်ကာ လေးတန်းအောင်၊ ခုနစ်တန်းအောင်၊ ရှစ်တန်းအောင်စသည့် လမ်းခုလတ်မှဖြတ်၍ ပြောင်းလဲလေ့ကျင့်နိုင်သော လမ်းကြောင်းများကို အင်ဂျင်နီယာဘာသာများ အကြောင်းပြုရုံမျှ မကဘဲ အနုပညာကို အကြောင်းပြု၍ ဆက်လက်လေ့ကျင့်နိုင်စေရန် ပန်တျာကျောင်းများကိုလည်းကောင်း၊ လက်ရေးတိုလက်နှိပ်စက် စာရင်းကိုင်ကျောင်းများကိုလည်းကောင်း၊ အထက်တန်းကျောင်းမပြီးသေးသော ကျောင်းသားများ (သို့) အထက်တန်းမပြီးနိုင်သော ကျောင်းသားများ (သို့) ခန္ဓာကိုယ်ဖွံ့စည်းပုံ (သို့) ပတ်ဝန်းကျင်၏ ဟန့်တားမှုများကြောင့် မူလဆန္ဒအစစ် မပေါ်လွင်သေး၍ အရည်အသွေးမှန်များ ပေါ်ထွက်လာစေရန် လေ့ကျင့်မှုများ မလုပ်နိုင်သေးသော ကျောင်းသားများအား ဤသို့ဥပမာပြသည့်အတိုင်း အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်မှုတွင် အကြောင်းပြု၍ ရင်းနှီးစေရာမှ အသက်မွေးဝမ်းကျောင်းပညာတတ်သော တိုင်းပြည်အကျိုးပြု ပညာတတ်ဉာဏ်ရှိ ပုဂ္ဂိုလ်များပေါ်ထွက်လာကြခြင်းဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့မိဘများက မလျှော့နိုင်သည်မှာ ခေတ်အဆက်ဆက်ကပင်ဖြစ်၏။ ကျူရှင်အကူအညီဖြင့် ဟုတ်သလိုလိုဖြစ်အောင် လုပ်ထားခဲ့ကြ၏။ အတန်းသို့ရောက်သော်လည်း ၎င်းကလေးသည် ပင်ကိုယ်အားဖြင့် ပုံမှန်ကျောင်းလေ့ကျင့်စဉ်များကို လုပ်နိုင်ခြင်း မရှိသော်လည်း ကျူရှင်ဆရာ၏ ပံ့ပိုးမှုဖြင့် ၎င်းကိုယ်တိုင်ပင် လုပ်နိုင်သလိုလို ဟန်ပြုနိုင်ရန်စီမံကြ၏။ (၁၀) တန်းဖြေဆိုပြီးသော် တက္ကသိုလ်ကျောင်း ကောင်းကောင်း ရွေး၍မရ။ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ မကြိုက်သည့်အထဲမှ အဆင်အပြေဆုံး ငွေကုန်ကြေးကျအနည်းဆုံး၊ သွားရလာရဒုက္ခအနည်းဆုံးလမ်းကိုရွေးကာ ဘွဲ့တစ်ဘွဲ့ကိုဘာမျှမလုပ်ဘဲ ကျူရှင်တက်ခါရအောင်ယူသည်။ ပြီးလျှင် မိသားစု စီးပွားရေးကိုဝင် (ရှိရင်ဝင်) မရှိလျှင် ကုမ္ပဏီတစ်ခုခုတွင်အလုပ်ရှာလုပ် စသည်ဖြင့်ဖြစ်ခဲ့ကြရာ အထက်တွင်ဖော်ပြသလို ရှစ်တန်းကိုးတန်းလောက်တွင်ပင် ကျွန်ုပ်တို့၏ သားသမီးတို့ တက္ကသိုလ်၏လေ့ကျင့်စဉ်များ၏ ဖိစီးမှုကို ခံနိုင်ရည်ရှိမရှိ သိပြီဆိုပါက သားသမီးတို့အား အသက်မွေးဝမ်းကျောင်းပညာသင်ပေးရန် မကြိုးစားတော့ဘဲ တက္ကသိုလ်ဘွဲ့ရအောင်သာ လုပ်ခဲ့ကြသောအခါ သားသမီးတို့ကြီးပြင်းသော် ဘာမျှမလုပ်တတ်သော ဘွဲ့ရ (သို့) ခိုင်းတာသာ

လုပ်တတ်သည့် ဘွဲ့ရ (သို့) အသက် မွေးဝမ်းကျောင်းလည်းမတတ်သောသူများ များပြားလာသည်။ ထို့ကြောင့် ကျွန်ုပ် တို့တိုင်းပြည်သို့ ယခုပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် စီစဉ်ကြသောအခါ ကျွန်ုပ်တို့တိုင်းပြည်သည် သူဌေးတိုင်းပြည် ဖြစ်၍ ဘူဒိုဇာမောင်းတတ်သူ မရှိ၊ လျှပ်စစ်ပညာရှင်မရှိ၊ ပိုက်ဆက်ပညာလည်းမရှိ၊ ကလေးသင် ဆရာများမရှိ၊ သူနာပြုမရှိ၊ ကားဆရာမရှိ၊ အပ်ချုပ်ဆရာမရှိ၊ လက်သမားမရှိ၊ ပန်းရံမရှိ၊ အငယ်တန်းအင်ဂျင်နီယာမရှိ၊ ဆေးဘက်လက်ထောက် များမရှိ၊ ဆေးအရံ ပညာရှင်များမရှိ၊ ကဏ္ဍအသီးသီးတွင် အရေးပါသော အရန် ပညာသည်များ မရှိဖြစ်လာ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ချက်ချင်းဝင်ရောက် လာလိုသော်လည်း ဝင်၍မရ။ အဟန့်အတားဖြစ်သည်။ အထက်ပါပညာရှင် အလတ်စား (သို့) အသက်မွေး ဝမ်းကျောင်းပညာကျွမ်းကျင်သူတို့သည် အခြား တိုင်းပြည်များတွင် လစာ ဒေါ်လာတစ်ထောင်ကျော် နှစ်ထောင် ရရှိသူများဖြစ်ရာ သားသမီးများအား ပုံမှန်ကျောင်းများတွင် လေ့ကျင့်မှုမှ ကြုံတွေ့ရမည့်ဖိစီးမှုများ ကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်ကြောင့် ဖြစ်စေ အများနည်းတူ ဆောင်ရွက်နိုင်စွမ်းမရှိ သည်မှာ ထင်ရှားလာပြီဆိုပါက စဉ်းစားစရာ (သို့) ငှင်းကဲ့သို့ ကျွန်ုပ်တို့၏သားသမီး များကို မည်သို့မည်ပုံ လောကတွင်ရပ်တည်ရန်ကို ဝိုင်းဝန်းစဉ်းစားနိုင်စေရန် ရည်ရွယ်သည်။ အကယ်၍ ချမ်းသာ ကြွယ်ဝသော မိဘများမှ ဆင်းသက်လာသော သားသမီးများတွင် ထိုသို့ကြုံကြ ရပါကကျွန်ုပ်ယခု ရေးသားသော ပကတိအကြောင်း အရာများကို လက်ခံချင်မှ လက်ခံမည်။ ငါသည် သူဌေးဖြစ်၍ ငါ့သားသည် ဘယ်နည်းနှင့်မှ ETEC (သို့) THS (သို့) ပန်တျာကျောင်း (သို့) ဆေးဝါးကျွမ်းကျင် ကျောင်း (သို့) စာရင်းကိုင်ကျောင်း စသည်တို့အားသွားရန် မသင့်လျော်။ မိသားစု ဂုဏ်ပျက်မည်ဟုယူဆလျက် ကိုယ့်နည်းကိုယ့်ဟန်များဖြင့် ရှင်းလင်းကြမည်သာ ဖြစ်သည်။ ယခု ရေးသားချက်များသည် ပကတိ အတွေ့အကြုံ များပေါ်တွင် ထင်ဟပ်ရေးသားခြင်းသာဖြစ်ပြီး မည်သူ့ကိုမျှ တိုက်တွန်းခြင်း၊ တောင်းဆိုခြင်း၊ အားပေးခြင်း၊ ရှုံ့ချခြင်းဟူ၍ မရှိဘဲ အတွေ့အကြုံကိုသာ ရေးသားခြင်းဖြစ်သည်။ ကျွန်ုပ်တို့ စဉ်းစားကြ၍ ဤသို့ဖြစ်ကြသည် ဟူ၍သာ။ အကယ်၍ကျွန်ုပ်တို့၏ သားသမီးကိုယ်တိုင် ဤသို့ ကြုံလာပါကလည်း ကျွန်ုပ်တို့၏ သားသမီးများအတွက် ငှင်းတို့ဆန္ဒပြင်းပြရာ၊ ပျော်မွေ့နှစ်ခြိုက်ရာ လုပ်ငန်း (အသက် မွေးဝမ်းကျောင်း လုပ်ငန်း) လုပ်နိုင်ရာ လုပ်ငန်းကို နားထောင်၍ ပံ့ပိုးလေ့ကျင့်ခွင့် ပေးရာမှတစ်ဆင့်

၄င်းတို့လောကဇာတ်ခုံတွင် တစ်ထောင့်တစ်နေရာတွင် ပါဝင်လာစေရေးအတွက် လုပ်ရမည်ဖြစ်သည်။ ပန်းချီ ဆရာများလည်း ရှိရန်လိုသည်။ ကာတွန်းဆရာများ လည်းရှိရန်လိုသည်။ စာရေး ဆရာများလည်းရှိရန်လိုသည်။ သတင်းထောက်များ လည်းရှိရန်လိုသည်။ ထမင်းချက်များလည်း ရှိရန်လိုသည်။ ကလေးတို့ဘာပဲဖြစ်ချင် ဖြစ်ချင် ၄င်းတို့ဖြစ်ချင်သည်များထဲတွင် အမြင့်ဆုံးလုပ်နိုင်စေရန်ရည်ရွယ်၍ ကျွန်ုပ်တို့ ဝိုင်းဝန်းစီစဉ်ပံ့ပိုးလျှင် တိုင်းပြည်အတွက်လည်း စာရေးဆရာများ၊ ကျောင်းဆရာများ၊ ပန်းချီ ပညာရှင်များ၊ ပန်းပုပညာရှင်များ၊ ထမင်းချက်များ၊ သတင်းထောက်များ၊ ကာတွန်း ဆရာများ၊ သူနာပြုအကူများ၊ ယန္တယားမောင်း နှင်သူများ၊ ဆေးဆရာများ၊ ဖိနပ်ချုပ်သမားများ၊ ရုပ်သေး ပညာရှင်များ၊ မျက်လှည့်ပညာရှင်များ၊ အဆိုတော်များ၊ ဂီတပညာရှင်များ၊ အားကစားသမားများ၊ စစ်သည်တော်လေးများ၊ တွင်ခုံဆရာများ၊ ပန်းပဲဆရာများ၊ ပန်းတိမ်ဆရာများ၊ ပန်းတိမ်ပညာသည်များ၊ ဝရိန်ပညာရှင်များ၊ အစားအသောက် ကျွမ်းကျင်သူများ၊ မော်တော်ယာဉ်ပြုပြင်ပညာရှင်များ၊ မော်တော်ယာဉ်ထိန်းများ၊ လက်သမား ပညာသည်များ၊ ပန်းရံပညာသည်များ၊ ပန်းတမော့ပညာရှင်များ၊ စက်မှုကျွမ်းကျင် များ၊ အဆောက်အဦး ထိန်းသိမ်းကျွမ်းကျင်များ၊ လေအေးစက် ပညာရှင်များ၊ သန့်ရှင်းရေးကျွမ်းကျင်ပညာရှင်များ၊ ဧည့်ကြိုလုပ်ငန်းကျွမ်းကျင်များ၊ မြင်းလှည်း ဆရာများ၊ စကားပြန်များ၊ စျေးသည်များ၊ ပန်းအလှပညာရှင်များ၊ မိတ်ကပ် ပညာရှင်များ၊ ကချေသည်များ၊ မော်ဒယ်များ၊ ပန်းခြံပြုပြင်ကျွမ်းကျင်သူများ၊ လုံခြုံရေးဝန်ထမ်းများ၊ လက်နှိပ်စက် ပညာရှင်များ၊ စာရေးစာချီများ၊ အငယ်တန်း အုပ်ချုပ်ရေးကျွမ်းကျင်သူများ၊ ရေပိုက် ဆက်ဆရာများ၊ မိလ္လာပိုက်ပြင်ဆရာများ၊ ရေဆိုးပညာရှင်များ၊ ပုံဆွဲဆရာများ အစရှိသည့် ကျွန်ုပ်တို့တိုင်းပြည်၏ ရှားပါး ကုန်များကို ပေါများစွာ မွေးထုတ်ပေးနိုင်သော အခြေအနေကို ဖန်တီးပေးနိုင်သည့် ဦးဆောင် ခေါင်းဆောင်နှင့် မိဘပြည်သူများ များပြားလာသည့်တစ်နေ့တွင် ကျွန်ုပ်တို့တိုင်းပြည်တိုးတက်မည်။ ဤပညာရှင်များကို အထင်သေးနေသရွေ့ ကျွန်ုပ်တို့သားသမီးများအား ဤပညာရှင်များအဖြစ် ပေးမဖြစ် (သို့) ဖြစ်ခွင့်မပေး နိုင်မချင်း ဤပညာရှင်များ ထွက်ပေါ်မွေးဖွားလာကြမည်မဟုတ်ဘဲ စိတ်မဝင်စားဘဲ ရယူထားသောဘွဲ့ကိုပိုက်လျက် ဘာလုပ်ရမှန်းမသိသော သားသမီးများ (သို့) ရောက်ရာ ရရာအလုပ်လုပ်ကိုင်ရင်း စည်းချက်မညီသောဘဝများ ဖြတ်သန်းရမည့်

သားသမီးများသာ တွေ့မြင်ရမည်။တွေ့မြင်ခဲ့ရပြီး၊ တွေ့မြင်နေရဆဲ ရပ်ကွက်ထဲမှ မြင်ကွင်းများပင်ဖြစ်သည်။

ကျွန်ုပ်တို့မိဘများကလည်း သားသမီးများကို အထက်တန်းလုပ်ငန်းများ သို့ရောက်အောင်သာ ထာဝရရည်ရွယ်ကြမည်မှာ ဓမ္မတာ။ သားသမီးများကလည်း အထက်တန်းမှန်းရင်း၊ လွဲမှားကုန်ကြရင်း အောက်တန်းမကျ၊ အလယ်မရောက် ဖြစ်ကြရသည့် Do or Die ပုံစံဖြစ်၍ Do မဖြစ်က Die သာဖြစ်ရန်ရှိ၍ Die ကုန်ကြရသည်။ ဘဝများ ရှင်လျက်နှင့်သေခဲ့ကြရသည်။ ကျန်းမာသော သားသမီး များဖြစ်သင့်သလောက် မဖြစ်တော့။ ချမ်းသာမှုရသင့်သလောက် မရတော့။ အပြစ်မြင် အပြစ်တင်နေကြခြင်းမဟုတ်။ မြင်ကွင်းအတွင်းမြင်နေကြရသော ဖြစ်စဉ် အကျိုးတရားများ၏ နောက်ကွယ်အကြောင်းတရားများကို ပြုပြင်လိုက ပြုပြင်နိုင်ရန် စိတ်ကူး၍ရကြစေရန် ရည်ရွယ်ရေးသားခြင်းသာဖြစ်သည်။ ပြုပြင်စဉ်းစားမှု လုပ်လိုကလုပ်၊ မလုပ်လိုကလည်း ဒီအတိုင်းနေလာခဲ့ကြသည်မှာ အနှစ် (၆၀) ကျော်လာခဲ့ကြပြီဖြစ်၍ နေသားတကျရှိပြီးဖြစ်၏။ သို့သော် သားသမီးမြေးမြစ်တို့၏ အနာဂတ်အတွက် စိတ်လျှော့၍မဖြစ်။ ဖြစ်သည့်နည်းနှင့် ကြိုးပမ်းကြရအုံးမည်။ ပြုပြင်ပြောင်းလဲရေး စိတ်ဝင်စားသူများလာ၍ ကိုယ်တိုင်ပြုပြင်ကြိုးစားသူများ အင်အားများ များလာလျှင် ရှေ့သို့ရွေ့မည်။

## တက္ကသိုလ်ဝင်ခြင်း

ကျောင်းသားတို့ဘဝတွင် ၎င်းတို့ဖြစ်ချင်သည်ဟု ယုံကြည်ကြသော ငယ် ဆန္ဒများသည် မမြဲ။ အမျိုးမျိုးပြောင်းလဲနေ၏။ (၄) တန်းလောက်တွင် ဆရာဝန် ဖြစ်ချင်ကြောင်းပြောလိုက်၊ (၈) တန်းလောက်တွင် အင်ဂျင်နီယာဖြစ်ချင်ကြောင်း ပြောပြန်သည်။ တက္ကသိုလ်ရောက်သောအခါ အိုင်တီ စိတ်ဝင်စားသည်ဟူ၍ အိုင်တီ ယူပြန်သည် စသည်ဖြင့် အသက် (၂၀)မှ အသက်(၂၅)နှစ်တိုင်အောင်မက အမြဲ ပြောင်းတတ်၏။ ပတ်ဝန်းကျင်၏ ပုံသွင်းမှုများအပေါ်တွင် ရာနှုန်းတော်တော် များများ မူတည်၏။ ၎င်းတို့လမ်းခုလတ်တွင် တွေ့ကြုံရသော အတွေ့အကြုံများ ပေါ်တွင်လည်းမူတည်သည်။ ၎င်းအမှန်တကယ် စိတ်ဝင်စားသော ဆန္ဒ (Passion) ရှိနေသည့် အကြောင်းအရာတို့ကို လက်ခံလုပ်ရင်း ပို၍သိလာကြပြီး မှန်ကန်

စွာဖော်ထုတ်သိရှိလာနိုင်ကြသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ လူတို့၏ပြောင်းလဲတတ်သော သဘောတရားကိုအခြေပြုလျက် ပညာရေးစနစ်များတွင် လိုက်လျောညီထွေအောင် ဆောင်ရွက်ပေး၊ စီစဉ်ပေးထားခြင်းဖြင့် ရွေးချယ်မှု မှန်ကန်စေရန် (သို့) ကျောင်းသားတို့ ဆန္ဒအမှန်အစစ်ကိုသိရှိပြီး ၎င်းကိုသာအကြောင်းပြု၍ တက္ကသိုလ်အဆင့် ဆက်လက်လေ့ကျင့်နိုင်စေရန် ပထမနှစ်နှင့် ဒုတိယနှစ်များတွင် အခြေခံဘာသာရပ်များဖြစ်သော ရူပ၊ ဓာတု၊ ဇီဝ၊ သင်္ချာ၊ ဘာသာစကား အစရှိသည့် အခြေခံအကြောင်းပြချက်များကိုသာ ထဲထဲဝင်ဝင်လေ့လာကြစေရင်းမှ ကျောင်းသားတို့၏ ဆန္ဒအစစ် (Passion)ကို အချိန်ပေးသိရှိလာနိုင်စေသောအခါ ၎င်းတို့ တတိယနှစ်တက်ရောက်သည့်အခါမှ ၎င်းတို့နှင့်သက်ဆိုင်ရာ အကြောင်းပြချက်များကိုရွေးချယ်နိုင်စေရန် အခွင့်အလမ်းပေးထားကြသည်။ ကျောင်းသားဘက်မှလည်း တတိယနှစ်မရောက်မီ မိမိမည်သည့်အကြောင်းအရာကို စိတ်အဝင်စားဆုံးဖြစ်သည်ကို ဖော်ထုတ်ကြရန် အချိန်လုံလောက်စွာရပြီဖြစ်၍ တတိယနှစ်ရောက်ရှိတက်ရောက်ရန် (သို့) တတိယနှစ်အဖြစ်ဆက်လက်လေ့ကျင့်ရန် (စဉ်းစားရန်) အချိန်တန်သောအခါ ပိုမိုပြင်းထန်သော လေ့ကျင့်မှု(ဝါ) ပိုမိုရှုပ်ထွေးလာမည့်စဉ်းစားခြင်း လေ့ကျင့်ခန်းများအတွက် မိမိကြုံတွေ့ရမည့် ဖိစီးမှုများလျော့ပါးလာစေရန် စိတ်အဝင်စားဆုံး အကြောင်းပြချက်ကို ရွေးချယ်နိုင်လာမည်ဖြစ်သည်။ ဤသို့ဖြစ်ရန်လိုသည်။ သို့မှသာ တတိယနှစ်မှ တောက်လျှောက် ဆက်တိုက်ဆက်လက်၍ ကောင်းမွန်စွာလေ့ကျင့်သွားနိုင်မည်ဖြစ်သည်။ တက္ကသိုလ်တွင် မိမိနှစ်သက်ရာရွေးချယ်နိုင်ရေးနှင့် ပတ်သက်၍ ယနေ့ခေတ်အယူအဆ များစွာရှိပါသည်။ ကျောင်းသားများအား (၁၀)တန်းအောင်မြင်ပြီးနောက် လက်ရှိစနစ်ကဲ့သို့အမှတ်များဖြင့် လိုင်းမခွဲဘဲ ကြိုက်ရာယူနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်း၊ ဤသို့ရလျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်းစသည်ဖြင့် အကြံပြုနေချက်များကြားသိနေရသည်။ ယနေ့လက်ရှိစနစ် အလုပ်မလုပ်မှန်းတော့ လူတိုင်းသိနေကြသည်။ သို့သော် မပြင်တတ်ဘဲ ကောင်းမည်ထင်သည့်နည်း (သို့) အများကြိုက်နည်းဖြင့်အစားထိုးခဲ့ပါက ယခုထက်ပင်ပိုဆိုးလိမ့်မည်ဖြစ်၍ အပြောင်းအလဲ လုပ်ကြရာ၌ မိမိတို့လိုသလို အပြောင်းအလဲလုပ်ရန်မဟုတ်ဘဲ ဖြစ်သင့်သည့်အပြောင်းအလဲ (သို့)အလုပ်လုပ်မည့်အပြောင်းအလဲ (သို့) အကျိုးရှိမည့်အပြောင်းအလဲများကိုသာ ဖြစ်စေလျှင် အားလုံးဝမ်းသာကြရလိမ့်မည်။ အခြေခံပညာအောင်မြင်

ပြီးနောက် တက္ကသိုလ်များ၌တက်ရောက်လေ့ကျင့်ရန် တစ်ကမ္ဘာလုံးတွင် ပုံမှန်လုပ်ကိုင်ဆောင်ရွက်ကြသည်မှာ မူကြိုမှစ၍ အခြေခံပညာအထက်တန်းအထိ စဉ်းစားခြင်းလုပ်ငန်းကို လုပ်ကိုင်လေ့ကျင့်လာကြပြီး တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကာ ဆက်လက်စဉ်းစားခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ၏ ပညာရေးဖြစ်စဉ်တွင် မူကြိုမှ အခြေခံပညာအထက်တန်းအထိ စဉ်းစားမှုမပြုပါဘဲ အလွတ်ကျက် အရဖြေအကျင့်ဖြင့် ဖြတ်သန်းလာခဲ့သည်ဖြစ်၍ တက္ကသိုလ်တွင်လည်း ဆက်လက်အလွတ်ကျက်ရန်သာ ဖြစ်တော့သည်။ သို့ဖြစ်၍ အကောင်းမွန်ဆုံးမှန်ကန်သောစနစ်ကိုပြောင်းလဲမည်ဆိုပါက မူကြိုမှစတင်၍ စဉ်းစားခြင်းအလုပ်ကို လုပ်ကိုင်ကြရန် စတင်ပြောင်းလဲရန် လိုသည်။ စဉ်းစားကြရင်း အခြေခံပညာအထက်တန်းအထိ စဉ်းစားပြီးကြသောအခါ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက် အဆင့်မြင့်စဉ်းစားခြင်းလုပ်ငန်းကို လုပ်ကြမည်ဖြစ်ရာ အခြေခံပညာအဆင့်ထက်ပို၍ ခက်ခဲရှုပ်ထွေးသော ပြဿနာများကို ဆရာများကပံ့ပိုး ပေးကြမည်ဖြစ်၍ မိမိတို့စိတ်ဝင်စားသော အကြောင်းပြချက်ကို အခြေခံ၍ စဉ်းစားရမည်ဆိုပါက တက္ကသိုလ်အဆင့် စဉ်းစားလေ့ကျင့်မှု မပီပြင်နိုင်။ သို့ဖြစ်၍သာ ကျောင်းသားတို့အား မိမိတို့စိတ်ဝင်စားရာလိုင်းကို ရယူစေလိုခြင်းဖြစ်သည်။ ဆိုကြပါစို့။ ကျောင်းသားတစ်ဦးသည် အခြေခံပညာအဆင့် စဉ်းစားခြင်းလုပ်ငန်းကို လုပ်ကိုင်ရာ၌ပင် ၄င်းအခြေခံပညာအဆင့်တွင် ဆရာများက ပံ့ပိုးရှာဖွေပေးသော ၄င်း၏အရွယ်နှင့် လိုက်လျောညီထွေသည့် ပြဿနာပေါင်းစုံကို ဖြေရှင်းသည့်အခါ ၄င်းပြဿနာများကပေးသော ဖိစီးမှုကို အပင်ပန်းမခံနိုင်၍ စဉ်းစားပြီး အလုပ်ကို ကိုယ်တိုင်ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းမရှိဟု ဆရာများ၏ အကဲဖြတ်စစ်ဆေးမှုများမှ အကဲဖြတ်ပုံဖော်ခဲ့လျှင် ဤကျောင်းသားသည် လေ့ကျင့်မှုမှ ရရှိလာသော ဖိစီးမှုကို ခံနိုင်ရည်ရှိမှု မပြည့်စုံဟု ယူဆရမည်ဖြစ်သည်။ ထိုကျောင်းသားသည် ၄င်းခံယူကိုင်တွယ်နိုင်သည့် ဖိစီးမှုမျိုးကိုသာပေးမည့် လိုင်းမျိုးများထဲမှာ ၄င်းကြိုက်နှစ်သက်ရာကိုသာရွေးချယ်ရန် ရှိတော့သည်။ ထိုကျောင်းသားမျိုးက ဂုဏ်ပကာသနကြောင့်ဖြစ်စေ၊ မိဘတိုက်တွန်း၍ဖြစ်စေ ဆေးကျောင်းတက်မည်ဟု ဆုံးဖြတ်ပြီး စနစ်ကလည်း မည်သည့်ဝါသနာပါသူမဆို ဆေးကျောင်းတက်ခွင့်ရှိခဲ့ပါက ဤသို့အခြေခံပညာအဆင့်မှ လေ့ကျင့်မှုများကပေးသည့်ဖိစီးမှုကိုပင် ခံနိုင်စွမ်းရည်မရှိသော ခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံရှိသည့် ထိုကျောင်းသား

သည် ဆေးပညာ (သို့) လူ၏သဘာဝတည်ဆောက်ပုံနှင့် ခန္ဓာကိုယ်တွင် ထိုလူ၏ ဓာတု၊ ရူပဖြစ်စဉ်များကို လေ့လာရာမှပေးမည့် တွေ့ကြုံမည့် စိတ်ဖိစီးမှုများကို မည်သို့မျှ ခံနိုင်စွမ်းရည် မရှိနိုင်။ ထို့အပြင် ဆေးကျောင်းသားဖြစ်ရန် အခြေခံ လိုအပ်ချက်များကို အခြေခံပညာအထက်တန်းတွင် ပြည့်စုံစွာ ရယူလာခဲ့ရန်လိုသည်။ ပြည့်စုံ စွာသိရှိလာပြီးဖြစ်ရန်လိုသည်။ ဤဥပမာပါ ကျောင်းသားကဲ့သို့ အခြေခံပညာ အဆင့်၏ လေ့ကျင့်စဉ်များကို ပြည့်စုံအောင်မလုပ်နိုင်သူတွင် ၎င်းအရည်အသွေး များ မပါရှိနိုင်သည်ကို ကျောင်းမှဆရာကြီးများ ကောင်းကောင်းနားလည်သည်။ ဆေးကျောင်းသို့တက်ရောက်မည့် ကျောင်းသားများ (သို့) ဆေးကျောင်းမှ လက်ခံ လိုသည့်ကျောင်းသားများသည် အခြေခံပညာအဆင့်တွင် လေ့ကျင့်ရင်းရရှိခဲ့သည့် သိမှုများ ရာနှုန်းပြည့်ပါရှိလာရန်လိုသည်။ ဆိုလိုသည်မှာ ကိုယ်တိုင်စဉ်းစားပြီး ထိတွေ့စဉ်များ၍ သိလာခဲ့သောအကြောင်းပြချက် အကြောင်းအရာများ ပါလာရန် လိုအပ်သည်။ အလွတ်ကျက်ခဲ့၍ သိလာသော (Through Repetition and Rehearsal) သိမှုများမဟုတ်။ သို့သော် ယနေ့ခေတ် ကျောင်းသားအများစုသည် အလွတ်ကျက် ကျူရှင်တက်ရာမှသိလာသော သိမှုများဖြစ်၍ ဤနည်းဖြင့် ရရှိလာသည့် သိမှုများဖြင့် ဆေးကျောင်းကဲ့သို့သောကျောင်းများသို့ ရောက်ရှိသွား ကြပါက ဆရာများအတွက် အခက်အခဲများစွာကြုံရတော့သည်။ အဓိကပြဿနာမှာ ဆရာများ ဘာပြောသည်ကို ကျောင်းသားများ နားမလည်နိုင်ခြင်းဖြစ်သည်။ အခြေခံပညာအဆင့်တွင် လေ့ကျင့်မှုအကြောင်းပြချက် (Subject)များကို အကြောင်းပြ၍ ကိုယ်တိုင်စဉ်းစားလာပါက စဉ်းစားဖန်များလာခြင်းမှတစ်ဆင့် မှတ်မိလာသော သိမှုများရှိလာသော ကျောင်းသားများနှင့်သာ ဆေးကျောင်း (သို့) စက်မှုကျောင်းများမှ ဆရာကြီးများက အလုပ်လုပ်လိုကြမည်။ ဤသို့အလုပ်လုပ်ခဲ့ သော ကျောင်းသားများနှင့်သာ အားလုံးက အလုပ်လုပ်လိုကြမည်။ ဤသို့သော ကျောင်းသားများသာ သူတို့ပြောသော စကားများကို နားလည်လွယ်ကြမည်။ တက္ကသိုလ်ကျောင်းများအားလုံးတွင် ဆက်လက်လုပ်ကိုင်ကြရမည်။ စဉ်းစားမှု လေ့ကျင့်ခန်းများသည် မည်သည့်တက္ကသိုလ်၊ မည်သည့်လိုင်းကိုယူယူ အတူတူပင် ခက်ခဲကြရမည်ဖြစ်သည်။ မြန်မာစာလိုင်းကိုယူ၍ သက်သာမည်၊ ဖိစီးမှုနည်းမည် ဟူ၍မဟုတ်ဘဲ မြန်မာစာဌာနကလည်း အထက်ဖော်ပြခဲ့သော အလုပ်လုပ်သော ကျောင်းသားများကိုသာ လိုချင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ စိတ္တဗေဒပဲယူယူ၊

ဇီဝဗေဒပဲယူယူ အဓိကကျသည်မှာ ကျောင်းသားသည် ကိုယ်တိုင်အလုပ်လုပ်မည့် ကျောင်းသားဖြစ်ရန်သာ လိုသည်။ သို့ဖြစ်၍ အခြေခံပညာ အထက်တန်းအဆင့်တွင် (မူကြိုမှတစ်လျှောက်လုံး) မိမိမည်မျှ အလုပ်လုပ်နိုင်သည်ကို သက်သေထူနိုင်ရန် လိုသည်။ စဉ်းစားမှု လုပ်ငန်းကို ကိုယ်တိုင်လုပ်ကျင့်ရအောင် မူကြိုမှစ၍ ဆရာများက ပျိုးထောင် လေ့ကျင့်ပေးရန်ဖြစ်သည်။ အခြေခံပညာ အထက်တန်း အဆင့်သို့ ရောက်သောအခါ စဉ်းစားခြင်းလုပ်ငန်းကို မိမိဘာသာလုပ်နိုင်သောသူတစ်ဦး ဖြစ်နေရန်လိုအပ်သည်။ သို့မှသာ တက္ကသိုလ်များကလက်ခံမည်။ တက္ကသိုလ်များမှ ဆရာကြီး ဆရာမကြီးများက ထိုအလုပ်လုပ်လိုသော၊ ကိုယ်တိုင် ကိုယ့်အလုပ် ကိုယ်လုပ်မည့်သူများကို ဝမ်းသာအားရ လက်ခံကြမည်ဖြစ်သည်။ လိုင်းများ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အကယ်၍မြန်မာစာ အဓိကယူလိုသည့်ကျောင်းသား ဆိုပါက ၎င်းကျောင်းသားသည် အခြေခံပညာအထက်တန်းတွင်ပင် မြန်မာစာကို စိတ်ဝင်စားမှု သက်သေထူထားနိုင်ရမည်။ မြန်မာစာသည် မြန်မာစကားဖြစ်၍ မြန်မာစာဟူသော ဘာသာစကားကို စိတ်ဝင်စားခြင်းနည်းတူ အခြားဘာသာစကား များ ဖြစ်သော သချ်ာ၊ ဂီတနှင့် အင်္ဂလိပ်စာများတွင်လည်း အလားတူစိတ်ဝင်စားစွာ အလုပ်လုပ်ထားသည့် သာဓကများအဖြစ် ဆရာများ၏အကဲဖြတ် စစ်ဆေးမှု ပေါင်းစုံမှ သုံးသပ်ချက်များမှ ပြသနေရန်လိုသည်။ သို့ဖြစ်၍ အခြေခံပညာအဆင့် စာမေးပွဲစစ်ဆေးပုံဖြစ်သည့် ရေးဖြေတစ်ခုတည်းဖြင့် မလုံလောက်ပါ။ အခြေခံပညာ ကျောင်းများမှ ၎င်းကျောင်းသား တို့နှင့် နှစ်ပေါင်းများစွာ အလုပ်လုပ်လာသော ကျောင်းသားများ၏ တွေးပုံခေါ်ပုံ အားသာချက်၊ အားနည်းချက်၊ ၎င်းတို့၏ စိတ်ဝင်စားမှု ၊ စိတ်မဝင်စားမှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ သုံးရပ်စလုံးကို ရေးဖြေစစ်ဆေးနည်းသာမကဘဲ ဖော်ပြခဲ့ပြီးသော စစ်ဆေးနည်းမျိုးစုံဖြင့် ပေါင်းစပ်စစ်ဆေးပြီး အထူးသဖြင့် အထက်တန်းကျောင်းအဆင့်ဖြစ်သော အဆင့်များတွင် နှစ်အလိုက် ဆရာတို့ကအကဲဖြတ်ထားသော ကျောင်းသား၏ ရုပ်လုံးပေါ်လွင်စေလာမည့် သတင်းပြုစုထားမှုများ (သို့) ရီပို့ကဒ်များနှင့် ထောက်ခံစာများ၊ ရေးသားစာများကိုပါ ၎င်းတို့ဆက်လက်တက်ရောက်လိုသည့် တက္ကသိုလ်များမှ ကျောင်းသားစိစစ်လက်ခံရေးဌာန (College Admission Office) သို့ ကျောင်းသားမှတစ်ဆင့် ပေးပို့ကြပြီး တက္ကသိုလ်၏ရွေးချယ်ရေးအဖွဲ့မှလည်း သာမန်ရေးဖြေ အမှတ်တစ်ခုသာကြည့်ပြီးလက်ခံရန် မဟုတ်ဘဲ ၎င်းတို့လက်ခံ၍

အတူတူအလုပ်လုပ်ကြမည့်ကျောင်းသားများသည် လက်တွေ့ တက္ကသိုလ်ကျောင်းသားဘဝတွင် ကိုယ်တိုင်လက်တွေ့လုပ်ကြရမည့် အလုပ်များ (သို့) လုပ်ငန်းများကို အမှန်တကယ် ကိုယ်တိုင်လုပ်နိုင်ခြင်း ရှိမရှိ၊ စိတ်ဝင်စားမှု ရှိမရှိတို့ကို ကျောင်းသားတို့အသီးသီး တက်ရောက်အောင်မြင်လာခဲ့ကြသော အထက်တန်းကျောင်းအသီးသီးမှ ပေးပို့လာသော သတင်းပို့ချက်လက်မှတ်များအပြင် ထိုဌာနသို့ တက်ရောက်လိုသော ကျောင်းသားကိုယ်တိုင်ရေးသားသော ကောလိပ်ကို အဘယ့်ကြောင့်တက်ရောက်လိုသောစာနှင့် တကွ ကျောင်းသားကိုပါ လူတွေ့မေးမြန်းပြီးမှ တက္ကသိုလ်တွင် မိမိနှင့်တွဲဖက် အလုပ်လုပ်ကိုင်မည့် တက္ကသိုလ်ကျောင်းသားများ ဖြစ်လာစေရန် ရွေးချယ်သည်။ သို့ဖြစ်၍ ဌာနအလိုက် မိမိတို့လိုချင်သော၊ လိုအပ်သော ကျောင်းသားများ၏ စိတ်နှင့် ရုပ်လက္ခဏာများကို ကြိုတင်စုစည်းထားသော တက္ကသိုလ်ဝင် အရည်အချင်း လိုအပ်ချက် (Admission Requirement) ကိုပြုစုထားပြီး လျှောက်ထားသူများကို ဖော်ပြခဲ့သလို စိစစ်လက်ခံပါမှ ကမ္ဘာတစ်လွှားရွေးချယ်မှုကဲ့သို့ အောင်မြင်မှုများ (သို့) ကျောင်းသားကောင်းများ (သို့) ကိုယ့်အလုပ်ကိုယ်လုပ်မည့်သူများ ရွေးချယ်လာနိုင်မည် ဖြစ်သည်။ ရူပဗေဒဌာနဆိုလျှင်လည်း ၄င်းတို့ဌာနသို့ ဝင်ရောက် အလုပ်လုပ်မည့် ကျောင်းသားသည် အခြေခံအားဖြင့် ရူပဗေဒကို စိတ်ဝင်စားမှုပြသရမည်။ နှုတ်ဖြင့်စိတ်ဝင်စားပါသည်ဟု ပြော၍မရ။ မည်သူမျှမယုံ။ အထက်တန်းကျောင်း အဆင့် ရူပဗေဒကို ကောင်းစွာ စဉ်းစားထားသူဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သလို သက်သေယူနိုင်ရမည်။ ဆက်လက်လေ့လာကာ လုပ်ကိုင်မည့် လုပ်ငန်းများတွင် ဖတ်ရှုရန် စာအုပ်အများစုသည် အင်္ဂလိပ်စာသုံးစွဲရ၍ ၄င်းကျောင်းသားတို့သည် အင်္ဂလိပ်စာတွင် တတ်မြောက်နားလည်ကြရန်လိုသည်။ ရူပဗေဒသည် သင်္ချာအခြေပြု စဉ်းစားရသော လုပ်ငန်းဖြစ်၍ ၄င်းကျောင်းသားသည် သင်္ချာကိုပါ စိတ်ဝင်စားရလိမ့်မည်။ သင်္ချာစိတ်ဝင်စား၍ လုပ်ကိုင်နိုင်သည်ဆိုပါက သင်္ချာကဲ့သို့ အလားတူ အကြောင်းပြချက်များဖြစ်သည့် မြန်မာစာ၊ ဂီတနှင့် အင်္ဂလိပ်စာကိုပါ အကြောင်းပြု၍ အတော်အတန် အလုပ်လုပ်ထားသူဖြစ်ရန်လိုသည် စသည်ဖြင့် ရူပဗေဒဌာန၏

တက္ကသိုလ်ဝင်လိုအပ်ချက်ကိုအခြေပြုကာ ရှုပဗေဒဌာနမှ ဆရာကြီး ဆရာမကြီး များမှ ၄င်းတို့ပြောသည်များကို စိတ်ဝင်စားစွာ နားထောင်လာကြမည့် ကျောင်းသား များ (သို့) ရှင်းပြစရာမလိုဘဲ နားလည်လာကြမည့် ကျောင်းသားများကို ရွေးချယ် ကြမည်ဖြစ်သည်။ မြန်မာပြည် ပညာရေးစနစ်၏ တက္ကသိုလ်အဓိက ဘာသာအား ရွေးချယ်မှုကို ပြုပြင်ကြမည်ဆိုလျှင် ဤတစ်ခုတည်း ပြုပြင်၍မရ။ မူကြိုမှစ၍ လုပ်ငန်းခွင်များဝင်ကြသည်အထိ အကုန်ပြုပြင်မှု ကောင်းမွန်သော ပြုပြင်မှုစနစ်ကြီး တစ်ခုအဖြစ် အလုပ်လုပ်လာမည်။

## တက္ကသိုလ်ကြီးများတွင် ကျောင်းသားလက်ခံပုံ

တက္ကသိုလ်ကြီးများတွင် ကျောင်းသားလက်ခံရာတွင် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာများက ပုံဖော်ပေးမည့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုင်ရာ တင်ပြချက်များ GPA, Report Card and Permanent Records (၂) အင်္ဂလိပ်စာကို အပြည့်ပြည့် ဆိုင်ရာအဆင့် တတ်မြောက်ကြောင်း Standardized Test Result များ (TOEFL or IELTS) (၃) College Essay (ကျောင်းသားကိုယ်တိုင်ရေး ကောလိပ်အက်ဆေး (သို့) ကျောင်းသားကိုယ်တိုင် ပုံဖော်သော သူ၏ပုံ) (၄) Reasoning Test Result (SAT1) လိုအပ်ပါက Subject SAT (SAT2 result) (၅) Internship Record လုပ်အားပေးမှုမှ ထောက်ခံစာ (၆) အထက်တန်းကျောင်းတွင် လုပ်ကိုင်ထားသော Porfolio ရှိပါက တင်ပြရန် (၇) အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာများက ရေးသား ပုံဖော်ပေးသော ကျောင်းသား၏ မှတ်ဉာဏ်အရည်အသွေး၊ လုပ်ငန်းကျွမ်းကျင်မှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ အကြောင်းပြု လေ့လာပြီးပညာ အမျိုးအစား အမျိုးမျိုးနှင့် ကျောင်းသား၏ အားနည်းချက်၊ အားသာချက် (သို့) ဆရာတို့က ပုံဖော်ထားသော ကျောင်းသား၏ပုံတို့ကို တက္ကသိုလ်အဆင့် ဆရာများအား ပေးပို့ရန်လိုအပ်သည်။ သို့မှသာ မိမိတို့နှင့် အတူအလုပ်လုပ်ကြမည့် ကျောင်းသားများ၏ ပုံကိုဖော်ကြည့်၍ ရမည်ဖြစ်ပြီး လက်ခံ၊ လက်မခံ စဉ်းစား

ဆုံးဖြတ်ကြလျှင် ကမ္ဘာနှင့်ရင်ဘောင်တန်းမည်။ ဤသို့များလုပ်သော (၇) မျိုးသော အထောက်အထားတို့ကို သေချာစွာ တစ်ယောက်ချင်းအတွက် ကြည့်ရှု လက်ခံ စစ်ဆေးရန် တက္ကသိုလ်ရွေးချယ်ရေးအဖွဲ့အသီးသီးသည် အချိန်လိုအပ်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာကျောင်းများ၏ Year 12 နောက်ပိုင်း (၆)လတွင် College Admission အချိန်ကိုပြဋ္ဌာန်းပြီး စာတွေ့ လေ့လာခြင်းကို ပထမ ပြုလုပ်ကြကာ လက်တွေ့လျှောက်ထားခြင်းပါ တစ်ပြိုင်နက် လုပ်ကြသည်ဖြစ်၏။ ကျွန်ုပ်တို့ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း အတူတူ ကျင့်သုံးနိုင်သည်။ Grade 12 တွင် အထက်တွင်ဖော်ပြသည့် တက္ကသိုလ်ကျောင်း လျှောက်ထားခြင်းကို စတင်ဆောင်ရွက်နိုင်သည်။ Grade 12 ၏ နှစ်စကပင် စတင်လုပ်ကိုင်လျှောက်ထားနိုင်သည်။ College Admission သည် အကြောင်းပြုသင်ကြားသည့် ဘာသာရပ်မဟုတ်။ တက္ကသိုလ်ဝင်လုပ်ငန်းကို လုပ်ကိုင်ရန် အချိန်ဇယားတွင် ထည့်သွင်းအချိန်ပေးပြီး ကျောင်းသားတို့အား စာတွေ့လက်တွေ့ တစ်ပြိုင်နက် လုပ်ကိုင်ဆောင်ရွက်စေသော လုပ်ငန်းဖြစ်သည်။ သို့မှသာ Grade 12 လည်းပြီး ဘယ် တက္ကသိုလ်က လက်ခံပြီးဖြစ်သည်ကိုသိရှိပြီးလည်းဖြစ်၍ အလွန်ကောင်းမွန်ပြည့်စုံ သော စနစ်ဖြစ်သည်။ တစ်ကမ္ဘာလုံး ဤသို့လုပ်နေကြသည်မှာ ကြာပြီ။ ကျွန်ုပ်တို့ ဘာကိုတွေဝေနေလည်းမသိ။ ထိုသို့ Grade 12 တွင် လုပ်ငန်းများ လုပ်ဆောင် နေချိန်တွင် ကျောင်းသားသည် (၁၈)နှစ်အတွင်းတွင် ရှိနေပြီဖြစ်သည် (သို့) ၁၈ နှစ် ပြည့်ပြီးခါစ (သို့) (၁၈)နှစ်ပြည့်ပြီး (၂) လကျော် (၃) လခန့် အကြမ်းဖျင်း ရှိကြ၏။ ပုံမှန်အားဖြင့် တစ်ကမ္ဘာလုံးနီးပါးတွင် မြောက်ကိုရီးယားမှ လွဲ၍ (၃)နှစ်တွင် မူကြိုထား၊ (၅)နှစ်ရောက်လျှင် KG သို့ပို့၊ (၆)နှစ်ရောက်လျှင် Grade 1 ဖြစ်သည်။ ထို့ကြောင့် ၁၈ နှစ်အတွင်းတွင် Grade 12 ပြီးလုပြီဖြစ်၍ တက္ကသိုလ်များသို့ သွားကြသည့်အခါ ၄င်းတို့ (၁၉)နှစ်အတွင်းတွင် ရှိနေကြပြီဖြစ်၍ လုံလောက်သော ရင့်ကျက်မှုတို့ ရရှိနေကြပြီဖြစ်သည်။ တစ်ကမ္ဘာလုံးလိုလို တက္ကသိုလ်ကျောင်းသားများသည် (၁၈)နှစ်ပြည့်ပြီးသော လူငယ်များ (သို့) အရွယ်ရောက်ပြီးသောလူငယ်များ ဖြစ်ကြစေရန် စီစဉ်ကြခြင်းဖြစ်သည်။

## တက္ကသိုလ်ကျောင်းသားများ မိမိရွေးထားပြီးသော အဓိကဘာသာရပ်အား စိတ်မဝင်စားတော့ခြင်း အကြောင်းတရား

ကျွန်ုပ်တို့တိုင်းပြည်တွင် တက္ကသိုလ်သို့ ပထမနှစ်တက်ရောက်ရသော ကျောင်းသားများက (၁၆) နှစ်ပင် ရှိသေးသည်။ တစ်ကမ္ဘာလုံးရှိမိဘများက သူတို့၏သားငယ် သမီးငယ် (၁၆)နှစ် သားသမီးများကို အခြေခံပညာအထက်တန်း ကျောင်းတွင်ပင်ထား၍ စောင့်ရှောက် လေ့ကျင့်နေချိန်တွင် သားသမီးများ အလွန်ချစ်တတ်သော ကျွန်ုပ်တို့မိသားစုများက ကျွန်ုပ်တို့ချစ်မြတ်နိုးလှသော သားသမီးများကို (၁၈)နှစ်မပြည့်ခင် (သို့) အရွယ် မရောက်ခင် (သို့) (၁၆) နှစ်တွင်ပင် တက္ကသိုလ်တက်ခိုင်းနေကြပြီဖြစ်၏။ ဤစနစ်ကောင်းမကောင်း မမှန်မမှန် ပြောင်းသင့်မပြောင်းသင့်ကို ကျွန်ုပ်တို့ကိုယ်တိုင် စဉ်းစားလျှင် သိပြီးဖြစ်သည်။ တက္ကသိုလ်ဟူသည် အရွယ်ရောက်ပြီးသူ ကျောင်းသားများ ဆက်လက်တက်ရောက်ရန်ကို တစ်ကမ္ဘာလုံး နားလည်ပြီးဖြစ်သည်။ ကျွန်ုပ်တို့ နားလည်ကြရန် အချိန်တန်ပြီမဟုတ်။ အချိန်လွန်နေပြီ။ အမှားများ မြန်မြန် ပြင်နိုင်ရန်လိုသည်။ (၁၆) နှစ်နှင့် မိမိစိတ်ဝင်စားမှု ဘာဖြစ်သည်ဟု ရေရာစွာ မသိနိုင်သေး။ အသက် (၂၀) နှင့် အသက် (၂၂)နှစ်အထိ စိတ်များပြောင်းနိုင်သေးသည်။ သို့ဖြစ်၍ အမှန်တကယ်စိတ်ဝင်စားမှုမရှိသည်ကို လက်တွေ့လုပ်ကြည့်ရာမှ သိသွားကြသည့် အချိန်တွင် အဓိကယူသောဘာသာရပ် ပြောင်း၍မရသောစနစ်ကြောင့် မချစ်သော် လည်းအောင့်ကာနမ်း၍ စိတ်ပါဝင်စားမှုကျဆင်းကာ Motivation ခေါ် တက်ကြွမှု မရှိတော့ရာမှ မှတ်ဉာဏ်တွင် ဘာမျှမကျန်တော့ဖြစ်ကာ လုပ်ငန်းခွင်ဝင်ရန် အတွက် ဝမ်းစာမရှိဖြစ်ကြရသည်။ အကယ်၍ လုပ်ငန်းခွင်တွင် တက္ကသိုလ်ပညာ လေ့ကျင့် စဉ်က အကြောင်းပြုခဲ့သော အကြောင်းပြုချက်များကို ပြန်၍သတိရ အသုံးပြုလိုပါက မူကြိုမှစ၍ ပြုပြင်ရမည်။ မူကြိုမှစ၍ ပြုပြင်မှရမည်။ တက္ကသိုလ်များကို စတင်ပြုပြင်ပြောင်းလဲခြင်းသည် အလုပ်မလုပ်နိုင်။ အလုပ်မဖြစ်။ တက္ကသိုလ်များ ကိုလည်းပြောင်းရမည်(မူကြိုကိုစ၍ပြောင်းရမည်ဟုဆိုလိုသည်)။

## ဘဝတက္ကသိုလ်ဆိုသည်မှာ

ဆိုပြီးခဲ့သည့်အတိုင်း တက္ကသိုလ်တွင်ဖြစ်စေ၊ အထကကျောင်းတွင်ဖြစ်စေ၊ အိမ်မှာပဲ နေသည်ဖြစ်စေ၊ တောတောင်ထဲတွင်နေသည်ဖြစ်စေ၊ ပင်လယ်ကမ်းစပ်တွင်နေသည်ဖြစ်စေ ကျွန်ုပ်တို့အဓိကလုပ်ရမည့်နေ့စဉ်လုပ်ငန်းကား စဉ်းစားခြင်းပင်ဖြစ်သည်။ တက္ကသိုလ် (၂)မျိုးရှိသည်။ တစ်မျိုးက တက်ရိုးတက်စဉ် တက္ကသိုလ်များ (Conventional College)ဖြစ်ပြီး နောက်တစ်မျိုးမှာ ဘဝတက္ကသိုလ် (Life University) ဖြစ်သည်။ တက္ကသိုလ်တက်ရန် ငွေကြေးမပြည့်စုံလည်း ပြဿနာမရှိ။ မူကြိုမှစ၍ အထကကျောင်းအထိလည်း ကျွန်ုပ်တို့အကြောင်းပြချက် များကို မူတည်၍ စဉ်းစားရာတွင် ဆရာက ပြဿနာများကိုပေးသည်။ ကျွန်ုပ်တို့က စဉ်းစားသည်။ တက္ကသိုလ်ရောက်သော်လည်း ဆရာများက ပိုမိုခက်ခဲသော ပြဿနာများကို ပေးပြန်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် စဉ်းစား၍ရှင်းလင်းရမည်။ ဤသို့ တက်ရိုးတက်စဉ် တက္ကသိုလ်များ၌ ဆရာက ပြဿနာများအရံသင့် ရှာဖွေပေး၍ လွယ်ကူသည်။ အဆင်ပြေသည်။ ဤသို့သောတက်ရိုးတက်စဉ် တက္ကသိုလ်များကို အဆင်မပြေ၍ ငွေကြေးမပြည့်စုံ၍ မတက်ရောက်နိုင်လျှင်လည်း ပြဿနာမရှိ။ ဘဝတက္ကသိုလ်တွင် ဆရာမရှိသော်လည်း ပိုမိုရှုပ်ထွေးသော ဘဝပြဿနာများက အဆင်သင့်ရှိနေပြီဖြစ်၍ ကျွန်ုပ်တို့ Conventional College များကို မတက်ရောက်နိုင်သော်လည်း မိမိတို့၏ဘဝတို့က စီမံထားပြီဖြစ်သည့် ဘဝ၏ ခက်ခဲရှုပ်ထွေးသော ပြဿနာများကို အကြောင်းပြု၍ ဆက်လက်စဉ်းစားခြင်းကို လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးလူတိုင်းလူတိုင်းတွင် ရှိပါသည်။ တက်ရိုးတက်စဉ် တက္ကသိုလ်များတက်ရမှ စဉ်းစားတတ်သောသူများ ဖြစ်လာမည် မဟုတ်။ ကျွန်ုပ်တို့၏ ဘဝတက္ကသိုလ်တွင်လည်း ဆရာမလို၊ ဆရာမရှိသော်လည်း တက်ရိုးတက်စဉ် တက္ကသိုလ်များတွင် ဆရာများက အရံသင့် ရှာဖွေပေးထားသော ပြဿနာများထက် ပိုမိုခက်ခဲရှုပ်ထွေးသော ဘဝတက္ကသိုလ် ပြဿနာများကို ကျွန်ုပ်တို့ကိုယ်တိုင် ကိုင်တွယ်ရင်ဆိုင် စဉ်းစားကာဖြေရှင်းရင်း လျှောက်လှမ်းကြလျှင် ကျွန်ုပ်တို့အားလုံးသည် အရွယ်ရလာသည်နှင့်အမျှ ပို၍ စဉ်းစားနိုင်သော၊ ဉာဏ်ရှိသော (သို့) အသိဉာဏ် ရှိသောသူများ ဖြစ်လာနိုင်မည်။

## စာပေးစာယူတက္ကသိုလ် (သို့) အဝေးသင်တက္ကသိုလ်ဆိုသည်မှာ

စာပေးစာယူ (သို့) အဝေးသင်တက္ကသိုလ်ဆိုသည်မှာ ဘဝတက္ကသိုလ်နှင့် သမရိုးကျ တက္ကသိုလ် နှစ်မျိုးပေါင်းစပ်ထားသော တက္ကသိုလ်အမျိုးအစားဖြစ်သည်။ အချိန်ပြည့် တက်ရောက်လေ့ကျင့်ရန် အခြေအနေမပေးသော်လည်း သမားရိုးကျ တက္ကသိုလ် စနစ်တွင် ဆရာများက ဖန်တီးရှာဖွေပေးပို့သော ပြဿနာများကို အကြောင်းပြု၍ စဉ်းစားနိုင်ရန် ရည်ရွယ်၍ ပုံစံပြုထားခြင်းဖြစ်သည်။ စာပေးစာယူ (သို့) အဝေးသင်တက္ကသိုလ်ဆရာများက စာပေးစာယူ (သို့) အဝေးသင် ကျောင်းသားများကို ၎င်းတို့ကိုယ်တိုင် စဉ်းစားဖြေရှင်းရန် ပုံမှန်စာစဉ်များ ပေးပို့ပေးကာ လေ့ကျင့်စေခြင်းဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် စာပေးစာယူ (သို့) အဝေးသင် တက္ကသိုလ်ကျောင်းသားများက ဘဝပြဿနာများကိုလည်း နေ့စဉ် ရင်ဆိုင်ဖြေရှင်း နေကြ၍ အတွေ့အကြုံ နှစ်မျိုး တစ်ပြိုင်တည်းရယူလေ့ကျင့်နိုင်သော နည်းလမ်းဖြစ်၍ စာပေးစာယူ (သို့) အဝေးသင်တက္ကသိုလ်စနစ်သည် အလွန်ကောင်းမွန်သော စနစ် ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများစွာ၌ အဝေးသင်တက္ကသိုလ်စနစ်ကို အသုံးပြု၍ လေ့ကျင့်နေကြသည်။ စာပေးစာယူကျောင်းသားတို့သည် စာပေးစာယူ(သို့)အဝေးသင် တက္ကသိုလ် ဆရာများမှ ပေးအပ်လာသည့် ပြဿနာစာစဉ်များကို မိမိတို့ကိုယ်တိုင် အကြောင်းပြု အခြေပြုစဉ်းစားကာ ဖြေရှင်းရင်း လေ့ကျင့်နိုင်လျှင် တက္ကသိုလ် အဆင့် စဉ်းစားခြင်း လုပ်ငန်းကို ကောင်းစွာလုပ်ဆောင်နိုင်လာမည်ဖြစ်၍ စာပေး စာယူ တက္ကသိုလ်များမှလည်း အသိဉာဏ်မြင့်မားသော (ဝါ) စဉ်းစားနိုင်သော ပုဂ္ဂိုလ်များ မွေးထုတ်ပေးနိုင်သည်။

## စာပေးစာယူ(သို့)အဝေးသင်တက္ကသိုလ်အပေါ် ယနေ့ခေတ်အမြင်

ယနေ့ခေတ်တွင် စာပေးစာယူ(သို့) အဝေးသင်တက္ကသိုလ်လေ့ကျင့်စဉ်ကို စာပေးစာယူ(သို့) အဝေးသင်ကျောင်းသားအချို့က နားလည်မှုလွဲချော် နေကြသည်။ စာပေးစာယူ(သို့) အဝေးသင် သင်နည်းသည် မထိရောက်၊ ဆရာ ကိုယ်တိုင်မသင်၍ စာမတတ်၊ လက်တွေ့မလုပ်ရ၍ ကောင်းစွာမတတ်မြောက် စသည်ဖြင့် ဝေဖန်ချက်

များ တွေ့ရသည်။ စာပေးစာယူ(သို့) အဝေးသင်တက္ကသိုလ်များတွင်လည်း လက်တွေ့ လုပ်ငန်းများ ပါရှိပါသည်။ စာတွေ့လည်း ပါရှိပါသည်။ စာပေးစာယူ (သို့) အဝေးသင် ကျောင်းသားအချို့ စာမတတ်ရခြင်း အကြောင်းရင်းမှာ စာပေးစာယူ(သို့) အဝေးသင်တက္ကသိုလ်များက ပေးပို့လာသော စာစဉ်များကို ကျောင်းသားများ ကိုယ်တိုင် မလုပ်၍ဖြစ်သည်။ ပေးပို့လာသောစာစဉ်များကို အခြေခံ၍ စဉ်းစားခြင်း အလုပ်ကို လုပ်ရန်မှာ ကျောင်းသား၏ တာဝန်ဖြစ်သည်။ မည်သူ့အကူအညီမှယူရန် မရည်ရွယ်ထား။ ကျောင်းသား ကိုယ်တိုင်က ရသည့်နည်းဖြင့် မိမိဘာသာ ကြိုးစား စဉ်းစားဖြေရှင်းရန်ဖြစ်သည်။ ဖြေရှင်း၊ ဖြေဆိုရန် အချိန်မရှိ၍ အခြားသူများအား ဖြေဆိုရေးသားတွက်ချက်ခိုင်းခြင်း (သို့) ကျူရှင်တက်၍ ဖြေရှင်းခြင်း စသည်တို့ ကြောင့်သာ စာပေးစာယူ(သို့)အဝေးသင်တက္ကသိုလ်ကျောင်းသားအချို့ စာမတတ်ခြင်း ဖြစ်သည်။ စာပေးစာယူ (သို့) အဝေးသင်တက္ကသိုလ်စနစ်ကြောင့် စာမတတ်ခြင်း မဟုတ်။ မြန်မာ နိုင်ငံ ပညာရေးဝန်ကြီးဌာန၏ စာပေးစာယူ (သို့) အဝေးသင် တက္ကသိုလ်သည် အထိုက်အလျောက် ပြည့်စုံသော အစီအစဉ်ဖြစ်သည်။ စာပေး စာယူ(သို့) အဝေးသင် ဆရာများကလည်း စာစဉ်များ မှန်မှန်ပို့ကြသည်။ လုပ်ကိုင်ရန်ပျက်ကွက်သူများမှာ ကျောင်းသားအချို့ဖြစ်သည်။ မိမိအလုပ်ကို လုပ်ကိုင်ရန် ပျက်ကွက်သူ စာပေးစာယူ ကျောင်းသားအချို့ကြောင့် ကောင်းမွန်သော မြန်မာစာပေးစာယူ(သို့) အဝေးသင်တက္ကသိုလ်စနစ်ကို အပြစ်ပုံ၍မရ။ စာပေးစာယူ (သို့) အဝေးသင်စနစ်မှတစ်ဆင့် အသိဉာဏ်ရှိလာကြသော နိုင်ငံသားများ များစွာ ရှိသည်ဖြစ်၍ အားနည်းချက် အစစ်အမှန်ကို ရှာဖွေပြုပြင်ရန်သာ ရည်ရွယ်လျှင် အားနည်းချက်မှာ စာပေးစာယူ (သို့) အဝေးသင်ကျောင်းသားအချို့ မိမိလုပ်ရန် အလုပ်ကို မိမိမလုပ်ဘဲ ပျက်ကွက်ခြင်းကိုသာ ပြုပြင်ရန်လိုသည်။ ထိုသို့ပျက်ကွက် ခြင်းကြောင့်သာအဝေးသင်စနစ်ကြောင့် စာမတတ်ဟု ယူဆလာကြခြင်းသာ ဖြစ်သည်။ အဝေးသင်သင် အနီးပဲ သင်သင် ကျောင်းသား၏ ပဓာနတာဝန်မှာ မိမိအလုပ် မိမိလုပ်ကိုင်ကြရန် (သို့) ကိုယ်တိုင် စဉ်းစားဖြေရှင်းကြရန်သာ ဖြစ်သည်။ ထို့ကြောင့် ကောင်းမွန်သော စာပေးစာယူ (သို့) အဝေးသင်တက္ကသိုလ်များမှ

တစ်ဆင့် စဉ်းစားခြင်းကို ဆက်လက်ဆောင်ရွက်လိုပါက အကျိုးကျေးဇူး နှစ်မျိုးဖြစ်သော (၁) သမရိုးကျ တက္ကသိုလ်များတွင် ရရှိနိုင်သော ဆရာများကဖန်တီးပေးသည့်ပြဿနာများကို အခြေခံအကြောင်းပြု၍ စဉ်းစားခြင်းအတွေ့အကြုံနှင့် (၂)မိမိကိုယ်တိုင် အလုပ်လုပ်ရင်း ကြုံတွေ့လာသော ပြဿနာများကို ကိုယ်တိုင်စဉ်းစားဖြေရှင်းရရင်း တွေ့ကြုံရသော အတွေ့အကြုံ နှစ်မျိုးစလုံးကို တစ်ပြိုင်နက်တချိန်တည်းမှာပင် ရရှိနိုင်လျှင် **စာပေးစာယူ (သို့) အဝေးသင်ကျောင်းသားတို့က ထိုလုပ်ရန်၊ စဉ်းစားရန် လုပ်ငန်းများကို မိမိတို့ကိုယ်တိုင် ကြိုးစားလုပ်ကိုင်ကြပါလျှင် ထို စာပေးစာယူ (သို့) အဝေးသင်တက္ကသိုလ် ကျောင်းသားများသည် သမားရိုးကျ တက္ကသိုလ်ကျောင်းသားများထက်ပင်ပို၍ စဉ်းစားနိုင်သော (သို့) အသိဉာဏ် ရှိသော ပုဂ္ဂိုလ်များဖြစ်လာနိုင်သည်။**

အဝေးသင်ပညာရေးစနစ်တွင်လည်း အကဲဖြတ်စစ်ဆေးသည့် စာမေးပွဲရှိသည်ပင်ဖြစ်သည်။ လက်ရှိကျင့်သုံးနေဆဲ စာမေးပွဲစနစ်သည် မပြည့်စုံဟုဆိုလျှင် မမှား။ သို့သော် ထိုလက်ရှိကျင့်သုံးနေဆဲ စာမေးပွဲစနစ်အတိုင်း ဆက်လက်၍သုံးစွဲသည်ပင်ရှိစေဦး၊ ယခုချက်ခြင်း ပိုကောင်းလာအောင် (သို့) စာတတ်လာအောင် (သို့) အသိဉာဏ်ရှိလာအောင် လုပ်ချင်လျှင် ချက်ချင်းထလုပ်နိုင်သည်မှာ အဝေးသင်ကျောင်းသားများ ကိုယ့်အလုပ်ကိုယ်လုပ်ရေးဖြစ်သည်။ ကျောင်းသားများကိုယ်တိုင်က ကိုယ့်ကိုယ်ကို လိမ်ညာ၍ တစ်နှစ်ပတ်လုံး ကိုယ့်အလုပ်ကို ကိုယ်ကိုယ်တိုင်မလုပ်ဘဲ နှစ်ဆုံးစာမေးပွဲအောင်မြင်ရန်သာ ရည်ရွယ်၍ လုပ်ခဲ့လျှင် ထိုကျောင်းသားများ စာတတ်မည်မဟုတ် (သို့) အသိဉာဏ်ရှိလာလိမ့်မည်မဟုတ်။ လက်ရှိစာမေးပွဲစနစ်အစား ထိုထက်ကောင်းမွန်သော စာမေးပွဲစနစ်များကို အသစ်ပြဋ္ဌာန်းသုံးစွဲသည့်တိုင်အောင် အဝေးသင်ကျောင်းသားများ ကိုယ့်အလုပ် ကိုယ်ကိုယ်တိုင်မလုပ်သရွေ့ (သို့) စာစဉ်များကို အကြောင်းပြု၍ ကိုယ်တိုင်စဉ်းစားဖြေရှင်းမှု မပြုမချင်း အဝေးသင်ကျောင်းသားတို့ စာမတတ်နိုင်။ ထို့ကြောင့် အဝေးသင်ပညာရေးမှတစ်ဆင့် ပညာတတ်သော (ဝါ) ဉာဏ်ရှိသော နိုင်ငံသားများ မွေးထုတ်လာနိုင်ရေးအတွက် ထိရောက်သော ပြုပြင်ပြောင်းလဲရေးကို လုပ်နိုင်မည့်၊ လုပ်နိုင်စွမ်းရှိသည့် ပဓာနပုဂ္ဂိုလ်များမှာ အဝေးသင် ကျောင်းသားများဖြစ်သည်။ သင်ကြားမှု

ထောက်ကူပစ္စည်းများ များစွာရှိလေ ကောင်းလေဖြစ်သည်။ သို့သော် ထိုပစ္စည်းများ မရှိပါဘဲလည်း ကျောင်းသားတို့အသိဉာဏ်ရှိလာအောင် လေ့ကျင့်နိုင်မည့် အခွင့်အလမ်း ရှိသေးသည်။ လူသာလျှင် ပဓာနဖြစ်သည်။

# အမြင်ကျဉ်းသောပညာရေးမှ
# အမြင်ကျယ်သောပညာရေးသို့

## လူတိုင်းအတွက် ပညာရေး

ပညာရေးဟူသည် အသိဉာဏ်ရှိစေရန် လေ့ကျင့်ခြင်းဖြစ်သည်။ ထိုစနစ် အလုပ်လုပ်လျှင် တိုင်းပြည်၏ အရေးကြီးလိုအပ်ချက်ဖြစ်သော ပညာရှင်များ (သို့) စဉ်းစားတတ်သော ပြည်သူပြည်သားများမွေးထုတ်ပေးနိုင် လာမည်။ သို့ဖြစ်၍ ပညာရေးပြုပြင် ပြောင်းလဲမှုတွင် ဦးဆောင်ကြမည့်ပုဂ္ဂိုလ်များ သတိချပ်စေလိုပါသည်။ ဟိုတစ်စ ဒီတစ်စ ပြုပြင်၍ ရမည့်အခြေအနေမဟုတ်ပါ။ မူကြိုမှစ၍ အလုပ်အကိုင်များ လုပ်ကိုင်ရရှိစေနိုင်မည့် အနေအထားအထိ ပြုပြင်ပြင်ဆင်ပါမှ အလုပ်လုပ်သော စနစ်သစ်ရမည်။ မြန်မာပြည် ပညာရေးသည် ပြုပြင်မှုမရှိဘဲ ဖာထေးမှုများသာ ဆောင်ရွက်ခဲ့သော ခေတ်ဆွေးခေတ်ဟောင်း ပညာရေးစနစ်ဖြစ်၍ လက်ရှိပစ္စက္ခအခြေအနေများနှင့် လက်တွေ့ဘဝများနှင့် မဆီလျော်၊ မသင့်လျော်ခဲ့သည်မှာ ကြာခဲ့ပြီးဖြစ်သည်။ ထိုစနစ်မှ ယခုယနေ့ခေတ်နှင့် အံဝင်ခွင်ကျမဖြစ်သည့် ပုဂ္ဂိုလ်များသာ မွေးထုတ်နေခဲ့၍ ယခုပညာရေးစနစ်က မွေးထုတ်လိုက်သော ကျွန်ုပ်တို့သည် ယနေ့မျက်မှောက်ခေတ် ပစ္စုပ္ပန်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းမပေးနိုင်ခြင်းသာဖြစ်သည်။ ဤစနစ်ကို ယနေ့ခေတ်နှင့် လျော်ညီသော မျက်မှောက် (သို့) ပစ္စုပ္ပန်ကာလနှင့်ကိုက်ညီသည့် လူသားများ မွေးထုတ်ပေးမည့် စနစ်အဖြစ်သို့ စုပေါင်း၍ပြောင်းလဲမှသာ ယနေ့ပစ္စုပ္ပန်၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် လူ့စွမ်းအားအင်အားစုကြီး ပေါ်ထွက်လာမည်။ ပြဿနာ၏ အရင်းအမြစ်သည် ပညာရေးစနစ်ဖြစ်ပြီး ထိုပြဿနာကို ဖြေရှင်းနိုင်မည့် ရေသောက်မြစ်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုသာ ဖြစ်သည်ဟူ၍ မမြင်မချင်း ဤသို့အမြင်မရှိမချင်း လက်ရှိအားလုံးရင်ဆိုင်နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမျိုးရေး စသည့်ပြဿနာကြီးများသည် ဆက်လက်တည်ရှိနေကြဦးမည့်အပြင် ဆက်လက်ကြီးထွားလာမည်သာဖြစ်သည်။

တိုင်းပြည်တွင်း အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍ အဓိကပြဿနာများမှာ မိမိတို့တိုင်းပြည်တွင် လုပ်စရာအလုပ်မရှိသည်မဟုတ်။ မိမိတို့တိုင်းပြည်တွင် လုပ်စရာအလုပ်များ များစွာရှိသည်။ ဤသည်မှာ ပြဿနာမဟုတ်။ ပြဿနာမှာ လူများ အလုပ်မလုပ်တတ်ကြခြင်းဖြစ်သည်။ အလုပ်ဘာ့ကြောင့်မလုပ်တတ်သလဲ။ မစဉ်းစားတတ်လို့၊ ဘာဖြစ်လို့မစဉ်းစားတတ်သလဲ၊ ဖြေခဲ့ပြီးဖြစ်၏။ ထို့ကြောင့် စဉ်းစားတတ်သောသူများဖြစ်အောင် လေ့ကျင့်ပေးခြင်းသည်သာ ပြဿနာကို မှန်ကန်

စွာဖြေရှင်းခြင်းဖြစ်သည်။ ဥပမာ အစိုးရက စက်မှုဖွံ့ဖြိုးရေးကို ရည်ရွယ်၍ စက်မှုဇုန်များဖော်ထုတ်ပေးသည်။ လက်တွေ့တွင် ယနေ့ကျွန်ုပ်တို့ နေ့စဉ်သုံးစွဲနေသည့် လူသုံးကုန်ပစ္စည်းများ၏ ရာနှုန်းတော်တော်များများသည် ပြည်တွင်းစက်မှုဇုန်ထုတ်များ မဟုတ်ကြ။ ပြည်တွင်း စက်မှုဇုန်များမှ မထုတ်လုပ်နိုင်။ ဘာ့ကြောင့်မထုတ်လုပ်နိုင်သလဲ။ မစဉ်းစားတတ်လို့ပေါ့။ ဖြေခဲ့ပြီးဖြစ်၏။ သို့ဖြစ်၍ အစိုးရက စက်မှုဇုန်များ မည်မျှပင်ထပ်၍ ဖော်ထုတ်နေစေကာမူ ကုန်ထုတ်စွမ်းအားကိုဖြစ်စေမည့် စဉ်းစားတတ်သော စဉ်းစားနိုင်သောသူများ မွေးမထုတ်နိုင်မချင်း ကြီးမားသောစက်မှုဇုန်ကြီးများမည်မျှပင်ကြီး မည်မျှပင်ကျယ်ပါစေ ထုတ်ကုန်များထုတ်လုပ်နိုင်လာဦးမည် မဟုတ်။ ပြဿနာမှာ လူများမထုတ်လုပ်တတ်ခြင်းပင်ဖြစ်သည်။ လူသုံးကုန်ပစ္စည်းထုတ်လုပ်တတ်သောသူများ၏ တိုင်းပြည်များကိုကြည့်ပါ။ နမူနာတွေ့ရမည်။ လူက ထုတ်လုပ်နိုင်ခဲ့လျှင် စက်မှုဇုန်မရှိသေးလျှင်လည်း ရှိသည့်နေရာတွင် ထုတ်ကြမည်ဖြစ်သည်။ ပြဿနာက လူပင်ဖြစ်သည်။ ပညာရေးစနစ်က ခေတ်နောက်ကျ၍ ခေတ်နှင့်ပစ္စုပ္ပန်နှင့်မလျော်ညီသောသူများသာ မွေးထုတ်ပေးနေခဲ့၍ ပစ္စုပ္ပန်လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ခြင်းသာဖြစ်သည်။ ပညာရေးတွင် ပြင်ရမည်ဖြစ်သည်။ ယနေ့ခေတ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြသည်။ လာစေလိုကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာကြလျှင်လည်း ဒေသခံမြန်မာတို့ကသာ ဝိုင်းလုပ်မှ အလုပ်ရရှိကြမည်ဖြစ်သည်။ သို့သော် ယနေ့ရှားပါးကုန်များဖြစ်သော ဘူဗိုဇာမောင်းသမားများ၊ လျှပ်စစ်ပညာရှင်များ၊ ရေပိုက်ပညာရှင်များ အပါအဝင် အလယ်အလတ်ပညာရှင်များကို ထောင်သောင်းချီ၍ မွေးထုတ်ပေးနိုင်စွမ်းမရှိသော ယနေ့ခေတ်ပညာရေးစနစ်ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် အလယ်အလတ်ပညာရှင်များမရှိသလောက် ရှားပါးသည်။ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများလာလျှင် စက်ယန္တရားရော ၄င်းစက်ယန္တရားစက်များကို ကိုယ်တွယ်မည့်သူများပါ ခေါ်လာမှာဖြစ်သည်။ ဒေသခံမြန်မာများက ဒုံရင်းဒုံရင်းအလုပ်မဲ့ အကိုင်မဲ့ပင် ဖြစ်ကြပေဦးမည်။ စီမံကိန်းကြီး အောင်မြင်ချင်အောင်မြင်မည်။ သို့သော် အလုပ်မလုပ်တတ်သော မြန်မာများ အလုပ်ရရှိရန်ခက်ခဲမြဲ၊ အလုပ်လက်မဲ့ရာနှုန်းတက်မြဲဖြစ်သည်။ ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာသည် လူများအလုပ်လုပ်ရန် အလုပ်မရှိ၍ မဟုတ်။ အလုပ်များက ရှိသည်။ မရှိလျှင်လည်း ဖော်ထုတ်၍ရသည်။ ဥပမာ (စီမံကိန်းများ)။ သို့သော်ပြဿနာက လူတို့အလုပ်မလုပ်တတ်ခြင်းပင်ဖြစ်သည်။

အခြားနိုင်ငံက အလုပ်လက်မဲ့ပြဿနာကား လုပ်ရန်အလုပ်နည်းပြီး အလုပ်လက်မဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာကိုကြည့်ပါ။ အလုပ်ရှိသည်။ သို့သော် ရှိသည့်အလုပ်များကို ကျွန်ုပ်တို့၏ သားသမီးများက မလုပ်နိုင်ကြခြင်းဖြစ်သည်။ အလုပ်လုပ်နိုင်သောသူများလိုသည်။ ကျွန်ုပ်တို့တိုင်းပြည်တွင် အလုပ်လုပ်နိုင်သော သူများလိုသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ ပညာရေးစနစ်က အလုပ်လုပ်နိုင်သော (သို့) စဉ်းစားတတ်သော နိုင်ငံသားများကိုမှ မွေးမပေးနိုင်က ဘာကိုမွေးထုတ်တော့မည်နည်း။ ထိုသို့သော ပညာရေးစနစ်က ကျွန်ုပ်တို့နေထိုင်ကြရာတိုင်းပြည်ကို မည်သို့မည်ပုံ အကျိုးပြုကြမည်နည်း။ မည်သည့်နိုင်ငံ၏ ပညာရေးစနစ်မဆို ဤသို့အလုပ်လုပ်သော စဉ်းစားတတ်သော နိုင်ငံသားများကို မွေးထုတ်ရန်ဖြစ်၍ ကျွန်ုပ်တို့နိုင်ငံ၏ ပညာရေးစနစ်ကို ဤသို့အလုပ်လုပ်ရန် ပုံစံပြုကြရမည်။ ထိုသို့မလုပ်နိုင်သေးလျှင် ပြဿနာကြီးများ ဆက်လက်ရှိနေကြဦးမည်။ လူရည်ချွန်များအား လိုသည်ထက်ပို၍ မျက်နှာသာပေးခြင်းသည် အကျိုးမရှိ။ ပကာသနသက်သက်သာဖြစ်ပြီး ပညာရေးစနစ်က အာမခံရမည်မှာ အများထု အများစု စဉ်းစားလေ့ကျင့်ရေးသာဖြစ်သည်။ လူတစ်စု ကောင်းစားရေး ခေတ်ကုန်သင့်ပြီ။ အလုပ်လုပ်သောသူများအား အားကျစေလိုသည်မှာ ကောင်းပါသည်။ ယနေ့ခေတ်လုပ်ပုံနှင့် လူရည်ချွန်များအား ၄င်းတို့နှင့်နီးစပ်သည့် ကလေး အချို့မှလွဲ၍ အခြား ၄င်းတို့နှင့် မနီးစပ်သော မည်သည့်ကလေးမှ အားမကျ။ တစ်ကြိမ်နှစ်ကြိမ်ထက်ပို၍ ဤကိစ္စကိုမစဉ်းစားကြတော့။ ကလေးအများစုသည် သူတို့၏ နေ့စဉ် လက်တွေ့ဘဝ၏ လည်ပတ်မှုသံသရာမှ ရုန်းမထွက်နိုင်ကြဘဲ ကိုယ့်အရေးကိုသာကိုယ် အာရုံစိုက်၍ ကိုယ့်ကိစ္စကိုသာ ရှင်းလင်းရင်ဆိုင်နေကြရသည်။ လူရည်ချွန်ဟုခေါ်သော ကလေးတစ်စု ကွက်ကွက်ကလေးသာပို၍ ကြိုးစားကြမည်။ ပို၍ အလုပ်လုပ်ကြမည်။ သို့သော် အများ၏အင်အားအား မဖော်ထုတ်နိုင်။ ပညာရေးစနစ်က ဖော်ထုတ်ရမည်မှာ အများစု အများထု၏ အင်အားဖြစ်သည်။ လူတစ်စု၏ အင်အားမဟုတ်။ လူတစ်စု၏ အင်အားသည် တိုင်းပြည်တည်ဆောက်ရာတွင် လူထု၏အင်အားနှင့် မယှဉ်နိုင်။ လူထု စဉ်းစားတတ်မှ၊ လူထုလုပ်တတ်မှ တိုင်းပြည်တိုးတက်မည်။ လူတစ်စုသာစဉ်းစားရုံမျှ လူတစ်စုသာ အလုပ်လုပ်ရုံမျှဖြင့် မည်သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလာလာ မွဲမြဲ မွဲနေကြလိမ့်မည်။ သို့ဖြစ်၍ လူတစ်စု အားပြုစနစ်မှ လူထုအားပြုစနစ်သို့ ကူးပြောင်းရန် ကာလဖြစ်သည်။

ခေါင်းဆောင်ကောင်းများလိုပါသည်။ သို့သော် မည်သူတော်သည် (သို့) မည်သူတို့အလုပ်လုပ်နိုင်သည်ကို အလွတ်ကျက်အရဖြေစနစ်များဖြင့် ရွေးချယ်ရန် မမှန်နိုင်။ စနစ်များပြောင်းမှဖြစ်မည်။ ဤသို့ရေးသားရခြင်းသည် လူရည်ချွန်ဟူသော ကလေးငယ်များအား နှိမ့်ချလို၍မဟုတ်။ ဤကလေးများသည် စနစ်၏ကြားတွင် ညပ်နေသောကလေးများဖြစ်သည်။ အခြားကလေးများသည်လည်း အခြားစစ်ဆေးမှုစနစ်များဖြင့် စစ်ဆေးပါက လူရည်ချွန်ကလေးများဖြစ်နိုင်သေးသည်။ အားလုံးသည်တိုင်းပြည်၏ အင်အားဖြစ်လာနိုင်သည်။ ဆိုလိုသည်မှာ အများစုသည်လည်း သူနည်းသူ့ဟန်နှင့် သူ့သန်ရာကဏ္ဍအသီးသီးတွင် လူတော်များဖြစ်သည်ကို အခြားစစ်ဆေးစနစ်များက ညွှန်ပြနိုင်သေးသည်။ လူတော်များ (သို့) စဉ်းစားနိုင်သော အလုပ်လုပ်မည့်သူများ၊ အလုပ်လုပ်နိုင်သောသူများ ယနေ့ လက်ရှိစစ်ဆေးနည်းစနစ်များက မွေးထုတ်ထားသည့် လူရည်ချွန်ကလေးများအပြင် အများကြီးရှိနိုင်သေးသည့် စစ်ဆေးနည်းစနစ်များပြောင်း၍ ရှာဖွေဖော်ထုတ်ကာ စဉ်းစားတတ်သော၊ အလုပ်လုပ်နိုင်သော လူအများထုကို မွေးထုတ်ရန်လိုကြောင်း ရေးခြင်းဖြစ်သည်။

ရေးသားလိုသည့် အဓိကအချက်ကို မရောက်သေး။ အဓိကရေးသားလိုသည်မှာ ကျောင်းသားတို့ အခြေခံပညာအထက်တန်းကျောင်းတွင်ပင် မိမိတို့အနာဂတ်တွင် စိတ်ဝင်စားသည့် အကြောင်းအချက်များကို အကြောင်းပြုပြီး (သို့) တက္ကသိုလ်တွင် အဓိကယူပြီး ဆက်လက်စဉ်းစားကြရန်ကို ကျောင်းသားများ နားလည်လာစေရန်လိုသည်။ ထိုမှတစ်ဆင့် ထိုသို့သော တက္ကသိုလ်အသီးသီးကို တက်ရောက်ခွင့်ရရှိစေရေးအတွက် မည်သည့်အရာများ သိရှိထားရန်လိုသည်။ အလုပ်များကိုယ်တိုင်လုပ်ကိုင်နိုင်လာရန် လိုအပ်သည်တို့ကို ကြိုတင်လေ့လာပြင်ဆင်ကြရန်မှာ အခြေခံပညာအထက်တန်းကျောင်းသားဘဝတွင် လုပ်ရမည့်လုပ်ငန်းများတွင် အဓိကကျသောလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် မိဘဆရာ တို့က သားသမီးတို့ အခြေခံပညာအထက်တန်းကျောင်းသားဘဝများတွင် ၎င်းတို့၏ ဖြစ်လိုသည်များကို အခြေခံသော မိသားစုတွင်း တိုင်ပင်ခြင်းအပြင် ဆရာများနှင့် တိုင်ပင်ခြင်းများလုပ်ကြရန်လိုပြီး ကျောင်းသားကလေး၏ စိတ်အဝင်စားဆုံးအကြောင်းအရာကို ပူးပေါင်းဖော်ထုတ်ကာ ၎င်းအကြောင်းအရာများကို အကြောင်းပြု၍စဉ်းစားခြင်းလုပ်ငန်းကို တက္ကသိုလ်တွင် ဆက်လက်လုပ်ကိုင်စေရန် အထက်တန်းကျောင်းသားဘဝ၌ ကြိုတင်ပြင်ဆင်ကြရန်ဖြစ်သည်။ သို့မှသာ တက္ကသိုလ်

အသီးသီး၏ ဌာနအသီးသီးရှိ ဆရာကြီး ဆရာမကြီးများမှ ၎င်းတို့နှင့်အတူတူ ကိုယ်တိုင်အလုပ်လုပ်ကြမည့် တက္ကသိုလ်ကျောင်းသားများအဖြစ် လက်ခံရန် စိစစ်သောအခါ ရွေးချယ်ခံကြရရန်ဖြစ်ပါသည်။ ကျောင်းသားများတွင် စိတ်အဝင်စားဆုံးရွေးချယ်မှုအပြင် ဒုတိယစိတ်အဝင်စားဆုံးရွေးချယ်မှု၊ တတိယ စိတ်အဝင်စားဆုံးရွေးချယ်မှု၊ စတုတ္ထ စိတ်အဝင်စားဆုံးရွေးချယ်မှု စသည်ဖြင့် အဆင့်ဆင့်ရှိထားရန် လိုအပ်ပါသည်။ အကယ်၍ မိမိစိတ်အဝင်စားဆုံး အကြောင်းပြုချက်ကို အဓိကပြုရန် ကြိုးစားသော်လည်း မိမိထက်ပို အလုပ်လုပ်နိုင်သူများရှိလျှင်လည်း ရွေးချယ်ခွင့်မရနိုင်သည်ကို ကြုံတွေ့နိုင်သေးသည်။ သို့သော် မိမိ၏စိတ်ဝင်စားဆုံးကို မလွတ်တမ်းရွေးချယ်ရရှိနိုင်စေရေးအတွက် တိုင်းပြည်၏ တက္ကသိုလ်များမှ တစ်ခုမဟုတ်တစ်ခု လက်ခံပေးနိုင်ပါက ကျောင်းသားက ရန်ကုန်တက္ကသိုလ်တွင် အရွေးမခံရပါက အခြားတက္ကသိုလ်တခုခုတွင် ဆက်လက်အရွေးခံရနိုင်ရန် ဖြစ်နိုင်လျှင် သားရွေအိုးထမ်းခြင်းပင်ဖြစ်သည်။ ဤသို့ဖြစ်သင့်သည်။ ဤသို့ဖြစ်အောင် စီစဉ်နိုင်ရမည်။ မည်သည့်တက္ကသိုလ်တွင် တက်ရောက်၍ အလုပ်လုပ်သည်ဖြစ်စေ အဓိက ကျသည်မှာ ကျောင်းသားပင်ဖြစ်သည်။ နာမည်ကြီးနာမည်ကျော်ကြားသော တက္ကသိုလ်များသည် ၎င်းတို့အဆောက်အဦးများနှင့် လေ့ကျင့်ပေးသော ဆရာများတော်၍ နာမည်ကျော်ကြားခြင်းမဟုတ်။ ကျောင်းသား၏ အလုပ်လုပ်ခြင်းအားကောင်း၍၊ ကျောင်းသားတို့ အလုပ်လုပ်သည့်ပမာဏအားပေါ်တွင် မူတည်၍ နာမည်ကောင်း နာမည်ကြီးလာခြင်းဖြစ်သည်။ ဥပမာ အမေရိကန်ရှိ ပရင်စတန်တက္ကသိုလ်သည် အိုင်းစတိုင်းကိုအကြောင်းပြု၍ နာမည်ကျော်ကြားသည်။ အိုင်းစတိုင်း အလုပ်လုပ်ခဲ့သော ကျောင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ အောက်စဖို့တက္ကသိုလ် နာမည်ကျော်ကြားသည်။ အစ်မကြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိုကျောင်းတွင် အလုပ်လုပ်ခဲ့ကြသော ကျောင်းသားများ၏ လုပ်ဆောင်ချက်ကောင်းမွန်၍သာ တက္ကသိုလ်ကျောင်းတို့ ပို၍ပို၍နာမည်ကျော်ကြားလာခြင်းဖြစ်သည်။ အဓိက ကျောင်းသားအပေါ်တွင်သာ မူတည်သည်။ ထို့ကြောင့် ထိုကျောင်းများကလည်း စတင်လက်ခံကတည်းက မိမိအလုပ်ကိုမိမိ စိတ်ဝင်စားစွာ ကိုယ်တိုင်လုပ်ကိုင်ကြသည့်သူများကိုသာ သေချာစွာ ကြည့်ရှုစိစစ်ပြီးမှ ရွေးချယ်ကြပြီး ၎င်းတို့စိတ်အဝင်စားဆုံး အကြောင်းအရာများကို ၎င်းတို့ကိုယ်တိုင်လုပ်ကိုင်နိုင်စေမည့်အခြေအနေ အခွင့်အလမ်းများကို ဆရာများက ဖန်တီးပေးခြင်းဖြင့်

၄င်းအလုပ်လုပ်သော ကျောင်းသားတို့၏ အလုပ်လုပ်နိုင်သော စွမ်းအားတို့ အားကောင်းလာစေခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသားတို့သည် မိမိ မူကြို အရွယ်မှစ၍ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်သည်၊ ပြီးသည်အထိ လုပ်ကြရန်မှာ (၁) မိမိတို့၏ စိတ်ဝင်စားမှု၊ မိမိတို့ကိုယ်တိုင် လေ့လာသုံးသပ် ဖော်ထုတ်ရန်၊ (၂) ထိုစိတ်ဝင်စားမှုတို့ကို အကြောင်းပြု၍ (အဓိကယူ၍) တက္ကသိုလ် အဆင့် ပိုမိုရှုပ်ထွေးသော ပြဿနာများကို အကြောင်းပြုကာ စဉ်းစားခြင်း အလုပ် ကို ဆက်လက်လုပ်ကိုင်ကြရန်ကို အခြေခံပညာ အထက်တန်း ကျောင်းသားဘဝ တွင်ပင် စတင်ပြင်ဆင်ကြရန် တို့ဖြစ်ပါသည်။ မိဘနှင့်ဆရာတို့ကလည်း ကျောင်း သားတို့၏ စိတ်ဆန္ဒကိုလိုက်လျော နားလည်ပေးရန်လိုသည်။ မိမိကလေးက ဆရာဝန် မဖြစ်လိုသည်ကို ဖြစ်အောင်မလုပ်အပ်။ သို့သော် လုပ်ကြသည်။ ကလေးတို့ ငယ်သေး၍ မိဘပြောသမျှ အကုန်လိုက်နာ၏။ မိဘစိတ်ချမ်းသာစေရန် မိဘဖြစ် လိုသည်ကို ၄င်းတို့လည်းဖြစ်လိုကြပါသည်ဟု ပြောနေကြသည်များ တွေ့နေရဆဲ။ ဖြစ်ချင်တာများကို လက်တွေ့လုပ်ကြည့်မှ မိမိ၏ခန္ဓာကိုယ်ဖွဲ့စည်းပုံ စိတ်၏ လက်ခံ လုပ်ဆောင်နိုင်မှုတို့ကို လက်တွေ့ တွေ့ရမည်ဖြစ်၍ ဆရာဝန်လုပ်ငန်းနှင့် သဟဇာတ မဖြစ်သောခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံရှိနေကြသော မြောက်မြားစွာသော ကျောင်းသားတို့သည် မိမိဘာသာမိမိ ဆရာဝန်ဖြစ်လိုသည်မဟုတ်။ ဆရာဝန် တစ်ဦး၏ လူမှုရေးဂုဏ်ဒြပ်ကြောင့် ထင်ယောင်ထင်မှား စိတ်ဝင်စားနေသော်လည်း ဆေးကျောင်းတက် ဆရာဝန်ဖြစ်ပြီးမှ ဆေးမကုတော့သော၊ ဆေးမကုတတ်သော ဆရာဝန်ဘွဲ့ရ ဆရာဝန်များ မြောက်မြားစွာသည် တိုင်းပြည်၏ဘဏ္ဍာ ပညာရေး အသုံးစရိတ်များထဲမှ အချို့ကို အလဟဿဖြစ်စေသည်။ အမှန်တကယ် ဆရာဝန် ဖြစ်လျှင် ဆေးကုကြမည့် ခန္ဓာကိုယ်နှင့် စိတ်ဖွဲ့စည်းပုံရှိကြသောသူများကိုလည်း လက်ရှိစနစ်က မဖော်ထုတ်နိုင်၊ မရွေးချယ်နိုင်၍ ထိုလူများသည် အခြားနယ်ပယ် များသို့ရောက်ရှိကုန်ကြပြီး ခုတ်ရာတခြား၊ ရှရာတခြား အနာနှင့်ဆေး တွေ့သည် မရှိ ဖြစ်ခဲ့ကြရသည်။ ထို့ကြောင့် မိဘဆရာများက ဤကလေး၏ ဆန္ဒမှန်ကို နားထောင်လိုက်လျော နားလည်ပေးခြင်းအားဖြင့် ကလေးတို့ဆက်လက်၍ တက် ရောက် လေ့ကျင့်ကြရမည့် တက္ကသိုလ်အဆင့်တွင် ၄င်းတို့အားလုံး စဉ်းစားခြင်း လုပ်ငန်းကို ဖိစီးမှုအနည်းဆုံးဖြင့် ဆက်လက်လေ့ကျင့်နိုင်ရန် ကူညီဖေးမခြင်းဖြင့် စဉ်းစားတတ်သော လူပုဂ္ဂိုလ်များဖြစ်လာစေရေးအတွက် လက်တွေ့ဆောင်ရွက်

နိုင်ကြလျှင် အစောပိုင်းရေးသားခဲ့သော အလုပ်လက်မဲ့ပြဿနာအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်ရရှိရေးပြဿနာများ လျော့နည်းလာမည့်အပြင် မိမိတို့ကိုယ်တိုင်စဉ်းစား၍ စဉ်းစားခြင်းဖြစ်စဉ်ကို ကိုယ်တိုင်ပြုလုပ်ဖြတ်သန်းခဲ့၍ ရရှိလာသော အသိဉာဏ်ကြောင့် မိမိ၏စိတ်ကို အတိုင်းအတာတစ်ခုအထိ ထိန်းကျောင်းလာနိုင်မည် ဖြစ်သည့်အပြင် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ စဉ်းစားတတ်လာမည်ဖြစ်၍ ကိုယ်တိုင်လုပ်ငန်းများ တစ်နိုင်တစ်ပိုင် လုပ်ငန်းများစွာကို ပြည်သူပြည်သားအသီးသီးက ကိုယ့်စဉ်းစားဉာဏ်ကို ကိုယ်အခြေခံ၍ လုပ်ကိုင်ခြင်းဖြင့် ဝမ်းရေးအသက်မွေးဝမ်းကျောင်းများ လုပ်ကိုင်လာကြလျှင် ယနေ့ပြဿနာကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် အကောင်းဆုံးကြိုးပမ်းမှုပင်ဖြစ်သည်။ ယနေ့ခေတ် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရာတွင် ဆင်းရဲမွဲတေသော မိသားစုများကို ငွေကြေးများပံ့ပိုးပေးပြီး လုပ်ငန်းများလုပ်ကိုင်နိုင်စေရန် အခွင့်အလမ်းဖန်တီးပေးခြင်းနည်းကို အဓိကအမှီပြုထားသည်ကို တွေ့ရသည်။ သတိချပ်ရန်မှာ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာမှာ လူ၏အလုပ်လုပ်တတ်မှု (သို့) စဉ်းစားဉာဏ်ရှိမှုကို ဖန်တီးပေးရေးသည်သာ အဖြေမှန်ဖြစ်သည်။ အလုပ်မလုပ်တတ်သော (သို့) အလုပ်မလုပ်နိုင်သော ပုဂ္ဂိုလ်များက ငွေကြေးပံ့ပိုးပေးလျှင် ဤငွေကို မည်သို့အသုံးပြုမည်ကို သည်မှာတွေးကြည့်နိုင်သည်။ သို့ဖြစ်၍ ဤသို့မျှမလုပ်လျှင် ဘယ်လိုလုပ်မည်နည်းဟု မေးရန်ရှိသည်။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန် ဆင်းရဲမွဲတေစေသည့် အကြောင်းတရားကိုသာ ရှာဖွေ၍ ချေမှုန်းရမည်။

# ပညာရေးဖြင့်
# ဆင်းရဲမွဲတေမှု လျှော့ချရေးသို့

## ဆင်းရဲမွဲတေရခြင်းအကြောင်းရင်း (၈)ချက်

ဆင်းရဲမွဲတေခြင်းသည် ငွေကြေးမပြည့်စုံခြင်းဟု အပေါ်ယံ ယူဆသုံးသပ်၍ရသော်လည်း မူလပင်မအကြောင်းအရာမှာ နေ့စဉ်ဝင်ငွေမရှိ၍ ဖြစ်သည်။ ဝင်ငွေမရှိရခြင်းမှာ အလုပ်မရှိ၍ဖြစ်သည်။ အလုပ်မရှိရခြင်းမှာ အကြောင်းမျိုးစုံဖြစ်နိုင်သည်။ (၁) အလုပ်လုပ်တတ်လျက် အလုပ်မရှိခြင်း (၂) အလုပ် မလုပ်တတ်၍ (သို့) မစဉ်းစားတတ်၍ အလုပ်မရှိခြင်း၊ (၃) အလုပ်လုပ်တတ်သော်လည်း လုပ်တတ်သည့်အလုပ်ကို လုပ်ကိုင်ကြရန် အခြေအနေမပေးခြင်း။ (ဥပမာ လယ်သမားများ လယ်လုပ်ရန် လယ်မြေမရှိ) (၄) အလုပ်လုပ်တတ်သည်ဟု ဆိုသော်လည်း လုပ်တတ်သောအလုပ်မှာ ခေတ်ကာလကတောင်းဆိုသော လုပ်ငန်းများတွင် လုပ်ရန်ခေတ်မမီတော့သော ခေတ်နောက်ကျအလုပ်များ၊ လုပ်ပုံကိုင်ပုံများ ဖြစ်နေခြင်း၊ (၅) တစ်မိသားစုလုံးတွင် တစ်ယောက်ရှာ အားလုံးထိုင်စားနေခြင်း (၆) ကျန်းမာရေးမပြည့်စုံမှုကြောင့် အလုပ်ပျက်ထိခိုက်ရာမှ မွဲတေခြင်း၊ (၇) ပညာရေးစနစ်က ဘဝတွင် ကျန်းမာချမ်းသာစွာ နေတတ်အောင် လေ့ကျင့်ပေးခြင်းမဟုတ်ဘဲ စာမေးပွဲ အောင်ရန်သာ ရည်ရွယ်လေ့ကျင့်သောစနစ်ဖြစ်၍ စာမေးပွဲမအောင်ကြ၍ ကျောင်းမှ ထွက်ခဲ့ကြရာမှ ရည်ရွယ်ချက်မဲ့သောသူများ ဖြစ်လာခြင်းကြောင့် ဆင်းရဲမွဲတေခြင်း၊ (၈) သေချာစွာ ပြုပြင်လေ့ကျင့်ထားခြင်းမရှိသော စိတ်ဓာတ်နှင့် စည်းကမ်းမရှိ၍ လက်ရှိမျက်မှောက်ခေတ် အလုပ်ပတ်ဝန်းကျင်များက တောင်းဆိုသော စည်းကမ်းနှင့်စိတ်ဓာတ်များကို မလိုက်နာနိုင်ကြ၍ ဆင်းရဲမွဲတေခြင်း (သို့) မိမိရှိသမျှပညာ (သို့) မသိမှု (သို့) စဉ်းစားနိုင်စွမ်းရည်သည် မျက်မှောက်ခေတ်လုပ်ငန်းများက တောင်းဆိုသော ပမာဏကို မမှီ၍ ဆင်းရဲမွဲတေခြင်း (သို့) အလုပ်လက်မဲ့ဖြစ်ခြင်း စသည်တို့အပါအဝင် အကြောင်းအချက်များစွာက မိသားစုများစွာကို ဆင်းရဲမွဲတေမှုအတွင်းသို့ တွန်းပို့လျက်ရှိသည်။

သို့ဖြစ်၍ ဆင်းရဲနွမ်းပါးသော မိသားစုများကို ငွေကြေးတစ်ခုတည်း ထောက်ပံ့ပေးရုံ မျှဖြင့် ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်။

## (၁) အလုပ်လုပ်တတ်လျက် အလုပ်မရှိခြင်းမှဖြစ်သော ဆင်းရဲမွဲတေခြင်း

အလုပ်လုပ်တတ်လျက် အလုပ်မရှိခြင်းမှဖြစ်သော ဆင်းရဲမွဲတေခြင်းကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆယ်မ၍ ဆင်းရဲမွဲတေမှု လျော့လာနိုင်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးသလို ၎င်းထက်ပို၍ အရေးကြီးသော ပြည်သူပြည်သားများ ရင်းနှီးလုပ်ကိုင်သည့် ပြည်တွင်းလုပ်ငန်းများကိုလည်း တိုးတက်ချဲ့ထွင်လာနိုင်စေရေးပံ့ပိုးရမည်။ ဥပမာ ပြည်ပထုတ်ကားများကို ကြိုက်သလို တင်သွင်းရောင်းချခွင့် ပေးလိုက်ခြင်းမျိုးသည် ပြည်တွင်း စက်မှုအားပြု ထုတ်လုပ်မှုကို သင်းသတ်လိုက်ခြင်းဖြစ်သည်။ ပြည်တွင်းနေ အလုပ်လုပ်တတ်သူများ အလုပ်ရရှိရေးကို အထောက်အပံ့ မပြုရုံမျှမကဘဲ အလုပ်လုပ်တတ်သောသူများပင်လျှင် အလုပ်များမရှိတော့၍ ဆင်းရဲမွဲတေမှုသို့ ဦးတည်သွားရန် တွန်းပို့ လိုက်တော့သည်။ သို့ဖြစ်၍ (၁) အလုပ်လုပ်တတ်လျက် အလုပ်မရှိသောကြောင့် ဆင်းရဲမွဲတေရသော မိသားစုများအား လုပ်ငန်းများ အလုပ်များ ရရှိစေရေးအတွက် အဘက်ဘက်မှ တိုင်ပင်စဉ်းစားကာ ပြည်တွင်းပြည်ပ လုပ်ငန်းများအားလုံး တိုးတက်ချဲ့ထွင်၍ အလုပ်အကိုင်အခွင့်အလမ်း ပိုမို ဖန်တီးပေးနိုင်လျှင် ထိုသို့သော အလုပ်လုပ်တတ်လျက် အလုပ်မရှိ၍ ဆင်းရဲမွဲတေ သောမိသားစုများကို ဆင်းရဲမွဲတေမှုမှ လွတ်မြောက်စေနိုင်မည်ဖြစ်သည်။ ၎င်းမိသားစုများအား ငွေကြေးထောက်ပံ့ခြင်းသည် ဟင်းစားပေးခြင်းသာဖြစ်ပြီး ငါးရှာနိုင်သည့်ကွန်ချက်နှင့် အကွက်အကွင်းများကိုမပြသမချင်း ထိုဟင်းစား ကုန်သွားသည့်အခါ စားစရာမဲ့ ဆင်းရဲတွင်းသို့ပြန်၍ ရောက်ရှိတော့မည်။ အလုပ်မလုပ်တတ်၍၊ အလုပ်မရ၍ ဆင်းရဲမွဲတေခြင်းကို ကုစားရန်ကြည့်လျှင် အလုပ်မလုပ်တတ်ခြင်းသည် အလုပ်မလုပ် ခဲ့ရ၍ဖြစ်၏။ မလုပ်ဖူး၍ မလုပ်ခဲ့ရ၍ မလုပ်တတ်ခြင်းဖြစ်သည်။ အလုပ်လုပ် ဖူးရမည်။ အလုပ်ဟူသည် လုပ်ရင်းလုပ်ရင်း လုပ်ဖူးမှ အလုပ်လုပ်တတ်၍ အလုပ်လုပ်ဖူးစေမည့်နေရာသည် အခြေခံပညာကျောင်းများပင်ဖြစ်၏။ ရှင်းပြခဲ့ပြီး ဖြစ်၏။ အခြေခံပညာကျောင်းများ၌ မိမိကိုယ်တိုင် လုပ်ကိုင်လေ့လာမည့် အလုပ်များကို မလုပ်ခဲ့ရသူ၊ မလုပ်ခဲ့သူများသည် အလုပ်မလုပ်ရင်းမလုပ်ရင်း (သို့) မစဉ်းစား ရင်း မစဉ်းစားရင်း မလုပ်တတ် မစဉ်းစားတတ်ဖြစ်လာရာမှ အမှတ် (၂) အမျိုးအစား ဆင်းရဲမွဲတေမှုကို ဖြစ်စေသည်။

## (၂) အလုပ်မလုပ်တတ်၍ (သို့) မစဉ်းစားတတ်၍ အလုပ်မရှိခြင်းမှဖြစ်သော ဆင်းရဲမွဲတေခြင်း

ယခင်က လူငယ်ရေးရာညကျောင်းများသည် များစွာ အထောက်အပံ့ပြုသည်။ အရွယ်လွန်ပြီး ငယ်စဉ်က မိမိလုပ်ရန်များကို အကြောင်းအမျိုးမျိုးကြောင့် မလုပ်ခဲ့သူများအတွက် အလုပ်လုပ်ရန်နေရာ ဖြစ်သည့် လုပ်သားကောလိပ်သည်လည်း တစ်ပုံစံတည်းဖြစ်သည်။ အလုပ်လုပ်တတ်ရန် ပညာရေးလေ့ကျင့်မှုမှ လေ့ကျင့်ပေးသည်ဖြစ်၍ ပညာရေးစနစ်ကောင်းမွန် မှန်ကန်လျှင် ကိုယ်လုပ်တတ်လာသည်ဖြစ်၍ ကိုယ်လုပ်တတ်၍ ကိုယ့်ဘာသာကိုယ် ရှာဖွေလုပ်ကိုင်ကြရင်း အလုပ်ရှိလာကြသောကြောင့် ပညာရေးစနစ်ကို အလုပ်လုပ်သော အကျင့်လေ့ကျင့်ရေးဖြစ်သည့် လေ့ကျင့်စဉ်ဖြစ်သည့် ခေတ်သစ် ပညာရေးစနစ်ကို လေ့ကျင့်ခြင်းဖြင့် အနာဂတ်တွင် အလုပ်လုပ်တတ်သော နိုင်ငံသားများ ပေါ်ထွက်လာရေးလုပ်ခြင်းဖြင့် အနာဂတ် အမှတ်(၂) ဆင်းရဲမွဲတေမှုကို ကြိုတင်ကာကွယ်ထားရန်လိုအပ်သည်။ တစ်ပြိုင်နက် လက်ရှိ အမှတ် (၂) ဆင်းရဲမွဲတေမှုကြောင့် ခံစားနေရသော မိသားစုများအတွက် အခြေခံလုပ်ငန်းများဖြစ်သော ပန်းခြံထိန်းသိမ်းရေး၊ လုံခြုံရေးစသည့် ကာယလုပ်ငန်းခွင်များတိုးပွားလာစေရေးမှ ရေရှည်ကူညီဖေးမကာ (၂) ဆင်းရဲမွဲတေခြင်းမှ တဖြည်းဖြည်း ဆွဲထုတ်ပေးနိုင်မည်ဖြစ်သည်။ ဤအမှတ် (၂) အကြောင်းတရားကြောင့် ဆင်းရဲမွဲတေသော မိသားစုများအား ရင်းနှီးမြှုပ်နှံငွေ ထောက်ပံ့ခြင်းသည် ယာယီအဖြေဖြစ်သလို အလုပ်မလုပ်တတ်လို့ အလုပ်မရှိသောကြောင့် ဆင်းရဲမွဲတေနေသောသူ၏ လက်တွင်းသို့ ငွေကြေးပမာဏတစ်ခုခုရရှိခဲ့လျှင် ထိုငွေကြေးအား ၎င်းတို့၏ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ကင်းကွာနေခဲ့ရသော အစာအာဟာရများနှင့်တကွ ကျန်းမာရေးလိုအပ်ချက်ဖြည့်ဆည်းမှုများ၊ ၎င်းတို့လုပ်ချင်လျက် မလုပ်နိုင်ခဲ့ရသော အကြောင်းတရားများအတွက်သုံးစွဲရန် ပိုနီးစပ်သည်မှာ လူ့သဘာဝပင်ဖြစ်သည်။ ကျွန်ုပ်သည်လည်း အမှတ် (၂) အကြောင်းတရားကြောင့် ဆင်းရဲမွဲတေခဲ့လျှင် ဤကဲ့သို့ ရိုးရိုးလေးပင် စဉ်းစားမည်ဖြစ်သည်။ နောင်ပြဿနာနောင်မှရှင်း။ ယနေ့ကျွန်ုပ်ကြုံတွေ့နေရသော အစာအာဟာရ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ကျွန်ုပ်မိသားစု ဆာလောင်မွတ်သိပ်မှုကို ပြေလည်စေရေး၊ ကျွန်ုပ်တို့ မိသားစု၏ လက်ရှိကျန်းမာရေးချို့တဲ့မှုကို ဦးစားပေးမည်မှာ ဓမ္မတာပင်။ ထိုသူတို့အပြစ်မဟုတ်။ မပေးခင်ကပင် ဤသို့ဖြစ်မည်ကို

မှန်းဆ၍ရသည်။ မဖြစ်ခဲ့လျှင် ကောင်းသည်။ ဤသို့ဖြစ်ခဲ့လျှင် ပို၍ ဆုံးရှုံးကြရမည်။ ထို့ကြောင့် ပြည်တွင်းအလုပ်အကိုင်များ ဖော်ထုတ်ရေးသည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် အရေးတကြီးလုပ်ရမည့် လုပ်ငန်းဟုဆိုလျှင် မမှား။ ဟင်းစားလည်းပေး ကွန်ချက်လည်းပြဖြစ်လာ၍ သားရွှေအိုးထမ်းမည်။

## (၃) အလုပ်လုပ်တတ်သော်လည်း လုပ်တတ်သည့်အလုပ်ကို လုပ်ကိုင်ကြရန် အခြေအနေမပေးခြင်းမှဖြစ်သော ဆင်းရဲမွဲတေခြင်း

အမှတ် (၃) အကြောင်းတရားက အလုပ်လုပ်တတ်သူများ လုပ်တတ်သော်လည်း လုပ်နိုင်ကြရန် အခြေအနေမပေးခြင်းပင်ဖြစ်၏။ လယ်လုပ်တတ်သောလယ်သမားများ လယ်ရှိရန်ဖန်တီးပေးလျှင် ဆင်းရဲမွဲတေမှု လျော့ကျမည်။ စက်မှုအတတ်အပညာ ရှင်များအား စက်မှုဇုန်များတွင် အလုပ်များ ဖန်တီးပေးရန်လိုသည်။ ယနေ့ခေတ် စက်မှုဇုန်များလျှပ်စစ်မီးလာရန်လိုသည်။ အားလုံးသိပြီးဖြစ်သည်။ တစ်ဖက်မှလည်း ငွေကြေးထုတ်ပေးပြီး လုပ်ကွက်မရှိလျှင် ထုတ်ပေးငွေကြေးသည် ပြုန်းတီးနိုင်သည်။ အဓိက အလုပ်အကိုင်ဖော်ထုတ်ခြင်းဖြင့် အမှတ် (၃)အကြောင်းတရားကြောင့် ဆင်းရဲမွဲတေခြင်းကို လျှော့ချနိုင်သည်။ ပညာရေးစနစ်ဖြင့် စဉ်းစားတတ်သော ဉာဏ်ရှိသော၊ အလုပ်လုပ်နိုင်သော၊ အလုပ်လုပ်တတ်သော ပုဂ္ဂိုလ်များမွေး ထုတ်ရေးသည် အမှတ်စဉ်အားလုံး (သို့) အကြောင်းတရားအားလုံးကြောင့် ဖြစ်လာမည့် ဆင်းရဲမွဲတေမှုကို ကြိုတင်ကာကွယ်ရန် အကောင်းဆုံးဖြစ်သည်။

## (၄) အလုပ်လုပ်တတ်သည်ဟု ဆိုသော်လည်း လုပ်တတ်သောအလုပ်မှာ ခေတ်ကာလကတောင်းဆိုသော လုပ်ငန်းများတွင်လုပ်ရန် ခေတ်မမီတော့သော ခေတ်နောက်ကျအလုပ်များ၊ လုပ်ပုံကိုင်ပုံများ ဖြစ်နေခြင်းမှ ဖြစ်သော ဆင်းရဲမွဲတေခြင်း

အမှတ် (၄) ဆင်းရဲမွဲတေမှုကို အလုပ်လုပ်တတ်သော်လည်း လုပ်တတ်သော အလုပ်သည် မျက်မှောက်ခေတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် ခေတ်မမီတော့သော ခေတ်နောက်ကျ အလုပ်လုပ်ကိုင်ပုံများဖြစ်နေခြင်းဖြစ်ရာ

ထိုအကြောင်းတရားကို အခြေခံ၍ ဆင်းရဲမွဲတေရသူမိသားစုများသည် အလုပ်မလုပ်တတ်သော ပညာရေး စနစ်၏ သားကောင်များသာဖြစ်သည်။

လက်ရှိပညာရေးစနစ်တွင် လေ့ကျင့်ပေးနေသည်များသည် ယနေ့ခေတ်အတွက်မဟုတ်။ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်နေကြခြင်း၊ လေ့ကျင့်နေကြခြင်းဖြစ်သည်ကို မိဘဆရာများ သိရမည်။ ထို့ကြောင့် မိဘဆရာတို့ ယနေ့ပံ့ပိုး၍ ကလေးများအား ၎င်းတို့၏အနာဂတ်တွင် တွေ့ကြုံရနိုင်သည့် လုပ်ငန်းများအားလုံးတွင် လိုအပ်မည့်အခြေခံစိတ်ဓာတ်၊ စည်းကမ်းနှင့် အလုပ်လုပ်ပုံလုပ်နည်းပညာများကို လေ့ကျင့်ပေးရန်ဖြစ်သည်။ ယခုပညာရေးစနစ်က လွန်ခဲ့သည့်ကာလများက ဤသို့ စနစ်တကျ မပြင်ဆင်ပေးခဲ့၍ ယနေ့ခေတ်တွင်အလုပ်လုပ်တတ်သောသူများရှိနေသော်လည်း ၎င်းတို့ လုပ်တတ်သော လုပ်ပုံကိုင်ပုံများမှာ မျက်မှောက်ခေတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရန် အခြေအနေမပေးတော့ခြင်းဖြစ်၍ ဤကဲ့သို့ ဆင်းရဲမွဲတေမှုမဖြစ်လာစေရန် ယနေ့ပညာရေးစနစ်သည် အနာဂတ်လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ခြင်းဖြစ်လာစေရန် ပြုပြင်ပြောင်းလဲလျှင် အနာဂတ်၌ ဤအချက် (၄)ကြောင့် ဆင်းရဲမွဲတေမှု လျော့ပါးမည်။ အနာဂတ်လုပ်ငန်းများကို မည်သူမျှအတိအကျမသိသေးသော်လည်း မည်သည့်ခေတ်တွင်မဆို၊ မည်သည့်အလုပ်တွင်မဆို အခြေခံကျလှသည့် စိတ်ဓာတ် စည်းကမ်းများဖြစ်သည့် အချိန်မှန်တတ်ခြင်း၊ မိမိအလုပ်ကိုမိမိကိုယ်တိုင် လုပ်ကိုင်ခြင်း၊ မှတ်တမ်းမှတ်ရာ စနစ်တကျထားသိုခြင်းစသည့် အလုပ်လုပ်နိုင်သော လူသားလက္ခဏာ၊ စိတ်လက္ခဏာ၊ ရုပ်လက္ခဏာတို့ကိုလေ့ကျင့်ရာမှ တည်ဆောက်ပေးကြခြင်းဖြစ်သည်။ လက်ရှိပညာရေးစနစ်သည် ဤအလုပ်ကိုလုပ်ရန်ထက် စာမေးပွဲဦးစားပေး၊ စာမေးပွဲဖြင့် အရာရာအဆုံးအဖြတ်ပေးသောစနစ်ဖြစ်၍ ခေတ်နှင့်အပြိုင်သွားနိုင်ရန် လိုအပ်သည်။ လူသားတို့၏ ရုပ်လက္ခဏာ၊ စိတ်လက္ခဏာများကို ဦးစားပေးမှုပျက်ကွက်သည့် ပြုပြင်ရန်လိုအပ်သည့် စာမေးပွဲဦးတည်လေ့ကျင့်သော ပညာရေးစနစ်မှ အနာဂတ်ခေတ် လုပ်ငန်းအသီးသီးတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ထောက်ပံ့မည့် အမျိုးသားလက္ခဏာနှင့် စိတ်လက္ခဏာများ လေ့ကျင့်တည်ဆောက်ပေးသော ပညာရေးစနစ်ဆီသို့ ကူးပြောင်းခြင်းသည် ဤအမှတ် (၄) အကြောင်းတရားကြောင့် ဖြစ်သော ဆင်းရဲမွဲတေမှုကို ကာကွယ်နိုင်သည်။

## (၅) တစ်မိသားစုလုံးတွင် တစ်ယောက်ရှာ အားလုံးထိုင်စားနေခြင်းမှ ဖြစ်သော ဆင်းရဲမွဲတေခြင်း။

အမှတ်(၅) အကြောင်းတရား တစ်ယောက်အလုပ်လုပ် အများထိုင်စားခြင်းကြောင့် ဆင်းရဲမွဲတေခြင်းဖြစ်၏။ ဤဇာတ်လမ်းလည်း ပညာရေးစနစ်ကြောင့်ဖြစ်သည်။ အခြေခံပညာကျောင်းများ၏ လက်ရှိစနစ်သည် မိမိကိုယ်ကိုအားကိုး၍ အလုပ်လုပ်ခြင်းထက် အမှတ်ကောင်းကောင်းရရှိရေး ဦးစားပေးသည်။ အမှတ်ကောင်းကောင်းကို ဘယ်နည်းနှင့်ရသည်ကို စိတ်မဝင်စား။ ရအောင်သာလုပ်။ မိမိကိုယ်တိုင်ကြိုးစား၍ရလာသည်ဖြစ်စေ၊ ကျူရှင်တက်၍ရလာသည်ဖြစ်စေ၊ အလွတ်ကျက်၍ရလာသည်ဖြစ်စေ ဂရုမစိုက်၊ အရေးမကြီး။ အမှတ်ကောင်းကောင်းရရန်သာ အရေးကြီးသည်။ စာမေးပွဲတွင်မေးသော မေးခွန်းများကို '၏' 'သည်' မရွေ့ဖြေနိုင်ရန် အရေးကြီးသည်ဟူသော စနစ်ဖြစ်သည်။ မိမိကိုယ်တိုင် အကြောင်းပြချက်ကို အခြေပြုစဉ်းစားရာမှ အကြောင်းပြချက်များနှင့် ထိတွေ့ပါများလို့ ရင်းနှီးလာရာမှ သိလာခြင်းမျိုးသည်လည်း ကိုယ်တိုင်လုပ်မှရသည်။ မျက်စိမှိတ် အလွတ်ကျက်ရာမှ သိလာခြင်းသည်လည်း ကိုယ်တိုင်လုပ်မှရသည်။ ကျူရှင်တက်၍ သိအောင်လုပ်လာရလျှင်လည်း ကိုယ်တိုင်ပင်လုပ်ကိုင်ရသည်ဖြစ်၍ လုပ်ငန်း ဖြစ်စဉ် (၃) ခုစလုံးတွင် ကိုယ်တိုင်လုပ်ရမည်ဖြစ်ရာ ဘာမှ မကွာခြားသလို ထင်ရမည်။ သို့သော် ကွာခြားမှုရှိပါသည်။ ၎င်းကွာခြားမှုမှာ ဆင်းရဲမွဲတေမှုနှင့် ကျန်းမာချမ်းသာမှုပင်ဖြစ်သည်။ ပထမကိစ္စ(၁) မူကြိုမှ တက္ကသိုလ်အထိ မိမိလုပ်ရန်ရှိသည်များ လုပ်ငန်းများ၊ လေ့ကျင့်ခန်းများကို မိမိကိုယ်တိုင် စဉ်းစား၍ စဉ်းစား၍ လုပ်ကိုင်ခြင်းတွင် ရရှိလာမည့်သိမှုများနှင့်တကွ စဉ်းစားခြင်းအရည်အသွေးများဖြစ်သော ရှုမြင်သုံးသပ်ခြင်း၊ တွေးတောဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း ၊ အမှားအမှန်ဝေဖန်ပိုင်းခြားခြင်း၊ အကြောင်းအကျိုးဆီလျော်သင့်တော်မှုရှိမရှိ သုံးသပ်ခြင်း၊ အစရှိသည့် ကောင်းမွန်သည့်အထောက်အပံ့ပြု စိတ်လက္ခဏာများပါ ရရှိလာသောကြောင့် အသိဉာဏ်များတိုးတက်ဖြစ်ထွန်းလာခြင်းသည် ဆက်လက်ရေးသားမည့် (၂) ကိုယ်တိုင်အလွတ်ကျက်မှတ်ရာမှ သိလာသောသိမှုများနှင့် ကွာဟသည့်အချက်ပင်ဖြစ်သည့်အပြင် (၃) ကျူရှင်များမှ ကိုယ်တိုင်လေ့လာရာမှ သိရှိလာသောသိမှုများနှင့် နှိုင်းယှဉ်ကြည့်ပါကလည်း တစ်ထပ်တည်း ကွာဟကြသည်ကိုတွေ့ရမည်။

ရှုမြင်သုံးသပ်ခြင်း၊ တွေးတောဆင်ခြင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အမှားအမှန် ဝေဖန်ပိုင်းခြားခြင်း၊ အကြောင်းအကျိုး ဆီလျော်မှုရှိမရှိဆုံးဖြတ်ခြင်း စသည့် လုပ်ငန်းအတွေ့အကြုံများကို ကျောင်းသားများ မိမိတို့ကိုယ်တိုင်ဖတ်မှတ်စဉ်းစား ရင်း ရရှိနိုင်သော်လည်း အလွတ်ကျက်ခြင်း (သို့) ကျူရှင်တွင် သေချာစွာ ရှင်းပြ သလို လိုက်နားထောင်၍ ရှင်းလင်းစွာနားလည်လာသည့်ဖြစ်စဉ်တွင် များများ စားစားလုပ်ရန် အခြေအနေမပေး၍ မူကြိုမှ တက္ကသိုလ်အထိ ကိုယ်တိုင်စဉ်းစား ခြင်းအလုပ်ကို ပျက်ကွက်ခဲ့သော ပုဂ္ဂိုလ်များသည် ကြီးပြင်းလာကြသောအခါ ကိုယ့်အလုပ်ကိုယ်မလုပ်နိုင်တော့ဘဲ တစ်သက်လုံးလုပ်လာသော အလွတ်ကျက်ခြင်း လည်းလုပ်ရန် မလိုတော့။ ကျူရှင်သို့သွားရန်လည်း မလိုတော့၍ တစ်သက်လုံး လုပ်သော လုပ်ငန်းများမလုပ်ရသောအခါ အခြားမည်သည့်အလုပ်ကိုမျှ မလုပ် နိုင် မလုပ်တတ်တော့။ ကျောင်းသားများ မူကြိုမှ တက္ကသိုလ်အထိ မိမိ၏အလုပ် များကို မိမိလုပ်ခဲ့ကြသော ပုဂ္ဂိုလ်များသည် ၎င်းတို့ ငယ်စဉ်ကာလမှစ၍ ယနေ့ လုပ်ရန်များ ရှိလာလျှင် ယနေ့ပင်မိမိတို့ဘာသာ လုပ်ကိုင်ကျင့်ရှိလာသည်များ ဖြစ်ကြလေရာ ဘွဲ့ရ၍ ကြီးပြင်းလာသောအခါ ဘွဲ့ရသည်နှင့်လည်း မိမိ၏ဝမ်းရေး အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြသည်။ ရှိသည့်အလုပ်ကို ရှာဖွေ၍လုပ်ကြသည်။ သူများပေးသည့်အလုပ်မရှိပါက (သို့) မလုပ်လိုပါက ကိုယ့်စီးပွားဖြင့်ကိုယ်လုပ်ကိုင်ကြသည့် အလုပ်သမားကောင်းများ ဖြစ်လာသည်။ အိမ်ထောင်မိသားစုတစ်စုတွင် ပညာရေးစနစ်က အမှတ် (၁) ဥပမာ ညွှန်းဆိုရှင်းပြမှုပါ ကျောင်းသား၏ လေ့ကျင့်မှုပုံစံကို အားမပေးဘဲ တစ်ပါးသူ အားကိုးသောနည်းများဖြင့် အလွက်ကျက်မှတ်ကျူရှင်တက်ရန်ကို အားပေးအား မြှောက်ပြုသော စစ်ဆေးခြင်းစနစ်အကဲဖြတ်ခြင်းစနစ်တို့ကြောင့် ကိုယ့်အားကိုယ် ကိုးကြရမည့်အစား တစ်ပါးသူများကိုသာ အားကိုး၍ဖတ်မှတ်ကြရာမှ ကြီးပြင်း လာသော် တစ်ပါးသူကိုသာ အားကိုးသူများဖြစ်လာ၍ အိမ်တွင်တစ်ဦးအလုပ်လုပ် လျှင် ကျန်သူများငုတ်တုတ်ထိုင်လေသည်။ ဆင်းရဲမွဲတေမှုနှင့် ထိပ်တိုက်ကြုံရ တော့သည်။ ဆင်းရဲမွဲတေမှု ခံစားရသော မိသားစုများသည် ယနေ့ပညာရေးစနစ် ၏ သားကောင်များသာဖြစ်သည်။ ပြုပြင်ကြရန်လိုသည်။ စဉ်းစားကြရန်လိုသည်။ ထို့ကြောင့် အမှတ် (၅) အကြောင်းတရားဖြစ်သော တစ်ဦးလုပ်စာအကုန်ထိုင်စား မိသားစုများဖြစ်လာကြသည်။ သူတို့တွင် အပြစ်မရှိကြ။ သူတို့အား ဤသို့ဖြစ်အောင်

ပုံသွင်းလိုက်သော ပညာရေးစနစ်ကိုသာ ပြုပြင်ရမည်။ ဤသို့ပုံသွင်းသော ပညာရေးစနစ်ကို မည်သို့စတင်ရရှိခဲ့သနည်း။ နယ်ချဲ့ဗြိတိသျှ အစိုးရဖြစ်၏။ ကျွန်ုပ်တို့မြန်မာတို့ ဆင်းရဲမွဲတေကြစေရန် ဗြိတိသျှတို့က ကျွန်ပညာရေးစနစ်ကို အသုံးချခဲ့ခြင်းဖြစ်သည်။ မြန်မာတို့အား ဆင်းရဲမွဲတေမှုဖြင့် နပန်းလုံးနေစေကာ ဒုက္ခတွင်းထဲတွင် အလုပ်ရှုပ်နေကြသည့်အချိန် မြန်မာ့သယံဇာတများကို နည်းမျိုးစုံဖြင့် ကောင်းစွာရယူနိုင်ကြရန် အားထုတ်ချက်များပင်ဖြစ်သည်ကို ၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်မှစ၍ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်၊ ၁၉၃၈ တတိယကျောင်းသား သပိတ်တို့မှ အစချီ၍ တက္ကသိုလ်ကျောင်းသား ဦးဘဦး၊ သခင်ဗသောင်း၊ ဗိုလ်ချုပ် အောင်ဆန်း၊ ဦးညိုမြ၊ ဦးနု၊ ဦးသိန်းဖေမြင့် အပါအဝင် မျိုးချစ်မြန်မာကြီးများ များစွာက ထောက်ပြခဲ့ပြီးဖြစ်၏။ ဤကျွန်ပညာရေးစနစ်ကို အနည်းငယ်သော မဖြစ်စလောက်၊ မတို့တထိ ပြုပြင်မှုကလေးများဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြကာ ယနေ့အထိ ဆက်လက်အလုပ်လုပ်နေစေခြင်းကြောင့် ယနေ့အစိုးရတို့ ဆင်းရဲမွဲတေခြင်းကို ပြဿနာကြီးတစ်ခုအဖြစ် ရှင်းပေးနေရခြင်းဖြစ်သည်။ အရင်းစစ်လျှင် အမြစ်သည် ပညာရေးပင်ဖြစ်သည်။ ထို့ကြောင့် အမှတ် (၅) အကြောင်းတရားကြောင့် ဆင်းရဲခြင်းကိုလည်း ပညာရေးပြုပြင်ပြောင်းလဲခြင်းမှ ကာကွယ်ပေးနိုင်သည်။ ဤရေးသားချက်တို့သည် ပညာရေးပြုပြင်ပြောင်းလဲရန် လိုအပ်သည်ကို ရေးသားခြင်းဖြစ်ရာ ထိုဖော်ပြပါ အကြောင်းတရားများကြောင့် ဆင်းရဲမွဲတေခြင်းမှ မည်သို့ကာကွယ်နိုင်သည်ကိုသာ ဖောင်းပေးရေးသားလိုသည်။ ချက်ခြင်းမည်သို့ကုစားရမည်ကို ရေးသားရန် မရည်ရွယ်။

## (၆) ကျန်းမာရေးမပြည့်စုံမှုကြောင့် အလုပ်ပျက်ထိခိုက်ရာခြင်းမှဖြစ်သော ဆင်းရဲမွဲတေခြင်း။

အမှတ် (၆) ဆင်းရဲမွဲတေမှုအား ဖြစ်စေသည့် အရင်းခံ၊ တရားခံတရားသည် ကျန်းမာရေးမပြည့်စုံမှုလည်းပါသည်။ မကျန်းမာသောကြောင့် အလုပ်မလုပ်နိုင်။ ဝင်ငွေမရှိ။ ကလေးများကလည်း ငယ်ကြသေး။ သို့ဆိုလျှင် ဤသို့ကြုံလျှင် ဆင်းရဲမွဲတေစေဖို့များပြီး ရှိတာထုတ်ရောင်း ဝင်ငွေပုံမှန်မရှိ၍မွဲတေပြီး ဆင်းရဲပြီး မဆင်းရဲစေရေးအတွက် ကျန်းမာကြဖို့လိုသည်။

## ကျွန်ုပ်တို့ ဂရုမစိုက်သော ကျန်းမာရေး

ယနေ့ခေတ်ပညာရေးစနစ်က ကျောင်းသားတို့ ကျန်းမာရေးကို အဓိကမပြု။ အမှတ်ကောင်းကောင်းရ၍ ဂုဏ်ထူးများဖြင့် အောင်မြင်ရေးသည်သာ ဆရာနှင့်မိဘတို့၏ ဘုံလုပ်ငန်းပင်ဖြစ်သည်။ ထို့ကြောင့် ဆရာမိဘတို့သည် ကျန်းမာရေးကိုအရေးကြီးသည်ဟု သိရှိသာသိပြီး လက်တွေ့မလုပ်နိုင်။ ကိုယ်ကိုယ်တိုင်လည်း ကျွန်စနစ်ဆိုး၏ သားကောင်တစ်ကောင်ဖြစ်၍ သားသမီးများ အမှတ်ကောင်း လျှင်ပျော်နေပြီး ကိုယ့်တုန်းကလည်း အဲ့ဒီလောက်အမှတ် မကောင်းခဲ့၍ ပိုပျော်၏။ ကျန်းမာရေးကောင်းမွန်စေရန် နေ့စဉ်လေ့ကျင့်ခန်းလုပ်ရန်လိုသည်။ အစား အသောက်ကို ထိန်း၍စားပေးရန်လိုသည်။ အနေအထိုင် မှန်ကန်ရန်လိုသည်။ ကာ၊ စိတ်၊ ဥတု၊ အာဟာရ မျှအောင်နေတတ်ရန် လေ့ကျင့်မှုရမည်။ ကျောင်းတွင် လေ့ကျင့်ပေးရန်လိုမည်။ ပြောကြဦးမည်။ လုပ်ကြပါသည်ဟု။ ယနေ့ခေတ် နေ့တိုင်း ကျန်းမာရေးလုပ်သူတို့သည် လူနည်းစုသာဖြစ်သည်။ လူများစုက ပညာရေးစနစ်၏ ဦးစားပေးရာနောက်လိုက်ကြရင်း ကျန်းမာရေးလမ်းစနှင့်ဝေး၏။ နေ့တိုင်း လေ့ကျင့်ခန်းမလုပ်ဘဲ အများစုသည် ဒီဇင်ဘာလရောက်မှ (၂) ရက် (၃) ရက် စုပေါင်းလမ်းလျှောက်၏။ ဤသည်ကို ထောက်ခံ၍ ဟိုဟာကိုထောက်ခံ၍ လမ်းလျှောက်သည်။ ကျန်းမာရေး လေ့ကျင့်ခန်းများ ဒီဇင်ဘာလတစ်ခုတည်းနှင့် ဆိုင်သည် မဟုတ်။ ရာသီမရွေး လုပ်ကြရမည်၊ လုပ်ကြရမည့် လေ့ကျင့်စဉ်ဖြစ်သည်။ နေ့တိုင်း လုပ်လျှင်ပို၍ ကျန်းမာလာကြမည်။ ကျောင်းပညာရေးစနစ်က (ကိုလိုနီ စနစ်က)

ပို၍ အရေးကြီးသည်ဟု၊ ထိုကျန်းမာရေးထက်ပို၍ အရေးကြီးသည်ဟု ယူဆသော ဂုဏ်ထူးရရှိရေးအတွက် လမ်းညွှန်ဖောင်းပေးတိုက်တွန်းနေ၍ လမ်းမှားလိုက်ကုန်ကြသည်။ နေ့စဉ်လုပ်သင့်သော ကျန်းမာရေးလေ့ကျင့်ခန်းတို့ကို အရေးမကြီးဟု မြင်ကုန်သည်။ ဂုဏ်ထူးရဖို့သာ အရေးကြီးသည်ဟု မြင်လာကြသည် ကျောင်းသားများ အထိုင်များလာကြ သည်။ လှုပ်ရှားမှုနည်းလာကြသည်။ လှုပ်ရှားမှု နည်းပါးခြင်းသည် မကျန်းမာမှု၏ အခြေခံပင်ဖြစ်သည်။ အချို့ကလေးများ (၉)တန်းရောက်၍ စာတွင် အရေးကြီးသည်ဟုဆိုကာ မိဘဆရာတို့က အားကစားလုပ်ရန် အချိန်မပေးချင်ကြတော့။ စာပြီးရင်းစာ စာပြီးရင်း စာလုပ်ရင်း နေ့ရောညပါ စာလုပ်ကြရာမှ အထိုင်များ၍ စားထားသောစွမ်းအင်များကို ကုန်အောင်မသုံးနိုင်တော့ရာမှ နဂိုပိန်သွယ်သော ခန္ဓာကိုယ်ပိုင်ရှင်ကျောင်းသားများ ကိုးတန်းဆယ်တန်း (၂) နှစ်အတွင်း ဝဖြိုးလာကြသည်ကိုတွေ့ရသည်။ ဝဖြိုးလာခြင်းကြောင့် စောစော သေမည် သို့မဟုတ် နောက်ကျသေမည် ဟူ၍ ပုံသေမပြောနိုင်သော်လည်း ဝဖြိုးခြင်းသည် တစ်ကိုယ်ရည် ကျန်းမာရေးအတွက် အထောက်အပံ့တော့ မပြု။ ဝသည် မဝသည်ထက် လှုပ်ရှားမှုရှိသည်၊ မရှိသည်က ကျန်းမာရေးအတွက် ပို၍ ကောင်းသည်၊ မကောင်းသည်တို့ကို ထောက်ပံ့နေသည်။ ကျောင်းမှ ကျူရှင်သို့အကူး ကားပေါ်တွင် ထမင်းကျွေးနေသော မြင်ကွင်းများတွေ့နေရဆဲ။ ကျောင်းသားတို့ကိုမြင်ရသည်မှာ မွေးမြူရေးကြက်ကလေး များကဲ့သို့ပင်ဖြစ်၏။ မွေးမြူရေးကြက်များ စားပြီးလျှင် လှောင်အိမ်ထဲတွင်နေ၊ ပြီးလျှင်စား။ စားပြီးလျှင် လှောင်အိမ်ထဲတွင်နေ။ လှုပ်ရှားမှုမရှိ၍အသားတိုးလာ သည်။ မွေးမြူရေးကြက်အသားတိုးသည်မှာ ပြဿနာမရှိ။ ကျွန်ုပ်တို့သားသမီးများ အသားတိုးလာလျှင် ကျန်းမာရေးပြဿနာများ စိတ်ပိုင်းဆိုင်ရာ ပြဿနာများ ပါဝင် ဒုက္ခပေးတော့မည်ဖြစ်သည်။ ကျွန်ုပ်အတွက်မူ ဂုဏ်ထူးများများ ပါသော ဝဖြိုးသည့်သားသမီးများထက် (သို့) ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ကျင့်မရှိသော သားသမီးများထက် မိမိကိုယ်တိုင်လုပ်နိုင်သည့် လုပ်သလောက် အလုပ်လုပ်တတ်သော ကျန်းမာရေးလေ့ကျင့်ခန်း ပုံမှန်လုပ်တတ်သည့် သားသမီးများကိုပို၍ မြင်လိုသည်။ မွေးထုတ်လိုသည်။ ထို့ကြောင့်ဤစနစ်၏ ဆိုးကျိုးများစွာသည် မြန်မာအားလုံးကို ဒုက္ခပေးရုံမျှမက ဒုက္ခပေးနေဆဲအနာဂတ်အတွက်လည်း ဆင်းရဲမွဲတေမှုအပါအဝင် နိုင်ငံအရေးပြဿနာမျိုးစုံကိုလည်း ကြိုတင်ဖန်တီးနေပြီဖြစ်သည့်

ဤစနစ်ဆိုးကို မပြင်မချင်း၊ မပြင်မချင်း အဆိုးသံသရာဆက်တော့မည်။ ထိုသို့ ကျန်းမာရေးကိုကောင်းချင်သော၊ ကောင်းရန်လိုအပ်သည်ဟုသိသောသူများ များလာသော်လည်း လက်တွေ့တွင်ကျန်းမာအောင်နေထိုင်တတ်သောသူများ မဟုတ်၍ မကျန်းမာလာကြသောအခါ မိသားစုများ ထိခိုက်ကုန်ကြပြီး တဖြည်းဖြည်း နှစ်ကြာလာသော် ဆင်းရဲမွဲတေသူမိသားစုများ မြောက်မြားစွာ စုစည်းမိလာသည်မှာ ဗြိတိသျှအစိုးရ၏ နဂိုရည်ရွယ်ချက် အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ သေချာစွာ မသိကြ၍ မြန်မာများက ဆက်လက်ပဒုံးပြောင်းအကောင်အထည် ဖော်ပေး နေကြခြင်း ဖြစ်သည်။ မြန်မာများ နိုးထရန်လိုသည်။ သို့မှသာ ဆင်းရဲမွဲတေမှုကို ကာကွယ် တားဆီးနိုင်မည်။

## (၇) ပညာရေးစနစ်က ဘဝတွင် ကျန်းမာချမ်းသာစွာ နေတတ်အောင် လေ့ကျင့်ပေးခြင်းမဟုတ်ဘဲ စာမေးပွဲ အောင်ရန်သာ ရည်ရွယ် လေ့ကျင့်သောစနစ်ဖြစ်၍ စာမေးပွဲမအောင်ကြ၍ ကျောင်းမှ ထွက်ခဲ့ကြရာမှ ရည်ရွယ်ချက်မဲ့သောသူများ ဖြစ်လာခြင်းကြောင့် ဆင်းရဲမွဲတေခြင်း၊

ဆင်းရဲမွဲတေမှုအကြောင်းပါ (၇)မှာ လက်ရှိပညာရေးစနစ်သည် “ပညာရေးမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့” ဟုရည်ရွယ်ချက် ထားသည်မှာ မှန်သော်လည်း လက်တွေ့လုပ်ကိုင်နေသည်မှာ အရှေ့တွင်ရေးသား ခဲ့သလို တစ်ယောက်တစ်ပေါက်ဖြစ်နေ၍ ခရီးမရောက်ရခြင်းလည်း ဖြစ်ပါသည်။ ထိုသို့ရည်ရွယ်ချက်ကောင်းမွန်သော်လည်း လက်တွေ့နေ့စဉ်လုပ်ငန်းများတွင် ဦးတည် သွားနေခြင်းသည် ကျန်းမာချမ်းသာလာသူများဖြစ်လာစေရန် ဦးတည်လေ့ကျင့် ခြင်းမဟုတ်၍ ဤစနစ်၏အောက်တွင် မလူးသာမလွန့်သာရောက်ရှိနေကြရသော ကလေးများမှာ စာမေးပွဲအမှတ်ကောင်းရေးမှလွဲ၍ ဘာမျှမသိ။ မေးကြည့်ပါ။ ၎င်းတို့နားလည်သော ၎င်းတို့၏အလုပ်သည် စာမေးပွဲအမှတ်ကောင်းရေးပင် ဖြစ်သည်။ ယနေ့ခေတ်ကျောင်းသားတို့နားလည်သည်။ နားလည်သည့်အတိုင်းလည်း ကြိုးစားနေကြသည်မှာ ၎င်းတို့ဘဝ၏နေ့စဉ်လုပ်ငန်းဖြစ်သည်။ ဤသို့စာမေးပွဲ အမှတ်ကောင်းရေးသည် “ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်

သစ်ဆီသို့" မည်သို့ရောက်မည်ဟူသည့် ကွင်းဆက်ပြတ်နေသည်။ ကျောင်းသူကျောင်းသားတို့၏အတွေးတွင် ကွင်းဆက်ပြတ်နေ၍ ကျောင်းသားတို့၏ နေ့စဉ်ဘဝအတွေးများ၌မရှိ။ ၎င်းတို့၏ နေ့စဉ်အတွေး၌ရှိသည်မှာ စာမေးပွဲတွင် ကောင်းစွာဖြေဆိုနိုင်ရေးနှင့်အမှတ်ကောင်း ဂုဏ်ထူးရရေးပင်ဖြစ်ပြီး ၎င်းသိမှုရည်ရွယ်ချက်က ၎င်းတို့၏နေ့စဉ်ဘဝတွင် အလုပ်လုပ်ပုံကိုစိုးမိုးထားသည်။ လွှမ်းမိုးထားသည်။ မူကြိုမှ တက္ကသိုလ်အထိ တက်ရောက်ရန်အခြေအနေပေးလျှင် ဆက်လက်၍ဆောင်ရွက်မည်။ အားထုတ်မှုများ၏ ရည်မှန်းချက်သည် ဂုဏ်ထူးရရှိရေးသာဖြစ်သည်။ Subject ဦးစားပေးမှုများ၍ Object ပျောက်သွားခြင်းဖြစ်သည်။ သို့သော် အခြေအနေမပေး၍ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်အားတက်ရောက်နိုင်ခြင်းမရှိဘဲ လမ်းခုလတ်တွင် ကျောင်းထွက်၍ ဝမ်းစာရှာကြသောကျောင်းသားငယ်များသည် ကျောင်းမှထွက်လာသည့်အခါ သိထားသောအသိအဓိကအသိဖြစ်သည်မှာ စာမေးပွဲအောင်မြင်ရေး (သို့) ဂုဏ်ထူးအမှတ်များကောင်းရေးလုပ်ငန်းသာဖြစ်ရာ အပြင်လောကသို့ရောက်ရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်တစ်ခုခုသို့ ဝင်ရောက်ကြသောအခါဖြစ်စေ ကျောင်းဆက်မတက်နိုင်တော့၍ အိမ်တွင်ပဲ နေကြသည်ဖြစ်စေ ၎င်းတို့၏စိတ်တွင် ကျောင်းမှရရှိခဲ့သော အသိဖြစ်သည့် စာမေးပွဲအမှတ်ကောင်းရေးဆိုသည့် ကိစ္စကလည်းစိတ်ဝင်စားစရာမဟုတ်တော့။ ထို့ကြောင့် ကျောင်းထွက်လိုက်ရသည့်အခါ ကျောင်းမှမယ်မယ်ရရ အတွေးအခေါ်များမကျန်ခဲ့ကြတော့၍ ကျန်းမာအောင်မည်သို့ နေရမည် ချမ်းသာအောင်မည်သို့နေရမည် စသည့် စိတ်ဓာတ်၊ စည်းကမ်းနှင့် ဆက်စပ်ပညာများပါ မပါလာတော့ဘဲ ၎င်းတို့၏ဘဝများကို ကျောင်းမတက်ဖူးသူအလားအစိမ်းလိုက် စတင်ရင်ဆိုင်ကြရမှ နဖူးတွေ့ဒူးတွေ့တွေ့ကြခြင်းဖြစ်သည်။ ယနေ့ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့နေကြသော မိသားစုများအား တက်ခဲ့ဖူးသော ကျောင်းပညာရေးက ဘာများဘဝအတွက် အထောက်အကူပြုပါသလဲဟု မေးပါ။ သေစာရှင်စာတတ်တာကလွဲ၍ ဘာမှအဖြေကြားရမည်မဟုတ်။ မေးကြည့်ခဲ့ပြီးဖြစ်၏။ သူတို့သည် ကျောင်းကို ကျေးဇူးမတင်။ အလုပ်ပိုတစ်ခု လုပ်ခဲ့ရသည်ဟုသာမြင်လာကြသည်။ သူတို့၏ ကလေးများကိုပါ ကျောင်းမပို့တော့။ လုပ်ငန်းခွင် တန်း၍ဝင်စေချင်လာကြရာမှ အရွယ်ရောက်ပြီး ကျောင်းမနေသောကလေးများ များလာသည့်အကြောင်းတစ်ခုဖြစ်လာသည်။

ထို့ကြောင့် အနှစ်ချုပ်သော် ယနေ့ပညာရေးစနစ်၏ ဦးတည်ချက် အလုပ်မလုပ်မှုကြောင့် ကျောင်းတို့မှ ကျောင်းသားတို့ဘဝအတွက် အရေးတကြီးလိုအပ်သောအရည်အသွေးများ၊ လက္ခဏာများ မရှိတော့သောကြောင့် လမ်းခုလတ်တွင် ထွက်ကြရသော ကျောင်းသားများလည်း ရသင့်သလောက်မရခဲ့ကြ၍ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမရှိသော လူပုဂ္ဂိုလ်များဖြစ်မှန်းမသိ ဖြစ်လာကြခြင်းကြောင့် ၎င်းတို့၏ လက်တွေ့ဘဝတွင်ပါ အခက်အခဲမျိုးစုံ ကြုံတွေ့လာကြရပြီး ဆင်းရဲမွဲတေလာကြရသည်မှာ ယနေ့ပညာရေးစနစ်၏ အားနည်းချက် (သို့) ဆိုးရွားချက် အမွေဖြစ်သည်။

## (၈) သေချာစွာ ပြုပြင်လေ့ကျင့်ထားခြင်းမရှိသော စိတ်ဓာတ်နှင့်စည်းကမ်းမရှိ၍ လက်ရှိမျက်မှောက်ခေတ် အလုပ်ပတ်ဝန်းကျင်များက တောင်းဆိုသော စည်းကမ်းနှင့်စိတ်ဓာတ်များကို မလိုက်နာနိုင်ကြ၍ ဆင်းရဲမွဲတေခြင်း (သို့) မိမိရှိသမျှပညာ (သို့) မသိမှု (သို့) စဉ်းစားနိုင်စွမ်းရည်သည် မျက်မှောက်ခေတ်လုပ်ငန်းများက တောင်းဆိုသော ပမာဏကို မမှီ၍ ဆင်းရဲမွဲတေခြင်း (သို့) အလုပ်လက်မဲ့ဖြစ်ခြင်း။

အမှတ် (၈) အကြောင်းအရင်းသည် အမှတ် (၇) အကြောင်း အရင်းနှင့် ဆင်သလိုလိုရှိသော်လည်းမတူ။ အမှတ် (၇) အကြောင်းအရင်းသည် ကျောင်းပညာရေးမှ လက်တွေ့ဘဝ လုပ်ငန်းအတွက် မည်သည့်စိတ်တက်ကြွမှုကိုမျှ မပေးလိုက်နိုင်ခြင်းဖြစ်ပြီး အမှတ် (၈) အကြောင်းအရင်းမှာ ယခုပညာရေးစနစ်၏ မူရင်းရည်ရွယ်ချက်ကြောင့် ကျောင်းသားများတွင် ယနေ့မျက်မှောက်ခေတ်လုပ်ငန်းများက တောင်းဆိုသော စိတ်ဓာတ်အရည်သွေးနှင့် စည်းကမ်းအရည်အသွေး ပညာအရည်အသွေး (သို့) စဉ်းစားနိုင်မှု အရည်အသွေးများဖြစ်သည့် (၁) ရှုမြင်သုံးသပ်ခြင်းစွမ်းအား (၂) ဆင်ခြင်စဉ်းစားခြင်းစွမ်းအား (၃) ဆုံးဖြတ်ချက်ချမှတ်ခြင်းစွမ်းအား (၄) မှားမှန်ဝေဖန်ပိုင်းခြားနိုင်သောစွမ်းအားနှင့် (၅) ကျိုးကြောင်းဆီလျော်သုံးသပ်သော စွမ်းအား စသည့် စိတ်စွမ်းရည်လက္ခဏာများ ပြည့်စုံအောင်လေ့ကျင့် ပေးနိုင်ခြင်းမရှိသည့်အပြင် စည်းကမ်းများဖြစ်သော အချိန်မှန်

ခြင်း၊ စည်းကမ်းလိုက်နာခြင်း စသည့် ပုဂ္ဂိုလ်ရေးရာ ချုပ်တည်းနိုင်မှုစွမ်းအင်များ ပြည့်စုံအောင် လေ့ကျင့်ပေးနိုင်ခြင်းမရှိသည့်မျှမက စဉ်းစားနိုင်မှုတည်းဟူသော လူ့လောက၌အသုံးအများဆုံး၊ အရေးအကြီးဆုံး၊ လူသားစွမ်းရည်ကိုပါ မျက်ကွယ်ပြု၍ အလွတ်ကျက်အရဖြေ အမှတ်ကောင်း၊ ဂုဏ်ထူးများများရရေးကိုသာ ဦးစားပေးသောစနစ်ဖြစ်၍ မျက်မှောက်ခေတ်လုပ်ငန်းများတွင် ပါဝင်လိုက်ပါနိုင်ခြင်း မရှိရာမှ ဘေးသို့ရောက်ရင်းရောက်ရင်း လူ့လောက အသိုင်းအဝိုင်း၏ သိသိသာသာ ရော မသိမသာပါ ပစ်ပယ်ခြင်းကိုခံကြရာမှ ဆင်းရဲမွဲတေခြင်းဘဝတွင် နေကြရတော့သည်။ ထိုမိသားစုများအားလုံးတို့သည် ပညာရေးစနစ်၏ သားကောင်များသာဖြစ်ပြီး အကယ်၍ ပညာရေးစနစ်သည်သာ ကောင်းမွန်သော ပညာရေးစနစ်ဖြစ်ခဲ့လျှင် ၎င်းတို့မိသားစုများ ဤသို့ကြုံချင်မှ ကြုံကြလိမ့်မည်။ မိမိတို့ နေ့စဉ်လုပ်ကြရသော လုပ်ငန်းများမှ နောက်ဆုံးရလဒ်သည် ဘာဖြစ်မည်ကို အမှန်မမြင်ရဘဲ ပတ်ဝန်းကျင်၏လွှမ်းမိုးမှုဖိအားများကြောင့် အများနည်းတူ တစ်လမ်းတည်း လျှောက်ခဲ့ကြရာမှ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးတွင် ကံ၏ချွတ်ချော်မှုကို ကြုံတွေ့ကြရသည့်အခါ ဉာဏ်သည်လည်း ပညာရေးစနစ်က လေ့ကျင့်ပေးရန်ပျက်ကွက်၍ ဝီရိယမည်မျှစိုက်သည်ဖြစ်စေ ဆင်းရဲမွဲနေမြဲရှိနေကြခြင်း၏ လက်သည်မှာ ပညာရေးစနစ်ပင်ဖြစ်၏။ သို့ဖြစ်၍ ယနေ့လက်ရှိဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့နေကြသော ကြုံတွေ့ကုန်သော ဒုက္ခဆင်းရဲမျိုး အနာဂတ်တွင် ကင်းဝေးကြစေရန် ယနေ့လက်ရှိပညာရေးစနစ်ကို စာမေးပွဲဦးတည်လေ့ကျင့်သောစနစ်မှ စဉ်းစားတတ်သောနိုင်ငံသားများ လေ့ကျင့်ပေးသည့်စနစ်သို့ ကူးပြောင်းရန် လိုသည်။ အမှတ် (၉) အကြောင်းရင်းသည် သိမှုနှင့်ကျွမ်းကျင်မှုများ လိုအပ်သောကြောင့် မျက်မှောက်ခေတ်၏လုပ်ငန်းတို့တွင် ဝင်ရောက်နိုင်ခြင်းမရှိကြခြင်းဖြစ်သည်။ ကျောင်းသားတို့ငယ်စဉ်ဘဝ ကျောင်းများမှ လေ့ကျင့်ကြရာတွင် ကိုယ်တိုင်လေ့ကျင့်ပါက လေ့ကျင့်ရာတွင် အကြောင်းပြုသော အကြောင်းပြချက်များနှင့် ထိတွေ့မှုများလာသောကြောင့် အကြောင်းပြချက်များကို သိရှိလာခြင်းဖြစ်ပြီး နောက်တစ်ခုမှာ အသိဉာဏ်ဖြစ်သည်ကို ရှင်းပြခဲ့ပြီးဖြစ်သည်။ နောက်ထပ် စိတ်ဝင်စားဖွယ်ရာတစ်ခုမှာ ကျွမ်းကျင်မှု Skill ဖြစ်သည်။ ကျောင်းအတွင်း လုပ်ငန်းစဉ်များတွင်

သာမက ပတ်ဝန်းကျင်ကျောင်းပြင်ပတွင် အလုပ်လုပ်ကိုင်ကြရာမှ အသိဉာဏ်ကို အခြေပြုပြီး ကျွမ်းကျင်မှုပါ ရရှိလာကြရန် ပညာရေးစနစ်များက ထောက်ပံ့ကြရသည်ဖြစ်ရာ ဤသို့ထောက်ပံ့ခြင်းကို မရည်ရွယ်သည့် ပညာရေးစနစ်ကြောင့် ယနေ့ ကျွန်ုပ်တို့တွင် မျက်မှောက်ခေတ်လုပ်ငန်းများက တောင်းဆိုနေသော လုပ်ငန်းကျွမ်းကျင်မှုများမရှိ။ အသိဉာဏ်အတွဲများ မပြည့်စုံကြ၍ဖြစ်သည်။

# အသိဉာဏ် (၈) မျိုး

ပညာရေးဆိုသည်မှာ လူသားတို့အား လေ့ကျင့်ပေးခြင်းဖြစ်သည်။ ထို လူသားတို့အား လေ့ကျင့် ပေးရန်မှာ ပညာရေး၏ အဓိက ပဓာနတာဝန်ဖြစ်သည်။ မည်သည်တို့ကို လေ့ကျင့်ပေးမည်နည်း။

နိုင်ငံတစ်နိုင်ငံ လုပညီညွတ်စွာ ဖြစ်တည်နေစေခြင်းအလို့ငှာ လိုအပ်သော လူတန်းစားမျိုးစုံ ဖြစ်လာစေရန် လေ့ကျင့်ပေးရမည်။ စနစ်တကျလေ့ကျင့် ပေးရန်လိုသည်။ ဆရာဝန်လောင်းတို့အား ဆေးပညာလေ့လာစေလိုလျှင် လေ့လာမှုကိုလုပ်ဆောင်နိုင်အောင် ထောက်ပံ့အားပေးထားမည့် အသိဉာဏ်များ ဦးစွာမွေးမြူလေ့ကျင့်ပေးရန်လို၏။ အကယ်၍ ဤသို့လေ့ကျင့်မပေးဘဲ ဆေးပညာ ကိုသာ တိုက်ရိုက် လေ့လာစေလျှင် ထိုသူသည် ဆရာဝန်ဖြစ်မလာဘဲ ဆေးပညာကို သိထားသော သူတစ်ဦး သာလျှင်ဖြစ်လာပေမည်။ ဆရာဝန် တစ်ယောက်နှင့် ဆေးပညာကို သိထားသောသူတစ်ယောက် မတူညီပါ။ ဆရာဝန် အမှန်တကယ် ဖြစ်မှသာလျှင် သူသည်လူတို့၏ ရောဂါဘယများကို ကုစားပေး နိုင်မည်ဖြစ်သည်။ ဆေးပညာကို သိထားသောသူသည် လူတို့၏ ရောဂါဘယတို့ကို ပျောက်ကင်း အောင် ဆေးကုသရာတွင် မထိရောက် မကာကွယ်နိုင်ပေ။ သူသည် ဆရာဝန်အဖြစ် ပြဇာတ်ကပေလိမ့်မည်။ ပြဇာတ်များကရာတွင် ဆရာဝန် နေရာတွင် တာဝန်ကျ သူသည် ဆရာဝန်ကဲ့သို့ ပြုမူပြသနေသော်လည်း အမှန်တကယ် ဆရာဝန်တစ်ဦး၏ တာဝန်ကို သူမဆောင်ရွက်နိုင်ပေ။ ထိုနည်းတူစွာ အင်ဂျင်နီယာတို့ကိုလည်း ပြဇာတ်ကမည့် အင်ဂျင်နီယာများ မဖြစ်စေရန်လို၏။ ပညာရပ်ဆိုင်ရာ ကဏ္ဍ အသီးသီးရှိ ပညာရှင်များအားလုံးကိုလည်း ပြဇာတ်ကမည့် ပညာရှင်များ မဖြစ် စေရန် အရေးကြီး၏။ ကျောင်းဆရာ ဆရာမတို့သည်လည်း ပြဇာတ်ကမည့် သူများ မဖြစ်ရန်ပို၍ အရေးကြီး၏။ လေ့ကျင့်ပေးခြင်းမရှိ၍ ကဏ္ဍအသီးသီးတို့၌ ပြဇာတ်ကကြပြီဆိုလျှင် နိုင်ငံတစ်နိုင်ငံသည် ရှေ့သို့မရွေ့ တော့ပေ။ ပုံသဏ္ဍာန်အား ဖြင့် ပြည့်စုံ၏။ သို့သော်ခေါင်းဆောင်တို့ လိုချင်သော ပန်းတိုင်သို့ မရွေ့နိုင်တော့။

သို့ဖြစ်၍ စနစ်တကျ လေ့ကျင့်ပေးရန်လိုသည်။ ဤသို့လုပ်နိုင်ရန်အတွက် အနည်းငယ် သရုပ်ခွဲ ရန်လိုသည်။ လူတို့၌ အသိဉာဏ်မျိုးစုံပါရှိသည်။ အခြေခံ အားဖြင့် အသိဉာဏ်တို့ မတိမ်းမယိမ်း မွေးစကပင် ပါလာခဲ့ကြသော်လည်း လူတန်းစားအလိုက် ပြန်လှန်သုံးသပ်၍ မွေးရာပါအသိဉာဏ်များအား ရှင်သန် ရင့်ကျက်လာစေရန် ဆရာများက ကျောင်းတို့တွင်လုပ်ရန်မှာ ပဓာနတာဝန်

ဖြစ်လာ၏။ အထက်တန်းကျောင်းတို့တွင်မက လူတိုင်းလူတိုင်း ရောက်ရာအရပ်၊ လုပ်ကိုင်ရာလုပ်ငန်းဌာန၊ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ လေ့ကျင့်ရန်ဖြစ်သော အခြေခံအသိဉာဏ် (၈)မျိုး ရှိပါသည်။

## ၁။ စိတ်ကူးတွင် ပုံဖော်တတ်သော အသိဉာဏ်

## ( Spatial Visual Intelligence )

လူသားတိုင်း တွေးလိုက်တိုင်း စိတ်ကူးနယ်ပယ်သို့ရောက်၏။ စိတ်ကူးနယ်တွင် မိမိ၏မိဘဆွေမျိုး မိသားစု၊ အပေါင်းအသင်း၊ နေရာဒေသ၊ အဆောက်အဦး စသည်တို့ အပါအဝင် အရာအားလုံးကို ပုံဖော်၍ရသည်။ ဤသို့ပုံဖော်ရမည့် အရင်းခံအကြောင်းအရာမှာ လူတို့၏ ဦးနှောက်တွင်းရှိ စိတ်ကူးတွင် ပုံဖော်တတ်သော အသိဉာဏ်ကြောင့်သာဖြစ်သည်ဟု များစွာသောသိပ္ပံပညာရှင်တို့ သက်သေပြပြီးသည်မှာ စစ်ပြီးခေတ်ကတည်းက ဖြစ်၏။ ထိုအသိဉာဏ်သည် နိုင်ငံအကြီးအကဲများ၊ တိုင်းပြည်ခေါင်းဆောင်များ၊ အဖွဲ့အစည်းကြီးများ၏ ဦးဆောင်သူများ၊ ဗိသုကာများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ အိမ်ထောင်ဦးစီးများ၊ ကုမ္ပဏီပိုင်ရှင်ကြီးများ စသည့် လူတို့၏အုပ်ချုပ်မှုတာဝန်ရယူထားသည့် ပုဂ္ဂိုလ်များ၌ ရှိရန် မရှိမဖြစ်လိုအပ်သည်။ ရှိမှ အလုပ်လုပ်နိုင်မည်ဖြစ်သည်။ ဥပမာ - နေပြည်တော်ကြီး တည်ဆောက်ခဲ့စဉ်က နိုင်ငံအကြီးအကဲနှင့်ခေါင်းဆောင် တို့၏ စိတ်ကူးတွင် စတင်တည်ဆောက်ခဲ့ကြသည်။ နေပြည်တော်ကြီး တစ်ခွင်လုံး စိတ်ကူးနှင့် စတင်တည်ဆောက်ရသည်။ စိတ်ကူးတွင် တည်ဆောက်တတ်သည့် အသိဉာဏ်မပါခဲ့လျှင် ထိုသို့ကြီးမားသော ထုထည်ရှိသော လုပ်ငန်းကြီးများ မလုပ်နိုင်။ သို့ဖြစ်၍ မြန်မာလေးတို့အား စိတ်ကူးတွင် ပုံဖော်တည်ဆောက်စေဖို့ စိတ်ကူးတွင် ပုံဖော်တည်ဆောက်တတ်သော အသိဉာဏ်ကို ရင့်သန်အောင် လေ့ကျင့်ပေးရန်လိုအပ်၏။ သို့မှသာ ၎င်းအသိဉာဏ် မြင့်မားသောသူတို့ မွေးထုတ်နိုင်မည်ဖြစ်သည်။

### မည်သို့လေ့ကျင့်ပေးမည်နည်း။

စိတ်ကူးတွင်ပုံဖော်တတ်သော အသိဉာဏ်ရင့်သန်ဖွံ့ဖြိုးလာစေရန် ကြိမ်ဖန်များစွာ စိတ်ကူးဖြင့် ပုံဖော်ခွင့်ပေးရန်သာဖြစ်၏။ မြန်မာကလေးငယ်များ ၎င်း

အသိဉာဏ်ရင့်သန်စေရန် ကိစ္စတစ်ခုအား အကြောင်းပြု၍ လေ့ကျင့်ပေးပါသည်။ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတို့သည် မြန်မာလေးတို့ စိတ်ကူးတွင် ပုံဖော်စေတတ်သည့် အသိဉာဏ်ရင့်သန်အောင် လေ့ကျင့်ရာတွင် အသုံးပြုသည့် အကြောင်းပြချက်ဖြစ်ပါသည်။ သမိုင်းပုံကိုအကြောင်းပြု၍ ဆရာတို့မှာ အာဘောင် အာရင်းသန်စွာ ကလေးတို့အားရှင်းပြကြရ၏။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲအား၊ အားရပါးရ ရှင်းပြသည်ကို ကလေးတို့ ငြိမ်သက်၍ စိတ်ဝင်စားစွာနားထောင်ရင်း ဆရာတို့နှင့် အတူလိုက်၍ တွေးရင်း၊ ဘုရင့်နောင်မည်သို့ တိုက်ခိုက်ခဲ့သည်ကို စိတ်ကူးတွင် ပုံဖော်ကြည့်ဖြစ်လာကြသည်။ ဤသို့ သမိုင်းပါ အဖြစ်အပျက် အချက်အလက်တို့အား အကြောင်းပြု၍ စိတ်ဝင်စားစရာဖြစ်အောင်၊ ဖွယ်ဖွယ်ရာရာ ဆရာတို့၏ အတတ်ပညာဖြင့် တန်ဆာဆင်၍ ပြောပြကြသည့် အကြိမ်များလာသောအခါ၊ ကျောင်းသားငယ်တို့ စိတ်ကူးတွင် ပုံဖော်တတ်လာကြသည်။ (၁၀) တန်းသို့ ရောက်၍ (၁၀) နှစ်ခန့် လေ့ကျင့်ပြီးလျှင်၊ ထိုကျောင်းသားတို့ စိတ်ကူးတွင် ပုံဖော်သောသိဉာဏ်သည် အခြေခံအားဖြင့်၊ ကောင်းစွာ ရင့်သန်ပြီဖြစ်ပြီး ၎င်း ရင့်သန်ပြီးဖြစ်သောစိတ်ကူးတွင် ပုံဖော်တတ်မည့် အသိဉာဏ်အား၊ တက္ကသိုလ်ကြီးများတွင် ဆက်လက်ရှင်သန်ရင့်ကျက်အောင် ပြုစုပျိုးထောင်လေ့ကျင့်မှသာ အထက်တန်းကျောင်းသားဘဝတွင် လက်ဦးဆရာများကြိုးစားပေးထားသမျှ သဲထဲရေသွန်မဖြစ်မည်ဖြစ်၏။ အကယ်၍ အထက်တန်းကျောင်းပညာနှင့် တက္ကသိုလ်ပညာတို့ ဆက်စပ်ပေးထားမှု၊ ဆက်စပ်လေ့ကျင့်ပေးရန် စီစဉ်ထားမှု မရှိပါက လက်ဦးဆရာတို့၏ တန်ဖိုးရှိသော အချိန်နှင့်လုပ်အားများ အလဟဿ ဖြစ်မည်ဖြစ်သည်။ သို့ဖြစ်၍ အခြေခံပညာနှင့် တက္ကသိုလ်ပညာတို့ ပူးပေါင်း ဆက်စပ်ညှိနှိုင်းဆောင်ရွက်မှုဖြစ်မည်။

အကယ်၍ဤစိတ်ကူးတွင် အသိဉာဏ်ရှိသော်လည်း ကောင်းစွာ လေ့ကျင့်ပေးရန်ပျက်ကွက်ခဲ့ပါက ထိုကလေးတို့ကြီးပြင်းလာသော် ၎င်းတို့ကျင်လည်သော ကဏ္ဍများတွင် ခေါင်းဆောင်တို့မှ ပေးအပ်သောတာဝန်တို့ကို ဆက်လက် ဦးဆောင်အကောင်အထည်ဖော်နိုင်ရန်ဝေး၏။ နောက်လိုက်ကောင်း မဖြစ်နိုင်။ နောက်လိုက်ဆိုးများသာ ဖြစ်ရန်ရှိ၍ ဆရာများက ဤအသိဉာဏ် ရင့်သန်စေရန် သမိုင်း၊ ပထဝီ အစရှိသည့် အကြောင်းပြချက်များအသုံးပြု၍ ငယ်ရွယ်စဉ် ကလေးဘဝ ကတည်းက လေ့ကျင့်ပေးလိုက်ရန်မှာ လွန်စွာအရေးကြီး၏။ ထိုသို့ လေ့ကျင့်ချိန်၌ ဆရာတို့က

သမိုင်း ပထဝီတို့အား အလွတ်ကျက်ခိုင်းစေလျှင် ထိုအသိဉာဏ် မဖွံ့ဖြိုးနိုင်။ အလွတ်ကျက်လိုက်သော စာများကိုသာ ခေတ္တမှတ်မိသွားသည်သာရှိမည်။ ပြီးလျှင်လည်း လုံးစေ့ပတ်စေ့ မမှတ်မိနိုင်။ ထို့ကြောင့် အလွတ်ကျက်ခိုင်းခြင်းသည် ဤနေရာတွင် လွန်စွာဆိုးရွားကာ အဖျက်သဘောဖြစ်၏။ ဆရာတို့က အပင်ပန်းခံပြီး ဖတ်မှတ်၍ အာပေါင်အာရင်းသန်သန် မျိုးချစ်စိတ်ကိုအခြေခံ၍ အားရပါးရ အင်တိုက်အားတိုက် ရှင်းလင်းနိုင်ပါမှ ဤမျှအရေးကြီးသော စိတ်ကူးတွင် ပုံဖော်တတ်သည့် အသိဉာဏ် ရင့်သန် လာမည်ဖြစ်သည်။

သို့မှသာ အနာဂတ်ကို ရှေ့သို့စိတ်ကူးဖြင့် ကြိုတင်တွေးဆ လုပ်ဆောင်တတ်သော ခေါင်းဆောင်များနှင့် အတွေးတူညီနိုင်ပြီး အမြော်အမြင်ရှိသော ခေါင်းဆောင်တို့၏ ဦးဆောင်ရာသို့ စိတ်တူကိုယ်တူ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်၏။

**မှတ်ချက်။** ။ ဤသို့ဖြစ်စေရန် လေ့ကျင့်ရာတွင် အသုံးပြုသော အကြောင်းပြချက် တို့ကို အင်္ဂလိပ် ဘာသာဖြင့် Subject ဟု ဘာသာပြန်ဆိုပါသည်။ ထို့ကြောင့် သမိုင်း၊ ပထဝီတို့အား ယေဘူယျအားဖြင့် Subject များဟု ခေါ်ကြပါသည်။ သို့ရာတွင် Subject ဟူသော အင်္ဂလိပ်စကားကို မြန်မာမှုပြုရာဝယ် ဘာသာရပ်ဟု ညွှန်းဆိုဖွဲ့၍ မူရင်းမူလအဓိပ္ပာယ်ဖြစ်သော လေ့ကျင့်ရန် အကြောင်းပြချက်ဟူ၍ အနှစ်သာရပါသည့် အဓိပ္ပာယ်နှင့် ၎င်း၏လုပ်ငန်းများအား မေ့လျော့ကုန်ကြပြီး ကလေးတို့အား အသိဉာဏ်ရင့်သန်စေရန် လေ့ကျင့်မှုပေးရမည့်အစား အနာဂတ်ဘဝအတွက် အသုံးမဝင်သည့် သမိုင်းဖြစ်စဉ် အချို့၏ ဇာတ်လမ်းဇာတ်အိမ်များကို ကျက်မှတ်ခိုင်းလာကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ကလေးတို့ သင်ရိုးပါ သမိုင်းဇာတ်လမ်းများ ကျက်မှတ်ခြင်းထက် သမိုင်း၏ဇာတ်ကွက်များကို အကြောင်းပြုကာ ဦးနှောက်အတွင်း ပုံဖော်တတ်မှုအားကောင်းလာစေရန် ဆရာတို့ အပင်ပန်းခံ လေ့ကျင့်ရန်သာ ဖြစ်ပါသည်။

စိတ်ကူးတွင် ပုံဖော်တတ်သော အသိဉာဏ်ကြောင့် -

- စိတ်ကူးတွင် အဆင့်များစွာ ပုံဖော်စဉ်းစားနိုင်လာသည်။
- ပစ္စည်းအသစ်တို့ ကြံဆတီထွင်စဉ်းစားလာနိုင်သည်။
- အလုပ်တစ်ခုကြောင့်ထွက်လာမည့် ရလဒ်တို့အား နီးစပ်စွာ ခန့်မှန်းနိုင်လာသည်။

- မိမိအလုပ်လုပ်တိုင်း အလုပ်အား သရုပ်ခွဲလေ့လာအားကောင်း လာသည်။

ထိုအသိဉာဏ်များမြင့်မားလာလျှင် ရှေ့နေများ၊ ဆရာဝန်များ၊ စစ်သည်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာများ၊ သိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂီတပညာရှင်များ၊ အိမ်ထောင်ဦးစီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ဖြစ်လာကြသည်။

## ၂။ သဘာဝသရုပ်ကို တွက်ချက်တတ်သော အသိဉာဏ် (Logical Mathematical Intelligence)

ကမ္ဘာစစ်ကြီးများအပြီး ခေတ်သစ်ပညာရေးစနစ်အား ပုံစံပြုကြရာတွင် ကမ္ဘာအရပ်ရပ်မှ ပညာတတ်များက ဤအသိဉာဏ်ကိုလည်း ခေတ်သစ်ကလေးငယ်တို့၏ဉာဏ်တို့တွင် မွေးမြူလေ့ကျင့် ပေးရန်လိုအပ်သည်ဟု ယုံကြည်ကြ၍ အသိဉာဏ်ရင့်သန်စေရန် မည်သို့လေ့ကျင့်မည်၊ မည်သည်ကို အကြောင်းပြု၍ လေ့ကျင့်မည်ဟု အမျိုးမျိုးတွေးဆအကြံထုတ်ခဲ့ကြရာ သင်္ချာပညာကို အကြောင်း ပြု၍ လေ့ကျင့်လျှင် အသိဉာဏ်ဖွံ့ဖြိုးရန်သင့်တော်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြပါသည်။ ဤအသိဉာဏ်ရင့်သန်ဖော်ထုတ်လေ့ကျင့်ရာတွင် ထိုသူသည် မှန်ကန်စွာ ဆုံးဖြတ်တတ်လာ၏။ သဘာဝကျကျ ဆုံးဖြတ်တတ်လာ၏။ ကြောင်းကျိုးဆင်ခြင်မှု ပြုတတ်လာသည်။ ဆင်ခြင်တုံတရားတို့အထိ တိုးတက်ဖြစ်ပေါ်လာ၏။ ရှုပ်ထွေးသော ကိစ္စရပ်များကို အဆင့်ဆင့်ပိုင်းခြား၍ သိမ်မွေ့စွာဖြေရှင်းတတ်လာ၏။

လူသားတို့အားလုံး မှန်ကန်သောဆုံးဖြတ်ချက် ချနိုင်ရန်လိုသည်။ မှန်ကန်သော ဆုံးဖြတ်ချက်များချနိုင်အောင် လေ့ကျင့်ပေးလိုလျှင် မှန်ကန်သော ဆုံးဖြတ်ချက်များ ကြိမ်ဖန်များစွာချရန် အခွင့်အရေးပေးလေ့ကျင့်ပေးလျှင် အထိရောက်ဆုံးဖြစ်၍ ထိုသို့လေ့ကျင့်ပေးခြင်းခံထားရသောသူများသည် ကြိမ်ဖန်များစွာ မှန်ကန်သော ဆုံးဖြတ်ချက်များချထားပြီးသူဖြစ်၍ နောက်တစ်ကြိမ် ဆုံးဖြတ်ရာတွင် မှားရန်ရာနှုန်းနည်းပါးလာ၏။ ထို့ကြောင့် ခေတ်သစ်ပညာရေးစနစ်တွင် ကျောင်းသားတို့အား သင်္ချာကိုအကြောင်းပြု၍ ပုစ္ဆာတွက်စေသည်။ ကျောင်းသားတို့ ပုစ္ဆာတွက်တိုင်း ဆုံးဖြတ်ချက်များ ချရသည်။ မှန်ကန်သော ဆုံးဖြတ်ချက်များကို ရောက်စေရန် ဆရာတို့က ပဲ့ကိုင်ပေးပြီး ကျောင်းသားဘဝတွင် မှန်ကန်သောဆုံးဖြတ်ချက်ပေါင်း

များစွာ ချစေရန်၊ သင်္ချာကိုအကြောင်းပြု၍ ဤသို့လေ့ကျင့်ပေးသည်။ ဤသို့လေ့ကျင့်ပေး၍ ကလေးတို့ မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်လာသည်။ ၎င်း ကလေးတို့ကြီးသော် မှန်ကန်စွာဆုံးဖြတ်နိုင်သောသူများ ဖြစ်လာသည်။ ကလေးတို့ သဘာဝကျကျ သုံးသပ်တတ်လာသည်။ ကြောင်းကျိုး ဆင်ခြင်မှုများ ပြုတတ်လာ၏။ ဆင်ခြင်နိုင်မှုတို့ တိုးတက် ဖြစ်ပေါ်လာ၏။ ရှုပ်ထွေးသော ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းနိုင်လာကြ၏။ ၎င်းတို့ကြီးပြင်းလာသော် ဤအရည်အသွေးတို့သည် ၎င်းတို့နေထိုင်ရာ တိုင်းပြည် အားအကျိုးပြုရန်သာရှိ၏ဟု ခေတ်သစ် ပညာရေးစနစ်က လေ့ကျင့်ပေး၏။ သို့ဖြစ်၍ ခေတ်သစ်ပညာရေးစနစ်တွင် သင်္ချာဟူသည် အခြေခံပညာနှင့် တက္ကသိုလ်အဆင့်တွင်ပါ လေ့ကျင့်မှုဖြစ်စဉ်တွင် အကြောင်းပြုချက်တစ်ခုဖြစ်လာသည်။ သင်္ချာကို အကြောင်းပြုရန် သဘာဝ သရုပ်ကျတွက်ချက်တတ်သော အသိဉာဏ်တိုးပွားစေရန် လေ့ကျင့်ပေးကြသည်။

**သင်္ချာပုစ္ဆာများ တွက်ခြင်းဖြစ်စဉ်၌ မည်သို့ဆုံးဖြတ်ချက်များ ချရသနည်း။**

ဤနေရာတွင် (၁ + ၁ = ၂) ဟူသော သင်္ချာပုစ္ဆာအား ကလေးတို့ဖြေရှင်းရာ၌ (၁) ဂဏန်းရေးချ၍ မည်သို့ဆုံးဖြတ်ချက်မှ ချရန်မလိုပါ။ (+) ရေးချသည့်အခါတွင်လည်းကောင်း၊ နောက်ထပ် တစ်ဂဏန်းတစ်ခု ကပ်လျက်ရေးချသည့်အချိန်တွင်လည်း ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းမပါသေးပါ။ သို့သော် ကျောင်းသားမှ (=) ညီမျှခြင်းဟူသည့် သင်္ကေတကိုရေးချသည့် အချိန်တဒင်္ဂတွင် ဆုံးဖြတ်ချက်တစ်ခုခု ချပြီးဖြစ်၏။ ညီမျှခြင်းတစ်ခု ရေးတိုင်းရေးတိုင်း ဆုံးဖြတ်ချက်တစ်ခု ချကြရသည်။ မှန်သည်မှားသည်မဟူ ဆုံးဖြတ်ချက်တော့ ချရသည်ပင်ဖြစ်သည်။ မှားယွင်းသော ဆုံးဖြတ်ချက်များဖြစ်ခဲ့သော် ဆရာတို့မှ ပဲ့ပြင်ပေးပြီး၊ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ပါက ကိုယ်ပိုင်ယုံကြည်မှု တိုးပွားလာ၏။ သို့ဖြစ်၍ ကျောင်းသားငယ်တို့ အခြေခံပညာအဆင့် ပြီးမြောက်လျှင်ပင် ညီမျှခြင်းပေါင်းများစွာ ရေးခဲ့ပြီးဖြစ်၍ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းကို ကြိမ်ဖန်များစွာ လေ့ကျင့်ထားပြီးဖြစ်၍ ဤသဘာဝ သရုပ်ကျတွက်ချက်တတ်သော အသိဉာဏ် ရင့်သန်စပြုပြီးဖြစ်ပါသည်။

သင်္ချာသင်ယူရင်း ပွားများလာနိုင်သော အသိဉာဏ်ဖြစ်သည့် သဘာဝသရုပ်ကို တွက်ချက်တတ်သော အသိဉာဏ်ဟုခေါ်သည့် (Logical Mathematical Intelligence) အသိဉာဏ်သည် ဘာသာစကားဆိုင်ရာအသိဉာဏ် ကဲ့သို့ပင်

လူတိုင်း၌ ရှိသင့်သော အသိဉာဏ်တစ်ပါး (သို့) အမျိုးသားလက္ခဏာ တစ်ရပ်ဖြစ်သည်။ သဘာဝသရုပ်ကို တွက်ချက်တတ်သော အသိဉာဏ် မြင့်မားလာပါက သင်္ချာပညာရှင်များ၊ ဂီတပညာရှင်များ၊ တရားဟော ဆရာများ၊ နိုင်ငံရေးသမားများ၊ သိပ္ပံပညာရှင်များ၊ ရှေ့နေများ၊ ကွန်ပျူတာပညာရှင်များ၊ ဆရာဝန်များ၊ ခေါင်းဆောင်ကောင်းများ၊ စီးပွားရေးသမားကောင်းများတို့ ဖြစ်လာကြတတ်၏။ သို့ဖြစ်၍ လူတိုင်း ထိုအသိဉာဏ် ပွားများတိုးတက်လာစေရန် စနစ်တကျလေ့ကျင့်ရန်လိုသည်။ လေ့ကျင့်စဉ်မှာ သင်္ချာပုစ္ဆာများကို မိမိကိုယ်တိုင် စဉ်းစားတွေးတော၍ အဖြေရှာရန်ဖြစ်သည်။

ထို့ကြောင့် သင်္ချာဘာသာကို ဆရာများက ကျောင်းသားများအရွယ်နှင့်လိုက်၍ သိသင့်သည်များစာရင်းတွင် ထည့်သွင်းစုစည်းထားခြင်းမှာ သင်္ချာသက်သက်ကို ဂုဏ်ထူးရစေလို၍ မဟုတ်ဘဲ သဘာဝသရုပ်ဟန်ကို ခွဲခြားနိုင်သော အသိဉာဏ်ကို ထူထောင်ရန်နှင့် ကျောင်းသားတို့ မိမိအရွယ်အလိုက် သိရမည့်အရာတို့ကို သိအောင်ကြိုးစားနိုင်စေရန်လည်းကောင်း၊ သိအောင်ကြိုးစားရာတွင် မိမိကိုယ်ကို မိမိသာအားကိုးပြီး ကြိုးစားစေနိုင်ရန်လည်းကောင်း၊ ပြဿနာရှင်းလင်းသည့် အတွေ့အကြုံများရစေရန် ရည်ရွယ်၍လည်းကောင်း စုစည်းထည့်သွင်း ထားခြင်းဖြစ်သည်ကို မိဘ၊ ဆရာ၊ ကျောင်းသားအားလုံး တူညီစွာ သိရှိပြီးမှ အတူတကွ အလုပ်လုပ်ကြလျှင် အကောင်းဆုံးရလဒ်ကို အချိန်တိုအတွင်း ရမည်။

ထိုသို့လေ့ကျင့်စဉ်တွင် သင်္ချာပညာသည် အကြောင်းပြုချက် (Subject) တစ်ခုဖြစ်လာ၍ ယနေ့ ခေတ်ကာလတွင် သင်္ချာပညာသည် သမိုင်း၊ ပထဝီတို့ကဲ့သို့ပင် သင်ရိုးများတွင် ထည့်သွင်းထားရခြင်း ဖြစ်ပါသည်။

## ၃။ ဘာသာစကားဆိုင်ရာအသိဉာဏ် (Verbal Linguistic Intelligence)

လူသားများစွာတို့ကြားတွင် လူသားတိုင်းစကားပြောမကောင်းကြ။ အချို့သူများသာ စကားပြော ကောင်းကြသည်။ စကားပြောကောင်းသည်ဆိုသည်မှာ လူအများ ယုံကြည်နားလည်သက်ဝင်လာစေရန် ပြောဆိုနိုင်ခြင်းကို ဆိုလိုသည်။ ထိုသို့ပြောဆိုနိုင်အောင် ထောက်ပံ့ပေးထားသော အသိဉာဏ်မှာ ဘာသာစကား

ဆိုင်ရာအသိညဏ်ဖြစ်သည်။ ဘာသာစကားဆိုင်ရာအသိညဏ်မြင့်မားလျှင် ထိုသူတို့ စကားပြောကောင်းကြသည်။ ထိုသူတို့ပြောသောစကားအား လေးစားကြ၏။ ယုံကြည်ကြ၏။ မှားယွင်းသည်ကိုပင် မှန်သယောင်ထင်ကြသည့်တိုင် ယုံမြဲယုံလိုကြသည်အထိ ဖြစ်စဉ်များစွာရှိ၏။

လူမှုပတ်ဝန်းကျင်တွင် ဦးဆောင်ဦးရွက်ပြုနိုင်ရန် စကားပြောကောင်းရန်လိုသည်။ သို့မှသာ လိုရာကို နားလည်သဘောပေါက်မှု တူညီနိုင်မည်ဖြစ်သည်ဟု ခေတ်သစ်ပညာရေးစနစ်ပြုစုသူများက ယူဆကြသည်။ ထို့ကြောင့် ဆရာတို့က ကလေးငယ်တို့အား စကားပြောကျွမ်းကျင်သူများဖြစ်လာစေရန် လေ့ကျင့်ပေးရန်လိုသည်ဟု ထည့်သွင်းစဉ်းစားပြီး မည်သို့လေ့ကျင့်ပေးမည်ကို ပုံစံထုတ်ကြသည်။ စကားပြောကောင်းစေရန် လေ့ကျင့်မှုများ ကောင်းသောအကြောင်းပြချက်များရှာဖွေ၍ ကလေးတို့အား စကားများများပြောဆိုစေရန် အခွင့်အရေးဖန်တီးဖို့ စီစဉ်ရေးဆွဲကြရာမှ ဘာသာစကားနှင့်စာပေများ သင်ရိုးတွင် ထည့်သွင်း၍ အကြောင်းပြုလေ့ကျင့်ရန် ဆုံးဖြတ်ကြသည်။

မြန်မာစာ ထည့်သွင်းသင်ကြားခြင်းသည် မြန်မာစာသက်သက် တတ်မြောက်စေရန်သာမဟုတ်ဘဲ မြန်မာစကား၏ အင်္ဂါရပ်များ၊ အဓိပ္ပာယ်ကြွယ်ဝ လေးနက်မှု အစရှိသည့် ကောင်းသောအကြောင်း ပြချက်များကို မူတည်၍ ကလေးများအား စကားပြောခွင့်များဖန်တီးပေး၏။ စကားများများ ပြောလာနိုင် စေရန်စာများများရေးရန်လိုသည်။ များများရေးနိုင်ရန် များများ ဖတ်ထားရန်လိုသည်ဖြစ်၍ များများဖတ်နိုင်ကြရန် စာကြည့်တိုက်များ များများထူထောင် ပေးရန်လိုသည်။ များများဖတ်မှ များများရေးနိုင်၊ များများ ရေးနိုင်မှ ကောင်းကောင်းပြောနိုင်မည်။

ဘာသာစကားများများလေ့လာခွင့်ပေးခြင်းသည် ဘာသာစကားဆိုင်ရာ အသိညဏ်ကို အကောင်းဆုံးလေ့ကျင့်ပေးခြင်းဖြစ်၍ ခေတ်သစ်ကျောင်းများ၌ မိခင်ဘာသာစကား အပြင် ဒုတိယ ဘာသာစကား (Second Language) များကိုပါ ထည့်သွင်းသင်ကြားစေကြသည်။

ထိုမှ မြန်မာ၊ အင်္ဂလိပ်၊ တရုတ် အစရှိသည့်ဘာသာစကားများကို သင်ရိုးအသီးသီးတွင် ပြဋ္ဌာန်း၍ လေ့လာကြသည်။

- ရေးတတ်၊ ဖတ်တတ်၊ နားထောင်တတ်၊ ပြောဆိုတတ်လာမည်။
- ရှုပ်ထွေး သိမ်မွေ့နက်ရှိုင်းသော အတွေးအဆင့်အထိ တွေးနိုင်လာမည်။
- မိမိပြောလိုရာကို သူတစ်ပါးနားလည်အောင် ကောင်းကောင်းပြောဆိုတတ်လာမည်။
- အခြေအနေအသစ်များကို စူးစမ်းနားလည်လက်ခံစဉ်းစားနိုင်လာသည်။

ဤအသိဉာဏ်ကို အစဉ်မပြတ်လိုအပ်သော လူတန်းစားတို့မှာ ဥပဒေပညာရှင်များ၊ ရှေ့နေများ၊ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ စစ်သည်များ၊ ဂီတပညာရှင်များ၊ ဗိသုကာများ၊ သိပ္ပံပညာရှင်များ၊ စာရေးဆရာများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များတို့ဖြစ်ပါသည်။

## ၄။ ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ် (Bodily Kinestatic Intelligence)

လူသားအားလုံး မနက်မျက်စိနှစ်လုံးပွင့်ချိန်မှစ၍ စတင်ရွေ့လျား သွားလာနေကြသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မည်သည့်လုပ်ငန်း တွင်မဆို ရွေ့လျားသွားလာ လှုပ်ရှား၍ လုပ်ကိုင်ကြရသည်။ လူသားအားလုံးတို့ ရွေ့လျား သွားလာမှု ပြုနိုင်ကြရန်လိုသည်။ ရွေ့လျားသွားလာခြင်းကြောင့် လူတို့သည် ကျန်းမာလာသည်။ စိတ်သည်လည်း ရွှင်လန်းသည်။ သို့ဖြစ်၍ ခေတ်သစ် ပညာရေးစနစ်တွင် ကလေးတို့အား လေ့ကျင့်ပေးရာ၌ရွေ့လျားသွားလာလှုပ်ရှားမှု သွက်လက်ပေါ့ပါးစေရန် ကောင်းသောအကြောင်းပြချက်များဖြင့် လေ့ကျင့်ပေး၏။ PE ခေါ် (Physical Education) ကာယပညာသည် ခေတ်သစ်ပညာရေးစနစ်၏ ကောင်းမွန်သောအကြောင်းပြချက် Subject ဖြစ်လာသည်။ အားကစားပညာကို အကြောင်းပြု၍ ကလေးတို့အား ပြေးလွှား ခုန်ပေါက် ကစားစေခြင်းဖြင့် ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ် ကိုဖွံ့ဖြိုးစေ၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်စေခြင်းဖြင့် ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ် ဖွံ့ဖြိုးလာ၍ ကာယပညာကို လုပ်နိုင်လာ၏။ လုပ်ချင်လာ၏။ လုပ်တတ်လာ၏။ သို့မှသာ လူသားတို့ပိုမို ကျန်းမာလာကြ၏။ ကာယပညာကို အကြောင်းပြချက်

ထား၍ ကျန်အသိဉာဏ်ကို မလေ့ကျင့်ပေးခဲ့ပါလျှင် လူသားများတို့ ၄င်းတို့ ခန္ဓာကိုယ်များကို မရွေ့လျားချင်၊ မရွေ့လျားလိုပေ။ ဤသို့ဖြစ်သည်မှာ ခန္ဓာကိုယ် ရွေ့လျားမှုဆိုင်ရာ အသိဉာဏ် မဖွံ့ဖြိုး၍ (သို့) ဖွံ့ဖြိုးအောင်လေ့ကျင့်ပေးခြင်း မကြုံခဲ့ရ၍ဖြစ်သည်ဟု ခေတ်သစ်ပညာရေးစနစ်က ယူဆသည်။ ထိုသို့ ဖြစ်လာလျှင် ၄င်းတို့၏ ကျန်းမာရေးသည် ထိုအသိဉာဏ် တိုးပွားအောင် ကျောင်းများတွင် လေ့ကျင့်ပေးထားသောသူများ၏ ကျန်းမာရေးလောက် ကောင်းမွန်ရန် အခြေအနေနည်းပါးပြီး လူတို့၏ အထွေထွေလှုပ်ရှားမှု နည်း၍ တစ်ကိုယ်ရည်ကျန်းမာရေးချို့တဲ့မှုသည် ၄င်းတို့နေထိုင်ရာ လူ့ပတ်ဝန်းကျင်၏ ကျန်းမာရေးတာဝန်ယူရသည့် အဖွဲ့အစည်းအတွက် နောင်တွင် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုဖြစ်လာသည်။ သို့ဖြစ်၍ ခေတ်သစ်ပညာရေးစနစ် အသုံးပြုသောဒေသများတွင် ကာယပညာကို အကြောင်းပြု၍ ခန္ဓာကိုယ် ရွေ့လျားမှု ဆိုင်ရာ အသိဉာဏ်ဖွံ့ဖြိုးအောင် လေ့ကျင့်ပေးခြင်းဖြင့် ၄င်းတို့နေထိုင် ရာဒေသ၏ အနာဂတ်ကျန်းမာရေးဆိုးကျိုးများကို လျော့ကျသွားအောင် ကြိုတင်ဆောင်ရွက် ကြသည်ကိုတွေ့ရသည်။

ခန္ဓာကိုယ်ရွေ့လျားမှုဆိုင်ရာ အသိဉာဏ်မြင့်မားသူများသည်

- ခန္ဓာကိုယ်လှုပ်ရှားမှု လုပ်လိုကြသည်။
- အားကစားတွင် ထူးချွန်ကြသည်။
- နေ့စဉ်လုပ်ငန်းအတွက် အမြဲအစဉ် လန်းဆန်းတက်ကြွနေကြသည်။
- နေရာဒေသ အသစ်၊ အဟောင်း မည်သည့်နေရာမဆို သွားလို လာလို ကြသည်။
- တစ်ကိုယ်ကောင်းစိတ် နည်းပါးလာကြသည်။
- စုပေါင်းဆောင်ရွက်မှုကို နှစ်ခြိုက်ကြသည်။
- သူတို့၏ မျှဝေခံစားစံစား လိုစိတ်သည် တစ်ဦးတည်း ခံစားစံစား လိုစိတ်ထက် ပိုလာသည်။

ထိုမှ ကာယပညာသည် ခေတ်သစ်ပညာရေးစနစ်သုံး ကျောင်းတိုင်း ကျောင်းတိုင်း၌ ခန္ဓာကိုယ် လှုပ်ရှားမှုဆိုင်ရာ အသိဉာဏ်ဖွံ့ဖြိုးစေရန် အကြောင်း ပြုချက်တစ်ခုအဖြစ် သင်ရိုးများတွင် ပါဝင်လာခဲ့ပါသည်။

ခန္ဓာကိုယ်ရွှေ့လျားမှုဆိုင်ရာ အသိဉာဏ် လုံလောက်မြင့်မားလာမည်။ ထိုလူတန်းစားများမှာ စစ်သည်၊ သိပ္ပံပညာရှင်၊ ပြည်သူ့ဝန်ထမ်း၊ အားကစား သမားများ၊ သုတေသနပညာရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ သာသနာပြု ပုဂ္ဂိုလ်များ၊ အနုပညာရှင်များ ဖြစ်လာကြသည်။

## ၅။ <u>သံစဉ်မှန် အနုပညာအသိဉာဏ်</u> (Musical Rhythmic Intelligence)

သံစဉ်မှန်အနုပညာအသိဉာဏ်ကြောင့် လူတို့ စိတ်ခံစားမှုနူးညံ့သိမ်မွေ့ လာ၏။ သနားကြင်နာမှု၊ ကိုယ်ချင်းစာနာမှု အားကောင်းလာ၏။ အလုပ်အကိုင်တို့ လုပ်ကိုင်ရာတွင် စနစ်တကျ စည်းချက်ဝါးကိုက် လုပ်ကိုင် တတ်လာ၏။ သံစဉ်မှန် အနုပညာအသိဉာဏ်မြင့်မားအောင် လေ့ကျင့်ပေးထားခြင်း ကြုံခဲ့ရသော သူများ သည် အလုပ်တစ်ခုတွင် စူးစူးစိုက်စိုက် လုပ်ကိုင်တတ်ကြ၏။ ထိုအသိဉာဏ်ရှိသူ တို့သည် တည်ငြိမ်သောအခြေအနေ၊ တည်ငြိမ်သောဘဝလူနေမှု ပုံစံကြိုက်နှစ်သက် လာကြ၏။ (အာဖဂန်နစ္စတန်နိုင်ငံတွင် ဘာသာရေး အစွန်းရောက်များက ၎င်းတို့ ၏ ဥပဒေအရ ယခင်ကတည်းက တေးသီချင်း နားထောင်ခြင်းကို တားမြစ်ခဲ့ဖူး၍ ထိုခေတ်က အာဖဂန်တို့မယဉ်ကျေးခဲ့ကြ။ ယနေ့ခေတ် အာဖဂန်တို့အား ဂီတ နားထောင်တီးခတ် ထုတ်လုပ်ခွင့်ပါပေးထားသည်မှာ သံစဉ်မှန် အသိဉာဏ်ဖွံ့ဖြိုးလာ စေရန် ရည်ရွယ် ခြင်းဖြစ်သည်။ သို့မှသာ တည်ငြိမ် အေးချမ်းသောဘဝတွင် နေထိုင်လိုလာကြလိမ့်မည်ဟု ခေတ်သစ်ပညာရေးစနစ်က ယူဆသည်။

လူတို့တွင် သံစဉ်မှန်အနုပညာရှိရန်လိုအပ်၍ ခေတ်သစ်ပညာရေး စနစ်တွင် အနုပညာကို အကြောင်းပြုချက်အဖြစ် သင်ရိုးတွင်ထည့်သွင်းပြီး ကလေးငယ်များအား လေ့ကျင့်ပေးလျက်ရှိပါသည်။ သံစဉ်မှန် အနုပညာအသိဉာဏ် လုံလောက်အောင်မြင့်မားလာလျှင် ဂီတပညာရှင်၊ အနုပညာရှင်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ ဆရာဝန်၊ စစ်သည်၊ ဗိသုကာ၊ သိပ္ပံပညာရှင်၊ နိုင်ငံ့ဝန်ထမ်းမျိုးစုံ၊ ပုဂ္ဂလိက ဝန်ထမ်းမျိုးစုံ၊ တောင်သူလယ်သမားများ၊ အလုပ်သမား များတို့ဖြစ်လာကြသည်။

## ၆။ သဘာဝတရား အသိဉာဏ် (Naturalist Intelligence)

သဘာဝတရားအသိဉာဏ်မြင့်မားလာစေရန် လေ့ကျင့်ပေးထားခဲ့လျှင် ထိုသူတို့သည် သဘာဝ တရားကို ချစ်ခင်မြတ်နိုးတတ်ကြသည်။ သဘာဝတရားကို ထိန်းသိမ်းစောင့်ရှောက်တတ်ကြသည်။ သဘာဝတရားကို တန်ဖိုးထား တတ်ကြသည်။ သဘာဝတရား၏ အလှကိုလည်း ခံစားတတ်ကြသည်။ သဘာဝ တရား၏အင်အားကိုလည်း နားလည်သဘောပေါက်ကြသည်။ သဘာဝတရား၏ အဖျက်သဘောကိုလည်း နားလည်သလို သဘာဝတရား၏ အပြုသဘောကို လည်းနားလည်ကြ၏။ ဤအသိဉာဏ် ရင့်သန်လာသော ထိုသူတို့သည် သဘာဝ ပတ်ဝန်းကျင်နှင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်အားလုံးကိုပါ ထိန်းသိမ်း စောင့်ရှောက်တတ်လာသည်။ သဘာဝတရား အသိဉာဏ်မြင့်မှ သဘာဝတရားကို ချစ်မြတ်နိုးမည်။ ထိုသို့ချစ်မြတ်နိုးသောသူတို့သည် သဘာဝတရားကို အလှ ပျက်အောင် မကြံဆောင်တော့။ ကလေးငယ်တို့ အမှိုက်များမပစ်ကြရန် သွန်သင် လေ့ကျင့်ရာတွင် ဦးစွာ သဘာဝတရားကို ချစ်ခင်လာစေရန် (ဝါ) သဘာဝ တရားအသိဉာဏ် ရင့်သန်လာစေရန် ဦးစွာလေ့ကျင့်ပြီးမှ သင်ကြားလျှင် လွန်စွာ လွယ်ကူသည်ကို တွေ့ရသည်။ သဘာဝသတ္တလောကကြီးကို သိရှိနားလည် ချစ်ခင်မြတ်နိုးပါမှ အမိရေမြေကိုလည်း ချစ်ရကောင်းမှန်း သိလွယ်ကြ၏။ သို့ဖြစ်၍ မျိုးချစ်စိတ် နိုင်ငံချစ်စိတ် ရှိရေးအတွက် လွန်စွာအရေးပါသော အသိဉာဏ်ဖြစ်ပါ သည်။ ၎င်းသဘောတရား အသိဉာဏ်ရင့်သန်စေရန် သိပ္ပံနှင့် ပထဝီဘာသာရပ် များကို အကြောင်းပြု၍ ဆရာဆရာမများက လေ့ကျင့်ပေးကြ ပါသည်။ သို့ဖြစ်၍ သိပ္ပံပညာသည် အခြေခံပညာသင်ကျောင်းများနှင့် တက္ကသိုလ်တို့တွင် အကြောင်း ပြုချက် (Subject) အဖြစ် သင်ရိုးများတွင် ပါဝင်လာရပါသည်။

သဘာဝတရားအသိဉာဏ် လုံလောက်အောင် မြင့်မားလာကြသော် စစ်သည်များ၊ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ဆရာဝန်များ၊ ဗိသုကာများ၊ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာကြသည်။

## ၇။ လူမှုဆက်ဆံရေး အသိဉာဏ် (Interpersonal Intelligence)

လူမှုဆက်ဆံရေး အသိဉာဏ်မြင့်သောသူများသည် လူမှုပတ်ဝန်းကျင်တွင် ဝင်ဆန့်ပြီး အခြားသူ တို့၏ အရည်အသွေး၊ လုပ်နိုင်စွမ်းရည်နှင့် အားတို့ကို နားလည်သည်။ စုပေါင်းလုပ်အား၏ တန်ဖိုးကို လက်ခံအသိအမှတ်ပြုတတ်သည်။ မိတ်ဆွေတို့၏တန်ဖိုးကို နားလည်သည်။ မိတ်ဆွေတို့၏ အင်အားနှင့် စွမ်းဆောင်နိုင်မှုအတိုင်းအတာတို့ကို သဘောသိသည်။ မိမိမှ မိတ်ဆွေတို့ အပေါ်၌ရှိသော တာဝန်ဝတ္တရားကျင့်ဝတ်နှင့် မိမိမှ လူထုပတ်ဝန်းကျင်များအပေါ် ပြန်ကြည့်ပေးရမည့် ဝတ္တရားတာဝန်များကို နားလည်သဘောပေါက်လက်ခံ ကျင့်သုံးသည်။

လူမှုဆက်ဆံရေးအသိဉာဏ်ရှိသူများသည် မိမိမှ မိမိနိုင်ငံနှင့်လူမျိုး အပေါ်ရှိသည့်တာဝန်နှင့် ဝတ္တရားတို့ကို လက်ခံနားလည်ကျင့်သုံးတတ်သည်။ သို့ဖြစ်၍ တာဝန်သိတတ်သော သားကောင်းတစ်ယောက်ဖြစ်လာနိုင်ရန် ဤလူမှုဆက်ဆံရေးအသိဉာဏ်ရင့်သန်အောင် လေ့ကျင့်ပေးရန် အရေးပါပါသည်။ ဤအသိဉာဏ်မြင့်မားအောင် လေ့ကျင့်ရန်အတွက် အကြောင်းပြုချက်တစ်ခု အနေဖြင့် ကာယပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာတို့ကို ပြဋ္ဌာန်းအသုံးပြုပါသည်။ လူမှုဆက်ဆံရေးအသိဉာဏ် လုံလောက်အောင် မြင့်မားလာလျှင် ထိုသူတို့သည် အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ စစ်သည်များ၊ သိပ္ပံပညာရှင်များ၊ ရှေ့နေကြီးများ၊ အနုပညာရှင်များ၊ ဂီတပညာရှင်များ ဖြစ်လာတတ်ကြပါသည်။

## ၈။ မိမိကိုယ် မိမိသိသော အသိဉာဏ် (Intrapersonal Intelligence)

ဤအသိဉာဏ်သည် မိမိတို့၏ခန္ဓာကိုယ် ၊ မိမိ၏ ဂုဏ်သိက္ခာ၊ အိန္ဒြေ၊ အဆင့်အတန်း စသည်တို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်သည့် အသိဉာဏ်ဖြစ်ပါသည်။ ဤအသိဉာဏ်မြင့်မားအောင် လေ့ကျင့်ထားပေးခြင်း မရှိပါက ထိုသူတို့သည် မိမိကိုယ်ကို တန်ဖိုးမထားတတ်ပါ။ ကိုယ်ကိုယ်တိုင်ပင် ကိုယ့်ကိုယ်ကိုပျက်စီးအောင် သိလျက်နှင့် လုပ်တတ်သည်။ ဥပမာ - ဆေးလိပ် အလွန်အကျွံသောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ သို့ဖြစ်၍ ကလေးငယ်များ ငယ်စဉ်အရွယ်ကတည်းကပင် မိမိကိုယ်ကိုမိမိသိသော အသိဉာဏ်ကို လေ့ကျင့်

ပေးနိုင်ရန်အတွက် ကာယပညာ၊ သိပ္ပံပညာနှင့် သင်္ချာပညာအပါအဝင် အချို့ ပညာရပ်တို့ပါ ပေါင်းစပ်၍ သင်ကြားမှုတွင် ထည့်သွင်း လေ့ကျင့်ပေးရန် လိုပါသည်။ ပြိုင်ပွဲများ ကျင်းပပေးခြင်းသည်လည်း ဤအသိဉာဏ် တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။ မိမိကိုယ်ကို မိမိသိသော အသိဉာဏ်ရှိသည့်သူများသည် မိမိက မိမိကိုယ်ပေါ်တွင်တင်ရှိသည့် တာဝန်နှင့်ဝတ္တရားကို သိရှိနားလည် လက်ခံ စောင့်ထိန်း ကျင့်သုံးစောင့်ရှောက်သည်။ မိမိက မိမိ၏ မိသားစုပေါ်တွင် ရှိသည့် တာဝန်ဝတ္တရားတို့ကိုလည်းသိတတ်သည်။ မိမိက မိမိမြို့ရွာပေါ်တွင်ရှိသည့် တာဝန်ဝတ္တရားကိုလည်း နားလည်လက်ခံကျင့်သုံးသည်။ မိမိက မိမိနိုင်ငံအပေါ် တွင်ရှိသည့် တာဝန်ဝတ္တရားကိုလည်း ကောင်းစွာနားလည်တတ်သည်ဖြစ်၍ နိုင်ငံသားကောင်းတစ်ဦးဖြစ်လာရေးတွင် လွန်စွာအရေးပါသော အသိဉာဏ် ဖြစ်ပါသည်။ ဤအသိဉာဏ်မြင့်မားသူတို့သည် အိမ်ထောင် ဦးစီးကောင်းများ၊ မိမိတို့ ကျင်လည်ရာ နေရာဒေသတွင် ခေါင်းဆောင်ကောင်းများ၊ မိမိတို့လုပ်ငန်း များတွင် ဦးဆောင်ဦးရွက် ပြုသည့်သူများဖြစ်လာကြသည်။

ယခုတင်ပြပြီးဖြစ်သည့်အတိုင်း ကျောင်းသင်ဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ ပထဝီသမိုင်း၊ သင်္ချာ၊ ကာယပညာနှင့် အနုပညာ အစရှိသည်တို့အား အကြောင်းပြု၍ လေ့ကျင့်ပေးစရာအသိဉာဏ်များ များစွာ ရှိပါသည်။ အကယ်၍ ရည်ရွယ်ချက်လွဲချော်ပြီး အမှန်တကယ် အာရုံစူးစိုက်၍ သေချာစွာ ဆောင်ရွက်အကောင်အထည်ဖော်လေ့ကျင့်ရမည့်အတိုင်း လေ့ကျင့် မပေးမိဘဲ အကြောင်းပြုချက်များသာဖြစ်သည့် ဘာသာရပ်များအပေါ်တွင် စူးစိုက် အားပေးမှုများခဲ့သော် ရည်ရွယ်ချက်အမှန်ဖြစ်သည့် လေ့ကျင့်မှုပျက်ပြားသွား မည်ဖြစ်ပြီး အသိဉာဏ်မြင့်မားသောသူများ အသိဉာဏ်ပြည့်စုံသောသူများ ဖြစ်လာတော့မည်မဟုတ်ဘဲ လေ့ကျင့်မှုဖြစ်စဉ်တွင် ပါဝင်သော အကြောင်း ပြုချက် များကိုသာ အာဂုံဆောင်အလွတ်ကျက်မှတ်ထားသောသူများသာ မွေးထုတ်မိ နေမည်ဖြစ်သည်။

ဖော်ပြခဲ့ပြီးသော အသိဉာဏ်များဖြင့် ပြည့်စုံသောသူများသည် အလုပ် နှစ်မျိုး လုပ်ကိုင်နိုင်လာသည်။ အသိဉာဏ်များပြည့်စုံလာလျှင်

(၁) မိမိစိတ်ကိုမိမိထိန်းသိမ်းလာနိုင်၏။


(၂) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်၏။

သို့ဖြစ်၍ ခေတ်သစ်ပညာရေးစနစ်ဖြင့် မှန်ကန်စွာ လေ့ကျင့်ပေးနေသော နေရာဒေသများတွင် လူသားကောင်းကျိုးပြုလုပ်ငန်းများ လုပ်လိုသူများ များပြားလာပြီး မိမိတို့ စိတ်ကိုမိမိတို့ ထိန်းသိမ်းလာနိုင် ကြ၍ ဗြဟ္မဝိဟာရတရားဖြစ်တည်လာ၍ လောကပါလတရား ထွန်းကားလာ၏။ လူသုံးကုန်ပစ္စည်းများလည်း အလျှံပယ် ထုတ်လုပ်လာနိုင်ကြ၏။

ပညာရေးစနစ်တစ်ခုလုံး၏ ရည်ရွယ်ချက်မှာလည်း ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ပြည့်ဝသည့် နိုင်ငံသားကောင်းများမွေးထုတ်ပေးရေးနှင့် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုမြင့်မားလာရေးတို့ကို တိုးတက်လာစေရန်ရည်ရွယ်ထားခြင်း ဖြစ်သည့် အတွက်၊ ဆရာများအနေဖြင့် မိမိတို့ပခုံးပေါ်တွင်ရှိသော သင်ကြားလေ့ကျင့်ရေးတာဝန်ကို အဓိကရည်မှန်းချက်များ အပျက်မခံဘဲ စိတ်လိုလက်ရ ကြိုးပမ်းဆောင်ရွက်နိုင်ပါလျှင် အချိန်တိုကာလအတွင်း ခေတ်မီ၍ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးဆီသို့ ရောက်ရမည်မှာ မုချမလွဲဟု ယူဆသုံးသပ်ပါသည်။

# ကျောင်းသား၊ ဆရာ၊ မိဘနှင့် အုပ်ချုပ်သူ

## မိဘ၊ ဆရာ၊ အစိုးရပူးပေါင်း ကလေးပညာကောင်း




ကျောင်းပညာရေးသည် အစိုးရ၊ ဆရာ၊ မိဘ ကျောင်းသားတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုရလဒ်ကို ရလိမ့်မည်။ ရှေ့ယခင်ကကဲသို့ တြိဂံစနစ်ဖြစ်သော မိဘဆရာပူးပေါင်း ကလေးပညာကောင်းဟူ၍ မလုံလောက်တော့ဘဲ ယနေ့ခေတ်လိုအပ်ချက်များ၏ တောင်းဆိုမှုကြောင့် လေးဦးလေးဖလှယ် ပူးပေါင်းဆောင်ရွက်ကြရမည့်ပုံစံကို လေးကွင်းဆက်လုပ်ငန်းပြပုံဖြင့် ရှင်းလင်းမည်။ ဆိုလိုရင်းမှာ ခေတ်သစ်ပညာရေးလေ့ကျင့်စဉ်ကို အကောင်အထည်ဖော်ကြရာ၌ ဆရာများလုပ်ကိုင်ကြရမည့် ကဏ္ဍများရှိသလို မိဘများချည်းဆောင်ရွက်ရမည့် လုပ်ငန်းများလည်းရှိသည်။ ထို့အတူ အစိုးရနှင့်ကျောင်းသားတို့ အသီးသီး ကိုယ်စီကိုယ်ငှ ကိုယ့်ဘာသာကိုယ် လုပ်ကိုင်တွေးဆကြမည့်ကဏ္ဍများရှိသည်။ ထိုမျှမကသေး။ မိဘနှင့်ဆရာ ပူးပေါင်းဆောင်ရွက်ရန် နေရာကဏ္ဍများရှိသလို ဆရာနှင့်ကျောင်းသားများပူပေါင်းဆောင်ရွက်ရန်များလည်းရှိသည်။ ကျောင်းသားနှင့် အစိုးရ

ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းကဏ္ဍများရှိသလို မိဘနှင့်အစိုးရတို့သာ ပူးပေါင်းဆောင်ရွက်ရန်ကဏ္ဍများလည်း အရေးကြီးသည်။ ထို့အပြင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦး ပူးပေါင်းဆောင်ရွက်ကြရန်လုပ်ငန်းများ၊ မိဘဆရာ အစိုးရ လုပ်ကိုင်ကြရန်များ၊ ဆရာ အစိုးရနှင့်ကျောင်းသားတို့ ပူးတွဲဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မိဘ ဆရာနှင့် ကျောင်းသားတို့ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများသည်လည်း အရေးကြီးသည်။ နောက်ဆုံးတစ်ခုမှာ အစိုးရ၊ ဆရာ၊ မိဘ ကျောင်းသားပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်းပင်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းအမျိုးပေါင်း (၁၅) မျိုးရှိသည်ကို တွေ့ရမည်။ ပြန်လည်ရှင်းလင်းရသော် -

(၁) ဆရာများလုပ်ဆောင်ရန်လုပ်ငန်း။
(၂) မိဘများ လုပ်ဆောင်ရန်လုပ်ငန်း။
(၃) ကျောင်းသားများလုပ်ဆောင်ရန်လုပ်ငန်း။
(၄) အစိုးရက လုပ်ဆောင်ရန်လုပ်ငန်း။
(၅) ကျောင်းသားနှင့်ဆရာ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၆) ကျောင်းသားနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၇) မိဘနှင့်ဆရာ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၈) အစိုးရနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၉) အစိုးရနှင့် ဆရာပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၁၀) အစိုးရနှင့်ကျောင်းသားများ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၁၁) မိဘ၊ဆရာနှင့်ကျောင်းသား ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၁၂) ဆရာ၊ကျောင်းသားနှင့်အစိုးရ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၁၃) ကျောင်းသား၊ အစိုးရနှင့်မိဘပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၁၄) အစိုးရ၊ဆရာနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။
(၁၅) အစိုးရ၊ ဆရာ၊မိဘ၊ ကျောင်းသား ပူးပေါင်းလုပ်ဆောင်ရန်လုပ်ငန်း။

## (၁) ဆရာများ လုပ်ဆောင်ရန်လုပ်ငန်း။

ဆရာများ၏လုပ်ငန်းတွင် ဆရာအတတ်ပညာများ လေ့လာဆည်းပူးရန်လုပ်ငန်းသည် ဆရာတို့ ထာဝရလုပ်သွားကြရမည့်လုပ်ငန်းဖြစ်သည်။ သိသင့်သိထိုက်သော ခေတ်နှင့်လျော်ညီသည့် တိုးတက်လာသည့်သင်ကြားနည်းစနစ်များ၊ သင်ကြား

မှုအထောက်အကူပြုပစ္စည်းများ၊ သင်ရိုးသုံးစာအုပ်များ၊ သင်ကြားရေးစီမံချက်ပါ နေရာဒေသများနှင့် သတင်းအချက်အလက်များရှိရာ အဆောက်အဦးနေရာများ ရှာဖွေလေ့လာရေး၊ သင်ကြားမှုဘာသာစကားများ ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ သင်ကြားမှုသုံး အကြောင်းပြချက်များ ပိုင်နိုင်ကျွမ်းကျင်ရေး၊ စစ်ဆေး ရေးစနစ်များ လေ့လာတတ်ကျွမ်းရေးနှင့် ကျောင်းသားတို့၏ တိုးတက်မှု အားသာချက်အားနည်း ချက်များကို မှတ်တမ်းမှတ်ရာပြုထားခြင်း စသည်တို့ကို ဆောင်ရွက်ရန်ရှိပါသည်။ အသေးစိတ်လုပ်ငန်းများအဖြစ် ဆွဲချသော် မြောက်မြားစွာ ရေးရန်လိုသည်။

## (၂) မိဘများလုပ်ဆောင်ရန်လုပ်ငန်း။

မိဘများလုပ်ဆောင်ရန်လုပ်ငန်းများသည် ကျောင်းသားများအတွက် အရံငွေသုံးစွဲခြင်းအတွက် ထောက်ပံ့ရန်ဖြစ်သည့်အပြင် ကျောင်းသား၏ အားသာ ချက်၊ အားနည်းချက်များကို ဆရာတို့ထံမှ ရရှိလာမည်ဖြစ်သော သတင်းပေးပို့ ချက်များမှ တစ်ဆင့်သုံးသပ်၍ ပိုမိုကောင်းမွန်သော အခြေအနေကောင်းများ ထောက်ပံ့ပေးရန်သာဖြစ်ပြီး မိဘကိုယ်တိုင် လက်ရောက်ကူညီခြင်း (သို့) ကျူရှင် ပို့ခြင်းမျိုး မဟုတ်ပါ။ သားသမီးတို့ ၄င်းတို့ကိုယ်တိုင် လေ့ကျင့်မှုများ ပြုလုပ်နိုင် ကြစေရန် မူလရည်ရွယ်ချက်ဖြစ်သော ကျန်းမာချမ်းသာအောင်နေတတ်သော သူများ ဖြစ်လာရေးဟူသည်ကို မမေ့လျော့ဘဲ သားသမီးတို့ဘာပဲလုပ်လုပ် ဤ အချက်တို့နှင့် ဆက်စပ်မှုရှိနေရမည်ကို အမြဲသတိထား စောင့်ကြည့်ပြီး မိမိကိုယ် တိုင်ကလည်း မူလရည်ရွယ်ချက်ကို ထိခိုက်စေမည့်ကူညီမှုမျိုး မည်သည့်နည်း နှင့်မျှမလုပ်မိအောင် သတိထားရန် ပို၍အရေးကြီးသည်။ သားသမီးကို ချစ်သည့် ဇောနှင့် လုပ်မှားကိုင်မှားများသည် ကြီးမားသောပြဿနာများဆီသို့ ဦးတည်၍ သွားတော့မည်ကို သံမှိုစွဲသကဲ့သို့ သတိချပ်ထား သတိကပ်ထားရန်ဖြစ်သည်။

## (၃) ကျောင်းသားများလုပ်ဆောင်ရမည့် လုပ်ငန်း။

ဆရာမှ ပေးအပ်သော လုပ်ငန်းလေ့ကျင့်စဉ်ကို မိမိကိုယ်တိုင်ဆောင်ရွက် ရေးအပြင် မိမိလုပ်နေသောအလုပ်၊ လေ့ကျင့်စဉ်ကို ဘာကြောင့်လုပ်နေသည်၊ ဘာကိုလိုချင်၍ လုပ်နေသည်ကို သိရန်လို၍ အရေးကြီးသည်။ ကျောင်းသားကိုယ် ၌က မိမိဘယ်အရာကို ဦးတည်၍ လေ့ကျင့်ရမည်ကို လုံးဝဥဿုံ နားလည်

သဘောပေါက်ရမည်ဖြစ်သည်။ အရွယ်အလိုက် ပို၍ ပို၍သိလာအောင် နားလည်လာအောင် ကြိုးပမ်းရန်လည်းလိုသည်။ အခက်အခဲကြုံတိုင်းကြုံတိုင်း မိမိတို့ ဘာသာဖြေရှင်းနိုင်ကြရန် ကြိုးပမ်းရန်ဖြစ်သည်။ သူတစ်ပါးကို အားကိုး၍ အလွယ်လမ်းဖြင့် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ကျန်းမာချမ်းသာအောင် နေတတ်သောပုဂ္ဂိုလ်များ လွယ်လွယ်နှင့်ဖြစ်မလာမှန်း ကောင်းစွာနားလည်ရန်လိုသည်။ ကျောင်းသားကိုယ်တိုင်ကလည်း မိမိမည်ရွေ့မည်မျှ ကိုယ့်အစွမ်းအစနှင့် အလုပ်လုပ်နိုင်နေပြီကို သိရှိနားလည်ရန်လိုသည့်အပြင် မိမိထပ်မံလေ့ကျင့်ရန်လိုအပ်သော မသိသေးသည့် အတွေ့အကြုံများကိုလည်း နားလည်ထားရန်လိုသည်။ မိမိ၏ စိတ်လက္ခဏာများကို ဤသို့လေ့ကျင့်ရုံမျှမက ရုပ်လက္ခဏာများဖြစ်သော ကျန်းမာခြင်းကို ထာဝရ တည်ဆောက်နေရန်လိုသည်။ ကိုယ်အလေးချိန်များမတက်လာရေး ၊အချိုရည်များ အလွန်အကျွံမသောက်သုံးရေး၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ရေး၊ အိပ်ရေးဝဝ ရှိနေရေး အပါအဝင် မိမိ၏ကျန်းမာရေးလက္ခဏာများကို အမြဲကောင်းမွန်နေစေရန် ကြိုးပမ်း တည်ဆောက်နေရန်လိုသည်။

## (၄) အစိုးရမှ လုပ်ဆောင်ရန်လုပ်ငန်း။

အစိုးရတစ်ဦးတည်း လုပ်ရမည့်လုပ်ငန်းသည် ဆရာတို့လိုအပ်သည်များ ထောက်ပံ့ရေးမျှသာမက အဓိကပဓါနလုပ်ငန်းများတွင် သင်ရိုးညွှန်းတမ်း ရေးဆွဲပြုပြင် နေရေးသည်လည်း ပါဝင်သည်။လုံလောက်သော ဘတ်ဂျက်ရှာဖွေရေးလည်း ပါသလို ဆရာများ၏ဘဝ မြှင့်တင်ရေး ပြည်ထောင်စုအဆင့် စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ရေး၊ အရည်အသွေးရှိသောဆရာများ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရေး၊ ခွင့်ပြုပြီး ဘက်ဂျက်ကို မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် ထိန်းကျောင်းရေး၊ စာသင်ကျောင်းများ လုံလောက်လာစေရေး၊ ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ၊ ဆရာများ၏ အရည်အသွေး ထာဝစဉ်မြှင့်တင်ပေးနိုင် ရေးစီမံချက်များ၊ ဆရာတို့၏ လူမှုရေးပြဿနာများ ဖြေရှင်းပေးနိုင်ရေး၊ ဆရာများ၏ အသုံးအဆောင်အားလုံး ပြည့်စုံအောင်စီမံပေးရေး၊ ပြည်သူတစ်ရပ်လုံး ပညာရေး ရည်ရွယ်ချက်ကို စဉ်ဆက်မပြတ် သိရှိရေးအတွက် အစီအမံများ ဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းများက တောင်းဆိုသော ပညာရေး အဆင့်အတန်းများ၊ သင်ကြားမှုလေ့လာမှု အဆင့်အတန်းများသတ်မှတ်ရေးနှင့်

အရည်အချင်းစစ်ဆေးပုံများ ထိန်းညှိဆောင်ရွက်ရေး၊ ပုဂ္ဂလိကကျောင်းများ အစိုးရနှင့် ဖက်စပ်ကျောင်းများ၊ ပြည်တွင်းပြည်ပ ဖက်စပ်ကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်းတွင် လိုအပ်သည့် ကျွမ်းကျင်လုပ်သားဦးရေ၊ ကျွမ်းကျင်ပညာရှင်ဦးရေများ ကဏ္ဍအလိုက် စူးစမ်းဖော်ထုတ်ပြီး ပြည့်မီအောင် လေ့ကျင့်ပေးရေး၊ ပြည်ထောင်စုတစ်ခုလုံး၏ ပညာရှင်လိုအပ်မှုအတွက် ရေတို ရေရှည်စီမံကိန်းများ ရေးဆွဲပေးရေး၊ ပညာရပ် အလိုက် စစ်တမ်းများ ကောက်ယူခြင်း လိုအပ်သည့် ဥပဒေများကို လွှတ်တော်မှတစ်ဆင့် အတည်ပြု ဥပဒေပြုပေးနိုင်ရေး အတွက် လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့် လုပ်ငန်းများဖြစ်သည်။

## (၅) ကျောင်းသားနှင့်ဆရာ ပူးပေါင်း လုပ်ဆောင်ရမည့်လုပ်ငန်း။

ကျောင်းသားနှင့်ဆရာ ပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်းသည် စာသင်ခန်းတွင်း လုပ်ငန်းစဉ်များဖြစ်သော်လည်း ကျောင်းသားလုပ်ရန်များကို ပံ့ပိုးကာ ကျောင်းသား၏ အလုပ်ပတ်ဝန်းကျင်ဖန်တီး၍ ကျောင်းသား၏ လုပ်ငန်းလေ့ကျင့်စဉ်အောင်မြင်စေရေး အထောက်အပံ့ပေးရန်ဖြစ်သည်။ ဆရာသည် အထောက်အပံ့ ပြုပုဂ္ဂိုလ်သာဖြစ်သည်ဖြစ်၍ ကျောင်းသားနှင့်ဆရာပူးပေါင်းဆောင်ရွက်ရာတွင် ဆရာတို့ပါဝင်ရမည့် နေရာကဏ္ဍများရှိလျှင် ဝင်ရောက်ဆောင်ရွက်ရန်ဖြစ်ပြီး ကျောင်းသား၏ လေ့ကျင့်မှုရလဒ်ကို စစ်ဆေးဖော်ထုတ်ရရှိလာလျှင် ဆရာနှင့် ကျောင်းသားတို့ ပြန်လည်သုံးသပ်ခြင်း(Review)ပြန်၍ လုပ်ကြရန်လိုသည်။ ရရှိပြီးသော စိတ်နှင့်ရုပ်လက္ခဏာများအား ပိုမိုရင့်သန်လာစေရန် ဆရာက အစီအမံ ပြုရှေ့ဆက်ရန်နှင့် ဆက်လက်လေ့ကျင့်တည်ဆောက်ရန်ရှိနေသေးသော စိတ်နှင့် ရုပ်လက္ခဏာများကို ဆက်လက်လေ့ကျင့်တည်ဆောက်နိုင်ရန် အထောက်အပံ့များ၊ လေ့လာမှုပတ်ဝန်းကျင်ကောင်းများ ထပ်မံဖန်တီးကာ ကျောင်းသားအား ပံ့ပိုးပေးခြင်းဖြင့် ကျောင်းသား၏ လေ့ကျင့်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။ ကျောင်းသားက ဆရာကို မသိလျှင်မေး၍ ရသည်မှာမဆန်း။ သို့သော် ဆရာမှ ကျောင်းသားလုပ်ရမည့်၊ လုပ်သင့်သည့်အလုပ်ကိုသာ ဆရာကိုယ်တိုင် ဝင်ရောက်ရှင်းပြ ကူညီဖြေရှင်းခြင်း မပြုရန်သာဖြစ်သည်။ ဆရာနှင့်ကျောင်းသား မပူးပေါင်းလျှင် လိုရင်းမရောက်နိုင်။ ဤသို့ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။

## (၆) ကျောင်းသားနှင့်မိဘ ပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်း။

ကျောင်းသားနှင့်မိဘ ပူးပေါင်းလုပ်ငန်းသည် စာသင်ခန်းပြင်ပ ပူးပေါင်းဆောင်ရွက်မှုဖြစ်၏။ အဓိကရည်ရွယ်ချက်မှာ မိဘကလည်းကျောင်းသား၏ အနာဂတ်တွင် ကျောင်းသားသည် ကျန်းမာချမ်းသာစွာ နေတတ်စေရန်ဖြစ်ရာ ကျောင်းသား၏ လေ့ကျင့်စဉ်တွင် သင်ပေးရမည့် အခက်အခဲများကို မိဘကလည်း ကြည့်နေသိနေမည်ဖြစ်ပြီး မိဘမှ ပံ့ပိုးနိုင်သည်များ ပံ့ပိုးနိုင်စေရန်အတွက် ကျောင်းသား (သားသမီး)နှင့် အမြဲထိတွေ့နားထောင်နေရန်လိုအပ်သည်။ အိမ်စာပြုလုပ်ရာတွင်လည်း မိမိသားသမီး (ကျောင်းသား)၏ အလုပ်လုပ်ပုံကို လေ့လာခွင့်ရ (အခွင့်အရေး) သည့်နေရာမှာ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ မိဘတို့က မိမိ၏သားသမီး ယနေ့ဘာလုပ်မည်ကို သိနေရန်လိုသည်။ မိမိသားသမီး၏ အလုပ်လုပ်ပုံနှင့် ပတ်သက်၍ လေ့လာရာတွင် အားရကျေနပ်မှုမရသေးသည့် စိတ်လက္ခဏာ၊ ရုပ်လက္ခဏာများကို မှတ်တမ်းပြု၍ လေ့လာထားရန် အခွင့်အရေးသည် ကျောင်းသားနှင့် ပူးပေါင်းဆောင်ရွက်မှု ရမည်။ မိဘက အပေးမှစောင့်ကြပ်ရန်မဟုတ်ဘဲ ကျောင်းသားနှင့်ဆွေးနွေးကာ အားသာချက်၊ အားနည်းချက်များကို ဖလှယ်ကာ အခက်အခဲရှိလျှင် မိဘနှင့်ကျောင်းသားပူးပေါင်း၍ ထိုအခက်အခဲကို မည်သို့ကျော်ဖြတ်ရမည်ကို သူ့တာဝန် ကိုယ့်တာဝန်ပိုင်းခြားပြီး လေ့ကျင့်စဉ်ကို ပိုမိုပီပြင်ထိရောက်အောင် ထောက်ပံ့နိုင်သည်။

## (၇) မိဘနှင့်ဆရာ ပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်း။

မိဘနှင့်ဆရာပူးပေါင်းလုပ်ငန်းသည် ကျောင်းသား၏ဘဝအတွက် လေ့ကျင့်ပြင်ဆင်သည့် လေ့ကျင့်စဉ်တွင် ကျောင်းသားတည်ဆောက်ပြီးဖြစ်သော စိတ်နှင့် ရုပ်လက္ခဏာများကို ပိုမိုရင့်သန်အောင် ထပ်မံဖြည့်စွက်လေ့ကျင့်ရာတွင်လည်းကောင်း၊ မတည်ဆောက်ရသေး (သို့) တည်ဆောက်ဆဲစိတ်နှင့် ရုပ်လက္ခဏာများကို ဆက်လက်တည်ဆောက်ရာတွင်လည်းကောင်း ဆရာနှင့်တိုင်ပင်ရန်လိုသည်။ မိမိသားသမီး၏ ဖိစီးမှုခံနိုင်ရည်၊ လုပ်နိုင်သောပမာဏ၊ ထမ်းရွက်နိုင်သော ဝန်၊ စသည်တို့ကို ဆရာနှင့်မိဘ အမြဲတစေ အပြန်အလှန်နားစွင့်ပြီး ကျောင်းနှင့်အိမ် အိမ်နှင့်ကျောင်းကြား ခြားသည်ဟူ၍မရှိဘဲ တစ်သားတည်းဖြစ်နေစေရန် စဉ်ဆက်မပြတ် အဆက်အသွယ်ပြု အဆက်အသွယ်ရှိနေကြရန် (တစ်နည်း) ပူးပေါင်း

နေကြရန်လိုသည်။ မိဘက ကျောင်းသား၏ အိမ်နေပုံရိပ်ကို ဆရာသို့အသိပေးသင့်သည်ကို အသိပေးရန်လိုသည်။ ဆရာကလည်း ကျောင်းသား၏ ကျောင်းနေပုံရိပ်ကိုမိဘများ သိရှိနေစေရန် ဆက်သွယ်ကာ သတင်းဖလှယ်နေရန်လိုသည်။ လိုအပ်သလိုတွေ့ဆုံ၍ အိမ်နှင့်ကျောင်းနှစ်ဖက်စလုံး၌ မိမိတို့အသီးသီးက လိုအပ်သည်များကို ပံ့ပိုးပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ စစ်ဆေးမှုရလဒ်များကို မူတည်၍ ရှေ့လုပ်ငန်းစဉ်များကို ဆရာနှင့်မိဘ နှစ်ဦးစလုံး ကောင်းစွာ နားလည်နေကြရန်လိုသည်။ ဤသို့ဆရာနှင့်မိဘ ပူးပေါင်းဆောင်ရွက်မှု မရှိလျှင် ဆရာဘာလုပ်မည်ကို မိဘမသိနိုင်သလို မိဘဘာလိုချင်သနည်း (သို့) ဘယ်လိုမြင်သနည်းကို သိရန်ခက်ခဲရာမှ မိဘနှင့်ဆရာကြား နားလည်မှုကွဲပြားလွဲမှားလာနိုင်သည်။ ဤသို့နားလည်မှု လွဲမှားပြီဆိုလျှင် လွယ်လွယ်နှင့် ပြန်၍ နားလည်မှုရရန် မလွယ်ကူတော့။ ဤဖြစ်စဉ်မျိုးသည် ကျောင်းသားအား ကောင်းကောင်းထိခိုက်စေသည်ဖြစ်၍ လုံးဝ (လုံးဝ)မဖြစ်စေရန် ဆရာရော မိဘပါ အထူး (အထူး) သတိချပ်ဆင်ခြင်ကာ ကြိုတင်ဆက်သွယ်ပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် ကာကွယ်ထားလျှင်အောင်မြင်မည်။ ဆရာကလည်း ကျောင်းသား၏ရှေ့တွင် မိဘမကောင်းကြောင်း မည်သို့မျှပြောဆိုနေခြင်းမရှိအောင် အထူးသတိထားရမည်ဖြစ်သလို မိဘကလည်း ဆရာအပေါ် အပြစ်တင်ဝေဖန်ခြင်းကို ကျောင်းသား (သားသမီး) များရှေ့တွင် မဆိုမပြော မညည်းမိရန် အထူးအရေးကြီးသည်။ ဆရာမိဘ ပူးပေါင်းဆောင်ရွက်ခြင်းမှ နားလည်မှုရယူပြီး ကာကွယ်ထားနိုင်သည်။ ဆရာကို မရိုသေစရာပြောမိ၍ ကျောင်းသားက ဆရာကိုမရိုသေ မလေးစားတော့လျှင် ဤကျောင်းသားသည် တစ်ချိန်ချိန်တွင် (မိဘနှင့် သဘောထားချင်းမတိုက်ဆိုင်တော့သည့်အချိန်) မိဘတို့အား ဆရာကိုမလေးစားသကဲ့သို့ ထပ်တူပြုမူတုံ့ပြန်ရန် အဆင်သင့်ဖြစ်သွားပြီဆိုသည်ကို မိဘရောဆရာပါ ကောင်းကောင်းနားလည်ကြရမည်။ သို့ဖြစ်၍ အကယ်၍ မိဘက ထိုသို့သောဆရာနှင့် မည်သည့်နည်းနှင့်မျှ အဆင်မပြေလျှင် ကလေးအား ကျောင်းပြောင်းထားလျှင်ထား (သို့) ဆရာပြောင်းလျှင်ပြောင်း (ကျောင်းသားကလေးမသိစေဘဲ)။ သို့မှသာ ကျောင်းသားအတွက်၊ ကလေးအတွက် အကောင်းဆုံးဖြစ်မည်။ ဤသို့ ဆရာနှင့်မိဘ ပူးပေါင်းခြင်းမျိုးမဟုတ်ဘဲ ပြောင်းပြန်ဖြစ်ခဲ့ပါက ကျောင်းသားမသိခဲ့လျှင် အကောင်းဆုံးဖြစ်သည်။ ဤသို့တင်ပြရေးသားသကဲ့သို့သော ကိစ္စများကို မဆင်မခြင်သတိလက်လွတ်ဖြစ်ခဲ့ကြသော

မိဘများနှင့် ဆရာများကြောင့် သားသမီးကျောင်းသားလေးများ ထိခိုက်ကုန်သည်ကို ကျွန်ုပ်၏အတွေ့အကြုံများက သက်သေပြုထောက်ခံသည်ဖြစ်၍ မိဘနှင့်ဆရာများ စဉ်းစားကြပါကုန်။

## (၈) အစိုးရနှင့်မိဘ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း၊

အစိုးရနှင့်မိဘ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းတွင် အစိုးရသည် အစိုးရကိုယ်စားပြုကျောင်းအုပ်နှင့် မိဘ ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ကျောင်းအုပ်တို့ သည် မိဘတို့နှင့် ကင်းကွာ၍မရ။ ထာဝစဉ်အဆက်အသွယ်ရှိနေရမည်ဖြစ်သည်။ မိဘအသံကိုနားထောင်ရန်လိုသည်။ မိဘက ပြောသည့်အတိုင်း ကျောင်းအုပ်က လိုက်လုပ်ရမည်ဟုမဆိုလို။ ကျောင်းအုပ်သည် ပညာရေးလေ့ကျင့်စဉ်ကို ပို၍ကျွမ်းကျင်နားလည်သူဖြစ်၍ မိဘ၏အသံကို နားထောင်ရန်လိုသည်ဟု ဆိုလိုသည်။ မိဘတို့၏ယူဆပုံ အတွေးအမြင်ကို ပြည်ထောင်စုအစိုးရသို့ ဆက်လက် လက်ဆင့်ကမ်းအသိပေးနိုင်စေရန်ဖြစ်သည်။ မိဘတို့သည် ဤဆရာတို့၏ လက်တွေ့လုပ်ငန်းစဉ်များအပေါ် ထင်မြင်ချက်များရှိပါက ကျောင်းအုပ်များမှ တစ်ဆင့်အသိပေးနိုင်စေရန် လက်တွေ့အလုပ်လုပ်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်မြောက်လာစေရန် ပူးပေါင်းကြိုးပမ်းရန်ဖြစ်သည်။ ကျောင်းသားများ လက်တွေ့စာသင်ခန်းနှင့် အိမ်များတွင်နေ၍ လေ့ကျင့်နေကြပုံနှင့် ရည်ရွယ်ရသည့်လေ့ကျင့်စဉ်၌ ရလဒ်ကွာဟချက်များရှိပါက အမြန်ဆုံးညှိနှိုင်းပဲ့ပြင်ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကိုဆိုလိုသည်။ ကျောင်းအုပ်များမှလည်း ကျောင်း၏ လိုအပ်ချက် အားနည်းချက်များကို မိဘအား ပွင့်လင်းမြင်သာ ခင်မင်ရင်းနှီးစွာ ဆွေးနွေးနိုင်သော ကဏ္ဍဖြစ်သည့် မိသားစုကြီးသဖွယ် ဖြစ်လာစေနိုင်သည့် ပူးပေါင်းဆောင်ရွက်မှု ပုံစံဖြစ်သည်။

## (၉) အစိုးရနှင့်ဆရာ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

အစိုးရနှင့်ဆရာပူးပေါင်းခြင်းလုပ်ငန်းသည် ကျောင်းအုပ်နှင့် ဆရာတို့ထိတွေ့ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ကျောင်းအုပ်သည် အစိုးရကိုယ်စားပြုပုဂ္ဂိုလ်ဖြစ်သည်။ ဆရာတို့သည် အစိုးရခန့်ဆရာများဖြစ်နိုင်သလို ကျောင်း၏လိုအပ်ချက်အရ ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းထားသော ဆရာများလည်း ဖြစ်နိုင်

ပေရာ ဆရာအားလုံးသည် အစိုးရ၏ သင်ရိုးကို ဝိုင်းဝန်းအကောင်အထည် ဖော်ကြရ၏။ အစိုးရကိုယ်စားပြု ကိုယ်စားလှယ်ဖြစ်သော ကျောင်းအုပ်နှင့် အမြဲတစေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိဘတို့နားလည်၍ မျှော်လင့်ထားသော ကျန်းမာချမ်းသာစွာနေနိုင်ရေးလေ့ကျင့်စဉ်ကို သားသမီးတို့ လက်တွေ့လုပ်ကြရာတွင် မတိမ်းမစောင်း အောင်မြင်စွာ လေ့ကျင့်နိုင်ကြစေရေးအတွက် များစွာ အထောက်အပံ့ ပြုသည်။ ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှုဖြင့်ရေးဆွဲထားသော သင်ရိုးကို မိဘဆရာနှင့်ကျောင်းသားများက လက်တွေ့ကျင့်ကြံအားထုတ်ကြရာဝယ် မိဘဆရာနှင့် ကျောင်းသားများ၏ လိုအပ်ချက်ကို အစိုးရမှအမြဲထိတွေ့ပံ့ပိုးကာ အောင်မြင်စေရေးဖြစ်သည်။

## (၁၀) အစိုးရနှင့် ကျောင်းသားပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

အစိုးရနှင့်ကျောင်းသားပူးပေါင်းခြင်းလုပ်ငန်းဆိုသည်မှာ ကျောင်းအုပ်နှင့်ကျောင်းသားများ ပူးပေါင်းထိစပ်ဆောင်ရွက်ကြခြင်းဖြစ်သည်။ လက်တွေ့လေ့ကျင့်ကွင်းရှိ ကျောင်းသားများ၏ အတွေ့အကြုံများကို အစိုးရ၏ကိုယ်စားလှယ်ဖြစ်သော ကျောင်းအုပ်က နားထောင်တွေ့ကြုံ သိရှိရန်လိုအပ်သည်။ ကျောင်းသားနှင့်ဆရာတို့ ပူးပေါင်းဆောင်ရွက်ရုံနှင့်မလုံလောက်။ ကျောင်းသားနှင့်အစိုးရ (ကျောင်းအုပ်) တို့သည်လည်း ထိတွေ့ဆက်သွယ်နေကြရန်လိုသည်။ ထိုမှတစ်ဆင့် အပြန်အလှန်ထိန်းကျောင်းခြင်း၊ နားလည်ခြင်းတည်းဟူသော ပွင့်လင်းမြင်သာမှုဖြင့် ကျန်းမာချမ်းသာအောင်နေတတ်သော ပုဂ္ဂိုလ်များဖြစ်လာစေရေး လေ့ကျင့်မှုကို အထောက်အပံ့ပေးခြင်းဖြစ်သည်။ ဤသို့ပူးပေါင်းမှုမှ ပိုမိုထိရောက်သော ပွင့်လင်း မြင်သာမှုတို့ဖြစ်လာစေ၍ မိဘ၊ ဆရာ၊ ကျောင်းသား နှင့်အစိုးရတို့အကြား ကောင်းမွန်သော နားလည်မှုကို တည်ဆောက်နိုင်ရန်ဖြစ်သည်။

## (၁၁) မိဘ၊ ဆရာနှင့် ကျောင်းသားပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

မိဘ၊ ဆရာနှင့်ကျောင်းသား ပူးပေါင်းလုပ်ငန်းသည် အကဲဖြတ်စစ်ဆေးရလဒ်များကို အတူတကွ သုံးသပ်လေ့လာခြင်းအပြင် ရှေ့လုပ်ငန်းစဉ်များ ဆုံးဖြတ်ကြရာ၌ မိဘ၊ ဆရာ ကျောင်းသား အတူတကွဆုံးဖြတ်ကြရန်ဖြစ်သည်။ သုံးဦးသုံးဖလှယ် မိမိတို့အသီးသီး၏ အားနည်းချက်အားသာချက်များကို ဆွေးနွေးညှိနှိုင်းကြပြီး ရှေ့အနာဂတ်တွင် ဆက်လက်၍ ပိုမိုကောင်းမွန်သော ရလဒ်များ

ရရှိလာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ဆရာကလည်း မိဘနှင့် ကျောင်းသားကို လုပ်ငန်းရည်ရွယ်ချက်နှင့် ရလဒ်များသိအောင် ရှင်းလင်းရန်ဖြစ်ပြီး မိဘကလည်းကျောင်းသားအား အားပေးထောက်ပံ့ရန်ဖြစ်၏။ ကျောင်းသားကလည်း မိဘနှင့်ဆရာတို့ ပူးပေါင်းစီမံသည့်အခါ မိမိဘက်မှ လိုအပ်သော အကြောင်းအရာ မပြည့်စုံမှုပြည့်စုံမှုတို့ကို ပြန်၍ သတင်းပေးကာ မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦးပေါင်းလုပ်ငန်းတွင်ပွင့်လင်းမှုကို အရင်းခံ၍ အဓိကကျသော လေ့ကျင့်မှုပေါက်မြောက်အောင်မြင်မှုကို ရှေ့ရှုဦးစားပေးအာရုံစိုက်ကြရန် ဖြစ်သည်။

## (၁၂) ဆရာ၊ ကျောင်းသားနှင့် အစိုးရ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

ဆရာ၊ ကျောင်းသားနှင့် အစိုးရ ပူးပေါင်းလုပ်ငန်းသည် ကျောင်းအုပ်၊ ဆရာနှင့် ကျောင်းသား ပူးပေါင်းမှုဖြစ်သည်။ ဥပမာ - Assembly ခေါ် စုရုံးဆွေးနွေးပြောဆိုကြခြင်းမှ ပိုမိုရင်းနှီးသော နားလည်မှုတည်ဆောက်နိုင်ရန်နှင့် လေးဦးလေးဖလှယ်စုံ၏ ဘုံရည်ရွယ်ချက်ဖြစ်သော ကျန်းမာချမ်းသာအောင် နေတတ်သော ပုဂ္ဂိုလ်များဖြစ်လာရေးလုပ်ငန်း ပိုမိုအသေးစိတ် ချောမွေ့လာရန် ပူးပေါင်းကြသည့်နေရာမျိုးဖြစ်သည်။ ကျောင်းသားများသည် ပင်မရည်ရွယ်ရင်းကို ကောင်းစွာသိရှိရန်လိုအပ်ရာ ကျောင်း၏အရေးပါသော လုပ်ငန်းတာဝန်ဖြစ်သည့် တိုက်ရိုက်ဦးဆောင်မှုကို ဤပူးပေါင်းဆောင်ရွက်မှုမှ ရရှိသည်။

## (၁၃) ကျောင်းသား၊အစိုးရနှင့်မိဘ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

ကျောင်းသား၊ အစိုးရနှင့်မိဘ ပူးပေါင်းခြင်းသည် ကျောင်းအုပ်၊ မိဘနှင့်ကျောင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ ကျောင်းအုပ်သည် မိဘ၊ ကျောင်းသားတို့နှင့် အမြဲတစေ ဆက်သွယ်ရေးလမ်းကြောင်းသည် ရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ရန်အတွက်၊ အလွန်လိုအပ်သော ကဏ္ဍဖြစ်သည်။ ကျောင်းအုပ်သည် မိဘကျောင်းသားတို့၏အသံကို၊ ကောင်းစွာနားထောင်ရင်း ဆရာများကို ပြန်လည်သတင်းမျှသော၊ လေ့ကျင့်စဉ်လုပ်ငန်းများ၏ အားနည်းချက် အားသာချက်၊ ဆရာတို့၏အားနည်းချက် အားသာချက်များကို အမြဲပြန်လည်တည့်မတ်ပေးစေနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်သည်။

## (၁၄) အစိုးရ၊ ဆရာနှင့် မိဘ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

အစိုးရ၊ ဆရာနှင့် မိဘ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းသည် ရံဖန်ရံခါ ကျောင်းသားသိရန် မလိုဘဲ ကျောင်းအုပ်၊ ဆရာနှင့်မိဘတို့လွတ်လွတ်လပ်လပ် တွေ့ဆုံ၍ ရင်ထဲရှိသောခံစားချက်များကိုလွှတ်ကာ ပေးမျှနိုင်သော အနေအထား ဖြစ်သည်။ ကျောင်းသားတို့၏အနာဂတ်ရေးကို ဆွေးနွေးရာတွင် မိဘတို့မှ ကျောင်းသားမသိစေလိုသော တိုင်ပင်မှုများအတွက်လည်းကောင်း၊ ဆရာတို့က မိဘနှင့်ကျောင်းအုပ်တို့အား ကျောင်းသားမပါဘဲ ဆွေးနွေးလိုသော အခြင်းအရာ များအတွက်လည်းကောင်း၊ ကျောင်းအုပ်မှ ဆရာနှင့်မိဘတို့အား ကျောင်းသား မရှိချိန်တွင် ဆွေးနွေးရန်ကိစ္စများအတွက်လည်းကောင်း ရည်ရွယ်၍ ပူးပေါင်း ဆောင်ရွက်ကြခြင်းဖြစ်သည်။

## (၁၅) အစိုးရ၊ ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း။

အစိုးရ၊ ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းသည် လည်း အရေးအကြီးဆုံး ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်နေ၏။ လေးဦးလေးဖလှယ် ပူးပေါင်းဆောင်ရွက်ကြရာ၌၊ အထက်ဖော်ပြခဲ့သော ထိစပ်ပူးပေါင်းလုပ်ငန်းများ မှတစ်ဆင့် ရရှိလာသော ရင်းနှီးမှုပေါ်တွင် အခြေခံ၍ တူညီသောရည်ရွယ်ချက် တစ်ခု၊ ဦးတည်ချက်တစ်ခုအတွက် ညှိနှိုင်းဆွေးနွေးသော အသိတူညီစေရန်အတွက် ဆောင်ရွက်ရမည့် အရေးကြီးဆုံးကဏ္ဍဖြစ်သည်။ ဤသို့ ကဏ္ဍမျိုးစုံတွင် ပူးပေါင်း ဆောင်ရွက်လျှင်၊ နားလည်မှုတည်ဆောက်နိုင်ပါလျှင် အထိရောက်ဆုံး လေ့ကျင့်မှု များကို ရှာဖွေဖော်ထုတ်၍ ရရှိသော ကျောင်းသား၏နေ့စဉ်လေ့ကျင့်မှုတွင် အခက် အခဲများကို ကိုယ်တိုင်ကြုံတွေ့ရမည်ဖြစ်သော်လည်း ၄င်းအခက်အခဲများကို ပျော်ရွှင် စွာ အလေးအနက်ထားစဉ်းစားကာ ကျော်ဖြတ်နိုင်ရန်လိုအပ်သည့် စိတ်နှင့်ရုပ် လက္ခဏာများတည်ဆောက်ရာ လုပ်ငန်းစဉ်သည် ပိုမိုချောမွေ့လာမည်ဖြစ်၍ မဖြစ် မနေ ကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်သည်။

ဤကဏ္ဍ (၁၅) ရပ်အား ယခုအကျဉ်းချုံးတင်ပြခြင်းဖြစ်ပြီး အကျယ် ရေးသားရပါလျှင် ကဏ္ဍတစ်ရပ်တိုင်းအတွက် ကျမ်းတစ်စောင်ဖွဲ့၍ရသော ကဏ္ဍကြီး များဖြစ်ပါသည်။

# တရုတ်ပြည် ပညာရေး ပြုပြင်ပြောင်းလဲခြင်း

## တရုတ်ပြည် ပညာရေးပြုပြင်ပြောင်းလဲမှုအကျဉ်း

**မော်စီတုန်း၏ယူဆချက်မှာ** - ပညာတတ်တို့၏ ဉာဏ်များ ခလောက်ဆန်မှုကြောင့် မညီမျှမှုတို့ဖြစ်တည်လာရသည်။ သို့ဖြစ်၍ တိုင်းပြည်တွင် ညီမျှစွာတိုးတက်မှုဖြစ်လာစေရေးအတွက် ပညာတတ်တို့ရှိလျှင် မဖြစ်နိုင်ဟု ယူဆသည်ဖြစ်၍ ၁၉၆၆ ခုနှစ်တွင် စတင်၍ ယဉ်ကျေးမှု တော်လှန်ရေး၌ ချူအင်လိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော သမိုင်းအတွေ့အကြုံများရခဲ့ပြီး နောင်အနာဂတ် တရုတ်ပြည်အထွေထွေ ပြောင်းလဲရေးအတွက် ကောင်းစွာအုတ်မြစ်ချ၍ စီမံနိုင်ခဲ့ပါသည်။ ချူအင်လိုင်းသည် တရုတ်ပြည် အထွေထွေပြုပြင်ပြောင်းလဲရေးအတွက် စီမံရေးဆွဲခဲ့ရာတွင် ၎င်းတစ်ဦးကောင်း တစ်ယောက်ကောင်းမဟုတ်ဘဲ အကြံဉာဏ် ကောင်းပြီး လုပ်ရည်ကိုင်ရည် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် တိန့်ရှောင်ဖိန်၊ ကျောက်ကျိယန်၊ ကျန်စီမင်း၊ လီလန်ချင်၊ လီပင်း၊ ဝမ်းကြားပေါင် အစရှိသည့် လူငယ်ခေါင်းဆောင်များကို လေ့လာမှုပြု လက်တွဲခေါ်ယူကာ အနာဂတ်ပြုပြင် ပြောင်းလဲရေး အစီအမံတို့ကို အတူတကွ ဆွေးနွေးတိုင်ပင် ငြင်းခုံရေးဆွဲမှတ်တမ်းပြု ပြဋ္ဌာန်းခဲ့ပါသည်။ မော်စီတုန်း ကွယ်လွန်ပြီးသည့်နောက် ၁၉၇၈ ခုနှစ်တွင် ချူအင်လိုင်း မကွယ်လွန်မီ ခေါင်းဆောင် ဖွဲ့စည်းပေးခဲ့သည့် တိုင်းပြည်ဦးဆောင်အဖွဲ့သည် ပြုပြင်ပြောင်းလဲရေးများစွာအား ကဏ္ဍတိုင်းတွင် စတင်ဆောင်ရွက်ခဲ့ကြသည်။ ပညာရေးနှင့်ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ချူအင်လိုင်းနောက်ဆက်လက် ဆောင်ရွက်သူမှာ တိန့်ရှောင်ဖိန်ဖြစ်၏။ တိန့်ရှောင်ဖိန်သည် ချူအင်လိုင်း ခေါင်းဆောင်ခဲ့စဉ်က ရေးဆွဲဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးမှုများကို ပစ်ပယ်ခြင်းမရှိဘဲ ထပ်ဆောင်း၍သာပိုကောင်းလာအောင် ဆောက်ရွက်ခဲ့သည်။ တိန့်ရှောင်ဖိန်လက်ထက် ပြုပြင်ပြောင်းလဲရေးများသည် အခြေခံအုတ်မြစ်ကာလ ဖြစ်၍ ဖြစ်ထွန်းတိုးတက်မှုများ မပေါ်လွင်ခဲ့ပေ။ သို့ရာတွင် မဝေးတော့သည့်ကာလတစ်ခုတွင် အရှိန်အဟုန်ပြင်းစွာ တိုးတက်လာတော့မည့် အခြေခံအုတ်မြစ်များအား တိန့်ရှောင်ဖိန်လက်ထက်တွင် စတင်၍ဖြစ်တည်ခဲ့ပြီဖြစ်သည်။ တိန့်ရှောင်ဖိန်နောက် တရုတ်ခေါင်းဆောင်ဖြစ်သော ကျန်ဇီမင်းလက်ထက်တွင် အခြေခံ အဆောက်အဦးများ ပီပြင်လာခဲ့ပြီး အပေါ်ထပ်အဆောက်အဦးများစတင် တည်ဆောက်လာကြပြီဖြစ်၍ သိသာထင်ရှားသော ထင်သာမြင်သာသည့် တိုးတက်မှုများ ရှိလာ

သည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ကြသော ပြုပြင်ပြောင်းလဲရေးမှုများ ထဲတွင် ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးမှုများသည်လည်း အခြေခံကျကျ ပါဝင်ခဲ့သည်။ သမိုင်းအထောက်အထားများအရ ၁၉၈၀ ခုနှစ် ဝန်းကျင်မှစ၍ ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် အထောက်အပံ့ပေးမည့် ဥပဒေ၊ ဥပဒေသ စည်းမျဉ်းစည်းကမ်းများကို နှစ်အလိုက် ခေါင်းဆောင် အသီးသီး၏ ဦးဆောင်မှုများဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး အနာဂတ်တရုတ်ပြည်သစ် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်လုပ်အားဖြည့်ပေးနိုင်သည့် အနာဂတ်မျိုးဆက်သစ် သားကောင်းရတနာများ ဖြစ်လာစေရန် လိုအပ်သည့် အင်္ဂါရပ်များကို ပုံစံပြု ရေးဆွဲခဲ့ကြသည်။

၁၉၈၀ ခုနှစ်ဝန်းကျင်မှစ၍ ပညာရေးပြုပြင်ပြောင်းလဲရေးတွင် ပြဋ္ဌာန်းခဲ့သော အခြေခံပညာရေးဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများမှာ

**ဥပဒေများ**

| | | |
|---|---|---|
| ၁၉၈၀ | - | Regulation on Academic Degree |
| ၁၉၈၅ | - | Decisions on Reform of Education System |
| ၁၉၈၆ | - | Compulsory Education Law |
| ၁၉၉၃ | - | Teacher's Law |
| ၁၉၉၆ | - | Vocational Education Law |
| ၂၀၀၀ | - | Law of PRC on the National Common Language |
| ၂၀၀၂ | - | Privately-run Education Promotion Law |

## စည်းမျဉ်းစည်းကမ်းများ

- Regulations on Nursery Schools
- Regulations on Education of the Handicapped
- Procedurals Regulation on Eliminating Illiteracy
- Regulations on Teacher Qualification

- Regulations on Community Schools
- Regulations on School Set up with Chinese - Foreign Cooperation

စသည်တို့အပြင် အခါအားလျော်စွာ ဌာနဆိုင်ရာထုတ်ပြန်ပြဌာန်းချက် (၂၀၀) ကျော်နှင့် ဒေသန္တရ ဆိုင်ရာ ထုတ်ပြန်ပြဌာန်းချက် (၁၅၀) ကျော် ပါဝင်ခဲ့ပါသည်။

ထုတ်ပြန်ပြဌာန်းပြီးသော ဥပဒေ၊ ဥပဒေသ စည်းမျဉ်းစည်းကမ်းများ အားလုံးကို ဆရာ၊ မိဘနှင့် ကျောင်းသားများအားလုံး သိရှိစေရန် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ကြေငြာအသိပေးပါသည်။ ကျောင်းအုပ်ကြီးများ၊ ကျောင်းဆရာများ၊ ကျောင်းသားမိဘနှင့် ကျောင်းသားများအားလုံး မိမိတို့နှင့် သက်ဆိုင်သည့် လိုက်နာကျင့်သုံးရမည့် ပညာရေးဥပဒေများနှင့် ရည်ရွယ်ချက် ရည်မှန်းချက်များအားလုံးကို လေ့လာစေခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန၊ ဥပဒေဌာနတို့နှင့် သက်ဆိုင်သော အခြားဌာနများ ပူးပေါင်းပြီး Proposals on Enhancing Legal Education Among Students စာတန်းကို ရေးဆွဲပြီး အားလုံးအသိတူစေရန် စတင်လုပ်ဆောင်ခဲ့ပါသည်။

ပြီးနောက် Compulsory Education Law, Teacher's Law, Education Law နှင့် Vocational Education Law တို့အပေါ် မည်ရွေ့မည်မျှ လေးစားလိုက်နာမှု ရှိမရှိကို The Standing Committee of National People's Congress မှ (၆) ကြိမ်တိုင်တိုင် သုံးသပ်လေ့လာမှုပြုပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်ချက်များကို ဥပဒေဖြင့် ထောက်ခံအားပြု ပေးခဲ့သည်။

## အမျိုးသားလက္ခဏာပြုပညာရေးနှင့် တရုတ်ပြည်သစ်ထူထောင်ရေး

တရုတ်ခေါင်းဆောင်များ အားလုံးက အနာဂတ်တရုတ်ပြည်သစ် တည်ဆောက်ရေးတွင်ရနိုင်သည့် လိုအပ်သည့်အင်အားကို တွက်ချက်သည်။ ပြုပြင်ပြောင်းလဲရေးကာလ မတိုင်မီက သန်းပေါင်းများစွာသော လူငယ်ကျောင်းသားတို့သည် အရွယ်ရောက်လာသောအခါ သေချာစွာလေ့ကျင့်ပျိုးထောင်ထားခဲ့ခြင်း ပျက်ကွက်ခဲ့၍ တိုင်းပြည်ကုန်ထုတ်စွမ်းအားစု ဖြစ်မလာဘဲ၊ ၎င်းတို့၏ ဝန်ထုပ်ဝန်ပိုးအားလုံးကို တိုင်းပြည်က ထမ်းပေးထားရ၍ တရုတ်ပြည်

တိုးတက်မှုနှေးကွေးခဲ့သည်ဟု ယူဆကြသည်။ သို့ဖြစ်၍ ၄င်းသန်းပေါင်းများစွာသော တရုတ်လူငယ်တို့ကို စနစ်တကျ ပြုစုပျိုးထောင်ခြင်းဖြင့် ခေတ်မီသော တရုတ်ပြည်သစ် တည်ဆောက်ရေးအတွက် လိုအပ်သော သရုပ်သဏ္ဍာန်များ အင်္ဂါရပ်ကောင်းများပါရှိလာစေကာ အရွယ်ရောက်သည့်အခါ တစ်ချိန်က ဝန်ထုပ်ဝန်ပိုးတို့ကို ကြီးစွာသောအင်အားတို့ဖြစ်အောင် လုပ်ရမည်ဟု တရုတ်ခေါင်းဆောင်အဆက်ဆက်က သဘောတူသည်။ ထို့ကြောင့် မျိုးဆက်သစ် လူငယ်တို့တွင် မရှိမဖြစ်ပါဝင်ရမည့် သရုပ်သဏ္ဍာန်များကို ဦးစွာစဉ်းစား ရွေးချယ်ကြသည်။ တိန့်ရှောင်ဖိန်က ၁၉၈၅ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် National Congress on Education တွင် " တို့နိုင်ငံရဲ့ အင်အားနဲ့ တိုင်းပြည်ရဲ့ခနကို ရည်ရှည်ထိန်းထား နိုင်စွမ်းဟာ အလုပ်လုပ်နိုင်တဲ့ ပြည်သူတွေရဲ့ အရည်အချင်းရှိမှုနဲ့ အလုပ်လုပ်နိုင်တဲ့ပြည်သူတွေ များလာဖို့ရယ်၊ ပညာတတ်တွေရဲ့ အရည်အသွေးမြင့်မားလာဖို့အပေါ်မှာ မူတည်နေတယ်" ဟု ထည့်သွင်း ပြောဆိုခဲ့သည်။ တိန့်ရှောင်ဖိန်က ပညာရေးပြုပြင်ပြောင်းလဲရေးတွင် ဘာလုပ်မည် ဆိုသည်ကိုပါ တိတိကျကျ ယခုကဲ့သို့ ပြောဆိုခဲ့၏။

ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် တစ်ခုလုံးမှာ ပါဝင်လုပ်ကိုင်ကြမည့် ဆရာဆရာမများနှင့် နိုင်ငံဝန်ထမ်းများအားလုံး နားလည်နှလုံးသွင်းရမှာက ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းကို နိုင်ငံတော်တည်ဆောက်ရေးမှာ အသုံးတည့်မည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရနှစ်ခုလုံး ပါဝင်ပြီး ထိုနိုင်ငံသားတိုင်းကလည်း လူ့ဘောင်ကို အမြင်ကောင်းဖြင့် အပြုသဘော သုံးသပ်နိုင်သော လူ့အဖွဲ့အစည်းဝင်တစ်ဦး ဖြစ်လာစေရန် လေ့ကျင့်ပေးဖို့ပဲဖြစ်သည်ဟု ဖြစ်ပါသည်။

၁၉၉၂ ခုနှစ် (၁၄) ကြိမ်မြောက် National Party Congress တွင် ကျန်ဇီမင်းရေးသားသည့် အစီရင်ခံစာ၌ -

**"သိပ္ပံပညာနှင့် နည်းပညာများတွင် လည်းကောင်း၊ တိုင်းပြည်စီးပွားရေးတွင်လည်းကောင်း၊ လူမှုရေးဆိုင်ရာ အတွေးအခေါ်များ ရင့်သန်လာစေရန်လည်းကောင်း အဓိကကျသည့် အရာများကို အခြေခံကျကျ သုံးသပ်လျှင် တိုင်းပြည် တွင်အလုပ်လုပ်နေသောလူတိုင်း၏ အရည်အသွေးနှင့်**

ကျောင်းများ၌ သင်ယူ တတ်မြောက်ပြီးသူတိုင်းသည် နိုင်ငံတကာပညာတတ်များနှင့် လက်တွေ့ယှဉ်ပြိုင်နိုင်စွမ်းရှိသူများဖြစ်အောင် လေ့ကျင့်နိုင်ခြင်းပင်ဖြစ်သည်။

ဤကဲ့သို့လေ့ကျင့်ပေးနိုင်သည့်နေရာမှာ နိုင်ငံပိုင်ကျောင်းများ၊ ပုဂ္ဂလိကပိုင် ကျောင်းများနှင့် ပြည်တွင်းနှင့်ပြည်ပ ပညာရေးအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းများပင်ဖြစ်သည်။ သို့ဖြစ်၍ ပညာရေး ပြုပြင်ပြောင်းလဲမှုကို မဟာဗျူဟာကျ နေရာပေးဆောင်ရွက်ရမည်။ ပညာရေးပြုပြင်ပြောင်းလဲမှုများ မလုပ်ကိုင်နိုင်သရွေ့ မအောင်မြင်သရွေ့ မည်သည့်နည်းနှင့်မျှ ကုန်ထုတ်လုပ်အား တိုးတက်မှု မဖြစ်လာနိုင်။ ကုန်ထုတ်လုပ်မှု တိုးတက်လာမှသာ တိုင်းပြည်စီးပွား တောင့်တင်းမှု အမှန်ဖြစ်မည်။ ကုန်ထုတ်လုပ်မှု မတိုးတက်မချင်း မည်သည့်နည်းနှင့်မှ တိုင်းပြည်စီးပွား မှန်မှန်မတိုးတက်နိုင်။ တိုင်းပြည်၏ တွင်းထွက်ရတနာနှင့် သစ်တို့မှ ရရှိသော ဝင်ငွေတို့သည် တိုင်းပြည်အတွက် မှန်ကန်စွာအားထားနိုင်သည့် ဝင်ငွေမျိုးမဟုတ်။ ပညာတတ်လာသော တိုင်းသူပြည်သားတို့က ပစ္စည်းထုတ်လုပ်လာနိုင်၍ ထုတ်လုပ်ထားသော ပစ္စည်းများကို ရောင်းချခြင်းမှ ရသော ပြည်တွင်း ပြည်ပ ဝင်ငွေတို့သာလျှင် တိုင်းပြည်အတွက် မှန်ကန်စွာ အားထားရသော ဝင်ငွေများဖြစ်သည်ဟု တရုတ်ခေါင်းဆောင်တို့ ယုံကြည်ကြသည်။ သို့ဖြစ်၍ တိုင်းပြည်၏ သဘာဝသယံဇာတများကို တတ်နိုင်သရွေ့ မရောင်းချဘဲ နောင်အနာဂတ်တွင် မရှိမဖြစ်သုံးရန် ချန်ထားကြသည်။ လက်ငင်းတိုင်းပြည်ဝင်ငွေ ရရှိရေးအတွက် တိုင်းသူပြည်သားများ ကုန်ထုတ်လုပ်လာနိုင်စေရန် ပညာရေးကို အရေးထား ဖောင်းပေး၍ တရုတ်တို့ ပြုပြင်ပြောင်းလဲခဲ့ကြသည်။ ထိုမှ နိုင်ငံသားတိုင်း၏ အတွေးအမြင်ပိုင်းဆိုင်ရာ၊ လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ သိပ္ပံဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်များတွင် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အသုံးဝင်မည့် အရည်အချင်းများ၊ အမြင်မှန်များ မြင့်မားဖြစ်ထွန်းလာမည်။ ဤသည်မှာ ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အမြင်မှန်အသိမှန်ခြင်း ဖြစ်သည်”

ဟု အစီရင်ခံတင်ပြခဲ့ပါသည်။ ထို့ပြင် ၁၉၉၇ ခုနှစ် (၁၅) ကြိမ်မြောက် National Party Congress တွင် ထပ်မံ၍ -

**"ကုန်ထုတ်လုပ်နိုင်သည့် အရည်အသွေးရှိ လုပ်သားပြည်သူ သိန်းပေါင်းသန်းပေါင်းများစွာနှင့် ကုန်ထုတ်လုပ်နိုင်အောင် စီမံအကြံပေး နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင် သန်းပေါင်းများစွာတို့ကို ပညာရေးမှ ပြုစုပျိုးထောင် ပေးနေခြင်းသည် နိုင်ငံ့လူသားအရင်းအမြစ် အင်အားတောင့်တင်းလာအောင် လုပ်ခြင်းဖြစ်၍ ဤသို့လုပ်နေခြင်းသည် (၂၁) ရာစုတွင် နေထိုင်ခြင်း အမှန်ဖြစ်သည်"**

ဟု ဖြည့်စွက်တင်ပြခဲ့ပါသည်။

တရုတ်ပြည်သစ်ဗဟိုအစိုးရမှလည်း ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Program for China's Education Reform & Development စာတမ်းတွင် -

**"အလယ်တန်းနှင့် အထက်တန်း ကျောင်းများအားလုံး စာမေးပွဲ အတွက် ရည်ရွယ်လေ့ကျင့်သင်ကြားပေးသော ပညာရေးစနစ်များမှသည် နိုင်ငံသားတိုင်း၏ တိုင်းပြည်တိုးတက်ရေးအတွက် လိုအပ်သော အသွင်သဏ္ဍာန်နှင့် အနှစ်သာရ နှစ်မျိုးစလုံးနှင့်ပြည့်စုံသည့် နိုင်ငံသားများ ဖြစ်လာစေရန် လေ့ကျင့်ပေးနိုင်သော ပညာရေး စနစ်အသွင်သို့ ပြောင်းလဲမှုပြုရမည်"**

ဟု ထုတ်ဖော်ကြေငြာ ပြဋ္ဌာန်းခဲ့ပြီး ၄င်းစာတန်းတွင်ပင် တစ်ဖန် -

**"ထိုသို့လေ့ကျင့်သင်ကြားရာ၌ နိုင်ငံသားတို့၏ တွေးခေါ်ပုံ အယူအဆ၊ လူ့ကျင့်ဝတ်များစောင့်ထိန်းခြင်း၊ ယဉ်ကျေးမှုများ ထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံသားတိုင်း၏ သိပ္ပံပညာဆိုင်ရာ လုပ်ကိုင်နိုင်စွမ်းများကို ထည့်သွင်းစဉ်းစားလေ့ကျင့်ရုံမျှမက ကုန်ထုတ်နိုင်မှု စွမ်းရည်ကိုလည်း မြှင့်တင်ပေးရန်၊ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်အောင် ထိန်းသိမ်းတတ်လာစေရန် လေ့ကျင့်ပေးရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိမှု အင်အားကောင်းလာစေရန်ပါ လေ့ကျင့်ပေးခြင်းဖြင့် အင်အားရှိပြီး တက်ကြွကျန်းမာသော လူငယ်လုပ်အား အင်အားစုဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် လုပ်သမျှ လုပ်ငန်းတိုင်းတွင် ပေါက်မြောက်အောင်မြင်စွာ ဆောင်ရွက်ကြမည်"** ဟု ထပ်ဆောင်း အားဖြည့်ထားပါသည်။

ထို့နောက် ၁၉၉၄ ခုနှစ် National Conference on Education တွင် ဗဟိုအစိုးရမှ "Proposals on Reinforcing and Improving Moral Education in Schools"ဟူသည့် စာတန်းကို ရေးသား၍ ကျောင်းသားတို့အား လူ့ကျင့်ဝတ် လေ့ကျင့်စဉ်ကို ထုတ်ပြန်လုပ်ဆောင်စေခြင်းဖြင့် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန် မြင့်စေခဲ့သည်။

တစ်ဖန်အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု ရေရှည်မျှော်မှန်းချက်များ (သက္ကရာဇ် ၂၀၁၀အတွက်) ဟူသည့် ဗဟိုအစိုးရထုတ်စာတမ်းကို ရှစ်ကြိမ်မြောက် National Party Congress (1996) ၏ လေးကြိမ်မြောက် အစည်းအဝေး၌ အဆိုပြု ပေးခြင်းဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ထပ်မံ အရှိန်အဟုန်ရရှိစေခဲ့သည့် အပြင် ထို NPC မှ -

**" စာမေးပွဲများအတွက် ရည်ရွယ်ပြင်ဆင်လေ့ကျင့်ပေးသည့် ပညာရေး မှသည် တိုင်းပြည်တည် ဆောက်ရေးအတွက် လိုအပ်သော အသွင်သဏ္ဍာန် ရောအနှစ်သာရပါပြည့်စုံသည့် နိုင်ငံသားများဖြစ်အောင် မဖြစ်မနေ ပြောင်းလဲခြင်းဖြင့် အရည်အချင်းရှိသည့် နိုင်ငံသားများ မွေးထုတ်ပေးရေး "** ဟူ၍ထပ်ဆင့် တိုက်တွန်း ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ၁၉၉၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် ပါတီဗဟိုကော်မတီ၏ တတိယအစည်းအဝေးတွင် အထက်ဖော်ပြခဲ့သော စာမေးပွဲအတွက် လေ့ကျင့်ပေးခြင်းမှ အရည်အချင်းရှိသော နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ရေးသို့ပြောင်းလဲရန်ကို ခေါင်းဆောင်လီပင်း နှင့် ကျူရုံကြီးတို့က ထပ်မံ အားဖြည့်ထောက်ခံအားပေးလိုက်ပြီး နည်းအမျိုးမျိုးဖြင့် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်။

၁၉၉၉ ခုနှစ်တွင် တရုတ်ပညာရေးဝန်ကြီးဌာနမှ "Action Plan for Rejuvenating Education for the 21st Century"ဟူသည့် စာတမ်းကို ရေးဆွဲတင်ပြခဲ့ပြီး ခေါင်းဆောင်များလုပ်လိုသော ပြုပြင်ပြောင်းလဲမှုကို အသေးစိတ်မည်သို့ဆောင်ရွက်မည်ကို ထိုစာတမ်းတွင် အသေးစိတ်ရေးဆွဲခဲ့ကြပါသည်။

ထိုစာတမ်းပါ လုပ်ငန်းစဉ်အရ ကာလအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကျယ်ကျယ်ပြန့်ပြန့်သိစေခဲ့ကြပြီး တစ်တိုင်းပြည်လုံး အားကုန်ထုတ်၍ ပြုပြင်ပြောင်းလဲရေးကို အောင်မြင်စေရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၉၆ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တွင် နိုင်ငံတစ်ဝှမ်းလုံးသုံးသောပြဋ္ဌာန်းစာအုပ်များတွင် လိုအပ်သောဖြည့်စွက်မှုများကို ဆောင်ရွက်ခဲ့ကြသည်။

၁၉၉၉ ခုနှစ်တွင် ဗဟိုအစိုးရမှ Decision on Preparing Education Reform & Promoting Character Education in an all-round way ဟူသည့် ပြုပြင်ပြောင်းလဲရေးကို ပို၍အရှိန်အဟုန်မြှင့်တင်ရန်နှင့် ပညာရေးစနစ်သစ်ကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ရန် စာတမ်းကို ထုတ်ပြန်ခဲ့ပြီး တစ်နိုင်ငံလုံး အသိတူစေရန် နိုင်ငံပိုင် မီဒီယာများ၏အားကိုသုံး၍ အင်အားယူခဲ့ ကြသည်။

ဤအဆင့်၏အောင်မြင်မှုသည် ယနေ့တရုတ်ပြည်သစ်အား နောက်အဆင့်တစ်ခုသို့ တွန်းပို့လိုက်ခြင်းဟု လက်တွေ့ရလဒ်များကတစ်ဆင့် အကဲဖြတ်ကြသည်။

၂၀၀၂ ခုနှစ် ပီကင်းနော်မယ်ယူနီဗာစတီကြီး၏ ရာပြည့်ပွဲ၌ ကျန်ဇီမင်းက **"ယခုပညာရေးနဲ့ပတ်သက်တဲ့ ဆန်းသစ်တီထွင်စဉ်းစားပြီးလုပ်ကြတဲ့ ပြုပြင်ပြောင်းလဲမှုတွေရဲ့ အဓိကရည်မှန်းချက်ကတော့ ယခင်နှစ်ပေါင်းများစွာ သုံးခဲ့ကြတဲ့ စာမေးပွဲများ၏အဆုံးအဖြတ် ဦးစားပေး စနစ်ကြောင့် ကျောင်းများမှာ စာမေးပွဲတွေအတွက် ဦးစားပေးပြင်ဆင် လေ့ကျင့်ပေးကြတာကိုဖယ်ရှားပြီး အနှစ်သာရရှိသော ဘက်စုံထူးချွန် ပညာရေးကို ပြောင်းလဲလေ့ကျင့်ပေးကြဖို့ဖြစ်ပြီး ထို့မှတစ်ဆင့် နိုင်ငံတည်ဆောက်ရေးအလုပ်တွင် အရည်အသွေးရှိသော နိုင်ငံသားများ မွေးထုတ်ပေးနိုင်တဲ့ ပညာရေးစနစ်တစ်ခုသို့ကူးပြောင်းခြင်းပင်ဖြစ်တယ်။ သင်ကြားနေတဲ့ သင်ခန်းစာတွေ၊ သင်ကြားရေးနည်းစနစ်တွေ၊ သင်ကြားရာမှာ ချဉ်းကပ်ပုံနည်းစနစ်တွေအားလုံးဟာ နိုင်ငံတကာနဲ့ ရင်ဘောင်တန်း လုပ်ကိုင်နိုင်တဲ့ နိုင်ငံသားတွေ မွေးထုတ်ပေးနိုင်လောက်တဲ့ နည်းစနစ်တွေဖြစ်အောင် ပြောင်းလဲပစ်နေတာဖြစ်တယ်။ သမိုင်းတစ်လျှောက်လုံးမှာ လူသားများစွာအောင်မြင်ပြီးခဲ့တဲ့ အောင်မြင်မှုများကိုလည်း မိမိတို့အောင်မြင်ခဲ့ သကဲ့သို့ လေ့လာမှတ်ယူပြီး သဘာဝသိပ္ပံ၊ လူမှုရေးသိပ္ပံနဲ့ လူသားဖြစ်မှုကဏ္ဍ တွေအားလုံးမှာ ဝင်ဆံ့လေအောင် အဘက်ဘက်က လေ့ကျင့်ပေးထား ပြီးဖြစ်တဲ့ နိုင်ငံသားများ ပေါ်ထွန်း လာစေမယ့် ပညာရေးစနစ်ကို ထူထောင်ရန်ဖြစ်တယ်။**

**ဆရာနှင့်ကျောင်းသားများ ဆက်ဆံရေးပိုမို နွေးထွေးစေလာရန် လိုပြီး ဆရာတွေကြောင့် ကျောင်းသားတွေ စိတ်ချမ်းသာတိုးတက်လာသလို ကျောင်းသားတွေကြောင့်လည်း ဆရာတွေကျေနပ်စရာဘဝ ရရှိကြရန်လိုတယ်။ ဆရာနဲ့ ကျောင်းသားဆက်ဆံရေးဟာ တီထွင်ဆန်းသစ်လိုစိတ်ပိုများလာစေဖို့ အင်အားဖြစ်စေမယ့် နွေးထွေးမှုကို အားပေးတဲ့ ဆက်ဆံရေးဖြစ်ရမယ်။ သို့မှသာ ကျောင်းသားတိုင်း စိတ်ရှင်လန်းမှု အခြေခံပြီး သူတို့ရဲ့ အကောင်းဆုံးဆောင်ရွက်ချက်တွေကို တွေ့လာကြမှာဖြစ်တယ်။ တို့အားလုံးက သူတို့အယောက်တိုင်း အစွမ်းရှိသလောက် အကောင်းဆုံးဆောင်ရွက်နိုင်ဖို့ ဝိုင်းဝန်းအားပေးဖို့ပဲ။ ဒီလို နိုင်ငံသားတိုင်း အစွမ်းရှိသလောက် အကောင်းဆုံး ဆောင်ရွက်တတ်ပြီဆိုလျှင် ဒို့နိုင်ငံတိုးတက်ပြီ”**

ဟူ၍ပြောခဲ့သည်။

၂၀၀၂ ခုနှစ် (၁၆)ကြိမ်မြောက် NPC တွင် ဗဟိုအစိုးရသို့ ကျန်ဇီမင်း ရေးသားတင်ပြသော အစီရင်ခံ စာတွင် -

**“ပညာရေးကို အစဉ်အမြဲဆန်းသစ်နေအောင် ပြုပြင်ပြောင်းလဲသင့်သည်။ အပေါ်ယံပြုပြင်ပြောင်းလဲမှုများမဟုတ်ဘဲ အနှစ်သာရအထိ နက်ရှိုင်းစွာ ပြုပြင်ပြောင်းလဲရန်လိုသည်။ နိုင်ငံ၏ ပညာတတ်မွေးထုတ်မှု ဖွဲ့စည်းပုံကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည်။ ပညာရေးကဏ္ဍတွင် အသုံးဝင်မည့် အရာအားလုံးကို အလကားမဖြစ်စေဘဲ သူ့နေရာနှင့်သူ သုံးသွားသင့်သည်။ ပညာရေး၏အရည်အသွေး အစဉ်သတိဖြင့် မြှင့်တင်နေရမည်။ ပညာရေးစနစ်အား အကောင်အထည် ဖော်သူများအားလုံး အုပ်ချုပ်ပုံနည်းစနစ်များ အမြဲတိုးတက် အောင်ပြုပြင် လေ့လာနေရမည်။ အမျိုးသားလက္ခဏာပြု ပညာရေးစနစ်ကို စနစ်တကျ စေ့စေ့စပ်စပ် သေသေချာချာ အရေးပေး အလေးပေး၍ မြှင့်တင်ခြင်းဖြင့် အနာဂတ် (၂၁) ရာစု တရုတ်ပြည် တည်ဆောက်ရေးအတွက် လိုအပ်သော သန်းပေါင်းများစွာသော အရည်အသွေးရှိသည့် လုပ်သားပြည်သူများ အသိပညာရှင် အတတ်ပညာရှင်များ နှင့် ထိပ်တန်းတီထွင်ဆန်းသစ်သူများ မွေးထုတ်ပေးနိုင်မည်”** ဟုရေးသား အစီရင်ခံခဲ့သည်။

ဒုတိယဝန်ကြီးချုပ် လီလန်ချင်က ပညာရေးစနစ်သစ်နှင့် ပတ်သက်၍ ဤစနစ်သည် နိုင်ငံသားတို့အား အားဖြည့်ပေးသော ပညာရေးစနစ် ဖြစ်သည်။ ဤစနစ်ကမွေးထုတ်ပေးသော နိုင်ငံသားတို့၏ စဉ်းစားတီထွင်နိုင်သည့် အရည်အချင်း၊ စဉ်းစားလုပ်ကိုင်လိုစိတ်ရှိခြင်းတို့ အပါအဝင် အရည်အသွေးပေါင်း များစွာတို့က တစ်ခါကတရုတ်ပြည်၏ ကြီးမားသော ဆန်ကုန်မြေလေး လူတန်းစားပေါင်း များစွာကို အနာဂတ်တရုတ်ပြည်သစ်၏ ကြီးမားသောစွမ်းအား ဖြစ်လာစေသည်။

Being a burden to being superior human resources ဟု မှတ်ချက်ပြုသည်။

ဤဝန်ထုပ်ဝန်ပိုးမှသည် အင်အားသို့ဟူသည့် မူဝါဒမှာ တရုတ်ဗဟို အစိုးရမှ အမျိုးသားရေးရည်မှန်းချက်များကို အစဉ်ဦးထိပ်ပန်၍ ဆုံးဖြတ်ခဲ့ သောမူ ဖြစ်သည်။

၁၉၇၆ ခုနှစ်မှ နှစ်ပေါင်းများစွာကြာလာသော် ဤစနစ်သစ်သည် တရုတ်ပြည် တွင် လူတန်းစားအလွှာအားလုံးက လက်သင့်ခံသော လူကြိုက်များသည့် စနစ် အဖြစ်ရေပန်းစားခဲ့သည်။

အမျိုးသားလက္ခဏာပြုပညာရေးစနစ် ကိုထူထောင်ရန် အဓိကကျသည်မှာ ဆရာဖြစ် သင်တန်းနှင့် ဆရာမွမ်းမံသင်တန်း များပင်ဖြစ်၏။ ဤစနစ်သစ်သည် ရာပေါင်း ထောင်ပေါင်းများစွာသော ဆရာများ၊ ပညာရေးကျွမ်းကျင်သူများ၊ အတွေးအခေါ်ပညာရှင်များ နှစ်ပေါင်းများစွာ အချိန်ယူ သုတေသနပြု လက်တွေ့ ဆောင်ရွက်မှု၊ စာတွေ့ဆောင်ရွက်မှုများစွာမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်။

လက်တွေ့လုပ်ငန်းများတွင် အဓိကပါဝင်သော ဆရာများနှင့် ဝန်ထမ်းများ အားလုံး အမျိုးသားလက္ခဏာပြုပညာရေးစနစ်တွင် အသုံးပြုအခြေခံသော အတွေးအခေါ်များ၊ လူမှုရေးနိယာမများ၊ ပညာရေးနိယာမများကို သိရှိနားလည် ထားရန် လိုအပ်ပါသည်။ သင်ကြားလေ့ကျင့်စဉ်တွင် အသုံးပြုမည့် နည်းစနစ်များ ကိုလည်း လေ့လာရန်လိုသည်။

ဤလုပ်ငန်းရပ်အားလုံး အချိန်တိုအတွင်းပြီးစေရန် မီဒီယာ (TV)အသုံး ပြု၍ တစ်တိုင်းပြည်လုံးကို အသိတူစေခြင်းအလို့ငှာ လုပ်ဆောင်ရန်လို၏။ သင်တန်း (ဆင့်ပွား)များ အသီးသီးလုပ်ပြီး တစ်ပြေးညီအသိတူစေရန် ဆောက်ရွက်ရန် လိုသည်။

ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စာရွက်စာတမ်းများ အစဉ်တည်းဖြတ်ရိုက်နှိပ်၍ ဆရာလက်စွဲမှုအဖြစ် ထုတ်ဝေလေ့လာစေရန်လည်း လိုအပ်ပါသည်။

## ရှေးဦးလုပ်ငန်း

ပြုပြင်ပြောင်းလဲမှုများ၏ ရှေးဦးလုပ်ငန်းမှာ ပြုပြင်ပြောင်းလဲဆန်းသစ်ရန်အကြောင်းကိုသိရန်လိုသည်။ ပြုပြင်ပြောင်းလဲပြီးနောက် အကျိုးဆက်အဖြစ်မည်သည်တို့ ရမည်တို့သည် လက်တွေ့အောင်မြင်ပြီးဖြစ်၍ စမ်းသပ် ဆောင်ရွက်ခြင်း စမ်းတဝါးဝါးဖြစ်ခြင်းတို့ မဟုတ်ဘဲ သေချာတိကျသော လုပ်ဆောင်ချက်များမှတိကျရေရာသော အဖြေတို့ထွက်ခဲ့ပြီးဖြစ်သည်ကို သိအောင်လုပ်ဆောင်ရန်လိုသည်။

လုပ်ဆောင်ရန်ပြုပြင်ပြောင်းလဲရေး အဆင့်များသည်လည်း ခက်ခဲရှုပ်ထွေးသော အရာတို့မဟုတ်ဘဲ မိမိတို့နေ့စဉ် လုပ်နေကြလုပ်ငန်းကို အနည်းငယ်ပြောင်းလဲလိုက်ရုံဖြင့် ပြုပြင်ပြောင်းလဲမှု၏ နက်ရှိုင်းမှုနယ်ပယ်သို့ တရွေ့ရွေ့ရောက်ရမည်ဖြစ်သည်ကို သိရန်လိုသည်။

ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွင် ပါဝင်လာသော လက်တွေ့ ဆောင်ရွက်ချက်များလုပ်ဆောင်ရန် လိုအပ်ချက်များ စုပေါင်း၍ သက်ဆိုင်ရာအားလုံးကပံ့ပိုးမှုဖြင့် ဝိုင်းဝန်းကူညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုသည်။

အရည်အချင်းစစ်ဆေးသော စာမေးပွဲများ ရှိမြဲရှိနေမည် ဖြစ်သော်လည်း အကဲဖြတ်ပုံများ ပြည့်စုံလာရန်လိုသည်။ ကျောင်းသားတို့တွင်ရှိရမည့် Character များအားလုံးပြည့်စုံ မပြည့်စုံ သိရှိနိုင်စေမည့် အကဲဖြတ်စနစ် ရှိရန်လို၏။ ဥပမာ - အမျိုးသားလက္ခဏာပြု ပညာရေး၏ လူမှုရေးဆိုင်ရာ အနှစ်သာရကို ဤပညာရေးစနစ်ကို လက်တွေ့ကျင့်သုံးပြီးသည့်နောက် အကျိုးရလဒ်အဖြစ်တွေ့ရမည်။ တရုတ်ပြည်သစ်ကဲ့သို့ တိုးတက်လာလိုသောနိုင်ငံတိုင်း မလွဲမသွေရွေးချယ်ရမည့် ပညာရေးစနစ်ဖြစ်၏။

တရုတ်တို့ဟန်ဖြင့် ဆိုရှယ်လစ်တိုင်းပြည်တည်ဆောက်ခြင်း ဖြစ်စဉ်နှင့်တိုင်းပြည်၏အင်အားများကို သွေးသစ်လောင်းသည့် ကဏ္ဍများအတွက် အဆုံးတွင်သတ္တုကျသည်မှာ ပါဝင်နေသော ပြည်သူလူထု အရည်အသွေးပင်ဖြစ်၏။ ***တိုင်းပြည်သယံဇာတမရှိသော်လည်း ၎င်း၏နိုင်ငံသားများ၏ ပညာအရည်အချင်းဖြင့်တိုင်းပြည်ကိုဖွံ့ဖြိုးအောင် လုပ်နိုင်နေကြသည့် စင်ကာပူနှင့် အစ္စရေးနိုင်ငံများအား***

***နမူနာကြည့်လျှင်တွေ့ရမည်။*** ၎င်းနိုင်ငံတို့၏ အောင်မြင်မှုများအားလုံး၌ တူညီမှု နှစ်ခုရှိ၏။ ပထမတစ်ခုမှာ လူသားအရင်းအမြစ် အရည်အသွေးများ မြှင့်တင်ရေးကို အလေးထားအားပေး ဆောင်ရွက်ခြင်းနှင့် ပညာရေးစနစ်ကို မြှင့်တင်ရန် ပညာရေး ပြုပြင်ပြောင်းလဲမှုများ ကို မဟာဗျူဟာကျသည့် လုပ်ဆောင်ချက်အဖြစ် အရေး တကြီးနေရာပေး လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ဒုတိယတစ်ခုမှာ နိုင်ငံသား တို့၏ ပညာရေးဆိုင်ရာ အတွေးအခေါ်အယူအဆတို့ကို သိသာစွာ ပြောင်းလဲပစ်ခြင်း တို့ဖြစ်ပါသည်။

အောင်မြင်မှု၏သော့ချက်သည် ဖတ်ထားတတ်ထားသော စာပေဗဟုသုတ တို့ထက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းလုပ်ရာ၌ တက်ကျွမ်းမှု ရှိခြင်း အရေးပေါ်အခြေအနေများတွင် ကိုင်တွယ်ပုံ မှန်ကန်ခြင်းနှင့် စဉ်းစားပုံ စဉ်စားနည်း မှန်ကန်ခြင်းတို့ကြောင့်ဖြစ်သည်ဟု မြင်သာလာ၍ဖြစ်သည်။ ဤကဲ့သို့ လက္ခဏာများပါဝင်လာစေရန် အမျိုးသားလက္ခဏာပြုပညာရေးစနစ်က စွမ်းဆောင် ပေးနိုင်သည် ဟုတရုတ်တို့ ယုံကြည်ကြသည်။

အမျိုးသားလက္ခဏာပြုပညာရေးတွင် လူတို့တွင် အသိဉာဏ်ရှိအောင် လေ့ကျင့်ပေးရမည်။ အသိဉာဏ်နှင့် ဗဟုသုတ သိမှုသည်လည်း ညီမျှစွာ အရေးကြီး သည်ဟု သတ်မှတ်ယူဆသည်။ အသိဉာဏ်ရှိမှုနှင့် ဗဟုသုတသိမှု ပေါင်းစပ်လိုက် ပါက အောင်မြင်ရန်ရှိသည်ဟု ယူဆ၏။ သိမှုအတိုင်းအတာ အနည်းအများသည် လူ၏လက္ခဏာ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။

***ပညာအပေါ်ထားရှိသည့် အမြင်ကို ပြောင်းလဲပစ်ရန်လိုအပ်သည်။*** ဗဟုသုတများလေလေ သိမှုများလေလေ အောင်မြင်နိုင်လေလေဟူသည့် အယူအဆ မှ ဗဟုသုတနှင့်အသိဉာဏ် ပူးတွဲဖြစ်ထွန်းပြီး အဖွဲ့လိုက်ပူးပေါင်း ဆောင်ရွက်တတ်မှု၊ တက်ကြွစွာပါဝင်ဆောင်ရွက်ကြမှု၊ အရေးပေါ် အခြေအနေများတွင် ကိုင်တွယ် တတ်မှုနှင့် တွေးခေါ်ပုံ နည်းမှန်ကန်မှုကို သင့်သလိုပေါင်းစပ်တတ်ပါမှ အရည် အချင်းရှိသော နိုင်ငံသားများဖြစ်လာမည်ဟု နားလည်သိရှိရန် လိုလာသည်။ သို့ဖြစ်၍ ပညာရေးနယ်ပယ်တွင် ပါဝင်ပတ်သက်နေသော ဆရာ၊ ကျောင်းသား၊ မိဘနှင့် အာဏာပိုင် ပုဂ္ဂိုလ်အဖွဲ့အစည်း အားလုံးကလည်း ဤသို့ပင် အမြင်ရှိပြီး ပူးပေါင်းဆောင်ရွက်လျှင် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးတွင် တရွေ့ရွေ့တိုးတက်လာမည်ဖြစ်သည်ဟု တရုတ် ခေါင်းဆောင်တို့က ယူဆသည်။

## "နားလည်၍သိခြင်း ပညာရေး" ကို တည်ဆောက်ခြင်း

တရုတ်ခေါင်းဆောင်တို့က ဗဟုသုတ သိမှုနှင့်ပတ်သက်၍ သိခြင်းကို နှစ်ပိုင်းခွဲ၍ယူဆကြသည်။ သိမှုတွင် နားလည်၍သိခြင်းနှင့် နားမလည်ဘဲ အလွတ်ကျတ်မှတ်၍သိခြင်း (Knowledge without Understanding) ဟူ၍ခွဲခြားပြီး ကျောင်းများ၌ နားလည်၍သိခြင်း (Knowledge with Understanding) ကို ဦးတည်လေ့ကျင့်သင်ကြားစေရန် စီမံလမ်းညွှန်သည်။ နားလည်၍ သိခြင်းသည် ယုံကြည်မှုကိုပေးစွမ်းနိုင်ပြီး အလွတ်ကျက်မှတ်သိခြင်း (သို့) သာမန်သိခြင်းသည် ယုံကြည်မှုကို မပေးနိုင်သည်မှာ လူ၏ခန္ဓာကိုယ်တည်ဆောက်ပုံအရ ဖြစ်နေသော ဖြစ်စဉ်ပင်ဖြစ်သည်။ သို့ဖြစ်၍ နားလည်၍သိသောအသိနှင့် ရည်ရွယ်၍ လေ့ကျင့်ပေးထားသော အသိဉာဏ် ဖြစ်ထွန်းမှုတို့ ပေါင်းစပ်မိပါက ကျောင်းသားတို့တွင် မိမိကိုယ်ကို ယုံကြည်ခြင်း၊ ထိုးထွင်းတီထွင်နိုင်ခြင်း၊ အမြဲဆန်းသစ်နေလိုခြင်း၊ လေ့လာမှုအားကောင်းလာခြင်း အစရှိသည့် အရည်အသွေးတို့ဖြစ်ထွန်း လာသည် ဖြစ်၍ ကျောင်းများအားလုံး၌ တညီတညွတ် တစ်ပြိုင်တည်း ဆရာများတို့က ကြိုးစားကာစနစ်ပြောင်း လေ့ကျင့်ခဲ့ကြသည်။ တစ်ပြိုင်တည်းမှာပင် တူညီသော ရည်ရွယ်ချက်ဖြင့် တစ်မြေတည်းနေ တစ်ရေတည်းသောက် တရုတ်ပြည်သစ် ဟူသော ဦးတည်ရာ တစ်ခုတည်းသွားနေသော ကျောင်းသား၊ ဆရာ၊ မိဘ အားလုံး စည်းလုံးညီညွတ်ပြီး အသိတူစေရန်နှင့် ပါဝင်ပတ်သက် သောသူအားလုံးတွင်လည်း သိတတ်မှုစည်းကမ်းပါရှိစေရန် တရုတ်ပညာရေး ဝန်ကြီးဌာနမှ ဦးတည်၍ စီစဉ်လေ့ကျင့်ခဲ့ပါသည်။

ပညာရေးကဏ္ဍက တိုင်းပြည်ကိုကူညီပံ့ပိုးရန် အဓိကအခြေခံ ရည်မှန်းချက် နှစ်ချက် ရှိပါသည်။

(၁) တရုတ်ပြည်သစ်၏ အနာဂတ်စီးပွားရေးပုံစံ

(၂) ၄င်းစီးပွားရေးပုံစံကြီးထွားစေရန် အခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ကြမည့် နိုင်ငံသားအားလုံး၏ လုပ်နိုင်စွမ်းရည်

တို့ဖြစ်ပါသည်။ ပညာရေးစနစ်မှန်ကန် ကောင်းမွန်လျှင် ၄င်းပညာရေး စနစ်မှ မွေးထုတ်ပေးလိုက်သော နိုင်ငံသားများသည် များသောအားဖြင့် အစိုးရနှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိနေရမည် ဖြစ်သည်ဟု ယူဆသည်။ ခံစားမှု

တူရမည်ဟု ယူဆယုံကြည် ရည်မှန်းထားသည်။ သို့မှသာ အစိုးရ၏ မှန်ကန် ထက်မြက်သော ဦးဆောင်မှုအောက်တွင် စိတ်တူကိုယ်တူ သဘောတူ စိတ်ပါလက်ပါ အတ္တဟိတ၊ ပရဟိတ အလုပ်ပါယှဉ်တွဲ၍ မျှတစွာစဉ်းစားပြီး တက်ကြွ ရှင်းလင်းစွာ ဆောင်ရွက် လာကြမှ တိုင်းပြည်စီးပွားရေး အောင်မြင်မည်ဟု ယုံကြည်ယူဆသည်။

ကျောင်းများ၌လေ့ကျင့်သင်ကြားပေးသော နားလည်၍သိခဲ့သည့် အသိ ဗဟုသုတတို့နှင့် လေ့ကျင့်ပေးလိုက်မှုတို့ကြောင့် ရင့်ကျက်လာသော အသိဉာဏ်တို့ ပူးပေါင်းဖြစ်တည်မှသာ အနာဂတ်တရုတ်ပြည်တွင် နိုင်ငံသားတို့ စီးပွားရေး ရွေးချယ်မှု မှန်ကန်တည့်မတ်ပြည့်စုံလာမည်ဟု ယူဆသည်။ ဤသို့ မျှော်မှန်းချက် နှစ်ချက်အား အခြေခံထားပြီး ကျောင်းများ၌ သင်ကြားလေ့ကျင့်မှု တို့အား ဆောင်ရွက်တိုင်း ကျန်နှစ်ချက်ကို အထောက်အပံ့ ဖြစ်စေရန်ရည်ရွယ်၍ ပြုလုပ်သည် ဖြစ်ရာ နှစ်ကာလကြာမြင့်လာသည့်အခါ တရုတ်ခေါင်းဆောင်များ မျှော်လင့်ထား သည့် အနာဂတ်တရုတ်ပြည်သစ် တည်ဆောက်ရေးအတွက် လိုအပ်သော အရည် အချင်းရှိသည့် နိုင်ငံသားများ အသုတ်လိုက်အသုတ်လိုက် သန်းချီ၍ ပေါ်ထွက်လာကြသည်။ ၁၉၇၈ ခုနှစ်မှစ၍ သန္ဓေတည်ခဲ့သော ပညာရေးပြုပြင်ပြောင်းလဲ ရေး၏ အသီးအပွင့်များအား ၁၉၉၃ ခုနှစ် ဝန်းကျင်မှစ၍ မြင်တွေ့ လာရသည်။ တရုတ်ပြည်၏စီးပွားရေးတွင် နိုင်ငံသားတို့ လုပ်ကိုင်လာသော ပုံစံစုံလင်လာ၏။ ပေါ်ပင်စီးပွားရေးလမ်းတစ်ခုတည်းကို ဝိုင်းပြုံတိုး၍ လုပ်ကိုင်ခြင်း မျိုးမဟုတ်တော့ဘဲ လုပ်ငန်းအမယ်များ များပြားစုံလင်လာ၏။ ဝန်ဆောင်မှု ကဏ္ဍတွင်လည်း လုပ်ငန်းများအမျိုးမျိုး များပြားစွာ လုပ်ဆောင်လာနိုင်ကြသည်။ လူတိုင်းဆရာဝန် မဖြစ်ချင်တော့။ လူတိုင်း အင်ဂျင်နီယာ မဖြစ်ချင်တော့။ လူတိုင်းကွန်ပျူတာ ပညာရှင်မဖြစ်ချင်တော့။ အတတ်ပညာလိုင်းပေါင်းစုံကို ညီမျှစွာလေ့လာကြ၍ အနာဂတ်တရုတ်ပြည်သစ် အတွက် မရှိမဖြစ်လိုအပ်သော အသိပညာရှင် အတတ် ပညာရှင်မျိုးစုံ ပေါ်ထွန်းလာ၏။ ဖိနပ်ချုပ်သည့်သူမှစ၍ အာကာသသိပ္ပံ ကျွမ်းကျင်သူအထိ ကဏ္ဍများကျယ်ပြန့်စွာ တိုးတက်ဖြစ်ထွန်းလာ သည့် တရုတ်ပြည်သည် ယခင် ၎င်း၏ဝန်ထုပ်ဝန်ပိုးဖြစ်သော လူဦးရေ သန်းပေါင်း များစွာကို ပညာရေးပြုပြင် ပြောင်းလဲမှုများမှတစ်ဆင့် အင်အားရှိသော လူသား အရင်းအမြစ်များအဖြစ် အသွင်ပြောင်းနိုင်ခဲ့သည်။ ***ယခင်အချိန်က ထိုသန်းပေါင်း များစွာသော ပညာမဲ့ တို့သည် တိုင်းပြည်အတွက် အခွန်ဘဏ္ဍာရှာဖွေမပေးနိုင်သည့်***

***အပြင် ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးစသည့် ကြီးမားသော ဝန်ထုပ်ဝန်ပိုးများကို အစိုးရမှ ဒိုင်ခံထမ်းပိုးခဲ့ရသည်။*** ယခုပြုပြင်ပြောင်းလဲ လိုက်သော ပညာရေးကြောင့် သန်းပေါင်း များစွာသော ထိုလူများသည် ကုဋေပေါင်းများစွာ သော အခွန်ဘဏ္ဍာတို့ကို ပြည်တွင်းနှင့်ပြည်ပ နေရာဌာန အသီးသီးမှ ရှာဖွေ ဆောင်ကြဉ်း ထည့်ဝင်ပေးလာနိုင်၍ တရုတ်ပြည်သစ်သည် ငွေကြေးတောင့်တင်း လာခဲ့သည်။ အခြေခံ ပညာအထက်တန်းကျောင်းများ၌ လေ့ကျင့်သင်ကြားပေးလိုက် သော နားလည်၍သိရှိသော သိမှုကြောင့် အသိအတွေး နက်ရှိုင်းပြီး ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပေါ်ထွက်လာခဲ့၍ တရုတ်ပြည်သစ်တွင် လကမ္ဘာပေါ်သို့ တက်ရောက်ခြေချ နိုင်လာသည်။ အမိနိုင်ငံကာကွယ်ရေးအတွက် စစ်သင်္ဘောများ၊ တိုက်လေယာဉ်များ၊ လက်နက်ပစ္စည်းများ အားလုံးတို့ကို အရည်အချင်း အမျိုးမျိုး ဖြင့် ပြည့်စုံသည့် နိုင်ငံသားများဖြင့် ပြည်တွင်းမှာပင် တည်ဆောက်နိုင်လာသည်။ စစ်ရေးတွင်လည်း အင်အားကြီးသည်ထက် ကြီးမားလာ၏။ ပညာရေးပြုပြင် ပြောင်းလဲမှုများတွင် မျိုးစေ့ချလိုက်သော အသိဉာဏ်ဖြစ်ထွန်းမှုကြောင့် ရင့်ကျက် သော၊ နားလည်သော နိုင်ငံသားများဖြစ်လာကြ၍ တရုတ်ပြည်၏ နိုင်ငံရေး တည်ငြိမ်လာ၏။ နိုင်ငံသားအများစု၏ အတွေးနှင့် အစိုးရ၏အတွေး ထပ်တူ ကျလာ၏။ ငယ်စဉ်ကတည်းက နားလည်စွာ သိမှုမှန်ကန်လာပြီး ကျန်းမာရေး ကဏ္ဍများတွင်လည်း မိမိကိုယ်မိမိ ကျန်းမာရေးကောင်းအောင် နေတတ်လာ၍ တိုင်းပြည်၏ ကျန်းမာရေးဝန်ကြီး ဌာနအတွက် အသုံးစရိတ် လျော့ကျလာသည့် ကောင်းကျိုးချမ်းသာများအပြင် မရေမတွက်နိုင်သော အကျိုးရလဒ်များရရှိခဲ့လျှက် ယနေ့တရုတ်ပြည်အား အင်အားကြီးပါသည်ဟုဆိုကြသော အမေရိကန်သည် ပင် လျှင် ငွေရေးကြေးရေးအရ မှီခိုလာရသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ဤဖြစ်စဉ်တွင် အဓိကကျသော ကဏ္ဍများမှာ သိပ္ပံနှင့်နည်းပညာ ပင်ဖြစ်ပါသည်။ ပညာရေးပြုပြင် ပြောင်းလဲမှုဖြစ်စဉ်တွင် သင်ကြားသင်ယူရသော အကြောင်းအရာများမှန်ကန်မှု၊ သင်ကြားသင်ယူသည့် နည်းစနစ်မှန်ကန်မှု တို့ကြောင့် ကောင်းကျိုး (၂)ရပ် ဖြစ်ထွန်းခဲ့၏။ ပထမတစ်ခုမှာ နားလည်၍သိသည့် အသိဖြစ်ပြီး ဒုတိယတစ်ခုမှာ အသိဉာဏ်မျိုးစုံဖွံ့ဖြိုး လာခြင်းတို့ပင် ဖြစ်ပါသည်။ ထိုကောင်းကျိုး (၂)ရပ်တို့သည် လူတို့တွင်ဖြစ်ထွန်းလာသည်နှင့် အလိုလို ပေါင်းစည်းမိသည်ဖြစ်၍ ကျောင်းသားတို့အလုပ်လုပ်တိုင်း ထိုနှစ်ရပ်ပေါ်တွင်

အခြေပြုလုပ်ကိုင် ဆောင်ရွက် လာကြသည်။ ဝိဇ္ဇာပညာ လေ့လာရေးတွင် လည်းကောင်း သိပ္ပံကဏ္ဍများတွင် လည်းကောင်း သိမှုနက်ရှိုင်းလာပြီး အသိဉာဏ် ဖြင့်ယှဉ်၍လုပ်ကိုင်လာနိုင်ကြပြီး ဖြစ်ထွန်းလာသော သိပ္ပံပညာနှင့် ဆက်စပ်လျက် ရှိသော နည်းပညာကဏ္ဍပါ မြင့်တက်လာသည်။ နည်းပညာ ကဏ္ဍများတွင် တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စစ်ရေး ကဏ္ဍ အသီးသီး၌ တိုးတက်လာသော နည်းပညာတို့ကို အသုံးပြုလာကြသဖြင့် လူမှုရေး အဆင့်အတန်း၊ စီးပွားရေး နယ်ပယ်များတွင် ထုတ်လုပ်မှုအဆင့် အတန်းနှင့် ဝန်ဆောင်မှုအဆင့်အတန်း၊ ကျန်းမာရေးကဏ္ဍတွင် စောင့်ရှောက်မှု အဆင့်အတန်း နှင့် စစ်ရေးကဏ္ဍတွင် စစ်ဆင်နိုင်မှု အဆင့်အတန်းတို့ တစ်ဟုန်ထိုး တိုးတက်လာသည်။ နည်းပညာမတိုးတက်သရွေ့ ၎င်းကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးမှု မရှိနိုင်။ သို့ဖြစ်၍ တိုင်းပြည်တစ်ပြည်လုံးအလိုက် လုပ်နိုင်သည့် စွမ်းအားမြင့်တက် လာခဲ့သည်။ နိုင်ငံသားအားလုံးသည်လည်း မနက်မိုးလင်းသည်နှင့် မိမိတို့ စိတ်ဝင်စားရာကို ပျော်ရွှင်တက်ကြွ စိတ်ဝင်စားစွာ လုပ်ကိုင်ကြရာ တရုတ် လူ့အဖွဲ့ အစည်းအကုန်လုံး အရှိန်အဟုန်ဖြင့် ရွေ့လျားနိုင်လာသည်။ ရွေ့လျားရာ ဦးတည်ချက်ဟူ၍ တရုတ်လူ့အဖွဲ့အစည်း အင်အားတောင့်တင်းလာသည်။

## အမျိုးသားလက္ခဏာပြပညာရေးစနစ်

ဤဖြစ်စဉ်များအားလုံးသည် ပညာရေးပြုပြင်ပြောင်းလဲမှုကြောင့်သာ ဖြစ်လာရသည်ဖြစ်၍ တရုတ်ပြည် ခေါင်းဆောင်များသည် Education reform is the modernization drive for China ဟု ပြောဆိုခဲ့ကြသည်။ ပညာရေးနှင့် ပတ်သက်၍ တာဝန်ယူသူများအားလုံးသည်လည်း တရုတ်ဗဟို အစိုးရက ချမှတ် ပေးသော **စာမေးပွဲအတွက် လေ့ကျင့်ပေးခြင်းမှသည် အရည်အချင်းအတွက် လေ့ကျင့်ပေးခြင်း**သည်သာဟူ၍ ရည်မှန်းချက်ကို အပျောက်မခံဘဲ ဤသို့ပြုပြင် ပြောင်းလဲရေးမှထွက်လာရမည့် အကျိုးရလဒ် (၂)ခုဖြစ်သည်။ ထိုရလဒ်နှစ်ခုတို့ကို လည်း စဉ်ဆက်မပြတ်အကဲခတ်ကြည့်ရှု သုံးသပ်နေကြသည်။ သို့မှသာ အရည် အချင်းရှိသော နိုင်ငံသားများ များပြားလာမည်။ ယခုပညာရေး ပြုပြင် ပြောင်းလဲရေးဟု ဆိုလိုခြင်းသည် ရှေးယခင်ကလုပ်ခဲ့သော ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ မှားယွင်းသည်ဟုမဆိုလို။ ယခင်လုပ်ခဲ့သည်များကို မှားယွင်း

သည်ဟု အဓိပ္ပာယ် မရောက်။ ပညာရေးပြုပြင်ပြောင်းလဲမှုဟူသည် လက်ရှိစနစ်ကို ပိုမိုကောင်းမွန် ပြည့်စုံအောင် ဖြည့်စွက်ဆောင်ရွက်ခြင်းသာ ဖြစ်သည်ဟု တရုတ်ခေါင်းဆောင်တို့က ဆိုသည်။ ယခင်မလုပ်မိခဲ့သည်၊ မလုပ်နိုင်ခဲ့သည်တို့ကို ယခုထပ်ဆောင်း ဖြည့်စွက်လုပ်ကိုင်ခြင်းပင်ဖြစ်သည်။ ယခု ပညာရေးပြုပြင်ပြောင်းလဲခြင်း၏အဓိက ပဓာနလေ့ကျင့်ရေးတို့မှာ နိုင်ငံသားတိုင်း လူမှုရေးအသိပြည့်စုံအောင် လေ့ကျင့်ခြင်း၊ နိုင်ငံသားတိုင်းဗဟုသုတအသိနှင့် အသိဉာဏ်ပြည့်စုံရင့်သန်အောင် လေ့ကျင့်ခြင်း၊ နိုင်ငံသားတိုင်း စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ပေးခြင်း၊ နိုင်ငံသားတိုင်း ယဉ်ကျေးမှု အနုပညာ အသိတို့ပြည့်စုံခံစားတတ်အောင်လေ့ကျင့်ပေးခြင်းနှင့် နိုင်ငံသားတိုင်း မျက်မှောက် ခေတ်၏နိစ္စဓူဝအခက်အခဲများကို ရင်ဆိုင်နိုင်သည့် စွမ်းရည်တို့ရှိလာအောင် လေ့ကျင့်ပေးခြင်းဟူ၍ ဖြစ်ပါသည်။ ယခင်ပညာရေးစနစ်ကို ပိုမိုပြည့်စုံအောင် ဖြည့်စွက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားမျိုးဆက်သစ်တို့အား သွေးသစ်လောင်းခြင်းဟုပင်ဖြစ်သည်။ နိုင်ငံသားတို့အား သွေးသစ်လောင်းခြင်းသည် နိုင်ငံတော်အား သွေးသစ်လောင်းခြင်းပင် ဖြစ်သည်။ ဤပဓာန ရည်ရွယ်ချက်ကို ပြည့်စုံအောင် လေ့ကျင့်ပေးရန်ကို အခြား ပညာရေးစနစ်များ မစွမ်းဆောင်နိုင်ပါ။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်သာလျှင် (ဝါ) ဘက်စုံဖွံ့ဖြိုးသော ပညာရေးစနစ်သာလျှင် စွမ်းဆောင်ပေးနိုင်၏။ **"အနောက်တိုင်းပညာရေးစနစ်က စွမ်းဆောင်ပေးနိုင်သလား။" "အချို့သောအရှေ့နိုင်ငံများသုံးနေသော ပညာရေးစနစ်တို့ စွမ်းဆောင်ပေးနိုင်ပါသလား။"** အဖြေမှာ အနောက်တိုင်းပညာရေးစနစ်လည်း မဟုတ်၊ အချို့သော အရှေ့နိုင်ငံများ သုံးနေသော ပညာရေးစနစ်တို့လည်းမဟုတ်။ မိမိတိုင်းပြည်နှင့် သင့်တော်သော အမျိုးသားလက္ခဏာ ပြုပညာရေးစနစ်က သာလျှင် နိုင်ငံသားတို့၏ အရည်အသွေးကို မြင့်တက်လာစေမည်။ အမျိုးသားလက္ခဏာ ပြုပညာရေးစနစ်သာ ဤနိုင်ငံသားတို့၏ သိမှုကို မြင့်တက်လာစေမည်။ အမျိုးသား လက္ခဏာပြုပညာရေးစနစ်သာလျှင် နိုင်ငံသားတို့၏ အသိဉာဏ်ကို ဖြစ်ထွန်းရင့် ကျက်လာစေမည်။ အမျိုးသားလက္ခဏာပြု ပညာရေးစနစ်သာလျှင် နိုင်ငံသားတို့အား သွေးသစ်လောင်းပေးနိုင်သည်။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်သာလျှင် နိုင်ငံတော်တစ်ခုလုံးအတွက် အပြုစွမ်းအားကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ခုတည်ဆောက်ရာတွင် အမျိုးသားလက္ခဏာပြုပညာရေးစနစ်သည် အရေးပါသည့် အခန်းကဏ္ဍတစ်ခု ဖြစ်လာသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုသည် မပြီးဆုံးနိုင်သောလုပ်ငန်း တစ်ခုဖြစ်ပြီး အမြဲအစဉ် ကောင်းသည်ထက်ကောင်းအောင် ပြည့်စုံသည်ထက် ပြည့်စုံအောင် ခေတ်၏တောင်းဆိုချက်များနှင့်အညီ လိုက်လျောညီထွေအောင် ပြုပြင်ဆောင်ရွက်သွားရန်သာဖြစ်သည်။ ပညာရေးကဏ္ဍတွင် အုံလိုက်ကျင်းလိုက် ပြုပြင် ပြောင်းလဲရေးများ အင်တိုက်အားတိုက် မလုပ်နိုင်သေးသရွေ့ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သို့ရောက်ရန် နှေးကွေး၏။ နိုင်ငံသားတိုင်း တိုင်းပြည် တည်ဆောက်ရေးတွင် မိမိတို့စိတ်ဝင်စားရာ အခန်းကဏ္ဍအလိုက် ပါဝင်လာရေး သည် သဘာဝအလျောက် အလိုလိုဖြစ်မလာနိုင်။ ပညာရေး ပြုပြင် ပြောင်းလဲမှုများ မှသာ ဝန်ထုပ်ဝန်ပိုးများမှသည် အရည်အချင်းရှိသော နိုင်ငံသားများဖြစ်လာအောင် လေ့ကျင့်ပေးနိုင်သည်မှာ မြေကြီးလက်ခတ်မလွဲသော လက်တွေ့တရားဖြစ်၏။ ပညာရေးပြုပြင်ပြောင်းလဲရေးတွင် ဆရာ၊ဆရာမ၊ ကျောင်းသား၊ မိဘနှင့် အစိုးရ အားလုံးတို့အသိတူညီစွာ စိတ်ပါလက်ပါပူးပေါင်းဆောင်ရွက်မှ အောင်မြင် မည် ဖြစ်၍ ပါဝင်သူများအသိတူစေရန် နိုင်ငံတော်အစိုးရမှ ဦးဆောင်မှု ပြု၍ TV ၊ သတင်းစာတို့မှတစ်ဆင့် သိနားလည်တတ်လာစေရန် နားလည်စွာသိရှိ လက်ခံလာ စေရန် စိတ်ပါလက်ပါ ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်မှုပြုရန် လိုအပ်သည်။

ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာ၌ အဆင့်ဆင့်ရှိသည့် အနက် ပထမအဆင့်ဖြစ်သည့် စည်းရုံးရေးအဆင့်တွင် မီဒီယာများမှတစ်ဆင့် ဆောင်ရွက် ရန်ဖြစ်သည်။ ဒုတိယအဆင့်လည်းဖြစ် တစ်ပြိုင်တည်း အကောင်အထည် ဖော်ရန် လည်းဖြစ်သည့် ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဥပဒေ၊ စည်းကမ်း နည်းလမ်းများနှင့် ပြုပြင်ပြောင်းလဲရေးတွင်အခြေခံသော ပညာရေးနိယာမ တရား များကိုလည်း ဆရာဆရာမများနှင့်မိဘ ကျောင်းသားတို့ကျယ်ပြန့်စွာ သိရှိ နားလည် စေရန် တစ်ပြည်လုံးအတိုင်းအတာဖြင့် ပို့ချလေ့ကျင့်ခြင်းများ ဆောင်ရွက်ရန် ဖြစ်သည်။

တစ်ပြိုင်တည်း တစ်ချိန်တည်းမှာပင် ပညာရေးဝန်ကြီးဌာနမှ ဒေသနှင့် ကိုက်ညီသည့် လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီး၊ ဆရာ၊ မိဘနှင့် ကျောင်းသားများ၏ အတွေးအသိတွင် သိရှိနားလည်ပြီးဖြစ်သော လုပ်ငန်းရပ်တို့ကို (ပြုပြင် ပြောင်းလဲရေး)

လက်တွေ့လုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ဆောင်လာနိုင်ရေးအတွက် အခြေ အနေကောင်းများ ဖန်တီး၍ထောက်ပံ့ ကူညီတွန်းအားပေးရန်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနမှနေ၍ လစဉ်အလိုက်၊ နှစ်စဉ်အလိုက် တိုးတက်မှုများကိုစစ်ဆေးလေ့လာသည်။ မှတ်တမ်းပြုစု၍ အမြဲတမ်းကော်မတီတစ်ခုမှ မည်ရွေ့မည်မျှ တိုးတက်ပြီးဖြစ်၍ မည်ရွေ့မည်မျှမည်ပုံ ဆက်လက်ဆောင်ရွက်ရန်ကို အနာဂတ်လုပ်ငန်းစီမံချက်များတွင် ဖြည့်စွက်ခြင်းဖြင့် အနာဂတ်လုပ်ငန်းစီမံချက်ရေးဆွဲကာ နေ့စဉ်လုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်ရန်ဖြစ်သည်။

အမျိုးသားလက္ခဏာပြု ပညာရေးစံနစ်မပါပဲ နိုင်ငံအပေါ် အမြင်ကြည်လင် သည့် ကမ္ဘာကြီး အပေါ်အမြင်ကြည်လင်သည့် နိုင်ငံသား များများစားစား မမွေး ထုတ်နိုင်။ အမျိုးသားလက္ခဏာပြု ပညာရေးစနစ်မပါဘဲ ဘဝနှင့် ဘဝတန်ဖိုးကို သိသောသူများ မမွေးထုတ်နိုင်။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်မပါဘဲ လူ့စည်းကမ်းသိပြီး အလုပ်စည်းကမ်းပါနားလည်သည့် နိုင်ငံသားများ ဖြစ်မလာနိုင်။ အမျိုးသားလက္ခဏာပြု ပညာရေးစနစ် မပါဘဲ မိသားစုတန်ဖိုးနှင့် မိမိကိုယ်တိုင်၏ တန်ဖိုးသိသော နိုင်ငံသားဖြစ်မလာနိုင်။ အမျိုးသားလက္ခဏာပြု ပညာရေးစနစ် မပါဘဲ မိမိကိုယ်ကို မိမိလေးစားသော၊ မိမိကိုယ်မိမိယုံကြည်သော မိမိကိုယ်မိမိ တိုးတက်အောင် လုပ်နိုင်သည်ဟုယုံကြည်သော နိုင်ငံသားများ မထွက်ပေါ်နိုင်။

သို့ဖြစ်၍ တရုတ်တို့သည် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အားချင်းလုပ်ကိုင်ဆောင်ရွက်ကြ၏။ တက်ကြွစွာလုပ်ဆောင်ကြ၏။ သိရှိနားလည်၍ လုပ်ဆောင်ကြ၏။ ယခင်က လိုအပ်ခဲ့သော ပညာရေးဆိုင်ရာအတွေးအခေါ် ယူဆချက်များ၊ သက်ဝင်ခဲ့သည်များနှင့် ပညာရေးဆောင်ရွက်သည်။ ဖွဲ့စည်းပုံ၊ ဆရာများ လေ့ကျင့်ပေးပုံများ၊ ကျောင်းသားများအား ပို့ချပုံများ၊ သင်ကြားသင်ယူမှု အထောက်အကူပြု အချင်းအရာများ အားလုံးတို့ကို ပြည့်စုံအောင် ဖြည့်စွက် ပြုပြင်ပြောင်းလဲကြပြီး တိမ်မြုပ်နေခဲ့သော တရုတ်တို့၏ စွမ်းအားတို့ကို ဖော်ထုတ်ပြီး ရင့်သန်အောင် လေ့ကျင့်ခြင်းဖြင့် နိုင်ငံသားအားလုံးကို သွေးသစ်လောင်းနိုင်ခဲ့၍ ယခုမျက်မှောက်တရုတ်ပြည်သည် စွမ်းအားရှိလာခြင်း ဖြစ်သည်။

ဤသို့အောင်မြင်ခဲ့ခြင်းသည် တရုတ်နိုင်ငံအစိုးရ၏ မှန်ကန်သော အတွေးအခေါ်ပေါ်တွင်အခြေခံ၍ ဆရာဆရာမ၊ မိဘကျောင်းသားများ အားလုံး(ဝါ) နိုင်ငံသားများအားလုံး အသိတူညီစွာ ပါဝင်လုပ်ကိုင်ပြုပြင် ပြောင်းလဲနိုင်ခဲ့၍သာ ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့၍ တရုတ်တစ်နိုင်ငံလုံးတွင် တရုတ်နိုင်ငံသားတို့၌ တူညီသောအင်္ဂါရပ်များ တူညီသောစွမ်းအားများ ရှိလာသည်ကို တရုတ်နိုင်ငံ၏ အမျိုးသားရုပ်လက္ခဏာဟူ၍ခံယူပြီး တရုတ်နိုင်ငံသားတို့၏ **အမျိုးသား ရုပ်လက္ခဏာဖြစ်သော လူမှုရေးအသိ ဖွံ့ဖြိုးခြင်း၊ သိမှုကျယ်ပြန့်ခြင်းနှင့် ဉာဏ်ဖွံ့ဖြိုးခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ခြင်း၊ အနုပညာ ခံစားမှုတို့၏ မဝေးကွာခြင်း၊ စိတ်ဓာတ် နှုးညံ့ကောင်းမွန်ခြင်း** တို့သည် လက်တွေ့တရုတ်ပြည်သစ် တည်ဆောက်ရေးအတွက် တောင့်တင်းခိုင်မာသော အခြေခံအုတ်မြစ်တို့ဖြစ်လာ၍ တရုတ်ပြည်သစ် ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။

ဤသို့ကောင်းမွန်သော အမျိုးသားရေးလက္ခဏာများ နိုင်ငံသားတိုင်းတွင်ဖြစ်တည်လာရေးအတွက် နိုင်ငံသားတို့၏ ပညာရေးအသိခံယူချက်၊ ပညာရေးအပေါ်မြင်ပုံမြင်နည်း၊ သုံးသပ်ပုံသုံးသပ်နည်းတို့အား မှန်ကန်သောပညာရေးနိယာမတရားတို့တွင် အခြေခံပြု၍ ဆက်လက်နက်ရှိုင်းစွာ တိုးတိုးဝင်ဝင် သိရှိရန်လိုသည်ဖြစ်၍ အခြေခံပညာကျောင်းများမှ စတင်၍ ကလေးဘဝမှသိရှိ လာစေရန် အခြေခံကျသော အရေးကြီးသည့် ဆောင်ရွက်ချက်များကို စတင်လုပ်ဆောင်ကြသည်။

သို့မှသာ မျိုးဆက်သစ်တို့ကြီးပြင်းလာသည်နှင့်အမျှ ၎င်းတို့၏ အတွေးအမြင်အသိတို့ မှန်ကန်ရင့်ကျက်လာပြီး။ ၎င်းတို့ တစ်ဦးချင်းကြီးပွား တိုးတက်မှုအတွက် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်တတ်လာမည်ဖြစ်သည်။ ထိုကဲ့သို့သော တစ်ဦးချင်းဘဝတိုးတက်ဖြစ်ပေါ်လာခြင်းဖြစ်စဉ်တွင် မိမိကိုယ်ကို မိမိအားစိုက်၍ ကြိုးပမ်းဆောင်ရွက်တတ်လာခြင်းကြောင့် တိုင်းပြည်တွင် ဝန်ထုပ်ဝန်ပိုး နည်းလာမည် ဖြစ်ပြီး၊ ဖြစ်ထွန်းလာသော တစ်ဦးချင်းဘဝ တိုးတက်မှုအား လူ့အဖွဲ့အစည်းအလိုက်သုံးသပ်သော လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး တိုးတက်ပြီး ဖြစ်နေခြင်းပင်ဖြစ်သည်ဟု တရုတ်ပြည်၏ တိုးတက်ဖြစ်ထွန်းမှုကိုသုံးသပ်ကြသည်။

အမျိုးသားလက္ခဏာပြုပညာရေးစနစ်ကို အသုံးပြုရန် လေ့ကျင့်ခြင်းသည် နိုင်ငံ၏ပညာရေးခံယူချက်ကို ဖော်ဆောင်ခြင်းဖြစ်သည်။ နိုင်ငံ၏ ရည်မှန်းချက်များဖြစ်သည့် အလုပ်လုပ်နေသော နိုင်ငံသားများ၏ အရည်အချင်းကို မြှင့်တင်နေခြင်းပင်ဖြစ်သည်ဟု တရုတ်တို့ခံယူကြသည်။

အမျိုးသားလက္ခဏာပြုပညာရေးစနစ်တွင် လက်တွေ့လုပ်ငန်းခွင်အတွင်း လိုအပ်သော ကျွမ်းကျင်မှုများတွင် အများနှင့်မတူသော ဆန်းသစ်မှုများ ဆောင်ကြဉ်းပေးနိုင်သည်။ အသိဉာဏ်စွမ်းအင်တို့ကို ဦးစားပေးမွေးမြူနိုင်ခြင်းပင် ဖြစ်သည်။ ထိုကျွမ်းကျင်မှုနှင့် အသိဉာဏ်တို့ကိုတိုင်းပြည် တည်ဆောက်ရေး အင်အားအဖြစ် ပြောင်းလဲ ပြုပြင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်သည်။ ထိုသို့ **ကျွမ်းကျင်သော အသိဉာဏ်ရှိသော နိုင်ငံသားများဖြစ်လာစေရန် လိုအပ်သည့် လက္ခဏာများဖြစ်သည့် လူ့ကျင့်ဝတ်စည်းကမ်း ကောင်းစွာသိနားလည်ခြင်း၊ သိမှုဗဟုသုတများခြင်းနှင့် သိမှုမှန်ခြင်း၊ ဉာဏဗလတွင်မက ကာယဗလနှင့် ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ခြင်း၊ အနုပညာဆိုင်ရာ အသိအမြင်ရှိခြင်းနှင့် စရိုက်သဏ္ဍာန်တွေး ခေါ်ပုံသိမ်မွေ့ခြင်း၊ မြင့်မားသော စံနှုန်းများကို သိရှိလက်ကိုင်စွဲ ဆောင်ရွက်တတ်ခြင်းနှင့် စည်းကမ်းတန်ဖိုးကို နားလည်လက်ခံကျင့်သုံး ပြန့်ပွားစေခြင်းသည် လက္ခဏာရပ်များကို ဖြစ်တည်လာစေရန်** အခြေခံပညာကျောင်းများတွင် အစပြု၍ လေ့ကျင့်မွေးမြူ တည်ဆောက်ကြသည်။

ဤအမျိုးသားလက္ခဏာပြုပညာရေးစနစ်ကို တည်ဆောက်နိုင်မှသာ ခေတ်မီ ဖွံ့ဖြိုးလာစေသည့် တွန်းအားကို တည်ဆောက်နိုင်လာမည်ဖြစ်၍ တရုတ်တို့ အမျိုသားလက္ခဏာ ပြုပညာရေးစနစ်ကို သဲကြီးမဲကြီးဝိုင်းဝန်းတည်ဆောက် ကြ၏။

ဤအမျိုးသားလက္ခဏာပြုပညာရေးစနစ်မှ မွေးထုတ်လိုက်သော လူငယ်တို့သည် သာမန်သိခြင်း၊ သေချာစွာ နားလည်ခြင်းနှင့် လက်တွေ့အသုံး ချသိပ္ပံတို့ကို ကောင်းစွာနားလည်လာမည်။ မိမိကိုယ်တိုင်အခက်အခဲများ ဖြေရှင်းတတ်လာသည်ကိုလည်း သတိပြုတတ်လာမည်။ စာအုပ်ဖတ်၍ ရသောအသိနှင့်လက်တွေ့ဘဝတို့ ကွာခြားချက်များကိုလည်း သိမြင်လာမည်။ လူကောင်းတို့၏တန်ဖိုး၊ တိုင်းပြည် တန်ဖိုးနှင့် မိမိ၏တန်ဖိုးကိုလည်း သိမြင်လာမည်။ မြင့်မားသော စံနှုန်းများနှင့် ငွေစံနှုန်းများရရှိအောင် ဆောင်ရွက်သည့်အခါ မည်မျှအလုပ်လုပ်မှ

ရနိုင်သည်ကိုလည်းပဲ မြင်တတ်လာမည်ဖြစ်၍ အမျိုးသားလက္ခဏာပြုပညာရေး စနစ်ဖြင့် နိုင်ငံသားတို့အားလေ့ကျင့်ရာတွင် တစ်ဦးတစ်ယောက်မှ လွတ်သွားခြင်း မရှိရန် ကြိုးစားရန်လိုသည်။ သို့မှသာ နိုင်ငံသားတိုင်း အသိတူမည်။ အသိတူမှ အင်အား ဖြစ်မည်။ အသိတူမှ ခံစားချက်တူမည်။ အသိတူခံစားချက်တူမှ အင်အားဖြစ်သည်။ ထို့ကြောင့် အမျိုးသားလက္ခဏာပြုပညာရေး စနစ်တည်ဆောက်ရာတွင် မူကြိုကျောင်းများမှစ၍ နိုင်ငံသား တစ်ဦးစီတိုင်းမလွတ်တမ်း လေ့ကျင့်ပေးနိုင်စေရန် တရုတ်တို့ စီမံချက်ချဆောင်ရွက်ကြ၏။ ကလေးများအားလုံးတွင် တူညီသော အမျိုးသားလက္ခဏာများတည်ဆောက်နိုင်ရန် တူညီသောအခြေခံကောင်းများချပေးနိုင်ရေးအတွက် အရွယ်ရောက်သော ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်နိုင်ရေးကဏ္ဍသည် အရေးပါလာ၏။

## အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်း၊ အပြည်ပြည်ဆိုင်ရာကျောင်း၊ အစိုးရနှင့်ဖက်စပ်ကျောင်း

ပုဂ္ဂလိကကျောင်းများရှိ ကလေးများလည်း အသိတူစေရန် အခြေခံတူညီမှုရှိအောင် ညှိနှိုင်းသင်ကြား စေသည်။ ပုဂ္ဂလိကကျောင်းများတွင်လည်း ပံ့ပိုးသော ရုပ်ဝတ္ထုပစ္စည်းများ ပိုမိုကောင်းမွန်ခြင်းနှင့် လူဦးရေနည်းခြင်း စသည့်ပိုမိုကောင်းမွန်သောပတ်ဝန်းကျင် ထားပေးသော်လည်း အမျိုးသားလက္ခဏာပြုပညာရေးစနစ်ကိုပင် အခြေခံ၍ သင်ကြားပေးရေးကို ပုံစံပြုစေခြင်းဖြင့် မည်သည့်ကျောင်းကဆင်းဆင်း အခြေခံ အားဖြင့်တိုင်းပြည်တည်ဆောက်ရေးတွင် လိုအပ်သည့် အမျိုးသားလက္ခဏာ အင်္ဂါရပ်များအားလုံး တူညီစွာပါဝင်လာစေရေးကို ကြိုးပမ်းကြရန် တရုတ်ပြည်တွင် အပြည်ပြည် ဆိုင်ရာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ တရုတ်အစိုးရနှင့် ပြင်ပ အစိုးရ၏ ဖက်စပ်ကျောင်းများ မြောက်မြားစွာ ပေါ်ထွက်လာပြီး အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ အပြည်ပြည်ဆိုင်ရာ ကျောင်းများ၏ ကွာဟချက်မှာ ပံ့ပိုးသော ရုပ်ဝတ္ထု ပစ္စည်းနှင့် နေရာဌာနသာဖြစ်ပြီး သင်ကြားလေ့ကျင့်၍ရရှိလာသော အသီးအပွင့်များမှာမူ တိုင်းပြည်အတွက် လိုအပ်သော လက္ခဏာအင်္ဂါများဖြစ်သည်။ လူမှုရေးအသိရှိပြီး သိမှုကြွယ်ဝသော ကျန်းမာကြံ့ခိုင်သည့် စိတ်ထားကောင်းမွန်သော စည်းကမ်းရှိသော နိုင်ငံသားများ များစွာပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် ပုဂ္ဂလိကကျောင်းများကို တရုတ်အစိုးရမှ သေချာစွာ စိစစ်မှု ပြုခဲ့ကြပြီး တရုတ်ပြည်သစ်အတွက် လိုအပ်သောအသိဉာဏ်ရှိသည့် ဘက်စုံလေ့ကျင့်ပြီးဖြစ်သော ပညာတတ်များမွေးထုတ်နိုင်ရေးတွင် အမှန်တကယ် လုပ်ကိုင်နိုင်သော ကျောင်းများကိုသာခွင့်ပြုခဲ့ကြသည်။ ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့် ဆရာ၊ ဆရာများအားလုံးသည် တရုတ်ပြည်၏ ပညာရေးမူဝါဒ ဖြစ်သော စာမေးပွဲဦးတည် လေ့ကျင့်ခြင်းမှသည် အရည်အချင်းရှိသော နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့် ပေးရေးသို့ ပြောင်းလဲရန်နှင့် တရုတ်ပြည်၏ အမျိုးသား လက္ခဏာပြုပညာရေးစနစ် ကိုကောင်းစွာ သိရှိပြီးဖြစ်ရန်လိုသည်။ လက်တွေ့တွင်လည်း ပုဂ္ဂလိကကျောင်းများ၏ စွမ်းရည်နှင့် လုပ်ဆောင်ချက်ကို အမြဲဆန်းစစ်လေ့လာပြီး စွမ်းရည်နှင့် လုပ်ဆောင်ချက်ညံ့ဖျင်းသောကျောင်းများကို သတိပေးခြင်း၊ အရေးယူခြင်းနှင့် အဆိုးဆုံး ပိတ်သိမ်းပစ်သည့်အထိ ဥပဒေများ ရေးဆွဲရန် မိမိ၏ကျောင်းသားများကို အကာအကွယ်ပေးထား၏။ ပုဂ္ဂလိကကျောင်းများအား ခွင့်ပြုပေးရာတွင် ပညာရေး ကဏ္ဍတွင် နားလည်တတ်ကျွမ်းသော ပညာတတ်များက ကြီးကြပ်၍သေချာစွာ စစ်ဆေးပြီးမှ ဖွင့်လှစ်ခွင့်ပေးသည့်အပြင် ပုဂ္ဂလိကကျောင်းများအား ပုံမှန်စစ်ဆေးမှု များကို ပြည်တွင်းစစ်ဆေးရေး အဖွဲ့များသာမက ပြည်ပစစ်ဆေးရေးအဖွဲ့များပါ သုံး၍စစ်ဆေး ခွင့်ပြုခဲ့ကြသည်။ ပုဂ္ဂလိကကျောင်းဖွင့်ခွင့်ကို စီးပွားရေးလုပ်ငန်း အခွင့်အရေးတစ်ခုကဲ့သို့ ယူဆကာ အလုအယက်ကျောင်းများဖွင့်လာကြပြီး အပေါ်ယံတွင် ကျောင်းနှင့်တူအောင် ဟန်ပြထားကာ အမှန်တကယ် သင်ကြားရေး တွင် တရုတ်ပြည်၏ ပညာရေး မူဝါဒအတိုင်း အရည်အချင်း ရှိသော နိုင်ငံသားများ မွေးထုတ်ပေးရန် မကူညီ မဆောင်ရွက်ပေးနိုင်မည့် ကျောင်းများအား ကနဦးကပင် ဖွင့်ခွင့်မပေး၊ ဖွင့်ခွင့်ရပြီးနောက် ဆိုခဲ့သည့် အတိုင်းလုပ်ဆောင်ခြင်း မရှိ၊ မလုပ်နိုင်ပါက ဖွင့်လှစ်ခွင့် ပြန်ရုပ်သိမ်းသည့်အခါ တက်ရောက်ဆဲ ကျောင်းသားများအတွက် စဉ်းစားရန်မှာ အစိုးရ ပြဿနာတစ်ရပ်ဖြစ်လာမည်ဖြစ်၍ ပုဂ္ဂလိကကျောင်း ဖွင့်လှစ်ရန် ဖွင့်လှစ်ခွင့်ပေးခြင်းကို ဗဟိုအစိုးရအထိတင်ပြကြရသည်။ ဗဟိုအစိုးရမှ အဆင့်ဆင့်စိစစ်၍ ကွင်းဆင်းကြည့်ရှုပြီး နားလည်သောပညာရှင်အဖွဲ့များ၏ ထောက်ခံချက်များရယူပြီးမှ သေချာသည်ထက်သေချာအောင် ဆန်းစစ်၍ ခွင့်ပြုချက်ပေးကြသည်။

တရုတ်ဗဟိုအစိုးရ၏ မူဝါဒအရ ပုဂ္ဂလိကပညာရေးကဏ္ဍတွင် အစိုးရ၏ပါဝင်ပတ်သက်မှုရှိရမည် ဖြစ်သည်။ ကျောင်းလခကောက်ခံမှုတွင် ဗဟိုအစိုးရအနေဖြင့် ပါဝင်ပတ်သက်မှုမရှိပါ။ ဗဟိုအစိုးရအနေဖြင့် အဓိက ပါဝင်ပတ်သက်

သည့်အပိုင်းမှာ သင်ကြားမည့်ဆရာ ဆရာမများ၏ အရည်အသွေး၊ အတွေးအခေါ်၊ ခံယူချက်၊ လက်တွေ့လုပ်ဆောင်မှုတို့သာ ဖြစ်ပါသည်။ တရုတ်ပြည်သစ် တည်ထောင်ရေးအတွက် လိုအပ်သော အမျိုးသားလက္ခဏာများ ပါဝင်အောင် လေ့ကျင့်ပေးမည့် ဆရာများသည် ၎င်းတို့ကိုယ်တိုင် ဤအမျိုးသား လက္ခဏာများ ရှိနေရမည်ဟုယူဆ၍ ထိုအမျိုးသားလက္ခဏာများကို တည်ဆောက်ပေးနိုင်သူများဟုတ်မဟုတ်ကို ဗဟိုအစိုးရမှ သေချာစွာ ကြည့်ရှု၍စမ်းသပ်သည်။ အပြည်ပြည်ဆိုင်ရာ ကျောင်းများကို ဖွင့်လှစ်ခွင့်ပေးသည်။ သို့ရာတွင် ထိုအပြည်ပြည်ဆိုင်ရာ ကျောင်းများတွင် လာရောက်လုပ်ကိုင်ကြမည့် ဆရာများသည် အမှန်တကယ် ပညာရေးလောကတွင် သင်ကြားမှုလုပ်သက်ရှိပြီး ဆရာအစစ်များဖြစ်ကြစေရန် စိစစ်သည်။ ပြည်တွင်းစိစစ်ချက်များ တင်မက ပြည်ပအဖွဲ့အစည်းများဖြစ်သော Accreditation Agency များ၏ စစ်ဆေးပြီး သော Accredited များဖြစ်ပါက လက်ခံ၍ ဖွင့်လှစ်ခွင့်ပေးသည်။ World Class Accreditation များရရှိသော ကျောင်းများအား ဖွင့်လှစ်ခွင့် ပေးသည်။

## တရုတ်ပြည်ခေတ်မီရေးအတွက် ဘီးသုံးလုံး

တရုတ်ပြည်၏ ပုဂ္ဂလိကကျောင်းများအပေါ် ခံယူသဘောထားမှုနှင့် ပတ်သက်၍ တရုတ်ပြည်အား ခေတ်သစ်သို့ရောက်ရှိနိုင်ရေးအတွက် ရှေ့သို့ ရွေ့လျားအောင်ပို့ဆောင်ရာတွင် ပညာရေးတည်းဟူသော ဘီးသုံးလုံးဖြင့် ရှေ့သို့ ရွေ့လျားစေမည်ဟု တရုတ်ခေါင်းဆောင်တို့က ဆိုသည်။ ဘီးတစ်လုံးမှာ အစိုးရကျောင်းများဖြစ်သောဘီးဖြစ်ပြီး၊ အမျိုးသားလက္ခဏာပြုပညာရေးစနစ်ကို အခြေခံပြု၍ အရည်အချင်းရှိသော ကုန်ထုတ်လုပ်နိုင်မည့် နိုင်ငံသားများ မွေးထုတ်ရန် သော်လည်းကောင်း၊ နောက်ဘီးတစ်လုံးအနေဖြင့် ပုဂ္ဂလိကကျောင်းဟူသော ဘီးဖြင့်လည်း ငွေကြေးတတ်နိုင်၍ အခြားရွေးချယ်မှု ပြုလိုသော နိုင်ငံသားများအတွက် ခွင့်ပြုပေးထားသည်။ ပုဂ္ဂလိကကျောင်းဟူသည် အစိုးရကျောင်းများအား ပြိုင်ဆိုင်ရန်မဟုတ်ဘဲ အစိုးရကျောင်းများထက် နေရာတိုင်းတွင် ကျောင်းသားဦးရေ၊ ရုပ်ဝတ္ထုပံ့ပိုးမှုများစသည့် ကွာဟချက်များကို ငွေကြေးသုံးစွဲ၍ ပညာသင်လိုသော မိဘများအတွက် ရွေးချယ်စရာထားပေးခြင်းသာဖြစ်သည်။ ပုဂ္ဂလိကကျောင်းများလည်း နိုင်ငံတော် ၏မူဝါဒအတိုင်း တိုင်းပြည်အတွက်အသုံးကျမည့် နိုင်ငံသားများပင် မွေးထုတ်ပေးရန်ဖြစ်၍ ဘီးနှစ်ဘီးရပြီဖြစ်၏။

နောက်ဆုံးအင်အားရှိပြီး အရေးကြီးသော ဘီးကြီးတစ်ဘီးမှာ နိုင်ငံတကာရှိ တက္ကသိုလ်ကျောင်းများနှင့် တရုတ်အစိုးရတို့ ဖက်စပ်လုပ်ဆောင်သော အဆင့်မြင့်တက္ကသိုလ်ကြီးများနှင့် အထက်တန်းကျောင်းများဖြစ်ပါသည်။ ထိုသို့ ပုဂ္ဂလိကကဏ္ဍနေရာများ၏အားကိုပါရယူခြင်းဖြင့် ဒေသအလိုက်ကျောင်းနှင့် ကျောင်းသားဦးရေမမျှတမှုသည် အားလုံး တွင်အရေးကြီးဆုံးဖြစ်သော စာမေးပွဲကို ဦးတည်၍ လေ့ကျင့်ပေးခြင်းမှ နိုင်ငံအတွက် လိုအပ်သော အမျိုးသားလက္ခဏာ ရပ်များပါသည့် လေ့ကျင့်လာရေးဆီသို့ ပြောင်းလဲရာတွင် အထက်တန်း ကျောင်းများ အောင်မြင်ကြသည့်အခါ ဆက်လက်ဝင်ရောက် ပညာသင်ကြားနိုင်ရန် ကမ္ဘာ့အဆင့် ရင်ဘောင်တန်းနိုင်သည့် တက္ကသိုလ်ကျောင်းကြီးများ တည်ရှိနေ၍ အားလုံးကိုလက်ခံနိုင်စွမ်းရှိလာ၍ စာမေးပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ရန် မလိုတော့ဘဲ တက္ကသိုလ်ကြီးများက အမှန်တကယ်ဆရာဝန်ဖြစ်လိုသူ များကို ဆေးကျောင်းများက လက်ခံသင်ကြား လေ့ကျင့်ပေးသလို အမှန်တကယ်အင်ဂျင်နီယာ ဖြစ်လိုသူများကိုလည်း တက္ကသိုလ်ကြီးများက လက်ခံလေ့ကျင့်ပေးနိုင်ရန် တရွေ့ရွေ့ဖြင့် စာမေးပွဲအတွက် လေ့ကျင့်ပြင်ဆင်ပေးခြင်းသက်သက် ဓလေ့ပျောက်ကွယ် လျော့နည်းလာပြီး လူတိုင်းလူတိုင်းလိုလို သက်ဆိုင်ရာ မိမိတို့ တက်ရောက်လိုသော တက္ကသိုလ်များက မိမိအား ပါလာစေလိုသော အရည်အချင်းများ ပြည့်အောင် ကြိုးစားအားထုတ်ကြ၍ အရည်အချင်းများစွာနှင့်ပြည့်စုံသော အရည်အသွေး ရှိသည့် နိုင်ငံသားပေါင်း သန်းချီ၍ ပေါ်ထွက်လာခဲ့သည်။

အစိုးရကျောင်းများသည် နိုင်ငံ၏ ပညာရေးမူဝါဒနှင့် ပညာရေး ဥပဒေ စည်းကမ်းများကို လိုက်နာရသလို ပုဂ္ဂလိကကျောင်းများနှင့် နိုင်ငံတကာဖက်စပ် တက္ကသိုလ်ကြီးများလည်း အစိုးရ၏ အဆင့်မြင့်ပညာ ဥပဒေများကိုလိုက်နာရသည်။ တရုတ်ပြည်တွင် ပြုစုပြဌာန်းထားသော ဥပဒေများသည် အမြင်ကျယ်ကျယ်နှင့် ရှေ့နောက်ကြည့်၍ ရေးဆွဲပြဌာန်းထားသည်ဖြစ်ရာ နိုင်ငံတကာတက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာကျောင်းများ၏ ကမ္ဘာတစ်လွှားတွင် လိုက်နာကြရသည့် အတိုင်းပင်ဖြစ်၍ တရုတ်ပြည်ပုဂ္ဂလိကပညာရေးကဏ္ဍတွင် လာရောက် ဝိုင်းဝန်း ကူညီပေးကြသော နိုင်ငံတကာကျောင်းများသည်လည်း ကျဉ်းကျပ်မှု ဝန်ထုပ်ဝန်ပိုး မရှိဘဲ နိုင်ငံတကာ စံနှုန်းဥပဒေများအတိုင်း တရုတ်ပြည်သစ် တည်ဆောက်ရေးတွင် အရေးပါသည့်နိုင်ငံသားများ၊ တရုတ်ပြည်သစ် တည်ဆောက်ရေးအတွက် လိုအပ် သော အမျိုးသားလက္ခဏာကောင်းများ ပါဝင်သောကလေးများကို ကူညီမွေးထုတ်

ပေးလာနိုင်ခဲ့ကြသည်။ လူဦးရေများသော အစိုးရကျောင်းများတွင် အများစု တက်ရောက်ပညာသင်ကြားသော်လည်း နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ၊ လာရောက်အလုပ်လုပ်ကိုင်ကြသော နိုင်ငံခြားသားများ၊ တရုတ်အစိုးရ၏ စစ်ရေးစီမံကိန်းများတွင် လာရောက်လုပ်ကိုင် ပေးနေကြသော နိုင်ငံခြားသားများအတွက် အပြည်ပြည်ဆိုင်ရာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်ကြီးများသည် များစွာအထောက်အပံ့ ဖြစ်သောကြောင့် တရုတ်နိုင်ငံ၏ လူသားအရင်းအမြစ်စွမ်းအားများ နှစ်အနည်းငယ်အတွင်း သိသာစွာ တိုးတက်ကြီးထွားလာခဲ့သည်။ တရုတ်ပြည်သစ်တည်ဆောက်ရေးတွင် ကဏ္ဍအသီးသီးတွင် လိုအပ်သော ပညာတတ် လူတန်းစား မျိုးစုံတို့ကို အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ တစ်ပြိုင်နက် မွေးထုတ်ပေးနိုင်ကြ၍ လူစုံတက်စုံ အင်တိုက်အားတိုက် တိုင်းပြည်တည်ဆောက်ရေး ကို ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားလက္ခဏာပြ ပညာရေးစနစ်တွင် ပဓာနကျသည့် အခန်းကဏ္ဍမှာ နိုင်ငံသား တို့၏တီထွင်ဆန်းသစ်တတ်သော အစွမ်းသတ္တိကို ဖော်ထုတ်ရှင်သန်စေခြင်းပင် ဖြစ်ပါသည်။ အမျိုးသားလက္ခဏာပြပညာရေးစနစ်သည် မိမိ၏လုပ်ကိုင်နိုင်စွမ်းတန်ဖိုး၊ မိမိ၏တန်ဖိုးတို့ကို ရှုမြင်ပုံပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ အမျိုးသားလက္ခဏာ ပြပညာရေးစနစ်သည် မိမိ၏ဘဝအပေါ် ရှုမြင်သုံးသပ်ပုံကို အကောင်းရှုမြင်တတ်လာစေရန်ပြောင်းလဲပေးလိုက်ခြင်း ဖြစ်သည်။ အမျိုးသားလက္ခဏာပြပညာရေးတွင် လူမှုရေးကျင့်ဝတ်များ တည်ဆောက် ပေးလိုက်ခြင်းဖြစ်၏။ အမျိုးသား လက္ခဏာပြပညာရေးသည် မိသားစုကျင့်ဝတ်များ တည်ဆောက်ပေးလိုက်ခြင်း ဖြစ်သည်။ အမျိုးသားလက္ခဏာပြပညာရေးစနစ်သည် မိသားစုတန်ဖိုးနှင့် မိသားစုကြောင့် ဖြစ်တည်လျက်ရှိသော ကောင်းခြင်းများကို သိရှိလာစေရန် ပွဲပြင်ပေးလိုက်ခြင်းပင်ဖြစ်သည်။

## အမျိုးသားလက္ခဏာပြ ပညာရေးစနစ်၏ကောင်းကျိုးများ

ဤအမျိုးသားလက္ခဏာပြ ပညာရေးစနစ်၏ကောင်းကျိုးများကို ပိုမိုနားလည်စေရန်အတွက် အချက်သုံးချက်ကို နားလည်ရန်လိုပါသည်။

(၁) အမျိုးသားလက္ခဏာပြ ပညာရေးစနစ်ဖြင့် နိုင်ငံသားများကို လေ့ကျင့်ရာတွင် နိုင်ငံသားအားလုံးကို တစ်ယောက်မျှ ချန်လှပ်ခဲ့ခြင်းမရှိလျှင် အကောင်းဆုံး

ဖြစ်၏။ သို့ဖြစ်၍ တရုတ်တို့က Education Law ဟု ပြဌာန်း၍ "Citizens shall enjoy equal opportunity to obtain education according to law" ဟု ဖော်ညွှန်းခဲ့သည်။ နိုင်ငံသားတိုင်း ကျောင်းတက်ရန်နေရာ အာမခံချက်ရှိရမည် ဟူသည်မှာ ဥပဒေ၏ အခြေခံအနှစ်သာရဖြစ်သည်ဟု ပြဌာန်းခဲ့သည်။ သို့ဖြစ်၍ တရုတ်ဗဟိုအစိုးရမှ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းအပ်နှံနိုင်ရေးကို ဖြစ်နိုင်သမျှနည်းလမ်းတို့ အသုံးပြု၍ဆောင်ရွက်ခဲ့ရသည်။ တရုတ်ကလေးများ အားလုံးနီးပါးသည် အစိုးရကျောင်းများ ပုဂ္ဂလိကကျောင်းများနှင့် အစိုးရနှင့်နိုင်ငံခြား ဖက်စပ်ကျောင်းများအသီးသီးတွင် နေရာယူနိုင်ခဲ့သည်။ ထို့နောက် ဥပဒေအရ ဆရာဆရာမများက ၎င်းတို့လေ့ကျင့်ပေးမည့် ကလေးငယ်များကို တိုင်းပြည်၏ လိုအပ်ချက်အရ အနာဂတ်နိုင်ငံသစ်တည်ဆောက်ရေးတွင် အသုံး ကျမည့် အရည်အချင်းရှိသော နိုင်ငံသားများဖြစ်လာစေရန် ပြဌာန်းချက်များ ကျင့်သုံး၍ မဖြစ်မနေလေ့ကျင့်ပေးရန်ပြင်ဆင်ကြသည်။

(၂) အမျိုးသားလက္ခဏာပြုပညာရေးတွင် လေ့ကျင့်ခန်းများ လေ့ကျင့်မှုနည်းစနစ်များ ပုံစံပြုရာတွင် အရည်အသွေး လက္ခဏာရပ်အားလုံးကို မြှင့်တင်ရန် ရည်ရွယ်သည်။ လေ့ကျင့်ရင်းလေ့ကျင့်ရင်းမှ အရည်အသွေးရှိ နိုင်ငံသားကောင်း တစ်ဦးတွင် ရှိရမည့်အရည်အသွေး လက္ခဏာများစသည်တို့ တိုးတက်ထင်ရှားလာရန် ကြိုးပမ်းရန်ဖြစ်သည်။ စာမေးပွဲများနှင့်ပတ်သက်၍ စာမေးပွဲများအားလုံးလုံးဝပစ်ပယ် ထားခြင်းမပြုဘဲ လိုအပ်သည့်နေရာများတွင် အထူးသဖြင့် သိမှုအပိုင်းများအား စစ်ဆေးခြင်းများနှင့် နားလည်မှုအတိုင်းအတာ စစ်ဆေးခြင်းများတွင် စာမေးပွဲများ သုံးစွဲပြီး စိတ်ဓာတ်နှင့်စည်းကမ်းတို့ကိုမူ စဉ်ဆက်မပြတ် အကဲခတ်၍ မှတ်တမ်းပြု သည်။ စာမေးပွဲများကို အရေးပေးမှုလျှော့ပစ်ပြီး ပိုမိုအရေးကြီးသော သိမှုမှန်ကန်ခြင်း နှင့် အသိဉာဏ်တိုးတက်ခြင်း စာရိတ္တပညာနှင့် လူ့စည်းကမ်းကျင့်ဝတ်များ ဖြစ်တည်လာစေခြင်းနှင့် ယဉ်ကျေးလိမ္မာမှု၊ ဘဝအပေါ် အမြင်ရင့်ကျက်လာမှု၊ တိုင်းပြည်အပေါ် အမြင်ရင့်ကျက်လာမှုနှင့် ကမ္ဘာအပေါ် အမြင်ရင့်ကျက်လာမှုများ မိမိကိုယ်ကို မိမိအားကိုးတတ်မှု စသည်တို့အပါအဝင် ခန္ဓာကိုယ်ကျန်းမာရေးကို ထိန်းသိမ်း တတ်ခြင်း၊ စိတ်ဓာတ်တည်ကြည်ခိုင်မာခြင်း အစရှိသည့် နိုင်ငံတည်ဆောက်ရေးတွင်လိုအပ်သည့် အရည်အသွေးများ ရရှိလာစေရန် ပိုမိုအလေးပေး လေ့လာစစ်ဆေးလေ့ကျင့်ရန်ဖြစ်သည်။

***အမျိုးသားလက္ခဏာပြုပညာရေးတွင်၊ စာမေးပွဲများအမှတ်ကောင်း ဂုဏ်ထူး များရရှိသော်လည်း ၎င်း၏ဘဝတွင် နိုင်ငံအပေါ် အမြင်မတည့် ဖြစ်နေပါက ဤစနစ်၏ ပုံစံမှန်ကျောင်းသားကောင်းဟု မမှတ်ယူပါ။*** ထိုသို့သော ကျောင်းသားများသည် ၎င်းတို့ကိုယ်တိုင်တော်သော်လည်း ခံယူချက် မမှန်သောကြောင့် အများစုနှင့် စုပေါင်း လုပ်ကိုင်ရန်အဆင်မပြေနိုင်။ သို့ဖြစ်၍ နိုင်ငံတည်ဆောက်ရေးအတွက် အားဖြစ်မလာနိုင် စုပေါင်းလုပ်ကိုင် နိုင်စွမ်းရှိသော သူများသာ စုပေါင်းအားကိုဖြစ်စေမည်။ အမျိုးသားလက္ခဏာပြု ပညာရေးမှ ဤသို့သောကျောင်းသားမျိုးကို မွေးမထုတ်။ နောက်တစ်ဖန် စာမေးပွဲများတွင် အမှတ်များသော်လည်း လက်တွေ့လုပ်နိုင်ခြင်းမရှိသော ကျောင်းသားတို့သည် စာအုပ်ထဲမှသိမှုသာရှိပြီး လက်တွေ့ကိုယ်တွေ့ လုပ်ငန်းများနှင့် ကင်းကွာကာ စာအုပ်ထဲမှ အကြောင်းအရာများကိုသာ ကျက်မှတ်ပြီး အမှတ်များခဲ့သူများ သာဖြစ်၍ ထိုကျောင်းသားတို့ကိုလည်း ကျောင်းသားကောင်းဟုမသတ်မှတ်။ နောက်တစ်ဖန် စာမေးပွဲတွင် အမှတ်ကောင်းကောင်းရအောင် ဖြေဆိုနိုင်သလို လက်တွေ့သိမှုလည်းရှိပါ၏၊ လူမှုဆက်ဆံရေးတွင်လည်း အဆင်ပြေပြီး အတွေး အမြင်ဖြောင့် မတ်သော်လည်း မိမိကိုယ်ကို ကျန်းမာအောင် ထိန်းသိမ်း၍ မနေတတ်။ ထိုကျောင်းသားမျိုးသည်လည်း အမျိုးသားလက္ခဏာပြုပညာရေးစနစ်က လိုချင် သော မွေးထုတ်ပေးမည့် ကျောင်းသားမျိုး မဟုတ်။ ထိုသူများအားလုံးတို့ ကြီးပြင်းလာ သော် အရေးကြီး သောလုပ်ငန်းများတာဝန်ပေး၍ စိတ်မချရ။

အမျိုးသားလက္ခဏာပြုပညာရေးစနစ်က မွေးထုတ်ပုံစံပြုမည့်ကျောင်းသား များသည် ဘက်စုံဖွံ့ဖြိုးပြီး ဖြစ်ရမည်။ သို့သော် အရည်အသွေးအားလုံး ညီတူညီမျှ ဖွံ့ဖြိုးလာရမည်ဟု မဆိုလို။ သို့ရာတွင် အားလုံးတော့ ဖွံ့ဖြိုးမှုရှိရမည်။ အနည်းအများ မတူညီနိုင်ဟူ၍ လက်ခံထားသည်။ လက္ခဏာပြုပညာရေးက မွေးထုတ်ပေးမည့် သူသည် -

**စံနှုန်းမြင့်မားသော လူကျင့်ဝတ်တို့နှင့် နေထိုင်တတ်ပြီး ကိုယ်ကျန်းမာ၍ စိတ်လည်းကြံ့ခိုင်သည့်အပြင် သိမှုဗဟုသုတလည်းကြွယ်ဝ၊ လုပ်ငန်းအလိုက် ကျွမ်းကျင်မှုလည်းပြည့်စုံ၊ ပွင့်လင်းသောတွေးခေါ်မှုနှင့် လက်တွေ့ကျ သောအယူအဆများ လက်ခံထားပြီး မိမိဘာသာမိမိ အခက်အခဲများကို ဖြေရှင်းတတ်သော ဘဝတစ်သက်လုံး လေ့လာလိုစိတ် လုပ်ကိုင်ဖန်တီးလိုစိတ်**

**အနုပညာရသများ ခံစားတတ်ကာ စိတ်ထားနူးညံ့ခြင်း၊ စာနာမှုထားပေးနိုင်ခြင်းတို့နှင့် ပြည့်စုံသောသူ** ဖြစ်ရန်ရည်ရွယ်သည်။ အမှန်လည်းမွေးထုတ်ပေးနိုင်သည်။ အမျိုးသားလက္ခဏာပြု ပညာရေးမှလွဲ၍ အခြားမည်သည့်ပညာရေးစနစ်ကမှ ဖော်ပြခဲ့သော အမျိုးသား လက္ခဏာရပ်များ လေ့ကျင့်ပြီးဖြစ်သည့် နိုင်ငံသားများ မွေးထုတ်ရန်မဖြစ်နိုင်ဟု တရုတ်တို့က ယုံကြည်သည်။ သို့ဖြစ်၍ အမျိုးသားလက္ခဏာပြု ပညာရေးကိုသာ တစိုက်မတ်မတ် တည်ဆောက်လေ့ကျင့်ခဲ့ကြသည်။

(၃) အမျိုးသားလက္ခဏာပြုပညာရေး၏ အယူအဆတစ်ခုမှာ အမျိုးသားလက္ခဏာပြုပညာရေးသည် လူတိုင်းလူတိုင်းတွင် ရှိနှင့်နေပြီးဖြစ်သော နဂိုအရည်အသွေးတို့အား နဂိုင်းထွက်လာစေရန် မွေးထုတ်လေ့ကျင့်ခြင်းဖြစ်သည်ဟု ဆိုသည်။ လူတိုင်းတွင် တူညီသောအရည်အသွေးများရှိကြသည်ဟု လက်ခံယူဆသည်။ ထိုအရည်အသွေးများ အားလုံးသည် တိုင်းပြည်တည်ဆောက်ရေးတွင် သူ့နေရာနှင့်သူအသုံးတည့်ကြသည်ဟု ယူဆကြသည်။ သို့ဖြစ်၍ နိုင်ငံသားတိုင်းတွင် ရှိသည့်တူညီသည့် အရည်အသွေးများကို ထက်မြက်အောင် မွေးထုတ်ပေးနိုင်စွမ်းရှိသည့် အမျိုးသားလက္ခဏာပြုပညာရေးစနစ်သည် တိုင်းပြည်ထူထောင်ရေးတွင် မရှိမဖြစ်ဟု ယူဆသည်။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်ကို တိုင်းပြည် တည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ကျောင်းသားတို့၏ မူလနဂိုအရည်အသွေးများကို ဖြစ်နိုင်သည့်နည်းမျိုးစုံသုံး၍ ဖော်ထုတ်ပြီး ဆက်လက်ရင့်သန်ကြီးထွားလာစေရန် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် ဖြစ်သည်။ ကျောင်းသားတို့ စိတ်ပါဝင်စားသောကဏ္ဍများ၊ ကျောင်းသားတို့ စိတ်သန်သောလုပ်ငန်းများ၊ ကျောင်းသားတို့ စိတ်ဝင်စားမှု တစ်ဆင့်ခံ၍ ဖြစ်တည်လာသည့်ဝါသနာများကို လမ်းကြောင်းမှန်ပေါ်တွင် ပဲ့ပြင်ထိန်းကွပ်ပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေး တက်လာစေရန်ဖြစ်သည်။ နဂိုပါကိုယ်ရည်ကိုယ်သွေးများသည် ကျောင်းများမှ လေ့ကျင့်ပေးမှုကြောင့် ရင့်သန်လာသောအခါ ၎င်းကိုယ်ရည်ကိုယ်သွေးတို့ ပေါင်းစုံပူးတွဲတတ်သော သဘာဝကြောင့် ထိုကျောင်းသားတို့အရွယ်အလိုက် လိုက်ပါရင့်ကျက်လာ၏။ မိမိတို့စိတ်ဝင်စားရာ အရာများမှအရင်းခံ၍ ဘဝအနာဂတ်တွင် မိမိပါဝင်ရပ်တည်မည့် တစ်ထောင့်တစ်နေရာတွေ့ရှိလာနိုင်စေပြီးနောက် နိုင်ငံသားပေါင်းများစွာတို့ မိမိတို့အားသန်သည့်စိတ်ဝင်စားရာ မတူညီသော ကဏ္ဍအသီးသီးတွင် ပါဝင်ရပ်တည်လုပ်ဆောင်

ကြသည့်အခါ ထောင့်ပေါင်းစုံမှ တည်ဆောက်သကဲ့သို့ဖြစ်၍ တိုင်းပြည်အင်အား ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်နိုင်လာ၏။ လူပေါင်းများစွာ၏ မတူညီနိုင်သော များပြားလှသော ကိုယ်ရည် ကိုယ်သွေးတို့ဖြင့် စုစည်းတည်ဆောက်ကြသည့်အခါ အဘက်ဘက်မှာ ထောင့်စုံတိုးတက်လာသည်။ သို့ဖြစ်၍ အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် အစိုးရပြည်ပ ဖက်စပ်ကျောင်းများအားလုံးတွင် ပုံမှန် လေ့ကျင့်ခဲ့ရာတွင် အသုံးပြုခဲ့ကြသော အကြောင်းပြုချက် ဘာသာရပ်များအပြင် ဂီတ၊ အနုပညာ၊ စက်မှုအလုပ်ရုံ၊ အားကစားမျိုးစုံ စသည့် စိတ်ဝင်စားစရာမျိုးစုံကို လုပ်ကိုင်ရန် အခွင့်အရေးများ ဖန်တီးပေးခြင်းဖြင့် ကျောင်းသားတို့၏ ဝါသနာနှင့် စိတ်ဝင်စားမှုများကို ဖော်ထုတ်လေ့ကျင့်ပေးခြင်းဖြင့် အနာဂတ်တိုင်းပြည် တည်ဆောက်ရေးအတွက် လိုအပ်သော လူတန်းစားပေါင်းစုံ မွေးထုတ် ပေးနိုင်ခဲ့သည်။

## စာမေးပွဲအတွက် ဦးတည်လေ့ကျင့်ပေးမှုများမှသည် အရည်အသွေးရှိသည့်နိုင်ငံသားများဖြစ်ပေါ် အောင်လေ့ကျင့်ပေးရေး

တရုတ်ပြည်ရာဇဝင်အစဉ်အဆက်တွင် ကျေးလက်ဒေသများတွင် မွေးဖွား ကြီးပြင်းလာသော ပြည်သူပြည်သားများအတွက် ကြီးပွားချမ်းသာစရာ လမ်း အနေဖြင့် မိမိတို့နေထိုင်ရာဒေသများတွင်ရှိသော ရနိုင်သောစာအုပ်စာပေ ကဗျာရသတို့ကို လေ့လာကျက်မှတ်ကြပြီး တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် တရုတ် ဘုရင့်နန်းတော်မှ စစ်ဆေးသော ပညာရှိစာမေးပွဲကိုအောင်မြင်မှ သာမန် တရုတ်ကျေးလက်လူတန်းစားမှ တရုတ်ပညာရှိအဖြစ် နန်းတော်တွင် ခံစားခွင့် ရှိသည့် အခွင့်အလမ်းသည် တရုတ်ပြည်၌ ရာစုနှစ်များစွာကပင် တရုတ်လူမျိုးတို့၏ သွေးသားထဲတွင် ရိုးတွင်းချဉ်ဆီအထိ ကိန်းအောင်းခဲ့သဖြင့် နန်းတော်စာမေးပွဲကို အောင်မြင်ရေး၊ နန်းတော်စာမေးပွဲများတွင် မေးသမျှမေးခွန်းများအားလုံးကို ဖြေဆိုနိုင်ရေးအတွက် အဓိကထားကျက်မှတ် လေ့လာကြပါသည်။ ထိုစဉ်က နန်းတော်စာမေးပွဲတွင် ဖြေဆိုကြရသည်များသည် တရုတ်စာပေများထဲမှ စာကဗျာများ ဇာတ်လမ်းရာဇဝင်များ၊ ဒေသစာဖွဲ့များနှင့် လူအများသိထားရာ ပုံဒဏ္ဍာရီများဖြစ်ကြပြီး သိပ္ပံကဏ္ဍနှင့် နည်းပညာကဏ္ဍကဲ့သို့ ထိုးထွင်းဉာဏ်ဖြင့် စဉ်းစားဖြေဆိုရသော ကဏ္ဍနည်းပါးသဖြင့် အလွတ်ကျက်၍အရဖြေသော ဗျူဟာ

သည် အလွန်ထိရောက်သောနည်းလမ်း ဖြစ်ခဲ့၏။ တိုးပွားစရာ များများစားစား မရှိဘဲ သိမှုပညာရရှိစေရန် ကျက်မှတ်၍များများဖတ်ထားနိုင်ရန်သာ လိုအပ်၍ ထိုစဉ်ကတရုတ်လူမျိုးတို့ လွန်စွာစာဖတ်အားကောင်းကြသဖြင့် ကျက်မှတ်ခြင်းကိုလည်း အဓိကလုပ်ငန်းအဖြစ် အရေးထားလုပ်ဆောင်ခဲ့ကြရာမှ ပြောင်းလဲလာသော ခေတ်စနစ်တို့၏ တောင်းဆိုမှုတို့နှင့် ရင်ဆိုင်ရသောအခါ ကျက်မှတ်နေရုံဖြင့် မပြီးတော့ဘဲ စဉ်းစားဆောင်ရွက်ရသည်များပါ လိုအပ်လာသည့်တိုင်အောင် များစွာသောတရုတ်လူမျိုးတို့သည် ရှေးယခင်ကအတိုင်း စာမေးပွဲများကို အရေးထားမြဲထားဆဲဖြစ်ခဲ့ပြီး စာမေးပွဲများကို ဦးတည်၍ ကျောင်းများက လေ့ကျင့်ပြင်ဆင်ပေးခဲ့ကြသည်။ ၁၉၇၇ ခုနှစ် ပညာရေးပြုပြင်ပြောင်းလဲမှုများစတင်လုပ်ဆောင်ခဲ့သည့် အချိန်မှစ၍ ထိုသို့ စာမေးပွဲများအောင်မြင်ရေးကိုသာ ဦးတည်လေ့ကျင့်ပေးခဲ့ကြသောကြောင့် ကျက်မှတ်ခြင်းဖြစ်စဉ်ကိုသာ ဦးစားပေးလုပ်ခဲ့ကြသည်။ အခြားသောဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်လေ့ကျင့်ရန် ပျက်ကွက်ခဲ့ကြ၍ ထိုစဉ်က တရုတ်နိုင်ငံသားတို့ အသိဉာဏ်ဖွံ့ဖြိုးမှုနှေးကွေးနည်းပါးခဲ့ကြသဖြင့် အသိဉာဏ်ရှိသောသူများ လုပ်နိုင်စွမ်းရှိသည့်ကုန်ထုတ် လုပ်မှုလုပ်နိုင်စွမ်း နည်းသောအခါ နိုင်ငံ၏ကုန်ထုတ် လုပ်မှုနည်းပါးခဲ့သည်ဖြစ်၍ ပြည်တွင်းစားသုံးမှု အတွက်ပင် မလုံမလောက်ဖြစ်ခဲ့ရသည်။ ဤသည်ကို သင်ခန်းစာ ယူ၍ နောင်ခေတ် တရုတ်ခေါင်းဆောင်တို့က ယခင်က ဘုရင် အုပ်ချုပ်မှုစနစ်တွင် နန်းတော်ထဲသို့ ဝင်ရောက်ခစားနိုင်သော ပညာရှိပညာသိ တို့ရွေးချယ်နည်းသည် ယနေ့ခေတ်နှင့် မဆီလျော်ဟု သုံးသပ်၍ ယနေ့ခေတ်သည် စာမေးပွဲများအတွက် ဦးတည်လေ့ကျင့်ရန်မဟုတ်ဘဲ တရုတ်ပြည်တိုးတက်ရေး အတွက် လိုအပ်သောအင်အားများ မွေးထုတ်ရန်သာဖြစ်သည်။ အမှန်တကယ် စိတ်ဝင်စားပြီး သိမှုမှန်ကန်သော အရည်အသွေးရှိ နိုင်ငံသားများဖြစ်လာစေရန်သာ ရည်ရွယ်၍ နိုင်ငံသားတို့ မရှိမဖြစ်ရှိရန် လိုအပ်သောအရည်အသွေးရှိနိုင်ငံသားလက္ခဏာများကို စုပေါင်းတိုင်ပင်ရေးမှတ်ပြီး အရည်အသွေးရှိသည့် နိုင်ငံသားများ၏ လက္ခဏာများကို ကျောင်းများအားလုံး စနစ်တကျလေ့ကျင့် ပေးကြရန်အတွက် ၁၉၈၀ ခုနှစ် ပညာရေးဥပဒေကို တရုတ်ဗဟိုအစိုးရမှ ရေးဆွဲပြဋ္ဌာန်းပြီး စာမေးပွဲဦးတည်လေ့ကျင့်မှုမှသည် အရည်သွေးရှိ နိုင်ငံသားများဖြစ်လာအောင်လေ့ကျင့်ရေးဆီသို့ဟူ၍ ဆုံးဖြတ် ပြင်ဆင်ပြုပြင်ပြောင်းလဲခဲ့သည်။

အမျိုးသားလက္ခဏာပြုပညာရေးဆိုတိုင်း စာမေးပွဲများကို ပယ်ဖျက်ရန် မဆိုလိုပါ။ အမျိုးသားလက္ခဏာပြုပညာရေးတွင် စာမေးပွဲများကိုဦးတည်၍ လေ့ကျင့်မှုကြောင့် ပစ်ပယ်လျစ်လျူရှုထားရသောလူတို့၏ ကျင့်ဝတ်စည်းကမ်းများ တန်ဖိုး၊ မှန်ကန်သော သိမှုတန်ဖိုး၊ ကျန်းမာကြံ့ခိုင်ရေး၏တန်ဖိုးနှင့် အနုပညာ ရသ ခံစားမှုတန်ဖိုးတို့ကို ပြန်လည်ဂရုစိုက် လေ့ကျင့်ပေးကြရန်သာဖြစ်သည်။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်တွင် စာမေးပွဲများလုံးဝမရှိရဟု မဆိုလိုပါ။ စာမေးပွဲများမရှိ၍မရပါ။ ရှိသင့်သောနေရာများတွင် ရှိကိုရှိရမည်ဖြစ်ပြီး အဓိက ဇောင်းပေးလေ့ကျင့်ရမည့် အသိဉာဏ် လေ့ကျင့်စဉ်များနှင့် စိတ်ဓာတ် စည်းကမ်း ဆိုင်ရာ လေ့ကျင့်မှုများ အပါအဝင် များစွာသောစိတ်နှင့်ရုပ်လက္ခဏာများကို တည်ဆောက်ရာတွင် အာရုံချလေ့ကျင့်ပေးရန်ဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းများ ဝင်ခွင့်လျှောက်ကြရာ၌ တက္ကသိုလ်ကျောင်း တချို့ကို (ဥပမာ - ဆေးတက္ကသိုလ်) အမှန်တကယ်ပညာရေးကို လိုက်စားမည့် သူများထက် မိဘမှအရာရှိဖြစ်စေလို၍ ပါဝင်လျှောက်ထားကြသူများပါရှိသည့် အပြင် ဂုဏ်ရှိလို၍ဆေးကျောင်းတက်လိုသူများလည်း ပါဝင်ကြသဖြင့် ဆေးတက္ကသိုလ် များ မည်မျှပင်များစေကာမူ ဆရာဝန်ဖြစ်လိုသူများ အမြဲတစေများနေပြီး ဆေးတက္ကသိုလ်များ၌ ဝင်ခွင့်စိစစ်သည့်အခါ အမှန်တကယ် ဆေးပညာကို စိတ်ဝင် စားသူများအတွက် များစွာအခက်အခဲ ဖြစ်စေသည်။ ဆရာဝန်ဘွဲ့ ရသော်လည်း ဆေးကုသခြင်းမဆောင်ရွက်နိုင်ဘဲ အခြားစီးပွားရေး လုပ်ငန်းများတွင်သာ ကျင်လည်ကြ၍ ၎င်းတို့ဆေးတက္ကသိုလ် တက်ခဲ့စဉ်ကယူခဲ့သော အရာများအတွက် နှမြောစရာကောင်းတော့သည်။ ၎င်းဆရာဝန် မဟုတ်သော ဆရာဝန်များကို အချိန်ကုန်ငွေကုန်ခံခဲ့ပြီး သင်ပေးခဲ့ရသော အစိုးရ၏ အရင်းအနှီးများ အရာ မရောက်နိုင်ခဲ့ပေ။ တိုင်းပြည်နစ်နာသည်။ သို့ဖြစ်၍ တရုတ်ပြည်တွင် အမှန်တကယ် မိမိစိတ်ဝင်စားသော အရာများကို ဖော်ထုတ် ပေးနိုင်သည့် အမျိုးသားလက္ခဏာပြု ပညာရေးစနစ်ကို အသုံးပြုလေ့ကျင့်ခြင်း ဖြစ်ရာ မကြာသော ကာလအတွင်း မိမိတို့ အမှန်စိတ်ဝင်စားရာကိုသာ သင်ယူလေ့လာသူများ ပေါ်ထွက်လာသောကြောင့် တရုတ်တက္ကသိုလ်များတွင် ဝင်ခွင့်ပြဿနာ လျော့ကျလာသည့်အပြင် အထက်တန်း ကျောင်းသားဘဝကပင် အမျိုးသားလက္ခဏာပြု ပညာရေးစနစ်၏ အစွမ်းဖြင့် မိမိ၏စိတ်ဓာတ် စွမ်းအားကို ဖော်ထုတ်ပေးနိုင်၍ တက္ကသိုလ်အသီးသီးသို့ မျှမျှတတ

ဝင်ရောက်လာကြသည်။ တစ်နေရာတည်းတွင်ပြုံတိုးနေသော ခေတ်ဟောင်း ပညာရေး စနစ်ဆိုးမွေ ပပျောက်လာသည်။ တစ်ပြိုင်နက်တည်းမှာပင် တက္ကသိုလ် ကျောင်းဆင်း များ၏ ရာနှုန်း(၉၀)ကျော်သည် မိမိကျွမ်းကျင်ခဲ့သော အသက်မွေးပညာ အသီးသီးတို့ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီး ကဏ္ဍအသီးသီး၌ လုပ်ငန်းကျွမ်းကျင်သူများ မြောက်မြားစွာ ပေါ်ထွက်လာကြသည်။ သို့ဖြစ်၍ ထိုကျွမ်းကျင်မှုမှတစ်ဆင့် တီထွင်ဆန်းစစ်ကြံဆမှုများ လုပ်နိုင်လာကြ သည်ကို တွေ့ရသည်။ လူအများစုသည် အရည်အသွေးရှိသော နိုင်ငံသားများ ဖြစ်လာကြ၍ ယခင်တိုင်းပြည်ဝန်ထုပ်ဝန်ပိုးများဘဝမှ တိုင်းပြည်အတွက် ပြည်တွင်းပြည်ပ ဝင်ငွေများရှာဖွေပေးနိုင်သော နိုင်ငံသားများဖြစ်လာကြကုန်၏။ ထို့ကြောင့် တရုတ်ပြည်၏စီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်တွင် အဓိကမဏ္ဍိုင်ပြုသည်မှာ စာမေးပွဲ ဦးတည်သောလေ့ကျင့်မှုမှသည် အရည်အသွေးရှိသော နိုင်ငံသားများဆီသို့ဟူ၍ ကြိုးပမ်းကြရာဝယ် မိဘ၊ ဆရာများနှင့် အစိုးရတို့အထူးသတိထားပြီး မိသားစုများ အားလုံး စာမေးပွဲအောင်မြင်ရေးကို အဓိကမထားတော့ဘဲ လိုအပ်သောအသိဉာဏ် တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် လူမှုကျင့်ဝတ်စည်းကမ်းသွန်သင် လေ့ကျင့်မှု များ ရသခံစားမှုဆိုင်ရာ သွန်သင်လေ့ကျင့်မှုများကို ပြည့်စုံအောင် မလစ်ဟင်း အောင် လုပ်ရန်ပိုအရေးကြီးကြောင်း သတိမပြတ်တော့ဘဲ တစိုက်မတ်မတ်လေ့ကျင့် ပေးခြင်းဖြင့် လူငယ်တို့သည် မှန်ကန်သော ရွေးချယ်မှုများ လုပ်နိုင်လာကြသည်။ တရုတ်ပြည်တွင် လူတိုင်းလူတိုင်း ဆရာဝန်ဖြစ်ချင်သော ပြဿနာများမရှိတော့ဘဲ လူတိုင်းလူတိုင်း၌ရှိသော မိမိတို့စိတ်ဝင်စားရာ နေရာဌာနအသီးသီးတွင် စိတ်လက် ပေါ့ပါးသက်သာစွာ ဝင်ရောက်လေ့လာဆည်းပူး ဆောင်ရွက်နိုင်သောအခွင့်အရေး ရရှိလာကြ၍ အတုအယောင် ပကာသန အခြေပြုခဲ့သည့် မှားယွင်းသော တက္ကသိုလ် ပညာ ရွေးချယ်မှုများ ပျောက်ကွယ်သွားပြီး အမှန်တကယ် စိတ်ဝင်စားမှုကြောင့် လေ့လာရာမှ အမှန်တကယ်ကျွမ်းကျင် တတ်သိနားလည်သော အသိပညာ အတတ်ပညာရှင်များ ပေါ်ထွက်လာပြီး လကမ္ဘာပေါ် တက်ရောက်နိုင်သည့်အဆင့် သို့ ဆယ်စုနှစ်အနည်းငယ်အတွင်း ရောက်ရှိခဲ့ပါသည်။ အကယ်၍ တရုတ်တို့ ယနေ့ထက်တိုင် စာမေးပွဲများကို ဦးတည်၍သာလေ့လာခဲ့ပါက အမှန်တကယ် ကျွမ်းကျင်မှုများမပေါ်ပေါက်နိုင်သဖြင့် တရုတ်ပြည်သစ် တည်ဆောက်ရေး

မအောင်မြင်နိုင်ပါ။ သို့ရာတွင် ကြီးမားသော ပြောင်းလဲခြင်းဖြစ်သည့် **"စာမေးပွဲဦးတည် လေ့ကျင့်မှုများမှသည် အရည်အသွေးရှိသည့် နိုင်ငံသားများ ဖြစ်လာစေရန် လေ့ကျင့်ရေးဆီသို့"** ဟူသည့် မှန်ကန်သောလုပ်ဆောင် ပြောင်းလဲမှုကြောင့် နှစ်အနည်းငယ်အတွင်း ကမ္ဘာ့ထိပ်တန်း အင်အားကြီးနိုင်ငံ အဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

အမျိုးသားလက္ခဏာပြုပညာရေးသည် လူ့ဦးနှောက်ပိုင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုပင်ဖြစ်သည်။ အမျိုးသားလက္ခဏာပြုပညာရေးသည် လူ၏ဦးနှောက်ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်သက်ဆိုင်သော လေ့ကျင့်မှုဖြစ်သည်။ တစ်နည်းဆိုသော် အမျိုးသားလက္ခဏာပြုပညာရေးစနစ်သည် လူ၏ဦးနှောက်၏ ကဏ္ဍအသီးသီး နေရာတကျ ဖွံ့ဖြိုးလာစေရန် လေ့ကျင့်ပေးသော လေ့ကျင့်စဉ်များပင်ဖြစ်သည်။

အမျိုးသားလက္ခဏာပြုပညာရေးဖြင့် လေ့ကျင့်ရာတွင် ဆရာဆရာမများအားလုံးသည် လူတို့၏ ဦးနှောက်၏ အလုပ်လုပ်ပုံကို အခြေခံအားဖြင့် လေ့လာရန်လိုသည်။ ထို့အပြင် လူသားတို့၏ မှတ်ဉာဏ်တို့ အလုပ်လုပ်ပုံနှင့် လူတို့နှင့်ဆိုင်သော လူမှုရေးဆိုင်ရာ နိယာမတရားများကို လေ့လာကြရပါသည်။ ဆရာအတတ်သင်သိပ္ပံများတွင် ဆရာဆရာမများကိုလည်း ဟောပြောပို့ချပွဲများ ပြုလုပ်ခြင်းဖြင့် ပို့ချလေ့ကျင့်ကြ၏။ ဤသဘောတရားရေးရာသင်တန်းများတွင် အမျိုးသားလက္ခဏာပြုပညာရေးစနစ်ကို အသုံးပြု၍ အရည်အသွေးရှိသော နိုင်ငံသားများဖြစ်လာအောင် မည်သို့မည်ပုံလေ့ကျင့်မည်ကို အသေးစိတ်ဆွေးနွေး လေ့ကျင့်ကြသည်။

## အမျိုးသားလက္ခဏာပြုပညာရေးတွင် အများဆုံးအသုံးအများဆုံး လူမှုရေးဆိုင်ရာနှင့် သင်ကြားရေးဆိုင်ရာနိယာမ သဘောတရားများ

အမျိုးသားလက္ခဏာပြုပညာရေးတွင် အများဆုံးအသုံးအများဆုံး လူမှုရေးဆိုင်ရာနှင့် သင်ကြားရေးဆိုင်ရာနိယာမ သဘောတရားများမှာ -

၁။ Constructivism Theory

၂။ Behaviorism Theory

၃။ Piaget Theory

၄။ Neuroscience Theory

၅။ Brain based Learning Theory

၆။ Learning Styles Theory

၇။ MI Theory

၈။ Right Brain & Left Brain Theory

၉။ Community of Practice Theory

၁၀။ Control Theory

၁၁။ Observational Learning Theory

၁၂။ Vygotsky & Social Cognition Theory တို့ဖြစ်ပါသည်။

**သင်ရိုးမျိုးစုံနှင့်ပတ်သက်၍**

၁။ Outcome based Learning Curriculum

၂။ Core Curriculum

၃။ Whole Language Curriculum

၄။ Character Education Curriculum

၅။ Multiculturism

၆။ Tech-prep

စသည့်သင်ရိုးတို့ကို သိရှိအောင် လေ့လာရပါသည်။

စာသင်ခန်းများအတွင်း ပြန်လည်ပို့ချလေ့ကျင့်ရာ၌ အခြေခံ သဘောတရား အဖြစ် အသုံးပြုမည့် သင်ကြားမှုနိယာမများထဲမှ

၁။ Mastery Learning Theory

၂။ Cooperative Theory

၃။ Accelerated Theory

၄။ Thematic Instruction

၅။ Whole Brain Teaching

၆။ Service Learning

၇။ Cognitive Learning

၈။ School to Work Transition

၉။ Instructional Technology

၁၀။ Youth Apprenticeship

စသည့် သင်ကြားမှုဆိုင်ရာ နိယာမသဘောတရားများကို အဓိကထား လေ့လာကြရပါသည်။

ထို့အပြင် စစ်ဆေးရေးနှင့်ပတ်သတ်၍

၁။ Authentic Assessment

၂။ Classroom Assessment

၃။ Portfolio Assessment ဟူသော အခြေခံစစ်ဆေးနည်း သဘောတရားများကိုလေ့လာရန် လိုပါသည်။

ကမ္ဘာပေါ်ရှိ ကျောင်းအမျိုးအစားများနှင့်ပတ်သက်၍

၁။ Total Quality School

၂။ Character School

၃။ Accelerated Schools

၄။ Comer Schools ဟူသော

အမျိုးမျိုးကျောင်းများကို အခြေခံအားဖြင့်လေ့လာရန်လိုပါသည်။

ထို့အပြင် အမျိုးသားလက္ခဏာပြု ပညာရေးတွင်မရှိမဖြစ် သိရမည့် အချက်သုံးချက်မှာ -

၁။ ပညာ၏ရာဇဝင်
(ကျောက်ခေတ်၊ စိုက်ပျိုးရေးခေတ်၊ သိပ္ပံခေတ်၊ ယနေ့ခေတ်)

၂။ စက်မှုခေတ်ပြောင်းတော်လှန်ပုံစံ ပညာရေး

၃။ စစ်ပြီးခေတ် ခေတ်မီပညာရေးစနစ် ထွန်းကားဖြစ်ပေါ်မှုတို့ဖြစ်ပါသည်။

အမျိုးသားလက္ခဏာပြု ပညာရေးစနစ်သည် ကျောင်းသားတို့ အနာဂတ်ဘဝ အတွက်လိုအပ်သော အမျိုးသားလက္ခဏာရပ် များအားလုံးကို တည်ဆောက်ပေးလိုက်သည့် ပညာရေးစနစ်ဖြစ်ပါသည်။ ကျောင်းသားတို့ အနာဂတ်ဘဝတွင် လိုအပ်သော အမျိုးသားလက္ခဏာရပ်များစွာရှိပါသည်။ အချို့သော လက္ခဏာများမှာ ရုပ်လက္ခဏာ တို့ဖြစ်ကြပြီး အချို့သော လက္ခဏာများမှာ စိတ်လက္ခဏာများဖြစ်ကြ၏။ ထိုစိတ်လက္ခဏာနှင့် ရုပ်လက္ခဏာတို့ ပြည့်စုံလာကြသည့်အခါ ကျောင်းသားတို့တွင် ကောင်းမွန်တည်ကြည်သော စိတ်ဓာတ်ဖြစ်ထွန်းလာသည်ကိုတွေ့ရမည်ဖြစ်သည်။ တစ်ပြိုင်တည်း တစ်ချိန်တည်း လေ့ကျင့်တည်ဆောက်ပေးရန်မှာ စည်းကမ်းနှင့် ပညာပင်ဖြစ်သည်။ ဤသို့စိတ်ဓာတ်၊ စည်းကမ်းနှင့်ပညာ သုံးပါးစလုံး ပြည့်စုံအောင်လေ့ကျင့်ပေးလိုက်သည့်အခါ ထိုကျောင်းသားတို့သည် နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်အားထည့် တည်ဆောက်ပေးနိုင်မည့် အရည်အသွေးရှိသည့် နိုင်ငံသားများဖြစ်လာကြသည်ကို တွေ့ရသည်။

အမျိုးသားလက္ခဏာပြုပညာရေးတွင် ပထမဆုံးအဆင့်ဆောင်ရွက်ရန်မှာ အသိဉာဏ်များ တည်ဆောက်ခြင်းပင်ဖြစ်၏။ အခြေခံပညာအရွယ် အသိဉာဏ်တည်ဆောက်ရေးတွင် အခြေခံအသိဉာဏ်(၈)ပါးကို စတင် တည်ဆောက်ရသည်။ အခြေခံအသိဉာဏ် (၈)ပါးမှာ -

၁။ Spatial Visual Intelligence

၂။ Verbal Linguistic Intelligence

၃။ Mathematical Logical Intelligence

၄။ Naturalist Intelligence

၅။ Musical Rythmic Intelligence

၆။ Bodily Kinesthetic Intelligence

၇။ Interpersonal Intelligence

၈။ Intrapersonal Intelligence တို့ဖြစ်ပါသည်။

အမျိုးသားလက္ခဏာပြုပညာရေးစနစ်သည် တည်ဆောက်ရန်အချိန်ယူရသော်လည်း ရလဒ်ကောင်းသည်။ အမျိုးသားလက္ခဏာပြုပညာရေးစနစ်သည် မျက်မှောက်ခေတ်ပြဿနာများ၊ မျက်မှောက်ခေတ်၏ တောင်းဆိုချက်များ အားလုံးကို ရင်ဆိုင်နိုင်ရန်စွမ်းရည်တို့ကို ကလေးများတွင် တည်ဆောက်ပေးနိုင်ခြင်းကြောင့် တိုင်းပြည်တည်ဆောက်ရေးတွင် လိုအပ်သောအင်အားတို့ကို တည်ဆောက်ပေးနိုင်ခြင်းတို့၏ ပြောင်းလဲနေသော တောင်းဆိုချက်နှင့် ပြဿနာများ မတူညီသော်လည်း အမျိုးသားလက္ခဏာပြုပညာရေးစနစ်ကို အသုံးပြု၍ လေ့ကျင့်တည်ဆောက်ပေးလိုက်သော စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လက္ခဏာရပ်တို့ပေါင်းစပ်၍ ဖြစ်တည်လာသော လူသားစွမ်းရည်က ၎င်းအခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်သည်။ အမျိုးသားလက္ခဏာပြု ပညာရေးစနစ်ရှုတ်တရက် နားလည်ရန်ခက်ခဲသည်။ အချိန်လိုသည်။ အမျိုးသား လက္ခဏာပြုပညာရေးစနစ်သည် လူတို့အားဘက်စုံဖွံ့ဖြိုးစေသော ပညာရေးဟုဆိုလျှင် မမှားနိုင်။ ကျောင်းသားတို့အတွက် ပညာရေးတစ်ခုတည်းမဟုတ်။ ကျန်းမာရေးတည်ဆောက်နိုင်အောင်လည်း လေ့ကျင့်သွန်သင်ပေးသည်။ လူ့လောက ကျင့်ဝတ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကိုလည်း သိတတ်နားလည်အောင် လေ့ကျင့်ပေးသည်။ ခံစားမှုရသပိုင်းကိုလည်း လေ့ကျင့်ပေးခြင်းဖြင့် ပြဟ္မစိုရ်တရားရှိသော လူတို့ဖြစ်လာစေသည်သာဖြစ်၍ တရုတ်ပြည်၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ယခင် ၁၉၉၀ခုနှစ် ပညာရေးဥပဒေတွင် အသုံးပြုခဲ့သော Well developed morally, intellectually and physically ဟူသော လက်စွဲတွင် Aesthetically ဟူ၍ ထပ်မံ ဖြည့်စွက်ရန်ကို အာဏာပိုင်အဖွဲ့အစည်းများမှ အဆိုပြုတင်ပြခဲ့ကြရာ တရုတ်ဝန်ကြီးချုပ်လီပင်းက First Session of the National Congress တွင် တရားဝင်ဖြစ်စေခဲ့ပါသည်။ ထို့နောက် (၁၆) ကြိမ်မြောက် NPC တွင် ကျန်ဇီမင်းမှ ပို၍ရှင်းလင်းပြတ်သားကာ ပညာရေးဆိုင်ရာ အမျိုးသားခံယူချက်ကို တရုတ်ပြည်တစ်ပြည်လုံး နားလည်သဘောပေါက်လာကြသည်။ အတိုချုပ်အားဖြင့် -

**ကျွန်ုပ်တို့သည် ပညာရေးဖြင့် တရုတ်ပြည်၏လူနေမှု အဆင့် မြှင့်တင်ရန် ဆောက်ရွက်မည်ဟူသည့် သံန္နိဋ္ဌာန်ကို အမြဲလက်မလွှတ်ရန် လွန်စွာအရေး ကြီးသည်။ ပညာရေးသည် တိုင်းပြည်အတွက်သာဖြစ်သည်။ တရုတ်ပြည်သစ်တည် ဆောက်ရာတွင် ပညာရေးတွင်လည်းကျွမ်းကျင်၊ လူမှုရေးနားလည်ပြီး ကျန်းမာ ကြံ့ခိုင်၍ အသိဉာဏ်မြင့်မားသော ကုန်ထုတ်လုပ်နိုင်စွမ်းရှိသည့် အရည်အသွေး ရှိနိုင်ငံသားများ၏အားကိုအခြေပြု၍ တည်ဆောက်သွားရန်အပြင် ထိုသို့ အစဉ်တစိုက်လုပ်ကိုင် နိုင်စွမ်းရှိသော မျိုးဆက်သစ်များကိုပါ ဂရုတစိုက် မွေးထုတ် နိုင်စေရန် အရေးတကြီး ဆောင်ရွက်ရမည်ဟူ၍ ဖြစ်သည်။**

ဤလမ်းညွှန်ချက်တွင် လူမှုရေးနားလည်ပြီး အသိဉာဏ်မြင့်မားသည့် ကုန်ထုတ်လုပ်နိုင်စွမ်း အရည်အသွေး ရှိနိုင်ငံသားများအား အဓိက ရည်ညွှန်းခဲ့ခြင်း ကို တရုတ်ပြည်သူများက ကောင်းစွာသတိချပ်နားလည်ကြသည်။

## တရုတ်အစိုးရ၏ စည်းရုံးရေးကြိုးပမ်းမှု

တရုတ်ပြည်၏ကျောင်းများအားလုံးမှ အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာ ကြံ့ခိုင်၍ ပညာရည်မြင့်မားသော ကုန်ထုတ်လုပ်နိုင်စွမ်းရှိသည့် နိုင်ငံသား များကို မွေးထုတ်နိုင်ရေးအတွက် အသိဉာဏ်တည်ဆောက်ရေးလေ့ကျင့်မှုများ အခြေခံ၍ ကြိုးစားလာကြစေရန်၊ တရုတ်ပြည်ဗဟိုအစိုးရမှ နိုင်ငံပိုင်သတင်း မီဒီယာများမှ တစ်ဆင့် ဆရာဆရာမနှင့် မိဘကျောင်းသားအားလုံးတို့ ကောင်းမွန် စွာ နားလည် သဘောပေါက်လာစေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ဆရာအတတ်သင် သိပ္ပံများ၌ ကုန်ထုတ်လုပ်နိုင်စွမ်းရှိသော နိုင်ငံသားများ ဖြစ်လာအောင် မည်သို့ လေ့ကျင့်အားထုတ်ရသည်ကို အကျယ်တဝင့်လေ့လာစေပြီး လက်တွေ့ကျောင်းစာ သင်ခန်းများတွင် လက်ငင်းချက်ချင်း အကောင်အထည် ပေါ်လာကြသည့်အပြင် တရုတ်ဗဟိုအစိုးရ အမျိုးသားပညာရေးခံယူချက်မူကို လက်တွေ့ဆောင်ရွက်ကြမည့်သူများဖြစ်သည့် မိဘနှင့်ကျောင်းသားများ သိရှိစေရန် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်ပို့ချ ရှင်းလင်းရုံမျှမက နယ်မြေဒေသ အသီးသီး ရှိကျောင်းများတွင် မိဘများ၊ ကျောင်းသားများနှင့်တွေ့ဆုံပြီး ဗဟိုအစိုးရ၏ ပညာရေးဖြင့် တိုင်းပြည်တည်ဆောက်ရေးစီမံကိန်းကိုနားလည်ပြီး အတူ

ပါဝင်ကြိုးပမ်းနိုင်ရန် အပြင်းအထန်ဆောင်ရွက်ခဲ့ကြသဖြင့် တရုတ်မိဘနှင့် ကျောင်းသားများပါ ဗဟိုအစိုးရ ၏ပညာရေးဖြင့် တိုင်းပြည်တည်ဆောက်ရန် ကဏ္ဍကြီးတွင် မိမိတို့အားလုံးအကျိုးရှိလာကြမည်ကို နားလည်လာကြ၍ တက်ကြွစွာ ပူးပေါင်းပါဝင်လာကြသည်။

## တရုတ်မိဘများ ပူးပေါင်းဆောင်ရွက်ကြပုံ

တက်ကြွစွာပူးပေါင်းပါဝင်လာကြသည်ဟူသည်မှာ - တရုတ်မိဘတို့လည်း ပညာရေးသဘောတရားများကိုပို၍ တီးခေါက်မိလာသဖြင့် မိမိတို့သားသမီးများ အတွက် ရွေးယခင်ကဲ့သို့ စာမေးပွဲများအတွက်သာ ရည်ရွယ်ပြီး ကျက်မှတ်ကြသည့်လမ်းများမှ ဉာဏ်ရည်များတိုးတက် လာစေရန်အတွက် ပြောင်းလဲလေ့ကျင့် ကျက်မှတ်လာကြ၍ တရုတ်မျိုးဆက်သစ်လူငယ်များ တဖြည်းဖြည်း ဉာဏ်ရည် မြင့်လာကြသည်ကို စတင်တွေ့ရှိလာကြသည်။ ဉာဏ်ရည်မြင့်မားလာမှု၏ အမှတ်သညာ လက္ခဏာများအဖြစ် တရုတ်ပြည်တွင် ပစ္စည်းများ စတင်ထုတ်လုပ် လာနိုင်ကြသည်။ သွားကြားထိုးတံ၊ မီးခြစ်၊ ခဲတံ စသည့် သေးငယ်၍ ထုတ်လုပ်ရန် လွယ်ကူသော ပစ္စည်းများမှစ၍ အဆင့်မြင့်မားသော လျှပ်စစ်အသုံးအဆောင်များ ဖြစ်သည့် ကက်ဆက်၊ ပန်ကာ၊ မီးပူ စသည်တို့ကိုပါ စတင်ထုတ်လုပ်လာကြသည်ကို ၁၉၉၀ ခုနှစ်နှောင်းပိုင်းကာလများတွင် သိသာထင်ရှားစွာ တွေ့မြင်လာကြသည်။ တရုတ် ဗဟိုအစိုးရမှလည်း မိမိတို့၏တိုင်းသူပြည်သားများ၏ ကုန်ထုတ်လုပ်လာ နိုင်စွမ်းကို အစဉ်တစိုက် လေ့လာလျက်ရှိပြီး ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများအား စည်းချက်ညီညီ စောင့်ကြည့်၍ လိုအပ်သော ကူညီဖေးမမှုများ (ဥပမာ - အတိုးမဲ့ချေးငွေများ ထုတ်ပေးခြင်း၊ အခွန်ကင်းလွတ်ခွင့် ပေးထားခြင်း) ကိုစနစ်တကျ ဆောင်ရွက်ခဲ့သောကြောင့် တရုတ်ပြည်၏ ကုန်ထုတ်လုပ်နိုင်သည့် စွမ်းအားသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့ပါသည်။ ၁၉၉၇ ခုနှစ်လောက်အထိ ကုန်ထုတ်လုပ်မှု စွမ်းအားများမှာ အားမကောင်းသေးသော်လည်း ၂၀၀၀ ပြည့်နှစ် အလွန်ကာလ များတွင်မူ ယခင် ၁၉၉၇ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲခဲ့သော ပညာရေးအခြေခံ ပြုပြင်ပြောင်းလဲမှုများဖြစ်သည့် စာမေးပွဲကို ဦးတည်၍ လေ့ကျင့်ပေးခြင်းမှ

ဉာဏ်ရည်မြင့်မားလာအောင်လေ့ကျင့်သောလမ်းပေါ်သို့ လျှောက်ခဲ့ကြခြင်းကြောင့် သန်းပေါင်း (၁၃၀) ကျော်လူဦးရေ ဝန်ထုပ်ဝန်ပိုးကြီးသည် နှစ်ပေါင်း (၂၀) အတွင်း လွန်စွာတောင့်တင်းသော ကုန်ထုတ်စွမ်းအားစုကြီးအဖြစ် တရွေ့ရွေ့ ပြောင်းလဲခဲ့ သည်ဖြစ်၍ ၂၀၀၀ ခုနှစ်အကုန်တွင် အာရှကျားငါးကောင်အား အနိုင်ယူနိုင်သည့် အာရှနဂါးကြီးအဖြစ် ကြီးထွားဖွံ့ဖြိုးခဲ့ခြင်းဖြစ်သည်ဟု တရုတ်ဒုဝန်ကြီးချုပ် လီလန်ချင်က မှတ်ချက်ချ၏။

တရုတ်ပြည်မိဘနှင့် ကျောင်းသားများ ဆရာဆရာမများသည် တရုတ်ဗဟို အစိုးရ၏ အမျိုးသား ပညာရေးသဘောတရားကို အစိုးရနှင့် ထပ်တူနားလည် သဘောပေါက်ခဲ့ကြ၍ အစိုးရ၏အင်အား၊ မိဘအင်အား၊ ဆရာဆရာမတို့၏ အင်အား၊ ကျောင်းသားတို့၏အင်အားဟူသည့် အင်အားကြီးများ ပေါင်းစပ်မိကြ ပြီးနောက် ယခင်အတွေးအခေါ်ဟောင်းဖြစ်သည့် စာမေးပွဲအောင်မြင်ရေး အတွက် ကျက်မှတ်လေ့ကျင့်ခြင်းမှ မိမိအားသန်ရာ စိတ်ဝင်စားရာ ကဏ္ဍတို့တွင် အမှန်တကယ် တတ်ကျွမ်းလာအောင် လေ့ကျင့်မှုပေးခြင်း ကိုအခြေပြု၍ ဉာဏ်ရည်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးလာစေရန် လေ့ကျင့်ပေးနိုင်ခဲ့ကြပြီး ဉာဏ်ရည်မြင့်တက် လာကြ ရာမှ ကုန်ထုတ်လုပ်နိုင်သည့် အရည်အသွေးရှိနိုင်ငံသားများ ဖြစ်လာကြခြင်း ဖြစ်သည်။

ယခင်တရုတ်ကျောင်းသားတို့ စာမေးပွဲအောင်မြင်ရေးသည်သာ အဓိက ဖြစ်၏။ စာမေးပွဲအောင်လျှင် တက္ကသိုလ်ပညာဆည်းပူးလိုကြ၏။ တက္ကသိုလ် ပညာပြီးမြောက်သော် လုပ်ငန်းခွင်များသို့ ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်း ခဲ့ကြသည်။ သို့သော် စာပေလေ့လာခဲ့ကြရာ လမ်းတစ်လျှောက်တွင် မိမိစိတ်ဝင်စား ပြီး ကျက်မှတ်ကြခြင်းမဟုတ်ဘဲ စာမေးပွဲအတွက်ကိုသာ ရည်ရွယ်ခဲ့ကြ၍ သိမှု ကွင်းဆက်များ ပြတ်တောက်ခဲ့ကြသဖြင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု မရှိဖြစ်ခဲ့ ကြသောကြောင့် လက်တွေ့လုပ်ငန်းခွင်များတွင် ထိုးထွင်းကြံဆနိုင်သည့်အား နည်းပါးကြသည်ဖြစ်ရာ ယခင်တရုတ်ပြည်ပညာရေး ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်မီ ၁၉၇၇ ခုနှစ်ရှေ့ပိုင်းတွင် တရုတ်ပြည်မှ ကုန်ထုတ်လုပ်မှုများ မလုပ်နိုင် ခဲ့ကြသည်ကို တွေ့ရသည်။ ၁၉၇၇ ခုနှစ်မှစ၍ ချူအင်လိုင်း၏ ပြုပြင်ပြောင်းလဲရေး

နှင့် တံခါးဖွင့်ဝါဒကို အရင်းပြု၍ ဆရာများအားလုံးတို့ တရုတ်ဗဟိုအစိုးရ၏ ပညာရေးဖြင့် တိုင်းပြည်သစ်တည်ဆောက်ရန်စီမံကိန်းကြီးကို ရေလည်စွာ နားရှင်းအောင် တရုတ်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းနိုင်ခဲ့ကြသောကြောင့် ဆရာများ ယခင်ကလို စာမေးပွဲအတွက် ရည်ရွယ်လေ့ကျင့်ခြင်းလုပ်ငန်းများကို မလုပ်တော့ဘဲ ကျောင်းသားတို့ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်သည့် ခေတ်သစ်သင်ကြားမှု နည်းစနစ်များကိုလေ့လာကြပြီး ခေတ်သစ်သင်ကြားမှုတွင် သိရှိနားလည် ရန်လိုအပ်သည့် ခေတ်သစ်ပညာရေး သဘောတရားများနှင့် လူမှုရေးနိယာမများကို နားလည်လာကြသည်။ စာသင်ခန်းတွင်း လေ့ကျင့်မှုများ အားလုံးမှန်ကန်လာကြသည့်အခါ တရုတ်ကျောင်းသားများ ဉာဏ်ရည်အသီးသီး မြင့်တက်လာကြသည်။ ဉာဏ်ရည် ဟူသည်မှာ Intelligence Quotient မဟုတ်။ ဉာဏ်ရည်ဆိုသည်မှာ အနှစ်ချုပ်သော Multiple Intelligence နှင့် Emotional Intelligence ပင်ဖြစ်သည်။ ယနေ့ခေတ်ကာလ အောင်မြင်မှုများ အားလုံး၏သော့ချက်မှာ Multiple Intelligence နှင့် Emotional Intelligence ပင်ဖြစ်သည်ဟု တစ်ကမ္ဘာလုံးနားလည်လာကြသည်။ Intelligence Quotient, Emotional Quotient နှင့် GPA(Grade Point Average) တို့သည် ဘဝအာမခံချက်မဟုတ်။ Multiple Intelligence နှင့် Emotional Intelligence သည် ပိုမိုခိုင်မာသော နိုင်ငံ့အနာဂတ်ဘဝအာမခံချက် ဖြစ်လေသည်။ Multiple Intelligence တည်ဆောက်ခြင်းလုပ်ငန်းများ၏ အခြေခံအုတ်မြစ် ပန္နက်အဖြစ် အခြေခံပညာ အထက်တန်းကျောင်းအဆင့်တွင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပြီး Emotional Intelligence လေ့ကျင့်မှု၏ ရင့်ကျက်သောအဆင့်ကို တက္ကသိုလ်အသီးသီးတွင် ဆက်လက်လေ့ကျင့် ရှင်သန်အားကောင်းစေနိုင်သည်။ တစ်ပြိုင်နက်ပင် Multiple Intelligence ၊ Emotional Intelligence အခြေပြုလေ့ကျင့်ရာတွင် အသုံးပြုသော အကြောင်းပြချက် (Subject) များသည် ဘွဲ့ရတို့အတွက် ကျွမ်းကျင်ရာ အသက်မွေး ပညာတစ်ခုဖြစ်လာ၍ အကျိုးများ၏။ ဘွဲ့ရသည့်အချိန်တွင် အသက်မွေးပညာနှင့်အတူ Multiple Intelligence နှင့် Emotional Intelligence များ ပါဝင်ဖွံ့ဖြိုးပြီးဖြစ်ရာ ထိုဘွဲ့ရတို့သည် ကုန်ထုတ်လုပ်မှုနှင့် အခြားသော မိမိတို့ ကျွမ်းကျင်ရာ အသက်မွေး ပညာပိုင်း

အသီးသီးသို့ ဝင်ရောက်ရန် စိတ်ရောကိုယ်ပါ အသင့်ဖြစ်နေပြီဖြစ်၍ တရုတ်ပြည်၏ ကုန်ထုတ်လုပ် မှုကဏ္ဍနှင့် ဝန်ဆောင်မှုများကဏ္ဍ အသီးသီးပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာကြသဖြင့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်ပပို့ကုန်ပါ တိုးပွားလာပြီး တိုင်းပြည်စီးပွားရေးပါ တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်။

# လူတိုင်းအတွက်ပညာရေး

# လူတိုင်းအတွက်ပညာရေး

လူတစ်ဦးကျန်းမာ ချမ်းသာစွာနေနိုင်ရေး ကြိုးပမ်းရာ၌ ထိုသူကိုယ်တိုင်က ကျန်းမာချမ်းသာစွာ နေလိုခြင်းဆန္ဒပြင်းပြရန်လိုသည်။ သာမန်အားဖြင့် လူတိုင်း လူတိုင်း ကျန်းမာချမ်းသာစွာ နေလိုကြသည်သာဖြစ်မည်ဟု ပြောဆိုတွေးခေါ်ကြမည် ဖြစ်သော်လည်း လက်တွေ့တွင် ကျန်းမာချမ်းသာစွာနေထိုင်လိုသော ဆန္ဒပြင်းပြသူတို့သည် လူတိုင်းမဟုတ်။ လူအချို့သာဖြစ်သည်။ လူတိုင်းကတော့ ပြောကြမည်သာ။ ကျွန်ုပ်တို့လည်း ကျန်းမာချင်ကြသည်။ ချမ်းသာစွာနေလိုကြသည်ဟူ၍ပင်။ သို့ရာတွင် ကျန်းမာချမ်းသာစွာနေနိုင်ရေးဆန္ဒပြင်းပြပါက ထိုပုဂ္ဂိုလ်တို့သည် ကျန်းမာချမ်းသာစွာနေနိုင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်သော အလုပ်များကို တက်ကြွစွာ ဆောင်ရွက်လာကြလိမ့်မည်။ ငယ်သူများအတွက် ကျန်းမာရေးသည် များသောအားဖြင့် အထူးပြောရန် မရှိသေး၍ တစ်သက်လုံးလည်း ယခုကဲ့သို့ပင် ကျန်းမာနေလိမ့်ဦးမည်ဟု ငယ်ရွယ်သူ လူတိုင်းနီးပါး အလိုအလျောက် တွေးပြီးဖြစ်မည်။ ငယ်ရွယ်သူများဘဝ၌ ကြီးပြင်းလာ၍ ချမ်းသာစွာမနေရလျှင် ဘဝတို့ မည်ရွေ့မည်မျှအထိ ဆိုးဝါးသွားနိုင်သည်ကို မရိပ်စားမိ မကြုံဖူး၍ မသိသေးလျှင် မကြောက်တတ်သေး။ ကြီးပြင်းလာ၍ ချမ်းသာစွာမနေရလျှင် ကြုံတွေ့ရမည်၊ ကြုံတွေ့နိုင်သည့် ဒုက္ခများကို မစဉ်းစားမိနိုင်သေးချေ။ သို့ဖြစ်၍ ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူတို့အား ကျန်းမာရေးသည် ငယ်ရွယ်စဉ်ကနှင့် ကြီးပြင်းလာသော် မတူနိုင်သည်ကိုလည်းကောင်း၊ ချမ်းသာစွာနေနိုင်ရခြင်းသည် လည်း လွယ်လွယ်နှင့် မရနိုင်ကြောင်း၊ ချမ်းသာစွာမနေရလျှင် ကြုံတွေ့ရနိုင်သည့် ဒုက္ခအပေါင်းအား ပုံဖော်၍ ရှင်းပြခြင်း (သို့) နမူနာပေး၍ ကြုံတွေ့စေခြင်းတို့ဖြင့် နားလည်လာကြ စေရန် ဆောင်ရွက်ရန်လိုသည်။ ပဓာနလုပ်ငန်းတစ်ခုဖြစ်လာသည်။ ဤလုပ်ငန်းကို ကျွန်ုပ်တို့အများစု လုပ်ကိုင်ရန် ပျက်ကွက်ကြသည်များသည်၊ အရေးမကြီးဟု ယူဆကြသူများသည်။

ဆင်းရဲမွဲတေခြင်းကို တိုက်ဖျက်ရာတွင် ဆင်းရဲခြင်း၏အကြောင်းတရားများကို ရှာဖွေရန်သည် ပထမ ပဓာနလုပ်ငန်းဖြစ်၏။ ယခုရေးသားခဲ့သည့်အဆင့်

သည် ဆင်းရဲချမ်းသာ၊ ကျန်းမာ မကျန်းမာ စတင်ကွဲပြားစေသော အဆင့်ဖြစ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကွဲပြား၍ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ မကျန်းမာခြင်းတို့ဖြစ်ကြလေရာ မိမိတို့ပြုပြင်၍ရသော ကံ၊ ဉာဏ်နှင့် ဝီရိယအားလုံးအား ဂရုပြု ဂရုစိုက်၍ အားထည့်နိုင်လျှင် ဆင်းရဲမွဲတေမှု လျော့နည်းလာမည်။ အတိတ်ဘဝမှ ပြုခဲ့သောကံတို့၏ စီမံမှုအား ပြန်လည်ပြုပြင်ရန် ယေဘုယျအားဖြင့် ခက်ခဲသည်။ အကုသိုလ်ကံတို့အား ကုသိုလ်ကံတို့ဖြင့် အုပ်စီးစိုးမိုးထားခြင်းဖြင့် ထိန်းကျောင်းနိုင်သော နည်းလမ်းများရှိသော်လည်း လူတိုင်းနားလည်နိုင်မည့် ယေဘုယျနားလည်မှုအနေဖြင့် အတိတ်ကံ (သို့) ယနေ့၊ ယခုမပြုပါဘဲ ဖြစ်ထွန်းလာသော (သို့) ပျက်စီးသွားရသော ကိစ္စများ ခေတ္တမေ့ထားကာ ပစ္စုပ္ပန်တည့်တည့်ကြည့်လျှင် ကံ၊ ဉာဏ်၊ ဝီရိယ (၃)ပါးလုံးကို ကျွန်ုပ်တို့ပြုပြင်လျှင် ပြုပြင်နိုင်သေးသည်။ ကံသည် အလုပ်ဖြစ်သည်။ ဉာဏ်ကို သွေးယူ၊ မွေးယူကာ ပြုပြင်ပြီး ကျန်းမာချမ်းသာစွာနေလိုစိတ်ပြင်းပြလာပါက ဝီရိယစိုက်ထားနိုင်လျှင် ဆင်းရဲမွဲတေမှု လျော့နည်းလာမည်။ သို့ဖြစ်၍ **ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတွင် ပဓာနအကျဆုံးမှာ ကျန်းမာချမ်းသာစွာနေထိုင်လိုသော ဆန္ဒပြင်းပြရေးပင်ဖြစ်သည်။**

## လူတိုင်း ကျောင်းလာတက်ကြတော့မှာလား

လူတိုင်းကျောင်းတက်နိုင်ရန်လိုကြောင်း အထူးပြောစရာမလို။ လူတိုင်းသိသည်။ လက်တွေ့တွင် လူတိုင်းကျောင်းမတက်နိုင်။ ကျောင်းနှင့်ဆရာများ မပြည့်စုံ၍လည်း လူတိုင်း ကျောင်းမတက်နိုင်သည်မဟုတ်။ အကယ်၍ တစ်နေ့နေ့ အနာဂတ်တွင် ကျောင်းနှင့်ဆရာများ ပြည့်စုံစွာ ပံ့ပိုးပေးနိုင်သည့်အချိန် ရောက်သည့်တိုင် ကျောင်းမတက်နိုင်သေးသော မိသားစုဝင်များ ရှိနေနိုင်သေးသည်။ လူ့ဘဝနေ့စဉ်လိုအပ်ချက်များစွာကို (သို့) ယနေ့ ယခု လက်ရှိ ပစ္စက္ခ လိုအပ်ချက်များကို ပြေလည်စေရေးအတွက် မိုးလင်းသည်နှင့် လုပ်ကိုင်ကြရသည်ဖြစ်ရာ လူတိုင်း (သို့) ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးသည် ခေတ်အဆက်ဆက်

ကြိုးပမ်းနေကြသော်လည်း လုံး၀ ရာနှုန်းပြည့် ပပျောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်ကြာမည်။ ခဲယဉ်းသည်။ ဆိုလိုသည်မှာ ကျောင်းသင်ပညာ (သို့) ပညာဖြင့် ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ရေးလမ်းကြောင်းကို သွား၍ ရသကဲ့သို့ ကျောင်းသင်ပညာ (သို့) သင်ညာရယူလေ့ကျင့်ခြင်းဖြစ်စဉ်ကို ထိုလမ်းကြောင်းမှ မကြုံတွေ့မဖြတ်သန်းဘဲ အခြားနည်းလမ်းဖြင့်ရယူ ကြုံတွေ့လေ့ကျင့်နိုင်သော နည်းလမ်းများရှိပြီးဖြစ်သည်ကို လူတိုင်းသိရှိပြီးကြသည့်အတိုင်း ထိုသို့အခြေအနေအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သေးသော ကျောင်းနေအရွယ်များတွင်မက အခြေအနေအမျိုးမျိုးကြောင့် ကျောင်းသင်ပညာမကြုံခဲ့၍ အရွယ်ကြီးပြင်းပြီးဖြစ်နေသော လူကြီးများကိုပါ ရောက်သည့်အသက်အရွယ်မှစ၍ လေ့လာအားထုတ်နိုင်သော ပညာရေးလေ့ကျင့်စဉ်ကို ဝေမျှနိုင်ရန် ပုံစံပြုရမည်ဖြစ်သည်။

အားလုံးအတွက်ပညာရေးနှင့် လူတိုင်းအတွက် အကျုံးဝင်သောပညာရေး (သို့) လူတိုင်းပညာရယူနိုင်သော ပညာရေးတို့သည် အဓိကကျသော အခြေခံမူများဖြစ်သည် ဟူသည်မှာ - ပညာရေးစနစ်သည် လူတိုင်းလူတိုင်း နေရာဒေသမရွေး လုပ်ကိုင်ပါဝင်လေ့ကျင့်၍ ရသော၊ ရလဒ်တူမည်ဖြစ်သော ပညာရေးစနစ်ကို ဆိုလိုသည်။ ပြည်ထောင်စုတစ်ဝှမ်း မည်သည့်ဒေသတွင်နေထိုင်သည်ဖြစ်စေ လူမျိုးဘာသာ၊ ဓလေ့ မတူညီကြသည်ဖြစ်စေ၊ ကိုးကွယ်ရာဘာသာ ကွဲပြားသည်ဖြစ်စေ၊ ယုံကြည်မှုအယူအဆများ တစ်မျိုးတစ်ဘာသာစီဖြစ်နေပါစေ ဤပညာရေးစနစ်တွင် ပါဝင်၍ လေ့ကျင့်နိုင်ရမည့်အပြင် လေ့ကျင့်၍ပေါ်ထွန်းလာမည့် ရလဒ်များတူညီစေရန် ဖြစ်လာစေမည့် ပညာရေးစနစ်ကိုပုံစံပြုနိုင်မှ ထိုပညာရေးစနစ်သည် လူတိုင်းအတွက် အကျုံးဝင်မည် (သို့) လူတိုင်းအတွက် ပညာရေးဖြစ်မည်။

## လူတိုင်းအတွက်ပညာရေးတွင် လျှပ်စစ်မီး လိုမလို၊ ကွန်ပျူတာ လိုမလို

**လူတိုင်းအတွက် ပညာရေးဆိုသည်မှာ လူတိုင်းလိုက်၍လေ့ကျင့်နိုင်စေရန် ဖြစ်သည်။** လူတိုင်းဘာလုပ်ရမည်ဆိုသည်က ပို၍အရေးကြီးသည်။ လူတိုင်းပါဝင်ရမည်ဆိုသည်မှာ မှန်သည်။ ပါသူတိုင်း လေ့ကျင့်နိုင်ကြဖို့ ဆိုလိုသည်။

ခေတ်မီကွန်ပျူတာ နည်းပညာများကို အသုံးပြု၍ သင်ကြားမည်ဟုဆိုသည်။ ဤသို့ပြဌာန်းလိုက်လျှင်ပင် လူတိုင်းအတွက် ပညာရေးစနစ်မဖြစ်နိုင်တော့။ ကျွန်ုပ်တို့တိုင်းပြည်တွင် လျှပ်စစ်မီး မရောက်သော၊ ကွန်ပျူတာမသုံးနိုင်သော တိုင်းရင်းသားများ များစွာရှိနေသည်။ ယခုရှာဖွေရမည့် နည်းလမ်းသစ်မှာ ယခုလုပ်ကိုင်ဆဲ၊ လုပ်ကိုင်လျက်ရှိသော နည်းစနစ်များ၊ လုပ်ပုံ ကိုင်ပုံများနှင့် မတူကွဲပြားသောစနစ်ကို ရှာရန်ဖြစ်သည်။ အများအတွက်ပညာရေး (သို့) လူတိုင်းအတွက် ပညာရေးစနစ်သည် လူတိုင်းတွင်ရှိပြီးသား (သို့) အတူ တကွ ထာဝရရှိနေသည့် ရှိနေမည့် စိတ်နှင့် ရုပ်ဝတ္ထုပစ္စည်းများပေါ်တွင် အခြေပြု၍ လေ့ကျင့်ခြင်းပုံစံပြုခိုင်းလျှင် လူတိုင်းအတွက် ပညာရေးဖြစ်လာမည်။ လက်တွေ့ ကျမည်။ ယနေ့သုံး၍ ရလာမည်။ ယနေ့စလုပ်နိုင်သော၊ လျှပ်စစ်မီးမလိုသော၊ ကွန်ပျူတာနှင့် ခေတ်မီနည်းပညာများမလိုသော၊ လူတိုင်းအတွက် ပညာရေးဖြစ် လာမည်။ လူတိုင်းအတွက် ပညာရေးစနစ်တွင် ရှိသည့်အရာနှင့် သုံးစွဲလုပ်ကိုင် လေ့ကျင့်နိုင်သော ပညာရေးစနစ်ဖြစ်ရမည်။ နေရာဒေသမရွေး လုပ်ကိုင်နိုင်သော ပညာရေးဖြစ်ရမည်။ ရာသီဥတုမရွေး လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ လူမျိုးဘာသာမရွေး ဆောင်ရွက်နိုင်သော ပညာရေးဖြစ်ရမည်။ ကျေးရွာများတွင် လက်တွေ့လေ့ကျင့်နိုင်သော ပညာရေးစနစ်ဖြစ်ရမည်။ တောင်ပေါ်ဒေသများတွင် လေ့ကျင့်၍ရနိုင်သော ပညာရေးစနစ်ဖြစ်ရမည်။ ပင်လယ်ကမ်းစပ် ကမ်းရိုးတန်း ဒေသများတွင် လက်တွေ့လေ့ကျင့်နိုင်သော ပညာရေးစနစ်ဖြစ်ရမည်။ ကျောင်း မတက်ဘဲ လေ့ကျင့်၍ရသော ပညာရေးစနစ်ဖြစ်ရမည်။ အိမ်မှာပဲနေရင်း လေ့ကျင့်၍ရသော ပညာရေးစနစ်ဖြစ်ရမည်။ တက္ကသိုလ်များ ဆက်မတက်ဘဲ လုပ်ကိုင်လေ့ကျင့်နိုင်သော ပညာရေးစနစ်ဖြစ်ရမည်။ လူငယ်များလေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ လူကြီးများလည်း လုပ်ကိုင်လေ့ကျင့်နိုင်သော ပညာရေး ဖြစ်ရမည်။ သက်ကြီးရွယ်အိုများလည်း ချက်ချင်းလုပ်ကိုင်လေ့ကျင့်နိုင်သော ပညာရေးဖြစ်ရမည်။ စစ်သည်များ၊ ဘုန်းတော်ကြီးများ၊ ကျောင်းသားများ၊ ဆရာဝန် များ၊ ရှေ့နေများ၊ သူဖုန်းစားများပါ အကုန်လုံးလိုက်၍ လေ့ကျင့်နိုင်သော ပညာရေး ဖြစ်ရမည်။

ဆင်းရဲမွဲတေမှုတိုက်ဖျက်ရာတွင် ကျောင်းတွင်းပြင်ပ ပညာရေးနှင့် သင်ညာ မဟုတ်သောပညာရေးတို့သည် အလွန်အသုံးဝင်သည်။ ကျောင်းတွင်းပြင်ပပညာရေးကား ကျောင်းတက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ အလိုလို ရပြီး ကြုံပြီးဖြစ်၏။ သင်ညာမဟုတ်သော ပညာရေးကိုမူ စီစဉ်မှ ရမည်။ မီဒီယာ စာနယ်ဇင်းအားဖြင့် ဆောင်ရွက်နိုင်သည်။ အုံလိုက်ကျင်းလိုက် ဆောင်ရွက်ရန် လိုသည်။ အင်္ဂလိပ်ဘာသာဖြင့် အရှိန်အဟုန်မြှင့် အုံလိုက်ကျင်းလိုက်ဆောင်ရွက်ခြင်းကို Accelerated Learning ဟုခေါ်ကြသည်။ လက်ရှိ ကျွန်ုပ်တို့နိုင်ငံတွင် ကြုံတွေ့နေရသော အလုပ်လက်မဲ့အခြေအနေများကို ချက်ချင်းဖြေရှင်း၍မရ။ အချိန်ယူရန်လိုသည်။ ကျန်းမာစွာနေထိုင်လိုသော စိတ်ဆန္ဒ၊ ချမ်းသာစွာ နေထိုင်လိုသော စိတ်ဆန္ဒအား ပြင်းပြလာစေရန် ပျိုးရမည်။ ဆန္ဒပြင်းပြ၍ ကျန်းမာချမ်းသာစွာ နေထိုင်လိုလျှင် လူတိုင်းလူတိုင်းသည် ယခုလက်ရှိပစ္စုပ္ပန်လုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်ကြရာ၌ သေချာစွာစဉ်းစား၍ လုပ်ကိုင်ကြရန်သည် ပဓာနကျလှသော ပထမလုပ်ငန်းပင်ဖြစ်သည်။ အရိုးဆုံး၊ အခြေခံအကျဆုံး ပညာရေးစနစ်ပင်ဖြစ်သည်။ တောင်ပေါ်မြေပြန့် ကမ်းရိုးတန်းပါမကျန် သုံး၍ရသော ပညာရေးစနစ်၏ အခြေခံဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ကျားမမရွေး နေ့စဉ်လက်ရှိ စတင်အသုံးပြုနိုင်သော ပညာရေးလေ့ကျင့်စဉ်ဖြစ်သည်။ ဘဝပြဿနာများကို စဉ်းစား၍ ဖြေရှင်းလျှင် အသိဉာဏ်ရင့်ကျက်လာမည်။ သိမှု သိခြင်းများ မှန်ကန်စေရန် စာဖတ်ခြင်းသည် အင်အားကြီးတစ်ခုဖြစ်လာသော်လည်း လူတိုင်းအတွက် စာဖတ်နိုင်ရေးသည် မဖြစ်နိုင်သေး၍ စာဖတ်ခြင်းမလုပ်နိုင်သော်လည်း မြင်ဆရာ၊ ကြားဆရာများထံမှ ကြားသိနားလည်လာရသော ဗဟုသုတအသိတို့ဖြင့် အခြေခံ၍ မိမိလက်တွေ့ဘဝတွင် အသုံးပြုစဉ်းစားရန်ဖြစ်သည်။ မြင်မှား ကြားမှား ဖြစ်၍ လုပ်မှား ကိုင်မှားများဖြစ်နိုင်ပါသည်။ သို့သော် ပြင်လိုက်လျှင်၊ ဒုတိယအကြိမ်ထပ်၍ မမှားလျှင် တိုးတက်လာပြီဟု ဆိုနိုင်သည်။ မှားရင်း၊ ပြင်ရင်း၊ စဉ်းစားရင်း၊ ကြားမြင် သိရှိရင်း၊ ဖတ်မှတ်လေ့လာသိရှိရင်း ပို၍ပို၍ အသိဉာဏ်ရှိလာလျှင် လုပ်မှားကိုင်မှားဆုံးဖြတ်မှား နည်းပါး

လာမည်။ ဤသည်မှာ လူတိုင်းအတွက် အခြေခံပညာရေးဖြစ်သည်။ ဤနေရာက စရမည်။ လူတိုင်းအတွက်ပညာရေးသည် လူတိုင်းချက်ချင်း ကျင့်သုံးနိုင်သော ပညာရေးဖြစ်၍ သက်ဆုံးတိုင်လေ့ကျင့်၍ရသည့် အသုံးပြု၍ရသည့်၊ လူတန်းစား မျိုးစုံသုံးနိုင်သည့်၊ လျှပ်စစ်မီးမရှိလည်းရသည့်၊ တောင်ပေါ်မြေပြန့် ကမ်းရိုးတန်းမကျန် ချက်ချင်းလေ့ကျင့်သုံးစွဲကြလျှင် နိုင်ငံသားတို့ ပို၍ ပို၍ စဉ်းစားတတ်လာမည်။ လောကီအရလည်း သမ္မာဒိဋ္ဌိခေါ် သိမှုမှန်ကန်လာမည်။ သိမှုမှန်ကန်လာလျှင် သမ္မာဝါယမ လုပ်ကိုင်အားစိုက်မှုမှန်ကန်လာမည်။ သမ္မာ သင်္ကပ္ပ စဉ်းစားတွေးခေါ်မှု မှန်ကန်လာမည်။ သမ္မာဝါစာ ပြောရေးဆိုရေးများ မှန်ကန်လာမည်။ သမ္မာအာဇီဝ အသက်မွေး ဝမ်းကြောင်းမှု မှန်ကန်လာလျှင် အများထိခိုက်အောင်မပြုတော့။ သမ္မာ ကမ္မန္တ မှန်တာလုပ်လာကြမည်။ သမ္မာသတိ ကောင်းတာ မှန်တာ တွေချည်းစဉ်းစား သိလာကြမည်။ သမ္မာ သမာဓိ တည်ငြိမ်အေးချမ်းမှု အာရုံစူးစိုက်မှုရလာမည်။ သို့လျှင် ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ကြတော့မည်ဖြစ်သည်။ ကွန်ပျူတာ မလိုပါ။ ကိုယ်တိုင်စဉ်းစားပြီး လုပ်ကိုင်ရန်သာလိုသည်။ ဓာတ်ခွဲခန်း သီးသန့်ဆောက်ရန် မလိုပါ။ ရောက်ရာနေရာတွင်ရှိသည့် ပစ္စည်းတို့ဖြင့် လက်တွေ့ လုပ်ကိုင်ခြင်းဖြင့် ဓာတ်ခွဲခန်းများ ဖြစ်သွားကြပါစေ။ အားကစားကွင်းကြီးများ သီးသန့်ဆောက်ရန် မလုပ်နိုင်သေးချိန်တွင် လမ်းလျှောက်အလုပ်လုပ်ရင်း သွက်သွက်လျှောက် သွက်သွက်လုပ်ရင်း ရောက်ရာနေရာ ရှိသည့်အရပ်တွင် လေ့ကျင့်ခန်းများ မှန်မှန် လုပ်ကိုင်ခြင်းဖြင့် မိမိရောက်ရာနေရာသည် အားကစားကွင်းဖြစ်လာပါစေ။ လျှပ်စစ်မီးရှိလျှင် ပိုခရီးရောက်ပါသည်။ သို့သော် လျှပ်စစ်မီးမရှိလျှင်လည်း စဉ်းစား ၍ရပါသည်။ (၁၂) နာရီကြာလင်းနေသော နေ့အလင်းရောင်ရှိချိန်တွင် ရအောင် ဖတ်ပါ၊ စဉ်းစားပါ၊ အလုပ်လုပ်ပါ။ ကျောင်းမတက်နိုင်၍ စိတ်ဓာတ်ကျရန်မလို။ နေ့စဉ်လုပ်ငန်းများလုပ်ရင်း ကြားပါ မြင်ပါ။ ၄င်းတို့ကို အခြေပြု အကြောင်းပြု ၍ စဉ်းစားပါ။ တံငါနားနီးတံငါ ဖြစ်နိုင်သည်။ သို့သော် မိမိပေါ်တွင် မူတည်သည်။ မိမိဖြစ်လိုသော ပုံစံကိုရွေးချယ်ရန်ဖြစ်သည်။ အသက်အရွယ်ကြီးပြီဖြစ်သော်လည်း စိတ်ဓာတ်ကျစရာမဟုတ်။ ယနေ့ကျွန်ုပ်တို့နေ့စဉ်လုပ်နေသည်များကို စဉ်းစားခြင်း

ပွံ့ပိုး၍ ကောင်းသည်ထက်ကောင်းအောင် လုပ်နိုင်ရန်ဖြစ်သည်။ သူဖုန်းစားဖြစ်၍လည်း စိတ်ဓာတ်ကျရန်မလို။ ယနေ့အခက်အခဲကို ဤပုံဤနည်းဖြင့် ရှင်းနေကြရသေးသော်လည်း အရာရာမမြဲပါ။ ထာဝရမရှိပါ။ ထာဝရဖြစ်မနေနိုင်ပါ။ တောင်းရင်းရမ်းရင်းစဉ်းစားပါ။ လုပ်နိုင်သည်များစဉ်းစားပါ။ တွေ့လာပါလိမ့်မည်။ စဉ်းစားပါ။ နည်းလမ်းရှာဖွေပါ။ စဉ်းစားပြီးသည်များနှင့် မတူသောနည်းများဖြင့် ဆက်လက်ထပ်မံစဉ်းစားပါ။ နည်းလမ်းတွေ့လာပါလိမ့်မည်။ တပ်မတော်သားများလည်း ပညာရေးကို ဆက်လက်လေ့ကျင့်ရယူနိုင်သည်။ စစ်မြေပြင်မှာလည်း စဉ်းစား၍ လုပ်ပါ။ နောက်တန်းမှာလည်း စဉ်းစား၍ လုပ်ကိုင်ပါ။ ကြားပါ။သိပါ။ ဖတ်ပါ။ လေ့လာပါ။ စဉ်းစားပါ။ ဆုံးဖြတ်ပါ။ လုပ်မှားကိုင်မှား နည်းလာလိမ့်မည်။ စဉ်းစားပြီးလည်း ထပ်၍စဉ်းစားပါ။ တစ်ခါစဉ်းစား၍ရသောအဖြေ နောက်တစ်ခါ ထပ်၍စဉ်းစားလျှင် ရနိုင်သေးသည်။ အဖြေနှစ်ခုတူချင်မှတူမည်။ စဉ်းစားပြီးရင်း စဉ်းစားနေကြရန်သည် လူတိုင်းအတွက် ပညာရေးပင်ဖြစ်သည်။ ရာထူးအဆင့်အတန်း မရွေး ပညာရေးကို လေ့ကျင့်နေကြရမည်။ ရာထူးအဆင့်အတန်းကြီးမြင့်သူများလည်း စဉ်းစားလေ့ကျင့်ခြင်းဖြင့် သက်ဆုံးတိုင် ပညာရေးကိုရယူရန်လိုသည်။ ဤသည်ကို အင်္ဂလိပ်လို Life-Long Learning ဟုခေါ်သည်။ ရာထူးကြီးမြင့်သူများ ပို၍ ပညာတတ်ရန်လိုသည်။ ဆိုလိုသည်မှာ ပို၍ စဉ်းစားတတ်ရန်လိုသည်။ မည်သူမဆို သိမှုမှန်စေရန် စဉ်းစားရန်လိုသည်။ စဉ်းစားနေကြရန်လိုသည်။ သိမှုမှန်ကန်လာလျှင် လုပ်ကိုင်ပြောဆိုခြင်းများ မှန်ကန်လာမည်။ လုပ်ကိုင်ပြောဆိုမှု၊ စဉ်းစားမှုများ၊ ဆုံးဖြတ်မှုများ မှန်ကန်လာခြင်းသည် ကျန်းမာချမ်းသာစွာ နေနိုင်ရေးကို ဦးတည်၍သွားနေသည်။ တောင်သူများလည်း တောင်ယာလုပ်ကိုင်ရင်း မိရိုးဖလာ လုပ်ရိုးလုပ်စဉ်ကို Procedural မှတ်ဉာဏ်၏ စေခိုင်းမှုကြောင့် လုပ်ကိုင်နေခြင်းမျိုး မဟုတ်ဘဲ စဉ်းစားခြင်းပွံ့ပိုး၍ ကောင်းသည်ထက်ကောင်းအောင် လုပ်ကိုင်လျှင် ပညာတတ်သည်ထက် တတ်လာမည်။ လယ်သမားများလည်း စဉ်းစားတတ်ရန်ဖြစ်သည်။ ဤသည်ပင် လယ်သမားများအတွက် ပညာရေးဖြစ်သည်။ လယ်ထွန်ရင်း စဉ်းစားနိုင်သည်။ မည်သို့ပိုကောင်းအောင်ထွန်မည်နည်း။ မိရိုးဖလာ ထွန်ယက်

နည်းများထက်ပို၍ မြန်ဆန်အောင်၊ သွက်လက်အောင်၊ အချိန်ကုန်သက်သာအောင် စဉ်းစားကာ နည်းလမ်းရှာနေရင်း ပို၍ပို၍ ပညာတတ်လာမည်။ ဆန္ဒပြင်းပြလျှင် ပညာတိုးတက်လာမည်။ ပိုစဉ်းစားနိုင်လာမည်။ ဓာတ်မြေသြဇာ အသုံးပြုခြင်း ကိုလည်း အကြောင်းပြု၍ စဉ်းစားနိုင်မည်ဖြစ်သည်။ အသီးအနှံ ရိတ်သိမ်းခြင်း ကိုအကြောင်းပြု၍လည်း စဉ်းစားနိုင်သည်။ မိရိုးဖလာလုပ်ရိုးလုပ်စဉ်ကိုအခြေပြုပြီး စဉ်းစားကာ ကောင်းသည်ထက်ကောင်းအောင် လုပ်ကိုင်နိုင်လာကြမည်။ စိတ်ကူး ယဉ်အိပ်မက်မဟုတ်။ ၁၉၄၅ ခုနှစ်နောက်ပိုင်း နိုင်ငံတော်တော် များများတွင် ကြုံခဲ့ကြ တိုးတက်ခဲ့ကြပြီးဖြစ်သည်။ တံငါများလည်းစဉ်းစားကြမည်။ ပို၍ ကောင်းမွန်သော နည်းလမ်းများစဉ်းစား၍ အကြံထုတ်မည်။ စဉ်းစားရင်း ပို၍ ပို၍ ပညာတတ်လာမည်။ သို့မဟုတ် ဉာဏ်ရှိလာမည်။ သို့မဟုတ် စဉ်းစားတတ် လာမည်။ ဘဝတစ်သက်တာ ပညာရေးဖြစ်သည်။ သို့ဖြစ်၍ ကျောင်းနေသည်ဖြစ်စေ ကျောင်းမနေသည်ဖြစ်စေ လူမျိုးမရွေး ဘာသာမရွေး၊ ကျားမ မရွေးမည်သူမဆို၊ မည်သည့်နေရာတွင်မဆို ဤသို့လေ့ကျင့်ကြရန် တိုက်တွန်းကြရမည်။ ဤသည်ပင် လူတိုင်းအတွက်ပညာရေးဖြစ်သည်။ ကျယ်ပြန့်အောင်လုပ်ရမည်။ လူတိုင်းသိလာ အောင်ပြောရမည်။ ဟောရမည်။ တိုင်းပြည်တစ်ပြည်လုံး တိုးတက်လာစေဖို့ လူတိုင်း လူတိုင်း စဉ်းစားကြရန်လိုသည်။

ဤနည်းဖြင့် ကျောင်းမနေနိုင်ခဲ့၊ တက္ကသိုလ်ကြီးများမတက်နိုင်ခဲ့ဖူးဘဲ ကျန်းမာချမ်းသာစွာ နေကြရသော ပုဂ္ဂိုလ်များ များစွာရှိသည်။ အချို့လည်း စဉ်းစား ကောင်းစဉ်းစားကြမည်။ ကျောင်းမနေနိုင်ခဲ့၊ စာမတတ်ခဲ့သော်လည်း ယခု ကျန်းမာ ချမ်းသာစွာ နေနိုင်နေခြင်းသည် အတိတ်ကံကောင်း၍ဖြစ်မည်ဟုဆိုသော် ထို ကျန်းမာ ချမ်းသာစွာနေရသော ပုဂ္ဂိုလ်တို့သည် အတိတ်ကံကြောင့်ဖြစ်နိုင်သလို သူတို့သေချာပေါက်စဉ်းစားခြင်းကို ကောင်းစွာပြုခဲ့ကြသည်ဟုဆိုလျှင် ငြင်းနိုင်ကြ မည်မထင်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း လုပ်ကိုင်ရန်ရှိသည်များကို လုပ်ကိုင်ကြရင်း စဉ်းစားကာ၊ စဉ်းစားကာ ဝါယမစိုက်ထုတ်ကြရင်း ပို၍ ပို၍ ပညာတတ်လာစေရန် မိမိကိုယ်တိုင် ရောက်ရာနေရာတွင် ကျရာလုပ်ငန်းဖြင့် အကြောင်းပြု၍ ဆောင်ရွက် လေ့ကျင့်နိုင်သည်။

စဉ်းစားခြင်း (၃) မျိုးရှိသည်။ (၁) အတိတ်အတွေ့အကြုံများကို ပြန်ပြောင်းစဉ်းစားခြင်း၊ (၂) ပစ္စုပ္ပန်အတွေ့အကြုံကိုစဉ်းစားခြင်း၊ (၃) အနာဂတ်ကြုံတွေ့ရနိုင်သည့် အတွေ့အကြုံကို ကြိုတင်စဉ်းစားခြင်းတို့ဖြစ်သည်။ လူတိုင်းအတွက် ပညာရေးစနစ်တွင် စဉ်းစားကြရာ၌ ဤ (၃) မျိုး ပါဝင်ရန်လိုသည်။ လက်ရှိပစ္စုပ္ပန်၏ လုပ်ရပ်သည် အတိတ်တွင် ကြုံခဲ့ပြီးဖြစ်ခဲ့လျှင် အတိတ်တွင်ရခဲ့သော ရလဒ်ကို သိရှိလာမည်ဖြစ်ပြီး လက်ရှိပစ္စုပ္ပန်လုပ်ရပ်အား ပိုမိုကောင်းမွန်သော ရလဒ်ဖြစ်လာစေရေးအတွက် ပြင်ဆင်နိုင်သလို ပစ္စုပ္ပန်လုပ်ရပ်၏ အနာဂတ်အကျိုးဆက်ကိုပါ ထည့်သွင်းစဉ်းစားခြင်းဖြင့် အကျိုးဆက်များအား ကောင်းမွန်လာစေနိုင်သည်။ ဤအခြေခံစဉ်းစားပုံ (၃) မျိုးကို ထည့်၍ ဆက်လက်ဆင့်ပွားလေ့ကျင့်ရန်ဖြစ်သည်။

# အခြေခံပညာ အဆင့်တွင် လေ့ကျင့်ရန် (၁၃)နှစ်လိုအပ်သည်

အခြေခံလူသားဆိုင်ရာဖွံ့ဖြိုးဖြစ်တည်မှု သဘာဝနိယာမတွင် Dr. Jean Piaget အား အခြေခံကြသည်။ ဆွစ်လူမျိုး Dr. Jean Piaget က ၎င်း၏ Human Depelopmental နိယာမတွင် လူသားတို့၏ဖွံ့ဖြိုးမှုအဆင့် လေးဆင့်ခွဲခြားပြခဲ့သည်ကို ကမ္ဘာအနှံ့ အပြား လက်ခံသုံးစွဲကြသည်။ မွေးကင်းစမှ (၂)နှစ်အရွယ်အထိ ကို Sensorimotor အဆင့်ဟု သတ်မှတ်ပြီး (၂)နှစ်မှ (၇)နှစ်ကို Pre operationals အဆင့်ဟု ခေါ်သည်။ (၇)နှစ်မှ (၁၁)နှစ်ကို Concrete Operations အဆင့်ဟု ခေါ်ပြီး (၁၁)နှစ်မှ အထက်ကို Formal Operations အဆင့်ဟု ခေါ်သည်။ Sensorimotor အဆင့်တွင် လူသားတို့၏ဦးနှောက်သည် စတင်ဖွံ့ဖြိုးနေပြီဖြစ်သော် လည်း ဤကာလအတွင်း လူသားလေးတို့သည် ပတ်ဝန်းကျင်ကို အာရုံခံအင်္ဂါများမှတစ်ဆင့် လေ့လာပုံဖော်မှတ်တမ်းပြုသည့် လုပ်ငန်းများကို စက္ကန့်မလပ် လုပ်ကိုင်နေကြသည်။ Pre Operational အဆင့်တွင် (၇)နှစ်သားအဆင့် ပုံဝတ္ထုရုပ်မပါဘဲ တွေးခေါ်ဆက်စပ်နိုင်စွမ်းအား မပေါ်သေးသည်ကို လေ့လာတွေ့ရှိကြောင်း ဖော်ပြသည်။ (၇)နှစ်အထိ ကလေးငယ်များအတွက် ပုံ၊ ရုပ်တို့နှင့် ပြောဆိုမှ နားလည်လွယ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ တစ်ဖန် (၇)နှစ်မှ (၁၁)နှစ်အတွင်း တိုးတက်ပြောင်း လဲလာသည်မှာ ရုပ်ဝတ္ထုပုံရိပ်များမပါဘဲ ပုံဖော်ဆက်စပ်တွေးတောရရှိလာပြီး ပြဿနာရှင်းလင်းလာနိုင်သည်။ သင်္ချာတွက်ချက်မှုနှင့် သဘာဝကျသော တွေးခေါ် ဆင်ခြင်နိုင်မှုများပါ ဖွံ့စည်းဖြစ်ပေါ်လာသည်ဟု ဆိုသည်။ Formal Operations ကာလ (၁၁)နှစ်မှ စ၍ သတ်မှတ်ရာ (၁၁)နှစ်တွင် လူသားလေးတို့သည် လူကြီးများကဲ့သို့ တစ်ထပ်တည်းခံစားတတ်လာသည်ဟု ဆိုသည်။ Dr. Jean Piaget ၏ နိယာမအရ (၁၁)နှစ်သည် လူလားမြောက်စအချိန်ဖြစ်သည်ကို အနောက်နိုင်ငံ ကျောင်းများက အခြေခံယူ၍ (၁၁)နှစ်ဝန်းကျင်သို့မဟုတ် ဦးနှောက်ဖွံ့စည်းပုံသည် လူကြီးတစ်ဦးကဲ့သို့ ပြည့်စုံစွာ ဖွံ့စည်းဖြစ်ပေါ်နေရေးကို သေချာစေရန် (၁၂)နှစ် ဝန်းကျင်ခန့်တွင် အင်္ဂလိပ်တို့စနစ်တွင် Primary ပညာရေးကို Primary 6 တွင် ပြီးဆုံးစေပြီး (၁၂)နှစ်ကျော် (၁၃)နှစ်မှစ၍ Secondary ပညာရေးကို စတင် လေ့ကျင့်ရန်စီမံ၏။ အမေရိကန်ပညာရေးတွင်လည်း Grade 6 တွင် Elementary School မှ Middle School သို့ ပြောင်းလဲသတ်မှတ်ရာ အသက်အပိုင်းအခြား သည် (၁၁)နှစ် (၁၂)နှစ် ဝန်းကျင်ကို ယူ၍ သတ်မှတ်ကြသည်မှာ Dr. Jean Piaget ၏ လေ့လာမှုကိုသာအခြေပြု၍

လူသားဦးနှောက်ဖွံ့ဖြိုးမှု အလုပ်လုပ်ပုံပေါ်တွင် မူတည်ဆုံးဖြတ်ကြခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာစနစ်များက (၃) (၄) (၅) နှစ်တွင် မူလတန်းကြို (Preschool) တက်ရောက်၍ (သို့) Nursery တက်ရောက်၍ မူလတန်း (Kindergarten) ၏ ပထမနှစ် ပျိုးခင်းအတန်းသို့ စတင်ရောက်ရှိလေ့ကျင့်ရန် ကြိုတင်ပြင်ဆင်ရသည်။ ကြိုတင်ပြင်ဆင်ကြရာဝယ် မူလတန်း (Kindergarten) တွင် လေ့ကျင့်ရမည့် အကြောင်းပြချက်များကို ကြိုတင်အလွတ်ကျက်မှတ် (သို့) ရေးသားရန်မဟုတ်။ မူလတန်း (KG) တွင် လေ့ကျင့်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကလေးတို့ ကိုယ်ခန္ဓာရှိ ကြွက်သားတို့ ကောင်းမွန်စွာသန်မာနေစေရန်အလို့ငှာ ကြိုတင်၍ ခန္ဓာကိုယ် ဖွံ့ဖြိုးသန်မာမှုကို မူကြိုများတွင် လေ့ကျင့်ကြရန်ဖြစ်သည်။ စာရေး လေ့ကျင့်ရန်မဟုတ်။ စာသင်ရန်မဟုတ်။ အလွတ်ကျက်မှတ်ရန်မဟုတ်။ ဒုတိယ ပြင်ဆင်မှုမှာ ဦးနှောက်ပိုင်းဖွံ့ဖြိုးရေးဖြစ်သည်။ အသိဉာဏ်ဖွံ့ဖြိုးရေးဖြစ်သည်။ တတိယကဏ္ဍမှာ ခန္ဓာကိုယ်အစိတ်အပိုင်းများ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးမှုနှင့်ကန် မြန်ဆန်လာစေရန် လေ့ကျင့်ပြင်ဆင်ရေးကို မူကြိုတွင် ပြင်ဆင်ရန်ဖြစ်သည်။ မူကြို ကာလ ပြီးဆုံး၍ (၅)နှစ် တင်းတင်းပြည့်ပါက မူလတန်း (KG) သို့စတင် ဝင်ရောက် ရန်ကို တစ်ကမ္ဘာလုံးနီးပါး လက်ခံကျင့်သုံးနေကြ၏။ မြောက်ကိုရီးယားတော့မသိ။

မူလတန်း (KG) ပြီးမြောက်၍ အသက် (၆)နှစ် သို့မဟုတ် (၆)နှစ်ကျော် (၇)နှစ်ထဲရောက်မှ Primary ပညာရေးကို စတော့၏။ Dr. Jean Piaget နိယာမ အရဆိုလျှင် အဆင့်(၃) Concrete Operations အဆင့်ကိုရောက်သည်နှင့် Primary ပညာရေးကို စတော့သည်။ ရှေးဦးသင်ပညာရေးသည် အသက်(၆)နှစ် ပြည့်လျှင် ပြီးမြောက်ပြီဖြစ်သည်။ ကလေးတို့၏ဦးနှောက်သည် တွေးတောဆက်စပ် ဆင်ခြင်သုံးသပ် စဉ်းစားနိုင်လောက်အောင် ဖွံ့ဖြိုးလာသည့်အရွယ်ဖြစ်သည်။ အသက် (၁၁)နှစ် (၁၂)နှစ် အရွယ်ရောက်သည်နှင့် စဉ်းစားစရာများကိုပေး၍ လေ့ကျင့်မှုစတင်ခြင်းကို မူလတန်းပညာရေးမှ စတင်ခြင်းဖြစ်သည်။ အပြည်ပြည် ဆိုင်ရာသုံးစနစ်အရ မူလတန်း၏တတိယ (၆)နှစ် တွင်ရောက်မှ ရှေ့ဦးသင်ပညာ ပြီးဆုံးသည်ဟု ဆိုသည်။ ထိုမှတစ်ဖန် (၅)နှစ်ပြည့်၍ (၆)နှစ် ဝင်ရောက်လျှင်၊ ယခုအခေါ် Grade 2 သို့မဟုတ် ယခင်အခေါ် KG သို့ဝင်ရန် အကြံပြုထားသည်ကို လည်းတွေ့ရ၍ မျက်စိလည်စရာဖြစ်၏။ KG ကို Grade 1 ဟု ပြောင်းလဲခေါ်ဆိုခြင်း သည် ပညာရေးပြုပြင်ပြောင်းလဲမှုမဟုတ်။ ယခင် KG ကို Grade 1 ဟု ပြောင်းလဲ

ခေါ်ဆိုကြ၍ ယခင် (၁၀)တန်းက ယခု Grade 11 ဖြစ်တော့သည်။ ဘယ်ကမ္ဘာမှာမှ မရှိသည့် စနစ်ဖြစ်သည်။ အမေရိကန်က K 12၊ ဗြိတိန်ကလည်း K 12 ။ ဆိုလိုသည်မှာ KG ပြီးလျှင် (၁၂)နှစ် လေ့ကျင့်ရန် ဖြစ်သည်။ ကနေဒါနှင့်ပြင်သစ်က KG မထား။ ထို့ကြောင့် အထက်တန်းကျောင်းပြီးရန် (၁၃)နှစ် ဖတ်စေသည်။ အတူတူပင်။ အမေရိကန်နှင့် ဗြိတိန် စနစ်အရ KG ပြီးလျှင် (၁၂)နှစ်။ သို့ဖြစ်၍ တက္ကသိုလ်များသို့တက်ရန် အချိန်ရောက်သော် (၁၈)နှစ်ကျော် (၁၉)နှစ်။ ကနေဒါနှင့် ပြင်သစ်တို့တွင်လည်း တက္ကသိုလ်တက်ရန် အချိန်ရောက်လျှင် (၁၈)နှစ်နှင့် (၁၉)နှစ်။ ကျန်နိုင်ငံများတွင်လည်း တက္ကသိုလ်တက်ရန် အဆင်သင့်ဖြစ်ချိန်တွင် (၁၈)နှစ်ကျော် (၁၉)နှစ်။ ကျွန်ုပ်တို့စနစ်က ယခင် KG - 10 တုန်းကလည်း တက္ကသိုလ်တက်ရန် အချိန်ရောက်လျှင် (၁၆)ကျော် (၁၇)နှစ်။ ယခု Grade 1 - Grade 11 စနစ်တွင်လည်း တက္ကသိုလ် ပထမနှစ်ရောက်လျှင် (၁၆)နှစ်ကျော် (၁၇)နှစ်။ အသွင်သာ ပြောင်း၏ အနှစ်သာရ မပြောင်းနိုင်သေး။ ဤသို့ (သို့) အခြားနိုင်ငံများနည်းတူ ဆောင်ရွက်နိုင်ရန် ငွေများစွာလိုသည်။ စာသင်ခန်းများ၊ ဆရာများ၊ သင်ကြားမှု ပစ္စည်းများမှအစ များစွာ များစွာ သော ငွေ၊ အချိန်တို့ကို လိုသည်ဖြစ်၍ ကျွန်ုပ်တို့ ချက်ချင်း ထလုပ်နိုင်သော်လည်း အရှင်မွေးပြီး နေ့ချင်းမကြီးနိုင်ပါ။ ရှိသည့် ငွေနှင့် တဖြည်းဖြည်းပြောင်းလဲကြရန် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လက်ရှိစနစ်ကို ပြောင်းလဲလိုလျှင် KG မရှိ၍ Grade 1 ဟု စတင်ခေါ်သောစနစ်တွင်လည်း တက္ကသိုလ်ပထမနှစ်တွင်ရှိသင့်သည့် အသက်အရွယ်မှာ (၁၈)နှစ်ကျော် (၁၉)နှစ် ဖြစ်ရန်သာ အဓိကလိုအပ်ချက် ဖြစ်သည်။ တက္ကသိုလ်များတွင် ဆက်လက်၍ လေ့ကျင့်ရန်လိုအပ်သည်။ ရင့်ကျက်မှု နှင့် တက္ကသိုလ်၏ လွတ်လပ်ခွင့်များကြောင့် ကျောင်းသားများ လမ်းမမှားစေရန် (၁၈)နှစ်ကျော် (၁၉)နှစ် ဖြစ်နေရန်သာ လိုရင်း ဖြစ်သည်။ အသက်တင်မက ကျောင်းသား၏ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပြီးစီးထားမှု (Readiness) သည်လည်း အရေးကြီးလှ၍ KG - 12 (သို့) အခြေခံပညာ (၁၃)နှစ် လိုအပ်ခြင်းဖြစ်သည်ကို နားလည်ကြလိမ့်မည်ဟု ယုံကြည်သည်။

ယခု အောက်တွင် စာဖတ်သူများ မှိုင်းမ်စဉ်းစားနိုင်ရန် အပြည်ပြည်ဆိုင်ရာ နိုင်ငံအသီးသီးတွင် အသုံးပြုလျှက်ရှိသော အခြေခံပညာအတန်းလျာထားပုံစနစ်နှင့် တက္ကသိုလ်ဝင်ပုံအချို့ကို တင်ပြထားသည်။

# စဉ်ဆက် တက်ရောက်နိုင်သော အခြေခံပညာ အတန်းလျှာထားပုံစနစ်များ

## Progressive Charts for International School (Age & Grade)

1. Average Age For Pre - School
2. Singapore Basic Education Progressive Chart
3. Malaysia Basic Education Progressive Chart
4. Thailand Basic Education Progressive Chart
5. Vietnam Basic Education Progressive Chart
6. Philippines Basic Education Progressive Chart
7. Indonesia Basic Education Progressive Chart
8. Cambodia Basic Education Progressive Chart
9. Laos Basic Education Progressive Chart
10. UK Basic Education Progressive Chart
11. USA Basic Education Progressive Chart
12. Union of Myanmar State School Basic Education Progressive Chart
13. International Language & Business Centre , ILBC Basic Education Progressive Chart
14. Yangon International School, YIS Basic Education Progressive Chart


15 Requirements

16. Rreferences

## နိုင်ငံအသီးသီးမှ မူကြိုကလေးများအတွက် ပျမ်းမျှအသက်
## AVERAGE AGE AND GRADE NAME FOR PRE - SCHOOL


| NO | COUNTRY | TYPICAL Age | GRADE NAME | Average Starting Age |
|---|---|---|---|---|
| 1 | Singapore | 3 - 4 | Nursery | 3 |
| | | 4 - 6 | K 1, K 2 | |
| 2 | Malaysia | 3 – 6 | Pre School & KG | 3 |
| 3 | Indonesia | 3 - 4 | Pre School | 3 |
| | | 4 - 6 | KG | |
| 4 | The Philippines | 3 - 5/6 | Nursery, Day Care, KG | 3 |
| 5 | Vietnam | 3 - 4 | Play Group | 3 |
| | | 4 - 5 | KG | |
| 6 | Thailand | 2 - 3 | Pre Play Group | 2 |
| | | 3 - 5 | Kindergarten | |
| 7 | Laos | 3 – 5 | Pre Primary | 3 |
| 8 | Cambodia | 3 - 4 | Pre | 3 |
| | | 4 - 5 | Pre KG | |
| 9 | Australia | 3 - 5 | Day Care | 3 |
| | | 5 - 6 | Preparatory | |
| 10 | UK | 3 - 4 | Nursery | 2 |
| | | 4 - 5 | Reception | |
| 11 | USA | 3 - 4 | Pre KG 3 | 3 |
| | | 4 - 5 | Pre KG 4 | |
| 12 | Canada | 4 - 5 | Junior KG | 4 |
| | | 5 - 6 | Grade Primary/ KG | |
| 13 | Myanmar | 2.5 yrs. | Nursery | 2.5 Years |
| | | 3 | Beginner | |
| | | 3.4 yrs. | Pre 1 | |
| | | 3.8 yrs. | Pre 1A | |
| | | 4 | Pre 2 | |
| | | 4.6 yrs. | Pre KG | |

## စင်္ကာပူ  အခြေခံပညာအတန်းလျှာထားပုံစနစ်
## Singapore Basic Education Progressive Chart



- Formal Education in Singapore begins at primary schools, **starting from Primary 1 through Primary 6 (Age 6 to 11),** which is similar to first grade through six grade in American system.
- Primary 1 to 4, provide a foundation in English, Mother Tongue (which includes Malay, Chinese, Tamil or a Non-Tamil Indian Language and Mathematics)
- Other subject includes Civics and Moral Education, Arts and Crafts, Music, Health Education, Social Studies and Physical Education which are taught through Primary 1 to 6.
- **After six years of Primary Education,** students will have to sit for **National Primary School Leaving Examination**.
- **Secondary 1 through Secondary 5 (Age 12 to 16),** this is some what similar to Seven grade through Tenth grade in the American system.
- Students who pass GCE 'O' Level examination at the end of Secondary 4 or 5 will then have to complete for admission to either a Junior college (2 Years) or a Polytechnic (3/4 years) or a Pre University Centre (3 years).
- This is similar to Eleventh grade and Twelfth grade in the American system.
- Finally the students, who pass 'A' level, Pre - University, Poly, have to complete admission for local Universities.

## မလေးရှား အခြေခံပညာအတန်းလျှာထားပုံစနစ်
## Malaysia Basic Education Progressive Chart




**School Intakes:**

- The school year is divided into **Two Semesters.**
- The first begins in the **beginning of January and end of June.**
- The second begins in **July and ends in December**

- **Primary Education** in Malaysia begins **Standard 1 to 6 (Age begins 7 Years Old)**
- **Secondary Education** begins **Form 1 to 5.** **(Form 1 to 3 is Lower Secondary/ Form 4 to 5 is Upper Secondary)**
- The students admitted to Form 1 (Secondary Level) have to get minimum 'C' grade from Primary School.
- *** At the end of Form 5, students are required to take the SPM or Malaysian Certificate of Education Examination, before graduating from Secondary school.
- After SPM, students from public secondary school would have a choice of either **Form 6 or Pre-University.**
- If they are accepted to **continue studying Form 6**, they will also take **STPM** or Malaysian High School Certificate Examination **(Its British equivalent is the General Certificate of Education 'A' Levels examination or internationally , the higher school certificate)**

- ***** STPM is regulated by the Malaysian Examination Council. The matriculation certificate is only valid for University in Malaysia.**
- ***** SPM was based on the old British 'School Certificate' examination before it becomes General Certificate of Education (GCE 'O' Level) examination.**

## ထိုင်း  အခြေခံပညာအတန်းလျှာထားပုံစနစ်
## Thailand Basic Education Progressive Chart



**The school year is divided into Two Semesters.**

- The first begins in the beginning of **May and ends in October.**
- The second begins in **November and ends in March.**

******* Thailand Educational system is divided into three levels since 2001 (GOV)**

- KG 1 to KG 3 is **age 3 - 5 years (First three years of school)**
- P 1 to P 6 is **age 6 - 11 years (Primary or Elementary School)**
- M 1 to M 6 is **age 12 - 18 years (Secondary School)**

******* Thailand Educational system is divided into three levels (Private – NIST International School)**

- Age 3 - 10 (Primary year Programme)
- Age 11 - 15 (Middle year Programme)
- Age 16 - 18 (International Baccalaureate Dip Programme)

**##** Graduating from M 6 is the equivalent to graduating after taking "A" level. **##**

**Subjects**

At Primary level, students follow **eight core subjects each semester**

1. Thai Language
2. Mathematics
3. Science
4. Social Science
5. Health and Physical Education

6. Arts and Music
7. Technology
8. Foreign Language

****(Both Levels- Primary and Secondary Level)**

- Both Primary and Secondary levels have special programs for students called **English Program and Gift Program.**
- In English program students can learn almost every subject in English expect for Thai and Social study.
- The Gifted program is the Mathematics-Science program.

**The Grading System**

Thailand uses a number grading system in Primary and Secondary schools.

- Highest : 4
- Lowest : 1

Many English Programmes and some individual teachers still use the A, B, C, D and F grading system with F being the failing grade.

Grading at the University level is based on a credit points system.

Each subject is graded individually and the points are tabulated.

## ဗီယက်နမ်  အခြေခံပညာအတန်းလျှာထားပုံစနစ်
## Vietnam Basic Education Progressive Chart

| | | |
|---|---|---|
| | Pre School Playgroup | 3 - 4 Years Old |
| | Kindergarten | 4 - 6 Years Old |
| **Primary School** | First Grade | 6 - 7 Years Old |
| | Second Grade | 7 - 8 Years Old |
| | Third Grade | 8 - 9 Years Old |
| | Fourth Grade | 9 - 10 Years Old |
| | Fifth Grade | 10 - 11 Years Old |
| **Secondary School** | Sixth Grade | 11 - 12 Years Old |
| | Seventh Grade | 12 - 13 Years Old |
| | Eighth Grade | 13 - 14 Years Old |
| | Ninth Grade | 14 - 15 Years Old |
| **High School** | Tenth Grade | 15 - 16 Years Old |
| | Eleventh Grade | 16 - 17 Years Old |
| | Twelfth Grade | 17 - 18 Years Old |
| | Tertiary Education (Universities or Colleges) | 18 Onwards |

**Children normally start Primary Education at the age of SIX.**

****** There are Five Stages in Vietnam Education ******

**1. Age 3 - 6 (Pre Primary)**

**2. Age 6 - 9 (Primary)**

**3. Age 9 - 11 (Intermediate)**


**4. Age 11 - 15 (Lower Secondary)**

**5. Age 15 - 18 (Higher Education)**

**The Lower Secondary includes the following subjects and activities**

1. Vietnamese Language
2. Mathematics
3. Biology
4. Physics
5. Chemistry
6. History
7. Geography
8. Civics
9. Foreign Language
10. Physical Education
11. Technology
12. Arts and Music
13. Class Activities and School Activities

## ဖိလစ်ပိုင် အခြေခံပညာအတန်းလျာထားပုံစနစ်
## Philippines Basic Education Progressive Chart




****Formal Education begins age 3-5 for Nursery/ Day care/KG****

- Age 6 - 11 (Grade 1-6) Elementary Level
- Age 12 - 15 (Grade 7-10) Junior High School Level
- Age 16 - 17 (Grade 11-12) Senior High School Level

**Subjects for Elementary School**

1. Mathematics
2. Social Studies
3. Civics
4. History
5. Geography
6. Physical Education
7. Arts & Music
8. Computer

## အင်ဒိုနီးရှား အခြေခံပညာအတန်းလျှာထားပုံစနစ်
## Indonesia Basic Education Progressive Chart



**The school year is divided into two semesters.**

* The First commences in July and ends in December
* Second commences in January and ends in June


- Children normally start education at age 3 for Pre-school. But some children (age 2) attend Pre- school Playground.
- The KG years are usually divided into 'Class A' and 'Class B' students are spending a year in each class.

| | | |
|---|---|---|
| * | Age 6 - 12 (1 Grade to 6 Grade) | - Primary School |
| * | Age 12 - 15 (7 Grade to 9 Grade) | - Middle School |
| * | Age 15 - 18 (10 Grade to 12 Grade) | - High School/ Secondary school |

***** They must go to school six days a week from 7:30 to Midday*****

- o There are two different kinds of Indonesian High School/ Secondary School providing two streams.
- o One of these is aimed at those who intend to go on to University.
- o The other one is for those who plan to find jobs right away
- o Other young people choose the Islamic alternative

## ကမ္ဘောဒီယား အခြေခံပညာအတန်းလျှာထားပုံစနစ်
## Cambodia Basic Education Progressive Chart



- Age 6 – 11 (Grade 1 – 6) Primary Education
- Age 12 – 14 (Grade 7 – 9) Lower Secondary
- Age 15 – 17 (Grade 10 – 12) Upper Secondary
- Age 18 Onward Higher Education

**Subjects for Primary Education**

1. Arts (Drawing, Cutting, Sticking and Folding of Paper, Songs, Dance and Games)
2. Khmer
3. Mathematics
4. Social studies
5. Physical Education
6. Special Activities
7. Foreign Languages


**Subjects for Lower Secondary Education**

1. Arts (Drawing, Cutting, Sticking and Folding of Paper, Songs, Dance, Games and Poem)
2. Khmer
3. Mathematics
4. Science (Earth Science, Physics, Chemistry, Bio)
5. Social Studies (History, Geography, Moral – Civics)
6. Foreign Language
7. Physical Education
8. Special Activities

**Subjects for Upper Secondary Education**

1. Arts (Drawing, Manual Work, Songs, Dance, Games and Poem)
2. Khmer
3. Mathematics
4. Foreign Language
5. Physics
6. Chemistry
7. Bio
8. Earth Science
9. Moral – Civics
10. History
11. Geography
12. Technology/ Home Economics
13. Art Education
14. Special Activities
15. Physical Education

# လာအို အခြေခံပညာအတန်းလျှာထားပုံစနစ်
## Laos Basic Education Progressive Chart



**Subjects for Primary School**

1. Lao Language
2. Mathematics
3. The world around us
4. Drawing
5. Art
6. Handicraft
7. Physical Education
8. School Activities
9. Assembly
10. Saluting the flag

**Subjects for Lower and Upper Secondary**

1. Lao Language
2. Lao Literature
3. Mathematics
4. Physical Education
5. Social Science (History, Geography, Civics)
6. Natural Science (Physic, Chemistry, Bio)
7. Foreign Language
8. Technical Studies
9. School Activities
10. Assembly
11. Saluting the flag

| Age | England & Wales | Northern Ireland | Scotland |
|---|---|---|---|
| 3 | Nursery (non-compulsory) | Nursery (non-compulsory) | Nursery (non-compulsory) |
| 4 - 5 | **Primary** key stage 1 Reception Class | Primary – key stage 1 Year1 | Nursery (non-compulsory) |
| 5 - 6 | Year 1 | Year 2 | Primary P 1 |
| 6 – 7 | Year 2 | Year 3 | P 2 |
| 7 – 8 | Key Stage 2 Year 3 | Key Stage Year 4 | P 3 |
| 8 - 9 | Year 4 | Year 5 | P 4 |
| 9 - 10 | Year 5 | Year 6 | P 5 |
| 10 – 11 | Year 6 | Year 7 | P 6 |
| 11 – 12 | **Secondary** Year 7 | Secondary Year 8 | P 7 |
| 12 – 13 | Year 8 | Year 9 | Secondary S 1 |
| 13 – 14 | Year 9 | Year 10 | S 2 |
| 14 – 15 | Key Stage 4 Year 10 | Key Stage 4S 3 Year 11 | |
| 15 – 16 | Year 11 | Year 12 | S 4 |

**End of Compulsory Schooling**

| | | | |
|---|---|---|---|
| 16 – 17 | Year 12 (Lower Six) | Year 13 | S 5 |
| 17 – 18 | Year 13 (Upper Six) | Year 14 | S 6 |


***** UK Education system is divided into**

| | | |
|---|---|---|
| * | Age 3 - 4 | (Early years) |
| * | Age 4 - 11 | (Primary Education) |
| * | Age 11 - 18 | (Secondary Education) |
| * | Age 18 onwards | (Tertiary Education) |

**Curriculum**

- All maintained schools in England are required to follow the National Curriculum, which is made up of twelve subjects.
- The core subjects **(English, Math, and Science) are compulsory** for all students age 5 – 16 years.

## အမေရိကန် အခြေခံပညာအတန်းလျှာထားပုံစနစ်
## USA Basic Education Progressive Chart




- Age 3 - 5 Pre-School
- Age 5 - 11 Elementary School(KG – 5th Grade)
- Age 11 - 14 Middle School (6th Grade – 8th Grade)
- Age 14 - 18 High School (9th Grade – 12th Grade)

## Grading Scale

| A | | | B | | | C | | | D | | | F or E |
|---|---|---|---|---|---|---|---|---|---|---|---|---|
| + | | - | + | | - | + | | - | + | | - | Below 60 |
| 100-97 | 96-93 | 92-90 | 89-87 | 86-83 | 82-80 | 79-77 | 76-73 | 72-70 | 69-67 | 66-63 | 62-60 | |
| | | | | | | | | | | | | |

# ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာအတန်းလျှာထားပုံစနစ်

## Union of Myanmar State School Basic Education Progressive Chart



## အထက်တန်းအဆင့်တွင် သင်ကြားရမည့် ဘာသာရပ်တွဲများ

၁။ မြန်မာ + အင်္ဂလိပ်စာ + သင်္ချာ + ရူပဗေဒ + ဓာတုဗေဒ+ ဇီဝဗေဒ

၂။ မြန်မာ + အင်္ဂလိပ်စာ + သင်္ချာ + ရူပဗေဒ + ဓာတုဗေဒ+ ဘောဂဗေဒ

၃။ မြန်မာ + အင်္ဂလိပ်စာ + သင်္ချာ + ပထဝီ + သမိုင်း + ဘောဂဗေဒ

## အလယ်တန်းတွင် သင်ကြားရမည့် ဘာသာရပ်များ

၁။ မြန်မာ

၂။ အင်္ဂလိပ်

၃။ သင်္ချာ

၄။ ပထဝီ

၅။ သမိုင်း

၆။ အထွေထွေသိပ္ပံ

၇။ အိမ်တွင်းမှု (ဂီတ၊ ရသ၊ ပန်းချီ၊ သက်မွေးမှု)

၈။ ကာယ

၉။ ဘဝတွက်တာ ကျွမ်းကျင်စရာ

## မူလတန်းအထက်အဆင့်တွင် သင်ကြားရမည့် ဘာသာရပ်များ

၁။ မြန်မာ

၂။ အင်္ဂလိပ်

၃။ သင်္ချာ

၄။ သပ္ပံ

၅။ လူမှုရေး (သမိုင်း၊ ပထဝီ)

၆။ ဘဝတွက်တာ ကျွမ်းကျင်စရာ (စာရိတ္တ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေး၊ ရသ)

**လူတိုင်းအတွက် ပညာရေး**

## မူလတန်းအောက်အဆင့်တွင် သင်ကြားရမည့် ဘာသာရပ်များ

၁။ မြန်မာ

၂။ အင်္ဂလိပ်

၃။ သင်္ချာ


၄။ သိပ္ပံ (ပြည်သူ့နီတိ၊ စာရိတ္တ)

၅။ ဘဝတွက်တာ ကျွမ်းကျင်စရာ (စာရိတ္တ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေး၊ ရသ)

## ILBC ၏ အခြေခံပညာအတန်းလျှာထားပုံစနစ်

## International Language & Business Centre , ILBC

## Basic Education Progressive Chart



**Subjects for Pre – School**

1. English
2. Myanmar (or) Chinese
3. Mathematics
4. Music
5. Arts & Crafts
6. Computing
7. Physical Education

**Subjects for KG and Primary Education**

1. Myanmar
2. English
3. Mathematics
4. Science
5. Geography
6. History
7. Computing Studies
8. Physical Education
9. Fine Arts
10. Music

**Subjects for Lower Secondary Education**

1. Myanmar
2. English
3. Mathematics
4. Science

5. Geography
6. History
7. Computing Studies
8. Physical Education


**Subjects for Upper Secondary Education**

1. Myanmar
2. English
3. Mathematics
4. Physics
5. Chemistry
6. Geography
7. History
8. Computing Studies
9. Biology
10. Accounting
11. Economics

## YIS ၏ အခြေခံပညာအတန်းလျှာထားပုံစနစ်

**Yangon International School, YIS**

**Basic Education Progressive Chart**



**REQUIREMENTS**

**Remarks:** Requirements are almost the same.

1. Completed Application Form
2. 4/6 passport size photos
3. Photocopy of the photo identification page in the student's passport
4. Photocopy of Child's birth certificate
5. Transcript or report cards for at least the last three school years (for primary, middle school)
6. Application Fees (if require/ depend on school)

# ပညာရေးခေတ်များနှင့် ရွှေ့ပြောင်းခြင်း

## ပညာရေးအား မည်သို့မွေးဖွားခဲ့သနည်း

ပညာရေးကို ခေတ်အဆက်ဆက်ကပင် လူပေါင်းများစွာတို့က မိမိတို့ ဘဝအတွေ့အကြုံနှင့် အဓိပ္ပာယ်ဖြင့် ဖွင့်ဆိုခဲ့ကြရာ လူတိုင်းလူတိုင်း၌ ပညာတတ်သည်ဖြစ်စေ ပညာသင်ကြားမှုနှင့် လေ့လာမှုနည်းပါးခဲ့သည် ဖြစ်စေ မိမိကိုယ်ပိုင် အမြင်နှင့်အတွေ့အကြုံကို အခြေခံထား၍အဓိပ္ပာယ်ဖွင့်ထားသော ပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိကြသည်ပင်ဖြစ်သည်။

ပညာရေး၏အဓိပ္ပာယ်သတ်မှတ်ချက်ကို ရေးဖွဲ့နိုင်ရန်ပညာရေး၏ သမိုင်းကြောင်းကို အနည်းငယ် ပြန်လည်မွေနှောက်ရန်လိုပါသည်။ ယခင်ရှေးဦးလူတို့၏ ကျောက်ခေတ်ကာလတွင် ကျောက်ခေတ်ဦး ဂူတွင်းနေထိုင်သောမိသားစုများသည် နေ့တစ်နေ့အတွက် မိသားစုဝမ်းစာရှာဖွေရန် အဓိကလိုအပ်ချက်ဖြစ်စေသည့် သောက်သုံးရေနှင့်စားသုံးရန် သားငါးတို့ကို ရှေးဦးမိသားစုတို့တွင် ဖခင်တို့က နေ့ရောညပါစားသောက်စရာသားငါးတို့ကို အသက်နှင့်ရင်းနှီး၍ ရှာဖွေခဲ့ကြပါသည်။ ဝမ်းပူဆာ၍ မနေသာသောကြောင့် နေ့စဉ်သားကောင်များနှင့် သတ်ပုတ်၍ သော်လည်းကောင်း၊ ရေငုပ်လျှိုး၍ ငါးဖမ်းခြင်းလုပ်ငန်းတို့ကို လည်းကောင်း မိသားစုများ စားသောက်နေထိုင်နိုင်ရန်အတွက် နည်းလမ်းရှာဖွေ ဖမ်းဆီး စားသောက် ခဲ့ကြရာမှ အတူနေမိသားစုတို့၏ ဖခင်တို့အရွယ်ကြီးရင့် အိုမင်းမစွမ်း ဖြစ်သည့်အခါ သားသမီးတို့မှ ပခုံးပြောင်းတာဝန်ယူပြီး သားကောင်လိုက်၊ ငါးဖမ်း စသည်တို့ကို လုပ်လာကြရသည်။ သားကောင်ဖမ်းခြင်းနှင့် ငါးဖမ်းခြင်း အစရှိသည့် သားငါးရှာဖွေခြင်း အတတ်ပညာကို ဖခင်တို့မှလည်းကောင်း၊ ရရှိလာသော သားကောင်များ၏ အရိုးနှင့် အရေများကို ဝတ်စားဆင်ယင်ရန် အတတ်ပညာကို မိခင်တို့မှ လည်းကောင်း သားသမီးများကို လက်ဆင့်ကမ်း သွန်သင်ခဲ့ကြရသည်။ ယခင် ရှေးခေတ် နံရံဆေးရေးပန်းချီ၊ ပန်းပုတို့မှ လေ့လာကောက်နှုတ်ချက် ချခဲ့ကြသည်ကို တွေ့ရှိ ရသည်။ ထိုခေတ်ထိုအခါက ကျောင်းများမပေါ်ပေါက်သေး၊ ကျောင်းများရှိ လောက်အောင် ယဉ်ကျေးမှု မထွန်းကားသေးပါ။ **ပညာရေး၏ အစသည် မိမိ၏ မိခင်ဖခင်တို့က သားသမီးများကို ၎င်းတို့၏ဘဝရပ်တည်မှု၊ စားဝတ်နေရေး အတွက် မတတ်မဖြစ်သည့် အတတ်ပညာတို့ကို သင်ကြားပြသလက်ဆင့်ကမ်းရာမှ ပေါ်ထွန်းလာသည်ကို လေ့လာတွေ့ရှိရသည်ဖြစ်၍ ပညာရေးသည် အခြေခံအားဖြင့် မိသားစုအတွင်းမှပင် စတင်မွေးဖွားသန့်စင်ခဲ့သည်။** ပညာရေးသည် မိဘ၏

ရှိးစင်းသောအမွေပင်ဖြစ်သည်။ လူဦးရေ နည်းနေသေးသော ယဉ်ကျေးမှု ထွန်းကားမှု၏ ကနဦးကာလတွင် စတင်ဖြစ်ထွန်းခဲ့သည့် ပညာရေးသည် ယနေ့ လူဦးရေတိုးတက် လာသောခေတ်နှင့် လူ့ယဉ်ကျေးမှုများ ဖြစ်ထွန်းသည့်ခေတ်သို့ ရောက်သည့်တိုင်အောင် တဖြည်းဖြည်း အချိန်ကာလရွေ့လျားပြီး လူဦးရေ တိုးတက်လာလျက် စုပေါင်းနေထိုင်တတ်လာကြသည့်အခါ ရှေးဦးကျောက်ခေတ် မှာကဲ့သို့ မရိုးစင်းတော့ဘဲ ယခင်သားကောင်ဖမ်း၊ ငါးဖမ်းအတတ်ပညာများအပြင် စိုက်ပျိုးရေးအတတ်ပါ ဖွံ့ဖြိုးလာကြကာ လူတို့စုပေါင်းနေထိုင်ကြသဖြင့် ယခင်ရှေးဦး ကျောက်ခေတ်တွင် မရှိခဲ့ကြဖူးသော လူ့ကျင့်ဝတ်တို့ စောင့်ထိန်းရန်ရှိလာကြ တော့သည်။ သို့ဖြစ်၍ ဖခင်မိခင်တို့မှ သားကောင်ဖမ်း၊ ငါးဖမ်းသည့်အတတ်ပညာ များအပြင် စိုက်ပျိုးရေးနှင့်လူ့ကျင့်ဝတ်တို့ကိုပါ သင်ကြားပေးရန်ပြင်လာ၍ စိုက်ပျိုးရေး ဖြစ်ထွန်းလာသောခေတ်တွင် သားသမီးတို့ကို အဆင့်ဆင့် ရွေးချယ် သင်ကြားပေးလာကြ၏။ အချို့မှာ သားကောင်ငါးကောင်များဖမ်း၍ အသက်မွေး လာကြသော်လည်း အချို့မှာ စိုက်ပျိုးရေးဖြင့် အသက်မွေးလာကြသည်ကို တွေ့ရမည် ဖြစ်ပါသည်။ မည်သည့်ဝမ်းစာရှာဖွေရေးလုပ်ငန်းကို ရွေးချယ်သည်ဖြစ်စေ အတူနေထိုင်ရာ လူ့ပတ်ဝန်းကျင်၏ စည်းကမ်းတို့ကိုမူ မိဘတို့က ယဉ်ကျေးမှု အမြင်ဖြင့် မပျက်မကွက် လက်ဆင့်ကမ်းသွန်သင်ခဲ့ကြခြင်းဖြင့် သားသမီးတို့ လူအများနှင့် အတူနေထိုင်တတ်စေသည်။ ထိုခေတ်အထိတိုင်အောင် ကျောင်းဟူ၍ သီးသန့် သင်ကြားပေးခြင်း မရှိခဲ့ဘဲ မိဘမှသားသမီးကို အဆင့်ဆင့်လက်ဆင့်ကမ်း သွန်သင်ပြသခဲ့ကြခြင်းသာဖြစ်သည်။

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်လာပုံ

သို့ရာတွင် ထိုခေတ်မှကျော်လွန်၍ ယဉ်ကျေးမှုပိုမိုထွန်းကား လာသော အခါ လူဦးရေလည်း ပိုများလာပြီး ယခင်သားဖမ်း၊ ငါးဖမ်း၊ စိုက်ပျိုးရေးနှင့် လူ့ကျင့်ဝတ် စည်းကမ်းတို့အပြင် သိပ္ပံပညာပါစတင်ထွန်းကားလာသည့်အခါ မိဘတို့ သားသမီးတို့နှင့် အတူနေထိုင်သွန်သင် နိုင်သည့်အချိန်ပိုမိုနည်းပါးလာပြီး တိုးတက် များပြားလာသော အတတ်ပညာ၊ အသိပညာတို့ကို မိဘမှ သားသမီး တို့အား ပြသသွန်သင်ပေးရန် အခက်ကြုံလာကြသည်။ ထို့အပြင် လူ့ယဉ်ကျေးမှု ထွန်းကားလာမှုတွင် အရေးပါ၍ ဘာသာရေးဘာသာကြီးများအားလုံး အသီးသီး

ပေါ်ထွက်လာကြသောကြောင့် ထိုခေတ်တွင် ကမ္ဘာအနှံ့အပြား၌ မိမိတို့ဘာသာအတွက် ဘုန်းတော်ကြီးကျောင်းများ အသီးသီးပေါ်ထွက်လာခဲ့ကြသဖြင့် ထိုခေတ်သားသမီးများအတွက် လေ့လာမှတ်သားနာယူရန် ဘာသာရေးစာပေနှင့် ကျင့်ဝတ်ပါ တိုးလာခဲ့သည်။ ထို့ကြောင့် တိုးတက်လာကြသော ကလေးငယ်များအား ဘာသာရေးအတွေးအခေါ် နှင့်ကျင့်ဝတ်များအပြင် ခေတ်သစ်သိပ္ပံ၊ ဝိဇ္ဇာပညာရပ်များ သားဖမ်း၊ ငါးဖမ်း၊ စိုက်ပျိုးရေးပညာရပ်များ လူ့ကျင့်ဝတ်များအားလုံးကို လေ့လာဆည်းပူးနိုင်ရန် ဂါမဝါသီပွဲကျောင်းများသို့ပို့လွှတ်၍ အသီးသီး ပညာသင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ကျောက်ခေတ်မှ စိုက်ပျိုးရေးခေတ်အထိ ကျောင်းများတွင် ဆရာဟူ၍ သီးခြားမရှိခဲ့ဘဲ အမိအဖတို့မှ ကိုယ်တိုင်သင်ကြားပေးခဲ့ကြရာမှ **သိပ္ပံခေတ်ဦး၏ အစောပိုင်းကာလ၌ ဘာသာရေး ဘာသာကြီးများ ပေါ်ထွန်းလာပြီးနောက် လက်ဦးဆရာမိဘအပြင် ပထမဦးဆုံး မိဘမဟုတ်သော ဆရာများသည် ဘုန်းတော်ကြီးများပင် ဖြစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။**

ထိုခေတ်ကာလတွင် ပေါက်ဖွားလာကြသည့် ကလေးဦးရေနှင့် ဘုန်းတော်ကြီးကျောင်းများ၏ဦးရေ လိုက်လျောညီထွေခဲ့ကြ၍ ကလေးများအားလုံးတို့အတွက် သီးခြားကျောင်းဟူ၍မရှိခဲ့ကြဘဲ အသီးသီးသော ဘုန်းတော်ကြီးကျောင်းများ၌ သွားရောက်တက်ရောက်ပြီး ခေတ်ပညာကို လေ့လာသင်ယူခဲ့ကြပါသည်။ ခေတ်ပညာဟူသည် ထိုထိုသော ခေတ်တစ်ခေတ်တွင် လူတို့ရပ်တည်နိုင်ရန် လိုအပ်သောအတတ်ပညာ လူ့ဘောင်၏ စည်းမျဉ်းကျင့်ဝတ်နှင့် လူတို့၏ စိတ်ထားပုံတို့ဖြစ်၏။ လူတို့၏ စိတ်ထားပုံကိုဘာသာရေး စိတ်ဓာတ်နှင့် ကျင့်ဝတ်တို့က လွှမ်းမိုးထားခဲ့သည်ဖြစ်၍ ဘုန်းတော်ကြီးကျောင်းပညာရေးတွင် ဘာသာရေးစာပေ နှင့်ကျင့်ဝတ်တို့သည် အရေးပါသောကဏ္ဍမှ ပါဝင်ရပ်တည်ခဲ့သည်။

## အစိုးရကျောင်းများ ပေါ်ပေါက်လာပုံ

ထိုခေတ်မှ တရွေ့ရွေ့ထပ်မံ၍ များစွာသောကလေးငယ်များ ပေါက်ဖွားလာကြကာ နယ်မြေဒေသအသီး သီးတွင် ရှိနေသော ဘုန်းတော်ကြီး ကျောင်းများမှ လက်ခံသင်ကြားပေးနိုင်သော ဦးရေထက်ကျော်လွန်လာသည်အထိ လူဦးရေ တိုးပွားလာခဲ့သောအခါ ကမ္ဘာ့နိုင်ငံဒေသအသီးသီးတွင် သားဖမ်း၊ ငါးဖမ်းပညာ၊

စိုက်ပျိုးရေးပညာ၊ လူ့ကျင့်ဝတ်၊ ဘာသာရေးနှင့် သိပ္ပံပညာတို့ တစ်ပြိုင်တည်း တိုးတက်ထွန်းကားလာပြီ ဖြစ်သည်။တိုးပွားလာသော များစွာသော လူတို့ အတူတကွရှင်သန်ပူးပေါင်း နေထိုင်ကြရာဝယ် လူ့သမိုင်းကြောင်းတွင် အရေးပါသော ဖြစ်စဉ်ဖြစ်သည့် မင်းအစိုးရတို့ပေါ်ထွန်းခြင်း ဖြစ်ပေါ်လာခဲ့၏။ အုပ်စုလိုက်အုပ်စုလိုက် လူမျိုးဓလေ့နှင့် ယုံကြည်ရာတူညီကြသောသူတို့ အတူတကွနေထိုင်ရာ နေရာများတွင် အုပ်ချုပ်သူမင်းအစိုးရတို့ အသီးသီးပေါ်ထွန်း လာကြပြီး မိဘနှင့် ဘုန်းတော်ကြီးကျောင်းများကို လက်ခံသင်ကြားပေးနိုင်သည်ထက် လူဦးရေများ လာသည့်ပြဿနာကို မင်းအစိုးရတို့က ကျောင်းများတည်ဆောက်၊ ဆရာ ဆရာမများ စုဆောင်းစုစည်းလာကြပြီး မိဘနှင့်ဘုန်းတော်ကြီးများအပြင် မျိုးဆက်သစ်များအားလုံးကို စုစည်း၍ ခေတ်ပညာတို့ကို သင်ကြားပေးခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ဤခေတ်သည် သိပ္ပံပညာမှ နည်းပညာသို့ ကူးပြောင်း လာသောခေတ်ပင်ဖြစ်၏။ ယနေ့ မျက်မှောက် ခေတ်ကာလ ဆရာ၊ ဆရာမတို့၏ ပထမဆုံးသော မျိုးဆက်သည် ထိုခေတ်တွင် စတင်၍ပေါ်ထွက် မွေးဖွားလာခဲ့ခြင်းပင်ဖြစ်သည်။ ကျောက်ခေတ်တွင် မိဘတို့သည် ဆရာပင် ဖြစ်သည်။ ထိုမှလွန်သော် မိဘနှင့်အတူ ဘုန်းတော်ကြီးများပါဝင်၍ ခေတ်ပညာ သင်ကြားပေးရေးတွင် ဆရာအဖြစ်ပါဝင်လာခဲ့ကြသည်။ မိဘနှင့် ဘုန်းတော်ကြီးများသင်ကြား ပေးစဉ်က မိဘများက မိမိတို့ဘာသာမိမိ ရှာဖွေစားသောက်ခဲ့ကြပြီး သွန်သင်ခဲ့ကြသည်။ ဘုန်းတော်ကြီးများကမူ လှူဒါန်းမှုအစုစုဖြင့် ရပ်တည်၍ သင်ကြားပေးခဲ့ ကြသော်လည်း ဆရာဆရာမဟူသော ခေတ်ပညာကို တစိုက်မတ်မတ် အာရုံချ၍ သင်ကြားပေးမည့်ပုဂ္ဂိုလ်များမှာမူ ၎င်းတို့ ဘဝမိသားစုရပ်တည်ရေးအတွက် ရှာဖွေရန် အချိန်မပေးနိုင်တော့သဖြင့် ဆရာများကို မိဘများက ထောက်ပံ့ကြရသည်။ သို့ဖြစ်၍ ဆရာများအတွက် စားသောက်နေထိုင်ရန်များကို မင်းအစိုးရ များက မိဘတို့ထံမှ အခွန်အတုတ် ကောက်ခံပြီး ပြန်လည်စီစဉ်ပေးသည်။ ဤသို့ဖြင့် လူဦးရေတိုးပွားလာခဲ့သောကြောင့် ပြောင်းလဲလာခဲ့သော ပညာရေးဖြစ်ပေါ် တိုးတက်မှုကို တွေ့ရသည်။

သိပ္ပံအတတ်ပညာတို့ လွန်စွာတိုးတက်လာရာမှတစ်ဆင့် နည်းပညာအဆင့်သို့ ပြောင်းလဲလာနိုင်ကြသောအခါ ခေတ်၏လူသားတို့အတွက် လေ့လာသိမှတ်ရန်များ များသည်ထက် များပြားလာတော့သည်။ ဆရာများသည်လည်း

များစွာသော သိပ္ပံ၊ ဝိဇ္ဇာနည်းပညာများ၏ ကျယ်ပြန့်မှုကြောင့် လိုင်းကွဲပေါင်း များစွာအတွက် အမျိုးကွဲများစွာသော ဆရာတို့ပါ တစ်ပြိုင်နက်ပေါ်ထွက် လာခဲ့ကြသည်။ သို့ရာတွင် ဆရာများအားလုံးတို့မမေ့အပ်သည်မှာ ပညာရေး ဟူသည် ခေတ်တို့၏ လိုအပ်ချက်များကို လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်သည် ဟူသည်။

## ခေတ်လိုအပ်ချက်နှင့် သင်ရိုးညွှန်းတမ်းအပြောင်းအလဲ

သို့ဖြစ်၍ ဤနေရာ၌သေချာစွာ သရုပ်ခွဲစဉ်းစားရန်လိုလာသည်။ ခေတ်တစ်ခေတ်၏လိုအပ်ချက်ဟူသည် အဘယ်နည်း။ ခေတ်အဆက်ဆက်ကို လေ့လာကြည့်ကြသော် ခေတ်အသီးသီးတွင် လိုအပ်ချက် တောင်းဆိုချက်များ အမြဲပြောင်းလဲလျက်ရှိသည်ကို တွေ့ရမည်ဖြစ်၍ ထိုပြောင်းလဲနေသော ခေတ်တို့၏တောင်းဆိုချက်နှင့်လိုအပ်ချက်များကို ထိုဆရာများက အစဉ်မပြတ်ကြည့်ရှုနေရန် လိုအပ်သည်။ ဥပမာ ခရစ်စတိုဖာကိုလံဘတ် တို့ခေတ်က လူတို့သည် မိမိတို့ဒေသများတွင် ကျောက်ချနေထိုင်ကြသည်မဟုတ်ဘဲ ကျန်းမာသန်စွမ်းသော လူငယ်တို့သည် မိမိနေရင်း မွေးဖွားရာ ဇာတိမြေမှခွဲခွာလျက် ပိုမို၍ ရေကြည်ရာ မြက်နုရာဖြစ်သော ဒေသများကို ရှာဖွေခဲ့ကြသည်။ ထိုခေတ်ကာလ ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားမှုတွင်လည်း ထိုခေတ်အခါက လူငယ်တို့ကိုဇာတိမြေမှထွက်ပြီး စွန့်စားမှုပြုကြရန်ကို အားပေးခဲ့ကြသည်။ ထိုခေတ်က ခေတ်၏လိုအပ်ချက်မှာ နယ်မြေသစ်များ၊ ရေသစ်မြေသစ်များ ရှာဖွေကြရန်လိုအပ်၍ ဘုန်းတော်ကြီးကျောင်းတို့မှတစ်ဆင့် ခေတ်ကျောင်းသားများကို မိမိနေရင်း တိုင်းပြည်ကိုချစ်ခင်ပြီး မိမိတိုင်းပြည်တွင်သာ ကျောက်ချမနေကြဘဲ ရေမြေသစ်၊ နေရာသစ်များရှာကြရန် သင်ကြား တိုက်တွန်း လေ့ကျင့်အားပေးခဲ့ကြသည်။ တစ်နည်းဆိုသော် ယနေ့ခေတ်၏ လိုအပ်ချက် တောင်းဆိုချက်များနှင့် မတူ။ မိမိတိုင်းပြည်ကို မိမိချစ်ခင်မြတ်နိုးလျက် မိမိတိုင်းပြည်တွင်ပင် နေထိုင်ပြီး မိမိတိုင်းပြည်တိုးတက် ကောင်းစားရေးလုပ်ကြရန် လေ့ကျင့်သင်ကြားပေးခြင်းမဟုတ်ဘဲ မိမိတို့တိုင်းပြည်များအား စွန့်ခွာကြပြီး ရေမြေသစ်များစွာ ရှာဖွေကြရန် ထိုခေတ်လိုအပ်ချက်အရ ဘုန်းတော်ကြီးကျောင်း များတို့က

လည်းကောင်း၊ မိဘများကလည်းကောင်း လေ့ကျင့်သင်ကြားတွန်းအားပေး ပံ့ပြင်ခဲ့ကြ၏။ ထို့နောက် ခရစ်စတိုဖာ ကိုလံဘတ်၊ မာကိုပိုလို အစရှိသော ပုဂ္ဂိုလ်များ၊ အိန္ဒိယတိုက်နှင့် အမေရိကတိုက်အပါအဝင် ကမ္ဘာ့တိုက်ကြီး များအသီးသီးကို ရှာဖွေတွေ့ရှိခဲ့ကြပြီး မှန်ကန်သော ကမ္ဘာ့မြေပုံအား ရေးဆွဲ ပေါ်ထွက်လာနိုင်ခဲ့၍ နောက်ထပ် နယ်မြေသစ်များထပ်မံရှာဖွေရန်မရှိနိုင်တော့သည်ကို သိလာကြသောအခါ မိမိတို့၏ ပိုင်နက်တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ကြရန်နှင့် မိမိတို့၏တိုင်းပြည်အသီးသီးမှ သယံဇာတများကို စောင့်ရှောက်ကာကွယ်ကြရန် လိုအပ်လာသည်ကို သိမြင်လာကြသည်။ ထိုခေတ်ဆရာတို့က မိဘနှင့် အတူ တညီတညွတ်တည်း မိမိတိုင်းပြည်နှင့် ရေမြေ လူမျိုးတို့ကို ချစ်မြတ်နိုး ကြရန်နှင့် ကာကွယ်စောင့်ရှောက်တတ်ကြရန် ပြန်ပြောင်းလေ့ကျင့်သင်ကြား ပေးခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ သို့ဖြစ်၍ အမြဲတစေ ပြောင်းလဲ နေသောခေတ်၏ လိုအပ်ချက်တောင်းဆိုမှုကို အရပ်ရပ်သော ဒေသအသီးသီး တွင်ရှိသည့် မင်းအစိုးရများက ဦးဆောင်လေ့လာ လမ်းညွှန်မှုပေးခဲ့ကြပြီး မိဘဆရာတို့နှင့် ပူးပေါင်းကာ မိမိတို့၏ ရင်သွေးများကို ခေတ်နှင့်လျော်ညီသော ကျောင်းသင်ကြားမှုကို ရယူစေကြခြင်းဖြစ်သည်။ ဤနေရာတွင် ကျောက်ခေတ်၊ စိုက်ပျိုးရေးခေတ်နှင့် မတူတော့ဘဲ နေရပ်ဒေသ တိုင်းပြည်တစ်ခုတွင်းရှိ မိမိတို့ လူမျိုးများကို ပညာသင်ရေးတွင် အဓိကမဏ္ဍိုင်အဖြစ် မိဘနှင့်ဆရာ သာမကဘဲ မင်းအစိုးရများပါ ပါဝင်လာခဲ့ကြပြီဖြစ်သည်မှာ ယနေ့ခေတ်အထိပင် မှန်ကန် နေဆဲဖြစ်သည်။ ယခင်က ခေတ်၏ လိုအပ်ချက်ကို မိဘများကသိလွယ်သည်။ ကျောက်ခေတ်သည် လွန်စွာ မကျယ်ပြန့်သေး။ စိုက်ပျိုးရေးခေတ်ရောက်သည့်တိုင် မင်းအစိုးရနှင့် ဆရာ လူတန်းစားတို့ မပေါ်ပေါက်လာကြသေးဘဲ မိဘများကသာ ထိုခေတ်အသီးသီး၏ လိုအပ်ချက် တောင်းဆိုချက်များကိုလေ့လာပြီး သားသမီးများကို ဖြည့်ဆည်းလေ့ကျင့် ပေးနိုင်ခဲ့ကြသော်လည်း သိပ္ပံနှင့်နည်းပညာခေတ် နောက်ပိုင်းတွင် တရစပ် တိုးပွားလာသော သန်းပေါင်းများစွာသော လူဦးရေနှင့် ထိုလူတို့ အတူနေထိုင်ရာမှ ဖြစ်ပေါ်လာသော ရှုပ်ထွေးနက်နဲသည့် လူ့အဖွဲ့အစည်း၏ တောင်းဆို လိုအပ်ချက်များကို မိဘတစ်ဦးတည်း ခွဲခြမ်း စိတ်ဖြာလေ့လာနိုင်ခြင်းမရှိတော့ဘဲ ဤလုပ်ငန်း များကို အဓိကလုပ်ကိုင်နေလိုသော ဆရာသမားများနှင့် ခေတ်၏ လိုအပ်ချက်နှင့် တောင်းဆိုချက်များကို အမြဲတစေ သိရှိလေ့လာနေသော

တိုင်းပြည်ခေါင်းဆောင် မင်းအစိုးရတို့က ပဲ့ထိန်းလမ်းညွှန်ခြင်းပြုလျက် ဒေသအသီးသီးတွင် မိဘဆရာ မင်းအစိုးရ အားလုံးပူးပေါင်းပြီး အနာဂတ်မျိုးဆက်သစ်များကို လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် မျိုးဆက်သစ်တို့ ၎င်းတို့၏ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများကို ရင်ဆိုင်ရာတွင် အခက်အခဲများကို ကျော်လွှားအောင်မြင်၍ ဖြတ်သန်းသွား စေသည်။

သို့ဖြစ်၍ **ပညာရေးဟူသည် မိဘဆရာနှင့် မင်းအစိုးရတို့ ပူးပေါင်းကာ မိမိတို့၏သားသမီးတို့အား မျက်မှောက်ခေတ်နှင့် အနာဂတ်၏ လိုအပ်ချက်တောင်းဆိုချက်တို့ကို လေ့ကျင့်သင်ကြားပြုစုပျိုးထောင် ပေးခြင်းပင်ဖြစ်သည့်** အတွက် မိဘဆရာနှင့် မင်းအစိုးရတို့ ထိုခေတ်ထိုအခါ စုပေါင်းပညာရေး၏ ခေတ်ဦးတွင် ပိုမို၍ယေဘုယျကျသော သီအိုရီအမိပ္ပာယ် သတ်မှတ်ချက်ကို ရှာဖွေတွေးဆခဲ့ကြသည်။ ကျွန်ုပ်တို့၏ သားသမီးများ မျက်မှောက်ခေတ်၏ လိုအပ်ချက်တောင်းဆိုချက်များကို ရင်ဆိုင်ကျော်လွှား အောင်မြင်နိုင်ရန် လူတို့တွင် မည်သည့်အရည်အသွေးတို့က အထောက်အကူပြု အားဖြစ်စေနိုင်သည်ကို သိရှိရန် လိုအပ်ရာမှ လူတို့တွင် ထူးခြားသည့်စွမ်းအင်သည် အသိဉာဏ်ဖြစ်သည်ကို သိရှိလာကြသည်။ သို့ဖြစ်ရာ ဆရာတို့မှ အသိဉာဏ်စဉ်များကို တစ်ခုချင်းပိုင်းခြားလေ့လာပြီး မည်သည့်အသိဉာဏ်ရင့်သန်စေရန် မိမိတို့လေ့ကျင့်ပေးရမည်ကိုပါ လေ့လာနိုင်ကြပြီး သမာရိုးကျပညာရေးမှသည် သိပ္ပံနည်းကျ ပြုစုပျိုးထောင်နိုင်သော စနစ်ကျသည့် ပညာရေးသို့ စတင် ကူးပြောင်းလာခဲ့တော့သည်။ ကျောက်ခေတ်၊ စိုက်ပျိုးရေးခေတ်၊ သိပ္ပံခေတ်နှင့် နည်းပညာခေတ်များလွန်သော် နည်းပညာကို အသုံးပြု၍ စက်ပစ္စည်းများ အပြိုင်အဆိုင်တည်ဆောက်လာခဲ့ကြရာမှ တိုင်းပြည်တွင် စက်များ၊ မော်တော်ကား၊ သင်္ဘော၊ လေယာဉ်ပျံနှင့် လူ့အသုံးအဆောင်တို့ မြောက်မြားစွာ ပိုင်ဆိုင်လာခဲ့ ကြသည်။ လူသားတို့၏ ပြိုင်ဆိုင်မှုမနောဗီဇသည် အားကောင်းလာရာမှ သိပ္ပံ နည်းပညာကြောင့် စက်မှုခေတ်ပြောင်းတော်လှန်ရေးကြီး တဖြည်းဖြည်း အရှိန်အဟုန် ရလာသည့်အခါ ပြိုင်ဆိုင်မှု၏ အပြင်းထန်ဆုံးဖြစ်သည့် စစ်အသွင်သို့ ကူးပြောင်း လာခဲ့သည်။ ပထမကမ္ဘာစစ်သည် လူတို့၏ နည်းပညာ၊ ဓနဉစ္စာ အားပြိုင်မှု၏ ရလဒ်သာ ဖြစ်သည်။

## မမေ့လျော့အပ်သော မိဘတာဝန်များ

ကျောက်ခေတ်ကာလမှစ၍ မိဘတို့သည် သားသမီးတို့ လောက အလယ်တွင် ရပ်တည်နေနိုင်ရန် လိုအပ်သော အတတ်ပညာ အသိပညာ တို့အား တိုက်ရိုက်သင်ကြားလေ့ကျင့် ပျိုးထောင်ပေးခြင်းဖြင့် မိဘများက သားသမီးတို့အား မိမိတို့ကိုယ်စား လောကအလယ်တွင် ရှင်သန်ရပ်တည်နိုင်စေ ခဲ့ကြခြင်းသည် မိဘက သားသမီးတို့အားပေးသည့် ပညာအမွေပင်ဖြစ်သည်။ ထို့အပြင် ခေတ် အဆက်ဆက်၌လည်း အသီးသီးသောခေတ်တို့၏ လိုအပ်ချက်နှင့် တောင်းဆိုချက် ပြောင်းလဲခဲ့ကြသော်လည်း မိဘတို့သည် သားသမီးတို့အား မိမိတို့၏ ပညာအမွေ ပေးခြင်း လုပ်ငန်းတာဝန်ကို လုပ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သိပ္ပံခေတ် နည်းပညာခေတ်မှ ယနေ့မျက်မှောက်ခေတ် ရောက်ရှိ၍ လူ့ဘောင်လောက လွန်စွာကျယ်ပြန့် ရှုပ်ထွေးလာပြီးနောက် မိဘအချို့ ရှေးခေတ်အဆက်ဆက်က ဘိုးဘေးဘီဘင်ဘောင်ဘက်တို့ ကျေပွန်ခဲ့သော သမိုင်းပေးတာဝန်ဖြစ်သည့် မိဘမှသားသမီးကိုပေးရန် သင်ကြားလေ့ကျင့် ပျိုးထောင်ရန်ဟူသည့် ပညာအမွေကို လက်ဆင့်ကမ်းရန် မေ့လျော့ပျက်ကွက်ခဲ့ကြသည်ကိုလည်း တွေ့ရတတ်သည်။ မိဘတို့မှ ယနေ့ခေတ်ကာလတွင်လည်း လက်ဆင့်ကမ်းပညာအမွေတို့ကို ပေးနေ ရဦးမည်ကို အထူးသတိချပ်ရန်လိုသည်။ သို့ဖြစ်၍ ရှင်းလင်းစေရန် မည်သည်တို့ကို မိဘက ပညာအမွေအဖြစ်ပေးအပ် လက်ဆင့်ကမ်းရန် ရှိသနည်းဟူ၍ စဉ်းစားစရာ ရှိလာပါသည်။ ကျောက်ခေတ် ကာလမှစ၍ မိခင်ဖခင်တို့သည် မိမိတို့၏ အတူ နေထိုင်ရာ မိသားစု၏ တန်ဖိုး၊ လုပ်နည်းလုပ်ဟန်၊ စဉ်းစားပုံစဉ်းစားနည်း၊ ဖခင်မိခင် တို့၏ ယူဆချက်များနှင့် ခံယူချက်များ၊ ဓလေ့ထုံးစံများလိုက်နာပုံနှင့် မိသားစု ယဉ်ကျေးမှုများ၊ မိဘဘိုးဘွားတို့၏ စွမ်းရည်သတ္တိနှင့် လူ့ဘောင်အဖွဲ့ အစည်းအတွက် အကျိုးပြုခဲ့ကြပုံများတို့သည် မိသားစု၏ သမိုင်းပေးတာဝန် များပင်ဖြစ်၍ မိဘတို့မှ သားသမီးများကို ဤသို့လွှဲအပ်သော မိသားစုတန်ဖိုး (Family Value) နှင့် မိသားစုယဉ်ကျေးမှု (Family Culture) တို့အပြင် မိမိ၏ကိုးကွယ်ရာ (Religious Faith) ဆည်းကပ်ရာ ဘာသာရေးဆိုင်ရာ အသိ အမြင်တို့မျှဝေ သင်ကြားလေ့ကျင့်နာယူ ခံယူစေခြင်းတို့အား မဏ္ဍိုင်ပြု၍ ပညာ အမွေလက်ဆင့်ကမ်းရန်ဖြစ်သည့် ကျောင်းများသို့ပို့အပ်ပေးရုံမျှဖြင့် ယခုဖော်ပြ ခဲ့သည်များ မတည်ဆောက်နိုင်။ ကျောက်ခေတ်ကာလကဲ့သို့ပင် မိမိတို့၏မိသားစု

များအတွင်း မိမိလိုအပ်ချက်များတွင် မိသားစုများက အချိန်ယူ၍ ဝိုင်းဝန်း တည်ဆောက်ခြင်းဖြင့် သားသမီးငယ်တို့အား ပညာတတ်စေ နားလည်စေခြင်းသည် မိသားစုအတွင်း အရေးပါသော ပညာရေးဖြစ်၏။ ယခုဖော်ပြသော ကဏ္ဍတို့သည် မိဘမိသားစုတို့မှ သားသမီးတို့ကို လက်ဆင့်ကမ်း လေ့ကျင့်ပျိုးထောင်ရန် ကဏ္ဍများဖြစ်ပြီး ကျောင်းသို့ပို့အပ်ပညာလေ့လာစေရာတွင် ဆရာများက ၎င်းတို့၏ရှုထောင့်မှသာ ကြည့်ရှု၍ ကလေးငယ်တို့ လောကအလယ် ရပ်တည် နေထိုင်နိုင်စေရန် လိုအပ်မည့် ရုပ်လက္ခဏာနှင့် စိတ်လက္ခဏာတို့ကို ထပ်မံ လေ့ကျင့်ပျိုးထောင်ပေးခြင်းများရှိသလို ဆရာနှင့်မိဘ ပူးပေါင်း၍ အတူတကွ လေ့ကျင့်ပျိုးထောင်ရသော ကဏ္ဍများလည်းရှိပါသည်။ သို့ဖြစ်၍ ပညာရေးသည် ခေတ်တို့၏ တောင်းဆိုချက်များအလိုက် အမျိုးမျိုးပြောင်းလဲခဲ့သော်လည်း ယနေ့ခေတ်အတွက်မူ မိဘတစ်ဦးတည်း၊ ဆရာတစ်ဦးတည်း၊ မင်းအစိုးရ တစ်ဦးတည်း ပညာသင်ကြား လေ့ကျင့်ရုံမျှဖြင့် မလုံလောက်တော့ လောက်အောင် လောက၏လိုက်အပ်ချက် တောင်းဆိုချက်များက များပြားကျယ်ပြန့်လာ၍ သုံးဦး သုံးဖလှယ်မက လေးဦးလေးဖလှယ် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် မင်းအစိုးရ တို့အတူတကွ ပူးပေါင်း၍ မိမိတို့တစ်ဦးချင်း လေ့ကျင့်ပျိုးထောင် ပေးရမည့် နေရာများတွင် မိမိတို့တစ်ဦးတည်းဆောင်ရွက်သည်များရှိသလို အတူတကွ ထိစပ်ပူးပေါင်း၍ ကလေးတို့အား ပညာအမွေလက်ဆင့်ကမ်းကြရန်လိုသည် ကိုလည်း သိရှိရန်လိုအပ်ပါသည်။

## ပညာရေး သဘောသဘာဝ

မိဘတို့သည် မိမိသားသမီးများ လေ့ကျင့်ပေးရန် ဝတ္တရားတို့ ဆောင်ရွက် ကြသည့်အပြင် ကျောင်းများ သို့ပို့လွှတ်အပ်နှံ၍ ဆရာတို့က လေ့ကျင့်ပေးရန် ရှိသည်များကိုလည်း ကောင်းစွာသိရှိရန်လိုအပ်ပါသည်။ ဆရာတို့၏မဏ္ဍိုင်ပြု တာဝန်ကား ကျောင်းသားတို့ လောကအလယ်တွင် ရပ်တည်ရှင်သန်နိုင်စေရန် လိုအပ်သည့် ရုပ်လက္ခဏာနှင့် စိတ်လက္ခဏာ များကို စိတ်နှင့်ရုပ်အသီးသီးတို့တွင် ပါဝင်ဖြစ်တည်သွားအောင် လေ့ကျင့် ပေးရန်ဖြစ်၏။ ကျောက်ခေတ်ကာလမှစ၍ ခေတ်၏လိုအပ်ချက်များ တဖြည်းဖြည်း ပြောင်းလဲလာကာ အချိန်နှင့်အမျှ လူဦးရေ

တိုးတက်လာမှုကြောင့် လူ့ဘောင်အဖွဲ့အစည်းသည် ပိုမိုရှုပ်ထွေးကျယ်ပြန့်လာခဲ့သည်။ ထို့အပြင် လူတိုင်း၏လောဘနှင့် အတောမသတ်နိုင်သော အသုံးများကြောင့် တီထွင်ဆန်းသစ်မှုများ ပို၍များပြားလာသည့်အပြင် လေ့လာစရာများစွာတို့လည်း ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်လာခဲ့ရာမှ ကျောက်ခေတ်၊ စိုက်ပျိုးရေးခေတ်တို့နှင့်မတူဘဲ လေ့လာစရာ၊ တတ်စရာ၊ သိစရာများ မြောက်မြားစွာ ပေါ်ထွက်လာသောကြောင့် လူ၏ဦးနှောက်စွမ်းရည် ရှုထောင့်မှ ကြည့်သော် လူတို့သည် လေ့လာနိုင်စွမ်းရှိသော်လည်း ကမ္ဘာ၏ယဉ်ကျေးမှု ထွန်းကားခြင်းဖြစ်စဉ်တွင် စက္ကန့်နှင့်အမျှ ပေါ်ထွက်ပြောင်းလဲနေသော အခွင့်အခါသစ် ဖြစ်ပေါ်တိုးတက်မှုအားလုံးကို လိုက်လံလေ့လာကျက်မှတ်ရန် ခက်ခဲလာသည်။ ရှေးယခင်က လေ့လာရန် အတတ်ပညာနည်း၍ ထိုခေတ် ခေတ်ပေါ်အတတ်ပညာတို့ကို အားလုံးတတ်မြောက်အောင် လေ့ကျင့်နိုင်သည်မှာ မှန်သော်လည်း လူတို့၏သိမှု၊ သိခြင်းသည် ယနေ့မျက်မှောက်ခေတ်ပြောင်းလဲခြင်း ပြင်းထန်မှုကြောင့် အရာရာသိရန်မဖြစ်နိုင်တော့၍ မျက်မှောက်ခေတ်ပညာရေး၊ ပညာရှင်တို့က ယခင်ကလို အလွတ်ကျက်ခြင်းဖြင့် သိမှုရှိလာစေရန် အားမပေးတော့ဘဲ ကျောင်းသားတို့ အခြေခံသိရမည့် သိမှုပမာဏတို့ကိုစုစည်း၍ အခြေခံပညာဟူ၍ သတ်မှတ်ပြီး ၎င်းတို့မှတစ်ဆင့် ပိုမိုအသေးစိတ်မြင့်မားသော သိမှုတို့ကို အဆင့်မြင့်ပညာ (သို့) အထက်တန်းပညာဟူ၍ စုစည်းပြီး လေ့ကျင့်သင်ကြားပေးလာခဲ့ကြသည်။ ၎င်းတို့သည် အနည်းဆုံးအဆင့်လေ့ကျင့်မှုများဖြစ်ပြီး အခြေခံပညာကို အခြေခံသိမှု (Core Knowledge) ဟု မှတ်ယူကြပြီး ပစ္စုပ္ပန်မျက်မှောက်ကာလတွင် လူတစ်ဦးချင်းရွေးချယ်သည့် ၎င်းတို့သိလိုသော သိမှုများ အဆင့်မြင့်အသေးစိတ်သိမှုများအတွက်မူ ဆင့်ပွားသိမှု (Extended Knowledge) အဖြစ် သတ်မှတ်ပြီး ၎င်းဆင့်ပွားသိမှုများကို ရယူနိုင်ရန် နည်းအမျိုးမျိုးကို ခေတ်အဆက်ဆက်တွင် လေ့လာတွေ့ရှိရသည်။ ဥပမာ - အမတ်ကြီးဦးပေါ်ဦးတို့၏ ကုန်းဘောင်ခေတ်တွင် ထိုခေတ်အခြေခံပညာကို ဘုန်းတော်ကြီးကျောင်းပညာရေးတွင် ရယူပြီး ဆင့်ပွားသိမှုများကို ဘာသာရေး စာပေနှင့် အခြားစာပေများဖြစ်သည့် စာကဗျာ၊ လင်္ကာ၊ ပျို့တို့မှ ထပ်ဆင့်လေ့လာကြရသည်။ ထို့ပြင် ပိဋကတ်သုံးပုံသည် မြန်မာ ဗုဒ္ဓဘာသာဝင်တို့အတွက် မကုန်ခမ်းနိုင်သော ဗဟုသုတ ရတနာသိုက်ကြီး ဖြစ်၍ ရှေးခေတ်မြန်မာတို့ ပိဋကတ်သုံးပုံကို သံဃာတော်များသာမက လူပညာရှိများပါ

လေ့ကျင့်ကျက်မှတ်ခဲ့ကြခြင်းဖြင့် ဆင့်ပွားဗဟုသုတများ ပွားများလာစေနိုင်သည်။ သို့ဖြစ်၍ ထိုခေတ်က ဦးပေါ်ဦး၊ ဦးပုည အစရှိသည့် ပညာကျော်၊ ပညာတတ်၊ ပညာရှိများသည် လူအများစုထက် ပိုသိနေခြင်းမှာ လေ့လာကျက်မှတ်အား ဖတ်အားကောင်းခဲ့၍ ဖြစ်ကြောင်းတွေ့ရှိနိုင်သည်။ ဖတ်အား၊ ကျက်အား ကောင်းမှသာသိမှုများမည်။ ဆင့်ပွားသိမှု (Extended Knowledge) များလာသောကြောင့် ရှင်ဘုရင်တို့က သိလိုသည်များရှိတိုင်း တိုင်ပင်နိုင်ရန် နန်းတွင်း ခစားစေကြသည်။ ရှင်ဘုရင်တို့အနေနှင့်လည်း ၎င်းတို့၏ ကိုယ်ပိုင်ဆင့်ပွား သိမှုထက်ကျော်လွန်ပြီး သိရှိလိုပါက၎င်းတို့ထက် ဖတ်အား၊ ကျက်အား ပိုကောင်းသော ပညာရှိသုခမိန်များကို မေးလိုက်ခြင်းက ပိဋကတ်သုံးပုံကို လှန်လှော ရှာဖွေနေရခြင်းထက် ပိုမြန်ဆန်သည်ဖြစ်၍ ကိုယ်တိုင် ဖတ်ထားသောသိမှုတွင် မရှိသော သိလိုသည့်အကြောင်းအရာတို့အတွက် အရာရာကို သိအောင် အာဂုံဆောင် အလွတ်ကျက်ထားသော ပုဂ္ဂိုလ်များသည် ပညာရှိ သုခမိန်များဖြစ်လာ ကြသည်။ မမှတ်နိုင်သောသူများ၊ မကျက်မှတ်သောသူများသည် ဆင့်ပွားသိမှု နည်းပါး၍ နန်းတွင်းသို့ မနီးစပ်။ တိုးတက်လာရန် အခွင့်အလမ်း နည်းပါးသည်။ သို့ဖြစ်၍ ထိုခေတ်ထိုအခါ လူတို့၏ ရွေးချယ်မှုမှာ များများဖတ် များများ အလွတ်ကျက်၊ များများသိအောင်လုပ်ထားနိုင်လျှင် ထိုခေတ်၏ တက်လမ်းဖြစ် သည်။ ဘုရင့်အနားတွင် ခစားသော လူမှုအဆင့်အတန်းအထိ ရောက်စေနိုင်သည် ဖြစ်၍ ထိုခေတ်လူသားတို့အား များများဖတ်၊ များများကျက်မှတ်အောင် ဆရာ၊ ဆရာမတို့မှ တိုက်တွန်းအား ပေးလေ့ကျင့်ခဲ့ကြသည်။

ထို့နောက် ခေတ်တို့ရွေ့လျားပြောင်းလဲလာပြီး ယနေ့မျက်မှောက် အင်တာနက်ခေတ်သို့ ရောက်ရှိ လာသောအခါ ရှေးမူအတိုင်း အခြေခံသိမှု (Core Knowledge)အား သတ်မှတ်ပြီး အဆင့်မြင့်သိမှု (Advanced Knowledge) ကိုလည်း တက္ကသိုလ်များတွင် လေ့ကျင့်ခဲ့ကြသည်။ ထပ်ဆင့်ပွားသိမှု (Extended Knowledge) ကိုမူ လူတို့၏မိမိတို့ဘဝ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှု ပေါ်မူတည်၍ လေ့လာရန် ဖြစ်ကြသည်။ သို့ရာတွင် ရှေးယခင်ကနှင့် မတူတော့ဘဲ ယနေ့ခေတ်တွင် လိုချင်သောသတင်းအချက်အလက်များအားလုံး သိချင်သည့် အချိန်တွင် ချက်ခြင်းဆိုသလို သိနိုင်သည်အထိ နည်းပညာတိုးတက်လာ၍ ယခင်ကလို အရာရာကို အလွတ်ကျက်မှတ်ရန် မလိုအပ်တော့။ မှတ်သားစရာ

များကလည်း ယခင်ကထက် ပို၍များပြားလာပြီး အရာရာသိ အရာရာအလွတ်ရရန်ကား မလွယ်ကူတော့သည် ဖြစ်၍ ဆရာတို့မှ ရွေးပေါင်း အလွတ်ကျက်ခြင်းများအစား အားလုံးအနည်းဆုံးသိထားရမည့် အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို အကြောင်းပြုပြီး ဆင့်ပွားသိမှုရှာဖွေရေးတွင် လိုအပ်မည့် ရုပ်လက္ခဏာနှင့် စိတ်လက္ခဏာများအားလုံး ပါဝင်လာအောင် တည်ဆောက်ခြင်း လုပ်ငန်းဖြစ်သည့် ဉာဏ်စဉ်များတည်ဆောက်ခြင်းနှင့် အမျိုးသားလက္ခဏာပြုပညာရေး စနစ်သည် မွေးဖွားလာခဲ့သည်။ ထိုမှတစ်ဆင့် လူတိုင်းလူတိုင်းတွင် (Emotional Intelligence) ကိုလည်း ဖြစ်ထွန်းလာသည်နှင့်အမျှ မိဘ၊ ဆရာနှင့် မင်းအစိုးရတို့ လိုချင်သည့်အတိုင်း သားငယ်သမီးငယ်တို့သည် လောက အလယ်တွင် အောင်မြင်စွာရပ်တည်နေနိုင်လာကြမည်ဖြစ်သည်ကို ကောင်းစွာ နားလည်ကြသဖြင့် ဆရာတို့က ယနေ့မျက်မှောက်ခေတ် ကျောင်းများတွင် ဉာဏ်စဉ်ဖွံ့ဖြိုးမှု လေ့ကျင့်ခန်းများကို ကိုယ်စားပြု၍ စိတ်ဓာတ်၊ လူ့ကျင့်ဝတ်များကို ကိုယ်စားပြု၍ စည်းကမ်းနှင့် လေ့ကျင့်မှုများတွင်၊ အကြောင်းပြုအသုံးချရန်လိုသော ပထဝီ၊ သိပ္ပံ၊ သင်္ချာ အစရှိသည့် အကြောင်းပြုခြင်းများကို ပညာဟူ၍ အတိုချုပ် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူ၍ ညွှန်းဆိုကာ လေ့ကျင့်ပျိုးထောင် ကြခြင်းဖြစ်သည်။

မိဘဆရာတို့၏ ပညာရေးကဏ္ဍတွင် ထည့်ဝင်ကြပုံများနည်းတူ မင်းအစိုးရတို့၏ကဏ္ဍသည် ပိုမိုလေးနက်ကျယ်ပြန့်ပြီး မျိုးဆက်သစ်တို့၏ ပစ္စုပ္ပန်နှင့်အနာဂတ်ကဏ္ဍများကို မင်းအစိုးရတို့မှ အမြော်အမြင်ဖြင့် သုံးသပ်ကာ ယနေ့လက်ရှိပစ္စုပ္ပန်အကျိုးနှင့် ရေရှည်အနာဂတ်အကျိုးစီးပွားတို့ ဖြစ်ပေါ်လာစေရန် အခြေခံရည်ရွယ်ပြီး စဉ်းစားခြင်း၊ နာရီပေါင်း ရက်ပေါင်း လပေါင်းများစွာ ရင်းနှီးထားသော နိုင်ငံဒေသရပ်ဝန်း တစ်ခုမှ တိုင်းပြည်တစ်ပြည်၏ ပညာရေး မူဝါဒဟူ၍ ရေးသားချမှတ်ပြဌာန်းကာ မိဘဆရာတို့နှင့်အတူ မျိုးဆက်သစ်တို့အား ပွဲပြင်ပြီး ပြုစုပျိုးထောင်ခြင်းဖြင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက် သာယာဝပြောမှုတို့ကို ဖြစ်ပေါ်လာစေသည်။

နိုင်ငံတစ်ခု ရေမြေတိုင်းပြည်တစ်ပြည်ကို စုစည်းအုပ်ချုပ်ရသော မင်းအစိုးရတို့အနေဖြင့် ၎င်းရေမြေဒေသ တိုင်းပြည်နိုင်ငံတစ်ခုတွင် မှီတင်းနေထိုင်ကြသောသူများကို စောင့်ရှောက်ရန် တာဝန်ယူထားသူများဖြစ်သည်။ ကျောက်ခေတ်က မိဘတို့ကိုယ်တိုင် ပညာသင်ပေးနိုင်ခဲ့သော်လည်း လူဦးရေ

တိုးပွားလာပြီဖြစ်သည့် မျက်မှောက်ခေတ်တွင်မူ မိဘတို့မှ ပညာကို သင်ပေးနိုင်စရာ အခြေအနေမပေးတော့၍ ဒေသအသီးသီးတို့တွင် အုပ်ချုပ်ကြသောမင်း အစိုးရတို့မှ မိဘတို့ကိုယ်စား ဆရာတို့မှတစ်ဆင့် ပညာရေးကို လေ့ကျင့်ပေးပြီး မျိုးဆက်များအား ပြုစုပျိုးထောင် ၏။ ထိုသို့ဆောင်ရွက်ရာတွင် မင်းအစိုးရတို့၏ ရှုထောင့်မှကြည့်၍ မိမိတို့စုဝေး နေထိုင်ရာဒေသ၏ ရာသီဥတု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ရာ ဘာသာ တရားအခြေအနေအစရှိသည့် အားလုံးတို့ကို သေချာစွာလေ့လာသုံးသပ်၍ အောက်ဖော်ပြပါ အရပ်များကိုရည်ရွယ်ကာ အခြေခံစဉ်းစားကြရသည်။ မင်းအစိုးရတို့၏ အခန်းကဏ္ဍမှာ တိုင်းပြည်တွင်း နေထိုင်ကြသော မျိုးဆက်သစ်တို့ အား လေ့ကျင့်ပျိုးထောင်ရာတွင် မျှော်မှန်းချက် များ ရှိလာကြ၏။ လေ့ကျင့်မှုများမှ တိုင်းသူပြည်သား တို့သည် -

- တိုင်းပြည်အင်အားသာဖြစ်ရမည်။ တိုင်းပြည်၏အင်အားဖြစ်စေရန် ကျောင်းသားနှင့် ပြည်သူတို့ အတွေးတူရန်လိုသည်။ ခံယူချက်တူရန် လိုသည်။ ခံစားချက်တူရန်လိုသည်။ ဤသို့သောအချက်များ တူညီစေရန် အလိုလိုဖြစ်မလာနိုင်။ တူညီစေရန် ရည်ရွယ်၍ လေ့ကျင့်ပေးမှရမည်။ တိုင်းသူပြည်သားအားလုံး တစ်ဦးမကျန် တူညီသော လေ့ကျင့်ပျိုးထောင်မှုကို အခြေခံပြု၍ အတွေးခံယူချက်၊ ခံစားချက်တူလာကြမည်။
- တိုင်းသူပြည်သားတို့ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကုန်ထုတ်လုပ်နိုင်သူများ ဖြစ်လာစေရန် ရည်သန်၍ ဆရာမများမှတစ်ဆင့် လေ့ကျင့်ပေး ရန်လို သည်။ သို့မှသာ တိုင်းပြည်စီးပွားရေးတောင့်တင်းလာမည်။
- တိုင်းသူပြည်သားတို့ အလုပ်လုပ်နိုင်သော အင်အားစုများ ဖြစ်လာစေရန် ရည်သန်၍ ဆရာများမှ တစ်ဆင့်လေ့ကျင့်ပေးရန်လိုသည်။ သို့မှသာ ကဏ္ဍမျိုးစုံတွင် ဝင်ရောက်လုပ်ကိုင်နိုင်သောအခါ ဘက်စုံတောင့်တင်း ခိုင်မာလာပြီး မိမိကိုယ်မိမိ အားကိုးနိုင်လာမည်။
- လူတို့၏ နဂိုပါဆန္ဒအလျောက်ဖြစ်လာသည်များကို လွတ်လပ်စွာ ဖြစ်လာစေခြင်းအလို့ငှာ လမ်းကြောင်းများ ဖွင့်လှစ်ပေးရန် လိုအပ်သည်။ သို့မှသာကဏ္ဍ မျိုးစုံတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များ ပေါ်ပေါက် လာမည်။

- တိုင်းသူပြည်သားအားလုံးတွင် တူညီသောမျိုးချစ်စိတ်၊ အမျိုးသားရေး စိတ်ဓာတ်နှင့် နိုင်ငံရေးအမြင်ရှိစေရန် ဆရာ များမှတစ်ဆင့် လေ့ကျင့်ပေးရန် လိုသည်။ သို့မှသာစည်းလုံး ညီညွတ်မှုအမှန်ကို ဖော်ဆောင်နိုင်မည်။
- တိုင်းသူပြည်သားများအားလုံး ကျန်းမာအောင်နေထိုင်တတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရန် လိုသည်။ သို့မှသာ မင်းအစိုးရတို့ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဝန်ထုပ်ဝန်ပိုး ကျဆင်းလာမည်။
- တိုင်းသူပြည်သားအားလုံး တူညီသောစည်းကမ်းလိုက်နာမှုရှိစေရန် လေ့ကျင့်ပေးရန်လိုသည်။ သို့မှသာ တရားဥပဒေစိုးမိုးပြီး ရာဇဝတ်မှု လျော့နည်းပပျောက်ကာ ဗြဟ္မဝိဟာရတရား ထွန်းကားသည့်လူ့ဘောင် တစ်ခု တည်ဆောက်နိုင်မည်။

ဤသို့အချက်များပေါ်တွင် အခြေခံပြု၍ နိုင်ငံ၏ပညာရေး မူဝါဒမဏ္ဍိုင် အဖြစ်ပြဋ္ဌာန်းပြီး လက်တွေ့ကျကျ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မည့် နည်းလမ်းများကို အသုံးပြုလျက် လေ့ကျင့်ပေးနိုင်မည့် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရန်ဖြစ်သည်။

သင်ကြားလေ့ကျင့်မှုများကို အခါအားလျော်စွာ မှန်မှန်စစ်ဆေးပြီး သုံးသပ်နေရန်လိုသည့်အပြင် ဘွဲ့ရပြီး နိုင်ငံ၏ကုန်ထုတ်လုပ်မှုကဏ္ဍသို့ ဝင်ရောက်လာကြသည့် စီးဆင်းမှုဖြစ်စဉ်ကို စဉ်ဆက်မပြတ်လေ့လာ ကြည့်ရှုရန် လိုအပ်သည်။ ဘွဲ့ရများအားလုံး သိပ္ပံနည်းပညာဝန်ဆောင်မှု ကုန်ထုတ်လုပ်မှု၊ ကျန်းမာရေး၊ စစ်ရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး အစရှိသည့် ကဏ္ဍမျိုးစုံသို့ ရာခိုင်နှုန်းမည်မျှ စီးဝင်ရောက်လာနေသည်ကိုလည်း မင်းအစိုးရတို့က စိစစ်ကြပြီး ကဏ္ဍမျိုးစုံကို အင်အားတောင့်တင်းလာစေရန် ဖြည့်ဆည်းခြင်းဖြင့် တိုင်းပြည်တို့တွင် ကဏ္ဍ အသီးသီး၌ အလုပ်လုပ်နိုင်သော အသိဉာဏ်ဖွံ့ဖြိုး သည့်အင်အားများ ပြည့်ဖြိုး လာသည့်အခါ ထိုတိုင်းနိုင်ငံ တိုးတက်ပြီဖြစ်၍ အထက်ဖော်ပြသော ကဏ္ဍများ အားလုံး ဟန်ချက်ညီညီ ပြည့်ဝလာစေရန် မင်းအစိုးရတို့က အခါမလပ် စောင့်ကြည့် ပြီး အခြေခံပညာ၊ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် အထက် အဆင့်၌ လိုအပ်နေသည်တို့ကို ညှိနှိုင်းပြုပြင်မှုများ ဆောင်ရွက်၍ တိုင်းပြည်၏ အလုပ်လုပ်နိုင်သော ပညာတတ်လိုအပ်ချက်ရှိနေသည့် အားနည်းနေသော

ကဏ္ဍများကို ထပ်မံ အားဖြည့်ခြင်းဖြင့် ကဏ္ဍမျိုးစုံ ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာစေရန် မင်းအစိုးရတို့ ဆောင်ရွက်ကြ၏။ မိဘတို့က လက်ဆင့်ကမ်းသော မိသားစု၏ တန်ဖိုးနှင့် ယဉ်ကျေးမှုအပါအဝင် ပညာအမွေအားလုံးတို့အပြင် ဆရာတို့၏ ရှုထောင့်မှ လေ့ကျင့်ထည့်သွင်းဖော်ထုတ်မွေးဖွားပေးလိုက်သည့် အသိဉာဏ် ဖွံ့ဖြိုးခြင်းများနှင့် စိတ်ဓာတ်ရေးရာ အရည်အသွေးများ၊ စံများ၊ ကျင့်ဝတ်နှင့်ကျင့်စဉ် များသာမက မင်းအစိုးရတို့မှလည်း တိုင်းနိုင်ငံတိုးတက်စည်ပင် စေရန်အတွက် နိုင်ငံသား အားလုံးမှ ပါဝင်ဆောင်ရွက်ရမည့်ကဏ္ဍ အသီးသီးကို ဖော်ဆောင်ပြီး နိုင်ငံသား အားလုံးသည် တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုး မဖြစ်သွားစေဘဲ အယောက် တိုင်း အယောက်တိုင်း၏ အလုပ်လုပ်နိုင်သော စွမ်းရည်ကြောင့် ထိုအယောက်တိုင်း အယောက်တိုင်း၏ နေ့တိုင်းနေ့စဉ်ဝင်ငွေရရှိတိုင်း မိမိတို့ နိုင်ငံသည်လည်း နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးပြုမည့် အခွန်ဘဏ္ဍာတို့သည် စက္ကန့်မလပ်တိုးပွား နေစေရန် သေချာစွာ စီမံနိုင်လျက် နိုင်ငံသားများ အသုံးပြု နိုင်မည့် လမ်းများ၊ တံတားများ၊ ဆေးရုံများ၊ ကျောင်းများအပြင် များစွာသော ရုပ်ဝတ္ထုတိုးတက်မှုများ ပြန်ပြီးတည်ဆောက်လာနိုင်မည် ဖြစ်သည့်အပြင် ခေတ်အဆက်ဆက် ရာသက်ပန် အသိဉာဏ်ရှိသော နိုင်ငံသားများ စဉ်ဆက်မပြတ် ဆက်လက်မွေးထုတ်ပေးနိုင်စေရန် အရေးပါဆုံးဖြစ်သည့် ဆရာမွေးထုတ်ရေး ကဏ္ဍကိုလည်း ရုပ်ဝတ္ထုရော ငွေကြေးပါ အရင်းပြု၍ မွေးထုတ်ပေးရေး၊ ပုံမှန်ယန္တရား ရေရှည်ရပ်တည် နိုင်စေရန်စနစ်တို့ ကြိုးပမ်းတည်ဆောက်ကြသည်။ အမှန်တကယ် မှန်ကန်သော သင်ကြားလေ့ကျင့်မှု မှသာ အမှန်တကယ် အသိဉာဏ်ဖွံ့ဖြိုးသော နိုင်ငံသားများ ပေါ်ထွက်လာမည် ဖြစ်သည်။

## မိဘ၊ ဆရာ၊ အစိုးရ စုပေါင်းလုပ်အားမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့

***စနစ်ကောင်းကို မင်းအစိုးရတို့မှ အမြော်အမြင်ဖြင့် ပြဋ္ဌာန်း သော်လည်း ဆရာတို့က သွန်သင်မှု၊ လေ့ကျင့်မှု၊ ပျိုးထောင်မှု မမှန်ကန်လျှင် လက်တွေ့ ကုန်ထုတ်လုပ်ငန်းလုပ်နိုင်သော နိုင်ငံသားများ ပေါ်ထွက်မလာနိုင်။*** ထိုသို့ ပေါ်ထွက်မလာနိုင်သေးလျှင် လေ့ကျင့်မှုတွင် လိုအပ်နေပြီကို ချက်ချင်းသိရန် လိုသည်။

မှန်ကန်သော လေ့ကျင့်ပျိုးထောင်မှုများသည် ကုန်ထုတ်လုပ်နိုင်သော အသိဉာဏ်ရှိ နိုင်ငံသားများ နေ့စဉ်မွေးထုတ်ပေးလျှက်ရှိသည်ကို တရုတ်ပြည်သစ် ထူထောင်ရေး ဖြစ်စဉ်က သိသာစွာတွေ့ရှိ နိုင်သည်။ သို့ဖြစ်၍ ပညာရေးကဏ္ဍတွင် ဆရာတို့၏ ကဏ္ဍကို ဦးစွာပထမလေ့ကျင့်ပျိုးထောင်ပေးရန်လိုသည်။ ဆရာတို့အား မင်းအစိုးရ တို့၏ အမြော်အမြင်နှင့် တိုင်းပြည်၏ပညာရေးဆိုင်ရာ မူဝါဒကို နားလည်စေရန် မှန်ကန်သင့်လျော်သော နည်းလမ်းများသုံး၍ ဆွဲဆောင်ရန်လိုသည်။ လူတို့၏ စိတ်ကိုပြောင်းလဲစေရန် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်၍ အချိန်လိုသည်။ စကားများစွာပြောရန်လိုသည်။ ထိရောက်စွာ ပြောဆိုလေ့ကျင့် ပေးနိုင်သည့်သူများ လိုသည်။ ဆရာတို့၏အသည်းနှလုံးထဲတွင် မင်းအစိုးရတို့၏ အမြော်အမြင်နှင့် မူဝါဒတို့ ပကတိအတိုင်းနေရာယူလာနိုင်စေရန် ခေတ်မီ နည်းစနစ်များဖြင့် စည်းရုံးဆွဲဆောင်ကာ နားလည်နိုင်စေသည့် တိုင်းပြည်၏ ပညာရေးမူဝါဒသည် ဆရာအင်အားစု၏ ခံယူချက်ဖြစ်လာသည့်တစ်ချိန်တွင် အသိဉာဏ်ရှိသော နိုင်ငံသားများမွေးထုတ်ပေးမည့် ပညာရေးယန္တရားစတင် လည်ပတ်ပြီ ဖြစ်သည်။ ဤအဆင့်ကို မရောက်မချင်း မည်သို့ပင် ကြိုးပမ်းစေကာမူ မည်မျှပင်လုပ်ပြ နေကာမူ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုသည် အမှန်တကယ် တိုးတက်လာခြင်း မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ မင်းအစိုးရတို့၏ ကဏ္ဍ၌ မူလပထမ လုပ်ငန်းသည် ဆရာတို့အားလည်း အသိတူခံယူချက်တူစေရန် နည်းမျိုးစုံသုံး၍ စည်းရုံး ဆွဲဆောင်ရန်ဖြစ်၏။ တရုတ်ပြည်၏ ထူထောင်ရေး ဖြစ်စဉ်၌ ဤလုပ်ငန်းစဉ်သည် မဖြစ်နိုင်ဟုပင်ယူဆခဲ့ကြသော်လည်း တရုတ်တို့၏ မဖြစ်မနေကြိုးပမ်းမှုကြောင့် တရုတ်တို့ ကုန်ထုတ်လုပ်နိုင်လာကြသည်အထိ အဖြေရလဒ်ကောင်းခဲ့သည်။ ဆရာများနှင့် နိုင်ငံခေါင်းဆောင်များ နှီးနှော ဖလှယ်ပွဲများတွင်လည်း မင်းအစိုးရတို့မှ ဤလုပ်ငန်း၏အရေးကြီးပုံကို ရှင်းလင်းပြောပြကြသည့်အပြင် အစိုးရ၏ ပညာရေးမူဝါဒကို ကောင်းစွာ လက်ခံယုံကြည်ပြီး နားလည်သော ပုဂ္ဂိုလ်များမှတစ်ဆင့် တစ်ပြည်လုံးအတိုင်းအတာ ဆွေးနွေးဟောပြောပွဲများ လုပ်ကြလျှက် အစိုးရ၏ ပညာရေးမူဝါဒကို တရွေ့ရွေ့ နားလည်စေသည်။ ဤသို့ အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်ကြမည့် ဆရာများကိုလည်း နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော အင်အားတို့ အဖြစ်သတ်မှတ်ပြီး ဆရာတို့အား လစာတိုးမြှင့်ပေးခြင်း၊ နေအိမ်များစီစဉ်ပေးခြင်း၊

ဆရာတို့၏ဂုဏ်ကို လက်ခံအသိအမှတ်ပြုပေးခြင်း၊ တစ်ပြည်လုံး အတိုင်းအတာဖြင့် ဆရာများကို မည်မျှပင်ရာထူးကြီး၍ အရာရှိပင်ဖြစ်စေ လေးစားစွာနေရာပေး ဆက်ဆံကြရန်တိုင်းပြည်ခေါင်းဆောင်များက တိုင်းပြည်၏မီဒီယာ များမှတစ်ဆင့် အားပေးကြရန်၊ ဆရာများ စိတ်ဓာတ်မြင့်တက်အောင် ဆရာဖြစ်ရသည်ကို ဂုဏ်ယူတတ်လာကြ၍ လူငယ်လူရွယ်များထဲမှ လူတော်များသည် ဆရာဝန်၊ အင်ဂျင်နီယာ မလုပ်တော့ဘဲ ဆရာများလုပ်ရန် ဆုံးဖြတ်လာကြ၏။ လူမှုရေး အဆင့်မြင့်မား လာ၍ ဆရာဖြစ်ရမည်ကို ဂုဏ်ယူလာကြ၏။ ဆရာတို့ အတတ်ပညာကိုလည်း ပို၍ လေ့လာလာကြ၏။ ယခင်ဆရာလုပ်ရန် လျှောက်မည့်သူမရှိသော အခြေအနေမှ ယခုအရည်အချင်းရှိသူများကို ခေါင်းခေါက်၍ စိစစ်ရွေးချယ်နိုင်လာသည် အထိ အခြေအနေ ပေးလာသည်။ တိုင်းသူပြည်သား အများစုသည်လည်း ဆရာ ဆရာမတို့ဂုဏ်ကို လေးစား လက်ခံလာ၏။ ဆရာဆရာမလျှောက်ထား သူများ၏ အရည်အသွေးကိုလည်း မြှင့်တင်သည့်အနေဖြင့် တော်သောအသိဉာဏ် ဖွံ့ဖြိုးသော သူများကိုသာ စနစ်တကျရွေးချယ်သည်။ ဗဟိုအစိုးရ၏ မူဝါဒဖြစ်၍ အစိုးရမှ တည်ဆောက်နေသော ယန္တရားတွင် အမှန်တကယ်တာဝန်ယူဆောင်ရွက် နိုင်ခြင်း မရှိသောသူများ ပါမလာစေရန် အဆင့်ဆင့်သေချာစွာ စိစစ်ရွေးချယ်ခဲ့ကြသည်။ တရုတ်ပြည်သစ် တည်ဆောက်ရေးဖြစ်စဉ်တွင် တရုတ်တို့ သတိကြီးစွာ ရင်းနှီး တည်ဆောက်ခဲ့ ကြသည်။ ဤပညာရေးယန္တရားတည်ဆောက်ရေးဖြစ်စဉ်တွင် အဓိကမဏ္ဍိုင်မှာ ဗဟိုအစိုးရဖြစ်ပြီး အစိုးရမှရွေးချယ်တာဝန်ပေးသောသူများ အားလုံးကို စနစ်တကျရွေးချယ်သည့်အပြင် ထိုပညာရေးယန္တရား တည်ဆောက်ရေး လုပ်ငန်း အဆင့်ဆင့်တွင် အောင်မြင်အောင် စိတ်ရောကိုယ်ပါရင်းနှီးဆောင်ရွက် နိုင်မည့် သူများကိုသာ ဆက်လက်လုပ်ကိုင်စေပြီး အကဲခတ်စောင့်ကြည့်၍ ရလဒ်ကောင်းများ ထွက်လာခြင်းမရှိပါက အရည်အချင်း ရှိမည့်သူကို ချက်ချင်း အစားထိုးခန့်အပ်၍ ဆက်လက်ဆောင်ရွက်စေခြင်းဖြင့် တရုတ်တို့၏ပညာရေး ယန္တရားကြီးသည် သိသာစွာတိုးတက်ပြောင်းလဲလာ၏။ အစပထမပိုင်းတွင် လုပ်နိုင်စွမ်းရှိသူများနှင့် အတူ ရောလိုက်နေသူ ဆရာ၊ ကျောင်းအုပ်၊ ပညာရေးမှူး၊ ညွှန်မှူး ၊ ညွှန်ချုပ်များ အဆင့်အလိုက် ရှိနေသော်လည်း ဗဟိုအစိုးရ၏ စဉ်ဆက်မပြတ်အကဲခတ် လေ့လာနိုင်မှု၊ တရုတ်ပညာရေး ဝန်ကြီးဌာန၏တာဝန် ရှိသောပုဂ္ဂိုလ်များ အားလုံးသည် အတွေ့အကြုံ ရင့်ကျက်သည်။ တရုတ်ပြည်ကို

အမှန်တကယ် တိုးတက်စေလိုသည့် ပုဂ္ဂိုလ်များဖြစ်ခဲ့၍ ပို၍မြန်ဆန်စွာ ခရီးပေါက်ခဲ့သည်။ ဤယန္တရား တည်ဆောက်ရေးသည် အဓိပတိဖြစ်သည့် ဒုတိယဝန်ကြီးချုပ် လီလန်ချင်သည်လည်း မျိုးချစ်စိတ်ရှိသော ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ သူ၏ဦးဆောင်မှုဖြင့် တရုတ်ပြည်၏ ပညာရေးယန္တရားတည်ဆောက်မှုသည် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဒုဝန်ကြီးချုပ် လီလန်ချင်သည် ၄င်းတာဝန်ယူသည့် အချိန်မှစ၍ ပညာရေးယန္တရား တည်ဆောက်မှုကို ဗဟိုအစိုးရနှင့် ညှိနှိုင်းပြီး စက္ကန့်မလပ်စဉ်းစား ဆောင်ရွက် နိုင်ခဲ့သည်။ အနှစ် (၂၀) အတွင်း တရုတ်တို့၏ လုပ်ရပ် မှန်ကန်ခဲ့သည်ကိုတွေ့ရ၏။ သို့ဖြစ်၍ ပညာရေးယန္တရားတည်ဆောက်ရေးတွင် ဗဟိုအစိုးရ၏မူ မည်မျှပင် ကောင်းစေကာမူ ကိုယ်တိုင်ပါဝင်၍ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်မည့်ပုဂ္ဂိုလ်များ ရွေးချယ်မှုမှန်ကန်၍ လွန်စွာအရေး ပါသည်။ တရုတ်ဗဟိုအစိုးရ၏ ပညာရေးယန္တရားတည်ဆောက်ရေးအတွက် စဉ်းစားသုံးသပ်ရာတွင် မည်သည့်အစိုးရမဆို တိုင်းပြည်စီးပွားရေးတိုးတက်အောင် လုပ်လိုလျှင် ပညာရေးယန္တရားကို စတင်၍လေ့လာရမည်ဟု ခံယူသည်။ ပညာရေးကို မိမိလိုသလို ပြုပြင်ပြောင်းလဲခြင်းဖြင့် တိုင်းပြည်စီးပွားရေး ကောင်းမွန်လာစေမည်။ ကျန်းမာရေးကဏ္ဍကို ကောင်းမွန် တိုးတက်အောင် လုပ်လိုလျှင်လည်း ပညာရေးနယ်ပယ်တွင်သာစတင်၍ ပြုပြင် ပြောင်းလဲရမည်။ ထို့အပြင် လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စစ်ရေးစသည့် အရေးပါသော ကဏ္ဍများအားလုံး၏ ရေသောက်မြစ်သည် ပညာရေးပင်ဖြစ်သည်ကို တရုတ်ခေါင်းဆောင်တို့သိ၏။ တရုတ်ပြည် ပညာရေးကို စစ်ရေးသဖွယ်အဓိကထားတွေးတောကာ ဗဟိုအစိုးရ၏မူဝါဒကို အောင်မြင်အောင် ဆောင်ကြဉ်းပေးနိုင်သည့်ပုဂ္ဂိုလ်များ ရှာဖွေ၍ တာဝန်ပေးအပ်ပြီး အတူတကွ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ တိုင်းပြည်တွင် ပြုပြင်ရမည့်ကဏ္ဍတိုင်း ပညာရေးတွင် သာပြုပြင်ရမည်။ ဗဟိုအစိုးရက တိုင်းပြည်အတွက် ဖြစ်စေချင်သော ရည်မှန်းချက်များအားလုံးအတွက် ပညာရေးကဏ္ဍတွင် သွားရောက်ပြုပြင်၍ လိုရာပဲ့ကိုင်သည်။ လုပ်ဆောင်စဉ် ဖြစ်လာသည့် ပြုပြင်ပြောင်းလဲရေးမှန်သမျှကို ပြုပြင်သည်။ ပြောင်းလဲသည်။ ရလဒ်တို့ကို ကြည့်သည်။ ရေတိုရေရှည် စီမံကိန်းများ ရေးဆွဲသည်။ ထိုစီမံကိန်းများကို အခြေခံ ပဓာနပြု၍ ဗဟိုအစိုးရမှ မျက်ခြေမပြတ် လေ့လာနေပြီး မဖြစ်မနေ ရှေ့သို့ချီတက်ကြသည်။ မှန်ကန်သော ပညာရေးဝါဒ၊ စွမ်းရည်ရှိသော ဦးဆောင် ပုဂ္ဂိုလ်များ၊ အတွေးအခေါ် မှန်ကန်

ရင့်ကျက်လာသော ဆရာများ ပူးပေါင်းဆောင်ရွက်လာသော မိဘများ အားလုံးတို့၏ အားကြောင့် တရုတ်ပြည်၏ ပညာရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ရလဒ် တဖြည်းဖြည်း အရှိန်အဟုန် မြင့်လာသည်။ ရလဒ်ကောင်းတို့ ဆက်တိုက် ဆက်တိုက် ထွက်ပေါ်လာ၏။ တရုတ်ပြည်၏ ပညာရေးပြုပြင် ပြောင်းလဲ မှုတွင် အကြီးမားဆုံး၊ ထုထည်အကြီးဆုံး၊ အရှိန်အဟုန် အမြင့်ဆုံးပြောင်းလဲမှုမှာ ဗဟိုအစိုးရ၏ **"စာမေးပွဲများအတွက် ဦးတည်လေ့ကျင့်ခြင်းမှသည် အရည်အချင်း ရှိသော နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့်ရေးသို့"** ဟူသော စီမံကိန်းပင်ဖြစ်သည်။

ယခင်ကာလများတွင် မည်သည့်အကြောင်းကြောင့် စာမေးပွဲများ အတွက်သာ ရည်ရွယ်၍ လေ့ကျင့်ခဲ့ကြသည်ဖြစ်စေ ယခုတွင် တိုင်းပြည် တိုးတက်ရေးအတွက် ရှေ့ရှုပြီး အရည်အချင်းရှိသော သားသမီးများဖြစ်လာစေရန် ပြောင်းလဲလေ့ကျင့်သင့်ပြီ။ မိဘများ၏ နှစ်ပေါင်းများစွာ အရိုးစွဲနေခဲ့သည့် သားသမီးတို့ကို ဆရာဝန်ဖြစ်စေချင်၊ အင်ဂျင်နီယာ ဖြစ်စေချင် (ဆရာဝန် လိုင်းမရမှ) သည့်စိတ်မျိုးထက် မိမိတို့သားသမီးများ၏ ဆန္ဒဖြင့် ၎င်းတို့စိတ်ဝင်စားရာ ဝါသနာဖြစ်ထွန်းရာလေ့လာမှု လုပ်ကိုင်မှုများ လုပ်လာနိုင်စေရန် အခွင့်အလမ်း ပေးခြင်းဖြင့် ရေရှည်ကောင်းမွန်သည့် ရလဒ်များရနိုင်စေသည်။ ဆရာများမှလည်း ပညာရေးဆိုင်ရာ အသိဖြင့် လုပ်နည်းလုပ်ဟန်တို့ကို ပိုမိုတိုးတက် လေ့လာကြပြီး ကျောင်းသားများ၏ အသိဉာဏ်ဖွံ့ဖြိုးမှု လုပ်ငန်းများကို ယခင်ကထက်ပိုမိုဖော်ပေး လုပ်ဆောင်ကြရန်ရှိပြီး ထိုမှတစ်ဆင့် အမျိုးသားလက္ခဏာပြုပညာရေးအနှစ်သာရနှင့် ရည်ရွယ်ချက်များကို သိရှိနားလည်ကာ ကျောင်းသားတို့ အနာဂတ်ဘဝတွင် စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ရာတွင် လိုအပ်မည့် ရုပ်လက္ခဏာနှင့် စိတ် လက္ခဏာများကို ဖြည့်ဆည်းတည်ဆောက် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် ဘဝ၏အောင်မြင်မှုကို တည်ဆောက်ရာတွင် အရေးအကြီးဆုံး ဖြစ်သော စိတ်ဓာတ် အရည်အသွေး တို့ဖြစ်သည့် ခံစားမှု၊ အသိဉာဏ်စဉ် ရင့်သန်လာစေနိုင်လျှင် သားရွှေအိုးထမ်းတော့မည်မှာ အမှန်ပင်ဖြစ်သည်ကို လက်တွေ့သာဓက နိုင်ငံကြီး များစွာက သက်သေပြပြီးဖြစ်၏။ ယနေ့ မျက်မှောက်ကာလ တိုးတက်မှုများ လေ့လာကြည့်လျှင် မင်းအစိုးရတို့၏ ဝါယမစိုက်ထုတ်လုပ်ကိုင်မှုကြောင့် ရရှိလာ သည့် တိုးတက်မှုများပင်ရှိသည်ကို တွေ့ရမည်။ ပြည်သူပြည်သားတို့၏ ထည့်ဝင်မှု အင်အားမှာ အမှန်တကယ် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်၍ ပြည်သူပြည်သား

တို့ဘက်မှ မည်မျှစွမ်းဆောင်အားရှိသည်ကို လေ့လာသော် များစွာကွာဟနေသည်ကို တွေ့ရမည်ဖြစ်သည်။ အကယ်၍ ပညာရေးပြုပြင် ပြောင်းလဲမှုများမှတစ်ဆင့် ကျောင်းသားတို့ အသိဉာဏ် အဆင့်ဆင့်ဖွံ့ဖြိုးပြီး နိုင်ငံအတွက်အသုံးတည့်သည့်စိတ်နှင့် ရုပ်လက္ခဏာများ ဖြစ်တည်လာကာ လူတိုင်းလူတိုင်း ခံစားမှုအသိဉာဏ် ယခုထက်ပို၍ အားကောင်း လာမည်ဆိုပါက တိုင်းသူပြည်သားတို့ အရည်အသွေးများစွာဖြင့် ဝန်ဆောင်မှု၊ ထုတ်လုပ်မှု အစရှိသည့်လုပ်ငန်းပေါင်းများစွာကို လုပ်ကိုင်နိုင်လာ ကြမည်ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုမျိုးစုံမှတစ်ဆင့် ယခုထက်ပိုသော တိုးတက်ဖြစ်ထွန်းမှုများ ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ တိုင်းပြည်၏ GDP လည်း ယခုထက် ပို၍ တက်လာမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်၏။ မင်းအစိုးရတို့၏ ဝါယမအား တိုင်းသူပြည်သားတို့၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်အားတို့ ပေါင်းစည်းမိလျှင် မည်သည့်တိုင်းပြည်မဆို ယနေ့ တရုတ်ပြည်၏ သာဓကအတိုင်း အရှိန်အဟုန်ဖြင့် ရှေ့သို့ ရွေ့လျားတိုးတက်တော့မည်ဖြစ်သည်။

## <u>စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်ကြမည့် ဆရာ ဆရာမများတွင် ရှိရမည့် အရည်အသွေးများ</u>

- ဆရာတို့ စာမေးပွဲများအတွက်ရည်ရွယ်လေ့ကျင့်ခြင်း မဖြစ်စေရ။
- ဆရာတို့ပညာရေးခံယူချက်နှင့် အစိုးရခံယူချက် တူညီသည်။
- ဆရာတို့ ပညာရေးသီအိုရီများ လေ့လာအားကောင်းသည်။
- ဆရာတို့ကိုယ်တိုင် လက်တွေ့လုပ်ခြင်းကို အားထည့်လုပ်ကြသည်။
- ဆရာတို့ဘာသာရပ် ကျွမ်းကျင်မှုရှိသည်။
- ဆရာတို့ကိုယ်တိုင် အားကစားလိုက်စားသည်။
- ဤလောကကို စတင်ဝင်ရောက်ကတည်းက ဆရာလုပ်လို၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။
- ဆရာတို့သည် “ပညာရေးသည် တိုင်းပြည်ကုန်ထုတ်လုပ်အားနှင့် တိုက်ရိုက် ပတ်သက်သည်” ဟု ကောင်းစွာနားလည်သည်။

- ဆရာတို့သည် အစိုးရ၏ ပညာရေးဆိုင်ရာ ရည်ရွယ်ချက်ကို ကောင်းစွာ သဘောပေါက်သည်။
- ဆရာတို့ကိုယ်တိုင် ကုန်ထုတ်လုပ်မှုလုပ်နိုင်သည် (သို့) ဝန်ဆောင်မှု ပေးနိုင်သည်။
- ဆရာတို့ သုတေသနလုပ်ငန်းများတွင် ပါဝင်လုပ်နိုင်သည်။
- ဆရာတို့ စက်ရုံ၊ ဆေးရုံများ၌ ကိုယ်တိုင်လေ့လာသည်။
- ဆရာတို့ကိုယ်တိုင် အခွန်ပေးဆောင်ရခြင်းကို လက်ခံသည်။
- ဆရာတို့ လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ကြသည်။
- ဆရာတို့ ပညာရေးသည် အရာရာကို အဆုံးအဖြတ်ပြုသည်ဟု ယုံကြည်သည်။
- ဖြစ်သမျှအားလုံးသည် ပညာရေးမှပင် စသည်ဟု ယုံကြည်သည်။
- သင်ကြားလေ့ကျင့်ပေးခြင်းကောင်းလျှင် တိုင်းပြည်စီးပွားတိုးတက် လာမည်ဟု ယုံကြည်သည်။
- လောကဇာတ်ခုံတွင် ပုံအသွင်မျိုးစုံဖြင့် နေရာ ရကြစေရန် လက်ခံသည်။
- တပည့်များ၏ ကောင်းခြင်း ဆိုးခြင်းတို့အတွက် တစ်စိတ်တစ်ပိုင်း တာဝန်ရှိပါသည်ဟု ဆရာတို့ ယုံကြည်ခံယူသည်။
- ဆရာတို့သင်ကြားရေးဆိုင်ရာ မွမ်းမံမှု အမြဲပြုနေရမည်။
- သင်ကြားရေးနည်းပညာများ နေ့စဉ်ပြောင်းလဲနေသည်ကို သိသည်။
- ပညာရေးဖြစ်စဉ် လမ်းကြောင်းသည် ခေတ်အလိုက်ပြောင်းလဲ နေတတ် သည်ကို ကောင်းစွာသိသည်။
- မျက်မှောက်ခေတ်၏လိုအပ်ချက် တောင်းဆိုချက်များကို ကောင်းစွာ သိရှိနားလည်ထားသည်။
- ဆရာတို့သည် ကျောင်းသားတို့အရွယ်နှင့် လိုက်ဖက်သော ပြဿနာများ ရှာဖွေနိုင်သည်။
- ကျောင်းသားများ ကိုယ်တိုင်လေ့ကျင့်လိုသော လေ့ကျင့်ရေးပတ်ဝန်းကျင်

ဖန်တီးပေးနိုင်သည်။

- နောင်အနာဂတ်တွင် ကလေးတို့ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကြိုတင်ခန့်မှန်းထားပြီးဖြစ်သည်။
- ယနေ့ဆရာတို့ အလုပ်လုပ်နေခြင်းသည် အနာဂတ်အတွက် ဆိုသည့်အချက် သဲကွဲစွာနားလည်သည်။
- ဆရာတို့ ပညာရေးသမိုင်းကြောင်းကို လေ့လာပြီးဖြစ်၏။
- ဆရာတို့သည် နေ့စဉ်ဖြစ်ပျက်နေသော အရာများအား ထိသိ သတိထားမိသည်။
- ဆရာတို့ သတင်းစာဖတ်သည်။
- ဆရာတို့နေ့စဉ်ဖြစ်ပျက်နေသည့် တကယ့်အဖြစ်အပျက်များကို သင်ကြားရေးတွင် ထည့်သွင်းသုံးစွဲသည်။
- ဆရာတို့အသိဉာဏ်များအကြောင်းနားလည်သည်။
- ဆရာတို့ လူ့ခန္ဓာကိုယ်၏ ဇီဝကမ္မဗေဒသဘောတရားကို ကောင်းစွာသိသည်။
- ဆရာတို့ ဦးနှောက်၏အလုပ်လုပ်ပုံကို ကောင်းစွာနားလည်သည်။
- ဆရာတို့ မှတ်ဉာဏ်အလုပ်လုပ်ပုံကို သိသည်။
- ဆရာတို့ ကျန်းမာရေး၊ ပညာရေးနှင့် ဆက်စပ်နေသည်ကို လက်ခံသိရှိသည်။
- ဆရာတို့ စကားပြောကောင်းသည်၊ စကားပြောခြင်းကို နှစ်သက်သည်။
- ဆရာတို့ ဗဟုသုတ ဝမ်းစာကြွယ်ဝသည်။
- ဆရာတို့ စိတ်ရှည်စွာ နားထောင်တတ်သည်။
- ဆရာတို့ ဆွေးနွေးပြောဆိုကြရသည်ကို နှစ်သက်သည်။
- ဆရာတို့ ရယ်မောခြင်းကို နှစ်သက်၍ တပည့်တို့အတွက် ရယ်မောစရာများလည်း ဖန်တီးသည်။

**လူတိုင်းအတွက် ပညာရေး**

- ဆရာတို့ သိပ္ပံနှင့်နည်းပညာကို စိတ်ဝင်စားသည်။ လက်တွေ့လည်း သုံးသည်။
- ဆရာတို့ ဘာသာစကား တစ်မျိုးထက်ပို၍ တတ်ကြသည်။
- ဆရာတို့ မိဘတို့နှင့်တွေ့ဆုံကြသည်ကို ကြိုက်သည်။
- ဆရာတို့သည် မိဘတို့အား အမြဲသတင်းပေးနေသည်။
- ဆရာတို့သည် မိဘတို့အား မိမိဘာလုပ်နေသည်ကို အမြဲ ရှင်းလင်းအောင် နည်းလမ်းရှာ၍ သိရှိစေသည်။
- ဆရာတို့ကျူရှင်ပေးခြင်း၏ ဆိုးကျိုးအဆိပ်အတောက်များကို လေ့လာနားလည်ထားကြသည်။

# အခြားကဏ္ဍများအပေါ် ပညာရေး၏လွှမ်းမိုးမှု နမူနာများ

## ငယ်ငယ်က My Family အက်ဆေးနှင့် စက်မှုဇုံထုတ်ကား

စာသင်ခန်းတွင်း ဖြစ်စဉ်များသည် ကျောင်းသားတို့ အရွယ်ရောက် ကြ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့်အခါ ၎င်းတို့၏ လုပ်ပုံကိုင်ပုံ ဆုံးဖြတ်ပုံတို့ကို ရာနှုန်းများစွာ လွှမ်းမိုးထားသည်။ စာသင်ခန်းတွင်း လေ့ကျင့်စဉ်တွင် ဖြစ်တည်ခဲ့သော စိတ်ဓာတ်ဖြစ်စဉ်အတိုင်း အရွယ်ရောက် လာသည်တွင် ထပ်တူကျဖြစ်လာ၏။ ငယ်စဉ်က အင်္ဂလိပ်စာ အက်ဆေးရေးရန်သင်ကြားရာ၌ ဆရာမှ တစ်တန်းလုံးသို့ ပုံစံချပေးခဲ့သည်ကို ကြုံခဲ့ဖူး၏။ မှတ်မိသရွေ့ ပြန်ရေးရ၏။

### My Family

I have my family. My father is _______. My mother is _______ . I have ______ brother and _______ sister. In my family I am a first/second/third son/daughter. We live in Yangon. My grandfather is now ______ years old. My grandmother is now ______ years old. ဟူ၍ အစချီကာ တစ်တန်းလုံး ကူးယူပြီး မိမိ၏ သတင်းအချက်အလက်များ၊ မိမိ၏မိဘ ဘိုးဘွား ညီအစ်ကိုမောင်နှမများ၏ အကြောင်းများ၊ နာမည်များ ဖြည့်စွက်၍ My Family အက်ဆေးကို ရေးခဲ့ကြရသည်။ တစ်တန်းလုံး ရေးသားဖြည့်စွက် ၍ပြီးသော My Family အက်ဆေးကို ဆရာမထံပြန်တင်၍ မှားမှန်စစ်ဆေး ကော်ရက်ရှင်လုပ်သည်။ မြန်မာပြည်အနှံ့ အပြားရှိ ကျောင်းသား ကျောင်းသူများ ဤကဲ့သို့အတွေ့အကြုံကို တစ်ကွေ့မဟုတ် တစ်ကွေ့ တစ်ဘာသာမဟုတ် တစ်ဘာသာတွင် ရရှိပြီးဖြစ်လိမ့်မည်ဟု ယုံကြည်သည်။ သမိုင်းတွင် လည်းကောင်း၊ ပထဝီတွင် လည်းကောင်း ဆရာတို့မှ ချပေးသည့် အတိုင်း ပြောင်းလဲရေးသား ဖြည့်စွက်ခြင်းမရှိဘဲ အလွတ်ကျက်မှတ်၍ စာမေးပွဲများတွင် ပြန်ဖြေကြား သည်ပင် ဖြစ်သည်။ တစ်တန်းလုံး လူ (၆၀)ရှိလျှင် အဖြေလွှာ (၆၀) လုံး တစ်ပုံစံတည်း ရေးသားဖြေဆိုခဲ့ ကြသည်။ ဆန်းပြားထိုးဖောက်၍ ဆရာတို့ ရေးပေးသည့် စံအတိုင်းမဟုတ်ဘဲ မိမိအသိ မိမိစိတ်ကူးဖြင့် ပြုပြင်ရေးသား ဖြေဆိုခဲ့သူ တစ်ဦးမျှ မတွေ့ကြုံဖူးခဲ့။ သိပ္ပံတွင်ရော အခြားဘာသာများတွင်ပါ ဆရာ၏ Guide line အတိုင်းသာ တစ်သွေမတိမ်း ရေးသားကျက်မှတ်

ဖြေဆိုခဲ့ကြသည်။ မိမိဘာသာ ပြန်ဖတ် ပြန်ရေးဖြေဆိုခြင်းနှင့် မိမိ၏ ကိုယ်ပိုင်တွက်နည်းဖြင့် ပြန်တွက်၍ ဖြေဆိုခြင်းကို မစဉ်းစားခဲ့ကြ။ ဤသို့ဖြင့် ဘွဲ့ရလာခဲ့ကြသည်။ အရွယ်ရောက်၍ စီးပွားလုပ်ငန်းခွင်များသို့ အသီးသီး ဝင်ရောက်ကြသည့်အခါလည်း ငယ်စဉ် ကတည်းက စာသင်ခန်းများအတွင်း ဆန်းသစ်တီထွင်မှုမရှိဘဲ နှစ်ပေါင်းများစွာ လုပ်ခဲ့ကြသည့်အတိုင်း ဆက်၍ ဆက်၍ လုပ်လာကြသည်ကို တွေ့ရတော့သည်။

နိုင်ငံတော်မှ စီးပွားရေးလုပ်ငန်းရှင်များကို မိမိတို့နိုင်ငံအတွင်း သုံးစွဲနိုင်ရန် မော်တော်ယာဉ်များ ပြည်တွင်းထုတ်လုပ်ခွင့်ပေးခဲ့သည်။ ရည်ရွယ် ချက်မှာ မိမိဘာသာ ထုတ်လုပ်နိုင်စွမ်းကို ရှိစေလိုသည်။ မိမိတို့ လိုအပ်သည့် ကုန်ပစ္စည်းများကို မိမိတို့ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲကြသည်ကို မြင်လိုတွေ့လို ဂုဏ်ယူခံစား လိုကြသည်။ သို့ဖြစ်၍ ကားထုတ်လုပ်ခွင့်အထိ ခွင့်ပြုပေးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ ယခင်ပညာရေး စနစ်ဟောင်း၏ လေ့ကျင့်မှု စနစ် အောက်တွင် ပေါက်ဖွားကြီးပြင်းလာသူ စက်မှုထုတ်လုပ်သူ တို့သည် ငယ်စဉ်က အင်္ဂလိပ်စာအက်ဆေး ရေးနည်း အတိုင်း သမိုင်းပထဝီတို့ ဆရာမပေးသည့် Notes နှင့်အလွတ်ကျက်ဖြေခဲ့သည့်အတိုင်း ကားများကို မည်သို့တည်ဆောက်မည်နည်း ဟူသည့် ဘဝစာမေးပွဲ မေးခွန်းကို ငယ်စဉ်ကအတိုင်း ဖြေခဲ့ကြသည်ကို လေ့လာ ကြည့်လျှင် စိတ်ဝင်စားစရာ တွေ့ရမည်ဖြစ်သည်။ ကားထုတ်လုပ်သူများ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ ရေနံချောင်း၊ တောင်ကြီး စသည်ဖြင့် တစ်ယောက် တစ်နေရာစီနေထိုင်ပြီး လုပ်ငန်းခြင်းလည်း ဆက်စပ်လုပ်ကိုင်ခြင်းမရှိဘဲ အချင်းချင်းလည်း တိုင်ပင်၍ တည်ဆောက် ကြခြင်းမဟုတ်ပါဘဲ ဘဝစာမေးပွဲ၏ မေးခွန်းဖြစ်သောကားများကို မည်သို့တည်ဆောက်မည်နည်းဟူသည်ကို လက်တွေ့ တည်ဆောက်၍ အဖြေပေးခဲ့ကြသည်။ အတူတူမနေနိုင်ကြသော်လည်း စနစ် တစ်ခုတည်း၏ ထွက်ကုန်များဖြစ်ကြ၍ ပုံအသွင်သဏ္ဍာန်အယူအဆ တူသည်။ ခံစားချက်တူသည်။ ငယ်ငယ်က My family အက်ဆေးရေးခဲ့သည့် အတိုင်း အက်ဆေးပါ အဖေအမည်၊ အမေအမည်နှင့် လိပ်စာ၊ ညီအစ်ကိုမောင်နှမများ အမည်တို့သာကွဲပြားသည်။ သို့သော် အက်ဆေးအခြေခံ ပုံစံမှာ အတူတူပင် ကြုံတွေ့ခဲ့ရသလို ၎င်းတို့စနစ်တစ်ခုတည်းဖြင့် လေ့ကျင့်ပေးထားမှု တူကြ၍

ကားများတည်ဆောက် ကြသောအခါ ရန်ကုန်ဂျစ်၊ မန္တလေးဂျစ်၊ ထီလာဂျစ်၊ ရှမ်းဂျစ်၊ မြင်းခြံဂျစ်၊ ရေနံချောင်းဂျစ်၊ မော်လမြိုင်ဂျစ် ဟူ၍သာ အမည်ကွဲပြားသော်လည်း ဂျစ်ကားကတော့ အတူတူပင် ဖြစ်သည်။ ကားထုတ်လုပ်သူများ စုစည်းတိုင်ပင်၍ ကုန်ထုတ်လုပ်သည်မဟုတ်ဘဲ ငယ်ငယ်က အတန်းထဲမှာရခဲ့သော လုပ်ဟန် လေ့ကျင့်စဉ်အတိုင်း လုပ်ဖြစ်သွားခြင်း ပင်ဖြစ်သည်။ ယခုတော့ ဂျစ်ကားဆိုသည့် ရွေးချယ်မှုသည် ငယ်ငယ်က ဆရာမပေးခဲ့သည့် အက်ဆေးခေါင်းစဉ် နေရာသို့ ရောက်ပြီး ကျန်အမည်နာမများသာ ပြောင်းသွားခဲ့သည်။ သို့ရာတွင် အစိုးရမှ ဂျစ်ကားသာ ထုတ်ရမည်ဟူ၍တော့ ပြောမည်မထင်။ တစ်ဦးဦးမှ ရွေးချယ်သည်ကို နောက်မှလိုက်၍ အတူတူလုပ်ဖြစ်ကြသည်မှာလည်း ဤခေတ်ဟောင်း ကိုလိုနီ ပညာရေးစနစ်၏ အမွေပင်ဖြစ်သည်။ ကိုလိုနီပညာရေး စနစ်တွင် ဆရာဆရာမက အက်ဆေးရေးခိုင်း၍ ရေးသည်ဖြစ်စေ၊ သမိုင်း၊ ပထဝီ၊ သိပ္ပံတို့အတွက် ဆရာမက Notes ပေး၍ ပြန်ဖြေခိုင်းသည်ဖြစ်စေ၊ ၎င်းကို မလွန်ဆန်ရဲခဲ့ကြပါ။ ဆရာမ ပေးသည့်အတိုင်း အတန်းသားအားလုံး လုပ်ရသည်။ မည်သူမျှ ထိုးဖောက်၍ Notes အသစ်ရေး၍ ဖြေလေ့ဖြေထ မရှိ၊ ဘေးမှသူငယ်ချင်းရေးသည့်အတိုင်း ကျန်သူများရေးသည့် တွက်သည့်အတိုင်း မှားလျှင်လည်း ကိုယ်နှင့်အတူ တစ်တန်းလုံးရှိသည်။ မှန်လျှင်လည်း ဘာမှပြောစရာ မလိုတော့။ သို့ဖြစ်၍ ငယ်စဉ်ကတည်းက ထိုခေတ်မျိုးဆက်များ၏ အတွေးတွင် အများနည်းတူ မိုးခါးရေ သောက်ခြင်းသည် လုံခြုံမှုကို အာမခံသည်ဟု မသိစိတ်မှ ကိန်းအောင်း နားလည်သည်။ သို့ဖြစ်၍ တစ်ဦးကဂျစ်ကားထုတ်လုပ်လိုက်သည် ကို နိုင်ငံတော်မှ လက်ခံသည့်အခါ အားလုံးဂျစ်ကားများသာ လိုက်၍ထုတ်လိုက်ခြင်းသည် ငယ်စဉ်က ကျောင်းများတွင် မည်သို့လေ့ကျင့်ခဲ့ကြသည်ကို ရောင်ပြန် ဟပ်၍ ရှင်းပြနေသည်။ သို့ဖြစ်၍ ယနေ့ခေတ်လူများနှင့် မတူသော တီထွင်ဆန်းသစ်မှုများ ပြုလုပ်ခြင်းကို တွေ့ရှိလိုပါက၊ မြေတောင်မြှောက် အားပေးလိုပါက ယနေ့ မျက်မှောက်ခေတ် ကျောင်းများတွင် ခေတ်မီပညာရေး စနစ်ဖြစ်သည့် အမျိုးသားလက္ခဏာပြုပညာရေး (Character Education) ၏ အနှစ်သာရဖြစ်သည့် မိမိနားလည်သလို မိမိ၏ ကိုယ်ပိုင်စိတ်ကူးဖြင့် ရေးသားဖြေဆို တွက်ချက်ခွင့်ကို များများပေး၍ လေ့ကျင့် ပေးလျှင် နောင်မဝေးတော့သော အနာဂတ်တွင် ကားထုတ်လုပ်သူများအပါအဝင်

အခြားသောကုန်ထုတ်စွမ်းအားရှိသူ တိုင်းသူ ပြည်သား အားလုံးတို့သည် သူများတို့နှင့် တစ်ဦးနှင့်တစ်ဦး မတူသည့် ဒီဇိုင်းများ ရေးဆွဲပြီး ဂုဏ်ယူစရာ ကောင်းသည့် မြန်မာ့အော်ရီဂျင်နယ်များ တီထွင်ထုတ်လုပ် နိုင်လာကြမည်ဟု ယုံကြည်သည်။

ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် မိမိဒီဇိုင်းမဟုတ်ဘဲ တစ်ပါးသူတို့၏ ဒီဇိုင်းကို ပြောင်ယူ၍ မိမိတို့ မြန်မာအမည်များ ရေးသားထုတ်လုပ်ကြခြင်း သည်လည်း ငယ်ငယ်က ပညာရေးရောင်ပြန်ဟပ်မှုပင် ဖြစ်သည်။ ငယ်စဉ်က ဆရာဆရာမတို့က မည်မျှပင်တားတား ကိုယ်ကိုယ်တိုင်ကျက်မှတ်ခြင်း မရှိဘဲ စာမေးပွဲများ ရောက်သည့်အခါဖြစ်စေ အတန်းထဲတွင် အတန်းစာလုပ်လျှင်ဖြစ်စေ နီးစပ်ရာသူငယ်ချင်းတို့ထံမှကူးချရာမှ သူငယ်ချင်းအချင်းချင်းကလည်း မည်သို့မျှ သဘောမထားခဲ့ကြ၍ ကူးချခြင်းကို သူများထံမှခိုးယူခြင်းဟု မမြင်တော့ဘဲ ကျောင်းသားတို့စိတ်ဓာတ်တွင် ကူးချခြင်းသည် တစ်ဖက်လူမှ ဘာမှမပြောလျှင် လက်ခံကျင့်သုံးနိုင်သောအကျင့်ဟု စိတ်တွင်ခံယူမိသွားသောအခါ ထိုကလေးတို့ ကြီးပြင်းလာသော် အခြားသူများ၏ ကားဒီဇိုင်းတို့အားလည်းကောင်း၊ အခြား သူတို့၏ တေးသီချင်းများအားလည်းကောင်း ပုံတူကူးမြန်မာစာသား များထည့်၍ စိတ်ရှင်းစွာ သီဆိုနားထောင်သုံးစွဲ နေကြသည်ကိုတွေ့ရလျှင် အတော် စိတ်ပျက် စရာကောင်းသော စိတ်ဓာတ်ပင်ဖြစ်သည်ကို ခံစားသိရှိရမည်ဖြစ်သည်။ မူလကားဒီဇိုင်း ပိုင်ရှင်များက အကြောင်းကြောင်းကြောင့် မပြောသော်လည်း၊ မကန့်ကွက် သော်လည်း တစ်ပါးသူတို့ အချိန်ကုန်ခံ၍ ဦးနှောက်မှ စဉ်းစားခြင်း၊ တွက်ချက်ခြင်းတို့ ရင်းနှီးမြှုပ်နှံ၍ တပင်တပန်းရေးဆွဲပုံစံပြု တည်ဆောက် ထားသော ကားများကို လွယ်လွယ်ကူကူ ရဲရဲတင်းတင်းပင် မိမိ၏ နာမည်များ တပ်၍ ကြော်ငြာပင် ကြော်ငြာကြသေးသည်။ ပိုဆိုးသည်မှာ အခြားသူများတို့၏ ဒီဇိုင်းများဖြင့် ပုံစံတူကူးချထုတ်လုပ်ထားသော မော်တော်ယာဉ်များကို မြန်မာ နိုင်ငံတော်၏ အမျိုးသားအမွေအနှစ်တန်ဖိုးရှိသော နာမည်များပေးထားခြင်း ပင်ဖြစ်၏။ ဒဂုံဂျစ်၊ ဧရာဝတီ light truck ၊ စစ်တောင်း၊ သံလွင်တို့အပြင် မြန်မာ့ အမျိုးသားရေးတွင် အရေးပါသောအမည်များ ခိုးကူးမော်တော်ယာဉ်များနှင့် လုံးလုံး မထိုက်တန်သည်ကို သိရှိခံစားရပါသည်။

မြန်မာ့အမည်စစ်စစ်များကို မိမိတို့ မြန်မာ့ဒီဇိုင်းအမှန်များတွင်သာ ပေးသင့်သည်ဟု မြန်မာဆရာတစ်ဦးအနေဖြင့် ခံစားရ၍ တစ်နေ့နေ့ တစ်ချိန်ချိန် ခေတ်မီပညာရေးစနစ်၏ လေ့ကျင့်မှုရပြီးသော ကျောင်းသားများ မိမိဒီဇိုင်းဖြင့် မိမိဆန်းသစ် တီထွင်နိုင်လာကြသည့်အခါ မြန်မာ့လက်ရာ တီထွင်မှုအမှန်များတွင် အမျိုးသားရေး အဓိပ္ပာယ်ပါသော မြန်မာ့နာမည်များကို ဂုဏ်ဒြပ်ရှိရှိ တွေ့ရှိရမည်ဟု ယုံကြည်ပါသည်။ တေးဂီတ လောကတွင်လည်း တရုတ်၊ အင်္ဂလိပ်၊ ယိုးဒယားတို့ မိမိဘာသာ ရေးစပ်နိုင်ကြသည့်အချိန်တွင် မြန်မာခေတ်ပေါ်ဂီတ ပုဂ္ဂိုလ်များ ခိုးယူကူးယူ၍ မြန်မာစာသားများ ထည့်သွင်းသီဆို ဖျော်ဖြေနေခြင်းများ အစရှိသည့် ကိုလိုနီပညာရေးစနစ်၏ ဆိုးမွေများကို ပြုပြင်ပြောင်းလဲမည် ဆိုပါက ရေသောက် မြစ်ဖြစ်သည့် အခြေခံပညာရေးတွင် လာရောက်ပြုပြင်ပြောင်းလဲရန် ဖြစ်ပါသည်။ အခြေခံ ပညာကဏ္ဍတွင် မပြုပြင်နိုင်သရွေ့ ဤသို့သောပြဿနာများ မည်သည့် အခါမျှ ကွယ်ပျောက်ခြင်းရှိမည်မဟုတ်ဟု တထစ်ချပြောလျှင်တောင် မှားမည် မထင်။ နိုင်ငံခေါင်းဆောင်တို့ တွေ့လိုမြင်လိုသော ကုန်ပစ္စည်းတို့ကိုအစ အလယ် အဆုံး သုံးပါးစလုံး မိမိအား မိမိကိုး၍ တီထွင်ထုတ်လုပ်ကြ ခြင်းကို ဖြစ်လာစေရန် အခြေခံပညာရေးကဏ္ဍတွင် စနစ်တကျ ပြုပြင်ပြောင်းလဲနိုင်ပါလျှင် ထိုကျောင်းသား တို့ အရွယ်ရောက်သောအခါမှ တွေ့မြင်ကြရလိမ့်မည်ဟု ယုံကြည်ပါသည်။

# နိဂုံး

နိုင်ငံသားတိုင်းအလုပ်လုပ်နိုင်ရေး အလုပ်လုပ်တတ်ရေး၊ မျက်မှောက်ခေတ်ကာလ၏လုပ်ငန်းများတွင် ဝင်ဆံ့လာနိုင်ရေး၊ စဉ်းစားတတ်လာရေး၊ စဉ်းစားနိုင်လာရေး၊ ကျန်းမာအောင်နေတတ်လာရေး စသည်တို့သည် ပညာရေးစနစ်သစ်က နေ့စဉ်လေ့ကျင့်စေမည့် ကိစ္စလုပ်ငန်းများဖြစ်လာသည်။ ထိုသို့သော နိုင်ငံသားများမွေးထုတ်ပေးရေးလုပ်ငန်းဖြစ်သည့် ပညာရေးကဏ္ဍကို မူကြိုမှစ၍ တက္ကသိုလ်များပြီးသည်အထိ စီမံကြရာတွင် အခြေခံပညာအဆင့်တွင်လည်း စဉ်းစားခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို စတင်ပျိုးထောင် လေ့ကျင့်ပေးပြီး အထက်တန်းကျောင်းအဆင့်သို့ရောက်ရှိလာသော် ၄င်းတို့အသီးသီး၏ စိတ်အဝင်စားဆုံးအရာများကို အသီးသီးနားလည်သိရှိလာစေရန် မိဘ ဆရာတို့ဝိုင်းဝန်းကြပြီးလျှင် တက္ကသိုလ်ကျောင်းများ၌ အဆင့်မြင့်ပြဿနာများကို အကြောင်းပြု၍ ဆက်လက်စဉ်းစားခြင်းလေ့ကျင့်စဉ်ကို လုပ်နိုင်ကြရန် ကြိုတင်ပြင်ဆင်ကြရန် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့်နောက် သက်ဆိုင်ရာ မိမိတို့၏ အထက်တန်းကျောင်းများမှ မိမိအားစစ်ဆေးပုံဖော်ပေးလိုက်သော အချက်အလက်များအလိုက် မိမိတို့လုပ်ကိုင်နိုင်သော အင်အားနှင့်လျော်ညီသည့် မိမိတို့၏ စိတ်ဝင်စားရာအကြောင်းပြချက်များ ဆောင်ရွက်ခွင့်ရမည့် တက္ကသိုလ် အသီးသီးသို့ ဆက်လက်တက်ရောက်ခွင့်ရရှိစေရေးအတွက် ၄င်းတက္ကသိုလ်အသီးသီးရှိ ဆရာကြီး ဆရာမကြီးများ၏ အဆုံးအဖြတ်ကိုခံယူလျက် ဆက်လက်လေ့ကျင့်ခြင်းပြီးဆုံးသွား၍ ဘွဲ့ရပြီးလျှင် မိမိလေ့ကျင့်ရာမှ ရရှိပြီးဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတို့သည် တိုင်းပြည်တွင် မိမိစိတ်ဝင်စားရာ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်ကြရာဝယ် ကောင်းစွာ အထောက်အပံ့ပြုမည်ဖြစ်ရာ သားရွှေအိုးထမ်းသည်။ မိမိပုဂ္ဂလိကဘဝလည်း ဆင်းရဲမွဲတေမှုမှကင်းလွတ်၊ တိုင်းပြည်အတွက် မိမိရသည်ထဲမှ အခွန်ဘဏ္ဍာထည့်ဝင်နိုင်လာကြ၍ တိုင်းပြည်လည်းချမ်းသာ လူတစ်ဦးချင်းလည်း ကိုယ်တိုင်ကျန်းမာအောင် နေတတ်လာကြ၍ တိုင်းပြည်ဝန်ထုပ်ဝန်ပိုးလျော့၊ အလုပ်လက်မဲ့နှုန်းကျဆင်းလာကာ ကုန်ထုတ်လုပ်မှုတက်လာမည်ဖြစ်ပြီး တိုင်းသူပြည်သားတို့လိုချင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်နိုင်လာလိမ့်မည်ဟု ယုံကြည်သည်။

ဆရာမိဘတို့ ကျောင်းသားများကို ကျန်းမာချမ်းသာအောင် နေတတ်စေရန်လေ့ကျင့်ကြရာတွင် အားလုံးသိထားပြီးဖြစ်သည့်အတိုင်း အကြောင်းပြချက်များကို အသုံးပြုရန်လိုသည်။ ထိုအကြောင်းပြချက်များဖြစ်သော ဘာသာရပ်များကိုအသုံးပြု၍ ကျောင်းသားများအား စဉ်းစားခြင်းလုပ်ငန်းကို လေ့ကျင့်ဆောင်ရွက်စေမည်ဖြစ်သည်။ လေ့ကျင့်စဉ်တွင် မည်သည့်ဘာသာရပ်ကိုမဆို အသုံးပြု၍ လေ့ကျင့်နိုင်သည်။ ကျောင်းတွင်းအသုံးပြုသော ဘာသာရပ်အကြောင်းပြချက်များကိုမှ ရွေးချယ်ကြနိုင်သည်မဟုတ်။ မည်သည့်အကြောင်းပြချက်ကို ထည့်၍စဉ်းစားသည်ဖြစ်စေ စဉ်းစားခြင်းလုပ်ငန်း (သို့) ကိုယ်တိုင်ကိုယ်တွေ့လုပ်ကိုင်ခြင်းမှ ရရှိသောအတွေ့အကြုံအမျိုးမျိုးဖြစ်သည်။ တွေ့ထိပါများလာ၍ သိရှိလာသော အကြောင်းပြချက်ပါ အချက်အလက်များနှင့် ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံများဖြစ်သည့် ရှုမြင်သုံးသပ်ခြင်း၊ စဉ်းစားဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားခြင်းနှင့် ကျိုးကြောင်းဆင်ခြင်ခြင်း အစရှိသည့် စိတ်လက္ခဏာအတွေ့အကြုံများကို ရရှိနေသည့်ကာလပတ်လုံး မည်သည့်အကြောင်းပြချက်ကိုသုံးသည်ဖြစ်စေ ပညာရေးလေ့ကျင့်မှု၏ ရလဒ်ကောင်းနေမည်သာဖြစ်၏။ ဆိုလိုသည်မှာ ကျောင်းသားတို့ဘဝအတွက် ဘဝအာမခံချက် တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ ၎င်းတို့ဘဝတွင် ကြုံတွေ့ရနိုင်သော ဘဝပြဿနာများကို ရင်ဆိုင်ဖြေရှင်းရာ၌ လေ့ကျင့်ရာမှ ရင့်သန်လာသောအတွေ့အကြုံများကို အခြေခံ၍ ထပ်မံကြုံတွေ့ရသော အတွေ့အကြုံများကို **ကိုယ်တိုင်ဖြေရှင်းရင်း အသိဉာဏ်ပို၍ အားကောင်းလာလျှင် (သို့) စဉ်းစားနိုင်သော ပမာဏ ပို၍အားကောင်းလာလျှင် (သို့) ရှုမြင်သုံးသပ်မှု၊ ဆင်ခြင် စဉ်းစားမှု ၊ ဆုံးဖြတ်နိုင်မှု၊ အမှားအမှန်ခွဲခြားနိုင်မှုနှင့် ကျိုးကြောင်းဆင်ခြင်နိုင်မှုများပါ ပို၍ ပမာဏအားကောင်းလာလျှင် ကျောင်းသားတို့၏ အနာဂတ်ဘဝ ကြုံကိုကြုံရမည်ဖြစ်သော လောကဓံရှစ်ပါးကို ရင်ဆိုင်ရာတွင် အကောင်းဆုံးစဉ်းစား၍ ကျော်ဖြတ်သွားကြရန်မှာ ပညာရေးလေ့ကျင့်မှု၏ မျှော်မှန်းချက်ဖြစ်သည်။** ပညာရေးလေ့ကျင့်စဉ်များနှင့် ပတ်သက်၍ ယခုကဲ့သို့ စစ်စစ်ပေါက်ပေါက် တွေး၊ ရေး ရာတွင် အပေါ်ယံသုံးသပ်ချက်ပြုရုံမျှဖြင့် နားလည်နိုင်ရန် ခက်ခဲကြလိမ့်မည်။ အချိန်ယူ၍ အမှားအမှန်စဉ်းစားပြီး ကျွန်ုပ်တို့ယနေ့ ပြုလုပ်ဆောင်ရွက်နေကြသော နေ့စဉ်ပညာရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်၍သေချာစွာသုံးသပ်ပြီး အနာဂတ်တွင် ကျွန်ုပ်

တို့အားလုံး အကျိုးရှိလာမည့် (သို့) ကျွန်ုပ်တို့ဆက်လက်ရင်ဆိုင်ကြရမည့် စိန်ခေါ်မှုများ (သို့) အခက်အခဲများကို အတူတကွအောင်မြင်စွာကျော်လွှားနိုင်ရေးကို ဦးတည်လျက် ပုဂ္ဂိုလ်စွဲ၊ အယူအဆစွဲ၊ မာနစွဲ မထားကြဘဲ မှန်ရာကို ရှုမြင်သုံးသပ်၍ ကျွန်ုပ်တို့၏ မနက်ဖြန်များတွင် စတင်ပြောင်းလဲပြုပြင်သင့်သော လုပ်ငန်းလေ့ကျင့်စဉ်၊ လုပ်ပုံကိုင်ပုံ၊ စဉ်းစားပုံ စဉ်းစားနည်း၊ လုပ်ကိုင်လေ့ကျင့်ရင်း ရလာမည့် ရလဒ်များ၊ ကျောင်းသားတစ်ဦးချင်းတွင် ဖြစ်ထွန်းလာမည့် စဉ်းစားရာမှ ရရှိလာမည့်စိတ်လက္ခဏာများနှင့် အနာဂတ်အနီးအဝေးတို့တွင် ကျွန်ုပ်တို့အား စောင့်မျှော်နေသော စိန်ခေါ်မှုများ အစရှိသည့် အရာရာအားလုံးကို ပကတိအတိုင်း မြင်နိုင်ကြရန် ကြိုးပမ်းခြင်းဖြစ်စဉ်သည် အလွန်အရေးကြီးသော စိန်ခေါ်မှုတစ်ခု ဖြစ်လာလိမ့်မည်။ ပြောင်းလဲခြင်းကြုံသော်လည်း မိမိတို့ကိုယ်တိုင် ပြောင်းလဲမှုပြုလုပ်ရန် ဖြစ်လာလျှင် ရှေ့တွင်ရေးသားခဲ့ပြီးသလို နည်းမျိုးစုံသုံး၍ ကျွန်ုပ်တို့ကိုယ်တိုင်ပင် ထိုအပြောင်းအလဲကို ပြုလုပ်ရန် ငြင်းဆန်ကြလိမ့်ဦးမည်။ ယနေ့လက်ရှိစနစ်ဟောင်းကိုသာ ကောင်းပါသည်၊ ကောင်းလာပါပြီ၊ အကောင်းဆုံးဖြစ်ပါသည်ဟူ၍ ပြောဆိုမှတ်ချက်ချ လာကြပါလိမ့်ဦးမည်။ ကျွန်ုပ်တို့၏နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေသောစိတ်ကို ချက်ချင်း ပြင်ဆင်ရန်ငြင်းဆန်ကြမည်မှာ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ ပထမဦးဆုံး တုံ့ပြန်ချက်ဖြစ်လိမ့်မည်။ ဤသို့ခေါက်ရိုးကျိုးမှုပြဿနာသည် မသေး၊ မပေါ့။ အချိန်အတော်ကြာ ဟန့်တားနေကြဦးမည်။ နားလည်တတ်ကျွမ်းသူများ၊ လူထုယုံကြည်လေးစားသော တိုင်းပြည်ခေါင်းဆောင်များ၊ ဤသို့ ထပ်တူပြောင်းလဲမှုကို ယုံကြည်သောပြည်သူအများက ဆန္ဒပြင်းပြစွာ ဦးဆောင်စည်းရုံးသွားနိုင်ပါမှ (၁၀) နှစ်ခန့်အတွင်း ပြောင်းလဲမှုလမ်းကြောင်းပေါ်သို့ သိသာစွာ စတင်ပြောင်းလဲနိုင်လိမ့်မည်။ ယနေ့စလျှင် အကောင်းဆုံးဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုကို ခုတွင်းချင်းဆောင်ရွက်နိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုသည် အချိန်လိုသည်။ နှစ်ပေါင်း (၆၀)ကျော် ခေါက်ရိုးကျိုးနေသည့် ကျွန်ုပ်တို့၏စိတ်ကို ရုတ်ခြည်းပြောင်းလဲရန်မှာမဖြစ်နိုင်။ ပညာရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ဆောင်ရွက်နိုင်စေရန် လုပ်သားပြည်သူအစိုးရ အားလုံးနားလည်မှု အသိတူမှ အောင်မြင်မည်။ နေ့စဉ်လုပ်ငန်း လုပ်ပုံကိုင်ပုံ ပြောင်းလဲရုံဖြင့် လက်တွေ့အကျိုးရလဒ်များ လက်တွေ့သိမြင်လာရမည်။ ဆရာတို့ဘက်မှ လည်း စိတ်ပိုင်းဆိုင်ရာ ခံယူချက် များစွာပြောင်းလဲရန် ရှိနေသည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ

အထက်အမိန့်ဖြင့် လုပ်ကိုင်ရပ်တည်ခဲ့ကြရာ ယနေ့အထိလည်း အထက်အမိန့် မပါလျှင် မည်မျှပင်လုပ်သင့်သော အလုပ်ဖြစ်စေ မလုပ်သေးဘဲ အထက်အမိန့် ကိုသာစောင့်ဆိုင်း၍ လုပ်ကြရသော ကြိုးနီစနစ်သည် ပညာရေးလုပ်ငန်းစဉ် များတွင် ရှိသင့်သည့်နေရာများတွင်သာ ရှိစေရန် စီမံထားနိုင်လျှင် အကောင်း ဆုံးဖြစ်ခြိမ့်မည်။ ကျောင်းသားတို့လုပ်သင့်သော လေ့ကျင့်ခန်းအားလုံးကို ကျောင်း အလိုက် ကျောင်းအုပ်များ၏ဦးဆောင်မှုဖြင့် လွတ်လပ်စွာ လုပ်ကိုင်နိုင် ကြစေရန် လိုသည်။ စကားပြောစွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပွဲမှအစ အထက်အမိန့်ပေးမှ လုပ်ကြရလျှင် ကျောင်းသားတို့လက်တွေ့လုပ်ဆောင်ရန်လိုသော များစွာသော အရွယ်အလိုက်လေ့ကျင့်မှုတို့ကို အချိန်မီဆောင်ရွက်လုပ်ကိုင်ခွင့်ဖန်တီးပေးနိုင်ရန် မဖြစ်နိုင်ကြတော့။ (၄)တန်းတွင် လုပ်သင့်သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများ (၄)တန်းတွင်ပင်လုပ်ပြီးဖြစ်ရမည်။ စကားရည်လုပွဲကဲ့သို့ အလားတူအရေးကြီးသော ပညာရေးလေ့ကျင့်မှုများ မြောက်မြားစွာရှိနေသည်ဖြစ် ၍ အထက်အမိန့်မရ၍ မလုပ်ရဲမကိုင်ရဲဖြစ်နေပါက ကျောင်းသားတို့သာ နစ်နာ ဆုံးရှုံးကြရသည်။ နစ်နာဆုံးရှုံးခဲ့ကြရသည်။ ဤသည်ကို ယနေ့ကျွန်ုပ်တို့တိုင်းပြည် ၏ ပြဿနာမျိုးစုံက သက်သေပြနေ၏။ သင်ကြားရေးလွတ်လပ်ခွင့်ဟုခေါ်သည့် ပြုပြင်ပြောင်းလဲရန်လိုသည်များတွင် ဤကဲ့သို့ပြည်ထောင်စုဝန်ကြီးဌာန၏ ချုပ်ကိုင် ထားသော ကြိုးနီစနစ်ကို မပြောင်းသရွေ့ ဒုံရင်း ဒုံရင်းပင်ဖြစ်နေမည်။ ကြိုးနီ စနစ် ပယ်ဖျက်ရုံမျှနှင့်လည်း ကောင်းမွန်သောစနစ်ဖြစ်မလာနိုင်။ များစွာသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ကျန်သေးသည်။ တိုင်းပြည်ခေါင်းဆောင်များ၏ နားချပြောဟောမှုမှတစ်ဆင့် အသီးသီးသောပုဂ္ဂိုလ်များ၏ ကိုယ်စီကိုယ်စီ ပြောင်းလဲ လုပ်ကိုင်ကြရမည့် ကဏ္ဍများကို နားလည်လာကြရန်လိုသည်။ ပြောင်းလဲမည် မှန်သည်။ မည်သို့ပြောင်းလဲမည်ဆိုသည်ကို မဟာဗျူဟာ၊ နည်းဗျူဟာများ ချရန် လိုသည်။ အဆင့်လိုက်သွားကြရန်လိုသည်။ ပြောင်းလဲရန်ရှိသည်များကို ပုဂ္ဂိုလ် ရေးမပါဘဲ၊ ဆန္ဒဂတိများမပါဘဲ သဘာဝအချက်အလက်ကိုသာ မူတည်ကြည့်ရှု ၍ ပြင်ဆင်ရန် စဉ်းစားမှ အောင်မြင်နိုင်သည်။ ပြုပြင်ပြောင်းလဲရေးသည် မည်သူ တစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကအကျိုးအတွက်မဟုတ်။ အားလုံးအများ ခံစား စံစားရမည့် အကျိုးပင်ဖြစ်သည်။ ပုဂ္ဂလိကအမြတ်ကိုယ်စီကိုယ်စီရကြမည်ဖြစ်သည်။ သို့သော်ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှ ရရှိသော ပုဂ္ဂလိကအမြတ်သည် အတ္တအကျိုး

စီးပွားမဟုတ်။ ပရအကျိုးစီးပွားမှ အတူတူရရှိကြမည့် အကျိုးရလဒ်ဖြစ်သည်။ အားလုံးဝိုင်းလုပ်ကြမှ အတူတူခံစားကြရမည်။ ပြုပြင်ပြောင်းလဲရေးလုပ်ရန် တိုက်တွန်းကြခြင်းသည် လက်ရှိစနစ်များထဲတွင် အင်တိုက်အားတိုက်ဆောင်ရွက် လုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များကို တိုက်ခိုက်နေခြင်းမဟုတ်။ အများနှင့် သက်ဆိုင်သောစနစ်ကိုသာ ပြုပြင်နိုင်ကြရန် တိုက်တွန်းခြင်းဖြစ်သည်။ ယနေ့လက်ရှိစနစ်တွင် ကြိုးစားပမ်းစား နေ့ညမအား ကြိုးစားအကောင်အထည်ဖော်ပေးနေကြသောသူများကို လေးစားချီးကျူးပါ၏။ ဤသို့သော ဝါယမအား ဝီရိယအား၊ ဉာဏ်ပညာအားကို မှန်ကန်သောစနစ်တစ်ခု၏ လုပ်ငန်းများတွင် အသုံးပြုရလျှင် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေးသည် ကျွန်ုပ်တို့ ထင်မြင်မှန်းဆသည်ထက် ပို၍ မြန်ဆန်သွားနိုင်သည်။ စနစ်ကိုသာ ပြောင်းလဲပြုပြင်ရန်စဉ်းစားကြရန်ဖြစ်သည်။ အလွန်အတွေ့အကြုံရှိသော ကားမောင်းသမားတစ်ဦးသည် ကျွမ်းကျင်စွာ မောင်းနှင်နိုင်သော်လည်း ၎င်းမောင်းနှင်ရသည့်ကားမှာ စုတ်ပြတ်နေလျှင် လိုရာခရီးရောက်ရန် အချိန်ကြာမည်၊ နှေးမည်၊ ဝေးမည်။ ယခုတင်ပြသည်မှာ ကားမောင်းသမားကိုပြောင်းရန်မဟုတ်။ ၎င်းမောင်းနှင်နေသောကားကိုသာ ကောင်းမွန်သော ခေတ်မီသောကားဖြင့် ပြောင်းလဲအစားထိုးရန်ဖြစ်သည်။ ယနေ့မောင်းနှင်နေကြသောကားမောင်းသမားများ အလွန်ကြိုးစားကြသည်။ မောင်းနှင်နေသော ကားသည်စုတ်ချာ၍ ပြုပြင်ဖာထေးမှုများ အမြဲအစဉ် ကြိုးစားလုပ်ဆောင်ကြသော်လည်း ခရီးမပေါက်၊ ခရီးမရောက်၊ ခရီးမတွင်။ သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအဖြစ်သို့ ခရီးနှင်ကြရာဝယ် ကျွန်ုပ်တို့၏ ပညာရေးယာဉ်တည်းဟူသော လက်ရှိပညာရေးစနစ်အစား ကောင်းမွန်သောခေတ်သစ်ပညာရေးစနစ်သို့ပြောင်းလဲကြရန်ဖြစ်သည်။ လွယ်ကူသောလုပ်ငန်းမဟုတ်သည်မှာ သေချာသည်။ သို့သော် ရွေးစရာမရှိ။ လုပ်ကိုလုပ်ကြရမည်။ ယနေ့မလုပ်နိုင်သေးလျှင် မနက်ဖြန်လုပ်ကြရန်သာဖြစ်သည်။ မနက်ဖြန်မလုပ်နိုင်သေးလျှင် သန်ဘက်ခါ လုပ်ကြရန်သာဖြစ်သည်။ ဤစနစ်ကို မပြောင်းမချင်း တိုင်းပြည်မတိုးတက်နိုင်။ ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ အာဏာရှင်စနစ်အောက်တွင် ကျင်လည်ကြီးပြင်းခဲ့ကြရသည်။ ဤပုံရိပ်များသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝကိုလည်း ကြီးမားသောအင်အားဖြင့် စိုးမိုးချုပ်ကိုင်ထားသည်။ အာဏာရှင်စနစ်ကို မကြိုက်ကြပါဟု ကျွန်ုပ်တို့မည်မျှပင် ဆိုစေကာမူ ပညာရေးနိယာမ သဘောတရားများနှင့် လူမှုရေးနိယာမ သဘော

တရားများက ညွှန်းဆိုနေသည်မှာ ကျွန်ုပ်တို့အားလုံးကိုယ်တိုင်ပင် အာဏာရှင် ဘဝကိုသာယာလာတတ်နေကြသည် ဟူ၍ပင်။ ကျွန်ုပ်တို့ ကြိုးစား၍ ရှန်းထွက်ကြရန်သည် ပြုပြင်ပြောင်းလဲရေး၏ ပဓာနကျသော ကဏ္ဍဖြစ်လာသည်။ ကျွန်ုပ်တို့ နေ့စဉ်ဘဝများ၏ အစိတ်အပိုင်းအချို့တွင် ကျွန်ုပ်တို့ကိုယ်တိုင် အာဏာရှင် ပေါက်စများဖြစ်မှန်းမသိဖြစ်၊ လုပ်မှန်းမသိလုပ်မိနေကြသည်ကို နေ့စဉ်ဝတ္တရားများ ဆောင်ရွက်ရင်း သတိမထားမိနိုင်ချေ။ သို့သော် လူမှုရေးနိယာမတရားများက မလွဲတမ်း ညွှန်ပြနေသောကြောင့်သာ ကျွန်ုပ်တို့သည်လည်း တံငါနားနီးတံငါ ဖြစ်ကြရသည်ကို သတိပြုမိလာကြခြင်းဖြစ်ရာ နေ့စဉ်လုပ်ငန်းများတွင် အများ၏အသံ၊ အများ၏ စကား၊ ကိုယ့်လက်အောက်လုပ်ဖော်များ၏အတွေး၊ အယူအဆများကိုပါ လက်ခံ နားထောင်ထည့်သွင်းစဉ်းစားကြနိုင်စေရန် ကျွန်ုပ်တို့ကိုယ်တိုင် စတင်လေ့ကျင့် ပြောင်းလဲကြရန်သည်လည်း စဉ်းစားစရာတစ်ခုဖြစ်သည်။

ကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်ဆရာများနှင့် လုပ်ဖော်ဆရာများကိုလည်း ဤပတ်ဝန်းကျင်ဂယက်ရိုက်ထားပြီးဖြစ်၍ ဆရာများသည်လည်း သင်ကြားမှုလွတ်လပ်ခွင့်ကိုအသုံးပြု၍ ကျောင်းသားတို့၏လေ့ကျင့်စဉ်များ ဖန်တီးကြရာ၌ ထိုအချက်ကို အမြဲသတိထားကာ လေ့ကျင့်ရှောင်ရှားနိုင်ရန်လည်း အချိန်ယူရမည်။ လူအများသဘောဆန္ဒဖြင့်ဖြစ်စေ၊ လူတစ်ဦး၏သဘောဆန္ဒဖြင့် ဖြစ်စေ ယနေ့ခေတ် ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတ ကိုယ်တိုင်ကလည်း ပညာရေးစနစ်ကို ယခုထက်ပိုမိုကောင်းမွန်သောစနစ်သို့ ပြောင်းလဲရေးအတွက် သန္နိဋ္ဌာန်ချထားပြီးဖြစ်သော်လည်း **နှစ်ပေါင်းများစွာခေါက်ရိုးကျိုးပြီး ယခု ကျွန်ုပ်တို့အားလုံးအား ပြဿနာကိုယ်စီကြုံကြအောင်တွန်းပို့နေသော လက်ရှိပညာရေးစနစ်ဟောင်းတွင် ကျွန်ုပ်တို့အားလုံး နေသာထိုင်သာရှိနေဆဲပင်ဖြစ်သည်** ကို သတိချပ်ရမည်။ ဆရာများလည်း ယခင်ရှေးက ကျွန်ပညာရေးစနစ်အပေါ် နေသာထိုင်သာမရှိကြသော်လည်း ရွေးချယ် စရာမရှိ၍ နေ့စဉ်ဘဝတို့အဆင်ပြေစေရေးအတွက် ကြံဖန်ကာ ပြုပြင်၍ မရခဲ့သော (သို့) ပြုပြင်ရန် မဖြစ်နိုင်ခဲ့သော ဤစနစ်ကို ပြုပြင်ရန် မကြိုးစားခဲ့ကြတော့ဘဲ ပြုပြင်၍ ရသော ကျွန်ုပ်တို့၏ နေ့စဉ်လုပ်ငန်းပုံစံတို့ကို ဤစနစ်ဆိုးနှင့် အံဝင်ခွင်ကျဖြစ်အောင် ပြုပြင်နေထိုင်လုပ်ကိုင်ခဲ့ကြရာမှ ကျွန်ုပ်တို့ပင်လျှင် သိသိနှင့် ဤစနစ်ဖြင့် အံဝင်ခွင်ကျဖြစ်လာကြပြီး ယခုဆိုလျှင် မိဘများ၊ ဆရာများ၊ ကျောင်းသားများ ကျွန်ုပ်တို့အားလုံးသည် ဤစနစ်ကို ပြုပြင်ဖို့လိုသည်ပဲပြောပြော လုံးဝ

ပြောင်းလဲပစ်ရန် လိုသည်ပဲဆိုဆို ပြည်သူ့ဆန္ဒပဲဖြစ်ဖြစ်၊ ဘယ်လိုပဲပြောပြော ကျွန်ုပ်တို့အားလုံး ဤစနစ်ဖြင့် နေသာထိုင်သာရှိကြပြီးဖြစ်သည်။ အကယ်၍ လက်ရှိပညာရေးစနစ်ကို ပြည်သူအများက ပြောင်းလဲသင့်သည်ဟု ယုံကြည်သော်လည်း လက်တွေ့ကိုယ်တိုင် မပြောင်းလဲနိုင်သေးလျှင် ကျွန်ုပ်တို့အားလုံးသည် မီးကိုတိုးနေသည့် ပိုးဖလံများဖြစ်ချေပြီ။ မစင်ပုံထဲတွင် ပျော်နေသော လောက်များ ဖြစ်ခဲ့ကြပြီးဖြစ်၏။ ကျွန်ုပ်တို့အားလုံး ဆရာ၊ မိဘ၊ ကျောင်းသားများ၏ လက်ရှိစိတ်အနေအထားနှင့် ရုပ်အနေအထားသည် ဤနေရာတွင် ရှိနေသည်ကို ပြုပြင်ပြောင်းလဲရေးလုပ်ကိုင် ဦးဆောင်ကြမည့်သူများ သိထားရန်လိုသည်။ ခက်ခဲသောလုပ်ငန်းဖြစ်မည်။ ဤစနစ်ဖြင့် နေသားကျနေသောကျွန်ုပ်တို့ ဆရာ၊ မိဘ၊ ကျောင်းသားများ မပါဘဲ၊ မလိုက်ဘဲ၊ မပြောင်းလဲဘဲ ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စေရေးကြိုးပမ်းမှုတစ်ခုလုံး အချည်းအနှီးဖြစ်မည်။ ကျင့်သုံးမှုများ ပြောင်းကောင်းပြောင်းသွားမည်။ သို့သော် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် ကျွန်ုပ်တို့အားလုံး နေမြဲ လုပ်မြဲအလုပ်များကို ဆက်လက်လုပ်နေကြခြင်းဖြင့် နေ့စဉ်ဘဝ နေသာထိုင်သာရှိမှု (သို့) နေသားကျနေခြင်းမထိခိုက်အောင် ကျွန်ုပ်တို့၏ အပြုအမူများက လုပ်ကြလိမ့်မည်။ **မူအားဖြင့် ဘယ်လောက်ပြောင်းပြောင်း တကယ့်အပြောင်းအလဲများသည် ဆရာ၊ မိဘနှင့် ကျောင်းသားတို့၏ လက်ထဲတွင်ရှိသည်။ ၎င်းတို့သည်ကား ထိုအပြောင်းအလဲကို လုပ်နိုင်သူများဖြစ်သည်။ လူတို့၏ နေ့စဉ်ဘဝသည် အရာရာကို စိုးမိုးအဆုံးအဖြတ်ပေးသည်။ နေ့စဉ်ဘဝများ၏လုပ်ဆောင်ချက်များသည် နောက်ဆုံးရလဒ် အကောင်းအဆိုးတို့၏ လက်သည်ဖြစ်၍ ဆရာမိဘနှင့် ကျောင်းသားတို့၏ ယနေ့ နေ့စဉ်ဘဝကို စတင်ပြောင်းလဲနိုင်ရန် ပဓာနကျလာသည်။** သို့ဖြစ်၍ ခေတ်မီသော ပညာရေးစနစ်သို့ ပြောင်းလဲရန်မှာ မိဘနှင့်ဆရာ များ၏ လက်တွင်ရှိသည်ဖြစ်၍ မိဘနှင့်ဆရာများက ယနေ့စ၍ပြောင်းလဲလိုလျှင် ယနေ့ ပြောင်း၍ရသည်ဖြစ်ရာ ပြောင်းလဲမှုကို စတင်၍လုပ်ကိုင်ကြရန်သာ လိုတော့သည်။ ပညာရေးစနစ်ကို ယနေ့ထက်ကောင်းအောင် ပြောင်းနိုင်ကြလျှင် ကျွန်ုပ်တို့၏ အနာဂတ်ပို၍ လှပမည်။ ပြဿနာများလျော့နည်းလာမည်။သို့သော် ဤသို့အပြောင်းအလဲမှရမည့် ရလဒ်ကောင်းများသည် နောင်မှကြုံကြမည်။ လူ၏ဘဝအားနည်းချက်အရ ယနေ့သက်တောင့်သက်သာဖြစ်ရေး၊ ယနေ့နေသာထိုင်သာရှိရေး (သို့) ယနေ့ နေသားတကျရှိရေးကို ထိခိုက်မည်ဆိုလျှင် မည်မျှပင် ကောင်းသည့်ရလဒ်ဖြစ်ပါစေ

ယနေ့ကိုပို၍ အလေးထားသည်ကို အများ သိပြီးဖြစ်၏။ ထို့ကြောင့် ယခု ကျွန်ုပ်တို့ ဆရာမိဘကျောင်းသားအားလုံးအနေဖြင့် အနာဂတ်အကျိုးကို လေးလေးနက်နက် စဉ်းစား ကြိုတင်ခံစားတွေးတောကာ အထူးသဖြင့် ကျွန်ုပ်တို့၏ကလေးများ အနာဂတ် ကို လေးလေးနက်နက်စဉ်းစား ကြိုတင်ခံစားတွေးတောကာ၊ ယနေ့ အံဝင် ခွင်ကျ ဖြစ်နေပြီးသော၊ နေသားတကျ ဖြစ်နေပြီးသော၊ အသားကျနေပြီးသော ကျွန်ုပ်တို့၏ နေ့စဉ်ဘဝလုပ်ငန်းများကို တဖြည်းဖြည်း ထိခိုက်မှုအနည်းဆုံးဖြင့် ပြု၍ပြင်၍ သွားနိုင်ကြလျှင် ကျွန်ုပ်တို့အားလုံးသည် မဝေးသောကာလအတွင်း ဖြစ်လာနိုင်သော အနာဂတ်ပညာရေးစနစ်သစ်ဖြင့်လည်း ထပ်မံ၍ နေသားတကျ၊ အံဝင်ခွင်ကျ ဖြစ်လာကြမှာပင်ဖြစ်၍ ဤသို့ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝလုပ်ငန်းများ၏ အစိတ်အပိုင်းအချို့ကို စတင်၍ ပြောင်းလဲကြရန်၊ ကြိုးပမ်းကြရန်သည် ကျွန်ုပ်တို့ အားလုံး လိုလားတောင့်တနေသော ပညာရေးစနစ်သို့ လျှောက်လှမ်းကြရန် ပထမဆုံး ခြေလှမ်းပင် ဖြစ်တော့သည်။

# References


1. **Accelerated Schools,** Newsletter of the Accelerated Schools Project. School of Education, Stanford University, Stanford, CA.
2. **Bandura, A**.(1986). Social Foundations of Thought and Action. A social cognitive theory. Englewood Cliffs, NJ : Prentice Hall.
3. **Banks, J.A. and C.M. Banks,Eds**. Multicultural Education *:* Issues and Perspectives.
4. Block, Schools, Society and Mastery Learning.
5. **Bloom, Benjamin**. All Our Children Learning.
6. **Brooks, Jacqueline and Martin Brooks**. The Case for Constructivist Classrooms.
7. **Buzan, T**. Use Both Sides of Your Brain. NY : Dutton(1976).
8. **Caine, Renate and Geoffrey Caine**. Making Connections : Teaching and the Human Brain . Leslie Hart, Human Brain, Human Learning.
9. " **Character Education** " , Education Leadership, November, 1993.
10. **Cross, K. Patricia and Thomas Angelo**. Classroom Assessment Techniques.
11. **Deporter, Bobbi**. Quantum Learning, Chapter 2, Dell Trade, 1992.
12. **Edelman, Gerald**. Bright Air, Brilliant Fire : On the Matter of the Mind. Basic Books 1992.
13. Education for 1.3 Billion.
14. **Farmer, James A**. New Directions for Adult and Continuing Education.
15. **Gardner, Howard**. Frames of Mind : The Theory of Multiple Intellgences.

16. **Glasser, William**. The Quality School, Harper & Row, 1990.

17. **Gray, I. Lee, Ed**. Successful Schooling for All : A Primer on Outcome – Base Education and Mastery Learning . Network for Outcome – Base School, Johnson City Central Schools, 666 Reynolds Road, Johnson City, NY 13790. ( 1-9 Copies $ 10.95 each ).

18. **Guba, Egon G and Yvnna S. Lincoln**. Fourth Generation Evaluation. Newberry Park, CA : Sage Publications.

19. **Hopfenberg, Wendy S and Henry M. Levin**. Accelerated Schools. School of Education, Stanford University, Stanford, CA(1990).

20. **Journal of Character Education**, Jefferson Center for Character Education, Pasadena, CA.

21. **Jung, Carl**. Psychological Types.

22. **Kagan, Spencer**. Cooperative Learning, Resources for Teachers, 1992.

23. **Kolb, David**. Experiential Learning : Experience as the Source of Learning and Development.

24. **Lawrence, Gordon**. People Types and Tiger Stripes : A Practical Guide to Learning Styles.

25. **McCarthy, Bernice**. The 4 – MAT System : Teaching to Learning Styles with Right / Left Mode Techniques.

26. **Marzano, R . J. et al**. Dimensions of Thinking. Alexandria : ASCD.

27. **National Council** on Social Studies Task Force on Ethnic Studies Curriculum Guidelines(1992). " Curriculum Guidelines for Multicultural Education , " Social Education, Volume 5, 274 – 292.

28. **Neuman, Judith M**. Whole Language : Theory in Use. Heineman : Portsmouth, NH(1985).

29. **Paris, Scott G**. Promoting Metacognition and Motivation of Exceptional Children, Remedial and Special Education, Nov – Dec 1990, pp. 7-15.

30. **Parnell, Dale**. The Neglected Majority and Tech Prep / Associate Degree.

31. **Perelman, Lewis J**. School's Out.

32. **Phillips, D.C & Jonas FSoltis**. Perpectives on Learning, Chapter 3 . Teachers College Press.

33. **Rico, G.L.** Writing the Natural Way. Los Angeles, CA : Tarcher.

34. **Schuster, D.H and L. Vincent**. " Teaching Maths and Reading with Suggestion and Music ," Academic Therapy, Vol. 16(1), 69 – 72 ( Sep, 1980 ).

35. **Sylvester, Robert**. " What the Biology of the Brain Tells Us About Learning, " Education Leadership, December, 1993.

36. **Thang Za Tuan, C**. The Intelligent Man's Guide on Education in the 21st Century.

37. **Vygotsky, L.S**(1962). Thought and Language. Cambridge, MA : MIT Press.( Original work published 1934 )

38. **Vygotsky, L.S**(1978). Mind in Socity : The development of higher psychological process. Cambridge, MA : Harvard University Press.

၃၉။ မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်း ( ၁၉၀၃ - ၁၉၆၂ ) ( အောင်ထွန်း )

**SINGAPORE**
http://www.sgbox.com/singaporeeducation.html
http://en.wikipedia.org/wiki/Education_in_Singapore
http://www.mfa.gov.sg/content/mfa/overseasmission/washington/about_singapore/education_in_sigapore.html

**MALAYSIA**
http://en.wikipedia.org/wiki/Education_in_Malaysia

**THAILAND**
http://en.wikipedia.org/wiki/Education_in_Thailand
http://www.moe.go.th/English/

**VIETNAM**
http://en.wikipedia.org/wiki/Education_in_Vietnam
http://www.internations.org/vietnam
http://www.classbase.com/Countries/Vietnam/Education-System

**THE PHILIPPINES**
http://en.wikipedia.org/wiki/Education_in_the_Philippines
http://www.philstar.com/world-class-philippine-education

**INDONESIA**
http://en.wikipedia.org/wiki/Education_in_Indonesia
http://indonesia.angloinfo.com/schooling-education/primary-secondary
http://www.classbase.com/Countries/indonesia/Education-System

**CAMBODIA**
http://en.wikipedia.org/wiki/Education_in_Cambodia
http://www.bookbridge.org/the-education-system-in-cambodia

**LAOS**
http://en.wikipedia.org/wiki/Education_in_Laos
http://www.classbase.com/Countries/Laos/Education-System

**UK**
http://en.wikipedia.org/wiki/Education_in_the_United_Kingdom
http://www.educationuk.org/global
https://www.gov.uk/browse/education

**USA**
http://en.wikipedia.org/wiki/Education_in_the_United_States
http://www.iie.org/Students/International/Education-USA

**MYANMAR**
http://en.wikipedia.org/wiki/Education_in_Burma
http://en.wikipedia.org/Ministry_of_Education

## Abbreviations

| | | |
|---|---|---|
| AA | - | Authentic Assessment |
| DNA | - | Deoxyribonucleic Acid |
| FA | - | Formative Assessment |
| GDP | - | Gross Domestic Product |
| SA | - | Summative Assessment |
| OL | - | Observational Learning |
| PAT | - | Portfolio Assessment Test |
| CATs | - | Continuous Assessment Tasks |
| ZE | - | Zeigarnik Effect |
| RZE | - | Reverse Zeigarnik |
| ICS | - | Isolated Cognitive Structure |
| HCS | - | Homogeneous Cognitive Structure |
| LP | - | Lesson Plan |
| RI | - | Retroactive Interference |
| PI | - | Proactive Interference |